သာသနာ[…]ီးဌာနသို့
အရှင် […] ဝိဒမှ
လှူဒါန်းပါသည်။

# ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ

## မြန်မာပြန်

### ပဌမတွဲ

ကျိုက်ထိုမြို့ ဘုရားသုံးဆူတောင် အရှင်နန္ဒမာလာ
ပြန်ဆိုသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သာသနာ ၂၅၃၀ ကောဇာ ၁၃၄၈ ၁၉၈၆

# ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ

## မြန်မာပြန်

### ပဌမတွဲ


ကျိုက်ထိုမြို့ ဘုရားသုံးဆူတောင် အရှင်နန္ဒမာလာ
ပြန်ဆိုသည်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သာသနာ ၂၅၃၀ ကောဇာ ၁၃၄၈ ၁၉၈၆

၂၄၉၄၇

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက် အတွက်
ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ်(၅၀၂၅၂၇) က ထုတ်ဝေ၍
ဦးစံလှ၊ (၀၂၂၀၉)၊ စိုးမိုးမိတ်ဆက် ပုံနှိပ်တိုက်၊
အမှတ် ၁၄၆/၃၃-လမ်း၊ ရန်ကုန်မြို့က ရိုက်နှိပ်သည်။



ကျိုက်ထိုမြို့
ဘုရားသုံးဆူတောင် ဆရာတော်
အရှင်-ဦးနန္ဒမာလာပုံ

# နိဒါန်း

ဥဋ္ဌေဟိ ဝီရ ဝိဇိတ သင်္ဂါမ၊
သတ္ထဝါဟ အနဏ ဝိစရ လောကေ။
ဒေသေတု ဘဂဝါ ဓမ္မံ၊
အညာတာရော ဘဝိဿန္တိ။

လုံ့လ ဝီရိယ ကြီးမြတ်တော်မူလှပါသော မြတ်စွာဘုရား၊ အရှင်မြတ်ကြီးသည် မာရ်မင်း၏ စစ်မြေပြင်တွင် အောင်မြင်တော်မူသောကြောင့် အောင်ပန်းမင်္ဂလာကို ပန်ဆင်တော်မူရပါပြီ၊ သတ္တဝါတို့၏ အကြီးအမှူး ဦးစီးနာယကကြီးလည်း ဖြစ်တော်မူပါသည်၊ ကိလေသာတည်းဟူသော မြီကြွေးတို့မှ ကင်းဝေးစင်ကြယ်တော်မူပါပြီ၊ သတ္တဝါအများအား အစဉ်သနားတော်မူသည်ကို အကြောင်းပြုပြီးလျှင် ထကြွတော်မူပါ၊ လောကကြီးအတွင်းသို့ လှည့်လည် ကြွသွားတော်မူပါ၊ ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူပါသော အရှင်မြတ်ဘုရားသည် ကြောင်းကျိုး ဟုတ်ဟုတ် ဖြောင့်မတ် မှန်ကန်သော နိဗ္ဗာန်လမ်းကြောင်းတရားကို ဟောကြားညွှန်ပြတော်မူပါ၊ ဟောကြားတော်မူသောအတိုင်း သိကြား လိမ္မာသောသူတို့ ဖြစ်ကြပါလိမ့်မည်ဘုရား။

ဗုဒ္ဓဘာသာ သာသနာတော်မြတ်ကြီးတွင် အလွန်ထင်ရှားကျော်စောသော **ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ**ကျမ်းကြီးကို အရှင်မဟာဗုဒ္ဓဃောသမထေရ် စီရင် ဖွင့်ဆိုတော်မူခဲ့လေသည်၊ ထိုဝိသုဒ္ဓိမဂ်အဋ္ဌကထာကြီးမှာ သုမင်္ဂလ ဝိလာသိနီ အဋ္ဌကထာ၊ သမန္တပါသာဒိက အဋ္ဌကထာစသောအဖွင့် အဋ္ဌကထာကြီးများကဲ့သို့ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ ပါဠိတော်ကျမ်းကြီးများကို မှတည်၍ ဖွင့်ဆိုသော အဋ္ဌကထာမဟုတ်၊ သဂါထာဝဂ္ဂ သံယုတ်ပါဠိတော် ဒေဝပုတ္တ သံယုတ်ပိုင်း၌ ဟောကြားတော်မူအပ်သော "**သီလေ ပတိဋ္ဌာယ နရော သပညော**" အစရှိသော ဂါထာတပုဒ်ကို

မူတည်ပြီးလျှင် သီလ,သမာဓိ,ပညာ သုံးဖြာသော သာသနာတော်ကြီးကို အကျယ်ဖွင့်ဆို ရေးသားသော အဖွင့် အဋ္ဌကထာကြီး ဖြစ်လေသည်။

ထိုအဋ္ဌကထာကြီး၌ ဖွင့်ဆိုထားပုံမှာ အောက်၌ပါသော အတိုင်း ၂၃-ပိုင်း သတ်မှတ်ပိုင်းခြား၍ အကျယ်အားဖြင့် ဖွင့်ဆို အပ်၏။

၁။ သီလနှင့်ဆိုင်သော အကြောင်းအရာများကို အကျယ် ဖွင့်ဆို ဟောကြားသော သီလနိဒ္ဒေသပိုင်း။

၂။ သီလကို အထူးသဖြင့် စင်ကြယ်စေရန် ဓုတင်ဆောက်တည် နည်းအမျိုးမျိုးကို ဖော်ပြသော ဓုတင်္ဂနိဒ္ဒေသပိုင်း။

၃။ စိတ်၏ တည်ကြည်မှု သမာဓိတရားကိုရနိုင်ရန် ကမ္မဋ္ဌာန်း ယူနည်း နိဿရည်းများကို ပြဲရာဖြစ်သော ကမ္မဋ္ဌာ- နဂ္ဂဟဏ နိဒ္ဒေသပိုင်း။

၄။ ကြွင်းသောကသိုဏ်း ရှုနည်းများကို ဖော်ပြသော သေသ ကသိဏ နိဒ္ဒေသပိုင်း။

၆။ အသုဘ ကမ္မဋ္ဌာန်း ရှုနည်းများကို ဖော်ပြသော အသုဘ ကမ္မဋ္ဌာန နိဒ္ဒေသပိုင်း။

၇။ ဘုရားဂုဏ်, တရားဂုဏ်စသော ခြောက်ဌာနကို အောက်မေ့ နှလုံးသွင်းပုံ နည်းလမ်းများကို ဖော်ပြသော ဆ အနုဿတိ နိဒ္ဒေသပိုင်း။

၈။ မရဏဿတိ အစရှိသော အနုဿတိကမ္မဋ္ဌာန်း ရှုနည်း များကို ဖော်ပြဖွင့်ဆိုသော အနုဿတိ ကမ္မဋ္ဌာန နိဒ္ဒေသပိုင်း။

၉။ မေတ္တာ ကရုဏာ အစရှိသော ဗြဟ္မဝိဟာရ ကမ္မဋ္ဌာန်း လေးမျိုးကို ပွါးများ အားထုတ်ရပုံ နည်းလမ်းများကို ဖော်ပြသော ဗြဟ္မဝိဟာရ နိဒ္ဒေသပိုင်း။

၁၀။ အရူပ ဈာန်လေးပါးအကြောင်းကို အကျယ် ဖွင့်ဆို ဖော်ပြသော အာရုပ္ပ နိဒ္ဒေသပိုင်း။

၁၁။ အာဟာရေ ပဋိက္ကူလသညာနှင့် စတုဓာတု ဝဝတ္ထာန် ကမ္မဋ္ဌာန်းများကို အကျယ် ဖွင့်ဆိုသော သမာဓိ နိဒ္ဒေသပိုင်း။

၁၂။ တန်ခိုး ဣဒ္ဓိပါဒ်အမျိုးမျိုးကို အကျယ် ဖွင့်ဆိုသော ဣဒ္ဓိဝိဓ နိဒ္ဒေသပိုင်း။

၁၃။ အထူးသိခြင်း အဘိညာဏ် အမျိုးမျိုးကို အကျယ် ဖွင့်ဆိုသော အဘိညာဏ နိဒ္ဒေသပိုင်း။

၁၄။ ခန္ဓာငါးပါးကို အကျယ် ဖော်ပြသော ခန္ဓနိဒ္ဒေသပိုင်း။

၁၅။ အာယတန နိဒ္ဒေသပိုင်း။

၁၆။ ဣန္ဒြိယ သစ္စနိဒ္ဒေသပိုင်း။

၁၇။ ပဋိစ္စသမုပ္ပါဒ်ကို အကျယ် ဖွင့်ဆိုသော ပညာဘူမိ နိဒ္ဒေသပိုင်း။

၁၈။ ဒိဋ္ဌိဝိသုဒ္ဓိကို အကျယ် ဖွင့်ဆိုသော ဒိဋ္ဌိဝိသုဒ္ဓိ နိဒ္ဒေသပိုင်း။

၁၉။ ကင်္ခါဝိတရဏဝိသုဒ္ဓိ နိဒ္ဒေသပိုင်း။

၂၀။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ နိဒ္ဒေသပိုင်း။

၂၁။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ နိဒ္ဒေသပိုင်း၊

၂၂။ ဉာဏဒဿနဝိသုဒ္ဓိ နိဒ္ဒေသပိုင်း။

၂၃။ ပညာဘာဝနာနိသံသ နိဒ္ဒေသပိုင်း ဟူ၍ အပိုင်းကြီး ၂၃-ပိုင်း ရှိလေသည်။

ဤသို့လျှင် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ၏ အချုပ်အခြာ သီလ, သမာဓိ, ပညာ ဟူသော သာသနာတော်မြတ်ကြီးကို ဘုရားရှင် ဟောကြားတော်မူအပ်သော ပါဠိတော်များနှင့်အညီ ပိုင်းခြား ဝေဘန်၍ ဖွင့်ဆို ဟောကြားအပ်သော ဤဝိသုဒ္ဓိမဂ္ဂ

အဋ္ဌကထာကြီးမှာ အလုံးစုံသော **အဋ္ဌကထာကြီးတို့ကို တပေါင်းတည်းစုရုံး၍ ပြဘိသကဲ့သို့** အဆုံးအဖြတ်များနှင့်တကွ သေချာစေ့စပ်စွာ ဖွင့်ဆို ဟောကြားအပ်သည် ဖြစ်သောကြောင့် ဤဗုဒ္ဓသာသနာတော်ကြီးကို လူအပေါင်းတို့သည် ခြေခြေမြစ်မြစ် နေရာတကျ သိနားလည်ကြ၍ ကျမ်းရေးဆရာ၏ ရည်ရွယ်ရင်းဖြစ်သော ဝိသုဒ္ဓိခေါ် မဟာအသင်္ခတ နိဗ္ဗာန်သို့ပင် ရောက်နိုင်ရန် လမ်းမကြီး ဖြစ်ပေသည်။

ဤဝိသုဒ္ဓိမဂ်ကျမ်းကြီးသည် ဒုက္ခခပ်သိမ်း ကင်းငြိမ်း စင်ကြယ်သော နိဗ္ဗာန်သို့ရောက်ရန် စင်ကြယ် သန့်ရှင်းသော လမ်းမကြီးဖြစ်ရုံသာမက သာသနာတော်ကြီးကိုလည်း စင်ကြယ် သန့်ရှင်းအောင် သုတ်သင် ရှင်းလင်းနိုင်သော ကျမ်းထူး ကျမ်းမြတ်ကြီးဖြစ်ပေသောကြောင့် ပြောစမှတ်ပြုကြသည်မှာ "**ဝိသုဒ္ဓိမဂ်ကျမ်းကို လေ့ကျက် သင်ကြားသောပုဂ္ဂိုလ်သည် တောသော်လည်း ထွက်တတ်၏၊ တောမထွက်ခဲ့သော် လူထွက်တတ်၏**" ဟု ဆိုကြကုန်၏။

ဤသို့ထူးမြတ်သော ကျမ်းဂန်ကြီး ဖြစ်ပါသော်လည်း ပါဠိဘာသာဖြစ်သောကြောင့် လူတိုင်း ဘတ်ရှုသင်ကြားရန် အခွင့်မရနိုင်ချေ၊ သို့ဖြစ်သည်နှင့် ပါဠိကျမ်းဂန်ကို မသင်ကြားနိုင်ကြသော လူအပေါင်းတို့ အကျိုးငှါ မြန်မာဘာသာ စကားပြေအားဖြင့် ပြန်ဆိုရေးသားအပ်သည် ဖြစ်သတည်း။

**ဦးနန္ဒမာလာ**
ဘုရားသုံးဆူတောင် ဆရာတော်
ကျိုက်ထိုမြို့။
၁၁-၂-၃၃

# ဒုတိယအကြိမ်ပုံနှိပ်ခြင်း နိဒါန်း

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က ယခု အခါ ဝိပဿနာခရုဟု ဆိုသော ပဋိပတ္တိလုပ်ငန်းကို စိတ်အား ထက်သန်စွာ နာယူမှတ်သား လိုက်စား အားထုတ်လျက် ရှိကြ သော ကမ္မဋ္ဌာန ယောဂီပုဂ္ဂိုလ်တို့အတွက် အထောက်အပံ့ ဖြစ်စိမ့်သောငှါ ပိဋကတ်သုံးပုံ၏ အဆီအနှစ်ဖြစ်၍ နိဗ္ဗာန်ရောက် ကြောင်း လမ်းကောင်း ပဋိပဒါ ဘော်ပြရာဖြစ်သော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ မြန်မာပြန်သုံးတွဲကို ဒုတိယအကြိမ် ပြန်လည်ပုံနှိပ်၍ ဖြန့်ချိလိုက်ရပေသည်။

ဝိသုဒ္ဓိမဂ်ကျမ်းကြီးသည် နိကာယ်ငါးရပ် ပိဋကတ်ပါဠိတော် ဟု ဆိုအပ်သော ဘုရားရှင် ဒေသနာတော်မြတ်၏ အရေးအကြီးဆုံး အဆီအနှစ်ဖြစ်သော အနက်အဓိပ္ပါယ် ကျင့်ဝတ် အသွယ်သွယ် တို့ကို သီလခဏ်း, သမာဓိခဏ်း, ပညာခဏ်းဟူ၍ သုံးခဏ်းခွဲခြား ကာ ပြည့်ပြည့်စုံစုံ ရေးသားထားသည့် ကျမ်းမြတ်တဆူ ဖြစ် ပေသည်။

ဤဝိသုဒ္ဓိမဂ်ကျမ်းကြီးကို လေ့လာ အားထုတ်ခြင်းဖြင့် အသိမှား အသိမှန် အကျင့်မှား အကျင့်မှန်တို့ကို ကွဲပြား ခြားနားစွာ သိရှိနိုင် ပြီးလျှင် ဘုရားရှင်၏ အလိုတော်ကျဖြစ်သော သမ္မာပဋိပတ် အကျင့်မြတ်ဖြင့် ဒုက္ခအားလုံးတို့၏ ချုပ်ဆုံးရာမှန် ပြည်နိဗ္ဗာန်သို့ ကေန်ထုတ်ချောက် ရောက်ကြမည် ဖြစ်ပေသတည်း။

နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့
ကမ္ဘာအေး ရေကူး ရန်ကုန်။

# မြန်မာ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ

## မာတိကာ

ဦးရေ　　　　အကြောင်းအရာ　　　　မျက်နှာအမှတ်

### ၁-သီလနိဒ္ဒေသပိုင်း


| | | |
|---|---|---|
| ၁။ | သီလေ ပတိဋ္ဌာယ နရော သပညော ဂါထာ .... | ၁ |
| ၂။ | တဏှာတည်းဟူသော ကွန်ရက် .... | ၂ |
| ၃။ | ဝိသုဒ္ဓိဆိုသည်ကား .... | ၄ |
| ၄။ | ဂါထာ၏ လိုရင်းအကျဉ်းချုပ် .... | ၇ |
| ၅။ | သီလအကြောင်းအကျယ် .... | ၁၂ |
| ၆။ | သီလ၏အကျိုး .... | ၁၇ |
| ၇။ | သီလအပြား .... | ၂၁ |
| ၈။ | သီလလေးမျိုး .... | ၃၄ |
| | ပါတိမောက္ခသံဝရသီလ .... | ၃၅ |
| | ဣန္ဒြိယသံဝရသီလ .... | ၄၂ |
| | အာဇီဝပါရိသုဒ္ဓိသီလ .... | ၄၈ |
| | ပစ္စယသန္နိဿိတသီလ .... | ၆၂ |
| ၉။ | အရှင်စိတ္တဂုတ္တမထေရ် .... | ၆၇ |
| ၁၀။ | မဟာမိတ္တမထေရ် .... | ၇၀ |
| ၁၁။ | အရှင်သာရိပုတ္တရာမထေရ် .... | ၇၃ |
| ၁၂။ | မဟာတိဿမထေရ် .... | ၇၆ |
| ၁၃။ | မဟာသံဃရက္ခိတ မထေရ်၏တူတော် .... | ၈၁ |
| ၁၄။ | ငါးပါးစု ပဌမ ကဓ္ဓက .... | ၈၃ |
| ၁၅။ | ကုဋုမ္ဗိယပုတ္တတိဿမထေရ် .... | ၈၉ |
| ၁၆။ | ငါးပါးစု ဒုတိယပဓ္ဓက .... | ၉၂ |
| ၁၇။ | သီလသံကိလေသဝေါဒါန .... | ၉၆ |

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၂-ဓုတင်နိဒ္ဒေသပိုင်း

| | | |
|---|---|---|
| ၁၀။ | ဓုတင်တဆယ့်သုံးပါး | ၁၁၁ |
| ၁၉။ | ပံသုကူဓုတင်ဆောက်တည်ပုံ | ၁၁၀ |
| ၂၀။ | တိစီဝရိက်ဓုတင်ဆောက်တည်ပုံ | ၁၂၂ |
| ၂၁။ | ပိဏ္ဍပါတိကင်ဓုတင်ဆောက်တည်ပုံ | ၁၂၄ |
| ၂၂။ | သပဒါနစာရိကင်ဓုတင်ဆောက်တည်ပုံ | ၁၂၀ |
| ၂၃။ | ဧကာသနိကင်ဓုတင်ဆောက်တည်ပုံ | ၁၃၁ |
| ၂၄။ | ပတ္တပိဏ္ဍိကင်ဓုတင်ဆောက်တည်ပုံ | ၁၃၃ |
| ၂၅။ | ခလုပစ္ဆာဘတ္တိကင်ဓုတင်ဆောက်တည်ပုံ | ၁၃၅ |
| ၂၆။ | အာရညိကင်ဓုတင်ဆောက်တည်ပုံ | ၁၃၇ |
| ၂၇။ | ရုက္ခမူလိကင်ဓုတင်ဆောက်တည်ပုံ | ၁၄၁ |
| ၂၀။ | အဗ္ဘောကာသိကင်ဓုတင်ဆောက်တည်ပုံ | ၁၄၃ |
| ၂၉။ | သောသာနိကင်ဓုတင်ဆောက်တည်ပုံ | ၁၄၆ |
| ၃၀။ | ယထာသန္တတိကင်ဓုတင်ဆောက်တည်ပုံ | ၁၄၉ |
| ၃၁။ | နေသဇ္ဇိကင်ဓုတင်ဆောက်တည်ပုံ | ၁၅၀ |
| ၃၂။ | ဓုတင်ပကိဏ္ဏကကထာ | ၁၅၂ |

## ၃-ကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသပိုင်း

| | | |
|---|---|---|
| ၃၃။ | သမာဓိဟူသည် | ၁၆၀ |
| ၃၄။ | သမာဓိ၏လက္ခဏာရသစသည် | ၁၆၁ |
| ၃၅။ | သမာဓိ၏အပြား | ၁၆၂ |
| ၃၆။ | သမာဓိ၏ ညစ်နွမ်း ဖြူစင်ကြောင်း | ၁၇၁ |
| ၃၇။ | ပလိဗောဓဆယ်ပါး | ၁၇၂ |
| ၃၀။ | တိပိဋကစူဠာဘယမထေရ် | ၁၀၃ |
| ၃၉။ | ကမ္မဋ္ဌာန်းနှစ်မျိုး | ၁၀၆ |
| ၄၀။ | အဆွေခင်ပွန်းကောင်း | ၁၀၀ |
| ၄၁။ | စရိုက်ခြောက်ပါး | ၁၉၄ |
| ၄၂။ | စရိုက်ကို သိနိုင်ကြောင်း | ၂၀၀ |

| ဦးရေ | အကြောင်းအရာ | | မျက်နှာအမှတ် |
|---|---|---|---|
| ၄၃။ | ကမ္မဋ္ဌာန်းလေးဆယ် | .... | ၂၁၂ |
| ၄၄။ | စရိုက်နှင့်ကမ္မဋ္ဌာန်း | .... | ၂၂၀ |
| ၄၅။ | ကမ္မဋ္ဌာန်းယူပုံ | .... | ၂၂၂ |

## ၄-ပထဝီကသိဏနိဒ္ဒေသပိုင်း

| | | | |
|---|---|---|---|
| ၄၆။ | မလျောက်ပတ်သောကျောင်း | .... | ၂၂၉ |
| ၄၇။ | လျောက်ပတ်သောကျောင်း | .... | ၂၃၆ |
| ၄၈။ | ပထဝီကသိုဏ်း | .... | ၂၃၇ |
| ၄၉။ | ဥဂ္ဂဟနိမိတ်-ပဋိဘာဂနိမိတ် | .... | ၂၄၂ |
| ၅၀။ | သမာဓိနှစ်မျိုး | .... | ၂၄၃ |
| ၅၁။ | အပ္ပနာကောသလ္လ ၁၀-ပါး | .... | ၂၄၇ |
| ၅၂။ | နိမိတ်သို့ ရှေးရှုကျင့်ခြင်း | .... | ၂၆၂ |
| ၅၃။ | ပဌမဈာန်ကို ပြခြင်း | .... | ၂၆၆ |
| ၅၄။ | အင်္ဂါငါးပါးပယ်ခြင်း | .... | ၂၀၀ |
| ၅၅။ | သုံးပါးသော ကောင်းခြင်းလက္ခဏာ | .... | ၂၀၃ |
| ၅၆။ | ကြာမြင့်စွာတည်ရန် ပြည့်စုံစေခြင်း | .... | ၂၀၀ |
| ၅၇။ | နိမိတ်ကို ပွါးသောနည်း | .... | ၂၉၂ |
| ၅၀။ | ဝသီဘော်ငါးပါး | .... | ၂၉၅ |
| ၅၉။ | ဒုတိယဈာန်ကို ပြခြင်း | .... | ၂၉၇ |
| ၆၀။ | တတိယဈာန်ကိုပြခြင်း | .... | ၃၀၃ |
| ၆၁။ | ပါဠိတော် မြန်မာပြန် | .... | ၃၀၄ |
| ၆၂။ | စတုတ္ထဈာန်ကို ပြခြင်း | .... | ၃၁၃ |
| ၆၃။ | ပဉ္စကဈာန်ကို ပြခြင်း | .... | ၃၂၂ |

## ၅-သေသကသိဏနိဒ္ဒေသပိုင်း

| | | | |
|---|---|---|---|
| ၆၄။ | အာပေါကသိုဏ်း | .... | ၃၂၄ |
| ၆၅။ | တေဇောကသိုဏ်း | .... | ၃၂၅ |
| ၆၆။ | ဝါယောကသိုဏ်း | .... | ၃၂၇ |

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| ၆၇။ | နီလကသိုဏ်း .... | ၃၂၇ |
| ၆၈။ | ပီတကသိုဏ်း .... | ၃၂၉ |
| ၆၉။ | လောဟိတကသိုဏ်း .... | ၃၃၀ |
| ၇၀။ | ဩဒါတကသိုဏ်း .... | ၃၃၁ |
| ၇၁။ | အာလောကကသိုဏ်း .... | ၃၃၁ |
| ၇၂။ | အာကာသကသိုဏ်း ... | ၃၃၂ |
| ၇၃။ | ပကိဏ္ဏကကို ပြခြင်း .. | ၃၃၄ |

**၆-အသုဘကမ္မဋ္ဌာနနိဒ္ဒေသပိုင်း**

| | | |
|---|---|---|
| ၇၄။ | ဥဒ္ဓုမာတကအစရှိသောပုဒ်အဖွင့် .... | ၃၃၉ |
| ၇၅။ | ဥဒ္ဓုမာတကကမ္မဋ္ဌာန်း .... | ၃၄၂ |
| ၇၆။ | ဝိနီလကစသောကမ္မဋ္ဌာန်း .... | ၃၆၂ |
| ၇၇။ | ပကိဏ္ဏကကို ပြခြင်း .... | ၃၆၉ |

**၇-ဆအနုဿတိနိဒ္ဒေသပိုင်း**

| | | |
|---|---|---|
| ၇၈။ | ဗုဒ္ဓါနုဿတိစသည် အဆုံးအဖြတ် .... | ၃၇၈ |
| ၇၉။ | (၁) ဗုဒ္ဓါနုဿတိကို ပြခြင်း ... | ၃၈၀ |
| ၈၀။ | စကားခြောက်မျိုး .... | ၃၉၆ |
| ၈၁။ | အနုတ္တရောပုရိသဒမ္မသာရထိ .... | ၄၀၂ |
| ၈၂။ | ဒေဝမနုဿာနံဆိုသည့်ကား .... | ၄၀၅ |
| ၈၃။ | ဘဂဝါဂုဏ် .... | ၄၀၇ |
| ၈၄။ | အကျဉ်းမှတ်ရန်ဂါထာ .... | ၄၁၂ |
| ၈၅။ | (၂) ဓမ္မာနုဿတိကိုပြခြင်း .... | ၄၁၈ |
| ၈၆။ | သွာက္ခာတောဟူသောပုဒ် .... | ၄၁၉ |
| ၈၇။ | သန္ဒိဋ္ဌိကောဟူသောပုဒ် .... | ၄၂၄ |
| ၈၈။ | အကာလိက .... | ၄၂၅ |
| ၈၉။ | ဧဟိပဿိက .... | ၄၂၆ |
| ၉၀။ | ဩပနေယျိက .... | ၄၂၆ |
| ၉၁။ | ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ .... | ၄၂၇ |

| ဦးရေ | အကြောင်းအရာ | | မျက်နှာအမှတ် |
|---|---|---|---|
| ၉၂။ | (၃) သံဃာနုဿတိကို ပြခြင်း | .... | ၄၂၉ |
| ၉၃။ | သာဝကသံဃော ဆိုရာ၌ | .... | ၄၃၀ |
| ၉၄။ | ယောက်ျားမြတ် အစုံလေးခု | .... | ၄၃၁ |
| ၉၅။ | အာဟုနေယျဂုဏ် | .... | ၄၃၂ |
| ၉၆။ | ပါဟုနေယျဂုဏ် | .... | ၄၃၃ |
| ၉၇။ | ဒက္ခိဏေယျဂုဏ် | .... | ၄၃၄ |
| ၉၈။ | အဥ္စလီကရဏီယနှင့် အနုတ္တရံပုညက္ခေတ္တံ-လောကဿ | .... | ၄၃၄ |
| ၉၉။ | (၄) သီလာနုဿတိကို ပြဆိုခြင်း | .... | ၄၃၆ |
| ၁၀၀။ | (၅) စာဂါနုဿတိကို ပြဆိုခြင်း | .... | ၄၃၉ |
| ၁၀၁။ | (၆) ဒေဝတာနုဿတိကို ပြဆိုခြင်း | .... | ၄၄၃ |
| ၁၀၂။ | ပကိဏ္ဏကကို ပြခြင်း | .... | ၄၄၆ |


## ၈-အနုဿတိကမ္မဋ္ဌာန နိဒ္ဒေသပိုင်း


| | | | |
|---|---|---|---|
| ၁၀၃။ | မရဏဿတိကို ပြဆိုခြင်း | .... | ၄၅၀ |
| ၁၀၄။ | သေခြင်းကို အောက်မေ့ရပုံ ၈-မျိုး | .... | ၄၅၃ |
| ၁၀၅။ | (၁) ဝဓကပစ္စုပဋ္ဌာန | .... | ၄၅၃ |
| ၁၀၆။ | (၂) သမ္ပတ္တိဝိပတ္တိ | .... | ၄၅၇ |
| ၁၀၇။ | (၃) ဥပသံဟရဏ | .... | ၄၅၉ |
| ၁၀၈။ | ခုနစ်ပါးသော အခြင်းအရာ | .... | ၄၆၀ |
| | (၁) ယသမဟတ္တအားဖြင့် | .... | ၄၆၀ |
| | (၂) ပုညမဟတ္တအားဖြင့် | .... | ၄၆၁ |
| | (၃) ထာမမဟတ္တအားဖြင့် | .... | ၄၆၁ |
| | (၄) ဣဒ္ဓိမဟတ္တအားဖြင့် | .... | ၄၆၂ |
| | (၅) ပညာမဟတ္တအားဖြင့် | .... | ၄၆၃ |
| | (၆) ပစ္စေကဗုဒ္ဓါအားဖြင့် | .... | ၄၆၃ |
| | (၇) သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားအားဖြင့် | | ၄၆၄ |
| ၁၀၉။ | (၄) ကာယဗဟုသာဓာရဏ | .... | ၄၆၆ |

| ဦးရေ | အကြောင်းအရာ | | မျက်နှာအမှတ် |
|---|---|---|---|
| ၁၁၀။ | (၅) အာယုဒုဗ္ဗလ | .... | ၄၆၇ |
| ၁၁၁။ | (၆) အနိမိတ္တ | .... | ၄၆၉ |
| ၁၁၂။ | (၇) အဒ္ဓါနပရိစ္ဆေဒ | .... | ၄၇၀ |
| ၁၁၃။ | (၈) ခဏပရိတ္တ | .... | ၄၇၃ |
| ၁၁၄။ | ကာယဂတာသတိကို ပြခြင်း | .... | ၄၇၇ |
| ၁၁၅။ | ကောဋ္ဌာသစသည် မှတ်ခြင်း | .... | ၄၉၃ |
| ၁၁၆။ | နိဂုံး | .... | ၅၂၃ |
| ၁၁၇။ | အာနာပါနဿတိကို ပြခြင်း | .... | ၅၂၆ |
| ၁၁၈။ | သုံးဆယ့်နှစ်ပါးသော အခြင်းအရာ | .... | ၅၃၆ |
| ၁၁၉။ | ငါးခုသော အဆစ်အပိုင်း ဆိုသည့်ကား | .... | ၅၅၁ |
| ၁၂၀။ | အာနာပါနကမ္မဋ္ဌာန်း စီးဖြန်းနည်း | .... | ၅၅၂ |
| ၁၂၁။ | သူ့ဆွံ့ဥပမာ | .... | ၅၅၈ |
| ၁၂၂။ | တံခါးစောင့် ဥပမာ | .... | ၅၅၉ |
| ၁၂၃။ | လွှဥပမာ | .... | ၅၅၉ |
| ၁၂၄။ | အားထုတ်မှု ပဓာန | .... | ၅၆၁ |
| ၁၂၅။ | ကျေးဇူးအထူး | .... | ၅၆၂ |
| ၁၂၆။ | ပီတိကို ယင်စေလျက် | .... | ၅၇၃ |
| ၁၂၇။ | စိတ္တသင်္ခါရကို ငြိမ်းစေလျက် | .... | ၅၇၆ |
| ၁၂၈။ | စိတ်ကို ဝမ်းမြောက်စေလျက် | .... | ၅၇၆ |
| ၁၂၉။ | အာနာပါနဿတိ ကမ္မဋ္ဌာန်း၏အကျိုး | .... | ၅၈၁ |
| ၁၃၀။ | ဥပသမာနုဿတိ | .... | ၅၈၅ |
| ၁၃၁။ | အဝယဝတ္ထုအမိပ္ပါယ် | .... | ၅၈၆ |
| ၁၃၂။ | ပိဏ္ဍတ္ထအမိပ္ပါယ် | .... | ၅၈၈ |


**ပဉ္စမတွဲ မာတိကာ ပြီး၏။**

မြန်မာပြန်

# ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ

## ပဌမတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁—သီလနိဒ္ဒေသပိုင်း

**[၁] သီလေ ပတိဋ္ဌာယ နရော သပညော၊**
**စိတ္တံ ပညဉ္စ ဘာဝယံ။**
**အာတာပီ နိပကော ဘိက္ခု၊**
**သော ဣမံ ဝိဇဋယေ ဇဋန္တိ။**

ပဋိသန္ဓေ နေစဉ်ကပင် တိဟိတ် ပဋိသန္ဓေဖြစ်၍ ကမ္မဇ ပညာ ပါရှိသောသူသည် သီလအကျင့်၌ ကောင်းစွာ ဆောက်တည်၍ ကိလေသာကို ပူပန် ခြောက်သွေ့စေ တတ်သောသုံ့လ ဆန့်ကျင်ဘက် ကိလေသာကို တားမြစ် နိုင်စွမ်းသော ပညာရှိသည်ဖြစ်၍ စိတ်၏ တည်ကြည်မှု သမာဓိကိုရင်း, အထူးရှုမြင်မှု ဝိပဿနာ ပညာကိုရင်း ပွါးစေသည်ရှိသော် ထိုသို့သဘောရှိသောသူသည် ဝါးရုံ ပင် အခက် အလက်နှင့် တူသော ဤ တဏှာ အမြွေး အရှက်ကို ဖြေဖြတ်ရှင်းလင်း အကြွင်းမဲ့သုတ်သင်နိုင်ရာ၏။

ဤဂါထာသည်ကား အရှင်အဋ္ဌကထာဆရာ အကျယ်ဖွင့် ဆိုရန်ဖြစ်သော မူတည်သုတ်ပုဒ်ဖြစ်သည်။

ဤ “**သီလေ ပတိဋ္ဌာယ နရော သပညော**” အစရှိသော ဂါထာကို မြတ်စွာဘုရားသည် အဘယ်အကြောင်း အားဖြင့် ဟောကြားတော်မူပါသနည်းဆိုသော်—

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည်တွင် နေတော်မူစဉ် ညဥ့်၏သန်းခေါင်ယာမ်အခါမှာ အမည်အားဖြင့် မထင်ရှားသော နတ်သားတဦး လာရောက်ချဉ်းကပ်၍ မိမိ၏ ယုံမှားသက်ဒကို ဖျောက်ပယ်ခြင်းငှါ—

**အန္တော ဇဋာ ဗဟိဇဋာ၊ ဇဋာယ ဇဋိတာ ပဇာ။**
**တံ တံ ဂေါတမ ပုစ္ဆာမိ၊ ကော ဣမံ ဝိဇဋယေ ဇဋန္တိ။**

ဟူသော ဂါထာဖြင့် ပုစ္ဆာ မေးလျှောက်လေသည်။

''အိုအရှင်ဂေါတမ အကြင်တဏှာတည်း ဟူသော ကွန်ရက်သည်အတွင်း၌လည်း ဖွဲ့ရှက်တတ်၏၊ အပ၌လည်း ဖွဲ့ရှက်တတ်၏၊ ထိုအတွင်းအပ၌ ရှုပ်ထွေးစွာ မြွေးရစ်တတ်သောတဏှာသည် သတ္တဝါအပေါင်းကို အကြင့်ကြောင့် ငြိတွယ်ချုပ်စပ် မြွေးရစ်အပ်လေ၏၊ ထိုကြောင့် အရှင်ဂေါတမကို အကျွန်ုပ် မေးလျှောက်လိုသည်မှာ ဤအမြွေးအရှက်ကို အဘယ်သို့သော သူသည် ဖြေဖြတ် ရှင်းလင်းနိုင်ပါအံ့နည်း''ဟူ၍ ဖြစ်သည်။

ထိုလျှောက်ချက်၌ **''တဏှာတည်းဟူသော ကွန်ရက်''**ဆိုသည်ကား–တဏှာသည် ဝါးရုံကို မြွေးရှက်၍နေသော အခက်အလက် ကွန်ရက်နှင့်တူလေသည်၊ တူပုံမှာ တဏှာသည် ရူပါရုံ, သဒ္ဒါရုံ အစရှိသော အာရုံတို့၌ အထက်အဘို့ အောက်အဘို့အားဖြင့် အဖန်တလဲလဲ ကပြောင်းကပြန် ရစ်ပတ်တတ်၏, ငြိတွယ်ဖွဲ့ရှက် တတ်၏၊ ထိုကြောင့် ထိုတဏှာကို ကွန်ရက်ဟု ဆိုလေသည်။

**''အတွင်းအပ၌ ဖွဲ့ရှက်တတ်၏''**ဆိုသည်ကား–မိမိ၏ပရိက္ခရာ, သူတပါး၏ ပရိက္ခရာ,မိမိ၏ ကိုယ်=အတ္တဘော, သူတပါး၏ ကိုယ်=အတ္တဘော, အတွင်း အာယတန, အပ အာယတနတို့၌ ဖြစ်တတ်သောကြောင့် အတွင်းအပ၌ ဖွဲ့ရှက်တတ်၏ ဟု ဆို လေသည်။

**''အတွင်းအပ၌ ရှုပ်ထွေးစွာ မြွေးရစ်တတ်သော တဏှာသည် သတ္တဝါအပေါင်းကို အကြင့်ကြောင့် ငြိတွယ်ချုပ်စပ် မြွေးရစ်**

**အဇ်ဋာ**" ဆိုသည်ကား--ဥပမာအားဖြင့် ဝါးရုံ၏ အခက်အလက် ကွန်ရက်တို့သည် ဝါးရုံကြီးတခုလုံးကို ပိတ်ဖုံးလွှမ်းခြုံ၍ မြေးရက်ကာ နေဘိသကဲ့သို့ သတ္တဝါများအပေါင်းကိုလည်း ထိုတဏှာတည်း ဟူသော အမြေးအရှက်သည် ရှုပ်ထွေးစွာမြေးရစ်၍ နေလေသည်၊ ချုပ်စပ် ငြိတွယ်၍ နေလေသည်၊ သို့ဖြစ်၍ဘုံသုံးပါးတွင် အဘယ် သူသည် ထိုရှုပ်ထွေးလှစွာသော အမြေးအရှက်တို့ကို ခွါထွက် ရှင်းလင်းခြင်းငှါ စွမ်းနိုင်ပါသနည်း ဟု မေးလိုရင်းဖြစ်သည်။

ဤသို့မေးလျှောက်အပ်သည်ရှိသော် သိအပ်သမျှ အလုံးစုံသော ဉေယျတရားတို့၌အပိတ်အပင် အနှောင့်အရှက်မရှိ အတိအလင်း သိမြင်နိုင်သော ဉာဏ်ရှိတော်မူသော သမုတိနတ်, ဥပပတ္တိနတ်, ဝိသုဒ္ဓိနတ်တို့ထက် အထူးသဖြင့် မြတ်သောနတ်မင်းကြီးအစစ် ဖြစ်တော်မူသော, သိကြားအပေါင်းတို့ထက် လွန်မြတ်သော သိကြားမင်းကြီး ဖြစ်တော်မူသော, ဗြဟ္မာအပေါင်းတို့ထက် လွန်မြတ်သော ဗြဟ္မာမင်းကြီးဖြစ်တော်မူသော လေးပါးသော ရဲရင့်ခြင်းဂုဏ်တို့ကြောင့် ကြောက်တုန်ထိတ်လန့်ခြင်း ကင်းတော် မူသော အားတော်ဆယ်တန်, ဉာဏ်တော်ဆယ်ပါးကို ဆောင် တော်မူနိုင်သော သိအပ်သမျှ ဉေယျတရားတို့၌ ကွယ်မိုက်ပိတ်ပင် ခြင်းကို ပြုတတ်သော မောဟအဝိဇ္ဇာသည် ဝါသနာနှင့်တကွ ကုန်ကင်း၍ အလင်းထင်ထင် သိမြင်နိုင်သော ဉာဏ်မျက်စိရှိတော် မူသောမြတ်စွာဘုရားသည် ထိုလျှောက်သောနတ်သား၏ အမေး ပုစ္ဆာကို ဖြေကြားတော်မူလိုသောကြောင့်—

"**သီလေ ပတိဋ္ဌာယ နရော သပညော**"အစရှိသော ဂါထာကို ဟောတော်မူအပ်လေသည်။

[၂] ယခုအခါ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဂါထာ၏ သီလ, သမာဓိ,ပညာ စသည် အပြားရှိသော အနက်ကို မဖောက်မပြန် ဟုတ်မှန်သောအတိုင်း အကျယ် ဖွင့်ပြပေအံ့၊ မြတ်စွာဘုရား၏ သာသနာတော်၌ အလွန် ရနိုင်ခဲလှစွာသော ရဟန်းအဖြစ်ကို ရကြပါကုန်လျက် သီလ အစရှိသောဂုဏ်တို့ဖြင့် သပြိုဟ်ရေတွက်အပ်သော

ကိလေသာရန်ဘေး ကင်းဝေးသော ကြည်ရှောင်ဖွဲ့လွှဲစရာ လမ်းကွဲမရှိ၊ ဖြောင့်မတ်လှစွာသော နိဗ္ဗာန်၏အကြောင်း ဖြစ်သော အဋ္ဌင်္ဂိက အရိယမဂ်ကို ဟုတ်မှန်သောအတိုင်း မသိကြကုန်သောကြောင့် ဤသာသနာတော်မှာ"**ဝိသုဒ္ဓိ**" တည်းဟူသော နိဗ္ဗာန်ကို လိုချင်တောင့်တကြပါသော် လည်း အကြင်ယောဂီပုဂ္ဂိုလ် အမျိုးသားတို့သည်"**ဝိသုဒ္ဓိ**" တည်းဟူသော နိဗ္ဗာန်ကိုရည်မှန်း၍ ရဟန်း တရားကို အားထုတ်ကြပါကုန်လျက် ဝိသုဒ္ဓိသို့ မရောက်နိုင်ရှိကြကုန် သည်၊ ထိုယောဂီပုဂ္ဂိုလ်တို့၏ ဝမ်းမြောက်ခြင်းကို ပြုတတ် သော အလွန်စင်ကြယ်သော အဆုံးအဖြတ်ရှိသော မဟာ ဝိဟာရကျောင်းတိုက်ကြီး၌ နေကုန်သော အရှင်မြတ်တို့၏ ဒေသနာနည်းကို မှီသော "**ဝိသုဒ္ဓိမဂ္ဂ**" အမည်ရှိသော နိဗ္ဗာန်လမ်းကြီးကို ဟောပေအံ့။

အရိအသေ အလေးအမြတ်ပြု၍ ဟောကြားသော အကျွန်ုပ်၏ ထိုနိဗ္ဗာန်လမ်းကြောင်းဖြစ်သော "**ဝိသုဒ္ဓိမဂ္ဂ**" လမ်းမကြီးကို **အရဟတ္တဖိုလ် နိဗ္ဗာန်** တည်းဟူသော "**ဝိသုဒ္ဓိ**" ကို လိုချင်တောင့်တကြကုန်သော အလုံးစုံ သူတော်ကောင်း ဖြစ်ကြကုန်သော သင်တို့သည် ရိုရို သေသေ လေးလေးမြတ်မြတ်ပြု၍ နာကြားကြကုန်လော့။

ကျမ်းကို အားထုတ်ခြင်း၏အကြောင်း ပြီး၏။

---

[၃] "**ဝိသုဒ္ဓိမဂ္ဂ**" ဟူသောပုဒ်၌ "**ဝိသုဒ္ဓိ**" ဆိုသည်ကား—ရာဂ အစရှိသော အညစ်အကြေး ဒုစရိုက်အစရှိသော အညစ် အကြေး တို့ မှ ထက် ဝန်း ကျင် သော အဘို့ဖြင့် စင်စစ် စင်ကြယ်သောနိဗ္ဗာန်ကို ဝိသုဒ္ဓိဟူ၍ ဆိုသည်။

"**မဂ္ဂ**" ဆိုသည်ကား—ရခြင်း၏ အကြောင်းကို ဆိုသည်၊ သို့ဖြစ်၍ ဝိသုဒ္ဓိမဂ္ဂ = စင်ကြယ်သောနိဗ္ဗာန်ကို ရခြင်း၏အကြောင်း ဟူ၍ ဆိုလိုသည်။

ထို"**ဝိသုဒ္ဓိမဂ္ဂ**" ဟူသောပုဒ်ကို အချို့သော သုတ္တန်ပါဠိတော်တို့၌ ဝိပဿနာ သာမညာ၏အစွမ်းဖြင့် ဟောလေသည်၊ ဟောပုံမှာ—

**သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။**
**အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။**

"ခပ်သိမ်းကုန်သော တေဘူမိက သင်္ခါရတရားတို့သည် မြဲသည်မဟုတ်ကုန်၊ ဤသို့ အကြင်အခါ၌ ဝိပဿနာ ပညာဖြင့် သုံးသပ်ဆင်ခြင်၏၊ ထိုအခါ ဆင်းရဲဒုက္ခ၌ ငြီးငွေ့လေ၏၊ ဤသို့ ငြီးငွေ့ခြင်းသည် အရဟတ္တဖိုလ် နိဗ္ဗာန် ဟူသော ဝိသုဒ္ဓိကို ရခြင်း၏ အကြောင်းပေတည်း" ဟူ၍ ဖြစ်သည်။

အချို့သောနေရာ၌ ဈာန်ဝိပဿနာ၏ အစွမ်းဖြင့် ထိုဝိသုဒ္ဓိမဂ္ဂ ဟူသော ပုဒ်ကို ဟောလေသည်၊ ဟောပုံမှာ—

**ယမှိ ဈာနဉ္စ ပညာ စ, သ ဝေ နိဗ္ဗာနသန္တိကေ။**

"အကြင် ပုဂ္ဂိုလ်၌ ဝိပဿနာ၏ အခြေ ဖြစ်သော ဈာန်သည်၎င်း, ဝိပဿနာသည်၎င်း ရှိ၏၊ စင်စစ် ထိုပုဂ္ဂိုလ်သည် နိဗ္ဗာန်နှင့်နီးစွာသော အကျင့်၌တည်၏" ဟူ၍ ဖြစ်သည်။

အချို့သောနေရာ၌ ကံအစရှိသည်တို့၏ အစွမ်းဖြင့် ထိုဝိသုဒ္ဓိမဂ္ဂ ဟူသောပုဒ်ကို ဟောလေသည်၊ ဟောပုံမှာ—

**ကမ္မံ ဝိဇ္ဇာ စ ဓမ္မော စ၊ သီလံ ဇီဝိတမုတ္တမံ။**
**ဧတေန မစ္စာ သုဇ္ဈန္တိ၊ န ဂေါတ္တေန ဓနေန ဝါ။**

"မဂ်စေတနာကံသည်၎င်း, သမ္မာဒိဋ္ဌိသည်၎င်း, သမ္မာဝါစာ သမ္မာကမ္မန္တသည်၎င်း, မြတ်သော အသက်မွေးခြင်းသည်၎င်း, ကြွင်းသောအရိယာ မဂ်တရားတို့သည်၎င်း ဤစေတနာနှင့်တကွသော အရိယာမဂ် တရားဖြင့် သတ္တဝါ

တို့သည် ကိလေသာမှ စင်ကြယ်နိုင်ကြကုန်၏၊ အမျိုးမြတ်ခြင်း ဥစ္စာပေါများခြင်းတို့ကြောင့် မူကား စင်ကြယ်ခြင်း မဖြစ်နိုင်ကြကုန်'' ဟူ၍ ဖြစ်သည်။

အချို့သောနေရာ၌ သီလ အစရှိသည်တို့၏ အစွမ်းဖြင့် ထို ''ဝိသုဒ္ဓိမဂ္ဂ''ဟူသော ပုဒ်ကို ဟောလေသည်၊ ဟောပုံမှာ—

**သဗ္ဗဒါ သီလသမ္ပန္နော၊ ပညဝါ သုသမာဟိတော။**
**အာရဒ္ဓဝီရိယော ပဟိတတ္တော၊ ဩဃံ တရတိ ဒုတ္တရန္တိ။**

''အခါခပ်သိမ်း သီလဂုဏ်နှင့် ပြည့်စုံသော လောကီ လောကုတ္တရာပညာနှင့် ပြည့်စုံသော ကောင်းစွာ တည်ကြည်သော အားထုတ်အပ်သော လုံ့လဝီရိယရှိသော ကိုယ်အသက်ကို ငဲ့ကွက်ခြင်းမရှိ၊ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသော ရဟန်းသည် ကူးခပ်နိုင်ခဲသော ဩဃလေးဖြာ သံသရာကြီးကို ကူးခပ်နိုင်၏'' ဟူ၍ ဖြစ်သည်။

အချို့သောနေရာ၌ သတိပဋ္ဌာန် အစရှိသည်တို့၏ အစွမ်းဖြင့် ထို ''ဝိသုဒ္ဓိမဂ္ဂ''ဟူသော ပုဒ်ကို ဟောလေသည်၊ ဟောပုံမှာ—

**''ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ။ပ။ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ''တိ။**

''အို-ရဟန်းတို့၊ ဘုရားသာသနာတော်၌သာ ပေါ်သော လမ်းခရီးဖြစ်သော တခုတည်းသော ဤ သတိပဋ္ဌာန် လမ်းခရီးသည် သတ္တဝါတို့၏ စင်ကြယ်ခြင်းအကျိုးငှါ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်၏'' ဟူ၍ ဖြစ်သည်။

သမ္မပ္ပဓာန် အစရှိသည်တို့၌လည်း ဤ ဆိုအပ်ပြီးသော နည်းအတိုင်း သိအပ်၏။

အထူးမှာ ဤ နတ်သားမေးသောပုစ္ဆာကို ဖြေဆို ဟောကြားရာ၌ ''ဝိသုဒ္ဓိမဂ္ဂ''ဟူသောပုဒ်ကို သီလအစရှိသည်တို့၏ အစွမ်းဖြင့် ဟောကြားတော် မူအပ်လေသည်။

[၄] **"သီလေ ပတိဋ္ဌာယ နရော"** အစရှိသော မြတ်စွာဘုရား ဖြေကြားတော်မူအပ်သော ဂါထာ၏ လိုရင်း အကျဉ်းချုပ်မှာ—

(က) ပဋိသန္ဓေနေစဉ်ကပင် တိဟိတ်ပဋိသန္ဓေဖြစ်၍ ကမ္မဇ ပညာ ပါရှိသူဖြစ်ခြင်း၊

(ခ) သီလ၌ တည်ခြင်း၊

(ဂ) ကိလေသာကို ပူပန် ခန်းခြောက်စေတတ်သော လုံ့လ ဝီရိယရှိခြင်း၊

(ဃ) ဆန့်ကျင်ဘက် ကိလေသာကို တားမြစ်နိုင်သော ပညာရှိခြင်း၊

(င) စိတ်၏ တည်ကြည်မှုသမာဓိကို ပွါးများခြင်း၊

(စ) အထူး ရှုမြင်မှု ဝိပဿနာပညာကို ပွါးများခြင်း၊

ဤဆိုအပ်ခဲ့ပြီးသော ပညာသုံးမျိုး,သီလ သမာဓိ ဝီရိယသုံးမျိုး ပေါင်းခြောက်မျိုးသော တရားနှင့် ပြည့်စုံသူသည် ကိလေသာ တည်းဟူသော အမြွေးအရှက် အရှုပ်အထွေးကို သုတ်သင် ရှင်းလင်းနိုင်ရာသည်။ ဥပမာဆိုသော်-ယောကျ်ား တဦးသည် မြေကြီးပေါ်တွင် ရပ်တည်၍ ကောင်းစွာ သွေးအပ်သဖြင့် မြမြ ထက်သော ထား,လက်နက်ကို ကိုင်ချီပြီးလျှင် ကြီးစွာသော ဝါးရုံကြီးကို ဖြေရှင်းခုတ်ထွင် သုတ်သင်သကဲ့သို့ ထို့အတူ သီလ တည်းဟူသော မြေ၌ ကောင်းစွာ မတ်မတ်ရပ်တည်၍ ဝိပဿနာ ပညာလက်နက် ထား,သန်လျက်ကို ဝီရိယတည်းဟူသောအားဖြင့် မြဲမြဲစွဲစွဲ ကိုင်စွဲ၍ အလုံးစုံသောကိစ္စကို ဆောင်ရွက်သော ပါရိ ဟာရိက ပညာတည်းဟူသော လက်ဖြင့် မြှောက်ချီ၍ မိမိသန္တာန်၌ အစဉ်သဖြင့်ကျသော တဏှာကွန်ရက် အရှုပ်အထွေး အမြွေး အရစ်ကို ကောင်းစွာ ဖြတ်နိုင်ရာ၏၊ အကြွင်းမဲ့ နုတ်ပယ်နိုင်ရာ၏။

ဆိုဘွယ် အထူးသော်ကား-ထိုရဟန်းသည် မဂ်စိတ်ခဏမှာ ထိုအမြွေးအရှက်ကို ခွါထွင် ဖျက်ဆီးဆဲမည်၏၊ ဖိုလ်စိတ်ခဏမှာ

မှုကား-တဏှာ ကွန်ရက်အရှုပ်အထွေးကို သုတ်သင် ရှင်းလင်းပြီး ဖြစ်၏၊ နတ်နှင့်တကွသော လောကကြီး၏ မြတ်သောအလှူကို ခံထိုက်သည်ဖြစ်၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် သီလေ ပတိဋ္ဌာယ နရော သပညော....လ....အစရှိသော ဂါထာကို ဟောတော်မူအပ်လေ၏။

[၅] ထိုဟောတော်မူအပ်သော ဂါထာ၌ မြတ်စွာဘုရားသည် သီလ,သမာဓိ,ပညာသုံးဖြာသော အကြောင်းဖြင့် နိဗ္ဗာန်ရောက်ကြောင်း လမ်းခရီးဖြစ်သော ဝိသုဒ္ဓိမဂ္ဂကို ဟောကြားတော်မူသည်။

ဆက်၍ ဆိုဦးမည်၊ ဤဂါထာတွင် ပါသော သီလ, သမာဓိ, ပညာဖြင့် သုံးဖြာသော အကျင့်သိက္ခာတို့ကိုရင်း, ဝိဇ္ဇာသုံးပါး အစရှိသည်တို့၏ အားကြီးသောအကြောင်းကိုရင်း,အယုတ်တရား လမ်းမှားနှစ်ရပ်ကို ကြဉ်ရှောင်၍ အလယ်အလတ်ဖြစ်သော မဇ္ဈိမပဋိပတ် အကျင့်မြတ်ကို မှီဝဲခြင်းကိုရင်း, အပါယ်စသည့်ကို လွန်မြောက်ခြင်း၏ အကြောင်းကိုရင်း, သုံးပါးသောအခြင်းအရာတို့ဖြင့် ကိလေသာကို ပယ်ခြင်းကိုရင်း, ဝီတိက္ကမ ကိလေသာ အစရှိသည်တို့၏ ဆန့်ကျင်ဘက်တို့ကိုရင်း,ညစ်ညူးကြောင်းသုံးပါး အပေါင်းကို သုတ်သင်ခြင်းကိုရင်း,သောတာပန် စသည်ဖြစ်ခြင်း၏ အကြောင်းကိုရင်း ဖော်ပြအပ်သည် ဖြစ်၏။

**ထိုဂါထာဖြင့် ပြပုံတွေကို ထင်ရှားစေဦးအံ့** ဤသီလ,သမာဓိ,ပညာသုံးဖြာတို့တွင် သီလဖြင့် အဓိသီလသိက္ခာကို ပြတော်မူသည်၊ သမာဓိဖြင့် အဓိစိတ္တ သိက္ခာကို ပြတော်မူသည်၊ ပညာဖြင့် အဓိပညာ သိက္ခာကို ပြတော်မူသည်၊ သီလဖြင့် သာသနာတော်၏ အစကောင်းသောအဖြစ်ကို ပြတော်မူသည်၊ ထိုစကား **မှန်၏**။

မြတ်စွာဘုရားသည် "ကော စာဒိ ကုသလာနံ ဓမ္မာနံ သီလဉ္စ သုဝိသုဒ္ဓန္တိ" ကုသိုလ် တရားတို့၏ **အစကား** အဘယ်နည်း၊ ကောင်းစွာ အထူးသဖြင့် စင်ကြယ်သော

သီလပေတည်း'' ဟူ၍ ဟောတော်မူသောကြောင့်၎င်း, "သဗ္ဗပါပဿ အကရဏံ" အလုံးစုံသော အကုသိုလ်တို့ကို မပြုခြင်းသည် ရှိ၏ဟူ၍ ဟောတော်မူသောကြောင့်၎င်း သီလသည် သာသနာတော်၏ အစမည်၏။

ထိုအဓိသီလ သိက္ခာဖြစ်သော သီလသည် နှလုံးရွှင်ပျခြင်း စသော ကျေးဇူးဂုဏ်ကို ဆောင်တတ်သောကြောင့် ကောင်းသည် ဖြစ်၏။

သမာဓိဖြင့် သာသနာတော်၏ အလယ် ကောင်းခြင်းကိုပြ၏၊ ''ကုသလဿ ဥပသမ္ပဒါ'' အစရှိသည်ဖြင့် ဟောတော်မူသော ကြောင့် သမာဓိသည် သာသနာတော်၏ အလယ်ဖြစ်၏၊ ထို သမာဓိသည် ဖန်ဆင်းခြင်း အစရှိသော ဂုဏ်ကို ဆောင်တတ် သောကြောင့် ကောင်းသည် မည်၏။

ပညာဖြင့် သာသနာတော်၏ အဆုံး၏ကောင်းခြင်းကို ပြ၏၊ ''သစိတ္တပရိယောဒါပနံ ဧတံ ဗုဒ္ဓါန သာသနံ''ဟူ၍ ဟောတော် မူသောကြောင့်၎င်း, သာသနာတော်တွင် ပညာသည် လွန်မြတ် သော တရားထူး ဖြစ်သည်၏ အဖြစ်ကြောင့်၎င်း ပညာသည် သာသနာတော်၏အဆုံး မည်၏၊ ထိုပညာသည်ပင် ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့၌ စုံစုံမက်မက် နှစ်သက်ဝမ်းမြောက်ခြင်း အမျက် ဒေါသထွက်ခြင်း မရှိ, ပကတိ တည်တံ့နိုင်သောဂုဏ်ကို ဆောင် သောကြောင့် ကောင်းသည် ဖြစ်၏၊ ထို့ကြောင့် မြတ်စွာ ဘုရားသည်လည်း—

**သေလော ယထာ ဧကဃနော၊**
**ဝါတေန န သမီရတိ။**
**ဧဝံ နိန္ဒာပသံသာသု၊**
**န သမိဉ္ဇန္တိ ပဏ္ဍိတာ။**

တခဲတည်း တလုံးတည်းဖြစ်သော ကျောက်တောင် ကြီးသည် အရပ်လေးမျက်နှာမှလာသော လေတို့ကြောင့်

မတုန်မလှုပ်ဘိသကဲ့သို့ ထို့အတူ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းတို့ကြောင့် မတုန်မလှုပ်ကုန် ဟူ၍ ဟောတော်မူလေသည်။

ထို့အတူပင်လျှင် သီလဖြင့် ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံခြင်း၏ အားကြီးသောအကြောင်းကို ပြအပ်၏၊ ထိုစကား မှန်သည်၊ သီလနှင့် ပြည့်စုံခြင်းကို အမှီပြု၍ သုံးပါးသောဝိဇ္ဇာတို့သို့ ရောက်နိုင်လေသည်၊ ဝိဇ္ဇာသုံးပါးထက် အလွန်ဖြစ်သော အဘိညာဏ်ခြောက်ပါးသို့မူကား မရောက်နိုင်၊ သမာဓိဖြင့် အဘိညာဏ်ခြောက်ပါးနှင့် ပြည့်စုံခြင်း၏ အားကြီးသောအကြောင်းကို ပြအပ်၏၊ ထိုစကားမှန်သည်၊ သမာဓိ၏ ပြည့်စုံခြင်းကို အမှီပြု၍ အဘိညာဏ်ခြောက်ပါးသို့ ရောက်နိုင်လေသည်၊ ထိုထက်အလွန် ပဋိသမ္ဘိဒါဉာဏ်သို့ မူကား မရောက်နိုင်ချေ။

ပညာဖြင့် ပဋိသမ္ဘိဒါဉာဏ်အထူး၏ အားကြီးသော အကြောင်းကို ပြအပ်၏၊ ထိုစကား မှန်သည်၊ ပညာနှင့် ပြည့်စုံခြင်းကို အမှီပြု၍ လေးပါးသော ပဋိသမ္ဘိဒါ ဉာဏ်တို့သို့ ရောက်နိုင်၏၊ ပညာမှ တပါးသော အကြောင်းကြောင့်မူကား ထိုပဋိသမ္ဘိဒါဉာဏ်သို့ မရောက်နိုင်ချေ။

သီလဖြင့် ဝတ္ထုကာမလျှင် အာရုံရှိသော ကိလေသာကာမနှင့် ယှဉ်သော သုခချမ်းသာကို ခံစားသုံးဆောင်ခြင်းဟု ဆိုအပ်သော "ကာမသုခလ္လိကာနုယောဂ" အယုတ်တရားကို ပယ်ခြင်းကို ပြအပ်၏၊ သမာဓိဖြင့် ကိုယ်၏ပင်ပန်းခြင်းကို အဖန်တလဲလဲ ပြုခြင်းဟု ဆိုအပ်သော "အတ္တကိလမထာနုယောဂ"ကို ပယ်ခြင်းကို ပြအပ်၏၊ ပညာဖြင့် ထိုအယုတ်တရားနှစ်ပါးသို့ မကပ်မူ၍ အလယ်အလတ်ဖြစ်သော မဇ္ဈိမပဋိပဒါအကျင့်ကို မှီဝဲခြင်းကို ပြအပ်၏။

ထို့ပြင် သီလဖြင့် အပါယ်လေးဘုံမှ လွန်နိုင်ခြင်းကို ပြအပ်၏၊ သမာဓိဖြင့် ကာမဘုံမှ လွန်နိုင်ခြင်းကို ပြအပ်၏၊ ပညာဖြင့် အလုံးစုံသော ဘုံဘဝတို့မှ လွန်မြောက်နိုင်ခြင်းကို ပြအပ်၏။

သီလဖြင့် တဒင်္ဂခေတ္တခဏမျှ ကိလေသာကို ပယ်ခြင်းကို ပြအပ်၏၊ သမာဓိဖြင့် အတော်ကြာ ကိလေသာဝေးကွာသော ဝိက္ခမ္ဘနသတ္တိအစွမ်းဖြင့် ကိလေသာကို ပယ်ခြင်းကို ပြအပ်၏၊ ပညာဖြင့် ကိလေသာကို အကြွင်းမဲ့ပယ်ခြင်းကို ပြအပ်၏။

ထို့ပြင် သီလဖြင့် ကာယဒွါရ, ဝစီဒွါရတို့၌ လွန်ကျူးသော ကိလေသာတို့၏ ဆန့်ကျင်ဘက်ကို ပြအပ်၏၊ သမာဓိဖြင့် စိတ်သန္တာန်တွင် ဖြစ်ပေါ်သော ပရိယုဋ္ဌာန ကိလေသာတို့၏ ဆန့်ကျင်ဘက်ကို ပြအပ်၏၊ ပညာဖြင့် အနုသယကိလေသာတို့၏ ဆန့်ကျင်ဘက်ကို ပြအပ်၏။

သီလဖြင့် ဒုစရိုက်အညစ်အကြေးတို့ကို သုတ်သင်ခြင်းကို ပြအပ်၏၊ သမာဓိဖြင့် တဏှာတည်းဟူသော ညစ်ညူးခြင်းကို သုတ်သင်ခြင်းကို ပြအပ်၏၊ ပညာဖြင့် ဒိဋ္ဌိတည်းဟူသော ညစ်ညူးခြင်းကို သုတ်သင်ခြင်းကို ပြအပ်၏။

ထို့ပြင် သီလဖြင့် သောတာပန် သကဒါဂါမိ ဖြစ်ခြင်း၏ အကြောင်းကို ပြအပ်၏၊ သမာဓိဖြင့် အနာဂါမိဖြစ်ခြင်း၏ အကြောင်းကိုပြအပ်၏၊ပညာဖြင့် ရဟန္တာဖြစ်ခြင်း၏အကြောင်းကို ပြအပ်၏၊ ထိုစကားမှန်သည်၊ "**သောတာပန္နော သီလေသု ပရိပူရကာရီ**"ဟူ၍ သောတာပန်ပုဂ္ဂိုလ်သည် သီလတို့၌ ပြည့်စုံခြင်းကို ပြုလေ့ရှိသည်၊ ထို့အတူ သကဒါဂါမိပုဂ္ဂိုလ်, အနာဂါမိ ပုဂ္ဂိုလ်တို့သည်လည်း သမာဓိ၌ ပြည့်စုံခြင်းကို ပြုလေ့ရှိသည်၊ ရဟန္တာပုဂ္ဂိုလ်သည်ကား ပညာ၌ ပြည့်စုံခြင်းကို ပြုလေ့ရှိသည်ဟု ဟောတော်မူအပ်လေသည်။

ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသောစကားအစဉ်ဖြင့် သုံးပါးသော သိက္ခာတို့ကိုင်း, သာသနာတော်ကြီး၏ သုံးပါးသော ကောင်းခြင်းတို့ကိုင်း, ဝိဇ္ဇာသုံးပါး အစရှိသည်တို့၏ အားကြီးသော အကြောင်းတို့ကိုင်း, အယုတ်တရား ၂-ပါးကိုကြဉ်၍ မဇ္ဈိမ ပဋိပတ်အကျင့်ကို မှီဝဲခြင်းကိုင်း, အပါယ် အစရှိသည်တို့မှ လွန်မြောက်ကြောင်းကိုင်း, သုံးပါးသော အခြင်းအရာတို့ဖြင့် ကိလေသာကိုပယ်ခြင်းကိုင်း, ဝီတိက္ကမ ကိလေသာ အစရှိသည်

တို့၏ ဆန့်ကျင်ဘက် ဖြစ်သည်ကိုငင်း, သံကိလေသ သုံးပါးကို သုတ်သင်ခြင်းကိုငင်း, သောတာပန် အစရှိသည့်တို့၏အဖြစ်ကို ပြုခြင်းသည်ငင်း ဤကိုးပါးသောတိက်တို့ကို ပြအပ်ကုန်၏၊ ထိုမှ တပါးသော ဂုဏ်တိက်တို့ကိုလည်း ပြအပ်ကုန်၏။

အကျဉ်း ဖွင့်ပြခြင်း ပြီး၏။

---

[၆] ဤသို့လျှင် များစွာသော ဂုဏ်ကျေးဇူးတို့ကို သိမ်းရုံး ရေတွက်၍ သီလ, သမာဓိ, ပညာကို အမှူးထားလျက် ဟောကြား ငြားသော်လည်း ဤနိဗ္ဗာန်ရောက်ကြောင်း လမ်းမကြီးဖြစ်သော ဝိသုဒ္ဓိမဂ္ဂကို အလွန်ကျဉ်းသောနည်းဖြင့်သာ ဟောကြားခြင်း ဖြစ်သောကြောင့် အလုံးစုံသော လူအပေါင်းတို့အား ကျေးဇူး ပြုခြင်းငှါမစွမ်းနိုင်ချေ၊ ထို့ကြောင့် အကျယ်ဝိတ္ထာရကို သိကြစေ ခြင်းအကျိုးငှါ သမာဓိပညာတို့၏ ရှေးဦးစွာ သီလ၏အကြောင်း ကို အကျယ်ဖော်ပြရန် အောက်ပါ မေးခွန်းပုစ္ဆာတို့ကို ထုတ် အပ်၏။

သီလဟူသည်ကား အဘယ်နည်း?
အဘယ်အနက်သဘောကြောင့် သီလဟူ၍ ခေါ်သနည်း?
ထိုသီလ၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကား အဘယ်နည်း?
သီလ၏အကျိုးကား အဘယ်နည်း?
သီလသည် အဘယ်မျှ အပြားရှိသနည်း?
သီလ၏ညစ်နွမ်းကြောင်းကား အဘယ်နည်း?
သီလ၏ဖြူစင်ကြောင်းကား အဘယ်နည်း?

ထိုအမေးပုစ္ဆာတို့၏ အဖြေကား အောက်ပါအတိုင်းဖြစ်၏။

"**သီလ ဟူသည်ကား**–သူ့အသက်ကို သတ်ခြင်း အစရှိ သည်ကို ကြဉ်ရှောင်သောသူ၏ငင်း, ကျင့်ဝတ် ပဋိပတ်

ကိုဖြည့်ကျင့်သောသူ၏ငှင်း, စေတနာအစရှိသော တရားတို့သည် သီလမည်၏၊ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ "ကိံ သီလန္တိ စေတနာ သီလံ,စေတသိကံ သီလံ,သံဝရော သီလံ, အဝီတိက္ကမော သီလန္တိ"ဟူ၍ ဟောတော်မူလေသည်၊ အဓိပ္ပါယ်ကား–အဘယ်သဘောတရားသည် သီလမည်သနည်းဟူမူ စေတနာသည် သီလမည်၏၊ စေတသိကတို့သည် သီလမည်၏၊ ဝိတ်ဆို့ စောင့်ရှောက်ခြင်း သံဝရတရားသည် သီလမည်၏၊ မလွန်ကျူးခြင်းသည် သီလမည်၏ ဟူ၍ ပဋိသမ္ဘိဒါမဂ်၌ ဆိုသည်။

ထိုပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ "**စေတနာသည် သီလမည်၏**" ဆိုသည်ကား–သူ့အသက်ကိုသတ်ခြင်း အစရှိသည်တို့မှ ကြဉ်ရှောင်သောသူ၏ငှင်း, ကျင့်ဝတ် ပဋိပတ်ကို ဖြည့်ကျင့်သောသူ၏ငှင်း စေတနာသည် "**စေတနာသီလ**" မည်၏။

"**စေတသိကသီလ**" ဆိုသည်ကား–သူ့အသက် သတ်ခြင်း အစရှိသည်မှ ကြဉ်ရှောင်သော ဝိရတိစေတသိက်ကိုဆို၏၊ စင်စစ်အား ဖြင့် စေတနာသီလဆိုသည်မှာ··· သူ့အသက်သတ်ခြင်း အစရှိသည်ကို ပယ်စွန့်သောခုနစ်ပါးသော ကမ္မပထစေတနာတို့ကို ဆို၏၊ စေတသိကသီလဆိုသည်မှာ "**အဘိဇ္ဈာကို ပယ်စွန့်၍ အဘိဇ္ဈာကင်းသောစိတ်ဖြင့်နေ၏**" အစရှိသောနည်းဖြင့် ဟောအပ်သော အနဘိဇ္ဈာ,အဗျာပါဒ, သမ္မာဒိဋ္ဌိတရားတို့ကို ဆိုလို၏။

"**ဝိတ်ဆို့စောင့်ရှောက်ခြင်း သံဝရတရားသည် သီလမည်၏**" ဆိုရာ၌ သံဝရသည် ပါတိမောက္ခသံဝရ, သတိ သံဝရ, ဉာဏ သံဝရ, ခန္တိသံဝရ, ဝီရိယသံဝရ ဟူ၍ ငါးပါး အပြားရှိ၏၊ ထိုငါးပါးတို့တွင် "ပါတိမောက္ခသံဝရေန ဥပေတော ဟောတိ၊ သမုပေတော"တိဟူ၍ ဟောတော်မူရာ၌ ပါတိမောက္ခသံဝရကို မှတ်အပ်၏၊ "ရက္ခတိ စက္ခုန္ဒြိယံ စက္ခုန္ဒြိယေ သံဝရံ အာပဇ္ဇ"တိဟူ၍ ဟောတော်မူရာ၌ သတိသံဝရကို မှတ်အပ်၏။

> ယာနိ သောတာနိ လောကသ္မိံ, (အဇိတာတိ ဘဂဝါ,)
> သတိ တေသံ နိဝါရဏံ။
> သောတာနံ သံဝရံ ဗြူမိ၊ ပညာယေတေ ပိဓိယျရေတိ။

"အို အဇိတရသေ့ လောက၌ အကြင် တဏှာဒိဋ္ဌိ အဝိဇ္ဇာ ဒုစရိတ အစရှိသော အယဉ်တို့သည် တွေတွေ ယိုစီးကုန်၏၊ သတိတရားသည် ထိုအယဉ်တို့ကို တားမြစ်တတ်၏၊ ထိုအယဉ်တို့ကို ပိတ်ဆို့တတ်သောတရားကို ငါသည် ဟောကြားပေ၏၊ ပညာဖြင့် ထိုတဏှာဒိဋ္ဌိ အစရှိသောအယဉ်တို့ကို ပိတ်ဆို့ တားမြစ်အပ်ကုန်၏-ဟူ၍ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်၏"ဟူ၍ ဟောကြားတော်မူရာ၌ ပညာဖြင့် တဏှာဒိဋ္ဌိအစရှိသောအယဉ်တို့ကို တားမြစ် ပိတ်ဆို့အပ်ကုန်၏။

ဟု ဆိုသဖြင့် ဉာဏသံဝရကို မှတ်အပ်၏၊ ပစ္စည်းလေးပါးကို ဆင်ခြင်၍ မှီဝဲခြင်းဉာဏ်ကိုလည်း ဤဉာဏသံဝရ၌ ပေါင်းရုံး ရေတွက်အပ်၏။

"ခမော ဟောတိ သီတဿ ဥဏှဿာ"တိ အစရှိသည်ဖြင့် ဟောတော်မူရာ၌ အချမ်းကို သည်းခံ၏, အပူကိုသည်းခံ၏ ဟူ၍ ဆိုသဖြင့် ဤသည်းခံခြင်းသည် ခန္တိသံဝရ မည်၏။

"ဥပ္ပန္နံ ကာမဝိတက္ကံ နာဓိဝါသေ"တိ အစရှိသည်ဖြင့် ဟောတော်မူရာ၌ ဖြစ်ပေါ်သော ကာမဝိတက်ကို သည်းခံ၍မနေ, ချက်ခြင်းဖျောက်ပယ်သည်ကို ဆိုသဖြင့် ဤဝီရိယသည် ဝီရိယသံဝရ မည်၏၊ မိစ္ဆာဇီဝကိုပယ်၍ စင်ကြယ်စွာ အသက်မွေးခြင်း အာဇီဝပါရိသုဒ္ဓိသီလကိုလည်း ဤဝီရိယသံဝရ၌ ပေါင်းရုံး ရေတွက်အပ်၏။

ဤ ဆိုအပ်ခဲ့ပြီးသော ပါတိမောက္ခသံဝရ အစရှိသော ငါးပါးသော စောင့်စည်းခြင်းတို့သည် ၎င်း, မကောင်းမှုကို ကြောက်ကုန်သော အမျိုးသားတို့၏ တွေ့ကြုံ ဆိုက်ရောက်လာသော ဝတ္ထုမှ ကြဉ်ရှောင်မှု ဝိရတီသည်၎င်းရှိ၏၊ ထိုသမ္ဗတ္တိ ဝိရတီနှင့်တကွ ငါးပါးသောသံဝရတို့ကို သံဝရသီလ ဟူ၍ သိအပ်၏။

မလွန်ကျူးခြင်းသည် သီလ မည်၏ ဟူ၍ ဆိုသည်ကား.... ဆောက်တည်အပ်သော သီလရှိသူ၏ ကာယဒွါရ ဝစီဒွါရ၌ ဖြစ်သော မလွန်ကျူးကြောင်း ကုသိုလ်စိတ္တုပ္ပါဒ်ကို သီလဟူ၍ သိအပ်၏၊ ဤ ဆိုအပ်ခဲ့ပြီးသည် တို့ကား သီလ ဟူ သည် ကား– အဘယ်နည်း ဟူသော ပုစ္ဆာ၏ အဖြေများပေတည်း။

[၇] **"အဘယ် အနက်သဘောကြောင့် သီလဟူ၍ ခေါ်သနည်း" ဆိုသော်** "သီလန" အနက် သဘော ရှိသောကြောင့် သီလ ဟူ၍ ခေါ်လေသည်၊ "သီလန" အနက် ဆိုသည်ကား....ကာယကံ ဝစီကံ တို့ကို သိမ်းသိမ်း သည်းဆည်း ကောင်းစွာ သိုထားခြင်းသည်လည်း သီလနအနက် မည်၏။ ကာယကံ အစရှိသည်တို့ စင်ကြယ်ကောင်းမွန်သော သီလရှိသော သူ၏အဖြစ်ဖြင့် ဖရိုဖရဲမကြဲခြင်းကို ဆိုလို၏၊ တည်ရာ၏အဖြစ်ဖြင့် လွန်စွာဆောင်ခြင်းသည်မှုလည်း သီလန အနက်မည်၏၊ အဓိပ္ပါယ် ကား....ကုသိုလ်ဖြစ်ကုန်သော တရားတို့၏ တည်ရာဖြစ်သည်၏ အဖြစ်ကို ဆိုလို၏၊ ထို သီလ ဟူသောပုဒ်၏ သီလန အနက်,တည်ရာ အာဓာရ အနက်နှစ်ပါးကိုသာလျှင် သဒ္ဒါတတ်ကုန်သော ပညာရှိ တို့သည် ခွင့်ပြုကြကုန်၏။ တပါးသော ဆရာတို့သည်ကား.... ဦးခေါင်းနှင့်တူသော "သိရဋ္ဌ" အနက်အဓိပ္ပါယ်သည် သီလ၏ အနက် မည်၏ ဟူ၍၎င်း, ကိုလေသာ အပူငြိမ်းစေတတ်သော အေးမြသော "သီတလ" အနက်အဓိပ္ပါယ်သည် သီလ၏ အနက် မည်၏ ဟူ၍၎င်း ဖွင့်ဆိုကြကုန်သေး၏။

[၈] **"သီလ၏ လက္ခဏာ, ရသ ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကား အဘယ်နည်း"** ဟူသော အမေးပုစ္ဆာ၌—

အညို,အရွှေ,အဖြူ,အနီ စသည်ဖြင့် များသော အပြားရှိသော ရူပါရုံအဆင်း၏ မြင်အပ်သောအဖြစ်သည် မှတ်အပ်သောသဘော မှတ်ကြောင်း လက္ခဏာဖြစ်သကဲ့သို့ ထို့အတူ စေတနာ သီလ စသည်ဖြင့် များသော အပြားရှိငြားသော်လည်း ထိုသီလ၏ ကာယကံ ဝစီကံတို့ကို ဖရိုဖရဲမဖြစ်စေမူ၍ ကောင်းစွာထားခြင်း,

ကုသိုလ်တရားတို့၏ တည်ရာဖြစ်ခြင်းသည် မှတ်ကြောင်းလက္ခဏာ ဖြစ်၏။

ထိုစကားကို ရှင်းလင်း၍ ပြဦးမည်၊ ရူပါရုံအဆင်းသည် ညိုသောအဆင်း ရွှေသောအဆင်းစသည်ဖြင့် အဆင်းအမျိုးမျိုး ရှိလေငြားသော်လည်း ရူပါရုံအဆင်းဟူက မြင်အပ်သည်၏ အဖြစ်ကိုမလွန်နိုင်ချေ၊ မြင်အပ်သော မှတ်ကြောင်း လက္ခဏာ ရှိသည်ဟု ဆိုရလေသည်။ ထို့အတူပင် သီလသည် စေတနာ သီလ,စေတသိက သီလ စသည်ဖြင့် အမျိုးမျိုး ရှိလေငြားသော် လည်း ကာယကံ ဝစီကံတို့ကို ကောင်းစွာ ဆောက်တည်၍ ထားခြင်း လက္ခဏာ, ကုသိုလ်တရားတို့၏ တည်ရာဖြစ်သော မှတ်ကြောင်း လက္ခဏာကို မလွန်နိုင်ချေ။ **"သီလနလက္ခဏာ"** ရှိကြောင်းကို သိမှတ်အပ်လေသည်။

ဤသို့သီလန လက္ခဏာရှိသော ထိုသီလ၏ သီလမရှိသော သူ၏အဖြစ် ဒုဿီလမှုကို ဖျက်ဆီးတတ်သော အလုပ်ကိစ္စကိုရင်း, မကဲ့ရဲ့အပ်သောဂုဏ်ကိုရင်း **"ရသ"**ဟူ၍ ဆိုအပ်၏၊ သီလသည် ဒုဿီလအမှုကို ဖျက်ဆီးခြင်း "ကိစ္စရသ"ရှိသည်၊ ပညာရှိတို့ မကဲ့ရဲ့ ထိုက်သောဂုဏ် "ရသ"ရှိသည် ဟု ဆိုလိုသည်။

ဤလက္ခဏ, ရသ, ပစ္စုပဋ္ဌာန် စသည်တို့ကိုဆိုရာ၌ ပြုဘွယ်ကိစ္စ ကိုရင်း, ပြည့်စုံခြင်းဂုဏ်ကိုရင်း **"ရသ"** ဟူ၍ ဆိုလေသည်။

> ထိုသီလသည် စင်ကြယ်သောသူ ဟု ရှုမြင်သူတို့၏ ဉာဏ်အားထင်သော အခြင်းအရာရှိ၏၊ ဩတ္တပ္ပကိုရင်း, ဟိရီကိုရင်း ထိုသီလ၏အကြောင်း **"ပဒဋ္ဌာန်"** ဟူ၍ ပညာရှိတို့သည် ဆိုကြကုန်၏။

ထိုသီလသည် ကာယဒွါရ၌ စင်ကြယ်သောသူ၏အဖြစ်,ဝစီဒွါရ ၌ စင်ကြယ်သောသူ၏အဖြစ်, မနောဒွါရ၌ စင်ကြယ်သောသူ၏ အဖြစ်ဟု ဆိုအပ်သော စင်ကြယ်သောသူ၏ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်၏၊ စင်ကြယ်သောသူ ဟု သိအပ်သော အဖြစ်သို့ ရောက်၏။

မကောင်းမှုမှ ရှက်ခြင်း ဟိရီ, မကောင်းမှုမှ ကြောက်ခြင်း ဩတ္တပ္ပကို သီလ၏ နီးစွာသောအကြောင်း ပဒဋ္ဌာန်ဟူ၍ ဆိုအပ်၏၊ ဟိရီဩတ္တပ္ပရှိခဲ့သော် သီလသည် ဖြစ်၏ တည်၏၊ ဟိရီ ဩတ္တပ္ပ မရှိခဲ့သော် သီလသည် မဖြစ်နိုင် မတည်နိုင်ချေ၊ ဤသို့လျှင် သီလ၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကို သိအပ်ကုန်၏။

[ ၉ ] **"သီလ၏အကျိုးကား-အဘယ်နည်း"**ဟူသော ပုစ္ဆာ၏ အဖြေကား—သီလသည် စိတ်နှလုံးသာယာ ချမ်းမြေ့ခြင်း အစရှိသော ဂုဏ်ကျေးဇူးကို ရခြင်းအကျိုးရှိ၏၊ ထို့ကြောင့် မြတ်စွာဘုရားသည်—

**"အဝိပ္ပဋိသာရတ္ထာနိ ခေါ အာနန္ဒ ကုသလာနိ သီလာနိ အဝိပ္ပဋိသာရာနိသံသာနီ"တိ။**

"အို-အာနန္ဒာ အပြစ်မရှိကောင်းသော သီလအကျင့်တို့သည် စိတ်နှလုံး သာယာချမ်းမြေ့ခြင်း အကျိုး, စိတ်နှလုံး ချမ်းသာ အေးမြခြင်း အာနိသင်ရှိကုန်၏"ဟူ၍၎င်း, ထို့ပြင် "အို-သူကြွယ်တို့ ဤလောက၌ သီလရှိသောသူ၏ သီလနှင့် ပြည့်စုံခြင်း၏အကျိုးတို့သည် ဤငါးပါးတို့ပေတည်း၊ အဘယ်ငါးပါးတို့နည်း ဟူမူ၊ ဤလောက၌ သီလရှိသော သီလနှင့်ပြည့်စုံသောသူသည် မမေ့ မလျော့ မပေါ့မတန်ခြင်း တည်းဟူသော အကြောင်းကြောင့် ကြီးစွာသော စည်းစိမ်အစုကို ရ၏၊ ဤသည်ကား သီလရှိသော သီလနှင့်ပြည့်စုံသောသူ၏ ပဌမ အကျိုးထူးပေတည်း။ အို-သူကြွယ်တို့ တဖန်လည်း တပါးတုံ သီလရှိသော သီလနှင့် ပြည့်စုံသောသူ၏ ကောင်းသော ကျော်စောသတင်းသည် ပြန့်နှံ့၍ တက်၏၊ ဤသည်ကား သီလရှိသော သီလနှင့်ပြည့်စုံသောသူ၏ ဒုတိယ အကျိုးထူးပေတည်း။ အို-သူကြွယ်တို့ သီလရှိသော သီလနှင့် ပြည့်စုံသောသူသည် အကြင်သို့ သဘောရှိသော ပရိသတ်သို့ ချဉ်းကပ်အံ့၊ မင်းပရိသတ်သို့ အကယ်၍ ချဉ်းကပ်အံ့၊ သူကြွယ်ပရိသတ်သို့ အကယ်၍ ချဉ်းကပ်အံ့၊ ရဟန်းပရိသတ်သို့ အကယ်၍ ချဉ်းကပ်အံ့၊ ရဲရဲရင့်ရင့် ကြောက်ရွံ့ခြင်း ကင်းရှင်းစွာ ကြက်သရေမင်္ဂလာရှိသော ရွှင်လန်းသော မျက်နှာဖြင့် ချဉ်းကပ်

ရ၏၊ ဤသည်ကား သီလရှိသော သီလနှင့်ပြည့်စုံသောသူ၏ တတိယ အကျိုးထူးပေတည်း။ အို-သူကြွယ်တို့ သီလရှိသော သီလနှင့် ပြည့်စုံသောသူသည် မတွေမဝေ ကြည်ကြည် လင်လင် ဖိဖိ ပြုဆည်းပူးသော ကောင်းမှုကုသိုလ်တို့ကို ထင်မြင်၍သေရ၏၊ ဤသည်ကား သီလရှိသော သီလနှင့် ပြည့်စုံသောသူ၏ စတုတ္ထ အကျိုးထူးပေတည်း။ အို-သူကြွယ်တို့ တဖန်လည်းတပါးတုံ သီလရှိသော သီလနှင့် ပြည့်စုံသောသူသည် ကိုယ်ခန္ဓာပျက်၍ သေသည်မှနောက်၌ ကောင်းမှုပြုသူတို့ လားရာဖြစ်သော နတ်ပြည် လောကသို့ မချွတ်ရောက်ရ လေ၏၊ ဤသည်ကား သီလရှိသော သီလနှင့် ပြည့်စုံသောသူ၏ ပဉ္စမ အကျိုးထူးပေတည်း" ဟူ၍ ဟောတော်မူအပ်၏။

ထို့ပြင်လည်း "အို-ရဟန်းတို့ သီတင်းသုံးဘော်တို့သည် ချစ်မြတ်နိုးအပ်သောသူ, နှလုံးကို ပွါးစေတတ်သောသူ, ကျောက်ထီးကဲ့သို့ အလေးအမြတ် ပြုအပ်သောသူ, ချီးမွမ်းအပ်သောသူ ဖြစ်လို၏ဟု အကယ်၍ အလိုရှိငြားအံ့၊ ထိုရဟန်းသည် သီလကို ပြည့်စုံအောင် ဖြည့်ကျင့်သည် ဖြစ်ရာ၏၊ အစရှိသောနည်းဖြင့် သီတင်းသုံးဘော်တို့ ချစ်မြတ်နိုးခြင်း အစရှိသော အာသဝေါ ကုန်ခန်းခြင်း အဆုံးရှိသော များစွာသော သီလ၏အကျိုးထူးကြီး တို့ကို မြတ်စွာဘုရားသည် ဟောကြားတော် မူအပ်ကုန်၏၊ ဤသို့လျှင် သီလသည် စိတ်နှလုံးချမ်းသာ အေးမြခြင်း အစရှိသော များစွာသော ဂုဏ်ကျေးဇူး အကျိုးထူး ရှိပေ၏။

၁။ သာသနေ ကုလပုတ္တာနံ၊
ပတိဋ္ဌာ နတ္ထိ ယံ ဝိနာ။
အာနိသံသပရိစ္ဆေဒံ၊
တဿ သီလဿ ကော ဝဒေ။

၂။ န ဂင်္ဂါ ယမုနာ စာပိ၊
သရဘူ ဝါ သရဿတီ။
နိန္နဂါ ဝါ'စိရဝတီ၊
မဟီ ဝါပိ မဟာနဒီ။

၃။ သက္ကုဏန္တိ ဝိသောဓေတုံ၊
တံ မလံ ဣဓ ပါဏိနံ။
ဝိသောဓယတိ သတ္တာနံ၊
ယံ ဝေ သီလဇလံ မလံ။

၄။ န တံ သဇလဒါ ဝါတာ၊
န စာပိ ဟရိစန္ဒနံ။
နေဝ ဟာရာ န မဏယော၊
န စန္ဒကိရဏင်္ကုရာ။

၅။ သမယန္တီဓ သတ္တာနံ၊
ပရိဠာဟံ သုရက္ခိတံ။
ယံ သမေတိ ဣဒံ အရိယံ၊
သီလံ အစ္စန္တသီတလံ။

၆။ သီလဂန္ဓသမော ဂန္ဓော၊
ကုတော နာမ ဘဝိဿတိ။
ယော သမံ အနုဝါတေ စ၊
ပဋိဝါတေ စ ဝါယတိ။

၇။ သဂ္ဂါရောဟဏသောပါနံ၊
အညံ သီလသမံ ကုတော။
ဒွါရံ ဝါ ပန နိဗ္ဗာန၊
နဂရဿ ပဝေသနေ။

၈။ သောဘန္တေဝံ န ရာဇာနော၊
မုတ္တာမဏိဝိဘူသိတာ။
ယထာ သောဘန္တိ ယတိနော၊
သီလဘူသနဘူသိတာ။

၉။ အတ္တာနုဝါဒါဒိဘယံ၊
ဝိဒ္ဓံသယတိ သဗ္ဗသော။
ဇနေတိ ကိတ္တိဟာသဉ္စ၊
သီလံ သီလဝတံ သဒါ။

၁၀။ ဂင်္ဂါ ယမုနာ ယာ စာပိ, သရဘူ ဝါ သရသ္သတီ၊
ဒေါသာနံ ဗလဗာလတိနော။
ဠတိ သီလသ ဝိသုဇ္ဈယုံ၊
အာနိသံသကထာမုခ နိ။

၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ သာသနာတော်ကြီး၌ အမျိုးကောင်းသား ဖြစ်ကုန်သော သူတို့အား အကြင် သီလကို ကြဉ်ထား၍ ထောက်ရာ တည်ရာ မည်သည် မရှိချေ၊ သီလသည်သာလျှင် ဤသာသနာတော်မှာ ထောက်ရာတည်ရာ အစစ်ဖြစ်ချေ၏၊ သို့ဖြစ်၍ သီလ၏အကျိုးထူး အပိုင်းအခြား ပမာဏကို အဘယ်မည်သော တရားဟောပုဂ္ဂိုလ်သည် ကုန်ဆုံးအောင် ဟောကြားနိုင်ပါအံ့နည်း။

၂-၃။ ဤလောကကြီးမှာ သတ္တဝါတို့၏ ရာဂ အစရှိသော အညစ်အကြေးတို့ကို သီလဟူသော ရေသည်သာလျှင် စင်ကြယ် သန့်ရှင်းအောင် သုတ်သင် ဆေးကျော်တတ်၏၊ ဂင်္ဂါမြစ်ရေ, ယမုနာမြစ်ရေ, တသဲသဲအသံရှိသော သရဘူမြစ်ရေ, အစိရဝတီမြစ်ရေ, မဟီ အမည်ရှိသော မြစ်ကြီးရေတို့ဖြင့် ဆေးကြောသုတ်သင်ခြင်းငှါ မတတ်နိုင်ချေ။

၄-၅။ ကောင်းစွာ စောင့်ထိန်းအပ်သော ဖြူစင်လှစွာသော စင်စစ် အေးမြလှသော ဤသီလသည်သာ ဤလောက၌ သတ္တဝါတို့၏ ရာဂ အစရှိသော အပူအလောင်ကို အေးငြိမ်းစေနိုင်၏၊ ထိုအပူအလောင်ကို မိုဃ်းရေနှင့် တကွသော လေတို့သည်လည်း မငြိမ်းစေနိုင်ကုန်၊ ဂေါသီတမည်သော စန္ဒကူး နံ့သာသည်လည်း မငြိမ်းစေနိုင်ကုန်၊ ပုလဲသွယ်တို့သည်လည်း မငြိမ်းစေနိုင်ကုန်၊ မြကျောက်တို့သည်လည်း မငြိမ်းစေနိုင်ကုန်၊ ဘိုးရွှေလမင်း၏ ရောင်ခြည်ညွန့်တို့သည်လည်း မငြိမ်းစေနိုင်ကုန်။

၆။ အကြင် အမွှေးနံ့သာသည် လေအောက်၌၎င်း, လေညာ၌၎င်း, အညီအမျှ တကြိုင်ကြိုင် လှိုင်၏၊ သီလတည်းဟူသော နံ့သာနှင့်တူသော လေအောက်လေညာ ကြိုင်လှိုင်စွာသော နံ့သာမည်သည် အဘယ်မှာ ဖြစ်ပါလတ္တံ့နည်း။

၇။ သီလနှင့်တူသော အခြားသော နတ်ရွာသို့တက်ရန် စောင်းတန်း လှေခါးမည်သည် အဘယ်မှာရှိအံ့နည်း၊ နိဗ္ဗာန်ရွှေမြို့ကြီးသို့ ဝင်ရာ၌လည်း သီလနှင့်တူသော တံခါးပေါက်မည်သည် အဘယ်မှာရှိအံ့နည်း။

၈။ သီလတည်းဟူသော အဆင်းတန်ဆာဖြင့် ကောင်းစွာ ဆင်မြန်းအပ်ကုန်သော ရဟန်းတို့သည် တင့်တယ်ကုန်ဘိသို့ ထို့အတူ ပုလဲ,ပတ္တမြားတို့ဖြင့် ဆင်ယင်အပ်ကုန်သော မင်းတို့သည် တင့်တယ်ခြင်း မရှိကြကုန်။

၉။ သီလသည် အခါခပ်သိမ်း သီလရှိသောသူတို့၏ မိမိကိုယ်ကို မိမိ စွပ်စွဲခြင်း, သူတပါးတို့ ကဲ့ရဲ့စွပ်စွဲခြင်း စသော ဘေးကို အခြင်းခပ်သိမ်း ပယ်ဖျက်တတ်၏၊ သီလနှင့် ပြည့်စုံသောသူတို့သည် ကျော်စောကိတ္တိ ရှိခြင်းကို၎င်း, ရွှင်လန်းဝမ်းမြောက်ခြင်းကို၎င်း ဖြစ်စေတတ်၏။

၁၀။ ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် လောကီ လောကုတ္တရာ ဖြစ်သော ဂုဏ်ကျေးဇူးတို့၏ အရင်းအမြစ် မူလဘူတဖြစ်သော ကိလေသာတည်းဟူသော အပြစ်တို့၏ လွှန်ကျူးခြင်းကို ဖျက်ဆီးတတ်သော သီလ၏ အကျိုးအာနိသင်များကို ဖော်ပြသော စကားရပ်သည် ပြီး၏။

[၁၀] **"သီလသည် အဘယ်မျှ အပြားရှိသနည်း"** ဟူသော အမေးပုစ္ဆာ၏ အဖြေကား—

အလုံးစုံသာလျှင်ဖြစ်သော သီလသည် မိမိ၏သီလန လက္ခဏာ ဟူသော သဘောအားဖြင့် အကွဲအပြားမရှိ၊ တခုပင်ဖြစ်သော်လည်း စာရိတ္တသီလ, ဝါရိတ္တသီလ၏အစွမ်းဖြင့် နှစ်ပါးပြား၏၊ ထို့အတူ အဘိသမာစာရိကသီလ အာဒိဗြဟ္မစရိယက သီလဟူ၍ ၎င်း,ဝိရတိသီလ,အဝိရတိသီလ ဟူ၍၎င်း,နိဿိတသီလ,အနိဿိတ သီလဟူ၍၎င်း, ကာလပရိယန္တသီလ, အာပါဏကောဋိက သီလ ဟူ၍၎င်း, သပရိယန္တသီလ, အပရိယန္တသီလဟူ၍၎င်း, လောကိယ သီလ လောကုတ္တရာသီလ ဟူ၍၎င်း နှစ်ပါးစီ အပြားရှိ၏။

သုံးပါး အပြားအားဖြင့် ဟီနသီလ, မဇ္ဈိမသီလ, ပဏီတ သီလဟူ၍၎င်း, အတ္တာဓိပတေယျသီလ, လောကာဓိပတေယျ သီလ, ဓမ္မာဓိပတေယျသီလ ဟူ၍၎င်း, ပရာမဋ္ဌသီလ, အပရာမဋ္ဌ သီလ, ပဋိပဿဒ္ဓိသီလ ဟူ၍၎င်း, ဝိသုဒ္ဓသီလ, အဝိသုဒ္ဓသီလ, ဝေမတိကသီလ ဟူ၍၎င်း, သေက္ခသီလ, အသေက္ခသီလ, နေဝ သေက္ခာ နာသေက္ခသီလ, ဟူ၍၎င်း သုံးပါးစီ အပြားရှိ၏။

လေးပါး အပြားအားဖြင့် ဟာနဘာဂိယသီလ, ဌိတိဘာဂိယ သီလ, ဝိသေသဘာဂိယသီလ, နိဗ္ဗေဓဘာဂိယသီလ ဟူ၍၎င်း, ဘိက္ခုသီလ, ဘိက္ခုနီသီလ, အနုပသမ္ပန္နသီလ, ဂဟဋ္ဌသီလ ဟူ၍၎င်း, ပကတိသီလ,အာစာရသီလ,ဓမ္မတာသီလ,ပုဗ္ဗဟေတုက သီလ ဟူ၍၎င်း, ပါတိမောက္ခသံဝရသီလ, ဣန္ဒြိယသံဝရသီလ, အာဇီဝပါရိသုဒ္ဓိသီလ,ပစ္စယသန္နိဿိတသီလ ဟူ၍၎င်း လေးပါးစီ အပြားရှိ၏။

ငါးပါးအပြားကိုဆိုသော် ပရိယန္တပါရိသုဒ္ဓိသီလ အစရှိသည် တို့၏ အစွမ်းအားဖြင့် သိအပ်၏၊ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ ငါးပါးသော သီလတို့သည် ပရိယန္တပါရိသုဒ္ဓိသီလ, အပရိယန္တပါရိသုဒ္ဓိသီလ,ပရိပုဏ္ဏပါရိသုဒ္ဓိသီလ,အပရာမဋ္ဌ ပါရိသုဒ္ဓိသီလ, ပဋိပဿဒ္ဓိပါရိသုဒ္ဓိသီလ ဟူ၍ ဟောအပ်၏၊ ထို့ အတူ ပဟာနသီလ, ဝေရမဏီသီလ, စေတနာသီလ, သံဝရ သီလ, အဝီတိက္ကမသီလ ဟူ၍လည်း ငါးပါး အပြားရှိ၏။

**[ ၁ ၁ ] သီလ၏ တပါးသောအဘို့ ရှိသော အနက်သဘောကို နောက်က ဘော်ပြအပ်ပြီးသော နည်းအတိုင်း သိရမည်။**

နှစ်ပါး အပြားရှိသော သီလကိုပြရာ၌ မြတ်စွာဘုရားက ဤအရာကို ပြုကျင့်အပ်၏ဟု ပညတ်သောသိက္ခာပုဒ်ကို ဖြည့်ကျင့်ခြင်းသည် စာရိတ္တသီလ မည်၏၊ ဤအရာကို မပြုကျင့်အပ်ဟု ပယ်မြစ်တော် မူအပ်သောအရာကို မပြုကျင့်ဘဲနေခြင်း ရှောင်ကြဉ်ခြင်းသည် ဝါရိတ္တသီလ မည်၏။

ထိုသီလသည် ဖြည့်ကျင့်ခြင်းကို ပြုလေ့ရှိသည်၏ အဖြစ်ဖြင့် ဖြစ်တတ်သောကြောင့် စာရိတ္တသီလ မည်၏၊ တားမြစ်အပ်သော အမှုတို့ကို မပြုမကျင့် မလွန်မကျူးမူ၍ စောင့်စည်းသောကြောင့် ဝါရိတ္တသီလ မည်၏၊ ထိုနှစ်ပါးတို့တွင် စာရိတ္တသီလသည် သဒ္ဓါဝီရိယတို့ဖြင့် ပြီးစေအပ်၏၊ ဝါရိတ္တသီလသည် သဒ္ဓါဖြင့် ပြီးစေအပ်၏၊ ဤသို့လျှင် စာရိတ္တသီလ, ဝါရိတ္တသီလအားဖြင့် နှစ်ပါး အပြားရှိ၏။

ဒုတိယဖြစ်သော သီလနှစ်မျိုး၌ အဘိသမာစာရ ဆိုသည်ကား မြင့်မြတ်သော အကျင့်ပေတည်း၊ မြင့်မြတ်သော အကျင့်ကို အဘိသမာစာရိက ဟူ၍ ဆိုသည်၊ တနည်းမှာ ထူးမြတ်သော မဂ်ဖိုလ်သီလကို ရည်ရွယ်၍ ထိုမဂ်-ဖိုလ် သီလအကျိုးငှါ ပညတ်အပ်သော သိက္ခာသီလသည် အဘိသမာစာရိကသီလ မည်၏၊ အာဇီဝဋ္ဌမက သီလမှ ကြွင်းသောသီလတို့၏ အမည်ပေတည်း။ အာဒိဗြဟ္မစရိယက သီလဆိုသည်ကား မဂ်တည်းဟူသော မြတ်သောအကျင့်၏ အစဖြစ်သောကြောင့် အာဒိဗြဟ္မစရိယက သီလဟူ၍ ခေါ်သည်။ ထိုအာဒိဗြဟ္မစရိယက သီလဟူသော အမည်သည် အာဇီဝလျှင် ရှစ်ခုမြောက်ဖြစ်သော အာဇီဝဋ္ဌမက သီလ၏ အမည်ပေတည်း၊ ထိုအာဇီဝဋ္ဌမက သီလသည် မဂ်၏ ရှေ့အဘို့၌ သုတ်သင် စင်ကြယ်စေအပ်သည်အဖြစ်ကြောင့် မဂ်၏ အစ၌ ပွါးအပ်သည်အဖြစ်သို့ ရောက်၏၊ ထို့ကြောင့် "ထိုရဟန်းအား ရှေ့အဘို့ကပင်လျှင် ကာယကံသည် စင်ကြယ်သည်၊

ဇာတိကံသည် စင်ကြယ်သည်၊ အသက်မွေးမှုသည် စင်ကြယ်သည် ဖြစ်၏'' ဟု မြတ်စွာဘုရား ဟောကြားတော်မူအပ်လေ၏။

တနည်းသော်ကား အကြင်သိက္ခာပုဒ်တို့ကို ငယ်ကုန် အလွန် ငယ်ကုန်သော သိက္ခာပုဒ်တို့ ဟူ၍ မြတ်စွာဘုရားသည် ဟောကြားအပ်ကုန်၏၊ ထိုသိက္ခာပုဒ်တို့ကို အဘိသမာစာရိက သီလ ဟု ဆိုအပ်၏၊ ကြွင်းသော သိက္ခာပုဒ်ကြီးတို့သည်ကား အာဒိဗြဟ္မစရိယကသီလ မည်၏။

တနည်းမှာ ဥဘတောဝိဘင်း၌ အကျုံးဝင်သော သီလ သိက္ခာပုဒ်တို့သည် အာဒိဗြဟ္မစရိယကသီလ မည်၏၊ ခန္ဓကဝင်၌ အကျုံးဝင်သော သိက္ခာပုဒ်တို့သည် အဘိသမာစာရိက သီလ မည်၏၊ ထိုအဘိသမာစာရိကသီလ ပြည့်စုံသဖြင့်သာ အာဒိဗြဟ္မ-စရိယကသီလသည် ပြီးပြည့်စုံနိုင်၏၊ ထို့ကြောင့် "အို-ရဟန်းတို့ စင်စစ်သော်ကား ထိုရဟန်းသည် အဘိသမာစာရိကဖြစ်သော သီလကျင့်ဝတ်မျိုးကို မဖြည့်ကျင့်မူ၍ အာဒိဗြဟ္မစရိယက သီလ မျိုးကို ဖြည့်ကျင့်နိုင်လေသည်၊ ဤသို့ကျင့်နိုင်ရသောအကြောင်း သည် မရှိဟု ဟောတော်မူအပ်လေသည်။ အဘိသမာစာရိက သီလ, အာဒိဗြဟ္မစရိယက သီလနှစ်မျိုးပြီး၏။

တတိယ ဖြစ်သော သီလနှစ်မျိုး၌ သူ့အသက်ကို သတ်ခြင်း အစရှိသည်တို့မှ ကြဉ်ရှောင်ကာမျှဖြစ်သော ဝိရတိသည် ဝိရတိ သီလမည်၏၊ ဝိရတိမှ ကြွင်းသော စေတနာအစ ရှိသည်တို့သည် အဝိရတိ သီလ မည်၏၊ ဤသို့လျှင် ဝိရတိ သီလ,အဝိရတိ သီလ၏ အစွမ်းအားဖြင့် နှစ်ပါးအပြားရှိ၏။

စတုတ္ထဒုကဖြစ်သော နိဿိတ, အနိဿိတ သီလနှစ်မျိုး၌ မှီအပ် မှီရာဖြစ်သော နိဿယတို့သည် တဏှာဟူသော မှီရာဟူ၍ငှင်း, ဒိဋ္ဌိဟူသော မှီရာဟူ၍ငှင်း နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတို့တွင် ငါသည် ဤသီလအကျင့်အားဖြင့် သိကြားသုယာမ အစရှိသော ထင်ရှားသော နတ်သော်ငှင်း, မထင်ရှားသော နတ်သော်ငှင်း ဖြစ်ရလို၏ဟု ဘဝသမ္ပတ္တိကို တောင့်တ၍ ဖြစ်စေအပ်သော

အကျင့်သီလသည် တဏှာကိုမှီသော တဏှာနိဿိတသီလ မည်၏။ အကြင် အကျင့်သီလဖြင့် သံသရာမှ စင်ကြယ်၏ဟု စွဲယူသော အယူဖြင့် ဖြစ်စေအပ်သော အကျင့်သီလသည် ဒိဋ္ဌိနိဿိတသီလ မည်၏။ အကြင်သီလသည်ကား လောကုတ္တရာသီလ ဖြစ်၏၊ ထိုလောကုတ္တရာသီလ၏ အကြောင်းဖြစ်သော ဝိဝဋ္ဋူပနိဿယ လောကီသီလသော်လည်း ဖြစ်၏၊ ထိုလောကုတ္တရာသီလ ဝိဝဋ္ဋူပနိဿယ လောကီသီလသည် တဏှာဒိဋ္ဌိကိုမမှီသော အနိဿိတ သီလမည်၏။ ဤသို့လျှင် နိဿိတ, အနိဿိတ သီလဟူ၍ နှစ်မျိုး ဖြစ်၏။

ပဉ္စမဒုက ဖြစ်သော သီလနှစ်မျိုး၌ အချိန်အခါကာလကို ပိုင်းခြား၍ ဆောက်တည် ကျင့်သုံးအပ်သောသီလသည် ကာလ အဆုံး အပိုင်းအခြားရှိသော ကာလပရိယန္တ သီလမည်၏။ အသက်ရှင်သရွေ့ ကာလပတ်လုံး ဆောက်တည်၍ ထိုဆောက်တည်သောအတိုင်း ကျင့်သုံးအပ်သောသီလသည် အသက်ရှင် သရွေ့ အဆုံးရှိသော အာပါဏကောဋိက သီလမည်၏။ ဤသို့လျှင် ကာလပရိယန္တသီလ, အာပါဏကောဋိက သီလဟူ၍ နှစ်မျိုး ဖြစ်၏။

ဆဋ္ဌဒုကဖြစ်သော သီလနှစ်မျိုး၌ လာဘ်လာဘ, အခြံအရံ, အဆွေအမျိုး, ကိုယ်အင်္ဂါ, အသက်၏အစွမ်းဖြင့် မြင်အပ်သော အပိုင်းအခြားအဆုံးရှိသော သီလသည် သပရိယန္တ သီလမည်၏။ ထိုမှပြန်ဘက်ဖြစ်သော သီလသည်ကား အပရိယန္တ သီလမည်၏။

ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ ဟောတော်မူသည်ကား အဘယ် သီလသည် သပရိယန္တ သီလမည်သနည်း၊ လာဘ်ကြောင့် ပျက်စီးခြင်းအဆုံးရှိသော သီလသည်ရှိ၏၊ အခြံရံကြောင့် ပျက်စီးခြင်း အဆုံးရှိသော သီလသည် ရှိ၏၊ အဆွေအမျိုးကြောင့် ပျက်စီးခြင်းအဆုံးရှိသော သီလသည်ရှိ၏။ ကိုယ်အင်္ဂါကြောင့် ပျက်စီးခြင်းအဆုံးရှိသော သီလသည်ရှိ၏၊ အသက်ကြောင့် ပျက်စီးခြင်းအဆုံးရှိသော သီလသည်ရှိ၏။ လာဘ်ကြောင့် ပျက်စီးခြင်း အဆုံးရှိသောသီလသည် အဘယ်နည်း။ ဤလောက၌ အချို့သော

သူသည် လာဘ်ဟူသော အကြောင်းကြောင့် လာဘ်ဟူသော အတွက်ကြောင့် လာဘ်ဟူသော အရေးကိစ္စကြောင့် ဆောက်တည်အပ်သော ကျင့်ဝတ်သိက္ခာပုဒ်ကို လွန်ကျူး၏၊ ဤသီလသည် လာဘ်ကြောင့် ပျက်စီးခြင်းအဆုံးရှိသော သီလမည်၏၊ ဤသို့သော နည်းအတိုင်း ယသပရိယန္တ သီလ စသည် တို့ ကို လည်း ချဲ့အပ်၏။

လာဘ်စသည်တို့၏ အစွမ်းကြောင့် ပျက်စီးခြင်းအဆုံးမရှိသော သီလ၏အဖြေ ဝိသဇ္ဇနာတွင်လည်း အဘယ်သီလသည် န လာဘ ပရိယန္တ သီလမည်သနည်း၊ ဤလောက၌ အချို့သောသူသည် လာဘ်ဟူသော အကြောင်း, လာဘ်ဟူသော အရေးကိစ္စအတွက်ကြောင့် ဆောက်တည်အပ်သောသိက္ခာပုဒ်ကို လွန်ကျူးခြင်းငှါ စိတ်မျှလည်းမဖြစ်၊ ထိုသူသည် အဘယ်မှာလွန်ကျူးတော့အံ့နည်း၊ လွန်ကျူးခြင်း အလျှင်းမရှိတော့ချေ၊ ဤသို့ သဘောရှိသောသီလသည် လာဘ်ကြောင့် ပျက်စီးခြင်းအဆုံးမရှိသော န လာဘ ပရိယန္တသီလမည်၏။ ဤဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း ထိုမှတပါးသော န ယသပရိယန္တသီလ အစရှိသည်တို့ကို ချဲ့အပ်ကုန်၏၊ ဤသို့လျှင် သပရိယန္တသီလ, အပရိယန္တသီလ၏ အစွမ်းဖြင့် နှစ်ပါးအပြားရှိ၏။

သတ္တမဒုက ဖြစ်သော သီလနှစ်မျိုး၌ အလုံးစုံ အာသဝေါတရားတို့၏အာရုံဖြစ်သော (မိမိကိုအာရုံပြု၍ဖြစ်သော အာသဝေါတရား တို့ နှင့် တကွဖြစ်သော သီလသည်) လောကီ သီလမည်၏။ အာသဝေါ တရားတို့၏ အာရုံမဟုတ်သော သီလသည် လောကုတ္တရာသီလမည်၏။ ထို နှစ်မျိုးသောသီလတို့တွင် လောကီသီလသည် ဘဝသမ္ပတ္တိအထူးကို ဆောင်တတ်၏၊ ဘဝမှ ထွက်မြောက်ခြင်း၏ အကြောင်းလည်းဖြစ်၏။ ဘုရားရှင် ဘယ်သို့ဟောတော်မူသနည်း ဟူမူကား၊ ပညတ် သိက္ခာပုဒ်တော် တည်းဟူသော ဝိနည်းသည် (ပါ-သ-ဉာ-ခံ-ဝိရိယ) သံဝရငါးမျိုး စောင့်စည်းခြင်းအကျိုးငှါဖြစ်၏၊ စောင့်စည်းခြင်း ငါးမျိုးသည် စိတ်နှလုံး သာယာရွှင်လန်းခြင်းအကျိုးငှါဖြစ်၏၊ စိတ်နှလုံးသာ

ယာရှင်လန်းခြင်းသည် ဝမ်းမြောက်ခြင်း ပါမောဇ္ဇဖြစ်ရန် အကျိုးငှါ ဖြစ်၏၊ ဝမ်းမြောက်ခြင်းသည် အားကြီးသော နှစ်သက်ခြင်း ပီတိ အကျိုးငှါဖြစ်၏၊ ပီတိသည် ကိုယ်-စိတ်နှစ်ဖြာငြိမ်းခြင်း ပဿဒ္ဓိ အကျိုးငှါဖြစ်၏၊ ပဿဒ္ဓိသည် ကိုယ်-စိတ်နှစ်ဖြာ ချမ်းသာခြင်း သုခအကျိုးငှါဖြစ်၏၊ ချမ်းသာခြင်းသုခသည် စိတ်၏တည်ကြည် ခြင်း သမာဓိအကျိုးငှါဖြစ်၏၊ စိတ်၏တည်ကြည်ခြင်း သမာဓိသည် ဟုတ်မှန်သော အတိုင်းသိသော ယထာဘူတဉာဏ် အကျိုးငှါ ဖြစ်၏၊ ဟုတ်မှန်တိုင်းသိသော ယထာဘူတဉာဏ်သည် သင်္ခါရ တို့၌ ငြီးငွေ့သော နိဗ္ဗိဒါဉာဏ်အကျိုးငှါဖြစ်၏၊ နိဗ္ဗိဒါဉာဏ်သည် ဝိရာဂခေါ်သော မဂ်ဉာဏ်အကျိုးငှါဖြစ်၏၊ မဂ်ဉာဏ်သည် အရဟတ္တဖိုလ်အကျိုးငှါဖြစ်၏၊ အရဟတ္တဖိုလ်သည် ဝိမုတ္တိဉာဏ ဒဿနခေါ်သော ပစ္စဝေက္ခဏာ ဉာဏ်အကျိုးငှါဖြစ်၏။ ပစ္စ-ဝေက္ခဏာဉာဏ်သည် တဖန်မဖြစ်ခြင်း ပရိနိဗ္ဗာန်ပြုခြင်းအကျိုးငှါ ဖြစ်၏၊ တဏှာဒိဋ္ဌိအားဖြင့် တစုံတခုသောအာရုံကို မစွဲလမ်းမူ၍ အကြွင်းကျွတ်လွတ်ခြင်းသည်ရှိ၏၊ ဝိနည်းနှင့် ဆိုင်သောစကားကို ပြောဆိုခြင်းသည် ထိုကျွတ်လွတ်ခြင်း ဟူသော ဝိမောက္ခအကျိုး ရှိ၏၊ ဝိနည်းကို စီစစ်ဆွေးနွေးမေးမြန်းခြင်းသည် ထိုဝိမောက္ခ ဟူသော အကျိုးရှိ၏၊ ဆိုခဲ့ပြီးသောအကြောင်း အဆင့်ဆင့် တည်းဟူသော ဥပနိသာသည် ထိုဝိမောက္ခဟူသော အကျိုးရှိ၏၊ ဤဆိုခဲ့ပြီးသော အကြောင်း အဆက်ဆက်ကို နာခံမှတ်သား သောဉာဏ် ဝိနည်းစကားကို နာခံမှတ်သားခြင်းသည် ထို ဝိမောက္ခ ဟူသော အကျိုးရှိ၏ ဟု ဟောတော်မူလေသည်၊ လောကုတ္တရာသီလသည်ကား—ဘဝမှ လွတ်ကင်းရာ နိဗ္ဗာန်သို့ ဆောင်တတ်သည်၊ ပစ္စဝေက္ခဏာ ဉာဏ်၏တည်ရာအာရုံလည်း ဖြစ်သည်ဖြစ်၏။ ဤသို့လျှင်လောကီသီလ လောကုတ္တရာသီလ၏ အစွမ်းဖြင့် နှစ်ပါးအပြားရှိ၏။

ဒုက သီလစု ပြီး၏။

[ ၁၂ ] "သုံးပါးအပြားရှိသော သီလတို့တွင်" ပဌမဖြစ်သော သီလသုံးမျိုး၌ ယုတ်လျော့ ညံ့ဖျင်းသော ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသတို့ဖြင့် ဖြစ်စေအပ်သောသီလသည် ဟီနသီလဖြစ်၏။ (သီလအညံ့စားမျိုး ဆိုလိုသည်)၊ အလယ်အလတ်ဖြစ်သော ဆန္ဒ,စိတ္တ,ဝီရိယ,ဝီမံသတို့ဖြင့် ဖြစ်စေအပ်သော သီလသည် မဇ္ဈိမသီလမည်၏။ (သီလအလတ်စားမျိုး ဆိုလိုသည်)၊ လွန်မြတ်ကုန်သော ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသတို့ဖြင့်ဖြစ်စေအပ်သောသီလသည် ပဏီတသီလ မည်၏။ (သီလအမြတ်စားမျိုး ဆိုလိုသည်)။

တနည်းမှာ သူတပါးတို့ ချီးမွမ်းအံ့သြ ထောမနာသံ ဩဘာသံ အကျော်အစောကို နှစ်သက်တောင့်တသည်ဖြစ်၍ ဆောက်တည်အပ်သောသီလသည် ဟီနသီလမည်၏။ ကုသိုလ်ကောင်းမှု၏ အကျိုးကို လိုလားတောင့်တ၍ ဆောက်တည်အပ်သောသီလသည် မဇ္ဈိမသီလမည်၏။ ဤအကျင့် သီလမည်သည်ကား အရိယာသူတော်ကောင်းတို့ ပြုသင့်ပြုအပ်သော အရာဖြစ်ပေသည် ဟု အရိယာ သူတော်ကောင်းအဖြစ်ကို အမှီပြု၍ ဆောက်တည်အပ်သောသီလသည် ပဏီတသီလမည်၏။

တနည်းမှာ ငါသည်သာ သီလနှင့်ပြည့်စုံသည်, ငါမှတပါး အခြားသော ရဟန်းတို့သည်ကား သီလအကျင့်မရှိကြ, ယုတ်မာသောအကျင့်ရှိကုန်၏ ဟု မိမိကိုယ်ကို ချီးမြှောက် ပလွှားခြင်း, သူတပါးကို ရှုတ်ချခြင်းစသည်တို့ဖြင့် ညစ်နွမ်းသောသီလသည် ဟီနသီလမည်၏။ ထိုအတ္တုက္ကံသန ပရဝမ္ဘနစသည်တို့ဖြင့် မညစ်နွမ်းသော လောကီသီလသည် မဇ္ဈိမသီလ မည်၏။ လောကုတ္တရာဖြစ်သောသီလသည်ကား ပဏီတသီလမည်၏။

တနည်းမှာ တဏှာ၏အစွမ်းဖြင့် ဘဝသမ္ပတ္တိ,ဘောဂသမ္ပတ္တိကို လိုချင်တောင့်တ၍ ဆောက်တည်အပ်သောသီလသည် ဟီနသီလမည်၏။ မိမိသည် သံသရာဝဋ်မှ ကျွတ်လွတ်ရန် တောင့်တ၍ ဆောက်တည် ကျင့်သုံးအပ်သောသီလသည် မဇ္ဈိမသီလမည်၏။ အလုံးစုံသော သတ္တဝါတို့ သံသရာဝဋ်ဒုက္ခမှ ကျွတ်လွတ်ကြစေရန်

ရည်သန်၍ ပါရမီမြောက် ဆောက်တည်အပ်သော ဘုရားအလောင်းတော်တို့၏သီလမျိုးသည် ပဏီတသီလမည်၏။

ဤသို့လျှင် ဟီန, မဇ္ဈိမ, ပဏီတ, အယုတ်, အလတ်, အမြတ် သုံးစား၏အစွမ်းဖြင့် သီလသည် သုံးပါးအပြားရှိ၏။

''ဒုတိယ တိကဖြစ်သော သီလသုံးမျိုး၌'' မိမိအား မလျောက်ပတ်သော အကျင့်များကို စွန့်ပယ်လိုသော မိမိကိုယ်ကို အလေးအမြတ်ပြုသောသူသည် မိမိကိုယ်ကို ရိုသေလေးမြတ်သဖြင့် ကျင့်သုံးဆောက်တည်အပ်သောသီလသည် **အတ္တာဓိပတေယျသီလ** မည်၏။ လူအများတို့ စွပ်စွဲကဲ့ရဲ့ခြင်းကို ရှောင်ရှားလိုသောသဘောဖြင့် လောကကြီးကို အလေးဂရုပြုသောသူသည် လောကကို ရိုသေလေးမြတ်သဖြင့် ကျင့်သုံး ဆောက်တည်အပ်သောသီလသည် **လောကာဓိပတေယျသီလ** မည်၏။ တရားတော်၏ နိယျာနိကအစစ်ဖြစ်၍ မွန်မြတ်သည်ကို ပူဇော်ခြင်းငှါ အလိုရှိသောတရားကို အလေးအမြတ်ပြုသောသူသည် တရားကို ရိုသေလေးမြတ်ခြင်းဖြင့် ကျင့်သုံး ဆောက်တည်အပ်သောသီလသည် **ဓမ္မာဓိပတေယျသီလ** မည်၏။ ဤသို့လျှင် အတ္တာဓိပတေယျစသည်တို့၏အစွမ်းဖြင့် သီလသည် သုံးပါးအပြားရှိ၏။

"တတိယ တိကဖြစ်သော သီလသုံးမျိုး၌" ဒုကသီလတို့တွင် တဏှာဒိဋ္ဌိကို မှီသောသီလဟူ၍ ဆိုခဲ့၏၊ ထိုသီလသည် တဏှာဒိဋ္ဌိတို့သည် သုံးသပ်အပ်သည်၏အဖြစ်ကြောင့် ပရာမဋ္ဌသီလ မည်၏၊ ပုထုဇဉ်ကလျာဏပုဂ္ဂိုလ်တို့၏ မဂ်ကိုရခြင်း၏ အကြောင်းဖြစ်သော သီလသည်၎င်း, သေက္ခပုဂ္ဂိုလ်တို့၏ မဂ်နှင့်ယှဉ်သော သီလသည်၎င်း, တဏှာဒိဋ္ဌိတို့ မသုံးသပ်အပ်သောကြောင့် အပရာမဋ္ဌသီလမည်၏။ သေက္ခပုဂ္ဂိုလ် အသေက္ခပုဂ္ဂိုလ်တို့၏ ဖိုလ်နှင့်ယှဉ်သော သီလသည်ကား–ကိလေသာ အပူမီးအငြိမ်းအေးငြိမ်းပေသောကြောင့် ပဋိပဿဒ္ဓိသီလ မည်၏။ ဤသို့လျှင် ပရာမဋ္ဌ သီလအစရှိသည်တို့၏အစွမ်းဖြင့် သီလသည် သုံးပါးအပြားရှိ၏။

"စတုက္က တိကဖြစ်သော သီလသုံးမျိုး၌" အကြင်သီလကို အာပတ်သို့ မရောက်စေရန် ဖြည့်ဆည်းပူးအပ်၏၊ မတော်တဆ အာပတ်သို့ ရောက်သော်လည်း တဖန် အာပတ်အပြစ်အား လျော်စွာကုစားခြင်းကိုပြု၏၊ ထိုသီလသည် ဝိသုဒ္ဓသီလမည်၏။ အာပတ်အပြစ်သို့ ရောက်သော ရဟန်း၏ အပြစ် အာပတ်အား လျော်စွာကုစားခြင်းမရှိသောသီလသည် အဝိသုဒ္ဓသီလမည်၏။ အပြစ်အာပတ် သင့်ကြောင်း ဝတ္ထု၌၎င်း, အာပတ် အပြစ်၌၎င်း, လွန်ကျူးခြင်း၌၎င်း, ယုံမှားရှိသော သူ၏သီလသည် ဝေမတိက သီလမည်၏။ ထိုသုံးမျိုးသောသီလတို့တွင် ယောဂီပုဂ္ဂိုလ်သည် အဝိသုဒ္ဓသီလကို အာပတ်အားလျော်စွာ ကုသသောအားဖြင့် စင်ကြယ်စေအပ်၏၊ ယုံမှားခြင်းဖြစ်ခဲ့သော် ဝတ္ထုကိုလွန်ကျူးခြင်း မပြုမူ၍ ယုံမှားသံသယကို ပယ်ဖျောက်အပ်၏၊ ဤသို့ပြုအပ်သည် ရှိသော် ချမ်းမြေ့ကို ရလွယ်သည်ဖြစ်ပေလတ္တံ့။ ဤသို့လျှင် ဝိသုဒ္ဓ သီလအစရှိသည်တို့၏ အစွမ်းဖြင့်သီလသည် သုံးမျိုး အပြားရှိ၏။

"ပဉ္စမ တိကဖြစ်သော သီလသုံးမျိုး၌" လေးပါးသော အရိယာမဂ်တို့နှင့်၎င်း, သုံးပါးသော အရိယာဖိုလ်တို့နှင့်၎င်း ယှဉ်သောသီလသည် သေက္ခသီလ မည်၏။ အရဟတ္တဖိုလ်နှင့် ယှဉ်သောသီလသည် အသေက္ခသီလမည်၏။ ကြွင်းသောလောကီ သီလသည် နေဝသေက္ခာနာသေက္ခသီလ မည်၏။ ဤသို့လျှင် သေက္ခသီလ အစရှိသည်တို့၏အစွမ်းဖြင့် သီလသည် သုံးမျိုး အပြားရှိ၏။

''အ ထူး မှာ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌'' လောကတွင် ထိုထို သတ္တဝါတို့၏ ပကတိ အလေ့အကျင့် သဘောကိုလည်း သီလ ဟူ၍ ဆို၏၊ ထို့ကြောင့် ဤသဘောကိုရည်၍။ ဤသူသည် သူတထူးကို ချမ်းသာစေသော အလေ့အကျင့် သုခသီလရှိ၏၊ ဤသူသည် သူတထူးကို ဆင်းရဲစေသော အလေ့အကျင့် ဒုက္ခသီလ ရှိ၏၊ ဤသူသည် ငြင်းခုံတတ်သောအလေ့ ကလဟသီလရှိ၏၊ ဤသူသည် တန်ဆာ ဆင်ယင်တတ်သော အလေ့ မဏ္ဍနသီလ ရှိ၏" ဟု ဤသို့ ဆိုကြကုန်၏၊ ထို့ကြောင့် ထိုပကတိသဘော

အနက်ကို ဟောတတ်သော အကြောင်းအမြွက်အားဖြင့် သီလတို့သည် ကုသလသီလ ဟူ၍၎င်း, အကုသလ သီလ ဟူ၍၎င်း, အဗျာကတသီလဟူ၍၎င်း သုံးပါးအပြားရှိကုန်၏။ ဤသို့လျှင် ကုသိုလ် အစရှိသည့်တို့၏အစွမ်းဖြင့် သီလသည် သုံးပါးအပြား ရှိ၏ဟု ဆိုအပ်၏၊ ထို သုံးပါးတို့တွင် အကုသိုလ်သည် ဆိုအပ်ခဲ့ပြီးသော သီလ၏ အဓိပ္ပါယ်သဘောလက္ခဏာတို့နှင့် တခုမျှ မတူချေ၊ သို့ဖြစ်၍ ဤသီလသုံးမျိုးအရာ၌ ကုသလတိက်ကို မဆောင်သင့်၊ ဟီနတိက် အစရှိသော ငါးတိက်တို့၏အစွမ်းဖြင့် သာသီလ၏ သုံးပါးအပြားရှိသည်ကို သိမှတ်အပ်၏။

[ ၁၄ ] "လေးပါး အပြားရှိသော သီလတို့တွင်" ပဌမ ဖြစ်သော သီလလေးမျိုး၌ ဟာနဘာဂိယသီလ, ဌိတိဘာဂိယသီလ, ဝိသေသဘာဂိယသီလ, နိဗ္ဗေဓဘာဂိယသီလ ဟူ၍ ဖြစ်သည်၊ ထို လေးမျိုးတို့ကို အောက်ပါ ဂါထာများအတိုင်း သိအပ်၏။

၁။ ယောဓ သေဝတိ ဒုဿီလေ၊
သီလဝန္တေ န သေဝတိ။
ဝတ္ထုဝီတိက္ကမေ ဒေါသံ၊
န ပဿတိ အဝိဒ္ဒသု။

၂။ မိစ္ဆာသင်္ကပ္ပဗဟုလော၊
ဣန္ဒြိယာနိ န ရက္ခတိ။
ဧဝရူပဿ ဝေ သီလံ၊
ဇာယတေ ဟာနဘာဂိယံ။

၃။ ယော ပနတ္တမနော ဟောတိ၊
သီလသမ္ပတ္တိယာ ဣဓ။
ကမ္မဋ္ဌာနာနုယောဂမှိ၊
န ဥပ္ပါဒေတိ မာနသံ။

၄။ တုဋ္ဌဿ သီလမတ္တေန၊
အဃဋ္ဋနဿ ဥတ္တရိ။
တဿ တံ ဌိတိဘာဂိယံ၊
သီလံ ဘဝတိ ဘိက္ခုနော။

၅။ သမ္ပန္နသီလော ဃဋ္ဋတိ၊
သမာဓတ္ထာယ ယော ပန။
ဝိသေသဘာဂိယံ သီလံ၊
ဟောတိ တေဿ ဘိက္ခုနော။

၆။ အတုဋ္ဌော သီလမတ္တေန၊
နိဗ္ဗိဒံ ယောနုယုဉ္ဇတိ။
ဟောတိ နိဗ္ဗေဓဘာဂိယံ၊
သီလမေတဿ ဘိက္ခုနောတိ။

၁-၂။ **ဂါထာများ၏မြန်မာ ဘာသာပြန်** ဤသာသနာတော်၌ အကြင် ရဟန်းသည် သီလ မရှိသော ဒုဿီလပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်၏၊ သီလရှိသော ပုဂ္ဂိုလ်တို့ကို မမှီဝဲမဆည်းကပ်၊ အကျိုးအပြစ်ကို မသိ မမြင်သည်ဖြစ်၍ အပြစ်အာပတ်၏ ဝတ္ထုကို လွန်ကျူး ခြင်း၌ အပြစ်ကို မရှုမမြင်၊ ကာမဝိတက်စသော အကြံ များ၏၊ စက္ခု အစရှိသော ဣန္ဒြေတို့ကို မထိန်းကျောင်း မစောင့်စည်း၊ ဤသို့သဘောရှိသော ရဟန်းဖျင်း၏ သီလသည် စင်စစ်အားဖြင့် ဆုတ်ယုတ်အံ့သော အဘို ရှိသည် ဖြစ်၏။ **(ဟာနဘာဂိယသီလ)**

၃-၄။ ထို့ပြင် ဤသာသနာတော်၌ အကြင်ရဟန်းသည် သီလ၏ ပြည့်စုံခြင်းမှုဖြင့်သာ နှစ်သက်အားရသော စိတ်ရှိသည် ဖြစ်၏၊ ကမ္မဋ္ဌာန်းအလုပ်ကို ဟုတ်ဟုတ် ညားညား ပွါးများအားထုတ်ခြင်း၌ စိတ်မှုမဥပါဒ်၊ သီလအကျင့်မှုဖြင့် အားရရေ့ငဲ့ရဲသည်ဖြစ်၍ အထက်

ဖြစ်သော ဈာန်မဂ်ဖိုလ် တရားထူးကို ရရန် အပတ်တကုတ် အားထုတ် ကြိုးစားခြင်းမရှိ, ထိုရဟန်း၏ ထိုသီလသည် မတိုးမပွါး ရပ်၍ထားသော သီလ မည်၏။ (**ဋ္ဌိတိ ဘာဂိယ သီလ**)

၅။ ထိုမှတပါး စင်စင်ကြယ်ကြယ် ပြည့်စုံသော သီလရှိသော ရဟန်းသည် ဈာန်သမာဓိ ရရှိခြင်းအကျိုးငှါ မပြတ်မလပ် အပတ်တကုတ် အားထုတ် ကြိုးစား၏၊ ထို ရဟန်း၏သီလသည် ထူးသောအဘို့ရှိသော သီလ မည်၏။ (**ဝိသေသ ဘာဂိယ သီလ**)

၆။ အကြင် ရဟန်းသည် ကား-သီလ အကျင့်မျှဖြင့် အားရ တင်းတိမ်ခြင်းမရှိ, ဝဋ်ဆင်းရဲ၌ ငြီးငွေ့ကြောင်းဖြစ်သော ဗလဝဝိပဿနာကို အားထုတ် ကြိုးစား၏၊ ထို ရဟန်း၏ သီလသည် သစ္စာလေးပါးကို ထိုးထွင်းသိမြင်နိုင်သော ကိလေသာ အစိုင်အခဲကြီးကို ဖောက်ခွဲနိုင်သော အဘို့ ရှိသည် ဖြစ်၏။ (**နိဗ္ဗေဓ ဘာဂိယ သီလ**)

ဤသို့လျှင် ဟာန ဘာဂိယ အစရှိသောအစွမ်းဖြင့် သီလသည် လေးပါး အပြားရှိသည် ဖြစ်၏။

(ခ) "ဒုတိယဖြစ်သော သီလလေးမျိုး၌" ရဟန်းယောကျ်ားတို့ကို အကြောင်းပြု၍ ပညတ်အပ်သော သိက္ခာပုဒ်တို့သည် ရှိကုန်၏၊ ရဟန်းမိန်းမတို့အား ပညတ်အပ်သော သိက္ခာပုဒ်တို့တွင် အကြင်သိက္ခာပုဒ်တို့ကို ရဟန်းယောကျ်ားတို့သည် စောင့်ရှောက်အပ်ကုန်၏၊ ဤ သိက္ခာပုဒ်အပေါင်းသည် ဘိက္ခုသီလ မည်၏။

သာမဏေ ယောကျ်ား,သာမဏေ မိန်းမတို့ ကျင့်သုံးအပ်သော ဆယ်ပါးသီလသည် အနုပသမ္ပန္နသီလ မည်၏။

ဥပါသကာ ယောကျ်ား, ဥပါသိကာ မိန်းမတို့မှာ အမြဲနိစ္စ စောင့်ထိန်းအပ်သည်၏ အစွမ်းဖြင့် ငါးပါးသော သိက္ခာပုဒ်တို့ငှင်း, အားထုတ်ကြိုးစား၍ စောင့်ခြင်းငှါ တတ်နိုင်ခဲ့သော် ဆယ်ပါးသော သီလတို့ကိုငှင်း, ဥပုသ်အင်္ဂါ၏အစွမ်းဖြင့် ရှစ်ပါး

သီလကိုရင်း စောင့်ထိန်းအပ်၏၊ ဤသီလသည် ဂဟဋ္ဌသီလ မည်၏၊ ဤသို့လျှင် ဘိက္ခုသီလ အစရှိသည်တို့၏ အစွမ်းဖြင့် သီလသည် လေးပါး အပြားရှိ၏။

(ဂ) ''တတိယဖြစ်သော သီလလေးမျိုး၌'' မြောက်ကျွန်း၌ နေကုန်သော လူတို့၏ ငါးပါးသီလကို မလွန်ကျူးခြင်းသည် ပကတိသီလ မည်၏၊ အမျိုး၏အကျင့်, အရပ်ဒေသ၏အကျင့်, အယူဝါဒ၏အကျင့်ကို ကျင့်သောသူတို့အား မိမိတို့၏ အပိုင်းအခြား စည်းကမ်း အကျင့်အလေ့သည် အာစာရသီလ မည်၏။

''အို-အာနန္ဒာ၊ အကြင်အခါ၌ ဘုရားအလောင်းတော်သည် မယ်တော်ဝမ်းတွင် ပဋိသန္ဓေ ယူနေသည်ရှိသော် ဘုရားအလောင်း၏ မယ်တော်သည် ယောကျ်ားတို့၌ ကာမဂုဏ်နှင့်ယှဉ်သော စိတ်သည် မဖြစ်၊ ဤသို့ ကာမဂုဏ်စိတ် မဖြစ်ပေါ်ခြင်းသည် ဓမ္မတာ သဘောတရားပေတည်း'' ဟု ဤသို့ ဟောတော်မူအပ်သော ဘုရားလောင်း မယ်တော်၏သီလသည် ဓမ္မတာသီလ မည်၏။

အရှင်မဟာကဿပ အစရှိကုန်သော စင်ကြယ်သော သတ္တဝါတို့၏ရင်း, ဘုရားအလောင်းတော်တို့၏ရင်း ထိုထိုဇာတ် အစရှိသည်ဘဝ၌ ကျင့်သုံး ဆောက်တည်အပ်သော သီလသည် ရှေးအကြောင်းရှိသော ပုဗ္ဗဟေတုကသီလ မည်၏၊ ဤသို့ ပကတိသီလ အစရှိသည်တို့၏အစွမ်းဖြင့် သီလသည် လေးပါး အပြားရှိ၏။

(ဃ) ''စတုတ္ထဖြစ်သော သီလလေးမျိုး၌'' ၁။ မြတ်စွာဘုရားသည် ''ဤသာသနာတော်၌ ရဟန်းသည် ပါတိမောက်၌ လာသောသိက္ခာပုဒ်တို့ကို စောင့်စည်းပိတ်ဆို့သည်ဖြစ်၍ နေ၏၊ အာစာရ ဂေါစရနှင့် ပြည့်စုံသည် ဖြစ်၏၊ အဏုမြူပမာဏ မျှလောက်သောအပြစ်တို့၌ ဘေးဟု ရှုလေ့ ရှိ၏၊ သိက္ခာပုဒ်တို့ကို ဆောက်တည်၍ ကျင့်၏'' ဟု ဤသို့ ဟောအပ်သောသီလသည် ရှိ၏၊ ဤသီလသည် ပါတိမောက္ခသံဝရသီလ မည်၏။

(၂) အကြင်သီလကို မြတ်စွာဘုရားသည် "သော စက္ခုနာ ရူပံ ဒိသွာ (လ) ... မနိန္ဒြိယေ သံဝရံ အာပဇ္ဇတိ" ဟူ၍ ဟောအပ်၏၊ ဤသီလသည် ဣန္ဒြိယသံဝရ သီလမည်၏

(၃) အကြင် အသက်မွေးမှု ဟူသော အကြောင်းကြောင့် ပညတ်အပ်ကုန်သော ခြောက်ပါးသောသိက္ခာပုဒ်တို့ကို လွန်ကျူးသည်၏အစွမ်းဖြင့်၎င်း,အံ့ဩစေခြင်း ကုဟန, ချီးမြှောက်၍ပြောခြင်း လပန, နိမိတ်ပြ၍ ပြောခြင်း နေမိတ္တကတာ, ဘိန္ဒ်ပဲ၍ ပြောခြင်း နိပ္ပေသိကတာ, လာဘ်ဖြင့် လာဘ်ကိုရအောင် သွေးဆောင်ခြင်း လာဘေန လာဘ နိဇိဂီသနတာ အစရှိသော မကောင်းမှုတို့၏ အစွမ်းဖြင့်ဖြစ်သော မိစ္ဆာဇီဝမှကြဉ်ခြင်း ဝိရတိ သီလသည်ရှိ၏၊ ဤသီလသည် အာဇီဝ ပါရိသုဒ္ဓိသီလ မည်၏။

(၄) အချမ်းကို ဖျောက်ခြင်း၄ါ ပညာဖြင့်ဆင်ခြင်၍ သက်နှိုးကိုမှီဝဲ၏ အစရှိသောနည်းဖြင့် ဟောအပ်သော ပညာဖြင့်ဆင်ခြင်ခြင်းကြောင့် စင်ကြယ်သော ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည် ပစ္စယသန္နိဿိတ သီလမည်၏။

## ပါတိမောက္ခသံဝရသီလ

**၁၄။ ထိုပါတိမောက္ခသံဝရသီလ အစရှိသည်ကို ဖွင့်ဆိုသော စကားရ၏ အနက်အဓိပ္ပါယ် အကျယ်နှင့်တကွ အဆုံးအဖြတ်ကိုအစဉ်အတိုင်းဖွင့်ပြပေအံ့။**

(ဃ) "ဤ သာသနာတော်၌ ရဟန်းသည် ပါတိမောက်၌ လာသော သိက္ခာပုဒ်တို့ကို စောင့်စည်းပိတ်ဆို့သည် ဖြစ်၍နေ၏ဟူသော ပါဠိတော်စကားတွင်—

**ဤ သာသနာတော်၌** ဆိုသည်ကား— ဤ ဂေါတမ မြတ်စွာ ဘုရား၏ အဆုံးအမဖြစ်သော သာသနာကို ဆိုလိုသည်။

**ရဟန်း ဆိုသည်ကား**—သံသရာဘေးကို ရှုတတ်သည် အဖြစ်ကြောင့်၎င်း, အပိုင်းအပိုင်း ဖြတ်အပ်သဖြင့် အဆင်း မလှ အဘိုးမတန်သော အဝတ်ကို ဝတ်ဆင်တတ်သော

ကြောင့်၎င်း, "ဘိက္ခု" ဟု ခေါ်ဆိုအပ်သော သာသနာကို သဒ္ဓါ ယုံကြည်၍ ရဟန်းပြုသော အမျိုးသားကို ရဟန်း ဟူ၍ ဆိုသည်။

"**ပါတိမောက္ခ**" ဆိုသည်ကား— စာရိတ္တ ဝါရိတ္တ အားဖြင့် နှစ်မျိုးနှစ်စားသော သိက္ခာပုဒ်၏ အစွမ်းဖြင့် ပညတ်အပ်သော သီလပေတည်း၊ ထိုသိက္ခာပုဒ် သီလကို အကြင်သူသည် စောင့်ရှောက်၏၊ ထိုပုဂ္ဂိုလ်ကို အပါယ် ဒုက္ခ စသော ဆင်းရဲမျိုးတို့မှ ကျွတ်လွတ်စေတတ်၏၊ ထို့ကြောင့် ထိုသီလကို ပါတိမောက္ခ ဟူ၍ ဆိုအပ်၏။

"**စောင့်စည်းပိတ်ဆို့မှု သံဝရ**"ဆိုသည်ကား ကာယ ဒွါရ, ဝစီဒွါရ တံခါး နှစ်ပေါက်မှ အကုသိုလ်မျိုး မတိုး မဝင်ရအောင် ပိတ်ဆို့ကြောင်းကို သံဝရဟူ၍ ဆိုသည်၊ ဤသံဝရ ဟူသော အမည်သည် ကာယဒွါရ, ဝစီဒွါရ၌ ဖြစ်သော အာပတ်ခုနစ်ပုံကို မလွန်ကျူးခြင်း အဝီတိက္ကမ သီလ၏ အမည်ပေတည်း၊ ပါတိမောက်သည်ပင် သံဝရ မည်၏၊ ထိုကြောင့် ပါတိမောက္ခ သံဝရဟူ၍ ဆို၏၊ ထိုပါတိမောက္ခ သံဝရ သီလနှင့် ပြည့်စုံ၏ဟု ဆိုလိုသည်။

"**အာစာရ ဂေါစရနှင့် ပြည့်စုံ၏**"ဟူသော စကား၏ အနက်အဓိပ္ပါယ်ကို ဈာနဝိဘင်း ပါဠိတော်တွင် လာသော နည်းဖြင့်ပင် သိအပ်၏၊ ထိုအကြောင်းကို ဟောတော် မူသည်မှာ—

"အာစာရ"ဟူ၍၎င်း, "အနာစာရ" ဟူ၍၎င်းရှိ၏၊ ထိုနှစ်မျိုး တို့တွင် အနာစာရသည် အဘယ်နည်းဟူမူကား–ဘုရား သိက္ခာပုဒ် တော်ကို ကိုယ်ဖြင့် လွန်ကျူးခြင်း၎င်း, နှုတ်ဖြင့် လွန်ကျူးခြင်း၎င်း ကိုယ်–နှုတ် နှစ်ပါးလုံးဖြင့် လွန်ကျူးခြင်း၎င်း, ဤလွန်ကျူးခြင်းကို မကောင်းသော အကျင့်ယုတ် အနာစာရဟူ၍ ဆိုသည်၊ အလုံး စုံသော သီလအကျင့်ပျက်စီးမှု ဒုဿီလအဖြစ်ကိုလည်း အနာစာရ ဟူ၍ဆိုသည်။

ဤသာသနာတော်၌ အချို့သောရဟန်းယုတ်တို့သည် ပစ္စည်းလာဘ် လာဘ ရလိုလှသောကြောင့် ဝါးကိုပေးခြင်း၊ ထန်းရွက်, အုန်းရွက် စသည်ကို ပေးခြင်း၊ ပန်း, သစ်သီး, ကသယ်မှုန့်, ဒန်ပူ ပေးခြင်း၊ ချစ်မြတ်နိုးစေလို၍ မိမိကိုယ်ကို ချီးချီးမြှင့်မြှင့်ပြောခြင်း၊ ပျူငှါလောကွတ်ပြုခြင်း၊ အမှန်နည်းပါး မမှန်များ၍ ပဲနောက်ဟင်းနှင့်တူသောစကားမျိုးကို ပြောဆိုသွေးဆောင်ခြင်း၊ဒါယကာတို့၏ သားငယ်များကို တန်ဆာဆင်ယင် ပြုပြင်ထိန်းကျောင်းခြင်း၊ ထိုထိုဒါယကာတို့၏ အစေအပါးခံ၍ သွားလာ ဆောင်ရွက်ခြင်း၊ ဆေးဝါးကုသသောအမှု, သံဃာ့ပစ္စည်း စေတီပစ္စည်းများကို စီရင်ခြင်း, စောင့်ရှောက်ခြင်း အမှုတို့ကိုပြုခြင်း၊ ဤသို့ မြတ်စွာဘုရား စက်ဆုပ် ပစ်ပယ်တော်မူအပ်သော မိစ္ဆာဇီဝမှု, ယုတ်မာသော အသက်မွေးကြောင်းစသည်အမှုများသည် ယုတ်မာသော အကျင့် အနာစာရမည်၏။

**"အာစာရ"** ဟူသည် အဘယ်နည်း ဟူမူကား—ကိုယ်ဖြင့် မလွန်ကျူးခြင်း, နှုတ်ဖြင့်မလွန်ကျူးခြင်း, ကိုယ်-နှုတ်နှစ်ပါးလုံးဖြင့် မလွန်ကျူးခြင်းကို ကောင်းမြတ်သော အကျင့် အာစာရ ဟူ၍ ဆိုအပ်၏။

အလုံးစုံသော သီလကို စောင့်စည်းခြင်းသည် ကောင်းမြတ်သောအကျင့်အာစာရမည်ပေ၏၊ဤလောက၌အချို့သောသူတော်ကောင်းရဟန်းမြတ်တို့သည် လာဘ်ပူဇော်သကာကို ရလို၍ ဝါးကို မပေး၊ သစ်သီး, သစ်ရွက်ကို မပေး။ … (လ) … ဘုရားရှင် ပစ်ပယ်တော်မူအပ်သော မိစ္ဆာဇီဝအကျင့်ယုတ်တို့ဖြင့် အသက်မွေးမှုမပြု၊ ဤသို့ ဆိုအပ်ခဲ့ပြီးသည်ကို ကောင်းမြတ်သော အကျင့် အာစာရ ဟူ၍ ဆိုအပ်၏။

**"ဂေါစရ"** ဆိုသည်ကား ဂေါစရဟူ၍၎င်း, အဂေါစရဟူ၍၎င်း နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတို့တွင် အဂေါစရဆိုသည်မှာ ဤသာသနာ့တော်၌ အချို့သောရဟန်းတို့သည် ပြည့်တန်ဆာမထံ ကျက်စားသွားလာ၏၊ မုဆိုးမထံ ကျက်စား သွားလာ၏၊ အပျိုကြီးထံ ကျက်စားသွားလာ၏၊ ပဏ္ဍုက်ထံကျက်စားသွားလာ၏၊ ဘိက္ခုနီမ

ထံ ကျက်စားသွားလာ၏၊ သေအရက်ဆိုင်တို့သို့ ကျက်စားသွားလာ၏၊ မင်းတို့နှင့်၎င်း, မင်း၏ အမတ်ကြီးတို့နှင့်၎င်း, တိတ္ထိတို့နှင့်၎င်း, တိတ္ထိ တပည့်တို့နှင့်၎င်း, သာသနာတော်နှင့် မဆီမဆိုင်သော လူအချင်းချင်း ပေါင်းသင်း ဆက်ဆံသကဲ့သို့ ပေါင်းသင်းဆက်ဆံ၏၊အကြင်အမျိုးတို့သည် ကံ-ကံ၏အကျိုးကိုမယုံကြည်ကြ၊ ရတနာသုံးပါးကို မကြည်ညိုကြ၊ ရဟန်းတို့ကို၎င်း, ဥပါသကာ ဥပါသိကာမတို့ကို၎င်းဆဲရေးခြိမ်းချောက်တတ်ကြကုန်၏၊အေးရန် ဥပဒ်ရှိသည်ကို လိုလားကုန်၏၊ ထိုသို့သဘောရှိသော အမျိုးတို့ကို မှီဝဲဆည်းကပ် ပေါင်းသင်းကြကုန်၏၊ ဤဆိုအပ်ခဲ့ပြီးသည်တို့ကား ရဟန်းတို့အား သွားလာကျက်စားရန် မလျော်ကံသောအဂေါစရ မည်၏။

ထိုဆိုအပ်ခဲ့ပြီးသောအဂေါစရအရပ်တို့သို့ သွားလာကျက်စားခြင်း မပြု၊ ဆိုအပ်ပြီးသောသူတို့နှင့် ပေါင်းသင်းဆက်ဆံခြင်းမပြုမူ၍ ရတနာသုံးပါးကို ကြည်ညိုကုန်သော အကြင်အမျိုးသားတို့၏ အိမ်သည် လမ်းဆုံတွင် တူး အပ်သော ရေတွင်း ရေကန် ကဲ့သို့ ရဟန်းတို့ သက်ဝင် ချဉ်းကပ်ခြင်းငှါ သင့်ကုန်၏၊ ရဟန်း တို့၏ သင်္ကန်းရောင်ဖြင့် တပြောင်ပြောင် ထွန်းလင်း တောက်ပကုန်၏၊ ရဟန်းတို့၏ သင်္ကန်းကို တိုက်ခတ်သောလေတို့ဖြင့် လှိုင်ကုန်၏၊ ရဟန်းတို့၏ အစီးအပွါး ကြီးပွါး မြင့်မြတ်ခြင်းကို အလိုရှိကုန်၏၊ ထိုသို့သဘောရှိသောအမျိုးအိမ်တို့သို့ ချဉ်းကပ်ထွက်ဝင်သွားလာခြင်းသည် လျောက်ပတ်သော ကျက်စားရာ ဂေါစရ မည်၏။

ဤဆိုအပ်ခဲ့ပြီးသောကောင်းသောအကျင့်အာစာရတို့နှင့်၎င်း, ဤဆိုအပ်ခဲ့ပြီးသော ကောင်းသောကျက်စားရာဂေါစရတို့နှင့်၎င်း ပြည့်စုံ၏၊ ထို့ကြောင့် အာစာရ ဂေါစရ သမ္ပန္နော ဟူ၍ ဆို၏။

ထိုမှတပါး ဝိဘင်း ပါဠိတော်တွင်လာသောနည်းမှတပါး မဟာနိဒ္ဒေသပါဠိတော်၌လာသော နည်းအားဖြင့် အာစာရနှင့်ဂေါစရတို့၏ အကျယ်ကို ဆိုဦးအံ့။

မလျော်သောအကျင့် အနာစာရသည် ကိုယ်ဖြင့် မကောင်း ကျင့်ခြင်း ကာယိက အနာစာရ, နှုတ်ဖြင့် မကောင်း ကျင့်ခြင်း ဝါစသိက အနာစာရဟူ၍ နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတို့တွင် ကိုယ်ဖြင့် မကောင်း ကျင့်ခြင်း ကာယိက အနာစာရ ဟူသည် ကား— အချို့သော ပုဂ္ဂိုလ်သည် သံဃာ့အစည်းအဝေးသို့ ရောက်သော်လည်း ရိုသေသမှု မပြုမူ၍ ထေရ်ကြီးဝါကြီးပုဂ္ဂိုလ်တို့ကို တိုးဝှေ့ ထိပါး၍ ရပ်လည်းရပ်၏၊ ထိုင်လည်း ထိုင်၏၊ မထေရ်ကြီးတို့၏ ရှေ့တူရူမှရပ်၏၊ရှေ့မှ ထိုင်၏၊မြင့်သောနေရာကလည်း ထိုင်နေ၏၊ ဦးခေါင်းခြုံ၍လည်း ထိုင်နေ၏၊ရပ်၍ စကားပြောဆို၏၊ လက်ရုံး လက်မောင်းတန်း၍ စကားပြောဆို၏၊မထေရ်ကြီးတို့သည် ဘိနပ် မစီးဘဲစင်္ကြံသွားကုန်စဉ် မိမိတို့ကဘိနပ်စီး၍စင်္ကြံသွား၏၊ မထေရ်ကြီးများက နိမ့်သောအရပ်၌စင်္ကြံသွားကုန်စဉ် မိမိတို့ကမြင့်သော အရပ်မှစင်္ကြံသွား၏၊ မထေရ်ကြီးများက မြေ၌သွားကုန်စဉ် မိမိတို့က စင်္ကြံပေါ်မှစင်္ကြံသွား၏၊ မထေရ်ကြီးတို့ကို တိုးဝှေ့၍ အနီးသို့ကပ်၍ ထိုင်၏ ရပ်၏၊ သီတင်းငယ်ရဟန်းတို့ကို နေရာမှ တားမြစ်၏၊ မီးဖိုအိမ်၌ မထေရ်ကြီးကို မပန်ကြားမူ၍ ထင်းတို့ကို မီးထည့်၏၊ မီးဖိုတံခါးကို မတိုင်ကြားဘဲ ပိတ်၏၊ ရေချိုး ဆိပ် သို့ ဆင်းသက်ရာ မထေရ်ကြီးတို့ကို တိုးဝှေ့၍ ဆင်း၏၊ မထေရ်ကြီးတို့၏ရှေ့မှသော်လည်း ဆင်း၏၊ တိုးဝှေ့၍သော်လည်း ရေချိုး၏၊ ရှေ့မှနေ၍သော်လည်း ရေချိုး၏၊ တိုးဝှေ့၍သော်၎င်း ရှေ့မှသော်၎င်း ရေချိုးရာမှ တက်၏၊ ရွာတွင်း မြို့တွင်းသို့ ဝင်သော အခါမှာလည်း မထေရ်ကြီးတို့ကို တိုးဝှေ့၍ သော်၎င်း မထေရ်ကြီးတို့၏ ရှေ့မှသော်၎င်း သွား၏။

ဒါယကာတို့၏ အကြင် အိပ်ရာ အခန်း အစရှိသည် တို့သည် လျှို့ဝှက် ဖုံးလွှမ်းအပ်ကုန်၏၊ အမျိုးသမီး မိန်းမတို့ နေကြ ကုန်၏၊ ထိုအခန်းတွင်းသို့သော်လည်း အဆောတလျင် ရှောင်တခင်ဝင်ကြကုန်၏၊ ကလေး သူငယ်တို့၏ ဦးခေါင်းကိုသော်လည်း သုံးသပ်ကိုင်တွယ်ကြကုန်၏၊ဤအလုံးစုံသော အပြုအမူတို့သည် မလျောက်ပတ် မသင့်လျော်သော ကိုယ် အပြုအမူ ကာယိက အနာစာရ မည်၏။

မလျော်ကပ်သော ပြောဆိုခြင်း ဝါစသိက အနာစာရ ဆိုသည်ကား—ဤသာသနာတော်၌အချို့သောပုဂ္ဂိုလ်သည်သံဃာ့ အစည်းအဝေးသို့ရောက်သော်လည်း မရှိမသေသော အခြင်းအရာကိုပြုလိုသည်ဖြစ်၍ မထေရ်ကြီးဖြစ်သော ရဟန်းကို မပန်ကြားဘဲ တရားဟော၏၊ အမေး ပုစ္ဆာကို ဖြေဆို၏၊ ပါတိမောက် ပြ၏၊ ရပ်လျက် ရွတ်ဆို၏၊ လက်ရုံး လက်မောင်း တန်း၍ ရွတ်ဆို၏၊ ရွာတွင်းသို့ဝင်သည်ရှိသော် မိန်းမကိုဖြစ်စေ၊ သတို့သမီးကိုဖြစ်စေ ဤသို့ ပြောဆို၏၊ "ဤအမည်ရှိသော တကာမ ဤအမျိုးဖြစ်သော သူ" အဘယ် စားကောင်း သောက်ဘွယ်များ ရှိပါသလဲ,ယာဂု ရှိပါ၏လော,ဆွမ်းရှိပါ၏လော,ခဲဘွယ်ဘောဇဉ်ရှိပါ၏လော၊ အဘယ်ကို ငါတို့ သောက်ရပါမည်နည်း။ အဘယ်ကို ငါတို့ စားရ သုံးဆောင်ရပါမည်နည်း၊ အဘယ်အရာ ငါတို့အား လှူပါမည်နည်း စသည်ဖြင့် ထွေထွေလာလာ ပြောဆို၏၊ ဤသို့ ပြောဆိုခြင်းကို မလျော်ကပ်သော ပြောဆိုခြင်း ဝါစသိက အနာစာရ ဟူ၍ ဆိုအပ်၏။

ထိုဆိုအပ်ခဲ့ပြီးသော အနာစာရမှုမျိုးမှ ဆန့်ကျင်ဘက်ဖြစ်သော အားဖြင့် သင့်လျော်လျော်ကပ်သော ပြုမှုပြောဆိုခြင်းအာစာရ မှုမျိုးကို သိအပ်၏။

စင်စစ်အားဖြင့် သော်ကား—ရဟန်းသည် မထေရ်ကြီး ဖြစ်သောပုဂ္ဂိုလ်ကို အရိုအသေ အလေးအမြတ်ပြုခြင်း၊ တုပ်ဝပ် နှိမ့်ချကြိုးနွံ ပျပ်ဝပ်ရှိခြင်း၊ ထိုမထေရ်ကြီး၏စကားကို ရိုသေစွာ နာခံခြင်း၊ အရှက်အကြောက်နှင့် ပြည့်စုံခြင်း၊ ကောင်းစွာ ဝတ်ရုံ၍ ကြည်ညိုဘွယ် ဂုဏ်ကိုဆောင်ခြင်း၊ ရှေ့သို့ တက်ခြင်း,နောက်သို့ ဆုတ်ခြင်း, တစောင်းကြည့်ခြင်း, တူရူကြည့်ခြင်း, ကွေးခြင်း, ဆန့်ခြင်းစသည်တို့၌ကြည်ညိုဘွယ်ဂုဏ်ကိုဆောင်ခြင်း၊ချသောမျက်လွှာ ရှိခြင်းတည်းဟူသော ဣရိယာပုထ်နှင့်ပြည့်စုံ၏၊ ဣန္ဒြေတို့၌ စောင့်စည်းသော တံခါးရှိ၏၊ အစာ အာဟာရ၌ အတိုင်း အရှည်ကို သိ၏၊ နိုးကြားခြင်းနှင့်ယှဉ်၏၊ သတိ သမ္ပဇဉ်နှင့်ပြည့်စုံ၏၊အလိုနည်း၏၊ ရောင့်ရဲလွယ်၏၊ အားထုတ်အပ်သော ဝီရိယ လုံ့လ

ရှိ၏၊ အဘိသမာစာရိက ကျင့်ဝတ် သိက္ခာပုဒ် ဖြစ်သော သိက္ခာပုဒ်ငယ်တို့ကိုသော်လည်း အလေးအမြတ် ရှိသေသမှု ပြုခြင်း များသည်ဖြစ်၍ နေ၏၊ ဤ ဆိုအပ်ခဲ့ပြီးသော အကျင့်မြတ်များကို အာစာရဟူ၍ သိအပ်၏။

ဂေါစရသည်ကား ဥပနိဿယ ဂေါစရဟူ၍၎င်း, အာရက္ခ ဂေါစရဟူ၍၎င်း, ဥပနိဗန္ဓဂေါစရဟူ၍၎င်း သုံးမျိုးရှိ၏။

ထိုသုံးမျိုးတို့တွင် "**ဥပနိဿယ ဂေါစရ**"ဆိုသည်ကား— အပိဋ္ဌတာအစရှိသော ဆယ်ပါးသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော ကောင်းသော အဆွေခင်ပွန်း ကလျာဏမိတ္တကို ရ၏၊ အကြင်ပုဂ္ဂိုလ်ကိုအမှီပြု၍ မကြားဘူးသေးသော တရားစကားကို ကြားနာရ၏၊ ကြားနာဘူးသောတရားစကားကို ရှင်းလင်း ဖြူစင်စေရ၏၊အယူကို ဖြောင့်မတ်စွာပြုရ၏၊ စိတ်ကို ကြည်လင်စေရ၏။

ထိုသို့သော ပုဂ္ဂိုလ်ကိုအတုလိုက်၍ ကျင့်သောသူသည် သဒ္ဓါတရားအားဖြင့် ပွါးတိုး၏၊ အကျင့်သီလအားဖြင့် အကြားအမြင်အားဖြင့် စွန့်ကြဲ ပေးကမ်းခြင်းအားဖြင့် အသိပညာ အလိမ္မာဟူသော ပညာအားဖြင့် ပွါးတိုး၏။ ဤ ဆိုအပ်ခဲ့ပြီးသော ကလျာဏမိတ္တအမှီကို ရခြင်းသည် ဥပနိဿယ ဂေါစရမည်၏။

"**အာရက္ခ ဂေါစရ**"ဆိုသည်ကား-ရဟန်းသည် ရွာတွင်းသို့ ဝင်သည်ရှိသော် ဆွမ်းအလို့ငှါ ရွာတွင်းသို့ လှည့်လည်သည်ရှိသော် ချသောမျက်လွှာရှိသဖြင့် လေးတောင်ခန့်မျှ ပမာဏလောက်သာ ကြည့်၍ ကောင်းစွာဣန္ဒြေကို စောင့်စည်းလျက်သွား၏၊ ဆင်, မြင်း, ရထား, မိန်းမ, ယောက်ျားတို့ကို မကြည့်မူ၍ သွား၏၊ အောက်အရပ်ကို အထက်အရပ်ကို ထိုထို အရပ်မျက်နှာတို့ကို မကြည့်မူ၍ သွား၏၊ ဤကဲ့သို့ စောင့်စည်း၍ သွားလာခြင်းသည် အာရက္ခဂေါစရ မည်၏။

"**ဥပနိဗန္ဓ ဂေါစရ**"ဆိုသည်ကား—လေးပါးသောသတိပဋ္ဌာန်တို့ဖြင့် စိတ်ကိုနှောင်ဖွဲ့၍ ထား၏၊ ထို့ကြောင့် မြတ်စွာဘုရားသည်

"ကော စ ဘိက္ခဝေ ဘိက္ခုနော ဂေါစရော သကော ပေတ္တိကော ဝိသယော ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ" ဟူ၍ ဟောတော်မူအပ်၏။

"အို-ရဟန်းတို့၊ ရဟန်း၏ မိမိဘခင် ဘုရားရှင်၏ကျက်စားရာ အာရုံဖြစ်သော စားကျက်ဟူသည် အဘယ်နည်း ဟူမူကား-ဤ လေးပါးသော သတိပဋ္ဌာန် တရားတို့ပေတည်း" ဤသို့ ဟောတော်မူသောကြောင့် ဤ ဆိုအပ်ခဲ့ပြီးသော သတိပဋ္ဌာန် လေးပါးသည် ဥပနိဗန္ဓ ဂေါစရ မည်၏။

အဏုမတ္တ ပမာဏမျှလောက်သော အပြစ်တို့၌ ဘေးဟု ရှုလေ့ရှိ၏ဟု ဆိုသည်ကား-အဏုမတ္တပမာ သေးငယ်စွာသော စိတ်စေတနာ မပါမရှိသော်လည်း သင့်ရောက်နိုင်သော သေခိယ သိက္ခာပုဒ် အကုသိုလ်စိတ် ဖြစ်ပေါ်ခြင်း စသည့် အပြားရှိသော အပြစ်ငယ်တို့ကိုသော်လည်း မြင်းမိုရ်တောင်မျှ ကြီးကျယ်လှသော အပြစ်ဘေးကြီးဟူ၍ ရှုလေ့ရှိသည် ဖြစ်၏။

သိက္ခာပုဒ်တို့ကို ဆောက်တည်၍ ကျင့်၏ ဆိုသည်ကား-ကျင့်အပ်သော သိက္ခာပုဒ်တို့သည် ရှိ၏၊ ထို အလုံးစုံသော သိက္ခာပုဒ်တို့ကို ဆောက်တည်၍ ကျင့်၏ ဆိုလိုသည်။

ဤ ဆိုအပ်ခဲ့ပြီးသော စကားအစဉ်ဖြင့် ပုဂ္ဂလာဓိဋ္ဌာန် နည်းအားဖြင့် ပါတိမောက္ခသံဝရသီလကို ပြတော်မူ၏၊ အာစာရ ဂေါစရကို ပြသည်မှာကား ထို အကျင့်ကောင်းများနှင့် ပြည့်စုံမှ ပါတိမောက္ခသံဝရသီလ ပြည့်စုံမည်ဖြစ်သောကြောင့် ပြလေသတည်း။

## ဣန္ဒြိယ သံဝရသီလ

၁၅။ ပါတိမောက္ခသံဝရသီလကို ပြပြီး၍ "သော စက္ခုနာ ရူပံ ဒိသွာ" အစရှိသောနည်းဖြင့် ဣန္ဒြိယ သံဝရ သီလကို ပြလေသည်။

သော စက္ခုနာ ရူပံ ဒိသွာ-စသည်ဖြင့် ဟောတော်မူသော ပါဠိတော်၏ မြန်မာပြန်အဓိပ္ပါယ်မှာ အောက်ပါအတိုင်းဖြစ်၏။

"ထို ရဟန်းသည် မျက်စိဖြင့် ရူပါရုံကိုမြင်၍ နိမိတ် အမှတ်ကို ယူသည်မဖြစ်,ခြေလက်အင်္ဂါစသော အနုဗျဉ္ဇနကို ယူသည်မဖြစ်, အကြင် စက္ခုန္ဒြေကို စောင့်ခြင်းကြောင့် စက္ခုန္ဒြေကို မစောင့်မူ၍နေသော ထိုရဟန်းကို အဘိဇ္ဈာ ဒေါမနဿ ဟု ဆိုအပ်ကုန်သော ယုတ်မာကုန်သော အကုသိုလ်တရားတို့သည် အစဉ် လိုက်ကုန်ရာ၏၊ ထို စက္ခုန္ဒြေကို စောင့်ရှောက်၏၊ စက္ခုန္ဒြေ၌ စောင့်စည်း ပိတ်ဆို့ခြင်းသို့ ရောက်၏"။

နားဖြင့် အသံကိုကြား၍....(လ)....နှာခေါင်းဖြင့်အနံ့ကို နမ်းရှူမိ၍....(လ)....လျှာဖြင့် အရသာကိုလျက်၍....(လ).... ကိုယ်ကာယဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိ၍··· (လ)···· မနိန္ဒြေ၌ စောင့်စည်း ပိတ်ဆို့ခြင်းသို့ ရောက်၏" ဟူ၍ ဣန္ဒြိယသံဝရသီလကို ဟောတော်မူအပ်၏။

ထိုသို့ ဟောတော်မူအပ်သော စကားတို့တွင် **"ထိုရဟန်း"** ဆိုသည်ကား–ပါတိမောက္ခ သံဝရသီလ၌ တည်ပြီးသောရဟန်းကို ဆိုလိုသည်။

**"မျက်စိဖြင့် ရူပါရုံကိုမြင်၍"** ဆိုသည်ကား–အသာဓာရဏ အကြောင်း၏အစွမ်းဖြင့် (မျက်စိ) ဟု ခေါ်ဝေါ်အပ်သော ရူပါရုံကို မြင်ခြင်းငှါ စွမ်းနိုင်သော စက္ခု ဝိညာဏ်စိတ်ဖြင့် ရူပါရုံကို မြင်၍ ဟု ဆိုလိုသည်၊ ရှေး-အဋ္ဌကထာ ဆရာကြီးတို့ မိန့်ဆိုကြ သည်မှာ–စက္ခု ပသာဒ ဟူသော မျက်စိသည် မိမိကိုမှီသောစိတ် မရှိသောကြောင့် ရူပါရုံအဆင်းကို မမြင်တတ်, စိတ်သည်လည်း မှီရာမျက်စိ မရှိသောကြောင့် ရူပါရုံအဆင်းကို မမြင်တတ် ဟု ဆိုကြကုန်၏၊ စက္ခု ပသာဒနှင့် ရူပါရုံကို ထိခိုက်ခြင်းကြောင့် စက္ခု ပသာဒကို မှီသောစိတ်ဖြင့် မြင်၏ဟူ၍ ဆိုလိုသည်၊ ဤအရာ ၌သနမျိုး၌ စက္ခု ပသာဒလျှင် မှီရာရှိသော စက္ခု ဝိညာဏ်စိတ်ဖြင့် မြင်သော်လည်း "လေးဖြင့် ပစ်၏" ဟူသော စကားကဲ့သို့ သ-သမ္ဘာရ ကထာ စကားမျိုး ဖြစ်လေသည်။

**"နိမိတ်အမှတ်ကို ယူသည် မဖြစ်"** ဆိုသည်ကား—ဤသူကား မိန်းမ ဤသူကား ယောကျ်ားဟု သိကြောင်းဖြစ်သော အသွင် သဏ္ဌာန် မှတ်ဆိတ် သားမြတ်စသော အမှတ်နိမိတ်လည်းကောင်း၊ ရာဂ ဖြစ်ကြောင်း ကောင်းမြတ်လှပေ၏ဟူသော သုဘနိမိတ် ဒေါသဖြစ်ကြောင်း မကောင်းသော နိမိတ်လည်း ဖြစ်သော ကိလေသာ ပွါးများကြောင်း နိမိတ်အမှတ်ကို ယူသည်မဖြစ် စက္ခုဝိညာဏ်ဖြင့်မြင်သော အတိုင်းသာ တည်၏ဟူ၍ ဆိုလို သည်။

**"အနုဗျဉ္ဇနကို ယူသည်မဖြစ်"** ဆိုသည်ကား—ကိလေသာတို့ကို အစဉ်မပြတ် အထပ်ထပ်အဖန်ဖန် ထင်ရှားပေါ်ထွက်လာအောင် ပြုတတ်သောကြောင့် အနုဗျဉ္ဇန ခေါ်သော လက်ခြေပြုံးခြင်း ရယ်ခြင်း ပြောဟောခြင်း တူရူကြည့်ခြင်း တစောင်းကြည့်ခြင်း စသည့် အခြင်းအရာများကို မမှတ်မယူ၊ စေတီယတောင်တွင် သီတင်းသုံး နေထိုင်တော်မူသော **မဟာတိဿ မထေရ်ကြီးကဲ့သို့** ထိုကိုယ်ကာယ၌ အကြင် ဆံပင်မွေးညှင်း အစရှိသော အစုသည် ထင်ရှားရှိ၏ ထိုအရာစုတို့ကိုသာလျှင် မှတ်ယူ၏ဟူ၍ ဆိုလို သည်။

တဆင့်စကား ကြားဘူးသည်မှာ မထင်ရှားသောအမျိုး၏ ချွေးမတယောက်သည် အရှင်သခင် လင်ယောကျ်ားနှင့် မသင့် မတင့် ငြင်းခုံခိုက်ရန်ဖြစ်ကြ၍ မိမိကိုယ်ကို ကောင်းစွာ ဖီးလိမ်း ပတ်ဆင်ပြီးလျှင် နတ်သမီးကညာကဲ့သို့ လှပယဉ်ကျေးစွာ နံနက် စောစောအခါ အနုရာဓမြို့မှထွက်၍ မိမိဆွေမျိုးများအိမ်သို့ သွားလေ၏၊ လမ်းခရီးအကြား၌ စေတီယတောင်မှ အနုရာဓ မြို့တွင်းသို့ ဆွမ်းခံကြွဝင်တော်မူလာသော မထေရ်ကြီးကို မြင်လေသော် ရာဂဖြင့် ဖောက်ပြန်သောစိတ်ရှိ၍ ပြင်းစွာ ရယ်မောခြင်းကို ပြု၍ ရယ်လေသတတ်၊ ထိုအခါ မထေရ်ကြီးသည် ထိုတခိခိရယ်သောအသံကား အဘယ်အသံနည်းဟု ကြည့်လေ သော် အမျိုးချွေးမ၏ သွားရိုးကိုမြင်၍ သွားရိုး၌ အရိုးစုဟူသော အမှတ်သညာကို ရပြီးလျှင် အရဟတ္တဖိုလ်သို့ ရောက်လေသည်၊ ထိုကြောင့် အောက်ပါဂါထာကို ရွတ်ဆိုအပ်၏။

**တဿ ဒန္တဋ္ဌိကံ ဒိသွာ၊**
**ပုဗ္ဗ သညံ အနုဿရိ။**
**တတ္ထေဝ သော ဌိတော ထေရော၊**
**အရဟတ္တံ အပါ ပုဏီ-တိ။**

မထေရ်ကြီးသည် ထိုမိန်းမငယ်၏ သွားရိုးကိုမြင်ရသောကြောင့် ရှေးကရအပ်ဘူးသော အဋ္ဌိကသညာကမ္မဋ္ဌာန်းကို အဖန်တလဲလဲ အောက်မေ့၏၊ ထိုအရပ်၌ ရပ်တည်လျက်ပင်လျှင် ထိုတိဿမထေရ်ကြီးသည် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ထိုမိန်းမငယ်၏ ချစ်လင်ယောကျ်ားသည် ခြေရာခံ၍လိုက်သည်ရှိသော် မထေရ်ကြီးကိုမြင်၍ ''အရှင်ဘုရား တစုံတယောက်သော မိန်းမကို တွေ့မြင်လိုက်ပါသလော'' ဟု မေးလျှောက်၏၊ ထိုယောကျ်ားအား မထေရ်ကြီးသည်—

**နာဘိ ဇာနာမိ ဣတ္ထီ ဝါ၊**
**ပုရိသော ဝါ ဣတော ဂတော။**
**အပိ စ အဋ္ဌိ သင်္ဃာဋော၊**
**ဂစ္ဆတေ သ မဟာပထေ-တိ။**

အို—သူတော်ကောင်း၊ ဤမှသွားသောသူသည် မိန်းမဟူ၍၎င်း, ယောကျ်ားဟူ၍၎င်း ငါသည်မသိ၊ စင်စစ်ဖြစ်သော်ကား— ဤအရိုးစုတခုသည် လမ်းမကြီး၌ သွားပေ၏ဟု ဆို၏။

**''ထိုစက္ခုန္ဒြေကို စောင့်ရှောက်ပိတ်ဆို့ခြင်းငှါ ကျင့်၏''** ဆိုသည်ကား—ထိုစက္ခုန္ဒြေတည်းဟူသော တံခါးပေါက်ကို သတိတည်းဟူသော တံခါးရွက်ဖြင့် ပိတ်ဆို့ခြင်းငှါ ကျင့်၏ဟူ၍ ဆိုလိုသည်၊ ဤသို့ကျင့်နိုင်သောသူကိုသာလျှင် စက္ခုန္ဒြေကို စောင့်နိုင်ပေသောသူ,စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ရောက်သောသူဟူ၍ ဆိုသင့်၏။

**''စက္ခုန္ဒြေကို စောင့်စည်းပိတ်ဆို့ခြင်းသို့ ရောက်၏''** ဟု ဆိုအပ်သောစကား၌ စက္ခုန္ဒြေခေါ်သော စက္ခုပသာဒ၏ စောင့်စည်းခြင်း, မစောင့်စည်းခြင်း ဟူ၍ကားမရှိချေ၊ အကြောင်း

မှာ စက္ခုပသာဒကိုအမှီပြု၍ သတိသည်၎င်း သတိလွတ်သော သူ၏အဖြစ်သည်၎င်း မရှိ၊ ထို့ကြောင့် စက္ခုန္ဒြေကို စောင့်စည်းခြင်း, မစောင့်စည်းခြင်း ဟူ၍ မရှိနိုင်။

မှချကေန် မှတ်သားရန်မှာကား–အကြင်အခါ၌ ရူပါရုံသည် စက္ခုပသာဒအားထင်ခြင်းသို့ ရောက်၏၊ ထိုအခါ ဘဝင်နှစ်ကြိမ် ဖြစ်၍ ချုပ်သည်ရှိသော် ကြိယာမနောဓာတ်စိတ်သည် ဆင်ခြင်ခြင်း အာဝဇ္ဇန်းကိစ္စကို ပြီးစေလျက်ဖြစ်၍ ချုပ်၏၊ ထို့နောက် စက္ခုဝိညာဏ်စိတ်သည် မြင်ခြင်းကိစ္စကို ပြီးစေလျက်ဖြစ်၍ ချုပ်၏၊ ထို့နောက် ဝိပါက်မနောဓာတ်စိတ်သည် လက်ခံခြင်း သမ္ပဋိစ္ဆန ကိစ္စကို ပြီးစေလျက်ဖြစ်၍ ချုပ်၏၊ ထို့နောက် အဟိတ်ဝိပါက် မနောဝိညာဏဓာတ်သည် စုံစမ်းခြင်း သန္တီရဏကိစ္စကို ပြီးစေလျက်ဖြစ်၍ ချုပ်၏၊ ထို့နောက် ကြိယာ အဟိတ် မနောဝိညာဏဓာတ်သည် မှတ်သားခြင်း ဝုဋ္ဌောကိစ္စကိုပြီးစေလျက်ဖြစ်၍ ချုပ်၏၊ ထိုဝုဋ္ဌော ချုပ်သည်၏အခြားမဲ့၌ ဇောသည် ဖြစ်လေ၏။ ထိုသို့ ဝီထိစိတ်အစဉ်ဖြစ်ရာဝယ် ဘဝင်စိတ်ဖြစ်သော အခါကာလ၌ စောင့်စည်းမှု သံဝရသည်၎င်း, မစောင့်စည်းမှု အသံဝရသည်၎င်း မဖြစ်သေးချေ၊ ထို့အတူ အာဝဇ္ဇန်းစိတ်, စက္ခုဝိညာဏ်စိတ်, သမ္ပဋိစ္ဆိုန်းစိတ်, သန္တီရဏစိတ်, ဝုဋ္ဌောစိတ် ဖြစ်သောအခါတို့၌လည်း သံဝရ-အသံဝရ ဟူ၍ မဖြစ်သေးချေ၊ ဇောစိတ်ဖြစ်ပေါ်သောအခါကာလ၌မူကား ဒုဿီလ၏အဖြစ်, သတိလွတ်ကင်းသော သူ၏အဖြစ်, အသိဉာဏ်ကင်းမဲ့သော သူ၏အဖြစ်, သည်းမခံသော သူ၏အဖြစ်, ပျင်းရိသော သူ၏အဖြစ်တို့သည် ဖြစ်ကုန်၏၊ မစောင့်စည်းခြင်းမည်သည် ဖြစ်လေ၏။ ဤသို့ ဇောစိတ်ခဏကာလ၌ဖြစ်သော ထိုမစောင့်စည်းခြင်းကိုပင် စက္ခုန္ဒြေကို မစောင့်စည်းခြင်း ဟူ၍ ဆိုအပ်၏။ အဘယ့်ကြောင့်ဆိုသော် ထိုမစောင့်စည်းခြင်း အသံဝရအမှုတို့သည် ဇောခဏ၌ရှိခဲ့သော် စက္ခုပသာဒ အစရှိသော ဝီထိစိတ်တို့သည်လည်း မလုံခြုံဖြစ်ရလေ၏၊ သို့ဖြစ်၍ ဇောစိတ်အခါကာလ၌ဖြစ်သော မစောင့်စည်းမှုကို စက္ခုန္ဒြေကိုမစောင့်စည်းမှု ဟု ဆိုအပ်လေ၏။

ဥပမာအားဖြင့် မြို့တံခါးလေးပေါက်ကို မပိတ်မဆို့ဘဲ ဖွင့်လှစ်ထားသည်ဖြစ်အံ့။ မြို့တွင်း၌ရှိသော အိမ်တံခါး,ကျီတံခါး, ဘဏ္ဍာတိုက်တံခါးများကို ဘယ်လိုပင် ပိတ်ဆို့၍ထားစေကာမူ မြို့တွင်းရှိ ပစ္စည်းဘဏ္ဍာများကို မစောင့်ရှောက်အပ် မလုံခြုံစေအပ်သည်ဖြစ်၏။ အကြောင်းမှာ မြို့တံခါးမှ ခိုးသူတို့သည် ဝင်ရောက်၍ အလိုရှိတိုင်း ပြုလုပ်နိုင်သောကြောင့် ဖြစ်ပေ၏၊ ထိုဥပမာအတူ ဇောစိတ်၌ ဒုဿီလမှု စသည် ဖြစ်ကုန်သည်ရှိသော် ထိုဇောစိတ်ကို မပိတ်မဆို့သောကြောင့် ဒွါရသည်လည်းမလုံခြုံ၊ အာဝဇ္ဇန်း အစရှိသော ဝီထိစိတ်တို့သည်လည်း မလုံခြုံဖြစ်လေ၏။

ထိုဇောစိတ်၌ သီလအစရှိသော ကုသိုလ်တရားတို့ ဖြစ်ကုန်သည်ရှိပါမူကား ဒွါရသည်လည်း လုံခြုံ၏၊ ဘဝင်အာဝဇ္ဇန်း အစရှိသော ဝီထိစိတ်တို့သည်လည်း လုံခြုံ၏၊ ဥပမာအားဖြင့် မြို့တံခါးကို ကောင်းစွာ ပိတ်ဆို့ စောင့်ရှောက်အပ်သည်ရှိသော် မြို့တွင်းရှိ အိမ်စသည်များကို မပိတ်မဆို့သော်လည်း မြို့တွင်းရှိ ပစ္စည်းဘဏ္ဍာတို့ကို ကောင်းစွာ လုံခြုံစေအပ် စောင့်ရှောက်အပ်သည်မည်၏၊ မြို့တံခါးကို ပိတ်ထားခြင်းကြောင့် ခိုးသူတို့သည် မြို့တွင်းသို့ပင် မဝင်နိုင်တော့ချေ၊ ဤဥပမာအတူ ဇော၌သီလ အစရှိသော ကုသိုလ်တရားတို့ဖြစ်ခဲ့သည်ရှိသော် ဒွါရကိုလည်း လုံခြုံစေအပ်၏၊ ဘဝင်အာဝဇ္ဇန်း အစရှိသော ဝီထိစိတ်တို့ကိုလည်း လုံခြုံစေအပ်၏၊ ထို့ကြောင့် ဇောခဏ၌ဖြစ်သော စောင့်စည်းခြင်းကို စက္ခုန္ဒြိယသံဝရ ဟူ၍ ဆိုအပ်၏။

**"နားဖြင့် အသံကိုကြား၍"** အစရှိသည်တို့၌လည်း ဤဆိုအပ်ခဲ့ပြီးသောနည်းအတိုင်းပင် သိအပ်၏။

> ဤဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း အကျဉ်း အားဖြင့် ရူပါရုံ အစရှိသည်တို့၌ ကိလေသာ အစဉ်လိုက်၍ နိမိတ်စသည်ကို ယူခြင်းမှ ရှောင်ကြဉ်ခြင်း လက္ခဏာရှိသော ဤသီလကို ဣန္ဒြိယသံဝရသီလ ဟူ၍ သိအပ်၏။

ဣန္ဒြိယသံဝရသီလ ပြီး၏။

## အာဇီဝ ပါရိသုဒ္ဓိသီလ

(၁၆) ယခုအခါ ဣန္ဒြိယသံဝရသီလကို ပြပြီး၍ ဤအဋ္ဌကထာတွင်ပင် နောက်က ဆိုခဲ့ပြီးသော (ဃ) သီလ လေးပါး အကျဉ်း ပြရာဝယ်၊ အာဇီဝပါရိသုဒ္ဓိသီလကို ပြရာ၌ **"အသက်မွေးမှုဟူသော အကြောင်းကြောင့် ပညတ်အပ်ကုန်သော ခြောက်ပါးသော သိက္ခာပုဒ်"**တို့ဟူသည်ကား—

(၁) အသက်မွေးခြင်းဟူသော အကြောင်းကြောင့် ယုတ်မာသော အလိုရှိသည်ဖြစ်၍ အလိုဆိုးနှိပ်စက်သည်ဖြစ်၍ မိမိ၌ထင်ရှားမရှိသော မဟုတ်မမှန်သော ပုဂ္ဂိုလ်သူမြတ်တို့၏ တရားဖြစ်သော ဈာန် မဂ်-ဖိုလ်တရားကို ပြောဟောငြားအံ့၊ ပါရာဇိကအာပတ်သို့ ရောက်၏။

(၂) အသက်မွေးခြင်းဟူသောအကြောင်းကြောင့် အောင်တမန်သွားလာခြင်းသို့ ရောက်ငြားအံ့၊ သံဃာဒိသေသ အာပတ်သို့ ရောက်၏။

(၃) အသက်မွေးခြင်းဟူသော အကြောင်းကြောင့် အကြင်ရဟန်းသည် ထို ကျောင်း၌ နေ၏၊ ထို ရဟန်းသည် ရဟန္တာတည်းဟု ပြောဆို၏၊ သိလျက် ဝန်ခံငြားအံ့၊ ထုလ္လစ္စယ အာပတ်သို့ ရောက်၏။

(၄) အသက်မွေးခြင်း ဟူသော အကြောင်းကြောင့် မနာမဖျားပါဘဲလျက် ရဟန်းသည် မိမိ၏ အကျိုးငှါ မွန်မြတ်သော ဘောဇဉ် အာဟာရကို တောင်း၍ သုံးဆောင်ငြားအံ့၊ ပါစိတ် အာပတ်သို့ ရောက်၏။

(၅) အသက်မွေးခြင်း ဟူသော အကြောင်းကြောင့် ရဟန်းမိန်းမသည် မနာမဖျားပါဘဲလျက် မိမိအကျိုးငှါ မွန်မြတ်သော ဘောဇဉ် အာဟာရကို တောင်း၍ သုံးဆောင်ငြားအံ့၊ ပါဋိ-ဒေသနီယအာပတ်သို့ ရောက်၏။

(၆) အသက်မွေးခြင်း ဟူသော အကြောင်းကြောင့် မနာမဖျားပါဘဲလျက် ဟင်းကိုဖြစ်စေ, ထမင်းကိုဖြစ်စေ မိမိအကျိုးငှါ တောင်း၍သုံးဆောင်ငြားအံ့၊ ဒုက္ကဋ်အာပတ်သို့ရောက်၏။ ဤသို့ ပညတ်အပ်သော ခြောက်ပါးသော သိက္ခာပုဒ်တို့ပေတည်း။

**သီလ လေးပါးအရာတွင် နောက်က အကျဉ်း ပြခဲ့ပြီ သော အံ့ဩစေခြင်း ကုဟန, ချီးမြှောက်၍ပြောခြင်း လပန စသည်တို့၏ အကျယ်ကို ဝိဘင်း ပါဠိတော်တွင် လာသောအတိုင်းထုတ်ပြပေဦးအံ့။**

(၁) "**အံ့ဩစေခြင်းကုဟန**" ဆိုသည်ကား–အဘယ်နည်း ဟူမူ-လာဘ် ပူဇော်သကာ အကျော်အစောကိုမှီသော ယုတ်မာသောအလိုရှိသော ယုတ်မာသော အလိုဆိုး နှိပ်စက်အပ်သော ရဟန်း၏ပစ္စည်းကို မှီဝဲခြင်းဟု ဆိုအပ်သော ပစ္စည်းကို ဖြစ်စေခြင်း၏ အကြောင်း အံ့ဩဘွယ်ကို ဖြစ်စေခြင်း ပစ္စယ ပဋိသေဝန ကုဟန ဝတ္ထုရင်း, ချာန်, မဂ်, ဖိုလ် တရားထူးကို ရသလိုလို ဈာန်နား မဂ်နားသို့ သီကာ ရိပ်ကာ စကားပြောခြင်း ဟူသော သာမန္တ ဇပ္ပန ကုဟန ဝတ္ထုရင်း, ဣရိယာပုထ်ကို ကောင်းစွာထားခြင်း ကောင်းစွာ ထားသော အခြင်းအရာ ကြည်ညိုဘွယ်ရာ ပြုပြင်၍ ထားခြင်းဟုဆိုအပ်သော အကြင်မျက်မှောင်တကုတ်ကုတ် ပြုခြင်း အကြင် အံ့ဩခြင်းကို ဖြစ်စေခြင်း၊ အကြင် အံ့ဩစေသော သူ၏ အဖြစ် တည်းဟူသော **ဣရိယာပထ** ကုဟန ဝတ္ထုသည်ရင်း ရှိ၏၊ ဤသုံးပါးသော ကုဟန ဝတ္ထုဖြင့် အံ့ဘွယ်ပြုခြင်းကို "**ကုဟန**" ဟူ၍ ဆိုအပ်၏။

(၂) "**ချီးမြှောက်၍ ပြောခြင်း လပန**" ဆိုသည်ကား- အဘယ်နည်း ဟူမူ-လာဘ် ပူဇော်သကာ အကျော်အစောကို တဏှာဖြင့်မှီသော ယုတ်မာသော အလိုဆိုးရှိသောယုတ်မာသော အလိုဆိုးသည် သမ္မာအာဇီဝမှကင်းသည်ကို ပြုအပ်သောရဟန်း၏ ဒါယကာတို့အား အကြင် လက်ဦးစွာခေါ်၍ လာဘ် လာဘနှင့် စပ်သောစကားကို ပြောခြင်း အာလပန, အကြင်ဒါယကာတို့ မေး၍ပြောခြင်း လပန, အကြင် ဒါယကာတို့အား အခွင့်ကို ပေး၍

ပြောခြင်း သလ္လပန, အကြင်ဒါယကာတို့ကို မြှောက်မြှောက်ပင့်ပင့် ပြောခြင်း ဥလ္လပန, အကြင် ခပ်သိမ်းသောအဘို့ဖြင့် ချီးချီး ပင့်ပင့် သာသာယာယာ ပြောခြင်း သမုလ္လပနာ, အကြင်ဒါယကာတို့ကို ချီးမြှောက်၍ ပစ္စည်း လှူခြင်းမှ မလွတ်သာအောင် တရစ်ရစ် ပြောခြင်း ဥန္နဟနာ, အကြင် အဖန်ဖန်အထပ်ထပ် တရစ်ပတ်ပတ် ပြောဆိုခြင်း သမုန္နဟနာ, အကြင်မြှောက်ခြင်း ဥက္ကာစနာ, အကြင် အဖန် တလဲလဲ မြှောက်ပင့်ခြင်း သမုက္ကာစနာ, အကြင် ချစ်ဘွယ် သောစကားကိုသာ အဖန် တလဲလဲ ပြောခြင်း ပိယဘာဏိတာ, အကြင်ဒါယကာတို့ချစ်မြတ်နိုးစေလို၍ မိမိကိုယ်ကို နှိမ့်နှိမ့် ချချ ကျင့်သောသူ၏အဖြစ် စာဋုကမျတာ, အကြင် အမှန် နည်းပါး မမှန်များလျက် ပဲနောက်ဟင်းနှင့် တူသောစကားကို ပြောဆို တတ်သောသူ၏အဖြစ် မုဂ္ဂသူပျတာ, အကြင် အမျိုးသားကလေး သူငယ်တို့ကို ချော့မော့ ချီပိုးတတ်သူ၏အဖြစ် ပါရိဘဋျတာသည် ရှိ၏၊ ထိုနှုတ်အမူအရာအဆိုအမိန့်မျိုးကို **"လပန"**ဟူ၍ ဆိုအပ်၏။

(၃) **"နိမိတ်ပြ၍ ပြောခြင်း နိမိတ္တကတာ"**ဆိုသည်ကား— အဘယ်နည်းဟူမူ—လာဘ် ပူဇော်သကာ အကျော်အစောကို တဏှာဖြင့်မှီသော ယုတ်မာသောအလိုဆိုးရှိသော ယုတ်မာသော အလိုဆိုးသည် နှိပ်စက်အပ်သော ရဟန်း၏ ဒါယကာတို့အား အကြင် ပေးလှူရန်အတွက်အမှတ်သညာကို ဖြစ်စေသော ကိုယ်အမူ အရာ နှုတ်အမူအရာ နိမိတ်သည်, နိမိတ်အမှတ် လက္ခဏာကို ပြုခြင်း နိမိတ္တကမ္မသည်, မိမိအလိုကို အရိပ်ပြသော ပစ္စည်းနှင့် စပ်သော စကား ဩဘာသသည်, မိမိလိုချင်သည်ကို အရိပ်ပြမှု ဩဘာသကမ္မသည်, လိုအပ်သောဝတ္ထု၏ အနီးအနားကို သိ၍ ပြောခြင်း သာမန္တဇပ္ပနသည်, အကြင်ပစ္စည်း ရရန်အတွက် တရစ် ပတ်ပတ် တဝေ့လည်လည် ပြောဆိုခြင်းသည်ရှိ၏၊ ဤဆိုအပ်ခဲ့ ပြီးသော ကိုယ်အမူ နှုတ်အမိန့်မျိုးကို **"နိမိတ္တကတာ"**ဟူ၍ ဆိုအပ်၏။

(၄) **"ဘိနှိပ်၍ ပြောခြင်း နိပ္ပေသိကတာ"**ဆိုသည်ကား— လာဘ် ပူဇော်သကာ အကျော်အစောကို တဏှာဖြင့် မှီသော

ယုတ်မာသော အလိုဆိုးရှိသော ယုတ်မာသော အလိုဆိုးသည် နှိပ်စက်အပ်သောရဟန်း၏ ဒါယကာ ဒါယိကာမတို့သည် ဆဲရေးအံ့သည်မှ ကြောက်ရွံ့၍ ပေးလှူလေအံ့ဟု နှလုံးသွင်းပြီးလျှင် အကြင် ဆယ်ပါးသော ဆဲရေးခြင်းဖြင့် ဆဲရေးခြင်းသည်၎င်း, အကြင် နှိပ်နှိပ်စက်စက် ဆိုခြင်းသည်၎င်း, ကဲ့ရဲ့ရှုတ်ချပြောဆိုခြင်းသည်၎င်း,ဒါယကာတို့ကို ပစ်ပယ်၍ ပြောခြင်းသည်၎င်း,မခံသာအောင် ချီဆောင့်၍ပြောခြင်းသည်၎င်း, စကားဖြင့် စောင်းချိတ်၍ ပြက်ရယ်ပြုခြင်းသည်၎င်း, အဘယ့်ကြောင့် ဤသူကို မလှူဟူ၍ဆိုကြသနည်း၊ဤသူသည် ငါ့အရှင်တို့အား အမြဲနိစ္စ ထာဝရ ပင်မရှိပါဟူသောစကားဖြင့် အားကြီးလှူတတ်သောသူမဟုတ်ပါလားဟု ပြောင်လှောင် ပြောဆိုခြင်းသည်၎င်း, မလှူသော သူ၏ အဖြစ်သို့ ရောက်စေခြင်း သည်၎င်း, မလှူသော သူ၏ အဖြစ်သို့ အခြင်းခပ်သိမ်း ရောက်စေခြင်းသည်၎င်း, ဤသို့ ပြောဆိုခြင်းဖြင့် ဤသူ အရှက်ရ၍ လှူလိမ့်မည်ဟူသော အလိုဆိုးဖြင့် ကျေးဇူးမဲ့ အထွေထွေကို ရှာရှာဖွေဖွေ ပြောဆို ခြင်းသည်၎င်း, ရှေ့တွင် ချီးမွမ်း၍ ကွယ်ရာမှာ ရှုတ်ချပြောဆိုတတ်သော သူ၏ အဖြစ်သည်၎င်း,ရှိ၏၊ ဤဆိုအပ်ခဲ့ပြီးသော အလုံးစုံကို သူတပါး၏ ဂုဏ်ကျေးဇူးကို မှုန့်မှုန့်ညက်ညက် ချေဖျက်တတ်သော ဘိနှိပ်၍ ပြောခြင်း“**နိပ္ပေသိကတာ**”ဟူ၍ ဆိုအပ်၏။

(၅) “**လာဘ်ဖြင့် လာဘ်ရအောင် သွေးဆောင်ခြင်း လာဘေန လာဘံ နိဇိဂီသနတာ**”ဆိုသည်ကား–လာဘ်ပူဇော်သကာအကျော်အစောကိုမှီသော ယုတ်မာသောအလိုဆိုးရှိသော ယုတ်မာသော အလိုဆိုးသည် နှိပ်စက်အပ်သော ရဟန်းသည် ဤအိမ်မှရအပ်သောဆွမ်းစသောအာမိသကို ထိုအိမ်သို့ ဆောင်၏။ ထိုအိမ်မှ ရအပ်သော ဆွမ်းစသော အာမိသကိုလည်း ဤအိမ်သို့ တဖန် ဆောင်ခဲ့၏။ ဤသို့သဘောရှိသော ဆွမ်းစသော အာမိသဖြင့် အာမိသကို ရှာခြင်း,ရအောင် ပြုခြင်း, အဖန်ဖန်ရှာဖွေခြင်း, တောင့်တခြင်း, တောင့်တောင့် တတ ရှာခြင်း, အဖန် တလဲလဲ ရှာခြင်းသည် ရှိ၏၊ ဤသို့ ရပြီးသော လာဘ်ဖြင့် မရသေးသော

လာဘ်ကို ရှာခြင်းကို **"လာဘေန လာဘ နိဇိဂီသနတာ"** ဟူ၍ ဆိုအပ်၏။

၁၇။ ဤဆိုအပ်ခဲ့ပြီးသော ဝိဘင်းပါဠိတော်လာ ကုဟန လပနစသော စကားတို့၏ အနက်အဓိပ္ပါယ်ကို ဤဆိုလတ္တံ့သော အတိုင်း သိအပ်၏။

ကုဟနကိုပြရာတွင် (၁) **"လာဘ်ပူဇော်သက္ကာအကျော်အစော ကို မှီသော"** ဟူသည်ကား — လာဘ်ရလိုခြင်း သူတပါးက ပူဇော် သက္ကာရ ရှိသေသမှု ပြုစေလိုခြင်း, ကျော်စောသတင်း ပျံ့လွင့် စေလိုခြင်းကို မှီသည်၊ ၎င်းကို တောင့်တသည်ဟူ၍ ဆိုလိုသည်။

**"ယုတ်မာသော အလိုရှိသော"** ဆိုသည်ကား — မိမိ၌ ထင်ရှားမရှိသော သဒ္ဓါ သီလစသော ဂုဏ်များကို ရှိလေယောင် ယောင် သူတပါးအားပြလိုသော အလိုယုတ်,အလိုဆိုးရှိသည်ဟု ဆိုလိုသည်။

**"ယုတ်မာသော အလိုသည် ကင်းသည့်ကို ပြုအပ်သော"** ဆိုသည်ကား — ထိုယုတ်မာသော အလိုဆိုးက ကောင်းသော အသက်မွေးမှု သမ္မာအာဇီဝမှ ကင်းအောင်ပြုသည်၊ ထိုယုတ်မာ သော အလိုဆိုးက နှိပ်စက်သည့် ဟု ဆိုလိုသည်။

ဤ၌မှ နောက်၌မူကား ပစ္စည်းကို မှီခြင်း ပစ္စယ ပဋိ-သေဝန ကုဟနဝတ္ထုဟူ၍၎င်း,သီကာရိပ်က စကားပြော ခြင်း သာမန္တ ဇပ္ပန ကုဟန ဝတ္ထုဟူ၍၎င်း, ဣရိယာပုထ်ကို ကောင်းစွာ ပြုပြင်ထားခြင်း ဣရိယာပထ သန္နိဿိတ ကုဟန ဝတ္ထုဟူ၍၎င်း မဟာနိဒ္ဒေသ ပါဠိတော်တွင် ကုဟနဝတ္ထု သုံးမျိုး လာ၏၊ ထိုသို့ မဟာနိဒ္ဒေသတွင် လာသော ကုဟန ဝတ္ထု သုံးမျိုး၏ ပါဠိတော်မူရင်းကို ပြုခြင်းငှါ, "ပစ္စည်းကို မှီဝဲခြင်း" ဟု ဆိုအပ်သော ပစ္စည်းကို ဖြစ်စေခြင်း၏အကြောင်းစသောစကားတို့ကို ဟောတော် မူပေသတည်း။

ထိုစကား တို့၌ သက်နိုး အစရှိသော ပစ္စည်းဖြင့် အလှူခံရန် ပင့်ဘိတ်ခံရသောရဟန်းသည် ထိုသက်နိုးအစရှိသော ပစ္စည်းကို လိုချင်သောစိတ် ယိုဖိတ်မတတ်ရှိပါသော်လည်း မိမိသန္တာန်တွင် အောင်းသော မကောင်းသော အလိုဆိုးကို မှီ၍ ဤပစ္စည်းစုကို ငါအလိုမရှိဟု ပယ်စွန့်၏၊ ဒါယကာတို့သည် ထိုရဟန်း၏ မတုန်မလှုပ်သော သဒ္ဓါတရားရှိသည်ကို ရိပ်မိသိရှိကြ၍ တဖန်၌အရှင်သည်ကား အလွန် အလို နည်းပေစွ, တစုံတခုသော ဝတ္ထုကိုမျှ မခံမယူပေ, အနည်းငယ်မျှဖြစ်စေ တစုံတခုသောဝတ္ထုကို ထိုအရှင် ခံယူပါလျှင် ငါတို့မှာ အကျင့်ကောင်း ပုဂ္ဂိုလ်မြတ်ကြီးကို လှူဒါန်းရ၍ ကုသိုလ်အထူးကို ဆည်းပူးမိသည် ဖြစ်လေရာ၏ဟု နှလုံး သွင်းကြပြီးလျှင် အထူးထူး အထွေထွေသော အကြောင်းတို့ဖြင့် အကောင်းဆုံး အမြတ်ဆုံး ဖြစ်သော လှူဘွယ် တန်းရန် သက်နိုးစသော ပစ္စည်းတို့ကိုကပ်လှူကြသည်ရှိသော် ထိုရဟန်းက "သင် ဒါယကာတို့ကို သနားသဖြင့်သာလျှင် ဤပစ္စည်းစုကို ငါအလှူခံရသည်၊ ငါမူကား အလိုရှိ၍မဟုတ်ဘူး''ဟု ပြောလေ၏၊ ထိုနေ့မှ စ၍ အလှူခံယူကြောင်း သိကြလေ၏၊ ဤသို့လျှင် လှည်းကြီး လှည်းငယ်ဖြင့် တိုက်၍ သူ့ထက်ငါ ကပ်လှူခြင်း၏ အကြောင်းကို အံ့ဩဘွယ်ရာ ပြုလုပ်သောကြောင့် ပစ္စည်းကို မှီဝဲခြင်း ပစ္စယပဋိသေဝန ကုဟနဝတ္ထုဟူ၍ ဆိုအပ်လေသည်၊ ထိုစကား မှန်သည်, ထို့ကြောင့်ပင် မဟာနိဒ္ဒေသ ပါဠိတော်တွင် အောက်ပါအတိုင်း အကျယ်ဖွင့်ပြအပ်လေသည်။

"ပစ္စည်းကို မှီဝဲခြင်း ပစ္စယပဋိသေဝန ကုဟန ဝတ္ထုဟူသည် အဘယ်နည်း" ဟူမူကား–ဤသာသနာတော်၌ ဒါယကာတို့သည် ရဟန်းကို သက်နိုး,ဆွမ်း,ကျောင်း အိပ်ရာနေရာ,သူနာ အထောက်အပံ့ အသက်အရံအတား ဆေးပစ္စည်း လေးပါးတို့ဖြင့် ပင့်ဘိတ်၏၊ယုတ်မာလှသောအလိုဆိုးရှိသည်ဖြစ်၍ယုတ်မာသော အလိုဆိုးသည် နှိပ်စက် အပ်သည်ဖြစ်၍ သက်နိုး····(လ)···· ပစ္စည်း တို့ကို အလိုရှိသည် ဖြစ်ပါလျက် များများ ရလိုမှုကို အကြောင်းပြု၍ သက်နိုးကို ပယ်စွန့်၏၊ ဆွမ်းကို ပယ်စွန့်၏၊

ကျောင်းအိပ်ရာနေရာကို ပယ်စွန့်၏၊ သူနာအထောက်အပံ့ အသက်အရံအတားဆေးကို ပယ်စွန့်၏၊ ထိုရဟန်းသည် ဤသို့ ဆို၏၊ "ကိလေသာ" ကုန်ခန်းအောင် ကျင့်သောရဟန်းအား အဘိုးထိုက်တန်သောသက်န်းဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ ရဟန်းမည်သည်ကား သုသာန်သင်းချိုင်းမှသော်၎င်း, တံမြက် ချေးစုမှသော်၎င်း, အိမ်ဈေးမှ စွန့်ပယ်အပ်သော်၎င်း ဖြစ်သော ဟောင်းနွမ်း ဆွေးမြည့်သော ပုဆိုးအဝတ်တို့ကို ရှာဖွေရွေး ကောက်စုရုံး၍ သက်န်းကြီးပြုလုပ်ချုပ်စပ်ပြီးလျှင် ဝတ်ရုံရာ၏၊ ဤသို့အဟောင်းအနွမ်းများကို စပ်ဖာ၍ ဝတ်ဆင်ခြင်းသည်သာ ရဟန်းအား သင့်လျော်လျောက်ပတ်၏။

ရဟန်းအား အဘိုးထိုက်တန်သောဆွမ်းဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ ရဟန်းမည်သည်ကား သပိတ်စွဲကာ ဆွမ်းရှာလှည့်၍ အိမ်စဉ်စုပေါင်း ကောင်းမကောင်း ရသမျှသောဆွမ်းဖြင့် မျှတ ရောင့်ရဲကာ အသက်မွေးရာ၏၊ ဤသို့ သားလုံးမြင်းခေါင်းကိုမှီ၍ အသက်မွေးခြင်းသည်သာ ရဟန်းအား သင့်လျော်လျောက်ပတ်၏။

ရဟန်းအား အဘိုးထိုက်တန်သော ကျောင်းအိပ်ရာနေရာဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ ရဟန်းမည်သည်ကား သစ်ပင်ရင်း၌ နေလေ့ရှိသည်၎င်း, လွင်တီးခေါင်မှာ နေလေ့ရှိသည်၎င်း, ဤသို့ နေခြင်းသာ ရဟန်းအားလျောက်ပတ်၏။

ရဟန်းအား အဘိုးထိုက်တန်သော သူနာအထောက်အပံ့ အသက်အရံအတားဆေးဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ ရဟန်း မည်သည်ကား နွားကျင်ငယ်ပုပ်ဖြင့်၎င်း, သဖန်းခါးသီးပိုင်းဖြင့် ၎င်း, ဆေးကိုပြုအပ်၏၊ ဤသို့ပြု၍ ဆေးဝါးသုံးဆောင်ခြင်းသည် သာ ရဟန်းအားလျောက်ပတ်၏ဟု ဤသို့သောစကားကို ဆို၏။

ထိုမိမိဆိုသောစကားကိုအစွဲပြု၍ ခေါင်းပါးသောသက်န်းကို ဆောင်၏၊ ခေါင်းပါး ကြမ်းထမ်းသောဆွမ်းကို သုံးဆောင်၏၊ ခေါင်းပါးသော ကျောင်းအိပ်ရာနေရာ၌ နေ၏၊ ခေါင်းပါး ယုတ်ညံ့သောဆေးဝါးများကို မှီဝဲ၏၊ ထိုရဟန်းကို ဒါယကာ

တို့သည် ဤရဟန်းကား အလိုနည်းလှပေ၏၊ တကာတကာမ တို့နှင့်မရောမပြွမ်းပေ၊ အားထုတ်အပ်သော ဝီရိယ လုံ့လရှိ၏၊ သူတပါးတို့အား ခုတင်၏ကျေးဇူးကို ဟောတတ်ပေ၏ဟု ဤသို့ သိကြကုန်၏၊ သိ၍အတိုင်းထက်အလွန် သက်နီး ဆွမ်းစသော ပစ္စည်းလေးပါးတို့ဖြင့် ပင့်ဘိတ်ကြကုန်၏၊ မရမကပင့်ကြကုန်၏၊ စိတ်ထားမရိုးသဘောဆိုးသော ထိုရဟန်းသည် ဤသို့တရား ဟောပြော၏၊ "အို-ဒါယကာတို့၊ အကြောင်းသုံးပါး မျက်မှောက် ထင်ရှားစုံညီသောကြောင့် သဒ္ဓါတရားရှိသော အမျိုးသားအား များစွာသော ကောင်းမှုပုညကို ပွါးစေလေ၏၊ ကံ့ကံ၏အကျိုးကို ယုံကြည်သော သဒ္ဓါတရားရှိသောကြောင့် လှူဘွယ်ဝတ္ထု၏ ထင်ရှားရှိခြင်းကြောင့် တမလွန်လောကကို ယုံကြည်၍ လှူအပ် သောအလှူဝတ္ထုကို ခံခြင်းငှါထိုက်သော သီလဝန်, ဂုဏဝန် သခင်မွန် ရဟန်းမြတ်တို့၏ ထင်ရှားရှိခြင်းကြောင့် များစွာသော ကောင်းမှု ပုညကိုပွါးစေလေ၏၊ သင်-ဒါယကာတို့အား ငါ့ကို ကိုးစားယုံကြည်သော သဒ္ဓါတရားသည်လည်း ရှိကြပါပေ၏၊ လှူဘွယ် ဝတ္ထုတို့လည်း ရှိကြပါပေကုန်၏၊ ငါ-ဆရာတည်း ဟူသော အလှူခံပုဂ္ဂိုလ်မြတ်သည်လည်း ထင်ရှားရှိ၏၊ အကယ်၍ သာ ငါသည်အလှူမခံငြားအံ့၊ သင်တို့သည် ကုသိုလ်ကောင်းမှုမှ အပ ဖြစ်ကြကုန်လိမ့်မည်၊ ငါမူကား ဤဝတ္ထုပစ္စည်းကို လိုချင် လှသည်မဟုတ်၊ ထိုသို့ပင် ငါ-မလိုချင်သော်လည်း သင်-ဒါယကာ တို့ကိုသနားသဖြင့် အလှူခံရပေတော့အံ့"ဟု ဤသို့ တရား ဟော၏၊ ထိုစကားကိုအစွဲပြု၍ များစွာသော သက်နီးတို့ကိုလည်း ခံယူ၏၊ များစွာသော ဆွမ်း, ကျောင်းအိပ်ရာနေရာ, သူနာ အထောက်အပံ့ဆေးဝါးပစ္စည်းတို့ကိုလည်း ခံယူ၏၊ ဤသို့သဘော ရှိသော မျက်မှောင်တရှုံ့ရှုံ့ပြုခြင်း မျက်မှောင်ရှုံ့လေ့ရှိသောသူ၏ အဖြစ် အကြင် အံ့ဩစေခြင်း အံ့ဩခြင်းဖြစ်လောက်သော အခြင်း အရာ အံ့ဩဘွယ်ကို ပြုတတ်သောသူ၏အဖြစ်များသည် ရှိ၏၊ ထို အလုံးစုံသော အမူအရာများကို ပစ္စယပဋိသေဝန ကုနဟဝတ္ထု ဟူ၍ ဆိုအပ်၏။

ဈာန်-မဂ်-ဖိုလ်တရားထူးကို ရသလိုလို ဈာန်နား မဂ်နားသို့ သိကာရိပ်ကာ စကားပြောခြင်း ဟူသော သာမန္တ ဇပ္ပန ကုဟန ဝတ္ထုဆိုသည်ကား—အလို ဆိုး ရှိသော သဘော ဖြင့် ဈာန် တရား မဂ်တရားတည်း ဟူသော သူမြတ်တို့၏တရားကို ရလေယောင် ယောင်ပြော၍ အံ့ဩဘွယ်ရာပြုမှုခြင်းကို သာမန္တဇပ္ပနကုဟန ဝတ္ထုဟူ၍ သိအပ်၏၊ မဟာနိဒ္ဒေသ ပါဠိတော်၌ အရှင်သာရိပုတ္တရာ အဘယ်သို့ ဟောတော်မူပါသနည်း ဟူမူ-အနီးအနား၌ သိကာ ရိပ်ကာပြောခြင်း သာမန္တဇပ္ပနဟု ဆိုအပ်သော ကုဟနဝတ္ထုသည် အဘယ်နည်း ဟူမူကား—ဤသာသနာတော်၌ အချို့သော ရဟန်း တို့သည် ယုတ်မာသော အလိုဆိုးသည် နှိပ်စက်အပ်သောကြောင့် မိမိကို ဈာန်ရပုဂ္ဂိုလ် အရိယာပုဂ္ဂိုလ် ဟု ချီးမွမ်းစေလိုလှသော ကြောင့် ဤသို့ပြောဆိုခဲ့သော် ငါ့အားလူအများတို့သည် ချီးမွမ်း လတ္တံ့ဟု နှလုံးသွင်း၍ အရိယာတို့၏ တရားနှင့်စပ်သောစကားကို ပြောဆို၏၊ အကြင် ရဟန်းသည် ဤသို့ သဘောရှိသောသင်္ကန်းကို ဝတ်ရုံ၏၊ ထိုရဟန်းသည် တန်ခိုးအလွန်ကြီးသော ရဟန်းဖြစ် သည်ဟု ဆို၏၊ အကြင်ရဟန်းသည် ဤသို့သဘောရှိသော သပိတ်ကို ကြေးခွက်ကို, ရေစစ်ကို, ပုဝါရေစစ်ကို, သံကောက်ကို, ခါးပန်းကြိုးကို, ဘိနပ်ကိုဆောင်၏၊ ထိုသို့သဘောရှိသော ရဟန်းသည် အလွန်တန်ခိုးကြီးမားပေ၏ဟု ဆို၏၊ အကြင်ရဟန်း ၏ ဥပဇ္ဈာယ်ဆရာသည် ဤသို့သဘောရှိ၏၊ ထိုဆရာသည် ငါနှင့်တူသော ဥပဇ္ဈာယ်ရှိ၏၊ တူသောဆရာရှိ၏၊ အဆွေခင်ပွန်း ဖြစ်၏၊ မြင်ဘူးသောမိတ်ဆွေဖြစ်၏၊ အတူတကွ နေထိုင်ကြ ဘူးသော မိတ်ဆွေဖြစ်၏၊ ဆိုးတူကောင်းဘက် မိတ်ဆွေဖြစ်၏၊ အကြင်ရဟန်းသည် ဤသို့သဘောရှိသော ကျောင်း၌နေ၏၊ တဘက်မိုးသောကျောင်း၌, ပြာသာဒ်၌, ပြာသာဒ်ဦးပြည်း၌, ကုဋီ၌, စုလစ်မွန်ချွန်တပ်သောကျောင်း၌, ပြဒိုး၌, တန်ဆောင်း၌, ဥစ္စာထားရာ တိုက်၌, ညီမူရာစရပ်၌, မဏ္ဍပ်၌, သစ်ပင်ရင်း၌ နေ၏၊ ထိုရဟန်းသည် အလွန်တန်ခိုးကြီးမားပေ၏ဟု ဆို၏။

တနည်းသော်ကား—စက်ဆုပ်ရွံရှာဘွယ် မြူအညစ်အကြေးနှင့် တူသောမကောင်းသော အလိုဆိုးဖြင့် ကိုယ်-နှုတ်ကို လွန်စွာ

အကျိုးမဲ့ နှိပ်ကွပ် စောင့်စည်းသည်ဖြစ်၍ ကုတ်ကုတ် ယုတ်ယုတ် နေလေယောင် မျက်မှောင်ကုတ်သည်ဖြစ်၍ အလွန်အံ့ဩဘွယ်ကို ဖြစ်စေသည် ဖြစ်၍ လွန်လွန်ကဲကဲ အပြောကြီးသည်ဖြစ်၍ မိမိ နှုတ်ထွက်စကားဖြင့် သူတပါး ချီးမွမ်းအပ်သည်ဖြစ်၍ ဤရဟန်းသည် ဤမည်သော သမာပတ်ကို ရလေ၏ဟု ဤသို့ သဘောရှိသော နက်နဲသော လျှို့ဝှက်အပ်သော သိမ်မွေ့သော ဖုံးလွှမ်းအပ်သော လောကုတ္တရာဖြစ်သော သုညတနှင့်စပ်သောစကားကို ပြောဆို၏၊ ဤသို့ သဘောရှိသော မျက်မှောင်တကုတ်ကုတ် ပြုခြင်း မျက်မှောင်တကုတ်ကုတ် ရှိသောသူ၏ အဖြစ်, အံ့ဩဘွယ် ပြုခြင်း အံ့ဩဘွယ်ပြုသောသူ၏ အဖြစ်သည် ရှိ၏၊ ဤဆိုအပ်ခဲ့ ပြီးသည်ကို သာမန္တဇပ္ပနကုဟန ဝတ္ထုဟူ၍ ဆိုအပ်၏။

ယုတ်မာသော အလိုဆိုးရှိသည်ဖြစ်၍ မိမိကို သူတပါးက အရိယာသူတော်ကောင်းဟု ချီးမွမ်းစေလိုသော သဘောဖြင့် အနေအထိုင် အသွားအလာ ဣရိယာပုထ်ကို အံ့ဩဘွယ်ပြုခြင်းကို ဣရိယာပထသန္နိဿိတ ကုဟန ဝတ္ထုဟူ၍ သိအပ်၏၊ မဟာ-နိဒ္ဒေသ ပါဠိတော်၌ အရှင်သာရိပုတ္တရာ အဘယ်သို့ ဟောတော်မူပါသနည်းဟူမူ ဣရိယာပုထ်ကို အကြောင်းပြု၍ အံ့ဩဘွယ်ကို ပြုခြင်း ဣရိယာပထ သန္နိဿိတ ကုဟန ဝတ္ထုဟူသည်ကား ဤသာသနာတော်၌ အချို့သော ရဟန်းတို့သည် ယုတ်မာသော အလိုဆိုးရှိသည်ဖြစ်၍ ယုတ်မာသော အလိုဆိုးသည် နှိပ်စက်အပ်သောကြောင့် မိမိကို ဈာန်ရပုဂ္ဂိုလ် အရိယာပုဂ္ဂိုလ်ဟု ချီးမွမ်းစေလိုလှသောကြောင့် ဤသို့သော အမူအကျင့်ကို ပြုလုပ်သည်ရှိသော် ငါ့ကို လူများအပေါင်းတို့သည် အရိယာပုဂ္ဂိုလ်ဟူ၍ ချီးမွမ်းလတ္တံ့ဟု ယုတ်မာသောအလိုဆိုးဖြင့် တရားထူးရသော အရိယာပုဂ္ဂိုလ်များသွားခြင်းကဲ့သို့ သတိသမ္ပဇဉ်မကင်းသွားလေဟန်ဆောင်၏၊ အိပ်ခြင်းကိုပြု၏၊ ရဟန္တာဟု ငါ့ကို သူများသိပါစေသားဟု တောင့်တ၍ သွား၏၊ တောင့်တ၍ ထိုင်၏၊ တောင့်တ၍ ရပ်နေ၏၊ တောင့်တ၍ အိပ်ခြင်းကို ပြု၏၊ ဈာန်ဝင်စားသကဲ့သို့ သွား၏၊ ဈာန်ဝင်စားသကဲ့သို့ ရပ်၏၊ ဈာန်ဝင်စား

သကဲ့သို့ ထိုင်၏၊ ရှာန်ဝင်စားသကဲ့သို့ အိပ်ခြင်းကို ပြု၏၊ လူအများ ထင်သာ မြင်သာ အရပ်မှာ ဈာန်ဝင်စားသကဲ့သို့ ဟန်လုပ်၍ နေ၏၊ ဤသို့ သဘောရှိသော ဣရိယာပုထ်ကို ထားခြင်း, ရှိသေစွာ ပြုပြင်ခြင်း, ကောင်းစွာထားခြင်းသည့် မျက်မှောင်တကုတ်ကုတ် ရှိခြင်း မျက်မှောင်တကုတ်ကုတ် ရှိသောသူ၏ အဖြစ်, အံ့ဩဘွယ် ပြုခြင်း, အံ့ဩဘွယ်ပြုသောသူ၏ အဖြစ်သည် ရှိ၏၊ ဤဆိုအပ်ခဲ့ ပြီးသည်ကို ဣရိယာပုထ်ဟု ဆိုအပ်သော ကုဟန ဝတ္ထုဟူ၍ သိအပ်၏။

ချီးမြှောက်၍ပြောဆိုခြင်း လပနကို ပြဆိုရာ၌ (၂) "**ဒါယကာတို့အား လက်ဦးစွာခေါ်၍ လာဘ်လာဘနှင့်စပ်သော စကားကို ပြောခြင်း အာလပနာ**"ဆိုသည်ကား—ကျောင်းသို့ လာရောက်ကြကုန်သော လူတို့ကို တွေ့မြင်၍ အိုဒါယကာတို့ အဘယ်အကျိုးငှါ လာကြကုန်သနည်း၊ ရဟန်းတို့ကို ပင့်ဘိတ်ရန် လာကြကုန် သလော၊ ဤသို့ ပင့်ရန်-ဖိတ်ရန် လာကြကုန်သည် အကယ်၍ ဖြစ်အံ့၊ သင်တို့ သွားနှင့်ကြကုန်၊ ငါသည် သပိတ်ကိုယူ၍ နောက်မှ လိုက်ခဲ့အံ့၊ ဤသို့ အစရှိသောစကားကို ပြောဆိုခြင်းပေတည်း။

တနည်းသော်ကား—မိမိကိုယ်ကို ဆောင်၍ "**တိဿတိဿ**"ဟု ကျော်တော ငါဘဲ၊ ငါ့ကို ရေမြေသနင်း ပြည့်ရှင်မင်းက ကြည်ညို တော်မူတယ်၊ ငါ့ကို ဤမည်သောမင်း၏ အမတ်ကြီးတို့က ကြည်ညို ကြတယ်ဟု ဤသို့ မိမိကိုယ်ကို ဖော်ကာဖော်ကာ ကြွားဝါခြင်း ကိုလည်း "**အာလပနာ**" ဟူ၍ သိအပ်၏။

"**ဒါယကာတို့ကို မြှောက်မြှောက်ပင့်ပင့် ပြောခြင်း ဥလ္လပနာ**" ဆိုသည်ကား— "အို-သူဌေးမင်း, အို-လှေသူကြီးမင်း, အို-အလှူကြီးရှင်" (ဘုရားတကာကြီး, ကျောင်းတကာကြီး) အစ ရှိသဖြင့် မြှောက်ပင့်၍ ပြောဆိုခြင်း ပေတည်း။

"**ဒါယကာတို့ကို ချီးမြှောက်၍ ပစ္စည်းလှူခြင်းမှ မလွတ် သာအောင် တရစ်ရစ်ပြောခြင်း ဥန္နဟနာ**" ဆိုသည်ကား—

အို-ဒါယကာတို့ ရှေးက ယခုလိုအခါမှာ ကောက်ဦးအလှူများကို ပြုကြသည်၊ ယခု ဘယ့်ကြောင့် မလှူကြပါသနည်းဟု ဆို၍ ဒါယကာတို့က အရှင်ဘုရား လှူပါအံ့, လှူရန် အခွင့်မရ, မအား လပ်ကြသေးပါဟု ဆို၏၊ ဤသို့လျှင် လှူပါအံ့ဟူသော ဝန်ခံ စကားကို မရမချင်း မလှူမနေသာအောင် တရစ်ရစ် တပတ်ပတ် ပြောဆိုခြင်းကို ခြောက်ကာပင့်ကာ ပြောဆိုခြင်းကို ဥန္နဟနာ ဟူ၍ ဆိုသည်၊ တနည်းသော်ကား ကြံကိုကိုင်၍ လာသောသူကို မြင်၍ အို-ဒါယကာ အဘယ်ကို ယူဆောင်လာပါသလဲ ဟုမေး၏၊ အရှင်ဘုရား ကြံခင်းကကြံကို ယူလာပါသည်ဟု ဆိုသော် ကြံခင်းကကြံဟာ ချိုရဲ့လားဟု တဖန်မေးပြန်သည်၊ အရှင်ဘုရား စား၍ ကြည့်သော်ကား ချို,မချိုကို သိနိုင်ပါလတ္တံ့ဟု ဆိုသည် ရှိသော် အို-ဒါယကာ ရဟန်းသည် ကြံကိုလှူကြပါဟု ဆိုခြင်းငှါ မအပ်ဟု ဆို၏၊ ဤသို့လျှင် ဖြေကြားသောသူအား ရစ်ပတ် ခြင်းသည် ရှိ၏၊ ထိုသို့ ရစ်ပတ်ပြောဆိုခြင်းကို **ဥန္နဟနာ** ဟူ၍ ဆိုအပ်၏။

"နိမိတ်ပြ၍ပြောခြင်း နိမိတ္တကတာကိုပြုရာ၌ (၃) **နိမိတ် အမှတ်လက္ခဏာကိုပြုခြင်း နိမိတ္တကမ္မ**" ဆိုသည်ကား-ခဲဘွယ် စားဘွယ်ကိုယူ၍ သွားသောသူကိုမြင်၍ ဘာစားစရာရခဲ့သလဲ, စားစရာ ရခဲ့၏လော စသည်ဖြင့် အရိပ်နိမိတ် ပြုခြင်းပေတည်း။

"**မိမိလိုချင်သည်ကို အရိပ်ပြခြင်း ဩဘာသကမ္မ**" ဆိုသည် ကား-နွားငယ် ကျောင်းသူတို့ကိုမြင်၍ ဤနွားငယ်တို့သည် နို့စို့နွား ငယ်လား, သို့မဟုတ် ရက်တက်ရည် သောက်သော နွားငယ် များလားဟု မေး၍ အရှင်ဘုရား နို့စို့နွားငယ်တို့ပါဟု ဆိုသည် ရှိသော် နို့စို့နွားငယ်များမဟုတ်ဘူး၊ နို့စို့နွားငယ်တွေသာ အကယ်၍ ဖြစ်လို့ရှိလျှင် ရဟန်းများလည်း နို့ရမှာပဟု ဤသို့ အစရှိသော နည်းဖြင့် ထိုနွားကျောင်းသား သူငယ်တို့က မိဘများထံတဆင့် ပြော၍ နို့တို့ကို လှူစေခြင်းသည် **ဩဘာသကမ္မ**" မည်၏။

လိုအပ်သောဝတ္ထု၏ အနီးအနားသို့ သီ၍ပြောခြင်း သာမန္တ ဇပ္ပန ဆိုသည်ကား-ဤ နေရာ၌ **အိမ်သို့ကပ်သော ရဟန်း**

**တပါး၏ဝတ္ထုကို** ထုတ်ဆောင်၍ ဆိုသင့်၏၊ တဆင့်စကားကြားဘူးသည်မှာ အိမ်သို့ကပ်တတ်သော ရဟန်းတပါးသည် ဆွမ်းစားလိုသောကြောင့် အိမ်သို့ဝင်၍ ထိုင်နေ၏၊ ထိုရဟန်းကို မြင်သော အိမ်ရှင်မသည် မလှူတန်းလိုသောကြောင့် ဆန်မရှိဟု မြည်တွန် ညည်းညူ၍ ဆန်ရှာသွားသလိုလို ဟန်ဆောင်၍ အိမ်နီးချင်းအိမ်သို့ သွားလေ၏၊ ထိုရဟန်းသည် အိမ်တွင်းသို့ ဝင်၍ ကြည့်သည်ရှိသော် တံခါးထောင့်မှာ ထောင်၍ထားသော ကြံချောင်းကြီးနှင့် အိုးထဲမှာရှိသော တင်လဲ ထန်းလျက်ခဲကြီး ၁၊တောင်း၌ ထည့်ထားသော ငါးရန့်ခြောက်ပြားကြီး-၁၊ ဆန် အိုးထဲ၌ ဆန်များ၊ အိုးငယ်တခု၌ ထောပတ်များကို တွေ့မြင်၍ နေမြဲနေရာတွင် ဇာခြေမပျက်ထိုင်နေ၏၊ အိမ်ရှင်မသည် ဆန်ရှာ၍ ဘယ်မှာမှမရကြောင်းပြောဆိုမြည်တမ်း၍ ပြန်လာ၏။ ရဟန်းသည် အို-တကာမကြီး ယနေ့ စောစောကပင် ငါ့မှာ ဆွမ်းမပြည့်စုံ ရှိလတ္တံ့၊ ဆွမ်းငတ်လတ္တံ့သောနိမိတ် ထင်လှာပေသည်ဟု ဆို၏၊ အရှင်ဘုရား အဘယ်သို့ နိမိတ်ထင်ပါသလဲဟု မေးသည်ရှိသော်၊ အို-တကာမကြီး ငါသည် သင်၏အိမ်တံခါးကြားမှာ ထောင်ထားသော ကြံချောင်းကြီးလောက်ရှိတဲ့ မြွေကြီးတကောင်ကို နံနက်ကပင် လမ်းမှာတွေ့ခဲ့ရသည်၊ ထိုမြွေကိုပစ်ခတ်မည်ဟု ကြည့်တော့ကာ သင်၏ ခွက်ထဲမှာထားတဲ့ ထန်းလျက်ခဲကြီးလောက်ရှိတဲ့ ကျောက်ခဲကြီးကို တွေ့ရတယ်၊ အဲဒီကျောက်ခဲကြီးနဲ့ ပေါက်လိုက်တော့မှ မြွေကြီးက ပါးပြင်းကြီး ဖြန့်လာလိုက်တာ တကာမကြီးရဲ့ တောင်းထဲက ငါးရန့်ခြောက်ပြားကြီးလောက် ရှိပါရဲ့၊ ထိုကျောက်ခဲကြီးကို ကိုက်မယ်လို့ ပါးစပ်ဖြလာတဲ့ မြွေကြီးရဲ့သွားတွေဟာလဲ တကာမကြီးရဲ့ အိုးထဲက ဆန်စေ့ကလေးတွေလို ဖြူဖွေးနေတာဘဲ၊ တရှူးရှူးနဲ့ စိတ်ဆိုးသော မြွေကြီးက ထွက်လိုက်တဲ့ အဆိပ်နဲ့ရောတဲ့ အမြှုပ်တွေဟာလဲ တကာမကြီးရဲ့ အိုးထဲက ထောပတ်တွေလိုပါဘဲဟု ပြောဆိုလေ၏။ ထိုအိမ်ရှင်မကြီးသည် "သည်ကတုံးကိုဖြင့် လိမ်လို့ ရတော့မှာမဟုတ် ဟုသိ၍ ကြံကိုလှူ၍ ဆွမ်းချက်ပြီးလျှင် ထောပတ်

ငါးရန့်ခြောက် ထန်းလျက်ခဲကြီးများနှင့်တကွ ကပ်လှူလိုက်ရလေသည်။

ဤဝတ္ထုနှင့်ကဲ့သို့ မိမိလိုအပ်သောဝတ္ထု၏ အနီးအနားကို သိကာ ရိပ်ကာ ပြောဆိုခြင်းမျိုးကို **"သာ မန္တဇပ္ပန"** ဟူ၍ သိအပ်၏။

(၄) နိပ္ပေသိကတာကိုပြရာ (၅) လာဘေန လာဘံ နိဇိဂီသနတာကို ပြရာတို့၌ ဆိုခဲ့ပြီးသောအတိုင်းပင် သိမှတ်အပ်၏။

ထိုမှတပါး **"ဤသို့အစရှိသော မကောင်းမှု အကုသိုလ်တရားတို့မှ ကြဉ်ရှောင်၍"** ဆိုရာ၌ **"အစရှိသော"** ဟူ၍ ဆိုသည်မှာ "အကြင် အချို့ကုန်သော သမဏဗြာဟ္မဏ ဟူ၍ ဝန်ခံကြကုန်သော သူတို့သည် သဒ္ဓါယုံကြည်၍ လှူအပ်သော ဘောဇဉ်အာဟာရတို့ကို သုံးဆောင်ပြီးလျှင် မဂ်ဖိုလ်မှဖီလာဖြစ်သော အတတ်ပညာ ဟု ဆိုအပ်သော မှားသော အသက်မွေးခြင်းတို့ဖြင့် အသက်မွေးကြကုန်၏၊ အဘယ်အတတ်ပညာတို့နည်း ဟူမူကား—အင်္ဂဝိဇ္ဇာအတတ်, နိမိတ်ဘတ်အတတ်, ....(လ)... ယောင်းမဖြင့် မီးပူဇော်သောအတတ် အစရှိသောနည်းဖြင့် ဗြဟ္မဇာလသုတ်တွင် ဟောအပ်သော များစွာသော အကုသိုလ်တရားတို့ကို ယူရမည်။

ဤသို့လျှင် အသက်မွေးကြောင်းဖြင့် ပညတ်အပ်သော သိက္ခာပုဒ်တော် ခြောက်ပါးတို့ကို လွန်ကျူးသည့်အစွမ်းဖြင့်၎င်း, ကုဟန, လပန, နေမိတ္တက, နိပ္ပေသိက, လာဘေန လာဘံနိဇိဂီသန ဟူသော ငါးပါးသော မကောင်းယုတ်မာစွာသော တရားတို့၏ အစွမ်းအားဖြင့်၎င်း အသက်မွေးခြင်း တည်းဟူသော မိစ္ဆာဇီဝမှုများကို ကြဉ်ရှောင်ခြင်း မိစ္ဆာဇီဝ ဝိရတိသည် အာဇီဝ ပါရိသုဒ္ဓိသီလ မည်၏။

အာဇီဝပါရိသုဒ္ဓိသီလ ပြီး၏။

## ပစ္စယသန္နိဿိတသီလ

၁၀။ သီလကြီး လေးပါးကို အကျဉ်းပြရာ၀ယ် **အာဇီ၀** ပါရိသုဒ္ဓိသီလကို ပြပြီး၍ ပစ္စယသန္နိဿိတ သီလကိုပြ၏၊ ထိုသို့ပြရာတွင် သင်္ကန်းကိုပညာဖြင့် ဆင်ခြင်၍ မှီဝဲရပုံ, ဆွမ်းကိုပညာဖြင့် ဆင်ခြင်၍ မှီဝဲရပုံ, ကျောင်းအိပ်ရာ နေရာ, ဆေးပစ္စည်းများကို ပညာဖြင့်ဆင်ခြင်၍ မှီဝဲရပုံ များကို ညွှန်ပြထားပေ၏။

အမှာ။ ။ထို ပညာဖြင့်ဆင်ခြင်၍ မှီဝဲရပုံစကားများတွင်ပါသော အဓိပ္ပါယ်မရှင်းမလင်းသည့် ပုဒ်များကိုလည်း အဓိပ္ပါယ်ရှင်းလင်းအောင် ဖွင့်ပြထားလေသည်၊ ထို ပုဒ်ဖွင့်များကို ဤ မြန်မာပြန်တွင် ထည့်သွင်းဖော်ပြရန် မလိုလှသောကြောင့် ချန်းခဲ့ပေသည်။

## စတုပါရိသုဒ္ဓိ သမ္ပာဒနဝိဓိ

၁၉။ ဤလေးပါးသော သီလကြီးတို့တွင် ပါတိမောက္ခ သံ၀ရ သီလကြီးကို သဒ္ဓါတရားဖြင့် ပြီးပြည့်စုံစေအပ်၏၊ ထိုစကား မှန်သည်၊ အကြောင်းမှာ ထိုပါတိမောက္ခသံ၀ရသီလသည် သဒ္ဓါ တရားတည်းဟူသော အကြောင်းကြောင့် ပြည့်စုံနိုင်လေသည်၊ သိက္ခာပုဒ်ကို ပညတ်ခြင်းသည် တပည့်သာ၀ကတို့၏ အရာမဟုတ်၊ သာ၀ကတို့၏အရာကို လွန်လေသည်၊ ထို့ကြောင့် အရှင်သာရိ ပုတ္တရာမထေရ်က သိက္ခာပုဒ် ပညတ်တော်မူပါဟု တောင်းပန် သည်ကို မြတ်စွာဘုရား ပယ်တော်မူခြင်းဖြစ်သည်၊ ထို့ကြောင့် ဘုရားရှင် ပညတ်ထားတော်မူသော သိက္ခာပုဒ်တော်များကို ဘုရားရှင်၏ တရားတော်များကို ယုံကြည်သောအားဖြင့် အကြွင်းမဲ့ ကောင်းစွာ ဆောက်တည်၍ အသက်ကိုသော်လည်း ငဲ့ကွက် တွယ်တာခြင်းမပြုမူ၍ ကောင်းစွာ ပြီးပြည့်စုံစေအပ်၏၊ ထို့ကြောင့် အောက်ပါဂါထာကို မြတ်စွာဘုရား ဟောကြားတော် မူအပ် သတည်း။

ကိကီ၀ အဏ္ဍံ စမရီ၀ ၀ါလဓိံ၊
ပိယံ၀ ပုတ္တံ နယနံ၀ ဧကကံ။
တထေ၀ သီလံ အနုရက္ခမာနကာ၊
သုပေသလာ ဟောထ သဒါ သဂါရဝါ။

ကိကီ,ကိကီ ဟု အော်တတ်သောကြောင့် ကိကီအမည် ရှိသောယစ်မသည် အသက်သေအံ့သည်ကို မငဲ့၊ မိမိ၏ အဥကို စောင့်ရှောက်သကဲ့သို့၊ စာမရီမည်သော သားကောင်တမျိုးသည် အသက်သေအံ့သည်ကို မထောက်၊ မိမိအမြီးဆံကို စောင့်ရှောက်သကဲ့သို့၊ တယောက်တည်းသာ ရှိသောသားကို မိဘတို့သည် အလွန်ချစ်လှသည်ဖြစ်၍ အထူး စောင့်ရှောက်ဘိသကဲ့သို့၊ မျက်စိ တဘက်သာ ရှိသောသူသည် ထို တဘက်သာကျန်သော မျက်စိကို အထူး ဂရုပြု၍ စောင့်ရှောက်သကဲ့သို့ ထို့အတူသာလျှင် သီလကို အစဉ်စောင့်ရှောက်ကြကုန်သည်၊ သီလကို ကောင်းစွာ ချစ်ခင်ကြကုန်သည် အခါခပ်သိမ်း ရိုသေသမှု ပြု၍ ကျင့်ကြကုန်သည် ဖြစ်ကြကုန်လေ့ ဟူ၍ ဖြစ်သည်။

ထိုမှတပါးလည်း ဤဆိုလတ္တံ့သောအတိုင်း ဟောကြားတော်မူအပ်၏၊ "အို-မြတ်သော မင်းကြီး မဟာသမုဒ္ဒရာရေသည် ကမ်းကိုမလွန်သကဲ့သို့ ထို့အတူပင်လျှင် ငါ-ဘုရားသည် တပည့်သားတော်တို့အား အကြင်သိက္ခာပုဒ်ကို ပညတ်တော်မူအပ်၏၊ ထိုသိက္ခာပုဒ်ကို ငါ၏တပည့်သားတော်တို့သည် အသက်သေအံ့ ဟူသော အကြောင်းကြောင့်လည်း မလွန်ကျူးကြကုန်" ဟု ဟောတော်မူအပ်၏။

ဤသို့ အသက်သေအံ့ ဟူသော အကြောင်းကြောင့်လည်း သိက္ခာပုဒ်တော်ကို မလွန်ကျူးဆိုရာ၌ **တောအုပ်ကြီးအတွင်း နိုးသူတို့ဖမ်းဆီး၍ တုပ်နှောင်ထားအပ်သော ရဟန်း၏ဝတ္ထု** ကို သိအပ်၏။

တဆင့်စကားကြားဘူးသည်မှာ ပဒ္ဒောင်ပင်ကြီးဘပင်ရှိသော ဟိမဝန္တာတောအုပ်ကြီး၌ မထေရ်တပါးကို ခိုးသားဒမြတို့သည် နွယ်ငန်းတို့ဖြင့် တုပ်နှောင်၍ အိပ်နေစေကုန်၏၊ မထေရ်သည် ထားသောအတိုင်း လျောင်းလျက်နေရစဉ် ခုနစ်ရက်တိုင်ပက်လုံး ဝိပဿနာကိုပွါး၍ အနာဂါမိဖိုလ်သို့ရောက်ပြီးလျှင် ထိုအရပ်၌ပင် စုတေသေလွန်၍ ဗြဟ္မာ့ဘုံ၌ဖြစ်လေ၏။

ထို့ပြင်လည်း သီဟိုဠ်ကျွန်း၌ မထေရ်တပါးကို ခိုးသူတို့ ဖမ်းဆီး၍ ဆင်သမားနွယ်ဖြင့် ချည်နှောင်ကုပ်ဖွဲ့ပြီးလျှင် အိပ်လျက် နေစေ၏၊ ထိုမထေရ်သည် တောမီးလောင်၍လာရာတွင် ထို ချည်ထားသောနွယ်များကို မဖြတ်မူ၍ ဝိပဿနာကို ပွါးလျက် သမသီသီ ရဟန္တာပုဂ္ဂိုလ်ဖြစ်ပြီးလျှင် ပရိနိဗ္ဗာန်ပြုလေ၏။ ဒီဃ နိကာယ်ကို ဆောင်သော အဘယမထေရ်သည် ငါးရာသော ရဟန်းတို့နှင့် အတူတကွ ကြွလာကြရာ ထိုမထေရ်၏အလောင်းကို မြင်၍ မီးသင်္ဂြိုဟ်ပြီးလျှင် စေတီတည်ထားစေကုန်၏၊ ထို့ကြောင့် တပါးသော အမျိုးကောင်းသားတို့သည်လည်း ပါတိမောက္ခ သံဝရသီလကို ဖြူစင်စေလိုပါမူ မိမိ၏အသက်ကိုသော်လည်း စွန့်ရာ၏၊ လူသုံးပါးတို့၏ကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရားသည် ပညတ်တော်မူအပ်သော သီလသိက္ခာပုဒ်များကို လွန်ကျူးသော အားဖြင့် မဖျက်မဖောက်ရာ။

ထို့ပြင် ပါတိမောက္ခသံဝရသီလကို သဒ္ဓါတရားဖြင့် ပြီးစေအပ် သကဲ့သို့ ဣန္ဒြိယသံဝရသီလကို သတိဖြင့်ပြီးစေအပ်၏။ ထိုစကား သင့်သည်၊ ဣန္ဒြိယသံဝရသီလသည်ကား သတိကြောင့် ပြီးပြည့်စုံ နိုင်လေ၏၊ အဘယ်ကြောင့်ဆိုသော် သတိသည် စောင့်ရှောက် စိုးအုပ်သိမ်းဆည်းအပ်သည်ဖြစ်၍ မြဲစွာတည်သည်ရှိသော် စက္ခု အစရှိသော ဣန္ဒြေတို့မှာ အဘိဇ္ဈာအစရှိသော တရားတို့သည် မတိုးမဝင် အစဉ်မလိုက်နိုင်သောကြောင့်ပေတည်း၊ ထို့ကြောင့် "အို-ရဟန်းတို့၊ အလျှံတပြောင်ပြောင် တောက်လောင်သော ထက်ဝန်းကျင်မှ တောက်လောင်လျက်ရှိသော တခဲနက်မီးလျှံ အတိဖြစ်သော လောလောပူသော သံချောင်းဖြင့် မျက်စိတည်း ဟူသော စက္ခုန္ဒြေကို ထက်ဝန်းကျင်မှ လှည့်ပတ်၍ မွှေခြင်းသည် မြတ်သေး၏၊ စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော ရူပါရုံတို့၌ ကိလေသာတို့ကို အစဉ်ဖြစ်ပွါးစေအောင် မိန်းမ, ယောကျ်ား စသည် ထင်ရှားပြုသောအားဖြင့် နိမိတ်အမှတ်ကိုယူခြင်းသည် မမြတ်သည်သာတည်း ဟု ဤသို့ အစရှိသောနည်းဖြင့် ဟောတော် မူအပ်သော **"အာဒိတ္တပရိယာယသုတ်"** တော်ကို အစဉ်အောက်မေ့၍ ရူပါရုံအစရှိကုန်သော အာရုံတို့၌ စက္ခုဒွါရ စသည်တို့မှဖြစ်သော

ဇော, ဝိညာဏ်၏ အဘိဇ္ဈာအစရှိသည်တို့သည် အစဉ်လိုက်အပ်သော သုဘ နိမိတ်စသည်ကို စွဲလမ်းခြင်းကို မမေ့မလျော့ မပေါ့မလစ်သောသတိဖြင့်တားမြစ်၍ ဤဣန္ဒြိယသံဝရသီလကို ကောင်းစွာပြည့်စုံစေအပ်၏။

ထိုဣန္ဒြိယ သံဝရသီလကို မပြည့်စုံစေအပ်သည်ရှိသော် ပါတိမောက္ခ သံဝရသီလသည်လည်း အရှည်မခံ၊ မြင့်ရှည်စွာ မတည်နိုင်၊ ဥပမာဆိုသော် ကောင်းစွာ ပြုပြင်စီရင်ကာရံခြင်း မရှိသော ကောက်ပင်သည် အရှည်မခံ၊ မြင့်ရှည်စွာမတည်နိုင်သကဲ့သို့၊ သူတပါး၏ဥစ္စာကို ခိုးယူတတ်ကုန်သောသူခိုးတို့သည် တံခါးဟင်းလင်းပွင့်လျက် နေသောရွာကို ညှင်းဆဲ နှိပ်စက်နိုင်သကဲ့သို့ ထိုဣန္ဒြေကို မစောင့်စည်းသော ပုဂ္ဂိုလ်၏စိတ်ကိုလည်း ရာဂသည် ထက်ဝန်းကျင်မှ အစဉ်မပြတ်ဝင်နိုင်လေ၏၊ ဥပမာဆိုသော် အမိုးပျက်စီးသောအိမ်ကို မိုးရေတို့သည် ထက်ဝန်းကျင်မှ ဝင်ရောက်ဘိသကဲ့သို့ပေတည်း၊ ထို့ကြောင့် မြတ်စွာဘုရားသည် အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

ရူပေသု သဒ္ဒေသု အထော ရသေသု၊
ဂန္ဓေသု ဖဿေသု စ ရက္ခ ဣန္ဒြိယံ။
ဧတေ ဟိ ဒွါရာ ဝိဝဋာ အရက္ခိတာ၊
ဟနန္တိ ဂါမံဝ ပရဿ ဟာရိနော။

ယထာ အဂါရံ ဒုစ္ဆန္နံ၊
ဝုဋ္ဌီ သမတိဝိဇ္ဈတိ။
ဧဝံ အဘာဝိတံ စိတ္တံ၊
ရာဂေါ သမတိဝိဇ္ဈတီ-တိ။

ရူပါရုံတို့ကြောင့်၎င်း, သဒ္ဒါရုံတို့ကြောင့်၎င်း ထို့အတူ ရသာရုံတို့ကြောင့်၎င်း, ဖောဋ္ဌဗ္ဗာရုံတို့ကြောင့်၎င်း ဖြစ်လတ္တံ့သော အကျိုးမဲ့မှ စက္ခုစသောဣန္ဒြေကို စောင့်ကြလေကုန်၊ သူတပါး၏ဥစ္စာကို ခိုးယူတတ်ကုန်သော ခိုးသူတို့

သည် ရွာကိုနှိပ်စက်ညှဉ်းပမ်းကုန်ဘိသကဲ့သို့ စောင့်ရှောက်ခြင်းကင်းမဲ့၍ ဟင်းလင်းဖွင့်ကာထားသော ဒွါရတံခါးရှိသောသူကို ထိုအကုသိုလ်တို့သည် နှိပ်စက်ညှဉ်းဆဲကုန်၏။

မကောင်းသဖြင့် မိုးအပ်သောအိမ်ကို မိုးရေ မိုးပေါက်သည် ထိုးဖောက်ဝင်ရောက်၍ ရွှဲရွှဲစိုစွတ်စေသကဲ့သို့ ဤအတူ သတိတရားဖြင့် ပွါးများခြင်းမရှိသောစိတ်ကို ရာဂ တည်းဟူသော မိုးသည် ထိုးဖောက်ဝင်ရောက်၍ စိုစွတ်စေ၏။

ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်များသည် အလွန့်အလွန်စောင့်စည်းခြင်း သံဝရကိုပြသော ဒေသနာတော်ဖြစ်လေသည်၊ စိတ်မည်သည်ကား လျင်မြန်စွာ ဖြစ်၏၊ ထို့ကြောင့် ဖြစ်ပေါ်လာသောရာဂကို မကြာမီကရဟန်းပြုသော **“ဝင်္ဂီသမထေရ်”** ကဲ့သို့ အသုဘကို နှလုံးသွင်းခြင်းအားဖြင့် ပယ်ဖျောက်၍ ဣန္ဒြိယ သံဝရသီလကို ပြီးပြည့်စုံစေအပ်၏၊ ကြွားဘူးသည် မှာ ယခုပင် ရဟန်းပြုသစ်စ ဖြစ်သောမထေရ်သည် ဆွမ်းခံကြွသွားရာ တယောက်သော မိန်းမကိုမြင်၍ တပ်မက်ခြင်း ရာဂ ဖြစ်ပေါ်၏၊ ထိုအခါ အရှင်အာနန္ဒာမထေရ်ကို အောက်ပါဂါထာ ဖြင့် လျှောက်ထား၏။

ကာမရာဂေန ဍယှာမိ၊
စိတ္တံ မေ ပရိဍယှတိ။
သာဓု နိဗ္ဗာပနံ ဗြူဟိ၊
အနုကမ္ပာယ ဂေါတမ။

ဂေါတမအနွယ်ဖြစ်ပါသော အရှင်ဘုရား အာနန္ဒာ အကျွန်ုပ်ကို ကာမ-ရာဂ တည်းဟူသော မီးပြင်းသည် အတင်းလောင်မြိုက်ပါ၏၊ အကျွန်ုပ်၏စိတ်ကို တောက်လောင်၍ နေပါ၏၊ တောင်းပန်ပါသည်၊ အစဉ် သနားသည်ကို အကြောင်းပြု၍ ရာဂမီးတောက် ပျောက်ပျက်ငြိမ်းအေးကြောင်းကို ဟောကြားတော် မူပါလော့။

အရှင်အာနန္ဒာမထေရ်သည် အောက်ပါဂါထာကို မိန့်ဆို၏။

"သညာယ ဝိပရိယေသာ၊
စိတ္တံ တေ ပရိဍယှတိ။
နိမိတ္တံ ပရိဝဇ္ဇေဟိ၊
သုဘံ ရာဂူပသံဟိတံ။
အသုဘာယ စိတ္တံ ဘာဝေဟိ၊
ဧကဂ္ဂံ သုသမာဟိတံ။
သင်္ခါရေ ပရတော ပဿ၊
ဒုက္ခတော နော စ အတ္တတော။
နိဗ္ဗာပေဟိ မဟာရာဂံ၊
မာ ဍယှိတ္ထော ပုနပ္ပုနံ" န္တိ။

အို-ငါ့ရှင် ဝင်္ဂီသ၊ အမှတ်သညာ၏ ဖောက်ပြန်ခြင်းကြောင့် သင်၏စိတ်ကို ရာဂမီးသည် ဘိစီးတောက်လောင်ချေ၏၊ ရာဂစိတ် ဖြစ်ပေါ်ကြောင်း ဖြစ်သောအာရုံ နိမိတ်ကို ကြဉ်ဖယ်လေလော့။ မတင့်မတယ် စက်ဆုပ်ဘွယ် ဟု အောက်မေ့သော အသုဘ ဘာဝနာကို ပွါးများလော့၊စိတ်ကို တခုတည်းသောအသုဘအာရုံ၌ ကောင်းစွာထားအပ်သည် ဖြစ်လော့၊ တေဘူမိက သင်္ခါရတရားတို့ကို သူစိမ်းပြင်ပ စိုးမရသော တရားတို့ဟူ၍ ရှုလေလော့၊ ဖြစ်ခြင်း ပျက်ခြင်းဖြင့် အတင်းနှိပ်စက်တတ်သော ဒုက္ခတရားတို့ ဟူ၍ ရှုလေလော့၊ အတ္တတို့ ဟူ၍ မရှုလေနှင့်၊ အလွန် တန်ခိုးကြီးသော ရာဂကြီးကို ငြိမ်းအေးပါစေလော့၊ အဖန်ဖန် မလောင်မကျွမ်းပါစေလင့် ဟု မိန့်ဆိုလေ၏။

အရှင် ဝင်္ဂီသမထေရ်သည် ရာဂကို ဖျောက်ပယ်၍ ဆွမ်းခံလှည့်လည်လေ၏။

ထို့ပြင် နည်းယူစရာကောင်းလှသည်ကား—ဣန္ဒြိယသံဝရသီလကို ဖြည့်ကျင့်လိုသော ရဟန်းမည်သည် "**ကုရုန္ဒက လိုဏ်ကြီး၌ သီတင်းသုံးနေတော်မူသော အရှင်စိတ္တဂုတ္တမထေရ်**" ကဲ့သို့ရင်း

**"စေတိယဂိရိ ကျောင်းတိုက်ကြီးနေ အရှင်မဟာ မိတ္တမထေရ်"** ကဲ့သို့ပင် ဖြစ်ရာ၏။

ကြားဘူးသည်မှာ **"ကုရဏ္ဍကလိုဏ်ကြီး"**၌ ဝိပဿိ, သိခီ အစရှိသော ဘုရားရှင်ခုနစ်ဆူတို့၏ တောထွက်ခန်း အစီအရင် ပန်းချီဆေးရေး အရုပ်ကားများသည် မြင်သူတို့ နှလုံးမွေ့လျော် ဘွယ်ရာ အလွန်တင့်တယ် ကြည့်ရှုချင်ဘွယ် ဖြစ်၏၊ များစွာသော ရဟန်းတို့သည် ကျောင်းစဉ် လှည့်လည်ခြင်းဖြင့် လှည့်လည်၍ လာကြရာ အဆန်းတကြယ် ကြည့်ရှုချင်စဘွယ် ရေးသားထားသော ပန်းချီဆေးစုံခြယ် ရုပ်ပုံကားများကိုမြင်၍ အရှင်ဘုရား ဆေးရေး ပန်းချီကားများသည် နှလုံးမွေ့လျော်ဘွယ် တင့်တယ် ဆန်းကြယ် လှပါပေ၏ ဟု ဆိုကြကုန်၏၊ မထေရ်ကြီးသည် "အို-ငါ့ရှင်တို့ အနှစ်ခြောက်ဆယ်ကျော်တို့ ကာလပတ်လုံး ဤလိုဏ်၌နေသော ငါ့အား ပန်းချီဆေးရေး ရုပ်ပုံကားများ ရှိ၏,မရှိ၏ဟူ၍မျှ မသိချေ၊ ယခုမှုကား မျက်စိကောင်းကြပေကုန်သော ငါ့ရှင်တို့ကို အမှီပြု၍ သိရပေ၏ ဟု ဆို၏၊ မထေရ်ကြီးသည်ကား ဤမျှ အခွန့်ကာလ ကြာမြင့်စွာ နေပါသော်လည်း မျက်စိကိုဖွင့်၍ လိုဏ်ကြီးကို မကြည့်စဘူးချေ၊ ထိုမထေရ်ကြီး၏ လိုဏ်အပေါက်ဝမှာ ဂန့်ဂေါ် ပင်ကြီးတပင် ရှိလေသည်၊ ထိုဂန့်ဂေါ်ပင်ကြီးကိုလည်း မထေရ်ကြီး သည် အပေါ်သို့မော့၍ မကြည့်စဘူးချေ၊ နှစ်စဉ်မပြတ် မြေ၌ ကျသော ဝတ်မှုံတို့ကို မြင်မှသာလျှင် ဂန့်ဂေါ်ပင်ကြီး ပွင့်သည် အဖြစ်ကို သိလေသည်။ ဘုရင်မင်းမြတ်သည် မထေရ်ကြီး၏ သီလ သမာဓိဂုဏ် ပြည့်စုံကြောင်း ကြားသိ၍ ရှိခိုးပူဇော်လိုသော ကြောင့် သုံးကြိမ်တိုင်တိုင် လူစေလွှတ်၍ ပင့်စေသော်လည်း မထေရ်ကြီးသည် မကြွလာသောကြောင့် ထိုရွာ၌ နို့စို့သားငယ် သမီးငယ်ရှိကုန်သော မိန်းမတို့၏ သားမြတ်ကို ရင်လျှမ်းအဝတ်ဖြင့် ရစ်ပတ်စေ၍ မင်း၏တံဆိပ် ခတ်စေ၏၊ **"အကြင်မျှလောက် ကာလပတ်လုံး မထေရ်ကြီးသည် မကြွလာ၊ ထိုမျှလောက် ကာလ ပတ်လုံး သူငယ်တို့သည် နို့စို့ခွင့်မရစေရ"** ဟု အမိန့်ထုတ်ပြန်၏၊ မထေရ်ကြီးသည် သူငယ်တို့ကို သနားသဖြင့် **မဟာဂါမရွာကြီး**သို့ ကြွတော်မူလာ၏၊ မင်းသည် မထေရ်ကြီး ကြွလာကြောင်းကို

ကြွားလေသော် အို-အမတ်တို့ သွားကြကုန် မထေရ်ကြီးကို နန်းတော်တွင်းသို့ ပင့်ဆောင်ခဲ့ကြကုန်, သီလခံယူအံ့ဟု ဆို၍ နန်းတွင်းသို့ ပင့်ဆောင်စေပြီးလျှင် ရှိခိုးပူဇော်၍ ဆွမ်းလုပ်ကျွေး၍ "အရှင်ဘုရား ယနေ့ကား သီလဆောက်တည်ခွင့် မရတော့ပါ၊ နက်ဖန်မှ သီလခံယူ ဆောက်တည်ပါအံ့" ဟု လျှောက်၍ မထေရ်ကြီး၏ သပိတ်ကိုယူပြီးလျှင် အနည်းငယ်လိုက်ပို့၍ မိဖုယားနှင့် တကွ ရှိခိုး၍ ပြန်ခဲ့၏၊ မထေရ်ကြီးသည် မင်းရှိခိုးသည်ကိုရင်း, မိဖုယားကြီး ရှိခိုးသည်ကိုရင်း **သုခီ ဟောတု မဟာရာဇ** ဟူ၍သာ ဆို၏၊ ဤသို့လျှင် ခုနစ်ရက်မြောက်သောနေ့သို့ ရောက်သောအခါ ရဟန်းတော်များက ဆိုကြသည်မှာ အရှင်ဘုရား အဘယ်သို့ပါနည်း၊ အရှင်ဘုရားသည် မင်းကြီးက ရှိခိုးသော်၎င်း,မိဖုယားကြီးက ရှိခိုးသော်၎င်း **သုခီ ဟောတု မဟာရာဇ** ဟူ၍သာ ဆိုတော်မူဘိ၏" ဟု ဆိုကြကုန်၏။ အို-ငါ့ရှင်တို့ ငါသည် မင်းဟူ၍၎င်း, မိဖုယားဟူ၍၎င်း ပိုင်းခြားမှတ်သားခြင်းကို မပြုဟု မထေရ်ကြီးက မိန့်ဆိုလေ၏၊ ခုနစ်ရက်လည်သောအခါ မထေရ်ကြီး၏ ဤ နန်းတော်၌ နေရခြင်းသည် ဆင်းရဲ၏ဟု သိ၍ မင်းသည် မထေရ်ကြီးကို ကြွသွားရန် ခွင့်ပြုလေ၏၊ **ကုရဏ္ဍက မဟာလိုဏ်ကြီး**သို့ သွား၍ ညဉ့်အဘို့၌ စင်္ကြံ ကြွသွားလေ၏၊ ဂန့်ဂေါ်ပင်စောင့် နတ်သည် မီးရှူးမီးတိုင်ကိုကိုင်၍ ရပ်နေ၏၊ ထိုအခါ မထေရ်အား ကမ္မဋ္ဌာန်းသည် အလွန်စင်ကြယ်စွာ ထင်ရှားသည်ဖြစ်၏၊ မထေရ်သည် အဘယ်သို့နည်း၊ ယနေ့ငါ၏ကမ္မဋ္ဌာန်းသည် အလွန် ထင်ရှားလှချေ၏ဟု ဝမ်းမြောက်ဝမ်းသာဖြစ်၏၊ သန်းခေါင်ယာမ် အချိန် အခြားမဲ့မှာ အလုံးစုံသော တောင်ကြီးကို ပဲ့တင်ထပ်စေလျက် အရဟတ္တဖိုလ်သို့ ရောက်လေ၏၊ ထိုသို့ ဣန္ဒြိယသံဝရ သီလသည် အရဟတ္တဖိုလ်တိုင်အောင်သောအကျိုးကို ဆောင် နိုင်သည်၏အဖြစ်ကြောင့် **စိတ္တဂုတ္တမထေရ်**မှ တပါးသော မိမိ အကျိုးစီးပွါးကို လိုလားတောင့်တကြကုန်သော အမျိုးသား တို့သည် တောဝယ်ကျက်စား တောပျော်ပါးသော မျောက် သတ္တဝါကဲ့သို့၎င်း, တောအတွင်းဝယ် ကြောက်ခြင်းပြင်းစွာ တုန်လှုပ်စွာနေလေ့ရှိသော သားသမင်ကဲ့သို့၎င်း, မိဘဆွေမျိုး

အားကိုးရာမဲ့ဖြစ်၍ ကြောက်လန့် တုန်လှုပ်သောကလေးသူငယ်တို့ ကဲ့သို့ဝှင်း ကလိန်းကလက် ငဲ့ကွက် ကြည့်မြော် လျှပ်ပေါ် လော်လီ ခြင်းရှိသည်မဖြစ်ရာ။

မျက်စိတို့ကို အောက်သို့ချရာ၏၊ ရထားထမ်းပိုး တပြန်မျှသာ ကြည့်လေ့ရှိသည်ဖြစ်ရာ၏၊ တောမျောက်ကဲ့သို့ လျှပ်ပေါ်သော သဘောရှိသော စိတ်၏အလိုသို့မလိုက်ရာ။

“**မဟာမိတ္တမထေရ်ကြီး**”၏ မယ်တော်မှာ အဆိပ်ရှိသော အသားမာနာပေါက်၏၊ ထိုတကာမကြီး၏ **သမီးတယောက်**သည် လည်း ဘိက္ခုနီမတို့ဘောင်၌ ရဟန်းပြုလျက်နေ၏၊ ထိုမယ်တော် တကာမကြီးက သမီးဖြစ်သူ ရဟန်းမအား “အို-အရှင်မ သင်၏ မောင်တော် **မဟာမိတ္တမထေရ်** ထံသွား၍ ငါ၏ မချမ်းမသာ ဖြစ်ကြောင်း ပြောကြားပြီးလျှင် ဆေးကိုဆောင်ယူခဲ့လော့” ဟု ပြောဆို၏၊ ထိုဘိက္ခုနီမသည် မထေရ်ကြီးထံ သွားရောက်၍ မယ်တော်ကြီး မကျန်းမမာ အနာပေါက်ကြောင်းကို ကြား လျှောက်လေ၏၊ မထေရ်ကြီးက ငါသည် ဆေးမြစ်အစရှိသည် တို့ကိုစုဖော်၍ ဆေးချက်ခြင်းငှါ မတတ်မသိချေ၊ စင်စစ်သော်ကား သင့်အား **ငါသည်ဆေးကို ပြောကြားပေအံ့** “ငါသည် အကြင် အခါမှစ၍ ရဟန်းပြု၏, ထိုအခါကာလမှစ၍ ငါသည် လောဘနှင့် တကွဖြစ်သောစိတ်ဖြင့် ဣန္ဒြိယသံဝရသီလတို့ကို ဖျက်ဆီး၍ မိန်းမ တို့၏ အဆင်းရူပါရုံကို မကြည့်စဘူး၊ ဤသို့သော သစ္စာစကား ကြောင့် ငါ၏မယ်တော်ကြီးအား ချမ်းသာသည်ဖြစ်စေသတည်း” သင်သည်သွားချေတော့, ငါ၏ ဤသစ္စာစကားကိုဆို၍ တကာမ ကြီး၏ကိုယ်ကို နှိပ်နယ်လေလော့ ဟု ဆို၏၊ ထိုဘိက္ခုနီမသည် သွား၍ ထိုအကြောင်းကို ကြားပြော၍ မှာထားလိုက်သော အတိုင်းပြုလေ၏၊ ထိုစကားကို ကြားသောခဏ၌ပင်လျှင် ဥပါ သိကာမကြီး၏အနာသည် ရေမြှုပ်ဆိုင်ကဲ့သို့ကြေ၍ပျောက်လေ၏၊ ထိုဥပါသိကာမကြီးသည် ထ၍ ဘုန်းတော်ကြီးသော မြတ်စွာ ဘုရားသည် အကယ်၍များ ထင်ရှားရှိပါမူကား ငါ၏သားနှင့် တူသော ရဟန်းမြတ်၏ဦးခေါင်းကို ရွှေပွတ်လုံးသဖွယ် ဆန်းကြယ်

လှစွာသော ရွှေလက်တော်ဖြင့် အဘယ်မှာမသုံးသပ်ဘဲ နေတော်မူပါအံ့နည်း၊ သုံးသပ်တော်မူမည်သာတည်းဟု ရှင်လန်းဝမ်းမြောက်သော စကားကိုမြွက်ဆိုလေ၏၊ ထိုကြောင့် ယခုအခါ တပါးသော အမျိုးသားတို့သည်လည်း သာသနာတော်၌ ရဟန်းပြု၍ မဟာမိတ္တမထေရ်ကဲ့သို့ မြတ်သော ဣန္ဒြိယသံဝရသီလ၌ တည်ရာ၏။

ဣန္ဒြိယသံဝရသီလကို သတိဖြင့် ပြီးပြည့်စုံစေဘိသကဲ့သို့ ထို့အတူ အာဇီဝပါရိသုဒ္ဓိသီလကို ဝီရိယဖြင့် ပြီးပြည့်စုံစေအပ်၏၊ ထိုစကား မှန်၏၊ အာဇီဝပါရိသုဒ္ဓိသီလမှာ ဝီရိယ ဟူသော အကြောင်းကြောင့် ပြီးပြည့်စုံလေသည်၊ အကြောင်းမူကား ကောင်းစွာအားထုတ်အပ်သော ဝီရိယရှိသော ရဟန်းသည်သာ မှားယွင်းသောအသက်မွေးမှု မိစ္ဆာအာဇီဝကို ပယ်ခြင်း ဖြစ်သင့်သည်၊ ထို့ကြောင့် သာသနာတော်အား မလျော်ကပ်သော ရှာမှီးခြင်းကိုပယ်၍ အပြစ်ကင်းသောဝီရိယဖြင့် ဆွမ်းခံအကျင့်အစရှိကုန်သော သင့်လျော်သော ရှာမှီးခြင်းဖြင့် စင်ကြယ်စွာဖြစ်စေအပ်သော ပစ္စည်းတို့ကိုမှီဝဲသည်ဖြစ်၍ မစင်ကြယ်သော ပစ္စည်းတို့ကို မြွေပွေးမြွေဟောက် ဆိပ်တောက် ပြင်းထန်သော သတ္တဝါကောင်တို့ကို ရှောင်ကြဉ်သကဲ့သို့ ရှောင်ကြဉ်၍ ဤအာဇီဝပါရိသုဒ္ဓိသီလကို ပြည့်စုံစေအပ်၏။

ထိုစင်ကြယ်သောပစ္စည်း၊ မစင်ကြယ်သောပစ္စည်းနှစ်မျိုးတို့တွင် ဓုတင်မဆောက်တည်သော ရဟန်းအား သံဃာမှရင်း, ဂိုဏ်းမှရင်း, တရားဟောခြင်း အစရှိသော ဂုဏ်တို့ကြောင့် ကြည်ညိုသော လူတို့၏အထံမှရင်း ဖြစ်ပေါ်သော ပစ္စည်းများသည် စင်ကြယ်သဖြင့်ဖြစ်စေအပ်သော ပစ္စည်းမည်၏၊ အထူးမှာ ဆွမ်းခံသော အကျင့် အစရှိသည်တို့ဖြင့်ဖြစ်သော ပစ္စည်းသည်ကား အထူးသဖြင့် စင်ကြယ်သောပစ္စည်းမည်၏၊ ဆောက်တည်အပ်သော ဓုတင်ရှိသော ရဟန်းအားဆွမ်းခံလှည့်လည်ခြင်း အစရှိသော ဓုတင်ဂုဏ်ကျေးဇူးကို ကြည်ညိုကုန်သော သူတို့အထံမှ ဓုတင်မပျက်သည် အားလျော်စွာဖြစ်သော ပစ္စည်းသည် စင်ကြယ်

စွာဖြစ်သော ပစ္စည်း မည်၏၊ ထိုခုတင်ဆောင်ပုဂ္ဂိုလ်အား တခုသော အနာရောဂါကို ငြိမ်းစေခြင်းအကျိုးငှါ ပုပ်သော နွားကျင်ငယ်ဖြင့် စိမ်အပ်သော သဖန်းခါးသီးဆေး, စတုမဓုဆေး တို့သည် ဖြစ်ကုန်သည်ရှိသော် စတုမဓုဆေးကို ငါမှတပါးသော သီတင်းသုံးဘော်တို့သည် သုံးဆောင်လတ္တံ့ဟု ကြံ၍ မိမိမူကား သဖန်းခါးသီးဆေးကို သုံးဆောင်လျက် ခုတင်ကို ဆောက်တည်ခြင်းသည် သင့်လျော်လျောက်ပတ်၏၊ ထိုရဟန်းကိုမြတ်သော အရိယာပုဂ္ဂိုလ်မြတ်တို့၏ အနွယ်ရှိသောရဟန်းဟူ၍ ဆိုအပ်၏။

ထို့ပြင် သက်နီးအစရှိကုန်သော အကြင်ပစ္စည်းတို့သည် ရှိကုန်၏၊ ထိုပစ္စည်းတို့တွင် အာဇီဝကို သုတ်သင်သော အမှတ် မရှိသောရဟန်းအား သက်နီး၌၎င်း, ဆွမ်း၌၎င်း, နိမိတ်ပြုခြင်း အရိပ်အမြွက်ပြောခြင်း, ကာယဝိညတ်ကို ဖြစ်စေခြင်းတို့သည် မအပ်စပ်ကုန်၊ အထူးကား ကျောင်းပစ္စည်း၌မူကား ခုတင် မဆောက်တည်သောရဟန်းအား နိမိတ်ဩဘာသ ပြောကြားခြင်း သည် အပ်စပ်ကုန်၏၊ ထိုစကား၌ နိမိတ်မည်သည်ကား ကျောင်းဆောက်ခြင်းအကျိုးငှါ မြေရာကိုညှိခြင်း အစရှိသည်ကို ပြုသောရဟန်းအား အရှင်ဘုရား အဘယ်ကို ပြုအပ်သနည်း, အဘယ်သူသည် ပြုစေပါသနည်းဟု လူတို့က မေးသည်ရှိသော် တစုံတယောက်သောသူ ပြုစေသည်မဟုတ်ဟု စကားတုံ့ပြန် ပြောဆိုခြင်းသည်၎င်း, အကြင်အမှတ်မရှိ ဤသို့သဘောရှိသော ပစ္စည်းကိုရည်၍ အလိုသိအောင် ပြုခြင်းသည်၎င်း, "**နိမိတ်ပြုခြင်း**" မည်၏။

အို-ဒါယကာတို့ သင်တို့သည် အဘယ်နေရာ၌ နေကြကုန် သနည်းဟု မေး၏၊ အရှင်ဘုရားပြာသာဒ်၌နေပါ၏ဟု ဆိုသည် ရှိသော် အို-ဒါယကာတို့ ရဟန်းတို့အား ပြာသာဒ်သည် မအပ်ပါ သလောဟု ဤသို့လျှင် အဖြောင့် တိုက်ရိုက်မဆိုဘဲ ရိပ်ကာဝဲကာ ဆိုခြင်းသည် "**ဩဘာသ**"မည်၏၊ ရဟန်းသံဃာတော်တို့အား နေထိုင်စရာကျောင်းသည် ကျဉ်းမြောင်း၏ဟု ဆိုခြင်းအစရှိသော ပရိယာယ်စကားမျိုးကိုပြောဆိုခြင်းသည် "**ပရိကထာ**" မည်၏

ဆေးပစ္စည်းအရာ၌ အလုံးစုံနိမိတ်စသည်ကို ပြောဆိုခြင်းသည် အပ်၏၊ ထိုသို့နိမိတ်စသည်တို့ကိုပြုခြင်းဖြင့် ရအပ်သော ဆေးသည်ကား ရောဂါကိုငြိမ်းစေသည်ရှိသော် သုံးဆောင်ခြင်းငှါ အပ်သလော, မအပ်သလော ဟု မေးစိစစ်ရာ၌ ဝိနည်းဆောင် ပုဂ္ဂိုလ်တို့က မြတ်စွာဘုရားသည် သုံးဆောင်ရန် အခွင့်ပေးပြီး ဖြစ်သည်၊ ထို့ကြောင့်အပ်၏ ဟု ဆိုကြကုန်၏။

သုတ္တန်ဆောင် ပုဂ္ဂိုလ်တို့ကမူကား အာပတ်မသင့်ဆိုသည်မှာ မှန်ပါ၏၊ သို့ရာတွင် အာဇီဝစင်ကြယ်မှုကို ဖျက်စီးသည်ဖြစ်သော ကြောင့် မအပ် ဟု ဆိုကြကုန်၏။

အထူးသော်ကား အကြင်ရဟန်းသည် ဘုရားခွင့်ပြုတော် မူအပ်သော်လည်း နိမိတ်, ဩဘာ, ပရိကထာ, ဝိညတ်တို့ကို မပြုမူ၍ အပ္ပိစ္ဆတာအစရှိသော ဂုဏ်တို့ကိုသာလျှင် အစွဲပြု၍ သေလောက် ပျောက်လောက်သော အနာစွဲရောက်လာပါသော် လည်း ဩဘာသ အစရှိသည်ကိုကြဉ်၍ မိုးပေါ်ကျကဲ့သို့ ရသော ပစ္စည်းကိုသာ မှီဝဲသုံးဆောင်၏၊ ဤရဟန်းကိုသာလျှင် အလွန် ခေါင်းပါးသော အကျင့်ရှိပေသောအရှင်ဟူ၍ ဆိုအပ်၏၊ အဘယ် ပုဂ္ဂိုလ်ကဲ့သို့နည်းဟူမူ အရှင်သာရိပုတ္တရာ မထေရ်ကဲ့သို့ပေတည်း။

ထို "**အရှင်သာရိပုတ္တရာ မထေရ်**" သည်ကား တရံသော အခါ အရဟတ္တဖလသမာပတ်ကို ပွါးများလျက် "**အရှင်မဟာ မောဂ္ဂလာန်မထေရ်**နှင့်" အတူတကွတခုသော တောအုပ်မှာ သီတင်းသုံးနေတော်မူ၏၊ ထိုအခါ တနေ့သ၌ဝမ်း၌ လေနာ ရောဂါဖြစ်ပေါ်၍ အလွန်ဆင်းရဲစွာ၏၊ အရှင်မဟာမောဂ္ဂလာန် မထေရ်သည် ညနေချမ်းအခါ ထို **အရှင်သာရိပုတ္တရာမထေရ်**အား ခစားခြင်းငှါ သွားသည်ရှိသော် လျောင်းလျက်နေသည်ကိုမြင်၍ ထိုအကြောင်းကိုမေး၍ ငါ့ရှင်မှာရှေးက ဤကဲ့သို့ဖြစ်လတ်သော် အဘယ်ဆေးဝါးဖြင့် ချမ်းသာဘူးပါသနည်း ဟု မေးလေ၏။ အို-ငါ့ရှင် လူ့ဘောင်တွင် နေစဉ်အခါတုန်းက ငါ၏မယ်တော် သည် ထောပတ်ပျားသကာတို့နှင့်ရောနှော၍ ရေမနှောသော နို့ရည်ဖြင့် ချက်သော "**ဃနာထမင်း**" ကို ပေး၏၊ ထိုဃနာ

ထမင်းဖြင့် ငါ့အားချမ်းသာဘူး၏ဟု အရှင်သာရိပုတ္တရာမထေရ်သည် မိန့်ဆို၏၊ ထိုအရှင်မဟာမောဂ္ဂလာန်သည် ဒို-ငါ့ရှင် ထိုသို့ဖြစ်မူကား သင်၏ငင်း, ငါ၏ငင်းဘုန်းကံသည် အကယ်၍ ရှိသည်ဖြစ်အံ့, နက်ဖြန်ခါ ဤသို့သဘောရှိသော ဃနာထမင်းကို ရလေငြားအံ့လည်း မသိဟုဆို၏၊ ထိုမထေရ်ကြီးနှစ်ဦးတို့ ဤသို့ ပြောဆိုကြသောစကားမျိုးစုံကို စကြံဦး၌ **သစ်ပင်စောင့်နတ်သည်** ကြား၍ နက်ဖြန်အရှင်နှစ်ပါးအား ဃနာန္ဓိဆွမ်းဖြစ်စေအံ့ဟု ကြံ၏၊ ထိုခဏ၌ပင် အရှင်သာရိပုတ္တရာ၏ အလုပ်အကျွေးဖြစ်သော ဒါယကာအိမ်သို့သွား၍ သားကြီး၏ကိုယ်ကို ပူးဝင်နှိပ်စက်လေ၏။

ထိုအခါ ထိုသူငယ်အား ဆေးကုသလိုသော နိမိတ်ကိုပြ၍ စည်းဝေးကြကုန်သော ဆွေမျိုးတို့အား အကယ်၍ နက်ဖြန်ခါ အရှင်သာရိပုတ္တရာမထေရ်အား ဤသို့သဘောရှိသော န္ဓိဃနာ ဆွမ်းကို ပေးလှူကြပါကုန်မူကား ထိုသူငယ်ကိုလွှတ်အံ့ဟု ဆို၏၊ ထိုလူများတို့က သင်မပြောသော်လည်း ငါတို့သည်မထေရ်တို့ကို အမြဲမပြတ် ဆွမ်းလှူဒါန်းကြသည်သာတည်းဟု ဆို၍ ဒုတိယနေ့၌ ထိုသို့သဘောရှိသော န္ဓိဃနာဆွမ်းကို စီရင်ကြကုန်၏၊ အရှင်မဟာမောဂ္ဂလာန်မထေရ်သည် နံနက်စောစောကြွလာ၍ ဒို-ငါ့ရှင် အကျွန်ုပ်သည် အကြင်မျှလောက်ကာလပတ်လုံး ဆွမ်းခံလှည့်လည်ပါအံ့, ထိုမျှလောက်ကာလပတ်လုံး ဤအရပ်၌ နေတော်မူနှင့်ပါဟုဆို၍ ရွာတွင်းသို့ကြွဝင်လေ၏။ ထိုလူတို့သည် ခရီးဦးကြိုဆို၍ မထေရ်၏သပိတ်ကိုယူပြီးလျှင် ဆိုအပ်ပြီးသော န္ဓိဃနာဆွမ်းကို သပိတ်နှင့်အပြည့်လှူဒါန်းကြကုန်၏ မထေရ်သည် ကြွသွားအံ့သော အခြင်းအရာကိုပြ၏၊ အရှင်ဘုရား ဘုဉ်းပေးသုံးဆောင်တော်မူပါ, အရှင်ဘုရားတို့အား ထိုမှတပါးလည်း လှူဒါန်းပါဦးအံ့ဟုဆို၍ မထေရ်ကိုဆွမ်းကျွေး၍ တဖန် သပိတ်ပြည့်အောင် လှူဒါန်းကြပြန်ကုန်၏။ မထေရ်သည် ကြွသွား၍ ဒို-ငါ့ရှင်သာရိပုတ္တရာ ယခု သုံးဆောင်တော်မူလော့ဟု ဆို၍ ကပ်၏၊ အရှင်သာရိပုတ္တရာမထေရ်သည် ထိုန္ဓိဃနာဆွမ်းကိုမြင်၍ န္ဓိဃနာဆွမ်းသည် အလွန်နှစ်လိုဘွယ်ရှိပေ၏၊ အဘယ်အကြောင်းကြောင့် ဖြစ်လေသနည်းဟု ဆင်ခြင်သည်ရှိသော် ထိုန္ဓိဃနာ

ဆွမ်း၏ ဖြစ်ပေါ်ရင်းအကြောင်းကိုမြင်၍ အို-ငါ့ရှင် မောဂ္ဂလာန်, ဆွမ်းသည် သုံးဆောင်ခြင်းငှါမထိုက် ဟု ဆို၏၊ အရှင်မောဂ္ဂလာန် မထေရ်သည်လည်း ငါကဲ့သို့သောသူ ဆောင်ယူလာသော ဆွမ်းကို မသုံးဆောင်လေတကား ဟု စိတ်မျှမဖြစ်မူ၍ တခွန်းသော စကားမျှဖြင့်ပင် သပိတ်နားခမ်းကိုကိုင်၍ သင့်လျော်သောအရပ်၌ မှောက်သွန်လေ၏၊ နှီးဃနာဆွမ်း မြေကြီးသို့ ရောက်သည်နှင့် တပြိုင်နက် မထေရ်၏ အနာရောဂါသည် ပျောက်ငြိမ်းလေ၏၊ ထိုအခါမှစ၍ လေးဆယ့်ငါးနှစ်တို့ကာလပတ်လုံး ထိုလေနာ ရောဂါသည် တဖန်မဖြစ်ပေါ်လာတော့ချေ၊ ထို့နောက် အရှင် မောဂ္ဂလာန်ကို မိန့်ဆိုသည်မှာ— အို-ငါ့ရှင်မောဂ္ဂလာန်, ဝစီ ဝိညတ်ကိုအမှီပြု၍ ဖြစ်ပေါ်သော နှီးဃနာဆွမ်းကို အူမအခွေ တို့သည် အပြင်သို့ထွက်၍ ဆာလောင်လှသောကြောင့် အစာရှာ ထွက်စေကာမူ သုံးဆောင်ခြင်းငှါ မသင့်လျော်ချေ ဟု မိန့်ဆို၍ ဤအောက်ပါဥဒါန်းစကားကိုမြွက်ဆို၏။

''ဝစီဝိညတ္တိဝိပ္ဖါရာ၊
ဥပ္ပန္နံ မဓုပါယသံ။
သစေ ဘုတ္တော ဘဝေယျာဟံ၊
သာဇီဝေါ ဂရဟိတော မမ။

ယဒိ ပိ မေ အန္တဂုဏံ၊
နိက္ခမိတွာ ဗဟိ စရေ။
နေဝ ဘိန္ဒေယျံ အာဇီဝံ၊
စဇမာနောပိ ဇီဝိတံ။

အာရာဓေမိ သကံ စိတ္တံ၊
ဝိဝဇ္ဇေမိ အနေသနံ။
နာဟံ ဗုဒ္ဓပ္ပဋိကုဋ္ဌံ၊
ကာဟာမိ စ အနေသန''န္တိ။

ဝစီဝိညတ် ပြန့်ခြင်းဟု ဆိုအပ်သော နှုတ်မြွက် ပြောဆို ခြင်းကြောင့် ဖြစ်ပေါ်သော ပျားသကာတို့နှင့် ရောနှော

အပ်သော နို့ဃနာဆွမ်းကို ငါသည် အကယ်၍စားမိသည် ဖြစ်အံ့, ငါ၏ အသက်မွေးခြင်းကို သူတော်ကောင်းတို့ ကဲ့ရဲ့အပ်သည် ဖြစ်ရာ၏။

ငါ၏ အူခွေတို့သည် (ဆာမွတ်သည့်အတွက်) မိမိ တည်ရာမှထွက်၍ အပြင်၌ ကျက်စားစေကာမူ အသက်ကို စွန့်ရစေကာမူ အသက်မွေးမှုကို စောင့်ရှောက်ခြင်း အာဇီဝ သီလကို မဖျက်ပေအံ့၊ ငါသည် မိမိ၏စိတ်ကို နှစ်သက် စေအံ့၊ မလျောက်ပတ်သော ရှာမှီးခြင်းကို ကြဉ်ရှောင် ပေအံ့၊ ငါသည် ဘုရားရှင်ကိုယ်တော်မြတ် စက်ဆုပ် ရှုံ့ရှာတော်မူအပ်သော အနေသနမှုမျိုးကို အလျင်းပင် မပြုဘဲ နေအံ့ဟု ဤဥဒါန်းစကားကို မြွက်ကြား ကျူးရင့် လေ၏။

ဤအာဇီဝ ပါရိသုဒ္ဓိ သီလအရာ၌ **"စီရဂုမ္ဗ ဝါသိက အမ္ဗ-ခါဒက မဟာတိဿ မထေရ်ကြီး"**၏ ဝတ္ထုကိုလည်း ဆိုအပ်၏၊ ဤသို့လျှင် ခပ်သိမ်းသော အပြားအားဖြင့် ဆိုအပ်ပြီးသော နည်းအတိုင်း သာသနာတော်ကို သဒ္ဓါယုံကြည်၍ ရဟန်းပြုသော အမြော်အမြင် ပညာနှင့်ပြည့်စုံသော ရဟန်းသည် မလျောက်ပတ် မသင့်လျော်သော ရှာမှီးခြင်းကို စိတ်မျှလည်းမဖြစ်စေမူ၍ အာဇီဝ ပါရိသုဒ္ဓိသီလကို ဖြူစင်စေရာ၏။

ထို့ပြင် အာဇီဝ ပါရိသုဒ္ဓိသီလကို ဝီရိယဖြင့် ပြီးပြည့်စုံစေ အပ်ဘိသကဲ့သို့ ပစ္စယ သန္နိဿိတသီလကို ပညာဖြင့် ပြီးပြည့်စုံစေ အပ်၏၊ ထိုပစ္စယ သန္နိဿိတသီလသည် ပညာကြောင့် ပြည့်စုံ ပြီးစီးနိုင်၏။ အကြောင်းမှာ ပညာရှိသော သူသည်သာလျှင် ပစ္စည်းလေးပါးတို့၌ အကျိုးအပြစ်ကို သိမြင်နိုင်စွမ်း၏၊ ပညာ မရှိသောသူမှာ မသိနိုင်ချေ၊ ထို့ကြောင့် တရားသဖြင့် ညီညွတ် သော ကိုယ်အကျင့် နှုတ်အကျင့်ဖြင့် ရအပ်သောပစ္စည်းတို့ကို ဆိုအပ်ခဲ့ပြီးသော ဆင်ခြင်ပုံအစီအရင်ဖြင့် ဆင်ခြင်၍ သုံးဆောင် ခြင်း အားဖြင့် ထိုပစ္စယ သန္နိဿိတသီလကို ပြီးပြည့်စုံစေအပ်၏။

ထိုစကား၌ ဆင်ခြင်ခြင်းသည် ပစ္စည်းတို့ကို ရသောကာလ၌ ဆင်ခြင်ခြင်း, သုံးဆောင်သောကာလ၌ ဆင်ခြင်ခြင်းဟူ၍ နှစ်မျိုး ရှိ၏၊ ရသောကာလ၌မူကား ဓာတ်အားဖြင့်ငှင်း, စက်ဆုပ် ရွံရှာ ဘွယ်ဟု မှတ်သောအားဖြင့်ငှင်း, ဆင်ခြင်၍ ထားအပ်ကုန်သော သင်္ကန်းအစရှိသော ပစ္စည်းတို့ကို ထို့နောက် သုံးဆောင်သော ရဟန်းအား အပြစ်မရှိသော သုံးဆောင်ခြင်းဖြစ်၏၊ ထိုစကား၌ ဤဆိုလတ္တံ့သည့်ကား–ယုံမှားကင်းခြင်းကို ပြုတတ်သော အဆုံး အဖြတ်ပေတည်း။

သုံးဆောင်ခြင်းတို့သည် ခိုး၍ သုံးဆောင်ခြင်း **ထေယျ ပရိ ဘောဂ**, ကြွေးယူ၍ သုံးဆောင်ခြင်း **ဣဏပရိဘောဂ**, အမွေခံဖြစ်၍ သုံးဆောင်ခြင်း **ဒါယဇ္ဇပရိဘောဂ**, ဥစ္စာရှင်ဖြစ်၍ သုံးဆောင် ခြင်း **သာမိပရိဘောဂ** ဟူ၍ လေးပါး အပြားရှိကုန်၏။

ထိုလေးပါးတို့တွင် ရဟန်းမဟုတ်ဘဲ သံဃာဘောင်၌ နေ၍ ပစ္စည်းလေးပါးတို့ကို သုံးဆောင်သောသီလ မရှိသော ဒုဿီလ ရဟန်း၏ သုံးဆောင်ခြင်းသည် မသုံးဆောင်ထိုက်ဘဲ သုံးဆောင် ခြင်းကြောင့် ခိုး၍ သုံးဆောင်ခြင်း **ထေယျပရိဘောဂ** မည်၏။

သီလရှိသော ရဟန်းသည် ပညာဖြင့် မဆင်ခြင်မူ၍ သုံးဆောင် ခြင်းသည် ကြွေးမြီယူ၍ သုံးဆောင်ခြင်း **ဣဏပရိဘောဂ** မည်၏၊ ထို့ကြောင့် သင်္ကန်းကို ဝတ်ရုံ သုံးဆောင်ကိုင်း သုံးဆောင်တိုင်း ဆင်ခြင်အပ်၏၊ ဆွမ်းကို ဆွမ်းလုပ်တိုင်း ဆွမ်းလုပ်တိုင်း ဆင်ခြင် အပ်၏၊ ထိုသို့ မတတ်နိုင်ခဲ့သော် ဆွမ်းမစားမီကာလ, ဆွမ်းစားပြီး သောကာလ,ညဉ့်ဦးယာမ်, သန်းခေါင်ယာမ်,လင်းအားကြီးယာမ် တို့တွင် တနေ့တနေ့မှာ လေးကြိမ်သော်ငှင်း, သုံးကြိမ်သော်ငှင်း, နှစ်ကြိမ်သော်ငှင်း, တကြိမ်သော်ငှင်း ဆင်ခြင်အပ်၏၊ အကယ်၍ မဆင်ခြင်မိဘဲ အရုဏ်တက်ခဲ့သော် **ဣဏပရိဘောဂ** အရာ၌ တည်လေ၏၊ ကျောင်းကိုလည်း ဝင်တိုင်းဝင်တိုင်း ဆင်ခြင်အပ်၏၊ ဆေးပစ္စည်းတို့ကိုမူကား ခံယူသောအခါ၌ငှင်း သုံးဆောင်သော အခါ၌ငှင်း သတိဟူသော အကြောင်းရှိခြင်းသည်သာလျှင် သင့် လျော်၏၊ ဤသို့ပင် နှစ်ပါးသော အခါကာလတို့၌ ဆင်ခြင်

သင့်သော်လည်း ခံယူသောအခါကာလ၌ သတိကို ဖြစ်စေ၍ သုံးဆောင်သောအခါ၌ သတိမပြုမိသောရဟန်းအား အာပတ်သင့်ရောက်၏၊ ခံယူသောအခါ၌ သတိမပြုမိသော်လည်း သုံးဆောင်သောအခါ၌ သတိပြုသောရဟန်းအား အာပတ်မသင့်ချေ၊ အကြောင်းမူကား—အာပတ်မှ စင်ကြယ်ခြင်း သုဒ္ဓိသည် ဒေသနာကြား၍ စင်ကြယ်ခြင်း **ဒေသနာသုဒ္ဓိ**၎င်း, စောင့်စည်းခြင်းဖြင့် စင်ကြယ်ခြင်း **သံဝရသုဒ္ဓိ**၎င်း, တရားနှင့်အညီ ပစ္စည်းကို ရှာမှီးခြင်း၏ စင်ကြယ်ခြင်း **ပရိယေဋ္ဌိသုဒ္ဓိ**၎င်း, ပစ္စဝေက္ခဏာ ဆင်ခြင်ခြင်းဖြင့် စင်ကြယ်ခြင်း **ပစ္စဝေက္ခဏာသုဒ္ဓိ**၎င်း လေးပါးရှိ၏၊ ထိုလေးပါးတို့တွင် ပါတိမောက္ခ သံဝရသီလသည် **ဒေသနာသုဒ္ဓိ** မည်၏၊ ထိုစကားမှန်သည်၊ ပါတိမောက္ခသံဝရသည်ကား ဒေသနာ ကြားခြင်းအားဖြင့် စင်ကြယ်သောကြောင့် ဒေသနာသုဒ္ဓိဟူ၍ ဆိုအပ်၏၊ ဣန္ဒြိယသံဝရ သီလသည် **သံဝရသုဒ္ဓိ** မည်၏၊ ထိုစကားမှန်သည်၊ ထိုဣန္ဒြိယသံဝရ သီလကို တဖန် ဤသို့ မပြုတော့အံ့ဟု စိတ်ကို ဆောက်တည်ခြင်းဖြင့် စောင့်ရှောက် ပိတ်ဆို့၍ စင်ကြယ်စေအပ်သောကြောင့် သံဝရသုဒ္ဓိဟူ၍ ဆိုအပ်၏။ အာဇီဝ ပါရိသုဒ္ဓိသီလသည် **ပရိယေဋ္ဌိသုဒ္ဓိ** မည်၏၊ ထိုစကားမှန်သည်၊ ထိုအာဇီဝ ပါရိသုဒ္ဓိသီလကို မသင့်သော ရှာမှီးခြင်း အနေသနမှုများကိုပယ်၍ တရားနှင့်လျော်ညီစွာ ပစ္စည်းကို ဖြစ်စေသော ပုဂ္ဂိုလ်အားသာ ရှာမှီခြင်း၏ စင်ကြယ်သည်၏ အဖြစ်ကြောင့် ပရိယေဋ္ဌိ သုဒ္ဓိဟူ၍ ဆိုအပ်၏။ ပစ္စည်းကိုသုံးဆောင်ခြင်း၌ မှီသောသီလသည် **ပစ္စဝေက္ခဏာသုဒ္ဓိ** သီလ မည်၏၊ ထိုစကားမှန်သည်၊ ထိုပစ္စယသန္နိဿိတ သီလကိုဆိုအပ်ခဲ့ပြီးသော အပြားရှိသော ဆင်ခြင်ခြင်းဖြင့် စင်ကြယ်သောကြောင့် ပစ္စဝေက္ခဏာသုဒ္ဓိဟူ၍ဆိုအပ်၏။ ထို့ကြောင့် ခံယူစဉ်အခါ သတိမပြုသော်လည်း သုံးဆောင်သောအခါ သတိပြုသောရဟန်းအား အာပတ်မသင့်ဟူ၍ ဆိုအပ်၏။

သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့၏ပစ္စည်းကို သုံးဆောင်ခြင်းသည် အမွေပစ္စည်းကို သုံးဆောင်သည်နှင့် တူသောကြောင့်

**ဒါယဇ္ဇပရိဘောဂ** မည်၏။ အကြောင်းမှာ ထိုသေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့သည် ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ သားတော် သမီးတော်တွေ ဖြစ်ကြကုန်၏၊ ထို့ကြောင့် ဘခင် မြတ်စွာဘုရား၏ ဉစ္စာဖြစ်ကုန်သော ပစ္စည်းလေးပါးတို့ကို အမွေ ခံယူထိုက်သောသူများဖြစ်၍ ထိုပစ္စည်းတို့ကို သုံးဆောင်ကြကုန် ၏၊ ထို့ကြောင့် ထိုသေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့၏ ပစ္စည်း သုံးဆောင်ခြင်းသည် ဒါယဇ္ဇပရိဘောဂမည်၏။

ထိုပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရား၏ပစ္စည်းတို့ကို သုံးဆောင်ကြကုန်သလော၊ သို့မဟုတ် လှူဒါယကာတို့၏ပစ္စည်းကို သုံးဆောင်ကြကုန်သလော၊ လူတို့သည် ပေးလှူအပ်ကုန်သော်လည်း မြတ်စွာဘုရား ခွင့်ပြုတော်မူအပ်သည့်အဖြစ်ကြောင့် မြတ်စွာဘုရား၏ ပစ္စည်းသာလျှင်ဖြစ်ကုန်၏၊ ထို့ကြောင့် မြတ်စွာဘုရား၏ပစ္စည်း ကိုပင် သုံးဆောင်၏ဟူ၍ သိအပ်လေသည်၊ ဤအရာ၌ ဓမ္မဒါယာဒ သုတ်သည် ခိုင်လုံသော သက်သေသာဓကဖြစ်ပေ၏။

ရဟန္တာ ပုဂ္ဂိုလ်တို့၏ သုံးဆောင်ခြင်းသည် **သာမိပရိဘောဂ** မည်၏။ ထိုစကားမှန်သည်၊ ရဟန္တာ ပုဂ္ဂိုလ်တို့သည်ကား တဏှာ၏ကျွန်အဖြစ်ကို လွန်မြောက်သည့်အဖြစ်ကြောင့် သခင် ဖြစ်၍ ပစ္စည်းလေးပါးတို့ကို သုံးဆောင်ကြကုန်၏၊ ထို့ကြောင့် ထို ရဟန္တာပုဂ္ဂိုလ်တို့၏ သုံးဆောင်ခြင်းကို သာမိပရိဘောဂ ဟူ၍ သိအပ်၏။

ဤလေးပါးသောသုံးဆောင်ခြင်း ပရိဘောဂတို့တွင် သာမိ ပရိဘောဂနှင့် ဒါယဇ္ဇပရိဘောဂသည် အလုံးစုံသော အရိယာ ပုထုဇဉ်တို့အား သင့်လျော်၏၊ ဣဏ ပရိဘောဂသည် အလုံးစုံ သောသူတို့အား မသင့်လျော်၊ ထေယျ ပရိဘောဂကိုမူကား ဆိုဖွယ်ရာမရှိ။

သီလရှိသောသူ၏ အကြင်ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင် ခြင်းသည် ရှိ၏၊ ထိုသုံးဆောင်ခြင်းသည် **ဣဏပရိဘောဂ** မည်၏၊ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် မြီကြွေးကင်းသောသူ၏ သုံး ဆောင်ခြင်း မည်သည်လည်းကောင်း ဖြစ်၏၊ ဒါယဇ္ဇပရိဘောဂ၌

ပေါင်း၍ ရေတွက်ခြင်းသို့သော်လည်း ရောက်၏၊ အကြောင်းမူကား သီလရှိသောပုဂ္ဂိုလ်သည် ဤသိက္ခာပုဒ်တို့နှင့် ပြည့်စုံသည့်အဖြစ်ကြောင့် သေက္ခပုဂ္ဂိုလ် ဟူ၍သာလျှင် ရေတွက်ခြင်းသို့ရောက်၏။ ထို့ကြောင့် ဒါယဇ္ဇပရိဘောဂ၌ ပေါင်းရုံးရေတွက်အပ်၏၊ ဤဆိုအပ်ခဲ့ပြီးသော ပစ္စည်းသုံးဆောင်ခြင်း ပရိဘောဂလေးမျိုးတို့တွင် သာမိပရိဘောဂသည် မြတ်၏၊ ထို့ကြောင့် ထိုသာမိပရိဘောဂကို လိုချင်တောင့်တသော ရဟန်းသည် ဆိုအပ်ခဲ့ပြီးသော ဆင်ခြင်ရပုံအစီအရင်တို့ဖြင့် ဆင်ခြင်၍ ပစ္စည်းလေးပါးကိုသုံးဆောင်လျက် ပစ္စယသန္နိဿိတသီလကို ပြီးပြည့်စုံစေအပ်၏။

ဤသို့ပြုသော်သာလျှင် မိမိတို့ ပြုသင့် ပြုထိုက်သောကိစ္စကိုပြုလေ့ရှိသောသူ မည်သည်ဖြစ်၏၊ ထို့ကြောင့် အောက်ပါဂါထာများကို ဆိုအပ်၏။

"ပိဏ္ဍံ ဝိဟာရံ သယနာသနဉ္စ၊
အာပဉ္စ သင်္ဃာဋိရဇူပဝါဟနံ။
သုတွာန ဓမ္မံ သုဂတေန ဒေသိတံ၊
သင်္ခါယ သေဝေ ဝရပညသာဝကော။

တသ္မာ ဟိ ပိဏ္ဍေ သယနာသနေ စ၊
အာပေ စ သင်္ဃာဋိရဇူပဝါဟနေ။
ဧတေသု ဓမ္မေသု အနူပလိတ္တော၊
ဘိက္ခု ယထာ ပေါက္ခရေ ဝါရိဗိန္ဒု။

ကာလေန လဒ္ဓါ ပရတော အနုဂ္ဂဟာ၊
ခဇ္ဇေသု ဘောဇ္ဇေသု စ သာယနေသု စ။
မတ္တံသော ဇညာ သတတံ ဥပဋ္ဌိတော၊
ဝဏဿ အာလေပနရူဟနေ ယထာ။

ကန္တာရေ ပုတ္တမံသံဝ၊
အက္ခဿဗ္ဘဉ္ဇနံ ယထာ။
ဧဝံ အာဟာရေ အာဟာရံ၊
ယာပနတ္ထမမုစ္ဆိတော"တိ။

မြတ်သော ပညာရှိဖြစ်တော်မူသော မြတ်စွာဘုရား၏တပည့်သည် ဆွမ်းကိုင်း, ကျောင်းအိပ်ရာ နေရာတို့ကိုင်း, မြူ အညစ်အကြေးစသောဘေးရန်ကို ကာကွယ်ကြောင်းဖြစ်သော ဒုကုဋ်သင်္ကန်းကိုင်း, ရေအစရှိသောဆေးကိုင်း မြတ်စွာဘုရားသည် ဟောတော်မူအပ်သော တရားကိုနာရ၍ ပညာဖြင့် ဆင်ခြင်ပြီးလျှင် မှီဝဲသုံးဆောင်ရာ၏။

အကြင့်ကြောင့် ပညာဖြင့်ဆင်ခြင်၍ မှီဝဲသုံးဆောင်လေ့ရှိ၏၊ ထို့ကြောင့် ကြာဘက်၌ ရေပေါက်သည် မလိမ်းကျံဘိသကဲ့သို့ ထို့အတူ ရဟန်းသည် ဆွမ်း၌ငင်း, ကျောင်း အိပ်ရာနေရာ၌ငင်း, မြူ အညစ်အကြေး အစရှိသော ဘေးရန်ကို ကာကွယ်ကြောင်းဖြစ်သော ဒုကုဋ်သင်္ကန်း၌ငင်း, ရေအစရှိသော ဆေးပစ္စည်း၌ငင်း ဤ ပစ္စည်းလေးပါးတို့၌ တဏှာဖြင့် မလိမ်းကျံ မကပ်ငြိသည်ဖြစ်၏။

အခါကာလအားလျော်စွာ ရအပ်သည်ရှိသော် ခဲဘွယ်တို့ကိုင်း, စားသောက်ဘွယ်တို့ကိုင်း, လျက်ဘွယ်တို့ကိုင်း ဒါယကာတို့အား ချီးမြှောက် ထောက်ပံ့ခြင်းငှါခံယူအပ်၏၊ အမြဲမပြတ် ထင်သော သတိရှိသည်ဖြစ်၍ အနာကို ဆေးလိမ်းကျံသဖြင့် အသားနုတက်ခြင်းကဲ့သို့ အတိုင်းအရှည်ကို သိရာ၏။

ကန္တာရခရီးခဲ၌ သားငယ်၏အသားကို စားရှာကြရကုန်သော ခရီးသွားလင်မယားကဲ့သို့ငင်း, လှည်းဝင်ရိုးကို မကျိုးမပြည်ရအောင် ဆီလိမ်းကျံသကဲ့သို့ငင်း ဤအတူ ခန္ဓာကိုယ်ကို မျှတစေရန် အကျိုးငှါ မတွေ မဝေမူ၍ အစာ အာဟာရကို သုံးဆောင် စားသောက်ရာ၏။

ဤ ပစ္စယသန္နိဿိတသီလကို ပြည့်စုံအောင် ဖြည့်ကျင့်ရာ၌ **မဟာသံဃရက္ခိတမထေရ်၏ တူတော် သာမဏေ၏ဝတ္ထု**ကို ထုတ်ဆိုအပ်၏၊ ထိုသာမဏေသည်ကား ကောင်းစွာပညာဖြင့် ဆင်ခြင်၍ သုံးဆောင်၏၊ ထို့ကြောင့် အောက်ပါ ဂါထာတို့ကို ဆိုအပ်လေသည်။

“ဥပဇ္ဈာယေယာ မံ ဘုဉ္ဇမာနံ၊
သာလိကူရံ သုနိဋ္ဌိတံ။
မာ ဟေဝ တွံ သာမဏေရ၊
ဇိဝှံ ဈာပေသိ အသညတော။

ဥပဇ္ဈာယဿ ဝစော သုတွာ၊
သံဝေဂမလဘိံ တဒါ။
ဧကာသနေ နိသီဒိတွာ၊
အရဟတ္တံ အပါပုဏိံ။

သောဟံ ပရိပုဏ္ဏသင်္ကပ္ပေါ၊
စန္ဒော ပန္နရသော ယထာ။
သဗ္ဗာသဝပရိက္ခီဏော၊
နတ္ထိ ဒါနိ ပုနဗ္ဘဝေါ”တိ။

အလွန်အေးမြသော သလေးဆွမ်းကို စားသုံးနေစဉ် ငါ့ကို ဦးရီးဖြစ်သော ဥပဇ္ဈာယ်ဆရာသည် “အို–မောင်ရှင် သာမဏေ သင်သည် မဆင်ခြင် မစောင့်စည်းမူ၍ လျှာကို မလောင်မကျွမ်းစေလင့်”ဟု မိန့်ဆိုတော်မူ၏။

ထိုအခါ ငါသည် ဥပဇ္ဈာယ်ဆရာ၏ စကားကိုကြား၍ ထိတ်လန့်ခြင်းသံဝေဂကို ရ၏၊ တနေရာထည်း၌ ထိုင်နေ၍ အရဟတ္တဖိုလ်သို့ ရောက်၏။

ထို ငါသည် ၁၅-ရက်မြောက်သောနေ့တွင် တက်ထွန်းသော လပြည့်ဝန်းကဲ့သို့ ပြည့်စုံသောအကြံ ရှိသည်ဌင်း, အလုံးစုံသော အာသဝေါတရားတို့ ကုန်သည်ဌင်း ဖြစ်၏၊ ယခု အခါ၌ တဖန်ဘဝသစ်၌ ဖြစ်ရခြင်းသည် မရှိတော့ပြီ ဟု ဆိုလေ၏။

“တသ္မာ အညောပိ ဒုက္ခဿ၊
ပတ္ထယန္တော ပရိက္ခယံ။
ယောနိသော ပစ္စဝေက္ခိတွာ၊
ပဋိသေဝေထ ပစ္စယေ”တိ။

ထို့ကြောင့် ဆင်းရဲအပေါင်း၏ ကုန်ရာဖြစ်သော အရဟတ္တဖိုလ်ကို လိုချင်တောင့်တသော တပါးသော အမျိုးသားတို့သည်လည်း သင့်လျော်သောအားဖြင့် ဆင်ခြင်၍ ပစ္စည်းလေးပါးတို့ကို မှီဝဲသုံးဆောင်ကြကုန်ရာ၏။

**ပါတိမောက္ခ သံဝရသီလ အစရှိသော**
**သီလကြီးလေးပါး ပြီး၏။**

---

## ၅-ပါးစု ပဉ္စမပဉ္စက

၂၀။ သီလငါးမျိုးစီရှိသော ငါးပါးစုတွင် ပဌမငါးပါးစုကို အနုပသမ္ပန္နသီလ အစရှိသည်တို့၏ အစွမ်းဖြင့် သိအပ်၏၊ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်် ပါဠိတော်၌ ဤသို့ အရှင်သာရိပုတ္တရာ ဖွင့်ပြ ဟောကြားအပ်၏။

(၁) အရေအတွက် အပိုင်းအခြားရှိသော စင်ကြယ်သော "**ပရိယန္တပါရိသုဒ္ဓိသီလ**"သည် အဘယ်နည်း၊ ရေတွက် ပိုင်းခြားအပ်သော သိက္ခာပုဒ်ရှိသော ရှင်သာမဏေတို့၏ သီလသည် အရေအတွက် အပိုင်းအခြားရှိသော **ပရိယန္တပါရိသုဒ္ဓိသီလ** မည်၏။

(၂) အပိုင်းအခြားမရှိသော စင်ကြယ်သော "**အပရိယန္တပါရိသုဒ္ဓိသီလ**"ဟူသည် အဘယ်နည်း၊ အပိုင်းအခြားမရှိကုန်သော သိက္ခာပုဒ်တို့ကို ကျင့်သုံးရသော ရဟန်းပဉ္စင်းတို့၏ သီလသည် **အပရိယန္တပါရိသုဒ္ဓိသီလ** မည်၏။

(၃) အပြည့်အစုံ စင်ကြယ်သော "**ပရိပုဏ္ဏပါရိသုဒ္ဓိသီလ**" သည် အဘယ်နည်း၊ ဝိပဿနာ အကျင့်တည်းဟူသော ကုသိုလ်တရား၌ မပြတ်အားထုတ်ခြင်း ရှိကုန်သော သေက္ခမွေဟု ဆိုအပ်သော လောကီ သိက္ခာသုံးပါး၌ တစုံတခုသော သိက္ခာကိုမျှ မယုတ်မလျော့စေမူ၍ ဖြည့်ကျင့်သော ကိုယ်ကိုဇင်း, အသက်ကိုဇင်း ငဲ့ကွက်ခြင်းမရှိ၊ သီလပါရမီအကျိုးငှါ အသက်ကိုစွန့်စားသော ပုထုဇဉ် သူတော်ကောင်းတို့၏ သီလသည် အပြည့်အစုံ စင်ကြယ်သော"**ပရိပုဏ္ဏပါရိသုဒ္ဓိသီလ** မည်၏။

(၄) ဒိဋ္ဌိ သံကိလေသ တရားတို့သည် မသုံးသပ်အပ်သဖြင့် စင်ကြယ်သော "**အပရာမဋ္ဌ ပါရိသုဒ္ဓိသီလ**"သည် အဘယ်နည်း၊ သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့၏သီလသည် **အပရာမဋ္ဌပါရိသုဒ္ဓိ သီလ** မည်၏။

(၅) ကိလေသာတို့ အေးငြိမ်းခြင်းကြောင့် စင်ကြယ်ခြင်း ရှိသော"**ပဋိပဿဒ္ဓိ ပါရိသုဒ္ဓိသီလ**"သည် အဘယ်နည်း၊ မြတ်စွာ ဘုရား၏ တပည့်သားတော် ရဟန္တာပုဂ္ဂိုလ်တို့၏၎င်း, ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏၎င်း, ပူဇော်အထူးကို ခံထိုက်ကုန်သော အလုံး စုံသောတရားကို ကိုယ်တိုင်ထိုးထွင်း၍ သိတော်မူသော မြတ်စွာ ဘုရားတို့၏၎င်း သီလသည် **ပဋိပဿဒ္ဓိပါရိသုဒ္ဓိသီလ** မည်၏ဟူ၍ ဟောကြား ဖွင့်ဆိုအပ်၏။

ထို ငါးမျိုးသောသီလတို့တွင် ရှင်သာမဏေတို့၏ သီလသည် ရေတွက်သည်၏အစွမ်းဖြင့် အပိုင်းအခြားရှိသောကြောင့်**ပရိယန္တ ပါရိသုဒ္ဓိသီလ** မည်လေသည်။

ရဟန်းတော်တို့၏ သီလကို—

"နဝ ကောဋိသဟဿာနိ၊
အသီတိ သတကောဋိယော။
ပညာသ သတသဟဿာနိ၊
ဆတ္တိံသာ စ ပုနာပရေ။

ဧတေ သံဝရဝိနယာ၊
သမ္ဗုဒ္ဓေန ပကာသိတာ။
ပေယျာလမုခေန နိဒ္ဒိဋ္ဌာ၊
သိက္ခာ ဝိနယသံဝရေ"တိ။

ကျင့်သုံးဖြည့်ဆည်းပူးအပ်ကုန်သော ကိုယ်နှုတ်ကို ဆုံးမ စောင့်စည်းမှု အကြင် အဓိသီလတို့သည် အရေအတွက် အားဖြင့် ကုဋေ ကိုးထောင်တို့၎င်း, ကုဋေ တရာ့ရှစ်ဆယ် တို့၎င်း,ငါးသန်းတို့၎င်း, တဖန် သုံးသောင်းခြောက်ထောင် တို့၎င်း ဖြစ်ကုန်၏၊ ထို **ကုဋေ ကိုးထောင် တရာ**

**ရှစ်ဆယ့် ငါးသန်း သုံးသောင်း ခြောက်ထောင်**(၉၁၀၀-၅၀၃၆၀၀၀) သော သီလသိက္ခာပုဒ်တို့ကို ဝိနည်းပိဋကတ်၌ မြတ်စွာဘုရားသည် အကျယ်အားဖြင့် ဟောကြားတော်မူအပ်၏၊ သံဂါယနာတင် အရှင်မြတ်တို့သည်ကား နည်းတူကို မြှုပ်ခြင်းပေယျာလနည်းဖြင့် အကျဉ်းရုံး၍ ပြတော်မူကြကုန်၏ဟု ရေတွက်ခြင်း၏ အစွမ်းအားဖြင့် အပိုင်းအခြားရှိသည် ဖြစ်ပါသော်လည်း မကြွင်းမကျန်ရအောင် ဆောက်တည် ကျင့်သုံးရမည်ဖြစ်၍ငင်း, လာဘ် အခြံအရံ အဆွေအမျိုး အင်္ဂါကြီးငယ် အသက် စသည်တို့ဖြင့် မမြင်အပ်သောအပိုင်းအခြားရှိသည်ဖြစ်၍ငင်း ဤအကြောင်းများကို ရည်ရွယ်၍ ပရိယန္တပါရိသုဒ္ဓိသီလ ဟူ၍ ဆိုအပ်လေသည်၊ အဘယ်ပုဂ္ဂိုလ်၏ သီလကဲ့သို့ ပါနည်းဟူမူ **"ဇိရဂုမ္ဗဝါသီ အမ္ဗခါဒက မဟာတိဿမထေရ်ကြီး**၏ သီလကဲ့သို့ပေတည်း။

ထို့ကြောင့် ထို မထေရ်ကြီးသည်——

ဓနံ စဇေ အင်္ဂဝရဿ ဟေတု၊
အင်္ဂံ စဇေ ဇီဝိတံ ရက္ခမာနော။
အင်္ဂံ ဓနံ ဇီဝိတဉ္စာပိ သဗ္ဗံ၊
စဇေ နရော ဓမ္မမနုဿရန္တော။

မြတ်သော ကိုယ်အင်္ဂါဟူသော အကြောင်းကြောင့် ဥစ္စာကို စွန့်ရာ၏၊ အသက်ကို စောင့်ရှောက်လိုသော သူသည် ကိုယ်အင်္ဂါကို စွန့်ရာ၏၊ သူတော်ကောင်းတို့၏ တရားကို အစဉ်အောက်မေ့သော သူသည်ကား ကိုယ်အင်္ဂါကိုငင်း, ဥစ္စာကိုငင်း အသက်ကိုငင်း အလုံးစုံကို စွန့်ရာ၏။

ဟူသော ဤသူတော်ကောင်းတို့၏ အကျင့်ကို အစဉ်အောက်မေ့ခြင်း သတိကို မစွန့်မူ၍ အသက်သေရအံ့လော ဟု ယုံမှားခြင်းရှိသော်လည်း သိက္ခာပုဒ်ကို မလွန်မကျူးဘဲ ထို အပရိယန္တ

ပါရိသုဒ္ဓိသီလကိုပင် အမှီပြု၍ ဒါယကာ၏ ကျောက်ကုန်းထက်၌ စိုးလျက်ပင် အရဟတ္တဖိုလ်သို့ ရောက်လေ၏၊ ထို့ကြောင့် အောက်ပါဂါထာကို ဆို၏။

“န ပိတာ နပိ တေ မာတာ၊
န ဉာတိ နပိ ဗန္ဓဝေါ။
ကရောတေ’တာဒိသံ ကိစ္စံ၊
သီလဝန္တဿ ကာရဏာ။

သံဝေဂံ ဇနယိတွာန၊
သမ္မသိတွာန ယောနိသော။
တဿ ပိဋ္ဌိဂတော သန္တော၊
အရဟတ္တံ အပါပုဏိ”တိ။

အို–ရဟန်းတို့၊ ဤဒါယကာသည်ကား သင်၏ အဖ မဟုတ်၊ သင်၏အမိလည်းမဟုတ်၊ အဆွေအမျိုးလည်း မဟုတ်၊ အဆွေခင်ပွန်းလည်းမဟုတ်၊ ထိုသို့ သူစိမ်းပြင်ပြင် ဖြစ်ပါလျက် သီလရှိသည်အဖြစ်ကြောင့် ထိုသို့ ပခုံးဖြင့် ထမ်းပိုးခြင်းစသော ကိစ္စကို ပြုပေ၏။

ဤသို့ ထိတ်လန့်ခြင်းသံဝေဂကို ဖြစ်စေ၍ အသင့် အလျော်အားဖြင့် သုံးသပ် ဆင်ခြင်သောကြောင့် ထို ဒါယကာ၏ ကျောက်ကုန်းထက်၌ နေလျက်ပင် အရဟတ္တ ဖိုလ်သို့ ရောက်လေ၏ဟု ဆို၏။

ပုထုဇဉ် သူတော်ကောင်းတို့၏ သီလသည် ပဓာန်းဖြစ်သည်မှ စ၍ ကောင်းမွန် စင်ကြယ်စွာ သွေးအပ်သော ပတ္တမြားကျောက် ကဲ့သို့ငှင်း, ကောင်းစွာ စင်ကြယ်အောင် ကျင်အပ်သောရွှေကဲ့သို့ ငှင်း, အလွန်စင်ကြယ်သည်အဖြစ်ကြောင့် စိတ်ဖြစ်ခါမျှဖြင့်လည်း ကိလေသာဟူသော အညစ်အကြေးမှ ကင်းသည်ဖြစ်၍ အရဟတ္တ ဖိုလ်၏ အကြောင်းသည် ဖြစ်၏၊ ထို့ကြောင့် ပရိပုဏ္ဏပါရိသုဒ္ဓိ သီလဟူ၍ ဆိုအပ်၏၊ **မဟာသံဃရက္ခိတ မထေရ်**၏ **တူတော် ရှင်သံဃရက္ခိတမထေရ်**တို့၏ သီလကဲ့သို့ ပေတည်း။

**ဝါတော်ခြောက်ဆယ်** ကျော် လွန်၍သော ညောင်စောင်းတွင် လျောင်းလျက်နေသော **မဟာသံဃရက္ခိတ မထေရ်ကြီး**ကို ရဟန်းသံဃာတော်များတို့က လောကုတ္တရာတရားရခြင်းကို မေးလျှောက်ကြကုန်သတတ်၊ မထေရ်ကြီးသည် ငါ့အား လောကုတ္တရာတရားသည်မရှိ ဟု မိန့်ဆိုလေ၏၊ ထိုအခါမထေရ်ကြီး၏ အလုပ်အကျွေးဖြစ်သော ရဟန်းငယ်များက "အရှင်ဘုရား အရှင်ဘုရား ပရိနိဗ္ဗာန်စံတော်မူသည် ဟူ၍ ထက်ဝန်းကျင် ၁၂-ယူဇနာတိုင်အောင်သောအရပ်မှလူတို့သည် စည်းဝေးကြပါကုန်၏၊ အရှင်ဘုရား၏ပုထုဇဉ်အဖြစ်ဖြင့် စုတေသေလွန်ခြင်းကြောင့် လူများအပေါင်းအား နှလုံးမသာ ဖြစ်ကြပါလတ္တံ့" ဟု လျှောက်ကြလေ၏။

"အို-ငါ့ရှင်တို့၊ ငါသည်ကား မေတ္တေယျ မြတ်စွာဘုရားကို ဖူးမြင်အံ့" ဟူ၍ ဝိပဿနာတရားကို အားမထုတ်ဘဲနေပေ၏၊ ထိုသို့ဖြစ်ပါမူကား ငါ့ကိုထူ၍ အခွင့်ပေးကြကုန်လော့ ဟု ဆို၏၊ ထို ရဟန်းငယ်တို့သည် မထေရ်ကြီးကိုထူ၍ အပြင်ဘက်သို့ထွက်ကြလေ၏၊ မထေရ်ကြီးသည် ထို ရဟန်းတို့ ထွက်သည်နှင့်တပြိုင်နက်ပင် အရဟတ္တဖိုလ်သို့ရောက်၍ လက်ဖျောက်တီး၍ အမှတ်ပေးလိုက်လေ၏၊ သံဃာတော်များအပေါင်းသည် စည်းဝေး၍ "**အရှင်ဘုရား ဤသို့သေခါနီးအခါကာလ၌ တခဏခြင်း လောကုတ္တရာတရားကို ဖြစ်စေသည်မှာ အံ့ဩဖွယ်ရာ ပြုနိုင်ခဲ့သော အရာကိုပြုပါပေ၏**" ဟု လျှောက်ကြကုန်၏၊ "**အို-ငါ့ရှင်တို့၊ ငါသည်ကား ရဟန်းပြုသော အခါကာလမှစ၍ သတိမထား ဉာဏ်ဖြင့်မပိုင်းခြားမူ၍ ပြုမိသောအရာမည်သည်ကို မမြင်စဘူးချေ**" ဟု မိန့်ဆိုလေ၏။

တူတော်ဖြစ်သော **ရူဋ္ဌသံဃရက္ခိတ မထေရ်**သည်လည်း **ဝါငါးဆယ်**ရမှ ဤအတူပင်လျှင် အရဟတ္တဖိုလ်သို့ ရောက်လေသည်။

"အပ္ပဿုတောပိ စေ ဟောတိ၊
သီလေသု အသမာဟိတော။

ဥဘာယေန နံ ဂရဟန္တိ၊
သီလတော စ သုတေန စ။
အပ္ပဿုတောပိ စေ ဟောတိ၊
သီလေသု သုသမာဟိတော။
သီလတော နံ ပသံသန္တိ၊
နာဿ သမ္ပဇ္ဇတေ သုတံ။
ဗဟုဿုတောပိ စေ ဟောတိ၊
သီလေသု အသမာဟိတော။
သီလတော နံ ဂရဟန္တိ၊
တဿ သမ္ပဇ္ဇတေ သုတံ။
ဗဟုဿုတောပိ စေ ဟောတိ၊
သီလေသု သုသမာဟိတော။
ဥဘာယေန နံ ပသံသန္တိ၊
သီလတော စ သုတေန စ။
ဗဟုဿုတံ ဓမ္မဓရံ၊
သပ္ပညံ ဗုဒ္ဓသာဝကံ။
နေက္ခံ ဇမ္ဗောနဒဿေဝ၊
ကော တံ နိန္ဒိတုမရဟတိ။
ဒေဝါပိ နံ ပသံသန္တိ၊
ဗြဟ္မုနာပိ ပသံသိတော”တိ။

အကြားအမြင် နည်းသောသူ ဖြစ်စေကာမူ ပါတိမောက္ခ သီလအစရှိသော ကိုယ်ကျင့်သီလတို့၌ ကောင်းစွာ မတည်သည်ရှိသော် အကျင့်သီလအားဖြင့်၄င်း, အကြား အမြင် သုတအားဖြင့်၄င်း ထိုသူကိုနှစ်ပါးစုံဖြင့် ပညာရှိတို့သည် ကဲ့ရဲ့ရှုတ်ချကြကုန်၏။

အကြားအမြင်နည်းသောသူ ဖြစ်စေကာမူ ကိုယ်ကျင့် သီလတို့၌ ကောင်းစွာတည်သည်ရှိသော် သီလအကျင့် အားဖြင့် ထိုပုဂ္ဂိုလ်ကို ချီးမွမ်းကြကုန်၏၊ အကြားအမြင် သုတနှင့်မူကား မပြည့်စုံချေ။

များသောအကြားအမြင် ရှိသည်ဖြစ်စေကာမူ ကိုယ်ကျင့်သီလတို့၌ ကောင်းစွာ မတည်သည်ရှိသော် အကျင့်သီလအားဖြင့် ထိုပုဂ္ဂိုလ်ကို ကဲ့ရဲ့ရှုတ်ချကြကုန်၏၊ ထိုပုဂ္ဂိုလ်အား အကြားအမြင်သုတနှင့်မူကား ပြည့်စုံပေ၏။

များသော အကြား အမြင်ရှိသည်လည်းဖြစ်၏၊ ကိုယ်ကျင့်သီလတို့၌ ကောင်းစွာ တည်သည်လည်းဖြစ်၏၊ ထိုပုဂ္ဂိုလ်ကို အကြားအမြင် သုတအားဖြင့်၎င်း, အကျင့်သီလအားဖြင့်၎င်း နှစ်ပါးစုံဖြင့် ပညာရှိတို့သည် ချီးမွမ်းကြကုန်၏။

ကြားနာမှတ်သားအပ်ပြီးသော တရားကျမ်းဂန်တည်းဟူသော ဗဟုဿုတလည်းရှိသော သီလ အစရှိသောကျင့်ဝတ်တရားကိုလည်း ဆောင်သော ပညာရှိသောမြတ်စွာဘုရား၏ တပည့်တော်ကို ဇမ္ဗူရာဇ်ကျပ်ချိန်တနိက္ခကဲ့သို့ အဘယ်သူ ကဲ့ရဲ့ထိုက်ပါတော့အံ့နည်း၊ ထိုပုဂ္ဂိုလ်ကို နတ်တို့သည်လည်း ချီးမွမ်းကြကုန်၏၊ ဗြဟ္မာတို့သည်လည်း ချီးမွမ်းခြင်းငှါသင့်လှတော့သည်ဖြစ်လေ၏။

သေက္ခပုဂ္ဂိုလ်တို့၏သီလသည် ဒိဋ္ဌိ၏အစွမ်းဖြင့် မသုံးသပ်အပ်သည်အဖြစ်ကြောင့် အပရာမဋ္ဌပါရိသုဒ္ဓိသီလဟူ၍ သိအပ်၏၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့မူကား–ရာဂ၏အစွမ်းဖြင့် မသုံးသပ်အပ်သောသီလကို အပရာမဋ္ဌပါရိသုဒ္ဓိသီလ ဟူ၍ သိအပ်၏၊ အဘယ်ပုဂ္ဂိုလ်၏သီလကဲ့သို့နည်းဟူမူ **"ကုဋုမ္ဗိယ ပုတ္တတိဿမထေရ်"**၏သီလကဲ့သို့ပေတည်း၊ ထိုအရှင်သည်ကား ထိုသို့သဘောရှိသောသီလကိုအမှီပြု၍ အရဟတ္တဖိုလ်၌ တည်လိုသည်ဖြစ်သောကြောင့် ရန်သူတို့ကို အောက်ပါအတိုင်းမြွက်ဆို၏။

"ဥဘော ပါဒါနိ ဘိန္ဒိတွာ၊
သညပေဿာမိ ဝေါ အဟံ။
အဋ္ဋိယာမိ ဟရာယာမိ၊
သရာဂမရဏံ အဟ"န္တိ။

"ဝေါဟံ စိန္တယိတွာန၊
သမ္မသိတွာန ယောနိသော။
သမ္ပတ္တော အရဟတ္တမှိ၊
အရဟတ္တံ အပါပုဏိ"န္တိ။

အို-အချင်းတို့၊ ငါသည် ခြေနှစ်ဘက်တို့ကို ချိုး၍ သင်တို့အားသိစေအံ့၊ ငါသည် ရာဂနှင့်တကွ သေရခြင်းကို စက်ဆုပ်ပါ၏၊ ရှုံ့ရှာပါ၏ဟု ဆို၏။

ဤသို့ငါသည် ကြံစည်ပြီး၍ အသင့်အားဖြင့် သုံးသပ်ဆင်ခြင်ရာ အရဟတ်တက် အချိန်သို့ ရောက်လတ်သော် အရဟတ္တဖိုလ်သို့ရောက်၏ဟု ဥဒါန်းစကား မြွက်ကြားလေ၏။

တပါးသော မထေရ်ကြီးသည်လည်း ပြင်းတန်စွာနာသည်ဖြစ်၍ အစာအာဟာရကို မိမိလက်ဖြင့်ယူ၍ သုံးဆောင်ခြင်းငှါ မတတ်နိုင်၊ မိမိ၏ ကျင်ကြီး ကျင်ငယ်တို့ဖြင့် လိမ်းကျံလျက် လူးလိမ့်၍နေ၏၊ ထိုအခြင်းအရာကိုမြင်သောကြောင့် တပါးသော ရဟန်းငယ်သည် **"ဇီဝိတိန္ဒြေနှင့်စပ်သော သင်္ခါရတို့သည်ကား ဖြောင်-ဆင်းရဲစွတကား"**ဟု ဆို၏၊ ရဟန်းငယ်ကိုမထေရ်ကြီးက **အို....ငါ့ရှင်၊ ငါသည် ယခုအခါသေသည်ဖြစ်အံ့၊ နတ်စည်းစိမ်ကို ရအံ့သည်မချွတ်၊ ဤနတ်စည်းစိမ်ကိုရရာ၌ ငါအား ယုံမှား မရှိချေ၊ ဤသီလကို ဖျက်၍ရသော စည်းစိမ်မည်သည်ကား သိက္ခာကိုချ၍ ရအပ်သော လူအဖြစ်နှင့်တူသည်သာတည်း"**ဟု ဆို၍ သီလနှင့်တကွသေအံ့ဟု ထိုအရပ်၌ပင်လျှင် လျောင်းလျက် ထိုရာဂကို သုံးသပ်ဆင်ခြင်သည်ရှိသော် အရဟတ္တဖိုလ်သို့ရောက်၍ ရဟန်းသံဃာများ အပေါင်းအား ဤအောက်ပါ ဂါထာတို့ဖြင့် ပြောကြားလေ၏။

"ဖုဋ္ဌဿ မေ အညတရေန ဗျာဓိနာ၊
ရောဂေန ဗာဠှံ ဒုခိတဿ ရုပ္ပတော။
ပရိသုဿတိ ခိပ္ပမိဒံ ကဠေဝရံ၊
ပုပ္ဖံ ယထာ ပံသုနိ အာတပေ ကတံ။

အဇဉ္ဈံ ဇဉ္ဈသင်္ခါတံ၊
အသုစိံ သုစိသမ္မတံ။
နာနာကုဏပပရိပူရံ၊
ဇဉ္ဈရူပံ အပဿတော။

ဓိရတ္ထု မံ အာတုရံ ပူတိကာယံ၊
ဒုဂ္ဂန္ဓိယံ အသုစိ ဗျာဓိဓမ္မံ။
ယတ္ထပ္ပမတ္တာ အဓိမုစ္ဆိတာ ပဇာ၊
ဟာပေန္တိ မဂ္ဂံ သုဂတူပပတ္တိယာ”တိ။

အို-ငါ့ရှင်တို့၊ တပါးသောနှိပ်စက်တတ်သော ရောဂါသည် နှိပ်စက်ဘိစီးသည်ဖြစ်၍ အသည်းအထန် ဆင်းရဲသော ဖောက်ပြန်သော ကိုယ်ရှိသောငါ၏၊ ဤကိုယ်ကောင်ပုပ်သည် နေပူကျဲကျဲမြေမှုန့်ထဲ၌ ဖြန့်ကြဲ၍ထားအပ်သောပန်းကဲ့သို့ လျင်မြန်စွာ ခြောက်သွေ့လတ္တံ့။

မနှစ်သက်အပ် စက်ဆုပ်အပ်သည်ဖြစ်ပါလျက် သူမိုက်တို့က နှစ်သက်အပ်၏ဟု ပြောဆိုအပ်သော, မစင်ကြယ်သည်ဖြစ်ပါလျက် သူမိုက်တို့က စင်ကြယ်လှပသည်ဟု ပြောဆိုအပ်သော, အထူးထူး အညစ်အကြေးတို့ဖြင့် ပြည့်သော, ပညာမျက်စိမရှိကြ၍ မမြင်နိုင်သော သူမိုက်များကို နှစ်သက်ဘွယ် ထင်အောင် အရောင်ဆောင်၍ ပြလေ့ရှိသော, အမြဲမပြတ်တလဇပ်ကြင်နာသော,မကောင်းသော အနံ့ရှိသော, မစင်မကြယ် စက်ဆုပ်ဘွယ်အတိဖြစ်သော,ဖျားနာခြင်းသဘောရှိသော ဤကိုယ်အကောင်ပုပ်ကို စက်ဆုပ်ရွံရှာဘွယ်သော အရာဟူ၍ သင်တို့အား ထင်ပါစေလော့။

အကြင်အကောင်ပုပ်၌ ရာဂကြောင့် မေ့လျော့ကုန်သော, ရာဂဖြင့်အလွန်မိန်းမောတွေဝေခြင်းသို့ ရောက်ကုန်သော သတ္တဝါတို့သည် သုဂတိဘဝသို့ ရောက်ခြင်း၏ အကြောင်းဖြစ်သောသီလကို ဆုတ်ယုတ်စေကြကုန်၏။

ထို့ပြင်မှတပါး ရဟန္တာ, ပစ္စေကဗုဒ္ဓါ, သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားတို့၏ သီလကို အလုံးစုံသောကိလေသာ အပူအလောင်တို့ ငြိမ်းအေးခြင်းကြောင့်ရင်း, ထက်ဝန်းကျင် စင်ကြယ်သည်အဖြစ် ကြောင့်ရင်း ပဋိပဿဒ္ဓိပါရိသုဒ္ဓိသီလ ဟူ၍ သိအပ်၏။

ဤသို့လျှင် ပရိယန္တ ပါရိသုဒ္ဓိ သီလ အစရှိသည်တို့၏
အစွမ်းဖြင့် ငါးပါးအပြားရှိ၏။

---

## ငါးပါးစု ဒုတိယပဉ္စက

ဒုတိယ ပဉ္စက၌ ပါဏာတိပါတ အစရှိသည်တို့ကို ပယ်သည်၏အစွမ်းဖြင့် အနက်သဘောကို သိအပ်လေ၏၊ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ဆိုသည်မှာ သီလတို့သည် ငါးပါးအပြားရှိကုန်၏။

(၁) သူ၏အသက်ကို သတ်ခြင်းကို ပယ်ခြင်းသည် သီလမည်၏၊

(၂) သူ၏အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း ဝိရတိသည် သီလ မည်၏၊

(၃) သူ၏အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သောစေတနာသည် သီလ မည်၏၊

(၄) သူ၏အသက်ကို သတ်ခြင်းမှ စောင့်စည်း ပိတ်ဆို့ခြင်း သံဝရသည် သီလ မည်၏၊

(၅) သူ၏အသက်ကို သတ်ခြင်း တည်းဟူသော အကုသိုလ်မှုကို မလွန်ကျူးခြင်းသည် သီလ မည်၏။

သူ၏ဥစ္စာကို ခိုးယူခြင်းကို, သူ့သားအိမ်ရာကို မှားသောအားဖြင့် လွန်ကျူးခြင်းကို, မဟုတ်မလျား မုသားပြောဆိုခြင်းကို, သူနှစ်ယောက်တို့ အချစ်ပျက်အောင် ဂုံးတိုက်ခြင်းကို, ကြမ်းတမ်းသောစကား ပြောဆိုခြင်းကို, ပြိန်ဖျင်းသောစကား ပြောကြားခြင်းကို, သူတပါးစည်းစိမ်ကို လိုချင် တပ်မက်ခြင်း အဘိဇ္ဈာကို,

သူတပါးအား ပျက်စီးစေလိုခြင်း ဗျာပါဒကို, မှားယွင်းသော အယူကိုစွဲယူခြင်း မိစ္ဆာဒိဋ္ဌိကို....(အထက် ပါဏာတိပါတ နည်းတူ သီလငါးမျိုးကိုချဲ၍ သိလေ)။

ကာမမှ ထွက်မြောက်လိုမှု နေက္ခမ္မဓာတ်ဖြင့် ကာမစ္ဆန္ဒကို ပယ်ခြင်းသည် သီလမည်၏....(လ)....သူတပါး၏ စည်းစိမ်အသက်ကို မဖျက်ဆီးလိုမှု အဗျာပါဒ မေတ္တာဖြင့် ဗျာပါဒကို ပယ်ခြင်းသည် သီလမည်၏....(လ)....အလင်းရောင်ဟူသော အမှတ်သညာဖြင့် ထိန, မိဒ္ဓကိုပယ်ခြင်းသည် သီလမည်၏....(လ)....

စိတ်၏မပျံ့လွင့်ခြင်း အဝိက္ခေပဖြင့် စိတ်၏ပျံ့လွင့်မှု ဥဒ္ဓစ္စကို ပယ်ခြင်းသည် သီလမည်၏....(လ)....

တရားတို့ကို ပိုင်းခြားဆုံးဖြတ်ခြင်းဖြင့် တွေးတောယုံမှားခြင်း ဝိစိကိစ္ဆာကိုပယ်ခြင်းသည် သီလမည်၏....(လ)....

အဘိညာဏ်ဖြင့် အဝိဇ္ဇာကို ပယ်ခြင်းသည် သီလမည်၏....(လ).... ဝမ်းမြောက်ခြင်း ပါမောဇ္ဇဖြင့် မမွေ့လျော်ခြင်း အရတိကိုပယ်ခြင်းသည် သီလမည်၏....(လ)....

ပဌမဈာန်ဖြင့် နီဝရဏတို့ကို ပယ်ခြင်းသည် သီလမည်၏....(လ) ဒုတိယဈာန်ဖြင့် ဝိတက်ဝိစာရတို့ကို ပယ်ခြင်းသည် သီလမည်၏....(လ).... တတိယဈာန်ဖြင့် ပီတိကိုပယ်ခြင်းသည် သီလမည်၏....(လ).... စတုတ္ထဈာန်ဖြင့် သုခဒုက္ခကို ပယ်ခြင်းသည် သီလမည်၏....(လ)....

အာကာသာနဉ္စာယတန သမာပတ်ဖြင့် ရူပသညာကို ပဋိဃသညာကို အထူးထူးသောအာရုံ၌ ဖြစ်သောသညာကို ပယ်ခြင်းသည် သီလမည်၏....(လ)....

ဝိညာဏဉ္စာယတန သမာပတ်ဖြင့် အာကာသာနဉ္စာယတနသညာကို ပယ်ခြင်းသည် သီလမည်၏....(လ)....

အာကိဉ္စညာယတန သမာပတ်ဖြင့် ဝိညာဏဉ္စာယတနသညာကိုပယ်ခြင်းသည် သီလမည်၏.... (လ) ....

နေဝသညာနာသညာယတန သမာပတ်ဖြင့် အာကိဉ္စညာယတနသညာကို ပယ်ခြင်းသည် သီလမည်၏.... (လ)....

အနိစ္စ ဟု ရှုခြင်း အနိစ္စာနုပဿနာဖြင့် နိစ္စ ဟု မှတ်ထင်ခြင်း နိစ္စသညာကို ပယ်ခြင်းသည် သီလ မည်၏။....(လ)....

ဒုက္ခ ဟု ရှုခြင်းဖြင့် ဒုက္ခသညာကို....အနတ္တ ဟု ရှုခြင်းဖြင့် အတ္တသညာကို....ငြီးငွေ့ဘွယ် ဟု ရှုခြင်းဖြင့် နှစ်သက်ခြင်းကို....တပ်ခြင်းကင်းအပ်၏ ဟု ရှုခြင်းဖြင့် တပ်ခြင်း ရာဂကို....ချုပ်ပျောက်ခြင်းသဘော ဟု ရှုခြင်းဖြင့် သမုဒယကို....သင်္ခါရတို့ကို ဉာဏ်ဖြင့်ဆင်ခြင်၍ စွန့်လွှတ်ခြင်း ပဋိနိဿဂ္ဂါနုပဿနာဖြင့် နိစ္စ စသည်ဖြင့် စွဲလမ်းခြင်းကို....ကုန်ခြင်းကိုရှုသော ခယာနုပဿနာဖြင့် တစုတည်းတခဲတည်း ဟု မှတ်ထင်သော ဃနသညာကို....ပျက်ခြင်းကို ရှုသော ဝယာနုပဿနာဖြင့် ပြုပြင် စုရုံးအားထုတ်ခြင်းကို....ဖောက်ပြန်ခြင်းကိုရှုသော ဝိပရိဏာမာနုပဿနာဖြင့် မဖောက်မပြန်နိုင် မြဲသည် ဟု စွဲယူသော ဓုဝသညာကို....အကောင်အထည် စမ်းသပ်ရှာဖွေ၍ မရ ဟူသော အနိမိတ္တာနုပဿနာဖြင့် လုံးလုံး လျှောင်း လျှောင်း ပေါင်းစု တည်ဟန်ကို ယူခြင်းနိမိတ်ကို....ရာဂစသည်ဖြင့် မစွဲလမ်းအပ် ဟု ရှုသော အပ္ပဏိဟိတာနုပဿနာဖြင့် ရာဂ စသည်ဖြင့် သင်္ခါရ တို့ကို တောင့်တ ခြင်းကို....အတ္တမှ ဆိတ် ၏ ဟု ရှုသော သုညတာနုပဿနာဖြင့် အတ္တဘဲ ဟု စွဲသော အဘိနိဝေသကို....အနိစ္စ ဒုက္ခ စသည်ဖြင့် တေဘူမိက တရားတို့ကိုရှုသော အဓိပညာဓမ္မ ဝိပဿနာဖြင့် အနှစ်မဲ့သောသင်္ခါရတရားတို့ကို အနှစ်ရှိ၏ ဟု စွဲယူသော သာရာဒါနာဘိနိဝေသကို....ဟုတ်တိုင်းမှန်စွာသိသော ဉာဏ်အမြင်ဖြင့် မှားယွင်းစွာထင်မြင်သော သမ္မောဟာဘိနိဝေသကို....အပြစ်ကို အဖန် တလဲလဲရှုသော အာဒီနဝါနုပဿနာဖြင့် တဏှာအာလယဖြင့် နှလုံးသွင်းခြင်း အာလယာဘိနိဝေသကို....သင်္ခါရတို့ကို စွန့်လွှတ်အပ်၏, မဟွယ်မတာအပ် ဟု ဆင်ခြင်သော ပဋိသင်္ခါနုပဿနာဖြင့် ဆင်ခြင်ဉာဏ်ကင်းမဲ့ခြင်း အပ္ပဋိသင်္ခါကို....ဝဋ်ဆင်းရဲ၏ ကင်းရာနိဗ္ဗာန်ကို အဖန် တလဲလဲရှုခြင်း ဝိဝဋ္ဋာနုပဿနာဖြင့် ယှဉ်ပူးငြိတွယ်သောအားဖြင့် အမှားနှလုံးသွင်းခြင်း သံယောဂါဘိနိဝေသကို····သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌိနှင့်တကွဖြစ်သော ကိလေသာတို့ကို....သကဒါဂါမိမဂ်ဖြင့် ရုန့်ရင်း ကြမ်း

တန်းသော ကိလေသာတို့ကို....အနာဂါမိမဂ်ဖြင့် သိမ်မွေ့သော ကိလေသာတို့ကို····အရဟတ္တမဂ်ဖြင့် အလုံးစုံသော ကိလေသာ တို့ကိုပယ်ခြင်းသည် သီလ မည်၏၊ ကြဉ်ရှောင်ခြင်းသည် သီလ မည်၏၊ ကြဉ်ရှောင်ကြောင်း စေတနာသည် သီလ မည်၏၊ စောင့် စည်းခြင်းသံဝရသည် သီလ မည်၏၊ မလွန်ကျူးခြင်းသည် သီလ မည်၏၊ ဤသို့သဘောရှိကုန်သော သီလတို့သည် စိတ်ကိုသာယာ ရွှင်ပျစေခြင်းငှါ ဖြစ်ကုန်၏၊ ဝမ်းမြောက်စေခြင်းငှါ ဖြစ်ကုန်၏၊ နှစ်သက်စေခြင်းငှါဖြစ်ကုန်၏၊ ငြိမ်းစေခြင်းငှါ ဖြစ်ကုန်၏၊ရွှင်လန်း ဝမ်းသာခြင်းငှါဖြစ်ကုန်၏၊ အဖန်တလဲလဲ မှီဝဲခြင်းငှါ ဖြစ်ကုန်၏၊ အဖန်တလဲလဲပွါးခြင်းငှါ ဖြစ်ကုန်၏၊ အကြိမ်များစွာ လေ့လာ ခြင်းငှါဖြစ်ကုန်၏၊ တန်းဆာဆင်ခြင်းငှါ ဖြစ်ကုန်၏၊ အဆောက် အပံ့အကျိုးငှါဖြစ်ကုန်၏၊ အခြံအရံအကျိုးငှါ ဖြစ်ကုန်၏၊ သမာဓိ ၏ပြည့်စုံခြင်းငှါ ဖြစ်ကုန်၏၊ စင်စစ်ဝဋ်ဆင်းရဲကို ငြီးငွေ့ခြင်းငှါ, တပ်ခြင်းကင်းခြင်းငှါ, ချုပ်ခြင်းငှါ, ငြိမ်းအေးခြင်းငှါ, ထူးသော ဉာဏ်ဖြင့်သိခြင်းငှါ, သစ္စာလေးပါး အမှန်တရားတို့ကို ကိုယ်တိုင် သိခြင်းငှါ, အသင်္ခတ မဟာနိဗ္ဗာနဓာတ် ဟူသော အကျိုးငှါ ဖြစ်ကုန်၏ဟု အရှင်သာရိပုတ္တရာ မထေရ်သည် ဖွင့်ပြဟောကြား တော်မူအပ်၏။

ဤပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ ပယ်ခြင်းသည် သီလ မည်၏ စသည်ဖြင့် ဆိုရာ၌ သူ၏အသက်ကိုသတ်ခြင်း ပါဏာတိပါတ စေတနာအစရှိသည်တို့ကို မဖြစ်စေခြင်းမျှမှတပါး အခြားပယ် ကောင်းသောတရား ဟူ၍ တစုံတရာမျှမရှိချေ၊ ထိုထို ပါဏာတိ- ပါတ, အဒိန္နာဒါန စသည်တို့ကိုပယ်ခြင်းသည်ပင် ထိုထိုသို့သော ကုသိုလ်တရားတို့၏ တည်ရာ၏အဖြစ်ဖြင့် ဆောင်ခြင်းမည်သည် ဖြစ်၏၊ တုန်လှုပ်ခြင်း၏မရှိသည်အဖြစ်ဖြင့် ကောင်းစွာ အညီ အညွတ်စောင့်ထိန်းသည်ဖြစ်၏၊ ထို့ကြောင့် ရှေးကဆိုအပ်ခဲ့ပြီး သောအတိုင်း လွန်စွာဆောင်ခြင်း အနက်,ကောင်းစွာထားခြင်း အနက် ဟူသော သီလ သဒ္ဒါ၏အနက်ဖြင့် သီလ ဟူ၍ ဆိုအပ်၏။ ထို့ပြင်မှတပါးကုန်သော ကြဉ်ရှောင်ခြင်း ဝေရမဏီ အစရှိသော

သီလလေးပါးတို့မှာမူကား တရားကိုယ် ရကောင်းသည်ဖြစ်၍ ထိုထိုပါဏာတိပါတ အစရှိသည်မှ ကြဉ်ရှောင်သော ဝိရတိအစွမ်းဖြင့်၎င်း, ထိုထို တရားတို့ကို စောင့်ရှောက်သည့်အစွမ်းဖြင့်၎င်း, ထိုနှစ်ပါးသော ဝေရမဏီ သံဝရဓမ္မတို့နှင့် ယှဉ်သော စေတနာအစွမ်းဖြင့်၎င်း, ထိုထိုမလွန်ကျူးအပ်သော အရာတို့ကို မလွန်ကျူးသည်၏အစွမ်းဖြင့်၎င်း, စိတ်၏ဖြစ်ခြင်း ရှိသင့်သည်ကို ရည်၍ဆိုအပ်လေသည်၊ ထို ဝေရမဏီ အစရှိသော လေးပါးတို့၏ သီလမည်ကြောင်းကို နောက်ကပြခဲ့ပြီးပြီ။ **ဤသည်ကား ပဟာန သီလ အစရှိသော သီလငါးမျိုးပြခြင်းပေတည်း။**

ဤ ဆိုအပ်ခဲ့ပြီးသောစကားအစဉ်ဖြင့် သီလဟူသည် အဘယ်နည်း၊ အဘယ် အနက်သဘောကြောင့် သီလဟူ၍ ခေါ်ပါသနည်း၊ သီလ၏လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကား အဘယ်နည်း၊ သီလ၏အကျိုးကား အဘယ်နည်း သီလသည် အဘယ်မျှ အပြားရှိပါသနည်း ဟူသော အမေးပုစ္ဆာငါးချက်၏ အဖြေသည် ပြီး၏။

---

## သီလ သံကိလေသ, ဝေါဒါန
## ပုစ္ဆာ ၈, နှင့် ၉, တို့၏အဖြေ

၂၁။ သီလ၏ညစ်နွမ်းကြောင်းကား အဘယ်နည်း၊ သီလ၏ ဖြူစင်ကြောင်းကား အဘယ်နည်းဟူသော အကြင် အမေး ပုစ္ဆာကို ထုတ်၏၊ ထို အမေးပုစ္ဆာများ၏ အဖြေကို ဆိုပေအံ့။

ကျိုးပြတ်ခြင်းအစရှိသောအဖြစ်သည် သီလ၏ညစ်နွမ်းကြောင်း မည်၏၊ မကျိုးမပြတ်ခြင်း အစရှိသောအဖြစ်သည် သီလ၏ ဖြူစင်ကြောင်း မည်၏။

အကျယ်ချဲ့၍ပြဦးအံ့၊ ထို သီလ၏ကျိုးခြင်း ပြတ်ခြင်း အစ ရှိသည်တို့ကား လာဘ်, အခြံအရံ, အဆွေအမျိုး, အသက်စသည် အကြောင်းရှိသော ပျက်ခြင်း၎င်း, ခုနစ်ပါး အပြားရှိသော မေထုန်နှင့် ယှဉ်ခြင်းဖြင့်၎င်း ရေတွက်အပ်၏။

ထိုစကားမှန်သည်၊ အကြင်ရဟန်းအား ခုနစ်ပါးသော အာပတ်တို့တွင် အစ၌ငါး, အဆုံး၌ငါး သိက္ခာပုဒ်သည် ပျက်သည် ဖြစ်၏၊ ထိုရဟန်း၏ သီလသည် အစွန်းအမြိတ်၌ ပြတ်သော ပုဆိုးအဝတ်ကဲ့သို့ ပြတ်သောမည်သည် ဖြစ်၏၊ အကြင်ရဟန်း၏ သီလသည် အလယ်၌ ပျက်၏၊ ထိုရဟန်း၏ သီလသည် အလယ်၌ ပေါက်သောအဝတ်ကဲ့သို့ ပေါက်သောမည်သည် ဖြစ်၏၊ အကြင်ရဟန်း၏ သီလသည် အစဉ်အတိုင်း နှစ်ပါးသုံးပါးသော သိက္ခာပုဒ်တို့သည် ပျက်ကုန်၏၊ ထိုရဟန်း၏ သီလသည် ကျောက်ကုန်း၌ငါး, ဝမ်း၌ငါး ရောနှောသော မတူသောအဆင်းဖြင့် အမည်းအနီ အစရှိသည်တို့တွင် အမျိုးမျိုးသော ကိုယ်အဆင်းရှိသော နွားမကဲ့သို့ ကျားသောသီလမည်သည် ဖြစ်၏၊ အကြင်ရဟန်း၏ သီလသည် အကြားအကြား၌ သိက္ခာပုဒ်တို့သည် ပျက်ကုန်၏၊ ထိုရဟန်း၏သီလသည် အကြားအကြား၌ မတူသော အဆင်းအရောင်တို့ဖြင့် အကွက်အကွက် ဆန်းကြယ်သော အဆင်းရှိသော နွားမကဲ့သို့ အပြောက်အကွက်ရှိသော မည်သည် ဖြစ်၏၊ ဆိုအပ်ခဲ့ပြီးသော အခြင်းအရာအားဖြင့် လာဘ် အစရှိသော အကြောင်းကြောင့် သီလသိက္ခာပုဒ်၏ ပျက်ခြင်းဖြင့် သီလ၏ကျိုးခြင်း အစရှိသော အဖြစ်သည် ဖြစ်၏။

ဤဆိုလတ္တံ့သောနည်းဖြင့် ခုနစ်ပါးအပြားရှိသော မေထုန်နှင့်ယှဉ်ခြင်း၏ အစွမ်းဖြင့် သီလ၏ကျိုးခြင်း အစရှိသောအဖြစ်ကို သိအပ်၏၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် (သတ္တနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော် ၇-၅-၇-မဟာရညဝဂ် သတ္တမမေထုနသုတ်၌) ဟောတော်မူသည်မှာ—

အို—ပုဏ္ဏား၊ ဤလောက၌ အချို့သော ရဟန်းသည်ငါး, ပုဂ္ဂိုလ်သူမြတ်တို့သည်ငါး "ငါသည် ကောင်းစွာ မြတ်သော အကျင့်ကို ကျင့်သည်ဖြစ်၏" ဟု ဝန်ခံသည်ဖြစ်ပါလျက် မာတုဂါမနှင့် အတူတကွ နှစ်ယောက်အစုံ တပ်ခြင်းဆုံသော မေထုန်အကျင့်သို့ကား မရောက်၊ ထိုသို့ မရောက်သော်လည်း မာတုဂါမ၏ကိုယ်ကို နှံ့သာစသည် လိမ်းကျံပွတ်သပ်ခြင်း, ဆုပ်နယ်

ခြင်း, ရေချိုးခြင်း, သုံးသပ်ခြင်းကို သာယာ၏၊ ထိုရဟန်းသူမြတ်တို့သည် ထိုမာတုဂါမ၏ နှံ့သာ စသည်ဖြင့် လိမ်းကျံခြင်း စသည်ကို နှစ်သက်၏၊ထိုမာတုဂါမ၏ နံ့သာ စသည်ဖြင့် လိမ်းကျံခြင်း စသည်ကို အလိုရှိ၏၊ ထိုသို့ ပြုခြင်းဖြင့် နှစ်သက် မွေ့လျော်ခြင်းသို့ ရောက်၏၊ အို–ပုဏ္ဏားၤ ဤသို့ သာယာခြင်းသည် မြတ်သော အကျင့်၏ ကျိုးခြင်းသည်၎င်း, ပေါက်ခြင်းသည်၎င်း, ကျားခြင်းသည်၎င်း, ပြောက်ခြင်းသည်၎င်း မည်သည် ဖြစ်၏၊ အို–ပုဏ္ဏားၤ ဤသို့ သာယာခြင်းအစရှိသည်ကို မစင်မကြယ် မြတ်သောအကျင့်ကို ကျင့်၏ ဟူ၍၎င်း, မေထုန်နှင့် ယှဉ်ခြင်းဖြင့် ယှဉ်သောသူဟူ၍၎င်း ဆိုအပ်၏၊ ထို့ကြောင့် ပဋိသန္ဓေနေရခြင်းမှ, အိုရခြင်းမှ, သေရခြင်းမှ....(လ)....မလွတ်နိုင်ဟူ၍ ငါ-ဘုရားသည် ဟောတော်မူ၏။

အို–ပုဏ္ဏားၤ တဖန်လည်းတပါးတုံ ဤလောက၌ အချို့သော ရဟန်းသည်၎င်း, သူမြတ်ပုဂ္ဂိုလ်တို့သည်၎င်း ငါသည် မြတ်သော အကျင့်ကို ကျင့်သည်ဖြစ်၍ ဖြစ်၏ ဟု ဝန်ခံသည်ဖြစ်ပါလျက် မာတုဂါမနှင့် အတူတကွ နှစ်ယောက် အစုံတပ်ခြင်းဆုံသော မေထုန်အကျင့်သို့သော်ကား မရောက်၊ မာတုဂါမ၏ သုံးသပ်ဆုပ်နယ်ခြင်း စသည်ကိုလည်း မသာယာ၊ စင်စစ်သော်ကား မာတုဂါမနှင့် အတူတကွ ကိလေသာကလိ၍ တခိခိသည်းစွာ ရယ်၏၊ ကိုယ်လက်ထိပါး ကစား၏၊ အခြင်းခပ်သိမ်း မာတုဂါမကို ပြယ်ဆို မြူထူးလျက် နေ၏၊ ထိုရဟန်းသည် ထိုရယ်မောပြောဆိုခြင်းကို သာယာ၏၊····(လ)····ဆင်းရဲအပေါင်းမှ မလွတ်နိုင်ဟူ၍ ငါ-ဘုရားသည် ဟောတော်မူ၏။

အို–ပုဏ္ဏားၤ တဖန်လည်းတပါးတုံ အချို့သောရဟန်းသည်၎င်း....(လ)....မာတုဂါမနှင့်အတူတကွ နှစ်ယောက်အစုံ တပ်ခြင်းဆုံသော မေထုန်အကျင့်သို့ကား မရောက်၊ မာတုဂါမ၏သုံးသပ်ဆုပ်နယ်ခြင်း စသည်ကို မသာယာ၊ အတူတကွ ပြောဆိုရယ်မောကာ မြူထူးလျက်လည်း မနေ၊စင်စစ်သော်ကား မာတုဂါမ၏ မျက်စိ

ကိုမိမိ၏မျက်စိဖြင့် တစိမ့်စိမ့်စိုက်၍ ကြည့်၏၊တစိတစောင်း ချောင်းမြောင်း၍ ကြည့်၏၊ ထိုသို့ ကြည့်ရှုရခြင်းကို သာယာ၏၊....(လ)....။

အို–ပုဏ္ဏား၊····(လ)····ထိုသို့သော်ကား မသာယာ၊ စင်စစ်သော်ကား နံရံတဘက်၌၎င်း, တံတိုင်းတဘက်၌၎င်း ရယ်ရွှင်သည်လည်းဖြစ်သော စကားပြောဆိုသည်လည်းဖြစ်သော သီချင်းသီဆိုသည်လည်းဖြစ်သော ငိုကြွေးသည်လည်း ဖြစ်သော မါတုဂါမ၏အသံကို သာယာ၏၊···· (လ)····။

အို–ပုဏ္ဏား····(လ) ····ထိုသို့သော်ကား အသံကိုမသာယာ၊ စင်စစ်သော်ကား ရှေးက မာတုဂါမနှင့် အတူတကွ ရယ်ရွှင်ခြင်း, ပြောဆိုခြင်း, ကစားမြူးထူးခြင်းများကို အဖန်တလဲလဲ အောက်မေ့၏၊····(လ)····။

အို–ပုဏ္ဏား၊····(လ)····မာတုဂါမနှင့် မြူးထူးပျော်ပါးကစားခြင်းများကို အဖန်တလဲလဲ မအောက်မေ့၊ စင်စစ်သော်ကား ကာမဂုဏ်ငါးပါးတို့ဖြင့် စမ္ပာယ် မွေ့လျော်သော သူကြွယ်ကို၎င်း, သူကြွယ်သားကို၎င်း မြင်၍ ထိုသို့ ကာမဂုဏ်ခံစားသည်ကို သာယာ၏၊....(လ)....။

အို–ပုဏ္ဏား၊....(လ)....ကာမဂုဏ် ခံစားသူကိုမူကား မမြင်၊ စင်စစ်သော်ကား တပါးပါးသော နတ်အမျိုး၌ ဖြစ်ခြင်းကို တောင့်တ၍ မြတ်သောအကျင့်ကို ကျင့်၏၊ ငါသည် ဤသီလဖြင့်၎င်း, ဤအကျင့်ဖြင့်၎င်း, ဤခြိုးခြံခြင်းဖြင့်၎င်း, ဤမြတ်သောအကျင့်ဖြင့်၎င်း, နတ်သော်၎င်း, နတ်တို့တွင် တမျိုးမျိုးသော်၎င်း ဖြစ်ရလို၏ဟု တောင့်တ၏၊ ထိုနတ်အဖြစ်ကို သာယာ၏၊ ထိုနတ်အဖြစ်ကို အလိုရှိ၏၊ ထိုနတ်အဖြစ်ဖြင့် နှစ်သက်မြတ်နိုးခြင်းသို့ ရောက်၏၊ အို–ပုဏ္ဏား၊ ဤသို့ သာယာခြင်းသည်လည်း မြတ်သောအကျင့်၏ ကျိုးခြင်း, ပေါက်ခြင်း, ကျားခြင်း, ပြောက်ခြင်း မည်သည် ဖြစ်၏ဟု ဟောတော်မူ၏။

ဤသို့လျှင် လာဘ်အစရှိသော အကြောင်းကြောင့် သီလပျက်စီးခြင်းကို၎င်း, ခုနစ်ပါးအပြားရှိသော မေထုန်နှင့်ယှဉ်သော

သီလ ကျိုးပေါက်သည်၏ အဖြစ်ကို ရေတွက် ပေါင်းရုံးခြင်းကိုရင်း သိအပ်၏။

ထို့ပြင် သီလ၏ မကျိုးမပေါက်ခြင်း အစရှိသော အဖြစ်ကို မူကား ခပ်သိမ်းသောသိက္ခာပုဒ်တို့ကို မဖျက်မဆီး မလွန်ကျူး သော အားဖြင့်ရင်း, မေ့လျော့၍ ပျက်ကုန်သော်လည်း ကုစား ကောင်းသော သိက္ခာပုဒ်တို့ကို ကုစားသောအားဖြင့်ရင်း, ခုနစ်ပါးသော မေထုန်နှင့်ယှဉ်ခြင်း၏ မရှိသောအားဖြင့်ရင်း၊ ထိုမှတပါး အမျက်ထွက်ခြင်း ကောဓ, ရန်ငြိုးဖွဲ့ခြင်း ဥပနာဟ, သူ့ကျေးဇူးကိုချေခြင်း မက္ခ, သူတပါးကိုအဖျင်းပြုခြင်း ပလာသ, ငြူစူးခြင်း ဣဿာ, ဝန်တိုခြင်း မစ္ဆရိယ, လှည့်ပတ်ခြင်းမာယာ, ကြွားဝါ ပလွှား၍ပြောခြင်း သာဌေယျ, စိတ်၏ခိုင်မာခြင်း ထမ္ဘ, သူတပါးကို ဘိစီးချုတ်ချယ်ခြင်း သာရမ္ဘ, ငါ-တကား ဟု ထောင်လွှားခြင်း မာန, အလွန်မာန်ထောင်လွှားခြင်း အတိမာန, မာန်ယစ်ခြင်း မဒ, မေ့လျော့ပေါ့တန်ခြင်း ပမာဒ၊ ဤသို့ အစ ရှိသော အယုတ်တမာတရားတို့၏ မဖြစ်ခြင်းဖြင့်ရင်း, အလိုနည်း သည်၏အဖြစ်, ရောင့်ရဲလွယ်သည်၏အဖြစ်, ခေါင်းပါးသည်၏ အဖြစ် အစရှိကုန်သော ဂုဏ်ကျေးဇူးတို့ကို ဖြစ်စေခြင်းဖြင့်ရင်း ပေါင်းရုံး၍ ယူအပ်ကုန်၏။

အကြင်သီလတို့သည် လာဘ်အစရှိသည်တို့၏လည်း အကျိုးငှါ မပျက်စီးကုန် မေ့လျော့ခြင်း တည်းဟူသော အပြစ်၏အစွမ်းဖြင့် ပျက်ကုန်သော်လည်း တဖန် ကုစားခြင်းငှါ တတ်ကောင်း၏၊ မေထုန်နှင့်ယှဉ်ခြင်းဖြင့်ရင်း, အမျက်ထွက်ခြင်း ရန်ငြိုးဖွဲ့ခြင်း အစ ရှိကုန်သော မကောင်းမှုတို့ဖြင့်ရင်း မနှိပ်စက်အပ်ကုန်သည်လည်း ဖြစ်ကုန်၏၊ အလုံးစုံကုန်သော ထိုသီလတို့ကို မကျိုးကုန်သော အခဏ္ဍသီလတို့ဟူ၍ရင်း, မပေါက်ကုန်သော အဆိဒ္ဒသီလတို့ ဟူ၍ရင်း, မကျားကုန်သော အ-သဗလ သီလတို့ ဟူ၍ရင်း, မပြောက်မကွက်သော အ-ကမ္မာသ သီလတို့ ဟူ၍ရင်း ဆိုအပ် ကုန်၏။

ထို မကျိုး, မပေါက်, မကျား, မပြောက်သော သီလတို့သည်ပင် တဏှာ၏ ကျွန်အဖြစ်မှ လွတ်စေသဖြင့် တော်လှန်သည့်အဖြစ်ကို ပြုခြင်းကြောင့် ဘုဇိဿ သီလမည်သည်ရင်း, ပညာရှိတို့သည် ချီးမွမ်း ထောမနာအပ်သည့်အဖြစ်ကြောင့် ဝိညူပသတ္ထ သီလ မည်သည်ရင်း, တဏှာဒိဋ္ဌိတို့သည် မဖျက်ဆီးအပ်သည့် အဖြစ်ကြောင့် အပရာမဋ္ဌ သီလမည်သည်ရင်း, ဥပစာရ သမာဓိကိုရင်း, အပ္ပနာ သမာဓိကိုရင်း, ဖြစ်စေတတ်သောကြောင့် သမာဓိ သံဝတ္တနိက သီလမည်သည်ရင်း ဖြစ်ကုန်၏၊ ထို့ကြောင့် ထိုသီလ တို့၏ ဤမကျိုးခြင်း အစရှိသောအဖြစ်ကို သီလ၏ ဖြူစင်ကြောင်း ဝေါဒါနဟူ၍ သိအပ်၏။

ထို သီလ၏ ဖြူစင်ကြောင်း ဝေါဒါနသည် သီလပျက်စီးခြင်း၏ အပြစ်ကို မြင်ခြင်းဖြင့်ရင်း, သီလ ပြည့်စုံခြင်း၏အကျိုးကို မြင်ခြင်း ဖြင့်ရင်း ဤနှစ်ပါးသော အကြောင်းတို့ကြောင့် ပြည့်စုံနိုင်၏၊ ထို အကြောင်းနှစ်ပါးတို့တွင် "အို–ရဟန်းတို့၊ သီလမရှိသော သီလ ပျက်စီးသောသူ၏ အပြစ်တို့သည် ဤငါးပါးတို့ပေတည်း"ဟု ဤသို့ အစရှိသည်ဖြင့် ဟောအပ်သော သုတ္တန်နည်းဖြင့် သီလ ပျက်စီးခြင်း၏ အပြစ်ကို မှတ်အပ်၏။ တနည်းသော်ကား၊ သီလ မရှိသောပုဂ္ဂိုလ်သည် သီလ ကင်းမဲ့ခြင်းဟူသော အကြောင်း ကြောင့် လူ-နတ်တို့၏ စိတ်နှလုံးကို မနှစ်သက်စေ အပ်သည် ဖြစ်၏၊ သီတင်းသုံးဘော်တို့သည် စက်ဆုပ်ရွံရှာသဖြင့် မဆုံးမ အပ်သည် ဖြစ်၏၊ ဒုဿီလပုဂ္ဂိုလ် ဟု ကဲ့ရဲ့ခံရခြင်းကြောင့် လွန်စွာ ဆင်းရဲသည် ဖြစ်၏၊ သီလရှိသော ပုဂ္ဂိုလ်တို့ကို ချီးမွမ်းကုန်သည် ရှိသော် ငါ-ကား ကောင်းစွာမကျင့်ခဲ့မိ ဟု နှလုံးမသာဖြစ်၏၊ ထို အကျင့်သီလ ကင်းမဲ့သည်၏ အဖြစ်ကြောင့် ဂုံနီ ပိုက်ဆံလျှော် အဝတ်ကဲ့သို့ အဆင်းမလှသည်လည်း ဖြစ်၏၊ အကြင်သူတို့သည် ထို ဒုဿီလပုဂ္ဂိုလ်၏ အမူအကျင့်မျိုးကို လိုက်ကုန်၏၊ ထို သူတို့ အား ရှည်မြင့်စွာသော ကာလတို့ပတ်လုံး ဆင်းရဲကိုဖြစ်စေ တတ်သောကြောင့် ဂုံနီ ပိုက်ဆံလျှော်အဝတ်ကဲ့သို့ ဆင်းရဲသော အတွေ့ ရှိသည်ဖြစ်၏၊ အကြင်သူတို့၏အလှူကို ခံယူ၏၊ ထို သူတို့၏

အကျိုးစီးပွါး မများသည်ကို ပြသောကြောင့် ဂုနိ ပိုက်ဆံလျှော် အဝတ်ကဲ့သို့ အဘိုးနည်း၏၊ နှစ်ပေါင်းများစွာ စုပေါင်း၍ ထားအပ်သော မစင်တွင်းကြီးကဲ့သို့ သုတ်သင်ခြင်းငှါ ခဲယဉ်းလှစွာ၏၊ တံရူးဝါးကဲ့သို့ လူ့စည်းစိမ် ရဟန်းစည်းစိမ် တည်းဟူသော နှစ်ပါးသောအဘို့မှ အပ ဖြစ်၏၊ နွားအပေါင်းတို့၏ နောက်သို့ အစဉ်လိုက်သော မြည်းကဲ့သို့ ရဟန်း၏အဖြစ်ကို ဝန်ခံသော်လည်း ရဟန်းမဟုတ်သည်သာ ဖြစ်၏၊ အလုံးစုံသော သူတို့ကိုပင် မိမိ၏ ရန်သူဖြစ်သောသူကဲ့သို့ အမြဲမပြတ် ထိတ်လန့်ရသည် ဖြစ်၏၊ လူသေကောင်ကဲ့သို့ ပေါင်းဖော်ခြင်းငှါ မထိုက်သည်ဖြစ်၏၊ သုသာန် သင်းချိုင်းတွင် သူကောင် ဖုတ်သောမီးသည် ပုဏ္ဏားတို့၏ အပူဇော်မထိုက်သကဲ့သို့ သုတအစရှိသော ဂုဏ်တို့နှင့် ပြည့်စုံပါသော်လည်း သီတင်းသုံးဘော်တို့၏ ပူဇော်ခြင်းငှါ မထိုက်သည် ဖြစ်၏၊ မျက်စိကန်းသောသူသည် ရူပါရုံကိုမြင်ခြင်းငှါ မထိုက်သကဲ့သို့ ထို့အတူ ဈာန်, မဂ်ဖိုလ်တရားထူးကို ရခြင်းငှါ မထိုက်၊ ဒွန်းစဏ္ဍားဏ်၏ သားငယ်သည် မင်းအဖြစ်ကို အလိုအာသာ မရှိသကဲ့သို့ သူတော်ကောင်းတို့ ပဋိပတ် ပဋိဝေဓ တရားများကို လိုလား တောင့်တခြင်း မရှိ၊ ချမ်းသာလှ၏ဟု အောက်မေ့ မှတ်ထင်ပါသော်လည်း **အဂ္ဂိခန္ဓသုတ်၌** ဟောတော်မူအပ်သော ဆင်းရဲဒုက္ခအဘို့ရှိသောကြောင့် ဆင်းရဲသည်သာလျှင် ဖြစ်၏၊ ထိုစကားမှန်သည်၊ ကာမဂုဏ်ငါးပါးကို ခံစားခြင်း ရှိခိုးပူဇော်ခံခြင်းအစရှိသောချမ်းသာကိုတပ်မက်သောစိတ်ရှိသော သီလကင်းမဲ့သူ ဒုဿီလပုဂ္ဂိုလ်အား ထိုအကြောင်းကို အောက်မေ့ကာမျှဖြင့်ပင် နှလုံးပူပန်ခြင်းဖြစ်၍ ပူသော သွေးအန်ခြင်းကို ဖြစ်စေနိုင်သော အလွန်ကြီးစွာသော ဆင်းရဲဒုက္ခကို ပြလိုသောကြောင့် အလုံးစုံသောအခြင်းအရာအားဖြင့် မျက်မှောက် ပစ္စုပ္ပန်ကံတို့၏အကျိုးတို့ကို ဟောပြတော်မူလိုသော မြတ်စွာဘုရားသည် "အိုး-ရဟန်းတို့, တဟုန်းဟုန်းတောက်လောင်သော ဤမီးပုံကြီးကို မြင်ကြကုန်၏လော" အစရှိသော စကားကို ဟောတော်မူလေသည်။

အို–ရဟန်းတို့, ရဲရဲပြောင်ပြောင် တောက်လောင်သော မီးလျှံ မီးပွါးတို့ဖြင့် ကြီးပွါးတောက်လောင်၍နေသော မီးရှိန် မီးခဲ တို့ဖြင့် တခဲနက်တောက်လောင်နေသော ဤ"ကြီးစွာသောမီးပုံ ကြီးကို သင်တို့သည် မြင်ကြကုန်၏လော"ဟု မေးတော်မူ၏။

အရှင်ဘုရားမြင်ကြပါ၏ဘုရားဟု လျှောက်ကြကုန်၏။

အို–ရဟန်းတို့၊ ထို ငါဆိုလတ္တံ့သောအကြောင်းကို အဘယ်သို့ မှတ်ထင် အောက်မေ့ကြကုန်သနည်း၊ ဤရဲရဲပြောင်ပြောင် တောက် လောင်သော မီးလျှံ မီးပွါးတို့ဖြင့် တောက်လောင်၍နေသော, မီးရှိန်မီးခဲတို့ဖြင့် တခဲနက် တောက်လောင်၍နေသော ဤမီးပုံကြီး ကို အကြင်ပွေ့ဖက်၍ ထိုင်နေမူလည်း ထိုင်နေရာ၏၊ အိပ်မူလည်း အိပ်နေရာ၏၊ နူးညံ့ပျို့မြစ်သော လက်ခြေအင်္ဂါရှိသော မင်းသမီး ကညာကိုရင်း, ပုဏ္ဏားသမီး ကညာကိုရင်း, သူကြွယ်သမီး ကညာ ကိုရင်း, အကြင်ပွေ့ဖက်၍ ထိုင်နေမူလည်း ထိုင်နေရာ၏၊ အိပ်နေ မူလည်း အိပ်နေရာ၏၊ ထိုမီးပုံကြီးကိုပွေ့ဖက်၍ အိပ်နေခြင်း, သတို့သမီးကညာကိုပွေ့ဖက်၍ အိပ်နေခြင်းနှစ်မျိုးတို့တွင် အဘယ် က မြတ်ပါသနည်းဟု မေးတော်မူ၏။

အရှင်ဘုရား, ထိုသတို့သမီးကညာကို ပွေ့ဖက်၍ အိပ်နေရ ခြင်းကမြတ်ပါသည်၊ မီးပုံကြီးကို ပွေ့ဖက်၍ အိပ်နေခြင်းသည်ကား အလွန်ဆင်းရဲလှပါသည် ဟု လျှောက်ကြကုန်၏။

အို–ရဟန်းတို့, သင်တို့အားပြောကြားပေအံ့၊ အို-ရဟန်းတို့၊ သင်တို့အား သိစေတော်မူအံ့၊ ယုတ်မာသော သဘောရှိသော မစင်မကြယ် စက်ဆုပ်ရွံရှာဘွယ်သော အကျင့်ရှိသော ဖုံးလွှမ်း လျှို့ဝှက်အပ်သော မကောင်းမှုရှိသော ရဟန်း၊ သူတော် သူမြတ် မဟုတ်ပါဘဲလျက် ရဟန်းသူမြတ်ဟူ၍ ဝန်ခံသော, မမြတ်သော အကျင့်ကို ကျင့်ပါလျက် မြတ်သောအကျင့်ကို ကျင့်သည်ဟု ဝန်ခံသော, အတွင်း၌ပုပ်သော ကိလေသာတို့ဖြင့် စိုစွတ်သော, ပိုးကျသောရေ၏သဖွယ် စက်ဆုပ်ဖွယ်ဖြစ်သော ထိုဒုဿီလပုဂ္ဂိုလ် အား အကြင်မီးပုံကြီးကို ပွေ့ဖက်၍အိပ်နေခြင်းသည်ရှိ၏၊ ထိုမီးပုံ

ကြီးကို ပွေ့ဖက်၍ အိပ်နေခြင်းသည်သာလျှင် ထိုပုဂ္ဂိုလ်အား မြတ်၏၊ ထိုသို့မြတ်ခြင်းသည် အဘယ့်ကြောင့် နည်းဟူမူကား၊ အို–ရဟန်းတို့၊ ထိုမီးပုံကြီးကို ပွေ့ဖက်၍ အိပ်ခြင်းဟူသော အကြောင်းကြောင့် သေခြင်းသို့သော်၎င်း, သေလောက်နီးပါး ဒုက္ခကြီးသို့သော်၎င်း ရောက်ရာ၏၊ ထိုသို့မီးပုံကြီးကို ပွေ့ဖက်၍ အိပ်ခြင်းဟူသောအကြောင်းကြောင့် သေသည်၏ အခြားမဲ့၌ ချမ်းသာကင်းသော မကောင်းသဖြင့် လားရာဖြစ်သော ဖရိုဖရဲ ကျရောက်ရာဖြစ်သော ငရဲသို့မူကား မရောက်လေရာဟု ဟော တော်မူ၏။

ဤသို့လျှင် **မီးပုံကြီးဥပမာဖြင့် မိန်းမကို** တပ်နှစ်သက်ခြင်းနှင့် စပ်သော ငါးပါးသော ကာမဂုဏ်တို့ကို ခံစားခြင်းတည်းဟူသော အကြောင်းကြောင့်ဖြစ်သော ဆင်းရဲဒုက္ခကိုပြပြီး၍ ဤနည်းအတိုင်း ပင် ဟောတော်မူသည်မှာ–“အို–ရဟန်းတို့၊ ထိုငါဆိုလတ္တံ့သော အကြောင်းကို အဘယ်သို့ အောက်မေ့ကြကုန်သနည်း၊ အား ကောင်းသောယောကျာ်းသည် ခိုင်ခံ့လှစွာသော **သားမြီးကြိုးဖြင့် ခြေသလုံးမြင်းခေါင်း** နှစ်ဘက်တို့ကိုရစ်ပတ်၍ အကြင် ပွတ်ဆွဲ ဆွဲရာ၏၊ ထိုသားမြီးကြိုးသည် အပေါ်ရေကိုဖြတ်ရာ၏၊ အပေါ် ရေကိုဖြတ်ပြီး၍ အကြောကို ဖြတ်ရာ၏၊ အကြောကိုဖြတ်ပြီး၍ အရိုးကိုဖြတ်ရာ၏၊ အရိုးကိုဖြတ်ပြီး၍ ရိုးတွင်းခြင်ဆီကိုထိလျက် တည်ရာ၏၊ ဒုသီလပုဂ္ဂိုလ်သည် မင်းမျိုးသူဌေးကြီးတို့၏၎င်း, ပုဏ္ဏားမျိုး သူဌေးကြီးတို့၏၎င်း, သူကြွယ်မျိုး သူဌေးကြီးတို့၏၎င်း ရှိသေသမှု ဝတ်ပြု ပူဇော်ခြင်းကို အကြင်သာယာလေရာ၏၊ ထိုသားမြီးကြိုးဖြင့် ပွတ်တိုက်ခြင်း, သူဌေးကြီးတို့၏ ရှိသေသမှု ဝတ်ပြု ပူဇော်ခြင်း ထိုနှစ်မျိုးတို့တွင် အဘယ်အရာက မြတ် သနည်းဟူ၍၎င်း—

အို–ရဟန်းတို့၊ ထိုငါဆိုလတ္တံ့သောအကြောင်းကို အဘယ်သို့ အောက်မေ့ကြကုန်သနည်း၊ အားရှိသောယောကျာ်းသည် ဆီဖြင့် သွေးအပ်သည်ဖြစ်၍ မြမြထက်သော **လှံမဖြင့် ရင်ဝကို** အကြင် ထိုးခြင်းသည်၎င်း, မင်းမျိုး သူဌေးကြီး, ပုဏ္ဏားမျိုး သူဌေးကြီး,

သူကြွယ်မျိုး သူဌေးကြီးတို့၏ အကြင် လက်အုပ်ချီမိုး ရှိခိုခြင်းသည် ၎င်းရှိ၏၊ ထို နှစ်မျိုး တို့တွင် အဘယ်အရာက မြတ်သနည်း ဟူ၍၎င်း—

အို—ရဟန်းတို့၊ ထို ငါမေးလတ္တံ့သော အကြောင်းကို အဘယ်သို့ အောက်မေ့ကြကုန်သနည်း၊ အားရှိသော ယောက်ျားသည် ရဲရဲပြောင်ပြောင် တောက်လောင်သော အလျှံနှင့်တကွ ဖြစ်သော အခိုးအရှိန်နှင့်တကွဖြစ်သော လောလောပူသော **သံပြားကြီးဖြင့် ကိုယ်ကို** အကြင် ရစ်ပတ်ခြင်းသည်၎င်း, မင်းမျိုး ပုဏ္ဏားမျိုး သူကြွယ်မျိုး သူဌေးကြီးတို့၏ သဒ္ဓါယုံကြည်သဖြင့် ပေးလှူအပ်သော သင်္ကန်းကို ဝတ်ရုံသုံးဆောင်ခြင်းသည်၎င်း ရှိ၏၊ ထို နှစ်မျိုး တို့တွင် အဘယ်က မြတ်သနည်းဟူ၍၎င်း—

အို—ရဟန်းတို့၊ ထို ငါမေးလတ္တံ့သော အကြောင်းကို အဘယ်သို့ အောက်မေ့ကြကုန်သနည်း၊ အားရှိသောယောက်ျားသည် ရဲရဲပြောင်ပြောင် တောက်လောင်သော အလျှံနှင့်တကွ ဖြစ်သော အခိုးအရှိန်နှင့်တကွဖြစ်သော လောလောပူသော **သံညှပ်ကြီးဖြင့် ခံတွင်းကို**ဖွင့်၍ ရဲရဲပြောင်ပြောင် တောက်လောင်သော အလျှံနှင့် တကွဖြစ်သော အခိုးအရှိန်နှင့်တကွဖြစ်သော လောလောပူသော သံရေပူဖြင့် သွန်းလောင်း ထည့်သွင်းရာ၏၊ ထို သံရေပူသည် ထိုသူ၏နှုတ်ခမ်းကို၎င်း,ခံတွင်းကို၎င်း,လျှာကို၎င်း,လည်ချောင်းကို ၎င်း,ဝမ်းကို၎င်း လောင်ကျွမ်းရာ၏၊ အူသိမ်ကို၎င်း,အူမကြီးကို၎င်း, ယူ၍ အောက်ဒွါရမှ ထွက်လေရာ၏၊ ဤသို့ ဖြစ်ခြင်းသည်၎င်း, မင်းမျိုး ပုဏ္ဏားမျိုး, သူကြွယ်မျိုး, သူဌေးကြီးတို့က သဒ္ဓါယုံကြည် သဖြင့် လှူဒါန်းအပ်သောဆွမ်းကို အကြင်သုံးဆောင် စားသောက် ခြင်းသည်၎င်း ရှိ၏၊ ထို နှစ်မျိုးတို့တွင် အဘယ်အရာက မြတ်ပါ သနည်းဟူ၍၎င်း,—

အို—ရဟန်းတို့၊ ထို ငါမေးလတ္တံ့သောအကြောင်းကို အဘယ် သို့ အောက်မေ့ကြကုန်သနည်း၊ အားရှိသော ယောက်ျားသည် ဦးခေါင်းကို၎င်း, ကိုင်ဆွဲ၍ တဟုန်းဟုန်း တောက်လောင်သော အလျှံနှင့်တကွဖြစ်သော အခိုးအရှိန်နှင့်တကွဖြစ်သော လော

လောလပူသော **သံကုတင်၌ရင်း, သံအင်းပျဉ်၌ရင်း** အကြင်ဘိ၍ မှုလည်း နေစေရာ၏၊ အကြင်ဘိ၍မှုလည်း အိပ်စေရာ၏၊ ဤသို့ ပြုမှုခြင်းသည်ရင်း, အကြင်သီလမရှိသော ဒုဿီလရဟန်းသည် မင်းမျိုး, ပုဏ္ဏားမျိုး, သူကြွယ်မျိုး, သူဌေးကြီးတို့၏ သဒ္ဓါယုံကြည် သဖြင့်လှူအပ်သော ညောင်စောင်း, အင်းပျဉ်တို့၌ အကြင်နေထိုင် သုံးဆောင်ခြင်းသည်ရင်း ရှိ၏၊ ထိုနှစ်မျိုးတို့တွင် အဘယ်က မြတ်သနည်းဟူ၍ရင်း,—

အို–ရဟန်းတို့၊ ထိုငါမေးလတ္တံ့သောအကြောင်းကို အဘယ် သို့ အောက်မေ့ကြကုန်သနည်း၊ အားရှိသော ယောကျ်ားသည် ခြေထောက်မိုးမျှော် ခေါင်းစောက်ထိုးကိုင်၍ တဟုန်းဟုန်း တောက်လောင်သော အလျှံနှင့်တကွဖြစ်သော အခိုးအရှိန်နှင့် တကွဖြစ်သော လောလောပူသော **သံအိုးကြီးထဲသို့** ထည့်သွင်း ရာ၏၊ ထိုသူသည် ထိုသံအိုးကြီးထဲမှာ အကြိမ်များစွာ အမြုပ်ထ စေလျက် ကျက်သည်ဖြစ်၍ တကြိမ်အပေါ်သို့တက်ရာ၏၊ တကြိမ် အောက်သို့နစ်မြုပ်ရာ၏၊ တကြိမ်နံဘေးသို့ ရောက်လေရာ၏၊ ဤသို့ ဖြစ်ခြင်းသည်ရင်း, အကြင်သီလမရှိသော ဒုဿီလရဟန်းသည် မင်းမျိုး, ပုဏ္ဏားမျိုး, သူကြွယ်မျိုး သူဌေးကြီးတို့က သဒ္ဓါယုံကြည် သဖြင့် လှူဒါန်းသောကျောင်းတွင် နေထိုင် သုံးဆောင်ခြင်းသည် ရင်းရှိ၏၊ ထိုနှစ်မျိုးတို့တွင် အဘယ်ကမြတ်ပါသနည်းဟူ၍ရင်း,—

ဤသို့လျှင် ဤသားမြီးကြိုးဥပမာ, ထက်လှစွာသော လှံမဥပမာ, ရဲရဲလောင်သော သံပြားကြီးဥပမာ, ရဲရဲလောင်သော သံတွေ သံရေဥပမာ, သံကုတင် သံအင်းပျဉ်ဥပမာ, သံဒယ်အိုးကြီး ဥပမာ တို့ဖြင့် အရိုအသေ ဝတ်ပြုခံခြင်း ရှိခိုးပူဇော်ခံခြင်း, သင်္ကန်း, ဆွမ်း, ညောင်စောင်း ကုတင် အင်းပျဉ်, ကျောင်း တည်းဟူသော ပစ္စည်းတို့ကို သုံးဆောင်ခြင်းတည်းဟူသော အကြောင်းတို့ကြောင့် ဖြစ်သော ဆင်းရဲဒုက္ခအပေါင်းကို ပြတော်မူလေသည်။

ထို့ကြောင့် မီးပုံကြီးကို ပွေ့ဖက်ခြင်းကြောင့်ဖြစ်သော ဒုက္ခ ထက် အလွန်ပြင်းထန်သော ဆင်းရဲ ဒုက္ခဟူသော အကျိုးရှိသော

ကာမဂုဏ်ချမ်းသာကို မစွန့်သော သီလပျက်စီးသော ရဟန်းယုတ်အား အဘယ်မှာ ချမ်းသာသုခရှိပါအံ့နည်း။

ခိုင်ခံ့လှစွာသော သားမြီးကြိုးဖြင့် ပွတ်ဆွဲ-ဆွဲတိုက်သော ဆင်းရဲဒုက္ခထက် လွန်ကဲသော ဆင်းရဲခြင်းအဘို့ရှိသော သီလပျက်စီးသော ရဟန်းယုတ်အား ဒါယကာတို့ ရှိသေသမှု ဝတ်ပြုခြင်းကို သာယာခြင်းဖြင့် ချမ်းသာသုခမည်သည် အဘယ်မှာ ရှိတော့ပါအံ့နည်း။

ရင်ဝ၌ မြမြထက်သောလှံမဖြင့် ထိုးဆွခြင်းကြောင့်ဖြစ်သော ဆင်းရဲဒုက္ခထက် လွန်ကဲသော ဆင်းရဲခြင်း၏အကြောင်းဖြစ်သော အကြင်ဒါယကာတို့၏ လက်အုပ်ချီမိုး ရှိခိုးခြင်းသည်ရှိ၏၊ ယုံကြည်ကုန်သောသူတို့၏ ထိုလက်အုပ်ချီမိုး ရှိခိုးခြင်းကြောင့် သီလမရှိသော ထိုရဟန်းအား ချမ်းသာ သုခအဘယ်မှာ ရနိုင်အံ့နည်း။

ကိုယ်-နှုတ်နှလုံးကို မစောင့်သော ထိုဒုသီလပုဂ္ဂိုလ်သည် အကြင်သင်္ကန်းကို သုံးဆောင်ခြင်းဖြင့် ငရဲ၌အလျှံတပြောင်ပြောင် တောက်လောင်သော သံပြားကြီးဖြင့် ရစ်ပတ်ခြင်းအတွေ့ကို ကြာမြင့်စွာ ခံစားအပ်၏၊ ထိုပုဂ္ဂိုလ်အား သင်္ကန်းကို ဝတ်ရုံခြင်းကြောင့် ချမ်းသာသုခဟူသည် အဘယ်မှာရှိပါအံ့နည်း။

သီလမရှိသောသူသည် အကြင်ဆွမ်းကို သုံးဆောင်ခြင်းဖြင့် အလျှံတပြောင်ပြောင် တောက်လောင်သော သံတွေရည်ကို နေ့ညဉ့်ရှည်စွာ ကာလပတ်လုံး မျိုအပ်ကုန်၏၊ ထိုဆွမ်းသည် ကောင်းသော အရသာရှိပါသော်လည်း ထိုသီလ ကင်းမဲ့သူ ဒုဿီလပုဂ္ဂိုလ်အား လတ်တလော သေစေတတ်သော အဆိပ်နှင့် တူလေသည်။

အကြင် ကုတင်ညောင်စောင်းကို သုံးဆောင်သော ဒုသီလပုဂ္ဂိုလ်ကို ထိုသို့ သုံးဆောင်ခြင်းဖြင့် ပြောင်ပြောင်တောက်သော သံညောင်စောင်း သံကုတင်တို့က ငရဲ၌ ရှည်ကြာလေးမြင့်စွာ နှိပ်စက်လေကုန်လတ္တံ့၊ ထိုသီလမရှိသောပုဂ္ဂိုလ်၏ ထိုညောင်

စောင်းကုတင်များကို သုံးဆောင်ခြင်းသည် ချမ်းသာ ဟု ဆိုရပါသော်လည်း ဆင်းရဲခြင်း၏ အကြောင်းသာ ဖြစ်လေ၏။

အကြင် ကိန်းအောင်း မွေ့လျော်နေပျော်ခြင်းသည် အလျှံတပြောင်ပြောင် တောက်လောင်ကုန်သော သံအိုးကင်းကြီးတို့၏ အလယ်၌ နေရရာ၏၊ သဒ္ဓါယုံကြည်သဖြင့် ဒါယကာတို့ လှူအပ်သောကျောင်း၌ ထို ဒုဿီလ ပုဂ္ဂိုလ်၏ နေထိုင်ခြင်းသည်ကား အဘယ်အကျိုး ရှိရာပါအံ့နည်း။

အကြင် ဒုဿီလ ရဟန်းယုတ်ကို တံမြက်ချေးစုနှင့်တူသော အကျင့်ရှိသော ကြောင့် "သက်သရသမာစာရ" ဟူ၍၎င်း, ယောက်သွားပုပ်နှင့်တူ၏ ဟူ၍၎င်း, မကောင်းမှု အကုသိုလ်တို့ဖြင့် စွတ်စို၏ဟူ၍၎င်း, အတွင်းပုပ်၏ဟူ၍၎င်း လူသုံးပါးတို့၏ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောတော်မူအပ်လေသည်။

ကိုယ်နှုတ်နှလုံးကို စောင့်သုံးခြင်းမရှိသော ရဟန်းကောင်း ရဟန်းမြတ် မဟုတ်ပါဘဲလျက် ရဟန်းကောင်း ရဟန်းမြတ်ယောင်ဆောင်သော သီလကိုဖျက်ဆီးသော မိမိကိုယ်ကို တူးဖြိုလျက်ဆောင်သော ရဟန်းမဟုတ်သောသူ၏ အသက်ရှင်ခြင်းသည် စက်ဆုပ် ရွံရှာဘွယ် ဖြစ်၏။

ဤလူ့ပြည်လောက၌ တန်းဆာဆင်ခြင်းငှါ အလိုရှိကြကုန်သော သူငယ်တို့သည် ကျင်ကြီးကို ကြဉ်ရှောင်ကြကုန်ဘိသကဲ့သို့ အကောင်ပုပ်ကို ကြဉ်ရှောင်ကြဘိသကဲ့သို့ အကြင်သီလမရှိသော သူကို သူတော်ကောင်းတို့သည် ကြဉ်ရှောင်ကြကုန်၏၊ ထို ဒုဿီလ ပုဂ္ဂိုလ်၏ အသက်ရှင်ခြင်းကား အဘယ်ကဲ့သို့ပါနည်း၊ သီလ မရှိသော ဒုဿီလပုဂ္ဂိုလ်သည် အလုံးစုံသော ဆင်းရဲဒုက္ခဘေး အပေါင်းတို့မှ မလွတ်၊အလုံးစုံသော ရွှန်ချမ်းသာ မဂ်ချမ်းသာ တို့မှ လက်လွတ်၍၊ ကောင်းစွာ ပိတ်ဆို့အပ်သော နတ်ရွာ တံခါးရှိ၏၊ အပါယ်လေးပါး လမ်းမကြီးသို့ သက်ဆင်းလေ၏။

သနားႏ, ကြင်နာ, ကရုဏာကြီးသောသူ၏ သနား ကြင်နာမှု ကရုဏာတရား၏ အာရုံဝတ္ထုဖြစ်သော ဒုဿီလပုဂ္ဂိုလ်နှင့်တူသော တပါးသော အဘယ်မည်သောသူ ရှိပါအံ့နည်း၊ မရှိချေ၊ ဒုဿီလ ပုဂ္ဂိုလ်သည်သာ သနားစရာဝတ္ထုဖြစ်၏၊ ဤသို့လျှင် ဒုဿီလ ပုဂ္ဂိုလ်၏ အပြစ်တို့သည် များလှစွာကုန်၏။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော ဆင်ခြင်ခြင်းတို့ဖြင့် သီလပျက်စီး ခြင်း၏ အပြစ်တို့ကိုရင်း, ဆိုအပ်ပြီးသည်မှ ပြန်ဘက်အားဖြင့် သီလနှင့်ပြည့်စုံခြင်း၏ အကျိုးထူးတို့ကိုရင်း သိအပ်ကုန်၏။

တနည်းသော်ကား အကြင်ရဟန်း၏ သီလသည် အလွန် အညစ်အကြေး ကင်းစင်၏၊ ထိုရဟန်း၏ သပိတ်သက်န်းကို ဆောင်ခြင်းသည် ကြည်ညိုဘွယ် ရှိ၏၊ ထိုရဟန်း၏ ရဟန်း ပြုခြင်းသည် အကျိုးရှိပေ၏။

အမိုက်မှောင်သည် နေ၏အရောင်အလင်းထဲသို့ မသက်မဝင် နိုင်ဘိသကဲ့သို့ စင်ကြယ်သော သီလရှိသောရဟန်းအား မိမိ ကိုယ်ကို မိမိစွပ်စွဲခြင်း အတ္တာနုဝါဒဘေးသည် နှလုံးတွင်းသို့ မသက်မဝင်နိုင်။

အရောင်အဝါ၏ ပြည့်စုံခြင်းဖြင့် မိုးရွှေလမင်းကြီးသည် ကောင်းကင်အပြင်ဝယ် တင့်တယ်တာလို အကျင့်သီလ ပြည့်စုံ ခြင်းဖြင့် ရဟန်းသည် ခြိုးခြံစွာကျင့်ရာဖြစ်သော သာသနာတော် တည်းဟူသော အင်ကြင်းတောကြီး၌ တင့်တယ်၏။

သီလရှိသော ရဟန်း၏ ကိုယ်အနံ့သည်လည်း နတ်တို့အား နှစ်သက်မြတ်နိုးခြင်းကို ပြုတုံသေး၏၊ အကျင့်သီလ၏ အနံ့မှုကား အဘယ်ဆိုဘွယ်ရာ ရှိတော့အံ့နည်း။

သီလတည်းဟူသော အနံ့သည် ခပ်သိမ်းကုန်သော အနံ့မျိုး အပေါင်းတို့၏ စည်းစိမ်ကို လွှမ်းမိုးနိုင်၏၊ အဆီးအတား အပိတ် အပင်မရှိ၊ အလုံးစုံသော အရပ်မျက်နှာတို့သို့ ကြိုင်လှိုင်၏၊ သီလ ရှိသော ပုဂ္ဂိုလ်တို့၌ ပြုအပ်ကုန်သော ကောင်းမှုကုသိုလ်တို့သည် အနည်းငယ်မျှဖြစ်စေကာမူ အကျိုးကြီးလှကုန်၏၊ ထို့ကြောင့်

သီလရှိသောပုဂ္ဂိုလ်သည် ပူဇော်ခြင်း အရိုအသေပြုခြင်း၏ တည်ရာ ဖြစ်၏။

အကျင့်သီလရှိသော ပုဂ္ဂိုလ်ကို မျက်မှောက်၌ ဖြစ်ကုန်သော ဥပဒ်ဘေးရန်တို့သည် မညှဉ်းဆဲနိုင်ကုန်၊ သီလရှိသောပုဂ္ဂိုလ်သည် တမလွန်ဘဝ၌ ဖြစ်လတ္တံ့သော ဆင်းရဲဒုက္ခတို့၏ အရင်းအမြစ်ကို တူးဖြိုနိုင်၏၊

လူ့ဘုံလောက၌ရှိသော အကြင်စည်းစိမ်ချမ်းသာသည်၎င်း, နတ်ဘုံလောက၌ရှိသော အကြင်စည်းစိမ်ချမ်းသာသည်၎င်း ရှိ၏၊ ထိုစည်းစိမ်ချမ်းသာတို့ကို သီလနှင့် မပြည့်စုံသောသူအား အလို ရှိသော်လည်း ရခဲလှသည် ဖြစ်၏၊ စစ်စစ် ကိလေသာမီး အငြိမ်း အေးငြိမ်းသော အကြင် နိဗ္ဗာန် ချမ်းသာသည်ကား ရှိ၏၊ သီလ ပြည့်စုံသောပုဂ္ဂိုလ်၏ စိတ်သည် ထိုနိဗ္ဗာန်သို့သာလျှင် အစဉ် ပြေးဝင်၏။

ဤဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့် ပညာရှိသော သူသည် အလုံးစုံသော လောကီ လောကုတ္တရာ စည်းစိမ်ကြီးတို့၏ မူလ ဖြစ်သော များစွာသော အခြင်းအရာတို့ဖြင့် ပြွမ်းသောသီလ၏ အကျိုးထူးတရားကို ထင်စွာ ပြရာ၏။

**အကြောင်းမူကား** ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် သီလ၏ အကျိုးကို ထင်စွာပြသော ရဟန်း၏စိတ်သည် သီလပျက်အံ့သည်မှ ကြောက်လန့်၍ သီလနှင့်ပြည့်စုံခြင်းသို့ ညွတ်သောစိတ်သည် ဖြစ်၏၊ ထို့ကြောင့် ဆိုအပ်ခဲ့ပြီးသော သီလပျက်စီးခြင်း၏ အပြစ် တို့ကို၎င်း, သီလနှင့်ပြည့်စုံခြင်း၏ အကျိုးကို၎င်း ရှုမြင်၍ အခါ ခပ်သိမ်း သီလကို ဖြူစင်စေအပ်၏။ ဤမျှ အတိုင်းရှည်ရှိသော စကားအစဉ်ဖြင့် **"သီလေ ပတိဋ္ဌာယ နရော သပညော"** အစ ရှိသော ဂါထာ၌ သီလ, သမာဓိ, ပညာကို အမှူးပြု၍ ဟောအပ် သော ဝိသုဒ္ဓိမဂ္ဂကျမ်း၌ သီလကို ရှေးဦးစွာ ပြခြင်း ပြီး၏။

သူတော်ကောင်းအပေါင်းတို့ ဝမ်းမြောက်စေခြင်းအကျိုးငှါ စီရင် ရေးသား အပ်သော ဝိသုဒ္ဓိမဂ္ဂကျမ်း၌ သီလနိဒ္ဒေသအပိုင်း အမည်ရှိသော ပဌမပိုင်း ပြီး၏။

# ၂–ဓုတင် နိဒ္ဒေသပိုင်း

## ဓုတင်တဆယ့်သုံးပါး

၂၂။ အလိုနည်းခြင်း, ရောင့်ရဲလွယ်ခြင်း အစရှိသော ဂုဏ်ကျေးဇူးတို့ကြောင့်သာ ဆိုအပ်ခဲ့ပြီးသော သီလအကျင့်များ၏ ဖြူစင်ခြင်းသည် ဖြစ်နိုင်၏။ ယခုအခါ ထိုဂုဏ်ကျေးဇူးတို့ကို ပြည့်စုံစေခြင်းငှါ ဆောက်တည် ကျင့်သုံးအပ်ပြီးသော သီလရှိသော ယောဂီပုဂ္ဂိုလ်သည် ကိလေသာကို ဖျက်ဆီးခြင်း၏အကြောင်း ဓုတင်ဆောက်တည်ခြင်းကိုပြုအပ်၏၊ ဤသို့ ဓုတင်ဆောက်တည်သည် ရှိသော် ထိုယောဂီပုဂ္ဂိုလ်အား နည်းသော အလိုရှိသောသူ၏အဖြစ်, ရောင့်ရဲလွယ်သောသူ၏ အဖြစ်, ခေါင်းပါးအောင်ပြုခြင်း, ဆိတ်ငြိမ်ရာ၌ နေခြင်း, ကိလေသာကို ဖျက်ဆီးခြင်း, အားထုတ်သော ဝီရိယရှိခြင်း, မွေးမြူလွယ်ခြင်း အစရှိသော ဂုဏ်ကျေးဇူး တည်းဟူသော ရေဖြင့် အညစ်အကြေးကို ဆေးကျော်အပ်သည် အဖြစ်ကြောင့် သီလသည်လည်း အထူးသဖြင့် စင်ကြယ်သည် ဖြစ်လတ္တံ့၊ ဓုတင်အကျင့်တို့သည်လည်း ပြည့်စုံလတ္တံ့၊ ဤသို့ဖြစ်သည်ရှိသော် အပြစ်မရှိသော သီလ ဓုတင် ဂုဏ်တို့ကြောင့် စင်ကြယ်သော အလုံးစုံသော အကျင့်ရှိသော ယောဂီပုဂ္ဂိုလ်သည် ရှေးအရိယာ သူတော်ကောင်းတို့၏ အရိယဝံသ တရားသုံးပါး၌တည်၍ ဘာဝနာ၌ မွေ့လျော်သော သူ၏ အဖြစ်ဟု ဆိုအပ်သော စတုတ္ထ အရိယဝံသတရားကို ရခြင်းငှါ ထိုက်သည် ဖြစ်၏၊ ထို့ကြောင့် ဓုတင် ကျင့်သုံးခြင်းနှင့် စပ်သောစကားကို အားထုတ် ရေးသား ဟောကြားပေအံ့။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်ကား လာဘ်များခြင်း အစရှိသော လောကာမိသ ဟူသမျှကို စွန့်လွှတ်သော ကိုယ်ကိုရင်း, အသက်ကိုရင်း, ငဲ့ကွက်ခြင်းမရှိသော နိဗ္ဗာန်အား

လျော်သောအကျင့်ကိုသာလျှင် ပြီးစေခြင်းငှါ အလိုရှိကုန်သော အမျိုးကောင်းသားတို့အား တဆယ့်သုံးပါးသော ဓုတင်တို့ကို ခွင့်ပြုတော်မူအပ်ကုန်၏။

ဓုတင် တဆယ့်သုံးပါးတို့သည်ကား ၁-ပံသုကူလိကင် ဓုတင်၊ ၂-တေစီဝရိကင် ဓုတင်၊ ၃-ပိဏ္ဍပါတိကင် ဓုတင်၊ ၄-သပဒါန စာရိကင် ဓုတင်၊ ၅-ဧကာသနိကင် ဓုတင်၊ ၆-ပတ္တပိဏ္ဍိကင်ဓုတင်၊ ၇-ခလုပစ္ဆာဘတ္တိကင် ဓုဘင်၊ ၈-အာရညိကင် ဓုတင်၊ ၉-ရုက္ခ မူလိကင် ဓုတင်၊ ၁၀-အဗ္ဘောကာသိကင်ဓုတင်၊ ၁၁-သောသာနိ ကင် ဓုတင်၊ ၁၂-ယထာသန္ထတိကင် ဓုတင်၊ ၁၃-နေသဇ္ဇိကင် ဓုတင် ဟူ၍ ဖြစ်သည်။

**ထို ဓုတင်တဆယ့်သုံးပါးတို့ကို အနက် သဘောအားဖြင့် ၎င်း, လက္ခဏာ အစရှိသည် တို့ဖြင့်၎င်း, ဆောက်တည်ပုံ ကျင့်ပုံ အမီအရင်အားဖြင့်၎င်း, အပြားအားဖြင့်၎င်း, ဓုတင် ပျက်ခြင်း အားဖြင့်၎င်း, ထိုထို ဓုတင်တို့၏ အကျိုးအာနိသံသအားဖြင့် ၎င်း, ကုသလတိက်အားဖြင့်၎င်း, ဓုတင်အစရှိသည်ကို ဝေဘန် သောအားဖြင့်၎င်း, ပေါင်းရုံးခြင်း အကျယ်ရေတွက်ခြင်း အားဖြင့်၎င်း အဆုံးအဖြတ်ကို သိအပ်၏။**

၂၃။ ထိုဆိုအပ်ခဲ့ပြီးသော မာတိကာစဥ်တွင် အနက်အဓိပ္ပါယ် အဆုံးအဖြတ်ကို ရှေးဦးစွာ ဆိုမည်။

(၁) "**ပံသုကူလိကင်**" ဆိုရာ၌ ပံသု ဆိုသည်ကား၊ မြေမှုန့်ကို ဆိုသည်၊ ပံသုကူလိက ဆိုသည်ကား၊ မြေမှုန့်ပေါ်တွင် လွှမ်းမိုး ကျရောက်နေခြင်းကို ဆိုလိုသည်၊ အဓိပ္ပါယ်မှာ လမ်းခရီးသုသာန် သင်းချိုင်း တံမြက်ချေးစု အစရှိသော မြေပေါ်တွင် လွှမ်းမိုး ကျရောက်နေသော အဝတ်အထည်ကို ပံသုကူလဟူ၍ ခေါ်သည်၊ တနည်းမှာ သုသာန်မြေ စသည်ကဲ့သို့ စက်ဆုပ် ရွံရှာဘွယ်အဖြစ် သို့ ရောက်သောကြောင့် ထိုအဝတ်အထည်ကို ပံသုကူလဟူ၍ ခေါ်သည်၊ ထိုပံသုကူသက်န်းကို ဆောင်သော အလေ့ရှိသူ ပုဂ္ဂိုလ်ကိုမူကား ပံသုကူလိကဟူ၍ ခေါ်သည်၊ ပံသုကူသက်န်းကို

ဆောင်လေ့ရှိသောသူ၏ အကြောင်းကို ပံသုကူလိကင်္ဂဟူ၍ ဆိုသည်၊ ထို့ကြောင့် ပံသုကူလိကင်္ဂဆိုသည်ကား ဓုတင်ဆောက်တည်ကြောင်း စေတနာ၏အမည် ပေတည်း။

(၂) **"တေစီဝရိကင်္ဂ"** ဆိုရာ၌ ဤဆိုအပ်ခဲ့ပြီးသောနည်းအတိုင်း ဒုကုဋ်,ကိုယ်ဝတ်,သင်းပိုင် ဟု ဆိုအပ်သော သုံးထည်သောသင်္ကန်းကို ဆောင်လေ့ရှိသောကြောင့် ထိုပုဂ္ဂိုလ်သည် တေစီ-ဝရိက မည်၏၊ သင်္ကန်းသုံးထည်ကိုသာ ဆောင်ခြင်းဓုတင်ကို ဆောက်တည်ကြောင်းဖြစ်သော စေတနာသည်ကား တေစီ-ဝရိကင်္ဂ မည်သည်ဖြစ်၏။

(၃) **"ပိဏ္ဍပါတိကင်္ဂ"**ဆိုရာ၌ သူတပါးတို့ လောင်းလှူသောဆွမ်းအာမိသတို့သည် သပိတ်၌ကျရောက်သည်ကို ပိဏ္ဍပါတ ဟုဆိုသည်။ ထိုထိုအမျိုး ဒါယကာအိမ်သို့ချဉ်းကပ်၍ ထိုဆွမ်းကို ရှာမှီးလေ့ရှိသောကြောင့် ထိုပုဂ္ဂိုလ်ကို ပိဏ္ဍပါတိက ဟူ၍ ခေါ်သည်၊ တနည်းမှာ ဆွမ်းသပိတ်တွင်းသို့ ကျရောက်ရန် လှည့်လည်သွားလာရသောကြောင့် ထိုပုဂ္ဂိုလ်ကို ပိဏ္ဍပါတိက ဟူ၍ ခေါ်သည်၊ ထိုအကျင့်ဓုတင်ကို ဆောက်တည်ကြောင်း စေတနာသည်ကား ပိဏ္ဍပါတိကင်္ဂမည်သည်ဖြစ်၏။

(၄) **"သပဒါနစာရိကင်္ဂ"**ဆိုရာ၌ အိမ်စဉ်ပြတ်ခြင်းကို ဒါန ဟူ၍ဆိုသည်၊ အိမ်စဉ်မပြတ် လှည့်လည်ခြင်းကို သပဒါနဟူ၍ ဆိုသည်၊အိမ်စဉ်မပြတ် လှည့်လည်သောပုဂ္ဂိုလ်ကိုမူကား သပဒါန-စာရိက ပုဂ္ဂိုလ် ဟူ၍ခေါ်သည်၊ ထိုအကျင့် ဓုတင်ကို ဆောက်တည်ကြောင်း စေတနာသည်ကား သပဒါနစာရိကင်္ဂ မည်သည်ဖြစ်၏။

(၅) **"ဧကာသနိကင်္ဂ"**ဆိုရာ၌ တနေရာထည်း၌ သုံးဆောင်စားသောက်ခြင်းကို ဧကာသန ဟု ဆိုသည်၊ ထိုသို့တနေရာထည်း၌သာ နေ၍ စားသောက် သုံးဆောင်လေ့ရှိသော ပုဂ္ဂိုလ်ကို ဧကာသနိက ဟူ၍ ဆိုသည်၊ ထိုဓုတင်ကို ဆောက်တည်ကြောင်းဖြစ်သောစေတနာသည်ကား ဧကာနိသကင်္ဂမည်သည်ဖြစ်၏။

(၆) "**ပတ္တပိဏ္ဍိကင်**" ဆိုရာ၌ နှစ်ခုမြောက်ခွက်ကိုပယ်၍ တခုသော သပိတ်တွင်ရှိသော ဆွမ်းကို ပတ္တပိဏ္ဍ ဟု ဆိုသည်၊ တခုသော သပိတ်၌ရှိသောဆွမ်းကိုသာ သုံးဆောင်လေ့ရှိသော ကြောင့် ထိုပုဂ္ဂိုလ်ကို ပတ္တပိဏ္ဍိကဟူ၍ ခေါ်သည်၊ ထိုဓုတင်ကို ဆောက်တည်ကြောင်း စေတနာသည်ကား ပတ္တပိဏ္ဍိကင် မည်သည်ဖြစ်၏။

(၇) "**ခလုပစ္ဆာဘတ္တိကင်**" ဆိုရာ၌ "ခလု"ဟူသောပုဒ်သည် တားမြစ်ခြင်းအနက်ကို ဟောသောနိပါတ်ပုဒ် ဖြစ်သည်။ ဆွမ်း စားစဉ်ကပ်လာသော ဘောဇဉ်ကိုတားမြစ်မိသော ရဟန်းမှာ ပဝါရိတ်သင့်သည်၊ ထိုနောက် ရသောဘောဇဉ်ကို ပစ္ဆာဘတ္တ ဟု ခေါ်သည်၊ ထိုပစ္ဆာဘတ္တဘောဇဉ်ကို ဝိနည်းကံပြု၍ သုံးဆောင် ထိုက်သော်လည်း သုံးဆောင်သော အလေ့မရှိသောပုဂ္ဂိုလ်ကို "ခလုပစ္ဆာဘတ္တိက" ဟူ၍ ခေါ်သည်။ **မဟာအဋ္ဌကထာကြီး၌** ဆိုသည်ကား ခလုဆိုသည်မှာ ငှက်သတ္တဝါကို ခေါ်သည်၊ နှုတ်သီးဖြင့် သစ်သီးကို ချီယူရာ ထိုသစ်သီးလွတ်ကျလေသော် တဖန် အခြားသစ်သီးကို မစားသကဲ့သို့ ပဝါရိတ်သင့်ပြီးသော ရဟန်းသည်လည်း အတိရိတ် ဝိနည်းကံကိုပြု၍ စားကောင်းသော ဘောဇဉ်ကိုပင် မစားခြင်း အလေ့ရှိသောကြောင့် ခလုပစ္ဆာ ဘတ္တိကမည်ကြောင်း, ထိုဓုတင်ကိုဆောက်တည်ကြောင်း စေတနာ သည်ကား ခလုပစ္ဆာဘတ္တိကင် မည်သည်ဖြစ်၏။

(၈) "**အာရညိကင်**" ဆိုရာ၌ တော၌နေလေ့ရှိသော ပုဂ္ဂိုလ်ကို အာရညိက ဟူ၍ ခေါ်သည်၊ ထိုတော၌နေသော အကျင့်ဓုတင်ကို ဆောက်တည်ကြောင်း စေတနာသည်ကား အာရညိကင် မည်သည်ဖြစ်၏။

(၉) "**ရုက္ခမူလိကင်**"ဆိုရာ၌ သစ်ပင်ရင်း၌ နေလေ့ရှိသော ပုဂ္ဂိုလ်ကို ရုက္ခမူလိက ဟူ၍ ခေါ်သည်၊ ထိုအကျင့်ဓုတင်ကို ဆောက်တည်ကြောင်း စေတနာသည်ကား ရုက္ခမူလိကင် မည် သည်ဖြစ်၏။

(၁၀-၁၁) **"အဗ္ဘောကာသိက" "သောသာနိကင်"**တို့၌လည်း ဤဆိုအပ်ခဲ့ပြီးသောနည်းအတိုင်း သိအပ်၏။

(၁၂) **"ယထာသန္တတိကင်"** ဆိုရာ၌ ကျောင်းဝေဘန်သော ရဟန်းက ဤကျောင်းအိပ်ရာနေရာသည် သင့်အားရောက်၏ဟု လက်ဦးညွှန်ပြသော ကျောင်းအိပ်ရာနေရာကို ယထာသန္တတ ဟူ၍ ခေါ်သည်၊ ထိုသို့လက်ဦးညွှန်ပြသော ကျောင်းအိပ်ရာ နေရာ၌ နေလေ့ရှိသောပုဂ္ဂိုလ်ကို ယထာသန္တတိကဟူ၍ ခေါ် သည်၊ ထိုဓုတင်ကိုဆောက်တည်ကြောင်း စေတနာသည်ကား ယထာသန္တတိကင် မည်သည်ဖြစ်၏။

(၁၃) **"နေသဇ္ဇိကင်"** ဆိုရာ၌ အိပ်ရာခေါင်းအုံးတွင် ခေါင်း ချ၍ လျောင်းစက်အိပ်ခြင်းကိုပယ်၍ ထိုင်နေခြင်းအလေ့ရှိသော ပုဂ္ဂိုလ်ကို နေသဇ္ဇိကဟု ခေါ်သည်၊ ထိုဓုတင်ကို ဆောက်တည် ကြောင်း စေတနာသည်ကား နေသဇ္ဇိကင် မည်သည်ဖြစ်၏။

အလုံးစုံ ဤဆိုအပ်ခဲ့ပြီးသော ပံသုကူလိကင် စသည်တို့သည် ထိုထိုကျင့်သုံးဆောက်တည်ခြင်းဖြင့် ကိလေသာကို ခါပြီးသော ရဟန်း၏အကြောင်းအင်္ဂါသည် ဓုတင်မည်သည်ဖြစ်၏၊ တနည်းမှာ ကိလေသာကို ခါတတ် ဖျက်ဆီးတတ်သောကြောင့် ဓုတဟု ခေါ်အပ်သောဉာဏ်သည် ထိုထိုကျင့်သုံး ဆောက်တည်ခြင်း၏ အကြောင်း ဖြစ်လေသည်၊ ထို့ကြောင့် ဓုတင်ဟူ၍ ဆိုအပ် လေသည်။

တနည်း ဓုတင်တို့ဆိုသည်မှာ ထိုဆောက်တည် ကျင့်သုံးခြင်း တို့သည် ဆန့်ကျင်ဘက်ကိလေသာတို့ကို ဖျက်ဆီးတတ်သည်လည်း ဟုတ်၏၊ သီလစသောကောင်းသော ကျင့်ဝတ်၏အကြောင်းတို့ လည်းဖြစ်ကုန်၏၊ ထို့ကြောင့် ဓုတင်တို့ မည်ကုန်၏။

**ဤဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း တဆယ့် သုံးပါး သော ဓုတင်တို့၏အနက် အဆုံးအဖြတ်ကို သိအပ်၏။**

ထိုအလုံးစုံကုန်သော ဤစုတင် တဆယ့်သုံးပါးတို့သည် ဆောက်တည်ကြောင်းဖြစ်သော စေတနာသာလျှင် မှတ်ကြောင်း လက္ခဏာရှိကုန်၏၊ ထိုစကားမှန်သည်၊ ထို့ကြောင့် **မဟာ အဋ္ဌကထာကြီး**၌—

"ယော သမာဒိယတိ သော ပုဂ္ဂလော။ ယေန သမာဒိယတိ၊ စိတ္တ စေတသိကာ, ဧတေ ဓမ္မာ။ ယာ သမာဒါနစေတနာ၊ တံ ဓုတင်္ဂံ။ ယံ ပဋိက္ခိပတိ၊ တံ ဝတ္ထုတိ"

"အကြင်ကတ္တားဖြစ်သော အနက်သဘောသည် ဆောက်တည်၏၊ ထိုကတ္တားဖြစ်သောအနက်သည် ပုဂ္ဂိုလ်ပေတည်း၊ အကြင်ကရိုဏ်းဖြစ်သော သမ္ပယုတ်တရားဖြင့် ဆောက်တည်၏၊ ထိုကရိုဏ်းဖြစ်သော သမ္ပယုတ်တရားတို့သည်ကား စိတ် စေတသိက်တို့ပေတည်း၊ အကြင်ဆောက်တည်ကြောင်းဖြစ်သော စေတနာသည်ကား စုတင်မည်၏၊ အကြင်ကံဖြစ်သော အနက် သဘောကိုပယ်၏၊ ထိုပယ်အပ်သော ကံဖြစ်သောအနက်ကား ဝတ္ထုပေတည်း"ဟု မဟာအဋ္ဌကထာကြီးတွင် ဆို၏။

အလုံးစုံကုန်သော စုတင်တို့သည် * လောလုပ္ပတဏှာကို ဖျက်ဆီးခြင်း ကိစ္စရသရှိကုန်၏၊ လောလုပ္ပတဏှာကင်းပေပြီဟု ဉာဏ်အားထင်ခြင်း ပစ္စုပဋ္ဌာန်ရှိကြကုန်၏၊စင်ကြယ်သော အရိယာ သူတော်ကောင်းတို့၏တရားလျှင် နီးသောအကြောင်း ပဒဋ္ဌာန် ရှိကုန်၏၊ ဤဆိုအပ်ခဲ့ပြီးသောအတိုင်း စုတင်တို့၏ လက္ခဏာ အစရှိသော အဆုံးအဖြတ်ကို သိအပ်၏၊

စုဘင်ဆောက်တည် ကျင့်သုံးပုံ အစီအရင် အစရှိသော ငါးဌာန တို့၏အဆုံးအဖြတ်ကို ဤဆိုလတ္တံ့သောအတိုင်း သိအပ်၏။

အလုံးစုံသောစုတင်တို့ကို မြတ်စွာဘုရား သက်တော်ထင်ရှား ရှိနေစဉ်အခါက မြတ်စွာဘုရား၏အထံတော်၌ ဆောက်တည် အပ်ကုန်၏၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်သောအခါမှုကား

---

* အတ္တနာ ပရမုဋ္ဌေန စ ကုသလဘဏ္ဍံ လုပ္ပတိ ဝိလုပ္ပတီတိ လုပ္ပေါ။ လုပ္ပ-လုပ္ပ-ဟု ဆိုလိုလျက် နိရုတ္တိနည်းအားဖြင့် လောလုပ္ပဟူ၍ ဖြစ်သည်။

မဟာသာဝကကြီးတို့၏အထံ၌ ဆောက်တည်အပ်ကုန်၏၊ ထို မဟာသာဝကကြီးများ မရှိသောအခါ ရဟန္တာပုဂ္ဂိုလ်၏အထံ အနာဂါမိပုဂ္ဂိုလ်, သကဒါဂါမိ ပုဂ္ဂိုလ်, သောတာပန် ပုဂ္ဂိုလ်, ပိဋကတ်သုံးပုံဆောင်, ပိဋကတ်နှစ်ပုံဆောင်, ပိဋကတ်တပုံဆောင်, နိကာယ်ငါးပါးတို့တွင် တပါးပါးသော နိကာယ်ကိုဆောင်သော ပုဂ္ဂိုလ်တို့ထံ, အဋ္ဌကထာ ဆရာတို့၏ အထံ၌ ဆောက်တည်အပ် ကုန်၏၊ ခုတင်ဆောင်ပုဂ္ဂိုလ်သည် ထိုအရပ်၌မရှိသော် စေတီ ယင်ပြင်ကို တံမြက်လှည်း၍ ဆောင့်ကြောင့်ထိုင်နေပြီးလျှင် မြတ်စွာ ဘုရား၏အထံတော်၌ ဆိုဘိသကဲ့သို့ ဆောက်တည် အပ်ကုန်၏၊ စင်စစ်သော်ကား မိမိအလိုလိုလည်း ဆောက်တည်ခြင်းငှါအပ် သည်သာဖြစ်၏၊ မိမိအလိုလို ဆောက်တည်ရာ၌ **စေတိယတောင်** တွင် သီတင်းသုံးနေသော **မထေရ် ညီနောင် နှစ်ပါး** တို့တွင် **နောင်တော်မထေရ်**၏ ခုတင်၌ အလိုနည်းသောဝတ္ထုကို ဆို အပ်၏။

ထိုဝတ္ထု၌ မထေရ်၏ နေသဖြင့် ခုတင်ဆောက်တည် သည်ကို တစုံတယောက်သောသူမျှမသိကြချေ၊ တနေ့သ၌ ညဥ့်အခါ အိပ်ရာ ညောင်စောင်းမှာ ထိုင်နေစဉ် လျှပ်စစ် ပြက်သောအရောင်ဖြင့် တွေ့မြင်၏ မထေရ်တပါးက အရှင် ဘုရားအသို့နည်း၊ အရှင်သည် ထိုင်နေခြင်း ခုတင်ကို ဆောက်တည်ပါသလောဟု မေးကာလ မထေရ်သည် ခုတင်၌ အလိုနည်းသည် အဖြစ်ကြောင့် အိပ်စက်၍ နောက်မှတဖန် ဆောက်တည်ပြန်၏၊ ဤဝတ္ထုကို ဆိုလို သည်။ (ဋီကာ)

ဤသည်ကား ရှေးဦးစွာအလုံးစုံသော ခုတင်တို့နှင့် သက်ဆိုင် သောစကားရပ်များပေတည်း။

## ၁-ပံသုကူလိကင်္ဂကထာ

၂၄။ ယခုအခါ၌ တပါးသော ခုတင်တို့၏ ဆောက်တည်ပုံ အစီအရင်အပြား, ပျက်စီးခြင်း, အကျိုး အာနိသင်များကို ဖွင့်ပြပေအံ့။

(၁) **ပံသုကူ စုတင် ဆောက်တည်ရပုံကား**။ "ဒါယကာတို့ လှူဒါန်းသောသင်္ကန်းကို ပယ်ပါ၏၊ ပံသုကူကိုဆောင်ခြင်း အလေ့ ရှိသော ရဟန်း၏အင်္ဂါကို ဆောက်တည်ပါ၏" ဟု ဤစကား နှစ်ခွန်းတို့တွင် တမျိုးမျိုးဖြင့် ဆောက်တည်အပ်သည် ဖြစ်၏၊ ဤသည်ကား ပံသုကူစုတင် ဆောက်တည်ရပုံတည်း။

ဤ ဆိုအပ်ပြီးသောနည်းအတိုင်း စုတင် ဆောက်တည်ပြီးသော ပုဂ္ဂိုလ်သည် သုသာန် သင်းချိုင်း၌ ရအပ်သော အဝတ်ကိုင်း, အိမ်ဈေး၌ တစုံတယောက်သောသူ ပစ်စွန့်ထား၍ ရသော အဝတ်ကိုင်း, လမ်းခရီးတွင် ပစ်စွန့်ထားသော အဝတ်ကိုင်း, တံမြက်ချေးစုတွင် ပစ်စွန့်ထားသော အဝတ်ကိုင်း, ကိုယ်ဝန် ဆောင်သူသားဖွားသော အညစ်အကြေးကိုသုတ်၍ စွန့်ပစ်သော အဝတ်ကိုင်း, ဘုတ်ဆေးသမားတို့သည် ဦးခေါင်းနှင့် တကွ ရေချိုး၍ ယုတ်မာသောအဝတ် ဟု စွန့်ပစ်အပ်သော အဝတ်ကိုင်း, ရေချိုးဆိပ်၌ စွန့်ပစ်ထားသော အဝတ်ကိုင်း, သုသာန်သို့သွား၍ ပြန်လာသူတို့သည် ရေချိုးပြီး၍ အမင်္ဂလာ ဟု စွန့်ပစ်သော အဝတ်ကိုင်း, မီးလောင်ပေါက်ရှိ၍ စွန့်ပစ်သောအဝတ်ကိုင်း, နွားဝါးရာရှိ၍ စွန့်ပစ်သောအဝတ်ကိုင်း, ချကိုက်ရာရှိ၍ စွန့်ပစ် သောအဝတ်ကိုင်း,ကြွက်ကိုက်ရာရှိ၍ စွန့်ပစ်သောအဝတ်ကိုင်း, အနားပြတ်သောအဝတ်ကိုင်း, အဆာပြတ်သော အဝတ်ကိုင်း, စွန့်ပစ်သော သဘော်အလံအဝတ်, စစ်မြေအရပ်၌ စွန့်ပစ်ထား အပ်သောအဝတ်, တောင်ပို့တွင်ရစ်ပတ်၍ နတ်ပူဇော်ထားသော အဝတ်, ရဟန်းတို့သည် ပစ်စွန့်အပ်သောသင်္ကန်း, မင်းအဘိသိက် ခံရာတွင် ပစ်စွန့်သောအဝတ်,ဖေဟိ ဘိက္ခုသင်္ကန်း, ခရီးသွားတို့ မေ့လျော့ကျန်ရစ်သော အဝတ်, လေတိုက်၍ အဝေးသို့ လွင့်ပါ လာသောအဝတ်, နတ်တို့ပေးသောအဝတ်, သမုဒ္ဒရာလှိုင်းပုတ်၍ ကမ်းတင်နေသော အဝတ်–ဤနှစ်ဆဲ့သုံးမျိုးသော အဝတ်တို့တွင် တမျိုးမျိုးသောအဝတ်ကို ကောက်ယူ၍ ဋ္ဌဲဖြတ်၍ ဆွေးမြေ့သော အရာကိုပယ်ပြီးလျှင် ခိုင်သောအရာတို့ကို ဖွပ်လျှော်၍ သင်္ကန်း ချုပ်ပြီးသကာလ ဒါယကာတို့ လှူဒါန်းသော ရှေးသင်္ကန်း ဟောင်းကိုပယ်၍ ဝတ်ရုံသုံးဆောင်အပ်၏။

အကြြင်သက်န်းကို သံဃာအား လှူပါ၏ဟု ဆို၍ ပေးလှူ၏၊ အဝတ်နှင့်တကွ ဆွမ်းအလှိုငှါ သွားကုန်သော ရဟန်းတို့သည် ရအပ်၏။ ထိုနှစ်မျိုးသောသက်န်းသည် ပံသုကူသက်န်း မဖြစ်၊ ရဟန်းလှူသောသက်န်း၌လည်း အကြြင်သက်န်းကို ထေရ်စဉ်ဝါစဉ် အားဖြင့်ယူစေ၍ လှူအပ်၏။ ဤကျောင်း၌နေသောရဟန်းတို့ သုံးစေသတည်းဟု လှူအပ်သော သက်န်းသည်လည်း ဖြစ်၏၊ ထို သက်န်းနှစ်မျိုးစလုံးပင် ပံသုကူသက်န်း မဖြစ်၊ ပံသုကူဆောင်သော မထေရ်ကိုမယူစေဘဲ အခြားရဟန်းက မိမိဝါစဉ်ဖြင့် ယူ၍ပေး အပ်သောသက်န်းသည်သာလျှင် ပံသုကူသက်န်းမည်၏။

ထိုရဟန်းပေးသော သက်န်းအရာ၌ အကြြင်သက်န်းကို ဒါယကာတို့သည် ရဟန်း၏အနီး၌ ချထားအပ်၏၊ ထိုသက်န်း ရသောရဟန်းသည် ပံသုကူဓုတင်ဆောင်သော ရဟန်း၏လက်၌ ထား၍ပေးအပ်၏၊ ထိုရဟန်းပေးသောသက်န်းသည် တပါးသော အဘို့မှ စင်ကြယ်ခြင်းရှိသော ဧကတော သုဒ္ဓိ သက်န်းမည်၏၊ အကြြင်သက်န်းကို ရဟန်း၏လက်၌ထား၍ ဒါယကာတို့သည် ပေးလှူအပ်၏၊ ထိုရဟန်းသည် ထိုသက်န်းကို ပံသုကူလမထေရ်၏ ခြေရင်း၌ထား၏၊ ထိုသက်န်းသည်လည်း ဧကတော သုဒ္ဓိက သက်န်းမည်သည်ပင်ဖြစ်၏၊ အကြြင်သက်န်းကို ရဟန်း၏ ခြေရင်း၌ ဒါယကာတို့သည် ထားအပ်၏၊ ထိုသက်န်းကိုရသော ရဟန်း သည်လည်း ထိုအတူပင် ပံသုကူလ မထေရ်၏ခြေရင်း၌ထား၍ လှူအပ်၏၊ ထိုသက်န်းသည် နှစ်ပါးသောအဘို့မှ စင်ကြယ်သော ဉဘတော သုဒ္ဓိကသက်န်း မည်၏။

ရဟန်း၏လက်၌ထား၍ ဒါယကာတို့ လှူအပ်သော အကြြင် သက်န်းကို ရအပ်၏၊ ထိုလက်၌ ထားသော သက်န်းကိုရသော ရဟန်းသည်လည်း ပံသုကူလမထေရ်၏ လက်၌ပင် ထားအပ်၏၊ ထိုသက်န်းသည် ဉက္ကဋ္ဌမဟုတ်သော သက်န်းမည်၏၊ ဤသို့လျှင် ဤပံသုကူလအပြားကို သိ၍ ပံသုကူလဓုတင်ကိုဆောင်သော ရဟန်းသည် သက်န်းကိုသုံးဆောင်အပ်၏။ **ဤသည်ကား ပံသုကူလ ဓုတင်အရာ၌ အစီအရင်ပေတည်း။**

**"ပံသုကူလစုတင်အပြားကိုဆိုအံ့"**ပံသုကူစုတင်ဆောင်သော ရဟန်းတို့သည် ဥက္ကဋ္ဌပုဂ္ဂိုလ်, မဇ္ဈိမပုဂ္ဂိုလ်, မုဒုပုဂ္ဂိုလ် ဟူ၍ သုံးမျိုး ရှိ၏၊ ထိုသုံးမျိုးတို့တွင် သုသာန်သင်းချိုင်း၌ ပစ်စွန့်ထားသော အဝတ်ကိုငင်း, အိမ်ဈေးတံခါးစသည်၌ ပစ်စွန့်ထားသော အဝတ်ကိုငင်း ကောက်ယူသော ရဟန်းသည် ဥက္ကဋ္ဌပုဂ္ဂိုလ်ဖြစ်၏၊ ရဟန်းသည် ကောက်ယူလတ္တံ့ဟု ထားအပ်သော အဝတ်ကို ကောက်ယူသော ရဟန်းသည် မဇ္ဈိမဖြစ်၏၊ ခြေရင်း၌ ထား၍ ရဟန်းသည် ပေးအပ်သည်ကို ယူသောရဟန်းသည် မုဒုပုဂ္ဂိုလ် ဖြစ်၏။ **ဤသည်ကား အပြားပေတည်း။**

ထိုဥက္ကဋ္ဌ, မဇ္ဈိံ, မုဒုပုဂ္ဂိုလ်သုံးယောက်တို့တွင် အကြင်အမှတ်မရှိ တယောက်ယောက်သောပုဂ္ဂိုလ်သည် မိမိသုံးဆောင်လိုသော သဘောဖြင့်ငင်း,ဒါယကာတို့ တောင်းပန်သည်ကို သည်းခံသော အားဖြင့်ငင်း,ဒါယကာတို့ ပေးလှူသောသင်္ကန်းကို သာယာသော ခဏ၌ စုတင်သည် ပျက်၏။ **ဤသည်ကား စုတင်၏ပျက်ခြင်းပေတည်း။**

စုတင် ဆောက်တည်ခြင်း၏ အကျိုး အာနိသင်သည်ကား ပံသုကူသင်္ကန်းကို အမှီပြု၍ ရဟန်းပြု၏ဟု မြတ်စွာဘုရား ဟောကြားတော်မူသောကြောင့် မှီရာနိဿယ လေးပါးရှိရာ ဒုတိယ မှီရာနိဿယနှင့် လျော်သော အကျင့်ပဋိပတ်ရှိသော အဖြစ်ငင်း, အရိယဝံသတရားလေးပါးတွင် ပဌမအရိယဝံသတရား၌ တည်ခြင်းငင်း, ပံသုကူသင်္ကန်း၏ အဘိုး မထိုက်တန်သောကြောင့် စောင့်ရှောက်ရသော ဆင်းရဲဒုက္ခ မရှိခြင်းငင်း, သူတပါးနှင့် မစပ်သော အသက်မွေးခြင်းရှိသော အဖြစ်ငင်း, သူခိုးဘေးဖြင့် ဘေးမရှိသည်၏အဖြစ်ငင်း, သုံးဆောင်ရာ၌ တဏှာ၏မဖြစ်ခြင်းငင်း, ရဟန်းတို့အား လျောက်ပတ်သော ပရိက္ခရာရှိသောအဖြစ်ငင်း, အဘိုးနည်းသည်ငင်း, ရလွယ်သည်ငင်း, ထိုသင်္ကန်းတို့သည် အပြစ်မရှိဟု မြတ်စွာဘုရားသည် ချီးမွမ်းအပ်သော ပစ္စည်းဖြစ်သည်ငင်း, သူတပါးကြည်ညိုသော အဖြစ်ငင်း, စုတင်ကို ဆောင်ခြင်း၏ အလိုနည်းသည်၏အဖြစ် အစရှိသော အကျိုး၏ပြီးခြင်း

ၚင်း, မြတ်သော အကျင့်ကို ပွါးစေခြင်း နော်လာနောက်သား တို့အား မြင်အပ်သော အကျင့်သို့ အစဉ်လိုက်စေခြင်းၚင်း ဤ **အလုံးစုံသည် ပံသုကူစုတင် ဆောက်တည်ခြင်း၏အကျိုး အာ နိသင်ပေတည်း။**

စစ်ဝတ်တန်ဆာ ကောင်းစွာ ဆင်ယင်အပ်ပြီးသော မင်းသည် စစ်တိုက်ခိုက်ရာစစ်မြေပြင်ဝယ် တင့်တယ်ဘွယ်ရာ ဘိသကဲ့သို့ ပံသုကူသက်န်းကိုဆောင်သော ရဟန်းသည် ကိလေသာ တည်းဟူသော မာရ်စစ်သည်အပေါင်းကို ထောင်းထောင်းညက်ညက် ပယ်ဖျက်ခြင်းငှါ တင့်တယ် လှစွာ၏–

တလောကလုံး ညွတ်ရှိုးပူဇော်ကာ အလွန်တရာ အလေးအမြတ် ပြုအပ်သော မြတ်စွာဘုရားကြီးသည် ကာသိတိုင်းဖြစ် အစရှိသော အထည်ကောင်း အထည် မြတ်တွေကို ပယ်စွန့်တော်မူ၍ လူသေကော်င်ထုပ်သည့် အဝတ်တည်းဟူသော အကြင်ပံသုကူသက်န်းကို ဆင်မြန်း ဝတ်ရုံတော်မူလေပြီ၊ ထိုပံသုကူသက်န်းကို မဂ်,ဖိုလ် လိုလားသော အဘယ်အမျိုးကောင်းသားသည် မဆောင် ဘဲနေနိုင်ပါအံ့နည်း–

ထို့ကြောင့် ပဥ္စင်းခံစဉ်အခါ သိမ်အပြင်မှာ သံဃာ တော်တို့အား "**အာမဘန္တေ**"ဟု ပေးအပ်သော မိမိ၏ ပဋိညာဉ်ဝန်ခံချက်ကို အောက်မေ့သော ရဟန်းသည် ယောဂါဝစရပုဂ္ဂိုလ်တို့အား လျောက်ပတ်လှစွာ ပံသုကူ သက်န်း၌ မွေ့လျော် ပျော်ပိုက်သည် ဖြစ်ရာ၏။

ဤသည်ကား ပံသုကူစုတင်၌ ဆောက်တည်ပုံ အစီအရင်ပျက်ခြင်း အပြား အကျိုး အာနိသံသများ၏ အဖွင့်ပြီး၏။

## ၂-တေစီဝရိကင်္ဂကထာ

၂၅။ **"တိစီဝရိက် ဓုတင်ဆောက်တည်ရပုံကား"** ဝတ်လောက် ရုံလောက် အဓိဋ္ဌာန်တင်လောက်လေးထည်မြောက်သော သင်္ကန်းကို ပယ်ပါ၏။ ဒုကုဋ်,ကိုယ်ဝတ်,သင်းပိုင်ဟူသော သုံးထည်သောသင်္ကန်းကို ဆောင်ခြင်းအလေ့ရှိသော ပုဂ္ဂိုလ်၏ အင်္ဂါကို ဆောက်တည်ပါ၏ဟူ၍ ဤနှစ်ခွန်း သော စကားတို့တွင် တမျိုးမျိုးဖြင့် ဆောက်တည် အပ်၏။

သုံးထည်သောသင်္ကန်းကို ဆောင်ခြင်းအလေ့ရှိသော ထို ပုဂ္ဂိုလ်သည် သင်္ကန်းလျာပုဆိုးကိုရ၍ အကြင်မျှလောက် မချမ်း မသာဖြစ်၍ ချုပ်လုပ်ခြင်းငှါ မတတ်နိုင်သေး၊ သင်္ကန်းစီရင် တတ်သောသူကိုသော်လည်း မရအပ်သေး၊ အစရှိသည်တို့တွင် တစုံတရာမပြည့်စုံသေး၊ ထိုမျှလောက် ကာလပတ်လုံး ထားအပ် သေး၏၊ မချုပ်ဘဲထားခြင်းဟူသော အကြောင်းကြောင့် အပြစ် မရှိ၊ ဆိုးပြီးသောကာလမှစ၍ ထားခြင်းငှါ မအပ်တော့ချေ၊ ထားခဲ့သော် ဓုတင်ခိုးမည်သည် ဖြစ်၏။ **ဤသည်ကား တိစီဝရိက် ဓုတင်ဆောင်သောရဟန်း၏ အစီအရင်ပေတည်း။**

**"အပြားအားဖြင့်သော်ကား"** ဤ တိစီဝရိက်ဓုတင်ဆောင် သော ပုဂ္ဂိုလ်သည်လည်း **ဥက္ကဋ်, မဇ္ဈိမ,** မုဒုအားဖြင့် သုံးမျိုး ပြားသည် ဖြစ်၏၊ **ဥက္ကဋ်ပုဂ္ဂိုလ်**သည် ဆိုးသောကာလ၌ သင်းပိုင် ကိုသော်လည်း ဆိုး၍ ထိုသင်းပိုင်ကို ဝတ်ပြီးလျှင် ကိုယ်ဝတ်ကို ဆိုးအပ်၏၊ ကိုယ်ဝတ်ကိုမူလည်း ရေးဦးစွာဆိုး၍ ထိုကိုယ်ဝတ်ကို ဝတ်ပြီးလျှင် သင်းပိုင်ကို ဆိုးအပ်၏၊ ထိုကိုယ်ဝတ်ကိုဝတ်ရုံ၍ ဒုကုဋ်ကို ဆိုးအပ်၏၊ ဒုကုဋ်ကိုဝတ်ခြင်းငှါမူကား မသင့်မလျော်၊ ဤသည်ကား ထိုတေစီဝရိကရဟန်း၏ ရွာတွင်း၌ ပြုရာသော ဝတ်ပေတည်း၊ တော၌ဖြစ်မူကား သင်းပိုင် ကိုယ်ဝတ်နှစ်ထည် လုံးကိုပင် တပေါင်းတည်း လျှော်ဖွပ်၍ ဆိုးခြင်းငှါ အပ်၏၊ ထိုသို့ပင် အပ်ပါသော်လည်း အကြင်သို့သော အခြင်းအရာဖြင့်

နေသည်ရှိသော် တစုံတယောက်သောသူကိုမြင်လျှင် သင်္ကန်းကို ဆွဲ၍ ဖုံးလွှမ်းပြုခြင်းငှါ တတ်နိုင်၏၊ ဤသို့လျှင် သင်္ကန်း၏အနီး ဖြစ်သော အရပ်၌ နေသင့်လှ၏၊

**မဇ္ဈိမပုဂ္ဂိုလ်** အား သင်္ကန်းဆိုးရာစရပ်၌ သင်္ကန်းဆိုးသော အခိုက်အတန့် ဝတ်အပ်သောသင်္ကန်းမည်သည် ရှိ၏၊ ထိုသင်္ကန်းကို ဝတ်ရုံ၍ ဆိုးရေဆိုးခြင်းအမှုကို ပြုခြင်းငှါ အပ်၏။

**မုဒုပုဂ္ဂိုလ်** အားမူကား သဘောတူသောရဟန်းတို့၏ သင်္ကန်းတို့ကို ဝတ်ရုံပြီးလျှင် ဆိုးရေဆိုးခြင်းအမှုကို ပြုခြင်းငှါ အပ်၏၊ ထိုနေရာကျောင်း၌ အိပ်ရာလွှမ်းအဖြစ်ဖြင့် အမိဋ္ဌာန် တင်အပ်သော မိမိဥစ္စာ-သူ့ဥစ္စာဖြစ်သော အိပ်ရာလွှမ်းသည်လည်း ထို မုဒုပုဂ္ဂိုလ်အား အပ်၏၊ သွားလေရာရာ ဆောင်ယူခြင်းငှါမူကား၊ မအပ်၊ သဘောတူသောရဟန်းတို့၏ သင်္ကန်းကိုမူ ကြိုးကြား ကြိုးကြား ဝတ်ရုံခြင်းငှါ အပ်၏၊ တိစီဝရိက် ဓုတင်ဆောင်သော ရဟန်းအား လေးခုမြောက် ဆိုအပ်သည်ရှိသော် အံသကိုဋ္ဋသည် သာလျှင် အပ်၏၊ ထိုအံသကိုဋ္ဋသည်လည်း အနံအားဖြင့်တထွာ, အလျားအားဖြင့် သုံးတောင်သည်သာလျှင် အပ်၏။ **ဤသည်ကား ပဘေဒတည်း။**

ဤဥက္ကဋ္ဌ, မဇ္ဈိ, မုဒုပုဂ္ဂိုလ်၏လည်း ပတ်လောက် ရုံလောက် လေးခုမြောက်သင်္ကန်းကို ဝတ်ရုံသုံးဆောင်ခြင်းငှါ သာယာသော ခဏ၌ ဓုတင်ပျက်၏။ **ဤသည်ကား ပျက်ခြင်းတည်း။**

ဤ **ဆိုလတ္တံ့သည်ကား အကျိုးအာနိသင်တည်း။** တိစီဝရိက် ဓုတင်ကိုဆောင်သော ရဟန်းသည် ကိုယ်ကို ဆောင်နိုင်ကာမျှ ဖြစ်သော သင်္ကန်းဖြင့် ရောင့်ရဲလွယ်သည်ဖြစ်၏၊ ထိုကြောင့် ထိုရဟန်းအား ငှက်၏ပံ့ခြင်းကဲ့သို့ သင်္ကန်းကို ယူ၍သာလျှင် သွားနိုင်၏၊ နည်းသောကိစ္စရှိသည်၏အဖြစ်, အဝတ်သင်္ကန်းကို သိမ်းသိမ်းဆည်းခြင်းမှ ကြဉ်ရှောင်ရခြင်း, ပေါ့သော အသက် မွေးမှုရှိခြင်း, ပိုမိုသောသင်္ကန်း၌ တပ်မက်သော တဏှာကို ပယ်ရခြင်း, ခွင့်ပြုတော်မူသဖြင့် အပ်သောသင်္ကန်းများ၌ သော်

လည်း သုံးထည်မျှ အတိုင်းအရှည်ကို ပြုခြင်းဖြင့် ခေါင်းပါးသော အသက်မွေးခြင်းရှိသော အဖြစ်, အလိုနည်းခြင်း အစရှိသော အကျိုး၏ပြီးခြင်း ဤသို့အစရှိသော အကျိုးအာနိသင်တို့သည် ပြည့်စုံကုန်၏။

တိစီဝရိက် ဓုတင်ကိုဆောက်တည်၍ သုံးထည်သော သင်္ကန်းကိုသာ ဆောင်သော ပညာရှိသော ယောဂီပုဂ္ဂိုလ်သည် အတိုင်းအရှည်ထက် ပိုလွန်သော အဝတ်သင်္ကန်း၌ တပ်မက်ခြင်းတဏှာကိုပယ်၍ သိုမှီး သိမ်းဆည်းခြင်းကို ကြဉ်ရှောင်၍ ရောင့်ရဲခြင်း၏ ချမ်းသာသောအရသာကို သိသည်ဖြစ်၏။

ထို့ကြောင့် မိမိအတောင်နှင့်တကွ ပျံသွားလိုရာပျံသွားနိုင်သော ငှက်ကဲ့သို့ ကိုယ်၌ဝတ်ရုံသော သင်္ကန်းနှင့်တကွသာလျှင် ချမ်းချမ်းသာသာ သွားလိုရာရာသွားခြင်းငှါ အလိုရှိသော ယောဂီသူမြတ်သည်လည်း သုံးထည်မျှသော သင်္ကန်းကိုမှတ်၍ အမိဋ္ဌာန်ရာ၌ မွေ့လျော်ပျော်ပိုက်ခြင်းကို ပြုရာ၏။

တေစီဝရိကင်ဓုတင်ဆောက်တည်ခြင်းအစီအရင် အပြား
ပျက်စီးခြင်း အကျိုးအာနိသင် အဖွင့်ပြီး၏။

---

## ၃-ပိဏ္ဍပါတိကင်ကထာ

၂၆။ **"ပိဏ္ဍပါတိကင် ဓုတင်ဆောက်တည်ရပုံကား"** ဆွမ်းခံ၍ ရသောဆွမ်းမှ ပိုလွန်သောလာဘ်ကို ပယ်ပါ၏၊ ဆွမ်းခံလှည့်လည်ခြင်း တည်းဟူသော ကျင့်ဝတ်ရှိသော ပုဂ္ဂိုလ်၏ အင်္ဂါကို ဆောက်တည်ပါ၏" ဤစကားနှစ်ခွန်းတို့တွင် တမျိုးမျိုးဖြင့် ဆောက်တည်အပ်၏။

ထိုပိဏ္ဍပါတ် ဓုတင်ကိုဆောက်တည်သောရဟန်းသည် သံဃာအား လှူသော ဆွမ်း,သံဃာ နှစ်ပါး သုံးပါး စသည် ရည်ညွှန်း၍ လှူသောဆွမ်း, ပင့်ဘိတ်၍ လှူသောဆွမ်း, စာရေးတံချ၍ လှူသော

ဆွမ်း, လဆန်းပက္ခ လဆုတ်ပက္ခ၌ လှူအပ်သောဆွမ်း, ဥပုသ်နေ့၌ လှူအပ်သောဆွမ်း, အထွက်တရက်နေ့၌ လှူအပ်သောဆွမ်း, ဧည့်သည်အာဂန္တုကိုရည်၍ လှူသောဆွမ်း, ခရီးသွား ရဟန်းကို ရည်၍ လှူသောဆွမ်း, သူနာရဟန်းကို ရည်၍ လှူသောဆွမ်း, သူနာထိန်းရဟန်းကို ရည်၍လှူသောဆွမ်း, ကျောင်းကိုရည်၍ လှူသောဆွမ်း, အကြီးအမှူးအိမ်တွင် တည်ထား၍ လှူသောဆွမ်း, အလှည့်ကျ လှူသောဆွမ်း-ဤတဆယ့်လေးမျိုးသော ဆွမ်းတို့ကို မသာယာအပ်ကုန်။

သံဃာဘတ်ကို ခံယူကြပါကုန်လော့ဟု အစရှိသောနည်းဖြင့် မဆိုမူ၍ အကျွန်ုပ်တို့အိမ်၌ သံဃာသည်ဆွမ်းကို ခံယူကုန်၏၊ အရှင်တို့သည်လည်း ဆွမ်းကိုခံယူပါလော့ဟု ဆို၍ လှူအပ်ကုန်သည်ရှိသော် ထိုဆွမ်းတို့ကို သာယာခြင်းငှါ အပ်ကုန်၏၊ သံဃာမှ ရအပ်သော ယာဝကာလိကမှ တပါးသော ဆေးစသည်နှင့် ယှဉ်သော စာရေးတံသည်ငင်း, ကျောင်း၌ ဒါယကာတို့ချက် လှူသော ဆွမ်းသည်ငင်း အပ်သည်သာဖြစ်၏။ **ဤသည်ကား ပိဏ္ဍပါတိကဓုတင်၏ အစီရင်တည်း။**

**"အပြား အားဖြင့်ကား"** ဤပိဏ္ဍပါတ် ဓုတင်သည်လည်း သုံးပါးအပြားရှိသည် ဖြစ်၏၊ ဥက္ကဋ္ဌပုဂ္ဂိုလ်သည် ရှေ့မှငင်း, နောက်မှငင်း ဆောင်ခဲ့သောဆွမ်းကို ခံအပ်၏၊ အိမ်တံခါး၌ ရပ်တည်၍ သပိတ်ကိုယူကုန်သော သူတို့အားလည်း ပေးအပ်၏၊ ဆွမ်းခံရာမှပြန်၍ ဆွမ်းစားစရပ်၌ထိုင်နေစဉ် အိမ်ကဆောင်ယူလာ၍ ပေးလှူသောဆွမ်းကိုလည်း ခံအပ်၏၊ ထိုနေ့အတွက်၌ ဘိတ်မန်သောဆွမ်းလာလိမ့်မည် ဟု မြော်လင့်လျက်နေ၍ ဆွမ်းကို မခံအပ်၊ မဇ္ဈိမပုဂ္ဂိုလ်သည်ကား မြော်လင့်လျက်နေ၍ ဆွမ်းကို ခံယူ၏၊ နက်ဖြန်အလို့ငှါ ဘိတ်သောဆွမ်းကိုမူကား သည်းမခံ မသာယာအပ်၊ မုဒုပုဂ္ဂိုလ်သည်ကား နက်ဖြန်အလို့ငှါငင်း သံဘက်အလို့ငှါငင်း ဘိတ်သောဆွမ်းကို သာယာအပ်၏၊ ထို မဇ္ဈိမပုဂ္ဂိုလ်, မုဒုပုဂ္ဂိုလ်တို့သည် သူတပါးနှင့်မစပ်ဘဲနေခြင်းဟု ဆိုအပ်သောချမ်းသာကို မရကြကုန်၊ ဥက္ကဋ္ဌပုဂ္ဂိုလ်သာလျှင် ထို

သူတပါးနှင့် မစပ်ဘဲနေခြင်း ချမ်းသာကိုရ၏။ ရှာတရှာ၌ အရိယဝံသဘာတ်နှင့်စပ်သော တရားစကားဖြစ်ကြသတတ်၊ ဉက္ကဋ္ဌ ပုဂ္ဂိုလ်သည် မိမိမှတပါးသော မဇ္ဈိမပုဂ္ဂိုလ် မုဒုပုဂ္ဂိုလ်တို့ကို အို-ငါ့ရှင်တို့, တရားနာခြင်းငှါ သွားကြကုန်အံ့ဟု ဆို၏၊ ထို ပုဂ္ဂိုလ်တို့တွင် တဦးသော မဇ္ဈိမပုဂ္ဂိုလ်သည် အရှင်ဘုရား လူတယောက်သည် ဆွမ်းအလို့ငှါ ပင့်ဘိတ်၍ နေစေအပ်ပါသည် ဟုဆို၏၊ တပါးသောပုဂ္ဂိုလ်သည် အကျွန်ုပ်သည့် နက်ဖြန် အလို့ငှါ တဦးသော ဒါယကာ၏ဆွမ်းကို သာယာအပ်သည် ဖြစ်ပါ၏ဟု ဆို၏၊ ဤသို့လျှင် ထိုနှစ်ဦးသော ပုဂ္ဂိုလ်တို့သည် သူတပါးနှင့် မစပ်သောချမ်းသာမှ,တရားနှင့်စပ်သော ဝမ်းမြောက် ရခြင်း အရသာမှ ယုတ်ကြကုန်၏၊ ဉက္ကဋ္ဌပုဂ္ဂိုလ်သည်ကား စောစောကပင်လျှင် ဆွမ်းခံသွား၍ တရားနှင့်စပ်သော အရသာကို ခံစားရ၏။ **ဤသည်ကား အပြားပေတည်း။**

ဤပုဂ္ဂိုလ်သုံးဦးစလုံးတို့သည်ပင် သံဃာဘတ် အစရှိသော အတိရေကလာဘ်ကို သာယာသောခဏာ၌ ဓုတင်သည် ပျက်၏။ **ဤသည်ကား ဓုတင်ပျက်ခြင်းပေတည်း။**

ဤဆိုလတ္တံ့သည်ကား ထိုပိဏ္ဍပါတ် ဓုတင်၏ အကျိုးအာနိသင် ပေတည်း၊ သလုံးမြင်းခေါင်းဖြင့် ရှာမှီး၍ ရသောဆွမ်းကိုအမှီပြု၍ ရဟန်းပြုရ၏ဟု မြတ်စွာဘုရား ဟောတော်မူသောကြောင့် ပဋ္ဌင်း ဖြစ်ခါစအခါ ကမ္မဝါဆရာက လေးပါးသော မှီရာနိဿယတို့ကို ဆုံးမအပ်သည်ရှိသော် "အာမ ဘန္တေ" ဟုဝန်ခံ၍ မိမိဝန်ခံသည် အားလျော်စွာ ပဋိပတ္တိ၏ မနိဿယ အားလျော်သော အကျင့်ပဋိပတ် ရှိခြင်းအကျိုး, ဒုတိယ အရိယဝံသတရား၌ တည်ခြင်းအကျိုး, သူတပါးနှင့် မစပ်သွယ်သော အသက်မွေးခြင်းရှိသော အကျိုး, ထိုပစ္စည်းတို့သည် ဘဇ္ဇန်း တစလောင်း ပေါင်းစု ဆည်းပူးအပ် သောကြောင့် အဘိုးနည်းသောအကျိုး, ရလွယ်သောအကျိုး, အပြစ်မရှိသောအကျိုး ရှိကုန်၏၊ မြတ်စွာဘုရား ချီးမွမ်းတော်မူ အပ်သော ပစ္စည်းရှိသည်၏အဖြစ်, ပျင်းရိသည်ကို နှိပ်နင်းနိုင်သော အဖြစ်, စင်ကြယ်သော အသက်မွေးမှုရှိသောအဖြစ်, သေခိယဝတ်

နှင့် ပြည့်စုံသောအဖြစ်, သူတပါး မမွေးမြူအပ်သောအဖြစ်, သူတပါးတို့အား ကုသိုလ်ဖြစ်ရန် ချီးမြှင့်ရသောအဖြစ်, ယုတ်ညံ့သော အသက်မွေးခြင်းဖြစ်၍ မာနကိုပယ်ရသောအဖြစ်, ရသတဏှာကို ပယ်နိုင်ခြင်း, ဂဏဘောဇနသိက္ခာပုဒ်, ပရံပရဘောဇနသိက္ခာပုဒ်, စာရိတ္တသိက္ခာပုဒ်တို့ဖြင့် အာပတ်မသင့်ခြင်း, အလိုနည်းခြင်း အစရှိသော ဂုဏ်ကျေးဇူးအားလျော်သော အကျင့်ဖြစ်ခြင်း ကောင်းမြတ်သော အကျင့်ကိုပွါးစေခြင်း, နောင်လာ နောင်သားတို့အတုယူကာ ကျင့်သုံးစေရန်အလို့ငှါ ချီးမြှင့်ရခြင်း အကျိုးတို့သည်ဖြစ်နိုင်၏။ **ဤသည်ကား အကျိုးအာနိသင်ပေတည်း။**

သလုံးမြင်းခေါင်းဖြင့် စုပေါင်းရှာမှီး၍ရသော ဆွမ်းအာဟာရဖြင့်သာ မျှတရောင့်ရဲထသော သူတပါးတို့နှင့် မစပ်မသွယ်သော အသက်မွေးခြင်းရှိသော အစာအာဟာရ၌ တပ်မက်တွယ်တာသော တဏှာလောလုပ္ပကို ပယ်အပ်ပြီးသောရဟန်းသည် အရပ်လေးမျက်နှာ လိုရာသွားနိုင်သောအကျိုးရှိသည် ဖြစ်၏။

ပျင်းရိခြင်းကိုလည်း ပယ်ဖျောက်ရ၏၊ ထိုပုဂ္ဂိုလ်၏ အသက်မွေးခြင်းသည်လည်း စင်ကြယ်၏၊ ထို့ကြောင့် ပညာရှိသောရဟန်းသည် ဆွမ်းခံသောအကျင့်ကို မထေမဲ့မြင် မပြုရာ။

ထိုဆွမ်းခံသောအကျင့်ကို ကျင့်သောရဟန်းသည် လာဘ်သပ္ပကာ အကျော်အစောကို လိုချင်တပ်မက်သောအားဖြင့် မှီသည် အကယ်၍မဖြစ်အံ့၊ သူတပါးသည် မမွေးအပ်, မိမိကိုယ်ကို မိမိမွေးသော ထိုသို့သော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော ပိဏ္ဍပါတ် ဓုတင်ဆောင် ရဟန်းအား နတ်အများတို့သည် ချစ်မြတ်နိုးကြကုန်၏။

ပိဏ္ဍပါတိကင် ဓုတင်၌ ဆောက်တည်ပုံ အစီအရင် အပြား ပျက်ခြင်း အကျိုးအာနိသင် အဖွင့်ပြီး၏။

## ၄-သပဒါနစာရိကင်ကထာ

၂၇။ **"သပဒါန စာရိကင် ဓုတင် ဆောက်တည်ရပုံကား"**

"လောလုပ္ပ တဏှာဖြင့် ကျက်စား လှည့်လည်ခြင်းကို ပယ်ပါ၏၊ အိမ်စဉ် ရွာစဉ် ခရီးစဉ်မပျက် ဆွမ်းခံခြင်း အလေ့ရှိသော ရဟန်း၏အင်္ဂါကို ဆောက်တည်ပါ၏" ဟု ဤစကားနှစ်ခွန်းတို့တွင် တမျိုးမျိုးဖြင့် ဆောက်တည် အပ်သည်ဖြစ်၏။

အိမ်စဉ်အတိုင်းလှည့်လည်သော ထိုရဟန်းသည် ရွာတံခါး၌ ရပ်၍ ဆင်, မြင်း, ကျွဲ, နွား စသော ဘေးရန်မရှိသည်အဖြစ်ကို မှတ်အပ်၏၊ အကြင်ခရီးအကြား၌ငှင်း အကြင်ရွာ၌ငှင်း ဆင်, မြင်း, ကျွဲ, နွား စသော ဘေးရန်ရှိသည် ဖြစ်အံ့၊ ထိုဘေးရန် ရှိသောခရီးရွာကို ပယ်၍ တပါးသောခရီး တပါးသောရွာသို့ သွားခြင်းငှါသင့်၏၊ အကြင်အိမ်တံခါး၌ငှင်း အကြင်ခရီးလမ်း၌ ငှင်း, အကြင်ရွာ၌ငှင်း, တစုံတခုကိုမျှ မရအံ့၊ ထိုအိမ်တံခါး စသည်ကို ရွာမဟုတ်ဟု အမှတ်ပြု၍ သွားအပ်၏၊ အကြင်အိမ် တံခါးစသည်၌ တစုံတခုကိုရအံ့၊ ထိုအရပ်ကိုပယ်၍ သွားခြင်းငှါ မအပ်။

သပဒါန ဓုတင်ဆောက်တည်သော ဤရဟန်းသည် နံနက် စောစောကပင် ရွာတွင်းသို့ ဝင်သင့်၏၊ စောစောဝင်သည်ရှိသော် ဘေးရန်ရှိ၍ ဝင်နိုင်ခဲသောအရပ်ကို ပယ်၍ ဘေးရန်ကင်းသော အရပ်ဖြင့် သွားနိုင်ပေလတ္တံ့။

ထိုသပဒါန ဓုတင် ဆောက်တည်သော ရဟန်းအား ကျောင်းတွင် အလှူပေးကုန်သော သူတို့သည်ငှင်း လမ်းခရီး အကြား၌ လာကုန်သော လူတို့သည် သပိတ်ကိုယူ၍ ဆွမ်းကို အကယ်၍လောင်းလှူသော်ငှင်း အပ်၏။

ခရီးသွားသော ဤသပဒါန ဓုတင်ဆောင် ရဟန်းသည် ဆွမ်းခံသောအချိန်၌ ရောက်သောရွာကို မလွန်စေမူ၍ ကျင့်အပ်၏၊

ထိုရောက်သော ရွာမှမရသော်၎င်း, အနည်းငယ် ရသော်၎င်း ရွာစဉ်အတိုင်း သွားအပ်၏။ **ဤသည်ကား သပဒါန ဓုတင် ဆောက်တည် ကျင့်သုံးခြင်း အစီအရင်ပေတည်း။**

**"အပြားအားဖြင့်ကား"** ဤသပဒါန ဓုတင်သည်လည်း သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင် ဥက္ကဋ္ဌပုဂ္ဂိုလ်သည် ခရီးသွားစဉ် အိမ်တံခါးသို့မရောက်မီ ရှေ့မှကြို၍ လှူလင့်သော ဆွမ်းကို၎င်း, ရှေ့အိမ်သို့ လွန်သွားပြီးသော နောက်မှလိုက်၍လှူသော ဆွမ်းကို၎င်း, ဆွမ်းခံရာမှဖယ်၍ ဆွမ်းစားစရပ်တွင် နေထိုင်ရာတွင် ဆောင်ယူလာ၍ လှူသောဆွမ်းကို၎င်း မခံယူရ၊ အလှူဟု ဆိုအပ်သော မိမိတို့အိမ်တံခါး၌ သပိတ်ကို လွှတ်၏၊ ဤဓုတင်အရာမှာ အရှင်မဟာကဿပမထေရ်ကြီးနှင့် တူသောသူ မည်သည်မရှိ၊ ထိုအရှင်မဟာကဿပမထေရ်ကြီးအားလည်း ယက်ကန်းသည် ယောင်ဆောင်၍ လှူသော သိကြားမင်းအား သပိတ်လွှတ်သော အရာထင်ရှား ရှိ၏။

မဇ္ဈိမပုဂ္ဂိုလ်သည် ခရီးသွားစဉ် အိမ်တံခါးသို့ မရောက်မီက ဆီးကြို၍ လှူသောဆွမ်းကို၎င်း, ရှေ့အိမ်သို့ ရောက်ပြီးနောက်မှ လိုက်၍ လှူသောဆွမ်းကို၎င်း, ဆွမ်းခံရာမှပြန်၍ ဆွမ်းစားစရပ်တွင် ထိုင်နေစဉ် သပိတ်ကိုယူ၍ လှူသောဆွမ်းကို၎င်း ခံယူရ၏၊ လှူသည်ဟု ဆိုအပ်သော မိမိ၏ အိမ်တံခါး၌လည်း သပိတ်ကို စွန့်လွှတ်၍ ဒါယကာတို့ ယနေ့အဘို့ဘိတ်သော ဆွမ်းကို မြှော်လင့် ဆိုင်းငံ့၍သော်ကား မနေ၊ ဤသို့မနေသဖြင့် ထိုမဇ္ဈိမရဟန်းသည် ဥက္ကဋ္ဌပိဏ္ဍပါတ် ဓုတင်ဆောင်ပုဂ္ဂိုလ်အား လျော်၏၊ မုဒုပုဂ္ဂိုလ်သည်ကား ထိုနေ့အဘို့ ဒါယကာတို့ ဘိတ်မံထားသောဆွမ်းကို ဆိုင်း၍ ငံ့နေ၏။

**ဤသည်ကား သပဒါနဓုတင်အပြားပေတည်း။**

ဤသုံးပါး အပြားရှိသော ဓုတင်တို့သည် ဤမည်သောရွာ, ဤမည်သောအိမ်, ဤမည်သောလမ်း၌ ဆွမ်းကောင်း ဟင်းကောင်း လောင်းလှူအံ့သည်ဟု အစဉ်ကိုလွန်၍ သွားခါမျှ၌ ပျက်၏။ **ဤသည်ကားဓုတင် ပျက်ခြင်းပေတည်း။**

**"ထိုဓုတင်ဆောက်တည်ခြင်း၏ အကျိုးကား"** ဒါယကာတို့မှာ အမြဲ အလှူအသစ်ပြုရခြင်း, စန္ဒာလမင်းလျှင်တူသော ဥပမာ ရှိသောအဖြစ်, ကုလမစ္ဆေရကိုပယ်ခြင်း, ဒါယကာတို့အား အတူ အမျှ သနားခြင်းရှိသောသူ၏အဖြစ်, ဒါယကာတို့သို့ ချဉ်းကပ် ရောနှောသော အပြစ်မရှိခြင်း, ပင့်ခေါ် ဘိတ်ကြားသည်ကို မနှစ် သက်ခြင်း, ပို့သောဆွမ်းကို အလိုမရှိသောအဖြစ်, အလိုနည်းခြင်း အစရှိသည်တို့အား လျော်သောအကျင့်ရှိသောအဖြစ်။

**ဤသည်ကား ထိုဓုတင်တို့၏ အကျိုးပေတည်း။**

စန္ဒူပမော နိစ္စနဝေါ ကုလေသု၊
အမစ္ဆရီ သဗ္ဗသမာနုကမ္ပော။
ကုလူပကာဒီနဝဝိပ္ပမုတ္တော၊
ဟောတီဓ ဘိက္ခု သပဒါနစာရီ။

လောလုပ္ပစာရံ သုပဟာယ တသ္မာ၊
ဩက္ခိတ္တစက္ခု ယုဂမတ္တဒဿီ။
အာကင်္ခမာနော ဘုဝိ သေရိစာရံ၊
စရေယျ ဓီရော သပဒါနစာရန္တိ။

ဤ သာသနာတော်၌ အိမ်စဉ်မပြတ် ဆွမ်းခံသောဝတ်ကို ကျင့်သောရဟန်းသည် ခပ်သိမ်းသောအရပ်၌ မကပ်ငြိသောစိတ် ရှိသည်၏အဖြစ်, ဖြူစင်အေးမြသောစိတ် ရှိသည်အဖြစ်ကြောင့် လမင်းနှင့်တူသော ဥပမာ ရှိသည်ဖြင့်း, အမျိုးဒါယကာတို့၌ တစုံတယောက်သောသူ၏ အိမ်သို့သာ အမြဲမသွားသောကြောင့် အမြဲပင် လှူသစ်ဖြစ်သည်ဖြင့်း, ဒါယကာတို့၌ ဝန်တိုခြင်းအလျှင်း မရှိသည်ဖြင့်း, ချမ်းသာဆင်းရဲမရွေး ဖျမ်းမျှသောကရုဏာ ရှိသည်ဖြင့်း, အမျိုးဒါယကာအိမ်တို့သို့ ကပ်ရောက်ခြင်းကြောင့် ဖြစ်သော အပြစ်တို့မှ လွတ်ကင်းသည်ဖြင့်း ဖြစ်၏၊ ထို့ကြောင့် မြေအပြင်ဝယ် အလိုအလျောက်သွားရခြင်းကို အလိုရှိသော ပညာ ရှိသည် လျှပ်ပေါ်လော်လီခြင်း လောလုပ္ပတဏှာကို ကောင်းစွာ

ပယ်၍ ချအပ်သောမျက်လွှာဖြင့် ထမ်းပိုး တပြန်ခန့်လောက်သော ကြည့်သောအလေ့ ရှိသည်ဖြစ်၍ အိမ်စဉ်မပြတ် ဆွမ်းခံသော အကျင့်ကို ကျင့်ရာ၏။

သပဒါန စာရိကင်ဓုတင်၌ ဆောက်တည်ပုံအစီအရင် အပြား ပျက်ခြင်း အကျိုးအာနိသင်တို့၏ အဖွင့်ပြီး၏။

---

### ၅-ဧကာသနိကင်ကထာ

၂၀။ "**ဧကာသနိကင် ဓုတင်ဆောက်တည်ရပုံကား**" အထူး ထူးသော နေရာတို့၌နေ၍ သုံးဆောင် စားသောက် ခြင်းကို ပယ်ပါ၏၊ တထိုင်ထည်း၌သာ သုံးဆောင်ခြင်း ကျင့်ဝတ်ရှိသော ပုဂ္ဂိုလ်၏အင်္ဂါကို ဆောက်တည်ပါ၏ဟု ဤစကားနှစ်ခွန်းတို့တွင် တမျိုးမျိုးဖြင့် ဆောက်တည် အပ်၏။

ဧကာသနိကင် ဓုတင်ကို ဆောက်တည်သော ရဟန်းသည် ဆွမ်းစားစရပ်၌ ထိုင်နေသည်ရှိသော် မထေရ်ကြီး၏ နေရာ၌ မထိုင်မူ၍ ဤနေရာသည် ငါ့အားရောက်လတ္တံ့ဟု နှလုံးသွင်း၍ သင့်လျော်သော နေရာကိုမှတ်၍ ထိုင်နေအပ်၏၊ ထိုပုဂ္ဂိုလ် ဆွမ်းစားခြင်းမပြီးမီ ဆရာသော်၎င်း, ဥပဇ္ဈာယ်ဆရာသော်၎င်း, လာငြားအံ့၊ ထ၍ဝတ်ကိုပြုခြင်းငှါ အပ်ပါ၏၊ ယင်းသို့ပင် ပြုသင့် သော်လည်း "**တိပိဋက စူဠာဘယ**"မထေရ်ကမူကား နေရာကို ၎င်း, ဘောဇဉ်ကို၎င်း စောင့်ရာ၏ဟု ဆိုလေသည်၊ ဤယောဂီ မူကား ဆွမ်းစားခြင်းကိစ္စ မပြီးသေးမီ ဝတ်နိဗဒ်ကိုကား ပြုနိုင် ၏၊ ဘောဇဉ်ကိုမူကား တဖန် မသုံးဆောင်နိုင်ပြီ။ **ဤသည်ကား ထိုဧကာသနိကင် ဓုတင် ဆောက်တည်ခြင်း အစီအရင်တည်း။**

"**အပြားအားဖြင့်သော်ကား**" ဤဓုတင်သည်လည်း ဥက္ကဋ္ဌ မဇ္ဈိမ, မုဒုဟူ၍ပင် သုံးမျိုးပြား၏၊ ထိုသုံးမျိုးတို့တွင် ဥက္ကဋ္ဌ ပုဂ္ဂိုလ်သည် များသည်ဖြစ်စေ, နည်းသည်ဖြစ်စေ အကြင် ဘောဇဉ်၌ သုံးဆောင်အံ့ဟု လက်ကို ချ၏၊ ထိုဘောဇဉ်မှ

တပါးသော ဘောဇဉ်ကိုယူခြင်းငှါ မရ၊ အကယ်၍ လူဒါယကာတို့က မထေရ်သည် တစုံတခုကိုမျှ သုံးဆောင်တော်မမူဟု အောက်မေ့၍ ထောပတ် အစရှိသည်တို့ကို ဆောင်ယူလာအံ့၊ ဆေးအလို့ငှါသာ အပ်၏၊ အစာအာဟာရအလို့ငှါ မအပ်၊ မဇ္ဈိုံ ပုဂ္ဂိုလ်သည်ကား သပိတ်၌ ဆွမ်းမကုန်သေးမီအတွင်း တပါးသော ဘောဇဉ်ကို ခံယူခြင်းငှါ အပ်၏၊ ဤမဇ္ဈိုံ ပုဂ္ဂိုလ်သည်ကား ဘောဇဉ်ကုန်ခြင်း အဆုံးရှိသောပုဂ္ဂိုလ် မည်၏။ မုဒုပုဂ္ဂိုလ်မူကား နေရာမှမထမခြင်း သုံးဆောင်ခြင်းငှါ အပ်၏။ ထိုမုဒုပုဂ္ဂိုလ်သည် သပိတ်ဆေးရေကို မယူသေးသမျှ သုံးဆောင်ကောင်းသောကြောင့် သပိတ်ဆေးရေယူခြင်း အဆုံးရှိသည်လည်း ဖြစ်၏၊ မထသေးသရွေ့ သုံးဆောင်ကောင်းသောကြောင့် နေရာမှထခြင်း အဆုံးရှိသည်လည်းဖြစ်၏။ **ဤသည်ကား အပြားတည်း။**

ဤသုံးမျိုးစလုံးတို့သည်ပင် အထူးထူးသော နေရာတွင် စားသောခဏ၌ ဓုတင် ပျက်၏။ **ဤသည်ကား ဓုတင်၏ ပျက်ခြင်းတည်း။**

**ထိုဓုတင်ကို ဆောက်တည်ခြင်း၏ အကျိုးသော်ကား** အနာရောဂါကင်းသည်၏အဖြစ်, ကိုယ်၏ ဆင်းရဲကင်းသောအဖြစ်, ပေါ့ပေါ့ပါးပါး ထကြွနိုင်သောအဖြစ်, အားရှိသောအဖြစ်, ချမ်းသာစွာနေရခြင်း အတိဂိုဏ်ဝိနည်းကံ ဟူသော အကြောင်းကြောင့် အာပတ်မသင့်ခြင်း ရသတဏှာကို ပယ်ဖျောက်နိုင်၏၊ အလိုနည်းခြင်း အစရှိသော ဂုဏ်ကျေးဇူးတို့အား လျော်သောအဖြစ်။ **ဤသည်ကား အကျိုးပေတည်း။**

တနေရာတည်း စားခြင်း၌ မွေ့လျော်သော ရဟန်းကို အစာဘောဇဉ်လျှင် အကြောင်းရင်းရှိသော အနာရောဂါတို့သည် မနှိပ်စက်နိုင်ကုန်၊ အရသာ၌ တပ်မက်မောသော လောလုပ္ပတဏှာ ကင်း၏၊ မိမိ၏ပြုအပ်ရာ ရဟန်းကိစ္စကို မယုတ်လျော့စေ။

ထို့ကြောင့် ချမ်းသာစွာ နေရခြင်း၏ အကြောင်း ဖြစ်သော တဏှာကို ခေါင်းပါး ပြုန်းတီးစေတတ်သော အကျင့်၌ မွေ့လျော်သူ သူတော်ကောင်းတို့သည် မိုဝဲ အပ်သော တနေရာတည်း စားခြင်း၌ ရဟန်းသည် မွေ့လျော်ပျော်ပိုက်ခြင်းကို ဖြစ်စေရာ၏။

ဧကာသနိကင် ဓုတင် ဆောက်တည်ပုံ အစီအရင်အပြား ပျက်ခြင်း အကျိုးအာနိသင်အဖွင့် ပြီး၏။

---

## ၆-ပတ္တပိဏ္ဍိကင်ကထာ

၂၉။ **"ပတ္တပိဏ္ဍိကင် ဓုတင် ဆောက်တည်ရပုံကား"** နှစ်ခု မြောက် အာဟာရထည့်သောခွက်ကို ပယ်ပါ၏၊ တခု တည်းသော သပိတ်၌ရှိသည်ကိုယူ၍ သုံးဆောင်ခြင်း ကျင့်ဝတ်ဓုတင်ကို ဆောက်တည်ပါ၏ဟု ဤစကား နှစ်မျိုးတွင် တမျိုးမျိုးသောစကားဖြင့် ဆောက်တည် အပ်၏။

ထို့ပြင် ပတ္တပိဏ္ဍိကင် ဓုတင်ကို ဆောက်တည်သောပုဂ္ဂိုလ် သည် ယာဂုသောက်သောအခါ ခွက်၌ထည့်၍ အမဲ,ငါးစသော ဟင်းလျာကိုရမူ ရှေးဦးစွာ အမဲငါးကိုသော်လည်း စားအပ်၏၊ ယာဂုကိုသော်လည်း ရှေးဦးစွာ သောက်အပ်၏၊ ထိုသို့ပြုရခြင်း၏ အကြောင်းမှာ ယာဂု၌ ငါး,အမဲတို့ပါရော၍ ထည့်ပါမူ အကယ်၍ ငါး,အမဲဟင်းလျာတို့က ပုပ်ခဲ့သော် ယာဂုသည် ရွံရှာဘွယ် ဖြစ်ရာ ချေသည်၊ (ရွံစရာကိုမှတ်၍ မျိုရမည်မဟုတ်) မရွံဘွယ်ပြု၍ သုံးဆောင်အပ်လေသည်၊ ထို့ကြောင့် ယာဂုကိုဖြစ်စေ, ငါး အမဲကိုဖြစ်စေ ရှေးဦးစွာ စားရမည်ဟူသောစကားကို ဆိုရ လေသည်။ ပျားရည်, တင်လဲ အစရှိသည်တို့သည်ကား ရွံစရာ မဟုတ်၊ ထိုအရာတို့ကိုမူကား ယာဂုနှင့်ရော၍ ထည့်အပ်ပါ၏၊ ခံယူသောအခါမူကား ဝလောက်ရုံပမာဏကို နှိုင်းယှဉ် ဆင်ခြင်၍ ခံယူအပ်၏၊ အစိမ်းဖြစ်သော သစ်ရွက်နု စသည်တို့ကိုမူကား

လက်ဖြင့်ကိုင်၍စားခြင်းငှါ အပ်ပါ၏၊ ထိုသို့ပင် အပ်ငြားသော်လည်း ကြည်ညိုဘွယ်မရှိ, လက်တကိုင်ကိုင် မပြုမူ၍ သပိတ်၌ထည့်အပ်၏၊ သို့ရာတွင် နှစ်ခွက်မြောက်ကို ပယ်အပ်လေသောကြောင့် တပါးသော သစ်ရွက်ဖက်ခွက်၌လည်း မအပ်ချေ။ **ဤသည်ကား ပတ္တပိဏ္ဍိကင် ဓုတင် ဆောက်တည်ခြင်း၏ အစီအရင်ပေတည်း။**

**"အပြားအားဖြင့်သော်ကား"** ဤဓုတင်သည်လည်း ဥက္ကဋ္ဌ, မဇ္ဈိမ, မုဒုဟူ၍ သုံးမျိုးရှိ၏၊ ဥက္ကဋ္ဌပုဂ္ဂိုလ်သည်ကား ကြံစုတ်သောအခါမှတပါး ငါးရိုး စပါးလုံးစသည်ကို ဒုတိယမြောက်ခွက်၌ စွန့်ခြင်းငှါ မအပ်၊ (စားစရာထည့်ဘို့ ခွက်နှစ်ခုကို မသာယာအပ်သည်သာမက, စွန့်ပစ်စရာထည့်ဘို့ ဒုတိယမြောက် ခွက်ကိုသော်လည်း မသာယာအပ် ဆိုလိုသည်)၊ ထို့ပြင် ထမင်း, ငါး, အမဲ, မုန့်တို့ကိုလည်း ခွဲ၍ ဖြတ်၍ စားခြင်းငှါ မအပ်။ မဇ္ဈိမပုဂ္ဂိုလ်အားမူကား လက်တဘက်ဖြင့် ခွဲ၍ ဖြတ်၍ စားခြင်းငှါ အပ်၏၊ ဤမဇ္ဈိမပုဂ္ဂိုလ်သည် ဟတ္ထယောဂီ မည်၏။ မုဒုပုဂ္ဂိုလ်သည်ကား ပတ္တယောဂီမည်၏၊ ထိုမုဒုပုဂ္ဂိုလ်အား ခဲဘွယ်ဘောဇဉ်ကို သပိတ်၌ထည့်ခြင်းငှါ အပ်၏၊ အလုံးစုံကိုပင် လက်ဖြင့်ဖဲ့၍ရင်း, သွားဖြင့်ခွဲခြမ်းဖဲ့စိတ်၍ရင်း စားခြင်းငှါ အပ်၏။ **ဤသည်ကား အပြားတည်း။**

ဤပုဂ္ဂိုလ်သုံးဦးစလုံးပင် ဟင်းလျာ စသည်ထည့်သော နှစ်ခုမြောက်ခွက်ကို သာယာ၍ အကပ်ခံယူသော ခဏ၌ ဓုတင်ပျက်လေ၏။ **ဤသည်ကား ဓုတင် ပျက်ခြင်းတည်း။**

**"ဤ ပတ္တပိဏ္ဍိကင် ဓုတင်ကို ဆောက်တည်ခြင်း၏ အကျိုးကား"** အထူးထူးသော အရသာရှိသော အသီးသီးသော ဘောဇဉ်၌ တဏှာကိုပယ်ရခြင်း, ထိုထို အထူးထူးသောခွက်၌ တည်သော အထူးထူးသော အရသာ၌တပ်သော သူ၏အဖြစ်ကို ပယ်ရခြင်း,အစာအာဟာရ အကျိုးအတိုင်းအရှည်ကို ဟောတော်မူသောအတိုင်း မြင်လေ့ရှိသောအဖြစ်, အပိုအမို ပန်းကန်ခွက်ယောက်တွေကို ဆောင်ရ၍ ပင်ပန်းရမှု၏ မရှိခြင်း, စိတ်မပျံ့

လွင့်ဘဲ တခွက်ယည်း၌သာ စူးစိုက် သုံးဆောင်လေ့ရှိခြင်း, အလို နည်းခြင်း အစရှိသော ဂုဏ်အား လျော်ခြင်း။ **ဤသည်ကား ထို ဓုတင်၏ အကျိုးများပေတည်း။**

ကောင်းသောကျင့်ဝတ်ရှိသော ကောင်းသော စိတ် နှလုံးရှိသော ပတ္တပိဏ္ဍိကင် ဓုတင်ဆောင်ပုဂ္ဂိုလ်သည် အထူးထူးသော ဘောဇဉ်ထည့်ရာခွက်တို့၌ ပျံ့လွင့်သော စိတ်ကိုပယ်စွန့်၍ ရသ-တဏှာ၏ အမြစ်အရင်းတို့ကို တူးဘိ သကဲ့သို့ တခုထည်းသောသပိတ်၌သာ စိုက်၍ကြည့်သော မျက်လွှာရှိသည်ဖြစ်၍ မိမိအတ္တဘောတခုကိုသာ ဆောင် ဘိ၏၊ သို့ သပိတ်တလုံးထည်းဖြင့်သာ ရောင့်ရဲခြင်းကို ဆောင်လျက် အစာအာဟာရကို သုံးဆောင် ခြင်းငှါ တတ်နိုင်ရာ၏၊ ထို ပုဂ္ဂိုလ်မှ တပါးသော အဘယ်သူသည် သုံးဆောင်နိုင်ပါအံ့နည်း။

ပတ္တပိဏ္ဍိကင် ဓုတင်ဆောက်တည်ခြင်း အပြား အစီအရင်
ပျက်ခြင်း အကျိုးအာနိသင်အဖွင့် ပြီး၏။

---

## ၇-ခလုပစ္ဆာဘတ္တိကင်ကထာ

၃၀။ **"ခလုပစ္ဆာဘတ္တိကင် ဓုတင် ဆောက် တည် ရပုံကား"** "ပဝါရိတ်သင့်ပြီးနောက် ဝိနည်းကံအလျောက် အတိရိတ် ဖြစ်ပြီးသောဆွမ်းကို ပယ်ပါ၏၊ ပဝါရိတ်သင့်ပြီးနောက် ရသောဆွမ်းကို အတိရိတ်ဝိနည်းကံပြု၍ မသုံးဆောင် သော ရဟန်း၏အင်္ဂါကို ဆောက်တည်ပါ၏" ဟူ၍ စကားနှစ်မျိုးတို့တွင် တမျိုးမျိုးဖြင့် ဓုတင်ဆောက်တည် အပ်၏။ ထို ခလုပစ္ဆာဘတ္တိကင် ဓုတင်ကိုဆောက်တည် သော ပုဂ္ဂိုလ်သည် တန်ပြီဟု မြစ်ပြီး၍ တဖန် ဘောဇဉ်ကို ဝိနည်းကံဖြင့် အပ်အောင်ပြု၍ မသုံးဆောင်အပ်။ **ဤ သည်ကား ဓုတင်ဆောက်တည်ခြင်းအစီအရင်ပေတည်း။**

"**အပြားအာ ဖြင့်သော်ကား**" ဤ ဓုတင်သည်လည်း ဥက္ကဋ္ဌ, **မဇ္ဈိမ**, မုဒုဟူ၍ သုံးပါး အပြားရှိ၏၊ ထိုသုံးပါးတို့တွင် ဥက္ကဋ္ဌ ပုဂ္ဂိုလ်သည် ပဌမဆွမ်းလုပ်၌ ပဝါရိတ်သင့်သော မည်သည်မရှိ၊ ထိုပဌမဆွမ်းလုပ်ကို မျိုအပ်ပြီးသောအခါ တပါးသော လာဘ်ကို ပယ်သော ပုဂ္ဂိုလ်အားသာ ပဝါရိတ် သင့်၏၊ ထို့ကြောင့် ဤသို့ ပဝါရိတ်သင့်သော ရဟန်းသည် ရှေးဦးစွာသော ဆွမ်းလုပ်ကို မျိုပြီး၍ ဒုတိယဆွမ်းလုပ်ကို မသုံးဆောင်။ မဇ္ဈိမပုဂ္ဂိုလ်သည်ကား အကြင်ဘောဇဉ်ကို သုံးဆောင်ခိုက် ပဝါရိတ် သင့်၏၊ ထိုအခိုက် သပိတ်၌ ကြွင်းသရွေ့ကိုသာ သုံးဆောင်၏၊ တပါးသောလာဘ်ကို **မသုံးဆောင်**။ မုဒုပုဂ္ဂိုလ်မူကား နေရာမှမထမခြင်း သုံးဆောင်စားသောက်၏။ **ဤသည်ကား အပြားပေတည်း**။

ထိုသုံးယောက်သော ဓုတင်ဆောင်ပုဂ္ဂိုလ်တို့သည်ပင် ပဝါရိတ်သင့်လျက် ဝိနည်းကံဖြင့် အပ်အောင်ပြု၍ သုံးဆောင်စားသောက်သော ခဏ၌ ဓုတင်ပျက်လေ၏။ **ဤသည်ကား ဓုတင်ပျက်ခြင်းတည်း**"။

"**ဤခလုပစ္ဆာဘတ္တိကင် ဓုတင်ကိုဆောက်တည်ခြင်း၏ အကျိုးကား**" အတိရိတ်မဟုတ်သော ဘောဇဉ်ကို စားခြင်းကြောင့် သင့်သောအာပတ်မှ ဝေးသည့်အဖြစ်ငှါး, ဝမ်းပိုက် ပြည့်တင်းအောင် စားခြင်းမရှိသော အဖြစ်ငှါး, အာမိသ၌ သိုမှီးခြင်း ကင်းသော သူ၏အဖြစ်ငှါး, အဖန်, အခါး ရှာဖွေရခြင်း၏ မရှိသောအဖြစ်ငှါး, အလိုနည်းခြင်း အစရှိသော ဂုဏ်အား လျော်သော အဖြစ်ငှါး။ **ဤသည်ကား ထို ဓုတင်၏ အကျိုးပေတည်း**။

ခလုပစ္ဆာဘတ္တိကင် ဓုတင်ကို ဆောက်တည်သော ပညာရှိယောဂီပုဂ္ဂိုလ်သည် တဖန် ဝမ်းစာ မရှာရသော ကြောင့် ပင်ပန်းခြင်းသို့ မရောက်ရ, သိုမှီး သိမ်းဆည်းခြင်းကိုလည်း မပြုရ, ဝမ်းပြည့် ဝမ်းတင်းအောင်စားသော သူ၏အဖြစ်ကိုလည်း ပယ်ရ၏၊ ထို့ကြောင့် မြတ်စွာဘုရား ချီးမွမ်းတော်မူအပ်သော သန္တောသဂုဏ် အစရှိသော

ကျေးဇူးတို့၏ ပွါးခြင်းကို ဖြစ်စေတတ်သော ဤဓုတင်ကို မဟိတ္တစသော အပြစ်ဒေါသတို့ကို ပယ်လိုသော ပုဂ္ဂိုလ်သည် ကျင့်သုံး ဆောက်တည် မှီဝဲရာ၏။

ခလုပစ္ဆာဘတ္တိကင် ဓုတင်ဆောက်တည်ခြင်း အပြား အစီအရင် ပျက်ခြင်း အကျိုးအာနိသင်အဖွင့် ပြီး၏။

## ၈-အာရညိကင်ကထာ

၃၁။ **"အာရညိကင် ဓုတင်ဆောက်တည်ရပုံကား"** ဥပစာနှင့် တကွသော ရွာတွင်းကျောင်းကို ပယ်ပါ၏၊ ထိုရွာ၏ အပြင် တော၌ အရုဏ်တက်ခြင်း ကျင့်ဝတ်ဓုတင်ကို ဆောက်တည်ပါ၏ ဟူ၍ ဤစကားနှစ်မျိုးတို့တွင် တမျိုးမျိုးဖြင့် ဆောက်တည်အပ်၏။ တောရနေသော ထိုပုဂ္ဂိုလ်သည် ရွာကျောင်းကိုပယ်၍ တော၌ အရုဏ်တက်စေအပ်၏၊ ထိုရွာ,တော,ဟူသောစကား၌ ရွာ၏ ဥပစာနှင့် တကွသော ရွာသည် ရွာကျောင်းမည်၏၊ တအိမ်ထည်းရှိသောရွာ, အိမ်များစွာရှိသောရွာ, အရံရှိသောရွာ, အရံမရှိသောရွာ, လူရှိသောရွာ, လူမရှိခိုက်ဖြစ်သော ရွာတို့သည် ရွာမည်၏၊ အယုတ်သဖြင့် မိုးလေးလထက် အလွန်တည်နေသော ခြေကုန်သည် လှည်းကုန်သည်တို့ နေရာသည်ပင် ရွာမည်၏။

ရွာ၏ ဥပစာမည်သည်ကား အရံရှိသောရွာ၏ အနုရာဓမြို့မှာ တံခါးခုံနှစ်ခုကဲ့သို့ တံခါးခုံနှစ်ခုရှိသည် အကယ်၍ဖြစ်မူ အတွင်းတံခါးခုံ၌နေသော အား အလယ်အလတ်ရှိသော ယောက်ျား၏ ပစ်လွှင့်သော ခဲကျရာအရပ်သည် ရွာ၏ ဥပစာမည်၏။

ထိုခဲတကျ၏လက္ခဏာကို လုလင်ပျိုသည် မိမိ၏အားအစွမ်းကို ပြလျက် လက်မောင်းကိုလွှဲ၍ ခဲကိုပစ်သကဲ့သို့ပစ်သော ခဲကျရာအရပ် အတွင်းဟု ဝိနည်းမိုရ်ပုဂ္ဂိုလ်တို့က ဆုံးဖြတ်ကြလေသည်။ **"သုတ္တန်ဆောင်ပုဂ္ဂိုလ်"**တို့ကမူကား ကျီးကိုမောင်းသော အခြင်းအရာဖြင့် ပစ်သော ခဲကျရာအရပ်၏ အတွင်းဟု ဆိုကြကုန်၏။

အခြံအရံ မရှိသောရွာ၌ကား အလုံးစုံတို့၏ အစွန်ဆုံး၌ တည်သောအိမ်၏ တံခါးဝ၌ တည်သော မာတုဂါမသည် အိုး ခွက်၌ရှိသော အကြင်ရေကို စွန့်ပစ်၏, ပက်၏၊ ထိုရေကျရာ အရပ်သည် အိမ်၏ဥပစာမည်၏၊ ထိုအိမ်၏ဥပစာမှ ဆိုခဲ့ပြီးသော နည်းအတိုင်း ခဲတကျသည်ရွာ မည်၏၊ ဒုတိယ ခဲတကျသည်ရွာ၏ ဥပစာ မည်၏။

တောမည်သည်ကား ဝိနည်းပရိယာယ်ဖြင့် ရွာကိုရင်း, ရွာ၏ ဥပစာကိုရင်း ထား၍ အလုံးစုံသောအရပ်သည် တောမည်၏၊ ဟူ၍ ဆိုအပ်သည်။ အဘိဓမ္မာပရိယာယ်အားဖြင့် တံခါးခုံမှထွက်၍ အပြင်ဘက်ဖြစ်သော အလုံးစုံသောအရပ်သည် တောမည်၏၊ ဟု ဆိုသည်။ ဤဓုတင်အရာ၌မူကား သုတ္တန်နည်းအားဖြင့် "အာရညကံ နာမ သေနာသနံ ပဉ္စ ဓနုသတိကံ ပစ္ဆိမံ"ဟူ၍ အာရညက သိက္ခာပုဒ်၌ တောကျောင်းနေသော ရဟန်းကိုရည်၍ ဆိုသော အတိုင်းအရှည်ပမာဏကို မှတ်အပ်၏၊ နီးစွာသော အဆုံး၌ ဖြစ်သော ကုလလေးတာ ငါးရာရှိသောကျောင်းသည် တော ကျောင်းမည်၏။

ကုလလေးတာ ငါးရာရှိသော တောကျောင်းကို တင်ပြီးသော ညှို့ရှိသော မကြီး မငယ်ပမာဏပြုလောက်သော ဆရာ့လေးဖြင့် အရံရှိသော ရွာ၏တံခါးခုံမှ, အရံမရှိသော ရွာ၏ ပဌမ ခဲတကျ အရပ်မှ ကျောင်းအရံသို့တိုင်အောင် တိုင်းထွာ ပိုင်းခြားအပ်၏၊ အရံမရှိသောကျောင်းဖြစ်မူ အကြင်ကျောင်း, ဆွမ်းစားစရပ်, အမြဲစည်းဝေးရာဌာန, ဗောဓိပင် စေတီတို့သည် ကျောင်းမှ ဝေးကွာသောအရပ်၌ အကယ်၍ဖြစ်စေကာမူ ထိုအလုံးစုံတို့၏ ရှေးဦးဖြစ်သောကျောင်းကို အပိုင်းအခြားပြု၍ နှိုင်းယှဉ်အပ်၏ ဟု **"ဝိနည်းအဋ္ဌကထာ"** တို့၌ ဖွင့်ဆိုလေသည်။ **"မဇ္ဈိမနိကာယ် အဋ္ဌကထာ"**၌ကား ရွာ၏ဥပစာ၌ကဲ့သို့ အရံမရှိသော ကျောင်း၏ ဥပစာကိုလည်း ခဲနှစ်ကျ တို့၏ အကြား၌ တိုင်းတာ ရမည် ဟု ဆို လေ သည်၊ ဤမဇ္ဈိမနိကာယ် အဋ္ဌကထာ ၏ စကား သည် ဤတောရကျောင်း ဆောက်တည်ရာ၌ ပမာဏပြုသင့်၏၊ အနီး၌

ရွာရှိမူကား ကျောင်း၌နေသောသူတို့သည် ရွာသူရွာသားတို့၏ အသံကိုအကယ်၍ ကြားအပ်သည်ဖြစ်စေကာမူ တောင်, မြစ် စသည်ခြားဆီး၍ အဖြောင့်သွားခြင်းငှါ မတတ်ကောင်း၊ ထိုရွာ၏ ပကတိလမ်းသည် လှေဖြင့် ကူးအပ်သည်ဖြစ်မူ ထိုလမ်းဖြင့် သာလျှင် ကုလလေးတာကို ယူအပ်၏၊ အကြင်ရဟန်းသည် နီးသောရွာ၏ လမ်းခရီးကို တောရအင်္ဂါ တာငါးရာပြည့်အောင် ကြံဆောင်၍ ပိတ်ထားအံ့၊ ဤလမ်းပိတ်သော ရဟန်းသည် **"ခုတင်နိုး"** မည်သည်ဖြစ်၏၊ အာရညိကင် ခုတင် ဆောက်တည်သောရဟန်း၏ ဥပဇ္ဈာယ်သော်၎င်း, ဆရာသော်၎င်း နာမကျန်း ဖြစ်ခဲ့သော် တော၌လျောက်ပတ်သော ဆေးဝါးအစာကို မရမူ ထိုရဟန်းသည် မကျန်းမာသော ဆရာဥပဇ္ဈာယ်ကို ရွာနီး ကျောင်းသို့ရွှေ့ပြောင်း၍ ပြုစုအပ်၏၊ သို့ရာတွင် နံနက်စောစော ထွက်၍ တောရအင်္ဂါ ရလောက်သော နေရာမှာ အရုဏ်တက်စေ ရမည်၊ အရုဏ်တက်အခါ၌ပင် ထိုဆရာဥပဇ္ဈာယ်တို့၏ အနာမှာ မသက်မသာ တိုးပွါးလာပါမူ ထိုဆရာဥပဇ္ဈာယ်တို့အားသာ ဆေးဝါးပေး၍ လုပ်ကျွေးပြုစုအပ်၏၊ ခုတင်ကို စင်ကြယ်အောင် ကြိုးစားရန်မသင့်တော့ချေ။ **ဤသည်ကား အာရညိကင် ခုတင် ဆောက်တည်ခြင်း၊ အစီအရင်ပေးတည်း။**

**"အပြားအားဖြင့်သော်ကား"** ဤခုတင်သည်လည်း ဥက္ကဋ်, မဇ္ဈိံ, မုဒု ဟူ၍ သုံးပါးရှိ၏၊ ထိုသုံးပါးတို့တွင် ဥက္ကဋ်ပုဂ္ဂိုလ်သည် အခါခပ်သိမ်းတော၌ အရုဏ်တက်စေအပ်၏၊ မဇ္ဈိံ, ပုဂ္ဂိုလ် သည်ကား မိုးလေးလပတ်လုံး ရွာ၌နေခြင်းငှါ အပ်၏။ **ဤသည်ကား အပြားပေတည်း။**

ဤပုဂ္ဂိုလ် သုံးဦးစလုံးပင် တောမှလာ၍ ရွာကျောင်း၌ တရားနာနေစဉ် အရုဏ်တက်သော်လည်း ခုတင်မပျက်၊ တရားနာ ပြီး၍သွားစဉ် လမ်းခရီး အကြားမှာ အရုဏ်တက်သော်လည်း ခုတင်မပျက်၊ ဓမ္မကထိက ထပြီးသော်လည်း တရေးမျှအိပ်၍ သွားအံ့ဟု ကြံ၍အိပ်နေစဉ် အရုဏ်တက်သည်ရှိသော်ကား ခုတင် ပျက်၏၊ မိမိ၏အလိုအလျောက် ရွာကျောင်း၌ အရုဏ်တက်အံ့၊ ခုတင်ပျက်၏။ **ဤသည်ကား ခုတင်ပျက်ခြင်းပေတည်း။**

**"ထိုအာရညီကင် ဓုတင်ကို ဆောက်တည်ခြင်း အကျိုးကား"** တောကျောင်းနေသော ရဟန်းသည် တောဟူသော အမှတ်ကို နှလုံးသွင်းလျက် မရသေးသော သမာဓိကိုရခြင်းငှါ ရပြီးသော သမာဓိကို စောင့်ခြင်းငှါ ထိုက်သည်ဖြစ်၏၊ မြတ်စွာဘုရားသည်လည်း ထိုရဟန်းအား ဝမ်းမြောက်တော်မူသည် ဖြစ်၏၊ ဟောတော်မူသည်ကား **အိုနာဂိတ**, ထိုရဟန်း၏ ထိုသို့တော၌ နေသဖြင့် ငါဘုရားသည် နှစ်သက် ဝမ်းမြောက်တော်မူ၏၊ အစွန်အဖျားကျသော တောကျောင်း၌ နေလေ့ရှိသော ထိုရဟန်း၏ စိတ်ကို မသျှောက်ပတ်သော ရူပါရုံစသော အာရုံတို့သည် မပျံ့မလွင့်စေနိုင်ကုန်၊ ထိတ်လန့်ခြင်းလည်း ကင်း၏၊ အသက်၌ တာတွယ်သော နိကန္တိ တဏှာကိုလည်း စွန့်၏၊ ဆိတ်ငြိမ်သော အရပ်၌ နေခြင်းကြောင့် ဖြစ်သော ချမ်းသာ ဟူသော အရသာကိုလည်း ခံစားရ၏၊ ပံသုကူလိက ဓုတင် စသည်တို့ကို ဆောင်သော အဖြစ်ဟူသော ဓုတင် တဆယ့်နှစ်ရပ်သည်လည်း ထိုတောနေရဟန်းအားသာလျှင် သျှောက်ပတ်၏။ **ဤသည်ကား အကျိုးပေတည်း။**

ဆိတ်ငြိမ်သော ကိုယ်စိတ်ရှိသော လူတို့နှင့် မရောနှောသော အစွန်အဖျားကျသော တောကျောင်း၌ မွေ့လျော်သော တောရနေခြင်းအားဖြင့် မြတ်စွာဘုရား၏ စိတ်နှလုံးတော်ကို နှစ်သက်စေတတ်သော ရဟန်းသည် တောကျောင်း၌ တယောက်ထည်းတည်း နေသည်ဖြစ်၍ အကြင်ဝိဝေက သုခကို ရ၏၊ ထိုရဟန်း၏ ထိုဝိဝေက သုခ အရသာမျိုးကို သိကြားမင်းနှင့်တကွသော နတ်တို့သော်မှ မခံစားကြရကုန်။

စစ်ဝတ်ချပ်တန်ဆာကို ဝတ်ဆင်လျက် ဆင်တပ် မြင်းတပ်နှင့်တကွ စစ်မြေပြင် အောင်တပ်သို့ရောက်သော မင်းသည် တဘက်ရန်သူကို အောင်မြင်ခြင်းငှါ စွမ်းနိုင်သကဲ့သို့ ပံသုကူ ⋯ သော စစ်ဝတ်ချပ်တန်ဆာကို ဝတ်ဆင်လျက် အာရညကင် ဓုတင်တည်းဟူသော ဆင်သင်း,မြင်းသင်းနှင့်

တကွ ပံသုကူအာရညကင်မှ ကြွင်းသော အထူးထူးသော ဓုတင်ဓမ္မ လက်နက်မျိုးတို့ကို စွဲကိုင်လျက် တောကျောင်း တည်းဟူသော စစ်မြေအောင်တပ်သို့ ကပ်ရောက်သော ဤ အရညဝါသီ ယောဂီရဟန်းသည်သာလျှင် မကြာ မတင် အလျင်အမြန် အနုသယဆင်တပ် မြင်းတပ်တို့ဖြင့် အထပ်ထပ် ခြံရံအပ်သော ကိလေသာမာရ် ကိုယ်တွင်း ရန်ကို အောင်ခြင်းငှါစွမ်းနိုင်၏၊ ထို့ကြောင့် ပညာရှိသော ရဟန်းသည် တော၌နေခြင်း၌ မွေ့လျော်ခြင်းကို ပြုရာ၏။

အာရညိကင် ဓုတင်ဆောက်တည်ခြင်း အစီအရင် အပြား
ပျက်ခြင်း အကျိုးအာနိသင်အဖွင့် ပြီး၏။

---

## ၉-ရုက္ခမူလိကင်ကထာ

၃၂။ **"ရုက္ခမူလိကင် ဓုတင်ဆောက်တည်ရပုံကား"** အုဋ္ဌ အစ ရှိသော ငါးမျိုးသော အမိုးတို့ဖြင့် မိုးအပ်သော အရိပ်အာဝါသကို ပယ်ပါ၏၊ သစ်ပင်ရင်း သစ်ပင် အောက်၌နေခြင်း ဓုတင်အင်္ဂါကို ဆောက်တည်ပါ၏ဟု ဤ စကားနှစ်မျိုးတို့တွင် တမျိုးမျိုးသော စကားဖြင့် ဆောက်တည်အပ်၏။

ရုက္ခမူ ဓုတင်ဆောက်တည်သော ရဟန်းသည် ပြည်ထောင် မင်းနှစ်ဦးတို့၏ နယ်ခြား၌ရှိသော သစ်ပင်, လူတို့ပူဇော်သော တောစိုးသစ်ပင်, သစ်စေးပင် အစရှိသော လူတို့သုံးဆောင်သော သစ်ပင်, သရက် ပိန္နဲ အစရှိသော အသီးစားသစ်ပင်, လင်းနို့ ကြိုက်သောသစ်ပင် မြွေ, ကင်းစသည် အောင်းစရာ အခေါင်း ရှိသောသစ်ပင်, အများသွားလာရာ ကျောင်း လယ်၌ရှိသော သစ်ပင်၊ ဤသစ်ပင်တို့ကို ကြဉ်ရှောင်၍ ကျောင်း၏ အစွန်အနား၌ တည်သော သစ်ပင်ကို ယူအပ်၏။ **ဤသည်ကား အစီအရင်ပေ တည်း။**

**"အပြားအားဖြင့်သော်ကား"** ဤရုက္ခမူလိကင် ဓုတင်သည် လည်း ဥက္ကဋ္ဌ, မဇ္ဈိမ, မုဒုဟူ၍ သုံးပါး အပြားရှိ၏၊ ထိုသုံးပါး

တို့တွင် ဥက္ကဋ္ဌပုဂ္ဂိုလ်သည် နှစ်သက်ရာရာသစ်ပင်ကို ရွေးချယ်၍ သုတ်သင်စေခြင်းငှါ မရအပ်၊ ခြေဖြင့်သစ်ပင်မှကျသော သစ်ရွက် သစ်ခက် အမှိုက်တို့ကိုဖယ်ရှား၍ နေအပ်၏၊ မဇ္ဈိမပုဂ္ဂိုလ်သည်ကား ထိုသစ်ပင်အနီးသို့ရောက်လာသူကို သုတ်သင်စေခြင်းငှါ ရအပ်၏၊ မုဒုပုဂ္ဂိုလ်သည်ကား အရံစောင့်သာမဏေတို့ကိုခေါ်၍ သုတ်သင် စေပြီးလျှင် အညီအညွတ်ပြု၍ သဲကြဲ၍ အရံပြု၍ တံခါးကိုတပ်စေ၍ နေသင့်၏၊ **အထူးမှာ** လူအများစုရုံး လာရောက်သောနေရာ၌ ထိုရုက္ခမူ ဓုတင်ဆောင်ပုဂ္ဂိုလ်သည် ထိုနေမြဲသစ်ပင်ရင်းတွင် မမနေဘဲ တပါးသော ဖုံးလွှမ်းလျှို့ဝှက်သောအရပ်၌ နေအပ်၏၊ ဤသုံးပါးစလုံးတို့သည်ပင် အမိုးရှိသော အရိပ်အာဝါသ၌ နေလိုသော ဆန္ဒဖြင့် ဝင်နေသောခဏ၌ ဓုတင်ပျက်၏၊ သိ၍ အမိုးရှိသောနေရာ၌ အရုဏ်တက်စေခါမျှခဏ၌ ဓုတင် ပျက်၏ဟု အင်္ဂုတ္တရနိကာယ်ကိုဆောင်သော ဆရာတို့က ဆိုကြလေသည်။ **ဤသည်ကား ပျက်ခြင်းပေတည်း။**

"**ထိုဓုတင်ကိုဆောက်တည်ခြင်း၏ အကျိုးကား**" သစ်ပင်ရင်း တည်းဟူသော ကျောင်းကိုအမှီပြု၍ ရဟန်းဖြစ်၏ဟု မြတ်စွာ ဘုရား ဟောကြားတော်မူသောကြောင့် တတိယနိဿယအား လျော်သောအကျင့် ရှိသည်၏အဖြစ်, ထိုသစ်ပင်ရင်း တည်းဟူ သော ကျောင်းတို့သည် ကိစ္စတာဝန် နည်းပါးသည်၊ အဘိုး နည်းသည်၊ရောက်လေရာအရပ်မှာ ရလွယ်သည်၊အပြစ်ကင်းသည် ဖြစ်ကုန်၏ဟု မြတ်စွာဘုရား ချီးမွမ်းတော်မူအပ်သော ပစ္စည်း ရှိသောအဖြစ်, မပြတ်မစဲ နုသောသစ်ရွက်တို့ကိုမြင်သဖြင့် အနိစ္စ သညာကို ဖြစ်စေနိုင်သည်အဖြစ်,ကျောင်း၌ ဝန်တိုခြင်း အမှုသစ်၌ မွေ့လျော်ခြင်းတို့၏ မရှိသောအဖြစ်, ရုက္ခဗိုးနတ်တို့နှင့် အတူ တကွ နေရခြင်း အလိုနည်းခြင်းစသော ဂုဏ်ကျေးဇူးအား လျော် သောအဖြစ် ရှိ၏။ **ဤသည်ကား ရုက္ခမူဓုတင်ဆောက်တည်ခြင်း၏ အကျိုးပေတည်း။**

ဗုဒ္ဓမြတ်စွာဘုရား ချီးမွမ်းတော်မူအပ်သော ရဟန်း တို့၏ မှီရာနိဿယကြီးဟူ၍လည်း ဟောတော်မူအပ်သော

သစ်ပင်ရင်းနှင့်တူသော ဆိတ်ငြိမ်ရာကို အလိုရှိသော ယောဂီပုဂ္ဂိုလ်၏ နေရာသည် အဘယ်မှာ ရှိအံ့နည်း။

အာဝါသမစ္ဆရိယကို ပယ်ဖျောက်ရာဖြစ်သော ရုက္ခဇိုး နတ်တို့ စောင့်အပ်သော ဆိတ်ငြိမ်သော သစ်ပင်ရင်း၌ နေသော ကောင်းသောအကျင့်ရှိသောယောဂီပုဂ္ဂိုလ်သည် နုစဉ်အခါ နီနီရဲရဲဖြစ်၍ ရင့်သောအခါ စိမ်းညိုသော အရောင်ရှိသော မှည့်ရော်၍ အညာမှကြွေကျသော သစ်ရွက်တို့ကို မျက်ဝါးထင်ထင်မြင်ရ၍ မြဲ၏ဟူသော သညာကို ပယ်ဖျောက်ရ၏။

ထို့ကြောင့် မြတ်စွာဘုရား ပွင့်တော်မူစဉ်, ဓမ္မစကြာ တရားဟောစဉ်, ပရိနိဗ္ဗာန် စံဝင်တော်မူစဉ်အခါများမှာ မှီဝဲအပ်သော ပစ္စည်းဖြစ်၍ မြတ်စွာဘုရား၏ အမွေအနှစ် ဖြစ်သော ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းသူတို့၏ မွေ့လျော်ရာ နေရာဖြစ်သော ဆိတ်ငြိမ်သော သစ်ပင်ရင်းကို အကျိုး စီးပွါးကို လိုလားသောသူသည် မထေမဲ့မြင် မပြုရာ။

ရုက္ခမူလိကင် ဓုတင်ဆောက်တည်ပုံ အစီအရင် အပြား
ပျက်ခြင်း အကျိုးအာနိသင်အဖွင့် ပြီး၏။

---

## ၁၀-အဗ္ဘောကာသိကင် ကထာ

၃၃။ **"အဗ္ဘောကာသိကင် ဓုတင် ဆောက်တည်ရပုံကား"** အမိုးကိုရင်း, သစ်ပင်ရင်းကိုရင်း ပယ်ပါ၏၊ လွင်တီး ခေါင်၌နေခြင်း ကျင့်ဝတ်အင်္ဂါကို ဆောက်တည်ပါ၏- ဟူ၍ ဤ စကားနှစ်ခွန်းတို့တွင် တခွန်းခွန်းဖြင့် ဆောက် တည်ရာ၏။ အဗ္ဘောကာသိက ဓုတင်ဆောက်တည်သော ရဟန်းသည် တရားနာခြင်းငှါ, ဥပုသ်ပြုခြင်းငှါ, ဥပုသ် အိမ်သို့ ဝင်ခြင်းငှါ အပ်၏၊ ဝင်ပြီးသော ရဟန်းကား အကယ်၍ မိုးရွာစဉ် မထွက်မူ၍ မိုးစဲသောအခါ ထွက်အပ်၏။ ဆွမ်းစားစရပ် မီးတင်းကုပ်တို့သို့ ဝင်၍

ဝတ်နိပါတ်ကို ပြုအပ်၏၊ ဆွမ်းစားစရပ်သို့ မထေရ်ကြီးတို့ကို ဆွမ်းဖြင့် ပန်ကြားခြင်းငှါ ဝင်သင့်၏၊ စာချဆရာ ရဟန်းဖြစ်သော်၎င်း,စာသင်တပည့်ဖြစ်သော်၎င်း အမိုးတွင်းသို့ ဝင်ခြင်းငှါ အပ်၏၊ မကောင်းသဖြင့် ထားအပ်ကုန်သော ညောင်စောင်း အင်းပျဉ် စသည်တို့ကို အတွင်းသို့ သွင်းခြင်းငှါ အပ်၏၊ ခရီးသွားစဉ် သိတင်းကြီး ပုဂ္ဂိုလ်၏ ပရိက္ခရာကို ကိုင်ဆောင်ရသည် အကယ်၍ ဖြစ်အံ့၊ မိုးရွာခဲ့သော် လမ်းခရီး၌ရှိသော စရပ်သို့ ဝင်ခြင်းငှါ အပ်၏၊ မထေရ်ကြီး၏ ပရိက္ခရာ တစုံတခုကို ကိုင်ဆောင်အပ်သည် မဟုတ်ဘဲလျက် စရပ်သို့ဝင်၍ နေအံ့ဟု လျင်သောအဟုန်ဖြင့် သွားခြင်းငှါ မအပ်၊ ပကတိ သွားမြဲသွား၍ ဝင်ပြီးလျှင် မိုးစဲသည် တိုင်အောင် ရပ်၍မူကား နေအပ်၏။ **ဤသည် ကားထိုဓုတင်၏ အစီအရင်ပေတည်း။**

ရုက္ခမူ ဓုတင်ဆောက်တည်သော ရဟန်းသည်လည်း ဤဆိုအပ်ခဲ့ပြီးသောနည်းကို သိအပ်၏။

"**အပြားအားဖြင့်သော်ကား**" ဤအဗ္ဘောကာသိက ဓုတင်သည်လည်း ဥက္ကဋ္ဌ, မဇ္ဈိ, မုဒုဟူ၍ သုံးပါး အပြားရှိ၏၊ ထိုသုံးပါးတို့တွင် ဥက္ကဋ္ဌပုဂ္ဂိုလ်သည် သစ်ပင်, တောင်, အိမ်တို့ကိုမှီ၍ နေခြင်းငှါ မအပ်၊ လွင်ပြင်၌ သင်္ကန်းကျောင်းပြုလုပ်၍ နေသင့်၏။ မဇ္ဈိမပုဂ္ဂိုလ်သည်ကား, သစ်ပင်, တောင်ခေါင်း, ကျောင်းတို့ကို အမှီပြု၍ သစ်ပင်ရင်း,တောင်ဝှမ်း တောင်ခေါင်း ကျောင်းတွင်းသို့ မဝင်ဘဲ နေခြင်းငှါ အပ်၏။ မုဒုပုဂ္ဂိုလ်သည်ကား မိုးရေ မဝင်အောင် အမိုးကဲ့သို့ အထက်၌ ပြုအပ်သော အပိုင်းအခြားမရှိသော တောင်ဝှမ်း သစ်ခက်ကြဲကြဲမိုးသော မဏ္ဍပ်, တံစီးတင်သော ဇယောင်းပုဆိုး လယ်စောင့်တို့ စွန့်အပ်သော တဲဆိုးများသည် အပ်၏။ **ဤသည်ကား အပြားတည်း။**

ထိုသုံးယောက်သော ပုဂ္ဂိုလ်တို့သည်ပင် နေခြင်းငှါ အမိုးသို့၎င်း, သစ်ပင်ရင်းသို့၎င်း ဝင်ဆဲခဏ၌ ဓုတင်ပျက်၏၊ ယခုပင်

အရက်တက်လတ္တံ့ဟု သိလျက် ထိုအမိုးသစ်ပင်ရင်းတို့၌ အရက်တက်စေကာမျှ၌ ခုတင်ပျက်သည်ဟု **အဂုံတ္တိုရ်ဆောင်** ပုဂ္ဂိုလ်တို့က ဆိုကြကုန်၏။ **ဤသည်ကား ခုတင်ပျက်ခြင်းတည်း။**

**''ထို ခုတင်ကိုဆောက်တည်ခြင်း၏ အကျိုးကား''** အာဝါသပလိဗောဓ ဟူသောကျောင်း, အရိပ်အာဝါသ၌ ကြောင့်ကြဘွယ်တို့ကို ဖြတ်ရခြင်း, ထိနမိဒ္ဓကို ပယ်ဖျောက်ရခြင်း, သားသမင်ကဲ့သို့ ငြိကပ် တွယ်တာခြင်းမရှိမူ၍ ရဟန်းတို့သည် နေရာကျောင်းမရှိဘဲ နေကြကုန်၏ဟု ချီးမွမ်းခြင်းအားလျော်သော အဖြစ်, အရိပ်အာဝါသ၌ ငြိကပ်ခြင်းမရှိသော အဖြစ်, အရပ်လေးမျက်နှာတို့သို့ အပိတ်အပင်မရှိ သွားနိုင်သောအဖြစ်, အလိုနည်းခြင်းအစရှိသော ဂုဏ်ကျေးဇူးအား လျော်သောအဖြစ်။ **ဤသည်တို့ကား ထိုခုတင်ကို ဆောက်တည်ခြင်း၏ အကျိုးများပေတည်း။**

အိမ်ရာမထောင် လူ့ဘောင်စွန့်ပစ် ရဟန်းအဖြစ်သို့ ကပ်သောသူနှင့် လျောက်ပတ်သော ရလွယ်လှသော ကြယ်တာရာ တည်းဟူသော ပတ္တမြားတို့ဖြင့် စီချယ်သားအပ်သော အမိုးမျက်နှာကြက်ရှိသော လမင်း တည်းဟူသော ဓာတ်မီးဖြင့် ကြည်လင် အေးမြစွာ ထွန်းလင်းသော လွင်တီးခေါင်၌ တောသမင်ကဲ့သို့ ဖြစ်သော စိတ်ဖြင့် ထိနမိဒ္ဓကို ပယ်ဖျောက်၍နေသော ဘာဝနာကမ္မဋ္ဌာန်း၌ ဒမ္မ့လျော် ပျော်ပါးခြင်းကိုမှီသော ရဟန်းသည် ဝိဝေကရသ တည်းဟူသော သက်သာရာ ဈာန်, မဂ်,ဖိုလ်ကို မကြာမြင့်မီ ရနိုင်၏၊ထို့ကြောင့် ပညာရှိသော အမျိုးသားသည် လွင်တီးခေါင်၌ မွေ့လျော် ပျော်ပိုက်ရာ၏။

အဗ္ဘောကာသိကင် ခုတင် ပြီး၏။

---

## ၁၁-သောသာနိကင်္ဂကထာ

၃၄။ **"သောသာနိကင် ဓုတင်ဆောက်တည်ရပုံကား"** "သုသာန် လက္ခဏာမှကင်းသောနေရာအရပ်ကိုပယ်ပါ၏၊သုသာန် လက္ခဏာရောက်သော အရပ်၌နေခြင်း အကြောင်း အင်္ဂါကို ဆောက်တည်ပါ၏"ဟု ဤစကားနှစ်မျိုးတို့တွင် တမျိုးမျိုးဖြင့်ဆို၍ ဆောက်တည်အပ်၏။ သောသာနိကင် ဓုတင်ဆောက်တည်သော ရဟန်းသည် ရွာသစ် တည် ထောင်သော လူတို့က ဤနေရာ၌ာနသည် သုသာန်ဟု မှတ်သား၏၊ ထိုသုသာန်ဟု မှတ်သားထားကာမျှ တစုံ တရာ သူကောင် မဖုတ်ဘူး မမြှုပ်ဘူးသေးသောအရပ်၌ မနေအပ်၊ အကြောင်းမူကား သူသေကောင် မဖုတ် မမြှုပ်သေးသောအရပ်သည် သုသာန်မည်သည် မဖြစ် သေးချေ၊သူကောင်ဖုတ်မြှုပ်ပြီးသော ကာလမှ ဆဲ့နှစ်နှစ် တိုင်အောင် စွန့်ပစ်အပ်သည်၊ အကယ်၍ ဖြစ်စေကာမူ သုသာန်မည်သည်သာ ဖြစ်၏၊ ထိုသုသာန်လက္ခဏာ ရောက်သောအရပ်၌ နေသောရဟန်းသည် စင်္ကြံမဏ္ဍပ် တို့ကို ဆောက်လုပ်စေ၍ ညောင်စောင်း အင်းပျဉ်ကို ခင်း၍ သောက်ရေ သုံးဆောင်ရေကို တည်ထား၍ တရားပေစာ သင်ကြား ပို့ချလျက် ထယ်ထယ်ဝါဝါ မနေ သင့်ချေ၊ ဤဓုတင်သည် ဆောင်နိုင်ခဲစွာ ဝန်လေးလှ၏၊ ထို့ကြောင့် ဖြစ်လတ္တံ့သော ဘေးရန်ကိုဖျောက်ခြင်းငှါ သံဃထေရ်ကိုဖြစ်စေ, ရွာ၌ မင်းနှင့်စပ်သောသူကိုဖြစ်စေ, မိမိသုသာန်ဆရာဖြစ်ကြောင်း သိစေ၍ မမေ့မလျော့ နေအပ်၏၊ စင်္ကြံသွားသောရဟန်းသည် ထက်ဝက်သော မျက်စိဖြင့် သူကောင်ဖုတ်ရာကို ငဲ့ကာကြည့်၍ စင်္ကြံ သွားအပ်၏၊ သုသာန်သို့သွားသော အခါမှာလည်း လမ်းမကြီးကမသွားဘဲ လမ်းငယ်ဖြင့်သာ မိမိကိုယ်ကို သုသာန် ဓုတင်ဆောင်ပုဂ္ဂိုလ်ဟု မသိအောင် လျှို့ဝှက် သွားအပ်၏၊ နေ့အခါကသာလျှင် သစ်ငုတ်, သစ်ပင်,

တောင်ပို့, မို့မို့မဲမဲ မြင်ကောင်းသော အာရုံတို့ကို ပိုင်းခြား မှတ်သားရမည်၊ ဤသို့ နေ့အခါက မှတ်သား ထားမှသာ ထိုသစ်ငုတ်စသော အရာတို့သည် ညဥ့်အခါ၌ ထိုပုဂ္ဂိုလ်ကို ခြောက်လှန့်သော အာရုံများမဖြစ်ဘဲ ရှိလိမ့်မည်၊ ညဥ့်အခါ ဘီလူးဥပါတို့သည် မြည်တမ်းဟစ်ကြွေး၍ လှည့်လည်ကုန်သော်လည်း တစုံတခုသော လုံကန် အုဋ်,ကျောက်တို့ဖြင့် မပစ်ခပ်အပ်၊ သုသာန်သို့ တနေ့မျှ မသွားဘဲ မနေသင့်၊ သုသာန်၌ မဇ္ဈိမယံကို ကုန်စေ၍ ပစ္ဆိမယံ၌ သုသာန်မှ ဖဲခြင်းငှါ သင့်၏ဟု **အင်္ဂုတ္တရ ဘာဏက** ဆရာတို့က ဆိုကြကုန်၏၊ ဘီလူး, သံဘက်တို့ ချစ်မြတ်နိုးစွာ ကြိုက်နှစ်သက်သော ဆီထွေး,နှမ်းလှော်, ပဲ, ထမင်း, ငါး, အမဲ, နို့, ဆီ, တင်လဲ စသော ခဲဘွယ် စားဘွယ်တို့ကို မမှီဝဲအပ်၊ ဒါယကာတို့ အိမ်တွင်းသို့ မဝင်အပ်။ **ဤသည်ကား သောသာနိကင် ဓုတင်ဆောက် တည်ခြင်း အစီရင်ပေတည်း။**

**"အပြားအားဖြင့်သော်ကား"** ဤ သောသာနိကင် ဓုတင် သည်လည်း ဥက္ကဋ္ဌ, မဇ္ဈိမ, မုဒုဟူ၍ပင် သုံးပါးအပြားရှိ၏၊ ထို သုံးပါးတို့တွင် ဥက္ကဋ္ဌပုဂ္ဂိုလ်သည် အကြင် သုသာန်၌မပြတ် သူသေ ကောင်ကိုဖုတ်သော, မပြတ် အပုပ်နံ့နံသော, မပြတ် ငိုကြွေးသံ ရှိသော အရပ်၌ နေအပ်၏။ မဇ္ဈိမ ပုဂ္ဂိုလ်သည်ကား ထိုသုံးမျိုး တို့တွင် တခုခုရှိသောအရပ်ဘွင် နေအပ်၏။ မုဒုပုဂ္ဂိုလ်မှုကား သုသာန် လက္ခဏာရှိကာမျှသော သုသာန်၌နေခြင်းငှါ အပ်၏။ **ဤသည်ကား အပြားတည်း။**

ဤသုံးမျိုးသော ပုဂ္ဂိုလ်တို့သည်ပင် သုသာန်မဟုတ်သော အရပ်၌နေခြင်းကို ပြုကာမျှဖြင့် ဓုတင် ပျက်၏၊ သုသာန်သို့ မသွားသောနေ့၌ ဓုတင် ပျက်၏ဟု **အင်္ဂုတ္တရဘာဏက** မထေရ် တို့က ဆိုကြကုန်၏။ **ဤသည်ကား ဓုတင်၏ ပျက်ခြင်းပေတည်း။**

**"ထို ဓုတင်ကို ဆောက်တည်ခြင်း၏ အကျိုးကား"** သေရချေအံ့, သေရချေအံ့ ဟု အဖန်တလဲလဲ အမှတ်သတိရရှိခြင်း မမေ့မလျော့

နေခြင်း အလေ့ရှိသည်၏အဖြစ်, သုသာန်၌ စွန့်ပစ်အပ်သော အကောင်ပုပ်ကိုမြင်ရသဖြင့် အသုဘ ဟု မှတ်ကြောင်း အာရုံကို ရခြင်း, ကာမရာဂကို ပယ်ဖျောက်နိုင်ခြင်း, အမြဲမပြတ် ဤကိုယ်ခန္ဓာ၏ စက်ဆုပ်ဘွယ် မစင်ကြယ်သောသဘောကို မြင်နိုင်ခြင်း, များစွာ ထိတ်လန့် သံဝေဂရသောအဖြစ်, အနာကင်းခြင်း အရွယ်ပျိုခြင်းကြောင့် တက်ကြွသော မာန်ယစ်ခြင်းကို ပယ်ရခြင်း, ဘေးကြီးဘေးငယ် အသွယ်သွယ်ကို သည်းခံနိုင်ခြင်း, နတ်တို့၏ အလေးအမြတ် ချီးမွမ်းအပ်ခြင်း, အလိုနည်းခြင်း အစရှိသော ဂုဏ်ကျေးဇူးအား လျော်သောအဖြစ်။ **ဤသည်ကား ထိုဓုတင်၏ အကျိုးတို့ပေတည်း။**

သုသာန်၌နေခြင်း ကျင့်ဝတ် ဓုတင်ကို ဆောက်တည်သောရဟန်းသည် မရဏာနုဿတိ ကမ္မဋ္ဌာန်း၏ အာနုဘော်ကြောင့် အိပ်ပျော်ခြင်းသို့ ရောက်ပါသော်လည်း မေ့လျော့ခြင်း ဟူသော အပြစ်တို့သည် မနှိပ်စက်နိုင်ကုန်၊ များစွာကုန်သော အပုပ်ကောင်တို့ကို အစဉ်မပြတ် မြင်တွေ့ရသောကြောင့်လည်း ထိုရဟန်း၏စိတ်သည် ဝတ္ထုကာမ အာရုံကို ခံမင်လိုက်စားသည် မဖြစ်နိုင်။

ပြန့်ပြောသော ထိတ်လန့်ခြင်းသို့ ရောက်၍၊ မာန်ယစ် မေ့လျော့ခြင်းသို့မရောက်၊ တဆယ့်တသီး မီးတို့၏ငြိမ်းရာ နိဗ္ဗာန်ကိုသာရှာသည်ဖြစ်၍ အသင့်အားဖြင့် လုံ့လပြု၏။ ဤသို့လျှင် များစွာသော ဂုဏ်ကျေးဇူးတို့ကို ရွက်ဆောင်တတ်သောကြောင့် နိဗ္ဗာန်သို့ ညွတ်သော စိတ်ရှိသော ယောဂီပုဂ္ဂိုလ်သည် **သောသာနိကင်** ဓုတင်ကို အစဉ်မပြတ် မှီဝဲအပ်လှပေ၏။

သောသာနိကင် ဓုတင် ပြီး၏။

## ၁၂-ယထာသန္တတိကင်္ကထာ

၃၅။ **"ယထာ သန္တတိ ကင် ဝုတင် ဆောက်တည်ရပုံကား"**
"ကျောင်း၌ လျှပ်ပေါ် လော်လီသော လောလုပ္ပတဏှာကို ပယ်ပါ၏၊ ယက်ဦးမဆွ ညွှန်အပ် ရောက်အပ်သော ကျောင်းအိပ်ရာ၌သာ နေခြင်း အလေ့ရှိသော အကြောင်း အင်္ဂါကိုဆောက်တည်ပါ၏" ဟု ဤစကားနှစ်မျိုးတို့တွင် တမျိုးမျိုးဖြင့် ဆောက်တည်အပ်၏။

ယထာ သန္တတိကင် ဝုတင်ကို ဆောက်တည်သော ရဟန်းသည် ဤကျောင်းသည် အရှင်ဘုရားအား အစဉ်ရောက်၏ ဟု ဝါစဉ်အားဖြင့် ကျောင်းစေသော ရဟန်းက ညွှန်ချ ဝေဘန်သော ကျောင်းဖြင့်သာလျှင် ရောင့်ရဲ တင်းတိမ်အပ်၏၊ တပါးသော ရဟန်းကို မထစေကောင်း၊ တပါးသောနေရာကို မဖြစ်စေအပ်၊ (ရှေးဦး ညွှန်ချသော ကျောင်းကို မကြိုက်၍ မလဲလှယ်ကောင်း ဟူလို)။ ။**ဤသည်ကား အစီအရင် ဝိဓာနပေတည်း။**

**"အပြားအားဖြင့်သော်ကား"** ဤဓုတင်သည်လည်း အထက် နည်းအတိုင်း သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင် ဥက္ကဋ္ဌ ပုဂ္ဂိုလ်သည် မိမိအား ရောက်သောကျောင်းကို ဝေးသလော, နီးသလော, ဘီလူး, မြွေ, ကင်း စသော ဘေးဥပဒ်ရှိသလော, ပူသလော, အေးသလော ဟူ၍ မေးခြင်းငှါမရ။ မဇ္ဈိမပုဂ္ဂိုလ်သည် ထိုသို့မေးခြင်းငှါ ရ၏၊ သွား၍ ကြည့်ရှုခြင်းငှါမူကား မရ။ မုဒု ပုဂ္ဂိုလ်သည်ကား သွားကြည့်ပြီး၍ မနှစ်သက်လျှင် တပါးသောသူ မနေသောကျောင်းကိုယူခြင်းငှါ အပ်၏။ **ဤသည်ကား အပြား ပဘေဒတည်း။**

ဤပုဂ္ဂိုလ် သုံးဦးစလုံးပင် အဝေးအနီး စသည်ကို မေးခြင်း, သွား၍ကြည့်ခြင်း, အပြစ် အနာဂရောဂါ ကင်းပါလျက် လက်ဦး ရသော ကျောင်းကိုစွန့်၍ တပါးသောကျောင်းကို ခံခြင်း တည်း ဟူသော သေနာသနလောလုပ္ပတဏှာဖြစ်ကာမျှ၌ ဓုတင် ပျက်၏

**"ထို ဓုတင်ကို ဆောက်တည် ကျင့်သုံးခြင်း၏ အကျိုးကား"** ရသော ကျောင်းဖြင့်သာ ရောင့်ရဲ တင်းတိမ်ရမည် ဟု ဟောတော်မူသော မြတ်စွာဘုရား၏ အဆုံးအမဩဝါဒကို လိုက်နာရခြင်း, သီတင်းသုံးဘော်တို့၏ အစီးအပွါးကို ရှာရခြင်း, ယုတ်သော မြတ်သော ဟု အထူးကြံစည်ခြင်းကို စွန့်ပယ်ရခြင်း, မြတ်နိုးခြင်း မနှစ်သက် ဆန့်ကျင်ခြင်းတို့ကို ပယ်ရခြင်း, အလွန်အလိုကြီးသော တဏှာ၏ အပေါက်ကို ပိတ်ဆို့ရခြင်း, အလွန် အလိုနည်းခြင်း အစရှိသော ဂုဏ်ကျေးဇူးအား လျော်သောအဖြစ်။ **ဤသည်ကား ထို ဓုတင်၏ အကျိုးများပေတည်း။**

ရရသမျှဖြင့်သာ ရောင့်ရဲသော ယထာသန္ထတိကင်ဓုတင်ကို ဆောက်တည် ကျင့်သုံးသောရဟန်းသည် ကောင်း၏ မကောင်း၏ ဟု ကြံစည်ခြင်း ကင်းသည့်ဖြစ်၍ မြက်သစ်ရွက် အခင်းတို့၌သော်လည်း နှစ်နှစ်ချိုက်ချိုက် နေနိုင်၏။

ထို ရဟန်းသည် ဖြစ်သောနေရာကိုလည်း မတပ်မက်၊ အယုတ်အညံ့ကို ရသော်လည်း နှလုံးမပျက်၊ သီတင်းသုံးဘော်ငယ်တို့ကို မေတ္တာစိတ်ဖြင့် ချီးမြှောက် မ,စသည်မည်၏၊ ထို့ကြောင့် အရိယာ သူမြတ်တို့သည် မပြတ်လေ့ကျက် အပ်သော မုနိ တကာ တို့၏ အကြီး အမှူးဖြစ်တော်မူသော မြတ်စွာဘုရားသည် ချီးမွမ်းတော်မူအပ်သော ပဋ္ဌမ ညွှန်ကြားအပ်သော ကျောင်း၌ မွေ့လျော်သောအဖြစ်ကို ပညာရှိသည် အားထုတ် ကြိုးစားရာ၏။

ယထာသန္ထတိကင် ဓုတင် ပြီး၏။

---

## ၁၃-နေသဇ္ဇိကင်ကထာ

၃၆။ **"နေသဇ္ဇိကင် ဓုတင် ဆောက်တည်ရပုံကား"** "အိပ်ရာအုံး၌ ခေါင်းချ၍အိပ်ခြင်း ဣရိယာပုထ်ကို ပယ်ပါ၏၊ ထိုင်ခြင်း ဣရိယာပုထ်ဖြင့် နေလေ့ရှိသော ရဟန်း၏အင်္ဂါကို

ဆောက်တည်ပါ၏'' ဟု ဤစကားနှစ်မျိုးတို့တွင် တမျိုးမျိုးသောစကားဖြင့် ဆောက်တည်အပ်၏။ နေသဇ္ဇကင်ခုတင်ကို ဆောက်တည်သော ရဟန်းသည် ညဉ့်သုံးယာမ်တို့တွင် တခုသောယာမ်၌ စင်္ကြံသွားအပ်၏၊ သွား, လာ, ရပ်,ထိုင် လျောင်းဟူသော ဣရိယာပုထ်တို့တွင် အိပ်ခြင်း, လျောင်းခြင်း ဣရိယာပုထ်သည်သာ မအပ်သတည်း။ **ဤသည်ကား အစီအရင် ဝိဓာနပေတည်း။**

"**အပြားအားဖြင့်သော်ကား**"ဤခုတင်ကို ဆောက်တည်ခြင်းသည်လည်း အထက်နည်းအတိုင်း သုံးမျိုးအပြားရှိ၏၊ ထိုသုံးမျိုးတို့တွင် ဥက္ကဋ္ဌပုဂ္ဂိုလ်အား နောက်မှီ တံကဲပျဉ်, ပုဆိုးပတ်, အာယောဂပင့်တို့သော်လည်း မအပ်၊ မဇ္ဈိမပုဂ္ဂိုလ်အား ဤသုံးခုတွင် တခုခုသည်အပ်၏၊ မုဒုပုဂ္ဂိုလ်အား တံကဲပျဉ်, ပုဆိုးပတ်, အာယောဂပင့်, အုံး, အင်္ဂါငါးပါးရှိသော အင်းပျဉ်,အင်္ဂါခုနစ်ပါးရှိသော အင်းပျဉ်တို့သည် အပ်ကုန်၏၊ နောက်မှီတံကဲနှင့်တကွပြုအပ်သော အနံ့ထက် အလျားရှည်သော ဖတိုင်အင်းပျဉ်ငယ်သည် အခြေလေးဘက်နှင့် တံကဲရှိသောကြောင့် အင်္ဂါငါးပါးရှိသည်မည်၏၊ နောက်မှီတံကဲ ဝဲယာနှစ်ဘက် လက်ရုံးတန်းနှင့်တကွအခြေလေးခုရှိသော အင်းပျဉ်သည် အင်္ဂါခုနစ်ပါးရှိသောအင်းပျဉ်မည်၏၊ ထိုသတ္တင်္ဂအင်းပျဉ်ကို **မိဠာဘယမထေရ်**သည်ပြုလုပ်လေသတတ်၊ ထိုမထေရ်သည်ကား အနာဂါမ်ဖြစ်၍ ပရိနိဗ္ဗာန်ပြုလေပြီ ဖြစ်သတည်း။ **ဤသည်ကား အပြားပဘေဒပေတည်း။**

ဤပုဂ္ဂိုလ်သုံးမျိုးစလုံးပင် အိပ်ရာအုံး၌ ခေါင်းချ၍ အိပ်ခြင်းအရိယာပုထ်ကိုပြုကာမျှဖြင့် ခုတင်ပျက်၏။ **ဤသည်ကား ခုတင်၏ပျက်ခြင်းတည်း။**

"**ထိုခုတင်ကို ဆောက်တည်ရခြင်း၏အကျိုးကား**" အိပ်ရာ၌ တစင်းစင်း အိပ်သောချမ်းသာ, ဝဲယာပြန်ပြောင်း တစောင်းလူးလည်း အိပ်သောချမ်းသာ, ကမ္မိန်းမှိန်းအိပ်မွေ့သော ချမ်းသာများကို ယှဉ်သည်ဖြစ်၍ နေသည်ဟု ဟောတော်မူအပ်သော

စိတ်၏ အနှောင်အဖွဲ့ကို ဖြတ်ရခြင်း, ခပ်သိမ်းသော ကမ္မဋ္ဌာန်းကို အားထုတ်သော သူ နှင့် သင့် လျော် ခြင်း, ကြည်ညို ဘွယ် သော ဇုရိယာပုထ်ရှိခြင်း, လုံ့လ အားထုတ်ခြင်းအား အစဉ်လျော်ခြင်း, ကောင်းသော အကျင့်ပဋိပတ်ကို ပွါးများရခြင်း။ **ဤသည်တို့ကား အကျိုးများပေတည်း။**

ထက်ဝယ် ဖွဲ့ခွေလျက် ကိုယ်ကို ဖြောင့်မတ်စွာထား၍ ထိုင်ခနေသော ရဟန်းသည် မာရ်မင်း၏ စိတ်ကို တုန်လှုပ် ချောက်ချားစေ၏၊ အိပ်စက်ခြင်း မှိန်းမှိန်း ငိုက်မျဉ်းခြင်း တည်းဟူသော ချမ်းသာကို ပယ်စွန့်၍ အားထုတ်အပ်သော ဝီရိယရှိသော ထိုင်နေခြင်း၌ အလွန်မွေ့လျော်သောရဟန်း သည် မြိုးမြီသော အကျင့်ကိုကျင့်ရာ သာသနာတော်တည်း ဟူသော အင်ကြင်းတောကို တင့်တယ်စေလျက် ငါးပါး အာရုံ ကာမဂုဏ် ဟူသော အာမိသကင်းသော နှစ်သက် ခြင်း ချမ်းသာခြင်းကို ရနိုင်၏၊ ထို့ကြောင့် ထိုထိုင်ခြင်း ဇုရိယာပုထ်နှင့်စပ်သော ဓုတင်ကို ကောင်းစွာ အားထုတ် ရာ၏။

နေသဇ္ဇိကင်္ဂ ဓုတင် ပြီး၏။

---

**ဓုတင်ပကိဏ္ဏကကထာ**

၃၇။ ယခုအခါ ထိုဓုတင်နိဒ္ဒေသ၌ လက်ဦးအစက ထားခဲ့သော မာတိကာစဉ်တွင် "ကုသလတိကတော စေဝ" အစ ရှိသောဂါထာဖြင့် "ကုသလ တိက်အားဖြင့်၎င်း, အကျယ် ရေတွက်ခြင်းအားဖြင့်၎င်း အဆုံးအဖြတ်ကို သိအပ်၏" ဟူသော မာတိကာ ဂါထာ၏အဖွင့်ကို ဆိုပေအံ့၊ ထို ဂါထာမာတိကာတို့တွင် ကုသလတိက်အားဖြင့် ဆိုသည် ကား အလုံးစုံကုန်သော ဓုတင်တို့သည် သေက္ခပုဂ္ဂိုလ်, ရဟန္တာပုဂ္ဂိုလ်တို့၏အစွမ်းဖြင့် အချို့ကား ကုသိုလ်တို့ ဖြစ်ကုန်၏၊ အချို့ကား အဗျာကတဖြစ်ကုန်၏၊ အကုသိုလ်

ဖြစ်သော ခုတင်ကား မရသင့်ဟု သန္နိဋ္ဌာန်ကျမှတ် အပ်၏။ **ဝိတဏ္ဍာဝါဒီ** ပုဂ္ဂိုလ်တို့ကမူကား "ပါပိစ္ဆော ဇုစ္ဆာပကတော အာရညိကော ဟောတိ" ယုတ်မာသော အလိုရှိသည်ဖြစ်၍ ယုတ်မာသော အလိုဆိုးသည် နှိပ်စက် အပ်သည်ဖြစ်၍ တောကျောင်းနေသည် ဖြစ်၏ဟု ပုဂ္ဂလ ပညတ်ပါဠိတော်တွင် ဟောတော်မူသောကြောင့် ခုတင် သည် အကုသိုလ်လည်း ရှိသင့်သေး၏ဟု ဆိုငြားအံ့၊ ထိုစကားကို ဆိုနိုင်ပါ၏၊ အကုသိုလ်စိတ်ဖြင့် တော၌ မနေဘူးဟူ၍ကား ငါတို့မဆိုသင့်ပေ၊ အဘယ့်ကြောင့် ဆိုသော် တော၌နေသောပုဂ္ဂိုလ်ကို တောနေရဟန်း ဟူ၍ ခေါ်၏၊ ထိုရဟန်းသည် အလိုယုတ်သည်၎င်း, အလိုနည်းသည်၎င်း ဖြစ်ရာပါ၏၊ထိုသို့ ဖြစ်သော်လည်း ဤ ခုတင်တို့သည် ထိုထိုအခြင်းအရာအားဖြင့် ဆောက်တည် ၍ ကိလေသာကို ဖျက်ဆီးသောကြောင့် ကိလေသာကို ခါသောရဟန်း၏ အကြောင်းတို့ ဖြစ်ကုန်၏၊ ထို့ကြောင့် ခုတင်တို့ မည်ကုန်၏။ တနည်းကား-ကိလေသာကို ခါတတ် ဖျက်ဆီးတတ်သောကြောင့် ဓုတအမည်ရှိသော ဉာဏ်သည် ထိုပံသုကူ ခုတင် အစရှိသည်တို့၏ အကြောင်း အင်္ဂါဖြစ်၏၊ ထို့ကြောင့် ခုတင်တို့ မည်ကုန်၏။

တနည်းကား-ထိုပံသုကူ ခုတင်စသည်ကို ဆောက်တည်ခြင်း တို့သည် ဆန့်ကျင်ဘက်ဖြစ်သော ကိလေသာတို့ကို ခါတတ် ဖျက်ဆီးတတ်သည်အဖြစ်ကြောင့် ဓုတ မည်သည်၎င်း, သီလ စသော ကောင်းသော အကျင့်ပဋိပတ်၏ အကြောင်းအင်္ဂါတို့သည် ၎င်း ဖြစ်ကုန်၏၊ ထို့ကြောင့် ခုတင်တို့မည်ကုန်၏၊ ဤစကား များကို နောက်ကဆိုခဲ့ပြီ။

ထိုရဟန်း၏ ထိုခုတင်ကို ဆောက်တည်ခြင်းတို့သည်သာ အကြောင်း အင်္ဂါမည်ကုန်ရာ၏၊ အကုသိုလ်ဖြင့် ကိလေသာကို ခါတွက် ဖျက်ဆီးနိုင်သော အနက်ကြောင့် ဓုတမည်ကောင်းသော ရဟန်းမည်သည် မရှိသင့်ချေ၊ အကြင် ဆောက်တည်ခြင်းတို့၏

တို အကုသိုလ်သည် ဉာဏ်ကဲ့သို့ အကြောင်းအင်္ဂါ မည်သည် ဖြစ်၏ဟု ဝစနတ္ထပြု၍ တိုဆောက်တည်ခြင်းတို့ကို ဓုတင်တို့ဟူ၍ ဆိုကုန်ရာ၏။ တနည်းမှာ ဉာဏ်ကဲ့သို့ ထိုဓုတမည်သော တရားသည် အကြောင်းအင်္ဂါ ဖြစ်၏ဟု ဝစနတ္ထပြု၍ ထို ဆောက်တည်ခြင်းတို့ကို ဓုတင်တို့ဟူ၍ ဆိုကုန်ရာ၏၊ အကုသိုလ်သည် တစုံတရာသော မကောင်းမှုကို ဖျက်ဆီးနိုင်သည်လည်း မဟုတ်၊ အကုသိုလ်သည် သက်နိုး၌ လျှပ်ပေါ်ခြင်း အစရှိသော လောလုပ္ပတဏှာ၏ ဆန့်ကြင်ဘက်တို့ကို ဖျက်ဆီးတတ်သည်လည်း မဟုတ်၊ ပဋိပတ်အကျင့်၏ အကြောင်းလည်း မဟုတ်သောကြောင့် အကုသိုလ်ဖြစ်သော ဓုတင်ကား မရှိသင့်ဟူသော စကားကို ဆိုအပ် ဆိုသင့်လေသတည်း။ အကြင်"**အဘယဂိရိဝါသီ**" ဆရာတို့၏ အယူဝါဒ၌ကား ဓုတင်သည် ကုသလတိက်မှ လွတ်၏၊ ဓုတင်ဟူသည် ပညတ်သာတည်း။ ပရမတ္ထအားဖြင့် မရှိ၊ သဘောအားဖြင့် ထင်ရှားမရှိသော ပညတ်သည် အဘယ်မည်သော ကိလေသာကို ခါတွက်တတ်သောကြောင့် ဓုတင်မည်သည် ဖြစ်နိုင်ပါအံ့နည်းဟု ဆိုကြကုန်၏၊ ထိုဆရာတို့၏စကားသည် "ဓုတဂုဏေ သမာဒါယ ဝတ္တတိ" ဟူသော ပါဠိတော်စကားနှင့် ဆန့်ကျင်ခြင်းသို့ ရောက်၏၊ ထို့ကြောင့် ထိုယူမိယူရာယူသော အဘယဂိရိ ဆရာတို့၏ စကားကိုလည်း မယူသင့်။ **ဤသည်ကား ကုသလတိက် အားဖြင့် ဖွင့်ပြခြင်းပေတည်း။**

ဓုတ အစရှိသည်ကို ဝေဘန်ရာ၌ "**ဓုတ**"ကို သိအပ်၏၊ "**ဓုတဝါဒ**"ကို သိအပ်၏၊ "**ဓုတဓမ္မ**"တို့ကို သိအပ်ကုန်၏၊ "**ဓုတင်**" တို့ကို သိအပ်ကုန်၏၊ "**အဘယ်သူအား ဓုတင်ကိုမှီဝဲခြင်းသည် လျောက်ပတ်သနည်း**"ဟူသော အမေး၏အဖြေကို သိအပ်ကုန်၏။

"**ဓုတ**"ဆိုသည်ကား ကိုယ်တိုဓုတင်ဖြင့် ကိလေသာကို ဖျက်ဆီးသောပုဂ္ဂိုလ်ကိုရင်း, သို့မဟုတ် ကိလေသာကို ဖျက်ဆီးတတ် ဖျက်ဆီးကြောင်းဖြစ်သော တရားတို့ကိုရင်း သိအပ်၏။

"**ဓုတဝါဒ**"ဆိုရာ၌ မိမိသာ ဓုတင်ဖြင့် ကိလေသာကိုခါ၍ သူတပါးကို ဓုတင်ဖြင့် မဆုံးမသောပုဂ္ဂိုလ်, မိမိမူကား ဓုတင်ကို

မဆောင်၊ သူတပါးကိုသာ ဓုတင်ဖြင့် ဆုံးမတတ်သောပုဂ္ဂိုလ်, မိမိလည်း ဓုတင်မဆောင် သူတပါးကိုလည်း ဓုတင်ဖြင့် မဆုံးမတတ်သောပုဂ္ဂိုလ်, မိမိလည်း ဓုတင်ဆောင်၏၊ သူတပါးကိုလည်း ဓုတင်ဖြင့် ဆုံးမတတ်သောပုဂ္ဂိုလ်ဟူ၍ ရှိ၏၊ ထိုပုဂ္ဂိုလ်လေးမျိုးတို့တွင် ဓုတင်ဖြင့် မိမိ၏ကိလေသာတို့ကို ဖျက်ဆီး ခါတွက်၍ သူတပါးကိုမူကား ဓုတင်ဖြင့် မဆုံးမသော ပုဂ္ဂိုလ်သည်ကား အရှင် **ဗာကုလမထေရ်**ကဲ့သို့ ပေတည်း၊ ဤအရှင်သည် မိမိသာ ဓုတင်ဖြင့် ကိလေသာကို ခါတွက်၍ သူတပါးတို့အား ဓုတင်ဖြင့် ဆုံးမ ဟောကြားခြင်းမပြု၊ ထို့ကြောင့် "တယိဒံ အာယသ္မာ ဗာကုလော ဓုတော န ဓုတဝါဒေါ"ဟူ၍ မိန့်ဆိုအပ်၏။

အကြင်ပုဂ္ဂိုလ်သည်ကား ဓုတင်ဖြင့် မိမိ၏ ကိလေသာတို့ကို မဖျက်ဆီး မခါတွက်မူ၍ သူတပါးတို့အား ဓုတင်ဖြင့် ဆုံးမ၏၊ ဥပမာ အရှင်ဥပနန္ဒမထေရ်နှင့်တူ၏၊ ဤအရှင်ဥပနန္ဒာသည် "န ဓုတ ဓုတဝါဒ" ပုဂ္ဂိုလ်မည်၏၊ ထို့ကြောင့် "တယိဒံ အာယသ္မာ ဥပနန္ဒော သကျပုတ္တော နဓုတော ဓုတဝါဒေါ"ဟူ၍ မိန့်အပ်၏။

အကြင်ပုဂ္ဂိုလ်သည်ကား **လာဠုဒါယီမထေရ်**ကဲ့သို့ နှစ်ပါးသောအင်္ဂါမှ ချို၏၊ ထိုပုဂ္ဂိုလ်သည် မိမိလည်း ဓုတင်မဆောင်၊ သူတပါးကိုလည်း ဓုတင်ဖြင့် မဆုံးမသော "နေဝဓုဘာ န ဓုတဝါဒ" ပုဂ္ဂိုလ်မည်၏။ ထို့ကြောင့် "တယိဒံ အာယသ္မာ လာဠုဒါယီ နေဝဓုတော နဓုတဝါဒေါ"ဟူ၍ မိန့်ဆိုအပ်၏။

အကြင် ပုဂ္ဂိုလ်သည် တရားစစ်သူကြီး ဖြစ်သော **အရှင်သာရိပုတ္တရာမထေရ်**ကဲ့သို့ နှစ်ပါးသော အင်္ဂါနှင့်ပြည့်စုံ၏၊ ဤပုဂ္ဂိုလ်သည် မိမိလည်း ဓုတင်ဆောင်သဖြင့် ဓုတ ဖြစ်၏၊ သူတပါးကိုလည်း ဓုတင်ဖြင့် ဟောကြား ဆုံးမကော်မူတတ်၏။ ထို့ကြောင့် "တယိဒံ အာယသ္မာ သာရိပုတ္တော ဓုတော စေဝ ဓုတဝါဒေါစ" ဟု မိန့်အပ်၏။

**"ဓုတဓမ္မ"**ကို သိအပ်၏ ဆိုသည်ကား အလိုနည်းသောသူ၏ အဖြစ်၊ ရောင့်ရဲလွယ်သောသူ၏ အဖြစ်၊ ကိလေသာကို ခေါင်းပါးစေတတ်သည်၏ အဖြစ်၊ ဆိတ်ငြိမ်သော အဖြစ်၊ ဤဓုတင်၏

ကျေးဇူးတို့သည် ရှိကုန်၏ဟု သိတတ်သောသူ၏ အဖြစ်၊ ဤဓုတင် စေတနာ၏ အခြံအရံဖြစ်သော တရားငါးပါးတို့သည် "အပိစ္ဆံ ယေဝ နိဿာယ" အစရှိသည်ဖြင့် ဟောတော်မူသောကြောင့် ဓုတင်အား ကျေးဇူးပြုတတ်သော တရားဖြစ်၍ ဓုတဓမ္မ မည် ကုန်၏၊ ထိုငါးပါးတို့တွင် အလိုနည်းခြင်း ရောင့်ရဲလွယ်ခြင်း တို့သည် တရားကိုယ်အားဖြင့် အလောဘ စေတသိက်ဖြစ်သည်၊ ကိလေသာကို ခေါင်းပါးစေတတ်သော အဖြစ် သလ္လေခတာနှင့် ဆိတ်ငြိမ်သော အဖြစ် ပဝိဝေကတာသည် အလောဘနှင့် အမောဟတို့၌ ကျ၏၊ သိတတ်သောသူ၏ အဖြစ် ဣဒမတ္ထိတာ သည်ကား ဉာဏ်ပေတည်း၊ ထိုအလောဘ အမောဟတို့တွင် အလောဘဖြင့် ဓုတင်ဖြင့် ပယ်အပ်သော ဝတ္ထုတို့၌ လောဘကို ခါတွက် ဖျက်ဆီး၏၊ အမောဟဖြင့် ထိုပယ်အပ်သော ဝတ္ထုတို့၌ အပြစ်ကို ဖုံးကွယ်တတ်သော မောဟကို ခါတွက် ဖျက်ဆီး၏။

တနည်းကား–အလောဘဖြင့် ခွင့်ပြုအပ်သော အရာတို့ကို မှီဝဲခြင်းကြောင့် ဖြစ်သော ကိလေသာကာမနှင့် ယှဉ်သော သုခကို ခံစားခြင်းကို ဖျက်ဆီး၏။ အမောဟဖြင့် ဓုတင်တို့၌ အကျူးအလွန် ခေါင်းပါးသည်ကို အကြောင်းပြု၍ ဖြစ်သော ကိုယ်၏ပင်ပန်း ဆင်းရဲခြင်းနှင့်ယှဉ်သော အယုတ်တရားကို ဖျက်ဆီး၏၊ ထို့ကြောင့် ဤတရားတို့ကို ဓုတဓမ္မတို့ဟူ၍ ဆိုအပ်ကုန်၏။

"**ဓုတင်**"တို့ကို သိအပ်ကုန်၏ ဆိုသည်ကား ပံသုကူလိကင် ဓုတင်(လ) နေသဇ္ဇိကင် ဓုတင်အားဖြင့် တဆယ့်သုံးပါးသော ဓုတင်တို့ကို သိအပ်၏၊ ထိုဓုတင်တို့ကို အနက်အဓိပ္ပါယ်အားဖြင့် ၎င်း၊ လက္ခဏာ အစရှိသည်တို့ဖြင့်၎င်း နောက်က ဖွင့်ဆိုအပ်ခဲ့ပြီး ဖြစ်၏။

"**အဘယ်သူအား ဓုတင်ကို မှီဝဲခြင်းသည် လျောက်ပတ် သနည်း**"ဟူသော အမေး၌ ရာဂပြောသောသူအား၎င်း, မောဟ ပြောသောသူအား၎င်း လျောက်ပတ်၏ဟု ဖြေဆိုအပ်၏၊ အဘယ့်ကြောင့် ဆိုသော် ဓုတင်ကိုမှီဝဲခြင်းသည် ဆင်းရဲသော အကျင့် ကိလေသာကို ခေါင်းပါးစေသောနေခြင်း ဖြစ်၏၊ ဆင်းရဲ

မြီးခြီသောအကျင့်ကို အမှီပြု၍ ရာဂသည် တည်ရာမရ ငြိမ်း၏ ခေါင်းခေါင်း ပါးပါး ကျင့်ခြင်းကို အမှီပြု၍ မမွေ့မလျော်သောပုဂ္ဂိုလ်အား မောဟကို ပယ်၏၊ ထို့ကြောင့် သင့်လျော်လျောက်ပတ်၏။

ဤဓုတင်တို့တွင် အာရညိကင်္ဂဓုတင် ရုက္ခမူလိကင်္ဂ ဓုတင်တို့သည် ဒေါသစရိုက် ပြောသောသူအား လျောက်ပတ်၏၊ အဘယ့်ကြောင့်ဆိုသော် ထိုဓုတင်တို့၌ တစုံတယောက်သောသူနှင့်မထိခိုက်မူ၍ နေရသောကြောင့် ဒေါသသည်ငြိမ်း၏၊ ထို့ကြောင့်လျောက်ပတ်၏။ **ဤသည်ကား ဓုတအစရှိသည်ကို ဝေဘန်ခွဲခြားသော အဖွင့်ပေတည်း။"**

**"ဓုတင်တို့ကို ပေါင်းရုံးခြင်းကား"** ခေါင်းတည်ဖြစ်သောအင်္ဂါတို့သည် သုံးပါးရှိ၏၊ တပါးနှင့် မရောသော အင်္ဂါတို့သည် ရှစ်ပါး ရှိ၏၊ သပဒါနစာရိကင်္ဂ ဓုတင်, ဧကာသနိကင်္ဂ ဓုတင်, အဗ္ဘောကာသိကင်္ဂဓုတင်၊ ဤသုံးပါးတို့သည် ခေါင်းတည်အင်္ဂါတို့ဖြစ်ကုန်၏၊ အကြောင်းမှာ သပဒါနစာရိကင်္ဂ ဓုတင်ကို စောင့်သော ရဟန်းသည် ပိဏ္ဍပါတိကင်္ဂ ဓုတင်ကိုလည်း စောင့်နိုင်လတ္တံ့၊ ဧကာသနိကင်္ဂ ဓုတင်ကိုစောင့်သော ရဟန်းသည် ပတ္တပိဏ္ဍိကင်္ဂ ဓုတင်, ခလုပစ္ဆာဘတ္တိကင်္ဂ ဓုတင်တို့ကို အလွယ်တကူ စောင့်နိုင်လတ္တံ့၊ အဗ္ဘောကာသိကင်္ဂ ဓုတင်ကိုစောင့်သောပုဂ္ဂိုလ်အား ရုက္ခမူလိကင်္ဂဓုတင်, ယထာသန္တတိကင်္ဂ ဓုတင်တို့ကို စောင့်ဘွယ်မရှိတော့ပြီ၊ ထို့ကြောင့် ခေါင်းတည်ဖြစ်သော အင်္ဂါသုံးပါးနှင့် အာရညိကင်္ဂဓုတင်,ပံသုကူလိကင်္ဂဓုတင်,တေစီဝရိကင်္ဂဓုတင်, နေသဇ္ဇိကင်္ဂဓုတင်, သောသာနိကင်္ဂဓုတင်၊ ဤ ဓုတင်ငါးပါးနှင့်ပေါင်းသော် တပါးနှင့် မရောသော အသမ္ဘိန္နအင်္ဂါတို့သည် ရှစ်ပါး ဖြစ်ကုန်၏။

ထို့ပြင်သက်န်းနှင့်စပ်သောဓုတင်နှစ်ပါး,ဆွမ်းနှင့်စပ်သောဓုတင်ငါးပါး, ကျောင်းအိပ်ရာ နေရာနှင့်စပ်သော ဓုတင်ငါးပါး, ဝီရိယနှင့်စပ်သော ဓုတင်တပါးအားဖြင့် ဓုတင်တို့သည် လေးပါးဖြစ်ကုန်၏၊ ထိုလေးပါးတို့တွင် နေသဇ္ဇိကင်္ဂဓုတင်သည် ဝီရိယနှင့်စပ်၏၊ သက်န်းနှင့်စပ်သော ဓုတင်စသည်တို့ကိုကား ထင်ရှားသိသာ၏။

ထို့ပြင် ပစ္စည်းကိုမှီသော စေတနာတဆယ့်နှစ်ပါး, ဝီရိယကို မှီသောစေတနာတပါး ဟူ၍ မှီရာအားဖြင့် နှစ်ပါး ဖြစ်ကုန်၏။

ထို့ပြင် မှီဝဲအပ် မမှီဝဲအပ်သည်၏အစွမ်းဖြင့် စေတနာတို့သည် နှစ်ပါး အပြားရှိကုန်၏၊ အကြောင်းမှာ စေတနာကိုမှီဝဲသော ရဟန်းအား ကမ္မဋ္ဌာန်းသည် တိုးပွါး၏၊ ထိုရဟန်းသည် မှီဝဲအပ်၏၊ အကြင်ရဟန်းအား ကမ္မဋ္ဌာန်းသည် ဆုတ်ယုတ်အံ့၊ ထိုရဟန်းသည် မမှီဝဲအပ်၊ အထူးကား အကြင်ပုဂ္ဂိုလ်သည် စေတနာကိုမှီဝဲသည် ဖြစ်စေ,မမှီဝဲသည်ဖြစ်စေ ကမ္မဋ္ဌာန်းသည် တိုးတက်၏၊ ဆုတ်ယုတ် ခြင်းမဖြစ်၊ ထိုအရှင်သည်ကား နောင်လာ နောက်သားများကို နည်းယူစေရန် ချီးမြှောက်သောအားဖြင့် မှီဝဲအပ်၏၊ အကြင် ပုဂ္ဂိုလ်အားကား မှီဝဲသည်ဖြစ်စေ, မမှီဝဲသည်ဖြစ်စေ ကမ္မဋ္ဌာန်း သည် မတိုးမတက် ဖြစ်အံ့၊ ထိုပုဂ္ဂိုလ်သည်လည်း နောင်အခါ အလေ့အကျင့်အသုံ ရစေခြင်းငှါ မှီဝဲအပ်၏၊ ဤသို့ မှီဝဲအပ်, မမှီဝဲ အပ် ဟူ၍ နှစ်ပါးပြားသော်လည်း အလုံးစုံ စေတနာတဆဲ့သုံးပါး တို့သည်ပင်လျှင် စေတနာ၏ အစွမ်းဖြင့် တပါးသာ အဘို ရှိကုန်၏၊ ထိုစကား မှန်သည်၊ စေတနာသည် သမာဒါန စေတနာ တပါးသာ ဖြစ်၏၊ ထို့ကြောင့် တပါးသော အပြားရှိ၏ဟု ဆိုအပ်၏။ "**မဟာအဋ္ဌကထာ**"ကြီး၌လည်း "ယာ စေတနာ၊ တံ ဓုတင်္ဂံ"ဟူ၍ မိန့်ဆိုလေသည်။

"**အကျယ်အားဖြင့်သော်ကား**"ရဟန်းတို့နှင့်ဆိုင်သော စေတနာ တဆဲ့သုံးပါး, ဘိက္ခုနီမတို့နှင့်ဆိုင်သော စေတနာရှစ်ပါး, သာမဏေ တို့နှင့်ဆိုင်သော စေတနာတဆဲ့နှစ်ပါး, သိက္ခမာန်သာမဏေမတို့နှင့် ဆိုင်သော စေတနာခုနစ်ပါး, ဥပါသကာ ဥပါသိကာတို့နှင့် ဆိုင်သော စေတနာနှစ်ပါးဟူ၍ ပုဂ္ဂိုလ်၏အစွမ်းဖြင့် လေးဆယ့် နှစ်ပါး ရှိကြကုန်၏။

ထို့ပြင် လွင်တီးခေါင်၌ အာရညိကင် စေတနာအား လျော်ကျ ပတ်သော သုသာန်သည် ဘယောက်ယည်းသော်လည်း တချက် ထည်းဖြင့် အလုံးစုံသော စေတနာတို့ကို သုံးဆောင် ကျင့်သုံးခြင်းငှါ တတ်နိုင်၏။ ရဟန်းမိန်းမတို့အားမူကား အာရညိကင် စေတနာနှင့်

ခလုပစ္ဆာဘတ္တိကင် ဓုတင်နှစ်မျိုးကို သိက္ခာပုဒ်အားဖြင့် ပယ်အပ်၏၊ အဗ္ဗောကာသိကင် ဓုတင်, ရုက္ခမူလိကင် ဓုတင်, သောသာနိကင် ဓုတင်တို့ကိုမူကား ဆောင်နိုင်ခဲလှ၏၊ အဘယ့်ကြောင့်ဆိုသော် ရဟန်းမိန်းမတို့မှာ အဖော်နှင့်ကင်း၍ နေခြင်းငှါ မအပ်၊ တူသောဆန္ဒရှိသော အဖော်ကို ရခဲလှ၏၊ အကယ်၍ပင် ရစေဦးတော့ အပေါင်းအဖော်နှင့် နှီးနှော၍ နေခြင်းမှ မလွတ်နိုင်ရာချေ၊ ဤသို့ဖြစ်ခဲ့သော် ဝိဝေကအကျိုးငှါ ဓုတင်ကို ကျင့်သုံးပါသော်လည်း ထိုဝိဝေကအကျိုးသည် ထိုရဟန်းမိန်းမအား မပြည့်စုံရာ၊ ထို့ကြောင့် ဘိက္ခုနီမတို့အား ဓုတင် ငါးပါးလျော့၍ ဓုတင်ရှစ်ပါးသာ ရကုန်၏။

ဆိုအပ်ခဲ့ပြီးသော ဓုတင် တဆယ့်သုံးပါးတို့တွင် တေစီဝရိကင် ဓုတင်ကိုထား၍ ကျန်သော ဓုတင် တဆဲ့နှစ်ပါးကို သာမဏေတို့အား ရကုန်၏၊ ဘိက္ခုနီမတို့ရသော ဓုတင် ရှစ်ပါးတွင် တေစီဝရိကင် ဓုတင်ကိုထား၍ ကျန်ခုနစ်ပါး သိက္ခမာန်, သာမဏေမတို့အား ရ၏၊ ဧကာသနိကင် ဓုတင်နှင့် ပတ္တပိဏ္ဍိကင် ဓုတင်နှစ်ပါးကို ဥပါသကာ ဥပါသိကာ ယောကျ်ား မိန်းမတို့အား ရကုန်၏၊ လျောက်ပတ်လည်း လျောက်ပတ်ကုန်၏။

ပေါင်းရုံး ရေတွက်ခြင်း အဆုံးအဖြတ် အဖွင့် ပြီး၏။

ဤဆိုအပ်ခဲ့ပြီးသော စကားအစဉ်ဖြင့် "သီလေ ပတိဋ္ဌာယ နရော သပညော" အစရှိသော ဂါထာဖြင့် သီလ, သမာဓိ, ပညာကို ပဓာနပြု၍ ဟောအပ်သော ဝိသုဒ္ဓိမဂ်ကျမ်း၌ အကြင် အလိုနည်းခြင်း ရောင့်ရဲလွယ်ခြင်း အစရှိသော ဂုဏ်ကျေးဇူးကို့ကြောင့် ဆိုအပ်ပြီးသော သီလ၏ စင်ကြယ်ခြင်းသည် ဖြစ်နိုင်၏၊ ထိုသီလ ဖြူစင်ခြင်းအကျိုးကို ပြီးစေခြင်းငှါ ဆောက်တည်အပ်သော ဓုတင်နှင့် စပ်သော စကားကို အကျယ်တဝင့် ဟောကြားဖွင့်ဆိုအပ်ပြီးသည် ဖြစ်၏။

သူတော်ကောင်းတို့ ဝမ်းမြောက် ရွှင်လန်းစေခြင်းအကျိုးငှါ ပြုစီရင်အပ်သော
ဝိသုဒ္ဓိမဂ်ကျမ်း၌ "ဓုတင်နိဒ္ဒေသ" အမည်ရှိသော
ဒုတိယပိုင်း ပြီး၏။

# ၃-ကမ္မဋ္ဌာနဂဟဏ နိဒ္ဒေသပိုင်း

၃၀။ ယခုအခါ ခုတင် နိဒ္ဒေသကို ဖွင့်ပြပြီး၍ ဤသို့ ခုတင် ဆောင်ခြင်းဖြင့် ပြည့်စုံစေအပ်ကုန်သော အလိုနည်းသော သူ၏ အဖြစ် အစရှိသော ဂုဏ်ကျေးဇူးတို့ဖြင့် ညစ်ကြေးမတင် ဖြူစင်သော ဤစတုပါရိသုဒ္ဓိသီလ၌ တည်သော ယောဂီ ပုဂ္ဂိုလ်သည် "သီလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ" ဟု ဟောတော်မူသောကြောင့် စိတ်ကို ပဓာနပြု၍ ညွှန်ပြအပ်သော သမာဓိကို ပွါးအပ်၏၊ ထို ပွါးစေအပ်သော သမာဓိကိုလည်း "စိတ္တံ ဘာဝယံ" ဟု အကျဉ်း မျှသာ ဟော တော် မူ အပ် လေ သော ကြောင့် သိရန်ပင် မလွယ်ကူလှချေ၊ ပွါးများရန်မှာမူကား ဆိုဘွယ် ရာမရှိ၊ သာ၍ခက်လှစွာ၏၊ ထို့ကြောင့် ထို သမာဓိ၏ အကျယ်ကိုရင်း, ပွါးများနည်းကိုရင်း ပြခြင်းငှါ ဤဆို လတ္တံ့သော အမေး ပုစ္ဆာတို့ကို ထုတ်အပ်၏။

(၁) သမာဓိ ဟူသည် အဘယ်နည်း၊
(၂) အဘယ် အနက်ကြောင့် သမာဓိ ဟူ၍ ဆိုအပ်သနည်း၊
(၃) ထို သမာဓိ၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကား အဘယ်နည်း၊
(၄) သမာဓိသည် အဘယ်မျှ အပြားရှိသနည်း၊
(၅) ထို သမာဓိ၏ ညစ်နွမ်းကြောင်းကား အဘယ်နည်း၊
(၆) ထို သမာဓိ၏ ဖြူစင်ကြောင်းကား အဘယ်နည်း၊
(၇) ထို သမာဓိကို အဘယ်သို့ ပွါးအပ်သနည်း၊
(၈) သမာဓိကို ပွါးခြင်း၏ အကျိုးထူးကား အဘယ်နည်း၊

## သမာဓိ တရားကိုယ်

(၁) ထို အမေးပုစ္ဆာတို့၏ အဖြေကို အစဉ်အတိုင်း ဆိုမည်။ **"သမာဓိ ဟူသည် အဘယ်နည်း"** ဟူသော အမေး၌ သမာဓိသည်

များသော အပြားရှိ၏၊ ထိုအလုံးစုံကို ထင်လင်းစွာ ဖွင့်ပြခြင်းငှါ အားထုတ်ခဲ့သည်ရှိသော် အဖြေသည်လိုသောအနက်ကို မပြီးစေဘဲ အတိုင်းထက်အလွန် စကားကျယ်ပြန့်လေရာသည်၊ ထို့ကြောင့် လိုရင်းကိုသာ ရည်ရွယ်၍ ဖြေဆိုပေအံ့၊ ကုသိုလ်စိတ်၌ရှိသော ဧကဂ္ဂတာ စေတသိက်သည် သမာဓိမည်၏။

## သမာဓိ၏အနက်

[၂] "**အဘယ်အနက်ကြောင့် သမာဓိ ဟူ၍ ဆိုအပ်သနည်း**" ဟူသော အမေး၌ အညီအညွတ် ကောင်းစွာထားခြင်း "**သမာဓာန**"ဟူသော အနက်ကြောင့် သမာဓိဟူ၍ ဆိုအပ်၏၊ ဤကောင်းစွာထားခြင်း သမာဓာန မည်သည်ကား တခုတည်းသော အာရုံ၌ စိတ် စေတသိက်တို့ကို အညီအညွတ် ဖရိုဖရဲ မကွဲမပြား ကောင်းစွာ ထားတတ်သောတရားသည် သမာဓာနမည်၏။တနည်းမှာ ကောင်းစွာ အထူးထူးသောအာရုံသို့ မပျံ့မလွင့်စေမူ၍ ထားခြင်းသည် သမာဓာန မည်၏၊ ထို့ကြောင့် အကြင်တရား၏ အစွမ်းအာနုဘော်ဖြင့် တခုတည်းသော အာရုံ၌ စိတ် စေတသိက်တို့သည် အညီအညွတ်ကောင်းစွာ မပျံ့မလွင့် ဖရိုဖရဲ မကွဲမပြားမူ၍ တည်ကုန်၏၊ ဤကောင်းစွာ တည်ခြင်း အစွမ်းသတ္တိရှိသော တရားသဘောကို သမာဓာန ဟူ၍ သိအပ်၏။

## သမာဓိ၏ လက္ခဏာ, ရသ စသည်

[၃] "**ထိုသမာဓိ၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ ကား အဘယ်နည်း**"ဟု ဆိုရာ၌ သမာဓိသည် သမ္ပယုတ်တရားတို့ကို အထူးထူးသော အာရုံသို့ မပျံ့မလွင့်စေခြင်း "**အဝိက္ခေပ**" လက္ခဏာရှိ၏၊ စိတ်ကို ထိုထိုအာရုံသို့ ပျံ့လွင့်စေတတ်သော ဥဒ္ဓစ္စကို ဖျက်ဆီးခြင်း ကိစ္စရသ ရှိ၏၊ ဥဒ္ဓစ္စကို ဖျက်ဆီးနိုင်သော အစွမ်းသတ္တိနှင့် ပြည့်စုံခြင်း ဂုဏ်ရှိ၏၊ မတုန်မလှုပ်သောအားဖြင့် ဉာဏ်အား

ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏၊ "ချမ်းသာသောသူ၏ စိတ်သည် တည်ကြည်၏"ဟု ဟောတော်မူသောကြောင့် သုခသည် ထိုသမာဓိ၏ နည်းစွာသော အကြောင်း ပဒဋ္ဌာန်ဖြစ်၏။

## သမာဓိ၏ အပြား

၃၉။ [၄] "**သမာဓိသည် အဘယ်မျှ အပြားရှိသနည်း**"ဟူသော အမေး၌ မပျံ့မလွင့်သော လက္ခဏာအားဖြင့် တပါးသောအဘို့ ရှိ၏၊ ဥပစာရ သမာဓိ, အပ္ပနာ သမာဓိ၏ အစွမ်းဖြင့် နှစ်ပါးအပြား ရှိ၏၊ လောကီသမာဓိ, လောကုတ္တရာ သမာဓိ၏ အစွမ်းဖြင့်၎င်း, ပီတိနှင့်တကွ ဖြစ်သော သမာဓိ, ပီတိကင်းသော သမာဓိ၏အစွမ်းဖြင့် ၎င်း, သုခဝေဒနာနှင့်တကွ ဖြစ်သော သမာဓိ,ဥပေက္ခာ ဝေဒနာနှင့်တကွဖြစ်သော သမာဓိ၏ အစွမ်းဖြင့်၎င်း, နှစ်ပါးစီ အပြားရှိ၏၊ ဟီန သမာဓိ,မဇ္ဈိမ သမာဓိ,ပဏီတ သမာဓိ ဟူ၍ သုံးပါး၊ သဝိတက္က သဝိစာရ သမာဓိ, သဝိတက္က ဝိစာရမတ္တ သမာဓိ, အဝိတက္က အဝိစာရ သမာဓိ ဟူ၍ သုံးပါး၊ ပီတိ သဟဂတ သမာဓိ, သုခ သဟဂတ သမာဓိ, ဥပေက္ခာ သဟဂတ သမာဓိ ဟူ၍ သုံးပါး၊ ပရိတ္တသမာဓိ, မဟဂ္ဂတ သမာဓိ, အပ္ပမာဏ သမာဓိ ဟူ၍ သုံးပါးစီ ရှိကုန်၏။

ဒုက္ခပ္ပဋိပဒါ ဒန္ဓာဘိညာ, အစရှိသည်တို့၏ အစွမ်းဖြင့် လေးပါး အပြားရှိ၏၊ ပရိတ္တ, ပရိတ္တာရမ္မဏ အစရှိသည်တို့၏ အစွမ်းဖြင့် ၎င်း, လေးပါးသော ဈာန်အင်္ဂါတို့၏ အစွမ်းဖြင့်၎င်း, ဟာန-ဘာဂိယ အစရှိသည်တို့၏ အစွမ်းဖြင့်၎င်း, ကာမာဝစရ အစ ရှိသည်တို့၏ အစွမ်းဖြင့်၎င်း, အဓိပတိ၏ အစွမ်းဖြင့်၎င်း, လေးပါးစီ အပြားရှိကုန်၏၊ ပဉ္စကနည်း၌ ဈာန် အင်္ဂါတို့၏ အစွမ်းဖြင့် ငါးပါး အပြားရှိကုန်၏။ ဤသည်ကား မာတိကာစဉ်တည်း။

ထိုသမာဓိ အပြားတို့တွင် တပါးအဘို့ရှိသော အပြားမှာ ထင်ရှား ပေါ်လွင်ပါ၏၊ နှစ်ပါး အပြားရှိသော အစု၌ ခြောက်ပါးသော ဗုဒ္ဓါနုဿတိ အစရှိသော အနုဿတိ ကမ္မဋ္ဌာန်း, မရဏဿတိ ကမ္မဋ္ဌာန်း, ဥပသမာနုဿတိ ကမ္မဋ္ဌာန်း, အာဟာရေ ပဋိကူလသညာ, စတုဓာတု ဝဝတ္ထာန်၊ ဤဆယ်မျိုးသော ကမ္မဋ္ဌာန်းတို့၏ အစွမ်းဖြင့် ရအပ်သော စိတ္တေကဂ္ဂတာသည်၎င်း, အပ္ပနာသမာဓိ၏ ရှေးအဘို့၌ဖြစ်သော ဧကဂ္ဂတာသည်၎င်း, ဥပစာရသမာဓိ မည်၏၊ ပဌမဈာန်၏ ပရိကံ မည်သော ဂေါတြဘူသည် ပဌမဈာန်အား အနန္တရပစ္စည်း ဖြင့် ကျေးဇူးပြုသည် ဖြစ်၏ဟု ပဋ္ဌာန်းဒေသနာတွင် ဟောတော်မူသောကြောင့် ဂေါတြဘူ၏ အခြားမဲ့၌ ဖြစ်သော ဧကဂ္ဂတာသည် အပ္ပနာသမာဓိ မည်၏၊ ဤသို့လျှင် ဥပစာရသမာဓိ, အပ္ပနာသမာဓိ၏ အစွမ်းဖြင့် နှစ်ပါး အပြားရှိသည်ဖြစ်၏။

“**ဒုတိယ ဒုက**”၌ ဘုံသုံးပါး၌ ဖြစ်သော ကုသိုလ်စိတ်၌ယှဉ်သော ဧကဂ္ဂတာသည် လောကိယ သမာဓိ မည်၏၊ အရိယမဂ်နှင့် ယှဉ်သော ဧကဂ္ဂတာသည် လောကုတ္တရာ သမာဓိ မည်၏၊ ဤသို့လျှင် လောကီ လောကုတ္တရာ၏ အစွမ်းဖြင့် နှစ်ပါ အပြား ရှိသည် ဖြစ်၏။

“**တတိယ ဒုက**”၌ စတုက္ကနည်းအားဖြင့် ဈာန်နှစ်ပါး, ပဉ္စကနည်းအားဖြင့် ဈာန် သုံးပါးတို့၌ ဖြစ်သော ဧကဂ္ဂတာသည် ပီတိနှင့်တကွဖြစ်သော သပ္ပီတိက သမာဓိ မည်၏၊ ကြွင်းသော ဈာန်နှစ်မျိုးတို့၌ရှိသော သမာဓိသည် ပီတိမရှိသော နိပ္ပီတိက သမာဓိ မည်၏၊ ဥပစာရသမာဓိသည် အချို့ကား သပ္ပီတိက မည်၏၊ အချို့ကား နိပ္ပီတိကမည်၏၊ ဤသို့လျှင် သပ္ပီတိက နိပ္ပီတိက၏ အစွမ်းဖြင့် နှစ်ပါးအပြားရှိသည် ဖြစ်၏။

“**စတုတ္ထ ဒုက**”၌ စတုက္ကနည်းအားဖြင့် ဈာန် သုံးပါး, ပဉ္စက နည်းအားဖြင့် ဈာန်လေးပါးတို့၌ရှိသော ဧကဂ္ဂတာသည် သုခ သဟဂုတ သမာဓိ မည်၏၊ ကြွင်းသော ဈာန်တို့၌ရှိသော ဧကဂ္ဂတာသည် ဥပေက္ခာ သဟဂုတ သမာဓိ မည်၏၊ ဥပစာရ

သမာဓိသည် အချို့ကား သုခဝေဒနာနှင့်တကွ ဖြစ်၏၊ အချို့ကား ဥပေက္ခာ ဝေဒနာနှင့်တကွဖြစ်၏၊ ဤသို့လျှင် သုခ သဟဂုတ၏ အစွမ်းဖြင့် နှစ်ပါးအပြားရှိ၏။

တိကတို့တွင် ပဌမတိက်၌ ရအပ်ကာမျှဖြစ်သော သမာဓိသည် ယုတ်သော သမာဓိမည်၏၊ လွန်စွာ မပွါးစေအပ်သော သမာဓိသည် အလတ်ဖြစ်သော သမာဓိ မည်၏၊ လွန်စွာ ပွါးအပ်သော ဝသီဘော်သို့ ရောက်သော သမာဓိသည် လွန်မြတ်သော သမာဓိ မည်၏၊ ဤသို့လျှင် ဟီန, မဇ္ဈိမ, ပဏီတ၏အစွမ်းဖြင့် သုံးပါး အပြားရှိ၏။

**"ဒုတိယ တိက"** ၌ ဥပစာရသမာဓိနှင့်တကွ ပဌမဈာန် သမာဓိသည် သဝိတက္က သဝိစာရ သမာဓိ မည်၏၊ ပဉ္စကနည်း ဒုတိယဈာန် သမာဓိသည် အဝိတက္က ဝိစာရမတ္တသမာဓိ မည်၏၊ အကြောင်းမှာ အကြင် ယောဂီပုဂ္ဂိုလ်သည် ဝိတက်၌သာလျှင် အပြစ်ကိုမြင်၍ ဝိစာရ၌ အပြစ်ကိုမမြင်မူ၍ ဝိတက်သက်သက်ကို ပယ်ခြင်းမျှကို တောင့်တသည်ဖြစ်၍ ပဌမဈာန်ကို လွန်၏၊ ထို ပုဂ္ဂိုလ်သည် ဝိတက်မရှိသော ဝိစာရမျှရှိသော သမာဓိကို ရ၏၊ ထိုသမာဓိကိုရည်၍ အဝိတက္က ဝိစာရမတ္တသမာဓိ ဟူ၍ ဆို၏၊ စတုက္ကနည်း၌ ဒုတိယဈာန် အစရှိသော ဈာန်များ, ပဉ္စကနည်း၌ တတိယဈာန် အစရှိသော သုံးပါးသော ဈာန်တို့၌ရှိသော ဧကဂ္ဂတာသည် အဝိတက္က အဝိစာရသမာဓိ မည်၏၊ ဤသို့လျှင် သဝိစာရ အစရှိသည်တို့၏ အစွမ်းအားဖြင့် သုံးပါး အပြားရှိသည် ဖြစ်၏။

**"တတိယ တိက"** ၌ စတုက္ကနည်းအစ နှစ်ပါးသော ဈာန်, ပဉ္စကနည်း သုံးပါးသော ဈာန်တို့၌ရှိသော ဧကဂ္ဂတာသည် ပီတိနှင့်တကွဖြစ်သော သမာဓိ မည်၏၊ ထိုတတိယဈာန် စတုတ္ထဈာန်တို့၌ရှိသော ဧကဂ္ဂတာသည် သုခနှင့်တကွဖြစ်သော သမာဓိ မည်၏၊ အဆုံးဖြစ်သောဈာန်၌ရှိသော ဧကဂ္ဂတာသည် ဥပေက္ခာနှင့် တကွဖြစ်သော သမာဓိမည်၏၊ ဥပစာရ သမာဓိသည် ပီတိ

သုခနှင့်တကွ ဖြစ်သည်၎င်း, ဥပေက္ခာနှင့်တကွ ဖြစ်သည်၎င်း ဖြစ်၏၊ ဤသို့လျှင် ပီတိသဟဂတ အစရှိသည်တို့၏ အစွမ်းဖြင့် သုံးပါး ရှိသည်ဖြစ်၏။

**"စတုက္က တိက"** ၌ ဥပစာရသမာဓိနှင့် သမ္ပယုတ်ဖြစ်သော စိတ္တုပ္ပါဒ်၌ ဧကဂ္ဂတာသည် ပရိတ္တ သမာဓိ မည်၏၊ ရူပါဝစရ အရူပါဝစရ ကုသိုလ်၌ရှိသော ဧကဂ္ဂတာသည် မဟဂ္ဂတသမာဓိ မည်၏၊ အရိယာမဂ်နှင့် သမ္ပယုတ်ဖြစ်သော ဧကဂ္ဂတာသည် အပ္ပမာဏ သမာဓိ မည်၏၊ ဤသို့လျှင် ပရိတ္တ, မဟဂ္ဂတ, အပ္ပမာဏ၏ အစွမ်းဖြင့် သုံးပါးအပြားရှိသည်ဖြစ်၏။

စတုက္ကတို့တွင် ပဋ္ဌမစတုက္က၌ ငြိုငြင်သောအကျင့် နှေးသော အထူးသိခြင်းရှိသော သမာဓိ, ငြိုငြင်သောအကျင့် လျင်မြန်သော အထူးသိခြင်းရှိသော သမာဓိ, ချမ်းသာသောအကျင့် နှေးသော အထူးသိခြင်းရှိသော သမာဓိ, ချမ်းသာသောအကျင့် လျင်မြန် သော အထူးသိခြင်းရှိသော သမာဓိဟူ၍ ဤသို့လျှင် သမာဓိ လေးမျိုးရှိ၏၊ ထိုလေးမျိုးရှိရာ၌ ယောဂီပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းကို ရှေးဦးစွာ နှလုံးသွင်းသည်မှစ၍ အကြင်မျှလောက် ထိုထိုဈာန်၏ အနီးဖြစ်သော ကာမာဝစရ ဥပစာရဈာန်သည် ဖြစ်၏၊ ထို မျှလောက်ဖြစ်သော ကာမာဝစရ ဘာဝနာကို ဈာန်သို့ရောက် ကြောင်းအကျင့်ပဋိပဒါဟူ၍ ဆိုအပ်၏၊ ဥပစာရဈာန်မှစ၍ အပ္ပနာ ဈာန်တိုင်အောင်ဖြစ်သော ပညာကို အထူးသိမှု အဘိညာဏ် ဟူ၍ ဆိုအပ်၏၊ ထိုအကျင့် ပဋိပဒါသည် အချို့ပုဂ္ဂိုလ်အား ဆင်းရဲငြိုငြင်၏၊ နီဝရဏအစရှိသော ဆန့်ကျင့်ဘက် တရားတို့၏ မပြတ် ဥပါဒ်ခြင်း ဟူသော်သည့် အဖြစ်ကြောင့် ငြိုငြင် ပင်ပန်း၏၊ မချမ်းမသာ မှီဝဲပွါးများရ၏ ဟူလို။ အချို့သော ပုဂ္ဂိုလ်အား ကိုဆန့်ကျင်ဘက်တရားတို့ ထူထပ်ခြင်း မရှိသောကြောင့် ချမ်းသာ ၏၊ အထူးသိမှု အဘိညာဏ်သည်လည်း အချို့ပုဂ္ဂိုလ်အား နှေး၏, နုံ့၏, မလျင်မြန်သော ဖြစ်ခြင်းရှိ၏၊ အချို့သော ပုဂ္ဂိုလ်အား လျင်မြန်၏, မနှေး,လျင်သော ဖြစ်ခြင်းရှိ၏။

ထိုဒုက္ခပ္ပဋိပဒါ ဒန္ဓာဘိညာ စသည်တို့၌ သပ္ပါယ အသပ္ပါယ တို့ကိုလည်း, ပလိဗောဓကို ဖြတ်ခြင်း အစရှိကုန်သောအကြင် ပုဗ္ဗ ကိစ္စတို့ကိုလည်း, အပ္ပနာကောသလ္လတို့ကိုလည်း ဖွင့်ပြပေအံ့။

အကြင်ပုဂ္ဂိုလ်သည် မလျောက်ပတ်သည်ကို မှီဝဲလေ့ရှိ၏၊ ထိုပုဂ္ဂိုလ်အား ငြိုငြင်ဆင်းရဲသော အကျင့် ပဋိပဒါသည်လည်း,နုံ့နှေး သော အထူးသိမှု အဘိညာဏ်သည်လည်းဖြစ်၏၊ လျောက်ပတ်သည် ကို မှီဝဲလေ့ရှိသော ပုဂ္ဂိုလ်အား ချမ်းသာသော အကျင့် ပဋိပဒါ သည်လည်း, လျင်မြန်သော အထူးသိမှု အဘိညာဏ်သည်လည်း ဖြစ် ၏၊ အကြင်ပုဂ္ဂိုလ်သည် ရှေးအဘို့၌ မလျောက်ပတ်သည်ကို မှီဝဲ၍ နောက်ကာလ၌ လျောက်ပတ်သည်ကို မှီဝဲ၏၊ တနည်း–ရှေးအဘို့၌ လျောက်ပတ်သည်ကို မှီဝဲ၍ နောက်အဘို့၌ မလျောက်ပတ်သည်ကို မှီဝဲ၏၊ ထိုပုဂ္ဂိုလ်အား ဒုက္ခပ္ပဋိပဒါ ခိပ္ပါဘိညာနှင့် သုခပ္ပဋိပဒါ ဒန္ဓာဘိညာ နှစ်ပါး ရောနှောသည့်အဖြစ်ကို သိအပ်၏။

ထို့ပြင် ပလိဗောဓကို ဖြတ်ခြင်း, ဘာဝနာ ဝိပဿနာကို မယုတ် စေခြင်း အစရှိသော ပုဗ္ဗကိစ္စကိုမပြီးစေမူ၍ ဘာဝနာကမ္မဋ္ဌာန်းကို အားထုတ်သော ထိုပုဂ္ဂိုလ်အား ငြိုငြင် ဆင်းရဲသော အကျင့် ပဋိ ပဒါသည် ဖြစ်၏၊ ထိုမှပြန်သောအားဖြင့် ပုဗ္ဗကိစ္စကို ပြီးစေ၍ ဘာဝနာကမ္မဋ္ဌာန်းကို အားထုတ်သော ပုဂ္ဂိုလ်အား ချမ်းသာသော အကျင့် ပဋိပဒါသည် ဖြစ်၏။

ထို့ပြင် အပ္ပနာ ကောသလ္လ မပြည့်စုံသော ပုဂ္ဂိုလ်အား နုံ့နှေး သော အသိဉာဏ် ဖြစ်၏၊ ပြည့်စုံသော ပုဂ္ဂိုလ်အား လျင်မြန်သော အသိဉာဏ် ဖြစ်၏။

တနည်းသော်ကား–တဏှာ အဝိဇ္ဇာတို့၏ နှိပ်စက် မနှိပ်စက် သည်၏အစွမ်းဖြင့်လည်း, သမထ ဝိပဿနာတို့ကို ပြုကျင့် လေ့ကျက် ဘူးခြင်း ရှိ-မရှိ၏အစွမ်းဖြင့်လည်း ထိုပဋိပဒါ အပြား အဘိညာဏ် အပြားကို သိအပ်၏၊ ထိုစကားသည် တဏှာနှိပ်စက်သောပုဂ္ဂိုလ် အား ဆင်းရဲငြိုငြင်သော အကျင့်ရှိ၏၊ မနှိပ်စက်သော ပုဂ္ဂိုလ်အား

ချမ်းသာ၏၊ အဝိဇ္ဇာလွှမ်းမိုး နှိပ်စက်သောပုဂ္ဂိုလ်အား နုံ့နှေးသော အသိဉာဏ်ရှိသည် ဖြစ်၏၊ မနှိပ်စက်သောပုဂ္ဂိုလ်အား လျင်မြန်သောအသိဉာဏ် ရှိ၏။

ထို့ပြင် အကြင်ပုဂ္ဂိုလ်သည် သမထအလုပ်ကို ရှေးဘဝက ပြုကျင့် လေ့ကျက်ဘူးခြင်းမရှိ၊ ထိုပုဂ္ဂိုလ်အား ဆင်းရဲငြိုငြင်သော အကျင့် ပဋိပဒါရှိ၏၊ ပြုကျင့် လေ့ကျက်ဘူးသော ပုဂ္ဂိုလ်အား ချမ်းသာသော အကျင့်ရှိ၏။

ထို့ပြင် အကြင်ပုဂ္ဂိုလ်သည် ဝိပဿနာအလုပ်ကို ရှေးက အားထုတ်ဘူးခြင်းမရှိ၊ ထိုပုဂ္ဂိုလ်သည် နုံ့နှေးသော အသိဉာဏ် ရှိ၏၊ အားထုတ် လေ့ကျက်ဘူးသော ပုဂ္ဂိုလ်အားမူကား လျင်မြန်သောအသိဉာဏ် ရှိ၏။

ကိလေသာနှင့် ဣန္ဒြေတို့ ထက်ခြင်း နုံ့ခြင်း၏ အစွမ်းဖြင့်လည်း ထိုပဋိပဒါ အကျင့် အဘိညာဉ်တို့၏ အပြားကို သိအပ်၏၊ ထိုစကားမှန်၏၊ ထက်သန်သော ကိလေသာရှိသော နုံ့သော ဣန္ဒြေရှိသောသူ၏ အကျင့် ပဋိပဒါသည် ဆင်းရဲ၏၊ အသိဉာဏ်သည်လည်း နှေး၏၊ ထက်သန်သော ကိလေသာရှိသော ထက်သန်သော ဣန္ဒြေရှိသော သူ၏အကျင့် ပဋိပဒါသည် ဆင်းရဲ၏ အသိဉာဏ်ကား လျင်မြန်၏၊ နုံ့သော ကိလေသာရှိသော နုံ့သော ဣန္ဒြေရှိသော သူ၏ အကျင့် ပဋိပဒါသည် ချမ်းသာ၏၊ အသိဉာဏ်သည်လည်း နုံ့နှေး၏၊ နုံ့သော ကိလေသာရှိသော ထက်သန်သော ဣန္ဒြေရှိသောသူ၏ အကျင့် ပဋိပဒါသည် ချမ်းသာ၏၊ အသိဉာဏ်သည် လျင်မြန်၏၊ ဤသို့လျှင် ကိလေသာ ဣန္ဒြေတို့၏ အစွမ်းဖြင့်လည်း သိအပ်၏။

ဤပဋိပဒါ အဘိညာဉ်တို့တွင် အကြင်ပုဂ္ဂိုလ်သည် ဆင်းရဲသော အကျင့် နုံ့နှေးသော အသိဉာဏ်ဖြင့် သမာဓိသို့ ရောက်၏၊ ထိုပုဂ္ဂိုလ်၏ သမာဓိကို ဆင်းရဲသော အကျင့် နုံ့နှေးသော အသိဉာဏ်ရှိသော သမာဓိ ဟူ၍ ဆိုအပ်၏၊ ကြွင်းသော သုံးပါးသော

သမာဓိတို့ကိုလည်း ဤနည်းအတိုင်း သိအပ်၏၊ ဤသို့လျှင် ဆင်းရဲသော အကျင့် နှံ့နှေးသော အသိဉာဏ် အစရှိသည်တို့၏အစွမ်းဖြင့် လေးပါးအပြားရှိသည် ဖြစ်၏။

ဒုတိယ စတုက္က၌ နည်းသော အာနုဘော် ကျဉ်းမြောင်းသော အာရုံရှိသော သမာဓိ, နည်းသောအာနုဘော် ကြီးသောအာရုံရှိသောသမာဓိ, ကြီးသောအာနုဘော် ကျဉ်းမြောင်းသော အာရုံရှိသောသမာဓိ, ကြီးသော အာနုဘော် ကြီးကျယ်သော အာရုံရှိသော သမာဓိ ဟူ၍ လေးမျိုးရှိ၏။

ထိုလေးမျိုးတို့တွင် အကြင်သမာဓိသည် အဝါးဝစွာ မလေ့လာ၊ လွန်စွာမပွါး ဝသီဘော်သို့ မရောက်သေးရကား အထက်ဈာန်၏ အကြောင်းဖြစ်ခြင်းငှါ မတတ်နိုင်၊ ဤသမာဓိသည် နည်းသော အာနုဘော်ရှိသော ပရိတ္တသမာဓိ မည်၏။ အကြင် သမာဓိသည် မပွါးအပ်သောအာရုံ၌ ဖြစ်၏၊ ထိုသမာဓိသည် ကျဉ်းမြောင်းသော အာရုံရှိသော သမာဓိ မည်၏။ အကြင်သမာဓိသည်ကား ကောင်းစွာ လေ့လာ ပွါးများအပ်သည်ဖြစ်၍ အထက်ဈာန်၏ အကြောင်း ဖြစ်ခြင်းငှါ တတ်နိုင်၏၊ ဤသမာဓိသည် ကြီးသော အာနုဘော် ရှိသော အပ္ပမာဏ သမာဓိ မည်၏။ အကြင် သမာဓိသည်ကား ပွါးအပ်သောအာရုံ၌ ဖြစ်၏၊ ဤ သမာဓိသည် ကြီးကျယ်သော အာရုံရှိသော သမာဓိ မည်၏။ ဆိုအပ်ပြီးသော လက္ခဏာတို့၏ ရောနှောခြင်းဖြင့် ရောနှောသော နည်းကို သိအပ်၏၊ ဤသို့လျှင် ပရိတ္တ ပရိတ္တာရမ္မဏ အစရှိသည်တို့၏ အစွမ်းဖြင့် လေးပါး အပြားရှိ၏။

တတိယ စတုက္က၌ ခွါအပ်ပြီးသော နီဝရဏ ရှိကုန်သော ဝိတက်, ဝိစာရ, ပီတိ, သုခ, သမာဓိတို့၏ အစွမ်းဖြင့် အင်္ဂါငါးပါးရှိသော ပဌမဈာန်၊ ထိုပဌမဈာန်မှ အထက်၌ ဝိတက်, ဝိစာရ ငြိမ်းသောကြောင့် အင်္ဂါသုံးပါးရှိသော ဒုတိယဈာန်၊ ထိုဒုတိယဈာန်မှ အထက်ပီတိကို လွန်မြောက်သော အင်္ဂါနှစ်ပါး ရှိသော တတိယဈာန်၊ ထိုမှ အထက်သုခကိုပယ်၍ ဥပေက္ခာ ဝေဒနာနှင့်တကွဖြစ်သော သမာဓိ၏ အစွမ်းဖြင့် အင်္ဂါနှစ်ပါး

ရှိသော စတုတ္ထဈာန်ဟူ၍ ဤသို့လျှင် ဈာန်လေးပါးတို့၏ အင်္ဂါဖြစ်သော သမာဓိလေးမျိုးတို့သည် ဖြစ်ကုန်၏၊ လေးပါးသော ဈာန်တို့၏အစွမ်းဖြင့် လေးပါး အပြားရှိ၏။

စတုတ္ထ စတုက္က၌ ယုတ်သောအဘို့ရှိသော ဟာန ဘာဂိယ သမာဓိ, တည်တံ့ခါမျှ အဘို့ရှိသော ဌိတိ ဘာဂိယသမာဓိ, ထူးသောအဘို့ရှိသော ဝိသေသ ဘာဂိယ သမာဓိ, အရိယမဂ်အဘို့ရှိသော နိဗ္ဗေဓ ဘာဂိယ သမာဓိဟူ၍ လေးမျိုးရှိ၏၊ ထိုလေးမျိုးတို့တွင် ထိုထိုဈာန်၏ ဆန့်ကျင်ဘက် တရားတို့၏ ဖြစ်ပေါ်ခြင်း၏ အစွမ်းဖြင့် ဟာနဘာဂိယ အဖြစ်ကိုလည်း, ထိုရသော သမာဓိအားလျော်သော သတိ၏ မြဲစွာတည်သည်၏ အစွမ်းဖြင့် ဌိတိ ဘာဂိယ အဖြစ်ကိုလည်း, အထက်ဖြစ်သော တရားထူးကို ရခြင်း၏ အကြောင်းဖြစ်သော အစွမ်းအားဖြင့် ဝိသေသ ဘာဂိယအဖြစ်ကိုလည်း, သင်္ခါရတို့၏ အပြစ်ကိုမြင်၍ ငြီးငွေ့သော ဉာဏ်နှင့်တကွဖြစ်သော သညာ မနသိကာရတို့၏ တိုက်တွန်းသော အစွမ်းအားဖြင့် နိဗ္ဗေဓဘာဂိယ အဖြစ်ကိုလည်း သိအပ်ကုန်၏။

မြတ်စွာဘုရား ဟောတော်မူသည်မှာကား– "ပဌမဈာန်ကို ရသော ယောဂီပုဂ္ဂိုလ်အား ကာမသညာနှင့်တကွ ရောပြွမ်းသည် ဖြစ်၍ သညာမနသိကာရတို့သည် တိုက်တွန်းအပ်သောယုတ်သော အဘို့ရှိသော ဟာနဘာဂိယပညာသည် ဖြစ်၏၊ ထို ရသော ပဌမဈာန်အား လျော်သော သတိသည် တည်၏၊ မတိုးမဆုတ် တည်တံ့သောအဘို့ရှိသော ပညာသည် ဖြစ်၏၊ အဝိတက္က ဒုတိယဈာန်နှင့်တကွဖြစ်သော သညာ မနသိကာရတို့သည် တိုက်တွန်းအပ်သည်ဖြစ်၍ ထူးသောအဘို့သို့ ရောက်သောပညာသည် ဖြစ်၏၊ ငြီးငွေ့သော ဝိပဿနာဉာဏ်နှင့်တကွ ဖြစ်ကုန်သော သညာ မနသိကာရတို့သည် တိုက်တွန်းအပ်သည်ဖြစ်၍ နိဗ္ဗာန်နှင့် စပ်သော သစ္စာလေးပါးကို တိုးထွင်း သိမြင်နိုင်သောအဘို့ရှိသော ပညာသည် ဖြစ်၏"ဟု ဉာဏဝိဘင်းပါဠိတော်တွင် ဟောတော်မူ၏၊ ထိုသို့ပင် ပညာကို ဟောတော်မူသော်လည်း ထိုပညာနှင့်

ယှဉ်ကုန်သော သမာဓိတို့သည်လည်း ဟာနဘာဂိယသမာဓိ အစရှိသည် မည်ကုန်၏၊ ဤသို့လျှင် ဟာနဘာဂိယ သမာဓိ အစရှိသောအားဖြင့် လေးပါး အပြားရှိ၏။

ပဉ္စမစတုက္က၌ ကာမာဝစရသမာဓိ, ရူပါဝစရသမာဓိ, အရူပါဝစရသမာဓိ, အပရိယာပန္နသမာဓိ ဟူ၍ လေးပါး အပြားရှိ၏၊ ထိုလေးပါးတို့တွင် အလုံးစုံသော ဥပစာရ ဧကဂ္ဂတာသည် ကာမာဝစရသမာဓိ မည်၏။

ထိုမှတပါး ရူပါဝစရ အစရှိသော ကုသိုလ်စိတ်၌ရှိသော ဧကဂ္ဂတာသည် ရူပါဝစရစသော သမာဓိသုံးပါး မည်၏၊ ဤသို့လျှင် ကာမာဝစရ အစရှိသောအားဖြင့် လေးပါး အပြား ရှိ၏။

ဆဋ္ဌစတုက္က၌ ရဟန်းသည် "ဆန္ဒကို အကြီးအမှူးပြု၍ သမာဓိကို ရအံ့၊ စိတ်၏တည်ကြည်ခြင်းကို ရအံ့၊ ထိုသမာဓိကို ဆန္ဒအကြီးအမှူးရှိသော သမာဓိဟူ၍ ဆိုအပ်၏။ ရဟန်းသည် ဝီရိယကို အကြီးအမှူးပြု၍ ..(လ)....စိတ်ကို အကြီးအမှူးပြု၍။ ဝီမံသာကို အကြီးအမှူးပြု၍ သမာဓိကို ရအံ့၊ စိတ်၏တည်ကြည်ခြင်းကို ရအံ့၊ ထိုသမာဓိကို ဝီမံသအကြီးအမှူးရှိသော သမာဓိဟူ၍ ဆိုအပ်"၏ ဟု ဟောတော်မူ၏၊ ဤသို့လျှင် အဓိပတိ၏အစွမ်းဖြင့် လေးပါး အပြားရှိ၏၊

ပဉ္စကနည်း၌ စတုက္ကနည်းဈာန်တွင် ဝိတက်ကို လွန်ခြင်းဖြင့် ဒုတိယဈာန်ဟူ၍၎င်း, ဝိတက်ဝိစာရကို လွန်ခြင်းဖြင့် တတိယဈာန်ဟူ၍၎င်း, နှစ်ခု ခွဲခြင်းကြောင့် ဈာန်ငါးပါး ဖြစ်သည်၊ ထိုဈာန်တို့၏ အင်္ဂါတို့တွင်ရှိသော သမာဓိကို ငါးမျိုးသော သမာဓိဟူ၍ ဆိုအပ်၏၊ ဤသို့လျှင် ဈာန်အင်္ဂါ၏အစွမ်းဖြင့် သမာဓိငါးမျိုး ပြားသည်ကို သိအပ်၏၏။

သမာဓိအပြား ပြီး၏။

## သမာဓိ၏ ညစ်နွမ်းဖြူစင်ကြောင်း

၄၀။ **"ထိုသမာဓိ၏ ညစ်နွမ်းကြောင်း, ဖြူစင်ကြောင်းကား အဘယ်နည်း"** ဟူသော အမေး၏အဖြေကို ဉာဏဝိဘင်း ပါဠိတော်တွင် ဖွင့်ဆိုအပ်ပြီ၊ ထိုစကား မှန်၏၊ ထိုဉာဏ ဝိဘင်းပါဠိတော်၌ "ညစ်နွမ်းကြောင်း သံကိလေသာ ဆိုသည်ကား ဆုတ်ယုတ်သောအဘို့ရှိသော တရားတည်း၊ ဖြူစင်ကြောင်းဆိုသည်ကား ထူးသောအဘို့ ရှိသော တရားတည်း"ဟု ဟောကြားအပ်လေပြီ ထို နှစ်ပါးတို့တွင် ပဌမဈာန်ကို ရစဖြစ်သော ပုဂ္ဂိုလ်သည် ထိုပဌမဈာန်မှထသော် ဝိတက်အာရုံ ကာမရာဂနှင့်တကွ ဖြစ်ကုန်သော အမှတ်သညာ နှလုံးသွင်းခြင်း မနသိကာရ တို့သည် ဖြစ်ပေါ်ကုန်၏၊ ထို ပဌမဈာန်ပညာသည် ဆုတ်ယုတ်၏၊ ထို့ကြောင့် ဆုတ်ယုတ်ခြင်းအဘို့ ရှိသည် ဖြစ်၏။ ဤပဌမဈာန်တွင် ဆိုအပ်သော နည်းအတိုင်း ဒုတိယဈာန် အစရှိသည်တို့၏ ဆုတ်ယုတ်သောအဘို့ ရှိပုံကို သိအပ်၏။ အဝိတက္က ဒုတိယဈာန် [illegible] ရှိကုန်သော အမှတ်သညာ နှလုံးသွင်းခြင်း မနသိကာရ တို့သည် ဒုတိယဈာန်ကို ရခြင်းအကျိုးငှါ ဖြစ်ကုန်၏၊ ထိုပဌမဈာန်ပညာသည် အထက်ဒုတိယဈာန်အဘို့ ရှိ၏။ ဤနည်းအတိုင်း ထူးသောအဘို့ရှိသော တရားကို သိအပ်၏။

### သမာဓိကိုပွါးပုံ

### ပထဝီကသိုဏ်း ဆယ်ပါး

၄၁။ **"သမာဓိကို အဘယ်သို့ပွါးအပ်သနည်း"** ဟူသော အမေး ပုစ္ဆာ၌ လောကီ လောကုတ္တရာ၏ အစွမ်းဖြင့် နှစ်ပါး အပြားရှိ၏၊ အစရှိသည်ဖြင့် ဆိုအပ်သည်တွင် အရိယာ မဂ်နှင့် ယှဉ်သော သမာဓိကို ဆိုခဲ့လေပြီ၊ ထိုသမာဓိကို ပွါးသော နည်းကိုလည်း ပညာဘာဝနာနည်းဖြင့် သိမ်း

သွင်းခဲ့ပြီ။ ထိုစကား မှန်၏၊ ပညာကို ပွါးအပ်ပြီးခဲ့သော် ထို သမာဓိကို ကျွဲကူးရေပါ သဘောအားဖြင့် ပွါးအပ်ပြီးသည်သာ ဖြစ်သည်၊ ထို့ကြောင့် ထိုအရိယမဂ် သမာဓိကို ရည်ရွယ်ပြီးလျှင် ဤသို့ ပွါးအပ်၏ဟု တစုံတရာ အသီးအခြားမဆို ဖြစ်သည်။ လောကီသမာဓိကိုလည်း ဆိုအပ်ခဲ့ပြီ၊ ထိုသမာဓိကို ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် သီလတို့ကိုသုတ်သင်၍ စင်ကြယ်သောသီလ၌ တည်သောယောဂီပုဂ္ဂိုလ်သည် ဆယ်ပါးသော ပလိဗောဓမှုတို့တွင် အကြင်ပလိဗောဓသည် ရှိ၏၊ ထိုပလိဗောဓကို ဖြတ်ပယ်၍ ကမ္မဋ္ဌာန်းပေးတတ်သော မိတ်ဆွေကောင်းသို့ ချဉ်းကပ်ပြီးလျှင် မိမိ၏စရိုက်ဝါသနာအားလျော်စွာ လေးဆယ်သော ကမ္မဋ္ဌာန်းတို့တွင် တပါးပါးသော ကမ္မဋ္ဌာန်းကိုယူ၍ သမာဓိဘာဝနာ ပွါးခြင်းငှါ မလျောက်ပတ် မသင့်လျော်သော ကျောင်းကိုပယ်၍ သင့်လျော်သောကျောင်း၌ နေ၍ ငယ်သော ပလိဗောဓများကို ဖြတ်ပယ်ပြီးလျှင် အလုံးစုံသော ဘာဝနာပွါးခြင်း အစီအရင်ကို မပယုတ်စေမူ၍ ပွါးအပ်၏။ ဤသည်ကား ဘာဝနာပွါးနည်း အစီအရင် အကျဉ်းမျှပေတည်း။

ဤဆိုလတ္တံ့သည်ကား အကျယ်ပေတည်း– "ဆယ်ပါးသော ပလိဗောဓမှုတို့တွင် အကြင် ပလိဗောဓသည် ရှိ၏၊ ထိုပလိဗောဓကို ဖြတ်ပယ်၍" ဆိုရာ၌–

**အာဝါသော စ ကုလံ လာဘော၊**
**ဂဏော ကမ္မဉ္စ ပဉ္စမံ။**
**အဒ္ဓါနံ ဉာတိ အာဗာဓော၊**
**ဂန္ထော ဣဒ္ဓီတိ တေ ဒသာတိ။**

၁–ကျောင်း၊ ၂–အမျိုးဒါယကာ၊ ၃–လာဘ်ရခြင်း၊ ၄–ဂိုဏ်း၊ ၅–အမှု၊ ၆–အဝေးရှည်သောခရီး၊ ၇–မိဘစသော, ဆွေမျိုး၊

၈-အနာရောဂါ၊ ၉-ကျမ်းဂန်သင်ကြားခြင်း၊ ၁၀-တန်ခိုးဟူ၍ ပလိဗောဓ ဆယ်ပါးရှိ၏။

ဤဆယ်ပါးတို့သည် ပလိဗောဓ မည်၏၊ ထိုဆယ်ပါးတို့တွင် ကျောင်းသည် အာဝါသပလိဗောဓ မည်၏၊ အမျိုးဒါယကာ အစရှိသည်တို့သည်လည်း ပလိဗောဓ မည်ကုန်၏။

**"ကျောင်းဆိုသည်ကား"**တခုသော တိုက်ခန်းကိုင်း, တခုသော ပရိဝုဏ်ကိုင်း, အလုံးစုံသော သံဃာ့အာရာမ်ကိုင်း, ကျောင်းဟူ၍ ဆိုအပ်၏၊ ထိုကျောင်းသည် အလုံးစုံသော ယောဂီ ပုဂ္ဂိုလ်တို့အား ပလိဗောဓဖြစ်သည် မဟုတ်။ အကြင်ပုဂ္ဂိုလ်အား ဤကျောင်း၌ နဝကမ္မ စသည်တို့ကို ကြောင့်ကြစိုက်၏၊ များစွာသော ဘဏ္ဍာတို့ကို ဆည်းပူးသိမ်းထားအပ်သည် ဖြစ်၏၊ အမှတ်မရှိ တခုခုသော အကြောင်းဖြင့် ထိုကျောင်းကို ငဲ့ကွက်ခြင်း မကင်း၊ နှောင်ဖွဲ့ငြိကပ်သောစိတ် ရှိ၏၊ ထိုပုဂ္ဂိုလ်အားသာလျှင် ပလိဗောဓ ဖြစ်၏၊ ဤသို့ မဟုတ်သောပုဂ္ဂိုလ်အား ပလိဗောဓ မဖြစ်။

### ထိုစကား၌ ဤဆိုလတ္တံ့သည်ကား ဝတ္ထုတည်း

ကြားဘူးသည်မှာ—နှစ်ယောက်သော အမျိုးသားတို့သည် **အနုရာဓ**မြို့မှထွက်ပြီးလျှင် အစဉ်သဖြင့် **ထူပါရာမကျောင်းတိုက်သို့** ရောက်၍ ရဟန်းပြုကြကုန်၏၊ ထိုရဟန်းနှစ်ပါးတို့တွင် တပါးသော ရဟန်းသည် ဒွေမာတိကာတို့ကို နှုတ်ကက်လေ့လာ၍ ငါးဝါရသောအခါ ပဝါရဏာ ပြုပြီးလျှင် အနုရာမြို့မှ အရှေ့ရှုးရှူး **ပါစိနခဏ္ဍရာဇိ** မည်သော တောအရပ်သို့ ကြွသွားလေသည်၊ တပါးသောရဟန်းသည်ကား ထိုထူပါရုံ ကျောင်းတိုက်၌ပင် နေ၏။ **ပါစိန ခဏ္ဍရာဇိ**အရပ်သို့ ကြွသွားသော ရဟန်းသည် ထိုအရပ်တွင်ပင် ကြာရှည် လေးမြင့်စွာနေ၍ ဆယ်ဝါပြည့်သဖြင့် မထေရ်ဖြစ်လေသော် ဤအရပ်ကား သင့်လျော် လျောက်ပတ်လှ၏၊ ယခုငါသည် ထိုအရပ်အကြောင်းကို ငါ၏အဆွေ ရဟန်း

အား ပြောကြားအံ့ဟု ကြံ၍ ထိုအရပ်မှ ထွက်ခဲ့ပြီးလျှင် အစဉ်အတိုင်းလာ၍ ထူပါရုံကျောင်းတိုက်သို့ ဝင်လေ၏၊ ဝင်လျှင်ဝင်ခြင်းပင် ထိုမထေရ်ကို ဝါတူဖြစ်သော မထေရ်သည်မြင်၍ ခရီးဦးကြိုဆို၍သပိတ်သင်္ကန်းကိုလှမ်းယူပြီးလျှင်ဝတ်ပြု၏၊အာဂန္တုမထေရ်သည် ကျောင်းတွင်းသို့ ဝင်ပြီးလျှင် ယခုအခါ ငါ၏အဆွေသည် ထောပတ်ကိုသော်၎င်း, တင်လဲကိုသော်၎င်း,အဖျော်ကိုသော်၎င်း ပို့စေလတ္တံ့၊ ဤပုဂ္ဂိုလ်သည် ဤမြို့တွင် ကြာရှည်လေးမြင့်စွာနေသောသူ ဖြစ်သည့်ဟု ကြံ၏၊ ထိုရဟန်းသည် ညဉ့်အခါ အဖျော်စသည်ကိုမရသော် နံနက်စောစောဌ ယခုအခါ အလုပ်အကျွေး ဒါယကာတို့ ယူဆောင်လာသော ယာဂု ခဲဘွယ်တို့ကိုပေးပို့ပေလတ္တံ့ဟု ကြံမိပြန်၏၊ ထိုယာဂုခဲဘွယ်ပို့လာသူတို့ကိုလည်း မတွေ့မမြင်သောကြောင့် ပို့သောသူများကား မရှိချေ၊ ရွာတွင်းသို့ဝင်မှသာ ပေးလှူကြသည် ဖြစ်လတ္တံ့ဟု ကြံ၍ နံနက်စောစော ထိုကျောင်းနေရဟန်းနှင့်အတူ ရွာတွင်းသို့ ဝင်လေ၏၊ ထိုရဟန်းနှစ်ပါးတို့သည် တလမ်းတည်း လှည့်လည်သွားလာရာ တမှုတ်မျှသောယာဂုကိုရ၍ ဆွမ်းစားစရပ်၌ ထိုင်ပြီးလျှင် သောက်ကြကုန်၏၊ ထိုနောက် အာဂန္တုကရဟန်းသည် ငါ့အဆွေရဟန်းမှာ အမြဲနိစ္စ ယာဂုလှူသူရှိမည်မထင်၊ သို့ရာတွင် ဆွမ်းစားချိန်တန်သောအခါမှုကား လူဒါယကာတို့သည် မွန်မြတ်သောဆွမ်းကိုပေးလှူဒါန်းကြလိမ့်မည် ထင်၏ဟု ကြံပြန်၏၊ ထို့နောက်ဆွမ်းချိန်ရောက်လတ်သော် ဆွမ်းခံလှည့်လည်၍ ရသမျှကိုသာစားပြီးလျှင် အဆွေဖြစ်သောရဟန်းအား အရှင်ဘုရား အသို့ပါနည်း၊ အခါခပ်သိမ်း ဤကဲ့သို့ပင် မျှတရပါသလော ဟု မေး၏၊ အို—ငါ့ရှင်, ဟုတ်ပါ၏ဟု ဆိုလေသော် အရှင်ဘုရား, ပါစိနခဏ္ဍရာဇီ အမည်ရှိသောအရပ်သည် ချမ်းသာလှပါ၏၊ ထိုအရပ်သို့သွားကြကုန်အံ့ဟု ဆိုလေ၏၊ မထေရ်သည် မြို့မှတောင်တံခါးဖြင့်ထွက်လျက် အိုးထိန်းသည် ရွာလမ်းခရီးကို ကြွသွားလေ၏၊ အာဂန္တုရဟန်းက အရှင်ဘုရား အဘယ့်ကြောင့် ဤခရီးသို့ကြွတော်မူပါသနည်းဟု မေး၏၊ အို—ငါ့ရှင်, သင်သည် ပါစိနခဏ္ဍရာဇီ အရပ်၏ဂုဏ်ကျေးဇူးကို ပြောကြားသည် မဟုတ်ပါ

လော ဟု ဆို၏၊ အရှင်ဘုရားအသို့ပါနည်း၊ အရှင်ဘုရားတို့အား ဤမျှလောက်သော ကာလပတ်လုံး နေသောအရပ်၌ ဟာစုံတရာ ပိုမိုသောပရိက္ခရာများ မရှိပါသလော ဟု မေးလေ၏၊ ဒါ့-ငါ့ရှင်, မရှိချေ၊ ညောင်စောင်း အင်းပျဉ်သည် သံဃိကပစ္စည်း ဖြစ်၏၊ ထိုပစ္စည်းများကို သိမ်းဆည်းအပ်သည်သာတည်း၊ ထို ပစ္စည်းများမှ တပါးသော ပစ္စည်းကား မရှိချေ ဟု ဆို၏၊ ထိုအခါ အာဂန္တုရဟန်းက အရှင်ဘုရား,အကျွန်ုပ်၏ တောင်ဝှေးသည်၎င်း, ဆီကျည်သည်၎င်း ဘိနပ်အိတ်သည်၎င်း ထိုကျောင်း၌ရှိလေသေး ၏ ဟု ဆို၏၊ ထိုအခါကျောင်းနေရဟန်းက အို-ငါ့ရှင်, သင်သည် တနေ့တရက်မျှ နေပါလျက် ဤမျှသောပစ္စည်းတို့ကို ထားလေ သလော ဟု ဆိုသည်ရှိသော် အရှင်ဘုရားထားမိသည်, မှန်ပါ၏ ဟု ဆို၍ ထိုအာဂန္တုရဟန်းသည် ကြည်ညိုသော စိတ်ရှိသည် ဖြစ်၍ မထေရ်ကိုရှိခိုးပြီးလျှင် အရှင်ဘုရား အရှင်မြတ်တို့ကဲ့သို့ သောပုဂ္ဂိုလ်တို့အား အလုံးစုံသော အရပ်၌ပင် တောနေရဟန်း မည်သည်သာတည်း၊ ထူပါရုံကျောင်းတိုက်သည် လေးဆူသော ဘုရားရှင်တို့၏ ဓာတ်တော်ဌာပနာရာ အရပ်ဖြစ်ပါ၏၊ လောဟပါသာဒ ပြာသာဒ်၌ လျောက်ပတ်သော တရားနာခြင်းကို၎င်း, မဟာစေတီကို ဖူးမြင်ရခြင်းကို၎င်း, မထေရ်ကြီးများကို ဖူးမြင် ရခြင်းကို၎င်း ရအပ်ပါ၏၊ မြတ်စွာဘုရား၏ လက်ထက်တော် အခါကဲ့သို့ဖြစ်ပါ၏၊ အရှင်ဘုရားတို့သည် ဤအရပ်၌ပင် နေတော် မူပါ ဟု လျှောက်ထား၍ ဒုတိယနေ့၌ သပိတ်သင်္ကန်းကို ယူပြီးလျှင် မိမိချည်းသာ ပြန်သွားလေ၏၊ ဤသည်ကား ဝတ္ထုတည်း၊ ဤ ဝတ္ထု၌ ဤသို့သဘောရှိသောရဟန်းအား ကျောင်းသည် ပလိဗောဓ မည်သည် မဖြစ်ချေ။

“**အမျိုးဒါယကာ ဆိုသည်ကား**” အဆွေအမျိုးဖြစ်သော ဒါယကာကို၎င်း, အလုပ်အကျွေးဖြစ်သော ဒါယကာကို၎င်း ဆိုလို၏၊ အချို့သော ပုဂ္ဂိုလ်အား အလုပ်အကျွေးဖြစ်သော ဒါယကာတို့၌လည်း “ဒါယကာများ ချမ်းသာလျှင် မိမိလည်း ချမ်းသာ၏” အစရှိသောနည်းဖြင့် အကျွမ်းတဝင် ချစ်ချစ်ခင်ခင်

နေသောကြောင့် ပလိဗောဓသည် ဖြစ်၏၊ ထိုရဟန်းသည် အလုပ်အကျွေး လူဒါယကာတို့နှင့်ကင်း၍ တရားနာခြင်းငှါ အနီးဖြစ်သော ကျောင်းသို့ပင် မသွားနိုင်ရှိတတ်၏၊ အချို့သောပုဂ္ဂိုလ်ကား အမိအဘပင် ဖြစ်သော်လည်း ပလိဗောဓမဖြစ်၊ **ကောရဏ္ဍက ကျောင်းတိုက်နေ** မထေရ်ကြီး၏တူ ရဟန်းငယ်ကဲ့သို့ပေတည်း၊ ထိုရဟန်းငယ်သည် ပါဠိသင်ခြင်းအကျိုးငှါ **ရောဟဏဇနပုဒ်သို့** သွားလေ၏၊ မထေရ်ကြီး၏နှစ်မ ဥပါသိကာမကြီးသည်လည်း အခါခပ်သိမ်း သားရဟန်း၏ အကြောင်းကို မထေရ်ကြီးအား မေးလျှောက်၏၊ မထေရ်သည် တနေ့သ၌ ရဟန်းငယ်ကို ခေါ်ဆောင်အံ့ဟု ရောဟဏဇနပုဒ်သို့ ရှေးရှုသွားလေ၏၊ ရဟန်းငယ်သည်လည်း ဤရောဟဏဇနပုဒ်၌ ငါနေသည်မှာ ကြာမြင့်ပြီ၊ ယခုအခါ ဥပဇ္ဈာယ်ဆရာကိုဖူးမြင်၍ ဒါယိကာမကြီး၏ အကြောင်းကို သိရ၍ တဖန်ပြန်လာအံ့ဟု ကြံ၍ ရောဟဏဇနပုဒ်မှ ထွက်လာ၏၊ ထိုတူဝရီးနှစ်ယောက်သည် ဂင်္ဂါမြစ်ကမ်းနား၌ ဆုံမိကြလေ၏၊ ထိုရဟန်းငယ်သည် တခုသော သစ်ပင်ရင်း၌ ဦးရီး မထေရ်ကြီးအား ဝတ်ပြု၏၊ အဘယ်သို့ သွားမည်နည်းဟု မေးသည်ရှိသော် မိမိအကြံရှိသော အကြောင်းကို လျှောက်လေ၏၊ မထေရ်သည် သင်ကား ကောင်းစွာပြုအပ်ပေ၏၊ သင်၏ ဒါယိကာမကြီးသည်လည်း အခါမပြတ်မေး၏၊ ငါသည်လည်း သင့်ကို ခေါ်ဆောင်ခြင်းငှါ လာခဲ့ပေ၏၊ သင်သည် သွားချေလော့၊ ငါမူကား ဤအရပ်တွင်ပင် ဤဝါတွင်းပတ်လုံး ဝါကပ်ဆိုနေအံ့ဟု ဆို၍ ထိုတူရဟန်းကို လွှတ်လိုက်၏၊ ထိုရဟန်းငယ်သည် ဝါကပ်ဆိုသောနေ့မှာပင် ထိုကောရဏ္ဍက ကျောင်းတိုက်သို့ ရောက်၏၊ ကျောင်းသည်လည်း ထိုရဟန်းငယ်၏ အဘဆောက်လုပ်အပ်သော ကျောင်းသည်ပင်တည်း၊ ထို့နောက် ရဟန်းငယ်၏ အဘသည် ဒုတိယနေ့မှာ ကျောင်းသို့လာ၍ အရှင်ဘုရားတို့, အဘယ်ရဟန်းအား အကျွန်ုပ်တို့၏ ကျောင်းသည် ရောက်ပါသနည်းဟု မေးလျှောက်သော် အာဂန္တုက ရဟန်းငယ်အား ကျရောက်သည်ဟု ပြောဆိုကြသည်ကို ကြား၍ ထိုရဟန်းငယ် အထံသို့ချဉ်းကပ်ပြီးလျှင် ရှိခိုး၍ အရှင်ဘုရား အကျွန်ုပ်တို့၏

ကျောင်းမှာဝါကပ်သော အရှင်အား ဝတ်ရှိပါသည်ဟု လျှောက်လေ၏၊ အို-ဒါယကာ, အဘယ်သို့သော ဝတ်ပါနည်းဟု မေးလေသော် သုံးလပတ်လုံး အကျွန်ုပ်တို့၏အိမ်၌ ဆွမ်းကိုခံယူ၍ ပဝါရဏာပြုပြီး၍ ကြွသွားအံ့သောအခါ ပန်ကြားရပါသည်ဟု လျှောက်လေ၏၊ ထိုရဟန်းငယ်သည် ဆိတ်ဆိတ်နေသဖြင့် သည်းခံလေ၏၊ ဥပါသကာ ဒါယကာသည်လည်း အိမ်သို့ပြန်သွား၍ ငါတို့၏ကျောင်း၌ အာဂန္တု ရဟန်းတော်တပါး ဝါကပ်ဆိုတော်မူသည်၊ ရိုသေစွာ လုပ်ကျွေးလေလော့ဟု ကျောင်းဒါယိကာမကြီးအား ပြောကြားလေ၏၊ အိမ်ရှင် ဒါယိကာမကြီးသည် ကောင်းပါပြီဟု ဝန်ခံ၍ မွန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့ဖြင့် လုပ်ကျွေး၏။

ရဟန်းငယ်သည်လည်း ဆွမ်းခံချိန်၌ အမိ-အဘအိမ်သို့သွား၏၊ ထိုရဟန်းငယ်ကို တစုံတယောက်သောသူမျှ မမှတ်မိကြ၊ ထိုရဟန်းသည် သုံးလပတ်လုံး ထိုအမိ-အဘအိမ်၌ ဆွမ်းစား၍ ဝါကျွတ်လေသော် ငါသွားတော့အံ့ဟု ပန်ကြားလေ၏၊ ထိုအခါ ရဟန်းငယ်အား အဆွေအမျိုးတို့သည် နက်ဖြန် ကြွတော်မူပါဦးဟု ပင့်လျှောက်၍ ဒုတိယနေ့မှာ အိမ်၌တွင် ဆွမ်းကျွေးပြီးလျှင် **ဆီကျည်**ကို ပြည့်စေ၍ တခုသော **တင်လဲခဲ**ကိုလည်း, ကိုးတောင်အရှည်ရှိသော သင်္ကန်းလျာ **အဝတ်**ကိုလည်း လှူဒါန်း၍ အရှင်ဘုရား, ကြွတော်မူပေတော့ဟု လျှောက်ကြကုန်၏၊ ထိုရဟန်းငယ်သည် အနုမောဒနာပြု၍ ရောဟဏဇနပုဒ်သို့ ရှေးရှုသွားလေ၏၊ ထိုရဟန်းငယ်၏ ဥပဇ္ဈာယ်ဆရာသည်လည်း ပဝါရဏာပြုပြီး၍ ခရီးရင်ဆိုင်လာလတ်သော် ယခင်တွေ့သောနေရာမှာပင် ထိုရဟန်းငယ်နှင့် တွေ့ဆုံမိပြန်လေ၏၊ ထိုအခါ ရဟန်းငယ်သည် တခုသော သစ်ပင်ရင်း၌ မထေရ်ကြီးအား ဝတ်ပြု၏၊ ထိုအခါ မထေရ်ကြီးက ကောင်းသောမျက်နှာရှိသော ငါ့ရှင်, သင်သည် ဒါယိကာမကြီးကို တွေ့အပ်ပြီလောဟု မေးလေ၏၊ ရဟန်းငယ်က အရှင်ဘုရား တွေ့ခဲ့ပါပြီဟု ဆို၍ အလုံးစုံသော အကြောင်းအရာတို့ကို လျှောက်ကြားပြီးလျှင် မိဘတို့လှူလိုက်သောဆီဖြင့် မထေရ်ကြီး၏ ခြေတို့ကို

သုတ်သိမ်း၍ ထိုထန်းလျက်ခဲဖြင့်ပင် အဖျော်ပြုလုပ်၍ ထိုမိဘတို့ လှူလိုက်သော ပုဆိုးကိုးတောင်ကို မထေရ်ကြီးအား လှူဒါန်း၍ မထေရ်ကြီးအား ရှိခိုး၍ အရှင်ဘုရား-အကျွန်ုပ်အား ရောဟဏဇနပုဒ်သည်သာလျှင် သပ္ပါယ ဖြစ်ပါ၏ဟု လျှောက်၍ သွားလေ၏၊ မထေရ်သည်လည်း ကျောင်းသို့သွား၍ ဒုတိယနေ့၌ ကောရဏ္ဍကရွာတွင်းသို့ ဆွမ်းခံဝင်လေ၏၊ ဥပါသိကာမသည်လည်း ငါ၏ မောင်တော်သည် ငါ့သားကို ခေါ်ဆောင်၍ လာပေလတ္တံ့ဟု ပဂေါရဏာနေ့မှစ၍ နေ့တိုင်းနေ့တိုင်း လမ်းခရီးသို့ မျှော်လျက်သာ နေ၏၊ ထိုရဟန်းငယ်၏ အမိ၊ မထေရ်၏နှစ်မသည် မထေရ်တပါးသည်း ကြွလာသည်ကိုမြင်၍ ငါ့သားသည် သေလေပြီ ထင်၏၊ ဤမထေရ်သည် တပါးတည်း ကြွတော်မူလာ၏ဟု ဆို၍မထေရ်ကြီး၏ ခြေရင်းတွင် ဝပ်ပြီးလျှင် အလူ ထူးအပြားပြား မြည်တမ်း ငိုကြွေးလေ၏၊ မထေရ်ကြီးသည်ကား-ရဟန်းငယ်သည် အလိုနည်းသောကြောင့် မိမိကိုယ်ကို မသိစေမူ၍ သွားလေယောင်တကား ဟု ကြံ၍ ထိုဒါယိကာမကို သက်သာရာရစေလျက် မိမိသွားစဉ် ဂင်္ဂါမြစ်နားမှာ တွေ့ခဲ့သော အကြောင်းကစ၍ အလုံးစုံပြောကြားပြီးလျှင် သပိတ်အိတ်မှ ထိုရဟန်းငယ် လှူလိုက်သော ပုဆိုးကိုးတောင်ကိုယူ၍ နှမအား ပြလေ၏၊ ဥပါသိကာမကြီးသည် ကြည့်ညိုလှ၍ သားရဟန်းသွားသောအရပ်သို့ မျက်နှာမူပြီးလျှင် ရင်ဖြင့်ဝပ်လျက် ရှိခိုးပြီးလျှင် “ငါ့သားနှင့်တူသောရဟန်းကို မျက်မှောက်ထင်ရှား သက်သေထား၍ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် **ရထဝိနီတ**သုတ်၌လာသော အကျင့်မြတ်တို့ကိုရင်း, **နာလက**သုတ်၌ လာသော အကျင့်အမြတ်တို့ကိုရင်း, **တုဝဋ္ဋက**သုတ်၌လာသောအကျင့်မြတ်တို့ကိုရင်း,ပစ္စည်းလေးပါး၌ ရောင့်ရဲလွယ်ခြင်း, ဘာဝနာ၌ မွေ့လျော်ခြင်းကိုပြသော **မဟာအရိယဝံသ**သုတ်လာ မြတ်သောအကျင့်တို့ကိုရင်း, ဟောတော်မူလေသည်၊ သင်၏ မွေးဖွားသောအမိ၏အိမ်၌ ဝါတွင်းသုံးလ ပတ်လုံး ဆွမ်းသုံးဆောင်ပါလျက် “**ငါကား-သင်၏သား, သင်ကား ငါ့အမိ**”ဟူ၍မျှမဆိုပလေ၊ အထူးအံ့ဩဘွယ်ကောင်းသော ယောကျ်ားမြတ် ပေတည်း”ဟု ဆိုလေ၏၊ ဤသို့ သဘောရှိသော

ပုဂ္ဂိုလ်အား အမိအဘပင် ဖြစ်သော်လည်း ပလိဗောဓ မဖြစ်ကုန်၊ တပါးသော အလုပ်အကျွေး ဒါယကာတို့၌မူကား အဘယ်ဆိုဘွယ်ရာ ရှိတော့အံ့နည်း။

**လာဘ်ဆိုသည်ကား**-လေးပါးသော ပစ္စည်းတို့ကို ဆိုသည်၊ ထိုပစ္စည်းလေးပါးတို့သည် အဘယ်သို့ ပလိဗောဓ ဖြစ်သနည်းဟူမူ၊ ဘုန်းတန်ခိုးကြီးသော ရဟန်းအား ရောက်လေရာရာအရပ်၌ လူတို့သည် ကြီးကျယ်သော အခြံအရံရှိသော ပစ္စည်းတို့ကို လှူကြကုန်၏၊ ထိုရဟန်းသည် ထိုအလှူဒါယကာတို့အား အနုမောဒနာ ပြုရသည်ဖြစ်၍ တရားဟောရသည်ဖြစ်၍ ရဟန်းတရားကို အားထုတ်ခြင်းငှါပင် အခွင့်ကိုမရချေ၊ အရုဏ်တက်သည်မှ ပဌမယာမ်ကုန်သည်တိုင်အောင် လူတို့နှင့်ရောနှောခြင်းသည် မပြတ်၊ တဖန်လင်းအားကြီးအချိန်၌ ပစ္စည်းအများ လိုလားသော ဆွမ်းခံရဟန်းတို့သည်လာ၍ အရှင်ဘုရား-ဤမည်သော ဥပါသကာသည်ရင်း, ဤမည်သော ဥပါသိကာမသည်ရင်း, ဤမည်သောအမတ်ကြီးသည်ရင်း, ဤမည်သော အမတ်ကြီးသမီးသည်ရင်း အရှင်ဘုရားတို့အား ဖူးမြင်လိုကုန်၏ဟု လျှောက်ကြကုန်၏၊ ထိုရဟန်းသည် အို-ငါ့ရှင်၊ သပိတ်သင်္ကန်းကို ယူခဲ့လော့ဟု ဆို၍ သွားအံ့သော အစီအရင်သည် ဖြစ်၏၊ အမြဲကြောင့်ကြ များပါရစိုက်ရ၏၊ ထိုတန်ခိုးကြီးသော ရဟန်းအားသာလျှင် ထိုပစ္စည်းလေးပါးတို့သည် ပလိဗောဓ ဖြစ်ကုန်၏၊ ထို့ကြောင့် ဂိုဏ်းကိုပယ်၍ အကြင်အရပ်၌ ထိုရဟန်းကိုမသိကြကုန်၊ ထိုအရပ်၌ တယောက်ထည်းတည်း ကျင့်အပ်၏၊ ဤသို့ ကျင့်သည်ရှိသော် ထိုပလိဗောဓသည် ပြတ်လေ၏။

**ဂိုဏ်းဆိုသည်ကား**-သုတ္တန်ကိုဆောင်သော ဂိုဏ်းသည်ရင်း, အဘိဓမ္မာကိုဆောင်သော ဂိုဏ်းသည်ရင်း ဂိုဏ်းမည်၏၊ အကြင်ရဟန်းသည် ထိုဂိုဏ်းအား ပါဠိသင်ခြင်း၊ အဋ္ဌကထာသင်ခြင်းကို ပြုရသောကြောင့် ရဟန်းတရားကို အားထုတ်ခွင့်မရ၊ ထိုရဟန်းအားဂိုဏ်းသည် ပလိဗောဓ ဖြစ်၏၊ ထိုရဟန်းသည် ထိုပလိဗောဓကို ဤသို့ ဖြတ်အပ်၏၊ အကယ်၍ ထိုရဟန်းအား များစွာ

သင်ကြား၍ အကြောင်းနည်းမှု ထိုအကြောင်းကို ပြီးစေ၍ တောသို့ ဝင်အပ်၏၊ အကယ်၍ အနည်းငယ်သာ သင်ကြား၍ အကြွင်းများသေးအံ့၊ တယူဇနာမှအလွန် မသွားမူ၍ တယူဇနာအတွင်း၌ တပါးသောကိုယ်ကျင့်အား ကျမ်းဂန်သင်ကြားသော ဆရာသို့ ချဉ်းကပ်၍ ဤရဟန်းတို့ကို အမှုင်သည် ပါဠိသင်ခြင်း စသည်ဖြင့် ချီးမြှောက်တော်မူပါဟု ဆိုအပ်၏၊ ဤသို့ မရသည်ရှိသော်ကား အိုး–ငါရှင်တို့၊ ငါအား ဟခုသောရဟန်းကိစ္စသည် ရှိ၏၊ သင်တို့သည် အလိုရှိရာချမ်းသာသော နေရာတို့သို့ သွားကြကုန်လော့ဟု ဆို၍ ဂိုဏ်းကိုပယ်ပြီးလျှင် မိမိ၏ရဟန်းတရားကို ပြုလုပ်အားထုတ်အပ်၏။

**အမှုဆိုသည်ကား** အမှုသစ်ကို ဆိုလိုသည်၊ ထိုအမှုသစ်ကို ပြုသောရဟန်းသည် လက်သမား အစရှိသည် ရ၏, မရ၏ကို သိအပ်၏၊ ပြုအပ်ပြီးသည် မပြီးသည်ကို သိအောင်ပြုရသော အားဖြင့် ကြောင့်ကြ စိုက်ရ၏၊ ထို့ကြောင့် အခါခပ်သိမ်း ပလိဗောဓဖြစ်၏၊ ထိုနဝကမ္မ ပလိဗောဓကိုလည်း ဤဆိုလတ္တံ့သော အခြင်းအရာဖြင့် ဖြတ်အပ်၏၊ မပြီးသေး ကြွင်းသော အရာသည် အနည်းငယ်သာဖြစ်မူ ပြီးဆုံးစေအပ်၏၊ အကြွင်းများမူ သံဃာ၏ အမှုကိစ္စဖြစ်မူကား သံဃာအားဖွင်း, သံဃာ့ဝန်ကို ထမ်းဆောင်သော ရဟန်းအားဖွင်း အပ်နှင်းအပ်၏၊ မိမိ၏ဥစ္စာ ဖြစ်မူကား မိမိ၏ဝန်ဆောင်ရဟန်းကို အပ်နှင်းအပ်၏၊ ထိုကဲ့သို့ ဝန်ဆောင်ရဟန်းကိုမရမူကား သံဃာအား စွန့်၍သွားအပ်၏။

**အခွန့်ရှည်သော ခရီးဆိုသည်ကား** ခရီးသွားခြင်းကို ဆိုလိုသည်၊ အကြင်ယောဂီပုဂ္ဂိုလ်အား တစုံတခုသောအရပ်၌ ရှင်ရဟန်းပြုလိုသူရှိသည်လည်း ဖြစ်အံ့, ရသင့်ရအပ်သော ပစ္စည်းမူလည်း ရှိအံ့, ထိုပစ္စည်းကို အကယ်၍မရခဲ့သော် သည်းခံခြင်းငှါ မတတ်နိုင်သည်ဖြစ်အံ့, တောသို့ဝင်၍ ရဟန်းတရားကို အားထုတ်ပါသော်လည်း ခရီးသွားလိုသော စိတ်မည်သည် ဖျောက်နိုင်ခဲသည် အဖြစ်ကြောင့် ထိုယောဂီပုဂ္ဂိုလ်သည် ထိုကိစ္စကို ပြီးစေ၍သာလျှင် ရဟန်းတရား၌ ကြောင့်ကြစိုက်ခြင်းကို ပြုအပ်၏။

**အဆွေအမျိုး ဆိုသည်ကား** ကျောင်း၌ ဆရာဥပဇ္ဈာယ်, အတူနေတပည့်, အတွင်းနေတပည့်, ဂုသောဥပဇ္ဈာယ်, တူသော ဆရာ ရှိသူတို့သည် ဆွေမျိုးဉာတိ မည်၏၊ အိမ်၌ကား အမိ, အဘ, ညီ, အစ်ကို အစရှိသောသူတို့သည် ဆွေမျိုးဉာတိမည်၏၊ ထိုဆွေမျိုးဉာတိ ဖြစ်သောသူတို့ နာ,ဖျားမကျန်းရှိမှုကား ဤ ယောဂီပုဂ္ဂိုလ်အား ပလိဗောဓမဖြစ်၏၊ ထို့ကြောင့် လုပ်ကျွေး ပြုစု၍ ထိုဆွေဉာတကာတို့၏ ပြကတေ့ ကျန်းမာသည်ကို ပြုသဖြင့် ထိုပလိဗောကို ဖြတ်အပ်၏။ ထိုဆွေမျိုးဉာတကာတို့တွင် ဥပဇ္ဈာယ်ဆရာ နာမကျန်းရှိ၍ လျင်မြန်စွာ အနာမှ မထမြောက်မူ အသက်ထက်ဆုံး လုပ်ကျွေးပြုစုအပ်၏၊ ထို့အတူ သရဏဂုံပေး၍ ရှင်ပြုပေးသောဆရာ, ကမ္မဝါရွတ်၍ ရဟန်းပြုပေးသောဆရာ, အတူနေတပည့်, မိမိက ကမ္မဝါဘတ်၍ ပဉ္စင်းခံအပ်သောတပည့်, သရဏဂုံပေး၍ ရှင်ပြုအပ်သောတပည့်, ဥပဇ္ဈာယ်တူ သီတင်း သုံးဖော်တို့ကို အသက်ထက်ဆုံး လုပ်ကျွေး ပြုစုအပ်၏၊ အထူး မှာကား နိဿယည်းဆရာ, စာပေကျမ်းဂန် သင်ကြားပို့ချသော ဆရာ, နိဿယည်းယူတပည့်, စာပေသင်သောတပည့်, ဆရာတူ သီတင်းသုံးဖော်တို့ကိုမူကား နိဿယည်းယူခြင်း, ကျမ်းဂန် သင်ကြားခြင်း, မပြတ်သေးမီ လုပ်ကျွေးအပ်၏၊ စွမ်းနိုင်သော ပုဂ္ဂိုလ်မူကား ထိုနိဿယဥဒ္ဒေသ ဖြတ်ပြီးသော်လည်း လုပ်ကျွေး ပြုစုအပ်သည်သာဖြစ်၏၊ ဥပဇ္ဈာယ်ဆရာကို လုပ်ကျွေးပြုစုသကဲ့သို့ အမိအဘတို့ကို လုပ်ကျွေးပြုစုအပ်၏၊ ထိုစကားမှန်သည် မိဘ တို့သည် မင်းအဖြစ်၌ အကယ်၍ တည်သည်ဖြစ်စေမူ သား၏ လုပ်ကျွေးခြင်းကို တောင့်တမူကား လုပ်ကျွေးအပ်သည်သာ တည်း၊ ထိုမိဘတို့အား ဆေးသည် အကယ်၍မရှိမူ မိမိ၏ဥစ္စာကို ပေးအပ်၏၊ မိမိမှာလည်း မရှိခဲ့သော် ဆေးအလှူခံသော အကျင့်ဖြင့် ရှာမှီး၍ ပေးသင့်ပေးအပ်၏၊ ညီအစ်ကို, အစ်မ, နှစ်မတို့အားမူကား ထိုသူတို့၏ ဥစ္စာဖြစ်သော ဆေးကိုသာ ဖော်စပ်၍ ပေးအပ်၏၊ ထိုသူတို့မှာ ဆေးမရှိသည်ဖြစ်မူ မိမိ၏ ဥစ္စာကို အခိုက်အတန့်မျှပေး၍ နောက်၌ပြန်၍ရခဲ့သော် ယူအပ်၏၊ မရခဲ့သော်ကား မတောင်းအပ်တော့ပြီ၊ အဆွေဉာတကာမတော်

သင်ကြား၍ အကြွင်းနည်းမှု လိုအကြွင်းကို ပြီးစေ၍ တောသို့ ဝင်အပ်၏၊ အကယ်၍ အနည်းငယ်သာ သင်ကြား၍ အကြွင်း များသေးအံ့၊ တယူဇနာမှအလွန် မသွားမူ၍ တယူဇနာအတွင်း၌ တပါးသောဂိုဏ်းအား ကျမ်းဂန်သင်ကြားသော ဆရာသို့ ချဉ်းကပ်၍ ဤရဟန်းတို့ကို အမှုင်သည့် ပါဠိသင်ခြင်း စသည်ဖြင့် ချီးမြှောက်တော်မူပါဟု ဆိုအပ်၏၊ ဤသို့ မရသည်ရှိသော်ကား အံ့-ငါရှင်တို့၊ ငါအား ဟခုသောရဟန်းကိစ္စသည် ရှိ၏၊ သင်တို့ သည် အလိုရှိရာချမ်းသာသော နေရာတို့သို့ သွားကြကုန်လော့ဟု ဆို၍ ဂိုဏ်းကိုပယ်ပြီးလျှင် မိမိ၏ရဟန်းတရားကို ပြုလုပ်အားထုတ် အပ်၏။

**အမှုဆိုသည်ကား** အမှုသစ်ကို **ဆိုလိုသည်**၊ ထိုအမှုသစ်ကို ပြုသောရဟန်းသည် လက်သမား **အစရှိ**သည် ရ၏, မရ၏ကို သိအပ်၏၊ ပြုအပ်ပြီးသည် မပြီးသည်ကို သိအောင်ပြုရသော အားဖြင့် ကြောင့်ကြ စိုက်ရ၏၊ ထို့ကြောင့် အခါခပ်သိမ်း ပလိဗောဓဖြစ်၏၊ ထိုနဝကမ္မ ပလိဗောဓကိုလည်း ဤဆိုလတ္တံ့သော အခြင်းအရာဖြင့် ဖြတ်အပ်၏၊ မပြီးသေး ကြွင်းသော အရာသည် အနည်းငယ်သာဖြစ်မူ ပြီးဆုံးစေအပ်၏၊ အကြွင်းများမူ သံဃာ၏ အမှုကိစ္စဖြစ်မူကား သံဃာအားရင်း, သံဃာ့ဝန်ကို ထမ်းဆောင်သော ရဟန်းအားရင်း အပ်နှင်းအပ်၏၊ မိမိ၏ဥစ္စာ ဖြစ်မူကား မိမိ၏ဝန်ဆောင်ရဟန်းကို အပ်နှင်းအပ်၏၊ ထိုကဲ့သို့ ဝန်ဆောင်ရဟန်းကိုမရမူကား သံဃာအား စွန့်၍သွားအပ်၏။

**အစွန့်ရှည်သော ခရီးဆိုသည်ကား** ခရီးသွားခြင်းကို ဆိုလို သည်၊ အကြင်ယောဂီပုဂ္ဂိုလ်အား တစုံတခုသောအရပ်၌ ရှင်ရဟန်း ပြုလိုသူရှိသည်လည်း ဖြစ်အံ့, ရသင့်ရအပ်သော ပစ္စည်းမှုလည်း ရှိအံ့, ပစ္စည်းကို အကယ်၍မရခဲ့သော် သည်းခံခြင်းငှါ မတတ် နိုင်သည်ဖြစ်အံ့, တောသို့ဝင်၍ ရဟန်းတရားကို အားထုတ်ပါ သော်လည်း ခရီးသွားလိုသော စိတ်မည်သည် ပျောက်နိုင်ခဲသည် အဖြစ်ကြောင့် ထိုယောဂီပုဂ္ဂိုလ်သည် ထိုကိစ္စကို ပြီးစေ၍သာလျှင် ရဟန်းတရား၌ ကြောင့်ကြစိုက်ခြင်းကို ပြုအပ်၏။

**အဆွေအမျိုး ဆိုသည်ကား** ကျောင်း၌ ဆရာဥပဇ္ဈာယ်, အတူနေတပည့်, အတွင်းနေတပည့်, ကူသောဥပဇ္ဈာယ်, တူသောဆရာ ရှိသူတို့သည် ဆွေမျိုးဉာတိ မည်၏၊ အိမ်၌ကား အမိ, အဘ, ညီ, အစ်ကို အစရှိသောသူတို့သည် ဆွေမျိုးဉာတိမည်၏၊ ထိုဆွေမျိုးဉာတိ ဖြစ်သောသူတို့ နာ,ဖျားမကျန်းရှိမူကား ဤယောဂီပုဂ္ဂိုလ်အား ပလိဗောဓဖြစ်၏၊ ထို့ကြောင့် လုပ်ကျွေးပြုစု၍ ထိုဆွေဉာတကာတို့၏ ပြကတေ့ ကျန်းမာသည်ကို ပြုသဖြင့် ထိုပလိဗောကို ဖြတ်အပ်၏။ ထိုဆွေမျိုးဉာတကာတို့တွင် ဥပဇ္ဈာယ်ဆရာ နာမကျန်းရှိ၍ လျင်မြန်စွာ အနာမှ မထမြောက်မူ အသက်ထက်ဆုံး လုပ်ကျွေးပြုစုအပ်၏၊ ထို့အတူ သရဏဂုံပေး၍ ရှင်ပြုပေးသောဆရာ, ကမ္မဝါရွတ်၍ ရဟန်းပြုပေးသောဆရာ, အတူနေတပည့်, မိမိက ကမ္မဝါဘတ်၍ ပဉ္စင်းခံအပ်သောတပည့်, သရဏဂုံပေး၍ ရှင်ပြုအပ်သောတပည့်, ဥပဇ္ဈာယ်တူ သီတင်းသုံးဖော်တို့ကို အသက်ထက်ဆုံး လုပ်ကျွေး ပြုစုအပ်၏၊ အထူးမှာကား နိဿယည်းဆရာ, စာပေကျမ်းဂန် သင်ကြားပို့ချသောဆရာ, နိဿယည်းယူတပည့်, စာပေသင်သောတပည့်, ဆရာတူ သီတင်းသုံးဖော်တို့ကိုမူကား နိဿယည်းယူခြင်း, ကျမ်းဂန်သင်ကြားခြင်း, မပြတ်သေးမီ လုပ်ကျွေးအပ်၏၊ စွမ်းနိုင်သောပုဂ္ဂိုလ်မူကား ထိုနိဿယဥဒ္ဒေသ ဖြတ်ပြီးသော်လည်း လုပ်ကျွေးပြုစုအပ်သည်သာဖြစ်၏၊ ဥပဇ္ဈာယ်ဆရာကို လုပ်ကျွေးပြုစုသကဲ့သို့ အမိအဘတို့ကို လုပ်ကျွေးပြုစုအပ်၏၊ ထိုစကားမှန်သည် မိဘတို့သည် မင်းအဖြစ်၌ အကယ်၍ တည်သည်ဖြစ်စေမူ သား၏လုပ်ကျွေးခြင်းကို တောင့်တမူကား လုပ်ကျွေးအပ်သည်သာတည်း၊ ထိုမိဘတို့အား ဆေးသည် အကယ်၍မရှိမူ မိမိ၏ဥစ္စာကို ပေးအပ်၏၊ မိမိမှာလည်း မရှိခဲ့သော် ဆေးအလှူခံသော အကျင့်ဖြင့် ရှာမှီး၍ ပေးသင့်ပေးအပ်၏၊ ညီအစ်ကို, အစ်မ, နှစ်မတို့အားမူကား ထိုသူတို့၏ ဥစ္စာဖြစ်သော ဆေးကိုသာ ဖော်စပ်၍ ပေးအပ်၏၊ ထိုသူတို့မှာ ဆေးမရှိသည်ဖြစ်မူ မိမိ၏ ဥစ္စာကို အခိုက်အတန့်မျှပေး၍ နောက်၌ပြန်၍ရခဲ့သော် ယူအပ်၏၊ မရခဲ့သော်ကား မတောင်းအပ်တော့ပြီ၊ အဆွေဉာတကာမတော်

သူ နှစ်မလင် ယောက်ဖဖြစ်သူအား ဆေးကုခြင်းငှါပင် မအပ်၊ သင်၏ယပင်အား ပေးလော့ဟု ဆို၍ နှစ်မကိုမူကား ပေးအပ်၏၊ အစ်ကို, ညီတို့၏ မယားတို့၌လည်း ဤနည်းအတိုင်း မှတ်အပ်၏၊ ထိုညီ, နှစ်မတို့၏ သားသမီးတို့သည်ကား ထိုရဟန်းနှင့် ဆွေမျိုးတော်စပ်၏၊ ထို့ကြောင့် ထိုသူကိုအား ဆေးပေးခြင်းငှါအပ်၏။

**အနာရောဂါ ဆိုသည်ကား** အမှတ်မရှိ, တစုံတခုသောရောဂါ အနာကို ဆိုလို၏၊ ထိုအနာရောဂါသည် နှိပ်စက်မှုကား ပလိဗောဓ ဖြစ်၏၊ ထို့ကြောင့် ဆေးဝါးကုသခြင်းဖြင့် ထိုပလိဗောဓကို ဖြတ်အပ်၏၊ ရက်အနည်းငယ် ဆေးကုသပါသော်လည်း အကယ်၍ မပျောက်ငြိမ်းခဲ့သော် "ငါသည် သင်အတ္တဘော၏ ကျွန်မဟုတ်, သူရင်းငှါးမဟုတ်, သင် အတ္တဘောကို မွေးမြူရသည့်, အစမထင်သော သံသရာဝဋ်၌ ဆင်းရဲဒုက္ခရောက်ခဲ့လှပြီ"ဟု အတ္တဘောကိုကဲ့ရဲ့၍ ရဟန်းတရားကို အားထုတ်အပ်၏။

**ကျမ်းဂန် သင်ကြားခြင်း ဆိုသည်ကား** ပရိယတ်ဆောင်ရွက်ခြင်းကို ဆိုလို၏၊ ထိုပရိယတ်ကို ဆောင်ရွက်ခြင်းသည် သရဇ္ဈာယ်ခြင်း, မှတ်သားခြင်း, လေ့ကျက်ခြင်, မေးမြန်း ဆွေးနွေးခြင်း စသည်ဖြင့် အမြဲမပြတ် အားထုတ်ခြင်း ဗျာပါရရှိသူအား ပလိဗောဓသည် ဖြစ်၏၊ ဗျာပါရ ကြောင့်ကြ မစိုက်ရသောသူအား ပလိဗောဓ မဖြစ်၊ ထိုပလိဗောဓ မဖြစ်ရာ၌ ဤဆိုလတ္တံ့သည်ကား **ဝတ္ထု**တို့ပေတည်း။ **မဇ္ဈိမနိကာယ်**ကိုဆောင်သော အရှင်**ရေဝတ** မထေရ်သည် **မလယ** အရပ်နေ အရှင်**ရေဝတ** ထံသို့သွား၍ ကမ္မဋ္ဌာန်း တောင်းလေ၏၊ မလယဝါသီ ရေဝတမထေရ်က ငါ့ရှင်သည် အဘယ်သို့သော ပရိယတ်ကို လေ့လာပါသနည်းဟု မေးလေသည်၊ အရှင်ဘုရား မဇ္ဈိမနိကာယ်ကို လေ့လာပါသည်ဟု လျှောက်လေ၏၊ အို-ငါ့ရှင်, ဤမဇ္ဈိမနိကာယ်သည် ဆောင်နိုင် ခက်လှ၏၊ မူလပဏ္ဏာသကို သရဇ္ဈာယ်သော သူအား မဇ္ဈိမပဏ္ဏာသသို့ ရောက်၏၊ မဇ္ဈိမပဏ္ဏာသကို ရွတ်ဘတ်သော သူအား ဥပရိပဏ္ဏာသသို့ ရောက်၏၊ သင်အား ကမ္မဋ္ဌာန်းယူ

သဖြင့် အဘယ်မှာ ဖြစ်နိုင်ပါအံ့နည်းဟု မိန့်ဆိုလေ၏၊ အရှင်ဘုရား, အရှင်တို့၏ အထံမှ ကမ္မဋ္ဌာန်းကို ယူပြီးသော် တဖန်ပြန်၍ မကြည့်ပါတော့အံ့ဟု ဆိုပြီးလျှင် ကမ္မဋ္ဌာန်းယူ၍ ၁၉-နှစ်ပတ်လုံး ရွတ်ဘတ်သရဇ္ဈာယ်ခြင်းကို မပြုမူ၍ အနှစ် နှစ်ဆယ်ခြောက်သော နှစ်၌ အရဟတ္တဖိုလ်သို့ ရောက်၍ ရွတ်ဘတ် သရဇ္ဈာယ်ခြင်းငှါ လာကြကုန်သော ရဟန်းတို့အား အို-ငါ့ရှင်တို့, ပရိယတ္တိကို လွှတ်ထားသည့်မှာ ငါ့အား အနှစ် နှစ်ဆယ်ပြည့်ခဲ့ပြီ၊ ထိုသို့ပင် ဖြစ်သော်လည်း ငါသည် ဤမဇ္ဈိမနိကာယ်၌ အနေလ့အလာ ပြုထားအပ်၏၊ အားထုတ်ကြကုန်လော့ဟု ဆို၍ အစမှ စ၍ အဆုံးတိုင်အောင် ရွတ်ဘတ်ရာ ပုဒ်ဖျည်းတလုံးကိုမျှလည်း ထို မထေရ်အား ယုံမှားခြင်းမဖြစ်။

**ကာရုဠိယ**တောင်တွင် နေလေ့ရှိသော **အရှင်နာဂမဟာထေရ်**သည်လည်း ဆယ့်ရှစ်နှစ်တိုင်တိုင် ပရိယတ္တိကို စွန့်လွှတ်၍ ရဟန်းတို့အား ဓာတုကထာကို ပို့ချ၏၊ **အနုရာဓ**မြို့နေ ဂါမဝါသီ ရဟန်းတို့နှင့် နှီးနှောကြရာ ထိုရဟန်းတို့အား တခုသော အမေးပုစ္ဆာမျှလည်း အစဉ်ချွတ်ယွင်းသည် မဖြစ်။

**မဟာဝိဟာရ**ကျောင်းတိုက်ကြီး၌လည်း **တိပိဋက စူဠာဘယ** အမည်ရှိသောမထေရ်သည် အဋ္ဌကထာကို မသင်မူ၍ နိကာယ် ငါးရပ်ကိုသင်ကြားပြီးသော် ပရိယတ်၌ ပိဋကတ်သုံးပုံကို ဖွင့်ပြပေအံ့ဟု တရားစည်ကြီးကို တီးခပ်စေလေသည်၊ ရဟန်းသံဃာတော်များက အဘယ်ဆရာ၏ သင်ကြားနည်း ဖြစ်သနည်း၊ မိမိဆရာ၏ သင်နည်းကိုသာ ပြောဆိုရမည်၊ ဤနည်းမှတပါး ဖွင့်ပြ ဟောကြားခြင်းငှါ အခွင့်မပေးဟု ဆိုကြကုန်၏၊ ဥပဇ္ဈာယ် ဆရာသည်လည်း မိမိအား ဆည်းကပ်ခြင်းငှါ လာသော ထို တိပိဋက စူဠာဘယမထေရ်ကို ငါ့ရှင်, သင်သည် တရားစည်ကို တီးစေသလောဟု မေး၏၊ အရှင်ဘုရား ဟုတ်ပါ၏ဟု လျှောက်၏၊ အဘယ်ကြောင့် တီးစေသနည်းဟု မေးပြန်သည်ရှိသော် အရှင်ဘုရား, ပရိယတ်ကို ဖွင့်ပြဟောကြားပါအံ့ဟု လျှောက်၏၊ မထေရ်

ကြီးက ငါ့ရှင်အဘယ်, ဆရာဟိုသည် ဤပုဒ်ကိုအဘယ်သို့ ဖွင့်ဆိုကြကုန်သနည်းဟု မေး၏၊ အရှင်ဘုရား ဤသို့ ဖွင့်ဆိုပါသည်ဟု လျှောက်လေသော် မထေရ်ကြီးသည် ''**ဟင်**'' ဟုဆို၍ ပယ်၏၊ တဖန် သိရုဋ္ဌာဘာယ မထေရ်က တပါးသော ပရိယာယ်ဖြင့် အရှင်ဘုရား, ဤသို့ဖွင့်ဆိုပါ၏ဟု သုံးကြိမ်တိုင် လျှောက်၏၊ မထေရ်ကြီးသည် အလုံးစုံကိုပင် ''**ဟင်**''ဟု ဆို၍ ပယ်ပြီးလျှင် အို-ငါ့ရှင်အဘယ်, သင်မျိုးဦးပဌမဆိုသော စကားသာလျှင် ဆရာမြတ်တို့ဖွင့်ဆိုချေ အဋ္ဌကထာပေတည်း၊ ဆရာတို့၏နှုတ်မှ လက်ပူးလက်ကြပ် မသင်ယူရသောကြောင့် ဤကဲ့သို့သော ဆရာတို့ဆိုကုန်၏ဟူ၍ တည်ခြင်းငှါ မပါတ်နိုင်ဘဲ ရှိကြလေသည်၊ သွားလေတော့, မိမိအား ဟောကြားခြင်းငှါ သင့်လျော်သောဆရာတို့၏အထံ၌ နာကြားလေလော့ဟု ဆို၏၊ အရှင်ဘုရား, အဘယ်အရပ်သို့ သွားရပါအံ့နည်းဟု လျှောက်ပြန်၏၊ အို-ငါ့ရှင်, ဂင်္ဂါမြစ်၏ဟိုမှာဘက် **ရောဟဏ** ဇနပုဒ်၌ **တုလာဓာရ** အတောင်ပေါ်ကျောင်းတွင် သီတင်းသုံး နေသော အဆုံးအဖြတ်နှင့်တကွ အလုံးစုံပရိယတ်ပိဋကတ်ကို ဆောင်သော **မဟာဓမ္မရက္ခိတ** မထေရ်သည်ရှိ၏၊ ထိုမထေရ်ထံ သို့ သွားလေဟု ဆို၏၊ အရှင်ဘုရား ကောင်းလှပါပြီဟု ဆို၍ မထေရ်ကြီးကို ရှိခိုးပြီးလျှင် ငါးရာသော ရဟန်းတို့နှင့် အတူတကွ မဟာဓမ္မရက္ခိတ မထေရ်၏ အထံသို့သွား၍ရှိခိုး ထိုင်နေ၏၊ မထေရ်ကြီးသည် အဘယ်အကြောင်းကြောင့်ရှိခိုး၍ လာသနည်း ဟု မေး၏၊ အရှင်ဘုရား, အဋ္ဌကထာတရားကိုနာကြားခြင်းငှါ လာပါ၏ဟု လျှောက်၏၊ အို-ငါ့ရှင် အဘယ်, ဒီဃနိကာယ်, မဇ္ဈိမနိကာယ်တို့၌ ငါ့ကို ရံခါရံခါ မေးမြန်းကြကုန်၏၊ ကြွင်းသောနိကာယ်တို့ကိုမူကား ငါသည် သုံးနှစ်သုံးဆယ်တိုင်တိုင် ပြန်၍မျှ မကြည့်စဖူး၊ သို့သော်လည်း သင်သည် ညဉ့်အခါ ငါ၏အထံ၌ ပါဠိတော်ကို ကို ပြန်ဆိုလော့၊ ငါသည်သင့်အား နေ့အခါ၌ ဟောအံ့ဟု ဆို၏၊ အရှင်ဘုရား ကောင်းပါပြီဟု ဆို၍ ထိုဆရာအမိန့်ရှိသော အတိုင်း ပြုလေ၏၊ ပရိဝုဏ်၏တံခါး၌ ကြီးစွာသော မဏ္ဍပ်ကို ဆောက်လုပ်၍ အနုရာဓမြို့ဂါမဝါသီ ရဟန်းတို့သည် နေ့တိုင်းနေ့တိုင်း တရားနာခြင်းငှါ

လာကြကုန်၏၊ အဘယမထေရ်သည် ညဉ့်အခါ၌ ပါဠိတော်ကို ရွတ်ဆို၏။ ထို ညဉ့်အခါ ရွတ်ဆိုသော ပါဠိတော်ကို နေ့အခါ၌ ဖွင့်ဆိုရာ အစဉ်အတိုင်း ဒေသနာတော်သည် ပြီးဆုံးခြင်းသို့ ရောက်ပြီး၍ အင်းပျဉ်ပေါ်တွင် ထိုင်နေသော သရေသည် ကို အင်းပျဉ်မှ ဆင်း၍ ဖျာပေါ်၌ ထိုင်ပြီးလျှင် တပည့်ဖြစ်သော အဘယမထေရ်၏အထံ၌ ငါ့ရှင်အဘယ, ငါ့အား ကမ္မဋ္ဌာန်းကို ဟောပါလော့ဟု တောင်းပန်၏၊ အရှင်ဘုရား အဘယ်သို့ ဆိုတော်မူပါသနည်း၊ အကျွန်ုပ်သည် အရှင်ဘုရားတို့၏အထံ၌ သင်အပ် နာယူအပ်သည် မဟုတ်ပါလော၊ အကျွန်ုပ်သည် အရှင် ဘုရားတို့ မသိအပ်သော အဘယ်ကမ္မဋ္ဌာန်းကို ဟောရပါအံ့ နည်းဟု ဆိုလေ၏၊ ထိုနောက် အဘယမထေရ်ကို မဟာဓမ္မရက္ခိတ မထေရ်သည် အို-ငါ့ရှင်, ဖြင်အပ်ပြီးသော သန္တာန်ရှိ၍ လမ်းခရီး လမ်းမှန် ကျပြီးသောပုဂ္ဂိုလ်၏ ဤကမ္မဋ္ဌာန်းဟူသော လမ်းခရီး သည် သွားကျောင်းသော အဖြစ်နှင့် တူသော ပရိယာယ်ခရီးမှတပါး တခြားပေတည်းဟု ဆို၏၊ အဘယမထေရ်သည် ထိုအခါ သောတာပန် ဖြစ်ပြီးသတတ်၊ ထိုအခါ အဘယမထေရ်သည် ထိုမဟာဓမ္မရက္ခိတ မထေရ်အား ကမ္မဋ္ဌာန်းပေး၍ လာပြီးလျှင် လောဟပါသာဒ ပြာသာဒ်၌ ဝိဋ္ဋကတ်သုံးပုံကို ဖွင့်ဆိုလျက်နေ လေ၏၊ မဟာဓမ္မရက္ခိတမထေရ် ပရိနိဗ္ဗာန်ပြုသည်ဟု ကြားသော ကြောင့် တပည့်ရဟန်းတို့အား အို-ငါ့ရှင်တို့, သပိတ်သင်္ကန်းကို ဆောင်ယူခဲ့ကြလော့ဟု ဆို၍ သင်္ကန်းကို အဝန်းညီစွာ ဝတ်ရုံ ပြီးလျှင် အို-ငါ့ရှင်တို့, ငါတို့၏ဆရာအား အရဟတ္တမဂ်သည် သင့်လျော် လျောက်ပတ်စွာ၏၊ ငါ့ရှင်တို့, ငါတို့၏ဆရာသည် စဉ်းလဲခြင်းမရှိ, ဖြောင့်မတ်၏၊ အကြောင်းဟုတ်, မဟုတ်ကို သိသော အာဇာနည် ပုဂ္ဂိုလ်မြတ်ပေတည်း၊ ထိုမထေရ်မြတ်သည် မိမိ၏ တသင်တပည့်အထံ၌ ဖျာပေါ်တွင်ထိုင်နေ၍ ငါ့အား ကမ္မဋ္ဌာန်းကို ဟောကြားပါလော့ဟု တောင်းဆို ပေ၏၊ အို- ငါ့ရှင်တို့, မထေရ်မြတ်၏ အရဟတ္တမဂ်သည် လျောက်ပတ် သင့် တော်လှစွာ၏ဟု ဆိုလေ၏၊ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်အား ကျမ်းဂန် သင်ကြားခြင်းသည် ပလိဗောဓ မဖြစ်။

**တန်ခိုးဆိုသည်ကား**-ပုထုဇဉ်၌ဖြစ်သော တန်ခိုးကို ဆိုလို၏၊ ထိုပုထုဇဉ်တို့၏ တန်ခိုးသည်ကား ပက်လက် အိပ်တတ်ခါမျှ ဖြစ်သော သူငယ်ကဲ့သို့ရင်း၊ နုသော ကောက်ပင်ကဲ့သို့ရင်း ဆောင်နိုင်ခက်လှ၏၊ အနည်းငယ်မျှသော အနှောင့်အယှက်ဖြင့်လည်း ပျက်စီးတတ်၏၊ ထိုတန်ခိုးဣဒ္ဓိသည် ဝိပဿနာ၏ ပလိဗောဓ ဖြစ်၏၊ သမာဓိ၏ ပလိဗောဓ မဖြစ်၊ အဘယ့်ကြောင့် ဆိုသော် သမာဓိသို့ ရောက်ပြီးမှ ရောက်အပ်သောကြောင့်တည်း၊ ထိုကြောင့် ဝိပဿနာကို အလိုရှိသော ယောဂီပုဂ္ဂိုလ်သည် ဣဒ္ဓိ ပလိဗောဓကိုလည်း ဖြတ်အပ်၏၊ သမာဓိကို အလိုရှိသော ယောဂီ ပုဂ္ဂိုလ်သည် ဣဒ္ဓိမှကြွင်းသော ကိုးပါးသော ပလိဗောဓတို့ကို သာလျှင် ဖြတ်အပ်ကုန်၏။

ဤသည်ကား ရှေးဦးစွာသော ပလိဗောဓနှင့်စပ်သော
စကား၏ အကျယ်ပေတည်း။

## ကမ္မဋ္ဌာန်းနှစ်မျိုး

၄၂။ "**ကမ္မဋ္ဌာန်းပေးတတ်သော မိတ်ဆွေကောင်းကို ချဉ်းကပ်ပြီးလျှင်**"ဟု ဆိုသော စကား၌ ကမ္မဋ္ဌာန်းသည် အလုံးစုံ၌ အလိုရှိအပ်သော သဗ္ဗတ္ထကကမ္မဋ္ဌာန်း ဟူ၍ရင်း၊ စရိုက်အားလျော်စွာ ဆောင်အပ်သော ပါရိဟာရိယ ကမ္မဋ္ဌာန်းဟူ၍ရင်း နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် ရဟန်းသံဃာ အစရှိသည်တို့၌ မေတ္တာပွါးခြင်းသည်ရင်း၊ မရဏဿတိသည်ရင်း၊ သဗ္ဗတ္ထကကမ္မဋ္ဌာန်း မည်၏၊ အသုဘ သညာကိုလည်း သဗ္ဗတ္ထကကမ္မဋ္ဌာန်းဟု အချို့က ဆိုကြကုန်၏။

ကမ္မဋ္ဌာန်းအားထုတ်သော ရဟန်းသည် ရှေးဦးစွာ ပိုင်းခြား၍ ဥပစာရ သိမ်အတွင်း၌ တည်သော ရဟန်းသံဃာကို ဤကျောင်း တိုက်၌ နေကုန်သော ရဟန်းတို့သည် ချမ်းသာကြသည်ဖြစ်ပါစေ၊ ကြောင့်ကြ ကင်းသည် ဖြစ်ပါစေဟု မေတ္တာကိုပွါးအပ်၏၊ ထို့

နောက် ထိုဥပစာရ သိမ်အတွင်းရှိ နတ်တို့ကို, ၎င်းနောက် ဆွမ်းခံရွာ၌ အစိုးရသော မင်းတို့ကို, ထို့နောက် ဆွမ်းခံရွာ၌ နေသော လူတို့ကို အစပြု၍ အလုံးစုံသော သတ္တဝါတို့၌ မေတ္တာကို ပွါးအပ်ကုန်၏၊ ထိုမေတ္တာပွါးခြင်း၏ အကျိုးကား ဟိုကမ္မဋ္ဌာန်း အားထုတ်သော ရဟန်းသည် ရဟန်းသံဃာကို မေတ္တာပွါးခြင်းဖြင့် သီတင်းသုံးဖော် သံဃာတော်တို့အား မိမိအပေါ်မှာ နူးညံ့သော စိတ် ရှိခြင်းကို ဖြစ်စေ၏၊ ထိုသို့ ဖြစ်စေသောကြောင့် ထိုရဟန်းအား သီတင်းသုံးဖော်တို့နှင့် အချင်းချင်း နှလုံးချမ်းမြေ့ခြင်း ရှိကြကုန်၏၊ ဥပစာရ သိမ်အတွင်းရှိ နတ်တို့ကို မေတ္တာပွါးခြင်းဖြင့် နူးညံ့သောစိတ် ရှိကြကုန်သော နတ်တို့သည် တရားနှင့် လျော်သော အစောင့်အရှောက်ကို ကောင်းစွာ စီရင် စောင့်ရှောက်ကြကုန်၏၊ ဆွမ်းခံရွာကို အစိုးရသော မင်းတို့အား မေတ္တာပွါးခြင်းဖြင့် နူးညံ့သော သန္တာန်ရှိကုန်သော မင်းတို့သည် တရားနှင့် လျော်သော အစောင့်အရှောက်ဖြင့် ကောင်းစွာ စောက်ရှောက်အပ်သော ပရိက္ခရာ ရှိ၏၊ ထိုဆွမ်းခံရွာ၌ရှိသော လူတို့ကို မေတ္တာပွါးခြင်းဖြင့် ကြည်ညိုသောစိတ် ရှိကုန်သော ထိုလူတို့သည် မနှိပ်စက်အပ်ဘဲ လှည့်လည်ရ၏၊ အလုံးစုံသော သတ္တဝါတို့၌ မေတ္တာပွါးခြင်းဖြင့် အလုံးစုံသော အရပ်မျက်နှာတို့တွင် အထိအခိုက် အနှောက်အယှက်မရှိဘဲ လှည့်လည်နိုင်၏။

ထို့ပြင် သေရအံ့, သေရအံ့ဟု အဖန်တလဲလဲ အောက်မေ့သော သတိဖြင့် မချွတ်မလွဲ ငါသည် သေရအံ့သည်သာတည်းဟု ကြံအောက်မေ့သောကြောင့် မအပ်သော ပစ္စည်းရှာမှီးခြင်းကို ပယ်၍ အဆင့်ဆင့် ပွါးများသော ထိတ်လန့်ခြင်းသံဝေဂ ရှိသည်, မတွန့်မဆုတ်သောစိတ် ရှိသည်ဖြစ်၏၊ ထို့ပြင် အသုဘသညာ၌ လေ့လာသော ရဟန်း၏စိတ်ကို နတ်အာရုံ အာရုံတို့ပင် ဖြစ်သော်လည်း လောဘ၏အစွမ်းဖြင့် မကုန်စေနိုင်ကုန်၊ တပါးသောအာရုံတို့မှုကား ဆိုဘွယ်ရာပင် မရှိချေ၊ ဤသို့ ကျေးဇူး များသည် ဖြစ်ကြောင့် အလုံးစုံသောကမ္မဋ္ဌာန်းကို အားထုတ်ခြင်း၌ ရှေးဦးစွာ မှီဝဲခြင်းဖြင့် အလိုရှိအပ်၏၊ ထို့ကြောင့်၎င်း, အလိုရှိအပ်

သော ဘာဝနာကို အားထုတ်ခြင်းဟူသော အမှု၏ ဖြစ်ကြောင်း ဖြစ်သောကြောင့်၎င်း သဗ္ဗတ္ထကကမ္မဋ္ဌာန်းဟူ၍ ဆိုအပ်၏။

လေးဆယ်သော ကမ္မဋ္ဌာန်းတို့တွင် အကြင် ကမ္မဋ္ဌာန်းသည် အကြင်ရဟန်း၏ စရိုက်အား လျော်၏၊ ထိုကမ္မဋ္ဌာန်းကို ထို ယောဂီပုဂ္ဂိုလ်သည် အမြဲဆောင်ရွက် အားထုတ်အပ်၏၊ အထက် အထက်ဖြစ်သော ဘာဝနာပွါးမှု၏ နီးစွာသော အကြောင်းဖြစ် သောကြောင့် ပါရိဟာရိယကမ္မဋ္ဌာန်းဟူ၍ ဆိုအပ်၏၊ ဤသို့လျှင် နှစ်ပါး အပြားရှိသော ကမ္မဋ္ဌာန်းကို အကြင်ပုဂ္ဂိုလ်သည် ပေး၏၊ ဤဆရာသည် ကမ္မဋ္ဌာန်းပေးသောဆရာ မည်၏၊ ထိုသို့ ကမ္မဋ္ဌာန်း ပေးတတ်သောဆရာကို ချဉ်းကပ်၍ ဟု ဆိုလိုသည်။

---

### အဆွေခင်ပွန်းကောင်း

ကောင်းသော အဆွေခင်ပွန်း ကလျာဏမိတ္တဆိုသည်ကား—

ပိယော ဂရု ဘာဝနီယော၊
ဝတ္တာ စ ဝစနက္ခမော။
ဂမ္ဘီရဉ္စ ကထံ ကတ္တာ၊
နော စဋ္ဌာနေ နိယောဇကောတိ။

(၁) သီလစင်ကြယ်၍ ချစ်ခင်အပ်သောဂုဏ်,

(၂) သီလ သမာဓိဂုဏ်တို့ကြောင့် အလေးအမြတ် ပြုအပ် သော ဂုဏ်,

(၃) ပေတ္တာရေ မခန်းပွါးစေအပ်သော ဂုဏ်,

(၄) သူ့ကိုကောင်းအောင်ဆုံးမတတ်သော ဂုဏ်,

(၅) သူတပါး၏အဆိုကို ခံနိုင်သော ဂုဏ်,

(၆) နက်နဲသော တရားစကားကို ပြောကြားတတ်သောဂုဏ်,

(၇) မလျောက်ပတ်သော အရာ၌ မတိုက်တွန်းတတ်သော ဂုဏ်,

ဤသို့သော ကျေးဇူးဂုဏ်နှင့် ပြည့်စုံသော အစီးအပွါးကို ရှာလေ့ရှိသော ကြီးပွါးခြင်းအဘို့၌ တည်သောကလျာဏမိတ်သို့ ဆည်းကပ်အပ်၏။

“ဒို-အာနန္ဒာ, ငါဘုရားတည်း ဟူသော မိတ်ဆွေကောင်းကို အကြောင်းပြု၍ ပဋိသန္ဓေယူနေရမှု ဇာတိသဘောသော မကောင်းသော သတ္တဝါတို့သည် ထိုဇာတိသဘောမှ လွတ်ကြကုန်၏” အစရှိသည်ဖြင့် ဟောတော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားကြီးသည် အလုံးစုံဖြစ်သော အခြင်းအရာတို့နှင့် ပြည့်စုံသော ကလျာဏမိတ် မည်၏၊ **ထို့ကြောင့်** ထိုမြတ်စွာဘုရား ရှိတော်မူခဲ့သော် ဘုန်းတော်**ကြီးသော မြတ်စွာ**ဘုရား၏ အထံတော်၌ ယူအပ်သော ကမ္မဋ္ဌာန်း**သည် ကောင်းစွာ** ယူအပ်သည် ဖြစ်၏၊ မြတ်စွာဘုရား ပရိနိ**ဗ္ဗာန်စံ**တော်မူ**သည်**ဖြစ်မူကား ရှစ်ကျိပ်သော မဟာသာဝကတို့တွင် **အကြွင်းမဟာသာဝက**သည် ထင်ရှားရှိ၏၊ ထိုထင်ရှားရှိသော မထေရ်အထံ၌ ယူခြင်းငှါ သင့်၏၊ ထို မဟာသာဝကတို့ မရှိခဲ့သော် မိမိယူလိုသော ကမ္မဋ္ဌာန်း၏ အစွမ်းဖြင့် စတုက္ကဈာန် ပဉ္စကဈာန်တို့ကိုဖြစ်စေ၍ ဈာန်လျှင် နီးစွာသော အခြေပါဒရှိသော ဝိပဿနာကိုပွါး၍ အရဟတ္တမဂ်သို့ ရောက်ပြီးသော ရဟန္တာ၏ အထံ၌ ယူအပ်၏၊ အဘယ်သို့နည်း အာသဝေါ ကုန်ခန်းသော ရဟန္တာ ပုဂ္ဂိုလ်သည် ငါရဟန္တာ ပုဂ္ဂိုလ်တည်းဟု မိမိကိုယ်ကို ဖော်ပြလတ္တံ့လော ဟူမူ၊ မိမိကိုယ်ကို ရဟန္တာဟူ၍ အဘယ့်ကြောင့် ဆိုသင့်မည်နည်း၊ ဘာဝနာမှု ပြုအားသန်သည့်၏ အဖြစ်ကိုသိ၍ ပဋိပတ်၏ အချည်းနှီးမဟုတ်ကြောင်းကို ပြ၏၊ **အဿဂုတ္တ** မထေရ်သည် ကိုယ်အသက်ကို မငဲ့မကွက်မူ၍ ကမ္မဋ္ဌာန်း အားထုတ်သော ရဟန်းအား ဤရဟန်းသည် ကမ္မဋ္ဌာန်းမှု ပြုအားသန်ပေသော သူတည်းဟု သိ၍ ကောင်းကင်၌ စမ္မခံကိုခင်းပြီးလျှင် ထိုစမ္မခံ၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေ၍ အနွယ်အဆက်ကို စောင့်ခြင်းငှါ ကမ္မဋ္ဌာန်းကို ဟောဘူးသည်မဟုတ်ပါလော၊ ထို့ကြောင့် မိမိကိုယ်ကို ရဟန္တာဟု အဘယ့်ကြောင့် ဆိုသင့်မည်နည်း၊ ထို့ကြောင့် အကယ်၍ ရဟန္တာ

ပုဂ္ဂိုလ်ကိုရမှု ကောင်းပေ၏၊ မရမူကား အနာဂါမ်ပုဂ္ဂိုလ်, သကဒါဂါမ်ပုဂ္ဂိုလ်, သောတာပန်ပုဂ္ဂိုလ်, ဈာနလာဘီပုဂ္ဂိုလ်, ပုထုဇဉ်ဖြစ်လျက်ပိဋကသုံးပုံဆောင်, နှစ်ပုံဆောင်, တပုံဆောင်, ပုဂ္ဂိုလ်တို့တွင် ရှေ့ ရှေ့ပုဂ္ဂိုလ်၏အထံ၌ ယူအပ်၏၊ ပိဋကတ်တပုံဆောင်ပုဂ္ဂိုလ်ကိုသော်လည်း မရခဲ့သော် တခုသော နိကာယ်မျှကို အဋ္ဌကထာနှင့်တကွ လေ့လာသောပုဂ္ဂိုလ်သည် လဇ္ဇီသူတော်ကောင်းပုဂ္ဂိုလ် ဖြစ်ခဲ့၊ ထိုပုဂ္ဂိုလ်၏အထံ၌ ယူအပ်၏၊ ဤသို့သဘောရှိသော လဇ္ဇီပေသလ သိက္ခာကာမ ဗဟုဿုတရှိသောပုဂ္ဂိုလ်သည် သုတ်ကို မြဲစွာဆောင်သော အမျိုးအနွယ်ကိုစောင့်ရှောက်သော အစဉ်အဆက်ကို စောင့်ရှောက်သောဆရာဖြစ်၍ ဆရာ၏ ဩဝါဒကို မလွန်မကျူး အမြဲယူဉ်သည်သာလျှင်ဖြစ်၏၊ မိမိ၏အယူကိုသာ လိပ်ခဲကည်းလည်း ဆိုတတ်သည်မဟုတ်၊ ထို့ကြောင့် ရှေးမထေရ်ကြီးတို့သည် "**လဇ္ဇီပုဂ္ဂိုလ်သာသနာတော်ကို စောင့်ပေလတ္တံ့၊ လဇ္ဇီပုဂ္ဂိုလ် သာသနာတော်ကို စောင့်ပေလတ္တံ့၊ လဇ္ဇီပုဂ္ဂိုလ် သာသနာတော်ကို စောင့်ပေလတ္တံ့**" ဟု သုံးကြိမ် သုံးဖန် ဆိုတော်မူကြကုန်ပြီ။

ဤကမ္မဋ္ဌာန်းပေးဆရာ ကလျာဏမိတ္တတို့တွင် ရှေ့ကဆိုခဲ့ပြီးသော ခီဏာသဝ အစရှိသည်တို့သည် မိမိတို့ ရဘူး သွားဘူးသော ကမ္မဋ္ဌာန်း လမ်းကြောင်းကိုသာလျှင် ကြားနိုင်ကြကုန်၏၊ အကြားအမြင် များသော ဗဟုဿုတပုဂ္ဂိုလ်သည် ထိုထို ဆရာတို့ကို ချဉ်းကပ်၍ သင်ကြား မေးမြန်းခြင်းဖြင့် သုတ်သင် ရှင်းလင်းအပ်ပြီးသည့်အဖြစ်ကြောင့် နိကာယ်ကြီး ငါးရပ်တွင် ဤမည်ဤမည်သော နိကာယ်မှ ကမ္မဋ္ဌာန်းအားလျော်သော သုတ်ကိုငှင်း, အကြောင်းယုတ္တိကိုငှင်း မြဲစွာမှတ်၍ ကမ္မဋ္ဌာန်းတောင်းသောသူနှင့် လျော်ပတ်သည် မလျော်ပတ်သည်ကို နှိုင်းယှဉ်ဆင်ခြင်၍ ချုံစေးပိတ်ထူသောအရပ်သို့ ဖြောင့်ဖြောင့်နင်း၍ သွားနိုင်သော ဆင်ပြောင်ကြီးကဲ့သို့ ကမ္မဋ္ဌာန်းလမ်းစဉ်ကို ကျယ်ဝန်းစွာ ပြ၍ပြလျက် ကမ္မဋ္ဌာန်းကို ဟောပေလတ္တံ့၊ ထို့ကြောင့် ဤသို့သဘောရှိသော ကမ္မဋ္ဌာန်းပေးသူ ဆရာ

မိတ်ဆွေခင်ပွန်းကောင်းကို ချဉ်းကပ်၍ ထိုဆရာ၏ ဝတ်ကြီး ဝတ်ငယ်ကို ကြေကုန်အောင် ပြုပြီးလျှင် ကမ္မဋ္ဌာန်းကို ယူအပ်၏။

အကယ်၍ ထိုသို့သောဆရာကို မိမိနှင့် တကျောင်းတည်းမှာ ရနိုင်ပါမူ ကောင်းလှ၏၊ မရနိုင်သော်ကား ထိုကလျာဏမိတ္တ ပုဂ္ဂိုလ်နေသော ကျောင်းသို့ သွားအပ်၏၊ သွားသည်ရှိသော် ခြေကိုရေဆေး၍ ဆီပြောင်အောင် လိမ်းလျက် ဘိနပ်ကိုစီးပြီးလျှင် ထီးရိုးရှည်ကြီးကို ဆောင်းခါ တပြောက်ပြောက်ကိုင်လျက် ဆီပုံး ပျားရည်အိုး တင်လဲအိုး စသည်တို့ကို လက်ဆောင်အဖြစ် ကိုင်စေ၍ တပည့်တို့ဖြင့် ခြံရံကာ ကယ်ထယ်ဝါဝါ မသွားသင့်၊ ခရီးသွား ရဟန်းတို့ ပြုအပ် ပြုသင့်သောဝတ်ကို ပြည့်စုံစေ၍ မိမိ၏သပိတ် သင်္ကန်းကို တပည့်ဝန်ထမ်းမခေါ်, ကိုယ်တိုင်ကိုင်ယူ၍ ယမ်း ခရီးအကြား ထိုထိုကျောင်းတို့သို့ ဝင်ရာ၌လည်း အာဂန္တုက ဝတ်, ဂမိကဝတ်များကို လျော်စွာပြုပြီးလျှင် အဆောင်အယောင် မများ ပေါ့ပါးသော ပရိက္ခရာရှိသည်, အလွန် ခေါင်းပါးသော အသက်မွေးခြင်းရှိသည်ဖြစ်၍ သွားအပ်၏။

ထိုကလျာဏ မိတ်ရှိသောကျောင်းသို့ ဝင်သော ရဟန်းသည် ခရီးအကြားကပင်လျှင် ဒန်ပူကိုကပ္ပိစေ၍ ယူဆောင်၍ ဝင်အပ်၏၊ တခဏမျှ အမောအပန်းဖြေပြီးလျှင် ခြေကိုရေဆေးခြင်း, ဆီ လိမ်းကျံခြင်း စသည်ကို ပြုပြီးမှ ဆရာ၏အထံသို့ သွားအံ့ဟု ရည်ရွယ်၍ အခြားသော ပရိဝုဏ်သို့ မဝင်သင့်၊ အဘယ့်ကြောင့် ဆိုသော် ထိုဝင်သောကျောင်းမှာ ထိုရဟန်း၏ ကမ္မဋ္ဌာန်း ဆရာနှင့် မသင့်တင့်သောရဟန်းတို့ အကယ်၍ ရှိသည်ဖြစ်ခဲ့သော် ထိုထို ရန်သူ ရဟန်းတို့က လာခြင်း၏ အကြောင်းများကို မေး မြန်း၍ ထိုကမ္မဋ္ဌာန်း ဆရာ၏ ကျေးဇူးမဲ့ကို ပြုပြီးလျှင် ထိုဆရာ၏ အထံသို့ အကယ်၍ သွားမိမူကား ပျက်စီးလေရာသည်ဟု ဆိုခဲ့ သော် နှလုံး မသာယာခြင်း ဖြစ်၍ ထိုအရပ်မှ ပြန်နစ်လေရာ၏၊ ထိုသို့ သဘောရှိသော နှလုံး မသာယာခြင်းကို ဖြစ်စေကုန်ရာ၏၊ ထို့ကြောင့် ကမ္မဋ္ဌာန်းဆရာ၏ နေရာဌာနကို မေး၍ ဖြောင့်ဖြောင့် ထိုဆရာထံ ရောက်အောင် သွားရမည်။

ဆရာသည် အကယ်၍ သီတင်းငယ်မူကား သပိတ် သင်္ကန်း ယူခြင်းစသည်တို့ကို မသာယာအပ်ကုန် သီတင်းကြီးဖြစ်မူ သွား၍ ဆရာကို ရှိခိုးပြီးလျှင် ရပ်အပ်၏၊ ဒို-ငါ့ရှင်,သပိတ် သင်္ကန်းကို ချလော့ဟု ဆိုမူ ချအပ်၏၊ သောက်ရေကို သောက်လော့ဟု ဆိုသည်ရှိသော် အကယ်၍ အလိုရှိအံ့, သောက်အပ်၏၊ ခြေတို့ကို ဆေးလော့ဟု ဆိုသည်ရှိသော် အဆောတလျင် ရုတ်တရက် မဆေးတည့်အပ်၊ အဘယ့်ကြောင့်ဆိုသော် ဆရာ ခပ်၍ ဆောင်ယူအပ်သော ရေဖြစ်မူ, သင့်လျော် လျောက်ပတ်သည် မဖြစ်ရာ၊ ဒို-ငါ့ရှင်, ခြေဆေးလော့ ငါခပ်သောရေမဟုတ်, အခြားသူတို့ ခပ်ထားသော ရေတည်းဟု ဆိုသောအခါမှ ဆရာ မမြင်ရာ ဖုံးကွယ်ရာ အရပ်၌၎င်း, လွင်တီးခေါင် အရပ်၌၎င်း, ကျောင်း၏ အစွန်၌၎င်း ခြေတို့ကို ရေဆေးအပ်ကုန်၏။

ဆရာသည် ဆီကျည်ကို အကယ်၍ ဆောင်ခဲ့အံ့, လက်နှစ်ဘက်တို့ဖြင့် ရိုသေစွာ လှမ်းယူအပ်၏၊ အဘယ့်ကြောင့် ဆိုသော် အကယ်၍ လှမ်းမယူလျှင် ဤရဟန်းသည် ဤအခါမှစ၍ အတူတကွ သုံးဆောင်ခြင်းကို ပျက်စေ၏ဟု ဆရာ၏စိတ်မှာ တပါးသော အခြင်းအရာ ဖြစ်လေရာသည်၊ ယူပြီး၍လည်း ချက်ခြင်း ခြေတို့ကို မလိမ်းအပ်သေး၊ ထိုဆီသည် အကယ်၍ ဆရာ၏ကိုယ်ကို လိမ်းသောဆီဖြစ်ခဲ့အံ့, မသင့်လျော် မလျောက်ပတ် ဖြစ်ရာ၏၊ သို့ဖြစ်၍ နဖူးကိုလိမ်းကျံပြီးမှ ပခုံးလည်ကုတ် စသည်ကို လိမ်းအပ်ကုန်၏၊ ဒို-ငါ့ရှင်, ဤဆီသည် ခပ်သိမ်းကုန်သော ကိုယ်အင်္ဂါတို့ကို လိမ်းခြင်းငှါ ဆောင်အပ်သောဆီတည်း၊ ခြေတို့ကိုလည်း သုတ်လိမ်းလော့ဟု ခွင့်ပြုသည်ရှိသော်ကား အနည်းငယ် ဦးခေါင်း၌ထည့်၍ ခြေတို့ကိုလည်း လိမ်းပြီးလျှင် အရှင်ဘုရား, ဤဆီကျည်ကို ယူပါအံ့ဟု ဆို၍ ဆရာက ယူခဲ့သော် ပေးအပ်၏။

လာရောက်သောနေ့မှစ၍ အရှင်ဘုရားကျွန်ုပ်အား ကမ္မဋ္ဌာန်းကို ပြောကြားပါလော့ဟု မဆိုအပ်၊ ဒုတိယနေ့မှ အစပြု၍ အကယ်၍ ပြကတေ့အလုပ်အကျွေးသည် ရှိအံ့, ထိုအလုပ်အကျွေးယ်တွင် တောင်းပန်၍ ဝတ်ကိုပြုအပ်၏၊ တောင်းပန်သော်လည်း

အကယ်၍ ခွင့်မပြုအံ့, အခွင့်ရသောအခါ ပြုအပ်၏။ ဝတ်ပြုသော ရဟန်းသည် အငယ် အလတ် အကြီး သုံးမျိုးသော ဒန်ပူတို့ကို ကပ်အပ်ကုန်၏၊ အအေး အပူ နှစ်မျိုးသော မျက်နှာသစ်ရေ, ချိုးရေတို့ကို စီရင်အပ်ကုန်၏၊ ထိုစီရင်အပ်သောရေမှ အကြင်ရေကို ဆရာသည် သုံးရက်ပတ်လုံး သုံးဆောင်၏၊ ထိုဆရာ ကြိုက်သောရေကိုသာ အမြဲကပ်အပ်၏၊ အမှတ်မပြုမူ၍ ကြုံရာ တွေ့ရာရေကို သုံးဆောင်သော ဆရာအား ရသောရေကိုပင် ကပ်အပ်၏၊ များစွာဆိုသဖြင့် အဘယ်အကျိုး ရှိတော့အံ့နည်း။ "ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အို–ရဟန်းတို့, အတွင်းနေတပည့်သည် ဆရာ၌ကောင်းစွာ ဝတ်ကိုပြုအပ်၏၊ ထိုစကား၌ ဤဆိုလတ္တံ့သည်ကား ကောင်းစွာဂတ်ပြုခြင်းပေတည်း၊ စောစောထ၍ ဘိနပ်ချွတ်ပြီးလျှင် ပခုံးတဘက်၌ ကိုယ်ဝတ်ကို စမွာယ်တင်ရုံ၍ ဒန်ပူကိုပေးအပ်၏၊ မျက်နှာသစ်ရေကိုပေးအပ်၏၊ နေရာကို ခင်းအပ်၏၊ အကယ်၍ ယာဂုရှိမူ, ခွက်ကို ဆေးကြော၍ ယာဂုကို ကပ်အပ်၏" အစရှိသည်ဖြင့် ခန္ဓက၌ ကောင်းစွာ ဝတ်ပြုခြင်းကို ပညတ်တော်မူ၏၊ ထိုအလုံးစုံကိုပင် ပြုအပ်၏၊ ဤသို့လျှင် ဝတ်နီပါတ်နှင့်ပြည့်စုံစွာ ဆရာကို နှစ်သက်စေသည် ဖြစ်၍ ညချမ်းအခါ ဆရာကိုရှိခိုး၍ သွားလေတော့ဟု ဆရာက လွှတ်သည်ရှိသော် သွားအပ်၏၊ အကြင်အခါ၌ ဆရာက အဘယ့်ကြောင့် လာသနည်းဟု မေးခဲ့သော် လာခြင်း၏ အကြောင်းကို ပြောဆို လျှောက်ထားအပ်၏၊ ဆရာက အကယ်၍ မမေးသည်ဖြစ်အံ့, ဝတ်ပြုသည်ကို သာယာအံ့, တလသော်၎င်း, လခွဲသော်၎င်း လွန်သောအခါ တနေ့သ၌ ညနေချမ်းအခါ သွားလေတော့ဟု လွှတ်သော်လည်း မသွားမူ၍ အခွင့်တောင်း ပြီးလျှင် လာခြင်း၏ အကြောင်းကို လျှောက်ထားအပ်၏၊ အခါ မဟုတ်သည်၌ သွား၍ အဘယ်အကျိုးငှါ လာသနည်းဟု မေး သော်လည်း လျှောက်ကြားအပ်၏၊ ထိုဆရာက စောစောလာခဲ့ဟု ဆိုအံ့, စောစောကပင် သွားအပ်၏၊ ကမ္မဋ္ဌာန်းတောင်းသော ရဟန်းသည် ထိုဆရာခေါ်သော အချိန်မှာ သည်းခြေနာကြောင့် ဝမ်းပူလောင်ခဲ့သော်၎င်း, ဝမ်းမီးညှံ့၍ အစာမကြေနာ ရှိခဲ့သော်

ရင်း, တစုံတခု ရောဂါနှိပ်စက်ခဲ့သော်ရင်း ထိုမိမိ၌ ဖြစ်သမျှသော အနာကို ဟုတ်တိုင်းမှန်စွာ ထင်စွာပြု၍ မိမိအား ကိုယ်စိတ်ကျန်းမာ လျောက်ပတ်သောအခါကို ကြားလျောက်၍ ကပ်အပ်၏၊ အဘယ့်ကြောင့်ဆိုသော် မလျောက်ပတ်သောအခါ၌ ဆရာ ဟောအပ်ပါသော်လည်း ကမ္မဋ္ဌာန်းကို နှလုံး သွင်းခြင်းငှါ မတတ်နိုင်ချေ၊ ထို့ကြောင့်မကပ်အပ်။ ဤသည်ကား **ကမ္မဋ္ဌာန်း ပေးတတ်သော ကလျာဏမိတ္တပုဂ္ဂိုလ်ကို ကပ်၍** ဟူသော စကား၏ အကျယ်ဝိတ္ထာရပေတည်း။

## စရိုက်ခြောက်ပါး

၄၃။ "**မိမိ၏စရိုက်အားလျော်စွာ**"ဟူသော စကား၏အကျယ်ကို ဖွင့်ဆိုပေအံ့၊ ဤစကားတွင် စရိုက်ဆိုသည်ကား ရာဂစရိုက်, ဒေါသစရိုက်, မောဟစရိုက်, သဒ္ဓါစရိုက်, ဗုဒ္ဓိစရိုက်, ဝိတက်စရိုက်ဟူ၍ စရိုက်ခြောက်ပါး ရှိ၏၊ အချို့သော ဆရာတို့သည်ကား ရာဂ အစရှိသည်တို့၏ ရောနှောခြင်း တကွဖြစ်ခြင်း၏ အစွမ်းဖြင့် တပါးသော စရိုက်လေးပါးတို့ကိုရင်း, ထို့အတူ သဒ္ဓါ အစရှိသည်တို့၏ ရောနှောခြင်း တကွဖြစ်ခြင်း၏ အစွမ်းဖြင့်လေးပါးတို့ကိုရင်း ဤရှစ်ပါးနှင့်တကွ တဆဲ့လေးပါးသော စရိုက်တို့ကို အလိုရှိကြကုန်၏၊ ဤသို့ သဘောရှိသော အပြားကို ဆိုသည်ရှိသော် ရာဂအစရှိသည်တို့၏ သဒ္ဓါ အစရှိသည်တို့နှင့် ရောနှောခြင်းကို ပြုပြီးလျှင် များစွာသော စရိုက်တို့ကို ဆိုအပ်ကုန်၏၊ ထို့ကြောင့် အကျဉ်းအားဖြင့် စရိုက်ခြောက်ပါးကိုသာ သိအပ်ကုန်၏။

"**စရိယ** ဟူသော သဒ္ဒါ, **ပကတိ** ဟူသော သဒ္ဒါ, **ဥဿန္နတာ** ဟူသော သဒ္ဒါတို့သည် အနက်အားဖြင့် တူကုန်၏၊ ထိုမူလ စရိုက်တို့၏ အစွမ်းဖြင့် ရာဂ ထူပြောသောပုဂ္ဂိုလ်, ဒေါသ ထူပြောသောပုဂ္ဂိုလ်, မောဟ ထူပြောသောပုဂ္ဂိုလ်, သဒ္ဓါ

အားကောင်းသော ပုဂ္ဂိုလ်, ပညာအားကောင်းသော ပုဂ္ဂိုလ်, ဝိတက် အားကောင်းသော ပုဂ္ဂိုလ်ဟူ၍ ပုဂ္ဂိုလ် ခြောက်မျိုး ဖြစ်ကုန်၏။

ထို ခြောက်ဦးသော ပုဂ္ဂိုလ်တို့တွင် ရာဂထူပြော အားကောင်းသော ပုဂ္ဂိုလ်အား ကုသိုလ်စိတ်ဖြစ်သောအခါ၌ သဒ္ဓါတရားသည် အားကောင်း၏၊ ရာဂနှင့်နီးသော ဂုဏ်ရှိသောကြောင့် ဖြစ်၏၊ အကုသိုလ်အဘို့မှာ ရာဂသည် သိမ်မွေ့ နူးညံ့သည် မကြမ်းတန်း မရုန့်ရင်းသည် ဖြစ်သကဲ့သို့ ထို့အတူ ကုသိုလ်အဘို့မှာ သဒ္ဓါသည် နူးညံ့သိမ်မွေ့၏၊ မကြမ်းတန်း,ရာဂသည် ဝတ္ထုကာမကို ရှာသကဲ့သို့ ထို့အတူ သဒ္ဓါသည် သီလစသော ဂုဏ်တို့ကိုရှာ၏၊ ရာဂသည် အကျိုးစီးပွါးမဲ့ကို မစွန့်သကဲ့သို့ ဤအတူ သဒ္ဓါသည် အကျိုးစီးပွါးကိုမစွန့်၊ ထို့ကြောင့် ရာဂထူပြော အားကောင်းသော ပုဂ္ဂိုလ်အား သဒ္ဓါထူပြော အားကောင်းသော ပုဂ္ဂိုလ်နှင့်တူသော သဘောရှိသည် ဖြစ်၏။

ဒေါသထူပြော အားကောင်းသော ပုဂ္ဂိုလ်အား ကုသိုလ် ဖြစ်သောအခါ၌ ဒေါသနှင့်နီးသော ဂုဏ်ရှိသည်အဖြစ်ကြောင့် ပညာအားရှိသည် ဖြစ်၏၊ **ဥပမာသော်ကား**—အကုသိုလ်အဘို့၌ ဒေါသသည် သိမ်မွေ့ နူးညံ့သည်ဖြစ်၍ အာရုံကို မကပ်ငြိသကဲ့သို့ ဤအတူ ကုသိုလ်အဘို့၌ ပညာသည် သိမ်မွေ့နူးညံ့သည်ဖြစ်၍ အာရုံကိုမကပ်ငြိ၊ ဒေါသသည် မမှန်သော အပြစ်ကိုသာလျှင် ရှာသကဲ့သို့ ဤအတူ ပညာသည် ဟုတ်မှန်သော အပြစ်ကိုရှာ၏၊ ဒေါသသည် သတ္တဝါကို ကြဉ်ရှောင်သော အခြင်းအရာအားဖြင့် ဖြစ်၏သို့ ဤအတူ ပညာသည် သင်္ခါရကို ကြဉ်ရှောင်သော အခြင်းအရာအားဖြင့် ဖြစ်၏၊ ထို့ကြောင့် ဒေါသ ထူပြော အားကောင်းသော ပုဂ္ဂိုလ်အား ပညာထူပြော အားကောင်းသောပုဂ္ဂိုလ်နှင့် တူသော သဘောရှိသည် ဖြစ်၏။

မောဟ ထူပြော အားကောင်းသောပုဂ္ဂိုလ်အား မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှါ လုံ့လပြုသည် ရှိသော် အန္တရာယ်ကိုပြုတတ်ကုန်သော မိစ္ဆာဝိတက် မိစ္ဆာသက်ပွ

တို့သည် ဖြစ်ပေါ်လာကုန်၏၊ အကြောင်းမူကား မောဟနှင့် နီးသော လက္ခဏာရှိသည် အဖြစ်ကြောင့်ပေတည်း၊ ဥပမာ အားဖြင့် မောဟသည် တွေဝေခြင်းဖြင့် ထက်ဝန်းကျင် နှောက်ရှက်သောကြောင့် အမြဲမတည် ဖြစ်သကဲ့သို့ ဤအတူ ဝိတက်သည် အထူးထူးအပြားပြားသော အာရုံကို ကြံတတ်သောကြောင့် အမြဲမတည် ဖြစ်၏၊ မောဟသည် အာရုံသို့ သက်ဝင်၍ မဆုံးဖြတ်နိုင်သောကြောင့် တုန်လှုပ်သကဲ့သို့ ထို့အတူ ဝိတက်သည် လျင်စွာ ရွေ့ပြောင်း၍ ကြံတတ်သောကြောင့် တုန်လှုပ်၏၊ ထို့ကြောင့် မောဟ ထူပြော အားကောင်းသောပုဂ္ဂိုလ်အား ဝိတက် ထူပြော အားကောင်းသော ပုဂ္ဂိုလ်နှင့်တူသော သဘောရှိသည် ဖြစ်၏။

တပါးသော ဆရာတို့ကား တဏှာ, မာန, ဒိဋ္ဌိ၏အစွမ်းဖြင့် ထိုစရိုက်ခြောက်ပါးမှ တပါးသောစရိုက်သုံးမျိုး ရှိကြောင်းကို ဟောကြားကြ ကုန်၏၊ ထို **အပရေဆရာတို့၏** စကား၌ တဏှာ ဟူသည်မှာ ရာဂပင် ဖြစ်၏၊ မာနသည်လည်း ထို ရာဂနှင့် သမ္ပယုတ် ဖြစ်၏၊ ထို့ကြောင့် ထိုတဏှာ, မာန နှစ်ပါးသည် ရာဂစရိုက်ကို လွန်၍မဖြစ်၊ ဒိဋ္ဌိ၏လည်း မောဟလျှင် အကြောင်းရင်းရှိသောကြောင့် ဒိဋ္ဌိစရိုက်သည် မောဟစရိုက်မှာလျော်ဝင်၏။

၄၄။ ထိုစရိုက်တို့သည် အဘယ်တရားလျှင် အကြောင်းရှိကုန်သနည်း၊ ဤ ပုဂ္ဂိုလ်သည် ရာဂစရိုက် ရှိ၏၊ ဤပုဂ္ဂိုလ်သည် ဒေါသစရိုက် ရှိ၏ စသည်တို့တွင် တပါးပါးသောစရိုက် ရှိ၏ဟု အဘယ်သို့လျှင် သိအပ်ပါသနည်း၊ အဘယ်စရိုက်ရှိသော ပုဂ္ဂိုလ်အား အဘယ်အရာတို့သည် သင့်လျော်ပါသနည်း၊ ဤမေးခွန်းတို့၏ အဖြေသော်ကား— ရှေ့စရိုက်သုံးပါးတို့သည် ရှေးဘဝက လေ့ကျက်ဘူးသော အကြောင်းရှိကုန်၏၊ ပထဝီစသောဓာတ် သလိပ် ဟူသောဒေါသအကြောင်း ရှိကုန်၏ဟူ၍ အချို့ဆရာတို့ ဆိုကြကုန်၏။ ရှေး အတိတ်ဘဝက အကောင်းအမွန် နှစ်သက်ဘွယ် အမှုအရာများသောသူ, တင့်တယ်သော အမှုကို ပြုခြင်းများသောသူသည် ရာဂ ထူပြောသည်

ဖြစ်၏၊ နတ်ပြည်မှ စုတေ၍ ဤလူ့ပြည်၌ဖြစ်သော သူသည်လည်း ရာဂ ထူပြော၏၊ ရှေးဘဝက ဖြတ်ခြင်း, သတ်ခြင်း, ရန်မူခြင်း, နှောင်ဖွဲ့ခြင်း များသော သူသည် ဒေါသ ထူပြောသည်ဖြစ်၍ ငရဲရွာ နဂါးမျိုးတို့မှစုတေ၍ ဤလူ့ပြည်၌ ဖြစ်သောသူသည်လည်း ဒေါသထူပြော၏၊ ရှေးဘဝက သေအရက်သောက်ခြင်း များသောသူ, အကြားအမြင် ဝမ်းထဲပညာ, ပညာရှိများသို့ မေးမြန်းခြင်းကင်းသောသူသည် မောဟ ထူပြော၏၊ တိရစ္ဆာန်ဘဝမှ စုတေ၍ ဤလူ့ဘဝတွင် ဖြစ်သောသူသည်လည်း မောဟ ထူပြော၏၊ ဤသို့လျှင် ရှေးဘဝက လေ့ကျက်ခဲ့ဘူးသော အကြောင်းရှိ၏ ဟူ၍ ဆိုကြကုန်၏။

ပထဝီဓာတ်, အာပေါဓာတ် တည်းဟူသော ဓာတ်နှစ်ပါးတို့၏ များပြားသောကြောင့် ပုဂ္ဂိုလ်သည် မောဟစရိုက် ထူပြောသည် ဖြစ်၏၊ ထို့ပြင် နှစ်ပါးသောဓာတ်တို့၏ များသောကြောင့် ဒေါသ ထူပြောသည်ဖြစ်၏၊ အလုံးစုံသော ဓာတ်လေးပါး သမသောကြောင့် ပုဂ္ဂိုလ်သည် ရာဂ ထူပြောသည် ဖြစ်၏၊ ဒေါသတို့တွင်လည်း သလိပ်လွန်သောသူအား ရာဂ ထူပြော၏၊ လေလွန်သောသူအား မောဟ ထူပြော၏၊ တနည်းကား–သလိပ်လွန်ကဲသောသူအား မောဟ ထူပြော၏၊ လေလွန်ကဲသောသူအား ရာဂထူပြော၏၊ ဤသို့လျှင် ဓာတ်,ဒေါသလျှင် အကြောင်းရင်း ရှိကုန်၏ဟု ဆိုကြကုန်၏။

ထို **ကေစိဆရာ၏** စကား၌ ရှေးက အကောင်းအမွန် နှစ်သက်ဖွယ် အမူအရာများသသူ, တင့်တယ်သောအမှုကို ပြုခြင်း များသသူသည်၎င်း, နတ်ပြည်မှ စုတေ၍ ဤလူ့ပြည်၌ ဖြစ်လာသောသူသည်၎င်း အလုံးစုံသောသူတို့သည် ရာဂထူပြောသည်ချည်းသာ မဟုတ်နိုင်ကုန်၊ ထို့ပြင် သတ်ခြင်း, ဖြတ်ခြင်း, နှောင်ဖွဲ့ခြင်း, ရန်မူခြင်း များသောသူ, ငရဲရွာ နဂါးမျိုးမှစုတေ၍ ဤလူ့ပြည်မှာဖြစ်သူ အလုံးစုံသောသူတို့သည်ပင် ဒေါသ,မောဟ ထူပြောခြင်း မဖြစ်နိုင်ကုန်၊ ဤအတူ ဓာတ်တို့၏လည်း ဆိုအပ်ပြီးသော နည်း

ဖြင့် ထူပြောခြင်းကို မှတ်အပ်သော မည်သည် မရှိနိုင်၊ သလိပ် စသော ဒေါသလွန်သဖြင့် ရာဂ ထူပြော၏၊ အစရှိသဖြင့် မှတ် ခြင်းသည်လည်း ရာဂနှင့် မောဟနှစ်ပါးကိုသာ ဆို၏၊ ထိုစကား သည်လည်း ရှေ့နောက် ဆန့်ကျင်၏၊ သဒ္ဓါစရိုက် စသည်တို့တွင် လည်း တခုသောစရိုက်၏ အကြောင်းကို မဆိုခဲ့၊ ထို့ကြောင့် အလုံးစုံသော ကေစိဆရာတို့၏ စကားသည် ပိုင်းပိုင်းခြားခြား မရှိသော စကားဖြစ်၏။

အသင့်အလျော်ကို ဆိုဦးအံ့–ဤစရိုက်၏ အကြောင်းများကို ဖွင့်ဆိုရာ၌ ဤဆိုလတ္တံ့သည်ကား **အဋ္ဌကထာဆရာကြီး** တို့၏ အလိုတော်နှင့်အညီ ဖြစ်သော အဆုံးအဖြတ်ဖြစ်သည့် ဝိပါက ကထာ ဉဿဒကို ကြားရာ၌ ဤသတ္တဝါတို့သည် ရှေးဘဝက ဖြစ်သော လောဘစသော အကြောင်းတို့၏ မြစ်ွဲသောသဘောဖြင့် လောဘ ထူပြောကုန်သည်၊ ဒေါသ ထူပြောကုန်သည်၊ မောဟ ထူပြောကုန်သည်၊ အလောဘ ထူပြောကုန်သည်၊ အဒေါသ ထူပြောကုန်သည်၊ အမောဟ ထူပြောကုန်သည် ဖြစ်ကုန်၏၊ အကျယ်ကို ဆိုဦးမည်၊ အကြင်သူအား ကံကိုဆည်းပူးသောခဏ၌ လောဘ အားသန်၍ အလောဘ သေးသိမ်၏၊ အဒေါသ အမောဟတို့ အားရှိကုန်၏၊ ဒေါသ မောဟတို့ အားနည်းကုန်၏၊ ထိုသူအား အားနည်းသော အလောဘသည် အားကြီးသော လောဘကို နှိပ်နင်းခြင်းငှါ မတတ်နိုင်၊ အဒေါသ အမောဟတို့ သည်ကား အားကြီးကြကုန်သောကြောင့် ဒေါသ မောဟတို့ကို နှိမ်နင်းခြင်းငှါ တတ်နိုင်ကုန်၏၊ ထို့ကြောင့် ထိုပုဂ္ဂိုလ်သည် ထို ကံသည် ပေးအပ်သော ပဋိသန္ဓေအစွမ်းဖြင့် ဖြစ်လတ်သော် လောဘကြီး၏၊ သူတပါးချမ်းသာအောင် ပြေပြေပြစ်ပြစ် ပြောဆို လေ့ရှိ၏၊ အမျက်ထွက်လေ့မရှိ၊ ပညာရှိ၏, ဝဇိရနှင့်တူသော ဉာဏ်ရှိ၏။

အကြင်ပုဂ္ဂိုလ်အားကား ကံကိုအားထုတ်သော ခဏကာလ၌ လောဘ ဒေါသတို့သည် အားရှိကုန်၏၊ အလောဘ အဒေါသ တို့သည်၊ အားနည်းနုံ့နဲ့ကုန်၏၊ အမောဟသည်လည်း **အား**

ကြီး၏၊ မောဟသည် အားနည်း၏၊ ထိုပုဂ္ဂိုလ်သည် အထက်နည်းတူပင် လောဘကြီးသည်လည်းကောင်း, ဒေါသကြီးသည်လည်းကောင်း ဖြစ်၏၊ ပညာသည်ကား ဝရဇိန်မိုးကြိုးစက်ကဲ့သို့ ထက်မျက်စူးရှသောဉာဏ် ရှိ၏၊ **ဒုတိယမဇ္ဈိမထေရ်**ကဲ့သို့ပေတည်း။

အကြင်ပုဂ္ဂိုလ်အား ကံကို အားထုတ်သော ခဏကာလ၌ လောဘ အဒေါသ မောဟတို့သည် အားကြီးကုန်၏၊ ဤမှ တပါးသောအလောဘ စသည်တို့သည်အားနည်းကုန်၏၊ထိုပုဂ္ဂိုလ်သည်လည်း အထက်နည်းအတိုင်းပင် လောဘကြီးသည်ဖြင်း, ဉာဏ်လေးသည်ဖြင်း ဖြစ်၏၊ သူတပါးချမ်းသာအောင် ပြေပြေပြစ်ပြစ် ဆိုလေ့ ရှိ၏၊ အမျက်မထွက်တတ်, အရှင် **မဟာကုလမထေရ်**ကဲ့သို့ ပေတည်း။

ထို့ပြင် အကြင်သူအား ကံကိုအားထုတ်သော ခဏကာလ၌ လောဘ, ဒေါသ, မောဟ သုံးပါးတို့သည် အားရှိကုန်၏၊ အလောဘ အစရှိသည်တို့သည် အားနည်းကုန်၏၊ ထိုသူသည်လည်း ရှေးနည်းအတိုင်းပင် တပ်မက်လိုချင်သည်ဖြင်း, ကြမ်းတန်းသည်ဖြင်း, တွေဝေသည်ဖြင်း ဖြစ်၏။

အကြင် သူအား ကံကိုအားထုတ်ဆဲခဏကာလ၌ အလောဘ ဒေါသ မောဟတို့သည် အားကြီးကုန်၏၊ ဤမှတပါးသော တရားတို့သည် အားနည်းကုန်၏၊ ထိုသူသည်လည်း ရှေးနည်းအတိုင်းပင် တပ်မက်လိုချင်ခြင်းမရှိ၊ နည်းသောကိလေသာ ရှိ၏၊ နတ်၌ ဖြစ်သော အာရုံကို တွေ့ကြုံ၍သော်လည်း တုန်လှုပ်ခြင်းမရှိ၊ ကြမ်းတန်းသည်ဖြင်း, ဉာဏ်ထိုင်းသည်ဖြင်း ဖြစ်၏။

အကြင်သူအား ကံကို အားထုတ်ဆဲခဏကာလ၌ အလောဘ အဒေါသ မောဟတို့သည် အားကြီးကုန်၏၊ ဤမှတပါးသော တရားတို့သည် အားနည်းကုန်၏၊ ထိုသူသည်လည်း ရှေးနည်းအတိုင်းပင် လိုချင်တပ်မက်ခြင်းမရှိ၊ ကြမ်းတန်းခြင်းမရှိ၊ သူတပါးကို ချမ်းသာအောင် ပြုလေ့ရှိသည် ဖြစ်၏၊ ပညာဉာဏ်သော်ကား ထိုင်း၏။

ထို့ပြင် အကြင်သူအား ကံကိုအားထုတ်ဆဲ ခဏကာလ၌ အလောဘ ဒေါသ အမောဟတို့သည် အားရှိကုန်၏၊ ဤမှတပါးသော ဟာရးတို့သည် အားနည်းကုန်၏၊ ထိုသူသည် ရှေးနည်းအတိုင်းပင် လိုချင်တပ်မက်ခြင်းမရှိ၊ ပညာရှိသည်ဖြစ်၏၊ အမျက်ထွက်ခြင်း, ကြမ်းတန်းခြင်းသော်ကား ရှိ၏။

ထို့ပြင် အကြင်သူအား ကံကိုအားထုတ်ဆဲ ခဏကာလ၌ အလောဘ အဒေါသ အမောဟတို့သည် အားရှိကုန်၏၊ လောဘအစရှိသည်တို့သည် အားနည်းကုန်၏၊ ထိုပုဂ္ဂိုလ်သည်လည်း ရှေးနည်းအတိုင်းပင် **မဟာသံဃရက္ခိတ** မထေရ်ကြီးကဲ့သို့ လိုချင်တပ်မက်ခြင်းမရှိ၊ ကြမ်းတန်းခြင်း အမျက်ထွက်ခြင်းမရှိ၊ ပညာဉာဏ်ရှိသည်ဖြစ်၏ ဟု ဤသို့သောစကားကို မိန့်ဆိုအပ်၏။

ဤစရိုက်ကို စိစစ်ရာ၌ လောဘကြီးသူဟူ၍ ဆိုအပ်သည်ကို ရာဂစရိုက် ဟု သိရမည်၊ ကြမ်းတန်းသောသူ နုံ့နှေးသောသူဟု ဆိုရာ၌ ဒေါသစရိုက် မောဟစရိုက်ကို သိရမည်၊ ပညာရှိသူဟု ဆိုရာ၌ ဗုဒ္ဓိစရိုက်ကို သိရမည်၊ မလိုချင်ခြင်း မပြစ်မှား မကြမ်းတန်းခြင်းတို့ကို ပကတိ သဘောအားဖြင့် ကြည်လင်ခြင်းဖြစ်၍ သဒ္ဓါစရိုက် ဟု သိရမည်၊ တနည်းသော်ကား အမောဟ ခြံရံသော အမောဟသည် ပြုပြင်အပ်သော ကံကြောင့်ဖြစ်သောပုဂ္ဂိုလ်သည် ဗုဒ္ဓိစရိုက်ရှိသည်ဖြစ်သကဲ့သို့ အားရှိသော သဒ္ဓါ အခြံအရံရှိသော ကံကြောင့်ဖြစ်သော ပုဂ္ဂိုလ်သည် သဒ္ဓါစရိုက်ရှိသည် ဖြစ်၏၊ ကာမဝိတက် စသည် ခြံရံသော ကံကြောင့်ဖြစ်သော ပုဂ္ဂိုလ်သည် ဝိတက်စရိုက် ရှိသည်ဖြစ်၏၊ လောဘ မောဟ အစရှိသည်ဖြင့် အချင်းချင်း မဆန့်ကျင်ဘဲ ရောနှောခြံရံသော ကံကြောင့်ဖြစ်သောပုဂ္ဂိုလ်သည်ရောသောစရိုက်ရှိသည်ဖြစ်၏၊ဤသို့လျှင်လောဘအစရှိသည်တို့တွင် တပါးပါး အခြံအရံရှိသော ပဋိသန္ဓေကို ဖြစ်စေတတ်သောကံကို စရိုက်တို့၏ အကြောင်းဟူ၍ သိအပ်၏။

၄၅။ **''ဤပုဂ္ဂိုလ်သည် ရာဂစရိုက်ရှိ၏ စသည်ကို အဘယ်သို့ သိအပ်ပါသနည်း''** ဟူသော အမေးစကားကို ဆိုအပ်၏၊ ဤဆိုလတ္တံ့သည်ကား ထိုသို့သိကြောင်း နည်းပေတည်း။

**ဣရိယာပထတော ကိစ္စာ၊**
**ဘောဇနာ ဒဿနာဒိတော။**
**ဓမ္မပ္ပဝတ္တိတော စေဝ၊**
**စရိယာယော ဝိဘာဝယေ။**

ဣရိယာပုထ်အားဖြင့်၎င်း, ကိစ္စအားဖြင့်၎င်း, ဘောဇဉ်အားဖြင့်၎င်း,ကြည့်ခြင်း အစရှိသောအားဖြင့်၎င်း, တရားတို့၏ဖြစ်ခြင်းအားဖြင့်၎င်း စရိုက်တို့ကို ထင်ရှားပြရာ၏။

**ဣရိယာပုထ်အားဖြင့်** ဆိုသည်ကား ရာဂစရိုက်ရှိသော သူသည် ပကတိအတိုင်း သွားမြဲ သွားသည်ရှိသော် ယဉ်ယဉ် ကျေးကျေး တင့်တင့် တယ်တယ် စံပယ်သကဲ့သို့ သွား၏၊ ဖြည်းဖြည်းသာသာ ခြေကိုချ၏၊ ညီညီချ၏၊ ညီညီညာညာ ချီကြွ၏၊ ထိုပုဂ္ဂိုလ်၏ခြေရာသည် အလယ်က မထိသည်ဖြစ်၏၊ ဒေါသစရိုက်ရှိသော သူသည် ခြေဖျားဖြင့် မြေသို့တူးသကဲ့သို့ သွား၏၊ အဆောတလျင် ကတိုက်ကရိုက် ခြေကိုချ၏၊ အဆောတလျင် ခြေကိုကြွ၏၊ ထိုပုဂ္ဂိုလ်၏ ခြေရာသည် နောက်အဘို့သို့ ဆွဲငင်သကဲ့သို့ဖြစ်၏၊ မောဟ စရိုက်ရှိသော သူသည် ယက်ဝန်းကျင် ဖည်ယမ်း ဖည်ယမ်း နှောက်ယှက်သကဲ့သို့ သွား၏၊ ကြောက်ရွံ့လျက် ခြေကိုချ၏၊ ကြောက်ရွံ့သကဲ့သို့ ခြေကိုကြွ၏၊ ထိုပုဂ္ဂိုလ်၏ ခြေရာသည်လည်း အလျင်အဆော ခြေဖျား ဖနောင့်ဖြင့်သာ နင်းမိ၏၊ ထို့ကြောင့် **မာဂဏ္ဍိယသုတ်** အဋ္ဌုပ္ပတ္တိ၌—

**''ရတ္တဿ ဟိ ဥက္ကုဋိကံ ပဒံ ဘဝေ၊**
**ဒုဋ္ဌဿ ဟောတိ ပဒံ အနုကဍ္ဎိတံ။**
**မူဠှဿ ပဒံ သဟသာနုပီဠိတံ၊**
**ဝိဝဋ္ဋစ္ဆဒဿ ဣဒမီဒိသံ ပဒ''န္တိ။**

ရာဂပြောထူသော သူ၏ ခြေရာသည် အလယ်မထိ, ဆောင့်ကြွားကြွားရှိ၏၊ ဒေါသပြောထူသော သူ၏ ခြေရာသည် နောက်အဘို့ကို ဆွဲငင်သကဲ့သို့ရှိ၏၊ မောဟပြောထူသော သူ၏ခြေရာသည် အဆောတလျင် ခြေဖျားဖနောင့်

ဖြင့်သာ ထောက်နင်းမိ၏၊ ကိလေသာအမိုးကို ဖြတ်ချိုး ခွါချပြီးသောပုဂ္ဂိုလ်၏ ခြေရာသည် တညီတညွတ် ကောင်း စွာ ထိသည်ဖြစ်၏၊ ဤခြေရာသည် ကိလေသာ ကင်းကွာ သောပုဂ္ဂိုလ်၏ ခြေရာပေတည်း ဟု ဆို၏။

ရပ်ခြင်းသည်လည်း ရာဂ စရိုက်ရှိသော သူ၏ ရပ်ခြင်းသည် ကြည်ညိုဘွယ်ကို ဆောင်တတ်၏၊ ယဉ်ကျေး တင့်တယ် နှစ်သက် ဘွယ်ရှိ၏၊ ဒေါသ စရိုက်ရှိသော သူ၏ ရပ်ခြင်းသည် ကြမ်းတမ်း ခိုင်မာသော အခြင်းအရာရှိ၏၊ မောဟ စရိုက်ရှိသော သူ၏ ရပ် ခြင်းသည် နှောက်ရှက်သော အခြင်းအရာရှိ၏၊ ထိုင်ခြင်း ဇာရိယာ ပုထ်၌လည်း ဤနည်းအတိုင်းပင်တည်း၊ ရာဂ စရိုက်ရှိသောပုဂ္ဂိုလ် သည် ဖြည်းဖြည်းသာသာ ညီညီညွတ်ညွတ် အိပ်ရာကိုခင်း၍ ဖြေးဖြေး သက်သာလျောင်း၍ ကိုယ်လက် အင်္ဂါတို့ကို ကောင်းစွာ ထား၍ ကြည်ညိုဘွယ်သော အခြင်းအရာအားဖြင့် အိပ်၏၊ ထသောအခါလည်း အဆောတလျင် မကာမူ၍ ရွံရှားသကဲ့သို့ ဖြေးဖြေးသာသာ စကားတုံ့ကို ပြု၏၊ ဒေါသစရိုက်ရှိသော ပုဂ္ဂိုလ်သည်ကား အလျင်အမြန် ဖြစ်ကတတ်ဆန်း အိပ်ရာကိုခင်း၍ ကိုယ်ကိုပစ်လှည်း၍ မျက်မှောင်ကုတ်လျက် အိပ်၏၊ ထသောအခါ လည်း လျင်မြန်စွာထ၍ အမျက်ထွက်သကဲ့သို့ မချေမငံ ဝေါက် ဆတ်သက်စကားကို ပြောဆို၏၊ မောဟ စရိုက်ရှိသော ပုဂ္ဂိုလ် သည် မတင်မတယ် ရှုံ့ရှုံ့စောင်းစောင်း အိပ်ရာကိုခင်း၍ ကိုယ် အင်္ဂါကို ကြဲဖြန့်သကဲ့သို့ဖြစ်၍ များသောအားဖြင့် မှောက်လျက် အိပ်၏၊ ထသောအခါလည်း ဟင်းဟင်း ဟဲဟဲ ဝူးဝါး ဟု သန်းခြင်း ကိုပြု၍ လေးလေးလံလံထ၏၊ သဒ္ဓါစရိုက်ရှိသူ အစရှိသည့် တို့သည်ကား ရာဂစရိုက်ရှိသူ စသည်တို့နှင့်တူကုန်၏၊ ထို့ကြောင့် ထိုပုဂ္ဂိုလ်တို့၏ ဇာရိယာပုထ်သည် ထို့အတူဖြစ်၏၊ ဤသို့လျှင် ရှေးဦးစွာ ဇာရိယာပုထ်အားဖြင့် စရိုက်ကို ထင်ရှားပြအပ်၏။

**ကိစ္စဆိုသည်ကား** တံမြက်လှည်းခြင်း အစရှိကုန်သော ကိစ္စတို့ ကို ပြုကုန်သည်ရှိသော် ရာဂ စရိုက်ရှိသော သူသည် ရှိသေ ကောင်းမွန်စွာ တံမြက်စည်းကိုကိုင်၍ မလျင်မမြန် သဲကို ဖရိုဖရဲ

မကြဲစေမူ၍ရေ အုန်းနှဲပန်းကိုဖြန့်၍ ခင်းဘိသကဲ့သို့ ဖြန့်ခင်းလျက် စင်ကြယ်စွာ အညီအညွတ်လှည်း၍ ဒေါသစရိုက်ရှိသော သူသည် တံမြက်စည်းကို တင်းတင်း ကြပ်ကြပ်ကိုင်ယုပ်၍ လျင်မြန်စွာ ဝဲယာ နှစ်ဘက်သို့ သဲများကို ရွှေ့ရှားစေလျက် ကြမ်းတန်းသောအသံဖြင့် မစင်မကြယ် မညီမညွတ် တံမြက်လှည်း၏၊ မောဟစရိုက်ရှိသော သူသည် လျော့လျော့ တံမြက်စည်းကိုကိုင်၍ ထိုမှ ဤမှ သဲအမှိုက် တို့ကို မွှေနှောက်လျက် မစင်မကြယ် မညီမညွတ်လှည်း၏၊ တို့ အဟူ သက်န်းဖွပ်ခြင်း သက်န်းဆိုးခြင်း အစရှိကုန်သော ခပ်သိမ်း သော ကိစ္စတို့၌လည်း ရာဂစရိုက်ရှိသော သူသည် သိမ်သိမ်မွေ့မွေ့ ကောင်းကောင်းမွန်မွန် ညီညီညွတ်ညွတ် ရိုရိုသေသေ ပြုပြင် လေ့ရှိ၏၊ ဒေါသ စရိုက်ရှိသော သူသည် မြဲမြဲကြပ်ကြပ် မညီ မညွတ် တစိတစောင်း ပြုလေ့ရှိ၏၊ မောဟစရိုက်ရှိသော သူသည် မကျင်မကျွမ်း နှောင့်နှောင့်ရှက်ရှက် ရှုပ်ရှုပ်ထွေးထွေး မညီမညွတ် မပြေမပြစ် မပိုင်းမဖြတ် ပြုလေ့ရှိသည် ဖြစ်၏၊ ရာဂစရိုက်ရှိသော သူ၏ သက်န်းဝတ်ရုံခြင်းသည်လည်း မတင်းလွန်း မလျော့လွန်း ကြည့်ရှု၍ကောင်းသည် အဝန်းညီသည် ဖြစ်၏၊ ဒေါသစရိုက် ရှိသော သူအား တင်းတင်းရင်းရင်း အဝန်းမညီဖြစ်၏၊ မောဟ စရိုက်ရှိသော သူအား ရော့ရဲရော့ရဲ ရှုပ်ရှုပ်ထွေးထွေး ဖြစ်၏၊ သဒ္ဓါစရိုက်ရှိသူ အစရှိသည်တို့ကို ထိုရာဂစရိုက်ရှိသူ အစရှိသည် တို့၏ ပြုပုံမှုပုံကို အစဉ်မှီးသဖြင့် သိအပ်ကုန်၏၊ အဘယ်ကြောင့် ဟူမူ ထိုရာဂ စရိုက်ရှိသော ပုဂ္ဂိုလ်တို့နှင့် တူသော သဘော ရှိသောကြောင့် ပေတည်း၊ ဤသို့လျှင် ကိစ္စအားဖြင့်လည်း စရိုက်တို့ကို ထင်စွာပြအပ်၏။

**ဘောဇဉ်ဆိုသည်ကား** ရာဂစရိုက်ရှိသောသူသည် နူးညံ့သော သိမ်မွေ့ ကောင်းမွန်ချိုမြိန်သော ဘောဇဉ်ကို ကြိုက်တတ်၏၊ သုံး ဆောင်သောအခါလည်း မကြီးလွန်းသော အဝန်းညီသော ဆွမ်းလုပ်ကိုပြု၍ အထူးထူးသော အရသာကို ခံစားလျက် မဆော မလျင်စား၏၊ တစုံတရာ ကောင်းမွန်သော အရသာကို ရသည် ရှိသော် နှစ်သက်ဝမ်းမြောက်၏၊ ဒေါသစရိုက် ရှိသောသူသည်

ကြမ်းသော ဘောဇဉ်ကို ကြိုက်နှစ်သက်၏၊ စားသောအခါလည်း ခံတွင်းပြည့်အောင် ပလုပ်ပလောင်းပြု၍ အရသာ မခံဘဲ မြန်မြန် စားတတ်၏၊ တစုံတရာ မနှစ်သက်ဘွယ်သော အရသာကို ရခဲ့သော် နှလုံး မသာမယာဖြစ်၏၊ မောဟစရိုက် ရှိသူသည် အမှတ်မရှိသော ဘောဇဉ်ကို ကြိုက်တတ်၏၊ စားသောအခါလည်း မညီမညွတ် အနည်းငယ်သော ဆွမ်းလုပ်ကို ပြု၍ ခွက်၌ ဆွမ်းကို စွန့်ပစ်လျက် ခံတွင်းကို လူးလဲစေလျက် စိတ်ပျံ့လွင့်သည် ဖြစ်၍ ထိုထို အာရုံကို ကြံလျက် စား၏၊ သဒ္ဓါစရိုက် ရှိသူအစရှိသည်တို့ ကိုလည်း ထိုလောဘ စရိုက်ရှိသူ အစရှိသည်တို့နှင့် တူသော ကြောင့် ထိုသူတို့၏ နည်းကို အစဉ်မှီးသဖြင့် သိအပ်ကုန်၏၊ ဤသို့လျှင် ဘောဇဉ်အားဖြင့် စရိုက်တို့ကို ထင်ရှားပြအပ်၏။

**ရှုမြင်ခြင်း အစရှိသော အားဖြင့် ဆိုသည်ကား** ရာဂ စရိုက် ရှိသောသူသည် အနည်းငယ်သော နှလုံးမွေ့လျော်စရာ ရူပါရုံကို မြင်၍ အံ့ဘွယ်ဖြစ်သကဲ့သို့ ကြာမြင့်စွာကြည့်၏၊ အနည်းငယ်သော ဂုဏ်ကျေးဇူး၌လည်း ကပ်ငြိ၏၊ ဟုတ်မှန်သော အပြစ်ကိုလည်း မယူဘဲ ဖဲသွားသော်လည်း မလွှတ်လိုသည်သာဖြစ်၍ တငဲ့ ကွက်ကွက် ဖဲသွား၏၊ ဒေါသစရိုက်ရှိသော သူသည် အနည်း ငယ်သော နှလုံးမမွေ့လျော်စရာ ရူပါရုံကိုမြင်၍ ပင်ပန်းသကဲ့သို့ ကြာမြင့်စွာမကြည့်၊ အနည်းငယ်သော အပြစ်ကိုလည်း အမျက် ထွက်ခါ ပင်ပန်းရှာ၏၊ ဟုတ်မှန်သော ဂုဏ်ကျေးဇူးကိုလည်း မယူ တတ်၊ ဖဲသွားသောအခါလည်း လွှတ်လိုသကဲ့သို့ဖြစ်၍ မငဲ့မကွက် ဖဲသွား၏၊ မောဟစရိုက်ရှိသော သူသည် အမှတ်မရှိ တစုံတခုသော ရူပါရုံကိုမြင်၍ သူတပါးကိုယုံ၏၊ (သူတပါးပြောလျှင် တအင်းအင်း လိုက်၍ ယုံကြည်တတ်၏) သူတပါး၏ကဲ့ရဲ့သံကိုကြား၍ ကဲ့ရဲ့၏၊ ချီးမွမ်းသံကိုကြား၍ ချီးမွမ်း၏၊ ဝိမိသည်ကား မသိခြင်းတည်း ဟူသော ဥပေက္ခာဖြင့် လျစ်လျူရှုသည်ဖြစ်၏၊ အသံကို ကြားနာရာ အစရှိသည်တို့၌လည်း ဤနည်းအတိုင်းပင်တည်း၊ သဒ္ဓါစရိုက်ရှိသူ အစရှိကုန်သော သူတို့အား ထိုလောဘစရိုက်ရှိသူ အစရှိသည် တို့နှင့် သဘောတူသောကြောင့် ထိုသူတို့၏နည်းကို အစဉ်မှီးသဖြင့်

သိအပ်ကုန်၏။ ဤသို့ လျှင်မြင်ခြင်း အစရှိသောအားဖြင့် စရိုက်တို့ကို ထင်ရှားပြအပ်၏။

**တရားတို့၏ဖြစ်ခြင်းအားဖြင့် ဆိုသည်ကား** ရာဂစရိုက်ရှိသော ပုဂ္ဂိုလ်အား မိမိ၌ ထင်ရှားရှိသောအပြစ်ကို ဖုံးလွှမ်းခြင်းလက္ခဏာ ရှိသော လှည့်ပတ်ခြင်းမာယာ၊ မိမိ၌ ယင်ရှား မရှိသောဂုဏ်ကို ပြခြင်းလက္ခဏာရှိသော ယုတ်သော အလို သာဌေယျ၊ ကက်ကြွ ထောင်လွှားခြင်းမာန၊ အလိုဆိုး ရမ္မက်ကြီးခြင်း ပါပိစ္ဆတာ၊ အလို ကြီးခြင်း မဟိစ္ဆတာ၊ မရောင့်ရဲခြင်း အသန္တုဋ္ဌိတာ၊ ပြည်ကြီးသူတို့ ကဲ့သို့ စံပယ်သော သူ၏အဖြစ် သိင်္ဂ-ကိလေသာ၊ မိမိကိုယ်ကိုရင်း, မိမိ၏ပစ္စည်း ပရိက္ခရာကိုရင်း, တန်းဆာဆင်ခြင်းဖြင့် လျှပ်ပေါ် သောသူ၏အဖြစ် စာပလျ၊ ဤသို့အစရှိသော အယုတ်တမာ တရား တို့သည် များစွာ ဖြစ်ကုန်၏။ ဒေါသ စရိုက်ရှိသော ပုဂ္ဂိုလ်အား အမျက်ထွက်ခြင်း ကောဓ၊ ရန်ငြိုးဖွဲ့ခြင်း ဥပနာဟ၊ သူ့ဂုဏ် ကျေးဇူးကို ချေဖျက်ခြင်း မက္ခ၊ သူ၏ဂုဏ်ကို ဖျင်းအောင် သိမ်အောင်ပြုခြင်း ပဠာသ၊ ငြူစူခြင်း ဣဿာ၊ ဝန်တိုခြင်း မစ္ဆရိယ အစရှိကုန်သော တရားတို့သည် များစွာဖြစ်ကုန်၏။ မောဟစရိုက် ရှိသော ပုဂ္ဂိုလ်အား စိတ်စေတသိက်တို့၏ ထိုင်းမှိုင်းခြင်း ထိနမိဒ္ဓ၊ စိတ်ပျံ့လွင့်ခြင်း ဥဒ္ဓစ္စ၊ နောင်တ တဖန် ပူပန်ခြင်း ကုက္ကုစ္စ၊ သို့လော သို့လော တွေးတော ယုံမှားခြင်း ဝိစိကိစ္ဆာ၊ မသင့်သောအားဖြင့် မြဲစွာစွဲလန်းခြင်း အာဓာနဂ္ဂါဟိတာ၊ မိမိစွဲလန်းချက် မိစ္ဆာအယူကို စွန့်နိုင်ခဲသောအဖြစ် ဒုပ္ပဋိနိဿဂ္ဂိတာ ဤသို့အစရှိသော တရား တို့သည် များစွာဖြစ်ကုန်၏။

သဒ္ဓါစရိုက်ရှိသောပုဂ္ဂိုလ်အား လွှတ်လွှတ် စွန့်ကြဲခြင်းရှိသော အဖြစ်၊ အရိယာ သူတော်ကောင်းတရားကို နာကြားလိုခြင်း ဝမ်းမြောက်ခြင်း၏ များခြင်း၊ မစဉ်းလဲခြင်း၊ မာယာ မများခြင်း၊ ကြည်ညိုဘွယ်ဖြစ်သော အရာတို့၌ ကြည်ညိုခြင်း အစရှိသော တရား တို့သည် များစွာဖြစ်ကုန်၏၊ ဗုဒ္ဓိစရိုက် ရှိသောပုဂ္ဂိုလ်အား ဆိုဆုံးမ လွယ်သောအဖြစ်၊ ကောင်းသော မိတ်ဆွေ ခင်ပွန်းရှိသောအဖြစ်၊ အစာဘောဇဉ်၌ အတိုင်းအရှည်ကို သိသောသူ၏အဖြစ်၊ သတိ

သမ္ပဇဉ်ရှိခြင်း၊ နိုးကြားခြင်းကို အဖန်ဖန် အားထုတ်ခြင်း၊ ထိတ်လန့်သင့်သော ဇာတိ ဇရာ မရဏ စသော အရာတို့၌ ထိတ်လန့်ခြင်း၊ ထိတ်လန့်သောအတိုင်း အသင့်အားဖြင့် အားထုတ်ခြင်း။ ဤသို့ အစရှိကုန်သော တရားတို့သည် ဖြစ်ကုန်၏။ ဝိတက် စရိုက်ရှိသော သူအား စကားများသော သူ၏အဖြစ်၊ အပေါင်းအဖော်၌ မွေ့လျော်သောသူ၏အဖြစ်၊ ကုသိုလ်တရားကို အားထုတ်ခြင်း၌ မမွေ့လျော်ခြင်း၊ အမြဲမတည်သော ကိစ္စရှိသော သူ၏အဖြစ်၊ ညဉ့်အခါ၌ အကြံအစည်ပြုသော အခိုးလွှတ်ခြင်း၊ နေ့အခါ ထိုညဉ့်က ကြံသောအတိုင်း လုပ်ဆောင်သဖြင့် အလျှံလွှတ်ခြင်း၊ ထိုမှ ဤမှ ထိုထိုဝတ္ထုအာရုံသို့ စိတ်ကိုပေါက်လွှတ် ပြေးစေခြင်း အစရှိကုန်သောတရားတို့သည် များစွာဖြစ်ကုန်၏။ ဤသို့လျှင် တရားတို့၏ ဖြစ်ခြင်းအားဖြင့် စရိုက်တို့ကို ထင်ရှားပြအပ်၏။

ဤစရိုက်တို့ကို ထင်စွာပြခြင်း အစီအရင်များသည် အလုံးစုံသော အခြင်းအရာအားဖြင့် ပါဠိတော်တွင်လည်း မလာ၊ စင်စစ်သော်ကား ဆရာတို့၏ အလိုအတိုင်းသာ ဆိုအပ်လေသည်၊ သို့ဖြစ်၍ လုံးလုံးကြီး အနှစ်သာရ ဟူ၍ မယုံကြည်အပ်၊ အဘယ့်ကြောင့် ဆိုသော် ရာဂစရိုက်ရှိသော သူအား ဆိုအပ်ကုန်သော ဣရိယာပုထ် အစရှိသည်တို့ကို ဒေါသစရိုက်ရှိသူ အစရှိသည်တို့က မမေ့မလျော့ နေခြင်းဖြင့် ပြုခြင်းငှါ တတ်နိုင်ကုန်၏၊ ရောနှောသော စရိုက်ရှိသော ပုဂ္ဂိုလ်အားလည်း တယောက်သာ ဖြစ်ပါလျက် ပြားသော လက္ခဏာရှိသော ဣရိယာပုထ် စသည်တို့သည် မဖြစ်နိုင်ကုန်၊ ထို့ကြောင့် မယုံကြည်အပ်။

**အဋ္ဌကထာ**တို့၌ စရိုက်ကို ထင်စွာပြခြင်း အစီအရင်ကို ဆိုအပ်ပြီ၊ ထိုအဋ္ဌကထာတို့၌ ဆိုသောစကားကိုသာ အနှစ်သာရအားဖြင့် ယုံကြည်အပ်၏၊ ထိုစကား မှန်သည်၊ "စေတော ပရိယညာဏ်ကို ရသောဆရာသည် စရိုက်ကိုသိ၍ ကမ္မဋ္ဌာန်းကို ဟောပေလတ္တံ့၊ အဘိညာဏ်ကို မရသောဆရာသည်ကား ဘပည့်ကို မေးအပ်၏" ဟူ၍ ဆိုအပ်ပြီ၊ ထို့ကြောင့် စေတော ပရိယညာဏ်ဖြင့်သော်၎င်း။ ထိုပုဂ္ဂိုလ်ကိုမေး၍သော်၎င်း ဤ ပုဂ္ဂိုလ်သည် ရာဂစရိုက်ရှိ၏၊

ဤပုဂ္ဂိုလ်သည် ဒေါသစရိုက် အစရှိသည်တို့တွင် တပါးတပါး ရှိ၏ဟူ၍ သိအပ်၏။

၄၆။ အဘယ်စရိုက်ရှိသော ပုဂ္ဂိုလ်အား အဘယ်ဆရာသည် လျောက်ပတ်ပါသနည်း ဆိုရာ၌ ရှေးဦးစွာကျောင်းကို ဆိုမည်၊ ရာဂစရိုက်ရှိသောပုဂ္ဂိုလ်အား လျောက်ပတ်သော ကျောင်းမှာ မစင်ကြယ်သော အရပ်၊ ပွတ်တိုင်ရှိသော ကျောင်းမြေအပြင်၌သာ တည်၍ အထက်က မရှိသောကျောင်း၊ မပြုပြင်အပ်သော နံရံ မြေအမှိုက်ရှိသော တောင်ဝှမ်း၊မြက်မိုးသောကုဋီ၊ သစ်ရွက်မိုးသောစရပ်ဆိုး စသည်တို့တွင် တခုခုသော မြူတို့ဖြင့်ပြွမ်းသော လင်းနို့ ငှက်တို့ဖြင့် ပြည့်သော ကျိုးပေါက်ကွဲပျက်သော အလွန် မြင့်လွန်း နိမ့်လွန်းသော ကြမ်းသော ငန်သော မြေအဘို့ ရှိသော ခြင်္သေ့, သစ်, ကျားစသည် ကြောက်ရွံ့ဘွယ် ဘေးရန်ရှိသော မစင်ကြယ် မညီညွတ်သော ခရီးရှိသော ကျောင်းသည် ရှိ၏၊ ထိုကျောင်း၌ ညောင်စောင်း အင်းပျဉ်တို့သည်လည်း ကြမ်းပိုးတို့ဖြင့် ပြည့်၏၊ ဖောက်ပြန်၏၊ မလှသောအဆင်း ရှိ၏ မကောင်းသော ပုံပန်း သဏ္ဌာန် ရှိ၏၊ ထိုကျောင်းကို ကြည့်သူများပင် စက်ဆုပ်ရွံရှာကြကုန်၏၊ ထိုသို့ သဘောရှိသော ကျောင်းသည် လျောက်ပတ် သင့်လျော်၏၊ အနားပြတ်သော တွဲရရွဲကျသော ချည်မျှင်တို့ဖြင့် ပြွမ်းသော ကွန်ရက်သဏ္ဌာန် ပြုအပ်သော မှုန့်နှင့်တူသော ပျဉ်ပြားကဲ့သို့ ကြမ်းသော အတွေ့ရှိသောညစ်ညမ်း လေးလံသော စပ်ကြိုစပ်ကြား ချုပ်စပ်ဖာထေးအပ်သည်ဖြစ်၍ ငြိုငြင်စွာ ဆောင်အပ်သောအဝတ်ကိုဝတ်ရုံရခြင်းသည်လျောက်ပတ်၏၊သပိတ်သည်လည်း လေးသော မကောင်းသော သဏ္ဌာန် ရှိသော လူခေါင်းခွံကဲ့သို့ ရွံရှာဘွယ်ကောင်းသော အဆင်းမလှသော မြေသပိတ်သည်ရှင်း, အဖာအထေး များသော သံသပိတ်သည်ရှင်း သင့်လျော် လျောက်

ပတ်၏။ ဆွမ်းခံလမ်းသည်လည်း မနှစ်သက်ဘွယ်ရှိသော ရွာနှင့်မနီးသော မညီမညွတ်ဖြစ်မူ လျောက်ပတ် သင့်လျော်၏။ ဆွမ်းခံရွာသည်လည်း အကြင်ရွာ၌ လူတို့သည် မမြင်လေယောင် သွားကြကုန်၏၊ အကြင်ရွာ၌ကား တအိမ်၌မျှလည်း ဆွမ်းကို မရသောကြောင့် ထွက်လာသော ရဟန်းကို အရှင်လာခဲ့ဟုခေါ်၍ ဆွမ်းစားစရပ်သို့ သွင်း၍ ယာဂုထမင်းကို ပေး၍ သွားသည်ရှိသော် နွားတို့ကို ခြံသို့သွင်း၍ သွားဘိသကဲ့သို့ ငဲ့ကွက်ခြင်းမရှိဘဲ သွားကုန်၏၊ ထိုသို့ သဘောရှိသည်ဖြစ်မူ သင့်လျော်၏။ လုပ်ကျွေးသော သူတို့သည်လည်း ကျွန်မူလည်းဖြစ်စေ, အမှုလုပ်မူလည်းဖြစ်စေ အဆင်းသဏ္ဌာန်မလှ,ရှုမကောင်း မြင်မကောင်း ဖြစ်၏၊ ညစ်ထပ်သောအဝတ် နံစေ်သော အနံ့အသက်ရှိသည်ဖြစ်၍ ရွံစရာကောင်း၏၊ မရိုမသေသော အမူအရာဖြင့် ယာဂုထမင်းတို့ကို စွန့်ပစ်သကဲ့သို့ လုပ်ကျွေးကုန်၏၊ ထိုသို့သဘောရှိမှ သင့်လျော် လျောက်ပတ်၏။ ယာဂု ထမင်း ခဲဘွယ်တို့သည်လည်း ကြမ်းသည် အဆင်းမကောင်းသည် ကြိတ်, လမန်း, လူး, ဆန်ကွဲ အစရှိသည်တို့ကို ချက်အပ်သည်ဖြစ်မူ, ရက်တက်ပုပ် ပ အုန်း ရည် ဟင်း ရွက် ကြမ်းကို ချက်အပ်သော ဟင်းဖြစ်မူ သက်သက် ဝမ်းပြည့်ရုံသာ ဖြစ်သော အမှတ်မရှိ တစုံတရာသော စားဘွယ် ခဲဘွယ်သည် သင့်လျော်၏။ ထိုပုဂ္ဂိုလ်အား ဣရိယာပုထ်သည်လည်း ရပ်ခြင်း စင်္ကြံသွားခြင်းသည် သင့်လျော်၏၊ အာရုံသည်ကား နီလကသိုဏ်း အစရှိသော အဆင်းကသိုဏ်းတို့တွင် မစင်ကြယ်သော အဆင်းရှိသော ကသိုဏ်းသည် သင့်လျော်၏။ ဤဆိုအပ်ခဲ့ပြီးသည်ကား ရာဂစရိုက်ရှိသော သူအား လျောက်ပတ်ခြင်းတို့ ပေတည်း။

ဒေါသစရိုက်ရှိသောပုဂ္ဂိုလ်အား မမြင့်လွန်း မနိမ့်လွန်း အရိပ်, ရေနှင့်ပြည့်စုံသော ကောင်းစွာ ဝေဘန်အပ်သော နံရံ, သည်တိုင်,

စောင်းတန်း,လှေကားရှိသော ကောင်းစွာ ပြီးစီးသော ခြူးပန်းခြူးနွယ်အထူးထူးအပြားပြားပန်းချီဆေးရေးကားတို့ဖြင့်တပြောင်ပြောင် တောက်ပသော ညီညွတ်ပြေပြစ် နူးညံ့ သိမ်မွေ့သော မြေအပြင်ရှိသော မြဟ္မာမင်း၏ ဗိမာန်နှင့်တူသော ပန်းဆိုင်းတို့ဖြင့် အဆန်းအကြယ် ဆင်ယင်အပ်သော ပုဆိုးဗိတာန်တို့ဖြင့် ကောင်းစွာ ဟပ်ဆင်အပ်သော သန့်ရှင်းစင်ကြယ် မွေ့လျော်ဘွယ်သော အခင်းတို့ဖြင့် ခင်းကျင်းအပ်သော ညောင်စောင်းအင်းပျဉ်ရှိသော ထိုထို သို့သော အရပ်မှာ မွှေးကြိုင်စေခြင်းငှါ ထားအပ်သော ပန်းကုံး ပန်းခိုင် အခိုး အထုံတို့ဖြင့် တသုန်သုန် မွှေးကြိုင်သော အနံ့ရှိသော အကြင် ကျောင်းသည် မြင်လိုက်ရရုံနှင့်ပင် အားကြီးသော နှစ်သက် ဝမ်းမြောက်ခြင်းကို ဖြစ်စေ၏၊ ဤသို့ သဘောရှိသော ကျောင်းသည် သင့်လျော် လျောက်ပတ်၏။

ထိုကျောင်း၏ လမ်းခရီးသည်ကား အလုံးစုံသော ဘေးရန်တို့မှ ကင်းလွတ်၍ သန့်ရှင်းညီညွတ်သော အပြင်ရှိမှု တန်ဆာဆင်ခြင်းရှိမှု သင့်လျော် လျောက်ပတ်၏။ ဤကျောင်း၌ ကျောင်းပရိက္ခရာ-တို့သည်လည်း ကင်းသန်း, ကြမ်းပိုး, မြွေ, ကြွက်တို့၏ မှီနေရာကို ဖြတ်ခြင်းအလို့ငှါ မများစေဘဲ တခုသောညောင်စောင်းအင်းပျဉ်သည် သင့်လျော် လျောက်ပတ်၏။ ဝတ်ရုံသော သင်္ကန်းသည်လည်း ထို ဒေါသစရိုက်ရှိသော ပုဂ္ဂိုလ်အား စိန့်ပြည်၌ဖြစ်သော ဖဲအဝတ်၊သောမာရပြည်ဖြစ် အဝတ်၊နူးညံ့ သိမ်မွေ့သော ပိုးချည် ဝါချည်ဖြင့် ပြုလုပ်သော ခေါမတိုင်းဖြစ် အဝတ်တို့တွင် အကြင် အဝတ်သည် မွန်မြတ်၏၊ ထိုအဝတ်ဖြင့် ပြုအပ်သော ပေါ့သော ရဟန်းတို့အားလျောက်ပတ်သော ကောင်းစွာ ဆိုးအပ်သည်ဖြစ်၍ စင်ကြယ်သော အဆင်းရှိသော တထပ်သော သင်္ကန်းသည်၎င်း, နှစ်ထပ်သောသင်္ကန်းသည်၎င်း သင့်လျော်၏။ သပိတ်သည်ကား ရေပွက်ကဲ့သို့ ကောင်းသော သဏ္ဌာန်ရှိသော မြကဲ့သို့ ကောင်းမွန် ပြေပြစ်သော အညစ်အကြေးကင်းသော ရဟန်းတို့နှင့် လျောက်ပတ်သဖြင့် အလွန်ထက်ဝန်းကျင်စင်ကြယ်သော အဆင်းရှိသော သံသပိတ်သည် သင့်လျော်၏၊ ဆွမ်းခံ

လမ်းသည် ဘေးရန်ကင်းလွတ်၍ ညီညွတ်သော နှလုံးကိုပွါးစေတတ်သော မနီးလွန်း မဝေးလွန်းသောအရပ်မှာ ဆွမ်းခံရွာရှိသော ခရီးလမ်းသည် သင့်လျော်၏။ ဆွမ်းခံရွာသည်လည်း အကြင်ရွာ၌ လူတို့သည် ယခုပင် အရှင်တို့သည် ကြွလာလတ္တံ့ဟု ချောမော ပြေပြစ်သော အရပ်၌ နေရာကိုခင်း၍ ခရီးဦးကြိုဆို၍ သပိတ်ကိုယူ၍ အိမ်သို့သွင်း၍ ခင်းအပ်သောနေရာမှာ နေစေပြီးလျှင် ရိုသေစွာ မိမိလက်ဖြင့် လုပ်ကျွေးကုန်၏၊ ထိုသို့ သဘောရှိသော ရွာဖြစ်မူ သင့်လျော်၏။ ထိုဒေါသစရိုက်ရှိသောပုဂ္ဂိုလ်၏ အလုပ်အကျွေးတို့သည်ကား အလွန် အဆင်းလှ၏၊ ကြည်ညိုဘွယ်ရှိ၏၊ ကောင်းစွာ ရေချိုး ဖိးလိမ်းအပ်သည်ဖြစ်၍ အခိုးအထုံ ပန်းရနံ့တို့ဖြင့် သင်းတပျံ့ပျံ့ မွှေးကြိုင်သော အနံ့ရှိ၏၊ အထူးထူးသော အရောင်အဆင်းတို့ဖြင့် ဆိုးအပ်သော အဝတ် တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်၏၊ ရိုသေစွာ လုပ်ကျွေးအပ်ကုန်၏၊ ထိုသို့ သဘောရှိသော အလုပ်အကျွေးဖြစ်မူ သင့်လျော်၏။ယာဂု, ထမင်း, ခဲဘွယ်သည်လည်း အဆင်း အနံ့ အရသာနှင့် ပြည့်စုံသော အဆီဩဇာရှိသော နှလုံး နှစ်သက်ဘွယ် အလုံးစုံသော အခြင်းအရာတို့ဖြင့် မွန်မြတ်သော မျှတလောက်ရုံသော ထမင်း, ယာဂု, ခဲဘွယ်သည် သင့်လျော်၏၊ ထို ပုဂ္ဂိုလ်၏ ဣရိယာပုထ်သည်ကား အိပ်ခြင်းသည်ငှင်း, ထိုင်ခြင်းသည်ငှင်း သင့်လျော်၏၊ အာရုံသည်ကား နီလကသိုဏ်း အစရှိသော ဝဏ္ဏကသိုဏ်းတို့တွင် အမှတ်မရှိ တခုခု အလွန် စင်ကြယ်သော အဆင်းသည် သင့်လျော်၏။ ဤသည်ကား ဒေါသစရိုက် ရှိသော သူအား လျောက်ပတ်ခြင်းတို့ ပေတည်း။

မောဟ စရိုက် ရှိသော ပုဂ္ဂိုလ်အား လွင်တီးခေါင် အရပ်သို့ ရှေးရှုသော မကျဉ်းမြောင်းသော ကျောင်းသည် သင့်လျော်၏၊ အကြင် ကျောင်း၌ နေသော ပုဂ္ဂိုလ်အား ဖွင့်အပ်သည်ရှိသော် အရပ် မျက်နှာတို့သည် ထင်ကုန်၏၊ ထိုသို့ သဘောရှိသော ကျောင်းသည် သင့်လျော်၏။ ဣရိယာပုထ်တို့တွင် စင်္ကြံသွားခြင်းသည် သင့်လျော်၏၊ ထို ပုဂ္ဂိုလ်အား ကျဉ်းသော မန်းငယ် အတိုင်း

အရှည်ရှိသော အိုးဖုံး စလောင်းအရွယ်ရှိသော အာရုံသည် မသင့်မလျော်၊ ကျဉ်းမြောင်းသောအရပ်၌ စိတ်သည် ပကတိထက် အလွန်တွေဝေခြင်းသို့ ရောက်တတ်၏၊ ထို့ကြောင့် ပြန့်ပြောသော ကြီးကျယ်သော ကသိဏ်းဝန်းသည် သင့်လျော်၏၊ အကြွင်းသည် ဒေါသစရိုက် ရှိသောသူအား ဆိုအပ်ပြီးသည်နှင့်တူ၏။ ဤသည်ကား မောဟစရိုက်ရှိသောသူအားလျောက်ပတ်ခြင်းတည်းပေတည်း။

အသုံးစုံသော ဒေါသစရိုက်ရှိသောသူ၌ ဆိုအပ်သော အစီအရင်တို့သည် သဒ္ဓါစရိုက်ရှိသော ပုဂ္ဂိုလ်အား သင့်လျော် လျောက်ပတ်၏၊ အာရုံတို့တွင်လည်း ထိုပုဂ္ဂိုလ်အား ဗုဒ္ဓါနုဿတိ အစရှိသော အနုဿတိဋ္ဌာနသည် သင့်လျော်၏။

ဗုဒ္ဓိစရိုက်ရှိသောသူအား ကျောင်း အစရှိသည်တို့တွင် ဤအရာသည်ကား မသင့်မလျော် ဟူ၍ ဆိုဘွယ်မရှိ၊ ဝိတက်စရိုက်ရှိသော သူအား ဟင်းလင်း ပွင့်သောအရပ် မျက်နှာသို့ ရှေးရှုသော ကျောင်း၌နေသော ရဟန်းအား မွေ့လျော်ဘွယ်ရှိသော အရံ ဥယျာဉ်,ရေကန်တို့သည် ရွာ,နိဂုံး,ဇနပုဒ်အစဉ်အားဖြင့် ထင်ကုန်၏၊ စိမ်းစိမ်းညို့ညို့အရောင်ရှိသော တောင်တို့သည်လည်း ထင်ကုန်၏၊ ထိုသို့ သဘောရှိသော ကျောင်းသည် မသင့်မလျော်၊ အဘယ့်ကြောင့် ဆိုသော် ထိုသို့သဘောရှိသော ကျောင်းသည် ဝိတက် ပြေးသွားခြင်း၏ အထောက်အပံ့ အကြောင်းဖြစ်၏၊ ထို့ကြောင့် နက်သော တောင်ချောက် ဝတွင် တော ဖုံးလွှမ်းအပ်သော ဟတ္ထိကုစ္ဆိ မည်သော တောင်ဝှမ်း, အရှင်မဟိန္ဒ မထေရ်ကျော်၏ လိုဏ်နှင့် တူသော ကျောင်း၌ နေအပ်၏။ အာရုံသည်လည်း ထိုပုဂ္ဂိုလ်အား ပြန့်ပြန့် ပြောပြော ကြီးကျယ်မှု မသင့်လျော်၊ အကြောင်းမူကား ထိုကြီးကျယ် ပြန့်ပြောသော အာရုံသည် ဝိတက်၏ အစွမ်းဖြင့် စိတ်ပြေးသွားခြင်း၏ အထောက်အပံ့ ဖြစ်လေသည်၊ ကျဉ်းမြောင်းသော အာရုံနှင့်သာ သင့်တော်၏၊ အကြွင်းသည် ရာဂစရိုက်ရှိ သူအား ဆိုအပ်သည်နှင့် တူ၏။ ဤသည်ကား ဝိတက်စရိုက်ရှိသော သူအား လျောက်ပတ်ခြင်းတည်း ပေတည်း။

ဤဆိုအပ်ခဲ့ပြီးသည့်တို့ကား "မိမိ၏ စရိုက်အားလျော်စွာ" ဟူသော စကား၌လာသော စရိုက်တို့၏ အပြားပဘေဒ အဆုံးအဖြတ်, အကြောင်း နိဒါန်း အဆုံးအဖြတ်, ဤသူ ဤစရိုက်ရှိ၏ ဟု ထင်စွာပြခြင်း အဆုံးအဖြတ်,သပ္ပါယ အဆုံးအဖြတ် အားဖြင့် အကျယ် ဖွင့်ပြခြင်း ပေတည်း။ ထိုမျှသော စကားအစီအစဉ်ဖြင့် စရိုက်အားလျော်သော ကမ္မဋ္ဌာန်းကို အလုံးစုံသော အခြင်းအရာဖြင့် ထင်စွာ မပြအပ်သေး။ ထို စရိုက်အားလျော်သော ကမ္မဋ္ဌာန်းသည်ကား အခြားမဲ့ပြဆိုလတ္တံ့သော မာတိကာပုဒ်၏ အကျယ်၌ အလိုလို ထင်ရှားစွာ ပေါ်လာပေလတ္တံ့။

## ကမ္မဋ္ဌာန်းလေးဆယ်

၄၇။ ''လေးဆယ်သော ကမ္မဋ္ဌာန်းတို့တွင် တပါးပါးသော ကမ္မဋ္ဌာန်းကို ယူ၍'' ဟူသော အကြင်စကားကို ဆိုအပ်၏၊ ထိုစကား၌—

(၁) ကမ္မဋ္ဌာန်းတို့ကို အကျယ်ရေတွက်၍ ပြခြင်းအားဖြင့်၎င်း၊
(၂) ဥပစာရဈာန် အပ္ပနာဈာန်ကို ဆောင်သော အားဖြင့်၎င်း၊
(၃) ဈာန်ကို ဝေဘန်သောအားဖြင့်၎င်း၊
(၄) လွန်သောအားဖြင့်၎င်း၊
(၅) ပွါးစေအပ်သောအားဖြင့်၎င်း၊
(၆) အာရုံကို ဝေဘန်သောအားဖြင့်၎င်း၊
(၇) ဘုံကို ဝေဘန်သောအားဖြင့်၎င်း၊
(၈) ယူအပ်သည်ကို ဝေဘန်သောအားဖြင့်၎င်း၊
(၉) ဈာန်၏ အကြောင်းဖြစ်သောအားဖြင့်၎င်း၊
(၁၀) စရိုက်အားလျော်သည် အဖြစ်ဖြင့်၎င်း၊

ဤဆယ်ပါးသော အခြင်းအရာတို့၏ ကမ္မဋ္ဌာန်းအဆုံးအဖြတ်ကို သိအပ်၏။

(၁) **ကမ္မဋ္ဌာန်း** လေးဆယ်ဆိုရာ၌ ကသိုဏ်းဆယ်မျိုး, အသုဘဆယ်မျိုး, အနုဿတိဆယ်မျိုး, ဗြဟ္မဝိဟာရ လေးပါး, အာရုပ္ပလေးပါး, သညာတပါး, ဝဝတ္ထန်တပါး ဟူ၍ ကမ္မဋ္ဌာန်း လေးဆယ်ဖြစ်သည်။

ထိုဆယ်ပါးတို့တွင် ၁-ပထဝီကသိုဏ်း၊ ၂-အာပေါကသိုဏ်း၊ ၃-တေဇောကသိုဏ်း၊ ၄-ဝါယောကသိုဏ်း၊ ၅-နီလကသိုဏ်း၊ ၆-ပီတကသိုဏ်း၊ ၇-လောဟိတကသိုဏ်း၊ ၈-ဩဒါတကသိုဏ်း၊ ၉-အာလောက ကသိုဏ်း၊ ၁၀-ပရိစ္ဆိန္နာကာသ ကသိုဏ်း ဟူ၍ ကသိုဏ်းဆယ်မျိုး ရှိကုန်၏။

ဥဒ္ဓုမာတက အကောင်ပုပ်၊ ဝိနီလက အကောင်ပုပ်၊ ဝိပုဗ္ဗက အကောင်ပုပ်၊ ဝိစ္ဆိဒ္ဒကအကောင်ပုပ်၊ ဝိက္ခာယိတကအကောင်ပုပ်၊ ဝိက္ခိတ္တက အကောင်ပုပ်၊ ဟတဝိက္ခိတ္တက အကောင်ပုပ်၊ လောဟိတကအကောင်ပုပ်၊ ပုဠုဝက အကောင်ပုပ်၊ အဋ္ဌိက အကောင်ပုပ်။ ဤဆယ်မျိုးတို့သည် အသုဘ မည်၏။

ဘုရားရှင်၏ဂုဏ်တော်ကို အဖန်တလဲလဲ အောက်မေ့ခြင်း၊ တရားတော်၏ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း၊ သံဃာတော်၏ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း၊ မိမိ၏သီလဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း၊ နတ်တို့၏ သဒ္ဓါအစရှိသော ဂုဏ်နှင့်တူသော မိမိဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း၊ သေခြင်းကို အဖန်တလဲလဲ အောက်မေ့ခြင်း၊ ဆံပင်အစရှိသော ကိုယ်အစုကို အဖန်တလဲလဲ အောက်မေ့ခြင်း၊ ထွက်သက် ဝင်သက်ကို အဖန်တလဲလဲ အောက်မေ့ခြင်း၊ ဒုက္ခခပ်သိမ်းအေးငြိမ်းသော နိဗ္ဗာန်ကို အဖန်တလဲလဲ အောက်မေ့ခြင်း။ ဤဆယ်မျိုးတို့သည် အဖန်တလဲလဲ အောက်မေ့ခြင်း အနုဿတိ မည်၏။

မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ဟူသော ဤလေးပါးသည် ဗြဟ္မဝိဟာရ မည်၏။

အာကာသာနဉ္စာယတနစျာန်, ဝိညာဏဉ္စာယတနစျာန် အာကိဉ္စညာယတနစျာန်, နေဝသညာ နာသညာယတနစျာန်။ ဤလေးပါးသည် အာရုပ္ပ မည်၏။

အာဟာရ၌ စက်ဆုပ်ရွံရှာဘွယ် ဟူသော အမှတ်သညာသည် တခုသောသညာ မည်၏။

ဓာတ်လေးပါးကို ပိုင်းခြား မှတ်သားခြင်းသည် တခုသော ဝဝတ္ထာန် မည်၏။

(၂) **ဥပစာရစျာန်**, အပ္ပနာစျာန်ကို ဆောင်သောအားဖြင့် ဆိုသည်ကား ကာယဂတာသတိ ကမ္မဋ္ဌာန်းနှင့် အာနာပါနဿတိ ကမ္မဋ္ဌာန်းမှတပါး ကြွင်းသော အနုဿတိ ကမ္မဋ္ဌာန်း ရှစ်ပါး, အာဟာရကို စက်ဆုပ်ဘွယ် ဟု မှတ်သောသညာ, ဓာတ်လေးပါးကို ပိုင်းခြားမှတ်သားခြင်း။ ဤဆယ်ပါးသော ကမ္မဋ္ဌာန်းတို့သည် ဥပစာရစျာန်ကို ဆောင်နိုင်ကုန်၏၊ ကြွင်းသော သုံးဆယ်သော ကမ္မဋ္ဌာန်းတို့သည် အပ္ပနာကို ဆောင်နိုင်ကုန်၏။ **ဤသို့လျှင် ဥပစာရစျာန် အပ္ပနာစျာန်ကို ဆောင်သောအားဖြင့် သိအပ်၏။**

(၃) စျာန်ကို ဝေဘန်သောအားဖြင့်ကား အပ္ပနာကို ဆောင်ကုန်သော ကမ္မဋ္ဌာန်းတို့တွင် အာနာပါနဿတိနှင့်တကွ ဆယ်ပါးသော ကသိုဏ်းတို့သည် လေးပါးသော ရူပါဝစရစျာန်တို့၏ အာရုံဖြစ်ကုန်၏၊ ကာယဂတာသတိ ကမ္မဋ္ဌာန်းနှင့်တကွ အသုဘဆယ်ပါးတို့သည် ပဌမစျာန်၏ အာရုံဖြစ်ကုန်၏၊ ဗြဟ္မဝိဟာရတရား ရှေ့သုံးပါးသည် သုံးပါးသော ရူပါဝစရစျာန်၏ အာရုံဖြစ်ကုန်၏၊ စတုတ္ထဗြဟ္မဝိဟာရသည် အာရုပ္ပစျာန် လေးပါး စတုတ္ထစျာန်၏ အာရုံဖြစ်ကုန်၏။ ဤသို့လျှင် စျာန်ကို ဝေဘန်ခြင်းဖြစ်၏။

(၄) လွန်သောအားဖြင့်ကား လွန်ခြင်းသည်အင်္ဂါကိုလွန်ခြင်း, အာရုံကိုလွန်ခြင်း ဟူ၍ နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတို့တွင် အလုံးစုံသော တိကစတုက္ကစျာန်ရှိသော ရှေ့ဗြဟ္မဝိဟာရ သုံးပါး, အာနာပါန, ကသိုဏ်းဆယ်ပါး ဟူသော ကမ္မဋ္ဌာန်းတို့၌ အင်္ဂါလွန်ခြင်း ဖြစ်၏၊ အဘယ့်ကြောင့်ဆိုသော် ဝိတက်ဝိစာရ အစရှိသော စျာန်အင်္ဂါ

ဘို့ကိုလွန်၍ ထိုကမ္မဋ္ဌာန်း အာရုံတို့၌သာလျှင် ဒုတိယဈာန် အစ ရှိသည်တို့သို့ ရောက်အပ်သောကြောင့် ဖြစ်၏။ စတုတ္ထဈာန်ပဉ္စမဝိဟာရ ၌လည်း ထို့အတူပင် အင်္ဂါကို လွန်ခြင်းဖြစ်၏၊ အဘယ့်ကြောင့် ဆိုသော် ထိုစတုတ္ထဈာန်သည်လည်း မေတ္တာ အစရှိသည်တို့၏ အာရုံ၌သာလျှင် သောမနဿကိုလွန်၍ ရောက်အပ်၏၊ ထို့ကြောင့် အင်္ဂါကို လွန်ခြင်း ဖြစ်၏။ လေးပါးသော အရူပကမ္မဋ္ဌာန်း တို့သည်ကား အာရုံကို လွန်ခြင်းဖြစ်၏၊ ရှေးဖြစ်ကုန်သော အာကာသ ကသိုဏ်းကြဉ် ကိုးပါးသော ကသိုဏ်းတို့တွင် တပါး ပါးသော ကသိုဏ်းကိုလွန်၍ အာကာသာနဉ္စာယတန ဈာန်သို့ ရောက်အပ်၏၊ ကောင်းကင်ပညတ် စသည်တို့ကို လွန်၍ ဝိညာဏဉ္စာယတနဈာန် အစရှိသည်တို့သည် ရောက်အပ်ကုန်၏၊ ဆိုအပ်ခဲ့ပြီးသည်မှ ကြွင်းသော ကမ္မဋ္ဌာန်းတို့၌ အင်္ဂါကို လွန်ခြင်း အာရုံကို လွန်ခြင်းသည် မရှိ။ ဤသို့လွန်သောအားဖြင့် ဝေဘန် ခြင်းဖြစ်၏။

(၅) ပွါးအပ် မပွါးအပ်သော အားဖြင့်ကား ဤလေးဆယ် သော ကမ္မဋ္ဌာန်းတို့တွင် ကသိုဏ်းဆယ်ပါးတို့ကိုသာလျှင် ပွါးစေ အပ်ကုန်၏၊ ထိုစကားမှန်သည်၊ အကြင်မျှလောက်သောအရပ်ကို ကသိုဏ်းဖြင့် နှံ့၏၊ ထိုအရပ်အတွင်း၌ နတ်၏ နားနှင့်တူသော ဒိဗ္ဗသောတ အဘိညာဏ်ဖြင့် အသံကိုကြားခြင်းငှါ၊ ဒိဗ္ဗစက္ခု အဘိညာဏ်ဖြင့် ရူပါရုံတို့ကို မြင်ခြင်းငှါ၊တပါးသောသတ္တဝါတို့၏ စိတ်ကို မိမိ၏အဘိညာဏ်စိတ်ဖြင့် သိခြင်းငှါ စွမ်းနိုင်သည်ဖြစ်၏၊ ကာယဂတာသတိကိုငှင်း၊ အသုဘကမ္မဋ္ဌာန်းတို့ကိုငှင်း၊ မပွါးစေ အပ်ကုန်၊ အဘယ့်ကြောင့်ဆိုသော် မိမိတည်ရာအရပ်ဖြင့် ပိုင်းခြား အပ်သောကြောင့်ငှင်း၊ အကျိုးမရှိသည် အဖြစ်ကြောင့်ငှင်း မပွါး စေအပ်ကုန်၊ ထိုကမ္မဋ္ဌာန်းတို့ကို မိမိတည်ရာအရပ်ဖြင့် ပိုင်းခြား သော အဖြစ်သည် ဘာဝနာပွါးနည်း၌ ထင်ရှားပေလတ္တံ့။ ထို အသုဘကမ္မဋ္ဌာန်းကို ပွါးသည်ရှိသော်ကား အကောင်ပုပ် အစု သည်သာ ပွါးလေရာ၏၊ တစုံတခုသော အကျိုးသည် မရှိ၊ ထို စကား မှန်၏၊ သောပါက သာမဏေ၏ အမေးပုစ္ဆာကို ဖြေဆို

ရာ၌ "ဝိဘူတာ ဘဂဝါ ရူပသညာ၊ အဝိဘူတာ အင်္ဂိကသညာ" ဟူ၍ ဟောတော်မူအပ်၏၊ (ဘုန်းတော်ကြီးသော မြတ်စွာဘုရား ကသိုဏ်းရုပ်လျှင် အာရုံရှိသော သညာသည် အလွန် ထင်ပါ၏၊ အင်္ဂိကသညာသည် မထင်ပါ၊) ထိုသုတ်၌ ပဋိဘာဂနိမိတ်ကို ပွါးသည်၏အစွမ်းဖြင့် ရူပသညာကို အလွန်ထင်၏ဟု ဆိုအပ်၏၊ အင်္ဂိကသညာကို ပဋိဘာဂနိမိတ်၏ မပွါးသည်အစွမ်းဖြင့် မထင် ဟူ၍ ဆိုအပ်၏။ ဆက်ဦးအံ့-အလုံးစုံ အကြွင်းမရှိသော ဤ မြေကြီးကို အင်္ဂိကသညာဖြင့် နှံ့စေပြီဟု ဆိုရာ၌ ထိုစကားကို လွန်ကဲသော ဝသီဘော်သို့ ရောက်သော အင်္ဂိကသညာထူး ဖြစ်သော ပုဂ္ဂိုလ်အား ထင်သည်၏ အစွမ်းဖြင့် ဆိုအပ်၏။(နိမိတ်ကို ပွါးခြင်းဖြင့် ဟောတော်မူအပ်သည်မဟုတ်)။ ဓမ္မာသောကမင်း လက်ထက်အခါက ကရဝိတ်ငှက်သည် ထက်ဝန်းကျင် ကြေးမုံ ကပ်ထားသော နံရံတို့၌ မိမိ၏အရိပ်ကိုမြင်၍ အလုံးစုံသော အရပ်မှာ ကရဝိတ်ငှက်ဖော် ရှိ၏ဟူသောအမှတ် ရှိ၍ သာယာ စွာသော အသံကို ကျူးရင့်သကဲ့သို့ ဤအတူ မထေရ်သည်လည်း အင်္ဂိကသညာကို အလွန်အကဲ ရသည်အဖြစ်ကြောင့် အလုံးစုံသော အရပ်တို့၌ ဖွေးဖွေးထင်သော နိမိတ်ကို မြင်သည်ဖြစ်၍ အလုံးစုံ အကြွင်းမရှိသော မြေအပြင်သည် အရိုးစုဖြင့်သာ ပြည့်၏ဟု အောက်မေ့တော် မူ၏၊ ထို့ကြောင့် ထင်သည်၏အစွမ်းဖြင့် ဆိုအပ်၏။

အသုဘနိမိတ်ကို မပွါးစေအပ်သည် အကယ်၍ ဖြစ်အံ့၊ ဤသို့ ဖြစ်သည်ရှိသော် အသုဘဈာန်တို့၏ အကြင် အပ္ပမာဏာရမ္မဏ အဖြစ်ကို ဟောတော်မူအပ်သော ဓမ္မသင်္ဂဏီ ပါဠိတော်နှင့် ဆန့်ကျင်ရာ၏ဟု ဤသို့ စောဒနာငြားအံ့၊ မဆန့်ကျင် ဟုဆိုရာ၏၊ အဘယ့်ကြောင့် ဆိုသော် အချို့သော ပုဂ္ဂိုလ်သည် ကြီးသော အကောင်ပုပ်၌၎င်း, အရိုး၌၎င်း နိမိတ်ကို ယူ၏၊ အချို့သော ပုဂ္ဂိုလ်သည် အနည်းငယ်သောအာရုံ၌ နိမိတ်ကို ယူ၏၊ ဤသို့သော အကြောင်းဖြင့် အချို့သောသူအား ကျဉ်းသော အာရုံရှိသော ဈာန်သည် ဖြစ်၏၊ အချို့သောသူအား ကျယ်သော အာရုံရှိသော

ဈာန်သည် ဖြစ်၏၊ ထို့ကြောင့် မဆန့်ကျင်။ တနည်းကား အကြင် ပုဂ္ဂိုလ်သည် ဤအသုဘနိမိတ်ကို ပွါးစေခြင်း၌ အပြစ်ကိုမမြင်မူ၍ ပွါး၏၊ ထိုပုဂ္ဂိုလ်ကိုရည်၍ ကျယ်ဝန်းသောအာရုံ ဟု ဟောတော်မူအပ်၏။

ထိုသို့ ဟောတော်မူအပ်သော်လည်း အကျိုးမရှိသည် အဖြစ်ကြောင့် မပွါးအပ် ဟု ဖြေဆိုအပ်၏၊ ဤအသုဘတို့ကို မပွါးအပ် သကဲ့သို့ ဤအတူ ကြွင်းသော အာနာပါနစသော ကမ္မဋ္ဌာန်း စသည်တို့ကိုလည်း မပွါးအပ်၊ အဘယ့်ကြောင့်ဆိုသော် အာနာပါန နိမိတ်ကို ပွါးသော ပုဂ္ဂိုလ် အား လေအစုသည် သာလျှင် ပွါးများ၏၊ အရပ်ဖြင့် ပိုင်းခြားအပ်သည်လည်း ဖြစ်ခဲ့၏၊ ဤသို့ အပြစ်ရှိသည် အဖြစ်ကြောင့်၎င်း, ပိုင်းခြားအပ်သည်အဖြစ်ကြောင့် ၎င်း မပွါးများအပ်။ ဗြဟ္မဝိဟာရတို့သည် သတ္တဝါလျှင် အာရုံ ရှိကုန်၏၊ထိုအာရုံနိမိတ်ကိုပွါးသည်ရှိသော် သတ္တဝါအစုသာလျှင် ပွါးရာ၏၊ ထိုသို့ ပွါးသဖြင့် တစုံတရာအကျိုးမရှိ၊ ထို့ကြောင့် ထိုအာရုံကိုလည်း မပွါးအပ်။ "မေတ္တာနှင့်တကွ ဖြစ်သော စိတ်ဖြင့် တခုသောအရပ်ကို နှံ့၍" အစရှိသည်ဖြင့် ဟောတော်မူအပ်သော စကားသည် မသိမ်းဆည်းအပ်သောအာရုံကို သိမ်းဆည်းသောအားဖြင့်သာလျှင် ဟောတော်မူအပ်၏၊ (နိမိတ်ကို ပွါးစေခြင်း၏အစွမ်းဖြင့် ဟောသည်မဟုတ်၊) ထို စကားမှန်၏၊ တခုသော ကျောင်း၌နေ သောပုဂ္ဂိုလ်၊ နှစ်ခု သော ကျောင်း၌ နေသောပုဂ္ဂိုလ် စသည်ဖြင့် အစဉ်အတိုင်း တခုသောအရပ်၌ သတ္တဝါတို့ကို သိမ်းဆည်း၍ ပွါးသောသူကိုသာ တခုသော အရပ်ကိုနှံ့၍ဟု ဆိုအပ်၏၊ နိမိတ်ကိုပွါးသောသူကို မဆိုအပ်။ ဤဗြဟ္မဝိဟာရဘာဝနာ၌ အကြင် ပဋိဘာဂနိမိတ်ကို ပွါးရာ၏၊ ထို ပဋိဘာဂနိမိတ်သည်ပင် မရှိ၊ ဤ ဗြဟ္မဝိဟာရ ဘာဝနာ၌ နည်းသောအာရုံ ကြီးသော အာရုံရှိသောအဖြစ်ကို သတ္တဝါကို သိမ်းဆည်းသည်၏အစွမ်းဖြင့်သာ သိအပ်ကုန်၏။ အာရုပ္ပ အာရုံ တို့တွင်လည်း အာကာသကသိုဏ်းကို ခွါခြင်းဖြင့် ရအပ်သည် အဖြစ်ကြောင့် မပွါးအပ်၊ ထိုအာကာသကို ကသိုဏ်း၏ ကင်းကွာ

ခြင်း၏ အစွမ်းဖြင့်သာလျှင် နှလုံးသွင်းအပ်၏၊ ထို့ထက်အလွန် ပွါးသောသူအား တစုံတခုသည် မဖြစ်။ ပဉ္စမာရုပ္ပဝိညာဏ်ကို သဘောတရား ဖြစ်သောကြောင့် မပွါးအပ်၊ သဘာဝဓမ္မကို ပွါးခြင်းငှါလည်း မတတ်ကောင်း။ ပဉ္စမာရုပ္ပဝိညာဏ်၏ မရှိခြင်း နတ္ထိဘောပညတ်ကို ပဉ္စမာရုပ္ပဝိညာဏ်၏ မရှိခြင်းကြောင့် မပွါးအပ်။ နေဝသညာ နာသညာယတနစျာန်၏ အာရုံသည် သဘောတရားဖြစ်သောကြောင့် မပွါးအပ်၊ ကြွင်းသောကမ္မဋ္ဌာန်း တို့ကို ပဋိဘာဂနိမိတ်မဟုတ်သောကြောင့် မပွါးအပ်၊ ပဋိဘာဂ နိမိတ်သည် ပွါးစေအပ်သော မည်သည် ဖြစ်အံ့၊ ဗုဒ္ဓါနုဿတိ အစရှိသော ကမ္မဋ္ဌာန်းတို့အား ပဋိဘာဂနိမိတ် ဖြစ်သော အာရုံသည်မဖြစ်၊ ထို့ကြောင့် မပွါးအပ်။ ဤသို့လျှင် ပွါးအပ် မပွါးအပ်၏ အဆုံးအဖြတ်ကို သိအပ်၏။

(၆) အာရုံကို ဝေဘန်သောအားဖြင့်ကား ဤလေးဆယ် သော ကမ္မဋ္ဌာန်းတို့တွင် ကသိုဏ်းဆယ်ပါး, အသုဘာဆယ်ပါး, အာနာပါနဿတိ, ကာယဂတာသတိ ဟူသော ဤနှစ်ဆယ့် နှစ်ပါးတို့သည် ပဋိဘာဂနိမိတ်ဟူသော အာရုံဖြစ်ကုန်၏၊ ကြွင်း သော ကမ္မဋ္ဌာန်းတို့သည် ပဋိဘာဂနိမိတ်မဟုတ်သော အာရုံ ဖြစ်ကုန်၏။

ထို့ပြင် အနုဿတိ ဆယ်ပါးတို့တွင် အာနာပါနဿတိ, ကာယဂတာ သတိမှ ကြွင်းသော အနုဿတိရှစ်ပါး၊ အာဟာရေ ပဋိကူလသညာ, စတုဓာတုဝဝတ္ထာန်, ဝိညာဏဉ္စာယတန, နေဝ သညာ နာသညာယတန။ ဤတဆယ့်နှစ်ပါးသော ကမ္မဋ္ဌာန်း တို့သည် ပဋိဘာဂနိမိတ်အာရုံ ရှိကုန်၏၊ ကြွင်းသော ဗြဟ္မဝိဟာရ လေးပါး, အာကာသာနဉ္စာယတန, အာကိဉ္စညာယတန ဟု ဆိုအပ်သော ခြောက်ပါးသောစျာန်တို့သည် သဘာဝဟူ၍၎င်း, နိမိတ်ဟူ၍၎င်း မဆိုအပ်သော အာရုံရှိကုန်၏။ ထို့ပြင် ဝိပုဗ္ဗက ကမ္မဋ္ဌာန်း, လောဟိတက, ပုဠုဝကကမ္မဋ္ဌာန်း, အာနာပါနဿတိ, အာပေါကသိုဏ်း, တေဇောကသိုဏ်း, ဝါယောကသိုဏ်း, အလောက ကသိုဏ်း၌ နေ့စသည်တို့၏ အရောင်အဝန်း အာရုံ။

ဤရှစ်ပါးသော ကမ္မဋ္ဌာန်းတို့သည် လျှပ်သောအာရုံတို့ ဖြစ်ကုန်၏၊ ထိုကမ္မဋ္ဌာန်းတို့သည်လည်း ပဋိဘာဂနိမိတ် ဖြစ်သည်မှ ရှေးအဘို့ ၌သာ လျှပ်ကုန်၏၊ ပဋိဘာဂ နိမိတ်သည်ကား မတုန်လှုပ်၊ ငြိမ်သက်၏၊ ကြွင်းသော ကမ္မဋ္ဌာန်းတို့သည်ကား မလျှပ်သော အာရုံရှိကုန်၏။ **ဤသို့လျှင် အာရုံအားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။**

(၇) ဘုံကို ဝေဘန်သော အားဖြင့်ကား-ကမ္မဋ္ဌာန်းလေးဆယ်တို့တွင် အသုဘဆယ်ပါး, ကာယဂတာသတိ, အာဟာရေ ပဋိကူလသညာ ဟူသော ဤတဆဲ့နှစ်ပါးတို့သည် ကာမာဝစရ နတ်ပြည်တို့၌ မဖြစ်ကုန်၊ ထိုတဆဲ့နှစ်ပါးသော ကမ္မဋ္ဌာန်းနှင့် အာနာပါနဿတိ ဤတဆယ့်သုံးပါးတို့သည် ဗြဟ္မာဘုံ၌မဖြစ်ကုန်၊ အရူပဘုံ၌ကား လေးပါးသော အာရုပ္ပမှ တပါးသောကမ္မဋ္ဌာန်းတို့သည် မဖြစ်ကုန်၊ လူ့ဘုံ၌မူကား အလုံးစုံသော ကမ္မဋ္ဌာန်းတို့သည် ဖြစ်ကုန်၏။ ဤသို့လျှင် ဘုံကို ဝေဘန်သောအားဖြင့်ကား အဆုံးအဖြတ်ကို သိအပ်၏။

(၈) ယူအပ်သည်ကို ဝေဘန်သောအားဖြင့်ကား-ဤ လေးဆယ်သော ကမ္မဋ္ဌာန်းတို့၌ မြင်အပ်သောဝတ္ထု၊ ကြားအပ်သော ဝတ္ထုဖြင့် ယူအပ်သောအဆုံးအဖြတ်ကို သိအပ်၏၊ ထိုကမ္မဋ္ဌာန်း လေးဆယ်တို့တွင် ဝါယောကသိုဏ်းမှ တပါးသော ကသိုဏ်း ကိုးပါးတို့သည်၎င်း, အသုဘဆယ်ပါးတို့သည်၎င်း ဤနှစ်ဆယ့် ကိုးပါးသော ကမ္မဋ္ဌာန်းတို့သည် မြင်အပ်သော ဝတ္ထုကြောင့် အာရုံတို့ ယူအပ်ကုန်၏၊ ဥဂ္ဂဟနိမိတ် မထင်မီ ရှေးအဘို့က မျက်စိ ဖြင့် ကြည့်၍ ကြည့်၍ ထိုကမ္မဋ္ဌာန်းတို့၏ နိမိတ်ကို မြင်သည့် အတိုင်း ထင်အောင် မနေသင့်ရဖြင့် မှတ်အပ်၏ ဟု ဆိုလိုသည်။

ကာယဂတာသတိ၌ တစပဉ္စက ကမ္မဋ္ဌာန်းကို မြင်အပ်သော ဝတ္ထုဖြင့် ယူအပ်သည်၊ ကြွင်းသော ဝက္ကပဉ္စက စသည်တို့ကို ကြားအပ်သော ဝတ္ထုဖြင့် ယူအပ်သည်ဖြစ်၍ ထိုကမ္မဋ္ဌာန်း၏ အာရုံကို မြင်ခြင်း ကြားခြင်းဖြင့် ယူအပ်၏၊ အာနာပါနဿတိ ကမ္မဋ္ဌာန်းကို တွေ့ထိခြင်းဖြင့် အာရုံယူအပ်၏၊ ဝါယောကသိုဏ်းကို

မြင်ခြင်း တွေ့ထိခြင်းဖြင့် ယူအပ်၏၊ဆိုအပ်ခဲ့ပြီးသည်မှ ကြွင်းသော ကမ္မဋ္ဌာန်းတို့ကို ကြားအပ်သောဝတ္ထုကြောင့် ယူအပ်ကုန်၏၊ ထို ကမ္မဋ္ဌာန်းလေးဆယ်တို့တွင် ဥပေက္ခာ ဗြဟ္မဝိဟာရသည်၎င်း, လေးပါးသော အာရုပ္ပကမ္မဋ္ဌာန်းတို့သည်၎င်း ဤ ငါးပါးသော ကမ္မဋ္ဌာန်းတို့ကို လက်ဦးအစ ကမ္မဋ္ဌာန်းစီးဖြန်းသော ပုဂ္ဂိုလ်သည် မယူအပ်ကုန်၊ ကြွင်းသော ကမ္မဋ္ဌာန်း သုံးဆယ့်ငါးပါးတို့ကို လက်ဦး ကမ္မဋ္ဌာန်းစီးဖြန်းသော ပုဂ္ဂိုလ်သည် ယူအပ်ကုန်၏။ ဤသို့လျှင် အာရုံ ယူအပ်သည်ကို ဝေဘန်သောအားဖြင့် အဆုံး အဖြတ်ကို သိအပ်၏။

(၉) ဈာန်၏ အကြောင်းဖြစ်သော အားဖြင့်ကား– ဤ ကမ္မဋ္ဌာန်း လေးဆယ်တို့တွင် အာကာသကသိုဏ်းကို ထား၍ ကြွင်းသော ကသိုဏ်းကိုးပါးတို့သည် အာရုပ္ပ ကမ္မဋ္ဌာန်းတို့၏ အကြောင်းဖြစ်ကုန်၏၊ ဆယ်ပါးသော ကသိုဏ်းတို့သည် အဘိညာဏ်တို့၏ အကြောင်းဖြစ်ကုန်၏၊ သုံးပါးသော ဗြဟ္မဝိဟာရတို့သည် စတုတ္ထ ဗြဟ္မဝိဟာရ၏ အကြောင်းဖြစ်ကုန်၏၊ အောက် အောက် ဖြစ်သော အာရုပ္ပတို့သည် အထက်ထက်ဖြစ်သော အာရုပ္ပ၏ အကြောင်းဖြစ်ကုန်၏၊ နေဝသညာနာသညာယတန ဈာန်သည် နိရောဓသမာပတ်၏ အကြောင်းဖြစ်၏၊ အလုံးစုံသော ကမ္မဋ္ဌာန်းတို့သည် ချမ်းသာစွာ နေရခြင်း ဝိပဿနာ ရှုခြင်း ဘဝသမ္ပတ္တိတို့၏ အကြောင်းဖြစ်ကုန်၏။ ဤသို့လျှင် အကြောင်း ဖြစ်သောအားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။

## စရိုက်နှင့်ကမ္မဋ္ဌာန်း

(၁၀) စရိုက်အားလျော်သော အားဖြင့် ဆိုသည်ကား–ဤ လေးဆယ်သော ကမ္မဋ္ဌာန်းတို့တွင် စရိုက်အား လျော်သော အားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။ အဘယ်နည်းဟူမူ–အသုဘ ဆယ်ပါးနှင့် ကာယဂတာသတိ၊ ဤတဆဲ့တပါးသော ကမ္မဋ္ဌာန်း တို့သည် ရာဂစရိုက်ရှိသောသူအား သင့်လျော်၏၊ ဗြဟ္မဝိဟာရ

လေးပါးနှင့် ဝဏ္ဏကသိုဏ်းလေးမျိုး ဤ ရှစ်မျိုးသော ကမ္မဋ္ဌာန်းတို့သည် ဒေါသစရိုက်ရှိသောသူအား သင့်လျော်၏၊ မောဟစရိုက် ရှိသောသူ, ဝိတက်စရိုက်ရှိသော သူတို့အား တခုသော အာနာပါနဿတိကမ္မဋ္ဌာန်းနှင့် သင့်လျော်၏၊ သဒ္ဓါစရိုက်ရှိသောသူအား ရှေ့ဖြစ်သော အနုဿတိကမ္မဋ္ဌာန်း ခြောက်ပါးနှင့် သင့်လျော်၏၊ မရဏာနုဿတိ ကမ္မဋ္ဌာန်း, ဥပသမာနုဿတိကမ္မဋ္ဌာန်း, စတုဓာတုဝဝတ္ထာန်, အာဟာရေပဋိကူလသညာ ဟူသော ကမ္မဋ္ဌာန်းလေးမျိုးတို့သည် ဗုဒ္ဓိစရိုက်ရှိသောသူအား သင့်လျော်၏၊ ကြွင်းသောကသိုဏ်းနှင့် လေးပါးသော အာရုပ္ပတို့သည် အလုံးစုံသော စရိုက်ရှိသူတို့အား သင့်လျော်၏၊ ကသိုဏ်းတို့တွင် အလုံးစုံငယ်သော ကသိုဏ်းဝန်းသည် ဝိတက်စရိုက်ရှိသူအား, ကြီးသော ကသိုဏ်းဝန်းသည် မောဟစရိုက်ရှိသူအား သင့်လျော်၏။ ဤသို့လျှင် စရိုက်အား လျော်သောအားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။

အလုံးစုံ ဆိုအပ်ခဲ့ပြီးသော ဤစကားကိုဖြောင့်ဖြောင့် ဆန့်ကျင်ဘက်၏ အစွမ်းဖြင့်၎င်း, အလွန်လျောက်ပတ်သည်၏ အစွမ်းဖြင့်၎င်း ဆိုအပ်၏၊ ရာဂ အစရှိသည်ကို မခွါတတ်သော သဒ္ဓါ အစရှိသည်တို့အား ကျေးဇူးမပြုတတ်သော ကုသိုလ် ဘာဝနာမည်သည် မရှိ။ ထို့ကြောင့် **မေဃိယသုတ်**၌ "လေးပါးသော တရားတို့ကို သီလ-စသော တရားတို့၌ တည်သည်မှအထက်၌ ပွါးအပ်ကုန်၏၊ ရာဂကိုပယ်ခြင်းငှါ အသုဘကမ္မဋ္ဌာန်းကို ပွါးအပ်ကုန်၏၊ဒေါသ ဗျာပါဒကို ပယ်ခြင်းငှါ မေတ္တာကို ပွါးအပ်ကုန်၏၊ ဝိတက်ကိုဖြတ်ခြင်းငှါ အာနာပါနဿတိကို ပွါးအပ်ကုန်၏၊ ငါသာတတ်, ငါသာလိမ္မာသည်ဟု စိတ်ဖြင့်ထောင်လွှားသော မာနကို ကောင်းစွာ ဖြတ်ခြင်းငှါ အနိစ္စသညာကို ပွါးအပ်ကုန်၏ဟု ဟောတော်မူအပ်၏။ **ရာဟုလသုတ်**၌လည်း "အို-ရာဟုလ, မေတ္တာဘာဝနာကို ပွါးလော့" အစရှိသောနည်းဖြင့် တဦးတည်းသော ရာဟုလာအား ခုနစ်ပါးသော ကမ္မဋ္ဌာန်းတို့ကို ဟောအပ်ကုန်၏၊ ထို့ကြောင့် ဤမည်သော ကမ္မဋ္ဌာန်းသည်

ဤမည်သောစရိုက်ရှိသော ပုဂ္ဂိုလ်အား လျော်၏ဟူသော စကားမျှဖြင့် ခိုင်မြဲစွာ စွဲယူခြင်းကို မပြုမူ၍ အလုံးစုံသော တရားတို့၌ လိုအပ်သောအဓိပ္ပါယ်ကို ရှာအပ်၏။

ဤသည်ကား ကမ္မဋ္ဌာန်းကိုယူ၍ဟူသော စကား၌
ကမ္မဋ္ဌာန်း စကားအဆုံးအဖြတ်ပေတည်း။

## ကမ္မဋ္ဌာန်းယူရပုံ

၄၈။ ''ယူ၍''ဟူသော ပုဒ်၏အနက်အဓိပ္ပါယ်ကို ဖော်ပြမည်၊ "ထို ယောဂီပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်း ပေး တတ် သော ကောင်းသော အဆွေခင်ပွန်းကို ချဉ်းကပ်၍" ဟူသော စကား၌ ဆိုအပ်ပြီးသောနည်းဖြင့်သာလျှင် ဆိုအပ်ခဲ့ပြီးသော အပြားရှိသော ကောင်းသောအဆွေခင်ပွန်းကို ချဉ်းကပ်၍ ဘုန်းတော်ကြီးသော ဗုဒ္ဓမြတ်စွာဘုရားအားငင်း, ဆရာအားငင်း, မိမိကိုယ်ကိုအပ်နှင်း၍ ပြည့်စုံသော အလိုရှိသည်ငင်း, ပြည့်စုံကောင်းမြတ်သော နှလုံးသွင်းရှိသည်ငင်း ဖြစ်၍ ကမ္မဋ္ဌာန်းကို တောင်းအပ်၏။

ထို မိမိကိုယ်ကို အပ်နှင်းရာ၌ အပ်နှင်းရပုံမှာ "ဘုန်းတော်ကြီးလှပါသော မြတ်စွာဘုရား, အကျွန်ုပ်သည် ဤ အတ္တဘောကို အရှင်ဘုရားတို့အား စွန့်လှူပါ၏"ဟု ဆို၍ ဤသို့လျှင် ဗုဒ္ဓမြတ်စွာဘုရားအား မိမိကိုယ်ကို အပ်နှင်းအပ်၏၊ ဤသို့ မအပ်နှင်းဘဲ အစွန်အဖျားကျသော ကျောင်းတို့တွင်နေသော ရဟန်းသည် ကြောက်မက်ဘွယ် အာရုံထင်လာခဲ့သော် ရပ်ခံ တန့်စားခြင်းငှါ မတတ်နိုင်သောကြောင့် ရွာနီးကျောင်းသို့ သက်ဝင်၍ လူတို့နှင့် ရောပြွမ်းပြီးလျှင် မအပ်သော ရှာမှီးခြင်းသို့ရောက်၍ အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်လေ၏။ အပ်နှင်းအပ်သော အတ္တဘောရှိသော ထိုရဟန်းအား ကြောက်မက်ဘွယ်အာရုံတို့ ထင်လာပါသော်လည်း ဘေးမဖြစ်၊ အို–ပညာရှိ, သင်သည် ရှေးဦးစွာက ပင်လျှင် မိမိကိုယ်အတ္တဘောကို မြတ်စွာဘုရားအား အပ်နှင်းအပ်ပြီ

မဟုတ်ပါလောဟု ဆင်ခြင်သော ထိုရဟန်းအား ဝမ်းမြောက်ခြင်း ဖြစ်လေရာသည်၊ ဥပမာသော်ကား ယောကျ်ားတယောက်အား မြတ်သော ကာသိတိုင်းဖြစ် အဝတ်ရှိရာ ထိုအဝတ်ကိုကြွက်တို့သည် ၎င်း, ခြတို့သည်၎င်း ကိုက်အပ်သည်ရှိသော် နှလုံးမသာယာခြင်း ဖြစ်ရာ၏၊ အကယ်၍ ထိုအဝတ်ကို သက်န်းမရှိသော ရဟန်းအား ပေးငြားအံ့၊ ထိုအဝတ်ကို ထိုရဟန်းသည် အပိုင်းပိုင်းဖြတ်သည်ကို တွေ့မြင်သော်လည်း ဝမ်းမြောက်ခြင်းသာ ဖြစ်လေရာ၏။ ဤ ဥပမာအတူမှတ်အပ်၏။

ဆရာအား အပ်နှင်းသော ယောဂီပုဂ္ဂိုလ်သည်လည်း "အရှင်ဘုရား, အကျွန်ုပ်သည် ဤအတ္တဘောကို အရှင်ဘုရားတို့အား စွန့်လှူပါ၏"ဟု ဆိုအပ်၏။ အတ္တဘောကို မအပ်နှင်းသောပုဂ္ဂိုလ်သည် မခြိမ်းမောင်းအပ်သည်၎င်း, ဆိုဆုံးမခက်သည်၎င်း, အဆုံးအမကို မလိုက်နာမူ၍ သွားချင်ရာရာသွားသည်၎င်း ဖြစ်၏၊ ဆရာအား မပန်ကြားမူ၍ အလိုရှိရာသွားသော ထိုရဟန်းကို ဆရာသည် ဆွမ်းစသော အာမိသဖြင့်၎င်း, တရားသဖြင့်၎င်း မချီးမြှောက်, လျှို့ဝှက် ခက်ခဲနက်နဲသော ကျမ်းဂန်ကို မသင်ကြားစေ၊ ဤနှစ်ပါးသော ချီးမြှောက်ခြင်းကို မရသော ထိုရဟန်းသည် သာသနာတော်၌ ထောက်ရာတည်ရာကိုမရ၊ မကြာမီ ဒုဿီလအဖြစ်သို့ သော်၎င်း, လူအဖြစ်သို့ သော်၎င်း, ရောက်လေ၏၊ အတ္တဘောကို နှင်းအပ်သောပုဂ္ဂိုလ်အား မခြိမ်းမောင်းအပ်သည် ၎င်း, သွားချင်ရာရာ သွားသည်၎င်း မဖြစ်၊ ဆိုဆုံးမလွယ်သည်၊ ဆရာနှင့်စပ်သော အသက်မွေးခြင်းကို ရသည်ဖြစ်၏၊ ထိုပုဂ္ဂိုလ်သည် ဆရာထံမှ နှစ်မျိုးသော ချီးမြှောက်ခြင်းကိုရ၍ သာသနာတော်၌ ကြီးပွါးခြင်း, အမြစ်စိုက်ခြင်း, ပြန့်ပြောခြင်းသို့ ရောက်၏၊ **စူဠပိဏ္ဍပါတိကတိဿ** မထေရ်ကြီး၏ **တပည့်** သုံးဦးတို့ကဲ့သို့ ပေတည်း၊ ရဟန်းသုံးပါးတို့သည် မထေရ်ကြီး၏အထံသို့နည်းခံရန် လာကြကုန်သတတ်၊ ထိုသုံးပါးသော ရဟန်းတို့တွင် တပါးသော ရဟန်းက အရှင်ဘုရား, အသူတရာနက်သော ချောက်ကမ်းပါး ထဲသို့ ခုန်ချခြင်းဖြင့် အရှင်ဘုရားတို့၏ အကျိုးငှါ ဖြစ်မည်ဆိုပါလျှင်

အကျွန်ုပ်သည် အသူတရာနက်သော ချောက်ထဲသို့ ခုန်ချဝံ့ပါ သည်ဟု ဆို၏၊ ဒုတိယရဟန်းက အရှင်ဘုရား, အကျွန်ုပ်သည် အရှင်ဘုရားတို့အား အကျိုးရှိမည်ဆိုလျှင် ဤအကျွန်ုပ်၏ ကိုယ် အတ္တဘောကို ဖနောင့်မှစ၍ ကျောက်ပြင်တွင်သွေးစေ၍ အကြွင်းမဲ့ ကုန်စေခြင်းငှါ ပြုဝံ့ပါ၏ဟု ဆို၏၊ တတိယရဟန်းက အရှင်ဘုရား အကျွန်ုပ်သည် အရှင်ဘုရားတို့အား အကျိုးရှိမည်ဆိုလျှင် ထွက် သက် ဝင်သက်ကို ပိတ်ဆို့၍သေခြင်းကို ပြုဝံ့ပါသည်ဟု ဆို၏၊ မထေရ်သည် ဤရဟန်းတို့ကား ဘဗ္ဗပုဂ္ဂိုလ်များပေတည်းဟု အောက်မေ့၍ ကမ္မဋ္ဌာန်းကို ဟော၏၊ ထိုရဟန်းသုံးပါးတို့သည် ထိုမထေရ်ကြီး၏ အဆုံးအမ၌တည်၍ သုံးပါးစလုံးပင် အရဟတ္တ ဖိုလ်သို့ ရောက်ကြကုန်၏။ ဤသည်ကား မိမိကိုယ်ကို အပ်နှင်း ခြင်း၏ အကျိုးပေတည်း။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရားအားငှင်း, ဆရာအားငှင်း, မိမိကိုယ် အတ္တဘောကို အပ်နှင်း၍ဟု ဆိုအပ် လေသည်။

၄၉။ "ပြည့်စုံသောအလို, ပြည့်စုံသော နှလုံးသွင်းရှိသည်ဖြစ်၍ ဟူသော စကား၌ ထိုယောဂီပုဂ္ဂိုလ်သည် အလောဘ အစရှိသည်တို့၏ အစွမ်းဖြင့် အလုဗ္ဘန အစရှိသော ခြောက်ပါးသော အခြင်းအရာတို့နှင့် ပြည့်စုံသော အဇ္ဈာသယ ရှိသည်ဖြစ်ရာ၏၊ ဤသို့ပြည့်စုံသော အဇ္ဈာ သယရှိသော ပုဂ္ဂိုလ်သည် သုံးပါးသော ဗောဓိဉာဏ် တို့တွင် တပါးပါးသော ဗောဓိဉာဏ်သို့ ရောက်၏။ မြတ်စွာဘုရားအဘယ်သို့ ဟောကြားပါသနည်း ဆိုသော် ''ခြောက်ပါးကုန်သော အဇ္ဈာသယတို့သည် သမ္မာ သမ္ဗောဓိ, ပစ္စေကဗောဓိ, သာဝကဗောဓိဟု ဆိုအပ် သော ဗောဓိလောင်းတို့အား ဗောဓိဉာဏ်၏ ရင့်စေ ခြင်းငှါ ဖြစ်ကုန်၏၊ ဗောဓိလောင်းတို့သည် မတပ်မက် လိုသောသဘော အလောဘနှလုံးသွင်း အဇ္ဈာသယ ရှိကုန်၏၊ တပ်မက်မောခြင်း လောဘ၏အပြစ်ကို ရှုကုန် ၏၊ ဗောဓိလောင်းတို့သည် အမျက်မထွက်လိုသော

သဘော အဒေါသ နှလုံးသွင်း အဇ္ဈာသယ ရှိကုန်၏၊ အမျက်ထွက်ခြင်း ဒေါသ၏အပြစ်ကို ရှုကုန်၏၊ ဗောဓိလောင်းတို့သည် မတွေဝေလိုသောသဘော အမောဟ နှလုံးသွင်း အဇ္ဈာသယ ရှိကုန်၏၊ တွေဝေမိုက်မဲခြင်း မောဟ၏အပြစ်ကို ရှုကုန်၏၊ ဗောဓိလောင်းတို့သည် အိမ်ရာထောင်သော လူ့ဘောင်မှ ထွက်လိုသော သဘော နိက္ခမနှလုံးသွင်း အဇ္ဈာသယ ရှိကုန်၏၊ အိမ်ရာ တည်ထောင် လူ၏ဘောင်၌နေခြင်း၏အပြစ်ကို ရှုကုန်၏၊ ဗောဓိလောင်းတို့သည် ဝိဝေကသုံးမျိုးသို့ ညွတ်သော နှလုံးသွင်း အဇ္ဈာသယ ရှိကုန်၏၊ အပေါင်းအဖော်နှင့် နေခြင်း၏အပြစ်ကို ရှုကုန်၏၊ ဗောဓိလောင်းတို့သည် ခပ်သိမ်းသော သဒ္ဓါရှတို့မှ ထွက်မြောက် ကျွတ်လွတ် လိုခြင်း၊ နှလုံးသွင်းခြင်း အဇ္ဈာသယ ရှိကုန်၏၊ အလုံးစုံသော ဘဝဂတိတို့၏ အပြစ်ကိုရှုမြင်ကုန်၏၊ အလုံးစုံ အကိတ်, အနာဂတ်, ပစ္စုပ္ပန် ဖြစ်ကုန်သော ခပ်သိမ်းသော သောတာပန် သကဒါဂါမိ အနာဂါမိ ရဟန္တာ ပစ္စေကဗုဒ္ဓါ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားတို့သည် ဤ ခြောက်ပါးသော အခြင်းအရာတို့ဖြင့် သာလျှင် မိမိ မိမိတို့ ရောက်အပ်သော တရားထူးတို့သို့ ရောက်ကြကုန်၏၊ ထို့ကြောင့် ဤခြောက်ပါးသော အခြင်းအရာတို့ဖြင့် ပြည့်စုံသော အဇ္ဈာသယ ရှိသည် ဖြစ်ရာ၏။

ထိုသမာဓိနိဗ္ဗာန်ကို ညွတ်သည့်အဖြစ်ဖြင့် ကောင်းမြတ်သော နှလုံးသွင်းခြင်းရှိသည် ဖြစ်ရာ၏၊ သမာဓိသို့ ညွတ်သည်, သမာဓိကို အလေးအမြတ်ပြုသည်, သမာဓိကို ကိုင်းရှိုင်းသည်, နိဗ္ဗာန်သို့ ညွတ်သည်, နိဗ္ဗာန်ကို အလေးအမြတ်ပြုသည်, နိဗ္ဗာန်ကို ကိုင်းရှိုင်း သည် ဖြစ်ရာ၏ ဟု ဆိုလိုသည်။

၅၀။ ဤ ဆိုအပ်ခဲ့ပြီးသော အခြင်းအရာအားဖြင့် ပြည့်စုံ ကောင်းမြတ်သောနှလုံးသွင်းခြင်း စိတ်ညွတ်ခြင်းရှိသော ကမ္မဋ္ဌာန်းတောင်းသော ထိုယောဂီပုဂ္ဂိုလ်အား စေတော

ပရိယ အဘိညာဏ်ကိုရသောဆရာသည် စိတ်ဖြစ်သော အခြင်းအရာကိုကြည့်၍ စရိုက်ကို သိအပ်၏၊ စေတော ပရိယအဘိညာဏ်ကို မရသောဆရာသည် အဘယ် စရိုက် ရှိသနည်းဟု မေးအပ်၏၊ မသိပါဟု ဆိုသော် သင့်အား အဘယ်တရားတို့သည် များစွာ ဖြစ်ကုန် သနည်း၊ အဘယ်ကို နှလုံးသွင်းသော သင့်အား ချမ်းသာသနည်း၊ အဘယ်ကမ္မဋ္ဌာန်း၌ သင်၏စိတ်သည် မွေ့လျော် ညွတ်ကိုင်းသနည်း ဤသို့ အစရှိသောနည်းဖြင့် မေး၍ သိအပ်ကုန်၏၊ ဤသို့ စရိုက်ကိုသိ၍ စရိုက်အား လျော်စွာကမ္မဋ္ဌာန်းကို ဟောအပ်၏။

ကမ္မဋ္ဌာန်းဟောသောဆရာသည် သုံးပါး အပြားအားဖြင့် ဟောအပ်၏၊ ပကတိအားဖြင့် ယခုရှုလတ္တံ့သော ကမ္မဋ္ဌာန်းကို သရဇ္ဈာယ်ဘူး လေ့လာဘူးသောသူအား တကြိမ်နှစ်ကြိမ် ထိုင် လျက် သရဇ္ဈာယ်ခြင်းကို ပြုစေ၍ ပေးအပ်၏၊ ဆရာ၏အထံ၌ နေသော တပည့်အား လာတိုင်းလာတိုင်းသောခဏ၌ ဟော အပ်၏၊ သင်ပြီးလျှင် တပါးသောအရပ်သို့ သွားလိုသော တပည့် အား မကျဉ်းလွန်း မကျယ်လွန်း ဟောအပ်၏၊ ထိုဟောသော ကမ္မဋ္ဌာန်းတို့တွင် ပထဝီကသိုဏ်းကို ဟောသည်ရှိသော် ရှေးဦးစွာ (၁) ကသိုဏ်း၏အပြစ်လေးပါး၊ (၂) ကသိုဏ်းပြုလုပ်ခြင်း၊ (၃) ပြုလုပ်ပြီးသောကသိုဏ်းကို ပွါးရသောနည်း၊ (၄) နှစ်ပါး သောနိမိတ်၊ (၅) နှစ်ပါးသောသမာဓိ၊ (၆) ခုနစ်ပါးသော သပ္ပါယ အသပ္ပါယ၊ (၇) ဆယ်ပါးသော အပ္ပနာကောသလ္လ၊ (၈) ဝီရိယနှင့်သမာဓိမျှသောအဖြစ်၊ (၉) အပ္ပနာအစီအရင်။ ဤ ကိုးပါးသော အခြင်းအရာတို့ကို ဟောအပ်ကုန်၏၊ ကြွင်းသော ကမ္မဋ္ဌာန်းတို့၌လည်း ထိုထို ကမ္မဋ္ဌာန်းအား လျော်စွာ ဟောအပ် ၏၊ ထိုကသိဏဒေါသ အစရှိသော အလုံးစုံသည် ထိုကမ္မဋ္ဌာန်း တို့ကို ပွါးနည်းအစီအရင်ကိုပြရာ၌ ထင်ရှားလိမ့်မည်။

ဤသို့ ဆရာသည် ကမ္မဋ္ဌာန်းတို့ကို ဟောအပ်သည်ရှိသော် ထို ယောဂီပုဂ္ဂိုလ်သည် နိမိတ်ကို ကြပ်ကြပ်တည်းတည်း မှတ်သား၍

နာအပ်၏၊ "နိမိတ်ကို မှတ်သား၍" ဆိုသည်မှာ ဤသည်ကား အောက်ပုဒ်ဖြစ်သည်၊ ဤသည်ကား အထက်ပုဒ်ဖြစ်သည်၊ ဤသည်ကား အနက်ဖြစ်သည်၊ ဤသည်ကား ဆိုလိုသောအဓိပ္ပါယ်ဖြစ်သည်၊ ဤသည်ကား ဥပမာဖြစ်သည်ဟု ထိုထိုအခြင်းအရာကို ကြပ်ကြပ်တည်းတည်း ထုပ်စည်း ဖွဲ့ချည်သည်ကို ပြု၍ဟု ဆိုလိုသည်။ဤသို့ နိမိတ်ကို ကြပ်ကြပ်တည်းတည်း မှတ်သား၍ ရှိသေစွာ ကမ္မဋ္ဌာန်းကို နာယူသောသူသည်သာ ကမ္မဋ္ဌာန်းကို ကောင်းစွာ ယူအပ်သည် ဖြစ်၏၊ ထိုသို့ လေးလေးမြတ်မြတ် ကြပ်ကြပ်တည်းတည်းသင်ယူအပ်သော ထိုပုဂ္ဂိုလ်အားသာ ထို ကမ္မဋ္ဌာန်းကို အမှီပြု၍ တရားအထူးကို ရခြင်းသည် ပြည့်စုံနိုင်၏၊ တပါးသော ပုဂ္ဂိုလ်အား မပြည့်စုံနိုင်၊ ဤသည်ကား ကမ္မဋ္ဌာန်းကိုယူ၍ ဟု အထက်က ဆိုခဲ့သောစကားတွင် "ယူ၍"ဟူသော ပုဒ်၏အနက် အဓိပ္ပါယ်ကို ဖော်ပြခြင်းပေတည်း။

ဤမျှသော စကားအစဉ်ဖြင့် ကောင်းသောမိတ်ဆွေ ခင်ပွန်းကို ချဉ်းကပ်၍ မိမိစရိုက်အားလျော်စွာ လေးဆယ်သော ကမ္မဋ္ဌာန်းတို့တွင် တပါးပါးသော ကမ္မဋ္ဌာန်းကို ယူ၍ ဟူသော ဤပုဒ်တို့ကို အလုံးစုံသော အခြင်းအရာ အားဖြင့် အကျယ်ဝိတ္ထာရ ဖွင့်ပြအပ်ပြီးသည် ဖြစ်၏။

ဤသည်ကား၊ သူတော်ကောင်းတို့၏ ဝမ်းမြောက်ခြင်းငှါ ပြုစီရင်အပ်သော ဝိသုဒ္ဓိမဂ္ဂကျမ်း၌ သမာဓိကိုပွါးခြင်း၏ အကြောင်း အစီအရင်ကိုဆိုရာ ကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသ ကမ္မဋ္ဌာန်းယူနည်း နိသျှည်းအမည်ရှိသော

တတိယပိုင်း ပြီး၏။

# ၄–ပဿဝီကာသိကာ နိဒ္ဒေသ

၅၁။ ယခုအခါ"သမာဓိဘာဝနာနှင့် မလျော်သောကျောင်းကို ပယ်၍ လျော်သောကျောင်း၌နေသော"ဟူသောအကျဉ်း ဥဒ္ဒေသ စကားကို နောက်ကဆိုခဲ့ပြီ၊ ဤဥဒ္ဒေသစကား၌ ဆရာနှင့် အတူတကွ တခုထည်းသော ကျောင်းတွင်နေ သောပုဂ္ဂိုလ်အား ချမ်းသာသည်ဖြစ်မူ၊ ထိုပုဂ္ဂိုလ်သည် ထိုကျောင်း၌ပင် ကမ္မဋ္ဌာန်းကို သုတ်သင်၍နေအပ်၏၊ ထိုကျောင်း၌ အကယ်၍ မချမ်းသာမူကား တဂါဝုတ်ကွာ သောအရပ် ယူဇနာခွဲကွာသောအရပ် တယူဇနာကွာ သောအရပ်တွင်ရှိသော တပါးသောကျောင်း၌ နေအပ်၏၊ ဤသို့နေသည်ရှိသော် ကမ္မဋ္ဌာန်း၏ တစုံတခုသော အရာဌာန၌ ယုံမှားခြင်းသော်၎င်း မေ့လျော့ခြင်းသော် ၎င်း ဖြစ်ခဲ့သော် စောစောထကာ မိမိကျောင်းမှာ ပြုစရာ သေနာသနဝတ်စသည်ကိုပြု၍ လမ်းခရီးအကြား ဆွမ်းခံ သွားပြီးလျှင် ဆွမ်းစားခြင်းကိစ္စပြီးကာလ ဆရာသီတင်း သုံးရာ အရပ်သို့သွား၍ ထိုနေ့ပင် ဆရာ၏အထံတွင် ကမ္မဋ္ဌာန်းကို သုတ်သင်လျက် ဒုတိယနေ့မှာ ဆရာကို ရှိခိုးခါ ပြန်လာ၍ ခရီးအကြားဆွမ်းခံ လှည့်လည်ပြီးလျှင် မပင်မပန်းမူ၍ မိမိနေရာကျောင်းသို့ ပြန်နိုင်လေတ္တံ့၊ အကြင်ပုဂ္ဂိုလ်သည်ကား တယူဇနာရှိသော အရပ်၌ သော်လည်း နှလုံးသွင်းခြင်းငှါ ချမ်းသာရာ အရပ်ကိုမရ၊ ထိုပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်း၌ အလုံးစုံ ရှုတ်ထွေးရာဌာန တို့ကို ခွဲဝေဖြတ်ထွင်၍ စင်ကြယ်စွာ အာဝဇ္ဇန်းနှင့်စပ် သော ကမ္မဋ္ဌာန်းကိုပြု၍ ဝေးသော အရပ်သို့လည်းသွား၍ သမာဓိကို ပွါးစေခြင်းငှါ မလျောက်ပတ်သော ကျောင်း ကို ပယ်ပြီးလျှင် လျောက်ပတ်သောကျောင်း၌ နေရာ၏။

## မလျောက်ပတ်သောကျောင်း

၅၂။ **ကျောင်း၏ အပြစ် တဆဲ့ရှစ်ပါး** ထိုလျောက်ပတ် မလျောက်ပတ် နှစ်ပါးရှိရာ အပြစ် တဆဲ့ရှစ်ပါးတို့တွင် တပါးပါးသော အပြစ်နှင့်ပြည့်စုံသော ကျောင်းသည် မလျောက်ပတ်သော ကျောင်းမည်၏၊ ထိုစကား၌ ဤဆိုလတ္တံ့သည်ကား ကျောင်း၏ အပြစ် တဆဲ့ရှစ်ပါး ပေတည်း။

(၁) ကြီးလွန်းသောကျောင်း,
(၂) အသစ်ဖြစ်သောကျောင်း,
(၃) ဟောင်းနွမ်းဆွေးမြေ့သောကျောင်း,
(၄) လမ်းခရီးကိုမှီသောကျောင်း,
(၅) ကျောက်ရေကန်ရှိသောကျောင်း,
(၆) ဟင်းရွက်တောနီးသောကျောင်း,
(၇) ပန်းဥယျာဉ်နီးသောကျောင်း,
(၈) သစ်သီးခြံနီးသောကျောင်း,
(၉) လူဘို့တောင့်တ ချီးမွမ်းအပ်သောကျောင်း,
(၁၀) မြို့ရွာကိုမှီသောကျောင်း,
(၁၁) ထင်းတော သစ်တောကိုမှီသောကျောင်း,
(၁၂) လယ်ကိုမှီသောကျောင်း,
(၁၃) သဘောမတူ ရန်သူပုဂ္ဂိုလ်ရှိသောကျောင်း,
(၁၄) ဆိပ်ကမ်းကိုမှီသောကျောင်း,
(၁၅) ပစ္စန္တရာဇ်ကိုမှီသောကျောင်း,
(၁၆) တိုင်းပြည် အပိုင်းအခြားကိုမှီသောကျောင်း,
(၁၇) မလျောက်ပတ်သောကျောင်း,
(၁၈) မိတ်ဆွေကောင်းကို မရနိုင်သောကျောင်း,

ဤတဆဲ့ရှစ်ရပ်သော အပြစ်တို့တွင် တပါးပါးသောအပြစ်နှင့် ပြည့်စုံသောကျောင်းသည် မလျောက်ပတ်သော ကျောင်းမည်၏၊ ထိုကျောင်းမျိုး၌ မနေအပ် မနေသင့်၊ အဘယ့်ကြောင့်ဆိုသော် ကြီးလွန်းသောကျောင်း၌ များစွာသော ဆန္ဒထူးထွေ ရှိကြကုန်

သောရဟန်းတို့သည် စည်းဝေးကြကုန်၏၊ ထိုရဟန်းတို့သည် အချင်းချင်း ဆန့်ကျင်သောကြောင့် ဝတ်နိဗဒ်ကို မပြုကြကုန်၊ ဗောဓိယင်္ဂဏ အစရှိသည်တို့သည် ပေါင်းမြက် သုတ်သင်ခြင်း မရှိသော အရပ်ဖြစ်ကုန်၏၊ သောက်ရေ သုံးရေတို့ကိုလည်း မတည်ထား၊ ထိုကျောင်း၌ ယောဂီပုဂ္ဂိုလ်သည် ဆွမ်းခံရွာသို့ ဆွမ်းအလို့ငှါ သွားမည်ဟု သပိတ်သင်္ကန်းကိုယူ၍ ထွက်လတ်သော် ဗောဓိယင်္ဂဏဝတ် စသည်မပြုအပ်သေးသည်ကိုငင်း, ရေ မရှိသော ရေအိုးတို့ကိုငင်း မြင်အံ့၊ ထိုသို့မြင်သည်ရှိသော် ဤယောဂီပုဂ္ဂိုလ်သည် ဝတ်ကိုပြုအပ်၏၊ သောက်ရေ သုံးဆောင် ရေကို တည်ထားအပ်၏၊ မပြုသည်ရှိသော် ဝတ်ပျက်ခြင်းကြောင့် သင့်သော ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ဝတ်ပြုသော ရဟန်းအား အချိန်လွန်၍ အလွန်နေမြင့်မှ ဆွမ်းခံဝင်သဖြင့် ဆွမ်းကုန်နှင့်ပြီဖြစ်၍ တစုံတရာကိုမျှမရ၊ ကိန်းအောင်းရာသို့ ကပ်သော်လည်း ရှင်သာမဏေ ရဟန်းငယ်တို့၏ ကျယ်လောင် ကျယ်လောင် တဖောင်ဖောင် စကားပြောသော အသံကြောင့်ငင်း,သံဃကံတို့ကြောင့်ငင်း စိတ်ပျံ့လွင့်၏၊ အကြင်ကျောင်းကြီး၌ကား အလုံးစုံသောဝတ်ကို ပြုအပ်ပြီးသည် ဖြစ်၏၊ ကြွင်းသော ထိခိုက်ခြင်းမည်သည်မရှိ၊ ကျောင်းကြီးပင် ဖြစ်သော်လည်း ဤသို့သဘောရှိသောကျောင်း၌ နေသင့်၏။

ကျောင်းသစ်၌ **အမှုသစ်**အလုပ်များ၏၊ မပြုလုပ်သောရဟန်းကို ကဲ့ရဲ့ကုန်၏၊ ကျောင်းရှိရဟန်းတို့က အရှင်သည် အလိုရှိတိုင်း ရဟန်းတရားကို အားထုတ်ပါ၊ ကျွန်ုပ်တို့သည် နဝကမ္မအမှုတို့ကို ပြုလုပ်ပါမည်ဟု ဆိုကြကုန်မူကား ဤသို့သဘောရှိသောကျောင်း၌ နေအပ်၏။

ဆွေးမြေ့ ဟောင်းနွမ်းသော ကျောင်းသည် ပြုစရာ ပြင်စရာ အလွန်များ၏၊ အယုတ်သဖြင့် မိမိကျောင်းကိုမျှ မပြုမပြင်သော ရဟန်းကို ကဲ့ရဲ့ကြကုန်၏၊ ပြုပြင်သော ရဟန်း အားလည်း ကမ္မဋ္ဌာန်းအလုပ် ဆုတ်ယုတ်လေ၏။

လမ်းအနီး၌ရှိသော ကျောင်းသို့ နေ့ညဥ့်မပြတ် အာဂန္တုက ရဟန်းတို့သည် မည်းဝေးကြကုန်၏၊ နေလွဲသောအခါ ရောက်လာသောရဟန်းကိုမူကား မိမိ၏အိပ်ရာ နေရာကိုပေး၍ သစ်ပင်ရင်း၌ ၎င်း, ကျောက်ဖျာ၌၎င်း နေအပ်သည်ဖြစ်၏၊ တဖန် နောက်တနေ့၌လည်း ဤနည်းအတူပင် ဖြစ်၍ ကမ္မဋ္ဌာန်းကို အားထုတ်ခွင့်မရ၊ အကြင်ကျောင်း၌ကား အာဂန္တုက ပုဂ္ဂိုလ်တို့ကြောင့် ဤသို့ ကျဉ်းမြောင်းကြပ်တည်းသည် မဖြစ်မူ နေအပ်၏။

ကျောက်ရေကန်အနီးရှိသော ကျောင်းသည် သောက္ကမည်၏၊ ထိုရေကန်သို့ရေအလို့ငှါ လူအပေါင်းတို့သည် ပျားပန်းခတ်သကဲ့သို့ သွားလာကြကုန်၏၊ မြို့တော်နေမင်းဆရာကြီးတို့၏ တပည့်တို့သည် သက်န်းဆိုးခြင်းငှါ လာရောက်ကြကုန်၏၊ ထိုရဟန်းတို့က ဆိုးရည် ထည့်ရန် ခွက်, သစ်သား ဆိုးကျင်း, ဆိုးရည်ကျိုရန် နေရာ, ဖွပ်စရာ ပျဉ် အစရှိသည်တို့ကို မေးမြန်း တောင်းဆိုကြသောကြောင့် ဤနေရာ ဤနေရာတို့မှာရှိသည် ဟု ပြရကုန်၏၊ ဤသို့လျှင် အခါခပ်သိမ်း အမြဲကြောင့်ကြစိုက်ရ၏၊ ထို့ကြောင့် ကျောက်ရေကန်နီးသောကျောင်းမှာ မနေအပ်။

အကြင်ကျောင်း၏အနီး၌ အထူးထူးသော ဟင်းရွက်တောသည် ရှိ၏။ ထိုကျောင်း၌ ကမ္မဋ္ဌာန်းယူ၍ နေ့သန့်ရာ၌နေသော ထိုရဟန်း၏အထံသို့ ဟင်းရွက်ခူး မိန်းမတို့သည် သီချင်းဆိုလျက် ဟင်းရွက်ကို ဆွတ်ခူးရှာဖွေကြသည်ရှိသော် မာတုဂါမအသံ ထိခိုက်ခြင်းဖြင့် ကမ္မဋ္ဌာန်း၏ အန္တရာယ်ကို ပြုကုန်၏၊ အကြင်ကျောင်း၏အနီး၌ အထူးထူး အပြားပြားသော ပန်းချုံတို့သည် ကောင်းစွာ ပွင့်ကုန်၏၊ ထိုပန်းဉယျာဉ်နီးသော ကျောင်း၌လည်း ထိုသို့သဘော ရှိသောဘေးဥပဒ်ကို သိအပ်၏။

အကြင်ကျောင်း၏အနီး၌ သရက် သပြေ ပိန္နဲ အစရှိသော အသီးတို့သည် ရှိကုန်၏၊ ထိုအရပ်သို့ အသီးကို အလိုရှိသော သူတို့သည် လာရောက် တောင်းကြကုန်၏၊ မပေးသော ရဟန်းအား အမျက်ထွက်ကြကုန်၏၊ ဗလက္ကာရ အတင်းအဓမ္မ လုယက်၍သော်လည်း ယူတတ်ကြကုန်၏၊ စင်္ကြံသွားသော ရဟန်းသည် ထိုသစ်သီးဆွတ်

ခူးသူတို့ကိုတွေ့မြင်၍ အို-ဒါယကာ အဘယ့်ကြောင့် ဤသို့ခူးဆွတ် ပါသနည်းဟု ဆိုသည်ရှိသော် အလိုရှိတိုင်း ဆဲရေးကြကုန်၏၊ ထိုရဟန်း ထိုကျောင်းမှာ မနေနိုင်အောင်သော်လည်း အားထုတ်ကြကုန်၏။

လူတို့ ဆည်းကပ်ခြင်း၄ါ တောင့်တအပ်သော ရဟန္တာပုဂ္ဂိုလ်တို့၏ နေရာဟု လူတို့ သမုတ်အပ်သော ဒက္ခိဏဂိရိကျောင်း၊ ဟတ္ထိကုစ္ဆိကျောင်း၊ စေတိယဂိရိကျောင်း၊ စိတ္တလပဗ္ဗတကျောင်းနှင့်တူသော ကျောင်းဘိုက်၌နေသော ယောဂီပုဂ္ဂိုလ်ကို ဤအရှင်သည် ရဟန္တာတည်းဟု အကြေအညာ ချီးမွမ်းထောမနာခြင်းကြောင့် ရှိခိုးလိုကြကုန်သောလူတို့သည် ထက်ဝန်းကျင်မှ စည်းဝေးကြကုန်၏၊ ထို့ကြောင့် ထိုယောဂီပုဂ္ဂိုလ်အား ချမ်းသာစွာ မနေရ၊ ထိုကျောင်းသည် သပ္ပါယဖြစ်သော ကျောင်းဖြစ်အံ့၊ နေ့အခါတပါးသောအရပ်သို့သွား၍ ညဉ့်အခါ၌ နေအပ်၏။

မြို့ကြီးပြကြီးကို မှီသောကျောင်း၌ ဆန့်ကျင်ဘက်ဖြစ်သော မာတုဂါမအာရုံတို့သည် ထင်လာကုန်၏၊ ရေခပ်ကျွန်မတို့သည် အိုးတို့ဖြင့် တိုက်ခိုက်၍သွားကုန်၏၊ ခရီးမှဖဲ၍ လမ်းမပေးကြကုန်၊ အစိုးရသောလူတို့သည်လည်း ကျောင်းအလယ်၌ တင်းတိမ်အရံကို ကာဆည်း၍ နေကြကုန်၏။

သစ်တော ထင်းတော နီးသောကျောင်း၌ ထင်းတို့သည်၎င်း၊ အိမ်၏အဆောက်အဦ လုပ်ဆောင်ရန် သစ်တို့သည်၎င်း ရှိကုန်၏၊ ထင်းခွေသမားတို့သည် ထိုကျောင်းအနီးသို့လာ၍ ဟင်းရွက်ခူးပန်းခူးသူ့ကဲ့သို့ မချမ်းမသာဖြစ်အောင် ပြုကြကုန်၏၊ ကျောင်းရှိ သစ်ပင်တို့ကိုဖြတ်၍ အိမ်ဆောက်ကုန်အံ့ ဟု လူတို့သည်လာပြီးလျှင် ဖြတ်ကြကုန်၏၊ ညနေချမ်းအခါ ကမ္မဋ္ဌာန်းကျောင်းမှ ထွက်၍ ကျောင်း၏အလယ်တွင်စင်္ကြံသွားရာ ထိုသစ်ခုတ်သူတို့ကိုတွေ့မြင်၍ အို-ဒါယကာတို့, အဘယ့်ကြောင့် ခုတ်ကြသနည်းဟု ဆိုရာ အလိုရှိသလိုဆဲရေးကြကုန်၏၊ ထိုကျောင်းတွင် ထိုရဟန်းမနေနိုင်အောင်သော်လည်း လုံ့လပြုကြကုန်၏။

အကြင်ကျောင်းသည်ကား လယ်ယာကို အမှီပြုသည် ဖြစ်၏၊ ထက်ဝန်းကျင် လယ်တို့ဖြင့် ခြံရံအပ်၏၊ ထိုကျောင်း၌ လူတို့သည် ကျောင်းလယ်တွင် ကောက်နယ်တလင်းလုပ်၍ စပါးနယ်ကြကုန်၏၊ ကျောင်းဦးမှာအိပ်ကြကုန်၏၊တပါးသော များစွာသောမချမ်းသာ စရာတွေကို ပြုကြကုန်၏၊ အကြင်ကျောင်း၌ကား များစွာသော သံဃာအသုံးအဆောင် လယ်ယာတို့သည်ရှိ၏၊ အရံစောင့်တို့သည် ငါတို့စပါးကို သင်တို့နွားစားသည်ဆို၍ ဒါယကာတို့၏ နွားတို့ကို ပိတ်ဆို့ကြကုန်၏၊ စပါးတို့အား ပေးရန်ရေလှည့်ကိုလည်း တားမြစ်ကြကုန်၏၊ လူတို့သည် ကောက်နှံကိုယူ၍ သင်တို့ အရံစောင့်များ၏ လုပ်ပုံကို ကြည့်ကြပါလော့ဟု သံဃာအား ပြကြကုန်၏၊ ထို့ကြောင့် မင်း-မင်းအမတ်တို့၏ အိမ်တံခါးသို့ သွားကြကုန်၏၊ (တရားစွဲဆို တိုင်တန်းကြကုန်၏)၊ ဤသို့လျှင် သံဃိက လယ်ချောင်းပေါ်များသော ကျောင်းသည်လည်း လယ်တောကိုမှီသော ကျောင်း၌ ပေါင်းရုံးရေတွက်အပ်၏။

သဘောမတူ ရန်သူပုဂ္ဂိုလ်ရှိသော ကျောင်းဆိုသည်ကား အကြင်ကျောင်း၌ အချင်းချင်း သဘောမတူသော ရန်သူရဟန်းတို့သည်နေကြကုန်၏၊ အကြင်ရဟန်းတို့သည် ငြင်းခုံခြင်းကို ပြုကြကုန်၍ အရှင်ဘုရားတို့, ဤသို့မပြုကြပါနှင့်ဟု တားမြစ်လျက် ဤပုံသုကူဆောင်ရဟန်းရောက်လာသောအခါ ကာလမှစ၍ ပျက်စီးကုန်ပြီဟု ဆိုတတ်ကုန်၏။

အကြင်ကျောင်းသည်ကား မြစ်-သမုဒ္ဒရာ ဆိပ်ကမ်းကိုမှီသည်၎င်း, မြို့ကြီးပြကြီးတို့၏ အခွန်ကောက်ရာဌာန အရပ်ကို မှီသည်၎င်း ဖြစ်၏၊ ထိုကျောင်းသို့ လှေတို့ဖြင့်၎င်း, လှည်းတို့ဖြင့်၎င်း မပြတ်လာကုန်သော လူတို့သည်တည်းခိုရန် အခွင့်ပေးပါ, ရေကိုပေးပါ, ဆားကိုပေးပါဟု တောင်းခြင်းဖြင့် ထိခိုက်၍မချမ်းမသာအောင် ပြုကုန်၏။

ပစ္စန္တရာဇ်ကို မှီသော ကျောင်း၌ကား လူတို့သည် ဘုရားအစရှိသောရတနာသုံးပါးကို မကြည်ညိုကြကုန်၊ ထို့ကြောင့် ထိုရဟန်းအား ချမ်းသာစွာနေရသည် မဖြစ်။

တိုင်းပြည်တို့၏ အစပ်ကိုမှီသော ကျောင်း၌ကား မင်းဘေး ဖြစ်တတ်၏။ ထိုအရပ်ကို တဦးသောမင်းက ငါ၏အာဏာ၌ မတည် ဟု ဆို၍ သုန့်ခတ်ကြကုန်၏၊ တဦးသောမင်းကလည်း ငါ၏ အာဏာ၌မတည် ဟု ဆို၏၊ ထို မင်းနှစ်ဦးတို့၏ နိုင်ငံအစပ်၌နေ သောရဟန်းသည် တခါတရံ တပါးသောမင်း၏ နိုင်ငံ၌ လှည့်လည် ရ၏၊ တခါတရံ အခြားမင်းတပါး၏နိုင်ငံ၌ လှည့်လည်ရ၏၊ ထိုအခါ ထိုရဟန်းကို သူလျှိုယောကျ်ားဟု မှတ်ထင်၍ ဘမ်းဆီးပြီးလျှင် ပျက်စီးခြင်းသို့ ရောက်စေကုန်၏။

မလျောက်ပတ် မသင့်လျော်သောကျောင်းသည်ကား ဆန့်ကျင် ဘက်ဖြစ်သော ဝိသဘာဂ ရူပါရုံစသော အာရုံတို့၏စုဝေးပေါင်းဆုံ ခြင်းဖြင့်၎င်း၊ ဘီလူး သဘက် သိမ်းဆည်းအပ်သောကြောင့်၎င်း မလျောက်ပတ် မသင့်လျော်သည်အဖြစ်ကို သိအပ်၏။ **ဝဿ၊ တခု** ကြားဘူးသည်မှာ တပါးသော မထေရ်သည် တောကျောင်း၌ နေ၏၊ ထိုအခါ မထေရ်၏သစ်ရွက်မိုးသော ကျောင်းတံခါးဝ၌ တဦးသောဘီလူးမသည် ရပ်၍ သီချင်းဆို၏၊ ထို မထေရ်သည် ထွက်၍ တံခါးဝ၌ရပ်သောအခါ ထို ဘီလူးမသည် စင်္ကြံဦး၌ သီဆိုပြန်၏၊ မထေရ်က စင်္ကြံဦးသို့ သွားသောအခါ ထို ဘီလူးမ သည် အသူတရာနက်သော ချောက်ကမ်းပါးထိပ်၌ ရပ်၍ သီဆို ပြန်၏၊ မထေရ်သည် နောက်သို့ ဆုတ်၏၊ ထိုအခါ ထိုမထေရ်ကို ထို ဘီလူးမသည် အဟုန်ဖြင့်လာ၍ ဘယ်ကို သွားမည်နည်းဟု ဆိုလျက် ပခုံးကို ကိုင်ပြီးလျှင် အရှင်ဘုရား-အကျွန်ုပ်သည် အရှင် တို့ကဲ့သို့သော တောနေ ရဟန်းတို့ကို စားခဲ့သည်မှာ တပါး နှစ်ပါးသာမဟုတ် များလှလေပြီဟု ဆိုလေ၏။

မိတ်ဆွေ ခင်ပွန်းကောင်းကိုမရသော ကျောင်းဆိုသည်ကား- အကြင်ကျောင်း၌ ဆရာသည်လည်း ဖြစ်သော ဆရာနှင့်တူသော ပုဂ္ဂိုလ်သည် လည်း ဖြစ် သော ဥပဇ္ဈာယ် သည် လည်း ဖြစ် သော ဥပဇ္ဈာယ်နှင့်တူသော ပုဂ္ဂိုလ်သည်လည်းဖြစ်သော အဆွေခင်ပွန်း ကို မရနိုင်၊ ထိုကျောင်း၌ ထိုအဆွေခင်ပွန်းကောင်း ကလျာဏမိတ္တ

ပုဂ္ဂိုလ်ကို မရနိုင်ခြင်းသည် ကြီးစွာသော အပြစ်ရှိသည် ဖြစ်၏၊ ဤသို့သော အဓိပ္ပါယ်ကို သိအပ်၏။

ဤ တဆယ့်ရှစ်ပါးသော အပြစ်တို့တွင် တပါးပါးနှင့် ပြည့်စုံသော ကျောင်းကို မလျောက်ပတ်သော ကျောင်းဟူ၍ သိအပ်၏၊ ထိုစကားမှန်သည်၊ ထို့ကြောင့် အဋ္ဌကထာတို့၌ အောက်ပါ ဂါထာတို့ကို မိန့်ဆိုအပ်ကုန်၏။

မဟာဝါသံ နဝါဝါသံ၊ ဇရာဝါသဉ္စ ပန္ထနိံ။
သောဏ္ဍိံ ပဏ္ဏဉ္စ ပုပ္ဖဉ္စ၊ ဖလံ ပတ္ထိတမေဝ စ။
နဂရံ ဒါရုနာ ခေတ္တံ၊ ဝိသဘာဂေန ပဋ္ဋနံ။
ပစ္စန္တသီမာသပ္ပါယံ၊ ယတ္ထ မိတ္တော န လဗ္ဘတိ။
အဋ္ဌာရသေတာနိ ဌာနာနိ၊ ဣတိ ဝိညာယ ပဏ္ဍိတော။
အာရကာ ပရိဝဇ္ဇေယျ၊ မဂ္ဂံ သပ္ပဋိဘယံ ယထာတိ။

(၁) ကြီးလွန်းသောကျောင်း၊
(၂) အသစ်ဖြစ်သောကျောင်း၊
(၃) အိုမင်း ဆွေးမြေ့သောကျောင်း၊
(၄) လမ်းခရီးအနီးဖြစ်သောကျောင်း၊
(၅) ကျောက်ရေကန်ရှိသောကျောင်း၊
(၆) ဟင်းရွက်တော အနီးဖြစ်သောကျောင်း၊
(၇) ပန်းဥယျာဉ်နီးသောကျောင်း၊
(၈) သစ်သီးခြံနီးသောကျောင်း၊
(၉) လူတို့ တောင့်တ ချီးမွမ်းကြသောကျောင်း၊
(၁၀) မြို့ကြီးရပ်ကြီးကိုမှီသောကျောင်း၊
(၁၁) သစ်တော ဝါးတောကိုမှီသောကျောင်း၊
(၁၂) လယ်ယာကိုမှီသောကျောင်း၊
(၁၃) သဘောမတူသော ရဟန်းတို့နေရာဖြစ်သောကျောင်း၊
(၁၄) ရေကြောင်းကုန်းကြောင်း ဆိပ်ကမ်းကိုမှီသောကျောင်း၊
(၁၅) ပစ္စန္တရာဇ်ကိုမှီသောကျောင်း၊
(၁၆) တိုင်းပြည် နယ်စပ်ဖြစ်သောကျောင်း၊

(၁၇) မလျောက်ပတ် မသင့်လျော်သောကျောင်း၊
(၁၈) အဆွေခင်ပွန်းကောင်းကို မရနိုင်သောကျောင်း။

ဤတဆယ့်ရှစ်ပါးသော အရပ်ဌာနတို့ကို ဤသည်တို့ကား ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းခြင်းငှါ မသင့်လျော်သောကျောင်း အရပ်တို့ဟု သိ၍ ဘေးရန်ရှိသော ခရီးကဲ့သို့ ပညာရှိသည် ဝေးစွာ ကြဉ်ရှောင်ရာ၏။

## လျောက်ပတ်သောကျောင်း

၅၃။ ထို့ပြင် ဆွမ်းခံရွာမှ မဝေးလွန်း မနီးလွန်း အစရှိကုန်သော ငါးပါးသောအင်္ဂါတို့နှင့် ပြည့်စုံသော ကျောင်းသည် ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်း ပွါးများခြင်းငှါ သင့်လျော် လျောက်ပတ်သောကျောင်း မည်၏။ ထို့ကြောင့် မြတ်စွာဘုရား ဟောကြားတော်မူသည်မှာ—

"အို-ရဟန်းတို့, အဘယ်သို့လျှင် ကျောင်းသည် အင်္ဂါငါးပါးနှင့် ပြည့်စုံပါသနည်းဟူမူ၊ အို-ရဟန်းတို့, ကျောင်းသည် မဝေးလွန်းသည်ဖြင့်, မနီးလွန်းသည်ဖြင့်, သွားခြင်း လာခြင်းငှါ မလျောက်ပတ်သည်ဖြင့်,နေ့အခါ လူတို့နှင့်မပြွမ်း၊ ညအခါလူသံဆိတ်၏၊ အုပ်အုပ်ကျက်ကျက် ကြွေးကြော် အော်ဟစ်သံမရှိ။ မှက်,ခြင်,နေပူ, မြွေ,ကင်းသန်းတို့၏ ကိုက်ခြင်း ထိပါးခြင်းမှ ကင်း၏။ ထိုကျောင်း၌နေသော ရဟန်းအား မငြိုမငြင် မပင်မပန်းဘဲ သင်္ကန်း, ဆွမ်း, ကျောင်း, သူနာအထောက်အပံ့ ဆေးပစ္စည်းတို့သည် ဖြစ်ကုန်၏၊ ထိုကျောင်း၌ အကြားအမြင် ဗဟုသုတ ရှိကုန်သော နှုတ်ဖြင့် ဆောင်အပ်ကုန်သော သုတ်အဘိဓမ္မာကိုဆောင်ကုန်သော ဝိနည်းကိုဆောင်ကုန်သောမာတိကာကို ဆောင်ကုန်သော ပြိမြိသော ဂုဏ်ကျေးဇူးရှိကုန်သော ရဟန်းတို့သည် နေကုန်၏၊ ထိုရဟန်းတို့ကို ရံခါရံခါ ချဉ်းကပ်၍ အရှင်ဘုရား ဤပုဒ်ကို အဘယ်သို့ မှတ်ရပါမည်နည်း၊ ဤပုဒ်၏ အနက်ကား အဘယ်သို့ပါနည်းဟု မေးမြန်း၏၊ ထိုအရှင်တို့သည် ထိုရဟန်းအား မပွင့်မလင်းသည်ကို ဖွင့်ပြကုန်၏၊ မပေါ်သည်ကို

ထင်ရှားအောင် ပြကုန်၏၊ ဟာပါးမကများသော အကျိုးရှိကုန်သော သံသယဖြစ်ကြောင်း ဖြစ်သော အရာဌာနတို့၌ ပယ်မှားသက်ကို ဖျောက်ပယ်၏၊ အို-ရဟန်းတို့, ဤသို့လျှင် ကျောင်းသည် အင်္ဂါငါးပါးနှင့် ပြည့်စုံသည်ဖြစ်၏''ဟု ဟောတော်မူအပ်၏။

ဤသည်ကား ''သမာဓိဘာဝနာကို ပွါးခြင်းငှါ မလျောက်ပတ်သော ကျောင်းကိုပယ်၍ လျောက်ပတ်သောကျောင်း၌ နေသော'' ဟူသော စကားရပ်၏ အကျယ်ကို ဖွင့်ဆိုခြင်းပေတည်း။

---

## ပလိဗောဓငယ်များ

၃၄။ ''သေးငယ်သောပလိဗောဓ ကြောင့်ကြမှုတို့ကိုဖြတ်ပယ်၍'' ဟူသော စကား၌ ဤသို့ ဆိုအပ်ခဲ့ပြီသော လျောက်ပတ်သော ကျောင်း၌ သီတင်းသုံးနေသော ရဟန်းအား အကြင်သေးငယ်သော ပလိဗောဓ ကြောင့်ကြမှုတို့သည် ရှိကုန်၏။ ထိုပလိဗောဓတို့ကို ဖြတ်အပ်၏၊ ထို ပလိဗောဓတို့ကား ရှည်သောဆံပင် ခြေသည်း လက်သည်းတို့ကို ဖြတ်အပ်ကုန်၏။ ဟောင်းနွမ်း ဆွေးမြေ့သော သင်္ကန်းတို့ကို ခိုင်အောင် ဖာခြင်း, စပ်ခြင်းကို ပြုအပ်၏။ ညစ်နွမ်းသော် ဆိုးအပ်ကုန်၏။ အကယ်၍ သပိတ်၌ ချေးချွားမှု သပိတ်ကို ဖုတ်အပ်၏၊ ညောင်စောင်း အင်းပျဉ်တို့ကို သုတ်သင်အပ်ကုန်၏။

ဤသည်ကား ငယ်သော ပလိဗောဓကြောင့်ကြမှုတို့ကို ဖြတ်၍ဟူသော စကားရပ်၏ အကျယ်ကို ဖွင့်ဆိုခြင်းပေတည်း။

---

## ပထဝီကသိုဏ်း

၃၅။ ယခုအခါ ''အလုံးစုံသော ဘာဝနာပွါးခြင်း အစီအရင်ကို မယုတ်စေမူ၍ ပွါးအပ်၏'' ဟူသောစကား၌ ဤ ဆိုလတ္တံ့သည်ကား ပထဝီကသိုဏ်းကို အစပြု၍ အလုံးစုံသော ကမ္မဋ္ဌာန်းတို့၏ အစွမ်းဖြင့် အကျယ် ဝိတ္ထာရ ဖွင့်ပြခြင်းပေတည်း။

ဤသို့ ပလိဗောဓ ကြောင့်ကြခြင်းတို့ကို ဖြတ်ပယ်ပြီးသော ရဟန်းသည် ဆွမ်းစားပြီး၍ ဆွမ်းစားရာမှဖဲခွါခဲ့ပြီးသော် ဆွမ်းသုံးဆောင်ခြင်းကြောင့်ဖြစ်သော ပင်ပန်းခြင်းကို ဖျောက်ပယ်၍ ဆိတ်ငြိမ်သောအရပ်တွင် ချမ်းသာစွာထိုင်နေ၍ ပြုပြင် စီရင်အပ်သော မြေဝန်းရင်း, မပြုမပြင် သက်သက်ဖြစ်သော မြေဝန်းရင်း ဥဂ္ဂဟနိမိတ်ကို ယူအပ်၏၊ ထိုသို့ နိမိတ်ယူအပ်ကြောင်းနှင့် ရှေးအဋ္ဌကထာကြီးတို့တွင် မိန့်ဆိုသည်မှာ "ပထဝီကသိုဏ်းကို ဥဂ္ဂဟနိမိတ်၏ အဖြစ်ဖြင့်ယူသော ယောဂီပုဂ္ဂိုလ်သည် ပြုပြင်အပ်သည်လည်းဖြစ်သော မပြုပြင် အပ်သည်လည်းဖြစ်သော အပိုင်းအခြားရှိသော အပိုင်းအခြားမရှိ မဟုတ်သော အစွန်းရှိသော အစွန်းမရှိ မဟုတ်သော လုံးဝန်းသော မလုံးမဝန်း မဟုတ်သော အဆုံးရှိသော အဆုံးမရှိ မဟုတ်သော ဗန်းငယ်ပမာဏ စလောင်းဖုံး ပမာဏရှိသော မြေအဝန်း မြေအပိုင်း၌ နိမိတ်ကိုယူ၏၊ ထို ယောဂီပုဂ္ဂိုလ်သည် ထိုပထဝီမြေဝန်း ဥဂ္ဂဟနိမိတ်ကို မြဲစွာ ယူအပ်သည်ကို ပြု၏၊ ကောင်းစွာ ဆောင်အပ်သည်ကို ဆောင်၏၊ အဖန်တလဲလဲ မြဲမြဲစွာ မှတ်အပ်သည်ကို ပြု၏။ ထိုယောဂီပုဂ္ဂိုလ်သည် ထို ပထဝီမြေဝန်း ဥဂ္ဂဟနိမိတ်ကို မြဲစွာယူအပ်သည်ကို ပြု၍ ကောင်းစွာ ဆောင်အပ်သည်ကိုဆောင်၍ ကောင်းစွာ မြဲမြဲ မှတ်အပ်သည်ကိုပြု၍ မချွတ်လျှင် ဤအကျင့်ဖြင့် အိုခြင်း သေခြင်းမှ လွတ်ရပေတော့အံ့ဟု အကျိုးဆက်ကို မြင်လေ့ရှိသည် အမြတ် ရတနာဟု မှတ်သည်ဖြစ်၍ အလေးအမြတ် ရိုသေသမှုပြုခြင်းကို ဖြစ်စေ၍ ချစ်ခင်မြတ်နိုးစွာ ထိုအာရုံ၌ စိတ်ကို မြဲစွာဖွဲ့ချည်၏၊ ထိုပုဂ္ဂိုလ်သည် ဝတ္ထုကာမ, ကိလေသာကာမတို့မှ ဆိတ်ကင်း၍သာလျှင်....(လ) ပဌမဈာန်ကို ပြည့်စုံ၍နေ၏" ဟု မိန့်ဆိုအပ်၏။

ထိုအဋ္ဌကထာစကား၌ အကြင်ပုဂ္ဂိုလ်သည် အတိတ်ဘဝက သာသနာတော်၌ရင်း ရသေ့ရဟန်းအဖြစ်၌ရင်း ရဟန်းပြု၍ ပထဝီကသိုဏ်း စတုက္ကနည်းဈာန် ပဉ္စကနည်း ဈာန်တို့ကို ဖြစ်စေအပ်ဘူးကုန်၏၊ ဤသို့သဘောရှိသော ကောင်းမှုရှိသော ဥပနိဿယနှင့်

ပြည့်စုံသော ပုဂ္ဂိုလ်အား မပြုပြင်အပ်သော မြေလယ်ထွန်ရာအရပ်၌ ၎င်း ဥဂ္ဂဟနိမိတ်သည်မဟာလ္လကမထေရ်အား ဖြစ်သကဲ့သို့ဖြစ်၏၊ လယ်ထွန်ရာအရပ်ကို ကြည့်သော ထိုအရှင်မဟာလ္လက မထေရ်အား ထိုကြည့်သော အရပ်ဌာန အတိုင်းအရှည်ရှိသော ဥဂ္ဂဟနိမိတ်သည် ဖြစ်သတတ်၊ ထိုမထေရ်သည် ထိုနိမိတ်ကိုပွါး၍ ပဉ္စကနည်းဈာန်ကို ဖြစ်စေပြီးလျှင် ဈာန်လျှင် နည်းစွာသော အကြောင်းရှိသော ဝိပဿနာကိုဖြစ်စေ၍ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

အကြင်ပုဂ္ဂိုလ်သည်ကား ဤသို့ရှေးကပြုခဲ့သော အလေ့အလာ မရှိ၊ ထိုပုဂ္ဂိုလ်သည်ကား ဆရာ၏အထံ၌ သင်ယူအပ်သော ကမ္မဋ္ဌာန်း အစီအရင်အတိုင်း မချွတ်ယွင်းစေမူ၍ လေးပါးသော ကသိုဏ်း၏ အပြစ်တို့ကိုပယ်၍ ကသိုဏ်းကိုပြုအပ်၏၊ ညိုသော အဆင်း ရွှေသောအဆင်း နီသောအဆင်း ဖြူသောအဆင်းတို့နှင့် ရောစပ်သည် အစွမ်းဖြင့် လေးပါးသော ပထဝီကသိုဏ်း၏အပြစ် တို့သည်ဖြစ်ကုန်၏၊ ထို့ကြောင့် အညိုအစရှိသော အဆင်းရှိသော မြေကိုမယူမူ၍ ဂင်္ဂါမြစ်ကမ်းပြိုရာတွင် ရှိသော မြေနှင့်တူသော နေအရုဏ်ရောင်ကဲ့သို့သောမြေဖြင့် ကသိုဏ်းဝန်းကို ပြုအပ်၏၊ ထိုကသိုဏ်းဝန်းပြုလုပ်ရာ ကျောင်း၏အလယ် သာမဏေ စသည် တို့ သွားလာလှည့်ပတ်ရာဌာနမှာ မပြုအပ်၊ ကျောင်း၏အစွန်း ဖုံးလွှမ်းရာဌာန တောင်ဝှမ်း သစ်ရွက်မိုးသော စရပ်တို့၌ ပြောင်းရွှေ့စကောင်းသော ကသိုဏ်းဝန်းကို ပြုအပ်၏၊ ဖုံးလွှမ်းရာဌာန၌ကား အမြဲမပြောင်းရွှေ့ကောင်းသော ကသိုဏ်းဝန်းကို ပြုအပ်၏၊ ထိုကသိုဏ်းတို့တွင် ပြောင်းရွှေ့ကောင်းသော ကသိုဏ်းဝန်းကို လေးချောင်းသော တုတ်တံတို့၌ ပုဆိုးနွမ်းကို ဖြစ်စေ၊ သားရေကို ဖြစ်စေ သဖော့ဖျာကိုဖြစ်စေ ချည်နှောင်တုပ်ဖွဲ့ ကားကြက်၍ ထို အပေါ်တွင် သစ်မြစ် ကျောက်ခဲအိုးကွဲတို့ကို နယ်ထုပ်၍ ကောင်းစွာ နယ်အပ်သော မြေကြီးဖြင့် ဆိုအပ်ပြီးသော ပမာဏ အတိုင်းအရှည်သော ဝန်းဝိုင်းသော သဏ္ဌာန် လိမ်းကျံ၍ ပြုအပ်၏၊ ထိုကသိုဏ်း ဝန်းကို ဥဂ္ဂဟနိမိတ်ယူသောအခါ မြေ၌ခင်း၍ စေ့စေ့ကြည့် အပ်၏။

မရွေ့မပြောင်းနိုင်သော ကသိုဏ်းဝန်းကို မြေ၌ ပဒုမ္မာကြာချပ် သဏ္ဌာန်ငုတ်တို့ကိုစိုက်၍ နွယ်တို့ဖြင့် ရစ်ပတ်ပြီးလျှင် ပြုအပ်၏၊ အရုဏ်ရောင်နှင့်တူသော မြေညက်သည် အကယ်၍ မလောက်ခဲ့သော် အခြားမြေကို အောက်ကထည့်၍ အထက်အဘို့ မျက်နှာပြင်တွင် ကောင်းစွာ သုတ်သင်အပ်သော အရုဏ်အဆင်းအရောင်ရှိသောမြေဖြင့် အချင်းတထွာ လက်လေးသစ်ရှိသော အဝိုင်းသဏ္ဌာန်ကို ပြုအပ်၏၊ ဤအချင်းတထွာ လက်လေးသစ် ပမာဏကို ရည်၍ ဇန်းငယ်,စလောင်းအရွယ် ပမာဏကို အဋ္ဌကထာဆရာတို့ ဆိုအပ်လေသည်၊ အပိုင်းအခြားရှိ မရှိ ဟူသော စကားကို ထို ပထဝီကသိုဏ်းဝန်း၏ အပိုင်းအခြားအကျိုးငှါ ဆိုသည်။

၁၆။ ထို့ကြောင့် ဤဆိုအပ်ခဲ့ပြီးသော ပမာဏ အပိုင်းအခြားကိုပြု၍ အဆင်းအရောင်ထွက်သော စန္ဒကူးစသော သစ်လက်ဝါး စသည်ဖြင့် ပွတ်တိုက်သောအခါ အရုဏ်အဆင်းနှင့် သဘောမတူသော အဆင်းကို ဖြစ်စေတတ်သောကြောင့် ထိုလက်ဝါးမျိုးကိုမယူမူ၍ ကျောက်လက်ဝါးဖြင့် ပွတ်တိုက်၍ အညီအညွတ် နိမ့်မြင့်မထင် စည်ကြီးမျက်နှာအပြင်နှင့် တူစွာပြုပြီးလျှင် ထို ကသိုဏ်းဝန်းထားရာအရပ်ကို တံမြက်လှည်း၍ ရေချိုး၍ လာပြီး လျှင် ကသိုဏ်းဝန်းမှ နှစ်တောင်ထွာအတွင်း ဖြစ်သောအရပ်၌ ခင်းအပ်သောတထွာ လက်လေးသစ် အခြေရှိသော ကောင်းစွာ ခင်းအပ်သော အင်းပျဉ်၌ထိုင်၍ နေအပ်၏။

ထိုနှစ်တောင်ထွာထက် ဝေးလွန်းသော အရပ်မှာနေမူ ကသိုဏ်းဝန်းသည်မထင်၊ နီးလွန်းသော အရပ်မှာနေပြန်မူကား ကသိုဏ်းဝန်းတွင်ရှိသော လက်ရာစသည် အပြစ်တို့ကို မြင်ကုန်ရာ၏၊ မြင့်လွန်းသော အင်းပျဉ်တွင်နေမူကား လည်ပင်းကိုညွတ်၍ ကြည့်ရ၏၊ နိမ့်လွန်းသောအင်းပျဉ်တွင် နေပြန်သောအခါ ပုဆစ်ဒူးတို့ ကျင်နာ၏၊ ထို့ကြောင့် ဆိုအပ်ပြီးသောနည်းဖြင့် ထိုင်နေ၍ "ကာမဂုဏ်တို့သည် မသာယာအပ်ကုန်" အစရှိသောနည်းဖြင့် ကာမဂုဏ်တို့၌အပြစ်တို့ကို ဆင်ခြင်ပြီးလျှင် ကာမတို့မှ လွတ်ကင်းသော

အလုံးစုံသော ဆင်းရဲဒုက္ခမှ လွန်မြောက်ခြင်း၏ အကြောင်းဖြစ်၍ ဖြစ်သော ဈာန်၌ ကောင်းစွာ အလိုဆန္ဒရှိသည်ဖြစ်၍ ဘုရားဂုဏ် တရားဂုဏ် သံဃဂုဏ်ကို တလုံလဲလဲ အောက်မေ့ခြင်းဖြင့် နှစ်သက် ဝမ်းမြောက်ခြင်းကို ဖြစ်စေပြီးလျှင် ယခု ငါ့အားထုတ်လတ္တံ့သော ဤအကျင့်သည်အလုံးစုံသော ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝက တို့ ကျင့်သုံးတော်မူကြသော ထွက်မြောက်ကြောင်း အကျင့်ပေ တည်း ဟု အကျင့်၌ ကောင်းစွာ အရိုအသေပြုသဖြင့် မချွတ်ကေန် ဤအကျင့်ဖြင့် ဝိဝေကကြောင့်ဖြစ်သော ချမ်းသာသုခ အရသာကို ရရှိခံစားရခြင်း၏အဘို့ရှိသည် ဖြစ်လတ္တံ့ဟု အားထုတ် ကြိုးစား ခြင်းကို ဖြစ်စေပြီးလျှင် ညီမျှသော အခြင်းအရာဖြင့် မျက်စိတို့ကို ဖွင့် ပြီးလျှင် ပထဝီကသိုဏ်း၌ နိမိတ်ကိုယူ၍ စိတ်ဖြင့်မှတ်၍ ပွါးအပ်၏။

မျက်စိကို ဖွင့်လွန်းသောသူအား မျက်စိပင်ပန်း၏၊ ကသိုဏ်း ဝန်းသည်လည်း အလွန်ထင်လွန်း၏၊ ထို့ကြောင့် ထိုပုဂ္ဂိုလ်အား ဥဂ္ဂဟနိမိတ်သည် မဖြစ်ထည့်နိုင်၊အလွန်မှေးမှေး မျက်စိကိုဖွင့်သော သူအား ကသိုဏ်းဝန်းသည် မထင်လွန်းဖြစ်၏၊ စိတ်သည်လည်း တွန့်တို၏၊ ဤပုဂ္ဂိုလ်အားလည်း နိမိတ်သည်မဖြစ်၊ ထို့ကြောင့် ကြေးမုံမှန်အပြင်၌ မျက်နှာရိပ်ကို ကြည့်ရှုသကဲ့သို့ ညီမျှသော အခြင်းအရာဖြင့် မျက်စိကိုဖွင့်၍ နိမိတ်ကိုယူပြီးလျှင် ပွါးအပ်၏။

ပထဝီကသိုဏ်းဝန်း၌ရှိသော အဆင်းအရောင်ကို မဆင်ခြင်သင့်၊ လက္ခဏာကို နှလုံးမသွင်းအပ်၊စင်စစ်သော်ကား အဆင်းကို မလွှတ် မူ၍ အဆင်း၏မှီရာ ပထဝီနှင့်တူသော အဆင်းရှိသည်ကိုပြု၍ ပထဝီဓာတ်များသည် အစွမ်းဖြင့် လောကဝေါဟာရ ပညတ်၌ စိတ်ကိုထား၍ ပထဝီ,ပထဝီ ဟူ၍ နှလုံးသွင်းအပ်၏။

ပထဝီ ဟူ၍၎င်း,မဟီ, ဟူ၍၎င်း, မေဒနီ,ဟူ၍၎င်း,ဘူမိ,ဟူ၍၎င်း, ဝသုဓာ ဟူ၍၎င်း, ဝသုန္ဓရာ ဟူ၍၎င်း အစရှိကုန်သော မြေ၏အမည် တို့တွင် အကြင်အမည်ကို ဆိုခြင်းငှါ အလိုရှိ၏၊ ထိုအလိုရှိသော အမည်ကို ဆိုသင့်သော်လည်း ထိုပုဂ္ဂိုလ်မှတ်ဘူး လေ့လာဘူး သောအမည်ကို ဆိုအပ်၏၊ စင်စစ်သော်ကား "ပထဝီ" ဟူသော အမည်သည် ထင်ရှားသောကြောင့် ပထဝီ,ပထဝီ ဟူ၍သာ ပွါးအပ်

၏၊ ရံခါ မျက်စိကို ဖွင့်၍ စေ့စေ့ကြည့်လျက် ရံခါ မျက်စိကိုမှိတ်ပြီးလျှင် ကြည့်၍ မြင်သောအတိုင်း ကသိုဏ်းဝန်းကို ဆင်ခြင်အပ်၏၊ ဥဂ္ဂဟနိမိတ် မဖြစ်သမျှ ကာလအရာ ကာလအထောင် ပတ်လုံးငှင်း ထို့ထက်အလွန်ငှင်း ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း ဖွင့်တုံ မှိတ်တုံ တလုံလဲလဲ နှလုံးစွဲအောင် အားခဲ၍ ဆင်ခြင်ပွါးများအပ်၏။

## ဥဂ္ဂဟနိမိတ်

၅၇။ ဤသို့သောနည်းဖြင့် နောက်သို့မဆုတ် အားထုတ် စွန့်စား ပွါးများသော ယောဂီပုဂ္ဂိုလ်အား အကြင်အခါ မျက်စိ မှိတ်၍ ဆင်ခြင်စဉ် မျက်စိကိုဖွင့်၍ ကြည့်သကဲ့သို့ ထင်မြင်ခြင်းသို့ ရောက်လာ၏၊ ထိုအခါ ဥဂ္ဂဟနိမိတ်ဖြစ်သည် မည်၏၊ ထိုဥဂ္ဂဟနိမိတ် ဖြစ်သောအခါမှစ၍ ထိုနေရာ၌ မနေအပ်၊ မိမိ၏နေရာ အရပ်သို့ဝင်၍ ထိုအရပ်၌ ထိုင်နေသဖြင့် ပွါးအပ်၏။

ခြေဆေးခြင်းကြောင့် အချိန်ကြာမြင့် ရှိသည်ကို ပယ်ဖျောက်ခြင်းငှါ တလ္လဘိနပ်ကိုငှင်း, ဘေးရန်ကို ဟန့်တား ဖျောက်ပယ်ရန် တောင်ဝှေးကိုငှင်း ထိုပုဂ္ဂိုလ်အား အလိုရှိအပ်၏။

## ပဋိဘာဂနိမိတ်

နုသောသမာဓိသည် တစုံတရာမလျောက်ပတ်သော အကြောင်းကြောင့် အကာယ်၍ ပျက်အံ့၊ ထိုသို့ပျက်ခဲ့သော် ဤပုဂ္ဂိုလ်သည် ဘိနပ်ကိုစီး၍ တောင်ဝှေးကို ကိုင်ပြီးလျှင် ထိုကသိုဏ်းဝန်းရှိရာသို့ သွား၍ ဥဂ္ဂဟနိမိတ်ကို ယူပြီးလျှင် လာ၍ချမ်းသာစွာ ထိုင်နေသဖြင့် ပွါးအပ်၏၊ အဖန်တလဲလဲ ထိုနိမိတ်ကို စိတ်ဖြင့် ဆင်ခြင်အပ်၏၊ ရှေးရှုခေါ်ခြင်း, ထက်ဝန်းကျင်မှခေါ်ခြင်းကို ပြုအပ်၏၊ ဤသို့ပြုသော ထိုယောဂီပုဂ္ဂိုလ်အား အစဉ်အတိုင်း နီဝရဏ အမြွေးအနှောက်တို့သည် ကွာကုန်၏၊ ကိလေသာတို့သည် ငြိမ်ဝပ် နစ်မြုပ်ကုန်၏၊ ဥပစာရ သမာဓိသည် စိတ်ကိုကောင်းစွာ ထားအပ်၏၊ ပဋိဘာဂနိမိတ်သည် ဖြစ်၏။

ထိုနိမိတ်ဖြစ်ရာ၌ ဤဆိုလတ္တံ့သည်ကား-ရှေးဖြစ်သော ဥဂ္ဂဟ နိမိတ်နှင့် ဤပဋိဘာဂနိမိတ်၏ အထူးပေတည်း။ ဥဂ္ဂဟနိမိတ်၌ ကသိဏ်းဝန်း၏ လက်ရာစသော အပြစ်သည် ထင်၏၊ ပဋိဘာဂ နိမိတ်သည် အိတ်ထဲမှထုတ်သော ကြေးမုံဝန်း မှန်ဝိုင်းကဲ့သို့ရင်း, ကောင်းစွာပွတ်တိုက်အပ်သော ခရုသင်းကရုကမာခွက်ကဲ့သို့ရင်း, တိမ်တိုက်ကြားမှ ဘွားကနဲ ထွက်လာသော လပြည့်ဝန်းကဲ့သို့ ရင်း, မိုးတိမ်ညိုဝ၌ ဖြူဖွေးသော ဥဇျိုင်းကဲ့သို့ရင်း ဥဂ္ဂဟနိမိတ်ကို ဖောက်ထွင်း၍ ထွက်သကဲ့သို့ ထိုဥဂ္ဂဟနိမိတ်ထက် အဆအရာ အထောင်မက အလွန်စင်ကြယ်သည်ဖြစ်၍ ထင်၏။

ထိုသို့ ထင်သော ပဋိဘာဂ နိမိတ်သည် အဆင်းရှိသည်မဟုတ်၊ သဏ္ဌာန်ရှိသည်မဟုတ်၊ ဤသို့ အဆင်းသဏ္ဌာန်ရှိသည် ဖြစ်အံ့၊ စက္ခုဝိညာဉ်ဖြင့် သိကောင်းသည် ဖြစ်ရာ၏၊ ရုန့်ရင်းသော အနိစ္စ အစရှိသည်ဖြင့် သုံးသပ်ကောင်းသည်, လက္ခဏာရေးသုံးပါးဖြင့် မှတ်အပ်သည် ဖြစ်ခဲ့ရာ၏၊ ဤသို့ကား မဖြစ်၊ သက်သက် ဥပစာရ သမာဓိကိုရသောပုဂ္ဂိုလ်အား ထင်သော အခြင်းအရာမျှဖြစ်၍ ဤအရာသည် သညာကြောင့် ဖြစ်ခြင်း သညဇပေတည်း။

၅၀။ ထိုပဋိဘာဂနိမိတ် ဖြစ်သည်မှစ၍ နီဝရဏတို့သည် ကွာကုန်၏၊ ကိလေသာတို့သည် ငြိမ်ဝပ်စွာနေကုန်၏၊ ဥပစာရ သမာဓိသည် စိတ်ကို ကောင်းစွာ ထားအပ်၏။

## သမာဓိနှစ်မျိုး

သမာဓိသည် ဥပစာရသမာဓိ အပ္ပနာသမာဓိဟူ၍ နှစ်မျိုး ရှိ၏၊ နှစ်ပါးသော အခြင်းအရာတို့ဖြင့် ဥပစာရအခိုက်၌ရင်း, ရျာန်ကိုရသော အခိုက်၌ရင်း စိတ်ကို ကောင်းစွာထား၏၊ ထို နှစ်ပါးတို့တွင် ဥပစာရအခိုက်အတန့်၌ နီဝရဏကို ပယ်ခြင်းဖြင့် စိတ်တည်ငြိမ်၏၊ ရျာန်ကိုရသော အခိုက်အတန့်၌ အင်္ဂါထင်ရှား ဖြစ်ပေါ်ခြင်းဖြင့် စိတ်တည်ကြည်၏၊ထို့ပြင် ဤဆိုလတ္တံ့သည်ကား နှစ်မျိုးသော သမာဓိတို့၏ ကွဲပြားကြောင်း အထူးတည်း။ ဥပစာရ အခိုက်အတန့်၌ အင်္ဂါတို့သည် အားအစွမ်းမရှိကုန်၊

အင်္ဂါတို့၏ အားအစွမ်း မရှိသောကြောင့် ဥပမာအားဖြင့် နုနယ်သော ကလေးသူငယ်ကို ထူမ၍ထားရာ အဖန်ဖန်မြေသို့ လဲကျဘိသကဲ့သို့ ထို့အတူ ဥပစာရ အခိုက်အတန့်၌ စိတ်သည် ရံခါ နိမိတ်ကို အာရုံပြုနိုင်၏၊ ရံခါ ဘဝင်သို့သက်၏။ အပ္ပနာ၌ကား အင်္ဂါတို့သည် အားရှိကုန်၏၊ ထိုအင်္ဂါတို့၏ အားရှိသည် အဖြစ်ကြောင့် ဥပမာအားဖြင့် အားရှိသောယောကျ်ားသည် နေရာမှ ထ၍ တနေ့ပတ်လုံး ရပ်နိုင်ဘိသကဲ့သို့ ဤအတူ အပ္ပနာသမာဓိ၌ ဖြစ်သော ဈာန်စိတ်သည် တကြိမ် ဘဝင်အယဉ်ကိုဖြတ်၍ တညပတ်လုံးငင်း၊ တနေ့ပတ်လုံးငင်း တည်နိုင်၏၊ ကုသိုလ်ဇော အစီအစဉ်၏ အစွမ်းအားဖြင့် ဖြစ်၏၊ ဤသည်ကား အကြောင်းထူးပေတည်း။

ထိုနှစ်ပါးသော သမာဓိတို့တွင် ဥပစာရသမာဓိနှင့်တကွ အကြင် ပဋိဘာဂနိမိတ်သည် ဖြစ်၏၊ ထိုသို့ ဖြစ်စေခြင်း မည်သည်မှာ အလွန်ပြုနိုင်ခဲ၏၊ ထို့ကြောင့် ထိုထိုင်နေခြင်းဖြင့်သာလျှင် ထိုနိမိတ်ကိုပွါး၍ အပ္ပနာကိုရခြင်းငှါ အကယ်၍ စွမ်းနိုင်သည် ဖြစ်မူ ကောင်းပေ၏၊ အကယ်၍ မစွမ်းနိုင်သည်ဖြစ်အံ့၊ ယောဂီပုဂ္ဂိုလ်သည် ထိုနိမိတ်ကို မမေ့မလျော့ စကြာမင်းလောင်း ကိုယ်ဝန်ကို စောင့်ရှောက်ဘိသကဲ့သို့ စောင့်ရှောက်အပ်၏။ ဤသို့ စောင့်ရှောက်သောကြောင့် နိမိတ်ကို စောင့်ရှောက်သော ယောဂီပုဂ္ဂိုလ်အား ရပြီးသော ဥပစာရဈာန်၏ ယုတ်ခြင်းသည်မရှိ၊ အစောင့်အရှောက် မရှိပါမူ ရတိုင်းရတိုင်းသော ဥပစာရဈာန်သည် ပျောက်လေ၏။

၅၉။ ထိုစကား၌ ဤဆိုလတ္တံ့သည်ကား စောင့်ရှောက်ခြင်း အစီအရင်ပေတည်း။

**သပ္ပါယ-အသပ္ပါယ**

အာဝါသော ဂေါစရော ဘဿံ၊
ပုဂ္ဂလော ဘောဇနံ ဥတု။
ဣရိယာပထောတိ သတ္တေတေ၊
အသပ္ပါယေ ဝိဝဇ္ဇယေ။

သပ္ပါယေ သတ္တ သေဝေထ၊
ဧဝဉှိ ပဋိပဇ္ဇတော။
န စိရေနေဝ ကာလေန၊
ဟောတိ ကဿစိ အပ္ပနာ။

ကျောင်း, ဆွမ်းခံရာအရပ်, စကား, ပုဂ္ဂိုလ်, ဘောဇဉ်, ဥတု, ဣရိယာပုထ်၊ ဤခုနစ်ပါးသော မလျောက်ပတ်သည်တို့ကို ကြဉ်ရှောင်ရာ၏၊ လျောက်ပတ်သောခုနစ်ပါးတို့ကို မှီဝဲရာ၏၊ ဤသို့ကျင့်သော ပုဂ္ဂိုလ်အား မကြာမီကာလ၌ ပင်လျှင် အပ္ပနာသည် ဖြစ်၏။

ထိုခုနစ်ပါးတို့တွင် **အကြင်ကျောင်း၌** နေသော ပုဂ္ဂိုလ်အား မဖြစ်သေးသော နိမိတ်သည်လည်းမဖြစ်၊ ဖြစ်ပြီးသောနိမိတ်တို့သည်လည်း ပျောက်၏၊ မထင်သေးသော သတိသည်လည်းမထင်၊ မတည်ကြည်သော စိတ်သည်လည်း ကောင်းစွာမတည်၊ ဤကျောင်းသည် မလျောက်ပတ်၊ အကြင်ကျောင်း၌နေသော ပုဂ္ဂိုလ်အား နာဂတောင်တွင်နေသော **ပဓာနိယ တိဿမထေရ်** ကဲ့သို့ နိမိတ်သည်လည်း ထင်၏၊ ခိုင်မြဲသည်လည်း ဖြစ်၏၊ သတိသည် ထင်၏၊ စိတ်သည် တည်ကြည်၏၊ ဤကျောင်းသည် လျောက်ပတ်၏၊ ထို့ကြောင့် အကြင်ကျောင်းတိုက်၌ များစွာသော ကျောင်းတို့သည် ရှိကုန်သော် တကျောင်းတကျောင်းတွင် သုံးရက်စီလောက် နေ၍ အကြင်ကျောင်း၌ ထိုပုဂ္ဂိုလ်၏စိတ်သည် တည်ကြည်၏၊ (တခုတည်းသောအာရုံရှိ၏၊) ထိုကျောင်း၌နေအပ်၏၊ ကျောင်း လျောက်ပတ်သောကြောင့် **တမ္ဗပဏ္ဏိကျွန်း စူဠနာဂလိုဏ်** တွင် နေလျက် ထိုအရပ်တွင်ပင် ကမ္မဋ္ဌာန်းကိုယူ၍ ငါးရာသော ရဟန်းတို့သည် ဟရဟတ္တဖိုလ်သို့ ရောက်ကုန်၏၊ တပါးသော အရပ်၌ အရိယာဘုံကို ရောက်ပြီးလျှင် ထိုလိုဏ်မှ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်သော သောတာပန် အစရှိသောပုဂ္ဂိုလ်တို့၏ အရေအတွက်ကား များလှစွာ၏၊ ဤအတူ တပါးသော **စိတ္တလတောင်**

**ကျောင်း** အစရှိသည်တို့၌ အရဟတ္တဖိုလ် သို့ရောက်သော ပုဂ္ဂိုလ်တို့သည်လည်း မရေတွက်နိုင်အောင် များကုန်၏။

**ဆွမ်းခံရသည်ကား** အကြင်ရွာသည် ကျောင်းမှ မြောက်အရပ်၌သော်၎င်း, တောင်အရပ်၌သော်၎င်း **မဝေးလွန်း** တကောသခွဲ အရပ်၌ တည်၏၊ ရလွယ် ပြည့်စုံသော ဆွမ်းရှိ၏၊ ဟိုရွာသည် လျောက်ပတ်၏။ ထိုသို့မဟုတ်သော ရွာသည် မလျောက်ပတ်။

**စကားသည်ကား**-မဂ်ဖိုလ်မှ ဇီလာဖြစ်သော သုံးဆဲ့နှစ်ပါးသော စကားတို့တွင် အကျုံးဝင်သော စကားသည် မလျောက်ပတ်၊ ထိုစကားမျိုးသည် ယောဂီပုဂ္ဂိုလ်အား ရပြီးနိမိတ် ကွယ်ပျောက်ခြင်းငှါဖြစ်၏၊ အပ္ပိစ္ဆကထာစသော ဆယ်မျိုးသော စကားတို့ကို မှီသောစကားသည် လျောက်ပတ်၏၊ ထိုလျောက်ပတ်သော စကားကိုသော်လည်း အတိုင်းအရှည်နှင့် ပြောအပ်၏။

**ပုဂ္ဂိုလ်သည်ကား**-တိရစ္ဆာနကထာ စကားများကို ပြောကြားလေ့မရှိ၊ သီလအစရှိသော ဂုဏ်တို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ရှိ၏၊ ထိုပုဂ္ဂိုလ်ကို အမှီပြု၍ မတည်ကြည်သော စိတ်သည် တည်ကြည်၏၊ တည်ကြည်သော စိတ်သည်လည်း ခိုင်မြဲ၏၊ ဤသို့ သဘောရှိသောပုဂ္ဂိုလ်သည် လျောက်ပတ်၏၊ ကိုယ်ကာယ ဆူဖြိုးခိုင်ခံ့အောင် လေ့လာခြင်းများသော မဂ်ဖိုလ်နှင့်ဇီလာဖြစ်သော စကားမျိုးတို့ကို ဟောကြားတတ်သော တိရစ္ဆာနကထိကဖြစ်သော စကားအိုးပုဂ္ဂိုလ်သည် မလျာက်ပတ်၊ထိုစကားမှန်သည်၊ ညွန်နှစ်တို့ဖြင့် ပြစ်ချွဲသောရေသည် ကြည်လင်သောရေကို နောက်ကျိအောင် ပြုဘိသကဲ့သို့ ထိုစကားများသောသူသည် မိမိကိုမှီလာသူကို နောက်ကျိညစ်ညူးအောင် ပြု၏၊ ထိုသို့ သဘောရှိသော ပုဂ္ဂိုလ်ကို အစွဲပြု၍ **ကောဋတောင်**၌ နေလေ့ရှိသော **ပဓ္ဌင်းငယ်** အား သမာပတ်သော်လည်း ပျောက်ဘုံသေး၏၊ နိမိတ်မူကား ဆိုဘွယ်ရာမရှိ၊ အလျင်အမြန် ပျောက်လိမ့်မည်သာ ဖြစ်၏။

**ဘောဇဉ် အစာအာဟာရသည်ကား**–အချို့သော သူအား အချဉ်နှင့်လျောက်ပတ်၏၊ **ဥတု**သည်လည်း အချို့သောသူအား အအေးနှင့်လျောက်ပတ်၏၊ အချို့သောသူအား အပူနှင့်လျောက်

ပတ်၏၊ ထို့ကြောင့် အကြင်ဘောဇဉ်ကိုရင်း၊ ဥတုကိုရင်း၊ မှီဝဲသောပုဂ္ဂိုလ်အား ချမ်းသာ၏၊ မတည်ကြည်သောစိတ်သည် တည်ကြည်၏၊ တည်ကြည်သော စိတ်သည်လည်း အတိုင်းထက်အလွန် ခိုင်မြဲ၏၊ ထိုအစာဘောဇဉ်ဥတုတို့သည် လျောက်ပတ်၏၊ ဤမှတပါးသော ဘောဇဉ်ဥတုတို့သည်ကား မလျောက်ပတ်။

**ဣရိယာပုထ်**တို့တွင်လည်း အချို့သောပုဂ္ဂိုလ်အား **စင်္ကြံသွား**ခြင်းသည် လျောက်ပတ်၏၊ အချို့သောပုဂ္ဂိုလ်အား အိပ်ခြင်း ထိုင်ခြင်းတို့တွင် တပါးပါးနှင့်လျောက်ပတ်၏၊ ထို့ကြောင့် ထိုဣရိယာပုထ်ကို ကျောင်းကဲ့သို့ သုံးရက်စီ စုံစမ်းဆင်ခြင်၍ အကြင်ဣရိယာပုထ်၌ မတည်ကြည်သေးသော စိတ်သည် တည်ကြည်၏၊ တည်ကြည်သော စိတ်သည် ခိုင်မြဲ၏၊ ထိုဣရိယာပုထ်သည် လျောက်ပတ်၏၊ ဤမှတပါးသော ဣရိယာပုထ်ကို မလျောက်ပတ်ဟု သိအပ်၏။

ဤသို့လျှင် ဤခုနစ်ပါးသော မသင့်မလျော် မလျောက်ပတ်သည်တို့ကို ကြဉ်ရှောင်၍ သင့်လျော် လျောက်ပတ်သည်တို့ကို မှီဝဲအပ်၏၊ ဤသို့ကျင့်သော ပဋိဘာဂနိမိတ်ကို မှီဝဲခြင်းများသော အချို့ပုဂ္ဂိုလ်အား မကြာမြင့်မီ ဖြစ်သောကာလ၌ အပ္ပနာသည် ဖြစ်၏။

## အပ္ပနာကောသလ္လ ၁၀-ပါး

၆၀။ အကြင်ပုဂ္ဂိုလ်အား ဤဆိုအပ်ခဲ့ပြီးသောအတိုင်း ကျင့်ပါသော်လည်း အပ္ပနာသည် မဖြစ်ခဲ့မူ ထို ပုဂ္ဂိုလ်သည် ဆယ်ပါး အပြားရှိသော အပ္ပနာ၌ လိမ္မာသောသူ၏ အဖြစ်**အပ္ပနာကောသလ္လဉာဏ်** ပြီးစေအပ်၏၊ ထိုစကား၌ ဤဆိုလတ္တံ့သည်ကား အပ္ပနာကောသလ္လဉာဏ် ပြီးစီးကြောင်းနည်းပေတည်း။

၁။ ဝတ္ထုတို့ကို စင်ကြယ်အောင် ပြုခြင်း၊
၂။ ဣန္ဒြေတို့ကို မျှစေခြင်း၊
၃။ နိမိတ်၌ ကျွမ်းကျင်လိမ္မာခြင်း၊

၄။ စိတ်ကို ချီးမြှောက်အပ်သောအခါ စိတ်ကို ချီးမြှောက်ခြင်း၊
၅။ စိတ်ကို နှိပ်အပ်သောအခါ စိတ်ကိုနှိပ်ခြင်း၊
၆။ စိတ်ကို ရွှင်စေအပ်သောအခါ စိတ်ကို ရွှင်စေခြင်း။
၇။ စိတ်ကို လျစ်လျူရှုအပ်သောအခါ စိတ်ကို လျစ်လျူရှုခြင်း၊
၈။ စိတ်မတည်ကြည်သောပုဂ္ဂိုလ်ကို ကြဉ်ရှောင်ခြင်း၊
၉။ စိတ်ကိုတည်ကြည်သော ပုဂ္ဂိုလ်ကို မှီဝဲခြင်း၊
၁၀။ ထို အပ္ပနာသမာဓိသို့ နှလုံးညွတ်ခြင်း။

ဟူ၍ ဆယ်ပါးသော အခြင်းအရာတို့ဖြင့် အပ္ပနာကောသလ္လကို အလိုရှိအပ်၏။

၆၁။ ထိုဆယ်ပါးတို့တွင် **ဝတ္ထုတို့ကိုသန့်ရှင်းစင်ကြယ်အောင် ပြုခြင်း**သည်ကား အတွင်းအပဖြစ်ကုန်သော ဝတ္ထုတို့ကို သန့်ရှင်းစင်ကြယ်ရှိအောင် ပြုခြင်းတည်း၊ အကြင်အခါ ထို ယောဂီပုဂ္ဂိုလ်မှာ ဆံပင်ခြေသည်းလက်သည်းတို့ ရှည်ကုန်၏၊ ကိုယ်၌ ချွေးတို့ဖြင့် ငြိကပ်၏၊ ထိုအခါသည် အတွင်း ဝတ္ထု မသန့်ရှင်းမစင်ကြယ် ဖြစ်၏၊ အကြင်အခါ ထိုပုဂ္ဂိုလ် အား သင်္ကန်းသည် ဟောင်းနွမ်းညစ်ထေး၏၊ မကောင်း သောအနံ့ရှိ၍ နံစော်၏၊ ကျောင်းသည် အမှိုက်သရိုက် ထူပြော၏၊ ထိုအခါ အပဝတ္ထု မသန့်ရှင်း မစင်ကြယ် ဖြစ်သည်ရှိသော် စိတ်စေတသိက်တို့၌ ဖြစ်သော ဉာဏ် သည်လည်း မစင်မကြယ် ဖြစ်၏၊ ဥပမာဆိုသော်ကား မစင်ကြယ်သော ဆီမီးခွက်, မီးစာ, ဆီတို့ကို အမှီပြု၍ ဖြစ်သော ဆီမီးလျှံ၏ အရောင်သည် မစင်ကြယ်ဘိ သကဲ့သို့ မစင်ကြယ်သောဉာဏ်ဖြင့် သင်္ခါရတို့ကို သုံးသပ် သော ယောဂီပုဂ္ဂိုလ်အား သင်္ခါရတို့သည် မထင်ရှားကုန်၊ ကမ္မဋ္ဌာန်းကို အားထုတ်သော ပုဂ္ဂိုလ် အား လည်း ကမ္မဋ္ဌာန်းသည် ကြီးပွါးခြင်း, စည်ပင်ခြင်း, ပြန့်ပြော ခြင်းသို့ မရောက်၊ စင်ကြယ်သော အတွင်းဝတ္ထု, အပဝတ္ထု တို့၌ ဖြစ်သော စိတ်စေတသိက်တို့၌ ဉာဏ်သည် သန့်ရှင်း စင်ကြယ်၏၊ စင်ကြယ်သော မီးခွက်, မီးစာ, ဆီမီးတို့ကို

အမှိုပြု၍ဖြစ်သော ဆီမီးလျှံ၏ အရောင်ကဲ့သို့ စင်ကြယ်သော ဉာဏ်ဖြင့် သင်္ခါရတို့ကို သုံးသပ်သောပုဂ္ဂိုလ်အား သင်္ခါရတို့သည် ဉာဏ်အား ထင်ကုန်၏၊ ကမ္မဋ္ဌာန်းကို အားထုတ်သော ပုဂ္ဂိုလ်အားလည်း ကမ္မဋ္ဌာန်းသည် ကြီးပွါးစည်ပင် ပြန့်ပြောခြင်းသို့ ရောက်၏။

၆၂။ သဒ္ဓါအစရှိသော ဣန္ဒြေတို့ကိုညီမျှအောင် ပြုခြင်းသည် **ဣန္ဒြေတို့ကိုညီမျှစေခြင်း** မည်၏၊ ထိုယောဂီပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေကအားကြီးသည် တပါးသောဣန္ဒြေတို့ကနံ့သည် အကယ်၍ ဖြစ်အံ့၊ ထိုသို့ဖြစ်သောကြောင့် ဝီရိယိန္ဒြေသည် ချီးမြှောက်ခြင်းကိစ္စကို သတိန္ဒြေသည် အာရုံသို့ကပ်၍ တည်ခြင်းကိစ္စကို သမာဓိန္ဒြေသည် မပျံ့လွင့်ခြင်းကိစ္စကို ပညိန္ဒြေသည် အာရုံ၏သဘောကို မြင်သောကိစ္စကို ပြုခြင်းငှါ မတတ်နိုင်၊ ထို့ကြောင့် ထိုသဒ္ဓိန္ဒြေကို တရားသဘောကို စုံစမ်းဆင်ခြင်ခြင်းဖြင့်၎င်း အကြင်သို့ နှလုံးသွင်းသောသူအား အားရှိ၏၊ ထိုသို့သော အခြင်းအရာဖြင့် ဘာဝနာကို နှလုံးမသွင်းသဖြင့်၎င်း ယုတ်စေအပ်၏၊ ဤအရာ၌ **ဝက္ကလိမထေရ်**၏ ဝတ္ထုသည် ဥဒါဟရဏ်ဖြစ်၏။

ထို့ပြင် ဝီရိယိန္ဒြေသည် အကယ်၍ အားကြီးသည်ဖြစ်အံ့၊ ထိုသို့ဖြစ်ခဲ့သော် သဒ္ဓိန္ဒြေသည် အာရုံ၌ ဆုတ်နစ် ဆုံးဖြတ်၍ ယုံကြည်ခြင်းကိစ္စကို ပြုပြင်ခြင်းငှါ မတတ်နိုင်၊ ထိုမှတပါး သတိန္ဒြေစသည် တို့သည် မိမိတို့ဆိုင်ရာ ကိစ္စကိုပြုခြင်းငှါ မတတ်နိုင်၊ ထို့ကြောင့် ဝီရိယိန္ဒြေကို ပဿဒ္ဓိသမ္ဗောဇ္ဈင်စသည်ကို ပွါးခြင်းဖြင့် ယုတ်စေအပ်၏။ ထိုအရာ၌လည်း **သောဏမထေရ်**၏ ဝတ္ထုကို ပြအပ်၏။

ဤ စတု ကြွင်းသော သတိ, သမာဓိ, ပညိန္ဒြေတို့တွင်လည်း ဥဿုအားရှိသော် ဤမှတပါးတို့သည် မိမိတို့၏ကိစ္စတို့၌ မစွမ်းနိုင်ဖြစ်သည်ကို သိအပ်ကုန်၏၊ အထူးအားဖြင့်ကား ဤငါးပါးသော ဣန္ဒြေတို့တွင် သဒ္ဓါနှင့်ပညာတို့၏၎င်း, ဝီရိယနှင့်သမာဓိတို့၏၎င်း

ညီမျှသောအဖြစ်ကို ဆရာတို့သည် ချီးမွမ်းကြကုန်၏၊ **သဒ္ဓါလွန်ကဲသော**သူသည် နံ့သောပညာရှိ၏၊ ထိုသူသည် အချည်းနှီးသော ပုဂ္ဂိုလ်ကိုလည်း ကြည်ညို ယုံကြည်တတ်၏၊ မကြည်ညိုသင့်သော အရာ၌ ကြည်ညို၏။ **ပညာလွန်ကဲသော** သဒ္ဓါတရားနံ့သော သူသည် စဉ်းလဲသောအဖြစ်သို့ **ရောက်တတ်**၏၊ ဆေးကြောင့် ဖြစ်သော ရောဂါသည် အကုခက်သကဲ့သို့ ဖြစ်၏။ သဒ္ဓါနှင့်ပညာ နှစ်ပါးတို့၏ ညီမျှခြင်းကြောင့် ကြည်ညိုထိုက်သောအရာ၌ ကြည်ညို၏။

**သမာဓိလွန်ကဲသော**သူအား ဝီရိယနံ့၏၊ သမာဓိ၏ ပျင်းရိခြင်း အဘို့ ရှိသောကြောင့် ပျင်းရိခြင်းသည် ဘိစီးနှိပ်စက်၏။ **ဝီရိယလွန်ကဲသော**သူအား သမာဓိနံ့၏၊ ဝီရိယ၏ ဥဒ္ဓစ္စအဘို့ရှိသောကြောင့် ဥဒ္ဓစ္စသည် လွှမ်းမိုးနှိပ်စက်၏၊ ဝီရိယနှင့်ကောင်းစွာ ယှဉ်အပ်သောသမာဓိသည် ပျင်းရိခြင်း၌ ကျခြင်းငှါ အခွင့်မရ၊ ထို့ကြောင့် သဒ္ဓါနှင့်ပညာနှစ်ပါး ဝီရိယနှင့် သမာဓိနှစ်ပါး အပေါင်းကို အညီအညွတ် ပြုအပ်၏၊ သဒ္ဓါပညာနှစ်ပါး ဝီရိယ သမာဓိနှစ်ပါး မျှသောကြောင့် အပ္ပနာသည် ဖြစ်၏၊ စင်စစ် သော်ကား သမာဓိအလုပ်ကို အားထုတ်သောသူအား သဒ္ဓါ ထက်သန်အားရှိရန်သင့်၏၊ ဤသို့ ယုံကြည်သည်ရှိသော် အာရုံသို့ သက်ဝင်သကဲ့သို့ စုတ်စုတ်နစ်နစ်အားဖြင့် ယုံကြည်သည်ဖြစ်၍ အပ္ပနာသို့ ရောက်လတ္တံ့၊ သမာဓိပညာတို့တွင် သမာဓိကို အားထုတ်သောပုဂ္ဂိုလ်အား ဧကဂ္ဂတာသည် ထက်သန်အားရှိရန် သင့်၏၊ ဤသို့ ဖြစ်သည်ရှိသော် ထိုပုဂ္ဂိုလ်သည် အပ္ပနာသို့ ရောက်၏၊ ဝိပဿနာအလုပ်ကို အားထုတ်သောပုဂ္ဂိုလ်အား ပညာထက်သန် အားရှိရန်သင့်၏၊ ဤသို့ ဖြစ်သည်ရှိသော် ထို ပုဂ္ဂိုလ်သည် အနိစ္စသဘောလက္ခဏာကို တိုးထွင်း၍သိခြင်းသို့ ရောက်၏၊ သမာဓိပညာနှစ်ပါးတို့၏ ညီမျှသည် အဖြစ်ကြောင့် လည်း အပ္ပနာသည် ဖြစ်သည်သာတည်း။

အလုံးစုံသော သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်းတို့၌ သတိထက်သန် အားရှိရန် သင့်လှ၏၊ အားရှိသောသတိသည်

စိတ်ကို ဥဒ္ဒစ္စအဘို့၌ ယှဉ်ကုန်သော သဒ္ဓါ, ဝီရိယ, ပညာတို့၏ အစွမ်းဖြင့် ဥဒ္ဒစ္စ၌ကျခြင်းမှငင်း, ပျင်းရိခြင်းအဘို့ရှိသော သမာဓိကြောင့် ပျင်းရိခြင်းသို့ ကျခြင်းမှငင်း စောင့်၏၊ ထို့ကြောင့် ထိုသတိကို အလုံးစုံသော ဟင်းလျာတို့တွင် ဆားကိုအလိုရှိအပ်သကဲ့သို့ အလုံးစုံသောမင်း၏ကိစ္စတို့၌ ကိစ္စခပ်သိမ်းကို ပြီးပြီးမြောင် ရွက်ဆောင်သော အမတ်ကြီးကဲ့သို့ အလုံးစုံသော ကမ္မဋ္ဌာန်းတို့၌အလိုရှိအပ်၏။ ထို့ကြောင့် အဋ္ဌကထာ၌ "**သတိကို အလုံးစုံသောအရာ၌ လိုအပ်၏**"ဟု မြတ်စွာဘုရား ဟောတော်မူအပ်၏ဟုမိန့်ဆိုလေသည်၊ အကြောင်းမူကား ကုသိုလ်စိတ်သည် သတိလျှင် လည်းလျောင်းကိုးကွယ်ရာ ရှိ၏၊စောင့်ရှောက်ခြင်းလျှင် ရှေးရှုထင်သော အခြင်းအရာရှိ၏၊ သတိနှင့်ကင်း၍စိတ်ကို ချီးပင့်ခြင်း,နှိပ်ခြင်း မဖြစ်နိုင်၊ ထို့ကြောင့် မြတ်စွာဘုရား ဟောကြားတော်မူအပ်လေသည်။

၆၃။ **နိမိတ်၌လိမ္မာခြင်း** နိမိတ္တကောသလ္လ မည်သည်ကား ပထဝီကသိုဏ်းအစရှိသော မပြုအပ်သေးသော စိတ္တေကဂ္ဂတာ၏ အကြောင်းနိမိတ်ကို ပြုပြင်ခြင်း၌ လိမ္မာခြင်းငင်း၊ပြုအပ်ပြီးသောစိတ္တေကဂ္ဂတာ၏အကြောင်းနိမိတ်ကို ပွါးခြင်း၌ လိမ္မာခြင်းငင်း, ပြုအပ်ပြီးသော စိတ္တေကဂ္ဂတာ၏ အကြောင်းနိမိတ်ကို ပွါးခြင်း၌ လိမ္မာခြင်းငင်း, ကသိုဏ်းနိမိတ်ကို ပွါးခြင်းဖြင့် ရအပ်သောသမထနိမိတ်ကို စောင့်ခြင်း၌ လိမ္မာခြင်းငင်း ဟို လိမ္မာခြင်းကို ဤ အပ္ပနာကောသလ္လကထာ၌ နိမိတ်၌ လိမ္မာခြင်း ဟူ၍ အလိုရှိအပ်၏။

၆၄။ **အကြင်အခါကာလ၌ စိတ်ကို ချီးမြှောက်အပ်၏၊ ထိုအခါ၌ အဘယ်သို့လျှင် စိတ်ကိုချီးမြှောက်သနည်း။** အကြင်အခါ၌ ထိုယောဂီပုဂ္ဂိုလ်အား အလွန် လျော့သော ဝီရိယအစရှိသည်တို့ဖြင့် စိတ်သည် တွန့်ဆုတ်သည် ဖြစ်၏၊ ထိုအခါ ပဿဒ္ဓိသမ္ဗောဇ္ဈင်အစရှိသော သုံးပါးသော ဗောဇ္ဈင်တို့ကို မပွါးမူ၍ ဓမ္မဝိစယသမ္ဗောဇ္ဈင်

အစရှိသည်တို့ကို ပွါးစေအပ်၏၊ ထို့ကြောင့် မြတ်စွာဘုရား ဟောကြားတော်မူသည်မှာ "အို-ရဟန်းတို့၊ ဥပမာအားဖြင့် ယောက်ျားသည် အနည်းငယ်သော မီးကို တောက်စေလိုသည်ဖြစ်ရာ၏၊ ထိုယောက်ျားသည် ထို အနည်းငယ်သောမီး၌ စိုစွတ်သော မြက်တို့ကို ထည့်ကုန်ရာ၏၊ စိုသောနွားချေးတို့ကို ထည့်ကုန်ရာ၏၊ စိုသောထင်းတို့ကို ထည့်ကုန်ရာ၏၊ ရေနှင့်ရောသော လေကိုလည်း ပေးရာ၏၊ မြေမှုန့်တို့ဖြင့်လည်း ကြဲလောင်းရာ၏။ အို-ရဟန်းတို့၊ ဤသို့ဖြစ်ခဲ့သော် ထို ယောက်ျားသည် အနည်းငယ်သောမီးကို တောက်ထစေခြင်းငှါ ထိုက်ပါအံ့လော။ အရှင်ဘုရား, ဤသို့ပြုသဖြင့် အနည်းငယ်သော မီးကို တောက်ထစေခြင်းငှါ မဖြစ်နိုင်။ အို-ရဟန်းတို့, ဤဥပမာအတူ အကြင်အခါ၌ စိတ်သည် တွန့်တို၏၊ ထိုအခါ၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို သမာဓိသမ္ဗောဇ္ဈင်ကို ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးခြင်းငှါ အခါ မဟုတ်၊ အဘယ့်ကြောင့် ဆိုသော် အို-ရဟန်းတို့, စိတ်သည် တွန့်တိုဆုတ်နစ်၍နေ၏။ ထိုစိတ်ကို ထိုဗောဇ္ဈင်တို့ဖြင့် ထကြွစေခြင်းငှါ မတတ်နိုင်၊ အို-ရဟန်းတို့, အကြင်အခါ၌ စိတ်သည် တွန့်တို ဆုတ်နစ်၏၊ ထိုအခါ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဝီရိယသမ္ဗောဇ္ဈင် ပီတိသမ္ဗောဇ္ဈင်တို့ကို ပွါးခြင်း၏ အခါကာလပေတည်း၊ အဘယ်ကြောင့် ဆိုသော် အို-ရဟန်းတို့, စိတ်သည် တွန့်တို ဆုတ်နစ်၍ နေ၏၊ ထိုစိတ်ကို ထိုဗောဇ္ဈင်တို့ဖြင့် ထကြွစေခြင်းငှါ တတ်နိုင်၏၊ အို-ရဟန်းတို့, ဥပမာအားဖြင့် ယောက်ျားသည် အနည်းငယ်သောမီးကို တောက်ထစေလိုသည် ဖြစ်ရာ၏၊ ထိုယောက်ျားသည် ထိုမီး၌ ခြောက်သွေ့သော မြက်တို့ကို ထည့်ရာ၏၊ ခြောက်သွေ့သော နွားချေးတို့ကို ထည့်ရာ၏၊ ခြောက်သွေ့သောထင်းတို့ကို ထည့်ရာ၏၊ နှုတ်သီး လေဖြင့်လည်း မှုတ်ရာ၏၊ မြေမှုန့်များကို မလောင်းမကြဲ။ အို-ရဟန်းတို့, ထို ယောက်ျားသည်

အနည်းငယ်သော မီးကိုတောက်ယစေခြင်းငှါ ထိုက်ပါ အံ့လော။ အရှင်ဘုရား, ဤသို့ဖြစ်မူကား မီးတောက်ခြင်းငှါ ထိုက်ပါ၏” ဟူ၍ ဖြစ်သည်။ ဤ ဟောတော်မူချက်၌ အကြွင်း အကြွင်းတရားတို့မှာ မိမိတို့၏ အကြောင်း အာဟာရ၏အစွမ်းဖြင့် ဓမ္မဝိစယသမ္ဗောဇ္ဈင် အစရှိသည်ကို ပွါးခြင်းကို သိအပ်ကုန်၏၊ ထို့ကြောင့် မြတ်စွာဘုရား ဟောကြားတော်မူအပ်သည်မှာ “အို-ရဟန်းတို့, ကုသိုလ် အကုသိုလ်တရား အပြစ်ရှိ မရှိတရား ယုတ်ကုန် မြတ်ကုန်သော တရား, မည်းညစ်သော အဘို ဖြူစင်သော အဘိုရှိသော တရားတို့သည် ရှိကုန်၏၊ ထိုတရားတို့၌ လမ်းမှန်သော အကြောင်းဖြင့် နှလုံးသွင်းခြင်းကို များစွာပြုအံ့၊ ဤသို့ပြုခြင်းသည် မဖြစ်သေးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်၏ ဖြစ်ခြင်းငှါ ဖြစ်ပြီးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်၏ လွန်စွာဖြစ်ခြင်းငှါ ပြန့်ပြော ခြင်းငှါ ပွါးခြင်းငှါ ထက်ဝန်းကျင် ပြည့်စုံခြင်းငှါ ဖြစ်၏၊ ထိုကြောင့် အကြောင်းအာဟာရ မည်၏။ အို-ရဟန်းတို့, ထိုပြင် လက်ဦးအစ အားထုတ်မှု **အာရမ္ဘဓာတ်ဝီရိယ** ပျင်းရိခြင်းမှ ထွက်မြောက်သော **နိက္ကမဓာတ်ဝီရိယ၊** အဖန်တလဲလဲ စွဲစွဲမြဲမြဲအားထုတ်မှု **ပရက္ကမဓာတ် ဝီရိယ** တို့သည် ရှိကုန်၏၊ ထိုသုံးပါး၌ အသင့်အားဖြင့် နှလုံးသွင်းခြင်းကို များစွာပြုအံ့၊ ဤသို့ပြုခြင်းသည် မဖြစ်သေးသော ဝီရိယသမ္ဗောဇ္ဈင်၏ ဖြစ်ခြင်းငှါ ဖြစ်ပြီးသော ဝီရိယသမ္ဗောဇ္ဈင်၏ အလွန်ဖြစ်ခြင်းငှါ ပြန့်ပြောခြင်းငှါ ပွါးခြင်းငှါ ထက်ဝန်းကျင် ပြည့်စုံခြင်းငှါ ဖြစ်၏၊ ထို့ကြောင့် အကြောင်းအာဟာရ မည်၏။ အို-ရဟန်းတို့, ထိုပြင် ပီတိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်း တရားတို့သည် ရှိကုန်၏၊ ထိုတရားတို့၌ သင့်သောအားဖြင့် နှလုံးသွင်းခြင်းကို များစွာပြုအံ့၊ ဤသို့ပြုခြင်းသည် မဖြစ်သေးသော ပီတိသမ္ဗောဇ္ဈင်၏ ဖြစ်ခြင်းငှါ ဖြစ်ပြီးသော ပီတိသမ္ဗောဇ္ဈင်၏ လွန်စွာဖြစ်ခြင်းငှါ ပြန့်ပြောခြင်းငှါ

ပွါးခြင်းငှါထက်ဝန်းကျင် ပြည့်စုံခြင်းငှါဖြစ်၏၊ထို့ကြောင့် အကြောင်းအာဟာရ မည်၏”ဟု ဟောတော်မူ၏။ ထို ဟောတော်မူချက်၌ သဘာဝလက္ခဏာ သာမည လက္ခဏာတို့ကို ထိုးထွင်း၍ သိခြင်း၏ အစွမ်းဖြင့် ဖြစ်သော မနသိကာရသည် ကုသိုလ် အစရှိသည်တို့၌ ယောနိသောမနသိကာရ မည်၏၊ အာရမ္ဘဓာတ် အစ ရှိသည်တို့ကို ဖြစ်စေသည်၏ အစွမ်းဖြင့် ဖြစ်သော မနသိကာရသည် အာရမ္ဘဓာတု အစရှိသည်တို့၌ ယောနိသောမနသိကာရ မည်၏။

ထိုသုံးပါးတို့တွင် အာရမ္ဘဓာတ် ဆိုသည်ကား လက်ဦးအစ အားထုတ်သော ဝီရိယကို ဆိုလိုသည်၊ နိက္ကမဓာတ် ဆိုသည်ကား ပျင်းရိခြင်းမှ ထွက်မြောက် တတ်သောကြောင့် ထိုအာရမ္ဘဓာတ် ထက် အားကောင်းသော ဝီရိယကို ဆိုသည်၊ ပရက္ကမဓာတ် ဆို သည်ကား အဖန်တလဲလဲ အဆင့်ဆင့်တက်ခါ အထက်ဝီရိယများ ထက် လွန်ကဲထက်သန်သော ဝီရိယကိုဆိုသည်။

ပီတိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းတရား ဆိုသည်ကား ရှေးရှေး ပီတိ၏ အမည်ပေတည်း၊ ထိုရှေးရှေး ပီတိကို ဖြစ်စေတတ်သော မနသိကာရသည်ပင် ယောနိသောမနသိကာရ အသင့်အားဖြင့် နှလုံးသွင်းခြင်း မည်၏။

တနည်းသော်ကား ခုနစ်ပါးသော တရားတို့သည် ဓမ္မဝိစယ သမ္ဗောဇ္ဈင်၏ ဖြစ်ခြင်းငှါ ဖြစ်ကုန်၏၊ ထိုခုနစ်ပါးတို့ကား—

(၁) **ပရိပုစ္ဆကတာ** = နိကာယ်ငါးရပ် ပိဋကတော်နှင့် စပ်၍ ခက်ရာ ခက်ဆစ်ကို မေးမြန်းတတ်သောအဖြစ်၊

(၂) **ဝတ္ထုဝိသဒကြိယာ** = အဇ္ဈတ္တဝတ္ထု၊ ဗဟိဒ္ဓဝတ္ထုတို့ကို သန့်ရှင်းစင်ကြယ်အောင်ပြုခြင်း၊

(၃) **ဣန္ဒြိယသမတ္တပဋိပါဒနာ** = သဒ္ဓါအစရှိသော ဣန္ဒြေတို့ ၏ မျှသည်အဖြစ်ကို ပြီးစေခြင်း၊

(၄) **ဒုပ္ပညပုဂ္ဂလပရိဝဇ္ဇနာ** = ပညာမဲ့သော ပုဂ္ဂိုလ်ကို ကြဉ်ရှောင်ခြင်း၊

(၅) **ပညဝန္တပုဂ္ဂလသေဝနာ** = ပညာရှိပုဂ္ဂိုလ်ကို မှီဝဲ ဆည်းကပ်ခြင်း၊

(၆) **ဂမ္ဘီရဉာဏစရိယ ပစ္စဝေက္ခဏာ** = နက်နဲသော ဉာဏ်ဖြင့် ကျက်စားအပ်သော သုတ်တရားတို့ကို ဆင်ခြင်ခြင်း၊

(၇) **တဒဓိမုတ္တတာ** = ထိုပညာသို့ ညွတ်သော စိတ်ရှိသောသူ၏အဖြစ် ဤခုနစ်ပါးတို့ပေတည်း။

တဆယ့်တပါးသော တရားတို့သည် ဝီရိယ သမ္ဗောဇ္ဈင်၏ ဖြစ်ခြင်းငှါ ဖြစ်ကုန်၏၊ ထို တဆယ့်တပါးတို့ကား—

(၁) အပါယာဒိ ဘယပစ္စဝေက္ခဏတာ-အပါယ်အစရှိသော ဘေးတို့ကို ဆင်ခြင်လေ့ရှိသောသူ၏အဖြစ်၊

(၂) ဝီရိယနှင့် စပ်သော လောကီ လောကုတ္တရာတရားထူးကိုရခြင်း၏ အကျိုးအာနိသင်ကို ရှုလေ့ရှိသောသူ၏အဖြစ်၊

(၃) ဘုရား ပစ္စေကဗုဒ္ဓါ မဟာသာဝကတို့ ကြွသွားသော လမ်းခရီးကို ငါသည် သွားသင့် သွားအပ်၏၊ ထိုလမ်းသည်လည်း ပျင်းရိသော သူသည် သွားခြင်းငှါ မတတ်နိုင် ဟု ဤသို့လျှင် သူတော်ကောင်းတို့ သွားရာလမ်းစဉ်ကို ဆင်ခြင်သောသူ၏အဖြစ်၊

(၄) ဒါယကာတို့၏ အကျိုးကြီးသည် အဖြစ်ကို ပြုခြင်းဖြင့် ဆွမ်းကို ရှုစေသောအဖြစ်၊

(၅) ငါ၏ ဆရာဖြစ်သော မြတ်စွာဘုရားသည် ဝီရိယ လုံ့လရှိသောသူ၏ ဂုဏ်ကျေးဇူးကို ဆိုလေ့ရှိ၏၊ ထိုမြတ်စွာဘုရားသည် မလွန်ကျူးအပ်သော သာသနာ ရှိတော်မူ၏၊ ငါတို့အားလည်း များသော ကျေးဇူးရှိ၏၊ အကျင့်ဖြင့် ပူဇော်အပ်သည်ရှိသော် ကောင်းစွာ ပူဇော်သည် မည်၏၊ ဤအကျင့်မှတပါး ပူဇော်ခြင်းများသည် ပူဇော်သည် မမည် ဟု ဤသို့လျှင် ဆရာဖြစ်သော မြတ်စွာ ဘုရား၏ မြင့်မြတ် တော် မူ သည် အဖြစ် ကို ဆင်ခြင်လေ့ရှိသောသူ၏အဖြစ်၊

(၆) ငါသည် သူတော်ကောင်း တရားတည်းဟူသော မြတ်သောအမွေကို ခံယူအပ်၏၊ ထိုအမွေကို ပျင်းရိသောသူတို့သည် ခံယူခြင်းငှါ မထိုက်၊ ဤသို့လျှင် အမွေ၏ မြတ်သောအဖြစ်ကို ဆင်ခြင်လေ့ရှိသောသူ၏အဖြစ်၊

(၇) အလင်းရောင်အမှတ်ကို နှလုံးသွင်းခြင်း, ဣရိယာပုထ် ပြောင်းခြင်း၊ လွင်တီးခေါင်ကို မှီဝဲခြင်း, စသည်တို့ဖြင့် ထိနမိဒ္ဓကို ဖျောက်လေ့ရှိသောသူ၏အဖြစ်၊

(၈) ပျင်းရိသောပုဂ္ဂိုလ်ကို ကြဉ်ရှောင်သောသူ၏အဖြစ်၊

(၉) ဝီရိယ လုံ့လကောင်းသောပုဂ္ဂိုလ်ကို မှီဝဲသောသူ၏ အဖြစ်၊

(၁၀) သမ္မပ္ပဓာန် လေးပါးကို ဆင်ခြင်သောသူ၏အဖြစ်၊

(၁၁) ထိုဝီရိယ သမ္ဗောဇ္ဈင်ကို စိတ်ညွတ်ကိုင်းသော သူ၏ အဖြစ် ဤတဆယ့်တပါးတို့ပေတည်း။

တဆယ့်တပါးသော တရားတို့သည် ပီတိသမ္ဗောဇ္ဈင်၏ ဖြစ်ခြင်းငှါဖြစ်ကုန်၏၊ ထိုတဆယ့်တပါးတို့ကား—

ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာ, သီလာ, စာဂါ, ဒေဝတာ, ဥပသမာနုဿတိ ဟူသော အနုဿတိ ၇-ပါး၊ ဘုရားအစရှိသည်တို့၌ ကြည်ညိုခြင်း သဒ္ဒါတရား ခေါင်းပါးသူကို ကြဉ်ခြင်း၊ သိမ်မွေ့သော ပုဂ္ဂိုလ်ကို မှီဝဲခြင်း၊ ကြည်ညိုဘွယ် ကောင်းသော သုတ္တန်များကို ဆင်ခြင်ခြင်း၊ ထိုပီတိ သမ္ဗောဇ္ဈင်၌ စိတ်ကို ကိုင်းညွတ်ခြင်း၊ ဤတဆဲ့တပါးတို့ပေတည်း။

ဤဆိုအပ်ခဲ့ပြီးသော အခြင်းအရာတို့ဖြင့် ထိုဆိုအပ်ခဲ့ပြီးသော တရားတို့ကိုဖြစ်စေသော ယောဂီပုဂ္ဂိုလ်သည် ဓမ္မဝိစယသမ္ဗောဇ္ဈင် စသည်တို့ကို ပွါးသည်မည်၏၊ ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် အကြင်အခါကာလ စိတ်ကို ချီးမြှောက်အပ်၏၊ ထိုအခါစိတ်ကို ချီးမြှောက်သည် မည်၏။

၆၅။ **အဘယ်သို့လျှင် အကြင်အခါ စိတ်ကိုနှိပ်အပ်၏၊ ထိုအခါ စိတ်ကိုနှိပ်သည်မည်သနည်း၊ ဟူမူ** အကြင်အခါ ထိုပုဂ္ဂိုလ်၏စိတ်သည် အားထုတ်လွန်းသော ဝီရိယရှိသည်အဖြစ် စသည်တို့ကြောင့် စိတ်သည် မငြိမ်သက်ဘဲ တုန်လှုပ်ပျံ့လွင့်၏၊ ထိုအခါ ဓမ္မဝိစယသမ္ဗောဇ္ဈင် အစရှိသည်တို့ကို မပွါးမူ၍ ပဿဒ္ဓိသမ္ဗောဇ္ဈင် အစရှိသည်တို့ကို ပွါးအပ်၏၊ ထို့ကြောင့် မြတ်စွာဘုရား ဟောကြားတော်မူသည်မှာ "အို-ရဟန်းတို့, ဥပမာအားဖြင့် ယောကျ်ားတယောက်သည် ကြီးစွာသောမီးပုံကြီးကို ငြိမ်းအေးစေလိုသည်ဖြစ်ရာ၏၊ ထိုယောကျ်ားသည် ထိုမီးပုံကြီး၌ မြက်ခြောက် ထင်းခြောက်တွေကို ထည့်ရာ၏၊....(လ).... မြေမှုန့်တို့ကိုလည်း မကြဲလောင်းရာ၊ အို-ရဟန်းတို့, ထိုယောကျ်ားသည် ထိုမီးပုံကြီးကို ငြိမ်းစေခြင်းငှါ ထိုက်ပါအံ့လော၊ အရှင်ဘုရား ဤသို့ပြုသဖြင့် ငြိမ်းစေခြင်းငှါ မထိုက်ပါ၊ အို-ရဟန်းတို့, ဤဥပမာအတူ အကြင်အခါ၌ စိတ်တုန်လှုပ်ပျံ့လွင့်၏၊ ထိုအခါ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွါးခြင်းငှါ အခါမဟုတ်၊ ဝီရိယသမ္ဗောဇ္ဈင်ကို....(လ).... ပီတိသမ္ဗောဇ္ဈင်ကို ပွါးခြင်းငှါ အခါကာလမဟုတ်၊ အဘယ့်ကြောင့် ဆိုသော် အို-ရဟန်းတို့, စိတ်သည် တုန်လှုပ်ပျံ့လွင့်၏၊ ထိုစိတ်ကို ထိုတရားတို့ဖြင့် မငြိမ်းစေနိုင်ချေ။

အို-ရဟန်းတို့, အကြင်အခါကာလ၌ တုန်လှုပ် ပျံ့လွင့်သော စိတ်ရှိသည်ဖြစ်အံ့၊ ထိုအခါကာလသည် ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွါးခြင်း၏ အခါကာလပေတည်း၊ သမာဓိသမ္ဗောဇ္ဈင်ကို....(လ).... ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးခြင်း၏ အခါကာလပေတည်း၊ အဘယ့်ကြောင့်ဆိုသော် အို-ရဟန်းတို့,စိတ်သည် တုန်လှုပ်ပျံ့လွင့်၏၊ ထိုစိတ်ကို ကောင်းစွာ ငြိမ်သက်စေခြင်းငှါ စွမ်းနိုင်၏၊ အို-ရဟန်းတို့, ဥပမာအားဖြင့် ယောကျ်ားတယောက်သည် ကြီးစွာသောမီးပုံကြီးကို ငြိမ်းသတ်လိုသည်ဖြစ်ရာ ထိုယောကျ်ားသည် ထိုမီးပုံကြီး၌

ဝိုသော မြက်တို့ကို ထည့်ရာ၏....(လ)....မြေမှုန့်ဖြင့်လည်း သွန်းလောင်းရာ၏၊ အို-ရဟန်းတို့,ထိုယောက်ျားသည် ထိုမီးပုံကြီးကို ငြိမ်းအေးစေခြင်းငှါ ထိုက်ပါအံ့လော၊ အရှင်ဘုရား ဤသို့ပြုခဲ့သော် ငြိမ်းအေးစေနိုင်ရာပါ၏ဟု လျှောက်၏၊ ဤပါဠိတော်၌ အကြင်အကြင်မိမိတို့ သက်ဆိုင်ရာ အကြောင်း၏ အစွမ်းဖြင့် ပဿဒ္ဓိသမ္ဗောဇ္ဈင် စသည်တို့ကို ပွါးခြင်းကို သိအပ်၏။

ထိုစကားမှန်သည်၊ ထို့ကြောင့်ပင် မြတ်စွာဘုရား ဟောကြားတော်မူသည်မှာ "အို-ရဟန်းတို့, ကိုယ်၏ငြိမ်းခြင်း ကာယပဿဒ္ဓိ စိတ်၏ငြိမ်းခြင်း စိတ္တပဿဒ္ဓိသည် ရှိ၏၊ ထိုကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ၌ သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကို များစွာပြုခြင်းသည် မဖြစ်သေးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်၏ ဖြစ်ခြင်းငှါ ဖြစ်ပြီးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်၏ အတိုင်းထက် အလွန်ပွါးခြင်းငှါ ပြန့်ပြောခြင်းငှါ ဘာဝနာ၏ ပြီးပြည့်စုံခြင်းငှါ ဖြစ်၏၊ ဤသည်ကား အကြောင်း အာဟာရပေတည်း၊ ထို့ပြင် အို-ရဟန်းတို့,ရှေးရှေးသော သမထနိမိတ် အထူးထူးသော အာရုံရှိသည် မဟုတ်သော အဗျဂ္ဂ နိမိတ်သည် ရှိ၏၊ ထိုနိမိတ်၌ သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကို များစွာပြုခြင်းသည် မဖြစ်သေးသော သမာဓိသမ္ဗောဇ္ဈင်၏ ဖြစ်ခြင်းငှါ ဖြစ်ပြီးသော သမာဓိသမ္ဗောဇ္ဈင်၏ အတိုင်းထက်အလွန် ပွါးခြင်းငှါ ပြန့်ပြောခြင်းငှါ ဘာဝနာ၏ ပြည့်စုံခြင်းငှါဖြစ်၏၊ ဤသည်ကား အကြောင်း အာဟာရပေတည်း၊ ထို့ပြင် အို-ရဟန်းတို့, ဥပေက္ခာ သမ္ဗောဇ္ဈင်၏ တည်ရာဖြစ်ကုန်သော တရားတို့သည် ရှိကုန်၏၊ ထိုတရားတို့၌ သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကို များစွာပြုခြင်းသည် မဖြစ်သေးသော ဥပေက္ခာ သမ္ဗောဇ္ဈင်၏ ဖြစ်ခြင်းငှါ ဖြစ်ပြီးသော ဥပေက္ခာ သမ္ဗောဇ္ဈင်၏ အတိုင်းထက်အလွန် ပွါးခြင်းငှါ ပြန့်ပြောခြင်းငှါ ဘာဝနာ၏ ပြီးပြည့်စုံခြင်းငှါ ဖြစ်၏။ ဤသည်ကား အကြောင်း အာဟာရပေတည်းဟု ဟောတော်မူ၏။

ထိုဟောတော်မူသော ပါဠိတော်၌ အကြင်သို့သော အခြင်းအရာအားဖြင့် ထိုယောဂီပုဂ္ဂိုလ်အား ပဿဒ္ဓိအစရှိကုန်သော

တရားတို့သည် ဖြစ်ဘူးကုန်၏၊ ထိုအခြင်းအရာကို မှတ်သား၍ ထို ပဿဒ္ဓိသမာဓိဥပေက္ခာ သမ္ဗောဇ္ဈင်တို့ကို ဖြစ်စေသည်၏ အစွမ်းအားဖြင့် ဖြစ်သော နှလုံးသွင်းခြင်းကိုပင်လျှင် ဆိုအပ်ခဲ့ပြီးသော သုံးပုဒ်လုံးတို့၌ အသင့်အားဖြင့် နှလုံးသွင်းခြင်း ယောနိသောမနသိကာရ-မည်၏။

**သမထနိမိတ်** ဆိုသည်ကား ရှေးရှေးသမထ၏အမည် ဖြစ်သည်။

**အဗျဂ္ဂနိမိတ်** ဆိုသည်ကား မပျံ့လွင့်သော အနက်ကြောင့် ထိုအဗျဂ္ဂမည်သော သမာဓိ၏အမည် ဖြစ်သည်။

တနည်းသော်ကား-ခုနစ်ပါးသော တရားတို့သည် ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်ခြင်းငှါ ဖြစ်လေသည်၊ ခုနစ်ပါးကား-

(၁) မွန်မြတ်သော ဘောဇဉ်ကို မှီဝဲသောအဖြစ်၊
(၂) သင့်လျော်ကောင်းမွန်သော ဥတုကိုမှီဝဲသောအဖြစ်၊
(၃) သင့်လျော်သော ဣရိယာပုထ်ကို မှီဝဲသောအဖြစ်၊
(၄) အလယ်အလတ်ဖြစ်သော ကာယိကပယောဂကို ဖြစ်စေသော အဖြစ်၊
(၅) ပူပန်သော ကိုယ်စိတ်ရှိသောပုဂ္ဂိုလ်ကို ကြဉ်ရှောင်သော သူ၏အဖြစ်၊
(၆) ငြိမ်းချမ်းသော ကိုယ်စိတ်ရှိသူကို မှီဝဲသောအဖြစ်၊
(၇) ထိုပဿဒ္ဓိသမ္ဗောဇ္ဈင်သို့ ညွတ်သော စိတ်ရှိသောအဖြစ်၊
ဤခုနစ်ပါးတို့ပေတည်း။

တဆဲ့တပါးသော တရားတို့သည် သမာဓိသမ္ဗောဇ္ဈင် ဖြစ်ခြင်းငှါ ဖြစ်လေသည်၊ ထိုတဆဲ့တပါးကား—

(၁) အတွင်းအပဝတ္ထုတို့ စင်ကြယ်သောအဖြစ်၊
(၂) နိမိတ်၌ လိမ္မာသောအဖြစ်၊
(၃) ဣန္ဒြေမျှသော အကျင့်ရှိသောအဖြစ်၊
(၄) အခါကာလအားလျော်စွာ စိတ်ကိုနှိပ်သောအဖြစ်၊
(၅) အခါကာလအားလျော်စွာ စိတ်ကို ချီးမြှောက်သော အဖြစ်၊

(၆) ဘာဝနာသည် ဖြစ်စေအပ်သော ချမ်းသာကင်းသော စိတ်ကို ရတနာသုံးပါးဂုဏ်ကို ယုံကြည်ခြင်း ထိတ်လန့်ခြင်း၏အစွမ်းဖြင့် ရွှင်စေသောအဖြစ်၊

(၇) အညီအညွတ် ကောင်းစွာဖြစ်သောစိတ်ကို လျစ်လျူရှုသောအဖြစ်၊

(၈) စိတ်မတည်ကြည်သောပုဂ္ဂိုလ်ကို ကြဉ်ရှောင်သောသူ၏အဖြစ်၊

(၉) စိတ်တည်ကြည်သောပုဂ္ဂိုလ်ကို မှီဝဲသောအဖြစ်၊

(၁၀) ဈာန်ဝိမောက္ခတို့ကို သက်ဝင်ဆင်ခြင်သောအဖြစ်၊

(၁၁) ထိုသမာဓိသို့ ညွတ်သောစိတ်ရှိသောအဖြစ်၊ ဤ ၁၁-ပါးတို့ပေတည်း။

ငါးပါးသော တရားတို့သည် ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်ခြင်း၏ အကြောင်း ဖြစ်လေသည်၊ ထိုငါးပါးကား—

(၁) သတ္တဝါတို့၌ လျစ်လျူရှုသောအဖြစ်၊

(၂) သင်္ခါရတို့ကို လျစ်လျူရှုသောအဖြစ်၊

(၃) သတ္တဝါသင်္ခါရတို့ကို ငါ့လူ, ငါ့ဟာ, ငါ့ဥစ္စာ ဟု ကပ်ငြိစွဲလမ်းတတ်သူကို ကြဉ်ရှောင်သောအဖြစ်၊

(၄) သတ္တဝါသင်္ခါရတို့ကို လျစ်လျူရှုသော ပုဂ္ဂိုလ်အား မှီဝဲသောအဖြစ်၊

(၅) ထို ဥပေက္ခာသမ္ဗောဇ္ဈင်သို့ ညွတ်သောစိတ်ရှိသော အဖြစ် ဤ ငါးပါးတို့ပေတည်း။

ဤ ဆိုအပ်ခဲ့ပြီးသော အခြင်းအရာတို့ဖြင့် ထို တရားတို့ကို ဖြစ်စေသည်ရှိသော် ပဿဒ္ဓိသမ္ဗောဇ္ဈင် အစရှိသည်တို့ကို ပွါးသည် မည်၏၊ ဤသို့လျှင် စိတ်ကို နှိပ်သင့်သောအခါ၌ စိတ်ကို နှိပ်အပ်၏။

၆၆။ **အဘယ်ကဲ့သို့ စိတ်ကို ရွှင်လန်းစေအပ်သောအခါ၌ စိတ်ကို ရွှင်လန်းစေသနည်း**—အကြင်အခါ ထိုယောဂီပုဂ္ဂိုလ်အား ပညာဗျာပါရ နည်းသောကြောင့်၎င်း, ငြိမ်သက်သောချမ်းသာကို မရခြင်းကြောင့်၎င်း သာယာခြင်းကင်းသောစိတ်သည် ဖြစ်၏၊ ထိုအခါ၌ စိတ်ကို သံဝေဂဝတ္ထု၈ပါးကို ဆင်ခြင်ခြင်းဖြင့် ထိတ်လန့်စေရာ၏၊ ထိတ်လန့်စေတတ်သော သံဝေဂဝတ္ထုတို့ မည်သည်ကား ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြင်း, သေခြင်း ဤလေးပါး၎င်း၊ ငါးခုမြောက် အပါယ်ဆင်းရဲဒုက္ခ၎င်း၊ အတိတ်ကာလ၌ ဝဋ်လျှင် အရင်းမူလရှိသော ဒုက္ခ၊ အနာဂတ်ကာလ၌ ဝဋ်လျှင် အရင်းမူလရှိသောဒုက္ခ၊ ပစ္စုပ္ပန်ကာလ၌ အာဟာရကို ရှာမှီးရခြင်းဒုက္ခ၊ ဤ၈ပါးတို့ပေတည်း၊ ဘုရား, တရား, သံဃာ၏ ဂုဏ်ကျေးဇူးကို အဖန်တလဲလဲ အောက်မေ့ခြင်းလည်း ထိုစိတ်၏ ကြည်လင်ခြင်းကို ဖြစ်စေ၏၊ ဤသို့လျှင် စိတ်ကို ရွှင်လန်းစေအပ်သောအခါ၌ စိတ်ကို ရွှင်လန်းစေသည် ဖြစ်၏။

**အဘယ်ကဲ့သို့လျှင် စိတ်ကိုလျစ်လျူရှုသင့်သောအခါ၌ စိတ်ကို လျစ်လျူရှုသနည်း**—အကြင်အခါ ထိုယောဂီပုဂ္ဂိုလ်အား မတွန့်မဆုတ် မတုန်လှုပ်သော သာယာခြင်းမကင်းသော အာရုံ၌ အညီအမျှဖြစ်သော သမထ လမ်းမှန်သွားသောစိတ်သည် ဖြစ်၏၊ ထိုအခါ ထိုပုဂ္ဂိုလ်အား ချီးပင့်ခြင်း, နှိပ်ခြင်း, ရွှင်စေခြင်းတို့၌ ကြောင့်ကြတခု အမှုစိုက်ရန်မရှိ၊ ရထားထိန်းသည် ကောင်းစွာ အညီအမျှသွားကြသော မြင်းတို့၌ ကြောင့်ကြတခု အမှုစိုက်ရန် မရှိသကဲ့သို့ပေတည်း၊ ဤသို့လျှင် စိတ်ကို လျစ်လျူရှုသင့်သော အခါ၌ စိတ်ကိုလျစ်လျူ ရှုအပ်၏။

**မတည်ကြည်သော စိတ်ရှိသောပုဂ္ဂိုလ်ကို ကြဉ်ရှောင်ခြင်း** မည်သည်ကား—ရှာန်ရကြောင်း အကျင့်လမ်းခရီးသို့ မသွား

ဘူးသော များစွာသောကိစ္စတို့ကို အားထုတ်ကုန်သော ပျံ့လွင့်လျှပ်ပေါ်သော စိတ်နှလုံးရှိသော ပုဂ္ဂိုလ်တို့ကို ဝေးစွာစွန့်ခွါခြင်းကို ဆိုလိုသည်။

**တည်ကြည်သောစိတ်ရှိသောပုဂ္ဂိုလ်ကို မှီဝဲခြင်း** မည်သည်ကား–ဈာန်ရကြောင်း အကျင့်လမ်းခရီးသို့သွားဘူးကျင့်ဘူးသော ဥပစာရသမာဓိ အပ္ပနာသမာဓိကို ရကုန်သောပုဂ္ဂိုလ်တို့ကို အခါကာလအားလျော်စွာ ဆည်းကပ်ခြင်းကို ဆိုလိုသည်။

**ထိုသမာဓိသို့ ညွတ်သောအဖြစ် (တဒဓိမုတ္တတာ)** ဆိုသည်ကား–ဈာန်သမာဓိသို့ညွတ်သောအဖြစ်,သမာဓိကိုအလေးပြုသည်အဖြစ်, သမာဓိသို့ညွတ်ခြင်း ကိုင်းရှိုင်းခြင်း ရှိသည်အဖြစ်ကို ဆိုလို၏။

ဤ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ဆယ်ပါးအပြားရှိသော
အပ္ပနာ၌ လိမ္မာခြင်း (အပ္ပနာကောသလ္လ)ကို
ပြီးစေအပ်၏။

---

## နိမိတ်သို့ ရှေးရှု၍ ကျင့်ခြင်း

၆၇။ **ဧဝဉှိ** သမ္ပာဒယတော၊ အပ္ပနာကောသလ္လံ ဣမံ။
ပဋိလဒ္ဓေ နိမိတ္တသ္မိံ၊ အပ္ပနာ သမ္ပဝတ္တတိ။
ဧဝဉှိ ပဋိပန္နဿ၊ သစေ သာ နပ္ပဝတ္တတိ။
တထာပိ န ဇဟေ ယောဂံ၊ ဝါယမေထေဝ ပဏ္ဍိတော။
ဟိတွာ ဟိ သမ္မာဝါယာမံ၊ ဝိသေသံ နာမ မာဏဝေါ။
အဓိဂစ္ဆေ ပရိတ္တမ္ပိ၊ ဌာနမေတံ န ဝိဇ္ဇတိ။
စိတ္တပ္ပဝတ္တိအာကာရံ၊ တသ္မာ သလ္လက္ခယံ ဗုဓော။
သမတံ ဝီရိယဿေဝ၊ ယောဇယေထ ပုနပ္ပုနံ။
ဤသကမ္ပိ လယံ ယန္တံ၊ ပဂ္ဂဏှေထေဝ မာနသံ။
အစ္စာရဒ္ဓံ နိသေဓေတွာ၊ သမမေဝ ပဝတ္တယေ။
ရေဏုမှိ ဥပ္ပလဒလေ၊ သုတ္တေ နာဝါယ နာဠိယာ။
ယထာ မဓုကရာဒီနံ၊ ပဝတ္တိ သမ္မဝဏ္ဏိတာ။

လီနဥဒ္ဓတဘာဝေဟိ၊ မောစယိတွာန သဗ္ဗသော။
ဇဝံ နိမိတ္တာဘိမုခံ၊ မာနသံ ပဋိပါဒယေ။

ဤသို့လျှင် ရပြီးအပ်သော ပဋိဘာဂနိမိတ်၌ ဤအပ္ပနာကောသလ္လကို ပြည့်စုံစေသောသူအား အပ္ပနာသည် ဖြစ်၏။

ဤသို့ကျင့်သောပုဂ္ဂိုလ်အား ထိုအပ္ပနာသည် အကယ်၍ မဖြစ်နိုင်ခဲ့အံ့၊ ထိုသို့ မဖြစ်သော်လည်း ပညာရှိသည် လုံ့လကိုမလျှော့ရာ၊ သဲသဲမဲမဲ စွဲမြဲအားထုတ်ရာ၏။

သတ္တဝါသည် ပေါ့လျော့ခြင်းဖြင့် အနည်းငယ်သော တရားထူးမည်သည်ကို ရရာ၏၊ ဤသို့သော အကြောင်းသည် မရှိချေ။

ထို့ကြောင့် ဘာဝနာစိတ်၏ အခြင်းအရာကိုစုံစမ်း၍ ပညာရှိသည် ဝီရိယ၏သမာဓိနှင့်မျှသောအဖြစ်ကိုသာလျှင် အဖန်တလဲလဲ ယှဉ်စေရာ၏။

အနည်းငယ်မျှ တွန့်တိုဆုတ်နစ်သောအဖြစ်သို့ ရောက်သော စိတ်ကို မျှစေခြင်းငှါ ချီးပင့်ရာ၏၊ အားထုတ်လွန်းသည်ကို တားမြစ်၍ အညီအမျှ ဖြစ်စေရာ၏။

ဝတ်ပန်းမှုံ၌ငှင်း၊ ရေခွက်၌ထားသော ကြာရွက်အပြင်၌ငှင်း၊ ပင့်ကူချည်မျှင်၌ငှင်း၊ လှေ၌ငှင်း၊ ဆီကျည်၌ငှင်း ပျားအစရှိသော သတ္တဝါတို့၏ဖြစ်သော အခြင်းအရာကို ဥပမာအားဖြင့် အဋ္ဌကထာတွင် ဖွင့်ပြသကဲ့သို့ တွန့်တိုဆုတ်နစ်ခြင်း ပျံ့လွင့်ခြင်းမှ အခြင်းခပ်သိမ်း လွတ်စေ၍ ပဋိဘာဂနိမိတ်သို့ ရှေးရှု ဘာဝနာစိတ်ကို စိုင်းနှင်ရာ၏။

## နိမိတ်သို့ရှေးရှုကျင့်ခြင်း

၆၀။ ထိုဥပမာစကားများ၏ အနက်အဓိပ္ပါယ်ကား ဤသို့တည်း-မလိမ္မာသောပျားသည် ဤမည်သောသစ်ပင်မှာ ပန်းပွင့်ပြီဟု သိ၍ အလွန်ပြင်းထန်သော အဟုန်ဖြင့်

ပုံလေသော် ထိုအပွင့်ရှိသောသစ်ပင်ကို လွှန်၍ တဖန် နောက်သို့ပြန်ရပြန်သော် ပန်းရက်ရည်ကုန်မှ ရောက်လာ၏၊ ထို့ပြင် မလိမ္မာသောပျားသည် နှေးကွေး လေးလံသောအဟုန်ဖြင့် ပုံသည်ရှိသော် ပန်းရက်ရည် ကုန်မှရောက်၏၊ လိမ္မာသောပျားသည်ကား မျှတသော အဟုန်ဖြင့်ပုံရာ ချမ်းသာစွာ ပန်းတောသို့ရောက်၍ အလိုရှိဘိုင်းပန်းဝတ်ရည်တို့ကို စုတ်ယူပြီးလျှင် ပျားရည် ကို ပြည့်စုံစေ၍ ပျားရည်၏အရသာကို ခံစားရလေဘိ သကဲ့သို့ငှင်း။

ထို့ပြင် သွေးကြောဖောက်သော ဆရာ၏တပည့်တို့သည် ရေခွက်၌ထားသောကြာရွက်ကို ထားငယ်ဖြင့် လှီးဖောက်သော အတတ်ကို လေ့ကျင့်သင်ကြားရာ တယောက်သော မလိမ္မာသော တပည့်သည် အဟုန်ဖြင့်ထားငယ်ကိုကြာရွက်ပေါ်သို့ချလိုက်သဖြင့် ကြာရွက်နှစ်ချမ်းသော်လည်း ကွဲလေ၏၊ ရေထဲသို့သော်လည်း နစ်လေ၏၊ တဦးသော မလိမ္မာသော တပည့်သည် ကြောက် သောကြောင့် ထားငယ်ဖြင့် ကြာရွက်ကို ထိခြင်းငှါပင်မဝံ့၊ လိမ္မာ သော တပည့်သည်ကား မနှေးမမြန် မျှတသောလုံ့လဖြင့် တို ကြာဖက်၌ ထားငယ်ကိုချ၍ နေရာကျဖောက်၍ အပြီးတိုင် တတ် မြောက်သည်ဖြစ်၏၊ ထိုသို့သဘောရှိသော အရာတို့၌ သွေးကြော ဖောက်ခြင်း အမှုကိုပြု၍ လာဘ်ရဘိသကဲ့သို့ငှင်း,

ထို့ပြင် အကြင်သူသည် လေးလံ ပမာဏရှိသော ပင့်ကူ ချည်မြှင်ကို ဆောင်နိုင်မူ အသပြာလေးထောင် ဆုရမည် ဟု မင်း က ဆိုရာ မလိမ္မာသော ယောကျ်ားတယောက်သည် လျင်မြန် သောအဟုန်ဖြင့် ပင့်ကူချည်မြှင်ကို ငင်သည်ရှိသော် ထိုထို အရပ်မှ ပြတ်လေ၏၊ တယောက်သော မလိမ္မာသော ယောကျ်ားသည် ကား ပြတ်အံ့သည်မှ ကြောက်သောကြောင့် လက်မျှဖြင့် မတို့ထိဝံ့၊ လိမ္မာသော သူသည်ကား အစမှစ၍ ညီမျှသော လုံ့လပယောဂ ဖြင့် တုတ်တံ၌ရစ်၍ ဆောင်ခဲ့သဖြင့် အသပြာလေးထောင် ဆုရလေဘိသကဲ့သို့ငှင်း,

ထို့ပြင် မလိမ္မာသော လှေသူကြီးသည် လေအားကြီး တိုက်လာစဉ် ရွက်ကိုဖွင့်ဖြန့်လျက် လှေကို တပါးသောအရပ်သို့ ပြေးသွားစေ၏၊ ထိုမှတပါး မလိမ္မာသော လှေသူကြီးသည်ကား လေအနည်းငယ်လာသည် ဖြစ်ပါလျက် ရွက်ကိုချ၍ လှေကို ထိုအရပ်၌ပင်ရပ်စေ၏၊ လိမ္မာသော လှေသူကြီးသည်ကား လေနည်းသောအခါ ရွက်ကို အကုန်ဖွင့်၍ လေအားကြီးလာသောအခါ ရွက်တဝက်မျှကိုဖွင့်၍ ချမ်းသာစွာ လိုရာအရပ်သို့ ပေါက်သကဲ့သို့ရင်း,

ထို့ပြင် ဆီကို ဆီကျည်ထဲသို့ မဖိတ်မယိုအောင် ထည့်နိုင်သူအား ဆုပေးမည်ဟု ဆရာကတပည့်တို့အားပြောဆိုရာ တဦးသော လာဘ်ကို မက်မောသော မလိမ္မာသောသူသည် လျင်သော အဟုန်ဖြင့် ဆီကျည်ကို ပြည့်စေခြင်းငှါ သွန်းလောင်းသည်ရှိသော် ဆီတို့သည် ယိုဖိတ်ကုန်၏၊ တဦးသော မလိမ္မာသောသူသည်ကား ဆီဖိတ်မည်ကို ကြောက်ရွံ့သောကြောင့် သွန်းလောင်းခြင်းငှါပင် မပြုဝံ့၊ လိမ္မာကျွမ်းကျင်သော သူသည်ကား ညီမျှသော ပယောဂသုံ့လဖြင့် ဆီကိုပြည့်စေ၍ ဆုလာဘ်ရလေဘိသကဲ့သို့ရင်း,

ဤဥပမာများအတူ တပါးသော ရဟန်းသည် ဥဂ္ဂဟနိမိတ်ဖြစ်ပေါ်သည်ရှိသော် လျင်မြန်စွာ အပ္ပနာသို့ ရောက်စေအံ့ဟု ပြင်းထန်စွာ ဝီရိယလုံ့လထုတ်၏၊ ထိုရဟန်း၏ စိတ်သည် အလွန်အားထုတ်လွန်းသော ဝီရိယကြောင့် ပျံ့လွင့်သော ဥဒ္ဓစ္စသို့ ရောက်၏၊ ထိုရဟန်းသည် အပ္ပနာသို့ ရောက်ခြင်းငှါ မစွမ်းနိုင်၊ တပါးသော ရဟန်းသည်ကား အလွန်အားထုတ်လွန်းသော ဝီရိယ၏ အပြစ်ကို မြင်၍ ယခုအခါ ငါ့အားအပ္ပနာဖြင့် အဘယ်ပြုရတော့အံ့နည်း ဟု ကြံပြီးလျှင် ဝီရိယကို လျှော့စေ၏၊ ထိုရဟန်း၏ စိတ်သည် အလွန်တွန့်တိုသော ဝီရိယရှိသောကြောင့် ပျင်းရိခြင်းဘက်သို့ လည်လေ၏၊ ထိုပုဂ္ဂိုလ်သည်လည်း အပ္ပနာသို့ ရောက်ခြင်းငှါ မစွမ်းနိုင်၊ အကြင်ပုဂ္ဂိုလ်သည်ကား တွန့်တိုသော စိတ်ကို တွန့်တိုဆုတ်နစ်သောအဖြစ်မှ တုန်လှုပ်သော စိတ်ကို တုန်လှုပ်သောအဖြစ်မှ လွတ်စေ၍ ညီမျှသော လုံ့လပယောဂဖြင့် ဥဂ္ဂဟနိမိတ်သို့ ရှေးရှု

ဖြစ်စေ၏၊ ထိုရဟန်းနှင့်တူသည် ဖြစ်သင့်၏၊ ဤဖွင့်ဆိုအပ်ပြီးသော အနက် အဓိပ္ပါယ်ကိုရည်၍ ပျားဥပမာ, ကြာရွက်ဥပမာ စသည် တို့ကို ဆိုအပ်၏။

## ပဋ္ဌမဈာန်ကိုပြခြင်း

၆၉။ **ဈာန်ရတော့မည်။** ။ဤသို့လျှင် ဘာဝနာစိတ်ကို ပဋိဘာဂနိမိတ်သို့ ရှေးရှုထား၍အားထုတ်စိုင်းနှင်သော ထိုယောဂီပုဂ္ဂိုလ်အား ယခုအခါ၌ အပ္ပနာဖြစ်တော့မည် ရှိလတ်သော် ဘဝင်အယဉ်ကိုဖြတ်၍ ပထဝီ-ပထဝီ ဟု ပွါးများအားထုတ်သည်၏ အစွမ်းဖြင့် ထင်သော ထိုပထဝီကသိုဏ်း ပဋိဘာဂ နိမိတ်ကိုပင်လျှင် အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်၏၊ ထို့နောက် ထိုအာရုံကိုပင် အာရုံပြု၍ လေးကြိမ်သော်၎င်း, ငါးကြိမ်သော်၎င်း ဇောစိတ်တို့သည်ဖြစ်ကုန်၏၊ ထိုဇောတို့တွင် အဆုံးဖြစ်သော ဇောစိတ်တခုသည် ရူပါဝစရဇောဖြစ်၏။ ကြွင်းသော ဇောတို့သည်ကား ကာမာဝစရဇောတို့ ဖြစ်ကုန်၏။ ပကတိသောစိတ်တို့ထက် အလွန်အားကြီးသော ဝိတက် ဝိစာရ ပီတိ သုခ စိတ္တေကဂ္ဂတာတို့သည် ဖြစ်ကုန်၏၊ အကြင်ဇောတို့ကို အပ္ပနာကို ပြုပြင်တတ်သောကြောင့် ပရိကံတို့ဟူ၍၎င်း, ရွာအစရှိသည်တို့၏ အနီးဖြစ်သော အရပ်ကို ရွာ၏ဥပစာ, မြို့၏ဥပစာ ဟု ဆိုအပ်သကဲ့သို့ ဤအတူ အပ္ပနာနှင့် နီးသောကြောင့် အနီးအပါး၌ ဖြစ်သောကြောင့် ဥပစာတို့ ဟူ၍၎င်း ဆိုအပ်၏၊ ဤဝီထိမှ ရှေးဖြစ်သော ဝီထိ၌ ပရိကံတို့အား၎င်း၊ ဒါထက် အပ္ပနာအား၎င်း လျော်သောကြောင့် အနုလုံတို့ ဟူ၍ ဆိုအပ်ကုန်၏။

ဤပရိကံ, ဥပစာ, အနုလုံ ဟူ၍ မှတ်အပ်သော စိတ်တို့တွင် အလုံးစုံတို့၏ အဆုံးစွန်ဖြစ်သော အကြင်တတိယ စတုတ္ထစိတ်သည်

ရှိ၏၊ ထိုစိတ်ကိုကား ကာမာဝစရအနွယ်ကို နှိမ်နင်းသောကြောင့် မဟဂ္ဂုတ်အနွယ်ကို ပွါးစေသောကြောင့် ဂေါတြဘူဟူ၍ ဆို အပ်၏။

ဤသုံးပါးသောစိတ် လေးပါးသောစိတ်တို့တွင် မယူအပ် သေးသည်ကိုယူသဖြင့် ပဌမစိတ်သည် ပရိကံ မည်၏၊ ဒုတိယစိတ် သည် ဥပစာ မည်၏၊ တတိယစိတ်သည် အနုလုံ မည်၏၊ စတုတ္ထ စိတ်သည် ဂေါတြဘူ မည်၏။ တနည်းကား ပဌမစိတ်သည် ဥပစာ မည်၏၊ ဒုတိယစိတ်သည် အနုလောမ မည်၏၊ တတိယစိတ်သည် ဂေါတြဘူ မည်၏၊ စတုတ္ထစိတ်သည်ရင်း, ပဉ္စမစိတ်သည်ရင်း, အပ္ပနာစိတ် မည်၏၊ ထိုစကားသင့်၏၊ စတုတ္ထစိတ်တို့သည်သာ အပ္ပနာ၏အစွမ်းဖြင့် ဖြစ်လေသည်၊ ထိုလေးကြိမ်မြောက် ငါးကြိမ် မြောက် ဖြစ်ခြင်းကို ခိပ္ပါဘိညပုဂ္ဂိုလ် ဒန္ဓာဘိညပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့် ဖြစ်သည်ဟု မှတ်အပ်၏။ ထိုနောက် ဇောသည် ကျဆင်းလေ၏။ ဘဝင်၏ အလှည့်ဖြစ်၏။

အာဘိဓမ္မိက ဂေါဒ္ဒ မထေရ်သည်ကား–''**ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော**''ဟူသော ဤပဋ္ဌာန်းပါဠိတော် ကိုရွတ်၍ အာသေဝနပစ္စည်းကြောင့် နောက်နောက်ဖြစ်သော တရားသည် အားရှိ၏၊ ထို့ကြောင့် ခြောက်ကြိမ်မြောက် ခုနစ်ကြိမ် မြောက်၌လည်း အပ္ပနာသည် ဖြစ်၏ဟု ဆို၏၊ ထိုစကားကို အဋ္ဌကထာတို့၌ မထေရ်၏ အကြိုက်မျှသာ ဖြစ်သည်ဆို၍ ပယ်၏၊ စတုတ္ထဇော ပဉ္စမဇော၌သာ အပ္ပနာဖြစ်၏၊ နောက်၌ ဇောသည် လျောကျသော မည်သည်ဖြစ်၏၊ အကြောင်းမှာ ဘဝင်နှင့် နီးကပ် သည့် အဖြစ်ကြောင့်ဟု ဆိုအပ်ပြီ၊ ထိုစကားကိုမူကား စိစစ်၍ ဆိုအပ်သည် ဖြစ်သောကြောင့် ပယ်ခြင်းငှါမတတ်နိုင်၊ **ဥပမာသော်** ကား ကမ်းပါးပြတ်သို့ ရှေ့ရှုပြေးသော ယောကျ်ားသည် ရပ်လိုပါ သော်လည်း ကမ်းပါးပြတ်အစွန်း၌ ခြေကိုထား၍ ရပ်ခြင်းငှါမတတ် နိုင်ဘဲ ကမ်းပါးပြတ်ထဲ သို့သာ ကျလေဘိသကဲ့သို့ ဤအတူ ခြောက်ကြိမ်မြောက်၌ရင်း, ခုနစ်ကြိမ်မြောက်၌ရင်း ဘဝင်၏ အနီး

ဖြစ်သောကြောင့် အပ္ပနာ၏ အစွမ်းဖြင့် ဖြစ်ခြင်းငှါ မစွမ်းနိုင်၊ ထို့ကြောင့် လေးကြိမ်မြောက်, ငါးကြိမ်မြောက်၌သာလျှင် အပ္ပနာဖြစ်၏ဟု သိအပ်၏၊ ထိုအပ္ပနာသည်လည်း တခုသော စိတ္တက္ခဏရှိသည်သာဖြစ်၏၊ ထိုစကားမှန်သည် ခုနစ်ပါးသော အရာဌာနတို့၌ ကာလအပိုင်းအခြား မည်သည်မရှိ၊ ထိုခုနစ်ဌာနတို့ကား လက်ဦးရစဖြစ်သော မဟဂ္ဂုတ်အပ္ပနာ၌၎င်း, လောကီအဘိညာဉ်တို့၌၎င်း, မဂ်လေးပါးတို့၌၎င်း, မဂ်၏အခြားမဲ့ ဖိုလ်၌၎င်း, ရူပဘုံ အရူပဘုံတို့၌ ဘဝင်ဖြစ်သော ဈာန်စိတ်၌၎င်း,နိရောဓသမာပတ်၏ အကြောင်းဖြစ်သော နေဝသညာနာသညာယတနဇော၌၎င်း, နိရောဓသမာပတ်မှ ထသော ပုဂ္ဂိုလ်၏ ဖလသမာပတ်၌၎င်း ကာလအပိုင်းအခြားမည်သည်မရှိ။

ဤခုနစ်ဌာနတို့တွင် မဂ်၏အခြားမဲ့ ဖိုလ်ဇောသည် သုံးကြိမ်ထက် အလွန်မဖြစ်၊ နိရောဓသမာပတ်၏ အကြောင်းဖြစ်သော နေဝသညာ နာသညာယတနဇောသည် နှစ်ကြိမ်ထက် အလွန်မဖြစ်၊ ရူပဘုံ အရူပဘုံတို့၌ ဘဝင်၏ အတိုင်းအရှည်သည် မရှိ၊ ကြွင်းသော ဌာနတို့၌ကား တခုသောစိတ်သာလျှင် ဖြစ်၏၊ ထို့ကြောင့် လက်မှန်အစ ပဌမ အပ္ပနာသည် စိတ္တက္ခဏ တချက်သာဖြစ်၏၊ ထိုအပ္ပနာဇော တကြိမ်ဖြစ်ပြီးသော နောက်၌ ဘဝင်ကျလေ၏၊ ထို့နောက် ဘဝင်အယဉ်ကို ဖြတ်၍ ဈာန်ကို ဆင်ခြင်ခြင်းငှါ အာဝဇ္ဇန်းသည် ဖြစ်၏၊ ထို့နောက်ဈာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဇော ဖြစ်၏။

ဤဆိုအပ်ခဲ့ပြီးသော စကားအစဉ်ဖြင့် ထိုယောဂီပုဂ္ဂိုလ်သည် ကာမဂုဏ်တို့မှ ဆိတ်ကင်း၍သာလျှင် အကုသိုလ်တရားတို့မှ အသီးအခြားဖြစ်၍ ဝိတက်နှင့်တကွ ဝိစာရနှင့်တကွ ဝိဝေကကြောင့် ဖြစ်သော ပီတိသုခရှိသော ပဌမဈာန်ကို ပြည့်စုံစေ၍ နေ၏၊ ဤသို့ နေသောပုဂ္ဂိုလ်သည် အင်္ဂါငါးပါးကို ပယ်၏၊ အင်္ဂါငါးပါးနှင့် ပြည့်စုံ၏၊ သုံးပါးသော ကောင်းခြင်း ရှိ၏၊ ဆယ်ပါးသော လက္ခဏာနှင့် ပြည့်စုံ၏၊ ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဌမဈာန်ကို ရသည်ဖြစ်၏။

၇၀။ ထိုစကား၌ ကာမဂုဏ်တို့မှ ဆိတ်ကင်း၍သာလျှင် ဆိုသည့်ကား ကာမဂုဏ်တို့မှ ဆိတ်သည် ကာမဂုဏ်တို့မှ ကင်းသည် ကြဉ်ရှောင် ဖဲခွါသည်ဟု ဆိုလိုသည်၊ (သာလျှင်) ဟူသော (ဧဝ)သဒ္ဒါမှာ နိယာမ အနက်ရှိသော ကြောင့် ပဌမဈာန်ကို ပြည့်စုံစေ၍ နေသောအခါ၌ ထင်ရှားမရှိသော်လည်း ကာမတို့၏ ထိုပဌမဈာန်နှင့်ဆန့်ကျင်ဘက်အဖြစ်ကိုလည်း,ကာမတို့ကို ကင်းကွာ ဖဲကြဉ်ခြင်းဖြင့်သာ ထိုပဌမဈာန်ကို ရခြင်းကိုလည်း ထိုစကားဖြင့် ပြလေသည်။ အဘယ်သို့ ပြသနည်းဆိုသော် ကာမဂုဏ်တို့မှ ဆိတ်ကင်း၍သာလျှင်ဟု ဤသို့မှတ်ခြင်းကိုပြုသည်ရှိသော် အကျိုးသည် ထင်ရှား၏၊ အပိုက်မှောင် ရှိခဲ့သော် ဆီမီးရောင် ဖြစ်သကဲ့သို့ ကာမဂုဏ်တို့သည် ရှိလတ်သော် ဤဈာန်သည် မဖြစ်၊ ထိုကာမဂုဏ်တို့သည် ဤဈာန်၏ စင်စစ်ဆန့်ကျင်ဘက် ဖြစ်ကုန်၏၊ ဤမှာဘက်ကမ်းကို စွန့်ခြင်းဖြင့် ထိုမှာဘက်ကမ်းကို ရခြင်းကဲ့သို့ ထိုကာမဂုဏ်တို့ကို စွန့်ခြင်းဖြင့်သာလျှင် ထိုဈာန်ကို ရခြင်းသည် ဖြစ်၏၊ ဤသို့သောအကျိုးသည် ထင်ရှား၏၊ ထို့ကြောင့် နိယမ အနက်ရှိသည်ကို ပြု၏ဟု မြွက်ကြားအပ်၏။

ဆိုအပ်ခဲ့ပြီးသော “ကာမဂုဏ်တို့မှ ဆိတ်ကင်း၍သာလျှင် အကုသိုလ်တရားတို့မှ အသီးအခြားဖြစ်၍” ဆိုသောစကား၌(သာလျှင်) ဟူသော (ဧဝ) သဒ္ဒါကို ရှေ့ပုဒ်၌သာဆို၍ နောက်ပုဒ်မှာ အဘယ့်ကြောင့် မဆိုသနည်း၊ အကုသိုလ်ဖြစ်သော နီဝရဏတရားတို့မှ မဆိတ် မကင်းမူ၍လည်း ဈာန်ကို ပြည့်စုံ၍ နေရာသလောဟု ဤသို့ စောဒနာပြောအံ့၊ ဤဧဝသဒ္ဒါ၏အနက်ကို စောဒကဆရာ ဆိုသကဲ့သို့ မမှတ်အပ်၊ အဘယ့်ကြောင့်ဆိုသော် ထိုကာမမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း ဖြစ်သောကြောင့် ထို(သာလျှင်) ဟူသော (ဧဝ)သဒ္ဒါကို ရှေ့ပုဒ်၌သာ ဆိုအပ်၏၊ ထိုစကား သင့်သည်၊ ခပ်သိမ်းသော ကာမဓာတ်ကို လွန်နိုင်ကြောင်း အကျင့်ဖြစ်သောကြောင့်လည်း, ကိလေသာကာမနှင့် ဆန့်ကျင့်ဘက်

ဖြစ်သောကြောင့်ပင်း ဤဈာန်သည် ကာမတို့၏သာလျှင် ကင်းကြောင်း ပျောက်ကြောင်း ထွက်မြောက်ကြောင်း ဖြစ်၏၊ ဘုရားရှင် ဟောတော်မူသည်မှာလည်း "ကာမာနမေတံ နိဿရဏံ ယဒိဒံ နေက္ခမ္မံ" ဟူ၍ ဖြစ်သည်။ "ထိုဈာန်သည် ကာမတို့၏ ထွက်မြောက်ရာပေတည်း" ဟု ဆိုလို၏။

ထိုရှေ့၌သာ (ဧဝ) သဒ္ဒါကို ဟောအပ်သော်လည်း နောက်ပုဒ်၌လည်း ဆိုအပ်၏၊ "ဣဓေဝ ဘိက္ခဝေ ပဌမော သမဏော ဣဓ ဒုတိယော သမဏောတိ" ဟူသော ပါဠိတော်၌ အို-ရဟန်းတို့ ဤငါဘုရားသာသနာတော်၌သာလျှင် ပဌမဖြစ်သော သောတာပန် ရဟန်းကို ရအပ်၏၊ ဤသာသနာတော်၌သာလျှင် ဒုတိယ သကဒါဂါမိ ရဟန်းကို ရအပ်၏'' ဟူရာ၌ (ဧဝ) သဒ္ဒါကိုဆောင်၍ ဆိုအပ်လေသကဲ့သို့ ဤအတူဆောင်၍ ဆိုအပ်၏၊ ဤကာမဈာန်မှ တပါးကုန်သော နီဝရဏဟု ဆိုအပ်ကုန်သော အကုသိုလ်တရားတို့မှ မဆိတ်မကင်းမူ၍ ဈာန်ကိုပြည့်စုံ၍ နေခြင်းငှါ မတတ်ကောင်း၊ ထို့ကြောင့် ဆိုအပ်၏၊ ထို့ကြောင့် ကာမဂုဏ်တို့မှ ဆိတ်ကင်း၍ အကုသိုလ်တရားတို့မှ ဆိတ်ကင်း၍ဟူသော ဤနှစ်ပုဒ်ယုံ၌ပင် ဤနိယမအနက်ကို မှတ်အပ်၏။

နှစ်ပုဒ်လုံး၌ပင် ဆိတ်ကင်း၍ ဟူသော အလုံးစုံသော ဝိဝေကတို့နှင့် ဆက်ဆံသော သဒ္ဒါဖြင့် ဆိုအပ်လေသောကြောင့် တဒင်္ဂ, ဝိက္ခမ္ဘန, သမုစ္ဆေဒ, ပဋိပ္ပဿဒ္ဓိ, နိဿရဏ ဝိဝေကလည်း ဖြစ်ကုန်သော ကာယ, စိတ္တ, ဥပဓိ ဝိဝေကလည်း ဖြစ်ကုန်သော အလုံးစုံသော ဝိဝေကတို့ကို ပေါင်းရုံးယူခြင်းသို့ ရောက်ခဲ့၏၊ ထိုသို့ပင် ရောက်သော်လည်း ကာယဝိဝေက, စိတ္တဝိဝေက, ဝိက္ခမ္ဘနဝိဝေက သုံးပါးတို့ကိုသာ ဤဈာန်အရာ၌ မှတ်အပ်ကုန်၏။

ကာမတို့မှဟူသော ဤပုဒ်ဖြင့်ကား မဟာနိဒ္ဒေသ၌ "ကတမေ ဝတ္ထုကာမာ မနာပါ ပိယရူပါ" အစရှိသောနည်းဖြင့် ဝတ္ထု ကာမတို့ကို ဟောအပ်ကုန်၏၊ ထို **မဟာနိဒ္ဒေသ**၌ပင်း, **ဝိဘင်း**၌ပင်း

လိုချင်ကာမတ္တဖြစ်သော ဆန္ဒသည် ကာမမည်၏၊ တပ်မက်ခြင်း ရာဂသည် ကာမမည်၏၊ ထို့ထက် အားကြီးသော ဆန္ဒရာဂသည် ကာမမည်၏၊ ကြံစည်အောက်မေ့ခြင်း သင်္ကပ္ပသည် ကာမမည်၏၊ ထို့ထက် အားကြီးသော တပ်မက်ခြင်းရာဂသည် ကာမမည်၏၊ ထို့ထက် အလွန်အားကြီးသော သင်္ကပ္ပရာဂသည် ကာမ မည်၏ ဟူ၍ ဤဆန္ဒစသည်တို့ကို လိုချင်တောင့်တကြောင်းဖြစ်၍ ကာမတို့ ဟူ၍ ဆိုအပ်ကုန်၏၊ ဤသို့လျှင် ကိလေသာကာမတို့ကို ဟောအပ်ကုန်၏၊ ထိုအလုံးစုံသော ဝတ္ထုကာမ, ကိလေသာကာမတို့ကိုပင် ပေါင်း၍ ယူအပ်၏ဟု မှတ်အပ်ကုန်၏၊ ဤသို့ ယူသည်ရှိသော် ကာမတို့မှ ဆိတ်၏ဟူသည်ကား ဝတ္ထုကာမတို့မှ ဆိတ်ကင်း၍ ဟူသော အနက်သည် သင့်လျော်၏၊ ထိုဝတ္ထုကာမမှကင်းခြင်းဖြင့် ကာယဝိဝေကကို ဆိုအပ်၏၊ အကုသိုလ်တရားတို့မှ ဆိတ်ကင်း၍ ဟူသော စကားဖြင့် ကိလေသာကာမမှုရင်း, အလုံးစုံသော အကုသိုလ်တို့မှုရင်း, ဆိတ်ကင်း၏ဟူသော အနက်သည် သင့်လျော်၏၊ ထိုစကားဖြင့် စိတ္တဝိဝေကကို ဆိုအပ်သည် ဖြစ်၏။

ဤ "ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ" ဟူသော ပုဒ်နှစ်ခုတွင် **ရှေ့ပုဒ်ဖြင့်** ဝတ္ထုကာမမှ ကင်းခြင်းကို ဟောတော်မူသောကြောင့် ကာမချမ်းသာကို ပယ်စွန့်ခြင်းကို ပြ၏၊ **ဒုတိယ ပုဒ်ဖြင့်** ကိလေသာကာမမှ ကင်းခြင်းကို ဟောတော်မူသော ကြောင့် ချာန်ချမ်းသာကို သိမ်းပိုက်ရခြင်းကို ထင်ရှားပြတော်မူ၏၊ ဤသို့ဝတ္ထုကာမ ကိလေသာကာမမှ ကင်းခြင်းကို ဟောတော်မူသောကြောင့် ဆိုအပ်ပြီးသော နှစ်ပုဒ်တို့တွင် **ရှေ့ပုဒ်ဖြင့်** ညစ်ညူးခြင်း၏အကြောင်း သံကိလေသဝတ္ထုကိုပယ်ခြင်း၊ **ဒုတိယ ပုဒ်ဖြင့်** ညစ်ညူးခြင်း သံကိလေသကို ပယ်ခြင်းကို ဟောတော်မူအပ်၏၊ **ပဌမပုဒ်ဖြင့်** လျှပ်ပေါ်လော်လီခြင်း၏ အကြောင်းကိုပယ်ခြင်း၊ **ဒုတိယပုဒ်ဖြင့်** မိုက်သည်အဖြစ်ကို ပယ်ခြင်းကို ဟောတော်မူအပ်၏၊ **ပဌမပုဒ်ဖြင့်** ကာယပယောဂစသည်မှ စင်ကြယ်ခြင်းကို ပြ၏၊ **ဒုတိယပုဒ်ဖြင့်** အဇ္ဈာသယ၏ စင်ကြယ်ခြင်းကို ပြ၏၊ ဤသို့ သိအပ်၏။

ဤဆိုအပ်ခဲ့ပြီးသည့်တို့ကား(ကာမေဟိ)ဟူသော ပုဒ်၌ ဆိုအပ်သော ကာမနှစ်မျိုးတို့တွင် ဝတ္ထုကာမ အဘို့၌ နည်းပေတည်း။

ထို့ပြင် ကိလေသာကာမအဘို့၌ကား ဆန္ဒဟူ၍၎င်း, ရာဂ ဟူ၍၎င်း ဤသို့ အစရှိသည်ဖြင့် များသောအပြား ရှိ၏၊ ကာမ သဘောရှိသော ဆန္ဒကိုပင်လျှင် ကာမဟူ၍ ဆိုလို၏၊ ထိုကာမ ဆန္ဒကို အကုသိုလ်၌ အကြုံးဝင်သည် ဖြစ်ပါသော်လည်း (တတ္ထ ကတမော ကာမော) အစရှိသောနည်းဖြင့် **ဝိဘင်း ပါဠိတော်**၌ ဈာန်၏ဆန့်ကျင်ဘက်အားဖြင့် အသီးအခြား ဟောအပ်၏၊ တနည်းကား ကိလေသာကာမဖြစ်သောကြောင့် ရှေ့ပုဒ်၌ ဟောအပ်၏၊ အကုသိုလ်၌ အကြုံးဝင်သောကြောင့် ဒုတိယပုဒ်၌ ဟောအပ်၏၊ ထိုကာမ၏ များသောအပြားရှိသော ကြောင့် ကာမမှဟု မဆိုဘဲ ကာမတို့မှဟူ၍ ဆိုအပ်၏၊ ကာမစ္ဆန္ဒမှ တပါးကုန်သော တရားတို့၏ အကုသိုလ်၏ အဖြစ်သည်ရှိပါသော် လည်း "တတ္ထ ကတမေ အကုသလာ ဓမ္မာ၊ ကာမစ္ဆန္ဒော" အစရှိသောနည်းဖြင့် ဝိဘင်းပါဠိတော်၌ အထက်၌ ဟောလတ္တံ့ သော ဈာန်အင်္ဂါတို့၏ မိမိနှင့်ဆန့်ကျင်ဘက် နီဝရဏတို့ကို ပယ်အပ်သည်အဖြစ်ကိုပြခြင်းငှါ နီဝရဏတို့ကိုသာလျှင် ဟောအပ် ကုန်၏။

ထိုစကားသည် သင့်လျော်သည်၊ နီဝရဏတို့သည်ကား ဈာန်အင်္ဂါ၏ ဆန့်ကျင့်ဘက်ဖြစ်ကုန်၏၊ နီဝရဏတို့ကို ဈာန် အင်္ဂါတို့သည်သာ ဆန့်ကျင့်ဘက် ဖြစ်ကုန်၏၊ ဖျက်ဆီးတတ် ကုန်၏၊ သတ်တတ်ကုန်၏ဟု ဆိုလို၏၊ ထိုစကားမှန်သည်၊ သမာဓိသည် ကာမစ္ဆန္ဒ၏ ဆန့်ကျင်ဘက် ဖြစ်၏၊ ပီတိသည် ဗျာပါဒ၏၊ ဝိတက်သည် ထိနမိဒ္ဓ၏၊ သုခသည် ဥဒ္ဓစ္စကုက္ကုစ္စ၏၊ ဝိစာရသည် ဝိစိကိစ္ဆာ၏ ဆန့်ကျင်ဘက် ဖြစ်၏ဟု **ပေဋကော ပဒေသကျမ်း**၌ ဆိုအပ်၏၊ ဤသို့သောနည်းဖြင့် ဤနှစ်ပုဒ်တို့၌ ကာမတို့မှ ဆိတ်ကင်း၍ဟူသောစကားဖြင့် **ကာမစ္ဆန္ဒ၏ခွါသော**

အားဖြင့် ကင်းခြင်းကိုဟောသည် ဖြစ်၏၊ အကုသိုလ်တရားတို့မှ ဆိတ်ကင်း၍ဟူသောစကားဖြင့် ငါးပါးသော နီဝရဏတို့၏ ခွါသောအားဖြင့် ကင်းခြင်းကိုဟောသည် ဖြစ်၏၊ ထို့ပြင် မယူအပ်သေးသည်ကို ယူသဖြင့်ကား ပဌမပုဒ်ဖြင့် ကာမစ္ဆန္ဒ၏,ဒုတိယပုဒ်ဖြင့် ကြွင်းသော နီဝရဏတို့၏ ကင်းခြင်းကို ဟောအပ်၏၊ ထို့အတူပဌမပုဒ်ဖြင့် သုံးပါးကုန်သော အကုသိုလ်မူလတို့တွင် ရူပါရုံအစရှိသော ငါးပါးကို အာရုံပြုသော လောဘ၏, ဒုတိယပုဒ်ဖြင့် ကိုးပါးသော ရန်ငြိုးဖွဲ့ခြင်း၏ အကြောင်းလျှင် အာရုံရှိသော ဒေါသ, မောဟတို့၏ ကင်းခြင်းကို ဟောအပ်၏၊ တနည်းကား ဩဃ ယောဂ အစရှိသော တရားတို့တွင် ပဌမပုဒ်ဖြင့် ကာမောဃ ကာမယောဂ ကာမာသဝ ကာမုပါဒါန် အဘိဇ္ဈာ ကာယဂန္ထ ကာမရာဂ သံယောဇဉ်တို့၏ ကင်းခြင်းကို ဟောအပ်၏၊ ဒုတိယပုဒ်ဖြင့် ကြွင်းသော ဩဃ ယောဂ အာသဝ ဥပါဒါန် ဂန္ထ သံယောဇဉ်တို့၏ ကင်းခြင်းကို ဟောအပ်၏၊ ပဌမပုဒ်ဖြင့် တဏှာ၏၎င်း, ထိုတဏှာနှင့် သမ္ပယုတ်ဖြစ်သော တရားတို့၏၎င်း ကင်းခြင်းကို ဟောအပ်၏၊ ဒုတိယပုဒ်ဖြင့် အဝိဇ္ဇာ၏၎င်း အဝိဇ္ဇာနှင့်သမ္ပယုတ်ဖြစ်သော တရားတို့၏၎င်း ကင်းခြင်းကို ဟောအပ်၏၊ စင်စစ်သော်ကား ပဌမပုဒ်ဖြင့် လောဘနှင့်ယှဉ်သော စိတ္တုပ္ပါဒ်တို့၏ ကင်းခြင်းကို ဟောအပ်၏၊ ဒုတိယပုဒ်ဖြင့်ကြွင်းသော လေးပါးသော အကုသိုလ် စိတ္တုပ္ပါဒ်တို့၏ ကင်းခြင်း ဆိတ်ခြင်းကို ဟောအပ်၏ ဟု သိအပ်၏။

ဤသည်ကား ကာမတို့မှ ဆိတ်ကင်း၍ အကုသိုလ်တရားတို့မှ ဆိတ်ကင်း၍ဟူသော စကား၌ အနက်အဓိပ္ပါယ်ကို ဖော်ပြခြင်းပေတည်း။

---

၇၁။ ဤဆိုအပ်ခဲ့ပြီးသော စကားအစဉ်ဖြင့် ပဌမဈာန်၏ ပယ်အပ်သော အင်္ဂါတို့ကိုပြပြီး၍ ယခုအခါ ယှဉ်သော

အင်္ဂါတို့ကို ပြခြင်းငှါ ဝိတက်နှင့်တကွဖြစ်သော ဝိစာရနှင့် တကွဖြစ်သော အစရှိသောစကားကို မိန့်ဆိုအပ်၏။

ထိုစကားတွင် ဝိတက်ဆိုသည်ကား ကြံခြင်းတည်း၊ ဤဝဋ္ဋု ကား ဤသို့ သဘောရှိ၏၊ ဤအရာကား ဤသို့ သဘောရှိ၏ဟု အာရုံကိုကြံခြင်းကို ဆိုလို၏၊ ထိုဝိတက်သည် အာရုံ၌ စိတ်ကို ရှေးရှုတင်ခြင်းလက္ခဏာ ရှိ၏၊ အာရုံကိုခေါက်ခြင်း ထက်ဝန်းကျင်မှ ခေါက်ခြင်းကိစ္စ ရှိ၏၊ ထို့ကြောင့်ပင် ထိုဝိတက်ဖြင့် ယောဂါဝစရ ပုဂ္ဂိုလ်သည် အာရုံကိုဝိတက်ဖြင့် ရှေးရှုခေါက်သည်ကို ပြု၏ဟု ဆိုအပ်၏၊ အာရုံ၌စိတ်သည် ရှေးရှုဆောင်ယူ ဆွဲငင်ခြင်းလျှင် ထင်သော အခြင်းအရာ ရှိ၏။

အာရုံ၌ ထိုမှ-ဤမှသွားလာ လှည့်လည်ခြင်းသည် ဝိစာရ မည်၏၊ အာရုံ၌ အစဉ်မပြတ် လှည့်လည် သွားလာခြင်းဟု ဆိုလို၏၊ ထိုဝိစာရသည် အာရုံကို အဖန်တလဲလဲ သုံးသပ်ခြင်း လက္ခဏာရှိ၏၊ ထိုအာရုံ၌ သဟဇာတ်တရားတို့ကို ယှဉ်စေခြင်း ကိစ္စရှိ၏၊ စိတ်ကို အာရုံ၌အစဉ်မပြတ် ဖွဲ့ခြင်းလျှင် ထင်သော အခြင်းအရာ ရှိ၏၊ ထိုဝိတက်ဝိစာရတို့၏ အချို့သော ပဋ္ဌမဈာန်တို့၌ မကွေမကွာယှဉ်ခြင်း ရှိပါသော်လည်း စိတ်၏အာရုံ၌ ကျသော ဝိတက်သည် ဝိစာရထက် ရုန့်ရင်းသောကြောင့်၎င်း, ဝိစာရ၏ ရှေ့သွားဖြစ်သောကြောင့်၎င်း ခေါင်းလောင်းထိုးရာ လက်ဦးစွာ မြည်သောအသံနှင့်တူ၏၊ စိတ်ကို အာရုံ၌ မပြတ် ဖွဲ့သကဲ့သို့ ဖြစ်သော ဝိစာရသည် သိမ်မွေ့သောကြောင့်၎င်း, အာရုံကို အဖန်တလဲလဲ သုံးသပ်ဆင်ခြင်သောသဘော ရှိသော ကြောင့်၎င်း ခေါင်းလောင်းထိုးရာ နောက်ဆင့်မြည်သော ညည်း သံနှင့်တူ၏၊ ဤဝိတက်ဝိစာရတို့တွင် ဝိတက်သည် တုန်လှုပ်ခြင်း ရှိ၏၊ လက်ဦးဖြစ်စကာလ စိတ်၏တုန်လှုပ်သည်အစွမ်းဖြင့် ဖြစ်၏။ ကောင်းကင်သို့ ပျံတက်လိုသော ငှက်၏ အတောင်ခတ်သည်နှင့် တူ၏၊ အနံ့သို့ အစဉ်လိုက်သော ပိတုန်း၏ ပဒုမာကြာတော်သို့ ရှေးရှုကျသည်နှင့်တူ၏၊ ဝိစာရသည် ငြိမ်သက်သောဖြစ်ခြင်း ရှိ၏၊ မတုန်မလှုပ်သကဲ့သို့ ဖြစ်၏၊ ကောင်းကင်သို့ ပျံတက်ပြီးသော

ငှက်၏ အတောင်ကိုဖြန့်ခါ ဝဲသည်နှင့်တူ၏၊ ပဒုမာကြာတောသို့ ကျသော ပိတုန်းသည် ကြာတော၏အထက်မှာ ရစ်ဝဲသည်နှင့် တူ၏၊ ဤသို့လျှင် **ဝိတက်နှင့်ဝိစာရတို့၏အထူးကို** သိအပ်၏။

ဝါဒထူးကိုပြဦးမည်၊ **ဒုကနိပါတ်အဋ္ဌကထာ**၌ ကောင်းကင်သို့ ပျံသွားသော ငှက်ကြီးသည် အတောင်နှစ်ခုတို့ဖြင့် လေကိုယူ၍ အတောင်တို့ကို ငြိမ်သက်စေလျက် ပျံသကဲ့သို့ အာရုံ၌ စိတ်ကို ရှေးရှု တက်စေခြင်းဖြင့်ဖြစ်သော ဝိတက်ကိုမှတ်အပ်၏၊ လေကို ယူခြင်းငှါ အတောင်ကိုခတ်လျက် သွားသကဲ့သို့ ဆင်ခြင် သုံးသပ်ခြင်းသဘောဖြင့် ဖြစ်သော ဝိစာရကို မှတ်အပ်၏ဟု ဆို၏၊ ထိုစကားသည် ဥပစာ၌ငင်း, အပ္ပနာ၌ငင်း ရှေ့နောက် အစဉ် အားဖြင့် ဖြစ်ခြင်း၌ သင့်၏၊ ထိုဝိတက်ဝိစာရတို့၏ အထူးသည် ပဌမဈာန် ဒုတိယဈာန်တို့၌ ထင်ရှား၏။

တနည်းသော်ကား ကြေးခွက်တိုက်သူသည် လက်တဖက်ဖြင့် ကြေးခွက်ကိုမြဲစွာကိုင်၍ တဖက်သောလက်ဖြင့် ဆပ်ပြာမှုန့် ဆီဆွတ် သော သားမွေး တံပွတ်တံဖြင့်ပွတ်ရာ မြဲစွာကိုင်သောလက်ကဲ့သို့ ဝိတက်ကို မှတ်အပ်၏၊ ဝိတက်သည် မြဲစွာကိုင်သောလက်နှင့် တူ၏၊ ပွတ်သောလက်ကဲ့သို့ ဝိစာရကို မှတ်အပ်၏၊ ထို့ပြင် အိုးထိန်းစက်ကို ပုတ်ခတ်သဖြင့် လည်စေ၍ အိုးခွက်လုပ်သော သူ၏ မြေစိုင်ကို လှည့်လည်သုံးသပ်သော လက်ကဲ့သို့ ဝိစာရကို မှတ်အပ်၏၊ ထို့ပြင် စက်ဝိုင်းအရေးအကြောင်းလုပ်ရာ အလယ် တွင် စိုက်အပ်သော တံသင်းကဲ့သို့ စိတ်ကို အာရုံသို့ ရှေးရှု တင်တတ်သော ဝိတက်ကို မှတ်အပ်၏၊ ပတ်ပတ်လည်သော တံသင်းကဲ့သို့ အာရုံကို သုံးသပ်သော ဝိစာရကို မှတ်အပ်၏၊ သစ်ပင်သည် အပွင့်အသီးနှင့်ဖြစ်သကဲ့သို့ ဈာန်သည်လည်း ဤ ဆိုအပ်ခဲ့ပြီးသော ဝိတက် ဤဆိုအပ်ပြီးသော ဝိစာရတို့နှင့်တကွ ဖြစ်၏၊ ထို့ကြောင့် ဤဈာန်ကို သဝိတက္က သဝိစာရဟူ၍ ဆိုအပ်၏၊ ဝိဘင်းပါဠိတော်၌ကား ဤဝိတက်နှင့်ငင်း, ဤဝိစာရနှင့်ငင်း ပြည့်စုံသည် ကောင်းစွာပြည့်စုံသည်ဖြစ်၏၊ အစရှိသောနည်းဖြင့်

ပုဂ္ဂလာဓိဋ္ဌာန် ဒေသနာကို ဟောတော်မူအပ်၏၊ ထိုသို့ ဟောတော်မူရာ၌လည်း အနက်အဓိပ္ပါယ်ကို ဤဆိုအပ်ခဲ့ပြီးသော အတိုင်းပင် မှတ်အပ်၏။

၇၂။ "**ပီတိသုခ**" ဟူသော ပုဒ်၌ နှစ်သက်တတ်သောကြောင့် ပီတိမည်၏၊ ထိုပီတိသည် နှစ်သက်ခြင်း လက္ခဏာရှိ၏၊ ကိုယ်စိတ်ကို ပွါးခြင်းကိစ္စရှိ၏၊ တနည်း မွန်မြတ်သော စိတ္တဇရုပ်တို့ဖြင့် ကိုယ်ကို ပြန့်နှံ့စေခြင်းကိစ္စရှိ၏၊ တက်ကြွသော ကိုယ်၏အဖြစ်လျှင် ဉာဏ်အားထင်၏၊ ထိုပီတိသည် ခုဒ္ဒကာပီတိ, ခဏိကာပီတိ, ဩက္ကန္တိကာပီတိ, ဥဗ္ဗေဂါ-ပီတိ, ဖရဏာပီတိ ဟူ၍ ငါးပါး အပြားရှိ၏၊ ထိုငါးပါးတို့တွင် **ခုဒ္ဒကာပီတိ**သည် ကိုယ်၌ ကြက်သီးမွေးညှင်း ထခြင်းကိုသာလျှင် ပြုခြင်းငှါ တတ်နိုင်၏။ **ခဏိကာပီတိ** သည် ခဏတိုင်း ခဏတိုင်း လျှပ်စစ်ပြက်သည်နှင့်တူ၏၊ ကြိမ်ဖန်များစွာ ဖြစ်၏။ **ဩက္ကန္တိကာပီတိ**သည် လှိုင်းတံပိုးသည် သမုဒ္ဒရာကမ်းသို့ သက်၍ သက်၍ ပြက်သကဲ့သို့ ကိုယ်သို့ သက်၍ သက်၍ ပြက်၏။ **ဥဗ္ဗေဂါပီတိ** သည် အလွန်အားရှိ၏၊ ကိုယ်ကို အထက်သို့ ပျံတက်သည်ကို ပြု၍ ကောင်းကင်သို့ ပျံတက်စေခြင်း အတိုင်းအရှည်ရှိ၏၊ ထိုစကားမှန်သည်၊ **ပုဏ္ဏဝလ္လိယဝါသီ မဟာတိဿ** မထေရ်သည် လပြည့်နေ့ ညနေချမ်းအခါ စေတီယင်ပြင်သို့သွား၍ လရောင် အလင်းကိုမြင်၍ **မဟာစေတီ**သို့ ရှေးရှုဖြစ်လျက် ဤအချိန်မှာ ပရိသတ်လေးပါးတို့သည် မဟာစေတီကို ရှိခိုးလိမ့်မည်တကားဟု ကြံအောက်မေ့၏၊ ပကတိအားဖြင့် မဟာစေတီကို ဖူးမြင်ဘူးသော အာရုံ၏အစွမ်းဖြင့် ဘုရားရှင်လျှင် အာရုံရှိသော ဥဗ္ဗေဂါ-ပီတိကို ဖြစ်စေ၍ အင်္ဂတေ(နရပတေ) ခင်းထားသော စေတီယင်ပြင်၌ ကျင်ပေါက်သဖြင့် ညက်ညက်ငြိမ်းငြိမ်း ဆန်းကြယ်စွာ လည်သွားသော ကျင်ကဲ့သို့ ကောင်းကင်သို့ ပျံတက်ပြီးလျှင် မဟာစေတီယင်ပြင်၌ တည်လေ၏။

ထို့ပြင် **ဂိရိကဏ္ဍကကျောင်း**၏ ဆွမ်းခံမိရာဖြစ်သော **ဝတ္တ-ကာလကရွာ**၌ တဦးသော**အမျိုးသမီး**သည် အားကြီးသော ဘုရားအာရုံရှိသော ဥဗ္ဗေဂါပီတိဖြင့် ကောင်းကင်သို့ ပျံတက်ဘူး၏၊ ထိုအမျိုးသမီး၏ မိဘတို့သည် ညနေချမ်းအခါ တရားနာရန်ကျောင်းသို့ သွားသည်ရှိသော် "အို-ချစ်သမီး, သင်သည်ကားကိုယ်ဝန် ရှိသည် ဖြစ်၍ အခါမဟုတ် သည်၌ သွား လာ ခြင်း ငှါမတတ်ကောင်း၊ ငါတို့သည် သင်၏အဘို့ငှါပြု၍ တရားနာခဲ့အံ့" ဟု ပြောဆို၍ သွားကြကုန်၏၊ ထို အမျိုးသမီးသည် လိုက်ပါသွားလိုပါသော်လည်း ထိုမိဘတို့၏စကားကို မပယ်နိုင်ရကား အိမ်တွင်ကျန်ရစ်၏၊ အိမ်ကြမ်းပြင်တွင် ရပ်၍ လရောင်ဖြင့် ဂိရိကဏ္ဍကကျောင်း ကောင်းကင် တောင်ထွဋ်၌ရှိသော စေတီယင်ပြင်ကိုကြည့်လိုက်ရာ စေတီတော်အား ဆီမီးပူဇော်ထားသည်ကို မြင်ရ၏။ ပရိသတ် လေးပါးတို့သည် ပန်း, ဆီမီး တို့ဖြင့် လက်ျာရစ် လှည့်လည်ကြသည်ကိုငင်း,ရဟန်းသံဃာတော်တို့၏ပေါင်းစု သရဇ္ဈာယ်ကြသောအသံကိုငင်း ကြားရ၏၊ထိုအခါထိုအမျိုးသမီးသည်"အကြင်လူတို့သည် ကျောင်းသို့သွား၍ ဤသို့သဘောရှိသော စေတီယင်ပြင်၌ လက်ျာရစ်လှည့်လည်ခြင်းကိုငင်း ဤသို့သဘောရှိသော သာယာသော တရားစကားကို နာခြင်းငှါငင်း ရကုန်၏၊ဤသို့သော သူများသည် ဘုန်းရှိကြပေကုန်၏" ဟု ဤသို့ ကြံအောက်မေ့၍ ပုလဲစုအသွင် စေတီတော်ကို မြင်စဉ်ပင်လျှင် ဥဗ္ဗေဂါပီတိသည် ဖြစ် လေ ၏၊ ထိုအမျိုးသမီး သည် ကောင်း ကင် သို့ ပျံတက်၍ အမိအဘတို့၏ ရှေးဦးစွာ ကောင်းကင်မှ စေတီယင်ပြင်သို့ သက်ဆင်း၍ စေတီတော်ကို ရှိခိုးပြီးလျှင် တရားနာလျက် ရပ်နေ၏၊ ထိုအခါ ထိုအမျိုးသမီးကို မိဘတို့သည် လာ၍ ချစ်သမီး သင်ကား အဘယ်ခရီးလမ်းဖြင့် လာသနည်း ဟု မေးကြကုန်၏၊ ထိုအမျိုးသမီးသည် ကောင်းကင်ခရီးဖြင့် လာကြောင်း မြေလမ်း ခရီး ဖြင့် မလာကြောင်းကို ပြောလေလျှင် အို-ချစ်သမီး, ကောင်းကင် ခရီး မည်သည်ကား ရဟန္တာ အရှင်မြတ်တို့သာ သွားလာနိုင်ကြကုန်၏၊ သင်သည် အဘယ့်ကြောင့် ကောင်းကင်မှ လာနိုင်သနည်း ဟု မေးကြပြန်သဖြင့် အကျွန်ုပ်သည် လရောင်ဖြင့် စေတီကို ကြည့်ရှု

ဖူးမြင်၍ ရပ်နေရာ မြတ်စွာဘုရားကို အာရုံပြု၍ ဖြစ်သော အားကြီးသော နှစ်သက်ခြင်း ပီတိသည် ဖြစ်ပါ၏၊ ထိုအခါ အကျွန်ုပ်သည် မိမိ၏ ရပ်နေသော အဖြစ်ကိုလည်း မသိလိုက်၊ ထိုင်နေသည်အဖြစ်ကိုလည်း မသိလိုက်၊ ယူအပ်သော နိမိတ်ကြောင့် သာလျှင် ကောင်းကင်သို့ ပျံတက်၍ စေတီတော်၏ ယင်ပြင်၌ တည်သည် ဖြစ်ပါ၏ဟု ပြောဆို၏၊ ဤသို့လျှင် ဥဗ္ဗေဂါပီတိသည် ကောင်းကင်သို့ ပျံတက်ခြင်း ပမာဏရှိ၏၊ ဖရဏာပီတိ ဖြစ်သည် ရှိသော် ကိုယ်အလုံးသည်မှုတ်၍ လေဖြင့်ပြည့်သော စိဖောင်းကဲ့သို့ ၎င်း, များစွာသော ရေအယဉ်ဖြင့် စီးဝင်သော တောင်ခေါင်းကဲ့သို့ ၎င်း အစဉ်မပြတ် ထက်ဝန်းကျင်မှ ပြန့်နှံ့သည်ဖြစ်၏။

ငါးပါးအပြားရှိသော ထိုပီတိသည် ကိုယ်ဝန်ယူသဖြင့် ရင့်ခြင်းသို့ ရောက်သည်ရှိသော် ကာယပဿဒ္ဓိကို၎င်း, စိတ္တပဿဒ္ဓိကို၎င်း နှစ်ပါးသော ပဿဒ္ဓိတို့ကိုဘွား၏၊ ပဿဒ္ဓိသည် ကိုယ်ဝန်ယူသဖြင့် ရင့်လတ်သော် ကာယိကသုခကို၎င်း, စေတသိက သုခကို၎င်း နှစ်ပါးသောသုခကို ဘွား၏၊ သုခသည် ကိုယ်ဝန်ယူသဖြင့် ရင့်လတ်သော် ခဏိကသမာဓိ, ဥပစာရသမာဓိ, အပ္ပနာသမာဓိ တည်းဟူသော သုံးပါးသော သမာဓိကို ဘွား၏။

**ပီတိ၏သား ပဿဒ္ဓိ၊ ပဿဒ္ဓိ၏သား သုခ၊ သုခ၏ သားကား သမာဓိဖြစ်၍ မြစ်ရပြီ ဟူလို။**

ထိုငါးပါးသော ပီတိတို့တွင် အပ္ပနာသမာဓိ၏ အမြစ်မူလဖြစ်၍ ပွါးခြင်းဖြင့် အပ္ပနာသမာဓိနှင့် ယှဉ်ခြင်းသို့ ရောက်သော ဖရဏာ ပီတိသည်ရှိ၏၊ ဤဖရဏာပီတိကိုသာ ဤပီတိသုခဟူသော ပုဒ်၌ ပီတိဟူ၍ အလိုရှိအပ်၏။

၇၃။ ထို့ပြင် သုခဆိုသည်ကား ချမ်းသာခြင်းကို ဆိုသည်၊ တနည်းမှာ အကြင်တရားသဘောသည် ကိုယ်စိတ်၏ ကျင်နာခြင်းကို စားတတ်၏၊ ကိုယ်စိတ်၏ ကျင်နာခြင်းကို တူးဖြိုတတ်၏၊ ထို့ကြောင့် သုခမည်၏၊ ထိုသုခသည် သာယာခြင်း လက္ခဏာရှိ၏၊ သမ္ပယုတ်တရားတို့ကို ပွါး

စေခြင်း ကိစ္စရသရှိ၏၊ သမ္ပယုတ်တို့အား ကျေးဇူးပြု
တတ်သောအဖြစ်လျှင် ထင်သော အခြင်းအရာရှိ၏။

ထို **ပီတိသုခ**တို့သည် အချို့သော ပဌမဈာန် စသည်တို့၌ မကွေ မကွာ ဖြစ်ပါသော်လည်း ဣဋ္ဌာရုံကို ရသောကြောင့် နှစ်သက်ခြင်းသည် ပီတိမည်၏၊ ရပြီးသော အာရုံ၏အရသာကို ခံစားခြင်းသည် သုခမည်၏။

အကြင်စိတ္တုပ္ပါဒ်မှာ ပီတိရှိ၏၊ ထိုစိတ္တုပ္ပါဒ်မှာ သုခလည်းရှိ၏၊ သုခရှိရာ စိတ္တုပ္ပါဒ်၌မူကား အမြဲအားဖြင့် ပီတိမရှိ၊ ပီတိကို သင်္ခါရက္ခန္ဓာဖြင့် ရေတွက်အပ်၏၊ သုခကို ဝေဒနာက္ခန္ဓာဖြင့် ရေတွက်အပ်၏၊ ကန္တာရခရီးခဲကို သွားသဖြင့် ပင်ပန်းသူအား တောအုပ်ကြီး အရိပ် ရေတို့ ရှိသည်ဟူသော စကားကို ကြားရသောအခါ ထိုတောအုပ် ရေတို့ကိုမြင်ရသော အခါတို့၌ကဲ့သို့ ပီတိကို မှတ်အပ်၏၊ တောအုပ် အရိပ်သို့ဝင်၍ ရေကို ဝဠာသုံးဆောင်ရာဘိသကဲ့သို့ သုခကိုမှတ်အပ်၏၊ ထိုထိုအခါကာလမှာ ထင်ရှားသည် အဖြစ်ကြောင့် ဣဋ္ဌာရုံကို ရသောကြောင့် နှစ်သက်ခြင်းသည် ပီတိဖြစ်၏ အစရှိသော စကားကို ဆိုအပ်လေသည်၊ ဤသို့လျှင် ပီတိသုခတို့၏ ရှိသောကြောင့် ထိုဈာန်ကို ပီတိသုခ ဟူ၍ ဆိုအပ်လေသည်။

တနည်းကား ပီတိသည်၎င်း, သုခသည်၎င်း, ပီတိသုခမည်၏။ ဓမ္မ ဝိနယ ဆိုသကဲ့သို့ပေတည်း၊ ဝိဝေကကြောင့် ဖြစ်သော ပီတိသုခသည် ထိုဈာန်အားရှိ၏၊တနည်း ထိုဈာန်၌ ဝိဝေကကြောင့် ဖြစ်သော ပီတိသုခသည် ရှိ၏၊ ထို့ကြောင့် ထိုဈာန်သည် ဝိဝေကဇပီတိသုခ မည်၏၊ ဈာန်သည် ဝိဝေကကြောင့် ဖြစ်သကဲ့သို့ ဤဈာန်၌ရှိသော ပီတိသုခသည်လည်း ဝိဝေကကြောင့် ဖြစ်၏ ထို ဝိဝေကကြောင့် ဖြစ်သော ပီတိသုခသည်လည်း ထိုဈာန်၌ရှိ၏၊ ထို့ကြောင့် တပုဒ်တည်းဖြင့် ဝိဝေကဇပီတိသုခ ဟူ၍ ဆိုခြင်းငှါ သင့်၏။

အထူးကား ဝိဘင်းပါဠိတော်၌ "ဤသုခသည် ဤပီတိနှင့်တကွ ဖြစ်၏"အစရှိသောနည်းဖြင့် ဟောအပ်၏၊ ထိုသို့ဟောသော်လည်း

အနက်အဓိပ္ပါယ်မှာ အဋ္ဌကထာဖွင့်သကဲ့သို့ပင် မှတ်အပ်၏၊ "ပဌမ ဈာန်"ဟူသော ဤပုဒ်မှာနောက်၌ ထင်ရှားလတ္တံ့။

(ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ)ဟူရာ၌ ဥပသမ္ပဇ္ဇ ဆိုသည်ကား "ရောက်၍" ဟု ဆိုလိုသည် (ကပ်၍ဟု အနက်မဆိုရ) တနည်းကား "ပြီးစေ၍" ဟု အနက် ဆိုသင့်၏။

အထူးကား ဝိဘင်းပါဠိတော်၌ ဥပသမ္ပဇ္ဇ ဆိုသည်ကား ပဌမဈာန်ရခြင်း၏ တဖန်ရခြင်း ရောက်ခြင်း ကောင်းစွာရောက်ခြင်း ထိတွေ့ခြင်း မျက်မှောက်ပြုခြင်း ပြည့်စုံစေခြင်းဟု ဆိုအပ်၏၊ ထို ပါဠိတော်၏ အနက်ကိုလည်း ဤအတူပင် မှတ်အပ်၏။

ပဌမဈာန်သို့ ရောက်၍နေ၏ ဆိုရာ၌ "နေ၏"ဆိုသည်ကား ထို ဈာန်အားလျော်သော ဣရိယာပုထ်ဖြင့် ဤဆိုအပ်ခဲ့ပြီးသော ဈာန်နှင့် ပြည့်စုံခြင်း ရှိသည်ဖြစ်၍ ကိုယ်ကာယ အတ္တဘော၏ ပြုမှုကိစ္စ ဖြစ်ခြင်းကိစ္စ စောင့်ခြင်း မျှတစေခြင်း ကျက်စားခြင်း ဆောင်ခြင်းကို ပြီးစေ၏၊ ထို့ကြောင့် ဝိဘင်း ပါဠိတော်၌ "ဝိဟ ရတီတိ ဣရိယတိ ပဝတ္တတိ ပါလေတိ ယပေတိ ယာပေတိ စရတိ ဝိဟရတိ၊ တေန ဝုစ္စတိ ဝိဟရတီတိ" ဟု ဟောတော်မူအပ် လေသည်။

## အင်္ဂါငါးပါးပယ်ခြင်း

၇၄။ ပယ်အပ်သော အင်္ဂါငါးပါး ပြည့်စုံအပ်သော အင်္ဂါ ငါးပါးဟူ၍ ဆိုရာ၌၊ ကာမစ္ဆန္ဒ, ဗျာပါဒ, ထိနမိဒ္ဓ, ဥဒ္ဓစ္စ ကုက္ကုစ္စ, ဝိစိကိစ္ဆာ ဤငါးပါးသော နီဝရဏတို့ကို ပယ်သည်၏ အစွမ်းဖြင့် ပယ်အပ်သော အင်္ဂါငါးပါးကို သိအပ်၏၊ ထိုစကားမှန်သည်၊ ထိုနီဝရဏတို့ကို မပယ်ဘဲ နှင့်ဈာန်သည် မဖြစ်နိုင်ချေ၊ ထို့ကြောင့် ထိုနီဝရဏတို့ကို ပယ်အပ်သော အင်္ဂါဟူ၍ ဆိုရလေသည်၊ ဈာန်ခဏ ကာလ၌ တပါးသော အကုသိုလ်တို့ကိုလည်း ပယ်အပ် ကုန်၏၊ ထိုသို့ပင် ပယ်အပ်သော်လည်း ထိုကာမစ္ဆန္ဒ စသော ငါးပါးတို့သည်သာလျှင် အထူးသဖြင့် ဈာန်၏

အန္တရာယ်ကို ပြုတတ်သောကြောင့် ထိုနီဝရဏငါးပါး
တို့ကိုသာ ပယ်အပ်သော အင်္ဂါဟု ဆိုရလေသည်။

ထင်ရှားအောင်ပြဦးမည်–ကာမစ္ဆန္ဒဖြင့် အထူးထူးသော အာရုံဖြင့် ဖြားယောင်းအပ်သော စိတ်သည် တခုတည်းသော အာရုံ၌ မတည်နိုင်၊ တနည်းကား–ကာမစ္ဆန္ဒဖြင့် နှိပ်စက်အပ်သော ထိုစိတ်သည် ကာမဓာတ်ကို ပယ်ရန်ဖြစ်သော အကျင့်ချာန်ကို မကျင့်နိုင်၊ ဗျာပါဒဖြင့် အာရုံ၌ နှိပ်စက်အပ်သောကြောင့် စိတ်သည် မပြတ်မဖြစ်၊ ထိနမိဒ္ဓဖြင့် နှိပ်စက်အပ်သော စိတ်သည် ဘာဝနာမှုအား မလျောက်ပတ်၊ ဥဒ္ဓစ္စကုက္ကုစ္စသည် နှိပ်စက်အပ်သော စိတ်သည် မငြိမ်မသက်ဖြစ်၍ အမြဲမတည်, လှည့်လည် လေလွင့်၏၊ ဝိစိကိစ္ဆာဖြင့် နှိပ်စက်အပ်သော စိတ်သည် ဈာန်ရစေတတ်သော လမ်းရိုးသို့ မတက်လို၊ ဤသို့လျှင် အထူးသဖြင့် ဈာန်၏အန္တရာယ်ကို ပြုတတ်သောကြောင့် ဤနီဝရဏတို့ကိုသာလျှင် ပယ်အပ်သော အင်္ဂါတို့ဟူ၍ ဆိုအပ်ကုန်၏။

အကြင့်ကြောင့် ဝိတက်သည် အာရုံ၌ စိတ်ကို ရှေးရှုတင်၏၊ ဝိစာရသည် အာရုံ၌ အစဉ်ဖွဲ့တတ်၏၊ ထိုဝိတက် ဝိစာရတို့ဖြင့် မပျံ့မလွင့်ခြင်းငှါ ပြီးစေအပ်သော ဘာဝနာ ပယောဂရှိသော စိတ်၏ ဘာဝနာ ပယောဂ ပြည့်စုံခြင်းကြောင့် ဖြစ်သော ပီတိသည် နှစ်သက် ရောင့်ရဲခြင်းကို, သုခသည်လည်း ပွါးခြင်းကိုပြု၏၊ ထိုသို့ပြုသည်ရှိသော် ကြွင်းသော သမ္ပယုတ်တရားနှင့်တကွ ဖြစ်သော ထိုစိတ်ကို ထိုဝိတက်, ဝိစာရ, ပီတိ, သုခတို့သည် အာရုံသို့ ရှေးရှုတင်၏၊ အာရုံ၌ အစဉ်မပြတ်ဖွဲ့ခြင်း ရောင့်ရဲ နှစ်သက်ခြင်း ပွါးစေခြင်းတို့ဖြင့် ချီးပင့်အပ်သော ဧကဂ္ဂတာသည် ပထဝီကသိုဏ်း စသော တခုသော သဘောရှိသော အာရုံ၌ အညီအညွတ် ကောင်းစွာ တည်ထား၏၊ ထို့ကြောင့် ဝိတက်, ဝိစာရ, ပီတိ, သုခ, စိတ္တေကဂ္ဂတာ ဟု ဆိုအပ်သော ဤငါးပါးသော တရားတို့၏ အကြောင်းအားလျော်စွာ ဖြစ်သည်၏ အစွမ်းဖြင့် ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသည် အဖြစ်ကို သိအပ်ကုန်၏။

ထိုစကားမှန်သည်၊ ထိုဝိတက် အစရှိသော ငါးပါးသော တရားတို့ ဖြစ်သော်သာ ဈာန်ရသော မည်သည် ဖြစ်၏၊ ထို ငါးပါးသော တရားတို့ကို ထိုဈာန်၏ ပြည့်စုံသော အင်္ဂါတို့ဟူ၍ ဆိုအပ်ကုန်၏၊ ထို့ကြောင့် ထိုဝိတက်စသော ငါးပါးသော တရားတို့နှင့် ပြည့်စုံသော တပါးသော ဈာန်မည်သည်ရှိ၏ ဟူ၍ မယူအပ်၊ အင်္ဂါမျှ၏ အစွမ်းဖြင့်သာ အင်္ဂါလေးပါးရှိသော စစ်သည်, အင်္ဂါ ငါးပါးရှိသော တူရိယာ, အင်္ဂါရှစ်ပါးရှိသော မဂ်ဟူ၍ ဆိုအပ်သကဲ့သို့ ဤအတူ ဤဈာန်ကိုလည်း အင်္ဂါ၏အစွမ်း ဖြင့်သာ အင်္ဂါငါးပါး ရှိ၏ဟူ၍၎င်း, အင်္ဂါငါးပါးနှင့် ပြည့်စုံ ၏ဟူ၍၎င်း ဆိုအပ်လေသည်၊ ဤသို့ သိအပ်၏။

ဤ အင်္ဂါငါးပါးတို့သည် ဥပစာရခဏမှာလည်း ရှိပါ၏၊ ထိုသို့ ရှိသော်လည်း ဥပစာရခဏမှာ ပကတိစိတ်ထက် အားကြီး ကုန်၏၊ ဤဈာန်စိတ်၌ကား ဥပစာရထက်ပင် အလွန့်အလွန် အားကြီး၏၊ ရူပါဝစရလက္ခဏာသို့ပင် ရောက်၏၊ ထိုစကား မှန်သည်၊ ဤဈာန်၌ ဝိတက်သည် အလွန်သန့်ရှင်း ထင်ရှားသော အခြင်းအရာဖြင့် အာရုံသို့ စိတ်ကိုတင်စေလျက် ဖြစ်၏၊ ဝိစာရ သည် အလွန်အမင်း အာရုံကို သုံးသပ်ဆင်ခြင်လျက် ဖြစ်၏၊ ပီတိနှင့်သုခသည် အလုံးစုံသောကိုယ်ကို ပျံ့နှံ့လျက် ဖြစ်၏၊ ထို့ကြောင့် "ထိုဈာန်ရသောပုဂ္ဂိုလ်၏ ကိုယ်ခန္ဓာတကိုယ်လုံးမှာ ဝိဝေကကြောင့်ဖြစ်သော ပီတိသုခဖြင့် မတွေ့မထိသော တစုံ တခုသော အရပ်မည်သည်မရှိ"ဟု ဟောတော်မူ၏၊ အောက်ခံ ဖြစ်သော အုပ်မအပြင်၌ အထက်ဖြစ်သော အုပ်ဖုံးအပြင်သည် ကောင်းစွာ အစေ့အစပ် မလစ်မလပ်ဘိသကဲ့သို့ စိတ္တေကဂ္ဂတာ သည်လည်း အာရုံ၌ ကောင်းစွာထိသည် ဖြစ်၍ဖြစ်၏၊ ဤသည်ကား ရူပါဝစရလက္ခဏာသို့ ရောက်သော အင်္ဂါငါးပါး၏ ဥပစာရ အခိုက်အတန့်ဖြစ်သော အင်္ဂါငါးပါးနှင့် ထူးခြားခြင်း ပေတည်း။

ထိုဈာန်အင်္ဂါတို့တွင် စိတ္တေကဂ္ဂတာကို "သဝိတက္ကံ သဝိစာရံ" အစရှိသော ပါဌ်၌ သရုပ်အားဖြင့် မဖော်မပြသော်လည်း ဝိဘင်း ပါဠိတော်၌ "ဈာန်ဆိုသည်ကား ဝိတက်, ဝိစာရ, ပီတိ, သုခ,

စိတ္တေကဂ္ဂတာ”ဟူ၍ ဟောအပ်သောကြောင့် စိတ္တေကဂ္ဂတာသည် ဈာန်အင်္ဂါမည်သည်သာတည်း၊ အကြင်အလိုတော်ဖြင့် အကျဉ်း မျှကို မြတ်စွာဘုရားသည် ပြတော်မူ၏၊ ထို အဓိပ္ပါယ်ကိုပင်လျှင် ဝိဘင်းပါဠိတော်၌ မြတ်စွာဘုရား ညွှန်ပြတော် မူအပ်၏၊ ထို့ကြောင့် စိတ္တေကဂ္ဂတာ မပါဟူ၍ မကြံအပ် မကြံသင့်ပြီ။

## သုံးပါးသောကောင်းခြင်းလက္ခဏာ

၇၅။ ထို့ပြင် “သုံးပါးသောကောင်းခြင်းရှိ၏, ဆယ်ပါးသော လက္ခဏာနှင့်ပြည့်စုံ၏”ဟုဆိုရာ၌ ဈာန်၏ အစ, အလယ်, အဆုံးသုံးပါး အပြားရှိသောကောင်းခြင်းရှိသည်အဖြစ်ကို သိအပ်၏၊ ထိုသို့ သဘောရှိသောဈာန်၏ အစ,အလယ်, အဆုံးတို့ကို မှတ်အပ်သော လက္ခဏာ၏အစွမ်းဖြင့် ဆယ်ပါးသော လက္ခဏာနှင့် ပြည့်စုံသည် အဖြစ်ကို သိအပ်ကုန်၏၊ ထိုစကား၌ ဤဆိုလတ္တံ့သည်ကား ပါဠိ တော်တည်း၊ ပဌမဈာန်၏ ဈာန်သို့ ရောက်ကြောင်း အကြင့်၏ စင်ကြယ်ခြင်းသည် အစမည်၏၊ တတြမဇ္ဈတ္တု- ပေက္ခာကို ပွါးခြင်းသည် အလယ်မည်၏၊ ရွှင်ပျကြည် လင်ခြင်းသည် အဆုံးမည်၏။

ပဌမဈာန်၏ အကျင့်စင်ကြယ်ခြင်းသည် အစ အာဒိ မည်၏။ အစ အာဒိ၏လက္ခဏာတို့သည် အဘယ်မျှရှိသနည်း၊ အစ၏ လက္ခဏာတို့သည် သုံးပါးရှိ၏၊ ထို ပဌမဈာန်၏ အကြင် နီဝရဏ ဟူသော အနှောင်အဖွဲ့ ဘေးရန်သည် ရှိ၏၊ ထိုအနှောင်အဖွဲ့မှ စိတ်သည် စင်ကြယ်၏၊ စင်ကြယ်သောကြောင့် အလယ်ဖြစ်သော သမထနိမိတ်ကို ကျင့်၏၊ ကျင့်သောကြောင့် ထိုသမထနိမိတ်၌ စိတ်သည် ပြေးဝင် ရပ်တည်၏၊ အကြင်အနှောင်အဖွဲ့မှ စိတ်၏ စင်ကြယ်ခြင်း၊ အကြင် စင်ကြယ်သောကြောင့် စိတ်သည် အလယ် ဖြစ်သော သမထနိမိတ်ကို ကျင့်ခြင်း၊ အကြင် ကျင့်သောကြောင့် ထိုသမထနိမိတ်၌ စိတ်၏ပြေးဝင် ရပ်တည်ခြင်းသည် ဖြစ်၏၊ ပဌမဈာန်၏ အကျင့်၏ စင်ကြယ်ခြင်းသည် အစ အာဒိ မည်၏၊ အစ အာဒိ၏လက္ခဏာတို့သည် အနှောင်အဖွဲ့မှ စိတ်၏ စင်ကြယ်

သော အခြင်းအရာ သမထနိမိတ်၌ ပြေးဝင်သော အခြင်းအရာ မဇ္ဈိမသမထနိမိတ်ကို ကျင့်သောအရာ ဤ သုံးပါးတို့ပေတည်း၊ ထို့ကြောင့် ပဌမဈာန်၏ အစ၏ကောင်းခြင်းသည်ငင်း, သုံးပါးသောလက္ခဏာနှင့် ပြည့်စုံသည်ငင်း ဖြစ်၏ဟု ဆိုအပ်၏။

ပဌမဈာန်၏ ဥပေက္ခာကို ပွါးခြင်းသည် အလယ်မည်၏၊ အလယ်၏လက္ခဏာတို့သည် အဘယ်မျှရှိသနည်း၊ အလယ်၏ လက္ခဏာတို့သည် သုံးပါး အပြားရှိ၏၊ စင်ကြယ်သောစိတ်ကို လျစ်လျူရှု၏၊ သမထလမ်းသို့ ဖြောင့်တန်းစွာ သွားသောစိတ်ကို လျစ်လျူရှု၏၊ တခုတည်းသော အာရုံ၌ မြဲစွာကပ်၍ တည်သော စိတ်ကို လျစ်လျူရှု၏၊ အကြင်စင်ကြယ်သောစိတ်ကို လျစ်လျူရှုခြင်း၊ အကြင်သမထလမ်းသို့ ဖြောင့်တန်းစွာသွားခြင်း အကြင် တခုတည်းသောအာရုံ၌ မြဲစွာကပ်၍ တည်သောစိတ်ကို လျစ်လျူရှုခြင်းသည် ဖြစ်၏၊ ဤသည်ကား ပဌမဈာန်၏ ဥပေက္ခာကို ပွါးခြင်း အလယ်မည်၏၊ အလယ်လက္ခဏာတို့သည်လည်း ဤ သုံးပါးတို့ပင်တည်း၊ ထို့ကြောင့် ပဌမဈာန်၏ အလယ်ကောင်းခြင်းသည်ငင်း, သုံးပါးသောလက္ခဏာနှင့် ပြည့်စုံခြင်းသည်ငင်း ဖြစ်၏ဟု ဆိုအပ်၏။

ပဌမဈာန်၏ ရွှင်ပျကြည်လင်ခြင်းသည် အဆုံး မည်၏၊အဆုံး၏ လက္ခဏာတို့ကား အဘယ်မျှရှိသနည်း၊ အဆုံး၏ လက္ခဏာတို့သည် လေးပါး အပြားရှိ၏၊ ထိုဈာန်စိတ်၌ ဖြစ်ကုန်သော တရားတို့၏ အချင်းချင်းမလွန်သောအဖြစ်ဖြင့် ရွှင်ပျကြည်လင်ခြင်းငင်း, သဒ္ဓါအစရှိသော ဣန္ဒြေတို့၏ တူသော ကိစ္စရှိသည်အဖြစ်ဖြင့် ရွှင်ပျကြည်လင်ခြင်းငင်း, ထို ဆိုအပ်ခဲ့ပြီးသော နှစ်ပါးတို့နှင့် လျော်သော ဝီရိယကို ဆောင်ခြင်းဖြင့် ရွှင်ပျကြည်လင်ခြင်းငင်း, အဖန်တလဲလဲ မှီဝဲသောသဘောဖြင့် ရွှင်ပျကြည်လင်ခြင်းငင်း ပဌမဈာန်၏ ရွှင်ပျကြည်လင်ခြင်းသည် အဆုံးမည်၏၊ အဆုံး၏ လက္ခဏာတို့သည် ဤလေးပါးတို့ပေတည်း၊ ထို့ကြောင့် ပဌမဈာန်သည် အဆုံး၏ ကောင်းခြင်းရှိသည်ငင်း, လေးပါးသော လက္ခဏာတို့နှင့် ပြည့်စုံသည်ငင်း ဖြစ်၏ဟု ဆိုအပ်၏။

ထို ပါဠိတော်၌ ဈာန် ကိုကောင်းစွာ မွေးမြူကြောင်းနှင့် တကွသော ဥပစာရဇောသည် ပဋိပဒါဝိသုဒ္ဓိ မည်၏။ အပ္ပနာသည် ဥပေက္ခာကိုပွါးခြင်း ဥပေက္ခာနုဗြူဟန မည်၏၊ ဆင်ခြင်ခြင်း ပစ္စဝေက္ခဏာသည် ရွှင်ပျကြည်လင်ခြင်း သမ္ပဟံသန မည်၏ဟူ၍ ဤသို့လျှင် အချို့ဆရာတို့ ဖွင့်ဆိုကြကုန်၏၊ ထိုသို့ ဖွင့်ဆိုကြသော်လည်း အကြင့်ကြောင့် ဇူဠန္တိတို့၏ ကေရသအဖြစ် ကေဂ္ဂတာ၏ တခုတည်းသော အာရုံရှိသည်အဖြစ်သို့ ရောက် သောစိတ်သည် အကျင့်၏စင်ကြယ်သော အဘို့ရှိသည့်ဂုဏ်း, ဥပေက္ခာကို ပွါးစေတတ်သည့်ဂုဏ်း ဉာဏ်သည် ရွှင်အပ်ကြည်လင် စေအပ်သည့်ဂုဏ်း ဖြစ်၏ဟု ပါဠိတော်၌ ဟောတော် မူအပ်၏၊ ထို့ကြောင့် အပ္ပနာ၏အတွင်း၌သာလျှင် ပရိကံဟူသော အာဂ မန၏ အစွမ်းဖြင့် အကျင့်၏စင်ကြယ်ခြင်း ပဋိပဒါဝိသုဒ္ဓိကို သိအပ်၏၊ တတြမဇ္ဈတ္တုပေက္ခာ၏ ကိစ္စအစွမ်းဖြင့် ဥပေက္ခာကို ပွါးခြင်းကို သိအပ်၏။

‘‘သမာဓိပညာဟု ဆိုအပ်ကုန်သော တရားတို့၏ မလွန်မကျူး ခြင်း အစရှိသည်အဖြစ်ကို ပြီးစေခြင်းဖြင့် ထို ပြုးပြိုးပြက်ရှိသည် အဖြစ်ကို ပြုတတ်သောဉာဏ်၏ကိစ္စ ပြီးခြင်း၏အစွမ်းဖြင့် ရွှင်ပျ ကြည်လင်ခြင်းကို သိအပ်၏။ အဘယ်သို့ သိအပ်သနည်း ဟူမူ အကြင် ဇောဝါရ၌ အပ္ပနာသည် ဖြစ်၏၊ ထိုဝါရ၌ နီဝရဏဟု ဆိုအပ်သော အကြင် ကိလေသာအပေါင်းသည် ထို ဈာန်၏ ဘေးရန် ဖြစ်၏၊ ထို ဘေးရန်မှ စိတ်သည် စင်ကြယ်၏၊ စင်ကြယ် သောကြောင့် ပိတ်ကွယ်ဖုံးလွှမ်းတတ်သော နီဝရဏ ကင်းသည် ဖြစ်၍ အလတ်ဖြစ်သော သမထနိမိတ်ကို ကျင့်၏၊ အညီအညွတ် ဖြစ်သော အပ္ပနာသမာဓိသည်သာလျှင် တွန့်တို ဆုတ်နစ်ခြင်း ပျံ့လွင့်ခြင်းတို့သို့မကပ်၊ အလယ်လမ်းမှန်ဖြစ်သော သမထနိမိတ် မည်၏၊ ထိုအပ္ပနာစိတ်အား အနန္တရပစ္စည်းပြုသော ရှေးဖြစ်သော ဂေါတြဘူစိတ်သည်ကား တခုတည်းသော သန္တာန်၌ ညီညွတ် သော နည်းအားဖြင့် ဖြောင့်မှန်သောအဖြစ်သို့ ကပ်သည်ဖြစ်၍ မဇ္ဈိမသမထနိမိတ်ကို ကျင့်သည် မည်၏၊ ဤသို့ ကျင့်သောကြောင့်

မှန်သောအဖြစ်သို့ ကပ်သဖြင့် ထိုသမထနိမိတ်၌ ပြေးဝင်သည် မည်၏၊ ဤဆိုအပ်ပြီးသောနည်းဖြင့် ရှေးဦးစွာ ရှေးဖြစ်သော ဂေါတြဘူစိတ်၌ ထင်ရှားရှိသောအခြင်းအရာကို ပြီးစေတတ်သော ပဋမဈာန်၏ ဖြစ်ပေါ်သော ခဏာ၌သာလျှင် အကြောင်း၏ အစွမ်းဖြင့် အကျင့်၏စင်ကြယ်ခြင်းကို သိအပ်ကုန်၏၊ ဤသို့ စင်ကြယ်သော ထိုစိတ်၏ တဖန် သုတ်သင်အပ်သည်အဖြစ် မရှိခြင်းကြောင့် သုတ်သင်ရာ၌ ကြောင့်ကြတခု မပြုသောကြောင့် စင်ကြယ်သောစိတ်ကို လျစ်လျူ ရှုသည်မည်၏၊ သမထအဖြစ်သို့ ရောက်သဖြင့် သမထ လမ်းမှန်သွားသောစိတ်ကို တဖန် အညီ အညွတ် ကောင်းစွာထားခြင်း၌ ကြောင့်ကြဗျာပါရ မပြုသော သူသည် သမထလမ်းမှန်သွားသောစိတ်ကို လျစ်လျူရှုသည်မည်၏၊ သမထ လမ်းမှန်သွားသည်အဖြစ်ကြောင့်သာလျှင် ကိလေသာနှင့် ပေါင်းယှဉ်ခြင်းကိုပယ်၍ တခုတည်းသောအဖြစ်ဖြင့် တည်ပြီး သော ထိုအပ္ပနာစိတ်၏ တဖန် တခုတည်းသော သဘောရှိသော အာရုံ၌ မြဲစွာတည်အောင် ကြောင့်ကြဗျာပါရမပြုဘဲ တခုတည်း သော အဖြစ်ဖြင့် တည်သောစိတ်ကို လျစ်လျူရှုသည် မည်၏၊ ဤသို့လျှင် တတြမဇ္ဈတ္တုပေက္ခာ၏ ကိစ္စအစွမ်းဖြင့် ဥပေက္ခာကို ပွါးခြင်းကို သိအပ်၏။

ထို့ပြင် ဤသို့ ဥပေက္ခာသည် ပွါးစေအပ်သော ထိုစိတ်၌ ဖြစ်ကုန်သော သမာဓိပညာဟု ဆိုအပ်ကုန်သော အကြင်တရား အစုံတို့သည် အချင်းချင်းမလွန်ကုန်သည်ဖြစ်၍ ဖြစ်ကုန်၏၊ ထို့ပြင် သဒ္ဓါအစရှိကုန်သော အကြင် ဣန္ဒြေတို့သည် အထူးထူးသော ကိလေသာတို့မှလွတ်သည်အဖြစ်ကြောင့် ကိလေသာမှလွတ်သော ဝိမုတ္တိရသ ကိစ္စအားဖြင့် တူသောကိစ္စ ရှိသည်ဖြစ်၍ ဖြစ်ကုန်၏။

ထို့ပြင် ထိုယောဂီပုဂ္ဂိုလ်သည် ထိုမလွန်ခြင်း တခုသောကိစ္စ အားဖြင့် တူခြင်းအား သင့်လျော်သော အကြင် ဝီရိယကို ဖြစ်စေ၏၊ ထိုဈာန်စိတ်၏ ထိုခဏ၌ဖြစ်သော မှီဝဲခြင်းသည် ရှိ၏၊ အလုံးစုံသော ထိုအခြင်းအရာတို့သည် အကြင့်ကြောင့် ညစ်ညူး ခြင်း ဖြူစင်ခြင်းတို့၌ ထိုထို အပြစ်ကိုရင်း, ထိုထို အကျိုးကိုရင်း

ဉာဏ်ဖြင့်မြင်၍ ထိုထို သို့သော အခြင်းအရာအားဖြင့် ရှင်စေအပ်သည် အဖြစ်ကြောင့် သုတ်သင်အပ်ပြီးသည် အဖြစ်ကြောင့် ထက်ဝန်းကျင် ဖြူစင်စေအပ်ပြီးသည် အဖြစ်ကြောင့် ပြီးကုန်သည် သာလျှင်တည်း၊ ထို့ကြောင့် "သမာဓိပညာ ဟု ဆိုအပ်ကုန်သော တရားတို့၏ မလွန်ကျူးခြင်း အစရှိသည်၏အဖြစ်ကို ပြီးစေခြင်းဖြင့် ပြုံးပြုံးပြက် ရှိသည်၏အဖြစ်ကို ပြုတတ်သော ဉာဏ်၏ကိစ္စပြီးခြင်း၏အစွမ်းဖြင့် ရှင်ပျကြည်လင်ခြင်းကို သိအပ်၏" ဟူ၍ ဆိုအပ်ခဲ့ပြီ။

ထို ဘာဝနာ၌ ဥပေက္ခာ၏အစွမ်းဖြင့် ဉာဏ်သည် ထင်ရှား၏၊ အဘယ်သို့ ဟောတော်မူသနည်းဟူမူ "ထိုသို့သော အခြင်းအရာအားဖြင့် ချီးမြှောက်အပ်သောစိတ်သည် ကောင်းစွာ ဥပေက္ခာအစွမ်းဖြင့် လျစ်လျူရှု၏၊ ရှေး၌ဖြစ်သော ပါဠိဟာရိယပညာ၏အစွမ်းဖြင့် ပညိန္ဒြေသည် လွန်ကဲ၏၊ ဥပေက္ခာ၏ အစွမ်းဖြင့် အထူးထူးသော ကိလေသာတို့မှ စိတ်သည်လွတ်၏၊ လွတ်ခြင်း၏အစွမ်းဖြင့် ပညာ၏အစွမ်းဖြင့် ပညိန္ဒြေသည် လွန်ကဲ၏၊ လွတ်သောကြောင့် ထိုသဒ္ဓါ, သမာဓိ, ပညာ, ဝီရိယတရားတို့သည် တူသောကိစ္စရသ ရှိကုန်၏၊ တူသောကိစ္စရသ ရှိသောကြောင့် ဤဘာဝနာသည် ဖြစ်လတ်သော် ဉာဏ်၏ဗျာပါရ ဖြစ်၏"ဟု ဟောတော်မူအပ်၏၊ ထိုသို့ဖြစ်သောကြောင့် အပွနာသည် ဉာဏ်၏ကိစ္စဖြစ်သော ရှင်ပျကြည်လင်ခြင်းကို အဆုံးဟူ၍ ဆိုအပ်ကုန်၏။

ယခုအခါ ပထဝီကသိဏ်းကို အာရုံပြု၍ ပဌမဈာန်ကိုရ၏ ဟူသော ဤစကား၌ အနက်အဓိပ္ပါယ်ကို ဖွင့်ပြပေအံ့။

"**ပဌမ**" ဆိုသည်ကား ရေတွက်ရာတွင် ရှေးဖြစ်သောကြောင့် ပဌမဆိုသည်၊ လက်ဦးမဆွ ရသောကြောင့်လည်း ဤဈာန်သည် ပဌမမည်သည်။ "**ဈာန်**" ဆိုသည်ကား ပထဝီကသိဏ်းဟု ဆိုအပ်သော အာရုံကိုကပ်၍ ရှုတတ်သောကြောင့်၎င်း, နီဝရဏစသော ဆန့်ကျင်ဘက်တရားတို့ကို လောင်ကျွမ်း ဖုတ်မြိုက်တတ်သောကြောင့်၎င်း ဈာန်ဟု ခေါ်သည်။

**"ပထဝီကသိုဏ်း"** ဆိုသည်ကား မြေအဝန်းကို အလုံးစုံ အကြွင်းအကျန်မရှိ အာရုံပြုသောအနက်ကြောင့် ပထဝီကသိုဏ်း ဟူ၍ ဆိုအပ်၏။ ဤမြေအဝန်းကို အမှီပြု၍ ရအပ်သော နိမိတ်ကိုလည်း ပထဝီကသိုဏ်းဟု ဆိုအပ်၏၊ ပထဝီကသိုဏ်းနိမိတ်၌ ရသော ဈာန်ကိုလည်း ပထဝီကသိုဏ်းဟူ၍ပင် ဆိုအပ်၏၊ ဤအရာ၌ ဈာန်ကို ပထဝီကသိုဏ်းဟူ၍ သိအပ်၏၊ ထိုအနက် အဓိပ္ပါယ်ကို ရည်၍ "ပထဝီကသိုဏ်းကို အာရုံပြု၍ ပဌမဈာန်ကို ရ၏" ဟူသော စကားကို ဆိုအပ်၏။

## ကြာမြင့်စွာတည်ရန် ပြည့်စုံစေခြင်း

၇၆။ ဤသို့ ထိုပဌမဈာန်ကို ရပြီးသော ယောဂီပုဂ္ဂိုလ်သည် အစိတ်များစွာ စိတ်အပ်သောသားမြီးဖျားကို မှန်အောင် ပစ်နိုင်သော လေးသမားကဲ့သို့၎င်း, မင်း၏စားတော်ကဲ ကဲ့သို့၎င်း အခြင်းအရာတို့ကို သိမ်းဆည်း မှတ်သားအပ် ကုန်၏။

ချဲ့၍ဆိုဦးမည်၊ **အလွန်လိမ္မာသောလေးသမား**သည် သားမြီး ဖျားကို ပစ်ခြင်းအမှုကို ပြုသည်ရှိသော်၊ အကြင် အကြိမ်၌ သားမြီးဖျားကို မှန်၏၊ ထိ၏၊ ထို အကြိမ်၌ ပစ်လွှတ်သောအခါ နင်းသော ခြေထားပုံကို၎င်း, လေးကိုင်းကို၎င်း, ညှို့ကို၎င်း, မြားကို၎င်း, ဤသို့ ရပ်တည်သောငါသည် ဤသို့ လေးကိုင်းကို ကိုင်၍ ဤသို့ ညှို့ကိုယူပြီးလျှင် ဤသို့ မြားကိုကိုင်၍ သားမြီးဖျားကို မှန်အောင်ပစ်အပ်ပြီဟု နေပုံ, ထိုင်ပုံ, ထားဟန်,သိုဟန်ကို ဉာဏ်ဖြင့် သိမ်းဆည်း မှတ်သားရာ၏။ ထိုလေးသမားသည် ထိုမှန်အောင် ပစ်နိုင်သောအခါမှစ၍ ထိုပစ်ပုံ အခြင်းအရာအတိုင်း ပြည့်စုံစေ၍ မချွတ်မယွင်း သားမြီးဖျားကို မှန်အောင်ပစ်သကဲ့သို့ ဤဥပမာအတူ ယောဂီပုဂ္ဂိုလ်သည်လည်း ငါသည် ဤမည်သော ဤမည်သော ဘောဇဉ်ကို စားသုံး၍ ဤသို့သဘောရှိသောပုဂ္ဂိုလ်ကို မှီဝဲလျက် ဤသို့သဘောရှိသော ကျောင်း၌ ဤသို့သဘောရှိသော ဣရိယာ ပုထ်ဖြင့် ဤမည်သော အချိန်ကာလ၌ ဤပဌမဈာန်ကို ရဘူးပြီဟု

ဘောဇနသပ္ပါယ အစရှိကုန်သော ဤအခြင်းအရာတို့ကို ဆင်ခြင် မှတ်သားအပ်ကုန်၏၊ ဤသို့ဆင်ခြင် မှတ်သားသည်ရှိသော်၊ ထို ယောဂီပုဂ္ဂိုလ်သည် ထိုနုသောသမာဓိ ပျောက်ခဲ့သော် ထိုအခြင်း အရာတို့ကို ရှေးအတိုင်း ပြည့်စုံစေ၍ တဖန် ဖြစ်စေခြင်းငှါ တတ်နိုင်လတ္တံ့၊ အဝါးဝစွာ မလေ့လာအပ်သေးသော သမာဓိကို လည်း လေ့လာလျက် အဖန်ဖန် ဝင်စားခြင်းငှါ တတ်နိုင်လတ္တံ့။

**လိမ္မာသော စားတော်ကဲ**သည် အရှင်သခင်ကို ချက်ပြုတ် ကျွေးမွေးသည်ရှိသော် အရှင်သခင်သည် အကြင်ဘောဇဉ်ကို နှစ်သက်မြတ်နိုးစွာ သုံးဆောင် စားသောက်၏၊ ထိုထိုနှစ်သက်စွာ စားသောက်သော ဘောဇဉ်ကို မှတ်သား၍ ထိုအခါမှစပြီးလျှင် ထိုသို့သဘောရှိသော ဘောဇဉ်တို့ကို သာ ဆက်ကပ်သည်ရှိသော် လာဘ်ရခြင်း အကျိုးရှိသည် ဖြစ်သကဲ့သို့ ဤအတူ ယောဂီ ပုဂ္ဂိုလ်သည်လည်း ရျာန်ရသောခဏ၌ ဘောဇဉ် အစရှိသော အခြင်းအရာတို့ကို မှတ်သား၍ ထိုအခြင်းအရာတို့ကို ပြည့်စုံစေလျက် သမာဓိ ပျောက်တိုင်း ပျောက်တိုင်း အဖန်တလဲလဲ အပ္ပနာရျာန်ကို ရသည်ဖြစ်၏၊ ထို့ကြောင့် သားမြီးဖျားကို မှန်အောင်ပစ်နိုင်သော လေးသမား ကဲ့သို့၎င်း, မင်း၏စားတော်ကဲ ကဲ့သို့၎င်း အခြင်း အရာတို့ကို သိမ်းဆည်း မှတ်သားအပ်၏။

မြတ်စွာဘုရား ဟောကြားတော်မူသည်မှာကား "အို-ရဟန်းတို့ ဥပမာအားဖြင့် ပညာရှိသော ကျွမ်းကျင်လိမ္မာသော စားတော် ကဲသည် မင်းအား၎င်း, မင်း၏အမတ်ကြီးအား၎င်း အထူးထူးသော အရသာရှိသော ဟင်းလျာတို့ဖြင့် လုပ်ကျွေးရာ မွန်မြတ်သော အချဉ်ဟင်းတို့ ဖြင့်၎င်း, မွန်မြတ်သော အခါးဟင်းတို့ ဖြင့်၎င်း, မွန်မြတ်သော အစပ်ဟင်းတို့ဖြင့်၎င်း, မွန်မြတ်သော အချိုဟင်းတို့ ဖြင့်၎င်း, မွန်မြတ်သော ခရမ်းသီးဟင်းလေးတို့ဖြင့်၎င်း, မွန်မြတ် သောခရမ်းသီးဟင်းပေါ့တို့ဖြင့်၎င်း, ဆားမပါသော ဟင်းတို့ဖြင့် ၎င်း လုပ်ကျွေး၏၊ အို-ရဟန်းတို့, ပညာရှိသော ကျွမ်းကျင်လိမ္မာ သော ထိုစားတော်ကဲသည် မိမိအရှင်သခင်၏ အခြင်းအရာ နိမိတ်

ကို ကောင်းစွာမှတ်သား၏၊ ယနေ့ ငါ၏အရှင်သည် ဤမည်သော ဟင်းလျာကို နှစ်သက်၏၊ ဤမည်သောဟင်းလျာကို ဆောင်ယူ၏၊ ဤမည်သော ဟင်းလျာကို များစွာနှိုက်၏၊ ဤမည်သော ဟင်းလျာ၏ ဂုဏ်ကျေးဇူးကို ချီးမွမ်း၏၊ ယနေ့ ငါ၏ အရှင်သခင်သည် မွန်မြတ်သော အချဉ်ဟင်းကို နှစ်သက်၏၊ ယနေ့ အချဉ်ဟင်းကိုဆောင်ယူ၏၊ အချဉ်ဟင်းကို များစွာနှိုက်၏၊ အချဉ်ဟင်း၏ ဂုဏ်ကို ချီးမွမ်း၏၊ ....(လ)....ဆားမပါသော ဟင်း၏ဂုဏ်ကို ချီးမွမ်းပြောဆို၏ ဟု မှတ်သား၏၊ အို..ရဟန်းတို့, ပညာရှိသော ကျွမ်းကျင်လိမ္မာသော ထိုစားတော်ကဲသည် အဝတ် အစား ဆုတော် လာဘ်တော်ကိုလည်း ရ၏၊ ထမင်းရိက္ခာ ရ၏၊ မင်း၏လက်ဆောင်တော်ကို ရ၏၊ အဘယ်ကြောင့်နည်းဟူမူ အို-ရဟန်းတို့, ပညာရှိသော ကျွမ်းကျင်လိမ္မာသော ထိုစားတော်ကဲသည် မိမိအရှင်သခင်၏ အရိပ်အကဲ နိမိတ်ကိုမှတ်သား၏၊ ထို့ကြောင့်ပေတည်း၊ အို-ရဟန်းတို့, ဤဥပမာအတူ ဤသာသနာတော်၌ အချို့သော ပညာရှိသော ကျွမ်းကျင်လိမ္မာသော ရဟန်းသည် ကိလေသာကို ပူပန်စေတတ်သောလုံ့လ,ကောင်းစွာ ဆင်ခြင်နိုင်သောဉာဏ်,အောက်မေ့နိုင်သော သတိရှိသည်ဖြစ်၍ ခန္ဓာကိုယ်လောက၌ ရမ္မက်အဘိဇ္ဈာ နှလုံးမသာမှု ဒေါသကို ပယ်ဖျောက်ပြီးလျှင် ကိုယ်၌ ကိုယ်ကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏၊ ဝေဒနာတို့၌ ဝေဒနာကို အဖန်တလဲလဲ ရှုသည်ဖြစ်၍,စိတ်၌စိတ်ကို အဖန်တလဲလဲ ရှုသည်ဖြစ်၍,တရားတို့၌ တရားကို အဖန်တလဲလဲ ရှုသည်ဖြစ်၍နေ၏၊ ထိုရဟန်း၏စိတ်သည် တည်ကြည်၏၊ စိတ်၏ ညစ်ညူးကြောင်း ကိလေသာတို့သည် ပျောက်ကင်းကုန်၏၊ ထိုရဟန်းသည် ထိုစိတ်တည်ကြည်ကြောင်း နိမိတ်ကို သိမ်းဆည်း မှတ်သား၏၊ အို-ရဟန်းတို့,ပညာရှိသော ကျွမ်းကျင်လိမ္မာသော ထိုရဟန်းသည် မျက်မှောက်သော ကိုယ်၏ အဖြစ်၌ ချမ်းသာစွာနေကြောင်းဖြစ်သော သမာဓိကို ရ၏၊ သတိသမ္ပဇဉ်ကိုရ၏၊ ထိုသို့ရခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ၊ အို-ရဟန်းတို့, ပညာရှိသော ကျွမ်းကျင် လိမ္မာသော ရဟန်းသည် မိမိစိတ်၏ နိမိတ် အခြင်းအရာကို မှတ်သား သိမ်းဆည်းသည်အဖြစ်ကြောင့်ပေတည်း။

အခြင်းအရာ နိမိတ်ကို မှတ်သားခြင်းကြောင့် တဖန် ထိုအခြင်းအရာတို့ကို ပြည့်စုံစေသော ထိုယောဂီပုဂ္ဂိုလ်အား အပ္ပနာမျှသာလျှင် ပြည့်စုံ၏၊ ရှည်မြင့်စွာမူကား မတည်၊ သမာဓိ၏ ဘေးရန်ဖြစ်ကုန်သော တရားတို့ကို ကောင်းစွာ သုတ်သင်အပ်သောကြောင့် မြင့်ရှည်စွာ တည်နိုင်၏၊ ထိုစကား မှန်သည်၊ ကာမ၏ အပြစ်ကို ဆင်ခြင်ခြင်း အစရှိသည်တို့ဖြင့် ကာမစ္ဆန္ဒကို ကောင်းစွာ မခွါမူ၍ ကာယပဿဒ္ဓိ၏ အစွမ်းဖြင့် ကိုယ်၏ ပူပန်ခြင်း၏ ငြိမ်းခြင်းကို မပြုမူ၍ အာရမ္ဘဓာတ်ကို နှလုံးသွင်းခြင်း အစရှိသည်တို့၏ အစွမ်းဖြင့် ထိနမိဒ္ဓကို ကောင်းစွာ မဖျောက်မူ၍ သမထနိမိတ်ကို နှလုံးသွင်းခြင်း အစရှိသည်တို့၏ အစွမ်းဖြင့် ဥဒ္ဓစ္စကုက္ကုစ္စကို ကောင်းစွာ နုတ်ပယ်အပ်သည်ကို မပြုမူ၍ ကာမစ္ဆန္ဒ စသည်မှ တပါး ဖြစ်ကုန်သော သမာဓိ၏ ဘေးရန်တရားတို့ကို ကောင်းစွာ မသုတ်သင်မူ၍ ဈာန်ကို ဝင်စားငြားအံ့၊ ထိုရဟန်းသည် မသုတ်သင်အပ်သော မိမိ၏နေရာ ဝါးခေါင်းသို့ဝင်သော ပိတုန်းကဲ့သို့၎င်း, ဘေးရန်ကို မသုတ်သင်အပ်သော ဥယျာဉ်သို့ ဝင်သောမင်းကဲ့သို့၎င်း လျှင်မြန်စွာသာလျှင် ဈာန်မှထွက်၏။

အကြင်ရဟန်းသည်ကား သမာဓိ၏ ဘေးရန်ဖြစ်ကုန်သော တရားတို့ကို ကောင်းစွာသုတ်သင်၍ ဈာန်ကို ဝင်စားအံ့၊ ထိုရဟန်းသည် ကောင်းစွာ သုတ်သင်အပ်သော ဝါးခေါင်းသို့ ဝင်သော ပိတုန်းကဲ့သို့၎င်း, ရန်သူတို့ကို ကောင်းစွာ ရှင်းလင်း၍ ထားအပ်သော ဥယျာဉ်သို့ဝင်သော မင်းကဲ့သို့၎င်း အလုံးစုံသော နေ့အဘို့ပတ်လုံး သမာပတ်အတွင်း၌သာလျှင် ဖြစ်၏၊ ထို့ကြောင့် ရှေးဆရာတို့သည် အောက်ပါအတိုင်း ဆိုကြကုန်၏။

"ကာမေသု ဆန္ဒံ ပဋိဃံ ဝိနောဒယေ၊
ဥဒ္ဓစ္စ မိဒ္ဓံ ဝိစိကိစ္ဆပဉ္စမံ။
ဝိဝေကပါမောဇ္ဇကရေန စေတသာ၊
ရာဇာဝ သုဒ္ဓန္တဂတော တဟိံ ရမေ"တိ။

ရန်သူခပ်သိမ်း ကင်းငြိမ်း စင်ကြယ်သော ဥယျာဉ်သို့ ရောက်သောမင်းသည် ထိုဥယျာဉ်တော်မှာ တနေ့ပတ်လုံး

မွေလျော်သကဲ့သို့ ထို့အတူ ဈာန်ကစားခြင်းဖြင့် မွေ့တူး ပျော်ပါးလိုသော ယောဂီပုဂ္ဂိုလ်သည် ကာမတို့၌ ဆန္ဒကို ၎င်း, ဗျာပါဒကို၎င်း, ဥဒ္ဓစ္စ ကုက္ကုစ္စကို၎င်း, ထိနမိဒ္ဓကို၎င်း, ငါးခုမြောက် ဝိစိကိစ္ဆာကို၎င်း ပယ်ဖျောက်ရာ၏၊ (ပယ် ဖျောက်ပြီး၍) နီဝရဏတို့မှ ဆိတ်ကင်းခြင်းကြောင့် ဖြစ် သော ဝမ်းမြောက်ခြင်းကို ပြုတတ်သောစိတ်ဖြင့် ထိုဈာန်၌ မွေ့လျော်ရာ၏။

ထို့ကြောင့် မြင့်မှည်စွာတည်ခြင်းကို အလိုရှိသော ယောဂီ ပုဂ္ဂိုလ်သည် ဈာန်၏ဘေးရန်ဖြစ်သော တရားတို့ကို သုတ်သင်၍ ဈာန်ကို ဝင်စားအပ်၏၊ သမာဓိဘာဝနာ၏ ပြန့်ပြောခြင်းအကျိုးငှါ ရသောပဋိဘာဂနိမိတ်ကို ပွါးအပ်၏၊ ထိုပဋိဘာဂနိမိတ်၏ ပွါးရာ ဘုံသည် ဥပစာရ ဘာဝနာ အပ္ပနာ ဘာဝနာ ဟူ၍ နှစ်ပါးရှိ၏၊ ဥပစာရသို့ ရောက်၍လည်း ထိုပဋိဘာဂနိမိတ်ကို ပွါးခြင်းငှါ သင့်၏၊ အပ္ပနာသို့ရောက်၍လည်း ပွါးခြင်းငှါသင့်၏၊ တခုခုသော ဌာန၌ မချွတ်မယွင်း ပွါးအပ်၏၊ ထို့ကြောင့် ရသော ပဋိဘာဂ နိမိတ်ကို ပွါးအပ်၏ ဟူ၍ ဆိုအပ်၏။

## နိမိတ်ကိုပွါးသောနည်း

၇၇။ ထိုစကား၌ ဤဆိုလတ္တံ့သည်ကား ပွါးနည်းပေတည်း၊ ထိုယောဂီပုဂ္ဂိုလ်သည် ထိုပဋိဘာဂ နိမိတ်ကို သပိတ် ခွက်ယောက်ကို ပွါးစေသောနည်း, မုန့်ကို ပွါးစေသော နည်း,ထမင်းကို ပွါးစေသောနည်း, နွယ်ကို ပွါးစေသော နည်း, အဝတ်ပုဆိုးကို ပွါးစေသောနည်းဖြင့် မပွါးမူ၍ **ဥပမာ** လယ်ထွန်သော ယောကျ်ားသည် ထွန်အပ်သော အရပ်ကို ထွန်ဖြင့်ပိုင်းဖြတ်၍ ပိုင်းဖြတ်အပ်သောအတွင်း၌ ထွန်သကဲ့သို့, တနည်း **ဥပမာ သိမ်ကို** သမုတ်သော ရဟန်းတို့သည် ရှေးဦးစွာ နိမိတ်ကိုမှတ်၍ နောက်မှ သမုတ်ရသကဲ့သို့ ဤအတူ ရအပ်သော ထိုနိမိတ်၏ အစဉ် အားဖြင့် လက်တသစ် နှစ်သစ် သုံးသစ် လေးသစ်

အတိုင်းအရှည်ကို စိတ်ဖြင့် ပိုင်းဖြတ်၍ ပိုင်းခြားသော အရပ်တိုင်အောင် နိမိတ်ကို ပွါးအပ်၏၊ မပိုင်းခြားမူ၍ နိမိတ်ကို မပွါးအပ်၊ ထိုလက်လေးသစ်ထက် တထွာ တတောင် ကျောင်းဦး ပရိဝုဏ် ကျောင်းသိမ်တို့၏၎င်း, ရွာနိဂုံး ဇနပုဒ် တိုင်းပြည် သမုဒ္ဒရာတို့၏၎င်း, အပိုင်းအခြား၏အစွမ်းဖြင့် ပွါးစေသဖြင့် စကြဝဠာ အပိုင်းအခြားအားဖြင့်၎င်း, ထို့ထက်အလွန် ပိုင်းခြား၍၎င်း ပွါးစေအပ်၏၊ **ဥပမာ ဟံသငယ်**တို့သည် အတောင်ပေါက်သော ကာလမှစ၍ အနည်းငယ် ကောင်းကင်သို့ ပျံတက်ခြင်း အလေ့အကျင့်ကို ပြုသောအားဖြင့် အစဉ်အတိုင်း လ,နေတို့အထံသို့ ပျံသွားနိုင်သကဲ့သို့ ယို့အတူ ရဟန်းသည် ဆိုအပ်ပြီးသော နည်းအတိုင်း နိမိတ်ကို ပိုင်းခြား၍ ပွါးစေလျက် စကြဝဠာ အပိုင်းအခြားတိုင်အောင် ပွါးစေ၏၊ ထို့ထက်အလွန်လည်း ပွါးစေ၏၊ ထိုအခါ ထိုယောဂီပုဂ္ဂိုလ်၏ ထိုနိမိတ်သည် ပွါးရာ ပွါးရာအရပ်၌ ပထဝီမြေကြီး၏ မြင့်ရာဌာန နိမ့်ရာဌာန မြစ်ချောင်းအရပ် မညီမညွတ်သောအရပ် ချောက်တောင်တို့သည် တံသင်းရာနှက်၍ ကြက်အပ်သော နွားရေကြီးကဲ့သို့ ဖြစ်၏၊ (တညီတညွတ်တည်းထင်၏) ထိုပဋိဘာဂ နိမိတ်၌ ရောက်အပ်သော ပဌမဈာန်ရှိသော အစလက်ဦးဖြစ်သော ပုဂ္ဂိုလ်သည် ဝင်စားခြင်းများသည် ဖြစ်ရာ၏၊ ဆင်ခြင်ခြင်းများသည် မဖြစ်ရာ၊ ဆင်ခြင်ခြင်းများသောသူအား ဈာန်တို့သည် ရုန့်ရင်းကုန်သည်ဖြစ်၍ အားနည်းကုန်သည်ဖြစ်၍ ထင်ကုန်၏၊ ထိုအခါ ထိုယောဂီပုဂ္ဂိုလ်အား ထိုဈာန်အင်္ဂါတို့သည် ဤသို့ ရုန့်ရင်းအားနည်းစွာ ထင်သည့်အဖြစ်ကြောင့် အထက်ဈာန်သို့ တက်ခြင်း၄ါ အကြောင်းပစ္စည်း၏ အဖြစ်သို့ မရောက်၊ ထိုယောဂီသည် ဈာန်ကို မလေ့လာခဲ့သော် အထက်ဈာန်ကိုရအောင် အားထုတ်ပါသော်လည်း ရောက်ပြီး ပဌမဈာန်မှလည်း ယုတ်၏၊ ဒုတိယဈာန်သို့ ရောက်စေ

ခြင်းငှါလည်း မတတ်နိုင်၊ ထို့ကြောင့် မြတ်စွာဘုရားသည် ဤဆိုလတ္တံ့သောအတိုင်း ဟောတော်မူ၏။

အို-ရဟန်းတို့, ဥပမာသော်ကား တောင်၌ သွားလာ ကျက်စားသော မလိမ္မာသော **ကျက်စားရာခေတ်ကို မသိသော နွားမ** သည် မညီညွတ်သောတောင်၌ လှည့်လည် ကျက်စားခြင်းငှါ မလိမ္မာချေ၊ ထိုနွားမသည် ဤသို့အကြံဖြစ်၏၊ အကယ်၍ငါသည် မရောက်ဘူးသော အရပ်သို့လည်း ရောက်ရပါမူ မစားဘူးသော မြက်တို့ကိုလည်း စားရပါမူ မသောက်ဘူးသော ရေတို့ကိုလည်း သောက်ရပါမူ ကောင်းလေရာ၏ဟု အကြံဖြစ်၏၊ ထိုနွားမသည် ရှေ့ခြေကို မြဲစွာတည်ထားသည်ကို မပြုဘဲ နောက်ခြေကို ကြွခြား အံ့၊ ထိုနွားမသည် မရောက်ဘူးသော အရပ်သို့လည်း မရောက်ရာ၊ မစားဘူးသော မြက်တို့ကိုလည်း မစားရရာ၊ မသောက်ဘူးသော ရေတို့ကိုလည်း မသောက်ရရာ၊ ထိုအကြံဖြစ်ရာ နေရင်းအရပ်သို့ သော်လည်း တဖန်မပြန်နိုင်ရာ၊ ထိုသို့ဖြစ်ခြင်းသည် အဘယ့် ကြောင့်နည်း၊ ဟူမူကား အို-ရဟန်းတို့, တောင်၌ ကျက်စားသော မလိမ္မာ မကျွမ်းကျင်သော ခေတ်ကိုမသိသော ထိုနွားမသည် မညီမညွတ်သော တောင်၌ လှည့်လည် ကျက်စားခြင်းငှါ မလိမ္မာသောကြောင့်ပေတည်း။ အို-ရဟန်းတို့, ဤဥပမာအတူ ဤသာသနာတော်၌ မိုက်သော မလိမ္မာသောခေတ်ကို မသိသော ရဟန်းသည် ကာမတို့မှ ဆိတ်ကင်း၍....(လ)....ပဌမဈာန်ကို ဝင်စား၍နေခြင်းငှါ မလိမ္မာ, ထိုရဟန်းသည် ထိုနိမိတ်အာရုံကို မမှီဝဲ မပွါးများ အကြိမ်များစွာမပြု မြဲစွာတည်အောင် မဆောက် တည်၊ ထိုရဟန်းအား ဤသို့သော အကြံသည် ဖြစ်၏၊ ''ငါသည် အကယ်၍ ဝိတက် ဝိစာရတို့၏ ငြိမ်းခြင်းကြောင့်....(လ)....ဒုတိယ ဈာန်ကိုဝင်စား၍နေရမူကား ကောင်းလေရာ၏'' ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ဝိတက် ဝိစာရတို့၏ ငြိမ်းခြင်းကြောင့် ဒုတိယဈာန် ကို ဝင်စား၍ နေခြင်းငှါမတတ်နိုင်၊ ထိုရဟန်းအား ဤသို့သော အကြံသည် ဖြစ်၏၊ "အကယ်၍ ငါသည် ကာမတို့မှ ဆိတ်ကင်း၍ ....(လ)....ပဌမဈာန်ကို ဝင်စား၍ နေရမူကား ကောင်းလေရာ၏"

ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ကာမတို့မှ ဆိတ်ကင်း၍....(လ) ပဌမဈာန်ကို ဝင်စား၍ နေခြင်းငှါ မတတ်နိုင်၊ အို-ရဟန်းတို့, ဤ အထက်ဈာန်သို့လည်း မတက်နိုင်၊ အောက်ဈာန်လည်း ပျောက်၍ နိမိတ်မှု မထင်သော ရဟန်းကို နှစ်ပါးသောအဘို့မှ လျောကျ ပျက်စီးသော ရဟန်းဟူ၍ ဆိုအပ်၏၊ အို-ရဟန်းတို့, တောင်၌ ကျက်စားသော မလိမ္မာ မကျွမ်းကျင်သောခေတ်ကို မသိသော နွားမသည် မညီမညွတ်သော တောင်၌ လှည့်လည်ဘိသကဲ့သို့ ပေတည်း”ဟု ဟောတော်မူ၏။ ထို့ကြောင့် ဤယောဂီပုဂ္ဂိုလ် သည် ရှေးဦးစွာရရင်း လက်ရှိ ပဌမဈာန်ကိုသာလျှင် ငါးပါးသော အခြင်းအရာတို့ဖြင့် မှိဝလေ့လာအပ်၏။

## ဝသီဘော်ငါးပါး

၇၀။ ငါးပါးသော လေ့လာခြင်း ဝသီတို့သည်ကား—

၁။ အာဝဇ္ဇနဝသီ၊
၂။ သမာပဇ္ဇနဝသီ၊
၃။ အဓိဋ္ဌာနဝသီ၊
၄။ ဝုဋ္ဌာနဝသီ၊
၅။ ပစ္စဝေက္ခဏာဝသီ၊ ဟူ၍ ငါးပါးဖြစ်၏။

ပဌမဈာန်ကို အကြင် အကြင်အရပ်၌ ဆင်ခြင်ခြင်းငှါ အလိုရှိ၏၊ အကြင်အခါ အကြင်ဈာန်တို့ကို ဆင်ခြင်ခြင်းငှါ အလိုရှိ၏၊ အကြင် မျှလောက် ကာလပတ်လုံး ဆင်ခြင်ခြင်းငှါ အလိုရှိ၏၊ ထိုထိုအရပ်, ထိုထိုအခါ ထိုထိုဈာန်တို့ကို အလိုရှိသမျှ ဆင်ခြင်နိုင်၏၊ အာဝဇ္ဇန်း ၏၊ နှောင့်နှေးသောအဖြစ်သည် မရှိ၊ ထို့ကြောင့် အာဝဇ္ဇနဝသီ မည်၏၊ ပဌမဈာန်ကို အကြင် အကြင်အရပ်၌ ဝင်စားခြင်းငှါ အလိုရှိ၏၊ ....(လ)....အလိုရှိသမျှ ဝင်စားနိုင်၏၊ ဝင်စားခြင်း၏ နှောင့်နှေးသော မည်သည်မရှိ၊ ထို့ကြောင့် သမာပဇ္ဇနဝသီမည်၏၊ ဤအတူ ကြွင်းသောဝသီတို့ကိုလည်း ချဲ့အပ်ကုန်၏။

ဤဆိုလတ္တံ့သည်ကား ဤဝသီငါးပါး၌ အနက် အဓိပ္ပါယ်ကို ပြကြောင်းဖြစ်သော စကားပေတည်း။

ပဌမဈာန်မှထ၍ ရှေးဦးစွာ ပိတက်ကို ဆင်ခြင်သောပုဂ္ဂိုလ်အား ဘဝင်ကိုဖြတ်၍ ဖြစ်သော အာဝဇ္ဇန်း၏ အခြားမဲ့၌ ဝိတက်လျှင် အာရုံရှိသော ဇောလေးကြိမ် ငါးကြိမ်ပတို့သည် ဖြစ်ကုန်၏၊ ထို့နောက်မှ စလနဘဝင် ဥပစ္ဆေဒဘဝင် ဟု ဆိုအပ်သော ဘဝင်နှစ်ကြိမ်ဖြစ်၏၊ ထို့နောက် တဖန် ဝိစာရလျှင် အာရုံရှိသော အာဝဇ္ဇန်းသည် ဖြစ်၏၊ ဆိုအပ်ပြီးသောနည်းအတိုင်း ဇောတို့သည် ဖြစ်ကုန်၏၊ ဤသို့လျှင် ဈာန်အင်္ဂါငါးပါးတို့၌ အကြင်အခါ၌ အခြားမရှိဘဲ စိတ်ကို စေလွှတ်ခြင်းငှါ တတ်နိုင်၏၊ ထိုအခါ ထိုပုဂ္ဂိုလ်အား အာဝဇ္ဇနဝသီသည် ပြီးသည် ဖြစ်၏ ဤဘဝင်နှစ်ကြိမ်ခြားခြင်း ဇောလေးကြိမ် ဖြစ်ခြင်းရှိသော အာဝဇ္ဇနဝသီသည် အထွတ်သို့ ရောက်သော ဝသီ ဖြစ်၏၊ မြတ်စွာဘုရား ယမိုက်ပြာဋိဟာ ပြတော်မူသောအခါ၌ ရအပ်၏၊ အရှင်မဟာမောဂ္ဂလာန် အစ ရှိသော တပါးသော ပုဂ္ဂိုလ်တို့အားလည်း ဤသို့ သဘောရှိသော ကာလမှ ရအပ်၏၊ ဤဘဝင်နှစ်ကြိမ်ခြားခြင်း ဇောလေးကြိမ် ကျခြင်းထက် လျင်မြန်သော အာဝဇ္ဇနဝသီ မည်သည် မရှိ၊ အရှင်မဟာမောဂ္ဂလာန်မထေရ်၏ နန္ဒောပနန္ဒ နဂါးမင်းကို ဆုံးမရာ၌ ကဲ့သို့ လျင်မြန်စွာ ဈာန်ဝင်စားခြင်းငှါ စွမ်းနိုင်သော အဖြစ်သည် သမာပဇ္ဇနဝသီ မည်၏။

လက်ဖျစ်တတွက် အတိုင်းအရှည်ရှိသော ခဏပတ်လုံးငင်း လက်ဖျစ်ဆယ်တွက် အတိုင်းအရှည်ရှိသော ခဏပတ်လုံးငင်း ဈာန်ကို တည်စေခြင်းငှါ စွမ်းနိုင်သောအဖြစ်သည် အဓိဋ္ဌာနဝသီ မည်၏၊ ထို့အတူ ဈာန်မှလျင်မြန်စွာ ထခြင်းငှါ စွမ်းနိုင်သော အဖြစ်သည် ဝုဋ္ဌာနဝသီ မည်၏၊ ထိုအဓိဋ္ဌာနဝသီနှစ်ပါးကို ပြခြင်းငှါ **ဗုဒ္ဓရက္ခိတမထေရ်**၏ ဝတ္ထုကို ဆိုသင့်၏၊ ထိုအရှင်သည် ပဉ္စင်းခံသည်မှ ရှစ်ဝါရသောအခါ အရှင်မဟိန္ဒမထေရ်ကျရာ လိုဏ်ဂူ၌ မဟာရောဟန ဂုတ္တမထေရ်အား သူနာပြုစုရန် လာကုန်သော တန်ခိုးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ပေါင်း သုံးသောင်းတို့၏ အလယ်၌နေ၍ မထေရ်ကြီးအား ယာဂုကပ်သော အလုပ်အကျွေး **နဂါးမင်း**ကို သုတ်ယူအံ့ ဟု ကောင်းကင်မှ ပျံလာသော**ဂဠုန်မင်း**

ကို မြင်၍ ထိုခဏ၌ပင် တောင်ကြီးအသွင် ဖန်ဆင်းပြီးလျှင် နဂါးမင်းကို လက်မောင်း၌ကိုင်၍ ထိုဖန်ဆင်းသော တောင်ခေါင်းသို့ သွင်းလိုက်၏၊ ဂဠုန်မင်းသည် တောင်၌ တိုက်ခတ်၍ ပြေးလေ၏၊ မထေရ်ကြီးသည် အို-ငါ့ရှင်တို့၊ ဗုဒ္ဓရက္ခိတမထေရ် အကယ်၍ မရှိပါမူကား ငါတို့အားလုံးမှာ ကဲ့ရဲ့ဘွယ်ရာ ဖြစ်ကြရကုန်အံ့ ဟု ဆိုလေ၏၊

ပစ္စဝေက္ခဏာဝသီကို အာဝဇ္ဇနဝသီ၌ ဆိုအပ်ပြီ၊ ထိုအာဝဇ္ဇနဝသီ၌ အကြင် ဇောတို့သည် ဈာန်အင်္ဂါကို ဆင်ခြင်သော အာဝဇ္ဇန်း၏ အခြားမဲ့၌ ဖြစ်ကုန်၏၊ ထိုဇောတို့သည် ဈာန်အင်္ဂါအသီးသီးကို ရှုဆင်ခြင်သော ဇောတို့ပင်တည်း။

## ဒုတိယဈာန်ကို ပြခြင်း

၇၉။ ဤငါးပါးသောဝသီတို့တွင် အလေ့အကျင့် ရပြီးသော ပုဂ္ဂိုလ်သည် လေ့လာအပ်ပြီးသော ပဌမဈာန်မှထ၍ ဤပဌမဈာန် သမာပတ်သည် နီဝရဏဟူသော ရန်သူနီး၏ဟု ထိုပဌမဈာန်၌ အပြစ်ကိုမြင်၍ ဒုတိယဈာန်ကို ငြိမ်းသောတရားဟု နှလုံးသွင်း၍ ပဌမဈာန် ကပ်ငြိတွယ်တာခြင်းကို ကုန်စေ၍ ဒုတိယဈာန်ကိုရခြင်းငှါ အားထုတ်ခြင်းကို ပြုအပ်၏၊ ထိုအခါ ထိုယောဂီပုဂ္ဂိုလ်အား အကြင်အခါ ပဌမဈာန်မှထ၍ သတိနှင့် ပြည့်စုံသည်၊ သမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ ဈာန်အင်္ဂါတို့ကို ဆင်ခြင်ရာ ဝိတက် ဝိစာရတို့သည် ရုန့်ရင်းသောအားဖြင့် ထင်ကုန်၏၊ ပီတိသုခကိုငှး, စိတ္တေကဂ္ဂတာကိုငှး, ငြိမ်သက်သောအားဖြင့် ထင်၏၊ ထိုအခါ ရုန့်ရင်းသော အင်္ဂါကို ပယ်ခြင်းငှါ ငြိမ်သက်သော အင်္ဂါကိုရခြင်းငှါ ထိုပထဝီကသိုဏ်း ပဋိဘာဂနိမိတ်ကိုပင်လျှင် ပထဝီ ပထဝီဟူ၍ အဖန်တလဲလဲ နှလုံးသွင်းသော ယောဂီ ပုဂ္ဂိုလ်အား ယခုအခါ ဒုတိယဈာန်ဖြစ်လတ္တံ့ဟု ဆိုသင့် ဆိုအပ်သော ဇောဝါရ၌ ဘဝင်ကိုဖြတ်၍ ထိုပထဝီ

ကသိုဏ်း ပဋိဘာဂနိမိတ်ကိုပင် အာရုံပြု၍ မနေဒ္ဓါရာ ဝဇ္ဇန်းသည် ဖြစ်၏၊ ထို့နောက် ထိုအာရုံ၌ပင်လျှင် လေး ကြိမ်-ငါးကြိမ်သော ဇောတို့သည် ဖြစ်ကုန်၏၊ (ထိုဇောတို့ဘွင်) အဆုံးဇောတခုသည် ဒုတိယဈာန်ရှိသော ရူပါဝစရဇော ဖြစ်၏၊ ကြွင်းသော ဇောတို့သည်ကား ပဌမဈာန်၌ ဆိုအပ်ခဲ့ပြီးသောအတိုင်း ကာမာဝစရဇောတို့သာ ဖြစ်ကုန်၏၊ ဤမျှသော အတိုင်းအရှည်ဖြင့် ဤယောဂီပုဂ္ဂိုလ်သည် ဝိတက် ဝိစာရတို့၏ ငြိမ်းခြင်းကြောင့် အတွင်းအဇ္ဈတ္တသန္တာန်၌ ဖြစ်သော ကြည်စေတတ်သော စိတ်၏ မြတ်သည့်အဖြစ် ဧကောဒိဟု ဆိုအပ်သောဝိတက်မရှိ၊ ဝိစာရမရှိ သမာဓိကြောင့် ဖြစ်သော ပီတိသုခရှိသော ဒုတိယဈာန်ကို ဝင်စား၍ နေ၏၊ ဤသို့ယောဂီပုဂ္ဂိုလ်သည် ပယ်အပ်သော အင်္ဂါနှစ်ပါးရှိသော ပြည့်စုံသော အင်္ဂါသုံးပါးရှိသော ဆယ်ပါးသော လက္ခဏာတို့နှင့်ပြည့်စုံသော ပထဝီကသိုဏ်းလျှင် အာရုံရှိသော ဒုတိယဈာန်ကို ရသည်ဖြစ်၏။

၁၀။ ထိုဒုတိယဈာန်ကို ဆိုသောစကား၌"**ဝိတက်ဝိစာရတို့၏ ငြိမ်းခြင်းကြောင့်**" ဆိုသည်ကား ဝိတက်၏၎င်း, ဝိစာရ၏၎င်း ဤနှစ်ခုသောတရားတို့၏ ငြိမ်းခြင်းကြောင့် လွန်ခြင်းကြောင့် ဒုတိယဈာန်ခဏ၌ မရှိခြင်းကြောင့်ဟု ဆိုလို၏။

ထိုဒုတိယဈာန်၌ အလုံးစုံသော ပဌမဈာန်တရားတို့သည် မရှိချေ၊ ပဌမဈာန်၌ရှိသော ဖဿ အစရှိသည်တို့သည် တပါးဖြစ်၍ ဤဒုတိယဈာန်၌ တခြားဖြစ်၏၊ ထိုသို့ဖြစ်သော်လည်း ရုန့်ရင်းသော အင်္ဂါကိုလွန်ခြင်းကြောင့် ပဌမဈာန်မှတပါးကုန်သော ဒုတိယဈာန် အစရှိသည်တို့ကို ရခြင်းသည်ဖြစ်၏ ဟု ပြခြင်းငှါ "ဝိတက်ဝိစာရတို့၏ ငြိမ်းခြင်းကြောင့်" ဟူသောစကားကို ဟောတော်မူသည် ဟု သိအပ်၏။

ဤဈာနကထာ၌ **"အတွင်း၊ အဇ္ဈတ္တ သန္တာန်ကို ကြည်စေတတ်သော"** ဆိုရာမှာ အဇ္ဈတ္တဆိုသည်ကား နိယကဇ္ဈတ္တကို ဆိုလိုသည်၊ အဇ္ဈတ္တဇ္ဈတ္တ အစရှိသည်ကို မယူအပ်၊ ဝိဘင်း ပါဠိတော်၌ကား အဇ္ဈတ္တံ ပစ္စတ္တံ ဟူ၍ ဤမျှကိုသာဟော၏၊ နိယကဇ္ဈတ္တကို အလိုရှိအပ်သောကြောင့် မိမိ၌ဖြစ်သော မိမိ သန္တာန်၌ဖြစ်သော ဟု ဤအနက်ကို မှတ်အပ်၏။

**"ကြည်စေတတ်သော"** ဆိုသည်ကား၊ သဒ္ဓါကို ဆိုသည်၊ သဒ္ဓါနှင့် ယှဉ်ခြင်းကြောင့် ဈာန်ကိုလည်း ကြည်စေတတ်၏ဟု ဆိုရလေသည်၊ ဥပမာ ညိုသောအဆင်းနှင့် ယှဉ်သောကြောင့် အဝတ်ကို အဝတ်ညို ဟု ဆိုအပ်သကဲ့သို့ပေတည်း၊ တနည်းမှာ ထိုဒုတိယဈာန်သည် သမ္ပသာဒန ဟု ဆိုအပ်သောသဒ္ဓါနှင့် ပြည့်စုံခြင်းကြောင့်၎င်း, ဝိတက်ဝိစာရတို့၏ ချောက်ချားမှုမှ ငြိမ်းခြင်းကြောင့်၎င်း စိတ်ကိုကြည်စေတတ်၏၊ထို့ကြောင့် ကြည်စေတတ်၏ ဟု ဆိုအပ်၏၊ စိတ်ကိုကြည်စေတတ်သော ဟု ပုဒ်စပ်သည်ကို သိအပ်၏၊ ရှေ့ပုဒ်တွင် အနက်ကိုဆိုရာ၌ "စိတ်၏" ဟူသော စကားကို တခုတည်းသောအဖြစ်ဟူသော စကားနှင့် ယှဉ်စပ်ရမည်။

**"ဧကောဒိ"** ဆိုသည်ကား မြတ်သည်ဖြစ်၍ သူ့ထက်ကဲတတ်ဖြစ်တတ်၏၊ ထို့ကြောင့် ဧကောဒိ မည်၏၊ ဝိတက်ဝိစာရတို့သည် မလွှမ်းမိုး မနှိပ်စက်အပ်သောကြောင့် မြတ်သည်ဖြစ်၍ ထက်တတ်၏-ဆိုလိုသည်၊ လောက၌ အမြတ်ကို ဧက ဟူ၍ ဆိုအပ်၏၊ တနည်းမှာ ဝိတက်ဝိစာရမှ ကင်းသောကြောင့် အဖော်အပေါင်းမရှိဘဲ တက်တတ်သောကြောင့်လည်း ဧကောဒိ ဟူ၍ ဆိုအပ်၏၊ တနည်းကား သမ္ပယုတ် တရားတို့ကို ထစေတတ်သောကြောင့် ဥဒိ မည်၏၊ မြတ်သည့်အဖြစ်ကြောင့် ဧကမည်၏၊ ထိုနှစ်ပါးကိုပင် ဧကောဒိ ဟု ဆို၏၊ ဤ ဧကောဒိ ဟူသော အမည်သည် သမာဓိ၏ အမည်ပေတည်း။

ဤသို့သော အခြင်းအရာအားဖြင့် ဤ ဧကောဒိ အမည်ရှိသော သမာဓိကို ပွါးစေတတ်၏၊ ထို့ကြောင့် ဤ ဒုတိယဈာန်သည်

ကောဒိဘာဝ မည်၏၊ ထိုဆိုအပ်ပြီးသော ကောဒိသည် စိတ်၏ ကောဒိ ဖြစ်သည် သတ္တဝါ၏ ကောဒိမဟုတ်၊ အသက်ဇီဝ၏ ကောဒိမဟုတ်၊ ထို့ကြောင့် စိတ်၏ တခုတည်းသောအဖြစ်ကို ပွါးစေခြင်း စေတသော ကောဒိ ဘာဝံ-ဟု ဆိုအပ်လေသည်။

စောဒနာဦးအံ့၊ ဤသဒ္ဓါသည် ပဌမဈာန်၌လည်း ရှိသည်မဟုတ်ပါလော၊ ဤကောဒိ အမည်ရှိသော သမာဓိသည်လည်း ရှိသည်မဟုတ်ပါလော၊ ထိုသို့ဖြစ်ပါလျက် ဤဒုတိယဈာန်ကိုသာလျှင် ကြည်စေတတ်သော စိတ်၏ တခုတည်းသောအဖြစ်ကို ပွါးစေခြင်းဟူ၍ ဆိုအပ်ပါသနည်းဟူမူ၊ အဖြေကား ဤပဌမဈာန်သည် ဝိတက် ဝိစာရ တို့၏ လှုပ်ချောက်ချားခြင်းကြောင့် လှိုင်းတံပိုးထသော ရေကဲ့သို့ ကောင်းစွာကြည်လင်သည် မဖြစ်၊ ထို့ကြောင့် သဒ္ဓါပင် ရှိသော်လည်း ကြည်စေတတ်သော ဟူ၍ မဆိုအပ်၊ ကောင်းစွာ မကြည်လင်သောကြောင့်လည်း သမာဓိသည် ကောင်းစွာ ထင်ရှားသည် မဖြစ်၊ ထို့ကြောင့် အပေါင်းအဖော် မရှိတက်ကတ်သည်အဖြစ် ကောဒိ ဘာဝ ဟူ၍လည်း မဆိုအပ်၊ ဤဒုတိယဈာန်၌ကား ဝိတက်ဝိစာရတို့၏ နှောက်ရှက် မှောင့်ရှောင့်ခြင်း မရှိသည်အဖြစ်ကြောင့် သဒ္ဓါသည် အခွင့်ရ၏၊ အားရှိ၏၊ အားရှိသော သဒ္ဓါအဖော်သဟဲကို ရသောကြောင့်ပင် သမာဓိသည် ထင်ရှား၏၊ ထို့ကြောင့် ဤဒုတိယဈာန်မှာသာ ထိုစကားတို့ကို ဟောတော်မူအပ်သည်ဟု သိအပ်၏။

ဝိဘင်း ပါဠိတော်မှာကား ''သမ္ပသာဒနန္တိ ယာ သဒ္ဓါ သဒ္ဒဟနာ ဩကပ္ပနာ အဘိပ္ပသာဒေါ၊ စေဘသော ကောဒိ ဘာဝန္တိ ယာ စိတ္တဿ ဋ္ဌိတိ....(လ)....သမ္မာသမာဓိ'' ဟူ၍ ဤမျှလောက်သာ ဟောတော်မူအပ်၏၊ ဤသို့ ဟောတော်မူအပ်သော ဝိဘင်း ပါဠိတော်နှင့် ဤသခု ဖွင့်ပြအပ်သောအဖွင့်သည် မဆန့်ကျင် စင်စစ်နှီးနှောမိ၏၊ ညီညွတ်၏ဟု သိအပ်ကုန်၏။

၈၁။ **''ဝိတက်လည်း မရှိ ဝိစာရလည်း မရှိ''** ဆိုသည်ကား ဘာဝနာဖြင့် ပယ်အပ်သောကြောင့် ထိုဈာန်၌ ထိုဈာန်အား ဝိတက်မရှိ၊ ထို့ကြောင့် ထိုဈာန်သည် အဝိတက္က

မည်၏၊ ဤနည်းအတိုင်း အဝိစာရမည်၏၊ ဝိဘင်းပါဠိတော်၌လည်း“ဇတ် အယဋ္ဌ ဝိတက္ကော အယဉ္စ ဝိစာရော သန္တာ ဟောန္တိ သမိတာ ဝူပသန္တာ အတ္ထင်္ဂတာ အဗ္ဘတ္ထင်္ဂတာ အပ္ပိတာ ဗျပ္ပိတာ သောသိတာ ဝိသောသိတာ ဗျန္တိကဘာ တေနဝုစ္စတိ အဝိတက္က အဝိစာရံ” ဟု ဟောတော်မူအပ်၏။

ဤသို့ ဤဝိတက်သည့်ငင်း, ဤဝိစာရသည့်ငင်း ချုပ်ခြင်း အေးခြင်း ငြိမ်းခြင်း ပျက်ခြင်း ပျောက်ခြင်း ကုန်ခြင်း အထူးသဖြင့် ကုန်ခြင်း ခြောက်သွေ့ခြင်း အထူးသဖြင့် ခြောက်သွေ့ခြင်း ကုန်ဆုံးခြင်းသို့ ရောက်ကုန်၏၊ ထို့ကြောင့် အဝိတက္က အဝိစာရ ဟူ၍ ဆိုအပ်၏။

ဤသို့ ဟောတော်မူရာဝယ် စောဒနာဘွယ်ကို ဆိုဦးအံ့၊“**ဝိတက် ဝိစာရတို့၏ ငြိမ်းခြင်းကြောင့်**”ဟူသော ဤစကားဖြင့် ဘာဝနာဖြင့် ပယ်အပ်သောကြောင့် ဝိတက်ဝိစာရတို့၏ မရှိခြင်း ဟူသော အနက် အဓိပ္ပါယ်သည် ပြီးကောင်းပြီ မဟုတ်ပါလော၊ ထိုသို့ ပြီးကောင်းပါလျက် “ဝိတက်လည်း မရှိ ဝိစာရလည်း မရှိ” ဆိုသော စကားကို အဘယ့်ကြောင့် ဆိုအပ်ပါသနည်းဟု စောဒနာပြုအံ့၊ အဖြေကား ဤစောဒနာဆရာ ဆိုသောအတိုင်း ပြီးသင့်ပါ၏၊ သို့ရာဘွင် “ဝိတက် ဝိစာရတို့၏ အဘာဝမရှိခြင်းကြောင့်” ဟူသော ဤစကားသည် ထိုဝိတက် ဝိစာရတို့၏ အဘာဝ မရှိခြင်းမျှ အနက်ကိုသာ ပြသည်မဟုတ်၊ “သြဠာရိကဿ ပန အင်္ဂဿ သမတိက္ကမာ ပဌမဈာနတော ပရေသံ ဒုတိယဈာနာဒီနံ အဓိဂမော ဟောတီတိ ဒဿနတ္ထံ ဝိတက္ကဝိစာရာနံ ဝူပသမာတိ ဧဝံ ဝုတ္တံ” ဟူ၍ နောက်ကဆိုအပ်ခဲ့ပြီးသည် မဟုတ်ပါလော၊ တနည်းလည်း ဝိတက် ဝိစာရတို့၏ ငြိမ်းခြင်းကြောင့် ဤဒုတိယဈာန်သည် စိတ်ကို ကြည်စေတတ်သည် ဖြစ်၏၊ ကိလေသာဟူသော အနောက်အကျိ ငြိမ်းခြင်းကြောင့် စိတ်ကို ကြည်စေတတ်သည်မဟုတ်၊ ဝိတက် ဝိစာရတို့၏ ငြိမ်းခြင်းကြောင့် ဤဒုတိယဈာန်သည် မြတ်သော သမာဓိကို ပွါးစေတတ်သည်

ဖြစ်၏၊ ဥပစာရဈာန်ကဲ့သို့ နီဝရဏကို ပယ်ခြင်းကြောင့်ငှင်း, ပဌမဈာန်ကဲ့သို့ ဈာန်အင်္ဂါ ထင်ရှား ဖြစ်ခြင်းကြောင့်ငှင်း မြတ်သောသမာဓိကို ပွါးစေတတ်သည်မဟုတ်၊ ဤသို့လျှင် "ဝိတက် ဝိစာရတို့၏ ငြိမ်းခြင်းကြောင့်" ဟူသော ဤစကားသည် ကြည်စေခြင်း မြတ်သောအဖြစ်ကို ပွါးခြင်းတို့၏ အကြောင်းကို ပြတတ်၏၊ ထို့ပြင် ဝိတက် ဝိစာရတို့၏ ငြိမ်းခြင်းကြောင့် ဤဒုတိယဈာန်သည် ဝိတက်မရှိ ဝိစာရမရှိ ဖြစ်၏၊ ဟတိယဈာန် စတုတ္ထဈာန်တို့ကဲ့သို့ငှင်း, စက္ခုဝိညာဏ် စသည်တို့ကဲ့သို့ငှင်း သဘောအားဖြင့် မဖြစ်ခြင်းကြောင့် ဝိတက်မရှိ ဝိစာရမရှိသည်မဟုတ်၊ ဤသို့လျှင် ဝိတက် ဝိစာရမရှိသော အဖြစ်၏အကြောင်းကို ပြတတ်၏၊ ဝိတက် ဝိစာရတို့၏ မရှိခြင်းမျှကို ပြတတ်သည်မဟုတ်၊ "ဝိတက်မရှိ ဝိစာရမရှိ" ဟူသော ဤစကားသည်ကား ဝိတက် ဝိစာရတို့၏ မရှိခြင်းမျှကိုသာ ပြတတ်သည် ဖြစ်၏၊ ထိုသို့ ဆိုအပ်ခဲ့ပြီးသော အကြောင်းများကြောင့် ဝိတက် ဝိစာရတို့၏ ငြိမ်းခြင်းကြောင့် ဟူသော စကားကို ရှေးကဆိုပြီးလျှက် ဝိတက်မရှိ ဝိစာရမရှိ ဟူသော နောက်စကားကို ဆိုအပ် ဆိုသင့်သည်သာတည်း၊ ဤသည်ကား အဖြေပေတည်း။

"**သမာဓိကြောင့်ဖြစ်သော**" ဆိုသည်ကား ပဌမဈာန် သမာဓိကြောင့်ဖြစ်သည် သမ္ပယုတ် သမာဓိကြောင့် ဖြစ်သည်ဟု ဆိုလို၏၊ ထိုနှစ်ပါးသော ဈာန်တို့တွင် ပဌမဈာန်သည် သမ္ပယုတ် သမာဓိကြောင့် ဖြစ်သော်လည်း ဤဒုတိယဈာန် သမာဓိကိုသာလျှင် သမာဓိဟု ဆိုခြင်းငှါ ထိုက်၏၊ အဘယ့်ကြောင့်ဆိုသော် ဝိတက် ဝိစာရတို့၏ ချောက်ချားခြင်း ကင်းသဖြင့် အလွန် တုန်လှုပ်ခြင်းကင်းသောကြောင့်ငှင်း, ကောင်းစွာ ကြည်လင်သောကြောင့်ငှင်း ဤဒုတိယဈာန်၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းခြင်းငှါ "သမာဓိကြောင့် ဖြစ်သော"ဟူသော ဤစကားကို ဆိုအပ်၏၊ ပီတိသုခ ဟူသော စကား၏အဓိပ္ပါယ်ကိုကား ဆိုအပ်ပြီးပြီ။

ဒုတိယဈာန်ဟူသော စကား၌ "ဒုတိယ"ဆိုသည်ကား အရေအတွက် အစဉ်အားဖြင့် ဒုတိယဖြစ်၏၊ ဤဈာန်ကို နှစ်ကြိမ်

မြောက် ဝင်စားသောကြောင့်လည်း ဒုတိယ မည်၏၊ ပယ်အပ်သော အင်္ဂါနှစ်ပါး ပြည့်စုံသော အင်္ဂါသုံးပါး ဟူ၍ ဆိုရာ၌ ဝိတက် ဝိစာရတို့ကို ပယ်သည်၏ အစွမ်းဖြင့် ပယ်အပ်သော အင်္ဂါနှစ်ပါးကို သိအပ်၏၊ ပဌမဈာန်၏ ဥပစာရခဏာ၌ နီဝရဏတို့ကို ပယ်သကဲ့သို့ ထို့အတူ ဤဒုတိယဈာန်၏ ဥပစာရခဏာ၌ ဝိတက် ဝိစာရတို့ကို မပယ်အပ်ကုန်၊ အပ္ပနာခဏာ၌သာလျှင် ထိုဒုတိယ ဈာန်သည် ထိုဝိတက် ဝိစာရတို့နှင့် ကင်း၍ ဖြစ်ကုန်၏၊ ထို့ကြောင့် ထိုဝိတက် ဝိစာရတို့ကို ဒုတိယဈာန်၏ ပယ်အပ်သော အင်္ဂါ ဟူ၍ ဆိုအပ်ကုန်၏။

ပီတိ, သုခ, စိတ္တေကဂ္ဂတာ ဤသုံးပါးသော တရားတို့၏ဖြစ်ခြင်း အစွမ်းဖြင့် သုံးပါးသော အင်္ဂါနှင့် ပြည့်စုံသည် အဖြစ်ကို သိအပ် ကုန်၏၊ ထို့ကြောင့် ဝိဘင်း ပါဠိတော်၌ ''ဈာနန္တိ သမ္ပသာဒေါ ပီတိ သုခံ စိတ္တဿေကဂ္ဂတာ'' ဟူ၍ ဟောတော်မူအပ်၏၊ ထို စကားကို အခြံအရံနှင့်တကွသော ဈာန်ကို ပြခြင်းငှါ ဥပစာရ အားဖြင့် ဟောအပ်၏၊ ထိုသို့ ဟောအပ်သော်လည်း သဒ္ဒါကို ထား၍ ပရိယာယ်မဟုတ်, မုချအားဖြင့် ဥပနိဇ္ဈာန လက္ခဏာသို့ ရောက်ကုန်သော အင်္ဂါတို့၏ အစွမ်းဖြင့် ဤဒုတိယဈာန်သည် သုံးပါးသော အင်္ဂါရှိ၏၊ အဘယ်သို့ ဟောတော်မူသနည်းဆိုသော် "ကတမံ တသ္မိံ သမယေ တိဝင်္ဂိကံ ဈာနံ ဟောတိ ပီတိ သုခံ စိတ္တဿ ဧကဂ္ဂတာတိ" ဟူ၍ ဖြစ်၏။

ကြွင်းသောပုဒ်များမှာ ပဌမဈာန်၌ ဖွင့်ဆိုပြီးသောနည်းအတိုင်း သိအပ်၏။

### တတိယဈာန်ကိုပြခြင်း

၀၂။ ဤသို့သော ဘာဝနာအစဉ်ဖြင့် ထိုဒုတိယဈာန်ကို ရအပ် ပြီးသည်ရှိသော် ဆိုအပ်ပြီးသော ငါးပါးသော အခြင်း အရာရှိသော အလေ့အကျင့် ဝသီသည်ဖြစ်၍ လေ့လာ အပ်သော ဒုတိယဈာန်မှ ထပြီးလျှင် ဤဒုတိယဈာန် သမာပတ်သည် ဝိတက် ဝိစာရတည်း ဟူသော ရန်သူ

နည်း၏ဟူ၍၎င်း,“ယဒေဝ တတ္ထ ပီတိဂတံ စေတသော ဥပ္ပိလာဝိတံ ဧတေ နေတံ ဩဠာရိကံ အက္ခာယတိ” ဟူ၍ ဟောအပ်သည်နှင့်အညီ ပီတိ၏ ရုန့်ရင်းသော ကြောင့် အင်္ဂါအားနည်း၏ဟူ၍၎င်း ထိုဒုတိယဈာန်၌ အပြစ်ကိုမြင်၍ တတိယဈာန်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်း၍ ဒုတိယဈာန်၌ဘွယ်တာ ငဲ့ကွက် နှစ်သက်ခြင်းကို ကုန်စေခြင်းငှါ၎င်း,တတိယဈာန်ကို ရခြင်းငှါ၎င်း အားထုတ်ခြင်းကို ပြုအပ်၏။

## ပါဠိတော် မြန်မာပြန်

''ထိုဒုတိယဈာန် သမာပတ်၌ စိတ်၏ လျှပ်ပေါ်သော အဖြစ်ဟူသော ပီတိသည် ရှိ၏၊ ဤပီတိကြောင့်သာလျှင် ဤဒုတိယဈာန်ကို ရုန့်ရင်း၏ဟူ၍ ဟောကြားအပ်၏။

ထိုသို့အားထုတ်သော ယောဂီပုဂ္ဂိုလ်အား အကြင်အခါ ဒုတိယဈာန်မှထ၍ သတိသမ္ပဇဉ်ဖြင့် ဈာန်အင်္ဂါတို့ကို ဆင်ခြင်ရာ ပီတိ၏ ရုန့်ရင်းသောအဖြစ်သည် ထင်၏၊ သုခ၌၎င်း, ဧကဂ္ဂတာ၌၎င်း ငြိမ်သက်သောအဖြစ်သည် ထင်၏၊ ထိုအခါ ထိုယောဂီပုဂ္ဂိုလ်သည် ရုန့်ရင်းသော အင်္ဂါကို ပယ်ခြင်းငှါ ငြိမ်သက်သော အင်္ဂါကို ရစေခြင်းငှါ ထိုပထဝီကသိုဏ်း ပဋိဘာဂနိမိတ်ကိုပင် ပထဝီ ပထဝီဟူ၍ အဖန်တလဲလဲ နှလုံးသွင်းရာ ယခုအခါ တတိယဈာန် ဖြစ်ပေါ်တော့လတ္တံ့ဟု ဆိုအပ်သော ဇောဝီထိ၌ ဘဝင်ကိုဖြတ်၍ ထိုပထဝီကသိုဏ်းကိုပင် အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ်သည် ဖြစ်၏၊ ထို့နောက် ထိုအာရုံကိုပင် အာရုံပြု၍ လေးကြိမ်ငါးကြိမ် သော ဇောတို့သည် ဖြစ်ကုန်၏၊ ထိုဇောတို့တွင် အဆုံးဖြစ်သော ဇောတခုသည် တတိယဈာန်ရှိသော ရူပါဝစရဇော ဖြစ်၏၊ ကြွင်းသော ဇောတို့သည်ကား ဆိုအပ်ပြီးသော နည်းအတိုင်း ကာမာဝစရဇောတို့ ဖြစ်ကုန်၏။

ဤမျှသောဘာဝနာအစဉ်ဖြင့် ထိုယောဂီပုဂ္ဂိုလ်သည် ပီတိ၏ ကင်းခြင်းကြောင့် လျစ်လျူရှု၍နေ၏၊ သတိနှင့် ပြည့်စုံသည်

ဖြစ်၍၎င်း,ပညာအဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍၎င်း ရူပကာယ ဟု ဆိုအပ်သောကိုယ်ဖြင့် ကာယိကသုခ စေတသိကသုခကို ခံစား ၏၊ တတိယဈာန်ဟူသော အကြောင်းကြောင့် ထိုတတိယဈာန်နှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို ဘုရားအစရှိသော အရိယာ သူတော် ကောင်းတို့သည် လျစ်လျူရှုပေသောသူ, သတိနှင့် ပြည့်စုံသောသူ, ချမ်းသာစွာနေသောသူ ဟူ၍ ချီးမွမ်းကြကုန်၏၊ ထို တတိယဈာန် ကို ဝင်စား၍နေ၏၊ ဤသို့လျှင် ဤယောဂီပုဂ္ဂိုလ်သည် အင်္ဂါတပါး ကို ပယ်သော အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော သုံးပါးသော ကောင်း ခြင်းရှိသော ဆယ်ပါးသော လက္ခဏာနှင့်ပြည့်စုံသော ပထဝီ ကသိုဏ်းလျှင် အာရုံရှိသော တတိယဈာန်ကို ရသည်ဖြစ်၏။

၈၃။ ထို ဈာန်စကားတွင် "**ပီတိ၏ကင်းခြင်းကြောင့်**"ဆိုရာ၌ "ကင်းခြင်း" မည်သည်ကား ဆိုအပ်ပြီးသော အခြင်း အရာအားဖြင့် ပီတိကို စက်ဆုပ်ခြင်းသည်၎င်း, လွန်ခြင်း သည်၎င်း "ကင်းခြင်း" မည်၏။ ပီတိယာစ ဝိရာဂါ- ဟူသောပုဒ်၌ စသဒ္ဒါ၏ အဖွင့်များမှာ ဤမြန်မာပြန်နှင့် မဆိုင်သောကြောင့် မဆိုပြီ။

၈၄။ "**လျစ်လျူရှုသည်ဖြစ်၍ နေ၏**"ဆိုရာ၌ ဥပေက္ခာ ဆိုသည် ကား အသင့်အားဖြင့် ရှုတတ်သောကြောင့် အညီ အညွတ် ရှုတတ်သောကြောင့် ဥပေက္ခာမည်၏၊ သုခ ဒုက္ခ ဟူသော အဘို့တို့မကျမူ၍ ရှုတတ်၏ ဆိုလိုသည်၊ သန့်ရှင်းသော ပြန့်ပြော ကြီးမားသော မြဲစွဲနိုင်ခန့်သည် အဖြစ်သို့ရောက်သော ထို ဥပေက္ခာနှင့် ပြည့်စုံသော ကြောင့် တတိယဈာန်နှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို လျစ်လျူရှုသောသူဟူ၍ ဆိုအပ်၏။

ဥပေက္ခာသည်—

(၁) ဆဠင်္ဂုပေက္ခာ၊
(၂) ဗြဟ္မဝိဟာရုပေက္ခာ၊
(၃) ဗောဇ္ဈင်္ဂုပေက္ခာ၊

(၄) ဝိရိယုပေက္ခာ၊
(၅) သင်္ခါရုပေက္ခာ၊
(၆) ဝေဒနုပေက္ခာ၊
(၇) ဝိပဿနုပေက္ခာ၊
(၈) တတြမဇ္ဈတ္တုပေက္ခာ၊
(၉) ဈာနုပေက္ခာ၊
(၁၀) ပါရိသုဒ္ဓုပေက္ခာ

ဟူ၍ ဆယ်ပါးအပြားရှိ၏။

(၁) ထိုဆယ်ပါးတို့တွင် ဤသာသနာတော်၌ ရဟန္တာဖြစ်သော ရဟန်းသည် မျက်စိဖြင့် ရူပါရုံကိုမြင်၍ ဝမ်းမြောက်ခြင်းမဖြစ်, နှလုံးမသာခြင်းမဖြစ်, သတိသမ္ပဇဉ်နှင့် ပြည့်စုံစွာ လျစ်လျူရှုသည်ဖြစ်၍ နေ၏ဟု ဤသို့ ဟောတော်မူသော ရဟန္တာပုဂ္ဂိုလ်တို့၏ ဒွါရခြောက်ပါးတို့တွင် ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့ ထင်လတ်သော် စင်ကြယ်သော ပကတိသဘောကို မစွန့်သောအခြင်းအရာအားဖြင့်ဖြစ်သော အကြင်ဥပေက္ခာသည် ရှိ၏၊ ဤရဟန္တာပုဂ္ဂိုလ်တို့၏ ဥပေက္ခာသည် **ဆဠင်္ဂုပေက္ခာ** မည်၏။

(၂) "**ဥပေက္ခာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတွာ ဝိဟရတိ**"ဟူ၍ လာသော သတ္တဝါတို့၌ အလယ်အလတ်သဘောရှိသော အခြင်းအရာဖြစ်သော အကြင်ဥပေက္ခာသည် ရှိ၏၊ ဤဥပေက္ခာသည် **ဗြဟ္မဝိဟာရုပေက္ခာ** မည်၏။

(၃) "**ဥပေက္ခာသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ ဝိဝေကနိဿိတံ**" ဟူ၍ လာသော သဟဇာတ်တရားတို့အား လျစ်လျူရှုသော အခြင်းအရာအားဖြင့် ဖြစ်သော အကြင်ဥပေက္ခာသည် ရှိ၏၊ ဤဥပေက္ခာသည် **ဗောဇ္ဈင်္ဂုပေက္ခာ** မည်၏။

(၄) "**ကာလေန ကာလံ ဥပေက္ခာနိမိတ္တံ မနသိကရောတိ**" ဟူ၍ လာသော မတင်းလွန်း မလျော့လွန်းသော ဝိရိယဟု ဆိုအပ်သော အကြင်ဥပေက္ခာသည် ရှိ၏၊ ဤဥပေက္ခာသည် **ဝိရိယုပေက္ခာ** မည်၏။

(၅) **"ကတိ သင်္ခါရုပေက္ခာ သမာဓိဝသေန ဥပ္ပဇ္ဇန္တိ၊ ကတိ သင်္ခါရုပေက္ခာ ဝိပဿနာဝသေန ဥပ္ပဇ္ဇန္တိ၊ အဋ္ဌသင်္ခါရုပေက္ခာ သမာဓိဝသေန ဥပ္ပဇ္ဇန္တိ၊ ဒသ သင်္ခါရုပေက္ခာ ဝိပဿနာဝသေန ဥပ္ပဇ္ဇန္တိ"** ဟူ၍ ဤသို့လာသော နီဝရဏ အစရှိသည်ကို သိမ်းဆည်း၍ တည်ခြင်း ယူခြင်း၌ လျစ်လျူဖြစ်သော အကြင် ဥပေက္ခာသည် ရှိ၏၊ ဤဥပေက္ခာသည် **သင်္ခါရုပေက္ခာ** မည်၏။

(၆) **"ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ ဥပေက္ခာသဟဂတံ"** ဟူ၍ လာသော ဒုက္ခလည်းမဟုတ် သုခလည်းမဟုတ်သော ဝေဒနာဟု မှတ်အပ်သော အကြင် ဥပေက္ခာသည် ရှိ၏၊ ဤ ဥပေက္ခာသည် **ဝေဒနုပေက္ခာ** မည်၏။

(၇) **"ယဒတ္ထိ ယံ ဘူတံ၊ ပဇဟတိ၊ ဥပေက္ခံ ပဋိလဘတိ"** ဟူ၍ လာသော ခန္ဓာငါးပါးကို သုံးသပ်ဆင်ခြင်ရာ အလယ် အလတ်သဘောဖြစ်သော အကြင် ဥပေက္ခာသည် ရှိ၏၊ ဤ ဥပေက္ခာသည် **ဝိပဿနုပေက္ခာ** မည်၏။

(၈) ဆန္ဒ အစရှိသော ယေဝါပနက-သဒ္ဒါဖြင့် ဟောတော်မူ အပ်သော တရားတို့၌လာသော သဟဇာတ်တရားတို့ကို အမျှ ဆောင်တတ်သော အကြင်ဥပေက္ခာသည် ရှိ၏၊ ဤဥပေက္ခာသည် **တတြမဇ္ဈတ္တုပေက္ခာ** မည်၏။

(၉) **"ဥပေက္ခကော စ ဝိဟရတိ"** ဟူ၍ လာသော မြတ်သော သုခဖြစ်သော်လည်း ထို တတိယဈာန်သုခ၌ အဖော် မရှိခြင်းသို့ ကျစေတတ်သော အကြင် ဥပေက္ခာသည် ရှိ၏၊ ဤ ဥပေက္ခာသည် **ဈာနုပေက္ခာ** မည်၏။

(၁၀) **"ဥပေက္ခာသတိပါရိသုဒ္ဓိံ စတုတ္ထံ ဈာနံ"** ဟူ၍ ဤသို့ လာသော အလုံးစုံသော ဆန့်ကျင်ဘက်တရားတို့မှ စင်ကြယ်သော ဆန့်ကျင်ဘက်တရားတို့ကို ငြိမ်းစေခြင်း၌ ကြောင့်ကြ မရှိသော အကြင် ဥပေက္ခာသည် ရှိ၏၊ ဤဥပေက္ခာသည် **ပါရိသုဒ္ဓုပေက္ခာ** မည်၏။

ထိုဆယ်မျိုးသော ဥပေက္ခာတို့တွင် ဆဠင်္ဂုပေက္ခာ, ဗြဟ္မဝိဟာရုပေက္ခာ, ဗောဇ္ဈင်္ဂုပေက္ခာ, တတြမဇ္ဈတ္တုပေက္ခာ, ဈာနုပေက္ခာ ပါရိသုဒ္ဓုပေက္ခာတို့သည် အနက်သဘောအားဖြင့် တူ၏၊ တတြမဇ္ဈတ္တုပေက္ခာ စေတသိက်ပင်တည်း၊ ထိုထိုအခိုက်အတန့် ဒအထူးအားလျော်စွာ ထိုတတြမဇ္ဈတ္တုပေက္ခာ၏ ဆိုအပ်ခဲ့ပြီးသော အပြားကို သိအပ်၏၊ တယောက်သာဖြစ်သော သတ္တဝါကို သူငယ်, ပုလင်ပျို, ထေရ်ကြီး, စစ်သူကြီး, မင်း အစရှိသည်တို့၏ အစွမ်းဖြင့် ပြားခြင်းကဲ့သို့ မှတ်အပ်၏၊ ထို့ကြောင့် ထို ဥပေက္ခာတို့တွင် အကြင် စိတ္တုပ္ပါဒ်၌ ဆဠင်္ဂုပေက္ခာသည် ဖြစ်၏၊ ထိုစိတ္တုပ္ပါဒ်၌ ဗောဇ္ဈင်္ဂုပေက္ခာ အစရှိသည်တို့သည် မဖြစ်ကုန်၊ အကြင် စိတ္တုပ္ပါဒ်၌ကား ဗောဇ္ဈင်္ဂုပေက္ခာသည် ဖြစ်၏၊ ထိုစိတ္တုပ္ပါဒ်၌ ဆဠင်္ဂုပေက္ခာ အစရှိသည်တို့ ဖြစ်ကုန်၏ဟု သိအပ်၏၊ ထို ဆဠင်္ဂုပေက္ခာ အစရှိသည်တို့သည် သရုပ်အားဖြင့် တူသကဲ့သို့ ဤအတူ သင်္ခါရုပေက္ခာ, ဝိပဿနုပေက္ခာတို့သည်လည်း သရုပ်အားဖြင့် တူ၏၊ ထိုဥပေက္ခာတို့မှာ ပညာသာ ဖြစ်၏၊ ထိုပညာသည်ပင် ကိစ္စ၏ အစွမ်းဖြင့် နှစ်ပါး ပြားလေသည်။

ဥပမာသော်ကား ညနေချမ်းအခါ အိမ်သို့ဝင်လာသောမြွေကို ဆိတ်ခွါသဏ္ဌာန် အခြေရှိသော တောင်ဝှေးကိုကိုင်လျက် ရှာသည် ရှိသော် ဖွဲပုံပေါ်၌ အိပ်နေသောမြွေကိုမြင်၍ မြွေဆိုးလော မြွေဆိုးမဟုတ်သလောဟု စုံစမ်းကြည့်ရှုစဉ် လည်ကြား အရေးသုံးဆင့်ကို မြင်၍ ယုံမှားကင်းသော ယောက်ျား၏ မြွေဆိုးလေလော မြွေဆိုးမဟုတ်လေသလောဟု စုံစမ်းရာ၌ လျစ်လျူသဘောသည် ဖြစ်သကဲ့သို့ ဤအတူ အားထုတ်ရှုသော ယောဂီပုဂ္ဂိုလ်အား ဝိပဿနာဉာဏ်ဖြင့် လက္ခဏာရေးသုံးပါးတို့ကို မြင်သည်ရှိသော် သင်္ခါရတို့၏ အနိစ္စအဖြစ် စသည်ကို စုံစမ်းဆင်ခြင်ရာ၌ လျစ်လျူရှုသော အဖြစ်သည် ဖြစ်၏၊ ဤ ဥပေက္ခာသည် ဝိပဿနုပေက္ခာ မည်၏၊ ထို ရှာသော ယောက်ျား၏ ဆိတ်ခွါသဏ္ဌာန်ရှိသော တောင်ဝှေးဖြင့် မြဲမြဲကြပ်ကြပ် မြွေကိုနှိပ်၍ ငါသည် အဘယ်သို့လျှင် ဤမြွေကိုလည်း မညှဉ်းဆဲမူ၍ ငါ့ကိုလည်းမကိုက်စေမူ၍ လွှတ်ရ

ပါအံ့နည်းဟု လွှတ်ရအံ့သော အကြောင်းကို ရှာသည်ရှိသော် နှိပ်ထားရာ၌ လျစ်လျူ သဘောသည်ဖြစ်သကဲ့သို့ ဤအတူ သင်္ခါရတို့၏ လက္ခဏာရေးသုံးပါးကို မြင်အပ်ပြီးသောကြောင့် ဘုံသုံးပါးကို အလျှံတပြောင်ပြောင် မီးလောင်သော အိမ်ကဲ့သို့ ရှုသော ယောဂီပုဂ္ဂိုလ်အား သင်္ခါရတို့ကို တဏှာဒိဋ္ဌိအားဖြင့် စွဲလမ်းခြင်း၌ အကြင်အလယ်အလတ် သဘောသည် ရှိ၏၊ ဤဥပေက္ခာသည် သင်္ခါရုပေက္ခာ မည်၏၊ ဤသို့ ဝိပဿနုပေက္ခာ၏ ပြီးခြင်းဖြင့် သင်္ခါရုပေက္ခာသည်လည်း ပြီးသည် ဖြစ်၏၊ ဤ ဝိပဿနုပေက္ခာ သင်္ခါရုပေက္ခာသည် စိစစ်ခြင်း စွဲလမ်းခြင်းတို့၌ လျစ်လျူရှုခြင်းဟု ဆိုအပ်သော ဤကိစ္စအားဖြင့် နှစ်ပါးပြား၏။

ထို့ပြင် ဝီရိယုပေက္ခာသည်၎င်း, ဝေဒနုပေက္ခာသည်၎င်း, အချင်းချင်း၎င်း, ကြွင်းသော ရှစ်ပါးသော ဥပေက္ခာတို့နှင့်၎င်း သရုပ်အားဖြင့် ကွဲပြားသည်သာ ဖြစ်၏၊ ဤဆယ်ပါးသော ဥပေက္ခာတို့တွင် ဤလျစ်လျူရှု၍ နေ၏ ဟူသောစကား၌ ဈာနု-ပေက္ခာကို အလိုရှိအပ်၏။

ထိုဈာနုပေက္ခာသည် အလယ်အလတ်ဖြစ်သော သဘောလျှင် မှတ်ကြောင်းလက္ခဏာ ရှိ၏၊ အလွန်မွန်မြတ်သော တတိယဈာန် ချမ်းသာကိုသော်လည်း နှလုံးမသွင်းခြင်းကိစ္စ ရှိ၏၊ ခံစားအံ့ဟု ကြောင့်ကြ မစိုက်ခြင်းလျှင် ထင်သောအခြင်းအရာ ရှိ၏၊ ပီတိကို စက်ဆုပ်ခြင်းလျှင် နီးသောအကြောင်း ရှိ၏။

ဤဈာနုပေက္ခာသည် သဘောအားဖြင့် တတြမဇ္ဈတ္တုပေက္ခာပင် ဖြစ်သည် မဟုတ်ပါလော၊ ထိုတတြမဇ္ဈတ္တုပေက္ခာသည် ပဌမဈာန် ဒုတိယဈာန်တို့၌လည်း ရှိသည် မဟုတ်ပါလော၊ ထို့ကြောင့် ထိုပဌမဈာန်, ဒုတိယဈာန်တို့၌လည်း "လျစ်လျူရှုသည်ဖြစ်၍ နေ၏"ဟု ဤတတြမဇ္ဈတ္တုပေက္ခာကို ဆိုအပ်သည် ဖြစ်ရာ၏၊ ထိုတတြမဇ္ဈတ္တုပေက္ခာကို အဘယ့်ကြောင့် မဟောအပ်သနည်း၊ ဤသည်ကား–စောဒနာတည်း၊ မထင်သောကိစ္စရှိသည် အဖြစ်ကြောင့် မဟောအပ်၊ ထိုစကား မှန်၏၊ သမ္ပယုတ်တရားတို့၏ ချောက်ချားခြင်းကို ပြုတတ်သော ဝိတက်, ဝိစာရ, ပေါ်လွင်

ခြင်းကို ပြုတတ်သော ပီတိတို့သည် လွှမ်းမိုးအပ်သည် အဖြစ်ကြောင့် ထိုပဌမဈာန်, ဒုတိယဈာန်တို့၌ တတြမဇ္ဈတ္တတာ၏ ကိစ္စသည် မထင်သည် ဖြစ်၏၊ ဤတတိယဈာန်၌ တတြမဇ္ဈတ္တတာသည် ဝိတက်,ဝိစာရ, ပီတိတို့က မလွှမ်းမိုးအပ်သောကြောင့် ခေါင်းထောင်သကဲ့သို့ ဖြစ်၍ ထင်သောကိစ္စ ရှိသည် ဖြစ်၏၊ ထို့ကြောင့် ဆိုအပ်၏၊ ဤသည်ကား–အဖြေတည်း။

''လျစ်လျူ ရှုသည်ဖြစ်၍ နေ၏''ဟူသော ဤ ဝါကျ၏ အလုံးစုံသော အနက်အဓိပ္ပါယ် ဖော်ပြချက် အဖွင့်သည် ပြီးပြည့်စုံပြီ။

---

၁၅။ ယခုအခါ "သတိရှိသည်ဖြစ်၍ ပညာအဆင်အခြင် သမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍"ဟူသော စကား၏အနက်အဓိပ္ပါယ်ကို ဖွင့်ပြပေအံ့၊ ဤစကား၌"သတိ"ဆိုသည်ကား ကြံအောက် မေ့ တတ် သော ကြောင့် သတိ မည်၏၊ ကောင်းစွာ အပြားအားဖြင့် သိတတ်သောကြောင့် သမ္ပဇာနမည်၏၊ ပုဂ္ဂိုလ်ဖြင့် သတိကိုငင်း, သမ္ပဇညကို ငင်း ဆိုအပ်၏၊ ထိုစကားတွင် သတိသည် အောက်မေ့ခြင်း လက္ခဏာရှိ၏၊ မမေ့မလျော့ခြင်း ကိစ္စရသရှိ၏၊ ကိလေသာတို့မှ စောင့်ရှောက်ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏၊ သမ္ပဇညသည် မတွေဝေခြင်းလက္ခဏာ ရှိ၏၊ ဆုံးခန်းတိုင်ရောက်အောင် ကူးခပ်နိုင်သောကိစ္စ ရသရှိ၏၊ စိစစ်စုံစမ်းခြင်းလျှင် ထင်သော အခြင်းအရာ ရှိ၏။

ထိုဈာန်တို့ဘွင် ဤသတိနှင့် သမ္ပဇညသည် ရှေးဈာန်တို့၌လည်း ရှိ၏၊ ထိုစကားမှန်သည်၊ လွတ်သောသတိရှိသော သမ္ပဇဉ် ပညာကင်းသောသူအား **ဥပစာရ** မျှလည်း မပြည့်စုံနိုင်ချေ၊ အပ္ပနာဈာန်မှုကား ဆိုဘွယ်ရာမရှိ မပြည့်စုံသည်သာ ဖြစ်၏၊ ထိုသို့ ရှေ့ဈာန်တို့၌ သတိ သမ္ပဇညရှိပါသော်လည်း ထိုဈာန်တို့၏ ရုန့်ရင်းသည့်အဖြစ်ကြောင့် မြေ၌ ယောကျ်ား၏ အလားသည်

လွှယ်ကူသကဲ့သို့ ထိုပဌမဈာန်, ဒုတိယဈာန်တို့၌ စိတ်၏အလား သည် လွယ်ကူ၏၊ ထိုဈာန်၌ သတိသမ္ပဇဉ်၏ ကိစ္စသည် မထင်ရှား၊ အထူးသော်ကား ရုန့်ရင်းသောအင်္ဂါကို ပယ်ခြင်းကြောင့် ဤ တတိယဈာန်၏ သိမ်မွေ့သည်အဖြစ်ကြောင့်သင်ရန်းသွားပေါ်ကွင် သတိ သမ္ပဇဉ်ကိစ္စဖြင့် သိမ်ဆည်းအပ်သော ယောကျ်ား အလားကဲ့သို့ စိတ်၏အလားကို အလိုရှိအပ်၏၊ ထို့ကြောင့် ဤ တတိယဈာန်၌သာလျှင် ဤပုဒ်နှစ်ခု အပေါင်းကို ဆိုအပ်၏။

ထို့ပြင် ဆိုသော်ကား နို့မကွာသေးသော နွားငယ်သည် အမိ နွားမကြီးမှ ခွဲ၍ မစောင့်ရှောက်ဘဲ ထားခဲ့သော် တဖန် အမိနွားမ ကြီးသို့ ကပ်ပြန်သကဲ့သို့ ဤအတူ ဤတတိယဈာန်သုခသည် ပီတိ မှ ခွဲခွါအပ်သည်ဖြစ်၏၊ ထိုတတိယဈာန်သုခသည် သတိသမ္ပဇဉ် ဟူသော အစောင့်အရှောက်ဖြင့် မစောင့်ရှောက်ပါမူ တဖန် ပီတိသို့ ကပ်လေရာ၏၊ ပီတိနှင့်ယှဉ်သည်သာ ဖြစ်ရာ၏၊ တနည်း သော်ကား သတ္တဝါတို့သည် ချမ်းသာသုခ၌ လွန်စွာ တပ်နှစ် သက်ကြကုန်၏၊ ဤတတိယဈာန်သုခသည်လည်း အလွန် ကောင်း မြတ်သော ချမ်းသာသုခ ဖြစ်၏၊ ထိုသုခထက် လွန်မြတ်သော ချမ်းသာသုခဟူ၍မရှိ၊သတိသမ္ပဇဉ်၏ အာနုဘော်ဖြင့် ဤတတိယ ဈာန်သုခ၌ မတပ်နှစ်သက်ခြင်းသည် ဖြစ်၏၊ တပါးသော အကြောင်းကြောင့် မဖြစ်သည်မဟုတ်၊ ဤအနက်ထူးကိုပြခြင်းငှါ ဤသတိသမ္ပဇဉ်ဟူသော ပုဒ်နှစ်ခုကို ဤတတိယဈာန်၌ ဟော တော်မူသည် ဟု သိအပ်၏။

"ကိုယ်ဖြင့် ချမ်းသာကို ခံစား၏"ဟူသော စကား၌ တတိယ ဈာန်နှင့် ပြည့်စုံသောပုဂ္ဂိုလ်၏ ချမ်းသာကိုခံစားအံ့ဟု နှလုံး သွင်းခြင်းသည် အကယ်၍ကား မရှိသည် မှန်၏၊ ဤသို့ဖြစ်သော် လည်း ထိုတတိယဈာန်နှင့် ပြည့်စုံသောပုဂ္ဂိုလ်၏ နာမကာယနှင့် ယှဉ်သော သုခသည် ရှိ၏၊ ထိုသုခကို ထိုပုဂ္ဂိုလ်သည် ခံစား ရာ၏၊ တနည်းကား—နာမကာယနှင့်ယှဉ်သော အကြင်သုခသည် ရှိ၏၊ ထိုသုခကြောင့်ဖြစ်သော အလွန်မြတ်သော စိတ္တဇရုပ်ဖြင့် ထိုပုဂ္ဂိုလ်၏ ရူပကာယသည် ပျံ့နှံ့၏၊ ထိုပျံ့နှံ့သောကြောင့်

ရျာန်မှ ထသော်လည်း ရျာန်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ထို ကာယိကသုခကို ခံစားရာ၏၊ ထို့ကြောင့် ထိုအနက်အဓိပ္ပါယ်ကို ပြခြင်းငှါ "ကိုယ်ဖြင့်လည်း ချမ်းသာကို ခံစား၏" ဟူသော စကားကို ဆိုအပ်၏။

၁၆၆။ "အကြင် တတိယရျာန်နှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို ဘုရားအစရှိသော သူတော်ကောင်းတို့သည် လျစ်လျူရှုလေ့ရှိသောသူ, သတိနှင့်ပြည့်စုံသောသူ, ချမ်းသာစွာနေလေ့ရှိသောသူဟု ပြောကြားကုန်၏" ဟူသော ဤစကား၌ အကြင် တတိယရျာန် ဟူသော အကြောင်းကြောင့် ထိုတတိယရျာန်နှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို ဘုရားအစရှိကုန်သော သူတော်ကောင်းတို့သည် ပြောကြားကုန်၏၊ ဟောတော်မူကုန်၏၊ သိစေတော်မူကြကုန်၏၊ ထားကြကုန်၏၊ ဖွင့်ကြကုန်၏၊ ဝေဘန်ကြကုန်၏၊ ပေါ်လောပေါ်အောင် ပြုကြကုန်၏၊ ချီးမွမ်းမြှောက်စားကြကုန်၏ဟု ဆိုလိုသည်၊ ဤသို့လျှင် ဆိုလိုသောအဓိပ္ပါယ်ကို သိအပ်၏။

အဘယ်သို့ ချီးမွမ်းသနည်း ဟူမူ၊ လျစ်လျူ ရှုနိုင်သောသူ, သတိကောင်းပေသောသူ, ချမ်းသာစွာ နေလေ့ရှိပေသောသူ ဟု ချီးမွမ်း၏၊ ထို တတိယရျာန်ကိုရောက်၍ နေ၏ဟု ဤသို့ ဤဝါကျ၌ အနက်ပေးနည်းကို သိအပ်၏။

အဘယ့်ကြောင့် ထိုတတိယရျာန်နှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို ဤသို့ ချီးမွမ်းကုန်သနည်းဟူမူ ချီးမွမ်းခြင်းငှါ ထိုက်သောကြောင့် ချီးမွမ်း၏၊ ဤ တတိယရျာန်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် အကြင့်ကြောင့် အလွန်ကောင်းမြတ်သော သုခရှိသော သုခ၏ အထွတ်အမြတ်သို့ရောက်သော တတိယရျာန်၌လည်း လျစ်လျူရှုနိုင်ပေ၏၊ ထိုတတိယရျာန်၌ သုခနှင့်ကပ်ငြိသော တဏှာသည် မဆွဲငင်နိုင်၊ အကြင် အခြင်းအရာအားဖြင့် ပီတိသည် မဖြစ်၊ ထင်သော သတိရှိသည်ဖြစ်၍ သတိနှင့်ပြည့်စုံပေ၏၊ ထို့ပြင် အရိယာတို့သည် မှီဝဲထိုက်သော မညစ်နွမ်းသော စေတသိကသုခကို နာမကာယဖြင့်

ခံစား၏၊ ထို့ကြောင့် ချီးမွမ်းခြင်းငှါ ထိုက်ပေ၏၊ ဤသို့ ချီးမွမ်း ထိုက်သောကြောင့် ထိုပုဂ္ဂိုလ်ကို အရိယာပုဂ္ဂိုလ်သည် ချီးမွမ်း ခြင်း၏ အကြောင်းဖြစ်သော ဂုဏ်တို့ကို ဖော်ပြလိုသောကြောင့် လျစ်လျူရှုသောသူ အစရှိသည်ဖြင့် ချီးမွမ်းအပ်ကုန်၏ဟု သိအပ်၏။

"**တတိယ**"ဆိုသည်ကား-အရေအတွက်အစဉ်ကျသောကြောင့် တတိယ မည်၏၊ ထိုတတိယဈာန်ကို ဝင်စားသောကြောင့်လည်း တတိယ မည်၏၊ အင်္ဂါတပါးကို ပယ်အပ်၏၊ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံ၏ဆိုသည်ကား-ပီတိကို ပယ်ခြင်း၏ အစွမ်းဖြင့် အင်္ဂါ တပါးကို ပယ်ခြင်းကို သိအပ်၏၊ ထိုပီတိကို ဒုတိယဈာန်၏ အပ္ပနာခဏမှာ ဝိတက် ဝိစာရတို့ကို ပယ်သကဲ့သို့ အပ္ပနာခဏ၌ သာလျှင် ပယ်၏၊ ထို့ကြောင့် ထိုပီတိကို ထိုတတိယဈာန်၏ ပယ် အပ်သော အင်္ဂါဟု ဆိုအပ်၏၊ သုခကိုင၎်း, ဧကဂ္ဂတာကိုင၎်း ဤ နှစ်ပါးသော တရားတို့ကို ဖြစ်သည်၏ အစွမ်းဖြင့် အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသည်အဖြစ်ကို သိအပ်၏၊ ထို့ကြောင့် **ဝိဘင်းပါဠိတော်၌** "ဈာနန္တိ ဥပေက္ခာ သတိသမ္ပဇညံ သုခံ စိတ္တဿေကဂ္ဂတာ" ဟူ၍ ဟောတော်မူအပ်၏၊ ထိုစကားကို အခြံအရံနှင့်တကွသော ဈာန်ကို ပြခြင်းငှါ ပရိယာယ်အားဖြင့် ဟောအပ်၏၊ ဥပေက္ခာ, သတိ, သမ္ပဇညတို့ကိုထား၍ မုချအားဖြင့် ကပ်၍ ရှုခြင်းလက္ခ ဏာသို့ ရောက်ကုန်သော အင်္ဂါတို့၏ အစွမ်းဖြင့် ဤတတိယ ဈာန်သည် အင်္ဂါနှစ်ပါးသာရှိ၏၊ အဘယ်သို့ ဟောတော်မူသနည်း ဟူမူကား "ကတမံ တသ္မိံ သမယေ ဒုဝင်္ဂိကံ ဈာနံ ဟောတိ သုခံ စိတ္တဿေကဂ္ဂတာ"ဟူ၍ ဟောတော်မူအပ်၏၊ ကြွင်းသော စကားများကို ပဌမဈာန်တွင် ဆိုပြီးသောနည်းအတိုင်း သိအပ်၏။

## စတုတ္ထဈာန်ကိုပြခြင်း

၁၇။ ဤဆိုအပ်ပြီးသော တတိယဈာန်ကို ရအပ်ပြီးသည် ရှိသော် ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း ငါးပါးသော အခြင်းအရာတို့ဖြင့် လေ့ကျက်အပ်သော ဝသီရှိသည် ဖြစ်၍ လေ့လာအပ်ပြီးသော တတိယဈာန်မှထ၍ ဤ

ပာတိယချာန် သမာပတ်သည် ပီတိတည်းဟူသော ရန်သူ
နှင့် နီး၏ဟူ၍၎င်း၊ ထိုတတိယချာန်၌ အကြင်အင်္ဂါကို
သုခဟူ၍၎င်း စိတ်၏ နှလုံးသွင်းခြင်းသည် ရှိ၏၊ ဤသုခ
ဖြင့်သာလျှင် ထိုတတိယချာန်ကို ရုန့်ရင်း၏ဟူ၍ ဟော
အပ်၏၊ ဤသို့ ဆိုအပ်သောသုခ၏ ရုန့်ရင်းသည်အဖြစ်
ကြောင့် အင်္ဂါအားနည်း၏ဟူ၍၎င်း ထိုတတိယချာန်၌
အပြစ်ဒေါသကိုမြင်၍ စတုတ္ထချာန်ကို ငြိမ်သက်၏ဟု
နှလုံးသွင်း၍ တတိယချာန်၌ ငြိကပ်တွယ်တာခြင်းကို
ကုန်စေပြီးလျှင် စတုတ္ထချာန်ကို ရခြင်းငှါ အားထုတ်ခြင်း
ကို ပြုအပ်၏၊ ထိုသို့ အပတ်တကုတ် အားထုတ် ကြိုးစား
လေသော် အကြင်အခါ တတိယချာန်မှထ၍ သတိ
ရှိသည်ဖြစ်၍ ပညာအဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍
ချာန်အင်္ဂါတို့ကို ဆင်ခြင်သော ထိုပုဂ္ဂိုလ်အား စေတသိက
သောမနဿ ဝေဒနာဟု ဆိုအပ်သော သုခသည် ရုန့်ရင်း
သောအားဖြင့် ထင်၏၊ ဥပေက္ခာ ဝေဒနာသည်၎င်း,
စိတ္တေကဂ္ဂတာသည်၎င်း ငြိမ်သက်သောအားဖြင့်
ထင်၏၊ ထိုအခါ ရုန့်ရင်းသော အင်္ဂါကို ပယ်ခြင်းငှါ
ငြိမ်သက်သော အင်္ဂါကို ရစေခြင်းငှါ ထိုပဋိဘာဂနိမိတ်
ကိုပင်လျှင် ပထဝီ ပထဝီဟူ၍ အဖန်တလဲလဲ နှလုံးသွင်း
သော ယောဂီပုဂ္ဂိုလ်အား စတုတ္ထချာန်ဖြစ်တော့မည်
ရှိသောအခါ ဘဝင်ကိုဖြတ်၍ ထိုပထဝီကသိုဏ်းကိုပင်
အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ်သည် ဖြစ်၏၊ ထို့နောက်
ထိုအာရုံကိုပင် အာရုံပြု၍ လေးကြိမ် ငါးကြိမ်သော
ဇောတို့သည် ဖြစ်ကုန်၏၊ ထိုဇောတို့တွင် အဆုံးဇော
တခုသည် ရူပါဝစရ စတုတ္ထချာန်ဇောဖြစ်၏၊ ကြွင်း
သောဇောတို့မှာ ဆိုခဲ့ပြီးသော နည်းအတိုင်း ကာမာ
ဝစရဇောတို့ ဖြစ်ကုန်၏။

ဤဆိုလတ္တံ့သည်ကား အထူးတည်း၊ ထိုသို့ ဝေဒနာသည်
အဒုက္ခ မသုခဝေဒနာအား အာသေဝနပစ္စည်းဖြင့် ကျေးဇူးပြု

သည်မဖြစ်၊ စတုတ္ထချာန်၌လည်း အဒုက္ခ မသုခဝေဒနာဖြင့် ဖြစ်သင့်၏၊ ထို့ကြောင့် အပ္ပနာဝီထိ၌ဖြစ်သော ထိုလေးဆယ့်လေးကြိမ်သော ဇောတို့သည် ဥပေက္ခာ ဝေဒနာနှင့် ယှဉ်ကုန်၏၊ ဤဇောတို့၌ ဥပေက္ခာ ဝေဒနာနှင့် ယှဉ်သောကြောင့်လည်း, မျှ ဟယ်ယချာန်ခဏ၌ပင် ပယ်သောကြောင့်လည်း ဗိတိမှယုတ်၏၊ ဤသည်ကား အထူးတည်း။

ဤမျှသော ဘာဝနာအစဉ်ဖြင့် ထိုယောဂီပုဂ္ဂိုလ်သည် သုခကို ပယ်ခြင်းကြောင့်လည်း, ဒုက္ခကို ပယ်ခြင်းကြောင့်လည်း, ရှေးမဆွကပင် သောမနဿ ဝေဒနာ, ဒေါမနဿ ဝေဒနာတို့၏ ချုပ်ခြင်းကြောင့် အဒုက္ခ မသုခ ဟု ဆိုအပ်သော ဥပေက္ခာသည် ဖြစ်စေအပ်သော သတိ၏စင်ကြယ်ခြင်း ရှိသော စတုတ္ထချာန်ကို ဝင်စား၍ နေ၏၊ ဤသို့လျှင် ဤယောဂီပုဂ္ဂိုလ်သည် ပယ်အပ်သော အင်္ဂါ တပါး၊ ပြည့်စုံသော အင်္ဂါနှစ်ပါး၊ ကောင်းခြင်းသုံးပြား ဆယ်ပါးသော လက္ခဏာနှင့်ပြည့်စုံသော ပထဝီကသိုဏ်းလျှင် အာရုံရှိသော စတုတ္ထချာန်ကို ရသည်ဖြစ်၏။

ဂဂ။ ထိုချာန်စကားစု၌ "သုခကို ပယ်ခြင်းကြောင့်လည်း, ဒုက္ခကို ပယ်ခြင်းကြောင့်လည်း" ဆိုသည်ကား ကာယိက သုခကိုလည်း, ကာယိက ဒုက္ခကိုလည်း ပယ်ခြင်းကြောင့် ဟု ဆိုလိုသည်။

"ရှေးမဆွကပင်" ဆိုသည်ကား ထိုသို့ ပယ်ခြင်းသည် ရှေးကပင် ဖြစ်သည်၊ စတုတ္ထချာန်ခဏ၌သာ ဖြစ်သည်မဟုတ် ဆိုလို၏၊ "သောမနဿ ဝေဒနာ ဒေါမနဿ ဝေဒနာတို့၏ ချုပ်ခြင်းကြောင့်" ဆိုသည်ကား စေတသိက သုခ၏လည်း, စေတသိက ဒုက္ခ၏လည်း ဤနှစ်ပါးတို့၏လည်း ရှေးဦးကပင် ချုပ်ခြင်းကြောင့် ပယ်ခြင်းကြောင့် ဟူ၍ ဆိုလိုသည်။

ဘယ်အခါ၌ ထို သုခ ဒုက္ခ သောမနဿ ဒေါမနဿ ဝေဒနာတို့ကို ပယ်သနည်း ဟူမူ လေးပါးသော ချာန်တို့၏ ဥပစာရ ခဏ၌ ပယ်၏။

အကျယ်ပြဦးမည်၊ သောမနဿ ဝေဒနာကို စတုတ္ထဈာန်၏ ဥပစာရ ခဏာ၌ပင်လျှင် ပယ်အပ်၏၊ ဒုက္ခ ဒေါမနဿ သုခတို့ကို ပဌမဈာန် ဒုတိယဈာန် တတိယဈာန်တို့၏ ဥပစာရခဏတို့၌ ပယ်အပ်ကုန်၏၊ ဤသို ပယ်သော အစဉ်အားဖြင့်မဆို ကုန်သော်လည်း ဣန္ဒြိယဝိဘင်း၌ငှင်း, ဤဈာန်ပါဠိတော်၌ငှင်း ဇုန္ဒြေတို့၏ ဖြစ်ပေါ်သော အစဉ်အားဖြင့်သာလျှင် ဟောအပ်ကုန်သော ထိုသုခ ဒုက္ခ သောမနဿ ဒေါမနဿတို့ကို ပယ်ခြင်းကို သိအပ်၏။

ထိုသုခ ဒုက္ခ သောမနဿ ဒေါမနဿတို့ကို ထိုထိုဈာန်၏ ဥပစာရ ခဏ၌သာလျှင် အကယ်၍ ပယ်အပ်ကုန်သည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါလျက် အဘယ်ကြောင့် "ဖြစ်သော ဒုက္ခိန္ဒြေသည် အဘယ်၌ သနစ္စ အကြွင်းမဲ့ ချုပ်သနည်း၊ အို-ရဟန်းတို့, ဤ သာသနာတော်၌ ရဟန်းသည် ကာမတို့မှ ဆိတ်ကင်း၍သာလျှင်....(လ)....ပဌမဈာန်ကို ဝင်စား၍ နေ၏၊ ဤပဌမဈာန်၌ ဖြစ်သော ဒုက္ခိန္ဒြေသည် အကြွင်းမရှိချုပ်၏၊ အဘယ်ဌာန၌ ဖြစ်သော ဒေါမနဿိန္ဒြေသည် သုခိန္ဒြေသည် သောမနဿိန္ဒြေသည် အကြွင်းမရှိ ချုပ်သနည်း၊ အို-ရဟန်းတို့, ဤသာသနာတော်၌ ရဟန်းသည် သုခကို ပယ်ခြင်းကြောင့်ငှင်း....(လ)....စတုတ္ထဈာန်ကို ဝင်စား၍ နေ၏၊ ဤစတုတ္ထဈာန်၌ဖြစ်သော သောမနဿိန္ဒြေသည် အကြွင်းမရှိ ချုပ်၏" ဟူ၍ ဤသို့ဈာန်၌သာလျှင် ချုပ်ခြင်းကို ဟောတော်မူအပ်သနည်း၊ အလွန်အကဲအားဖြင့် ချုပ်သည် အဖြစ်ကြောင့် ဈာန်၌သာလျှင် ချုပ်ခြင်းကို ဟောအပ်၏၊ ထိုစကား မှန်သည်၊ ထိုသုခ ဒုက္ခ သောမနဿ ဒေါမနဿတို့၏ ပဌမဈာန် အစရှိသည်တို့၌ အလွန်အကဲချုပ်သည် ဖြစ်၏၊ ချုပ်ခါမျှသာမဟုတ်၊ ဥပစာရခဏ၌ကား ချုပ်ခါမျှဖြစ်၏၊ အလွန်အကဲ ချုပ်သည် မဟုတ်၊ ထိုစကားမှန်သည်၊ အထူးထူးသော အာဝဇ္ဇန်းရှိသော ပဌမဈာန်၏ ဥပစာရ၌ ချုပ်သော်လည်း မှက်, ခြင်, စသည်တို့၏ ကိုက်ခဲခြင်း အတွေ့ကြောင့်ငှင်း, မညီညွတ်သောနေရာ၌ နေခြင်းကြောင့်ဖြစ်သော ပင်ပန်း ပူဆာခြင်းကြောင့်ငှင်း ဒုက္ခိန္ဒြေ၏ ဖြစ်

ခြင်းသည် ဖြစ်ရာ၏၊ အပ္ပနာ၏အတွင်း၌ မဖြစ်ရာ၊ တနည်းကား- ဥပစာရခဏ၌ ချုပ်သော်လည်း ဤဒုက္ခိန္ဒြေသည် ဆန့်ကျင်ဘက် တရားကို မပယ်အပ်သောကြောင့် ကောင်းစွာချုပ်သည် မဖြစ်၊ အပ္ပနာ၏ အတွင်း၌မူကား ပီတိ၏နှံ့ခြင်းကြောင့် "ပီတိကြောင့် ဖြစ်သော ရုပ်တို့ဖြင့် ကိုယ်ကိုနှံ့ခြင်းကြောင့်" ကိုယ်အလုံးသည် သက်သော သုခရှိသည် ဖြစ်၏၊ သုခသက်သော ကိုယ်ရှိသူအား ဆန့်ကျင်ဘက် တရားတို့မှ ကင်းသောကြောင့် ဒုက္ခိန္ဒြေသည် ကောင်းစွာချုပ်၏။

ထို့ပြင် အထူးထူးသော အာဝဇ္ဇန်းရှိသော ဒုတိယဈာန်၏ ဥပစာရခဏ၌ ပယ်အပ်ပြီးငြားသော်လည်း ဒေါမနဿိန္ဒြေ၏ ဖြစ်ခြင်းသည် ဖြစ်ရာ၏၊ အကြောင်းမှာ ဤဒေါမနဿိန္ဒြေသည် ဝိတက်ဝိစာရလျှင် အထောက်အပံ့အကြောင်းရှိသော ကိုယ်၏ ပင်ပန်းခြင်းသည်၎င်း,စိတ်၏ပင်ပန်းခြင်းသည်၎င်း ရှိသော် ဖြစ်၏၊ ဝိတက်ဝိစာရမရှိသော်ကား-မဖြစ်၊ အကြင်စိတ်၌ ဒေါမနဿိန္ဒြေ သည် ဖြစ်၏၊ ထိုစိတ်၌ ဝိတက်ဝိစာရ ရှိ၏၊ ဒုတိယဈာန်၏ ဥပစာရခဏ၌ ဝိတက်,ဝိစာရတို့ကို မပယ်ရသေး၊ ထို့ကြောင့် ထိုဒုတိယဈာန်၏ ဥပစာရခဏ၌ ကို ဒေါမနဿ၏ဖြစ်ခြင်းသည် ဖြစ်ရာ၏၊ဒုတိယဈာန်၌ကား-အကြောင်းတရားကို ပယ်အပ်သော ကြောင့် ဒေါမနဿ၏ ဖြစ်ခြင်းသည် မဖြစ်ရာချေ။

ထို့ပြင် တတိယဈာန်၏ ဥပစာရခဏ၌ ပယ်အပ်သော်လည်း သုခိန္ဒြေ၏ ပီတိကြောင့်ဖြစ်သော မွန်မြတ်သောရုပ်ဖြင့် နှံ့သော ကိုယ်ရှိသူအား ဖြစ်ခြင်းသည် ဖြစ်ရာ၏၊ တတိယဈာန်၌ကား မဖြစ်ရာ၊ ထိုစကားမှန်သည်၊ တတိယဈာန်၌ သုခ၏အကြောင်း ဖြစ်သော ပီတိသည် အချင်းခပ်သိမ်း ချုပ်ငြိမ်းပြီ၊ ထို့ကြောင့် မဖြစ်ရာ။

ထို့ပြင် စတုတ္ထဈာန်၏ ဥပစာရခဏ၌ ပယ်အပ်သော်လည်း သောမနဿိန္ဒြေနှင့် နီးသောကြောင့်၎င်း,အပ္ပနာသို့ ရောက်သော ဥပေက္ခာ မရှိခြင်းဖြင့် ကောင်းစွာ မလွန်သောကြောင့်၎င်း ဖြစ်ခြင်းသည် ဖြစ်ရာ၏၊ စတုတ္ထဈာန်၌မူကား မဖြစ်ရာ၊ ထို့ကြောင့်

"ဤပဌမဈာန်၌ ဖြစ်သော ဒုက္ခိန္ဒြေသည် အကြွင်းမရှိ ချုပ်၏"ဟု ထိုထိုသို့သောအရာ၌ အကြွင်းမရှိဟူသောစကားကို ဆိုအပ်၏၊ ဤသည်ကား အဓိပ္ပါယ်ပေတည်း။

ဤနေရာမှာ စောဒနာချက်ကို ဆိုဦးအံ့၊ "ဤသို့ ထိုထိုဈာန်၏ ဥပစာရခဏ၌ ပယ်အပ်သော်လည်း ထို ဝေဒနာတို့ကို ဤစတုတ္ထဈာန်၌ အဘယ့်ကြောင့် စုပေါင်း၍ ဆိုအပ်ကုန်သနည်း"၊ လွယ်ကူစေခြင်းအကျိုးငှါ ဆောင်အပ်၏၊ ချဲ့ဦးအံ့–အဒုက္ခမသုခဟူသော ပုဒ်၌ အဒုက္ခမသုခ ဝေဒနာကို ဆိုအပ်၏၊ ထိုဝေဒနာသည် သုခ-ဒုက္ခတို့ကဲ့သို့ မရုန့်ရင်း သိမ်မွေ့၏၊ သိမ်မွေ့သောကြောင့် သိရန်ခက်၏၊ လွယ်ကူစွာ ညှာတာဖြင့် ဘမ်းခြင်းငှါ မတတ်ကောင်း၊ ထို့ကြောင့် ဥပမာ ဆိုးသွမ်းသော ထိုမှ,ဤမှ အနီးအနားသို့ ကပ်၍ ဖမ်းယူခြင်းငှါ မတတ်နိုင်သောနွားကို ဖမ်းလွယ်စိမ့်သောငှါ နွားထိန်းသည် တခုသောခြံတွင်းသို့ အလုံးစုံသော နွားအပေါင်းကို မောင်း၍သွင်း၏၊ ထို့နောက် တကောင်ချင်းထုတ်သည့်ရှိသော် အစဉ်အတိုင်း ရောက်လာသော ထို နွားဆိုးကို ဤနွားဘဲ ဘမ်းကြကုန်လော့ဟု ဆို၍ ဖမ်းယူသကဲ့သို့ ဤဥပမာလို မြတ်စွာဘုရားသည် ဘမ်းယူရန် လွယ်ကူစေခြင်းငှါ ထိုဝေဒနာတို့ကို စုပေါင်း၍ ဆောင်တော်မူ၏၊ ဤသို့ စုပေါင်းအပ်ကုန်သော ထိုဝေဒနာတို့ကို ပြပြီး၍ ဤသဘောတရားသည် သုခမဟုတ်၊ ဒုက္ခမဟုတ်၊ သောမနဿမဟုတ်၊ ဒေါမနဿမဟုတ်၊ ဤသဘောတရားသည် အဒုက္ခမသုခ ဝေဒနာပင်တည်းဟု ဤဝေဒနာကို ဘမ်းယူခြင်းငှါ တတ်ကောင်း၏၊ တနည်းမှာ အဒုက္ခမသုခ ဝေဒနာနှင့် ယှဉ်သော စိတ်၏ဆန့်ကျင်ဘက်တရားတို့မှ လွတ်ကြောင်း စတုတ္ထဈာန် သမာပတ်၏ ရခြင်း၏အကြောင်းကို ပြခြင်းငှါ ဤဝေဒနာတို့ကို ဟောအပ်ကုန်၏ဟု သိအပ်ကုန်၏၊ ဒုက္ခိန္ဒြေကိုပယ်ခြင်း စသည်ကိုသည် ထိုအဒုက္ခမသုခဖြစ်သော စတုတ္ထဈာန် စေတောဝိမုတ္တိ၏အကြောင်း ဖြစ်၏၊ ဟောတော်မူသည်မှာကား အို–ငါ့ရှင်, အဒုက္ခမသုခ ဖြစ်သော စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှ ကျွတ်လွတ်သော သမာပတ်၏

အကြောင်းတို့သည်လေးပါးတို့ပေတည်း၊အို- ငါ့ရှင်,ဤသာသနာတော်၌ရဟန်းသည်သုခဝေဒနာကိုပယ်ခြင်းကြောင့်ငှင်း....(လ)....စတုတ္ထဈာန်ကိုဝင်စား၍ နေ၏၊ ဒို-ငါ့ရှင်, အဒုက္ခမသုခဖြစ်သော စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှ ကျွတ်လွတ်သော သမာပတ်၏ အကြောင်းတို့သည် ဤလေးပါးတို့ပေတည်းဟု''ဟု ဟောတော်မူ၏။

တနည်းကား—တပါးသော အောက်မဂ်တို့၌ ပယ်အပ်ကုန်သော်လည်း သက္ကာယဒိဋ္ဌိ အစရှိသည်တို့ကို တတိယမဂ်၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းခြင်းငှါ ထိုတတိယမဂ်၌ ပယ်အပ်ကုန်၏ ဆိုသကဲ့သို့ ဤအတူ ထိုစတုတ္ထဈာန်၏ ကျေးဇူးဂုဏ်ကို ချီးမွမ်းခြင်းငှါ ဤစတုတ္ထဈာန်၌ ထိုဝေဒနာတို့ကို ဆိုအပ်ကုန်၏ဟု ဤသို့လည်း သိအပ်၏။

တနည်းကား--အကြောင်းကို ပယ်သဖြင့် ဤစတုတ္ထဈာန်၌ ရာဂ ဒေါသတို့၏ အလွန်ဝေးသည် အဖြစ်ကိုပြခြင်းငှါ ထိုသုခစသော ဝေဒနာတို့ကို ဆိုအပ်ကုန်၏ဟု သိအပ်၏၊ ထိုစကားမှန်သည်၊ထိုဝေဒနာတို့တွင် သုခသည် သောမနဿ၏ အကြောင်းဖြစ်၏၊ သောမနဿသည် ရာဂ၏ အကြောင်းဖြစ်၏၊ ဒုက္ခသည် ဒေါမနဿဝေဒနာ၏ အကြောင်းဖြစ်၏၊ဒေါမနဿ ဝေဒနာသည် ဒေါသ၏ အကြောင်း ဖြစ်၏၊ သုခ စသည်ကို ပယ်သတ်သဖြင့် ထိုစတုတ္ထဈာန်သည် အကြောင်းနှင့်တကွ ဖြစ်သော ရာဂ ဒေါသတို့ကို ပယ်သတ်ကုန်၏၊ ထို့ကြောင့် အလွန်ဝေးသည် ဖြစ်၏။

''အဒုက္ခမသုခ'' ဆိုသည်ကား ဒုက္ခအဖြစ်မဟုတ်သောကြောင့် အဒုက္ခ မည်၏၊ သုခအဖြစ် မဟုတ်သောကြောင့် အသုခ မည်၏၊ ဤဒုက္ခ သုခအဖြစ်ကို ပယ်သောစကားဖြင့် ဤစတုတ္ထဈာန်၌ ဒုက္ခသုခ၏ ဆန့်ကျင်ဘက်ဖြစ်သော တတိယဝေဒနာကို ပြ၏၊ ဒုက္ခသုခအဖြစ်၏ မရှိကြောင်းကို ပြသည်မဟုတ်၊ တတိယ ဝေဒနာမည်သည်ကား – အဒုက္ခမသုခဝေဒနာပင်တည်း၊ ''ဥပေက္ခာ'' ဟူ၍လည်း ဆိုအပ်၏။

ထိုအဒုက္ခမသုခ ဝေဒနာသည် ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့၏ အပြန်ဖြစ်သော မဇ္ဈတ္တာရုံကို ခံစားခြင်း လက္ခဏာရှိ၏၊ လျစ်လျူရှုခြင်းကိစ္စရှိ၏၊ သုခဒုက္ခဟု မထင်ရှားသော အခြင်းအရာ ရှိ၏၊ သုခ၏ချုပ်ရာ စတုတ္ထဈာန်လျှင် နီးစွာသော အကြောင်းရှိ၏၊ ဤသို့ သိအပ်၏။

၁၉။ "ဥပေက္ခာကြောင့်ဖြစ်သော သတိ၏စင်ကြယ်ခြင်းရှိသော" ဆိုသည်ကား ဥပေက္ခာသည် ဖြစ်စေအပ်သော သတိ၏ စင်ကြယ်ခြင်းကို ဆိုလိုသည်၊ ဤစတုတ္ထဈာန်၌ သတိသည် ထက်ဝန်းကျင်မှ စင်ကြယ်သည် ဖြစ်၏၊ ထိုသတိ၏ စင်ကြယ်ခြင်းကို ဥပေက္ခာသည် ပြုအပ်၏၊ တပါးသော တရားက ပြုသည်မဟုတ်၊ ထို့ကြောင့် ဤစတုတ္ထဈာန်ကို "ဥပေက္ခာသည် ဖြစ်စေအပ်သော သတိ၏ စင်ကြယ်ခြင်း ရှိသော" ဟု ဆိုလေသည်။ ဝိဘင်းပါဠိတော်၌လည်း "ဤသတိသည် ဤဥပေက္ခာကြောင့် သန့်ရှင်းသည် စင်ကြယ်သည် ထက်ဝန်းကျင် ပြိုးပြိုးပြက်ရှိသည်ဖြစ်၏၊ ထို့ကြောင့် ဥပေက္ခာသည် ဖြစ်စေအပ်သော သတိ၏ စင်ကြယ်ခြင်းရှိသော" ဟု ဆိုလေသည်။

အကြင်ဥပေက္ခာကြောင့် ဤစတုတ္ထဈာန်၌ သတိ၏ စင်ကြယ်ခြင်းသည် ဖြစ်၏၊ ထိုဥပေက္ခာကို တရားကိုယ်အားဖြင့် တတြမဇ္ဈတ္တတာ ဟု သိအပ်၏၊ ဤစတုတ္ထဈာန်၌ ထိုဥပေက္ခာကြောင့် သတိသက်သက်သာ စင်ကြယ်သည်မဟုတ်၊ စင်စစ်သော်ကား အလုံးစုံသော သမ္ပယုတ်တရားတို့သည်ပင် စင်ကြယ်ကုန်၏၊ ထိုသို့ဖြစ်သော်လည်း သတိကို ခေါင်းဆောင် ပဓာနပြု၍ ဒေသနာကို ဟောတော်မူအပ်လေသည်။

ထိုလေးပါးသော ဈာန်တို့တွင် ဤဥပေက္ခာသည် အောက်ဈာန်သုံးခုတို့၌လည်းရှိ၏၊ ထိုသို့ပင် ရှိသော်လည်း နေ့အခါမှာ နေ၏ အရောင် လွှမ်းမိုးခြင်းကြောင့်၎င်း, မိမိအား ချမ်းအေးခြင်းဖြင့် ကျေးဇူးပြုတတ်သောကြောင့်၎င်း, တူသော သဘောရှိသော ညဉ့်တည်းဟူသော အဖော်သဟဲကို မရသောကြောင့်၎င်း, နေ့၌

ထင်ရှား ရှိပါသော်လည်း လရောင်သည် မစင်မကြယ် ပြိုးပြိုးပြက် မတောက်ပနိုင်သကဲ့သို့ ဤအတူ ဤတကြွမဇ္ဈတ္တုပေက္ခာ ဟည်း ဟူသော လရောင်သည်လည်း ဝိတက်အစရှိသော ဆန့်ကျင်ဘက် တရားတို့၏ အာနုဘော်ဖြင့်လွှမ်းမိုးအပ်သောကြောင့်၎င်း,သဘော တူသော ဥပေက္ခာဝေဒနာတည်းဟူသော ညဥ့်ကို မရခြင်းကြောင့် ၎င်း ထင်ရှားရှိပါသော်လည်း ပဌမစျာန် စသော စျာန်တို့၌ မစင်မကြယ်ဖြစ်၏၊ မစင်ကြယ်သော ထိုဥပေက္ခာ၏ နေ့အခါ မစင်ကြယ်သောလရေး၏အရောင်ကဲ့သို့ သဟဇာတ်ဖြစ်ကုန်သော သတိ အစရှိသည်တို့သည်လည်း မစင်မကြယ် ဖြစ်ကုန်၏၊ ထို့ကြောင့် ထိုပဌမစျာန် စသည်တို့တွင် တခုသော စျာန်ကိုမျှ "ဥပေက္ခာသည် ဖြစ်စေအပ်သော သတိ၏ စင်ကြယ်ခြင်းရှိသော" ဟု ဟောတော်မမူအပ်။

အထူးမှာ ဤစတုတ္ထစျာန်၌ ဝိတက် အစရှိသော ဆန့်ကျင် ဘက် တရားတို့၏ တန်ခိုးသည် လွှမ်းမိုးခြင်းမရှိသောကြောင့်၎င်း, သဘော တူသော ဥပေက္ခာဝေဒနာတည်းဟူသော ညဥ့်ကို ရခြင်းကြောင့်၎င်း ဤတကြွမဇ္ဈတ္တုပေက္ခာတည်းဟူသော လရေး သည် အလွန်စင်ကြယ်သည်ဖြစ်၏၊ ထိုသို့စင်ကြယ်သော လရေး၏ အရောင်ကဲ့သို့ သဟဇာတ်ဖြစ်ကုန်သော သတိ အစရှိသည် တို့သည်လည်း စင်ကြယ်သည် ပြိုးပြိုးပြက် တောက်ပသည်ဖြစ်ကုန် ၏၊ ထို့ကြောင့် ဤစတုတ္ထစျာန်ကိုသာလျှင် "ဥပေက္ခာသည် ဖြစ်စေအပ်သော သတိ စင်ကြယ်ခြင်းရှိသော ဟု ဟောတော် မူအပ်၏ ဟု သိအပ်၏။

စတုတ္ထဆိုသည်ကား အရေအတွက် အစဉ်အားဖြင့် စတုတ္ထ မည်၏၊ ဤစျာန်ကို လေးကြိမ်မြောက် ဝင်စားအပ်သောကြောင့် လည်း စတုတ္ထ မည်၏။

ထို့ပြင် "ပယ်အပ်သော အင်္ဂါတပါး, ပြည့်စုံအပ်သော အင်္ဂါနှစ်ပါး"ဟူ၍ ဆိုရာ၌ သောမနဿကို ပယ်သည်အစွမ်းဖြင့် အင်္ဂါတပါးကို ပယ်သောအဖြစ်ကို သိအပ်၏၊ ထိုသောမနဿကို တဝီထိတည်း၌ ရှေ့ဇောတို့၌သာလျှင် ပယ်အပ်၏၊ ထို့ကြောင့်

ထိုသောမနသကို ပယ်အပ်သော အင်္ဂါဟူ၍ ဆိုအပ်၏၊ ဥပေက္ခာဝေဒနာနှင့် စိတ္တေကဂ္ဂတာ ဤနှစ်ပါးတို့ကိုဖြစ်သည်၏ အစွမ်းဖြင့် အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသည်အဖြစ်ကို သိအပ်၏၊ ကြွင်းသောစကားများမှာ ပဌမဈာန်၌ ဆိုအပ်ပြီးသော နည်း အတိုင်းပင်တည်း။

ဤသည်ကား စတုက္ကနည်းဖြစ်သော စတုတ္ထဈာန်၌
သိအပ်သော နည်းပေတည်း။

---

**ပဉ္စကဈာန်ကိုပြခြင်း**

၉၀။ ထို့ပြင် ပဉ္စမဈာန်ကို ဖြစ်စေလိုသော ယောဂီပုဂ္ဂိုလ်သည် လေ့လာအပ်သော ပဌမဈာန်မှထ၍ ဤ ပဌမဈာန် သမာပတ်သည် နီဝရဏ ရန်သူနှင့် နီး၏၊ ဝိတက်၏ ရုန့်ရင်းကြမ်းတမ်းသောကြောင့် အင်္ဂါအားနည်း၏ဟု ထိုပဌမဈာန်၌ အပြစ်ကိုမြင်၍ ဒုတိယဈာန်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်း၍ ပဌမဈာန်၌ ငြိကပ်တွယ်တာခြင်းကိုပယ်ခွါပြီးလျှင် ဒုတိယဈာန်ကို ရခြင်းငှါ အားထုတ်ခြင်းကို ပြုအပ်၏၊ ထိုသို့ အားထုတ်သည် ရှိသော် ထိုယောဂီပုဂ္ဂိုလ်သည် ပဌမဈာန်မှထ၍ သတိနှင့် ပြည့်စုံသည်ဖြစ်၍ ပညာအဆင်ခြင်နှင့် ပြည့်စုံသည်ဖြစ်၍ ဈာန်အင်္ဂါတို့ကို ဆင်ခြင်သည်ရှိသော် ဝိတက်မျှ ရုန့်ရင်းသော အဖြစ်သည် ထင်၏၊ ဝိစာရအစရှိသည်တို့ကို ငြိမ်သက်သောအားဖြင့် ထင်၏၊ ထိုအခါ ရုန့်ရင်းသော အင်္ဂါကို ပယ်ခြင်းငှါ ငြိမ်သက်သော အင်္ဂါကို ရခြင်းငှါ ထိုနိမိတ်ကိုပင်လျှင် ပထဝီ ပထဝီဟူ၍ အဖန်တလဲလဲ နှလုံးသွင်းသောကြောင့် ထိုပုဂ္ဂိုလ်အား ဆိုအပ်ပြီးသော နည်းအတိုင်း ဒုတိယဈာန်သည် ဖြစ်၏၊ ထိုဈာန်အား ဝိတက်မျှသာ ပယ်အပ်သောအင်္ဂါ ဖြစ်၏၊ ဝိစာရ အစရှိသော လေးပါးတို့သည်ကား ပြည့်စုံရသော အင်္ဂါဖြစ်၏၊ ကြွင်းသော စကားများကို ဆိုအပ်ပြီးပြီ။

ဤသို့ ထိုပဉ္စမဈာန်ကို ရသော်လည်း ဆိုခဲ့ပြီးသော နည်းအတိုင်း ငါးပါးသော အခြင်းအရာတို့ဖြင့် လေ့ကျင့်အပ်သော ဝသီရှိသည်ဖြစ်၍ လေ့လာအပ်သော ဒုတိယဈာန်မှထ၍ ဤသမာပတ်သည် ဝိတက်တည်းဟူသော ရန်သူနှင့် နီး၏၊ ဝိစာရ၏လည်း ရုန့်ရင်းသောကြောင့် အင်္ဂါအားနည်း၏ဟု ထိုဒုတိယဈာန်၏အပြစ်ကို မြင်ပြီးလျှင် တတိယဈာန်ကို ငြိမ်သက်၏ဟု နှလုံးသွင်း၍ ဒုတိယဈာန်၌ ငြိကပ်တွယ်တာခြင်းကို ပယ်ခွါပြီးလျှင် တတိယဈာန်ကို ရခြင်းငှါ အားထုတ်ခြင်းကို ပြုအပ်၏၊ ထိုသို့ အားထုတ်သည်ရှိသော် ထိုပုဂ္ဂိုလ်အား အကြင်အခါ၌ ဒုတိယဈာန်မှ ထပြီးလျှင် သတိနှင့်ပြည့်စုံသည်ဖြစ်၍ သမ္ပဇဉ်ပညာနှင့် ပြည့်စုံသည်ဖြစ်၍ ဈာန်အင်္ဂါတို့ကို ဆင်ခြင်သည်ရှိသော် ဝိစာရမျှ ရုန့်ရင်းသော အဖြစ်သည် ထင်၏၊ ပီတိအစရှိသည်ကို ငြိမ်သက်သော အားဖြင့် ထင်၏၊ ထိုအခါ ထိုယောဂီပုဂ္ဂိုလ်သည် ရုန့်ရင်းသောအင်္ဂါကို ပယ်ခြင်းငှါ ငြိမ်သက်သောအင်္ဂါကို ရစေခြင်းငှါ ထိုနိမိတ်ကိုပင် ပထဝီ ပထဝီဟူ၍ နှလုံးသွင်းသောကြောင့် ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း တတိယဈာန်သည် ဖြစ်၏၊ ထိုဈာန်အား ဝိစာရမျှသာလျှင် ပယ်အပ်သောအင်္ဂါ ဖြစ်၏၊ စတုက္ကနည်း၏ ဒုတိယဈာန်ကဲ့သို့ ပီတိအစရှိသော သုံးပါးသော အင်္ဂါတို့သည် ပြည့်စုံသောအင်္ဂါတို့ ဖြစ်ကုန်၏၊ ကြွင်းသော စကားများကို ဆိုအပ်ခဲ့ပြီးပြီ။

ဤသို့ စတုက္ကနည်း၌ အကြင် ဒုတိယဈာန်သည် ရှိ၏၊ ထို ဒုတိယဈာန်ကို (အဝိတက္က နဝိစာရမတ္တဟူ၍၎င်း, အဝိတက္က အဝိစာရမတ္တဟူ၍၎င်း) နှစ်ပါးခွဲ၍ ပဉ္စကနည်း၌ ဒုတိယဈာန်သည်၎င်း, တတိယဈာန်သည်၎င်း ဖြစ်၏၊ ထိုစတုက္ကနည်း၌ အကြင် တတိယဈာန် စတုတ္ထဈာန်တို့သည် ရှိကုန်၏၊ ထိုဈာန်တို့သည် ပဉ္စကနည်း၌ စတုတ္ထဈာန် ပဉ္စမဈာန်ဟူ၍ ဖြစ်ကုန်၏၊ ပဉ္စမဈာန်သည်ကား ပဉ္စမဈာန် မည်၏။

ဤသို့လျှင် သူတော်ကောင်းတို့ ဝမ်းမြောက်ခြင်းငှါ ပြုစီရင်အပ်သော ဝိသုဒ္ဓိမဂ်ကျမ်း
သမာဓိဘာဝနာအကြောင်းကို ဆိုရာ၌ ပထဝီကသိဏ နိဒ္ဒေသ အမည်ရှိသော
စတုတ္ထပိုင်း ပြီး၏။

# ၅-သေသကသိဏနိဒ္ဒေသ

## အာပေါကသိုဏ်း

၁။ ယခုအခါ ပထဝီကသိုဏ်း၏အခြားမဲ့၌ အာပေါကသိုဏ်း၏ အကျယ် အမိပ္ပါယ်စကားသည် ဖြစ်လတ္တံ့၊ ပထဝီကသိုဏ်းကို အကျယ်ဖွင့်ပြအပ်သကဲ့သို့ ဤအတူ အာပေါကသိုဏ်းကို ပွါးလိုသော ယောဂီပုဂ္ဂိုလ်သည် ချမ်းသာစွာနေလျက် ရေ၌ ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်ကို ယူအပ်၏၊ "ပြုပြင်အပ်သည်လည်းဖြစ်သော မပြုပြင်အပ်သည်လည်းဖြစ်သော"အစရှိသော အလုံးစုံသော စကားတို့ကို ပထဝီကသိုဏ်းကမ္မဋ္ဌာန်းမှာ ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း အကျယ်ချဲ့အပ်၏၊ ဤအာပေါကသိုဏ်း၌ ချဲ့အပ်သကဲ့သို့ပင် အလုံးစုံသော တေဇောကသိုဏ်း စသည်တို့၌လည်း ချဲ့အပ်၏၊ ဤအာပေါကသိုဏ်းမှ နောက်၌ကား ဤမျှလောက်သော စကားကိုပင် မဆိုမူ၍ အထူးကိုသာဆိုအံ့။

ဤအာပေါကသိုဏ်း၌လည်း ရှေးက ပြုဆည်းပူးအပ်သော ဘာဝနာကုသိုလ်ရှိသောပုဂ္ဂိုလ်အား မပြုပြင်အပ်သော ရေ၌ဂုဏ်း, လေးထောင့်ကန်၌ဂုဏ်း,တဘက်ဆည်းကန်၌ဂုဏ်း,ဆားကျင်း၌ဂုဏ်း, သမုဒ္ဒရာ၌ဂုဏ်း, ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်သည် ဖြစ်၏၊ **စူဠသိဝမထေရ်** ဖြစ်သကဲ့သို့ပေတည်း၊ ထိုမထေရ်အား လာဘ်ပူဇော်သက္ကာရကို ပယ်၍ ဆိတ်ငြိမ်သော နေခြင်းဖြင့် နေအံ့ဟု **မဟာတိတ္ထ** မည်သော သင်္ဘောဆိပ်မှ သင်္ဘောစီး၍ **ဇမ္ဗူဒီပါ**ကျွန်းသို့ ကူးလေသော် လမ်းခရီးအကြား မဟာသမုဒ္ဒရာကို ကြည့်စဉ် ထိုကြည့်ရာ အရပ်နှင့်တူသော အဘိုရှိသော ကသိုဏ်းနိမိတ်သည် ထင်ရှားဖြစ်သတတ်။

ပြုဘူးသော အဓိကာရ ဘာဝနာ ကုသိုလ်မရှိသောပုဂ္ဂိုလ်သည်ကား လေးပါးသော ကသိုဏ်း၏ အဖြစ်တို့ကို ရှောင်လွှဲ၍

အညို, အရွှေ, အနီ, အဖြူ, အဆင်းတို့တွင် တပါးပါးသော အဆင်းရှိသော ရေကိုမယူမူ၍ မြေသို့မရောက်မီ ကောင်းကင်၌ စင်ကြယ်သောအဝတ်ဖြင့် ခံယူအပ်သောရေ, ထိုသို့သဘောရှိသော ကြည်လင်သော မနောက်ကျုသော ရေသည် ရှိ၏၊ ထိုရေကြည်ရေကောင်းကို သပိတ်ခွက်၌၎င်း, ကရား၌၎င်း အနားရေးနှင့်အမျှ ပြည့်စေ၍ ကျောင်း၏ အစွန်း၌ ပထဝီကသိုဏ်းတွင် ဆိုအပ်ခဲ့ပြီးသောအပြားရှိသော ဖုံးလွှမ်းသောနေရာ၌ ထား၍ ချမ်းသာစွာနေပြီးလျှင် အဆင်းကို မဆင်ခြင်အပ်, အာပေါဓာတ်၏ လက္ခဏာကို မဆင်ခြင်အပ်, အဆင်း၏မှီရာ အာပေါကသိုဏ်းကို အဆင်းနှင့် တကွပြု၍ အာပေါဓာတ်ပြောသည့် အစွမ်းဖြင့် အာပေါဟူသောလောက ဝေါဟာရ ပညတ်၌ စိတ်ကို ထား၍ အမ္ဗု, ဥဒက, ဝါရိ, သလိလ ဤသို့အစရှိကုန်သော ရေ၏အမည်တို့တွင် ထင်ရှားသော အမည်၏ အစွမ်းဖြင့် အာပေါ, အာပေါ ဟူ၍ ပွါးအပ်၏၊ ဤသို့ပွါးသော ထိုပုဂ္ဂိုလ်အား အစဉ်သဖြင့် ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ် နှစ်မျိုးသည်ဖြစ်၏။

ဤအာပေါကသိုဏ်း၌ ဥဂ္ဂဟနိမိတ်သည် လှုပ်သကဲ့သို့ ထင်၏၊ ရေမြှုပ်ရေပွက်နှင့် ရောသော ရေဖြစ်အံ့, ထိုသို့ သဘောရှိသော ရေသာလျှင်ထင်၏၊ ကသိုဏ်း၏ အပြစ်သည် ထင်ရှား၏၊ ပဋိဘာဂနိမိတ်သည်ကား တုန်လှုပ်ခြင်း ကင်းသည်ဖြစ်၍ ကောင်းကင်၌ထားအပ်သော မြရပ်ဝန်းကဲ့သို့ မြဖြင့်ပြီးသော မြကြေးမုံဝန်းကဲ့သို့ဖြစ်၍ ထင်၏၊ ထိုယောဂီပုဂ္ဂိုလ်သည် ထိုပဋိဘာဂနိမိတ် ထင်သည်နှင့် အတူတကွ ဥပစာရဈာန်သို့၎င်း ဆိုအပ်ပြီးသော နည်းအတိုင်း စတုက္ကနည်းဈာန်, ပဉ္စကနည်းဈာန် တို့ သို့၎င်း ရောက်၏။

အာပေါကသိုဏ်း ပြီး၏။

---

## တေဇောကသိုဏ်း

၉၂။ တေဇောကသိုဏ်းကို ပွါးလိုသော ယောဂီပုဂ္ဂိုလ်သည်လည်း မီး၌နိမိတ်ကို ယူအပ်၏၊ ထိုတေဇောကသိုဏ်း၌

ပြုဆည်းပူးအပ်သော အဓိကာရရှိသော ဘာဝနာ ကုသိုလ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်အား မပြုပြင်အပ်သော မီး၌ နိမိတ်ကိုယူသည့်ရှိသော် ဆီမီးလျှံ၌ငှင်း, မီးဖို၌ငှင်း, သပိတ်ဖုတ်ရာ အရပ်၌ငှင်း, တောမီးလောင်ရာ၌ ငှင်း အမှတ်မရှိသော အရပ်၌ မီးလျှံကို ကြည့်ရှုစဉ် ဥဂ္ဂဟ နိမိတ် ပဋိဘာဂနိမိတ် ဖြစ်၏၊ **စိတ္တဂုတ္တ**မထေရ်အား နိမိတ်ဖြစ်သကဲ့သို့ပေတည်း။

ထိုအရှင်စိတ္တဂုတ္တမထေရ်အား တရားနာသောနေ့၌ ဥပုသ် အိမ်သို့ဝင်၍ ဆီမီးလျှံကိုကြည့်စဉ် နိမိတ်သည် ဖြစ်၏။

အဓိကာရမရှိသော ပုဂ္ဂိုလ်သည်ကား တေဇောကသိုဏ်းကို ပြုလုပ်အပ်၏၊ ဤသည်ကား တေဇောကသိုဏ်း ပြုလုပ်ရပုံတည်း၊ အစေးရှိကုန်သော အနှစ်ရှိသော ထင်းတို့ကိုခွဲ၍ ခြောက်သွေ့စေ၍ အပိုင်းအပိုင်း ပြုပြီးလျှင် သင့်လျော်သော သစ်ပင်ရင်းသို့ငှင်း, မဏ္ဍပ်သို့ငှင်း သွား၍ သပိတ်ဖုတ်သော အခြင်းအရာအားဖြင့် အပုံအစုပြုပြီးလျှင်မီးရှို့၍ဖျာ၌ဖြစ်စေ သားရေ၌ဖြစ်စေ ပုဆိုးအဝတ် ၌ဖြစ်စေ တထွာ လက်လေးသစ်လောက် အပေါက်ပြုအပ်၏၊ ထိုအပေါက်ရှိသော ဖျာ, သားရေ, အဝတ်တို့ကို ရှေ့၌ထား၍ ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း ထိုင်၍ အောက်၌ရှိသော မြက်,ထင်း တို့ကိုငှင်း, အထက်သို့တက်သော မီးခိုးကိုငှင်း, နှလုံးမသွင်းဘဲ အလယ်၌ တခဲနက်ဖြစ်သော မီးလျှံကို နိမိတ်အဖြစ် မှတ်ယူအပ်၏၊ အညိုဟူ၍ငှင်း, အရွှေဟူ၍ငှင်း ဤသို့အစရှိသည်ဖြင့် အဆင်းကို မဆင်ခြင်အပ်, ပူသည့်အစွမ်းဖြင့် လက္ခဏာကို နှလုံးမသွင်းအပ်၊ အဆင်း၏မှီရာမီးကို အဆင်းနှင့်တကွပြု၍ တေဇောဓာတ် လွန်ကဲ သည်၏ အစွမ်းဖြင့် တေဇော ဟူသော လောကဝေါဟာရ ပညတ်၌ စိတ်ကိုထား၍ ပါဝကော ကဏှဝတ္တနီ, ဇာတဝေဒေါ, ဟုတာသနော အစရှိသောမီး၏ အမည်တို့တွင် ထင်ရှားသော အမည်ဖြင့် တေဇော, တေဇောဟူ၍ ပွါးအပ်၏။

ဤသို့ပွါးသော ထိုယောဂီပုဂ္ဂိုလ်အား အစဉ်အားဖြင့် ဆိုအပ် ပြီးသောနည်းအတိုင်း ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ် နှစ်ခုသည်

ဖြစ်၏၊ ထိုနိမိတ်တို့တွင် ဥဂ္ဂဟနိမိတ်သည် မီးလျှံပြတ်၍ ပြတ်၍ ကျသည့်နှင့် တူသည်ဖြစ်၍ ထင်၏၊ မပြုပြင်အပ်သော မီး၌ နိမိတ်ယူသောပုဂ္ဂိုလ်၏ ကသိုဏ်း၏ အပြစ်သည် ထင်၏၊ မီးအပိုင်းသည်၎င်း,မီးကျီးစုသည်၎င်း,ပြာသည်၎င်း,အခိုးသည်၎င်း ထင်၏၊ ပဋိဘာဂနိမိတ်သည် မတုန်မလှုပ် ကောင်းကင်၌ ထားအပ်သော နီမြန်းသော ကမ္ဗလာပိုင်းကဲ့သို့၎င်း, ရွှေတိုင်ကြီး ကဲ့သို့၎င်း ထင်၏၊ ထိုယောဂီပုဂ္ဂိုလ်သည် ထိုပဋိဘာဂနိမိတ် ထင်သည်နှင့် အတူတကွသာလျှင် ဥပစာရဈာန်သို့၎င်း ဆိုအပ်ပြီးသော နည်းအတိုင်း စတုက္ကနည်းဈာန် ပဉ္စကနည်းဈာန်တို့သို့၎င်း ရောက်၏။

တေဇောကသိုဏ်း ပြီး၏။

## ဝါယောကသိုဏ်း

၉၃။ ဝါယောကသိုဏ်းကို ပွါးခြင်းငှါ အလိုရှိသော ပုဂ္ဂိုလ်သည်လည်း လေ၌ နိမိတ်ကို ယူအပ်၏၊ ထိုဝါယောကသိုဏ်း နိမိတ်ကို အမြင်၏အစွမ်းဖြင့်၎င်း, အတွေ့၏အစွမ်းဖြင့်၎င်း ယူအပ်၏၊ ထို့ကြောင့်“ဝါယောကသိုဏ်းကို ယူသော ယောဂီပုဂ္ဂိုလ်သည် လေ၌ နိမိတ်ကိုယူ၏၊ လေခတ်၍ လှုပ်သော ယိမ်းနွဲ့သော ကြံခင်း၌ရှိသော ကြံတို့၏ အဖျားကိုလည်း မှတ်၏၊ လှုပ်သော ယိမ်းနွဲ့သော ဝါးတို့၏ အဖျားကို၎င်း, သစ်ပင်တို့၏ အဖျားကို၎င်း, ဥကျွောင်း၌ရှိသော ဆံပင်ဖျားကို၎င်း မှတ်၏၊ ကိုယ်၌ ထိခတ်လာသောလေကိုလည်း မှတ်၏”ဟူ၍ **အဋ္ဌကထာ** တို့၌ ဆို၏၊ ထို့ကြောင့် ဦးခေါင်းနှင့် အမျှတည်သော တခဲနက် အရွက်ရှိသော ကြံကို၎င်း, ဝါးကို၎င်း,သစ်ပင်ကို၎င်း လက်လေးသစ်လောက် ရှည်သော တခဲနက် ထူသော ဆံပင်ရှိသော ယောကျာ်း၏ ဦးခေါင်းကို၎င်း လေခတ်သည်ကိုမြင်၍ ဤလေသည် ဤမည်သောအရပ်၌

တိုက်ခက်၏ဟု သတိထား၍, တနည်းကား–ထိုရဟန်း၏ ကိုယ်အစိတ်အပိုင်းကို လေသာပြူတင်းပေါက် အကြားမှ၎င်း, နံရံပေါက်မှ၎င်း ဝင်လာသောလေသည် တိုက်ခတ်၏၊ ထိုလေ၌ သတိကိုထား၍ ဝါတ, မာလုတ, အနိလ အစရှိကုန်သော လေ၏အမည်တို့တွင် ထင်ရှားသော အမည်ဖြင့် ဝါတော, ဝါတောဟူ၍ ပွါးအပ်၏၊ ဤလေ၌ ဥဂ္ဂဟနိမိတ်သည် ခံလောက်မှ ချကာမျှဖြစ်သော နို့ဃနာဆွမ်း၏ အငွေ့လုံးနှင့်တူစွာ တုန်လှုပ်သည်ဖြစ်၍ ထင်၏၊ ပဋိဘာဂနိမိတ်သည် ငြိမ်သက်သော အနေအထိုင် ရှိ၏၊ တုန်လှုပ်ခြင်းမရှိ၊ ကြွင်းသော စကားများကို ဆိုခဲ့ပြီးသော အတိုင်း သိအပ်၏။

ဝါယောကသိုဏ်း ပြီး၏။

---

## နီလကသိုဏ်း

၉၄။ "နီလကသိုဏ်းကို ယူသောပုဂ္ဂိုလ်သည် ညိုသောအဆင်း ရှိသော ပန်းပွင့်၌၎င်း, အဝတ်၌၎င်း, ညိုသော အဆင်းရှိသော ကျောက်ဓာတ်၌၎င်း နိမိတ်ကိုယူ၏"ဟု ဟောတော်မူသောကြောင့် ပြုအပ်ပြီးသော အဓိကာရ ကောင်းမှု ပုညရှိသော ယောဂီပုဂ္ဂိုလ်အား ထိုသို့ သဘောရှိသော ပန်းချုံ ပန်းပင်ငယ်ကို၎င်း, စေတီ ပူဇော်ရာအရပ်၌ ပန်းအခင်းကို၎င်း, ညိုသော အဆင်း ရှိသောအဝတ် ညိုသော အဆင်းရှိသော ပတ္တမြားတို့တွင် တခုခုကို၎င်း မြင်၍ နိမိတ်သည် ဖြစ်၏။

ဤမှတပါး အကတာဓိကာရ ယောဂီပုဂ္ဂိုလ်သည်ကား ကြာညို ပွင့် အောင်မဲညိုပွင့် အစရှိကုန်သော ပန်းတို့ကိုယူ၍ ဝတ်ဆံကို၎င်း, အညှာကို၎င်း, မထင်ရှားစေမူ၍ ပန်းတောင်း၌၎င်း, ကြုတ်ဖုံး ပန်းကပ်ဖုံး၌၎င်း ပန်းပွင့်ချပ်တို့ဖြင့် အနားရေးနှင့်အမျှ ပြည့်စေ၍ ကောင်းစွာခင်းစီအပ်၏၊ ညိုသော အဝတ်ဖြင့်မူလည်း အထုပ် ထုပ်၍ ညိုသော အဝန်းထင်အောင် ပန်းတောင်းကို၎င်း, ကြုတ်

ဖုံးကိုင်း ပြည့်စေအပ်၏၊ ထိုပန်းတောင်းကိုမူလည်း မျက်နှာဝ၌ စည်မျက်နှာကဲ့သို့ ချည်အပ်၏၊ ကြေးညို, သစ်ရွက်ညို, မျက်စဉ်းညို တပါးပါးသောဓာတ်ဖြင့်ရင်း ပထဝီကသိုဏ်း၌ ဆိုအပ်ပြီးသော နည်းအတိုင်း ပြောင်းရွှေ့ဆောင်ယူ သွားကောင်းသော ကသိုဏ်းဝန်းကိုရင်း, နံရံ၌ မပြောင်းရွှေ့ ကောင်းသောကသိုဏ်းဝန်းကိုရင်း ပြု၍ သဘောမတူသော အဆင်းဖြင့် ပိုင်းခြားအပ်၏၊ ထို့နောက် ပထဝီကသိုဏ်း၌ ဆိုအပ်ပြီးသော နည်းအတိုင်း နီလ, နီလဟူ၍ နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏၊ ဤနီလကသိုဏ်း၌လည်း ဥဂ္ဂဟနိမိတ်၌ ကသိုဏ်း၏ အပြစ်သည် ထင်၏၊ ဝတ်ဆံ, အရိုး, အရွက်ကြား အစရှိသည်တို့သည် ထင်ကုန်၏၊ ပဋိဘာဂနိမိတ်သည် ကသိုဏ်းဝန်းမှ လွတ်၍ ကောင်းကင်၌ ဇူနှနီလာ ပတ္တမြားညိုဖြင့် ပြီးသော ယပ်ဝန်းနှင့်တူစွာ ထင်၏၊ ကြွင်းသော စကားများမှာ ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း သိအပ်၏။

နီလကသိုဏ်း ပြီး၏။

---

## ပီတကသိုဏ်း

၉၅။ ပီတကသိုဏ်း၌လည်း ဆိုအပ်ပြီးသော နည်းအတိုင်း သိအပ်၏၊ "ပီတကသိုဏ်းကို ပွါးများသော ပုဂ္ဂိုလ်သည် ရွှေသော အဆင်းရှိသော ပန်း၌ရင်း, အဝတ်၌ရင်း, ရွှေအဆင်းရှိသော ဓာတ်သတ္တုတို့၌ရင်း နိမိတ်ကို ယူ၏၊ ထို့ကြောင့် ဤကမ္မဋ္ဌာန်း၌လည်း ပြုအပ်ပြီးသော အဓိကာရ ကောင်းမှုပုည ရှိသောပုဂ္ဂိုလ်အား ထိုသို့သဘောရှိသော ပန်းချုံ, ပန်းပင်ငယ်ကိုရင်း, ပန်းအခင်းကိုရင်း ရွှေသော အဆင်းရှိသောအဝတ် ရွှေသော အဆင်းရှိသော ဓာတ်သတ္တုတို့တွင် တပါးပါးကို မြင်၍ ဥဂ္ဂဟနိမိတ် ဖြစ်၏၊ **စိတ္တဂုတ္တမထေရ်** ဖြစ်သကဲ့သို့ပေတည်း၊ ထိုအရှင်မြတ်အား **စိတ္တလ**တောင်၌ **ပတ္တင်** မည်သော ပန်းပင်ငယ်၏ ရွှေသော အဆင်းရှိသော ပန်းပွင့်တို့ဖြင့် ပြုအပ်သော စေတီယင်ပြင်တွင် ခင်းအပ်သော

ပန်းအခင်းကို ကြည့်ရှုစဉ် မြင်သည်နှင့် အတူတကွ နေရာ မျှလောက် ပမာဏရှိသောနိမိတ်သည် ဖြစ်၏၊ ဤမှတပါး အဓိကာရ မရှိသောပုဂ္ဂိုလ်တို့သည်ကား မဟာလှေကား ပွင့် အစရှိသည်တို့ဖြင့်၎င်း, ရွှေသောအဝတ်, ရွှေသော ဓာတ်သတ္တု တို့ဖြင့်၎င်း နီလကသိုဏ်းတွင် ဆိုအပ်သော နည်းအတိုင်း ကသိုဏ်းဝန်း ပြုလုပ်၍ ပီတက, ပီတက ဟူ၍ နှလုံးသွင်းခြင်းကို ပြုအပ်၏၊ ကြွင်းသောစကား စုမှာ ထိုဆိုအပ်ပြီးသည်နှင့်အတူတည်း။

ပီတကသိုဏ်း ပြီး၏။

## လောဟိတကသိုဏ်း

၉၆။ လောဟိတကသိုဏ်း၌လည်း ဆိုအပ်ပြီးသော နည်း အတိုင်း သိအပ်၏၊ "လောဟိတကသိုဏ်းကို အားထုတ် လိုသော ယောဂီပုဂ္ဂိုလ်သည် နီသောအဆင်း၌ နိမိတ်ကို ယူ၏၊ ပန်းပွင့်၌၎င်း,နီသောအဝတ်၌၎င်း, နီသောဓာတ် သတ္တုတို့၌၎င်း နိမိတ်ကို ယူ၏"ဟူ၍ အဋ္ဌကထာ၌ ဆိုအပ်၏၊ ထို့ကြောင့် ဤကသိုဏ်း၌လည်း ပြုအပ်သော အဓိကာရ ကောင်းမှုပုညရှိသောသူအား ထိုသို့ သဘော ရှိသော မိုဃ်းစွေအစရှိသော ပန်းချုံ ပန်းပင်ကို၎င်း, နီသော ပန်းအခင်းကို၎င်း နီသောပုဆိုး ဓာတ်, သတ္တု စသည်တို့တွင် တပါးပါးကိုမြင်၍ နိမိတ်သည် ဖြစ်၏၊ ဤမှတပါး အဓိကာရမရှိသောပုဂ္ဂိုလ်သည်ကား လယ် ခေါင်ရန်းပွင့် မိုဃ်းစွေပွင့် လိပ်ဆူနီပွင့် အစရှိသော ပန်းတို့ဖြင့်၎င်း, နီသော ဓာတ်, သတ္တုတို့ဖြင့်၎င်း နီလကသိုဏ်းတွင် ဆိုသောနည်းအတိုင်း ကသိုဏ်းဝန်း ပြုလုပ်၍ လောဟိတက, လောဟိတက ဟု နှလုံးသွင်း ခြင်းကို ပြုအပ်၏၊ ကြွင်းသောစကားများမှာ ဆိုအပ် ပြီးသည်နှင့် အတူပင်တည်း။

လောဟိတကသိုဏ်း ပြီး၏။

## ဩဒါတကသိုဏ်း

၉၇။ ဩဒါတကသိုဏ်း၌ "ဩဒါတကသိုဏ်းကို အားထုတ်လိုသော ပုဂ္ဂိုလ်သည် ဖြူသောအဆင်း၌ နိမိတ်ကိုယူ၏၊ "ဖြူသောပန်း၌၎င်း၊ ဖြူသောအဝတ်၌၎င်း၊ ဖြူသောဓာတ်သတ္တုတို့၌၎င်း နိမိတ်ကိုယူ၏" ဟု ဟောတော်မူသောကြောင့် ပြုအပ်ပြီးသော အဓိကာရပုညကောင်း မှုရှိသော ပုဂ္ဂိုလ်အား ထိုသို့ သဘောရှိသော ပန်းချုံပန်းပင်ကို၎င်း၊ မြတ်လေးပွင့် အစရှိသော ဖြူသောပန်းအခင်းကို၎င်း၊ ကုမုဒ္ဒရာကြာ ပဒုမာကြာဖြူပွင့် အစုကို၎င်း၊ ဖြူသော အဝတ်၊ ဖြူသောအဆင်းရှိသော ဓာတ်၊ သတ္တုတို့တွင် တမျိုးမျိုးကိုမြင်၍ နိမိတ်သည် ဖြစ်၏၊ သလွဲပြားဝန်း ငွေပြားဝန်း လဝန်းတို့၌လည်း ဖြစ်၏၊ ဤမှတပါး အဓိကာရမရှိသော ပုဂ္ဂိုလ်သည်ကား ဆိုအပ်ခဲ့ပြီးသော ပန်းဖြူတို့ဖြင့်၎င်း၊ အဝတ်ဖြူတို့ဖြင့်၎င်း၊ သတ္တုတို့ဖြင့်၎င်း နီလကသိုဏ်း၌ ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း ကသိုဏ်းဝန်းကို ပြုလုပ်ပြီးလျှင် ဩဒါတ၊ ဩဒါတဟု နှလုံးသွင်းအပ်၏၊ ကြွင်းသောစကားများမှာ ဆိုအပ်ပြီးသည်နှင့် သဘောတူ၏။

ဩဒါတကသိုဏ်း ပြီး၏။

---

## အာလောကကသိုဏ်း

၉၈။ အာလောကကသိုဏ်း၌ကား "အာလောကကသိုဏ်းကို ပွါးများအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် နံရံပေါက်ဖြင့်၎င်း၊ သံကောက်ပေါက်ဖြင့်၎င်း၊ လေသောက်တံခါးပေါက်ဖြင့်၎င်း ဝင်၍ ထင်သော လရောင်နေရောင် အဝန်း၌ နိမိတ်ကိုယူ၏" ဟု ဟောတော်မူသောကြောင့် ပြုအပ်ပြီးသော အဓိကာရကောင်းမှုရှိသော ပုဂ္ဂိုလ်အား နံရံပေါက်စသည်တို့တွင် တခုခုဖြင့် နေရောင်သည်၎င်း၊

လရောင်သည့်ငှင်း, ဝင်၍ နံရံ၌ငှင်း, မြေ၌ငှင်း အရောင် အဝန်းကို ဖြစ်စေ၏၊ တခဲနက်ထူသော အရွက်ရှိသော သစ်ပင်၏ အခက်ကြားဖြင့်ငှင်း, တခဲနက်ထူသော အရွက်ရှိသော မဏ္ဍပ်ကြားဖြင့်ငှင်း ထွက်၍ မြေ၌သာလျှင် အရောင်အဝန်း ထင်၏၊ ထိုအရောင်ဝန်းကိုမြင်၍ နိမိတ်ဖြစ်၏၊ ဤမှတပါးသော အဓိကာရမရှိသူ ပုဂ္ဂိုလ်သည်ကား ထိုဆိုအပ်ခဲ့ပြီးသော အရောင်အဝန်းကို ဩဘာသ,ဩဘာသဟူ၍ငှင်း အာလောက,အာလောကဟူ၍ငှင်း ပွါးအပ်၏၊ ထိုသို့ ပွါးသဖြင့် နိမိတ်ထင်ခြင်းငှါ မတတ်နိုင်သောပုဂ္ဂိုလ်သည် အိုး၌မီးထွန်း၍ အိုးအဝကို ပိတ်၍ အိုးကိုအပေါက်ဖောက်ပြီးလျှင် နံရံသို့ ရှေးရှု ထားအပ်၏၊ ထိုအပေါက်ဖြင့် မီးရောင်သည် ထွက်၍ အဝိုင်းအဝန်းကို ပြု၏၊ ဤ ဆီမီးရောင်ဝန်းသည် နေရောင်ဝန်း,လရောင်ဝန်းတို့ထက် ကြာမြင့်စွာ တည်၏၊ ဤအာလောက ကသိုဏ်း၌ ဥဂ္ဂဟနိမိတ်သည် နံရံ၌ငှင်း, မြေကြီး၌ငှင်း ထင်သောအရောင်အဝန်းနှင့် တူ၏၊ ပဋိဘာဂနိမိတ်သည် မြတ်စွာဘုရား၏ တလုံးမျှလောက်သော ရောင်ခြည်တော်ဝန်းကဲ့သို့ တခဲနက်ဖြစ်၍ ကြည်လင်စွာသော အရောင်အစုနှင့်တူ၏၊ ကြွင်းသော စကားစုမှာ ဆိုအပ်ခဲ့ပြီးသည်နှင့် တူ၏။

အာလောက ကသိုဏ်း ပြီး၏။

---

## အာကာသ ကသိုဏ်း

၉၉။ ပရိစ္ဆိန္နာကာသ ကသိုဏ်း၌လည်း "အာကာသကသိုဏ်းကို အားထုတ် ပွါးများလိုသော ယောဂီပုဂ္ဂိုလ်သည် ကောင်းကင် အာကာသ၌နိမိတ်ကိုယူ၏၊ နံရံပေါက်ဖြင့်ငှင်း, သံကောက်ပေါက်ဖြင့်ငှင်း,လေသာပြူတင်းပေါက်ကြားဖြင့်ငှင်း နိမိတ်ကိုယူ၏"ဟု ဟောတော်မူသော ကြောင့် ပြုအပ်သော အဓိကာရ ကောင်းမှုပုညရှိသူ

ပုဂ္ဂိုလ်အား နံရံပေါက်စသည်တို့တွင် တခုခုကိုမြင်၍ နိမိတ် ဖြစ်၏၊ ဤမှကပါး အဓိကာရမရှိသောပုဂ္ဂိုလ်အား နေမပြောက်မထိုး ကောင်းစွာမိုးအပ်သော မဏ္ဍပ်၌ရင်း သားရေ ဖျာစသည်တို့တွင် တခုခု၌ရင်း တထွာ လက် လေးသစ် ပမာဏရှိသော အပေါက်ကို ၍ တို ပြုအပ် သော အပေါက်ကိုရင်း, နံရံပေါက်ကိုရင်း အာကာသ, အာကာသဟူ၍ ပွါးအပ်၏၊ ဤအာကာသကသိုဏ်း၌ ဥဂ္ဂဟနိမိတ်သည် နံရံအပေါက် စသည်တို့နှင့်တကွ အပေါက်နှင့်တူသည်သာလျှင် ဖြစ်၏၊ ပွါးစေအပ်သော်လည်း မပွါးနိုင်၊ (ဘာဝနာ အားနည်းသောကြောင့် ဖြစ်၏၊)ပဋိဘာဂနိမိတ်သည် ကောင်းကင်အဝန်းဖြစ်၍ ထင်၏၊ ပွါးအပ်သည်ရှိသော် ပွါး၏၊ ကြွင်းသော စကားများကို ပထဝီကသိုဏ်းတွင် ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း မှတ်အပ်၏။

ပရိစ္ဆိန္နာကာသကသိုဏ်း ပြီး၏။

---

ဣတိ ကသိဏာနိ ဒသဗလော၊
ဒသ ယာနိ အဝေါစ သဗ္ဗဓမ္မဒဿော။
ရူပါဝစရမှိ စတုက္ကပဉ္စကဇ္ဈာနဟေတူနိ။
ဧဝံ တာနိ စ တေသဉ္စ၊
ဘာဝနာနယမိမံ ဝိဒိတွာန။
တေသွေဝ အယံ ဘိယျော၊
ပကိဏ္ဏကကထာပိ ဝိညေယျာ။

ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ရူပါဝစရဈာန်၌ စတုက္ကနည်းဈာန်, ပဉ္စကနည်းဈာန်တို့၏ အကြောင်းဖြစ်ကုန်သော ဆယ်ပါးသော ကသိုဏ်းတို့ကို ခပ်သိမ်းဉဿုံ အလုံးစုံသော တရားကို အကုန်အစင် သိမြင်တော်မူသော အားတော်ဆယ်တန် ဉာဏ်တော် ဆယ်ပါး၏သခင်ဘုရားရှင်သည် ဟောကြားမြွက်ဟ ဖော်ပြတော်မူလေပြီ။

ထို ဆယ်ပါးသော ကသိုဏ်းတို့ကိုငှင်း, ထို ဆယ်မျိုးတို့ကို ပွါးရန်နည်းကိုငှင်း ဆိုခဲ့ပြီးသော အစီအစဉ်အတိုင်း သိပြီး၍ ထို ကသိုဏ်းတို့၌ အတိုင်းထက်အလွန် သိစေခြင်းငှါ ဤ ဆိုလတ္တံ့ ပြီးပြွမ်းသော ပကိဏ္ဏက ကထာကိုလည်း သိကြရာ၏။

## ပကိဏ္ဏကကိုပြခြင်း

၁၀၀။ ဤကသိုဏ်းတို့ ဘွင် ပထဝီကသိုဏ်း၏ အစွမ်းဖြင့် တယောက်သာဖြစ်လျက် အများဖြစ်၏ အစရှိသော အဖြစ်သည်ငှင်း, ရေ၌ငှင်း မြေကိုဖန်ဆင်း၍ ခြေဖြင့် သွားခြင်း ထိုင်ခြင်းအစရှိသည်ကို ပြုခြင်းငှင်း နီလ စသော အဆင်းကို မသုံးသပ်မူ၍ မပွါးခြင်း ပွါးခြင်း နည်းဖြင့် အဘိဘာယတနကို ရခြင်းငှင်း, ဤသို့ အစ ရှိသော အကျိုးတို့သည် ပြည့်စုံကုန်၏။

အာပေါကသိုဏ်း၏အစွမ်းဖြင့် မြေ၌ငုပ်ခြင်းပေါ်ခြင်း မိုဃ်းရေ မိုဃ်းပေါက်ကို ဖြစ်စေခြင်း, မြစ်သမုဒ္ဒရာကို ဖန်ဆင်းခြင်း, မြေ တောင်ပြာသာဒ် စသည်တို့ကို တုန်လှုပ်စေခြင်း,ဤသို့ အစရှိသော အကျိုးတို့သည် ပြည့်စုံကုန်၏။

တေဇောကသိုဏ်း၏ အစွမ်းဖြင့် အခိုးလွှတ်ခြင်း, အလျှံ လွှတ်ခြင်း, မီးကျီးမိုဃ်းရွာခြင်းကို ဖြစ်စေခြင်း, မိမိတန်ခိုးဖြင့် သူတပါး၏တန်ခိုးကို ကုန်စေနိုင်ခြင်း အကြင် အရာဝတ္ထုကို မီးလောင်စေခြင်းငှါ အလိုရှိ၏၊ ထိုအရာမျှကိုသာ လောင်ကျွမ်း စေနိုင်ခြင်း ဒိဗ္ဗစက္ခုဖြင့် ရူပါရုံတို့ကိုမြင်ခြင်းငှါ အလင်းရောင်ကို ပြုနိုင်ခြင်း ပရိနိဗ္ဗာန်ပြုသောအခါ တေဇောဓာတ်ဖြင့် ကိုယ် ကောင်ကို လောင်ကျွမ်းစေခြင်း ဤသို့ အစရှိသော အကျိုး တို့သည် ပြည့်စုံကုန်၏။

ဝါယောကသိုဏ်း၏အစွမ်းဖြင့် လေ၏လျင်ခြင်းကဲ့သို့ လျင် မြန်စွာ သွားနိုင်ခြင်း, လေပြင်းမုန်းတိုင်း တိုက်ခတ်စေနိုင်ခြင်း အစရှိသော အကျိုးတို့သည် ပြည့်စုံကုန်၏။

နီလကသိုဏ်း၏အစွမ်းဖြင့် ညိုသောအဆင်းကို ဖန်ဆင်းနိုင်ခြင်း အမိုက်မှောင်ကျအောင် ပြုနိုင်ခြင်း ကောင်းသောအဆင်း မကောင်းသော အဆင်းရှိသောနည်းဖြင့် အဘိဘာယတနကို ရခြင်း သုဘဝိမောက္ခကိုရခြင်း ဤသို့ အစရှိသောအကျိုးတို့သည် ပြည့်စုံကုန်၏။

ပီတကသိုဏ်း၏အစွမ်းဖြင့် ရွှေသောအဆင်းကို ဖန်ဆင်း နိုင်ခြင်း ရွှေဖြစ်စေဟု အဓိဋ္ဌာန်နိုင်ခြင်း ဆိုအပ်ပြီးသောနည်းဖြင့် အဘိဘာယတနကိုရခြင်း, သုဘဝိမောက္ခကိုရခြင်း ဤသို့ အစ ရှိသော အကျိုးတို့သည် ပြည့်စုံကုန်၏။

လောဟိတကသိုဏ်း၏အစွမ်းဖြင့် နီသောအဆင်းကို ဖန်ဆင်း နိုင်ခြင်း, ဆိုအပ်ပြီးသောနည်းဖြင့် အဘိဘာယတနကိုရခြင်း, သုဘဝိမောက္ခကိုရခြင်း ဤသို့အစရှိသော အကျိုးတို့သည် ပြည့်စုံ ကုန်၏။

ဩဒါတကသိုဏ်း၏အစွမ်းဖြင့် ဖြူသောအဆင်းကို ဖန်ဆင်း နိုင်ခြင်း ထိနမိဒ္ဓ၏ ဝေးကွာသောအဖြစ်ကို ပြုနိုင်ခြင်း အမိုက် မှောင်ကို ပျောက်စေနိုင်ခြင်း ဒိဗ္ဗစက္ခုဖြင့် ရူပါရုံကိုမြင်ခြင်းငှါ အလင်းရောင်ကိုပြုခြင်း ဤသို့ အစရှိသောအကျိုးတို့သည် ပြည့်စုံ ကုန်၏။

အာလောကကသိုဏ်း၏ အစွမ်းဖြင့် အရောင်နှင့်တကွသော အဆင်းကိုဖန်ဆင်းနိုင်ခြင်း, ထိနမိဒ္ဓ၏ ဝေးကွာသောအဖြစ်ကို ပြုနိုင်ခြင်း, အမိုက်တိုက်ကို ဖျောက်ပယ်နိုင်ခြင်း, ဒိဗ္ဗစက္ခုဖြင့် ရူပါရုံကိုမြင်ခြင်းငှါ အလင်းရောင်ကိုပြုနိုင်ခြင်း ဤသို့ အစရှိသော အကျိုးတို့သည် ပြည့်စုံကုန်၏။

အာကာသကသိုဏ်း၏အစွမ်းဖြင့် ဖုံးလွှမ်း ကွယ်ကာအပ်သော ဝတ္ထုတို့ကို ဟင်းလင်းပွင့်အောင် ပြုနိုင်ခြင်း, မြေ၏အတွင်း တောင်၏အတွင်း စသည်တို့၌လည်း ဟင်းလင်းအပြင် ကောင်း ကင်ကို ဖန်ဆင်း၍ ဣရိယာပုထ်ကိုပြုနိုင်ခြင်း, နံရံတံတိုင်းစသည် တို့၌ မငြိမရှက်သွားနိုင်ခြင်း ဤသို့ အစရှိသော အကျိုးတို့သည် ပြည့်စုံကုန်၏။

အလုံးစုံသော ကသိုဏ်းဆယ်ပါးတို့သည်ပင် အထက်,အောက်, ဖီလာထက်ဝန်းကျင်မှ ပိုင်းခြားအပ်သော နှစ်ပါးမဟုတ်, အပိုင်းအခြားမရှိ, သော ဤ အထူးအပြားကိုရကုန်၏၊ထိုစကားမှန်သည်၊ ''အချို့ပုဂ္ဂိုလ်သည် အထက်, အောက်, ဖီလာ, နှစ်ပါးမဟုတ်, အပိုင် အခြားမရှိ, ပထဝီကသိုဏ်းကို မှတ်၏'' အစရှိသည်ဖြင့် ဟောတော်မူအပ်၏။

ထိုပါဠိတော်တွင် ''အထက်'' ဆိုသည်ကား အထက် ကောင်းကင်အပြင်သို့ ရှေးရှု ပထဝီကသိုဏ်းကို မှတ်၏၊ ''အောက်'' ဆိုသည်ကား အောက်မြေအပြင်သို့ ရှေးရှု ပထဝီကသိုဏ်းကို မှတ်၏၊ ''ဖီလာ'' ဆိုသည်ကား လယ်အဝန်းကဲ့သို့ ထက်ဝန်းကျင်မှ ပိုင်းခြားအပ်သော ပထဝီကသိုဏ်းကိုမှတ်၏ ဆိုလိုသည်။

ထိုစကားမှန်သည်၊အချို့သောပုဂ္ဂိုလ်သည်၊အထက်သို့သာလျှင် ကသိုဏ်းကို ပွါး၏၊ အချို့သော ပုဂ္ဂိုလ်သည် အောက်သို့သာလျှင် ကသိုဏ်းကို ပွါး၏၊ အချို့သောပုဂ္ဂိုလ်သည် ထက်ဝန်းကျင် အဘို့ အားဖြင့် ကသိုဏ်းကို ပွါး၏၊ ထိုထိုအကြောင်းဖြင့်လည်း ဤသို့လျှင် ကသိုဏ်းကို ပြန့်စေ၏၊ ဒိဗ္ဗစက္ခုဖြင့် ရူပါရုံကို မြင်ခြင်းငှါ အလိုရှိသော တန်ခိုးရှင်သည် အလင်းရောင်ကို ပြန့်နှံ့စေသကဲ့သို့ တို့အတူ ဤယောဂီပုဂ္ဂိုလ်သည် အထက်သို့ငှင်း, အောက်သို့ငှင်း, ဖီလာငှင်း ကသိုဏ်းကို ပြန့်စေ၏၊ ထို့ကြောင့် အထက်,အောက်, ဖီလာဟူသော စကားကို ဆိုအပ်၏၊ ''နှစ်ပါးမဟုတ်'' ဟူသော စကားကို ပထဝီကသိုဏ်းစသော တခုခုသော ကသိုဏ်း၏ တပါးသော ကသိုဏ်းအဖြစ်သို့ မရောက်ခြင်းကို ပြခြင်းငှါ ဆိုအပ်သည်၊ ရေသို့ဝင်သောသူအား ထက်ဝန်းကျင် အလုံးစုံသော အရပ်မျက်နှာတို့၌ ရေသာဖြစ်သကဲ့သို့ ရေမှတပါး မြေ စသည် မဖြစ်သကဲ့သို့ ဤအတူ ပထဝီကသိုဏ်းသည် ပထဝီကသိုဏ်းသာ ဖြစ်၏၊ တပါးသောကသိုဏ်းနှင့် ရောရှက်ခြင်းမရှိ၊ အလုံးစုံသော ကမ္မဋ္ဌာန်းဟူ့ကို ဤနည်းအတိုင်း သိအပ်၏။

''အပိုင်းအခြားမရှိ'' ဟူသော စကားကို ပထဝီကသိုဏ်း၏ နှံ့ခြင်းပမာဏ မရှိသည်အစွမ်းဖြင့် ဆိုအပ်၏၊ ထိုပထဝီကသိုဏ်းကို

ဘာဝနာစိတ်ဖြင့် စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အလုံးစုံသော အရပ်ကို စီးဖြန်း၏, အာရုံပြု၏၊ ဤသည်ကား ထိုကသိုဏ်း၏ အစတည်း။ ဤသည်ကား အလယ်တည်းဟု ပမာဏကို မယူဟု ဆိုလိုသည်။

၁၀၁။ "အကြင် သတ္တဝါတို့သည် ရှေးမဂ်ကို တားမြစ်တတ်သော ကံနှင့်ပြည့်စုံကုန်၏၊ ရှေးမဂ်ကို တားမြစ်တတ်သော ကိလေသာနှင့် ပြည့်စုံကုန်၏၊ ရှေးမဂ်ကို တားမြစ်တတ်သော အကျိုးဝိပါက်နှင့် ပြည့်စုံကုန်၏၊ ယုံကြည်ခြင်း သဒ္ဓါမရှိ၊ ကောင်းသော ဆန္ဒကင်းကုန်၏၊ ပညာမဲ့ကုန်၏၊ ထိုသတ္တဝါတို့သည် ကုသိုလ်တရားတို့၌ နိယာမဟု ဆိုအပ်သော မဖောက်မပြန် မှန်သော သဘောရှိသော အရိယာမဂ်သို့ သက်ဝင်ခြင်းငှါ မထိုက်"ဟု ဤသို့ ဟောအပ်ကုန်၏၊ ထိုဟောတော်မူသော သတ္တဝါတို့တွင် တယောက်သောသူမျှ တခုသောကသိုဏ်း၌ ဘာဝနာ ပွါးခြင်း မပြည့်စုံနိုင်။

ထိုဟောတော်မူသော ပါဠိတော်၌ "ရှေးမဂ်ကို တားမြစ်တတ်သော ကံနှင့်ပြည့်စုံကုန်၏" ဆိုသည်ကား အနန္တရိယကံ ငါးပါးတို့တွင် တပါးပါးသော ကံနှင့်ပြည့်စုံသူကို ဆိုသည်။ "ရှေးမဂ်ကို တားမြစ်တတ်သော ကိလေသာနှင့် ပြည့်စုံကုန်၏" ဆိုသည်ကား အဟေတုကဒိဋ္ဌိ, အကိရိယဒိဋ္ဌိ, နတ္ထိကဒိဋ္ဌိ ဟူသော မိစ္ဆာဒိဋ္ဌိကြီးသုံးပါးတို့တွင် တပါးပါးနိယတမိစ္ဆာဒိဋ္ဌိနှင့် ပြည့်စုံသူတို့ကိုင်း, ဥဘတောဗျည်း ပဏ္ဍုက်တို့ကိုင်း ဆိုသည်။ "ရှေးမဂ်ကို တားမြစ်တတ်သော အကျိုးဝိပါက်နှင့် ပြည့်စုံကုန်၏" ဆိုသည်ကား အဟိတ်ပဋိသန္ဓေ ဒွိဟိတ်ပဋိသန္ဓေရှိသော ပုဂ္ဂိုလ်တို့ကို ဆိုသည်။ "ယုံကြည်ခြင်း သဒ္ဓါမရှိ" ဆိုသည်ကား ဘုရားအစရှိသော ရတနာသုံးပါး၌ ယုံကြည်ခြင်း ကင်းသူကို ဆိုသည်။ "ဆန္ဒကင်းကုန်၏" ဆိုသည်ကား မဂ်အားလျော်သော အကျင့် သစ္စာနုလောမိက ဝိပဿနာ၌ သမ္မာဆန္ဒကင်းသူကို ဆိုသည်၊

“ပညာမဲ့ကုန်[illegible]”ဆိုသည့်ကား လောကီ လောကုတ္တရာသမ္မာဒိဋ္ဌိမှ ကင်းသူကို [illegible]

ကသိုဏ် [illegible] တို့၌သော မ[illegible] တပါးကုန်သော ကမ္မဋ္ဌာန်း [illegible] ကမ္မ[illegible] တယောက်သောသူမျ[illegible] မပြုနိုင်၊ [illegible]ယ်တို့သည် ဤသို့လျှင် အ[illegible]ကုန်[illegible] ပိပါကာဝရဏ ကင်းသော[illegible] ကမ္မာဝရဏ နှင့် ကိလေသာဝရဏ[illegible] ကြဉ်ရှောင်၍ သူတော်ကောင်းတရားကိုနာခြင်း [illegible] သူတော်ကောင်းနှင့် [illegible]ဖော်ခြင်း သပ္ပုရိသူပနိဿယ[illegible]ဖြင့် [illegible] တရားကိုရင်း, [illegible]ဆန္ဒကိုရင်း, ပညာကိုရင်း ပွါးစေ၍ [illegible]ကမ္မဋ္ဌာန်းကို အား[illegible]ခြင်း၌ အသဲအသန် ပြင်းထန်သော လုံ့လ[illegible] ပြုအပ် ပြုသင့် [illegible]လှပေ၏။

ဤသို့လျှင် သူတော်ကောင်းတို့ ဝမ်းမြောက်စေခြင်းငှါ ပြုစီရင်အပ်သော ဝိသုဒ္ဓိမဂ္ဂကျမ်း သမာဓိဘာဝနာ အကြောင်းကို ဆိုရာ၌ သေသကသိဏနိဒ္ဒေသ အမည်ရှိသော ပဉ္စမပိုင်းသည် ပြီး၏။

# ၆-အသုဘကမ္မဋ္ဌာနနိဒ္ဒေသ

## ဥဒ္ဓုမာတက အစရှိသော ပုဒ်အဖွင့်

၁၀၂။ ကသိုဏ်းဆယ်ပါးကို ဆိုအပ်သော အခြားမဲ့၌ ပြအပ်သောဥဒ္ဓုမာတက, ဝိနီလက, ဝိပုဗ္ဗက, ဝိစ္ဆိဒ္ဒက, ဝိက္ခာယိတက,ဝိက္ခိတ္တက,ဟတဝိက္ခိတ္တက,လောဟိတက, ပုဠဝက,အဋ္ဌိက ဟူသော ဆယ်ပါးသော အဝိညာဏက အသုဘတို့၏ အကျယ်ကို ဤသို့ ဆိုလတ္တံ့သောအတိုင်း သိအပ်၏။

(၁) "ဥဒ္ဓုမာတက" သားရေအိတ်သည် လေဖြင့် ပြည့်သကဲ့သို့ အသက်ကုန်သည်မှ အထက်ဖြစ်သော နောက်ကာလ၌ အစဉ်အတိုင်း ဖူးရောင်ကြွတက်သော အကောင်ပုပ်၏ အဖြစ်ဖြင့် ကြွတက်ဖူးရောင်သည် အဖြစ်ကြောင့် ဥဒ္ဓုမာတ ဟု ခေါ်သည်၊ ထိုဥဒ္ဓုမာတကိုပင် "ဥဒ္ဓုမာတက" ဟု ခေါ်လေသည်၊ တနည်းကား-စက်ဆုပ်ရွံရှာဘွယ်ဖြစ်သောကြောင့် စက်ဆုပ်အပ်သော သေသည်မှအထက်ဖြစ်သော နောက်ကာလ၌ ဖူးဖူးရောင်သော အကောင်ပုပ်ဖြစ်၍ ဥဒ္ဓုမာတကဟု ခေါ်သည်၊ ဤ"ဥဒ္ဓုမာတက" ဟူသောအမည်သည် ထိုသို့သဘောရှိသော သူသေကောင်၏ အမည်ပေတည်း။

(၂) ဝိနီလက" အဖြူအနီနှင့်ရောသော များသောအားဖြင့် ညိုညိုမည်းမည်းရှိသောအကောင်ကို "ဝိနီလ" ဟူ၍ ခေါ်သည်၊ တနည်းမှာ-ဖောက်ပြန်ပျက်စီး၍ ညိုမည်းသော အဆင်းရှိသော အကောင်ကို "ဝိနီလ" ဟု ခေါ်သည်၊ ထို "ဝိနီလ" ကိုပင် "ဝိနီလက" ဟူ၍ဆိုသည်၊ တနည်းမှာ စက်ဆုပ် ရွံရှာဘွယ်ဖြစ်သောကြောင့် စက်ဆုပ်အပ်သော ဖောက်ပြန်သော အဆင်းရှိသော အကောင်ပုပ်ကို "ဝိနီလက" ခေါ်သည်၊ ဤ "ဝိနီလက" ဟူသော အမည်သည် အသားများသောအရပ်၌ နီသော အဆင်းရှိသော ပြည်စုသော နေရာတို့၌ ဖြူသောအဆင်းရှိသော

ညိုသောနေရာ၌ ညိုသောအဝတ်ဖြင့် ရစ်ပတ်လွှမ်းခြုံသကဲ့သို့ များသောအားဖြင့် ညိုသောအဆင်းရှိသော သူသေကောင်၏ အမည်ပေတည်း။

(၃) "ဝိပုဗ္ဗက"ကျိုး-စွန် စသည်တို့ ထိုးဆွ ဆိတ်ပေါက်သဖြင့် စုတ်ပြတ်သောအရာတို့၌ ယိုစီးသော ပြည်ရှိသော အကောင်ကို "ဝိပုဗ္ဗ"ခေါ်သည်၊ ထို "ဝိပုဗ္ဗ"ကိုပင် "ဝိပုဗ္ဗက"ဟူ၍ ဆိုသည်၊ တနည်းမှာ စက်ဆုပ် ရွံရှာဘွယ်ဖြစ်သောကြောင့် စက်ဆုပ်အပ် သော ပြည်ယိုသော အကောင်ပုပ်ကို "ဝိပုဗ္ဗက"ဟူ၍ ခေါ်သည်၊ ထို "ဝိပုဗ္ဗက"ဟူသော အမည်သည် ထိုသို့ ဆိုအပ်ခဲ့ပြီးသော သဘောရှိသော အကောင်ပုပ်၏ အမည်ပေတည်း။

(၄) "ဝိစ္ဆိဒ္ဒက" နှစ်ပိုင်းဖြတ်သဖြင့် ဖွင့်အပ် ခွါအပ်သော အကောင်ကို "ဝိစ္ဆိဒ္ဒ" ဟူ၍ ခေါ်သည်၊ "ဝိစ္ဆိဒ္ဒ" သည်ပင် "ဝိစ္ဆိဒ္ဒက"မည်သည်၊ တနည်းကား စက်ဆုပ်ရွံရှာဘွယ်ဖြစ်သော ကြောင့် နှစ်ပိုင်းဖြတ်အပ်သော အကောင်ကို "ဝိစ္ဆိဒ္ဒက" ဟူ၍ ခေါ်သည်၊ ဤ အမည်သည် အလယ်၌ ဖြတ်အပ်သော အကောင် ပုပ်၏ အမည်ပေတည်း။

(၅) "ဝိက္ခာယိတက" ဤမှဋင်း, ထိုမှဋင်း, အထူးထူးသော အခြင်းအရာအားဖြင့် ခွေး,မြေခွေး စသည်တို့သည် ခဲအပ်သော အကောင်ကို "ဝိက္ခာယိတ" ဟူ၍ ခေါ်သည်၊ "ဝိက္ခာယိတ" သည်ပင် "ဝိက္ခာယိတက" မည်သည်၊ တနည်းကား စက်ဆုပ် ရွံရှာဘွယ်ဖြစ်သောကြောင့် စက်ဆုပ် ရွံရှာအပ်သော အထူးထူး သော အခြင်းအရာအားဖြင့် ခွေး, မြေခွေး စသည်တို့သည် ခဲအပ် စားအပ်သော အကောင်ကို "ဝိက္ခာယိတက"ဟု ခေါ်သည်၊ ဤအမည်သည် ဆိုအပ်ခဲ့ပြီးသော သဘောရှိသော အကောင် ပုပ်၏ အမည်ပေတည်း။

(၆) "ဝိက္ခိတ္တက"ခွေး,မြေခွေး စသော သတ္တဝါတို့ ကိုက်ခဲ၍ အထူးထူးသော အရပ်တို့၌ ပစ်အပ်သောကြောင့် "ဝိက္ခိတ္တ" ခေါ်သည်၊ ထို"ဝိက္ခိတ္တ" သည်ပင် "ဝိက္ခိတ္တက" မည်သည်၊

တနည်းကား စက်ဆုပ် ရွံရှာဘွယ်ဖြစ်သောကြောင့် စက်ဆုပ်ရွံရှာအပ်သော အထူးထူးသောအရပ်၌ ပစ်အပ်သော အကောင်ဖြစ်သောကြောင့် "ဝိက္ခိတ္တက"ဟူ၍ ခေါ်သည်၊ ဤ"ဝိက္ခိတ္တက" ဟူသော အမည်သည် တပါးသောအရပ်ဖြင့် လက်ကို,တပါးသော အရပ်ဖြင့် ခြေကို, တပါးသောအရပ်ဖြင့် ခေါင်းကို၊ ဤသို့လျှင် ထိုထို အရပ်တွင် ပစ်အပ်သောအကောင်ပုပ်၏ အမည်ပေတည်း။

(၇) "ဟတဝိက္ခိတ္တက"ရန်သူဖြစ်သူတို့က ဓားဖြင့် ခုတ်ဖြတ်အပ်သည်ငှင်း, ရှေးနည်းအတိုင်း အထူးထူးသော အရပ်တို့၌ ပစ်စွန့်အပ်သည်ငှင်း ဖြစ်၏၊ ထို့ကြောင့် "ဟတဝိက္ခိတ္တက" မည်သည်၊ ဤအမည်သည် အင်္ဂါကြီးငယ်တို့၌ ဓားလက်နက်ဖြင့် ကျီးခြေသဏ္ဌာန်လို ရန်သူဖြစ်သူတို့က လှီးအပ် မွှန်းအပ်သည်ဖြစ်၍ ထိုထိုအရပ်တွင် စွန့်ပစ်အပ်သော အကောင်ပုပ်၏ အမည်ပေတည်း။

(၈) "လောဟိတက" သွေးကို ကြဲဖြန့်သွန်းလောင်းသကဲ့သို့ ဖြစ်တတ်၏၊ ထိုမှ ဤမှလည်း ယိုစီးတတ်၏၊ ထို့ကြောင့် "လောဟိတက" မည်၏၊ ဤ"လောဟိတက"ဟူသော အမည်သည် မိမိမှယိုထွက်သော သွေးဖြင့် လိမ်းကျံလူးလည်းသော အကောင်ပုပ်၏ အမည်ပေတည်း။

(၉) "ပုဠုဝက" ပိုးလောက်တို့ကို "ကိမိဠု"ဟု ခေါ်သည်၊ ပိုးလောက်တို့ ယိုတတ်,ထွက်တတ်သောကြောင့် "ပုဠုဝက" ဟူ၍ ခေါ်သည်၊ ဤ"ပုဠုဝက"ဟူသော အမည်သည် ပိုးလောက်တို့ဖြင့် ပြည့်သော အကောင်ပုပ်၏ အမည်ပေတည်း။

(၁၀) "အဋ္ဌိက"အရိုးသည်ပင် "အဋ္ဌိက"မည်သည်၊ တနည်းကား စက်ဆုပ်ရွံရှာအပ်သော အရိုးဖြစ်၍"အဋ္ဌိက"ဟုခေါ်သည်၊ ဤ"အဋ္ဌိက"ဟူသော အမည်သည် အဆက်မပြုတ်သော အရိုး၏ငှင်း, အဆက်ပြုတ်ပြီးသော တခုခုသော အရိုး၏ငှင်း, အမည်ပေတည်း။

ဤ ဆိုအပ်ခဲ့ပြီးသော "ဥဒ္ဓုမာတက" အစရှိသည်တို့ကို အာရုံ ပြုသောအားဖြင့် မှီ၍ဖြစ်သော ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ် တို့၏၎င်း, နိမိတ်တို့၌ ရအပ်သော ဈာန်တို့၏၎င်း "ဤ ဥဒ္ဓုမာ တက"အစရှိသော အမည်တို့သည် ဖြစ်ကုန်၏။

## ဥဒ္ဓုမာတက ကမ္မဋ္ဌာန်း

၁၀၃။ ထိုအသုဘကမ္မဋ္ဌာန်းတို့တွင် "ဥဒ္ဓုမာတက" ဖြစ်သော အကောင်ပုပ်၌ ဥဒ္ဓုမာတက နိမိတ်ကိုဖြစ်စေ၍ ဥဒ္ဓု မာတကဟု ဆိုအပ်သော ဈာန်ကိုပွါးလိုသော ယောဂီ ပုဂ္ဂိုလ်သည် ပထဝီကသိုဏ်း၌ ဆိုအပ်ပြီးသော နည်းအတိုင်း ဆိုအပ်ပြီးသော အပြားရှိသော ဆရာသို့ ချဉ်းကပ်၍ ကမ္မဋ္ဌာန်းကို နည်းကျအောင် သင်အပ်၏။

ထိုယောဂီပုဂ္ဂိုလ်အား ကမ္မဋ္ဌာန်းကို ဟောသော ထိုဆရာ သည် အသုဘနိမိတ်ကို ယူခြင်းအကျိုးငှါ သွားခြင်း အစီအရင် ဥဂ္ဂဟနိမိတ်ကို မှတ်ခြင်း, တဆယ့်တပါးသော အပြားဖြင့် နိမိတ်ကိုယူခြင်း, အသွားလမ်း အလာလမ်းကို ဆင်ခြင်ခြင်း, ဤသို့လျှင် အပ္ပနာ အစီအရင် အဆုံးရှိသော အလုံးစုံသော အစီ အရင်ကို ဟောအပ်၏။

ထိုကမ္မဋ္ဌာန်းယူသော ပုဂ္ဂိုလ်သည်လည်း ဆရာသင်သော အတိုင်း မကြွင်းမကျန်ရအောင် ကောင်းစွာ ကျကျနန လက်ထပ် ရအောင် သင်ခဲ့၍ ရှေ့ကဆိုခဲ့ပြီးသော အပြားရှိသော ကျောင်းသို့ သွားပြီးလျှင် ဥဒ္ဓုမာတက နိမိတ်ကိုရှာလျက် နေရာ၏။

၁၀၄။ ဤသို့နေသော ယောဂီပုဂ္ဂိုလ်သည် ဤမည်သော ရွာ တံခါး၌၎င်း, တောအုပ်ဝ၌၎င်း, လမ်းခရီး၌၎င်း, တောင်ခြေရင်း၌၎င်း, သစ်ပင်ရင်း၌၎င်း, သုသာန်၌၎င်း, ဥဒ္ဓုမာတက အကောင်ကို စွန့်ပစ်အပ်၏ဟု ပြောသော သူတို့၏ စကားကို ကြားသော်လည်း ကြားလျှင်ကြားခြင်း ဆိပ်ကမ်းမရှိ, ရေပြည့်သော မြစ်ထဲသို့ ဆင်းသကဲ့သို့ အဆောတလျင် မသွားအပ်၊ အဘယ့်ကြောင့်ဆိုသော် ဤအသုဘ မည်သည်ကား သားရဲစောင့်ရှောက်သည်

ၿငင်း, ဘီလူးစောင့်ရှောက်သည်ၿငင်း ဖြစ်၏၊ ထိုသို့ အစောင့် အရှောက်ရှိခဲ့သော် ထိုပုဂ္ဂိုလ်အား အသက် အန္တရာယ်ဖြစ်ရာချေသည်၊တနည်းသော်ကား အကောင် ရှိရာသို့ သွားရာလမ်းခရီးသည် ရွာတံခါးဖြင့်ၿငင်း, ရေချိုး ဆိပ်ဖြင့်ၿငင်း, လယ်ကန်သင်းဖြင့်ၿငင်း, သွားအပ်သည် ဖြစ်မူ ရွာတံခါးစသည်၌ ဈေးသည်မ, လယ်စောင့်မ, ရေခပ်မ, စသော ဆန့်ကျင်ဘက် ဝိသဘာဂ ရုပ်သည် ထင်ခြင်းသို့ ရောက်၏၊ ထို ရှုအပ်သော အကောင်သည် လည်း ဆန့်ကျင်ဘက်ဝိသဘာဂ ဖြစ်၏၊ယောက်ျားအား မိန်းမ အကောင်သည့်, မိန်းမအားလည်း ယောက်ျား၏ အကောင်သည် ဆန့်ကျင်ဘက် ဖြစ်၏၊ သေခါစဖြစ်၍ ဥဒ္ဓုမာတကအဖြစ်သို့ မရောက်သေးသော ထို ဝိသဘာဂ အာရုံသည် သုဘအားဖြင့်လည်း ထင်တတ်၏၊ ထိုသို့ ထင်သောကြောင့် ထို ယောဂီပုဂ္ဂိုလ်အား မြတ်သော အကျင့်၏ အန္တရာယ်သော်လည်း ဖြစ်ရာ၏၊ ထို့ကြောင့် မသွားအပ်။

အကယ်၍ ဤအသေကောင်သည် ငါကဲ့သို့ သတိနှင့် ပြည့်စုံ သောသူအား ရာဂမဖြစ်ရအောင် စောင့်ရှောက်ခြင်းငှါ ဝန်လေး သည်မဟုတ်ဟု မိမိကိုယ်ကို အားပေးချီးမြှောက်သည် ဖြစ်အံ့၊ ဤသို့ သဘောရှိသော ရဟန်းသည် သွားအပ်၏။

၁၀၅။ သွားသောအခါ သံဃာထေရ်အားၿငင်း, တပါးသော ထင်ရှားသော ရဟန်းအားၿငင်း, ပန်ကြား၍သွားအပ်၏၊ အကြောင်းမူကား သုသာန်၌ ဘီးလူး, ခြင်္သေ့, ကျား, အစရှိသည်တို့၏ အဆင်းအသံ အစရှိသော အနိဋ္ဌာရုံ တို့သည် နှိပ်စက်အပ်သော ထို ပုဂ္ဂိုလ်၏ အင်္ဂါကြီးငယ် တို့သည်မူလည်း အကယ်၍ တုန်လှုပ်ခဲ့ငြားအံ့၊ စားပြီး သော အစာသည်မူလည်း အန်ထွက်ချေအံ့၊ တပါးသော အနာရောဂါသည်မူလည်း ဖြစ်ခဲ့အံ့၊ ထိုသို့ အန္တရာယ် တစိုးတစိရှိဘိမူ ထိုပန်ကြားအပ်သော ရဟန်းသည်

ထိုအန္တရာယ်ရောက်သော ယောဂီပုဂ္ဂိုလ်၏ကျောင်း၌ သပိတ်သက်န်းကို ကောင်းစွာ စောင့်ရှောက်လတ္တံ့၊ ရဟန်းငယ်,သာမဏေငယ်တို့ကို စေလွှတ်၍ ထိုရဟန်းကို ကုစားပေလတ္တံ့၊ ဆိုဘွယ်အထူးကား သုသာန် မည်သည်မှာ ရှုံကြောက်ခြင်းကင်းရာ အရပ်ဟု မှတ်ထင် ကုန်သော ခိုးပြီးသောသူခိုး မခိုးရသေးသော သူခိုးတို့၏ စုဝေးရာဌာန ဖြစ်၏၊ ထိုသူခိုးတို့သည် ဥစ္စာရှင်တို့ လိုက်သည်ရှိသော် ရဟန်း၏အနီး၌ ဥစ္စာထုပ်ကိုချ၍ ပြေးတတ်ကုန်၏၊ လူတို့သည် ခိုးထုပ်နှင့်တကွ ခိုးသူကို တွေ့ရပြီဆို၍ ရဟန်းကိုဖမ်းပြီးလျှင် ညှဉ်းဆဲတတ်ကြကုန် အံ၏၊ ထိုသို့ အန္တရာယ်ရှိလတ်သော် ထိုပန်ကြား၍ သွားသောရဟန်းက သင်ဒါယကာတို့သည် ဤရဟန်း ကို မညှဉ်းဆဲကြကုန်လင့်၊ ဤရဟန်းသည် ငါ့အား တိုင်ကြားပြောဆို၍ ဤမည်သောအမှုကိစ္စကြောင့် သွား ပေသည်ဟု ပြောဆို၍ ထိုလူတို့ကို သိစေပြီးလျှင် ထိုယောဂီပုဂ္ဂိုလ်၏ ချမ်းသာသည်အဖြစ်ကို ပြုပေလတ္တံ့၊ ပန်ကြားပြောဆို၍ သွားခြင်း၌ ဤအကျိုးသည် ဖြစ်၏၊ ထို့ကြောင့် ဆိုအပ်ခဲ့ပြီးသော ရဟန်းအား ပြောဆို ပန်ကြား၍ အသုဘနိမိတ်ကို ရှုမြင်ခြင်းငှါ လွန်စွာ အလို ရှိသည်ဖြစ်၍ ဥပမာအားဖြင့် မင်းသည် အဘိသိက်သွန်း ရာအရပ်, ယစ်ပူဇော်ရာအရပ်တို့သို့၎င်း, ဥစ္စာမရှိသော သူသည် ရွှေအိုးမြှုပ်ထားရာအရပ်သို့၎င်း ဝမ်းမြောက် ဝမ်းသာ သွားဘိသကဲ့သို့ ဤအတူ မချွတ်ကေန် ဤ အသုဘရှုသောအကျင့်ဖြင့် အိုခြင်း, သေခြင်းမှ လွတ်ရ ပေတော့အံ့ဟု နှစ်သက်ဝမ်းမြောက်ခြင်းကို ဖြစ်စေ၍ အဋ္ဌကထာတို့၌ ဆိုအပ်ပြီးသော အစီအရင်ဖြင့် သွား အပ်၏။

အဋ္ဌကထာတို့၌ ဖွင့်ဆိုအပ်သည်မှာ ဥဒ္ဓုမာတကဖြစ်သော အသုဘနိမိတ်ကို ယူလိုသောကြောင့် တယောက်ထည်း အဖော်

မရှိမူ၍ ထင်သော မမေ့မလျော့သော သတိဖြင့် အတွင်း၌ တည်သော ဣန္ဒြေတို့ဖြင့် အပသို့ ကျက်စားခြင်းမရှိသောစိတ်ဖြင့် သွားသော လာသောခရီးကို ဆင်ခြင်လျက် သွား၏၊ ဥဒ္ဓုမာတက ဖြစ်သော အသုဘနိမိတ်ကို ချထားသောအရပ်၌ ကျောက်ခဲ, တောင်ပို့, သစ်ပင်, ချုံနွယ်တို့ကို နိမိတ်အမှတ် ပြု၏၊ အသုဘနှင့် တကွ နိမိတ်အမှတ် ပြုပြီး၍ အသုဘနှင့်တကွ အာရုံ ပြုပြီး၍ ဥဒ္ဓုမာတကဖြစ်သော အသုဘနိမိတ်ကို တပါးသော အရာနှင့် မဆက်ဆံသော သဘောရှိသောအဖြစ် လက္ခဏာကို မှတ်၏၊ အဆင်းအားဖြင့်၎င်း, အသွင်အားဖြင့်၎င်း, သဏ္ဌာန်အားဖြင့်၎င်း, အရပ်အားဖြင့်၎င်း, နေရာအားဖြင့်၎င်း, ခြေဖျားလက်ဖျားစသော အပိုင်းအခြားဖြင့်၎င်း, လက်ဆစ်ခြေဆစ်အားဖြင့်၎င်း, ဟင်းလင်း အကြားအားဖြင့်၎င်း, နိမ့်သောဌာန မြင့်သောဌာနအားဖြင့်၎င်း, အကောင်၏ ထက်ဝန်းကျင်အားဖြင့်၎င်း မှတ်၏၊ ထိုယောဂီ ပုဂ္ဂိုလ်သည် ထိုနိမိတ်ကို ကောင်းစွာယူသည်ကို ပြု၏၊ ကောင်းစွာ မှတ်သည်ကို ပြု၍ မှတ်၏၊ ကောင်းစွာ ပိုင်းခြားအပ်သည်ကို ပြု၍ ပိုင်းခြား၏၊ ထိုယောဂီပုဂ္ဂိုလ်သည် ထိုနိမိတ်ကို ကောင်းစွာ ယူသည်ကို ပြုပြီး၍ ကောင်းစွာမှတ်ပြီး၍ ကောင်းစွာပိုင်းခြားပြီး၍ အဖော်မပါ တယောက်ထည်း ထင်သော မမေ့မလျော့သော သတိဖြင့် အတွင်း၌တည်သောဣန္ဒြေတို့ဖြင့် အပသို့ ကျက်စားခြင်း မရှိသောစိတ်ဖြင့် သွားလမ်း, လာလမ်းခရီးကို ဆင်ခြင်လျက် သွား၏၊ ထို ယောဂီပုဂ္ဂိုလ်သည် စင်္ကြံ သွားသော်လည်း ထိုအသုဘနိမိတ် သာလျှင် အဘို့ရှိသည်သာ ဖြစ်သော စင်္ကြံ သွားခြင်းကို အဓိဋ္ဌာန်၏၊ ထိုင်သော်လည်း ထိုအသုဘနိမိတ်သည် သာလျှင် အဘို့ရှိသော ထိုင်ခြင်းကို ပြု၏။

ဥဒ္ဓုမာတက၏ ထက်ဝန်းကျင်မှ နိမိတ်ကိုမှတ်ခြင်းသည် အဘယ်အကျိုး ရှိသနည်း, အဘယ်အာနိသင် ရှိသနည်းဟူမူ၊ ထက်ဝန်းကျင်မှ နိမိတ်ကိုမှတ်ခြင်းသည် မတွေဝေခြင်းအကျိုးရှိ၏၊ (ဥဂ္ဂဟနိမိတ်ထင်သောအခါ တွေဝေခြင်း, ပျောက်ကင်းခြင်း အကျိုးရှိ၏) တွေဝေခြင်းမှ ကင်းခြင်းအာနိသင် ရှိ၏။

အဆင်းကိုမှတ်ခြင်း အစရှိသော တဆဲ့တပါးသော အခြင်းအရာအားဖြင့် နိမိတ်ကိုမှတ်ခြင်းသည် အဘယ်အကျိုးရှိသနည်း, အဘယ် အာနိသင်ရှိသနည်း ဟူမူ၊ တဆဲ့တပါးသော အခြင်းအရာဖြင့် နိမိတ်ကိုမှတ်ခြင်း အသုဘအာရုံ၌ စိတ်ကိုဆောင်၍ ဖွဲ့ချည်ခြင်းအကျိုး ရှိ၏၊ စိတ်ကိုဆောင်၍ ဖွဲ့ချည်ခြင်း အာနိသင်ရှိ၏။

သွားလမ်း, လာလမ်းခရီးကို ဆင်ခြင်ခြင်းသည် အဘယ်အကျိုးရှိသနည်း,၊ အဘယ်အာနိသင်ရှိသနည်း ဟူမူကား၊ သွားလမ်းလာလမ်းကို ဆင်ခြင်ခြင်းသည် ကမ္မဋ္ဌာန်းအစဉ် တည်းဟူသော ခရီးလမ်းမှန်သို့ ဖြောင့်မတ်စွာ တက်ခြင်း, သွားခြင်း အကျိုးရှိ၏၊ ကမ္မဋ္ဌာန်းအစဉ်ကို ဖြောင့်မတ်စွာ ပြီးစေခြင်း အာနိသင် ရှိ၏။

ထိုယောဂီပုဂ္ဂိုလ်သည် အကျိုးအာနိသင်ကို မြင်လေ့ရှိသည် မွန်မြတ်သော ရတနာဟု အမှတ်ရှိသည်ဖြစ်၍ အလေးအမြတ်ပြုခြင်းကို ဖြစ်စေပြီးလျှင် ကောင်းစွာ မြတ်နိုးသည်ဖြစ်၍ မချွတ်မလွဲ ဤအကျင့်ဖြင့် အိုခြင်း, သေခြင်းမှ လွတ်ရပေတော့အံ့ဟု ထို အသုဘအာရုံ၌ စိတ်ကို ဖွဲ့ချည်၍ ထား၏၊

ထိုယောဂီ ပုဂ္ဂိုလ်သည် ကာမတို့မှ ဆိတ်ကင်း၍....(လ).... ပဌမဈာန်ကို ဆိုက်ရောက်ဝင်စား၍ နေ၏၊ ထိုယောဂီပုဂ္ဂိုလ်သည် ရူပါဝစရ ဖြစ်သော ပဌမဈာန်ကို နတ်တို့၏ နေခြင်း ဒိဗ္ဗဝိဟာရကို ဘာဝနာဖြင့် ပြီးသော ပညာကြိယဝတ္ထု ကုသိုလ်ကြီးကို ရ၏ဟု အဋ္ဌကထာတို့၌ ဖွင့်ဆိုအပ်၏။

၁၀၆။ ထိုသို့ အဋ္ဌကထာ၌ မိန့်ဆိုအပ်လေသောကြောင့် အကြင် ရဟန်းသည် မိမိစိတ်ကို ကိုယ်ကာယ၌ ကျွမ်းကျင်လိမ္မာ မှတ်သိစေခြင်းအကျိုးငှါ သူသေကောင်ကို ရှုခြင်းငှါ သွား၏၊ ထိုရဟန်းသည် ခေါင်းလောင်း ကျောက်စည်ကိုထိုး၍ ဂိုဏ်းသံဃာကို စည်းဝေးစေ၍ သွားစေကာမူ ကမ္မဋ္ဌာန်းကို ဦးခေါင်းသဖွယ် အကြီးအမြတ်ထား၍ သွားသဖြင့် အဖော်မပါဘဲ တယောက်ထည်းထည်း မူလ

ကမ္မဋ္ဌာန်းကို မလွတ်မူ၍ ထိုမူလကမ္မဋ္ဌာန်းကိုပင် နှလုံးသွင်းလျက် သုသာန်၌ မြေခွေး အစရှိသော ဘေးရန်ကို ဖျောက်ပယ်ခြင်း အကျိုးငှါ သူအိုဆောင် တောင်ဝှေးကိုငင်း, နှင်တံကိုငင်း ကိုင်၍ မူလကမ္မဋ္ဌာန်း၌ မြဲမြံစွာကပ်၍ တည်စေသည့် အဖြစ်ကို ပြီးစေလျက် မမေ့သော သတိကို ပြု၍ မနိန္ဒြေလျှင် ခြောက်ခုမြောက်သော ဇုန္ဒြေတို့၏ အတွင်း၌ တည်သည်၏အဖြစ်ကို ပြီးစေခြင်းကြောင့် အပြင်အပသို့ ကျက်စားခြင်း မရှိသည်ဖြစ်၍ သွားအပ်၏၊ ကျောင်းမှ ထွက်လျှင်ပင် ဤ မည်သော အရပ် ဤ မည်သောတံခါးမှ ထွက်၏ဟု တံခါးကို မှတ်အပ်၏၊ ထို့နောက် အကြင် ခရီးဖြင့် သွား၏၊ ထိုခရီးကို ဤခရီးသည် အရှေ့သို့ ရှေးရှုသွား၏ဟူ၍ငင်း, အနောက်အရပ်၊ မြောက်အရပ် တောင်အရပ်သို့ ရှေးရှုသွား၏ဟူ၍ငင်း, ထောင့်အရပ်သို့ ရှေးရှုသွား၏ဟူ၍ငင်း မှတ်အပ်၏၊ ဤအရပ်၌ လက်ဝဲဘက်ဖြင့် သွား၏၊ ဤအရပ်၌ လက်ျာဘက်ဖြင့် သွား၏၊ ဤအရပ်၌ ကျောက်ရှိ၏၊ ဤအရပ်၌ တောင်ပို့ ရှိ၏၊ ဤအရပ်၌ သစ်ပင်ရှိ၏၊ ဤအရပ်၌ ချုံပုတ်ရှိ၏၊ ဤအရပ်၌ နွယ်ရှိ၏ဟု ဤသို့လျှင် သွားအပ်သောလမ်းကို မှတ်သဖြင့် နိမိတ် ယူရာအရပ်သို့ သွားအပ်၏၊ အသုဘနိမိတ်ကို တိုက်ခပ်၍ လာသော လေအောက်မှ မသွားအပ်၊ လေအောက်မှ သွားသော ယောဂီပုဂ္ဂိုလ်အား အကောင်ပုပ်၏ အနံ့သည် နှာခေါင်းသို့ဝင်၍ ဦးနှောက်ကိုသော်လည်း ချောက်ချားစေရာ၏၊ အာဟာရကို သော်လည်း စွန့်အန်စေရာ၏၊ ဤသို့ သဘောရှိသော အကောင်ပုပ်ရှိရာသို့ လာမိလေခြင်းဟု နှလုံး မသာခြင်း သော်လည်း ဖြစ်ရာ၏၊ ထို့ကြောင့် လေအောက်ကို ရှောင်ပြီးလျှင် လေညာ လေထက်က သွားအပ်၏၊ အကယ်၍ လေထက်ခရီးဖြင့် သွားခြင်းငှါ မတတ်ကောင်းသည် ဖြစ်အံ့၊ ခရီးအကြား၌ တောင် သော်ငင်း ကမ်းပါးပြတ်သော်ငင်း ကျောက်သော်ငင်း

စောင်ရန်းသော်၎င်း ဆူးပေါ်သော ဌာန သော်၎င်း ရေသော်၎င်း ညွန်အိုင်သော်၎င်း ရှိသည်ဖြစ်အံ့၊ သက်နိုး စွန်ဖြင့် နှာခေါင်းကိုပိတ်၍ သွားအပ်၏၊ ဤသည်ကား အသုဘရှုသော ရဟန်း၏ သွားရာသောကျင့်ဝတ်တည်း။

၁၀၇။ ဤသို့သောနည်းဖြင့် သွား၍ ရှေးဦးစွာ အသုဘနိမိတ်ကို မကြည့်အပ်သေး၊ အရပ်မျက်နှာတို့ကို မှတ်အပ်ကုန်၏၊ အချို့သော အရပ်၌ တည်သော ယောဂီပုဂ္ဂိုလ်အား အာရုံသည် ထင်ထင်ရှားရှားဖြစ်၍ မထင်၊ စိတ်သည် လည်း ဘာဝနာမှုပြုခြင်းငှါ မခန့်၊ ထို့ကြောင့် ထိုအရပ်ကို ကြဉ်ရှောင်၍ အကြင် အရပ်၌ တည်သော ယောဂီပုဂ္ဂိုလ် အား အာရုံသည်လည်း ထင်ထင်ရှားရှားဖြစ်၍ ထင်၏၊ စိတ်သည်လည်း ဘာဝနာမှုပြုခြင်းငှါ ခန့်၏၊ ထိုအရပ်၌ ရပ်အပ်၏၊ တူရူဖြစ်သော လေညာလေအောက် အရပ် ကိုလည်း ပယ်အပ်၏၊ လေညာတူရူ၌ တည်သည်ဖြစ်၍ အောက် အရပ်ကိုလည်း ပယ်အပ်၏၊ လေညာတူရူ၌ တည်သည်ဖြစ်၍ အကောင်ပုပ်၏အနံ့ဖြင့် နှိပ်စက်အပ် သော ယောဂီပုဂ္ဂိုလ်၏စိတ်သည် ပြေးသွား၏၊ လေညာ လေအောက်တူရူ၌ တည်သောသူအား ထိုအသုဘ ကောင်ကို စောင့်သော ဘီလူးသူရဲတို့ရှိသည်ဖြစ်မူ ထို ဘီလူး ဘုတ်ပြိတ္တာတို့သည် အမျက်ထွက်၍ အကျိုးမဲ့ကို ပြုတတ်ကုန်၏၊ ထို့ကြောင့် အနည်းငယ် လေညာ လေ အောက်မှ လွှဲဖယ်၍ လေညာလေအောက် မကျလွန်း သော အရပ်၌ ရပ်အပ်၏၊ ထိုသို့ရပ်သော်လည်း မဝေးလွန်း မနီးလွန်း ခြေရင်းတည့်တည့် ခေါင်းရင်း တည့်တည့် မဟုတ်သောအရပ်၌ ရပ်အပ်၏၊ ဝေးလွန်း သော အရပ်၌ ရပ်လျှင် အာရုံမထင်ရှား, နီးလွန်းသော အရပ်၌ ရပ်လျှင်မူကား ကြောက်ခြင်း ဖြစ်တတ်၏၊ ခြေရင်း ခေါင်းရင်းတည့်တည့် နေပြန်လျှင်လည်း အလုံး စုံသော အသုဘကောင်ကို အညီအမျှမထင်၊ ထို့ကြောင့်

မဝေးလွန်း မနီးလွန်း ကြည့်သောသူအား ချမ်းသာရာ အရပ်ဖြစ်သော ကိုယ်၏အလယ်အဘို့၌ ရပ်အပ်၏။

၁၀၀။ ဤသို့သော အခြင်းအရာအားဖြင့် ရပ်တည်သော ရဟန်းသည် "ထိုအရပ်၌ ကျောက်တုံးကိုရင်း....(လ)....နွယ်ကိုရင်း အသုဘနှင့်ဟကွ နိမိတ် အမှတ်အသားပြု၍" ဟု ဆိုအပ်ခဲ့ပြီးသော နိမိတ်တို့ကို မှတ်အပ်ကုန်၏၊ ထိုနိမိတ်တို့၌ ဤ ဆိုလတ္တံ့သည်ကား မှတ်ရာသော အစီအရင်ပေတည်း။

ထိုအသုဘနိမိတ်၏ အနီး မျက်စိလမ်း၌ ကျောက်ခဲသည် အကယ်၍ရှိအံ့၊ ထိုကျောက်ခဲကို မြင့်၏ဟူ၍ရင်း, နိမ့်၏ဟူ၍ရင်း, ငယ်၏ဟူ၍ရင်း, ကြီး၏ဟူ၍ရင်း, အနီဟူ၍ရင်း, အနက်ဟူ၍ရင်း, အဖြူဟူ၍ရင်း, အရှည်ဟူ၍ရင်း, အဝိုင်းဟူ၍ရင်း, မှတ်အပ်၏၊ ထို့နောက် ဤမည်သောအရပ်၌ ဤသည်ကား ကျောက်တည်း၊ ဤသည်ကား အသုဘနိမိတ်တည်း၊ ဤသည်ကား အသုဘနိမိတ်တည်း၊ ဤသည်ကား ကျောက်တည်းဟု မှတ်အပ်၏၊ အကယ်၍ တောင်ပို့ဖြစ်အံ့၊ ထိုတောင်ပို့ကိုလည်း မြင့်၏ဟူ၍ရင်း, နိမ့်၏ဟူ၍ရင်း, ငယ်၏ဟူ၍ရင်း, ကြီး၏ဟူ၍ရင်း, နီ၏ဟူ၍ရင်း, နက်၏ဟူ၍ရင်း, ဖြူ၏ဟူ၍ရင်း, ရှည်၏ဟူ၍ရင်း, လုံး၏ဟူ၍ရင်း, မှတ်အပ်၏၊ ထို့နောက် ဤမည်သော အရပ်၌ ဤသည်ကား တောင်ပို့တည်း၊ ဤသည်ကား အသုဘ နိမိတ်တည်းဟု မှတ်အပ်၏၊ အကယ်၍ သစ်ပင်ဖြစ်အံ့၊ ထိုထိုသစ်ပင်ကိုလည်း ညောင်ဗုဒ္ဓဟေပင်ဟူ၍ရင်း, ညောင်ကြပ်ပင်ဟူ၍ရင်း, ဖအောင်းပင်ဟူ၍ရင်း, သဖန်းပင်ဟူ၍ရင်း, မြင့်၏ဟူ၍ရင်း, နိမ့်၏ဟူ၍ရင်း, ငယ်၏ဟူ၍ရင်း, ကြီး၏ဟူ၍ရင်း, နက်၏ဟူ၍ရင်း,ဖြူ၏ဟူ၍ရင်းမှတ်အပ်၏၊ထို့နောက် ဤမည်သောအရပ်၌ ဤသည်ကား သစ်ပင်တည်း၊ ဤသည်ကား အသုဘနိမိတ်တည်းဟု မှတ်အပ်၏၊ အကယ်၍ ချုံဖြစ်အံ့၊ ထိုချုံကိုလည်း သင်ပေါင်းချုံဟူ၍ရင်း, ခံချုံဟူ၍ရင်း, ကလားဇလပ်ပန်းချုံဟူ၍ရင်း, လိပ်သရွေပင်ချုံဟူ၍ရင်း, မြင့်၏ဟူ၍ရင်း, နိမ့်၏ဟူ၍ရင်း, ငယ်၏ဟူ၍ရင်း, ကြီး၏ဟူ၍ရင်း မှတ်အပ်၏၊ ထို့နောက်

ဤမည်သောအရပ်၌ ဤသည်ကား ချုံတည်း၊ ဤသည်ကား အသုဘနိမိတ်တည်းဟု မှတ်အပ်၏၊ အကယ်၍ နွယ်ဖြစ်အံ့၊ ထိုနွယ်ကိုလည်း ဘူးနွယ်ဟူ၍ငင်း, ဖရုံနွယ်ဟူ၍ငင်း, နွယ်ရှေဟူ၍ငင်း, နွယ်နက်ဟူ၍ငင်း, ဆင်သမားနွယ်ဟူ၍ငင်း မှတ်အပ်၏၊ ထို့နောက် ဤမည်သောအရပ်၌ ဤသည်ကား နွယ်တည်း၊ ဤသည်ကား အသုဘနိမိတ်တည်းဟု မှတ်အပ်၏။

၁၀၉။ "အသုဘနိမိတ်နှင့် တကွပြု၏၊ အသုဘနိမိတ်နှင့်တကွ အာရုံပြု၏"ဟူ၍ အကြင်စကားကို ဆိုအပ်၏၊ ထိုဆိုအပ်သော စကားသည် ဤကျောက် အစရှိသော နိမိတ်တို့၌ အတွင်းဝင်၏၊ အဖန်တလဲလဲ မှတ်သော ယောဂီသည်ကား နိမိတ်နှင့်တကွ ပြုသည်မည်၏၊ ဤသည်ကား ကျောက်တည်း၊ ဤသည်ကား အသုဘနိမိတ်တည်း။ ဤသည်ကား အသုဘနိမိတ်တည်း၊ ဤသည်ကား ကျောက်တည်းဟု ဤသို့ နှစ်ပါးနှစ်ပါးတို့ကို ပေါင်း၍ ပေါင်း၍ မှတ်သော ယောဂီပုဂ္ဂိုလ်သည် အသုဘအာရုံနှင့်တကွ ပြုသည် မည်၏၊ ထို့ပြင် ဤသို့သောနည်းဖြင့် ကျောက်စသော နိမိတ်နှင့်တကွငင်း, အသုဘအာရုံနှင့်တကွငင်း ပြု၍ သဘော၏အဖြစ်ကို မှတ်၏ဟု ဆိုသောကြောင့် ထိုဥဒ္ဓုမာတက အသုဘ၏ သဘာဝလက္ခဏာဖြစ်သော တပါးသောအရာနှင့် မဆက်ဆံသော မိမိဥစ္စာဖြစ်သော အကြင်ဥဒ္ဓုမာတက အကောင်ပုပ်၏ သဘောလက္ခဏာအားဖြင့် နှလုံးသွင်းအပ်၏၊ အိုင်းအမာကဲ့သို့ ဖူးဖူးရောင်ကြွတက်၍ စက်ဆုပ်ဘွယ်ကောင်းသော အကောင်ပုပ်ဖြစ်၍ ဥဒ္ဓုမာတကအဖြစ်ဟူသော မိမိ၏အသီးလက္ခဏာအားဖြင့် မှတ်အပ်၏ဟု ဆိုလိုသည်။

၁၁၀။ ဤသို့မှတ်၍ အဆင်းအားဖြင့်ငင်း, အသွင်အားဖြင့်ငင်း, သဏ္ဌာန်အားဖြင့်ငင်း, အရပ်အားဖြင့်ငင်း, နေရာအားဖြင့်ငင်း, အပိုင်းအခြားအားဖြင့်ငင်း ဤသို့ ခြောက်ပါး

သော အခြင်းအရာအားဖြင့် နိမိတ်ကိုယူအပ်၏၊ အဘယ်သို့ ယူအပ်သနည်းဟူမူ ထိုယောဂီပုဂ္ဂိုလ်သည် ဤအကောင်သည် ဥုိသော လူ၏ အကောင်ဟူ၍၎င်း, ဖြူသော လူ၏အကောင်ဟူ၍၎င်း ကြမ်းပိုး ကျောက်ကုန်းကဲ့သို့ နီကျံကျံရှိသော လူ၏အကောင်ဟူ၍၎င်း ဤသို့လျှင် **အဆင်း** အားဖြင့် မှတ်အပ်၏၊ **အသွင်** အားဖြင့်ကား ဣတ္ထိလိင်ရှိသောအကောင် ပုရိသလိင်ရှိသောအကောင်ဟူ၍ မမှတ်ဘဲ ဤအကောင်ပုပ်သည် ပဌမအရွယ်ရှိသော အကောင်ဟူ၍၎င်း, မဇ္ဈိမအရွယ်ရှိသော အကောင်ဟူ၍၎င်း, ပစ္ဆိမအရွယ်ရှိသော အကောင်ဟူ၍၎င်း မှတ်အပ်၏၊ **သဏ္ဌာန်**အားဖြင့်ကား ဖူးဖူးရောင်သော အကောင်ပုပ်၏သဏ္ဌာန်အစွမ်းဖြင့် ထိုအသုဘကောင်၏ ဦးခေါင်းသဏ္ဌာန်သည် ဤသို့တည်း၊ လည်ပင်းသဏ္ဌာန်သည် ဤသို့တည်း၊ လက်သဏ္ဌာန်သည် ဤသို့တည်း၊ ဝါးသဏ္ဌာန်သည် ဤသို့တည်း၊ ပေါင်သဏ္ဌာန်သည် ဤသို့တည်း၊ ဒူးသဏ္ဌာန်သည် ဤသို့တည်း၊ ခြေသဏ္ဌာန်သည် ဤသို့တည်းဟုမှတ်အပ်၏။ **အရပ်**အားဖြင့်ကား ဤအကောင်ပုပ်၌ ချက်မှအောက်သည် အောက်အရပ်မည်၏။ ချက်မှအထက်သည် အထက်အရပ်မည်၏ဟု အရပ်နှစ်ပါးဖြင့် မှတ်အပ်၏။ တနည်းကား—ငါသည် ဤမည်သော ဝဲယာရှေ့နောက် အရပ်၌တည်၏၊ အသုဘနိမိတ်သည် ဤမည်သောအရပ်၌ တည်၏ဟု မှတ်အပ်၏၊ **နေရာ** အားဖြင့်ကား ဤမည်သောနေရာ၌ သူသေကောင်၏ လက်သည်ရှိ၏၊ ဤနေရာ၌ ခြေသည်ရှိ၏၊ ဤနေရာ၌ဦးခေါင်းသည်ရှိ၏၊ ဤနေရာ၌ကိုယ်၏အလယ်ပိုင်းသည် တည်၏ဟု မှတ်အပ်၏၊ တနည်းကား-ငါသည် ဤမည်သော နေရာ၌ တည်၏၊ အသုဘနိမိတ်သည် ဤမည်သော နေရာ၌ တည်၏ဟု မှတ်အပ်၏၊ **အပိုင်းအခြား** အားဖြင့်ကား-ဤသူသေကောင်သည် အောက်အဘို့၌ ခြေဖဝါး အပြင်ဖြင့် ပိုင်းခြားအပ်၏၊ အထက်၌

ဆံပင်ဖြင့် ပိုင်းခြားအပ်၏၊ ဖီလာ ကန့်လန့်မှုကား အရေဖြင့် ပိုင်းခြားအပ်၏၊ ပိုင်းခြားအပ်သော ဌာန၌ ၃၂-ပါးသော အပုပ်အစုဖြင့်ပြည့်သည်သာတည်းဟု မှတ်အပ်၏၊ တနည်းကား- ဤသည်ကား—ထိုအကောင်ပုပ်၏ လက်အပိုင်းအခြားတည်း၊ ဤသည်ကား—ခြေအပိုင်းအခြားတည်း၊ ဤသည်ကား—ခေါင်းအပိုင်းအခြားတည်း။ ဤ ဤသည်ကား—အလယ်ကိုယ်၏ အပိုင်းအခြားတည်းဟု မှတ်အပ်၏၊ တကိုယ်လုံးကို မှတ်သားခြင်းငှါ မတတ်နိုင်ခဲ့သော် အကြင် မျှလောက်သော အရပ်ကို ဉာဏ်ဖြင့် ယူနိုင်၏၊ ထိုမျှလောက်အရပ်ကိုပင် ဤလက်စသည်တို့ကား ဤသို့သဘောရှိသော အကောင်ပုပ် ဖြစ်၏ဟု ပိုင်းခြားမှတ်သားအပ်၏၊ယောကျ်ားအား မိန်းမ၏ ကိုယ်ကောင်သည်, မိန်းမအား ယောကျ်ား၏ ကိုယ်ကောင်သည် မသင့်လျော် ဆန့်ကျင်ဘက် ဝိသဘာဂအကောင်ပုပ်၌ အာရုံသည်မထင်၊ ကိလေသာ တုန်လှုပ်ခြင်း၏အကြောင်းသာဖြစ်၏၊ ထိုစကားမှန်သည်၊ ဥဒ္ဓုမာတကအဖြစ်သို့ ရောက်၍ ခွါအပ်သော အသွင်ရှိသည် ဖြစ်စေကာမူ မိန်းမသည် ယောကျ်ား၏ စိတ်ကို ထက်ဝန်းကျင် ယူကျုံး၍ တည်၏ဟု **မဇ္ဈိမနိကာယ် အဋ္ဌကထာ**၌ ဆိုအပ်၏၊ ထို့ကြောင့် သဘောတူ သဘာဂဖြစ်သော အကောင်၌သာလျှင် ဆိုအပ်ပြီးသော နည်းအတိုင်း ခြောက်ပါးသော အပြားဖြင့် နိမိတ်ကို ယူအပ်၏။

၁၁၁။ **အထူးကား** ရှေးရှေး ပွင့်တော်မူကြကုန်ပြီးသော ဘုရားရှင်တို့၏ အထံ၌ အသုဘကမ္မဋ္ဌာန်းကို ပွါးများလေ့ကျက်ခဲ့ဘူးသော သုသာန် ဓုတင် စသည် ဆောက်တည် ကျင့်သုံးဘူးသော မဟာဘုတ်ဓာတ်ကြီး လေးပါးအားဖြင့် ချေမွနှိပ်နယ်ဘူးသော သင်္ခါရတို့ကို ဉာဏ်ဖြင့် သိမ်းဆည်းဘူးသော နာမ်တရား ရုပ်တရားတို့၏ အကြောင်းများကို မှတ်သား သိမ်းဆည်းဘူးသော

သတ္တဝါဟူသော အသိသညာကို ဝိပဿနာ၏အစွမ်းဖြင့် ခွါအပ်ပြီးသော ရဟန်းတရားကို ကျင့်သုံးဘူးသော ကုသိုလ် ဝါသနာဖြင့် ထုံအပ်သော အလေ့ဝါသနာရှိသော ပွါးအပ်ပြီးသော ဘာဝနာရှိသော ကုသိုလ်မျိုးစေ့ ရှိသော ရင့်မာသန့်စွမ်းသော ဉာဏ်ရှိသော ကိလေသာ နည်းပါးသော အမျိုးကောင်းသားသည် ဥဒ္ဓုမာတက စသော အသုဘကို ကြည့်တိုင်းကြည့်တိုင်းသော အရပ်၌ ပဋိဘာဂနိမိတ် ထင်၏၊ ဤသို့ နိမိတ်မထင်ခဲ့သော် ဆိုအပ်ခဲ့ပြီးသော ခြောက်ပါးသော အပြားဖြင့် နိမိတ် ကိုယူသည်ရှိသော် ထင်၏၊ အကြင် ပုဂ္ဂိုလ်အားကား ဤသို့ နိမိတ်ခြောက်ပါးကို ယူပါသော်လည်း မထင်ခဲ့အံ့၊ ထို ပုဂ္ဂိုလ်သည် အဆက်အစပ်အားဖြင့်၎င်း, ဟင်းလင်း ပွင့်သော အား ဖြင့်၎င်း, နိမ့် ရှိုင်း သော အား ဖြင့် ၎င်း, မြင့်သောအားဖြင့်၎င်း, ထက် ဝန်း ကျင် အား ဖြင့်၎င်း, တဖန် ငါးပါးသော အခြင်းအရာအားဖြင့် နိမိတ်ကို ယူအပ်၏။

၁၁၂။ ထိုစကား၌ "အဆက်အစပ်အားဖြင့်" ဆိုသည်ကား တရော့ရှစ်ဆယ်သော အဆက်အစပ်အားဖြင့် ဆိုလိုသည်၊ ဥဒ္ဓုမာတကအကောင်ပုပ်၌ တရော့ရှစ်ဆယ်သော အစပ်တို့ကို အဘယ်သို့ မှတ်နိုင်ပါမည်နည်းဆိုသော် ပခုံး, တတောင်, လက်ကောက်ဝတ်, အားဖြင့် လကျ်ာလက်အဆစ်သုံးခု လက်ဝဲလက်အဆစ်သုံးခု၊ တင်ပါးဆုံ, ဒူး, ခြေမျက်စိအားဖြင့် လကျ်ာခြေဆစ်သုံးခု၊ လက်ဝဲ ခြေဆစ်သုံးခု, လည်ဆစ်တခု, ခါးဆစ်တခု, ဤသို့ အဆက်ကြီးလေးပါး အစွမ်းအားဖြင့် အဆက်စပ်ကို မှတ်အပ်၏။

"ဟင်းလင်းပွင့်သော (အကြားအပေါက်)အားဖြင့်" ဆိုသည်ကား လက်ကြား, ခြေကြား, ဝမ်းတွင်းအခေါင်း နားတွင်းပေါက်၊ ဤသို့ အစရှိသော အပေါက်အကြား အခေါင်းအားဖြင့် မှတ်အပ်

၏၊ မျက်စိတို့၏မှိတ်သောအဖြစ်ကိုငင်း, ဖွင့်သောအဖြစ်ကိုငင်း, ခံတွင်း၏ ပိတ်သောအဖြစ်ကိုငင်း, ဖွင့်သောအဖြစ်ကိုငင်း မှတ်အပ်၏။

"နိမ့်ရှိုင်းသောအားဖြင့်"ဆိုသည်ကား အကောင်ပုပ်၌နိမ့်သော နေရာ မျက်တွင်း, ခံတွင်း, လည်မျိုရှိကုန်၏၊ ထိုနေရာတို့ကို မှတ်အပ်၏၊ တနည်းမှာ ငါကား အနိမ့်၌တည်၏၊ အကောင်ပုပ်သည် အမြင့်၌တည်၏ဟု မှတ်အပ်၏။

"မြင့်သောအားဖြင့်"ဆိုသည်ကား အကောင်ပုပ်၌ မြင့်သော ဒူးနှ, ဒူး, ရင်, နဖူးတို့သည် ရှိကုန်၏၊ ထိုဒူးနှတို့ကို မှတ်အပ်၏၊ တနည်း ငါသည် အမြင့်၌တည်၏၊ အကောင်ပုပ်သည် အနိမ့်၌ တည်၏ဟု မှတ်အပ်၏။

"ထက်ဝန်းကျင်အားဖြင့်" ဆိုသည်ကား အလုံးစုံသော သူသေကောင်ပုပ်ကို ထက်ဝန်းကျင်မှ မှတ်အပ်၏၊ အလုံးစုံသော အကောင်ပုပ်၌ ဉာဏ်ကိုလှည့်လည်၍ အကြင်အရပ်ဌာနသည် ထင်ထင်ရှားရှားဖြစ်၍ ထင်၏၊ ထိုထင်ရှားသောအရပ်ကို "ဥဒ္ဓုမာတကံ, ဥဒ္ဓုမာတကံ ဟု စိတ်ကို ထားအပ်၏၊ ဤသို့ နှလုံးသွင်းသော်လည်း အကယ်၍ နိမိတ်မထင်အံ့၊ ဝမ်းအဆုံးရှိသော ကိုယ်အထက်ပိုင်းသည် အလွန်အလွန် ဖူးဖူးရောင်ထ ပုပ်ပွသဖြင့် ဥဒ္ဓုမာတကဖြစ်၏၊ ထိုနေရာကို ဥဒ္ဓုမာတက, ဥဒ္ဓုမာတကဟု စိတ်ကို ထားအပ်၏။

**၁၁၃**။ ယခုအခါ "ထိုရဟန်းသည် ထိုအသုဘနိမိတ်ကို ကောင်းစွာ ယူသည်ကို ပြု၏" ဤသို့ အစရှိကုန်သော စကားတို့၌ အဆုံးအဖြတ်နှင့် တကွသော အနက်အဓိပ္ပါယ်အဖွင့်စကားကို ဆိုပေအံ့၊ ထိုယောဂီပုဂ္ဂိုလ်သည် ထိုအကောင်ပုပ်၌ ဆိုအပ်ပြီးသော အတိုင်း နိမိတ်ကို ယူသည်၏အစွမ်းဖြင့် ကောင်းမွန်သေချာစွာ အသုဘကောင်နိမိတ်ကို မှတ်ယူအပ်၏၊ သတိကို မြဲမြဲထား၍ ဆင်ခြင်အပ်၏၊ ဤသို့ အဖန်တလဲလဲ အထပ်ထပ်

ဆင်ခြင်ခြင်းကို ပြုသည်ဖြစ်၍ ကောင်းစွာ သတိဖြင့် မှတ်အပ်၏၊ ပညာဖြင့်ဆုံးဖြတ်အပ်၏၊ အသုဘကောင်မှ မဝေးလွန်း, မနီးလွန်းသော အရပ်၌ ရပ်လျက်ငင်း, ထိုင်လျက်ငင်း မျက်စိကို ဖွင့်ကြည့်ပြီးလျှင် နိမိတ်ကို ယူအပ်၏၊ ဥဒ္ဓုမာတကံ ပဋိက္ကူလံ ဥဒ္ဓုမာတကံ ပဋိက္ကူလံဟူ၍ အကြိမ်တရာငင်း, အကြိမ်တထောင်ငင်း, မျက်စိကိုဖွင့်၍ ကြည့်အပ်၏။ မျက်စိကိုမှိတ်၍ ဆင်ခြင်အပ်၏၊ ဤသို့ အဖန်တလဲလဲပြုသော ပုဂ္ဂိုလ်အား ဥဂ္ဂဟနိမိတ်ကို မြဲမြဲစွာ ယူအပ်သည်ဖြစ်၏။

အဘယ်အခါ မြဲမြဲစွာ ယူအပ်သည်ဖြစ်သနည်း၊ အကြင်အခါ၌ မျက်စိကိုဖွင့်၍ ကြည့်သောပုဂ္ဂိုလ်အားငင်း, မျက်စိကိုမှိတ်၍ ဆင်ခြင်သောပုဂ္ဂိုလ်အားငင်း, တခုတည်းကဲ့သို့ တူသည်ဖြစ်၍ ထင်ခြင်းသို့ ရောက်၏၊ ထိုအခါ ကောင်းမွန်မြဲမြဲစွာ ယူအပ်သည် ဖြစ်၏၊ ထိုပုဂ္ဂိုလ်သည် ထိုနိမိတ်ကို ဤသို့ ကောင်းမွန်မြဲမြဲစွာ ယူသည်ကိုပြု၍ ကောင်းစွာမှတ်အပ်သည်ကို မှတ်၍ ဆုံးဖြတ်အပ်သည်ကို ဆုံးဖြတ်၍ ထိုသုသာန်၌ပင်လျှင် ဘာဝနာကိစ္စပြီးဆုံးခြင်းသို့ရောက်ခြင်းငှါ အကယ်၍ မစွမ်းနိုင်သည်ဖြစ်အံ့၊ ထိုသို့ ဖြစ်ခဲ့သော် ဤယောဂီပုဂ္ဂိုလ်သည် ကျောင်းမှ သုသာန်သို့ လာသောကာလ၌ ဆိုအပ်ပြီးသော နည်းအတိုင်း အဖော်မပါ တယောက်ထည်း ထိုယူခဲ့သောကမ္မဋ္ဌာန်းကိုပင် နှလုံးသွင်းလျက် သတိကို မြဲမြဲစွာပြု၍ အတွင်း၌တည်သော ဣန္ဒြေတို့ဖြင့် အပသို့ ကျက်စားသွားလာခြင်းမရှိသော စိတ်ဖြင့် မိမိ၏ကျောင်းသို့ သွားအပ်၏၊ သုသာန်မှထွက်လျှင်ပင် လာသောခရီးကိုမှတ်အပ်၏၊ အကြင်လမ်းခရီးဖြင့် ထွက်သည် ဖြစ်၏၊ ဤလမ်းသည် အရှေ့အရပ်သို့ ရှေးရှုသွား၏ဟူ၍ငင်း, အနောက်အရပ် မြောက်အရပ်သို့ ရှေးရှုသွား၏ဟူ၍ငင်း, တောင်အရပ်သို့ ရှေးရှုသွား၏ဟူ၍ငင်း, ဤအရပ်၌ လက်ဝဲဘက်မှသွား၏၊ ဤအရပ်၌ လက်ျာဘက်မှ သွား၏၊ ဤအရပ်၌ ကျောက်ခဲရှိ၏၊ ဤအရပ်၌ တောင်ပို့ရှိ၏၊ ဤအရပ်၌ သစ်ပင်ရှိ၏၊ ဤအရပ်၌ ချုံပုတ်ရှိ၏၊ ဤအရပ်၌

နွယ်ရှိ၏ဟု ဤသို့လျှင် လာသောလမ်းကို မှတ်သားပြီးလျှင် လာသော ယောဂီပုဂ္ဂိုလ်သည် စင်္ကြံသွားသော်လည်း ထိုပုဗ္ဗနိမိတ် အဘို့ရှိသော စင်္ကြံသွားခြင်းကို ဆောက်တည်အပ်၏၊ အသုဘနိမိတ်ရှိရာအရပ်သို့ ရှေးရှုဖြစ်သော မြေအရပ်၌ စင်္ကြံသွားအပ်၏ ဆိုလိုသည်၊ ထိုင်နေသော ယောဂီပုဂ္ဂိုလ်သည်လည်း နေရာကို ထို အသုဘနိမိတ်အဘို့ ရှိသည်ကို ပြု၍သာလျှင် ခင်းအပ်၏၊ ထိုအသုဘနိမိတ် ရှေးရှုဖြစ်သောအရပ်၌ ထုံးအိုင်သည်ရင်း, ကမ်းပါးပြတ်သည်ရင်း, သစ်ပင်သည်ရင်း, စောင်ရန်းသည်ရင်း, ညွန်အိုင်သည်ရင်း အကယ်၍ရှိအံ့၊ ထိုအသုဘနိမိတ်ရှိရာအရပ်သို့ ရှေးရှုဖြစ်သော မြေအရပ်၌ စင်္ကြံသွားခြင်းငှါ အကယ်၍ မတတ်နိုင်အံ့၊ နေရာကိုလည်း ခင်းစရာနေရာမရှိ၍ မခင်းနိုင်အံ့၊ ထိုအရပ်ကို မကြည့်မူ၍ အခွင့်လျော်သောနေရာ၌သာနေ၍ စင်္ကြံလည်း သွားသင့်၏၊ ထိုင်လည်း ထိုင်နေသင့်၏၊ စိတ်ကိုမူကား ထိုအသုဘနိမိတ်ရှိရာသို့ ရှေးရှု ပြုအပ်သည်သာတည်း။

၁၁၄။ ယခုအခါ "ထက်ဝန်းကျင်မှ နိမိတ်ကို မှတ်သားခြင်းသည် အဘယ်အကျိုးရှိသနည်း အစရှိသော အမေးပုစ္ဆာ၏ မတွေဝေခြင်း အကျိုးရှိ၏ အစရှိသောအဖြေ၌" အဓိပ္ပါယ် အကျယ်ကို ဖွင့်ပြပေအံ့၊ အကြင် ယောဂီပုဂ္ဂိုလ်အား မလျောက်ပတ်သော အချိန်အခါ၌ ဥဒ္ဓုမာတက အကောင်ပုပ်နိမိတ်ရှိရာအရပ်သို့သွား၍ ထက်ဝန်းကျင်မှ ကျောက်ခဲစသော နိမိတ်ကို မှတ်သား၍ ဥဂ္ဂဟနိမိတ်ကို ယူခြင်းငှါ မျက်စိကိုဖွင့်၍ ကြည့်စဉ် ထိုသူသေကောင်သည် ထ၍ မားမားရပ်သကဲ့သို့ လွှမ်းမိုးလာဘိသကဲ့သို့ လိုက်သကဲ့သို့ဖြစ်၍ ထင်အံ့၊ ထိုယောဂီသည် ဖောက်ပြန်သော ထိုကြောက်လန့်ဘွယ်ဖြစ်သော အာရုံကိုမြင်၍ စိတ်ပျံ့လွင့်သော သူရူးကဲ့သို့ ဖြစ်တတ်ချေ၏၊ ကြောက်ခြင်း, ထိတ်လန့်ခြင်း, ကြက်သီးမွေးညှင်း ထခြင်းသို့ ရောက်တတ်ချေ၏၊ ထိုစကားမှန်သည်၊ ပါဠိတော်၌ ဝေဘန်အပ်သော သုံးဆယ့်ရှစ်ပါးသော အာရုံတို့တွင်

တပါးသော ဤသို့သဘောရှိသော ကြောက်မက်ဘွယ်သော အာရုံမည်သည်မရှိ၊ ဤကမ္မဋ္ဌာန်းဌာနမှ လျောကျသော မည်သည်ဖြစ်တတ်၏၊ အဘယ့်ကြောင့်ဆိုသော် ကမ္မဋ္ဌာန်းကောင်၏ အလွန်ကြောက်စရာကောင်းသောကြောင့်ပေတည်း၊ ထို့ကြောင့် ထိုယောဂီပုဂ္ဂိုလ်သည် ကောင်းစွာ တည်တံ့နိုင်ခံ့စေ၍ သတိကိုကောင်းစွာထားပြီးလျှင် သူသေကောင်သည် ထ၍လိုက်သော မည်သည်မရှိ၊ ထိုသူသေကောင်၏အနီး၌တည်သော ထိုကျောက်ခဲသည်ငှင်း, ထိုနွယ်သည်ငှင်းအကယ်၍ လာငြားအံ့၊ သူသေကောင်သည် လည်းလာရာချေ၏၊ ကျောက်ခဲသည်ငှင်း, နွယ်သည်ငှင်းမလာတတ်သကဲ့သို့ ထို့အတူ အသေကောင်သည်လည်းမလာတတ်၊ သင့်အား ဤမားမားမတ်မတ် ရပ်သကဲ့သို့စသည် ထင်သော အခြင်းအရာသည် သညာကြောင့်ဖြစ်၏၊ သညာသည် ဖြစ်စေအပ်၏၊ သင့်အား ယခုအခါကမ္မဋ္ဌာန်းသည် ထင်ခဲ့ပြီ၊ အို-ရဟန်း, မကြောက်လင့်ဟုထိုထိတ်လန့်ခြင်းကို ပယ်ဖျောက်၍ ရွှင်လန်းနှစ်သက်ခြင်းကို ဖြစ်စေပြီးလျှင် ထိုနိမိတ်၌စိတ်ကို ဖြစ်စေအပ်၏၊ ဤသို့ ဖြစ်စေသည်ရှိသော် တရားထူးကိုရ၏၊ ဤအကျိုးကိုရည်၍ ထက်ဝန်းကျင်မှ နိမိတ်ကို မှတ်သားခြင်းသည်မတွေဝေခြင်း အကျိုးရှိ၏ဟူသောစကားကို ဆိုအပ်၏။

ထို့ပြင် တဆဲ့တပါးသော အခြင်းအရာအားဖြင့် နိမိတ်ယူခြင်းကို ပြီးစေသည်ဖြစ်၍ ကမ္မဋ္ဌာန်းကို ဖွဲ့ချည်၏၊ (ဘာဝနာစိတ်၌ ရှေးရှုဆောင်၍ ဖွဲ့၏) ထိုယောဂီပုဂ္ဂိုလ်၏ မျက်စိတို့ကိုဖွင့်၍ကြည့်သော အကြောင်းကြောင့် ဥဂ္ဂဟနိမိတ်သည် ဖြစ်၏၊ ထိုဥဂ္ဂဟနိမိတ်၌ ဘာဝနာစိတ်သို့ ဆင့်ကာဆင့်ကာ ဖြစ်စေသော ယောဂီပုဂ္ဂိုလ်သည် အပ္ပနာသို့ ရောက်၏၊ အပ္ပနာ၌ တည်၍ ဝိပဿနာကို ပွါးစေသောကြောင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရ၏၊ ထို့ကြောင့် “တဆဲ့တပါးသော အခြင်းအရာအားဖြင့်

နိမိတ်ယူခြင်းကို ပြီးစေသည်ဖြစ်၍ ကမ္မဋ္ဌာန်းကို ဖွဲ့ချည်၏” ဟူသောစကားကို ဆိုအပ်၏။

၁၁၅။ “သွားလာသောလမ်းခရီးကို ဆင်ခြင်ခြင်းသည် ကမ္မဋ္ဌာန်း လမ်း ဖြောင့်တန်း မှန်ကန်ခြင်းအကျိုး ဖြစ်၏”ဟူသော စကား၌ သွားသော လမ်းခရီးကို၎င်း, လာသော လမ်းခရီးကို၎င်း အကြင် ဆင်ခြင်ခြင်းကို ဆိုအပ်၏၊ ထို ဆင်ခြင်ခြင်းသည် ကမ္မဋ္ဌာန်းအစဉ် တည်းဟူသော ခရီးလမ်းမှန်ကို ဖြောင့်မတ် ကောင်းမွန်စွာ စိတ်ကို နှင်ခြင်း အကျိုးရှိ၏ ဆိုလိုသည်။

ကမ္မဋ္ဌာန်းကိုယူ၍လာသော ဤရဟန်းကို လမ်းခရီးအကြား၌ တစုံ တယောက်သောသူက အရှင်ဘုရားယနေ့ ဘယ်နှစ်ရက် ပါလဲဟု နေ့ကိုလည်း မေးကုန်အံ့၊ အမေးပုစ္ဆာကိုသော်လည်း မေးအံ့၊ အစေ့အစပ်ပဋိသန္ထာရစကားကိုသော်လည်း ပြောအံ့၊ ငါကမ္မဋ္ဌာန်းဆရာဟု အောက်မေ့၍ ဆိတ်ဆိတ်နေ၍သွားခြင်းငှါ မသင့်၊ နေ့ကိုဖြေဆိုအပ်၏၊ အမေးပုစ္ဆာကို ဖြေကြားအပ်၏၊ အကယ်၍မသိမူ မသိဟူ၍ ဆိုအပ်၏၊ တရားနှင့်လျော်သော အစေ့အစပ်ပဋိသန္ထာရစကားကို ပြောကြားအပ်၏၊ အာဂန္တုက ရဟန်းကိုတွေ့မြင်၍ အာဂန္တုကနှင့် ဆိုင်သောစကားကို ပြောကြားအပ်၏၊ ကြွင်းကုန်သော စေတီယင်္ဂဏဝတ်၊ ဗောဓိယင်္ဂဏဝတ်၊ ဥပေါသထာဂါရဝတ်၊ ဆွမ်းစားဇရပ်၊ ဇရုံးအိမ်၊ ဆရာဥပဇ္ဈာယ်၊ အာဂန္တုကဂမိကဝတ် အစရှိကုန်သော အလုံးစုံသောခန္ဓကဝတ်တို့ကို ဖြည့်ကျင့်အပ်သည်သာတည်း၊ ထိုဝတ်တို့ကို ဖြည့်ကျင့်စဉ် ထိုပုဂ္ဂိုလ်အား တိုနုလှစွာသော နိမိတ်သည် ပျောက်အံ့၊ တဖန် သုသာန်သို့သွား၍ နိမိတ်ကို ယူအံ့ဟု သွားလိုပါသော်လည်း ဘီလူးတို့သည်၎င်း, သားရဲတို့သည်၎င်း စောင့်ရှောက်အပ်သောကြောင့် သုသာန်သို့ သွားခြင်းငှါလည်း မတတ်နိုင်သည် ဖြစ်ရာချေ၏၊ အသုဘနိမိတ်သည် လည်း ကွယ်ပျောက်ရာချေ၏၊ ထိုစကားမှန်သည်၊ ဥဒ္ဓုမာတက

အကောင်ပုပ်သည် တရက် နှစ်ရက်သာ တည်နေ၍ ဝိနီလက အကောင်ပုပ် စသည်သို့ ရောက်တတ်ချေ၏၊ အလုံးစုံသော ကမ္မဋ္ဌာန်းတို့တွင် ဥဒ္ဓုမာတက ကမ္မဋ္ဌာန်းနှင့်တူသော ခဲခက်သော ကမ္မဋ္ဌာန်းမည်သည် မရှိ၊ ထို့ကြောင့် ဤသို့ ထင်ပြီးသော ဥဂ္ဂဟ နိမိတ်ပျောက်သည်ရှိသော် ထိုရဟန်းသည် နေ့၌ဖြစ်စေ, ညဉ့်၌ဖြစ်စေ ထိုင်နေ၍ ဆင်ခြင်အပ်၏၊ "ငါသည် ဤမည်သော တံခါးဖြင့် ကျောင်းမှထွက်၍ ဤ မည်သော အရပ်သို့ ရှေးရှုသွား၍ ဤ မည်သော အရပ်ဌာန၌ လက်ဝဲလမ်းကို ယူ၏၊ ဤမည်သော အရပ် ဌာန၌ လက်ျာလမ်းကို ယူ၏၊ထိုလမ်းခရီး၏ ဤမည်သောအရပ်၌ ကျောက်ခဲသည်ရှိ၏၊ ဤမည်သောအရပ်၌ တောင်ပို့, သစ်ပင်, ချုံနွယ်တို့တွင် တခုခုရှိ၏။ ထိုငါသည် ထိုခရီးဖြင့်သွား၍ ဤ မည်သော အရပ်ဌာန၌ အသုဘကို ရှု၏၊ ထိုအသုဘရှုရာ၌ ဤမည်သောအရပ်သို့ ရှေးရှုရပ်၍ ဤသို့ ဤသို့ ထက်ဝန်းကျင်မှ နိမိတ်တို့ကို မှတ်၍ ဤသို့ အသုဘနိမိတ်ကို ယူပြီးလျှင် ဤမည်သော အရပ်သုသာန်မှထွက်၍ ဤမည်သောလမ်းခရီးဖြင့် ဤကိစ္စ ဤ ကိစ္စတို့ကို ပြုလျက်လာ၍ ဤအရပ်၌ နေ၏"ဟု ထက်ဝယ် ဖွဲ့ခွေ ထိုင်နေသည်တိုင်အောင် သွားသောခရီး လာသော ခရီးကို ဆင်ခြင်အပ်၏၊ ဤသို့ ဆင်ခြင်သော ရဟန်းအား ထိုဥဒ္ဓုမာတက ဥဂ္ဂဟနိမိတ်သည် ထင်ရှားသည် ဖြစ်၏၊ ရှေ့၌ ချထားသကဲ့သို့ ထင်၏၊ ကမ္မဋ္ဌာန်းသည် ရှေး၌ ဖြစ်သော အခြင်းအရာအတိုင်း ဘာဝနာ လမ်းမှန်သို့ ရှေးရှုတက်နိုင်၏၊ ထို့ကြောင့် သွားလာ သော လမ်းခရီးကို ဆင်ခြင်ခြင်းသည် ကမ္မဋ္ဌာန်း လမ်းမှန်သို့ ဖြောင့်စွာသွားခြင်း အကျိုးရှိ၏ဟူ၍ ဆိုအပ်၏။

၁၁၆။ ယခုအခါ၌ "အကျိုးအာနိသင်ကိုမြင်လေ့ရှိသည် မွန်မြတ် သောရတနာဟု အမှတ်ရှိသည်ဖြစ်၍ အလေးအမြတ် ပြုခြင်းကိုဖြစ်စေပြီးလျှင် ကောင်းစွာ မြတ်နိုးသည်ဖြစ်၍ ထိုအသုဘအာရုံ၌ စိတ်ကို ဖွဲ့ချည်ထား၏" ဟူသော ဤ စကား၌ အဆုံးအဖြတ်နှင့်တကွသော အနက် အဓိပ္ပါယ် ကို ဖော်ပြပေအံ့။

ဉဒ္ဓုမာတကဖြစ်၍ စက်ဆုပ်ဘွယ်သော အကောင်ပုပ်၌ စိတ်ကို ဖြစ်စေ၍ ဈာန်ကိုဖြစ်စေ၍ ဈာန်လျှင် နီးစွာသော အကြောင်း ရှိသော ဝိပဿနာကို ပွါးသော ယောဂီပုဂ္ဂိုလ်သည် မချွတ်မလွဲ ဤအကျင့်အားဖြင့် အိုခြင်း သေခြင်းမှ လွတ်မြောက်ရပေတော့အံ့ ဟု အကျိုးအာနိသင်ကို မြင်လေ့ရှိသည်ဖြစ်ရာ၏၊ ဉပမာအားဖြင့် ကြွေးမြီမလွတ်၊ ဝတ်စားမွဲ၍ ဆင်းရဲသော ယောက်ျားသည် အလွန်အဘိုးထိုက်တန်သော ပတ္တမြားရတနာကို ရသည်ဖြစ်၍ ငါ သည် ရနိုင်ခဲလှစွာသော ပတ္တမြားရတနာကို ရ၏ ဟု ထိုပတ္တမြား၌ အမြတ်ရတနာ ဟု အမှတ်ရှိသည်ဖြစ်၍ ရိုသေခြင်းကို ဖြစ်စေ၍ ပြန့်ပြောသော ချစ်မြတ်နိုးခြင်းဖြင့် အလွန် ချစ်ခင်မြတ်နိုးသည် ဖြစ်၍ စောင့်ရှောက်သကဲ့သို့ ဤဉပမာအတူ ငါသည် ရနိုင် ခဲလှစွာသော ဤကမ္မဋ္ဌာန်းကို ရပေသည်တကား၊ မရှိဆင်းရဲ မွဲတေသူအား အဘိုးများစွာ ထိုက်တန်သော ပတ္တမြားကို စောင့် သည်နှင့်တူ၏၊ ဓာတ်လေးပါး ကမ္မဋ္ဌာန်းကို ရှုသောသူသည် မိမိ၏ မဟာဘုတ်ဓာတ်ကြီးလေးပါးတို့ကို သိမ်းဆည်း၏၊ အာနာ ပါန ကမ္မဋ္ဌာန်းကို ရှုသောပုဂ္ဂိုလ်သည် မိမိ၏ နှာခေါင်းလေကို သိမ်းဆည်း၏၊ ကသိုဏ်း ကမ္မဋ္ဌာန်းကို ရှုသောပုဂ္ဂိုလ်သည် ကသိုဏ်းကို ပြုလုပ်၍ အလိုရှိတိုင်း ပွါး၏၊ ဤသို့လျှင် ဉဒ္ဓုမာတက ကမ္မဋ္ဌာန်းမှ တပါးသော ကမ္မဋ္ဌာန်းတို့သည် ရလွယ်ကုန်၏၊ ဤဉဒ္ဓုမာတက ကမ္မဋ္ဌာန်းသည်ကား-တရက် နှစ်ရက်သာလျှင် တည်၏၊ ထို့နောက် ဝိနီလက အစရှိသော အဖြစ်သို့ရောက်၏၊ ထို့ကြောင့် ဤဉဒ္ဓုမာတကကမ္မဋ္ဌာန်းထက် ရနိုင်ခဲသော ကမ္မဋ္ဌာန်း မရှိ ဟု နှလုံးသွင်း၍ ထို ရအပ်ပြီးသော ဉဂ္ဂဟ နိမိတ်၌ အမြတ် ရတနာ ဟု အမှတ်ရှိသည်ဖြစ်၍ အလေး အမြတ်ပြုခြင်းကို ဖြစ်စေ၍ အလွန် မြတ်နိုး နှစ်သက်စွာ စောင့်ရှောက်အပ်၏။

ညဉ့်နေရာ၌ရှင်း နေ့နေရာ၌ရှင်း ဖူးဖူးရောင်သည် ဖြစ်၍ စက်ဆုပ်ဘွယ်သော အကောင်ပုပ် ဖူးဖူးရောင်သည် ဖြစ်၍ စက်ဆုပ်ဘွယ်သော အကောင်ပုပ်ဟု ထိုရအပ်သော ဉဂ္ဂဟနိမိတ်၌ စိတ်ကို မြဲစွာဖွဲ့ချည်ရာ၏၊ အဖန်တလဲလဲ ထိုနိမိတ်ကို ဆင်ခြင်

အပ်၏၊ နှလုံးသွင်းခြင်းကို ပြုအပ်၏၊ ဝိတက်ဖြင့် ခေါ်ခြင်း အထူးသဖြင့် ခေါ်ခြင်းကို ပြုအပ်၏၊ ဤသို့ပြုသော ကိုယောဂီပုဂ္ဂိုလ်အား ပဋိဘာဂနိမိတ်သည် ဖြစ်၏။

၁၁၇။ ထိုဥဒ္ဓုမာတက နိမိတ်၌ ဤဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ် နှစ်ပါးတို့၏အထူးကား ဥဂ္ဂဟနိမိတ်သည် ဖောက်ပြန်၏၊ ရုန့်ရင်း၏၊ ကြောက်မက်ဘွယ်သော အမြင်ရှိသည်ဖြစ်၍ ထင်၏။ ပဋိဘာဂနိမိတ်သည် အလိုရှိတိုင်း သုံးဆောင်စားသောက်၍ အိပ်သော ဖြူပြာသော အင်္ဂါကြီးငယ်ရှိသော ယောက်ျားကဲ့သို့ထင်၏၊ ကိုယောဂီပုဂ္ဂိုလ်အား ပဋိဘာဂ နိမိတ်ကိုရသည်နှင့်မျှသော ကာလ၌သာလျှင် အပဉ္စ ကာမတိုကို နှလုံးမသွင်းသောကြောင့် ပယ်ခွါတတ်သော သမာဓိ၏အစွမ်းဖြင့် ကာမစ္ဆန္ဒကို ပယ်အပ်၏၊ ထို့ပြင် အာရုံကို ချစ်တတ်သော ကာမစ္ဆန္ဒကို ပယ်သဖြင့် ထိုယောဂီပုဂ္ဂိုလ်အား သွေးကိုပယ်သဖြင့် ပြည်ကို ပယ်ပြီးဖြစ်ထလို ဗျာပါဒကိုလည်း ပယ်၏၊ ထို့အတူ အားထုတ်အပ်သော ဝီရိယရှိသောကြောင့် ထိနမိဒ္ဓကို ပယ်၏၊ နှလုံး၌ငြိမ်းအေး ချမ်းမြေ့သည်အဖြစ်ကို ပြုတတ်သော ငြိမ်သက်သော သဘောရှိသော ပီတိ, ပဿဒ္ဓိ အစရှိသော တရားတို့နှင့် ယှဉ်သည်၏အစွမ်းဖြင့် ဥဒ္ဓစ္စ, ကုက္ကုစ္စကို ပယ်အပ်၏၊ ရအပ်သော ဘာဝနာအထူးကို မျက်မှောက်ပြုအပ်သည် အဖြစ်ကြောင့် အကျင့်ပဋိပတ်ကို ဟောတော်မူသော မြတ်စွာဘုရား၌၎င်း၊ ကျင့်အပ်သော ချာန်အကျင့်၌၎င်း၊ အကျင့်၏အကျိုး၌၎င်း၊ သို့လော သို့လော တွေးတော ယုံမှားခြင်း ဝိစိကိစ္ဆာကို ပယ်အပ်၏၊ ဤသို့လျှင် ငါးပါးသော နီဝရဏတို့ကို ပယ်အပ်ကုန်၏။

ထိုဆိုအပ်ခဲ့ပြီးသော ပဋိဘာဂနိမိတ်၌ စိတ်ကိုအာရုံသို့ ရှေးရှုတင်ခြင်း လက္ခဏာရှိသော ဝိတက်,အဖန်ဖန်,သုံးသပ်ခြင်းကိစ္စကို ပြီးစေသော ဝိစာရ,ရအပ်သော ဘာဝနာအထူးကို ရခြင်း၏

အကြောင်းဖြစ်သော ပီတိ, ပီတိနှင့်ယှဉ်သော စိတ်ရှိသောသူအား ပဿဒ္ဓိဖြစ်သင့်သောကြောင့် ကိုယ်စိတ်၏ငြိမ်းခြင်း ပဿဒ္ဓိ, ထို ပဿဒ္ဓိလျှင် အကြောင်းရှိသော သုခ, ချမ်းသာသုခရှိသောသူအား စိတ်၏ တည်ကြည်ခြင်းဖြစ်သင့်သောကြောင့် သုခလျှင် အကြောင်း ရှိသော ဧကဂ္ဂတာဟူ၍ ဈာန်အင်္ဂါတို့သည် ထင်ရှားဖြစ်ကုန်၏၊ ဤသို့လျှင် ထိုယောဂီပုဂ္ဂိုလ်အား ပဋိဘာဂ နိမိတ်ကိုရသော ခဏကာလ၌ပင် ပဌမဈာန်၏ အတုအရိပ်ဖြစ်သော ဥပစာရ ဈာန်သည်လည်း ဖြစ်၏၊ ဤ ပဌမဈာန်ဖြစ်သည်မှ နောက်၌ အကြင် မျှလောက် ပဌမဈာန်၏ အပ္ပနာသည်၎င်း၊ ဝသီဘော်သို့ ရောက် ခြင်းသည်၎င်း ရှိ၏၊ ထိုမျှလောက် အလုံးစုံသော စကားရပ်တို့ကို ပထဝီကသိုဏ်း၌ ဆိုအပ်ပြီးသော နည်းအတိုင်းသိအပ်၏။

## ဝိနီလက စသော ကမ္မဋ္ဌာန်း

၁၁၀။ ထို့ပြင် ဤဆိုအပ်ခဲ့ပြီးသော ဥဒ္ဓုမာတက ကမ္မဋ္ဌာန်းမှ နောက်ဖြစ်သော ဝိနီလက ကမ္မဋ္ဌာန်း စသည်တို့၌လည်း "ဥဒ္ဓုမာတက အကောင်ပုပ်၌ အသုဘနိမိတ်ကို ယူလို သော ယောဂီပုဂ္ဂိုလ်သည် အဖော်မပါ တယောက် ထည်း သွား၏၊ ထင်သော သတိရှိသည်ဖြစ်၍" အစ ရှိသောနည်းဖြင့် နိမိတ်ယူရန် သုသာန်သို့ သွားခြင်းကို အစပြု၍ပြီးလျှင် နိမိတ်ယူခြင်း လက္ခဏာကို ဆိုအပ်၏၊ ထိုအလုံးစုံသော စကားကို "ဝိနီလက အပုပ်ကောင်၌ အသုဘနိမိတ်ကို ယူလိုသော ယောဂီပုဂ္ဂိုလ်သည်"ဟု ဤသို့လျှင် ထိုထိုဝိနီလက အသုဘ အစရှိသည်တို့၏ အစွမ်းဖြင့် ထိုထိုကမ္မဋ္ဌာန်းတို့၌ ဥဒ္ဓုမာတက ဟူသော ပုဒ်မျှကို လဲလှယ်၍ ဆိုအပ်ပြီးသော နည်းအတိုင်း အဆုံး အဖြတ် အဓိပ္ပါယ်နှင့်တကွ သိအပ်၏။

အထူးကား ဝိနီလကကမ္မဋ္ဌာန်း၌"အဖြူအနီ စသည် ရောသော များသောအားဖြင့် ညိုသော အဆင်းရှိသော အကောင်ပုပ်သည် စက်ဆုပ် ရွံရှာဘွယ် ရှိ၏၊....(လ)....ရှိ၏ဟု နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏။ ဤဝိနီလက ကမ္မဋ္ဌာန်း၌ ဥဂ္ဂဟနိမိတ်သည်

ပြောက်ကျား ပြောက်ကျားသော အဆင်းရှိသည် ဖြစ်၍ ထင်၏၊ ပဋိဘာဂနိမိတ်သည်ကား များသော အဆင်းရှိသည် အစွမ်းဖြင့် ထင်၏၊ ဝိပုဗ္ဗက ကမ္မဋ္ဌာန်း၌ ယိုစီးသော ပြည်ရှိသည်ဖြစ်၍ စက်ဆုပ်ဘွယ်သော အကောင်ပုပ်....(လ)...အကောင်ပုပ်ဟူ၍ နှလုံးသွင်းခြင်းကို ပြုအပ်၏၊ ဤကမ္မဋ္ဌာန်း၌ ဥဂ္ဂဟနိမိတ်သည်ကား တတွေတွေယိုစီးသကဲ့သို့ ထင်၏၊ ပဋိဘာဂနိမိတ်သည် မတုန်လှုပ် ငြိမ်သက်စွာ စည်းဝေးသည်ဖြစ်၍ ထင်၏။

ဝိစ္ဆိဒ္ဒက ကမ္မဋ္ဌာန်းကို စစ်မြေပြင်၌၎င်း, ခိုးသားဓားပြ ပေါသော တောအုပ်၌၎င်း, မင်းတို့သည် ခိုးသူတို့အား ကွပ်မျက်သတ်ဖြတ်ရာ သုသာန်၌၎င်း တောတွင် ခြင်္သေ့သစ်ကျားတို့သည် ကိုက်ဖြတ်သော လူသေကောင်ရှိရာ ဌာန၌၎င်း ရအပ်၏၊ ထို့ကြောင့် ထိုသို့သော အရပ်သို့သွား၍ အသီးသီးသောအရပ်၌ ကျနေသော်လည်း တချက်တည်း နှလုံးသွင်းသောအားဖြင့် ထင်ခြင်းသို့ အကယ်၍ရောက်ငြားအံ့၊ ဤသို့ရောက်မူ ကောင်း၏၊ ထင်ခြင်းသို့ မရောက်ခဲ့ပါမူ ကိုယ်တိုင်လက်ဖြင့်သော်ကား မကိုင်တွယ်အပ်၊ ကိုင်တွယ်သည်ရှိသော်ကား သုဘရာဇာကဲ့သို့ အကျွမ်းဝင်၍ မရွံ့ရှာသောအဖြစ်သို့ ရောက်ရာ၏၊ ထို့ကြောင့် အရံစောင့်ကို၎င်း,တစုံတယောက်သောသူကိုသော်၎င်း တခုသော အရပ်၌ စုထားစေအပ်၏၊ စေခိုင်းစရာလူကို မရခဲ့သော် တောင်ဝှေးဖြင့်၎င်း, တစုံတခုသောတုတ်ဖြင့်၎င်း လက်တသစ်ခြားပြု၍ ချဉ်းကပ်စေအပ်၏၊ ဤသို့ ချဉ်းကပ်ပြီး၍ နှစ်ပိုင်းပြတ်သော အကောင်ပုပ် စက်ဆုပ် ရွံ့ရှာဘွယ်ရှိ၏၊ နှစ်ပိုင်းပြတ်သော အကောင်ပုပ် စက်ဆုပ်ရွံ့ရှာဘွယ်ရှိ၏ဟု နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏၊ ထိုကမ္မဋ္ဌာန်း၌ ဥဂ္ဂဟနိမိတ်သည် အလယ်၌ ဖြတ်အပ်သောအကောင်ကဲ့သို့ထင်၏၊ ပဋိဘာဂနိမိတ်သည်ကား အပြည့်အစုံဖြစ်၍ ထင်၏။

ဝိက္ခာယိတက ကမ္မဋ္ဌာန်း၌ ခွေး,မြေခွေး အစရှိသည်တို့ အထူးထူးအပြားပြား ကိုက်ခဲအပ်သည်ဖြစ်၍ စက်ဆုပ်ဘွယ်ရှိသော အကောင်ပုပ်....(လ)....အကောင်ပုပ်ဟု နှလုံးသွင်းခြင်းကို ဖြစ်စေ

အပ်၏၊ ဤအသုဘကမ္မဋ္ဌာန်း၌ ဥဂ္ဂဟနိမိတ်သည် ထိုထိုအရပ်၌ ခဲအပ်သော အသုဘနှင့်တူစွာ ထင်၏၊ ပဋိဘာဂနိမိတ်သည်ကား အပြည့်အစုံဖြစ်၍ ထင်၏။

ဝိက္ခိတ္တက အသုဘကမ္မဋ္ဌာန်း၌လည်း ဝိစ္ဆိဒ္ဒကကမ္မဋ္ဌာန်းမှာ ဆိုသောနည်းအတိုင်း လက်တသစ်ခြား လက်ဘသစ်ခြား မိမိကိုယ်တိုင်ပြု၍၎င်း, အထူးထူးသောအရပ်၌ စွန့်ပစ်အပ်သည်ဖြစ်၍ စက်ဆုပ်ဘွယ်သော အကောင်ပုပ်....(လ)....အကောင်ပုပ်ဟု နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏၊ ဤကမ္မဋ္ဌာန်း၌ ဥဂ္ဂဟနိမိတ်သည် အကြားရှိသည်ဖြစ်၍ ထင်၏။ ပဋိဘာဂနိမိတ်သည်ကား အပြည့်အစုံဖြစ်၍ ထင်၏။

ဟတဝိက္ခိတ္တက အသုဘကမ္မဋ္ဌာန်းကိုလည်း ဝိစ္ဆိဒ္ဒက ကမ္မဋ္ဌာန်း၌ ဆိုအပ်ပြီးသော အပြားရှိသော အရပ်တို့၌ ရအပ်၏၊ ထို့ကြောင့် ထိုအရပ်သို့သွား၍ ဆိုအပ်ပြီးသော နည်းအတိုင်း လက်ဘသစ်ခြား လက်တသစ်ခြားပြု၍၎င်း, ပြုစေ၍၎င်း ကျီးခြေသဏ္ဌာန် ဓားလက်နက် စသည်ဖြင့်ဖြတ်၍ အထူးထူးအရပ်၌ စွန့်ပစ်ထားသော စက်ဆုပ်ဘွယ်ရှိသော အကောင်ပုပ်....(လ).... အကောင်ပုပ်ဟု နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏၊ ဤကမ္မဋ္ဌာန်း၌ ဥဂ္ဂဟနိမိတ်သည်ကား လက်နက်ဒဏ်ရာ၏ အမာဝကဲ့သို့ ထင်၏၊ ပဋိဘာဂနိမိတ်သည်ကား အပြည့်အစုံဖြစ်၍ ထင်၏။

လောဟိတကအသုဘကမ္မဋ္ဌာန်းကို စစ်မြေပြင် စသည်တို့၌ ရအပ်သော လက်နက်ဒဏ်ရာရှိကုန်သော စစ်သည်တို့၏ လက်ခြေ စသည်တို့သည် ပြတ်ကုန်သော်၎င်း, ပေါက်ပြဲသော အိုင်းအမာ အစရှိသည်တို့၏ အမာဝမှ သွေးယိုသောကာလ၌ ရအပ်ကုန်၏၊ ထို့ကြောင့် ထိုသွေးယိုသောအကောင်ကိုမြင်၍ ယိုသောသွေး ရှိသော စက်ဆုပ်ဘွယ်သော အကောင်ပုပ်ဟူ၍ နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏၊ ဤကမ္မဋ္ဌာန်း၌ ဥဂ္ဂဟနိမိတ်သည် လေခတ်သော အလံနီကဲ့သို့ လှုပ်သောအခြင်းအရာအားဖြင့် ထင်၏၊ ပဋိဘာဂနိမိတ်သည်ကား ထက်ဝန်းကျင်မှ ငြိမ်သက်စွာ စည်းဝေးသည်ဖြစ်၍ ထင်၏။

ပုဋ္ဌဝကအသုဘ ကမ္မဋ္ဌာန်းသည် နှစ်ရက် သုံးရက် လွန်သော သူသေကောင်၏ ကိုးပေါက်သော အမာဝတို့မှ ပိုးလောက်အစု ယိုထွက်သောကာလ၌ဖြစ်၏၊ ဆိုဘွယ်အထူးကား တိုအသုဘ သည် ဒိမ်ခွေး၊ မြေခွေး၊ လူ၊ နွား၊ ကျွဲ၊ ဆင်၊ မြင်း၊ မြွေစ သည်တို့၏ ကိုယ်ကောင် ပမာဏဖြစ်၍ သလေးထမင်းပုံကဲ့သို့ ထင်၏၊ ထိုအကောင်ပုပ်တို့၏ ကိုယ်တွင် အမှတ်မရှိ တခုခုသော အကောင်ပုပ်၌ ပိုးလောက်ရှိသည့်ဖြစ်၍ စက်ဆုပ်ဘွယ်သော အကောင်ပုပ် စက်ဆုပ်ဘွယ်သော အကောင်ပုပ်ဟူ၍ နှလုံးသွင်း ခြင်းကို ဖြစ်စေအပ်၏၊ **ဇူဠပိဏ္ဍပါတိကတိဿ** မထေရ်အား **ကာဠဒီဃဝါပီ** မည်သော အိုင်၏အတွင်း ဆင်သေကောင်၌ နိမိတ်ထင်၏၊ ဤကမ္မဋ္ဌာန်း၌ ဥဂ္ဂဟနိမိတ်သည် လှုပ်သကဲ့သို့ ထင်၏၊ ပဋိဘာဂ နိမိတ်သည်ကား သလေးထမင်းပုံကဲ့သို့ ထက်ဝန်းကျင် ငြိမ်သက်စွာ စည်းဝေးသည်ဖြစ်၍ ထင်၏။

အဋ္ဌကထာ အသုဘ ကမ္မဋ္ဌာန်းကို "သော ပဋိဘာဂ သရီရံ သိဝထိကာယ ဆဍ္ဍိတံ အဋ္ဌိသင်္ခလိကံ သမံသလောဟိတံ နဟာရု-သမ္ဗန္ဓံ" အစရှိသော နည်းအတိုင်း အထူးထူးသော အခြင်းအရာ အားဖြင့် မဟာ သတိပဋ္ဌာန သုတ်၌ ဟောအပ်၏။

> ထိုရဟန်းသည် သုသာန်၌ စွန့်ပစ်အပ်သော အရိုး ဆက် မပြတ်သေးသော အသား အသွေးနှင့်တကွ ဖြစ် သော အကြောသည် ဖွဲ့ချည်အပ်သော သူသေကောင်ကို မြင်ရာ၏။

ထို အဋ္ဌိက အသုဘ၌ အကြင် အရပ်၌ ထို အရိုးစု အသုဘ ကို ချထား၏၊ ထိုအသုဘ အရိုးစု ရှိရာ အရပ်သို့ ရှေး ဥဒ္ဓုမာတက ကမ္မဋ္ဌာန်းမှာ ဆိုခဲ့ပြီးသော နည်း အတိုင်း သွား၍ ထက် ဝန်းကျင်မှ ကျောက် စသည်တို့၏ အစွမ်းဖြင့် မှတ်ကြောင်းနိမိတ် အာရုံနှင့်တကွပြု၍ ဤအကောင်သည် အရိုးစုတည်းဟု စက်ဆုပ် ဘွယ်သော သဘော လက္ခဏာအားဖြင့် မှတ်သား၍ အဆင်း အစရှိသည်တို့၏ အစွမ်းဖြင့် တဆဲ့တပါးသော အခြင်းအရာတို့ဖြင့် နိမိတ်ကို ယူအပ်၏။

၁၁၉။ ထိုအရိုးစုကို အဆင်းအားဖြင့် ဖြူ၏ဟု နှလုံးသွင်း၍ ကြည့်သူအား စက်ဆုပ်ရွံရှာဘွယ်သော သဘောမထင်၊ ဩဒါတကသိုဏ်းနှင့် ရောသည်ဖြစ်၏၊ ထို့ကြောင့် အရိုးစုဟူ၍ ရွံရှာစက်ဆုပ်ဘွယ်အနေဖြင့်သာ ရှုအပ်၏။ အသွင်လိင်ဟူသော အမည်သည် ဤအဋ္ဌကထာ အသုဘ အရာမှာ လက်စသည်တို့၏ အမည်ဖြစ်သည်၊ ထို့ကြောင့် လက်,ခြေ,ဦးခေါင်း,ရင်,မောင်း,ခါး,ပေါင်, မြင်းခေါင်း တို့၏ အစွမ်းဖြင့် လိင်အသွင်ကို မှတ်အပ်၏၊ ထို့ပြင် အရှည်, အတို, အလုံး, လေးထောင့်, အငယ်, အကြီး၏ အစွမ်းဖြင့် သဏ္ဌာန်ကို မှတ်အပ်၏၊ အရပ်နေရာတို့ မှာကား ဆိုအပ်ခဲ့ပြီးသော အတိုင်းပင်တည်း၊ ထိုထို အရိုး၏ အဆုံး၏အစွမ်းဖြင့် အပိုင်းအခြားကိုမှတ်သား၍ အရိုးအပေါင်းတို့တွင် ထင်ရှားသော အရိုးကိုယူ၍ အပ္ပနာသို့ ရောက်စေအပ်၏။

ထို့ပြင် ထိုထိုအရိုးတို့၏ နိမ့်ရာအရပ် မြင့်ရာအရပ်၏ အစွမ်းဖြင့် နိမ့်သောအဖြစ်ကိုငင်း, မြင့်သောအဖြစ်ကိုငင်း မှတ်အပ်၏၊ အရပ်၏အစွမ်းဖြင့်လည်း ငါသည် နိမ့်သောအရပ်၌ တည်၏၊ အရိုးသည် မြင့်သောအရပ်၌ တည်၏၊ ငါသည် မြင့်သော အရပ်၌ တည်၏၊ အရိုးသည် နိမ့်သောအရပ်၌ တည်၏ဟု မှတ်အပ်၏၊ နှစ်ခုသောအရိုးတို့အချင်းချင်း စပ်ယှက်ငြိတွယ်ရာ ဌာန၏အစွမ်းဖြင့် အစပ်ကို မှတ်အပ်၏၊ အရိုးတို့၏ အချင်းချင်း အကြား အခေါင်းအပေါက်၏ အစွမ်းဖြင့် အကြားအပေါက် ဟင်းလင်းပွင့်သည်ကို မှတ်အပ်၏၊ အလုံးစုံသော အရိုးစု၌ ဉာဏ်ကို ကျက်စားစေ၍ ဤအရပ်၌ ဤအရိုးရှိ၏ဟု ထက်ဝန်းကျင် အားဖြင့် မှတ်အပ်၏။

၁၂၀။ ဤသို့ မှတ်သားသော်လည်း ဥဂ္ဂဟနိမိတ်မထင်ခဲ့သော် နဖူးရိုး၌ စိတ်ကို ကောင်းစွာထားအပ်၏၊ ဤအဋ္ဌကထာ အသုဘကမ္မဋ္ဌာန်း၌ တဆဲ့တပါးသောအပြားဖြင့် ဤ နိမိတ်ယူခြင်းကို မှတ်အပ်ဘိသကဲ့သို့ ထို့အတူ ရှေးက

ဆိုခဲ့ပြီးသော ပုဋ္ဌဝကကမ္မဋ္ဌာန်း စသည်တို့၌လည်း ယှဉ်သည်၏အစွမ်းဖြင့် ဤနိမိတ်ယူခြင်းကို မှတ်အပ်၏၊ ဤအရိုးစုကမ္မဋ္ဌာန်းသည် အလုံးစုံ အဆက်မပြတ်သေးသော အရိုး၌၎င်း, တချောင်းသော အရိုး၌၎င်း နှံမိတ်ထင်သောအားဖြင့် ပြည့်စုံနိုင်၏၊ ထို့ကြောင့် ထိုအရိုးတို့တွင် အမှတ်မရှိ တခုခုသောအရိုး၌ တဆဲ့တပါးသော အမြင်းအရာဖြင့် ဥဂ္ဂဟနိမိတ်ကိုယူ၍ အရိုးစုသည် စက်ဆုပ် ရွံရှာဘွယ်ရှိ၏၊....(လ)....စက်ဆုပ် ရွံရှာဘွယ်ရှိ၏ဟု နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏၊ ဤအဋ္ဌိကကမ္မဋ္ဌာန်း၌ ဥဂ္ဂဟနိမိတ်နှင့် ပဋိဘာဂနိမိတ်မှာ အကွဲအပြားမရှိ၊ တူ၏ဟု အဋ္ဌကထာ၌ ဆိုအပ်၏၊ ထိုတူ၏ဟူသော စကားမှာ တခုသောအရိုး၌ သင့်လျော်၏၊ အရိုးဆက်မပြတ်သော အရိုးစု၌ကား ဥဂ္ဂဟနိမိတ်၌ ထင်မြင်ကောင်းသော အကြားအပေါက်ရှိသော အဖြစ်သည် သင့်လျော်၏၊ ပဋိဘာဂနိမိတ်၌ ပြည့်စုံသော အဖြစ်သည် သင့်၏၊ တခုသောအရိုး၌လည်း ဥဂ္ဂဟနိမိတ်သည် အရိုး၏အဆင်း အလွန်ထင်သောကြောင့် ဖောက်ပြန်သော အဆင်းရှိသည် ကြောက်မက်ဘွယ်ကို ဆောင်သည်ဖြစ်ရာ၏၊ ပဋိဘာဂနိမိတ်သည် ပီတိသောမနဿကို ဖြစ်စေတတ်သည် ဖြစ်ရာ၏၊ အဘယ့်ကြောင့်ဆိုသော် ဥပစာရဈာန်ကို ဆောင်တတ်သောကြောင့် ပေတည်း၊ ဤဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်နှစ်ပါးကိုဆိုရာ၌ အဋ္ဌကထာတို့တွင် ဆိုသောစကားသည်နိမိတ်နှစ်ပါးခွဲခြင်း၄ါအပေါက်,သပ်ကြောင်းပေး၍ဆိုအပ်လေသည်၊ ထို့ကြောင့် ထိုအဋ္ဌကထာတို့၌ လေးပါးသော ဗြဟ္မဝိဟာရတို့၌၎င်း, ဆယ်ပါးသော အသုဘတို့၌၎င်း ပဋိဘာဂနိမိတ်သည်မရှိ၊ ဗြဟ္မဝိဟာရတို့၌ အပိုင်းအခြား သိမသမ္ဘေဒသည်ပင်လျှင် နိမိတ်ဖြစ်၏၊အသုဘဆယ်ပါးတို့၌ စက်ဆုပ်ရွံရှာဘွယ်ဟူသော အဖြစ်ကို မြင်သည်ရှိသော် နိမိတ်မည်၏ဟုဆို၍ ဤ

မျှသောစကားဖြင့် မရပ်သေးဘဲ တဖန် ဤစကား၏ အခြားမဲ့မှာ ''ဤအဋ္ဌကအသုဘ၌ နိမိတ်သည် ဥဂ္ဂဟနိမိတ်ရင်း, ပဋိဘာဂနိမိတ်ရင်း, နှစ်ပါးအပြားရှိ၏၊ ဥဂ္ဂဟနိမိတ်သည် အဆင်းမလှ ဖောက်ပြန်၏၊ ကြောက်လန့်ဘွယ်ဖြစ်၍ ထင်''ဟု ဤသို့ အစရှိသောစကားကို ဆိုအပ်၏၊ ထို့ကြောင့် စိစစ် ဆင်ခြင်၍ ငါတို့ဆိုအပ်သော စကားသည်သာလျှင် ဤနိမိတ်အရာမှာ အသင့်ယုတ္တိဖြစ်၏၊ ဆိုဘွယ်ရှိသည့်မှာကား **မဟာတိဿမထေရ်ကြီးအား ရယ်သောမိန်းမ၏သွားရိုးကို** ကြည့်ခြင်းဖြင့်အလုံးစုံသော မိန်းမကိုယ်ကောင်၏ အရိုးစုဖြင့် ထင်ခြင်းအစရှိသည်တို့သည် ဤအဋ္ဌကကမ္မဋ္ဌာန်းအရာ၌ ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ် နှစ်ပါးတို့၏ ပြယုဂ် ဥဒါဟရဏ်ပေတည်း။ ။ဤတွင် စကားတရပ် အပြီးသတ်၏။

ဣတိ အသုဘာနိ သုဘဂုဏော၊
ဒသသတလောစနေန ထုတကိတ္တိ။
ယာနိ အဝေါစ ဒသဗလော၊
ဧကေကဇ္ဈာနဟေတုနိတိ။

ဧဝံ တာနိ စ တေသဉ္စ၊
ဘာဝနာနယမိမံ ဝိဒိတွာန။
တေသွေဝ အယံ ဘိယျော၊
ပကိဏ္ဏကကထာပိ ဝိညေယျာ။

ဤဆိုအပ်ခဲ့ပြီးသော စကားအစဉ်ဖြင့် တခဏခြင်းမှာ တယောင်သောအကျိုးစီးပွါးကို မြင်နိုင်သောသိကြားမင်းသည် ကောင်းချီးပေးခါ ချီမွမ်းထောမနာအပ်သော တင့်တယ်ကောင်းမြတ်သော ဂုဏ်ကျေးဇူးနှင့်ပြည့်စုံတော်မူသော အားဆယ်ပါးရှင် ဘုရားသခင်သည် တခုတခုသော ဈာန်၏အကြောင်းဖြစ်ကုန်သော အသုဘကမ္မဋ္ဌာန်းကို ဟောကြားတော်မူလေပြီ။

ဤသို့ ဟောကြားတော်မူအပ်သော ထို အသုဘကမ္မဋ္ဌာန်းတို့ကိုလည်း, ထိုအသုဘကမ္မဋ္ဌာန်းတို့၏ ဘာဝနာပွါးနည်းကိုလည်း, သိပြီး၍ ထိုဆယ်ပါးသော အသုဘကမ္မဋ္ဌာန်းတို့၌ပင် အတိုင်းဟက်အလွန်ဖြစ်သော အထွေထွေ စကားများကိုလည်း သိအပ်၏။

**ပကိဏ္ဏကကိုပြခြင်း**

၁၂၁။ **အထွေထွေ** ဤအသုဘဆယ်ပါးတို့တွင် တခုခုသော အသုဘ၌ ရျာန်ရသော ယောဂီပုဂ္ဂိုလ်သည် ကောင်းစွာ ရာဂကို ပယ်အပ် ပြီးသောကြောင့် ရာဂကင်းသော ရဟန္တာပုဂ္ဂိုလ်ကဲ့သို့ လျှပ်ပေါ်လော်လီသော အမူအရာကင်း၏၊ ဤသို့ ဖြစ်ပါသော်လည်း အသုဘတို့၏ အကွဲအပြားကို ဟောတော်မူသည်မှာ အကောင်ပုပ်၏ သဘော၏ အစွမ်းဖြင့်လည်း, ရာဂစရိုက်၏ အကွဲအပြား၏ အစွမ်းဖြင့်လည်း ဟောသည် ဖြစ်၏ဟု သိအပ်၏၊ ထိုစကား သင့်၏၊ သူသေ၏ အကောင်သည် စက်ဆုပ်ရွံရှာဘွယ်၏အဖြစ်သို့ ရောက်သည်ရှိသော် ဥဒ္ဓုမာတက သဘောသို့ ရောက်သည်လည်းဖြစ်ရာ၏၊ ဝိနီလက အစရှိသည်တို့တွင် တပါးပါးသောသဘောသို့ ရောက်သည်လည်း ဖြစ်ရာ၏၊ ထို့ကြောင့် အကြင်အကြင်သို့ သဘောရှိသောအကောင်ကို ရခြင်းငှါတတ်ကောင်း၏၊ ထိုသို့ ထိုသို့ သဘောရှိသော အကောင်၌ ဥဒ္ဓုမာတက အကောင်ပုပ်သည် စက်ဆုပ်ရွံရှာဘွယ်ရှိ၏၊ ဝိနီလကအကောင်ပုပ်သည် စက်ဆုပ်ရွံရှာဘွယ်ရှိ၏ဟု ဤသို့ နှလုံးသွင်းခြင်းဖြင့် ဥဂ္ဂဟနိမိတ်ကို ယူအပ်သည်သာ ဖြစ်၏၊ ထို့ကြောင့် အကောင်ပုပ်၏ သဘော၏အစွမ်းဖြင့် အသုဘ အပြား ဆယ်ပါးကို ဟောတော်မူသည်ဟု သိအပ်၏။

အထူးအားဖြင့်ကား–ဤဆယ်ပါးသော အသုဘတို့တွင် ဥဒ္ဓုမာတကအသုဘသည် ကိုယ်သဏ္ဌာန်၏ ပျက်စီးခြင်းကို ပြသော

ကြောင့် သဏ္ဌာန်ပုံပန်းကို တပ်နှစ်သက်သော ရာဂရှိသူအား လျောက်ပတ်၏၊ (ရာဂငြိမ်းဆေးပေတည်း)။ ဝိနီလက အသုဘသည် အရေအဆင်း၏ ဖောက်ပြန် ပျက်စီးခြင်းကို ပြသောကြောင့် ကိုယ်အဆင်းအရောင်ကို တပ်မက်သော ရာဂရှိသူအား လျောက်ပတ်၏၊ ဝိပုဗ္ဗကအသုဘသည် ကိုယ်ဟူသော အိုင်းအမာကြီးနှင့် စပ်သော ပုပ်နံလှောင်းလှောင်း မကောင်းသော အနံ့ရှိသည်အဖြစ်ကို ပြသောကြောင့် ပန်းနံ့သာ ရေမွှေး စသည်တို့ဖြင့် ထုံမွှန်း ဆွတ်ဖျန်းအပ်သော ကိုယ်အနံ့၌ တပ်သောရာဂရှိသူအား လျောက်ပတ်၏၊ ဝိစ္ဆိဒ္ဒကအသုဘသည် အတွင်း၌ အခေါင်းအပေါက် ရှိသည်ကို ပြသောကြောင့် ကိုယ်၌ တခဲတလုံးသည်း ဖြစ်သည်ကို တပ်မက်သော ရာဂရှိသူအား လျောက်ပတ်၏၊ ဝိက္ခာယိတကအသုဘသည် အသားစု အသားစိုင် ပြည့်ဖြိုးခြင်း၏ ပျက်စီးခြင်းကို ပြသောကြောင့် သားမြတ်အစရှိကုန်သော ကိုယ်အရပ်၌ စုန့်စုန့်မို့မို့ နှစ်လှိုစလိ အိအိစက်စက် နှစ်သက်ဖွယ်ဟု တပ်မက်သော ရာဂရှိသူအား လျောက်ပတ်၏၊ ဝိက္ခိတ္တက အသုဘသည် အင်္ဂါကြီးငယ်တို့၏ ထိုမှ ဤမှ ကြဲပျံ့ရှိနေသည်ကို ပြသောကြောင့် အင်္ဂါကြီးငယ် တင့်တယ် စမွယ်ခြင်းကို တပ်မက်သော ရာဂရှိသူအား လျောက်ပတ်၏၊ ဟတဝိက္ခိတ္တက အသုဘသည် ရိုးဆစ်မထင် အင်္ဂါကြီးငယ်တို့၏ ပြေပြစ် ချောမွေ့သော အစပ်ရှိသောအဖြစ်၏ ပျက်စီးခြင်းကို ပြသောကြောင့် ကိုယ်၏သနစ် ရိုးဆစ်မပေါ် ရွှေငှက်ပျောသို့ ချောမော ပြေပြစ် အဆစ်အစပ် လျောက်ပတ် ပြည့်စုံခြင်း၌ တပ်မက်သော ရာဂရှိသူအား လျောက်ပတ်၏၊ လောဟိတကအသုဘသည် သွေးလိမ်းကျံအပ်သည်ဖြစ်၏၊ စက်ဆုပ်ဘွယ်ရှိသော အဖြစ်ကို ပြသောကြောင့် အဆင်တန်ဆာ ဝတ်ဆင်အပ်သည်ဖြစ်၍ အရောင်အဆင်း လှပခြင်းကို တပ်မက်သော ရာဂရှိသူအား လျောက်ပတ်၏၊ ပုဠုဝက အသုဘသည် ကိုယ်ကာယ၏ တပါးမက များစွာသော ပိုးမျိုးရှစ်ဆယ်တို့နှင့် ဆက်ဆံသည် အဖြစ်ကို ပြသောကြောင့် ကိုယ်၌ တပ်မက်သော ရာဂရှိသူအား လျောက်ပတ်၏၊ အဋ္ဌိကအသုဘသည်ကိုယ်၌ရှိသော အရိုးတို့၏ စက်ဆုပ်ရွံရှာဘွယ်ကို ပြသော

ကြောင့် သွား၏ကောင်းခြင်းကို ကြိုက်လေ့ရှိသော ရာဂရှိသူအား လျော်ကပတ်၏။ ဤသို့လျှင် ရာဂစရိုက်၏ အစွမ်းဖြင့်လည်း ဆယ်ပါးသော အသုဘ အကွဲအပြားကို ဟောတော်မူအပ်၏ဟု သိအပ်၏။

၁၂၂။ ဆယ်ပါးအပြားရှိသော ထိုအသုဘကမ္မဋ္ဌာန်း၌ ဥပမာသော်ကား—အယဉ်ထွေထွေစီးသောကြောင့် ထက်ဝန်းကျင်မှ မတည်တံ့သော ရေအယဉ်ရှိသော အလွန်ရေစီးသန်သော မြစ်မှာ လိုးဝါးတည်းဟူသော အကြောင်းကြောင့်သာ လှေသည် တည့်တံ့နိုင်တာလို ထိုးဝါးနှင့်ကင်း၍ လှေသည်တည့်တံ့ခြင်းငှါ မတတ်ကောင်းတာလို အာရုံအားနည်းသောကြောင့် ဝိတက်၏ အစွမ်းဖြင့်သာစိတ်သည် တခုတည်းသော အာရုံ၌ တည်၏၊ ဝိတက်နှင့် ကင်း၍ တခုတည်းသော အာရုံ၌ တည့်တံ့ခြင်းငှါမတတ်နိုင်၊ ထို့ကြောင့် ဤဆယ်ပါးသော အသုဘ၌ (ဝိတက်ရှိသော)ပဌမ ဈာန်သာဖြစ်၏၊ ဝိတက် ကင်းသော ဒုတိယဈာန် စသည်တို့ မဖြစ်နိုင်ကုန်။

စက်ဆုပ်ရွံရှာဘွယ်ဖြစ်သော်လည်း ထို အာရုံ၌ မချွတ်လျှင် ဤအကျင့်ဖြင့် အိုခြင်း သေခြင်းမှ လွတ်မြောက် ရလေအံ့ဟု အကျိုးအာနိသင်ကို မြင်လေ့ရှိသည် အဖြစ်ကြောင့်၎င်း၊ နီဝရဏ တည်းဟူသော ပူပန်စေတတ်သော တရားတို့ကို ပယ်ခြင်းကြောင့်၎င်း ပီတိသောမနဿဖြစ်၏၊ ဥပမာမှာ အခများစွာ ရလိမ့်မည်ဟု အကျိုးအာနိသင်ကို မြင်သော ပန်းမှိုက်သွန်သမားသည် မစင်ဘင်ပုပ်အစု၌ နှစ်သက် ဝမ်းမြောက်ခြင်း ဖြစ်သကဲ့သို့၎င်း၊ အသဲအသန်အနာနှိပ်စက်၍ ဆင်းရဲသော သူနာသည် ပျို့အန် ဝမ်းကျရာမှာ နှစ်သက် ဝမ်းမြောက်ခြင်း ဖြစ်သကဲ့သို့၎င်း ဖြစ်၏။

ဆယ်ပါး အပြားရှိသော ဤအသုဘကမ္မဋ္ဌာန်းသည် လက္ခဏာအားဖြင့် တပါးသာ ဖြစ်၏၊ ထိုစကား မှန်သည်၊ ဆယ်ပါးအပြားရှိငြားသော်လည်း ထိုအသုဘ၏ မစင်ကြယ် အနံ့မကောင်း

စက်ဆုပ် ရွံရှာဘွယ်အဖြစ်သည်သာလျှင် လက္ခဏာဖြစ်၏၊ ထို အသုဘသည် ဤလက္ခဏာအားဖြင့် သူသေကောင် သက်သက်၌သာ ထင်သည် မဟုတ်၊ ရယ်သော မာတုဂါမ၏ သွားရိုးကို မြင်သော စေတိယ တောင်နေ **မဟာတိဿမထေရ်**ကြီးအား ထင်သကဲ့သို့ရှင်း ခါင်ကျောက် ကုန်းထက်၌ တည်သောမင်းကို ကြည့်သော **သံဃရက္ခိတမထေရ်**၏ အလုပ်အကျွေး **သာမဏေ** အား ထင်သကဲ့သို့ရှင်း အသက်ရှင်သောသူ၏ ကိုယ်၌လည်း ထင်၏၊ အသေကောင်သည် အသုဘ ဖြစ်သကဲ့သို့ ဤအတူ အသက်ရှင်သော အကောင်သည်လည်း အသုဘစင်စစ်ဖြစ်၏၊ ထို အသုဘ ဖြစ်သော်လည်း အသက်ရှင်သော အကောင်၌ အာဂန္တုကဖြစ်သော တန်ဆာဆင်ခြင်းဖြင့် ဖုံးလွှမ်းအပ်သောကြောင့် အသုဘလက္ခဏာသည် သူပြိန်းတို့အား မထင်နိုင်၊ ပကတိသဘောအားဖြင့်ကား ဤခေါင်းပါး ခွံမှေး သစ်ထဲဆွေးသို့ ညစ်ကြေး ပြည့်လျှံ တလံမျှလောက်သော ဤကိုယ်သည်ကား-သုံးရာသော အရိုးတို့ဖြင့် စိုက်ထောင်၏၊ တရာ့ရှစ်ဆယ်သော အဆက်အစပ်တို့ဖြင့် ဆက်စပ်၍ နေ၏၊ ကိုးရာသော အကြော ကြိမ်နွယ်တို့ဖြင့် တုပ်ဖွဲ့ ချည်နှောင်အပ်၏၊ ကိုးရာသော အသားတစ် အသားစိုင်တို့ဖြင့် လိမ်းကျံ မွမ်းမံအပ်၏၊ စိုသောအရေဖြင့် မှေးရှက် ဖုံးလွှမ်းအပ်၏၊ အရေပါးဖြင့် လွှမ်းခြုံ၍ ထားအပ်၏၊ ဖွတ်, ပဒတ်, ဧမြွအောင်းနေရာ တောင်ပို့ကဲ့သို့ ငယ်သော အပေါက် အလွန် ငယ်သော အပေါက်ရှိ၏၊ အဆီဖြင့် ပြည့်သော အိုးခွက်ကဲ့သို့ အမြဲနိစ္စအထက်သို့ရှင်း အောက်သို့ရှင်း ယိုထွက်၍ နေ၏၊ ပိုးမျိုးအပေါင်းတို့၏ ခိုအောင်း မှီခိုရာဖြစ်၏၊ အနာမျိုး ရောဂါမျိုး စွဲကပ်တည်နေရာ ဖြစ်၏၊ ဆင်းရဲဒုက္ခတရားတို့ပေါက်ပွါးရာ လယ်ခင်းကြီးသဖွယ်လည်း ဖြစ်၏၊ ပေါက်ပြဲသော အိုင်းအမာကြီးကဲ့သို့ ကိုးပေါက်သော အမာဝတို့မှ ကိုးဝသော အပုပ်ရေတို့ဖြင့် အစဉ်မပြတ် တဖွားဖွား တထီးထီး ယိုစီး၍နေ၏၊ ထို ကိုယ်ခန္ဓာ၏ နှစ်ဘက်သော မျက်လုံးတို့မှ မျက်ချေး မျက်ဝပ်သည် တစွပ်စွပ် ယိုထွက်၏၊ နားနှစ်ဘက်တို့မှ နားဖာချေးသည် စေးကပ်ကပ်ဖြစ်၍ ယိုထွက်၏၊ နှာခေါင်းနှစ်ဘက်မှ တာန်းသီးနှ့ရည်အလား ကျိုချွဲသော နှာရည်တို့သည် ယိုထွက်၏၊

ခံတွင်းမှ မျိုအပ်သော အာဟာရ သည်းခြေ သလိပ် သွေးတို့သည် ယိုထွက်ကုန်၏၊ နှစ်ခုသော အောက်ဒွါရပေါက်တို့မှ ကျင်ကြီး ကျင်ငယ်တို့သည် အစဉ်မပြတ် ယိုထွက်ကုန်၏၊ ကိုးသောင်း ကိုးထောင်ကုန်သော မွေးတွင်းပေါက်တို့မှ မစင်ကြယ် စက်ဆုပ်ဘွယ်သော ချွေးစီးတို့သည် ယိုကုန်၏၊ ယင်မမဲယိုင်းစသည်တို့သည် ဝန်းရံဝိုင်းအုံကြကုန်၏၊ ဤကိုယ်ကို ဒန်ပူစားခြင်း မျက်နှာသစ်ခြင်း ဦးခေါင်းကို ဆီလိမ်းခြင်း ရေချိုးခြင်း ဝတ်ခြင်း ရုံခြင်းစသည်ဖြင့် မပြုမပြင် မသုတ်သင်ဘဲ မိမွေးတိုင်း ဘမွေးတိုင်း ကိုယ်တုံးလုံး ထားခဲ့သော် ရုန့်ရင်းကြမ်းကြုတ်စွာ အမွေးဖားဖား ဆံဖွားလား ဖြစ်၍ တရွာမှ တရွာသို့ လှည့်လည်မှုကား ပြည့်ရှင်မင်းပင် ဖြစ်သော်လည်း ဒွန်းစဏ္ဍား ပန်းမှိုက်သွန် ရွံစရာအစုတ် တကယ်နုပ်သော သူတို့ကဲ့သို့ တူမျှသော စက်ဆုပ်ရွံရှာဘွယ် ကိုယ်ရှိသည့် အဖြစ်ကြောင့် အထူးမရှိဖြစ်၏၊ ဤသို့မစင်ကြယ် အနံ့ဆိုး စက်ဆုပ်ရွံရှာဘွယ်ဖြစ်သောကြောင့် မင်း၏ဂုင်း, ဒွန်းစဏ္ဍား၏ဂုင်း ကိုယ်၌ ထူးခြားသောမည်သည်မရှိ။

ဤသို့လျှင် မင်းနှင့် ဒွန်းစဏ္ဍားမှာ ကိုယ်ကောင်အားဖြင့် မထူးခြားသော်လည်း ဤအသက်ရှင်သော ကိုယ်ကောင်၌ ဒန်ပူစားခြင်း မျက်နှာသစ်ခြင်း အစရှိသည်တို့ဖြင့် သွားချေး အစရှိသည်တို့ကို သုတ်သင်၍ အထူးထူးသော အဆင်းအရောင်ရှိသော အဝတ်ဖြင့် ရှက်ဘွယ် ကြောက်ဘွယ် အင်္ဂါကြီးငယ်တို့ကို ဖုံးလွှမ်း၍ အထူးထူးသော အဆင်းအရောင်ရှိသော နံ့သာပြောင်း အမွှေးအထုံတို့ကို လိမ်းကျံ၍ ပန်းပန်ခြင်း အစရှိသော တန်ဆာတို့ဖြင့် တန်ဆာဆင်ယင်ပြုပြင်၍ ငါ-ငါ၏ ဥစ္စာ ဟု စွဲယူအပ်သော အခြင်းအရာသို့ ရောက်သည်ကို ပြုကုန်၏၊ ထိုသို့ပြုပြင်သဖြင့် အာဂန္တုကဖြစ်သော ဤတန်ဆာဆင်ခြင်းတို့ဖြင့် ဖုံးလွှမ်းအပ်သောကြောင့် ကိုယ်ကာယ၏ ဟုတ်တိုင်း မှန်တိုင်းဖြစ်သော သဘော အသုဘလက္ခဏာကို မသိနိုင်ရှာကုန်သော ယောကျာ်းတို့သည် မိန်းမတို့၌, မိန်းမတို့သည်လည်း ယောကျာ်းတို့၌ အလွန်မွေ့လျော်ပျော်ပိုက် ကြိုက်ချစ်ခြင်းကို ပြုကြကုန်၏။

ဤကိုယ်ကောင်၌ ပရမတ္ထသဘောအားဖြင့် တပ်မက်ခြင်းငှါ သင့်လျော်လျောက်ပတ်သော အရပ်အကွက်မည်သည် အဏုမြူမျှ မရှိ၊ ထို့ကြောင့် ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်း, သွား, တံထွေး, နှပ်, ကျင်ကြီး, ကျင်ငယ်, စသည်တို့တွင် တခုသောအစုမျှ ကိုယ်မှအပသို့ ကျသည်ရှိသော် သတ္တဝါတို့သည် လက်ဖြင့် တို့ခြင်းငှါလည်း အလိုမရှိကြကုန်၊ ဆင်းရဲကုန်၏၊ ရှက်ကုန်၏၊ စက်ဆုပ်ကုန်၏။

ဤကိုယ်ကောင်၌ အကြင်ဆံပင်မွေးညှင်းစသည်တို့ရှိသည်ကား ကိုယ်မှအပ စင်ကြယ်သော အရာတို့မှ ကြွင်းကျန်ရစ်သော အရာတို့သာဖြစ်၏၊ ထိုကိုယ်မှအပ စင်ကျ၍ ရှုံစရာကောင်းသော အရာတို့နှင့် တစပ်တည်း တထပ်တည်းဖြစ်သော ကိုယ်၌ကြွင်းကျန် တည်နေသောအရာ ကောဋ္ဌာသအစုတို့သည် စက်ဆုပ် ရွံရှာဘွယ် ဖြစ်ပါသော်လည်း ပညာမျက်စိမရှိ၊ ကန်းအောင် မှေးရစ်ပိတ်ဖုံး အပ်သော အဝိဇ္ဇာမှောင်ကြီး ဘိစီး၍နေသောကြောင့် သတ္တဝါ တို့သည် ကိုယ်ကို ချစ်ခြင်းတည်းဟူသော ရာဂဖြင့် တပ်မက် ကုန်သည်ဖြစ်၍ အလိုရှိအပ် ရှာမှီးအပ်၏ဟူ၍၎င်း, နှစ်လိုစုံမက် အပ်၏၊ ချမ်းသာ၏၊ ငါ၏အတ္တတည်းဟူ၍ စွဲယူကြကုန်၏၊ ထို သတ္တဝါတို့သည် ဤသို့ ဣဋ္ဌ၊ကန္တ၊မနာပ၊နိစ္စ၊သုခ၊အတ္တ ဟု စွဲလမ်း ကြကုန်သောကြောင့် တောအုပ်၌ ပေါက်ပင်ကိုမြင်၍ အပင်မှ မကြွေကျသေးသော ပေါက်ပွင့်ကို သစ်ပင်ထက်တွင် နီနီရဲရဲ တွဲလွဲတွဲလွဲနှင့် နေသည်ကား အသားတုံးတွေ အသားတစ်တွေ ပေတည်းဟု အောက်မေ့မှတ်ထင် အစဥ်တောင့်တသော မြေခွေး အိုကြီးနှင့် တူသည့် အဖြစ်သို့ ရောက်ကြကုန်၏၊ ထို့ကြောင့် အောက်ပါဂါထာတို့ကို ဆိုအပ်၏။

> ယထာပိ ပုပ္ဖိတံ ဒိသွာ၊
> သိဂါလော ကိံသုကံ ဝနေ။
> မံသရုက္ခော မယာ လဒ္ဓေါ၊
> ဣတိ ဂန္တွာန ဝေဂသာ။

ပတိတံ ပတိတံ ပုပ္ဖံ၊
ခံသိတွာ အတိလောလုပေါ။
နယိဒံ မံသံ အဒုံ မံသံ၊
ယံ ရုက္ခသ္မိံ ဂဏှတိ။

ကောဋ္ဌာသံ ပတိတံယေဝ၊
အသုဘန္တိ တထာ ဗုဓော။
အဂ္ဂဟေတွာန ဂဏှေယျ၊
သရီရဋ္ဌမ္ပိ နံ တထာ။

ဣမဉှိ သုဘတော ကာယံ၊
ဂဟေတွာ တတ္ထ မုစ္ဆိတာ။
ဗာလာ ကရောန္တာ ပါပါနိ၊
ဒုက္ခာ န ပရိမုစ္စရေ။

တသ္မာ ပဿေယျ မေဓာဝီ၊
ဇီဝတော ဝါ မတဿ ဝါ။

သဘာဝံ ပူတိကာယဿ၊
သုဘဘာဝေန ဝဇ္ဇိတံ။

မြေခွေးသည် တောဥ္စ ပင်လုံးကျွတ်ပွင့်သော ပေါက်ပင်ကိုမြင်၍ ငါသည် သားတစ်ပင်ကြီးကို ရပေပြီ ဟု ဝမ်းသာရွှင်မြူးလျက် အဆောတလျင် ပြေးသွားပြီးလျှင် ကြွေကျတိုင်း ကြွေကျတိုင်းသော ပေါက်ပွင့်ကို အလွန်ကြီးသော လောဘဇောဖြင့် ကိုက်ဟပ်၍ ဤ ငါကိုက်သောအရာကား သားတစ်မဟုတ်သေး၊ သစ်ပင်မှာ နီတျာရဲရဲ အခဲ အဆုပ်ကြီးသည် ရှိ၏၊ ထိုနီရဲရဲကြီးသည်သာ အသားတည်းဟု မှတ်ထင်လောဘိသကဲ့သို့ ထို့အတူ ပညာရှိသည် မြေဥ္စကျသော ဆံပင်အစရှိသည်တို့ကိုသာလျှင် အသုဘဟု မယူမူ၍ ကိုယ်ဥ္စတည်သော ဆံပင် အစရှိသည်တို့ကိုလည်း ထို မြေတွင်ကျသော အရာတို့နှင့်အတူ အသုဘဟူ၍ ယူရာ၏။

အပုပ်အတိ ပြည့်လျှမ်း၍ တင်းကျမ်းပြည့်သော ရေအိမ် ပမာ အိုင်းအနာနှင့်မခြား ရှုစားစရာမရ အသုဘအတိ ဖြစ်သော ဤကိုယ်ကို တင့်တယ်ဘွယ်ရာ အသုဘအနေ အားဖြင့် စွဲလမ်း၍ ထိုကိုယ်၌ တရားကွယ်ပျောက် ဖောက်ပြန် မိန်းမောခြင်းသို့ ရောက်ကုန်သည်ဖြစ်၍ သူမိုက်တို့သည် မကောင်းမှုတို့ကို ပြုကုန်ရကား ဆင်းရဲ ဒုက္ခမှ မလွတ်မကျွတ်နိုင်ကြကုန်။

ထို့ကြောင့် ပညာရှိသည် အသက်ရှင်သည်မူလည်း ဖြစ်စေ၊ သေသည်မူလည်းဖြစ်စေ၊ အပုပ်အတိပြည့်သော အကောင်၏ သုဘ၏အဖြစ်မှ ကြဉ်အပ်သောသဘောကို ဝါ-စက်ဆုပ်ရွံရှာဘွယ် မတင့်တယ်ဟူသော သဘောကို ရှုမြင်ရာ၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် အောက်ပါ ဂါထာများကို ဟောကြားတော်မူအပ်လေ၏။

ဒုဂ္ဂန္ဓော အသုစိ ကာယော၊
ကုဏပေါ ဥက္ကရူပမော။
နိန္ဒိတော စက္ခုဘူတေဟိ၊
ကာယော ဗာလာဘိနန္ဒိတော။

အလ္လစမ္မပဋိစ္ဆန္နော၊
နဝဒွါရော မဟာဝဏော။
သမန္တတော ပဂ္ဃရတိ၊
အသုစိ ပူတိ ဂန္ဓိယော။

သစေ ဣမဿ ကာယဿ၊
အန္တော ဗာဟိရကော သိယာ။
ဒဏ္ဍံ နူန ဂဟေတွာန၊
ကာကေ သောဏေ နိဝါရယေတိ။

သုံးဆဲ့နှစ်ပါးသော ကောဋ္ဌာသတို့၏ အစုမျှသာဖြစ်သော ဤကိုယ်သည် ညှီဟောင်နံပုပ် စက်ဆုပ်ဘွယ်သော အနံ့ရှိ၏၊ မစင်မကြယ် စက်ဆုပ်ဘွယ်သော အညစ်အကြေးတို့ဖြင့် ပြည့်၏၊

ခွေးကောင်ပုပ် မြွေကောင်ပုပ်နှင့်တူ၏၊ ကျင်ကြီးတွင်း ကျင်ငယ်တွင်းနှင့် တူ၏၊ ပညာမျက်စိရှိတော်မူကြကုန်သော အရိယာအရှင်တို့သည် ကဲ့ရဲ့အပ်၏၊ အရိယာအရှင်မြတ်တို့သည် ကဲ့ရဲ့အပ်သော ထိုကိုယ်ကာယကို ပညာမရှိ အတိဗာလဖြစ်ကြကုန်သော သူမိုက်တို့သည်ကား အလွန်နှစ်သက် မြတ်နိုးကြကုန်၏။

ထိုကိုယ်ကောင်ကို စိုသောအရေဖြင့် ဖုံးလွှမ်းအပ်၏၊ ကိုးပေါက်သော အပေါက်အခေါင်း ဟောင်းလောင်းရှိ၏၊ အိုင်းအမာကြီးနှင့်လည်း တူ၏၊ မစင်မကြယ် ပုပ်ဟောင် နံစော်သော ကျင်ကြီး ကျင်ငယ် အသွယ်သွယ်တို့ဖြင့် ထက်ဝန်းကျင်မှ ယိုစီး၍ ကျ၏။

ဤကိုယ်၏ အတွင်းသားသည် အကယ်၍အပြင်ပ၌ နေငြားအံ့၊ တုတ်ကိုကိုင်၍ ကျီးတွေ ခွေးတွေကို ခြိမ်းမောင်း တားမြစ်ရမည် မဟုတ်ပါလော။

ထို့ကြောင့် လူတို့၏ကုသိုလ် ကမ္မပထတရားထက် လွန်မြတ်သော ဈာန်, မဂ်, ဖိုလ် တရားကို ရထိုက်ရသင့်သော သဘောရှိသော ရဟန်းသည် အသက်ရှင်သော အကောင်၌ မူလည်းဖြစ်စေ၊ သေသော အကောင်၌မူလည်းဖြစ်စေ အကြင် အကြင်သို့သော ကိုယ်ကာယ၌ အသုဘဟူသော အခြင်းအရာဖြင့် ထင်၏၊ ထိုအကောင်၌သာလျှင် နိမိတ်ကိုယူ၍ အသုဘကမ္မဋ္ဌာန်းဖြင့် အပ္ပနာသို့ ရောက်စေအပ်၏။

ဤသို့ သူတော်ကောင်းတို့ နှစ်သက်ဝမ်းမြောက်ခြင်းအကျိုးငှါ ပြုစီရင်အပ်သော
ဝိသုဒ္ဓိမဂ္ဂကျမ်း၌ သမာဓိဘာဝနာကို ပြရာဖြစ်သောအခဏ်း၌
အသုဘကမ္မဋ္ဌာန နိဒ္ဒေသအမည်ရှိသော ဆဋ္ဌမပိုင်း ပြီး၏။

# ၇-ဆ အနုဿတိ နိဒ္ဒေသ

## ဗုဒ္ဓါနုဿတိစသည် အဆုံးအဖြတ်

၁၂၃။ အသုဘကမ္မဋ္ဌာန်းကို ပြပြီးသည်၏အခြားမဲ့မှာ အကျဉ်းမျှ ပြအပ်ခဲ့ပြီးသော ဆယ်ပါးသော အနုဿတိကမ္မဋ္ဌာန်းတို့၏ အကျယ်ကိုပြရန် အခွင့်ဆိုက်ရောက်လာ၏၊ ထိုအနုဿတိဆယ်ပါးတို့၏ အဆုံးအဖြတ် အနက်အဓိပ္ပါယ်ကို ဆိုလတ္တံ့သောအတိုင်း သိမှတ်ကြရာ၏။

"အနုဿတိ" ဆိုသည်ကား အဖန်တလဲလဲ ဖြစ်တတ်သောကြောင့် သတိကိုပင် "အနုဿတိ"ဟု ဆိုသည်၊ တနည်းမှာ ဖြစ်စေခြင်းငှါ သင့်လျော်သောအရာ၌သာ ဖြစ်သောကြောင့် ယုံကြည်၍ ရဟန်းပြုသော အမျိုးကောင်းသားအား သင့်လျော်လျောက်ပတ်သော "သတိ" ဖြစ်သောကြောင့် "အနုဿတိ" မည်လေသည်။

"ဗုဒ္ဓါနုဿတိ"ဆိုသည်ကား ဘုရားရှင်၏ဂုဏ်တော်ကို စွဲလမ်းသမှု အာရုံပြု၍ဖြစ်သော အဖန်တလဲလဲ အောက်မေ့ခြင်း သတိကို "ဗုဒ္ဓါနုဿတိ"ဟု ခေါ်သည်၊ ဤ "ဗုဒ္ဓါနုဿတိ" ဟူသော အမည်သည် ဘုရားဂုဏ်လျှင် အာရုံရှိသော သတိ၏အမည်ပေတည်း။

"ဓမ္မာနုဿတိ" ဆိုသည်ကား တရားတော်ဂုဏ်ကို အာရုံပြု၍ဖြစ်သော အဖန်တလဲလဲ အောက်မေ့ခြင်းသတိကို "ဓမ္မာနုဿတိ" ဟု ခေါ်သည်၊ ဤ"ဓမ္မာနုဿတိ" ဟူသော အမည်သည် သွာက္ခာတတာ အစရှိသော တရားဂုဏ်တော်လျှင် အာရုံရှိသော သတိ၏ အမည်ပေတည်း။

"သံဃာနုဿတိ" ဆိုသည်ကား သံဃာ့ ဂုဏ်တော်ကို အာရုံပြု၍ ဖြစ်သော အဖန်တလဲလဲ အောက်မေ့ခြင်း သတိကို "သံဃာနုဿတိ" ဟု ခေါ်သည်၊ ဤ "သံဃာနုဿတိ" ဟူသော အမည်သည် သုပ္ပဋိပန္နတာ အစရှိသော သံဃာ့ ဂုဏ်တော်လျှင် အာရုံရှိသော သတိ၏ အမည်ပေတည်း။

"သီလာနုဿတိ" ဆိုသည်ကား မိမိ၏သီလဂုဏ်ကို အာရုံ ပြု၍ ဖြစ်သော အဖန်တလဲလဲ အောက်မေ့ခြင်းသတိကို "သီလာ နုဿတိ"ဟု ခေါ်သည်၊ ဤ "သီလာနုဿတိ"ဟူသော အမည် သည် မကျိုးမပေါက်သည်အဖြစ် အစရှိသော မိမိသီလကျေးဇူး ဂုဏ်လျှင် အာရုံရှိသောသတိ၏ အမည်ပေတည်း။

"စာဂါနုဿတိ"ဆိုသည်ကား မိမိ၏ စွန့်ကြဲ ပေးလှူခြင်း ဂုဏ်ကို အာရုံပြု၍ အဖန်တလဲလဲ အောက်မေ့ခြင်းသတိကို "စာဂါ နုဿတိ"ဟု ခေါ်သည်၊ဤ"စာဂါနုဿတိ"ဟူသော အမည်သည် လွတ်လွတ် စွန့်ကြဲသည်၏အဖြစ် အစရှိသော စွန့်ကြဲ လှူဒါန်း ခြင်းဂုဏ်ကို အာရုံပြု၍ဖြစ်သော သတိ၏ အမည်ပေတည်း။

"ဒေဝတာနုဿတိ" ဆိုသည်ကား နတ်တို့ကို သက်သေ အဖြစ်ဖြင့် အာရုံပြု၍ဖြစ်သော အဖန်တလဲလဲ အောက်မေ့ခြင်း သတိကို"ဒေဝတာနုဿတိ"ဟု ခေါ်သည်၊ဤ"ဒေဝတာ နုဿတိ" ဟူသော အမည်သည် နတ်တို့ကို သက်သေအရာ၌ထား၍ မိမိ၏ သဒ္ဓါအစရှိသောဂုဏ်ကို အာရုံပြုသော သတိ၏ အမည်ပေတည်း။

"မရဏာနုဿတိ" ဆိုသည်ကား သေခြင်းကို အာရုံပြု၍ ဖြစ်သော အဖန်တလဲလဲ အောက်မေ့ခြင်း သတိကို "မရဏာ နုဿတိ" ဟု ခေါ်သည်၊ ဤ"မရဏာနုဿတိ"ဟူသော အမည် သည် အသက်ဇီဝိတိန္ဒြေ၏ ပြတ်ခြင်းလျှင် အာရုံရှိသော သတိ၏ အမည်ပေတည်း။

* "ကာယဂတာသတိ" ဆိုသည်ကား ဆံပင် အစရှိသည် အပြားရှိသော မိမိ၏ ကိုယ်ကာယကို အာရုံပြု၍ ဖြစ်ခြင်းသည် "ကာယဂတ" မည်၏၊ တနည်းကား—ကိုယ်၌ ဖြစ်သောကြောင့် "ကာယဂတ" မည်၏၊ မိမိကိုယ်ကို အာရုံပြု၍ဖြစ်သည်၊ ကိုယ်၌ ဖြစ်သည်လည်း ဟုတ်၏၊ ထိုသို့ဖြစ်၏ ဟူသည် သတိသည်လည်း ဖြစ်၏၊ ဤသို့သော အနက်ကြောင့် "ကာယဂတာသတိ"ဟု ဆိုအပ် ပါလျက် အာ-ကို အ-ရဿ မပြုမူ၍ "ကာယဂတာသတိ"ဟု ဆိုလေသည်၊ ဤ"ကာယဂတာသတိ"ဟူသော အမည်သည် ဆံပင်

အစရှိသော ကိုယ်အစု၌ စက်ဆုပ်ရွံရှာဘွယ်ဟု ဖြစ်သော နိမိတ်လျှင် အာရုံရှိသော သတိ၏ အမည်ပေတည်း။

* "အာနာပါနဿတိ"ဆိုသည်ကား ထွက်သက်ဝင်သက်တို့ကို အာရုံပြု၍ ဖြစ်သောသတိကို "အာနာပါနဿတိ" ဟု ခေါ်သည်၊ ဤ"အာနာပါနဿတိ"ဟူသော အမည်သည် ထွက်သက်ဝင်သက် နိမိတ်လျှင် အာရုံရှိသော သတိ၏ အမည်ပေတည်း။

"ဥပသမာနုဿတိ"ဆိုသည်ကား သံခါရတို့၏ငြိမ်းရာ နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်သော အဖန်တလဲလဲ အောက်မေ့ခြင်း သတိကို "ဥပသမာနုဿတိ" ဟုခေါ်သည်၊ ဤ "ဥပသမာနုဿတိ" ဟူသော အမည်သည် အလုံးစုံသော ဒုက္ခတို့၏ ငြိမ်းရာ နိဗ္ဗာန်လျှင် အာရုံရှိသော သတိ၏ အမည်ပေတည်း။

## (၁) ဗုဒ္ဓါနုဿတိကိုပြခြင်း

၁၂၄။ ဤဆယ်ပါးသော အနုဿတိတို့တွင် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ပွါးလိုသော မတုန်မလှုပ် သက်ဝင်၍ ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်သည် သင့်တင့်လျောက်ပတ်သော ကျောင်း၌ ဆိတ်ငြိမ်ရာ အရပ်သို့ကပ်၍ ကမ္မဋ္ဌာန်း အာရုံကိုသာ ကောင်းစွာ စွဲလမ်းငြိကပ်သော စိတ်ရှိသည်ဖြစ်၍"ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ သမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသ-ဒမ္မသာရထိ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ" ဟူ၍ ဤပါဠိ၌လာသော နည်းအတိုင်း ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်တို့ကို အဖန်တလဲလဲ အောက်မေ့အပ်ကုန်၏၊ ဤဆိုလတ္တံ့သည်ကား ထိုဂုဏ်တော်ကိုးပါး၌ အဖန်တလဲလဲ အောက်မေ့ရပုံနည်းတည်း။

---

* ကာယဂတာသတိနှင့် အာနာပါနဿတိနှစ်မျိုးသည် မူလအာရုံကိုသာ အဖန်တလဲလဲစွဲလမ်းခါမျှနှင့် အထမြောက်သည်မဟုတ်၊ မူလနိမိတ်ကိုပြောင်းလဲ၍ ဆင့်ကဲဆင့်ကဲပြုမှ ဘိစ္စပြီးသောကြောင့် (အနု) သဒ္ဒါမပါဟု ဆိုသည်။

ထိုမြတ်စွာဘုရားသည် ဤသို့သော အကြောင်းကြောင့်လည်း အရဟ မည်တော်မူ၏၊ ဤသို့သော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏....(လ)....ဤသို့သော အကြောင်း ကြောင့်လည်း ဘဂဝါ မည်တော်မူ၏ဟု အဖန်တလဲလဲ အောက်မေ့၏၊ ဤအကြောင်းကြောင့်လည်း ဤအကြောင်း ကြောင့်လည်းဟု ဆိုလို၏။

ထိုဣတိပိ သော ဘဂဝါ အစရှိသော ပါဠိ၌ အဆုံးအဖြတ်နှင့် တကွ အနက် အဓိပ္ပါယ်ကို ဤဆိုလတ္တံ့သောအတိုင်း သိအပ်၏။

**အရဟံ** ခပ်သိမ်းသော ကိလေသာတို့မှ ဝေးသည့်ထက် ဝေးတော်မူသော အကြောင်းကြောင့်ရင်း ကိလေသာတည်း ဟူသော ရန်သူတို့ကို ပယ်သတ်တတ်သောကြောင့်ရင်း သံသရာ စက်၏ အကန့်တို့ကို ဖျက်ဆီးတော်မူတတ်သောကြောင့်ရင်း ပစ္စည်းလေးမျိုး တန်ခိုးကြီးသော လူ, နတ်, ဗြဟ္မာတို့၏ ပူဇော် အထူးကို ခံတော်မူထိုက်သောကြောင့်ရင်း မကောင်းမှုကို ပြုအံ့ သောငှါ ဆိတ်ကွယ်ရာ မရသောကြောင့်ရင်း ဤအကြောင်းတို့ ကြောင့် ထိုမြတ်စွာဘုရားသည် "အရဟ" မည်တော်မူ၏ဟု အဖန်တလဲလဲ အောက်မေ့အပ်၏။

၁၂၅။ ထင်ရှားစွာ ပြဦးမည်၊ ထိုမြတ်စွာဘုရားသည် အလုံးစုံ သော ကိလေသာတို့မှ ဝေးတော်မူ၏၊ မဂ်ဖြင့် ဝါသနာ နှင့်တကွကုန်သော ကိလေသာတို့ကို ဖျက်ဆီးတတ်သည် အဖြစ်ကြောင့် အလွန်ဝေးသည်ဖြစ်၍ စင်စစ် ဝေးသည် ၌ တည်တော်မူ၏။ ဤသို့ ကိလေသာမှ ဝေးကွာတော် မူသည် အဖြစ်ကြောင့် "အရဟ" မည်တော်မူ၏။

သော တတော အာရကာ နာမ၊
ယဿ ယေနာသမင်္ဂိတာ။
အသမင်္ဂီ စ ဒေါသေဟိ၊
နာထော တေနာရဟံ မတောတိ။

၁၂၆။ မြတ်စွာဘုရားသည် ကိလေသာနှင့် လူးလည်းလိမ်းကျံသော အလေ့မရှိသောကြောင့် ထိုကိလေသာမှ ဝေးသည် မည်၏၊ ငါတို့၏ ကျေးဇူးရှင် မြတ်စွာဘုရားကို ကိလေသာတို့နှင့် တကွဖြစ်ခြင်း အလေ့မရှိသောကြောင့် "အရဟ" ဟူ၍ သိအပ်၏။

ထို့ပြင် ကိလေသာဟူသော ရန်သူတို့ကို ထိုမြတ်စွာဘုရားသည် မဂ်ဖြင့် ပယ်ဖျက်သတ်ဖြတ်အပ်၏၊ ဤသို့ ကိလေသာတည်းဟူသော ရန်သူကို ပယ်ဖျက် သတ်ဖြတ်တော်မူတတ်သောကြောင့် "အရဟ" မည်တော်မူ၏။

ရာဂ အစရှိသည်ဟု ဆိုအပ်ကုန်သော အလုံးစုံကုန်သော ရန်သူတို့ကို မြတ်စွာဘုရားသည် အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် ပယ်ဖြတ်ခုတ်ထွင် သုတ်သင်တော်မူအပ်လေပြီ၊ ထို့ကြောင့် မြတ်စွာဘုရားကို "အရဟ" ဟူ၍ သိအပ်၏။

၁၂၇။ ထို့ပြင် အဝိဇ္ဇာနှင့် ဘဝတဏှာ နှစ်ပါးဖြင့်ပြီးသော ပုံးဟောင်း ပုညာဘိသင်္ခါရ အစရှိသော အဘိသင်္ခါရ တည်းဟူသော အကန့်၊ ဇရာ,မရဏ ဟူသော အကွပ်၊ အာသဝဖြင့်ပြီးသော အဝိဇ္ဇာဝင်ရိုးဖြင့် လျှိုထိုး၍ ဘဝသုံးပါးတည်းဟူသော ရထား၌ ယှဉ်အပ်သော အစမရှိသော ကာလပတ်လုံး တဟုန်းဟုန်းလည်သော အကြင် သံသရာတည်းဟူသော ရထားစက်ဘီးသည် ရှိ၏၊ ထိုသံသရာစက်ဘီးကို ဤမြတ်စွာဘုရားသည် ဗောဓိမဏ္ဍိုင်ဝယ် ဝီရိယတည်းဟူသော ခြေတော်တို့ဖြင့် သီလတည်းဟူသော မြေအဘို့၌ ရပ်တော်မူ၍ သဒ္ဓါ တည်းဟူသော လက်ဖြင့် ကုသိုလ် အကုသိုလ်ကံကို ကုန်အောင်ပြုတတ်သော အရဟတ္တမဂ်ဉာဏ် ရဲတင်း, ပုဆိန်ကို ကိုင်စွဲပြီးလျှင် အလုံးစုံသော ကိလေသာအကန့်တို့ကို ချိုးဖဲ့ဖျက်ဆီးတော်မူအပ်လေပြီ၊ ထို့ကြောင့် မြတ်စွာဘုရားသည် "အရဟ" မည်တော်မူ၏။

၁၂၇။ **တနည်းကား**—အစကို မသိနိုင်သော သံသရာဝဋ်စက်ဝိုင်းကို သံသရာစက်ဟူ၍ဆို၏၊ အဝိဇ္ဇာသည် ထိုသံသရာစက်ဝိုင်း၏ အရင်းမူလဖြစ်သောကြောင့် ပုံတောင်း မည်၏၊ ဇရာနှင့် မရဏသည် (တဘဝ, တဘဝမှာ) အဆုံးဖြစ်သောကြောင့် အကွပ်မည်၏၊ ကြွင်းသော တရားဆယ်ပါးတို့သည် ကန့်ထောက်တို့ မည်ကုန်၏၊ အဘယ့်ကြောင့်ဆိုသော် အဝိဇ္ဇာလျှင် အရင်းမူလဖြစ်၍ ဇရာ,မရဏလျှင် အဆုံးအကွပ်ရှိသည်အဖြစ်ကြောင့်ပေတည်း။

ထိုစကား၌ ဒုက္ခသစ္စာ အစရှိသည်ကို မသိခြင်းသည် အဝိဇ္ဇာ မည်၏၊ ထင်ရှားအောင် ပြဦးမည်၊ ကာမဘဝ၌(အပြစ်ကို ဖုံးလွှမ်းကာကွယ်တတ်သော) အဝိဇ္ဇာသည် ကာမဘုံ၌ဖြစ်သော သင်္ခါရတို့၏အကြောင်းဖြစ်၏၊ ရူပဘဝ၌ရှိသော အဝိဇ္ဇာသည် ရူပဘဝ၌ဖြစ်သော သင်္ခါရတို့၏ အကြောင်းဖြစ်၏၊ အရူပဘဝ၌ရှိသော အဝိဇ္ဇာသည် အရူပဘုံ၌ဖြစ်သော သင်္ခါရတို့၏ အကြောင်းဖြစ်၏။

ကာမဘုံ၌ဖြစ်သော သင်္ခါရတို့သည် ကာမဘဝ၌ ပဋိသန္ဓေဝိညာဉ်ကို ဖြစ်စေခြင်း၏ အကြောင်းဖြစ်၏၊ ဤမှတပါး ရူပဘဝ အရူပဘဝတို့၌လည်း ဤဆိုခဲ့ပြီးသော နည်းအတိုင်း သိအပ်၏။

ကာမဘဝ၌ဖြစ်သော ပဋိသန္ဓေဝိညာဉ်သည် ကာမဘုံ၌ နာမ်, ရုပ်ကိုဖြစ်စေခြင်း၏ အကြောင်းဖြစ်၏၊ ရူပဘဝ၌ဖြစ်သော ပဋိသန္ဓေဝိညာဉ်သည် တို့အတူ ရူပဘဝ၌ နာမ်, ရုပ်ကို ဖြစ်စေခြင်း၏ အကြောင်းဖြစ်၏၊ အရူပဘဝ၌ ဖြစ်သော ပဋိသန္ဓေဝိညာဉ်သည် အရူပဘုံ၌ နာမ်ကိုသာဖြစ်စေခြင်း၏ အကြောင်းဖြစ်၏။

ကာမဘဝ၌ ဖြစ်သော နာမ်,ရုပ်သည် ကာမဘုံ၌ ခြောက်ပါးသော အာယတနကို ဖြစ်စေခြင်း၏ အကြောင်းဖြစ်၏၊ ရူပဘဝ၌ ဖြစ်သော နာမ်, ရုပ်သည် ရူပဘုံ၌ စက္ခု, သောတ, မန, ဟူသော သုံးပါးသော အာယတနကို ဖြစ်စေခြင်း၏ အကြောင်း ဖြစ်၏၊ အရူပဘဝ၌ ဖြစ်သော နာမ်သည် အရူပဘုံ၌ တပါးသော မနာယတနကို ဖြစ်စေခြင်း၏အကြောင်းဖြစ်၏။

ကာမဘဝ၌ဖြစ်သော အာယတနခြောက်ပါးသည် ကာမဘုံ၌ ခြောက်ပါးသော ဖဿတို့ကို ဖြစ်စေခြင်း၏ အကြောင်းဖြစ်၏၊ ရူပဘဝ၌ သုံးပါးသော အာယတနတို့သည် ရူပဘုံ၌ သုံးပါးသော ဖဿတို့ကိုဖြစ်စေခြင်း၏ အကြောင်းဖြစ်၏၊ အရူပဘုံ၌ တခုသော အာယတနသည် အရူပဘဝ၌ တခုသောဖဿကို ဖြစ်စေခြင်း၏ အကြောင်းဖြစ်၏။

ကာမဘုံ၌ ခြောက်ပါးသောဖဿတို့သည် ကာမဘဝ၌ ခြောက်ပါးသောဝေဒနာတို့ကို ဖြစ်စေခြင်း၏ အကြောင်းဖြစ်၏ ရူပဘုံ၌ သုံးပါးသောဖဿတို့သည် ထိုရူပဘုံ၌ပင် သုံးပါးသော ဝေဒနာတို့ကို၊ အရူပဘုံ၌ တခုသောဖဿသည် ထိုအရူပဘုံ၌ပင် တခုသော ဝေဒနာကိုဖြစ်စေခြင်း၏အကြောင်းဖြစ်၏။

ကာမဘုံ၌ ခြောက်ပါးသော ဝေဒနာတို့သည် ကာမဘဝ၌ ခြောက်ပါးသော တဏှာအပေါင်းတို့ကို ဖြစ်စေခြင်း၏အကြောင်း ဖြစ်၏၊ ရူပဘုံ၌သုံးပါးသော ဝေဒနာတို့သည် ထိုရူပဘဝ၌သုံးပါးသော တဏှာကာယတို့ကို၊ အရူပဘုံ၌ တခုသော ဝေဒနာသည် အရူပဘုံ၌ တခုသောတဏှာကို ဖြစ်စေခြင်း၏ အကြောင်းဖြစ်၏။

ထိုထို ကာမဘုံစသည်၌ဖြစ်သော ထိုထိုတဏှာသည် ထိုထို၌ သဘောရှိသော ဥပါဒါန်ကို ဖြစ်စေခြင်း၏ အကြောင်းဖြစ်၏။ ဥပါဒါန် အစရှိသည်တို့သည် ဘဝအစရှိသည်တို့ကို ဖြစ်စေခြင်း၏ အကြောင်းဖြစ်ကုန်၏။

**ဖြစ်ပုံကား** ဤလူ့ပြည် လူ့ရွာ လူ့ဌာန၌ အချို့သော လူသည် ကာမဂုဏ်တို့ကို ခံစားစံစားအံ့ဟု ကာမဂုဏ်ကိုစွဲလမ်းမှု ကာမုပါဒါန်ဟူသောအကြောင်းကြောင့် ကိုယ်ဖြင့်မကောင်းမှုဒုစရိုက်ကို ကျင့်၏၊နှုတ်ဖြင့်မကောင်းမှု ဒုစရိုက်ကိုကျင့်၏၊စိတ်ဖြင့် မကောင်းမှု ဒုစရိုက်ကိုကျင့်၏၊ ဒုစရိုက် မကောင်းမှုတွေ ပြည့်ခြင်းကြောင့် အပါယ်ဘုံ၌ ဖြစ်လေ၏၊ ထို အပါယ်ဘုံ၌ ဖြစ်ခြင်း၏အကြောင်းဖြစ်သော ကံသည် ကမ္မဘဝမည်၏၊ ကံကြောင့်ဖြစ်သော ခန္ဓာတို့သည် ဥပပတ္တိဘဝ မည်၏၊ ခန္ဓာတို့၏ဖြစ်ခြင်းသည် ဇာတိမည်၏၊ ရင့်ခြင်းသည် ဇရာမည်၏၊ ပျက်ခြင်းသည် မရဏမည်၏။

တဦးသောသူသည်ကား နတ်ပြည်, နတ်ရွာ, နတ်ချမ်းသာကို ခံစား စံစားအံ့ဟု ထိုနတ်စည်းစိမ်ချမ်းသာကို စွဲလမ်းတပ်မက်မှု ကာမုပါဒါန် ဟူသော အကြောင်းကြောင့် ကောင်းမှု သုစရိုက် တရားများကို ပြုကျင့်၏၊ သုစရိုက်၏ ပြည့်စုံခြင်းကြောင့် နတ်ပြည်၌ ဖြစ်၏၊ ထိုနတ်ပြည်၌ ဖြစ်ခြင်း၏အကြောင်းဖြစ်သော ကံသည် ကမ္မဘဝ မည်၏၊ ဤသို့ ဆိုခဲ့ပြီးသောနည်းအတိုင်း သိအပ်၏။

တဦးသောသူသည်ကား ဗြဟ္မာ့ပြည်, ဗြဟ္မာ့ရွာ, ဗြဟ္မာ့ ချမ်းသာကို ခံစား စံစားအံ့ဟု ဗြဟ္မာချမ်းသာကို တပ်မက် စွဲလမ်းမှု ကာမုပါဒါန်ဟူသော အကြောင်းကြောင့် မေတ္တာကို ပွါး၏၊ ကရုဏာကို ပွါး၏၊ မုဒိတာကိုပွါး၏၊ ဥပေက္ခာကို ပွါး၏၊ ဘာဝနာ၏ ပြည့်စုံခြင်းကြောင့် ဗြဟ္မာ့ဘုံ၌ ဖြစ်လေ၏၊ ထိုဗြဟ္မာ့ ဘုံ၌ ဖြစ်ခြင်း၏အကြောင်းဖြစ်သော ကံသည် ကမ္မဘဝ မည်၏၊ ထိုဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း သိအပ်၏။

တဦးသောသူသည်ကား အရူပဘဝ အရူပဘုံ၌ စည်းစိမ် ချမ်းသာကို ခံစားအံ့ဟူ၍ ထို့အတူပင်လျှင် အာကာသာနဉ္စာ ယတန အစရှိသော သမာပတ်တို့ကို ပွါးစေ၏၊ ဘာဝနာ၏ ပြည့်စုံ ခြင်းကြောင့် ထိုထို ထိုထိုသို့သော အရူပဘုံတို့၌ ဖြစ်၏၊ ထိုအရူပ ဘုံ၌ ဖြစ်ခြင်း၏အကြောင်းဖြစ်သော ကံသည် ကမ္မဘဝ မည်၏၊ ကံသည်ဖြစ်စေအပ်သောခန္ဓာသည်ဥပပတ္တိဘဝ မည်၏၊ခန္ဓာတို့၏ ဖြစ်ပေါ်ခြင်းသည် ဇာတိ မည်၏၊ ရင့်ရော်ခြင်းသည် ဇရာမည်၏၊ ပျက်စီးခြင်းသည် မရဏမည်၏၊ ဤသို့လျှင် အကြောင်းပစ္စည်း တို့သည် ဖြစ်ကုန်၏။

ကာမုပါဒါန်မှ ကြွင်းသော ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်လျှင် အကြောင်းရင်း ရှိကုန်သည်တို့ကိုလည်း ဆိုခဲ့ပြီးသော နည်းအတိုင်း သင့်ရာသင့်ရာ ယှဉ်ရာ၏။

ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် အဝိဇ္ဇာသည် အကြောင်းပစ္စည်း ဖြစ်၏၊ သင်္ခါရတို့သည် အကြောင်းကြောင့်ဖြစ်သော အကျိုး ပစ္စယုပ္ပန်ဖြစ်၏၊ ဤ အဝိဇ္ဇာနှင့် သင်္ခါရ နှစ်မျိုးတို့သည်လည်း

အကြောင်းကြောင့်ဖြစ်သော အကျိုး ပစ္စယုပ္ပန်တရားတို့ပေတည်း ဟုအကြောင်းပစ္စည်းကို သိမ်းဆည်း သိမြင်သော ပညာသည် အကြောင်းနှင့်အကျိုးကို သိမြင်သော ဓမ္မဋ္ဌိတိဉာဏ် မည်၏၊ ဤနည်းအတိုင်း အလုံးစုံသောပုဒ်တို့ကို အကျယ်ချဲ့၍ သိအပ်ကုန်၏။

ထိုပဋိစ္စသမုပ္ပါဒ်၌ အဝိဇ္ဇာနှင့်သင်္ခါရတို့သည် တခုသောအလ္လာ မည်၏၊ ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့သည် တခုသောအလ္လာ မည်၏၊တဏှာ,ဥပါဒါန်,ဘဝတို့သည် တခုသော အလ္လာ မည်၏၊ ဇာတိ, ဇရာ, မရဏာသည် တခုသောအလ္လာ မည်၏။

ဤအလ္လာလေးခုတို့တွင် ရှေ့ဖြစ်သောအလ္လာသည် အတိတ်အဓွန့် မည်၏၊ အလယ်အလ္လာ နှစ်ခုတို့သည် ပစ္စုပ္ပန် အဓွန့် မည်ကုန်၏၊ ဇာတိ, ဇရာ, မရဏာ တည်းဟူသော နောက်အလ္လာသည် အနာဂတ်အဓွန့် မည်၏။

ဤအဓွန့်သုံးပါးတို့တွင်လည်း အဝိဇ္ဇာနှင့်သင်္ခါရကို ယူသဖြင့် တဏှာ, ဥပါဒါန်ဘဝတို့ကို ယူအပ်သည်ဖြစ်ရကား ဤငါးပါး သောတရားတို့သည် အတိတ်ကမ္မဝဋ် မည်၏၊ ဝိညာဉ်အစရှိသော ငါးပါးသော တရားတို့သည် ယခုပစ္စုပ္ပန် ဝိပါကဝဋ် မည်၏၊ တဏှာ ဥပါဒါန်ဘဝတို့ကို ယူသဖြင့် အဝိဇ္ဇာသင်္ခါရတို့ကို ယူအပ် သည်ဖြစ်ရကား ဤငါးပါးသော တရားတို့သည် ယခုပစ္စုပ္ပန် ကမ္မဝဋ် မည်၏၊ ဇာတိ, ဇရာ, မရဏာကို ညွှန်ပြသဖြင့် ဝိညာဉ် အစရှိသည်တို့ကို ညွှန်ပြအပ်သည်ဖြစ်ရကား ဤငါးပါးသော တရားတို့သည် နောင်အနာဂတ်ကာလ၌ ဝိပါကဝဋ် မည်၏။

ထိုပြဆိုခဲ့သော အတိတ်ကမ္မဝဋ်ငါးပါး ပစ္စုပ္ပန်ဝိပါကဝဋ် ငါးပါး ပစ္စုပ္ပန်ကမ္မဝဋ်ငါးပါး အနာဂတ်ဝိပါကဝဋ် ငါးပါး တို့သည် အခြင်းအရာ အာကာရအားဖြင့် နှစ်ဆယ်အပြားရှိ၏။

အခြင်းအရာ နှစ်ဆယ်တို့တွင်လည်း သင်္ခါရဝိညာဉ်တို့၏ အကြားသည် တခုသောအစပ် မည်၏၊ ဝေဒနာတဏှာတို့၏

အကြားသည် တခုသောအစပ် မည်၏၊ ဘဝဇာတိတို့၏ အကြား သည် တခုသောအစပ် မည်၏။

ဤသို့လျှင် ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အလွှာ လေးခု အခွန့်သုံးဖြာ အခြင်းအရာနှစ်ဆယ် သုံးသွယ်သော အစပ် ရှိသော ပဋိစ္စသမုပ္ပါဒ် ဒေသနာအစဉ်ကို ခပ်သိမ်းသော အခြင်းအရာအားဖြင့် သိတော်မူ၏၊ မြင်တော်မူ၏၊ လွန်စွာ သိတော်မူ၏၊ ထိုးထွင်း၍ သိတော်မူ၏၊ ထိုသို့သိတော်မူခြင်းသည် ဉာဏအနက်ကြောင့် ဉာဏ်မည်၏၊ ပဇာနနအနက်ကြောင့် ပညာ မည်၏၊ ထို့ကြောင့် အကြောင်းကို သိမ်းဆည်းခြင်း၌ အပြား အားဖြင့် သိတတ်သောပညာကို ဓမ္မဋ္ဌိတိဉာဏ်ဟူ၍ ဆိုအပ်၏၊ ဤဓမ္မဋ္ဌိတိဉာဏ်ဖြင့် ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ထိုပဋိစ္စသမုပ္ပါဒ်တရားတို့ကို ဟုတ်မှန်သောအတိုင်း သိတော် မူ၍ ထိုပဋိစ္စသမုပ္ပါဒ်တရားတို့၌ ငြီးငွေ့တော်မူရကား တပ်ခြင်း ကင်းတော်မူရကား ကင်းလွတ်တော်မူရကား ဆိုအပ်ခဲ့ပြီးသော အပြားရှိသော ဤသံသရာစက်၏ အကန့်တို့ကို ချိုးဖဲ့ဖျက်ဆီးတော် မူပြီ၊ ဤသို့ သံသရာစက်၏ အကန့်တို့ကို ချိုးဖဲ့ဖျက်ဆီးတော် မူပြီးသည့်အဖြစ်ကြောင့် "အရဟ"မည်တော်မူ၏။

အရာ သံသာရစက္ကဿ၊
ဟတာ ဉာဏာသိနာ ယတော။
လောကနာထေန တေနေသ၊
အရဟန္တိ ပဝုစ္စတိ။

လောကသုံးပါး၏ ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် သံသရာစက်၏ အကန့်အကွက်တို့ကို ဉာဏသံလျက် ဓားလက်နက်ဖြင့် ခုတ်ဖျက်တော် မူအပ် လေပြီ၊ ထို့ကြောင့် ထိုမြတ်စွာဘုရားကို "အရဟ"ဟူ၍ ဆိုအပ်လေသတည်း။

၁၂၉။ **တနည်းကား**-မြတ်သောအလှူကို ခံတော်မူထိုက်သော ကြောင့်ရင်း,သက်န်းဆွမ်းစသော ပစ္စည်းလေးပါးတို့ကို

ခံတော်မူထိုက်သောကြောင့်၎င်း, တန်ခိုးကြီးသော လူ, နတ်, ဗြဟ္မာတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော ကြောင့်၎င်း "အရဟ" မည်တော်မူ၏၊ ထို့ကြောင့် မြတ်စွာဘုရား ပွင့်ထွန်း ပေါ်လာတော်မူသည်ရှိသော် ခပ်သိမ်းကုန်သော တန်ခိုးဇုဒ္ဓိပါဒ်ကြီးမားကြကုန်သော နတ်,လူတို့သည် ဘုရားမှတပါးသောသူတို့ကို ပူဇော်ခြင်း မပြုကြတော့ချေ၊ ထို့ကြောင့် သဟမ္ပတိ ဗြဟ္မာမင်းကြီးသည် မြင်းမိုရ်တောင်လုံးလောက်ကြီးကျယ်သော ရတနာပန်းကုံးကြီးဖြင့် မြတ်စွာဘုရားကို ပူဇော်၏၊ တပါးသော နတ်,လူတို့သည်၎င်း, ဗိမ္ဗိသာရမင်း၊ကောသလမင်း အစရှိသော ဘုရင်မင်းမြတ်တို့သည်၎င်း, အစွမ်းသတ္တိ ရှိသည်အားလျော်စွာ မြတ်စွာဘုရားကို ပူဇော်ကြကုန်၏၊ အသောကမင်းမြတ်ကြီးသည်ပရိနိဗ္ဗာန်စံတော်မူပြီးသော မြတ်စွာဘုရားကို ရည်စူး၍ ကိုးဆယ့်ခြောက်ကုဋေသော ဥစ္စာတို့ကို စွန့်ပြီးလျှင် ဇမ္ဗူဒိပ်ကျွန်းအလုံး၌ ရှစ်သောင်းလေးထောင်သော ကျောင်းတို့ကို တည်ထားခစ၏၊ တပါးသောသူတို့၏ ပူဇော်အထူးကို ခံရာ၌မူကား ဆိုဘွယ်ရာ မရှိတော့ပြီ၊ ဤသို့လျှင် သက်န်းအစရှိသော ပစ္စည်းတို့ကို၎င်း, ပူဇော်အထူးကို၎င်း ခံတော်မူထိုက်သည် အဖြစ်ကြောင့်လည်း "အရဟ"မည်တော်မူ၏။

ပူဇာဝိသေသံ သဟ ပစ္စယေဟိ၊
ယသ္မာ အယံ အရဟတိ လောကနာထော။
အတ္ထာနုရူပံ အရဟန္တိ လောကေ၊
တသ္မာ ဇိနော အရဟတိ နာမမေတံ။

လူသုံးဦးတို့၏ ကိုးကွယ်လည်းလျောင်း ပုန်းအောင်းမှီခိုရာဖြစ်သော မြတ်စွာဘုရားကြီးသည် အကြင့်ကြောင့် ပစ္စည်းလေးပါးတို့နှင့်တကွ ပူဇော်အထူးကို ခံတော်မူထိုက်၏၊ ထို့ကြောင့် ထိုမြတ်စွာဘုရားသည် လောက၌ အရဟံအဖြစ်တည်းဟူသော သကတ်အနက်နှင့် လျော်

သော "အရဟ"ဟူသော အမည်နှင့် ထိုက်တန်တော်မူပါပေ၏။

၁၃၀။ **တနည်းကား**-လောက၌ ငါ-ပညာရှိဟု ပဏ္ဍိတ-ယောင်ဟန်ဆောင် ကြွားပ လူ့ဗာလတို့သည် လောကတွင် ကျော်စောခြင်း ကင်းမဲ့အံ့သည်မှ ကြောက်သောကြောင့် ဆိတ်ကွယ်ရာတွင် ပုန်းအောင်း၍ မကောင်းမှုကို ပြုတတ်ကြသကဲ့သို့ ထို့အတူ မြတ်စွာဘုရားသည် တရံတဆစ်မျှ မကောင်းမှုကို ပြုတော်မမူ၊မကောင်းမှုကို ပြုခြင်း၌ ဤသို့ ဆိတ်ကွယ်ရာအရပ် မရှိသည်အဖြစ်ကြောင့် "အရဟ" မည်တော်မူ၏။

ယသ္မာ နတ္ထိ ရဟော နာမ၊
ပါပကမ္မေသု တာဒိနော။
ရဟာဘာဝေန တေနေသ၊
အရဟံ ဣတိ ဝိဿုတော။

တာဒိဂုဏ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားအား အကြင့်ကြောင့် မကောင်းမှုကိုပြုရာ၌ ဆိတ်ကွယ်ရာအရပ်မည်သည် မရှိချေ၊ ထိုသို့ မကောင်းမှုပြုစရာ ဆိတ်ကွယ်ရာ မရှိသောကြောင့် ထိုမြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည် လောက၌ "အရဟ" ဟူ၍ ထင်ရှား ကျော်စောတော်မူ၏။

ဤသို့ အလုံးစုံ ဆိုအပ်ခဲ့ပြီးသော အနက် ငါးချက်တို့ကို အောက်ပါ ဂါထာဖြင့် အလွယ်တကူ သင်ယူ မှတ်သားကြရာ၏။

အာရကတ္တာ ဟတတ္တာစ၊
ကိလေသာရီန သော မုနိ။
ဟတသံသာရစက္ကာရော၊
ပစ္စယာဒီန စာရဟော။
န ရဟော ကရောတိ ပါပါနိ၊
အရဟံ တေန ဝုစ္စတီတိ။

အလုံးစုံသော ကိလေသာတို့မှ ဝေးတော်မူသည်၏ အဖြစ်ကြောင့်ရင်း ကိလေသာတည်းဟူသော ရန်သူတို့ကို သတ်တော် မူအပ်ပြီးသည် အဖြစ်ကြောင့်ရင်း ထိုမြတ်စွာ ဘုရားကို "အရဟ" ဟူ၍ ဆိုအပ်၏၊ အကြင် မြတ်စွာ ဘုရားသည် သံသရာစက်၏ အကန့်ကို ချိုးဖွဲ့ ဖျက်ဆီး တော်မူတတ်၏၊ ပစ္စည်းလေးဖြာ ပူဇော်သက္ကာကိုလည်း ခံတော်မူထိုက်၏၊ ဆိတ်ကွယ်ရာ အရပ်၌ မကောင်းမှုကို ပြုတော်မမူတတ်၊ ထို့ကြောင့် ထိုမြတ်စွာဘုရားကို "အရဟ"မည်၏ ဟူ၍ ဆိုအပ်၏။

၁၃၁။ **သမ္မာသမ္ဗုဒ္ဓ** မဖောက်မပြန် ကိုယ်တော်တိုင်သာလျှင် အလုံးစုံသော တရားတို့ကို သိတော်မူပြီးသည်အဖြစ် ကြောင့် "သမ္မာသမ္ဗုဒ္ဓ" မည်တော်မူ၏၊ ထိုစကား မှန်သည်၊ ထိုမြတ်စွာဘုရားသည်ကား-- အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင်သိတော်မူ၏ ထူးသောဉာဏ်ဖြင့် သိအပ်သောတရားတို့ကို ထူးသော ဉာဏ်ဖြင့် ပိုင်းခြား၍ သိအပ်သောတရားတို့ကို ပိုင်းခြား၍ သိသောဉာဏ်ဖြင့်, ပယ်အပ်သော တရားတို့ကို ပယ်အပ် ၏ ဟု သိသောဉာဏ်ဖြင့်,မျက်မှောက်ပြုအပ်သော တရား တို့ကို မျက်မှောက် ပြုအပ်၏ ဟု သိသောဉာဏ်ဖြင့်, ပွါးအပ်သော တရားတို့ကို ပွါးအပ်၏ ဟု သိသော ဉာဏ်ဖြင့် သိတော်မူ၏၊ ထို့ကြောင့် အောက်ပါဂါထာကို **သေလသုတ်၌** ဟောတော်မူလေသည်။

အဘိညေယျံ အဘိညာတံ၊
ဘာဝေတဗ္ဗဉ္စ ဘာဝိတံ။
ပဟာတဗ္ဗံ ပဟီနံ မေ၊
တသ္မာ ဗုဒ္ဓေါသ္မိ ဗြာဟ္မဏာတိ။

အို-ပုဏ္ဏား, ငါ-ဘုရားသည် ထူးသော ဉာဏ်ဖြင့် သိအပ်သော တရားကို ထူးသော ဉာဏ်ဖြင့် သိပြီ၊ ပွါးအပ် သောတရားကိုလည်း ပွါးအပ်ပြီ၊ ပယ်အပ်သော တရားကို

လည်း ငါသည် ပယ်အပ်ပြီးလေပြီ၊ ထို့ကြောင့် ငါသည် "ဗုဒ္ဓ" မည်တော်မူသည်ဖြစ်လေပြီ။

၁၃၂။ အထူးကား-စက္ခုပသာဒသည် ဒုက္ခသစ္စာ မည်၏၊ ထိုစက္ခု၏ အရင်းမူလ အကြောင်း၏အဖြစ်ဖြင့် ထိုစက္ခုကို ဖြစ်စေတတ်သော ရှေးဘဝက ဖြစ်သော တဏှာသည် သမုဒယသစ္စာ မည်၏၊ စက္ခုနှင့် သမုဒယနှစ်ပါးတို့ မဖြစ်ခြင်း၏ အကြောင်းသည် နိရောဓသစ္စာ မည်၏၊ နိရောဓသစ္စာကို ထိုးထွင်း၍ သိကြောင်းဖြစ်သော အကျင့်သည် မဂ္ဂသစ္စာ မည်၏၊ ဤသို့ တခုတခုသော တရားကို ထုတ်သဖြင့်လည်း အလုံးစုံသော တရားကို မဖောက်မပြန် ကိုယ်တိုင်သိတော်မူ၏၊ သောတ, ဃာန, ဇိဝှါ,ကာယ, မနတို့၌လည်း ဤနည်းအတိုင်း သိအပ်၏။

ဤနည်းအတိုင်း ရူပါရုံ အစရှိသော ခြောက်ပါးသော အာယတနတို့ကိုငှ်း၊ စက္ခုဝိညာဉ် အစရှိသော ခြောက်ပါးသော ဝိညာဉ်တို့ကိုငှ်း၊ စက္ခုသမ္ဖဿ အစရှိသော ခြောက်ပါးသော ဖဿတို့ကိုငှ်း၊ ရူပသညာ အစရှိသော သညာခြောက်ပါးတို့ကိုငှ်း၊ ရူပသဉ္စေတနာ အစရှိသော စေတနာခြောက်ပါးတို့ကိုငှ်း၊ ရူပတဏှာ အစရှိသော တဏှာခြောက်ပါးတို့ကိုငှ်း၊ ရူပဝိတက် အစရှိသော ဝိတက်ခြောက်ပါးတို့ကိုငှ်း၊ ရူပဝိစာရ အစရှိသော ဝိစာရ ခြောက်ပါးတို့ကိုငှ်း၊ ရူပက္ခန္ဓာ အစရှိသော ခန္ဓာငါးပါးတို့ကိုငှ်း ကသိုဏ်းဆယ်ပါး၊ အနုဿတိဆယ်ပါး၊ ဥဒ္ဓုမာတက သညာ အစရှိသော သညာဆယ်ပါး၊ ဆံပင် အစရှိသော သုံးဆဲ့နှစ်ပါးသော ကိုယ်အစု၊ အာယတန တဆဲ့နှစ်ပါး၊ ဓာတ်တဆဲ့ရှစ်ပါး၊ ကာမဘဝအစရှိသော ဘဝကိုးပါး၊ ပဌမဈာန် အစရှိသော ဈာန်လေးပါး၊ မေတ္တာ ဘာဝနာ အစရှိသော အပ္ပမညာလေးပါး၊ အရူပ သမာပတ်လေးပါး၊ ပဋိလောမအားဖြင့် ဇရာမရဏ အစရှိသော အနုလောမအားဖြင့် အဝိဇ္ဇာအစရှိသော ပဋိစ္စသမုပ္ပါဒ် အင်္ဂါတို့ကို ယှဉ်အပ်ကုန်၏။

ထိုပဋိစ္စသမုပ္ပါဒ်၌ တခုသောပုဒ်ကို ယှဉ်ပုံကား–ဇရာ မရဏ သည် ဒုက္ခသစ္စာ မည်၏၊ ဇာတိသည် သမုဒယသစ္စာ မည်၏၊ ထိုနှစ်ပါးတို့မှ ထွက်မြောက်ရာဖြစ်သော နိဗ္ဗာန်သည် နိရောဓ သစ္စာမည်၏၊ ထိုနိရောဓသစ္စာ နိဗ္ဗာန်ကို ထိုးထွင်း၍ သိကြောင်း ဖြစ်သော အကျင့်သည် မဂ္ဂသစ္စာမည်၏ ဟု ဤသို့လျှင် တခုခုသော တရားကိုအားထုတ်ခြင်းဖြင့် အလုံးစုံသော တရားတို့ကို မဖောက် မပြန် ဟုတ်မှန်သောအတိုင်း ကိုယ်တော်တိုင် သိတော်မူ၏၊ အနုဗောဓ ဉာဏ်ဖြင့် သိတော်၏၊ ပဋိဝေဓဉာဏ်ဖြင့် သိတော် မူ၏၊ ထို့ကြောင့် "မဖောက်မပြန် ကိုယ်တော်တိုင်သာလျှင် အလုံးစုံသော တရားတို့ကို သိတော်မူပြီးသည် အဖြစ်ကြောင့် သမ္မာသမ္ဗုဒ္ဓ မည်တော်မူသည်" ဟု ဆိုအပ်၏။

၁၃၃။ **ဝိဇ္ဇာစရဏ သမ္ပန္န**–ဝိဇ္ဇာနှင့်၎င်း စရဏနှင့်၎င်း ပြည့်စုံ သည် အဖြစ်ကြောင့် မြတ်စွာဘုရားသည် ဝိဇ္ဇာစရဏ သမ္ပန္န မည်တော်မူ၏။

ထိုစကား၌ **ဝိဇ္ဇာ** ဆိုသည်ကား–ဝိဇ္ဇာ သုံးပါး ဝိဇ္ဇာရှစ်ပါး ဟူ၍ ရှိ၏၊ ဝိဇ္ဇာ သုံးပါးကို **ဘယဘေရဝ** သုတ်တွင် ဟောတော် မူသော နည်းအတိုင်း ''ပုဗ္ဗေနိဝါသဉာဏ် ဒိဗ္ဗစက္ခုဉာဏ် အာသ ဝက္ခယဉာဏ်'' ဟူ၍ သိအပ်၏၊ ဝိဇ္ဇာရှစ်ပါးကို **အမ္ဗဋ္ဌသုတ်** ၌ ဟောတော်မူသော နည်းအတိုင်း ဒိဗ္ဗစက္ခု ဉာဏ် ဒိဗ္ဗသောတ ဉာဏ် ဣဒ္ဓိဝိဓ ဉာဏ် စေတောပရိယ ဉာဏ် ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ် အာသဝက္ခယ ဉာဏ် ဝိပဿနာ ဉာဏ် မနောမယိဒ္ဓိ ဉာဏ် ဟူ၍ ရှစ်ပါးရှိ၏ ဟု သိအပ်၏၊ (ဝိပဿနာဉာဏ် မနောမယိဒ္ဓိ ဉာဏ်နှင့်တကွ အဘိညာဉ် ခြောက်ပါးကိုပေါင်း၍ "ဝိဇ္ဇာ" ရှစ်ပါး ဟု ဆိုသည်)

**စရဏ** ဆိုသည်ကား–စတုပါရိသုဒ္ဓိသီလကိုစောင့်ရှောက်ခြင်း သီလ သံဝရ၊ စက္ခုစသော ဣန္ဒြေတို့ကို လုံခြုံစွာ စောင့်ရှောက်ခြင်း ဣန္ဒြိယေသု ဂုတ္တဒွါရတာ၊ အစာ ဘောဇဉ်၏ အတိုင်းအရှည်ကို သိခြင်း ဘောဇနေ မတ္တညုတာ၊ နိုးကြားခြင်း နှင့် ယှဉ်ခြင်း ဇာဂရိယာနုယောဂ၊ သဒ္ဓါ, သတိ, ဟိရီ, ဩတ္တပ္ပ, ဗာဟုသစ္စ,

ဝီရိယ, ပညာတည်းဟူသော သူတော်ကောင်းတရား ၇-ပါး၊ ရူပါဝစရဈာန် လေးပါး၊ ဤတဆယ့်ငါးပါးတို့ကို "စရဏ" ဟူ၍ ခေါ်အပ်၏။

မှတ်ရန်။ ။သီ,ဣန်,ဘော,ဇာ၊ သာ,သ,ဗာ၊ ဝီ,ညာ,ဟိ နှင့် ဩ,။
ရူပါဝစရ၊ စတုက္က၊ ဈာန်မှလေးခုရော။
စရဏအပြား၊ တဆဲ့ငါး မှတ်သားဘာစဉ်ပြော။ ။

ဤ တဆယ့်ငါးပါးသော တရားတို့ဖြင့် ဘုရားအစရှိသော သူတော်ကောင်းတို့၏ တပည့်သည် သေခြင်းကင်းသောနိဗ္ဗာန်သို့ သွားတတ်၏၊ ထိုသို့ နိဗ္ဗာန်သို့ သွားကြောင်းဖြစ်သောကြောင့် ထိုတဆယ့်ငါးပါးသော တရားတို့ကို စရဏ ဟု ဆိုအပ်ကုန်၏။

မြတ်စွာဘုရား ဟောတော်မူသည်မှာကား "အိုမဟာနာမ်၊ အရိယာသူတော်ကောင်းတို့၏ တပည့်သည် သီလနှင့်ပြည့်စုံသည် ဖြစ်၏" အစရှိသည်ဖြင့် **မဇ္ဈိမပဏ္ဏာသ၌** ဟောတော်မူအပ်သောနည်းဖြင့် သိအပ်၏။

မြတ်စွာဘုရားကို ဤဝိဇ္ဇာတို့နှင့်၎င်း, ဤစရဏတရားတို့နှင့် ၎င်း ပြည့်စုံတော်မူသောကြောင့် "ဝိဇ္ဇာစရဏ သမ္ပန္နော" ဟူ၍ ဆိုအပ်၏၊ ထိုနှစ်ပါးတို့တွင် ဝိဇ္ဇာတရားနှင့် ပြည့်စုံခြင်းသည် မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်ကို ပြည့်စေ၍ တည်၏၊ စရဏနှင့် ပြည့်စုံခြင်းသည် မဟာကရုဏာတော်ကို ပြည့်စေ၍ တည်၏၊ ထိုမြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ဖြင့် အလုံးစုံသောသတ္တဝါတို့၏ အကျိုးရှိအကျိုးမဲ့ကို သိတော်မူ၍ မဟာကရုဏာတော်ဖြင့် အကျိုးမဲ့ကိုကြဉ်ပြီးလျှင် အကျိုးရှိသည်တို့ကို ယှဉ်စေတော်မူ၏၊ ဝိဇ္ဇာစရဏနှင့် ပြည့်စုံသော ရှေးဘုရားတို့သည် ယှဉ်စေဘိသကဲ့သို့ ငါတို့မြတ်စွာဘုရားသည်လည်း ယှဉ်စေတော်မူ၏၊ ထို့ကြောင့် ထိုမြတ်စွာဘုရား၏ တပည့်တော်တို့သည် ကောင်းသော အကျင့်ရှိကြကုန်၏၊ ဝိဇ္ဇာစရဏကင်းကုန်သော တိတ္ထိတို့၏ တပည့်ဖြစ်ကုန်သော အတ္တန္တပ စသည် အကျင့်ရှိသော သူတို့သည် မကောင်းသော အကျင့်ရှိသကဲ့သို့ မကောင်းသော အကျင့်ရှိသည်မဟုတ်။

၁၃၄။ **သုဂတ** တင့်တယ်သော သွားခြင်းရှိသောကြောင့်ငင်း ကောင်းမြတ်သော နိဗ္ဗာန်အရပ်သို့ ကြွသွားတော်မူတတ် သောကြောင့်ငင်း၊ မသွေမလှန် ကောင်းစွာ သွားတတ် သောကြောင့်ငင်း၊ ကောင်းစွာ ဆိုတော်မူတတ်သော ကြောင့်ငင်း "သုဂတ"မည်တော်မူ၏။

ဂတေ,ဠာဟေ အစရှိသည်တို့၌ သွားခြင်းကြိယာကို ဂတ,ဟူ၍ ဆိုသည်၊ မြတ်စွာဘုရား၏ သွားခြင်းသည် တင့်တယ်၏၊ စင်ကြယ်၏၊ အပြစ်ကင်း၏၊ ထိုသွားခြင်းဟူသည် အဘယ်နည်း ဟူမူ အရိယာမဂ်ပေတည်း၊ အဘယ်ကြောင့်ဆိုသော် ထိုမြတ်စွာ ဘုရားသည် ထိုအရိယာမဂ်တည်းဟူသော သွားခြင်းဖြင့် ဘေး မရှိရာနိဗ္ဗာန်အရပ်သို့ အဆီးအတားဘေးရန် အနှောင့်အရှက် မရှိဘဲ ကြွတော်မူတတ်၏၊ ဤသို့ တင့်တယ်သော သွားခြင်း ရှိတော်မူသောကြောင့် "သုဂတ"မည်တော်မူ၏။

ထိုမြတ်စွာဘုရားသည် စင်စစ် ကောင်းမွန်သော သေခြင်း ကင်းသော နိဗ္ဗာန်ဟူသော အောင်မြေအရပ်သို့ ကြွသွားတော်မူ၏၊ ဤသို့ စင်စစ်ကောင်းမွန်သော နိဗ္ဗာန်အောင်မြေအရပ်သို့ ကြွသွား တော်မူတတ်သောကြောင့်"သုဂတ"မည်တော်မူ၏။

ကောင်းမွန်မြဲမြံစွာ ထိုထိုမဂ်ဖြင့် ပယ်အပ်ကုန်သော ကိလေသာ တို့ကို တဖန် မဖြစ်စေမူ၍ ကြွသွားတော်မူတတ်၏၊ ထိုစကား သင့်လျော်သည်၊ သောတာပတ္တိမဂ်ဖြင့် ပယ်အပ်ကုန်သော ကိလေသာတို့ကို တဖန်မဖြစ်စေ တဖန်ပြန်၍မလာစေ၊ ထို့ကြောင့် "သုဂတ" မည်၏၊....(လ).... အရဟတ္တမဂ်ဖြင့် ပယ်အပ်သော ကိလေသာတို့ကို ကဖန်မဖြစ်စေ၊တဖန်ပြန်၍မလာစေ၊ထို့ကြောင့် ''သုဂတ''မည်၏ဟု ဤစကားကို ဆိုအပ်၏။

တနည်းကား သင့်လျော် ကောင်းမြတ်သော အကျင့်ပဋိပတ် ဖြင့် သွားတော်မူတတ်၏၊ ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေရင်း တော်မှအစပြု၍ ဗောဓိမဏ္ဍိုင်သို့တိုင်ရောက်အောင် အမျှသုံးဆယ် သောပါရမီတို့ကို ဖြည့်ကျင့်တော်မူခြင်းဟု ဆိုအပ်သော အသင့်

ဖြစ်သော သမ္မာပဋိပတ်ဖြင့် အလုံးစုံသော သတ္တလောက၏ စီးပွါး ချမ်းသာကို ပြုတော်မူလျက် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ကာမ-သုခလ္လိကာနုယောဂ အတ္တကိလမထာနုယောဂ ဟည်းဟူသော အယုတ်တရား လေးပါးတို့သို့ မလားမကပ်မူ၍ လာတော်မူတတ်သော အကြောင်းကြောင့် လည်း ''သုဂတ'' မည်တော်မူ၏။

တနည်းကား၊ ထိုမြတ်စွာဘုရားသည် အသင့်အားဖြင့် စကား ကိုဆိုတော်မူတတ်၏၊ သင့်သော အရာ၌ သင့်သည်သာလျှင် ဖြစ်သောစကားကို ဆိုတော်မူတတ်၏၊ ဤသို့ သင့်သောစကားကို ဆိုတော်မူတတ်သောကြောင့် ''သုဂတ'' မည်တော်မူသည်။

ထိုစကား၌ သက်သေဖြစ်သော သုတ္တန်ကား ''မြတ်စွာဘုရား သည် ထင်ရှားမရှိသော မဟုတ်မမှန်သော အကျိုးစီးပွါးနှင့် မစပ်သော စကားကို သိတော်မူ၏၊ ထိုစကားကို သူတပါးတို့သည် မချစ်မနှစ်သက်၊ ထိုစကားမျိုးကို မြတ်စွာဘုရားသည် ပြောဆိုတော် မမူ၊ မြတ်စွာဘုရားသည် ထင်ရှားရှိသော ဟုတ်မှန်သော အကျိုးစီးပွါးနှင့် မစပ်သောစကားကို သိတော်မူ၏၊ ထိုစကားကို သူတပါးတို့သည် မချစ်မနှစ်သက်၊ ထိုစကားမျိုးကို မြတ်စွာဘုရား သည် ပြောဆိုတော်မမူ၊ မြတ်စွာဘုရားသည် ထင်ရှားရှိသော ဟုတ်မှန်သော အကျိုးစီးပွါးနှင့်စပ်သော စကားကို သိတော်မူ၏၊ ထိုစကားကို သူတပါးတို့သည် မချစ်နှစ်သက်၊ ထိုသို့သော စကား မျိုးကို ပြောဆိုရခြင်း၏ အခါကာလကို မြတ်စွာဘုရားသည် သိတော်မူ၏၊ မြတ်စွာဘုရားသည် ထင်ရှားမရှိသော မဟုတ် မမှန်သော အကျိုးစီးပွါးနှင့် မစပ်သောစကားကို သိတော်မူ၏၊ ထိုစကားကိုလည်း သူတပါးတို့သည် ချစ်နှစ်သက်၏၊ ထို စကားမျိုးကိုလည်း မြတ်စွာဘုရားသည် ပြောဆိုတော်မမူ၊ မြတ်စွာ ဘုရားသည် ထင်ရှားရှိသော ဟုတ်မှန်သော အကျိုးစီးပွါးနှင့် မစပ်သောစကားကို သိတော်မူ၏၊ ထိုစကားကို သူတပါးတို့သည် ချစ်နှစ်သက်၏၊ ထိုစကားမျိုးကိုလည်း မြတ်စွာဘုရားသည် ပြောဆိုတော်မမူ၊ မြတ်စွာဘုရားသည် ထင်ရှားရှိသော ဟုတ်မှန် သော အကျိုးစီးပွါးနှင့် စပ်သောစကားကို သိတော်မူ၏၊ ထို

စကားကို သူတပါးတို့သည် ချစ်နှစ်သက်ကြကုန်၏၊ ထိုစကားကို ပြောဆိုတော်မူရခြင်း၏ အခါကာလကို မြတ်စွာဘုရားသည် သိတော်မူ၏ဟု ဟောတော်မူ၏။ ဤသည်ကား သက်သေ သာဓကသုတ္တန်တည်း။ ဤသို့လျှင် သင့်သောစကားကို ပြောဆို တော်မူတတ်သောကြောင့်"သုဂတ"မည်တော်မူ၏ဟု သိအပ်၏။

**မပြောမဆိုသင့်သော စကားလေးမျိုး၊ ပြောဆိုသင့်သော စကားနှစ်မျိုးအားဖြင့် စကားခြောက်မျိုးရှိသည်။**

(၁) မဟုတ်မမှန် အကျိုးမရှိ,သူတပါး မချစ်မနှစ်သက်သော စကားတမျိုး၊

(၂) ဟုတ်၏,မှန်၏,အကျိုးမရှိ,သူတပါးမချစ်နှစ်သက်သော စကားတမျိုး။

(၃) မဟုတ်မမှန်, အကျိုးမရှိ, သူတပါး ချစ်နှစ်သက်သော စကားတမျိုး။

(၄) ဟုတ်၏,မှန်၏,အကျိုးမရှိ, သူတပါး ချစ်နှစ်သက်သော စကားတမျိုး။

မပြောဆိုသင့်သော စကားလေးမျိုးတည်း။

(၁) ဟုတ်၏, မှန်၏, အကျိုးရှိ၏, သူတပါးမချစ်နှစ်သက် သော စကားတမျိုး။

(၂) ဟုတ်သော, မှန်သော, အကျိုးရှိသော, သူတပါး ချစ်နှစ်သက်သော စကားတမျိုး။

ဤနှစ်မျိုးသည် ပြောဆိုသင့်သော စကားမျိုး ဖြစ်၏။

၁၃၅။ **လောကဝိဒူ** ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် လောကကို အလုံးစုံသော အခြင်းအရာအားဖြင့် သိတော် မူသည့်အဖြစ်ကြောင့် လောကဝိဒူ မည်တော်မူသည်၊ ထိုစကားမှန်၏၊ ထို ဘုန်းတော်ကြီးသော မြတ်စွာ ဘုရားသည် ဒုက္ခ သဘောအားဖြင့်, တဏှာစသော သမုဒယသဘောအားဖြင့်, ဒုက္ခ သမုဒယ တို့၏ ချုပ်ရာ

အားဖြင့်, ချုပ်ငြိမ်းခြင်း၏ အကြောင်းအားဖြင့် ဤသို့ အလုံးစုံသော အပြားအားဖြင့် သင်္ခါရလောကကို သိတော်မူ၏၊ အလွန်သိတော်မူ၏၊ ထိုးထွင်း၍ သိတော်မူ၏၊ ထို့ကြောင့် မြတ်စွာဘုရား ဟောတော်မူသည်မှာကား—

အို-ဒါယကာ, **ရောဟိတဿ** နတ်သား အကြင်လောက၏ အဆုံး၌စင်စစ် ပဋိသန္ဓေ ယူနေရခြင်းမရှိ၊ အိုမင်းရင့်ရော်ရခြင်းမရှိ၊ ကွယ်လွန်သေဆုံးရခြင်းမရှိ၊ ရွေ့လျောရခြင်းမရှိ၊ တဖန်ဖြစ်ရခြင်းမရှိ၊ ထိုလောက၏အဆုံးကို ခြေဖြင့်သွား၍ သိအပ်, မြင်အပ်, ရောက်အပ်၏ဟု ငါဘုရားသည် ဟောတော်မမူ၊ အို-ရောဟိတဿ နတ်သား,လောက၏အဆုံးသို့ မရောက်ဘဲလည်း ဒုက္ခ၏အဆုံးကို ပြုနိုင်၏ဟူ၍ ငါဘုရားသည် ဟောတော်မမူ၊ အို-ရောဟိတဿ နတ်သား စင်စစ်သော်ကား သညာရှိသော စိတ်ရှိသော တလံမျှလောက်သာ အတိုင်းအရှည်ရှိသော ဤကိုယ်ကောင်၌သာလျှင် လောကကိုငှင်း, လောက၏ဖြစ်ကြောင်း လောကသမုဒယကိုငှင်း, လောက၏ချုပ်ရာ လောကနိရောဓကိုငှင်း, လောက၏ချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကိုငှင်း, ငါဘုရားသည် ပညတ်တော်မူ၏။

ဂမနေန န ပတ္တဗ္ဗော၊
လောကဿန္တော ကုဒါစနံ။
န စ အပတွာ လောကန္တံ၊
ဒုက္ခာ အတ္ထိ ပမောစနံ။
တသ္မာ ဟဝေ လောကဝိဒူ သုမေဓော၊
လောကန္တဂူ ဝုသိတဗြဟ္မစရိယော။
လောကဿ အန္တံ သမိတာဝိ ဉတွာ၊
နာသီသတိ လောကမိမံ ပရဉ္စာတိ။

လောက၏အဆုံးသို့ ခြေဖြင့်သွား၍ တရံတဆစ်မျှ မရောက်အပ်၊ လောက၏အဆုံးသို့ မရောက်ဘဲလည်း ဆင်းရဲဒုက္ခမှ လွတ်မြောက်ခြင်းမည်သည် မရှိ။

ထို့ကြောင့် စင်စစ်ကေန် အမှန်အားဖြင့် လောကကို သိတော်မူသော ကောင်းသော ပညာရှိသောလောက၏ အဆုံးသို့ ရောက်တော်မူပြီးသော မြတ်သောအကျင့်ကို ကျင့်သုံးတော်မူပြီးသော ကိလေသာမီး အငြိမ်း ငြိမ်းအေး တော်မူပြီးသော မြတ်စွာဘုရားသည် လောက၏အဆုံးကို သိတော်မူသောကြောင့် ဤ ပစ္စုပ္ပန်လောကကိုငင်း, တမလွန်လောကကိုငင်း တောင့်တတော်မမူချေဟု ဟောတော်မူ၏။

၁၃၆။ "တနည်းသော်ကား" လောကတို့သည် သင်္ခါရလောက သတ္တလောက, ဩကာသလောကဟူ၍ သုံးပါးရှိကုန်၏၊ ထိုသုံးပါးတို့တွင် "လောကသည် တပါးသာတည်း အလုံးစုံသော သတ္တဝါတို့သည် အာဟာရဟူသော အကြောင်းကြောင့် တည်ခြင်းသဘော ရှိကုန်၏"ဟု လာသောအရာ၌ သင်္ခါရလောကကို သိအပ်၏၊ "လောကသည် မြဲ၏ဟူ၍ငင်း, လောကသည်မမြဲဟူ၍ငင်း" ဤသို့ လာသောအရာ၌ သတ္တလောကကို သိအပ်၏၊ "အကြင် အရပ်၌ာန၌ လ,နေတို့သည် လှည့်လည်ကုန်၏၊ နေ,လ လှည့်လည်ရာအရပ်တို့သည် နေရောင်, လရောင်ဖြင့် တပြောင်ပြောင် ထိန်လင်းကုန်၏၊ ထိုမျှလောက်ကြီးမားသော စကြဝဠာပေါင်း တထောင်သည် ရှိ၏၊ ဤ စကြဝဠာပေါင်း တထောင်၌ သင်၏တန်ခိုးအစွမ်းသည် ဖြစ်၏"ဟု လာသောအရာဌာန၌ ဩကာသလောကကို သိအပ်၏၊ ထိုလောကသုံးပါးကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ခပ်သိမ်းသော အပြားအားဖြင့် သိတော်မူ၏၊ ထိုစကားမှန်သည်၊ ထိုဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် "လောကသည်တပါးသာတည်း၊ ခပ်သိမ်းသောသတ္တဝါတို့သည် အာဟာရလျှင် ထောက်ရာတည်ရာ ရှိကြကုန်၏၊ လောကတို့သည် နာမ်ဟူ၍ငင်း, ရုပ်ဟူ၍ငင်း နှစ်ပါးရှိ၏၊ လောက

တို့သည် ဝေဒနာသုံးပါးဟူ၍ သုံးပါးရှိ၏၊ လောက
တို့သည် အာဟာရလေးမျိုးဟူ၍ လေးပါးရှိ၏၊လောက
တို့သည် ခန္ဓာငါးပါးဟူ၍ ငါးပါးရှိ၏၊ လောကတို့သည်
အဇ္ဈတ္တိကာယတန ခြောက်ပါးဟူ၍ ခြောက်ပါးရှိ၏၊
လောကတို့သည် သတ္တဝိညာဏဋ္ဌိတိဟူ၍ ခုနစ်ပါးရှိ၏၊
လောကတို့သည် လောကဓံတရား ရှစ်ပါးဟူ၍ ရှစ်ပါး
ရှိ၏၊ လောကတို့သည် သတ္တဝါသကိုးပါးဟူ၍ ကိုးပါး
ရှိ၏၊လောကတို့သည် ဆယ်ပါးသော အာယတနတို့ဟူ၍
ဆယ်ပါးရှိ၏၊ လောကတို့သည် အာယတန တဆယ့်
နှစ်ပါးတို့ဟူ၍ တဆယ့်နှစ်ပါး ရှိ၏၊ လောကတို့သည်
တဆယ့်ရှစ်ပါးသော ဓာတ်တို့ဟူ၍ တဆယ့်ရှစ်ပါး ရှိ၏၊
ဤသို့လျှင် သင်္ခါရလောကကို ခပ်သိမ်းသော အခြင်းအရာ
အားဖြင့် သိတော်မူ၏။

ထိုဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အလုံးစုံကုန်
သော သတ္တဝါတို့၏ အလိုအာသယကို သိတော်မူ၏၊ အတွင်း၌
ကိန်းအောင်းသော ကိလေသာ အနုသယကို သိတော်မူ၏ စရိုက်
အလေ့ကိုသိတော်မူ၏၊ နှလုံးသွင်းအဓိမုတ္တိကို သိတော်မူ၏၊ ပညာ
မျက်စိ၌ ကိလေသာမြူနည်းပါးသူ ကိလေသာမြူ ထူထပ်သူ ထက်
သော ဣန္ဒြေရှိသောသတ္တဝါ နုံ့သောဣန္ဒြေရှိသော သတ္တဝါ
ကောင်းသော အခြင်းအရာရှိသော သတ္တဝါ မကောင်းသော
အခြင်းအရာရှိသောသတ္တဝါ တရားကိုသိစေရန် လွယ်ကူသော
သတ္တဝါ တရားကိုသိစေရန် ခက်ခဲသောသတ္တဝါကျွတ်ထိုက်သော
သတ္တဝါ မကျွတ်ထိုက်သော သတ္တဝါတို့ကို သိတော်မူ၏၊
ထို့ကြောင့် သတ္တလောကကိုလည်း အလုံးစုံသော အပြားအား
ဖြင့် သိတော်မူ၏။

၁၃၇။ သတ္တလောကကို အလုံးစုံသော အခြင်းအရာအားဖြင့်
သိတော်မူသကဲ့သို့ ဤအတူ ဩကာသ လောကကိုလည်း
သိတော်မူ၏၊ထိုစကားမှန်သည်၊ထိုဘုန်းတော်ကြီးသော
မြတ်စွာဘုရားသည် တခုသောစကြဝဠာသည် အလျား

အားဖြင့်၄င်း၊ အနံအားဖြင့်၄င်း၊ ယူဇနာ တသိန်း နှစ်သောင်းသုံးထောင်လေးရာငါးဆယ် (၁၂၃၄၅၀) ရှိ၏ ဟူ၍၄င်း၊ အဝန်း လုံးပတ်အားဖြင့် ယူဇနာ (၃၆၀၁၃၅၀) သုံးသန်း ခြောက်သိန်း တထောင့် သုံးရာ ငါးဆယ် ရှိကုန်၏ ဟူ၍၄င်း၊ ထိုစကြဝဠာ၌ ယူဇနာ နှစ်သိန်း လေးသောင်း အထုရှိသော မြေကြီးသည် အောက်ခံမြေဖြစ်ကြောင်း၊ ထိုမြေကို ယူဇနာ လေးသိန်း ရှစ်သောင်း အထုရှိသော ရေက ခံကြောင်း၊ ထိုရေကို ယူဇနာ ကိုးသိန်း ခြောက်သောင်း အထုရှိသော လေက ခံထားကြောင်း၊ ထိုသို့ တည်သော စကြဝဠာ လောက ဟာခု အလယ်၌ ယူဇနာ ရှစ်သောင်း လေးထောင် ရေ၌ နစ်မြုပ်လျက်၊ ယူဇနာ ရှစ်သောင်း လေးထောင် ရေမှ အထက်သို့ တက်သော သိနေရုအမည်ရှိသော မြင်းမိုရ် တောင်မြတ်သည် ရှိကြောင်း၊ ထို မြင်းမိုရ်တောင်မှ ထက်ဝက် ထက်ဝက် နိမ့်ကျသော ပမာဏရှိသော အထူး ထူးသော ရတနာမျိုးတို့ဖြင့် ဆန်းကြယ်သော ယုဂန္ဓရ တောင်, ဤသခရတောင်, ကရဝိကတောင်, သုဒဿန တောင်, နေမိန္ဓရတောင်, ဝိနတကတောင်, အဿကဏ္ဏ တောင်, ဤသို့ အလွန်ကြီးကျယ်ကုန်သော ကျောက် တောင်ကြီး ခုနစ်လုံးတို့သည် မြင်းမိုရ်တောင်မင်း၏ ထက်ဝန်းကျင်မှ ပတ်လည်ဝိုင်းလျက် တည်ကုန်၏၊ စတု မဟာရာဇ် နတ်မင်းကြီးတို့၏ နေရာဖြစ်ကုန်၏၊ နတ် ဘီလူးတို့ မှီဝဲနေထိုင်ကြကုန်၏။

ဟိမဝန္တာ တောင်မင်းသည် ယူဇနာ ငါးရာတိုင်တိုင် မြင့်၏၊ အလျား, အနံ ယူဇနာ သုံးထောင် ကျယ်၏၊ ရှစ်သောင်း လေးထောင်သော တောင်ထွဋ်တို့ဖြင့် တန်ဆာ ဆင်အပ်၏။

သပြေပင်၏ အာနုဘော်ကြောင့် ဤကျွန်းကို ဇမ္ဗူဒိပ်ကျွန်း ဟူ၍ ထင်ရှား၏၊ "နဂ" သဒ္ဒါဖြင့် ခေါ်ဝေါ်အပ်သော ထိုသပြေပင် ကြီးသည် ပင်စည် လုံးပတ် ဆယ့်ငါးယူဇနာ ရှိ၏၊ ပင်စည်၏

အစောက်အမြင့် ကိုင်းခွတိုင်အောင် ယူဇနာ ငါးဆယ် ရှိ၏၊ ထက်ဝန်းကျင် ယူဇနာတရာအပြန့် အပြော ကျယ်၏၊ အဖျား အစွန်သို့ ရောက်အောင် ယူဇနာတရာပင်အထက်သို့ မြင့်တက်၏။

ဇမ္ဗူ့သပြေပင်၏ အတိုင်းအရှည် ပမာဏကဲ့သို့ အသုရာတို့၏ ဆန်းကြယ်သော သခွတ်ပင်၊ ဂဠုန်တို့၏ လက်ပံပင်၊ အနောက်ကျွန်း၌ ထိန်ပင်၊ မြောက်ကျွန်း၌ ပဒေသာပင်၊ အရှေ့ကျွန်း၌ ကုက္ကိုပင်၊ တာဝတိံသာ နတ်ပြည်၌ ပင်လယ်ကသစ်ပင်တို့ကို သိအပ်ကုန်၏၊ ထို့ကြောင့် ရှေးသူဟောင်းတို့သည် အောက်ပါ ဂါထာကို ဆိုကြကုန်၏။

ပါဋလီ သိမ္ဗလီ ဇမ္ဗူ၊
ဒေဝါနံ ပါရိစ္ဆတ္တကော။
ကဒမ္ဗော ကပ္ပရုက္ခော စ၊
သိရီသေန ဘဝတိ သတ္တမန္တိ။

သခွတ်ပင်ငှင်း၊ လက်ပံပင်ငှင်း၊ ဇမ္ဗူ့သပြေပင်ငှင်း၊ နတ်တို့၏ ပင်လယ်ကသစ်ပင်ငှင်း၊ ထိန်ပင်ငှင်း၊ ပဒေသာပင်ငှင်း ကုက္ကိုပင်နှင့် ခုနစ်မျိုး ဖြစ်၏။

စကြဝဠာတောင်သည် ယူဇနာ ရှစ်သောင်း နှစ်ထောင်၊ သမုဒ္ဒရာ ဆားငန် ရေထဲမှာ နစ်မြုပ်၍နေ၏၊ ထိုမျှလောက် ရှစ်သောင်း နှစ်ထောင်ပင် အပေါ်သို့ ပေါ်တက်၍ နေ၏၊ ဤစကြဝဠာ တောင်ကြီးသည် အလုံးစုံသော လောကဓာတ်ကြီးကို ခြံရံ၍တည်၏။

ထိုလောကဓာတ်၌ လ၏အဝန်းသည် လေးဆယ့် ကိုးယူဇနာ ရှိ၏၊ နေ၏လုံးဝန်းသည် ယူဇနာငါးဆယ်ရှိ၏၊ တာဝတိံသာ ဘုံသည် ယူဇနာတသောင်းရှိ၏၊ အသုရာဘုံသည်ငှင်း၊ အဝီစိငရဲကြီးသည်ငှင်း၊ ဇမ္ဗူဒီပါကျွန်းသည်ငှင်း၊ ယူဇနာတသောင်းစီ ရှိကြကုန်၏၊ အပရဂေါယာ အနောက်ကျွန်းသည် ယူဇနာခုနစ်ထောင်ရှိ၏၊ အရှေ့ကျွန်းသည်ထို့အတူ ယူဇနာခုနစ်ထောင်ရှိ၏။ မြောက်ကျွန်းသည် ယူဇနာ ရှစ်ထောင် ရှိ၏၊ ဤ ကျွန်းကြီး

လေးကျွန်းတို့တွင် တခုတခုသောကျွန်းကြီးသည် ကျွန်းငယ် အရံ ငါးရာစီရှိကြကုန်၏၊ ထို အလုံးစုံသည်ပင် တခုသောစကြဝဠာ၊ တခုသောလောကဓာတ်မည်၏။ ထို သုံးခုသုံးခုသော စကြဝဠာတို့၏အကြားတို့၌ လောကန္တရိယငရဲတို့သည် ရှိကုန်၏၊ ဤသို့သောနည်းဖြင့် အဆုံးအပိုင်းအခြားမရှိသော စကြဝဠာတို့ကို အဆုံးအပိုင်းအခြားမရှိသော လောကဓာတ်တို့ကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အဆုံးအပိုင်းအခြား မရှိသော အာရုံကိုငုံနိုင်သော ဘုရားဉာဏ်တော်ဖြင့် သိတော်မူ၏၊ အထူးသဖြင့်သိတော်မူ၏၊ ထိုးထွင်း၍သိတော်မူ၏၊ ဤ သို့ထိုဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဩကာသ လောကကိုလည်း ခပ်သိမ်းသောအပြားအားဖြင့်သိတော်မူ၏၊ ဤ သို့လျှင် ခပ်သိမ်းသောအပြားအားဖြင့် လောကကို သိတော်မူသောကြောင့် ထို မြတ်စွာဘုရားသည် လောကဝိဒူမည်တော်မူ၏။

## အနုတ္တရောပုရိသဒမ္မသာရထိ

၁၃၈။ **အနုတ္တရ** ဂုဏ်တို့ဖြင့် ကိုယ်တော်မြတ်ထက် ထူးချွန်လွန်ကဲသော တစုံတယောက်သောသူ မရှိသောကြောင့် ထို ဘုန်းတော်ကြီးသော မြတ်စွာဘုရားအား သီလစသောဂုဏ်တို့ဖြင့် ကိုယ်တော်ထက်ထူးချွန် လွန်ကဲသူ မရှိ၊ ထို့ကြောင့် ထိုမြတ်စွာဘုရားသည် အနုတ္တရ မည်တော်မူ၏၊ ထိုစကားကိုချဲ့ဦးအံ့၊ ထိုမြတ်စွာဘုရားသည် သီလ ဂုဏ်ကျေးဇူးဖြင့်လည်း အလုံးစုံသော လောကကို လွှမ်းမိုးနိုင်၏၊ သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿန ဂုဏ်တို့ဖြင့်လည်း လွှမ်းမိုးနိုင်၏၊ သီလဂုဏ်တို့ဖြင့်လည်း တူသူမရှိ၊ ရှေးဘုရားရှင်တို့နှင့်သာ တူတော်မူ၏၊ နှိုင်းယှဉ်စရာ ဥပမာမရှိ၊ အဘို့အဝက် တူမျှသူပင်မရှိ၊ တုပယှဉ်ပြိုင်နိုင်သူပုဂ္ဂိုလ်မရှိ၊....(လ)....ဝိမုတ္တိ ဉာဏဒဿနဂုဏ်တို့ဖြင့်လည်း တူသူမရှိ၊ မြတ်စွာဘုရား ဟောကြားတော်မူသည်မှာကား– "ငါဘုရားသည် နတ်ပြည်ငါးထပ်နှင့်တကွ

သော ၀သ၀တ္တိမာရ် နတ်ပြည် နှင့် တကွသော....(လ)....
ဩကာသလောက၌ သမ္မုတိနတ် ဟည်းဟူသော မင်း
ကြွင်းသော လူနှင့်တကွသော သတ္တလောက၌ မိမိထက်
သီလဖြင့် လွန်ကဲသော တစုံတယောက်သောသူကို မမြင်
စဘူး" ဤ **အဂ္ဂပသာဒ** သုတ် အစရှိသည်ကို အကျယ်
အားဖြင့်သိအပ်၏၊ "ငါဘုရားအား ဆရာသည်မရှိ"အစ
ရှိသော ဂါထာတို့ကိုလည်း အကျယ်ချဲ၍ သိအပ်ကုန်၏။

၁၃၉။ **ပုရိသဒမ္မသာရထိ** ဆုံးမထိုက်သောသူတို့ကို ယဉ်ကျေး
စေတတ်သောကြောင့် ပုရိသဒမ္မသာရထိ မည်၏။

ထိုစကား၌ "ပုရိသဒမ္မ" ဆိုသည်ကား၊ မယဉ်ကျေးကုန်သော
ဆုံးမခြင်းငှါလျောက်ပတ်ကုန်သော တိရစ္ဆာန် ယောကျ်ားတို့ကို
၎င်း၊ လူယောကျ်ားတို့ကို၎င်း၊ နတ်ဘီလူးယောကျ်ားတို့ကို၎င်း
ဆိုလို၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် အပလာလနဂါးမင်းကို
၎င်း၊ စူဠောဒရ, မဟောဒရ, အဂ္ဂိသိခ, ဓူမသိခ, အရဝါဠနဂါး
မင်းတို့ကို၎င်း၊ ဓနပါလ ဆင်ကို၎င်း၊ ဤသို့အစရှိသော တိရစ္ဆာန်
ယောကျ်ားတို့ကို ဆုံးမအပ်ကုန်၏၊ ယဉ်ကျေး စေအပ်ကုန်၏၊
ဒေါသ ဆိတ်တောက် ပျောက်ကင်းအောင် ပြုတော်မူအပ်ကုန်၏၊
သရဏဂုဏ်၌၎င်း၊ သီလတို့၌၎င်း တည်စေအပ်ကုန်၏၊ နိဂဏ္ဌ၏
သား သစ္စက, အမ္ဗဋ္ဌလုလင်, ပေါက္ခရသာတိပုဏ္ဏား, သောဏဒဏ္ဍ
ပုဏ္ဏား, ကူဋဒဏ္ဍပုဏ္ဏား အစရှိကုန်သော လူယောကျ်ားတို့ကို၎င်း၊
အာဠဝကဘီလူး,သူစိလောမဘီလူး,ခရလောမဘီလူး,သိကြားမင်း
အစရှိသော နတ်ယောကျ်ားတို့ကို၎င်း ဆန်းကြယ်ကုန်သော ဆုံးမ
ခြင်း ဥပါယ်တမျဉ်တို့ဖြင့် ဆုံးမအပ်ကုန်၏၊ ယဉ်ကျေးစေအပ်ကုန်
၏၊ "ငါဘုရားသည် အချိုကုန်သော ဆုံးမထိုက်သောသူတို့ကို
အနုအားဖြင့်လည်း ဆုံးမ၏၊ အကြမ်းအားဖြင့်လည်း ဆုံးမ၏၊
အကြမ်း အနု နှစ်ခုအားဖြင့်လည်း ဆုံးမ၏၊ ဤသို့ အစရှိသော
"စတုက္ကနိပါတ် အင်္ဂုတ္တိုရ် တတိယပဏ္ဏာသက ဒုတိယ ကေသိဝဂ်
ကေသီ အဿဒမ္မသာထိသုတ်ကို" အကျယ်အားဖြင့် သိအပ်၏။

စင်စစ်သော်ကား မြတ်စွာဘုရားသည် စင်ကြယ်သော သီလရှိကုန်သော ပုဂ္ဂိုလ်တို့အား ပဌမဈာန် အစရှိသည် တို့ကိုရင်း သောတာပန်ပုဂ္ဂိုလ် စသည်တို့အား အထက်မဂ်သို့ ရောက်ကြောင်း အကျင့်ကို ဟောကြားတော်မူသည်ဖြစ်၍ တစိတ်တဒေသ ယဉ်ကျေးပြီးသောပုဂ္ဂိုလ်တို့ကိုလည်း**ဆုံးမ**တော်မူသည်သာတည်း၊ ဤသို့မှတ်အပ်၏။

**အနုတ္တရော ပုရိသ ဒမ္မသာရထိ** တနည်းကား "အနုတ္တရော ပုရိသ ဒမ္မသာရထိ" ဟူသော ပုဒ်သည် တပုဒ်ထည်းဖြင့် အနက်ကို ထင်စွာပြသော ပုဒ်ဖြစ်၏၊ ထိုစကား မှန်သည်၊ မြတ်စွာဘုရား သည် တခုသောထက်ဝယ်ပလ္လင်ဖြင့် **ထိုင်နေလျက်** အဋ္ဌသမာပတ် ဟူသော အရပ်မျက်နှာတို့သို့ မငြိမယှက် **ပြေးသွား**တော်မူနိုင်၏၊ ထိုသို့သော အခြင်းအရာအားဖြင့် ယောကျ်ားတို့ကို ဆုံးမတော် မူတတ်၏၊ ထို့ကြောင့် "အနုတ္တရော ပုရိသဒမ္မသာရထိ" ဟူ၍ ဆိုအပ်၏၊ "အို-ရဟန်းတို့,ဆင်ကို**ဆုံးမ**တတ်သော ဆင်ဆရာသည် ဆုံးမအပ်သော ပြေးစေအပ်သော ဆင်သည် တခုသော အရပ်သို့ သာ ပြေး၏၊" ဤသို့ အစရှိသည်ဖြင့် ဟောအပ်သော သုတ်ကို ဤ အဋ္ဌဒိသာသို့ မငြိမယှက်ပြေးစေနိုင်သောအရာ၌ အကျယ်ချဲ့၍ သိအပ်၏။

၁၄၀။ **သတ္ထာ ဒေဝမနုဿာနံ** ပစ္စုပ္ပန်၌ ဖြစ်သော အကျိုး ကျေးဇူး တမလွန်၌ ဖြစ်သောအကျိုး ကျေးဇူး တို့ဖြင့် ထိုက်သင့်သည် အားလျော်စွာ ဆုံးမတတ်သောကြောင့် ထိုမြတ်စွာဘုရားသည် သတ္ထာ မည်တော်မူ၏။

တနည်းကား-မြတ်စွာဘုရားသည် လှည်းမှူးကြီးနှင့် တူတော် မူသောကြောင့် "သတ္ထာ" မည်၏၊ လှည်းကုန်သည်တို့၏ အကြီး အမှူးဦးစီး နာယကနှင့် တူသော မြတ်စွာဘုရား ဟု ဆိုလို၏၊ လှည်းကုန်သည်တို့၏ အကြီးအမှူးသည် လှည်းကုန်သည် အပေါင်း တို့ကို ဘေးရန်များသော ကန္တာရခရီးခဲကို လွန်စေဘိ၏သို့၊ ခိုးသူပေါသော စောရ ကန္တာရကို လွန်မြောက်စေဘိ၏သို့၊ သားရဲပေါသော ဝါဠကန္တာရကို လွန်မြောက်စေဘိ၏သို့၊ အစာ

မရှိသော ဒုက္ခကန္တာရကို လွန်မြောက်စေဘိ၏သို့၊ ရေမရှိသော နိရုဒကကန္တာရကို လွန်မြောက်စေဘိ၏သို့၊ကူးမြောက်စေဘိ၏သို့၊ ထွက်မြောက်စေဘိ၏သို့၊ ဘေးမရှိရာ အရပ်သို့ ရောက်စေဘိ၏သို့၊ ဤအတူလှည်းကုန်သည်တို့၏ အကြီးအမှူးသဖွယ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် သတ္တဝါတို့ကို ကန္တာရမှခရီးခဲမှ လွန်မြောက်စေ၏၊ ဇာတိကန္တာရကို လွန်မြောက်စေ၏၊ အစရှိသော နိဒ္ဒေသနည်းဖြင့်လည်း ဤသတ္ထာ ဟူသောပုဒ်၌ အနက်ကို သိအပ်၏။

"ဒေဝမနုဿာနံ"ဆိုသည်ကား နတ်တို့၏၎င်း၊ လူတို့၏၎င်း၊ မြတ်သောသတ္တဝါကို ပိုင်းခြားသည်၏ အစွမ်းဖြင့်၎င်း, ဘဗ္ဗပုဂ္ဂိုလ်ကို ပိုင်းခြားသည်၏ အစွမ်းဖြင့်၎င်း ဤဒေဝမနုဿာနံ ဟူသော စကားကို ဆိုအပ်၏၊ စင်စစ်သော်ကား မြတ်စွာဘုရားသည် တိရစ္ဆာန် သတ္တဝါတို့အားလည်း အဆုံးအမကို ပေးတော်မူသဖြင့် ဆုံးမတတ်သော ဆရာမည်သည် သာ တည်း၊ ထိုတိရစ္ဆာန်တို့သည်လည်း မြတ်စွာဘုရား၏အထံတော်၌ တရားတော်ကို နာခံရသဖြင့် အထောက်အပံ့ ဥပနိဿယနှင့် ပြည့်စုံခြင်းသို့ ရောက်၍ ထိုဥပနိဿယနှင့် ပြည့်စုံခြင်းဖြင့်ပင် ဒုတိယ ဘဝ၌၎င်း, တတိယ ဘဝ၌၎င်း မဂ် ဖိုလ် ဟူသော အဖို့ရှိကုန်၏၊ ဤစကား၌ **ဘားနတ်သား** အစရှိသော **ဝတ္ထုကို** ထောက်၍ သိအပ်၏ "ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် **ဂဂ္ဂရ** အမည်ရှိသော ရေကန်၏ ကမ်းနား၌ **စမ္ပာပြည်**သူ ပြည်သားတို့အား တရား ဟောတော်မူသည်ရှိသော် တကောင်သော ဘားငယ်သည် မြတ်စွာဘုရား၏ အသံတော်၌ နိမိတ်ကို စွဲယူ၏၊ ထိုဘားငယ်ကို တယောက်သော နွားကျောင်းသားသည် တုတ်ကိုထောက်၍ ရပ်နေသည်ရှိသော် ဦးခေါင်း၌ နှိပ်၍ရပ်နေ၏၊ ထိုဘားငယ်သည် တခဏတွင်ပင် စုတေ သေလွန်၍ တာဝတိံသာနတ်ပြည် **တဆယ့်နှစ်ယူဇနာ** ရှိသောရွှေဗိမာန်၌ ဖြစ်လေ၏၊ အိပ်ပျော်သောယောကျ်ား နိုးသကဲ့သို့ ထိုရွှေဗိမာန်၌ နတ်သမီးအပေါင်း ခြံရံအပ်သော မိမိကိုယ်ကိုမြင်၍ "အို-အချင်းတို့,ငါ-ဘားငယ်လျက်လည်း ဤရွှေဖြင့်ပြီးသော နတ်ဗိမာန်ကြီး၌ ဖြစ်ရသည်ကား အဘယ်မည်သော

ကုသိုလ်ကံကို ပြုခဲ့ဘူးလေသနည်း”ဟု အံ့ဩလျက် ဆင်ခြင်သည် ရှိသော် မြတ်စွာဘုရား၏ အသံတော်၌ ကြည်ညိုစိတ်ဖြင့် နှိမိတ် ယူသည်ကို ကြဉ်ထား၍ တစုံတရာသော ကုသိုလ်ကို မမြင်ချေ၊ ထိုဘားနတ်သားသည် ထိုခဏ၌ပင်လျှင် နတ်ဗိမာန်နှင့်တကွ လာ၍ မြတ်စွာဘုရား၏ခြေတော်တို့ကို ရှိခိုးဦးတိုက်၏၊ မြတ်စွာ ဘုရားသည် သိတော်မူပါလျက် ဗုဒ္ဓမြတ်စွာဘုရားတို့၏ တန်ခိုး အာနုဘော်ကို မျက်မှောက်ထင်ထင် သိမြင်ကြစေခြင်းငှါ အောက်ပါဂါထာဖြင့် မေးမြန်းတော်မူ၏။

“ကော မေ ဝန္ဒတိ ပါဒါနိ၊
ဣဒ္ဓိယာ ယသသာ ဇလံ။
အဘိက္ကန္တေန ဝဏ္ဏေန၊
သဗ္ဗာ ဩဘာသယံ ဒိသာ”တိ။

“နတ်တို့၏ တန်ခိုးဖြင့်၎င်း, နတ်တို့၏ အခြံအရံဖြင့်၎င်း ထွန်းလင်း တောက်ပလျက် အလွန်နှစ်လိုဘွယ် ကောင်း သော အဆင်းအရောင်တို့ဖြင့် အလုံးစုံသော အရပ်မျက်နှာ တို့ကို ထွန်းလင်းတောက်ပစေလျက် ငါဘုရား၏ခြေတော် တို့ကို ရှိခိုးလာသောသူကား အဘယ်သူဖြစ်သနည်း”ဟု မေးတော်မူ၏။

## ဘားနတ်သား၏ လျှောက်ချက်

မဏ္ဍူကောဟံ ပုရေ အာသိံ၊
ဥဒကေ ဝါရိဂေါစရော။
တဝ ဓမ္မံ သုဏန္တဿ၊
အဝဓိ ဝစ္ဆပါလကောတိ။

“ရှေးဘုန်းတော်ရှင်သခင်ဘုရား အကျွန်ုပ်သည်ကား မကြာမီ လွန်ခဲ့သော ရှေးဘဝက ရေ၌ပေါက်ဖွား၍ ရေဝယ် ကျက်စားသော ဘားသတ္တဝါ ဖြစ်ခဲ့ပါ၏၊ ကရဝိက်ငှက်မင်း ဗြဟ္မာမင်း၏ အသံထက် အဆအရာ ချိုမြိန်သာယာလှစွာသော အသံတော်ဖြင့် ဟောတော်

မူအပ်သော အရှင်မြတ်ကြီး၏ တရားကို နာကြား၍ နေစဉ်မှာ နွားကျောင်းသားသည် အကျွန်ုပ်၏ ဦးခေါင်းကို တုတ်နှင့် ထောက်သဖြင့် အသက်ပျောက်ကာ သေဆုံး ရပါသတည်းဘုရား"ဟု လျှောက်ကြားလေ၏။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ထိုဘားနတ်သား အား တရားဟောတော်မူ၏၊ ရှစ်သောင်း လေးထောင်သော တရားတော်နာ သတ္တဝါတို့မှာ သစ္စာလေးပါးတရားကို မြင်၍ ဓမ္မာဘိသမယ ဖြစ်ကြလေ၏၊ ဘားနတ်သားလည်း သောတာ ပတ္တိ ဖိုလ်၌ တည်၍ ဝမ်းမြောက်ဝမ်းသာ ပြုံးရွှင်သော မျက်နှာဖြင့် ပြန်သွားလေ၏။

၁၄၁။ **ဗုဒ္ဓဂုဏ်** အလုံးစုံ သိသင့်သိအပ်သော နေယျတရားတို့ မည်သည် ရှိကုန်၏၊ ထို သိသင့်သိအပ်သမျှ တရားအကုန် အလုံးစုံကို အရဟတ္တဖိုလ်၌ဖြစ်သော ဝိမောက္ခန္တိက ဉာဏ်၏အစွမ်းဖြင့် ဆရာမသင် ကိုယ်တိုင်သိမြင်တော် မူသောကြောင့် ထိုမြတ်စွာဘုရားသည် ဗုဒ္ဓ မည်တော် မူ၏။

**တနည်းကား**–လေးပါးသော သစ္စာတရားတို့ကို ကိုယ်တော် တိုင်လည်း သိတော်မူ၏၊ တပါးသော သတ္တဝါတို့ကိုလည်း သိစေ တော်မူတတ်၏၊ ဤသို့ အစရှိသော အကြောင်းတို့ကြောင့်လည်း ထို မြတ်စွာဘုရားသည် ဗုဒ္ဓမည်တော်မူ၏၊ ဤအနက်ကို သိစေခြင်းငှါ သစ္စာလေးပါးတို့ကို သိတော်မူတတ်သောကြောင့် ဗုဒ္ဓမည်တော် မူ၏၊ ဝေနေယျ သတ္တဝါများအပေါင်းကို သိစေတော်မူဘတ်သော ကြောင့် ဗုဒ္ဓမည်တော်မူ၏ ဟု ဤသို့ဖြစ်သော အလုံးစုံသော နိဒ္ဒေသနည်း ပဋိသမ္ဘိဒါ နည်းတို့ဖြင့် ချဲ့အပ်၏။

၁၄၂။ **ဘဂဝါဂုဏ်** ဘဂဝါဟူသော ဤစကားသည် ထိုမြတ်စွာ ဘုရား၏ သီလအစရှိသောဂုဏ်ဖြင့် ထူးသောကြောင့် အလုံးစုံသော သတ္တဝါတို့ထက် မြတ်သော အလေး ပြုအပ် ရိုသေအပ်သော မြတ်စွာဘုရားအား ရိုသေ

လေးမြတ်သောအားဖြင့် ဆိုအပ်သော အမည်တော်ပေတည်း၊ ထို့ကြောင့် ရှေးဆရာတို့သည် အောက်ပါ ဂါထာကို ဆိုကြကုန်၏။

"ဘဂဝါတိ ဝစနံ သေဋ္ဌံ၊
ဘဂဝါတိ ဝစနမုတ္တမံ။
ဂရုဂါရဝယုတ္တော သော၊
ဘဂဝါ တေန ဝုစ္စတီ"တိ။

ဘဂဝါဟူသောစကားသည် ချီးမွမ်းအပ်၏၊ ဘဂဝါဟူသော စကားသည် အထူးသဖြင့် မြင့်မြတ်၏၊ ထို့ကြောင့် လေးလေးမြတ်မြတ် ပြုအပ်သော သီလ, သမာဓိ, ပညာ ဂုဏ်ကျေးဇူး အထူးတို့နှင့် ယှဉ်သော အလေးအမြတ် ပြုထိုက်သော ပုဂ္ဂိုလ်ကို ဘဂဝါဟူ၍ ဆိုအပ်၏။

**တနည်းကား**-အမည်တို့သည် အခိုက်အတန့်ကိုစွဲ၍ ခေါ်ဝေါ် အပ်သောအမည် အာဝတ္ထိကနာမ်, အသွင်ကိုစွဲ၍ ခေါ်ဝေါ် အပ်သောအမည် လိင်္ဂိကနာမ်, ဂုဏ်ဟူသော အကြောင်းကိုစွဲ၍ ခေါ်ဝေါ်အပ်သောအမည် နေမိတ္တိကနာမ်, အကြောင်းမရှိဘဲ သမုတ် ခေါ်ဝေါ်အပ်သောအမည် အဓိစ္စသမုပ္ပန္နနာမ်ဟူ၍ လေးပါး အပြားရှိ၏။

"အဓိစ္စသမုပ္ပန္နနာမ်"ဆိုသည်ကား လောကဝေါဟာရအားဖြင့် ယဒိစ္ဆကနာမ်သည် အဓိစ္စသမုပ္ပန္နနာမ်မည်၏ဟု ဆိုလိုသည်။

ထိုလေးပါးသောအမည်တို့တွင် နွားငယ်,ဆုံးမလောက်သော နွား, ဝန်ဆောင်နွား ဤသို့ အစရှိသည်ဖြင့် ခေါ်ဝေါ်အပ်သော နာမ်သည် အခိုက်အတန့်ကိုစွဲ၍ ခေါ်ဝေါ်ခြင်း အာဝတ္ထိကနာမ် မည်၏၊ တောင်ဝှေးရှိသောသူ, ထီးရှိသောသူ, ဦးစွန်းရှိသောသူ, နှာမောင်းရှိသောသူ ဤသို့ အစရှိသောအမည်သည် လိင်္ဂိကနာမ် မည်၏၊ ဝိဇ္ဇာသုံးပါးရှိသောသူ, အဘိညာဉ်ခြောက်ပါးရှိသောသူ ဤသို့ အစရှိသော အမည်သည် နေမိတ္တိကနာမ် မည်၏၊အသရေကို ပွါးစေတတ်သောသူ သိရိဝဍ္ဎက, ဥစ္စာကိုပွါးစေတတ်သောသူ

ဓနဝနက အစရှိသောအမည်သည် သဒ္ဒါ၏အနက်ကို မငဲ့မူ၍ ဖြစ်သော အဓိစ္စသမုပ္ပန္နနာမ် မည်၏၊ ဘဂဝါဟူသော ဤ အမည် သည်ကား နေမိတ္တိကနာမ် မည်၏၊ မယ်တော်မာယာ မှည့်ခေါ် အပ်သော အမည်မဟုတ်၊ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးတို့ မှည့်ခေါ်အပ်သော အမည်မဟုတ်၊ သကြား, သန္တုဿိတ အစ ရှိသော နတ်အထူးတို့က မှည့်ခေါ်အပ်သော အမည်မဟုတ်၊ ထို့ကြောင့် တရားစစ်သူကြီးဖြစ်သော **အရှင် သာရိပုတ္တရာ** မထေရ်သည် "ဘဂဝါတိ နေတံ နာမံ မာတရာ ကတံ....(လ).... ဝိမောက္ခန္တိကမေတံ ဗုဒ္ဓါနံ ဘဂဝန္တာနံ ဗောဓိယာ မူလေ သဟ သဗ္ဗညုတညာဏဿ ပဋိလာဘာ သစ္ဆိကာ ပညတ္တိ ယဒိဒံ ဘဂဝါ" ဟူသော ဤစကားကို ဆိုအပ်လေပြီ။

"ဘဂဝါဟူသော ဤအမည်သည် မယ်တော် မှည့်ခေါ် သော အမည်မဟုတ်....(လ)....ဘုန်းတော်ကြီးကုန်သော မြတ်စွာဘုရားတို့၏ အကြင်ဘဂဝါဟူသော အမည်တော် သည် အရဟတ္တဖိုလ်၌ ဖြစ်၏၊ ဤပညတ်သည် ဗောဓိ ပင်ရင်း၌ မြတ်စွာဘုရားတို့ သဗ္ဗညုတညာဏ်ကို ရသည်နှင့် အတူတကွ အလုံးစုံသောတရားကို မျက်မှောက် ပြုခြင်း ကြောင့်ဖြစ်သော နာမပညတ်ပေတည်း။

၁၄၃။ "ဘဂဝါ"ဟူသော အမည်သည် နိမိတ်ဖြစ်သော ဂုဏ် တို့ကြောင့် နေမိတ္တိကနာမ် မည်၏၊ ထိုနိမိတ်ဖြစ်သော ဂုဏ်တို့ကိုပြလို၍ ဤအောက်ပါဂါထာကို အရှင်သာရိ ပုတ္တရာမထေရ် ဟောအပ်၏။

"ဘဂီ ဘဇီ ဘာဂိ ဝိဘတ္တဝါ ဣတိ၊
အကာသိ ဘဂ္ဂန္တိ ဂရူတိ ဘာဂျဝါ။
ဗဟူဟိ ဉာယေဟိ သုဘာဝိတတ္တနော၊
ဘဝန္တဂေါ သော ဘဂဝါတိ ဝုစ္စတိ။

အကြင် မြတ်စွာဘုရားသည် ဘုန်းရှိတော်မူ၏၊ ထို့ကြောင့် ဘဂဝါဟူ၍ ဆိုအပ်၏၊ မဂ်ဖိုလ်စသော

အရိယဂုဏ် အရည်စသော ဝိဝေကကို မှီဝဲလေ့ရှိ၏၊ သီလ စသော ဂုဏ်အဘို့ရှိ၏၊ ဝေဘန်စိတ်ဖြာ၍ ဟောတတ်၏၊ ရာဂစသော ကိလေသာတို့ကို ဖျက်ဆီးခြင်းကို ပြုတော်မူ၏၊ ကျောက်ထီးကဲ့သို့ အလေးပြုအပ်၏၊ ဒါန, သီလ စသော ပါရမီတော်တို့၏ အထွတ်သို့ ရောက်တော်မူ၏၊ များစွာသော ဘာဝနာအစဉ်တို့ဖြင့် ကောင်းစွာ ပွါးအပ်သော သဘောရှိ၏၊ ဘဝ၏အဆုံးနိဗ္ဗာန်သို့ ရောက်တော်မူ၏၊ ထို့ကြောင့် ဘဂဝါဟူ၍ ဆိုအပ်၏။

ဤဂါထာ၌ ထိုထိုပုဒ်တို့၏ အနက်ကို နိဒ္ဒေသ၌ဆိုအပ်သော နည်းဖြင့် သိအပ်၏။

၁၄၄။ ထို့ပြင် ဤ ဆိုလတ္တံ့သည်ကား တနည်းပေတည်း။

ဘာဂျဝါ ဘဂ္ဂဝါ ယုတ္တော၊
ဘဂေဟိ စ ဝိဘတ္တဝါ။
ဘတ္တဝါ ဝန္တဂမနော၊
ဘဝေသု ဘဂဝါ တတောတိ။

မြတ်စွာဘုရားသည် အကြင်သို့သော အကြောင်းကြောင့် ပစ္စုပ္ပန်သံသရာ ချမ်းသာကြောင်း ကောင်းမှုပါရမီရှိတော်မူ၏၊ ရာဂစသော ကိလေသာတို့ကို ဖျက်ဆီးတော်မူတတ်၏၊ ဠဿနိယစသော ခြောက်ပါးသော ဘဂဝါ ဘုန်းတော်တို့နှင့် ယှဉ်တော်မူ၏၊ တရားအလုံးစုံကို ဝေဘန်ခွဲခြမ်း၍ ဟောတော်မူတတ်၏။ မြတ်သောတရားကို မှီဝဲတော်မူတတ်၏၊ ဘဝသုံးပါး၌ တဏှာကို ထွေးအန်တော် မူအပ်၏၊ ထို့ကြောင့် ထိုမြတ်စွာဘုရားသည် ဘဂဝါ မည်တော်မူ၏။

ထိုဂါထာ၌ ဝဏ္ဏလာခြင်း ဝဏ္ဏလဲခြင်း အစရှိသော နိရုတ္တိနည်းကို ယူ၍၎င်း၊ သဒ္ဒါနည်းဖြင့် ပိသောဒရာဒိဂိုဏ်း၌ ထည့်သွင်းခြင်းဟူသော လက္ခဏာကိုယူ၍၎င်း, လောကီ, လောကုတ္တရာ

ချမ်းသာကို ဖြစ်စေတတ်သော ဒါန, သီလ, စသော အထွတ် အထိပ်သို့ ရောက်သော ဘုန်းပါရမီတော်သည် ထိုမြတ်စွာ ဘုရားအား ရှိ၏၊ ထို့ကြောင့် ဘာဂျဝါမည်၏ဟု ဆိုအပ်လျက် "ဘဂဝါ" ဟု ဆိုသည် ဟူ၍သိအပ်၏။

ထို့ပြင် လောဘ, ဒေါသ, မောဟ ဖောက်ပြန်သောအားဖြင့် နှလုံးသွင်းခြင်း, အဟိရိက အနောတ္တပ္ပ အမျက်ထွက်ခြင်း ကောဓ, ရန်ငြိုးဖွဲ့ခြင်း ဥပနာဟ, ဂုဏ်ကျေးဇူးကို ချေခြင်းမက္ခ, သူ့ကို အဖျင်းပြုခြင်းပဠာသ, ငြူစူခြင်း ဣဿာ, ဝန်တိုခြင်း မစ္ဆရိယ, မိမိ အပြစ်ကို ဖုံးလွှမ်းခြင်း မာယာ, ဂုဏ်မရှိဘဲ ရှိလေယောင်ပြုခြင်း သာဌေယျ, ခက်ထန် ခိုင်မာခြင်း ထမ္ဘ, ထိပါး ချုတ်ချယ်ခြင်း သာရမ္ဘ, ထောင်လွှားခြင်း မာန, အလွန် ထောင်လွှားခြင်း အတိမာန, ယစ်ခြင်းမဒ, မေ့လျော့ခြင်းပမာဒ, တဏှာ, အဝိဇ္ဇာ, အကုသိုလ်၏ မူလသုံးပါး, ဒုစရိုက်သုံးပါး, သံကိလေသ သုံးပါး,အညစ်အကြေး မလသုံးပါး, သညာ သုံးပါး, ဝိတက် သုံးပါး, ပပဉ္စတရား သုံးပါး, လေးပါးသောဝိပရိယေသ, လေးပါးသောအာသဝ, လေးပါးသောဂန္ထ, လေးပါးသောဩဃ, လေးပါးသော ယောဂ, လေးပါးသောအဂတိ, လေးပါးသောတဏှာ, လေးပါးသော ဥပါဒါန်, ငါးပါးသော စေတောခိလ, ငါးပါးသော စေတော ဝိနိဗန္ဓ, ငါးပါးသော နီဝရဏ, ငါးပါးသော အဘိနန္ဒ, ခြောက်ပါး သော ဝိဝါဒမူလ,ခြောက်ပါးသောတဏှာကာယ, ခုနစ်ပါးသော အနုသယ, ရှစ်ပါးသောမိစ္ဆတ္တ, ကိုးပါးသော တဏှာမူလ, ဆယ်ပါးသော အကုသလကမ္မပထ, ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိ, တရာ့ရှစ်ပါးသောတဏှာ, ဒုစရိုက်အပြား ခပ်သိမ်းကုန်သော သတ္တဝါတို့၏ လွန်စွာပူပန်ခြင်းကို ဖြစ်စေတတ်သော အသိန်း မကသော ကိလေသာတို့ကို ဖျက်ဆီးတော်မူတတ်၏၊ အကျဉ်း အားဖြင့် ကိလေသမာရ်,ခန္ဓမာရ်,အဘိသင်္ခါရမာရ်,ဒေဝပုတ္တမာရ်, မစ္စုမာရ် ဟူသော ငါးပါးသော မာရ်တို့ကို ဖျက်ဆီး တော် မူတတ်၏၊ ထိုဥပဒ်ဘေးရန်တို့ကို ဖျက်ဆီးတော် မူသည်အဖြစ် ကြောင့် ဘဂ္ဂဝါဟု ဆိုလိုလျက်"**ဘဂဝါ**"ဟူ၍ ဆိုအပ်၏။

**အကျဉ်းမှတ်ရန် ဂါထာကား**

"ဘဂ္ဂရာဂေါ ဘဂ္ဂဒေါသော၊
ဘဂ္ဂမောဟော အနာသဝေါ။
ဘဂ္ဂါဿ ပါပကာ ဓမ္မာ၊
ဘဂဝါ တေန ဝုစ္စတီ"တိ။

ရာဂကို ချိုးဖျက်တော်မူ၏၊ ဒေါသကို ချိုးဖျက်တော်မူ၏၊ မောဟကို ချိုးဖျက်တော်မူ၏၊ အာသဝေါ ကင်းတော်မူ၏၊ထို မြတ်စွာဘုရားသည် ယုတ်မာကုန်သော အကုသိုလ်တရားတို့ကို ချိုးဖျက်တော် မူအပ်၏၊ ထို့ကြောင့် ဘဂဝါ ဟူ၍ ဆိုအပ်၏။

အထွတ်အထိပ်သို့ရောက်သော ကုသိုလ်ပုညရှိသည်အဖြစ်ဖြင့် အရာမက များလှစွာသော ကောင်းမှုပုညကြောင့် ဖြစ်သော ယောက်ျားမြတ်တို့၏ လက္ခဏာကိုဆောင်သော မြတ်စွာဘုရား၏ ရူပကာယ၏ ပြည့်စုံခြင်းကို ပြ၏၊ အကုသိုလ် အပြစ်ဒေါသကို ဖျက်ဆီးတော်မူခြင်းဖြင့် ထို မြတ်စွာဘုရား၏ ဓမ္မကာယနှင့် ပြည့်စုံတော်မူသည်ကို ပြ၏။

ထို့အတူ လောကီ လူအပေါင်းတို့၏ များစွာ မြတ်နိုးအပ်သည် အဖြစ်ကိုပြ၏၊ လူရဟန်းတို့၏ ဆည်းကပ်အပ်သည်အဖြစ်ကို ပြ၏၊ ဆည်းကပ်ကုန်သော ထိုလူရဟန်းတို့၏ ကာယိကဒုက္ခ စေတသိက ဒုက္ခကိုပယ်ခြင်းငှါ စွမ်းနိုင်သည်အဖြစ်ကို ပြ၏၊ ဆည်းကပ်လာကုန်သော ထို လူရဟန်းတို့အား အာမိသဒါန ဓမ္မဒါနတို့ဖြင့် ကျေးဇူး ပြုတတ်သည်အဖြစ်ကို ပြ၏၊ ဆည်းကပ်လာကုန်သော သူတို့အား လောကီ,လောကုတ္တရာ ချမ်းသာနှင့် ယှဉ်စေခြင်းငှါ စွမ်းနိုင်တော်မူသည်အဖြစ်ကို ပြ၏။

ထို့ပြင် လောက၌ ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ ပယတ္တ ဟု ဆိုအပ်ကုန်သော ခြောက်ပါးကုန်သော တရားတို့၌ ဘဂသဒ္ဒါသည် ဖြစ်၏။

ထိုမြတ်စွာဘုရားအား လွန်မြတ်သော မိမိစိတ်၌ အစိုးရခြင်း ရှိတော်မူ၏၊ ကနည်းကား အဏိမာ,၊ လဃိမာ, မဟိမာ, ပတ္တိ, ပါကမ္မ, ဤသိတာ, ဝသိတာ, ယတ္ထကာမဝသာယိတာ ဟု ဆိုအပ်သော လူအပေါင်းတို့က အမြတ်ဟု သမုတ်အပ်သော အလုံးစုံသော အခြင်းအရာတို့နှင့် ပြည့်စုံသော ဣဿရိယ ဘုန်းတော် ရှိပါး၏။

## မှတ်ရန်

(၁) အဏိမာ၊မိမိကိုယ်ကို အဏုမြူပမာဏမျှသေးငယ်အောင် ပြုတော်မူနိုင်သော တန်ခိုးတော်။

(၂) လဃိမာ၊မိမိကိုယ်ကို ပေါ့ပါးအောင်ပြု၍ ကောင်းကင်၌ သွားတော်မူနိုင်သော တန်ခိုးတော်။

(၃) မဟိမာ၊ ကိုယ်တော်ကို ကြီးအောင် ဖန်ဆင်းတော် မူနိုင်သော တန်ခိုးတော်။

(၄) ပတ္တိ၊ လိုအပ်သော ဒေသသို့ ခဏခြင်း ရောက်နိုင်သော တန်ခိုးတော်။

(၅) ပါကမ္မ၊ လိုအပ်သော အမှုကို ပြုနိုင် ဖန်ဆင်းနိုင်သော တန်ခိုးတော်၊

(၆) ဤသိတာ၊ မိမိ အလိုတော်သို့ လိုက်စေနိုင်သော အစိုးရခြင်း တန်ခိုးတော်။

(၇) ဝသိတာ၊ ရေ,မီးအစုံ စသော ထူးဆန်းသော အရာ တို့ကို ဖန်ဆင်းနိုင်ခြင်း လျင်မြန်စွာလေ့လာနိုင်သော ဝသီဘော် တန်ခိုးတော်။

(၈) ယတ္ထကာမ ဝသာယိတာ၊ အလိုရှိရာပြုလိုတိုင်း အပြီး အဆုံးတိုင်အောင် ပြုလုပ်နိုင်သော တန်ခိုးတော်။

ဣဿရိယ ဘုန်းတော်များသည် ဣဒ္ဓိဝိဓ တန်ခိုးတော်တွင် ပါဝင်ကြကုန်၏။

ထို့အတူ လောကုတ္တရာတရားတည်းဟူသော ဓမ္မဘုန်းတော်လည်းရှိတော်မူ၏၊ လောကသုံးပါး၌ ပြန့်နှံ့သော ဟုတ်မှန်သော ဂုဏ်တော်တို့ကြောင့် ရအပ်သော အလွန် စင်ကြယ်သောကျော်စောသံ ယသဘုန်းတော်ရှိ၏၊ရူပကာယဟူသော အဆင်းတော်ကို ဖူးမြင်ကြရကုန်သော လူအပေါင်းတို့အား မျက်စိ၏ ကြည်လင်ခြင်းကို ဖြစ်စေခြင်းငှါ စွမ်းနိုင်သော သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး ရှစ်ဆယ်သော လက္ခဏာတော်ငယ် အသွယ်သွယ် အခြင်းအရာတို့ဖြင့် ပြည့်စုံသော ခပ်သိမ်းသောအင်္ဂါကြီးငယ်တို့၏ တင့်တယ်ခြင်း အသရေတော် သိရီဘုန်းတော်လည်း ရှိ၏။

ထိုမြတ်စွာဘုရားသည် အကြင် အကြင်သို့သော ကိုယ်တော်၏ စီးပွါးကိုငှင်း သူတပါး၏ စီးပွါးကိုငှင်း အလိုရှိအပ် တောင့်တအပ်၏၊ ထိုထိုအလိုရှိအပ်သောအတိုင်း တောင့်တအပ်သော အတိုင်း ပြီးစေနိုင်သော ကာမဘုန်းတော်လည်း ရှိတော်မူ၏။

ခပ်သိမ်းသော သတ္တလောက၏ ဆရာအဖြစ်သို့ ရောက်ခြင်း၏ အကြောင်းဖြစ်သော သမ္မာဝါယာမ ဟု ဆိုအပ်သော လုံ့လ ပယတ္တဘုန်းတော်လည်း ရှိတော်မူ၏၊ ထို့ကြောင့် ဤခြောက်ပါးသော ဘုန်းတော်တို့နှင့် ယှဉ်တော်မူသောကြောင့် ထိုမြတ်စွာဘုရားအား ဘဂဟုဆိုအပ်သော ဘုန်းတော်တို့သည် ရှိကုန်၏။ ဤသို့သော အနက်ကြောင့်"ဘဂဝါ" မည်တော်မူ၏ဟု ဆိုအပ်၏၊

ထို့ပြင် ကုသိုလ်အစရှိကုန်သော အပြားတို့ဖြင့်ငှင်း၊ အလုံးစုံသော တရားတို့ကို ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ဣန္ဒြေ, ပဋိစ္စသမုပ္ပါဒ် အစရှိသည်တို့ဖြင့်ငှင်း၊ ကုသိုလ်အစရှိသောတရားတို့ကို နှိပ်စက်တတ်သော ပီဠနအနက်, ပြုပြင် စီရင်တတ်သော သင်္ခတအနက်, ပူလောင်ခြင်းသဘော သန္တာပအနက်, ဖောက်ပြန်ခြင်းသဘော ဝိပရိဏာမဋ္ဌ အနက်ဟု ဆိုအပ်သော လေးပါးသော အနက်ရှိသော ဒုက္ခသစ္စာ၊ ဒုက္ခကို ဖြစ်စေသောအားဖြင့် ပွါးများအောင် စုရုံးခြင်းသဘော အာယူဟနအနက်, ဒုက္ခကို ဖြစ်ပေါ်စေခြင်းသဘော နိဒါနအနက်, ဒုက္ခနှင့် မကင်းအောင်

ပူးယှဉ်ခြင်း သဘော သံယောဂအနက်, မင်ဉာဏ် ဖိုလ်ဉာဏ်ကို မရနိုင်အောင် တားဆီး မှောင့်ရှောင့်ခြင်းသဘော ပလိဗောဓ အနက်ဟု ဆိုအပ်သော လေးပါးသောအနက်ရှိသော သမုဒယ သစ္စာ၊ ဒုက္ခဝဋ်မှ ကျွတ်လွတ်ခြင်း သဘော နိဿရဏအနက်, ဆိတ်ငြိမ်ခြင်း သဘော ဝိဝေကအနက်,တစုံတရာသော အကြောင်း တို့သည် မပြုပြင်အပ်သော သဘော အသင်္ခတအနက်, သေခြင်း ကင်းသော သဘော အမတအနက် ဟု ဆိုအပ်သောလေးပါးသော အနက်ရှိသော နိရောဓသစ္စာ၊ ဝဋ်ဒုက္ခမှ ထွက်မြောက်စေခြင်း သဘော နိယျာနိကအနက်, နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ် ဟေတုအနက်, နိဗ္ဗာန်ကို မြင်နိုင်ခြင်း သဘော ဒဿန အနက်, သမ္ပယုတ် တရားတို့၏ အကြီးအကဲဖြစ်သော အဓိပတေယျအနက် ဟု ဆိုအပ်သော လေးပါးသော အနက်ရှိသော မဂ္ဂသစ္စာ၊ ဤသို့လျှင် သစ္စာလေးပါး အနက် တဆယ့် ခြောက် ပါး တို့ဖြင့် ဝေဘန်တော်မူတတ်၏၊ ခွဲခြမ်း စိတ်ဖြာတော်မူတတ်၏၊ အကျယ် ချဲ့တော်မူတတ်၏၊ ဟောကြားတော်မူတတ်၏ဟု ဆိုလိုသည်၊ ထို့ကြောင့် **ဝိဘတ္တဝါ** ဟု ဆိုအပ်ပါလျက် ''ဘဂဝါ''ဟူ၍ ဆို လေသည်။

ထို့ပြင် ဤယောကျ်ားမြတ်သည် နတ်၏နေခြင်း၊ ဗြဟ္မာ၏ နေခြင်း၊ အရိယာ၏ နေခြင်းဟူသော နေခြင်းမျိုးကိုၗင်း၊ ကာယ ဝိဝေက, စိတ္တဝိဝေက, ဥပဓိဝိဝေက ဟူသော ဝိဝေက သုံးမျိုး တို့ကိုၗင်း၊ သုညတဝိမောက္ခ, အပ္ပဏိဟိတ ဝိမောက္ခ, အနိမိတ္တ ဝိမောက္ခဟူသော ဝိမောက္ခသုံးမျိုးတို့ကိုၗင်း၊ ထိုမှတပါး လောကီ, လောကုတ္တရာ, လွန်မြတ်သော ဥတ္တရိမနုဿဓမ္မ တရားတို့ကိုၗင်း မှီဝဲတော်မူတတ်၏၊ အကြိမ်များစွာ ပြုတော်မူ၏၊ ထို့ကြောင့် **ဘတ္တဝါ** ဟု ဆိုအပ်ပါလျက် ''ဘဂဝါ'' ဟူ၍ ဆိုလေသည်။

ထို့ပြင် ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သုံးပါး သော ဘဝတို့၌ တဏှာ ဟု ဆိုအပ်သော သွားခြင်းကို ထွေးအန် စွန့်ပစ်တော်မူအပ်လေပြီ၊ ထို့ကြောင့် **''ဘဝေသု ဝန္တဂမနော''** ဟု ဆိုအပ်လျက် ဘဝ,သဒ္ဒါမှ ဘ,အက္ခရာ၊ဂမန,သဒ္ဒါမှ ဂ,အက္ခရာ၊

ဝန္တ သဒ္ဒါမှ ဝ,အက္ခရာကိုယူ၍ ဝ,၌ရှိသော အ,ရသံကို အာ ဟု ဒီဃပြုပြီးလျှင် "ဘဂဝါ"ဟု ဆိုလေသည်၊ ဥပမာ-လောက၌, "**မေ ဟနသ ခဿ မာလာ**"ဟု ဆိုအပ်ပါလျက် "မေခလာ" ဟု ဆိုသကဲ့သို့ပေတည်း။

(မေဟနသ - လျှို့ဝှက်အပ်သော၊ ခဿ-ခါးကြိုး တန်ဆာ၏၊ မာလာ-ပန်းတည်း၊ မေခလာ-လျှို့ဝှက်အပ် သော ခါးကြိုး တန်ဆာ၏ပန်း၊)

(ဤဘဂဝါဟူသော ဂုဏ်တော်ကို အဋ္ဌကထာဆရာ သည် အောက်ပါအတိုင်း ခြောက်နည်း ဖွင့်ပြတော်မူ၏။)

(၁) ဘာဂျံ အဿ အတ္ထီတိ ဘဂဝါ၊
(၂) ဘဂ္ဂံ အကာသီတိ ဘဂဝါ၊
(၃) ဘဂါ အတ္ထိ ဧတဿာတိ ဘဂဝါ၊
(၄) ဝိဘတ္တဝါ တိ ဘဂဝါ၊
(၅) ဘတ္တဝါ တိ ဘဂဝါ၊
(၆) ဘဝေသု ဝမနံ ဝန္တောတိ ဘဂဝါ။

၁၄၅။ ဤသို့ဆိုအပ်ခဲ့ပြီးသော စကားအစဉ်ဖြင့် ဤမည်သော အကြောင်းကြောင့်ရင်း၊ ဤမည်သော အကြောင်း ကြောင့်ရင်း ထိုမြတ်စွာဘုရားသည် "အရဟ"မည်တော် မူ၏... (လ)....ဤမည်သော အကြောင်းကြောင့် မြတ်စွာ ဘုရားသည် ဘဂဝါမည်တော်မူ၏ ဟုဗုဒ္ဓမြတ်စွာဘုရား၏ ဂုဏ်တော်ကို အကြိမ်ကြိမ် အောက်မေ့သောသူအား ထိုအခိုက်အခါ၌ ရာဂ ထကြွသောင်းကျန်းသော စိတ် မဖြစ်၊ ဒေါသ ထကြွ သောင်းကျန်းသော စိတ်မဖြစ်၊ မောဟ ထကြွသောင်းကျန်းသော စိတ်မဖြစ်၊ ထိုအခါ၌ ထိုပုဂ္ဂိုလ်၏စိတ်သည် ဘုရားကျေးဇူးတော် ဂုဏ်တော် ကို အာရုံပြု၍ ဖြောင့်မတ်သည်သာဖြစ်၏၊ ဤသို့လျှင် ရာဂစသည် ထကြွ သောင်းကျန်းခြင်းမရှိသောကြောင့်

နီဝရဏကို ခွါအပ်ပြီးသော ကမ္မဋ္ဌာန်းသို့ ရှေးရှုသည့် အဖြစ်ဖြင့် ဖြောင့်မတ်သော စိတ်ရှိသောပုဂ္ဂိုလ်အား ဘုရားရှင်၏ ဂုဏ်ကျေးဇူးသို့ သွတ်သော ဝိတက်ဝိစာရတို့သည် ဖြစ်ကုန်၏၊ ဗုဒ္ဓရှင်တော်ဘုရား၏ ဂုဏ်တော်ကျေးဇူးတော်ကို အဖန်တလဲလဲ ကြံသော တရစ်ဝဲဝဲကြံအောက်မေ့သောပုဂ္ဂိုလ်အား နှစ်သက်ခြင်းပီတိသည် ဖြစ်၏၊ နှစ်သက်သော စိတ်ရှိသူအား ပီတိလျှင် နီးသော အကြောင်းရှိသော ပဿဒ္ဓိဖြင့် ကိုယ်စိတ်၏ ပူပန်ခြင်းကို ငြိမ်းစေကုန်၏၊ ပဿဒ္ဓိကြောင့် ပူပန်ခြင်း ငြိမ်းသော ပုဂ္ဂိုလ်အား ကိုယ်၌လည်း ဖြစ်သော စိတ်၌လည်း ဖြစ်သောသုခသည် ဖြစ်၏၊ သုခရှိသောသူအား ဘုရားဂုဏ်လျှင် အာရုံရှိသည့်ဖြစ်၍ စိတ်သည် တည်ကြည်၏၊ ဤသို့အစဉ်အတိုင်း တခုသောခဏ၌ ဈာန်အင်္ဂါတို့သည် ဖြစ်ကုန်၏။

ဘုရားရှင် ဂုဏ်တော်တို့၏ နက်နဲလှသောကြောင့်၎င်း၊ အထူးထူး အပြားပြားများသော ဂုဏ်တော်တို့ကို အောက်မေ့ခြင်းဖြင့် စုတ်စုတ် နှစ်နှစ် ဆုံးဖြတ်၍ လေးမြတ်ယုံကြည်သည့် အဖြစ်ကြောင့် ၎င်း၊ အပ္ပနာသို့မရောက်မူ၍ ဥပစာရမျှသာဖြစ်သော ဈာန်သည်ဖြစ်၏၊ ယင်းဥပစာရဈာန်သည် ဘုရားဂုဏ်ကို အဖန်တလဲလဲ အောက်မေ့သည်၏ အစွမ်းဖြင့်ဖြစ်သောကြောင့် ဗုဒ္ဓါနုဿတိ ဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။

**အကျိုးကား**—ဤဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို အဖန်တလဲလဲ အားထုတ်သော ရဟန်းသည် မြတ်စွာဘုရား၌ ရိုသေခြင်းရှိ၏၊ တုပ်ဝပ်ကျိုးနွံ၏၊ သဒ္ဓါယုံကြည်ခြင်း၏ ပြန့်ပြောခြင်း၊ သတိ၏ ပြန့်ပြောခြင်း၊ ပညာ၏ပြန့်ပြောခြင်း၊ ကုသိုလ်ကောင်းမှု၏ပြန့်ပြောကြီးကျယ်ခြင်းကို ရ၏၊ နှစ်သက်ခြင်း, ဝမ်းမြောက်ခြင်း များးစွာဖြစ်၏၊ ဘေးကြီးဘေးငယ်ကို နှိပ်နင်းနိုင်သည်, ဆင်းရဲဒုက္ခကို သည်းခံခြင်းငှါစွမ်းနိုင်သည် ဖြစ်၏၊ မြတ်စွာဘုရားနှင့် အတူတကွ နေရသည်ဟူသော အမှတ်သညာကို ရ၏၊ ဘုရားဂုဏ်ကို အဖန်ဖန်

အထပ်ထပ် အောက်မေ့သော သတိ၏ တည်နေ ကိန်းအောင်းရာ ဖြစ်သော ထိုပုဂ္ဂိုလ်၏ကိုယ်သည် စေတီအိမ်ကဲ့သို့ ပူဇော်ခြင်းငှါ ထိုက်၏၊ ဘုရား၏အဖြစ်၌လည်း စိတ်ညွတ်၏၊ လွန်ကျူးအပ်သော ဝတ္ထုနှင့်တွေ့သော်လည်း ထိုပုဂ္ဂိုလ်၏ မျက်မှောက်၌ ဘုရားရှင်ကို မြင်ရသကဲ့သို့ ဖြစ်၍ ရှက်ခြင်း ကြောက်ခြင်း ဟိရီ,ဩတ္တပ္ပ ဖြစ်၏၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြစ်သော အထက် တရားထူးကြီးများကို မထိုးထွင်းမပေါက်ရောက်နိုင်သော်လည်း ကောင်းသောဂတိလျှင် လည်းလျောင်းရာရှိ၏။

တသ္မာ ဟဝေ အပ္ပမာဒံ၊ ကယိရာထ သုမေဓသော။
ဧဝံ မဟာနုဘာဝါယ၊ ဗုဒ္ဓါနုဿတိယာ သဒါ။

ထိုသို့ များသောအကျိုး အာနိသင်ရှိသောကြောင့် ပညာရှိသောယောဂီပုဂ္ဂိုလ်သည် ဤသို့ကြီးမားသော အာနုဘော်နှင့် ပြည့်စုံသောဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း၌ အခါခပ်သိမ်း မမေ့မလျော့ ရှိသေစွာ အကြိမ်ကြိမ် အဖန်ဖန် အားထုတ်ခြင်းကို ပြုရာ၏။

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို အကျယ်ဖွင့်ပြခြင်း ပြီး၏။

---

## (၂) ဓမ္မာနုဿတိကိုပြခြင်း

၁၄၆။ ဓမ္မာနုဿတိ ကမ္မဋ္ဌာန်းကို ပွါးလိုသော ယောဂီပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာအရပ်သို့ ကပ်၍ ကောင်းစွာ သေဝပ်သော စိတ်ရှိသည်ဖြစ်၍ "သွာက္ခာတော ဘဂဝတာ ဓမ္မော သန္ဒိဋ္ဌိကော အကာလိကော ဧဟိပဿိကော ဩပနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ" ဟု ဤသို့ ပရိယတ္တိတရားတော်၏ဂုဏ်၊ ကိုးပါးအပြားရှိသော လောကုတ္တရာ တရား၏ဂုဏ် ဂုဏ်ကို အောက်မေ့အပ်ကုန်၏။

၁၄၇။ **သွာက္ခာတော** ဟူသောပုဒ်၌ ပရိယတ္တိဓမ္မသည်လည်း ပေါင်းရုံးရေတွက်ခြင်းသို့ ရောက်၏၊ ဤမှတပါးသော ဂုဏ်ပုဒ်တို့၌ကား လောကုတ္တရာ တရားကိုသာ ဆိုလို၏၊ ထို ပရိယတ္တိဓမ္မ, လောကုတ္တရာဓမ္မ, နှစ်ပါးတို့တွင် ပရိယတ္တိဓမ္မသည် အစ, အလယ်, အဆုံး၏ ကောင်းသောအဖြစ်ကြောင့်၎င်း၊အနက်နှင့် ပြည့်စုံသည် အဖြစ် သဒ္ဒါနှင့်ပြည့်စုံသည်အဖြစ် အလုံးစုံပြည့်စုံသော စင်ကြယ်သော မြတ်သော အကျင့်ကို ပြတတ်သည် အဖြစ်ကြောင့်၎င်း၊ ကောင်းစွာ ဟောအပ်သည်မည်၏၊ (သွာက္ခာတမည်၏)။ ထိုစကားမှန်သည်၊ မြတ်စွာဘုရားသည် တခုသော ဂါထာကို ဟောသော်လည်း ထိုဂါထာသည် အလုံးစုံသောအဘို့ဖြင့် ကောင်းသည် အဖြစ်ကြောင့် ပဌမပိုဒ်ဖြင့် အစကောင်း၏၊ ဒုတိယပိုဒ်–တတိယပိုဒ်တို့ဖြင့် အလယ်ကောင်း၏၊ စတုတ္ထပိုဒ်ဖြင့် အဆုံး ကောင်း၏၊ တခုသော အနုသန္ဓေ ရှိသော သုတ်သည် နိဒါန်းဖြင့် အစကောင်းသည်မည်၏၊နိဂုံးဖြင့် အဆုံးကောင်းသည် မည်၏၊ ကြွင်းသောစကားတို့ဖြင့် အလယ်ကောင်းသည်မည်၏၊အထူးထူးသော အနုသန္ဓေ ရှိသောသုတ်သည် ပဌမအနုသန္ဓေဖြင့်အစကောင်းသည် မည်၏၊ နောက်ဆုံး အနုသန္ဓေဖြင့် အဆုံးကောင်းသည် မည်၏၊ ကြွင်းသောအနုသန္ဓေတို့ဖြင့် အလယ်ကောင်းသည် မည်၏၊ စင်စစ်သော်ကား နိဒါန်းနှင့် တကွ အတ္ထုပ္ပတ္တိနှင့်တကွဖြစ်သောကြောင့် အစ၏ကောင်းခြင်း မည်၏၊ ဝေနေယျ သတ္တဝါတို့အား လျော်သော အဖြစ်ကြောင့်၎င်း၊ အနက်၏ မဖောက် မပြန်သည် အဖြစ်ကြောင့်၎င်း၊ အကြောင်း ဥဒါဟရဏ်တို့နှင့် ယှဉ်သောကြောင့်၎င်း အလယ်၏ ကောင်းခြင်းမည်၏၊ နာကြားသူတို့၏ သဒ္ဓါတရားကို ရခြင်းကို ဖြစ်စေသဖြင့်၎င်း၊ နိဂုံးဖြင့်၎င်း အဆုံး၏ကောင်းခြင်းမည်၏၊ အလုံးစုံသော သာသနာတော် ဓမ္မသည် မိမိဟူသော ပရိယတ္တိဓမ္မ၏

အနက် ဖြစ်၍ဖြစ်သော သီလဖြင့် အစ၏ ကောင်းခြင်း မည်၏၊ သမထ, ဝိပဿနာ, မဂ်,ဖိုလ်တို့ဖြင့် အလယ်၏ ကောင်းခြင်းမည်၏၊ နိဗ္ဗာန်ဖြင့် အဆုံး၏ကောင်းခြင်း မည်၏၊ **တနည်းကား**—သီလ, သမာဓိဖြင့် အစ၏ ကောင်းခြင်းမည်၏၊ ဝိပဿနာ,မဂ်ဖြင့် အလယ်၏ ကောင်းခြင်းမည်၏၊ ဖိုလ်,နိဗ္ဗာန်ဖြင့် အဆုံး၏ကောင်း ခြင်း မည်၏၊ **တနည်းကား**—ဗုဒ္ဓ မြတ်စွာ ဘုရား၏ ကောင်းစွာ ပွင့်လင်းသော ဗောဓိဉာဏ် ရှိတော်မူသော အဖြစ်သည် အစ၏ကောင်းခြင်းမည်၏၊ တရားတော်၏ ကောင်းသော တရားဖြစ်သော အားဖြင့် အလယ်၏ ကောင်းခြင်းမည်၏၊ သံဃာတော် တို့၏ ကောင်းစွာ ကျင့်သော အဖြစ်အားဖြင့် အဆုံး၏ ကောင်းခြင်း မည်၏။

**တနည်းကား**—ထို သာသနာတော်မြတ်ကို နာရ၍ ဟောတော် မူရလတ္တံ့သော အကျိုးငှါ ကျင့်သော သူသည် ရအပ်သော ထိုးထွင်း၍သိခြင်း သမ္မာ သမ္ဗောဓိဉာဏ်ဖြင့် အစ၏ကောင်းခြင်း မည်၏၊ ပစ္စေက ဗောဓိဉာဏ်ဖြင့် အလယ်၏ ကောင်းခြင်း မည်၏၊ သာဝကဗောဓိဉာဏ်ဖြင့် အဆုံး၏ကောင်းခြင်းမည်၏၊နာကြားဆဲ ဖြစ်သော ဤသာသနမြတ်သည် နီဝရဏတို့၏ ကွာခြင်းကြောင့် နာကြားခါမတ္တဖြင့်လည်း ကောင်းကျိုးကိုဆောင်၏၊ထို့ကြောင့် အစ၏ ကောင်းခြင်းမည်၏၊ ကျင့်သည် ရှိသော်ကား သမထ ချမ်းသာ၊ဝိပဿနာချမ်းသာကိုဆောင်တတ်သောကြောင့် အကျင့် အားဖြင့်လည်း ကောင်းကျိုးကိုဆောင်၏၊ ထို့ကြောင့် အလယ်၏ ကောင်းခြင်းမည်၏၊ ထိုသို့ ကျင့်သောကြောင့်လည်း ကျင့်ခြင်း၏ အကျိုးသည် ပြီးသည်ရှိသော် တာဒိ အဖြစ်ကို ဆောင်ခြင်းကြောင့် အကျင့်၏ အကျိုးအားဖြင့်လည်း ကောင်းခြင်းကို ဆောင်၏၊ ထို့ကြောင့် အဆုံး၏ကောင်းခြင်းမည်၏၊ ဤသို့သော နည်းဖြင့် အစ, အလယ်, အဆုံး ကောင်းသောကြောင့် ကောင်းစွာ ဟောအပ်သည် မည်၏။ (သွာက္ခာတမည်၏)

ထို့ပြင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် သုံးပါးသော ကောင်းခြင်းရှိသော တရားကို ဟောတော်မူသော ထိုမြတ်စွာဘုရားသည် သာသန ဗြဟ္မစရိယဟူသော အကျင့်, မဂ္ဂ ဗြဟ္မစရိယ ဟူသော အကျင့်ကို ပြတော်မူ၏၊ အထူးထူးသော နည်းတို့ဖြင့် ထင်ရှားစေတော်မူ၏၊ ထိုမြတ်သော အကျင့်သည် ထိုက်သင့်သည်အားလျော်စွာ အကျိုးအနက်နှင့် ပြည့်စုံသည် အဖြစ်ကြောင့် သာတ္ထမည်၏၊ သိထိလ ဓနိတ စသော ဗျဉ္ဇနဗုဒ္ဓိဆယ်ပါး သဒ္ဒါအားဖြင့်ပြည့်စုံသည် အဖြစ်ကြောင့် သဗျဉ္ဇန မည်၏၊ အကျဉ်းအားဖြင့်ပြခြင်း သံကာသန၊ အကျယ်အားဖြင့် ဖွင့်ပြခြင်းဝိဝရဏ တကြိမ်ဆိုအပ်ပြီးသည်ကို တဖန် ဝေဘန်ခြင်း ဝိဘဇန၊ အလွန်ချွဲ၍ ထင်စွာပြခြင်း ဥတ္တာနိကရဏ၊ အပြားအားဖြင့် သိစေခြင်း ပညတ္တိ၊ ဤခြောက်ပါးသော အနက်တို့နှင့် ယှဉ်ခြင်းကြောင့် သာတ္ထမည်၏၊ အက္ခရာ, ပုဒ်, ဝါကျ, ဝါကျကို ဝေဘန်ခြင်း အာကာရ, ဝိဂ္ဂဟ်, အကျယ်ပြခြင်း နိဒ္ဒေသ, ဤခြောက်ပါးသော သဒ္ဒါနည်းတို့နှင့် ယှဉ်သောကြောင့် သဗျဉ္ဇနမည်၏၊ အနက်အဓိပ္ပါယ်၏နက်နဲသည် အဖြစ် အတ္ထဂမ္ဘီရ၊ အသိဉာဏ်၏ နက်နဲသည်အဖြစ် ပဋိဝေဓ ဂမ္ဘီရ၏ အဖြစ်ကြောင့် သာတ္ထမည်၏၊ ဓမ္မ၏နက်နဲသည် အဖြစ် ဒေသနာ၏ နက်နဲသည် အဖြစ်ကြောင့် သဗျဉ္ဇန မည်၏၊ အတ္ထ ပဋိသမ္ဘိဒါ, ပဋိဘာန ပဋိသမ္ဘိဒါ၏အာရုံဖြစ်သောကြောင့် သာတ္ထမည်၏၊ ဓမ္မပဋိသမ္ဘိဒါ, နိရုတ္တိပဋိသမ္ဘိဒါ၏ အာရုံဖြစ်သောကြောင့် သဗျဉ္ဇနမည်၏၊ ပညာရှိတို့ သည်သာ သိနိုင်သည်အဖြစ်ကြောင့် ကုသိုလ်ကို ရှာလေ့ရှိသော ပညာရှိတို့၏ ကြည်ညိုခြင်းကို ဆောင်နိုင်၏၊ ထို့ကြောင့် သာတ္ထမည်၏၊ ယုံကြည်အပ်သည် အဖြစ်ကြောင့် လောကီ လူအပေါင်းတို့၏ ကြည်ညိုခြင်းကို ဆောင်နိုင်၏၊ ထို့ကြောင့် သဗျဉ္ဇနမည်၏၊ နက်နဲသောအဓိပ္ပါယ် ရှိသောကြောင့်သာတ္ထမည်၏၊ သိလွယ်သော ပုဒ်ရှိသောကြောင့် သဗျဉ္ဇန မည်၏။

တည့်သွင်း လောင်းစွက်ရသော တရားဟူ၍ မရှိ၊ အလုံးစုံ အပြည့်အစုံဖြစ်သောကြောင့် ကေဝလပရိပုဏ္ဏ မည်၏၊ ပယ်အပ်

ထုတ်အပ်သော အရာဟူ၍ မရှိ, အပြစ်ကင်းသည် အဖြစ်ဖြင့် ထက်ဝန်းကျင်မှ စင်ကြယ်သောကြောင့် ပရိသုဒ္ဓမည်၏။

**ဆိုဘွယ်အထူးကား၊**— သီလ ဝိသုဒ္ဓိ စသော ကောင်းသော အကျင့် ပဋိပတ်ဖြင့် သစ္စာကို ထိုးထွင်းသိမြင်, လိမ္မာ, ကျွမ်း ကျင်သည် အဖြစ်ကြောင့် သာတ္ထမည်၏၊ ပရိယတ္တိ ဓမ္မကို လေ့ကျက် သင်ကြား ခြင်းဖြင့် အာဂုံပါဠိ ရရှိတတ်ပွန်သည် အဖြစ်ကြောင့် သဗျဉ္ဇနမည်၏၊ သီလ အစရှိသော ငါးပါးသော တရားအစုနှင့် ယှဉ်သောကြောင့် အလုံးစုံ ပြည့်စုံခြင်း ကေဝလ ပရိပုဏ္ဏမည်၏၊ ဒိဋ္ဌိ, မာန, စသော ဥပက္ကိလေသ တရား ကင်းသည် အဖြစ်ကြောင့်၎င်း၊ ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ခြင်း၄ါ ဖြစ်သောကြောင့်၎င်း၊ လောကာမိသ၌ ငဲ့ကွက်ခြင်း ကင်းသည် အဖြစ်ကြောင့်၎င်း၊ ပရိသုဒ္ဓမည်၏။ ဤသို့လျှင် အကျိုးကျေးဇူး အနက်နှင့် ပြည့်စုံသော သဒ္ဒါပုဒ် ဗျည်းနှင့် ပြည့်စုံသောပယ်နုတ် ထည့်သွင်း အပ်သည်မရှိ၊ အလုံးစုံ ပြည့်စုံသော ထက်ဝန်းကျင်မှ အပြစ် ကင်းစင်သော သာသနဗြဟ္မစရိယ, မဂ္ဂဗြဟ္မစရိယဟူသော အကျင့်မြတ်ကို ပြတတ်သည် အဖြစ်ကြောင့် သွာက္ခာတ မည်၏။

**တနည်းကား၊**—အနက် အဓိပ္ပါယ်၏ ဖောက်ပြန်ချွတ်လွဲခြင်းမရှိ၊ ကောင်းစွာ ဟောအပ်သည် အဖြစ်ကြောင့် သွာက္ခာတ မည်၏၊ ထင်ရှားအောင် ဆိုဦးမည်၊ သာသနာတော်မှ တပါးသော အယူ ရှိကြကုန်သော တိတ္ထိတို့၏ တရား၏ အနက် အဓိပ္ပါယ်သည် ဖောက်ပြန်ခြင်းသို့ ရောက်ကုန်၏၊ အန္တရာယ်ကို ပြုတတ်သည်ဟု ၎င်းတို့ ဟောသောတရားသည် စင်စစ် အန္တရာယ်ကိုပြုတတ်သော သဘောမရှိသောကြောင့်၎င်း၊ ဝဋ္ဋဆင်းရဲမှ ထုတ်ဆောင်တတ်၏ ဟု ဟောအပ်သော တရားတို့သည် ဝဋ္ဋဆင်းရဲမှ လွတ်မြောက်ခြင်း မရှိသောကြောင့်၎င်း ဖောက်ပြန်ကုန်၏၊ (ချွတ်လွဲကုန်၏) ထိုသို့ အလွဲလွဲအချော်ချော်ဖြစ်သောကြောင့် ထိုတိတ္ထိတို့၏ တရားသည် မကောင်းသဖြင့် ဟောအပ်သော ဒုရက္ခာတ တရားတို့သာ ဖြစ်ကုန်၏၊ မြတ်စွာဘုရား တရားတော်၏ အနက် အဓိပ္ပါယ် တို့သည်ကား ထိုတိတ္ထိတို့ တရားကဲ့သို့ ဖောက်ပြန် ချွတ်လွဲခြင်းသို့

မရောက်၊ ဤတရားတို့သည် အန္တရာယ်ကို ပြုတတ်ကုန်၏၊ ဤတရား တို့သည် ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကုန်၏ဟု ဤသို့ဟောအပ်သော တရားတော်များသည် ထို ဟောတော်မူသော အတိုင်းမှ မလွန်၊ ဟောသော အတိုင်းဖြစ်၏၊ ဤ သို့ လျှင် ပရိယတ္တိဓမ္မသည် သွာက္ခာတ မည်၏။

လောကုတ္တရာ တရားသည်ကား နိဗ္ဗာန်အား လျော်သော အကျင့် ပဋိပတ်ကိုင်း၊ အကျင့်ပဋိပတ်အား လျော်သော နိဗ္ဗာန် ကိုင်း ဟောတော်မူအပ်သည့်အဖြစ်ကြောင့် သွာက္ခာတ မည်၏၊ မြတ်စွာဘုရား ဟောတော်မူသည်မှာကား "ထို မြတ်စွာဘုရား သည် တပည့်တော်တို့အား နိဗ္ဗာန်သို့ ရောက်စေတတ်သော အကျင့်ပဋိပတ်ကို ကောင်းစွာပညတ် ဟောကြားတော်မူအပ်၏၊ နိဗ္ဗာန်သည်ငင်း,အကျင့်သည်ငင်း နှီးနှောမိ၏၊ဥပမာအားဖြင့်ဂင်္ဂါ ရေသည် ယမုနာရေနှင့် နှီးနှောမိ၏ သို့ ညီညွတ်ဘိ၏သို့ ဤအတူ မြတ်စွာဘုရားသည် တပည့်တော်တို့အား နိဗ္ဗာန်ကိုင်း, နိဗ္ဗာန် ရောက်ကြောင်း အကျင့်ကိုင်း, ကောင်းစွာ ပညတ် ဟောကြား တော်မူရာ နိဗ္ဗာန်နှင့် နိဗ္ဗာန်ရောက်ကြောင်းအကျင့်သည် နှီးနှော မိ၏"ဟူ၍ ဖြစ်သည်။(**ဒီဃ နိကာယ် မဟာဂေါဝိန္ဒသုတ်**)

ဤလောကုတ္တရာ တရားတို့တွင် အရိယမဂ်သည် အယုတ်တရား လမ်းမှားနှစ်ရပ်သို့ မကပ်မူ၍ အလယ်အလတ် အကျင့်ဖြစ်၍ အလယ်အလတ်အကျင့် မဇ္ဈိမပဋိပဒါဖြစ်သည်ဟု ဟောအပ်သော ကြောင့် သွာက္ခာတမည်၏၊ သာမည ဖိုလ်တို့သည် ကောင်းစွာ ငြိမ်းပြီးသော ကိလေသာရှိ၍သာလျှင် ငြိမ်းပြီးသော ကိလေသာ ရှိ၏ ဟု ဟောအပ်သောကြောင့် သွာက္ခာတတို့ မည်ကုန်၏၊ နိဗ္ဗာန်သည် မြဲသောသဘော သေခြင်းကင်းသောသဘော စောင့် ရှောက်တတ်သော သဘော ပုန်းအောင်းရာဟူသော သဘော အစရှိသည် သာလျှင်ဖြစ်၍ မြဲသောသဘော အစရှိသည်၏ အစွမ်း ဖြင့် ဟောအပ်သောကြောင့် သွာက္ခာတမည်၏၊ ဤသို့လျှင် လောကုတ္တရာ တရားသည်လည်း သွာက္ခာတမည်၏။

၁၄၈။ **သန္ဒိဋ္ဌိက** ဟူသောပုဒ်၌ အရိယမဂ်သည် မိမိ၏ သန္တာန်၌ ရာဂအစရှိသည်တို့၏ မရှိခြင်းကိုပြုသည်ဖြစ်၍ အရိယာပုဂ္ဂိုလ်သည် ကိုယ်တိုင်မြင်အပ်၏၊ ထို့ကြောင့် သန္ဒိဋ္ဌိကမည်၏၊ မြတ်စွာဘုရား ဟောတော်မူသည်မှာကား "အိုပုဏ္ဏား, တပ်မက်မောသော သူသည် ရာဂသည် နှိပ်စက်အပ်သောကြောင့် ထက်ဝန်းကျင်သိမ်းကျုံးယူအပ်သော စိတ်ရှိသည်ဖြစ်၍ မိမိကိုယ်ကို ဆင်းရဲစေခြင်းငှါလည်း ဖြစ်စေ၏၊ သူတပါးတို့ ဆင်းရဲစေခြင်းငှါလည်း ဖြစ်စေ၏၊ နှစ်ပါးစုံ ဆင်းရဲခြင်းငှါလည်း ဖြစ်စေ၏၊ စိတ်၌ဖြစ်သော ဆင်းရဲကို နှလုံးမသာယာခြင်းကို ခံစားရ၏၊ ရာဂကို ပယ်သည် ရှိသော်ကား မိမိကိုယ်ဆင်းရဲခြင်းငှါလည်း မဖြစ်စေ၊ သူတပါး ဆင်းရဲခြင်းငှါလည်း မဖြစ်စေ၊ နှစ်ဦးစလုံး ဆင်းရဲခြင်းငှါလည်း မဖြစ်စေ၊ စိတ်၌ဖြစ်သော ဆင်းရဲကို နှလုံးမသာယာခြင်းကို မခံစားရ၊ အိုပုဏ္ဏား, ဤသို့လျှင် တရားသည် ကိုယ်တိုင်ရှုမြင်အပ်သော သန္ဒိဋ္ဌိက မည်သည်ဖြစ်၏" ဟု ဟောတော်မူ၏။

**တနည်းကား**–ကိုးပါး အပြားရှိသော လောကုတ္တရာ တရားသည် အကြင်အကြင်သို့သော အရိယာ၏ တပည့်များသည် ရောက်အပ်၏၊ ထိုအရိယာ၏ တပည့်သည် သူတပါးအား ယုံကြည်သဖြင့် ရောက်အပ် သိအပ်သည်ကို ပယ်၍ ပစ္စဝေက္ခဏာ ဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် မြင်အပ် ရောက်အပ်သောကြောင့် **သန္ဒိဋ္ဌိက** မည်၏။

**တနည်းကား** ချီးမွမ်းအပ်သော မြင်ခြင်းပညာကို **သန္ဒိဋ္ဌိ** ဟုဆိုသည်၊ ချီးမွမ်းအပ်သော ပညာဖြင့် ဖြစ်တတ်သောကြောင့် "သန္ဒိဋ္ဌိက" မည်သည်၊ ထိုစကား မှန်သည်၊ ဤမဂ်ဖိုလ်နိဗ္ဗာန်တို့တွင် အရိယမဂ်သည် မိမိနှင့် သမ္ပယုတ်ဖြစ်သော ချီးမွမ်းအပ်သော ပညာဖြင့် ကိလေသာတို့ကို အောင်တတ်၏၊ အရိယဖိုလ်သည် မိမိ၏ အကြောင်းဖြစ်သော မဂ်နှင့်ယှဉ်သောပညာဖြင့်

ကိလေသာတို့ကို အောင်၏၊ နိဗ္ဗာန်သည် အာရုံပြုခြင်းဖြင့် မိမိ၏ အာရမ္မဏိကဖြစ်သော မဂ်နှင့်ယှဉ်သော ပညာဖြင့် ကိလေသာ တို့ကို အောင်၏၊ ထို့ကြောင့် ရထားဖြင့် အောင်သောကြောင့် **"ရထိက"**ဟူသကဲ့သို့ ထို့အတူ ကိုးပါးအပြားရှိသော လောကုတ္တရာ တရားသည် ချီးမွမ်းအပ်သော ပညာဖြင့် အောင်၏၊ ထို့ကြောင့် **သန္ဒိဋ္ဌိက** မည်၏။

**တနည်းကား** မြင်ခြင်းကို**"ဒိဋ္ဌ"**ဟူ၍ ဆိုအပ်၏၊ ဒိဋ္ဌသည်ပင် **"သန္ဒိဋ္ဌ"**မည်၏၊ မြင်ခြင်းဟု ဆိုလို၏၊ မြင်ခြင်းငှါ ထိုက်သော ကြောင့် **သန္ဒိဋ္ဌိက** မည်၏၊ ထိုစကားမှန်သည်၊ လောကုတ္တရာ တရားသည် ဘာဝနာဘိသမယဟူသော မဂ်ဉာဏ်၏ အစွမ်းဖြင့် ၎င်း သစ္ဆိကရိယာဘိသမယ ဟူသော ဖိုလ်ဉာဏ်၏ အစွမ်းဖြင့် ၎င်း ရှုမြင်အပ်သော်သာလျှင် ဝဋ္ဋဆင်းရဲကို နှစ်စေ၏၊ ထို့ကြောင့် အဝတ်နှင့် ထိုက်သောကြောင့် ဝတ္ထိက ဟူသကဲ့သို့ ထို့အတူ မြင်ခြင်းငှါထိုက်သောကြောင့် **သန္ဒိဋ္ဌိက** မည်၏။

၁၄၉။ **အကာလိက** မိမိ၏ အကျိုးပေးခြင်းကိုရည်၍ ထို မဂ်အား ဆိုင်းလင့်အပ်သော အကျိုးပေးရာကာလသည် မရှိ၊ ထို့ကြောင့် အကာလ မည်၏၊ အကာလသည်ပင်လျှင် အကာလိက မည်၏၊ ငါးရက် ခုနစ်ရက်စသည် အပြား ရှိသော အချိန်ကာလကို ကုန်စေ၍ အကျိုးကိုမပေး၊ စင်စစ်အားဖြင့် မိမိဖြစ်သည်၏ အခြားမဲ့၌သာလျှင် အကျိုးပေးတတ်၏ဟု ဆိုလို၏၊ **တနည်းကား** မိမိ၏ အကျိုးပေးရာ၌ ထိုလောကီကုသိုလ်အား ဝေးသော ဆောင်အပ်သော အကျိုးပေးရာကာလရှိ၏၊ ထို့ကြောင့် **"ကာလိက"** မည်၏၊ ထိုကာလိက ဟူသည် အဘယ် နည်း၊ လောကီဖြစ်သော ကုသိုလ်ပေတည်း၊ ထိုသို့ မဟုတ် ဤလောကုတ္တရာ မဂ်သည်ကား အခြားမဲ့၌ အကျိုးပေးခြင်းရှိသောကြောင့် ဝေးသောအကျိုးပေးရာ ကာလရှိသည် မဟုတ်၊ ထို့ကြောင့် **"အကာလိက"**

မည်၏၊ ဤ"အကာလိက"ဟူသောပုဒ်သည် မဂ်ကိုရည်၍ ဆိုအပ်သောပုဒ်ဖြစ်သည်။

၁၅၀။ **ဧဟိပဿိက** လာလှည့် ဤတရားကို ရှုလော့ ဤသို့ ဖြစ်သော လာလှည့် ရှုလှည့် ဟု ခေါ်ဝေါ် တိုက်တွန်း သော အစီအရင် စကားကိုထိုက်၏၊ ထို့ကြောင့် "ဧဟိပဿိက" မည်၏၊ ဤတရားသည် အဘယ်ကြောင့် ထို လာလှည့်ရှုလှည့်ဟူသော အစီအရင်ကို ထိုက်သနည်း၊ ပရမတ္ထအားဖြင့် ထင်ရှား ရှိသောကြောင့်၎င်း၊ ကိလေ သာတို့မှ ထက်ဝန်းကျင် စင်ကြယ်သောကြောင့်၎င်း ထိုက်၏၊ အချည်းနှီးသော လက်ဆုပ်၌ ငွေသည်၎င်း ရွှေ သည်၎င်း ရှိ၏ဟု ဆို၍ လာလှည့် ဤရွှေငွေကို ရှုလော့ ဟု ဆိုခြင်းငှါ မတတ်ကောင်း၊ အဘယ်ကြောင့်ဟူမူ မရှိ သောကြောင့် ဖြစ်၏၊ ထင်ရှားရှိသော်လည်း ကျင်ကြီး ကို၎င်း၊ ကျင်ငယ်ကို၎င်း နှစ်သက်ဘွယ်အဖြစ်ကို ပြသဖြင့် စိတ်ကို ရွှင်စေခြင်းငှါ လာလှည့် ဤကျင်ကြီး ကျင်ငယ်ကို ရှုလှည့် ဟု ဆိုခြင်းငှါ မတတ်ကောင်း၊ စင်စစ်သော်ကား မြက်တို့ဖြင့်၎င်း သစ်ရွက်တို့ဖြင့်၎င်း ဖုံးလွှမ်းအပ်သည်သာ ဖြစ်၏၊အဘယ်ကြောင့်ဆိုသော် မစင်ကြယ်သောကြောင့် ဖြစ်၏၊ ကိုးပါး အပြားရှိသော ဤလောကုတ္တရာ တရား သည်ကား–ပရမတ္ထ သဘောတရားအားဖြင့် ရှိသည်ဖြစ် ၍ တိမ်တိုက် ကင်းရှင်းသော ကောင်းကင်မှာ ထက်ဝန်း ကျင် ပြည့်စုံသော လပြည့်ဝန်းကြီးကဲ့သို့ ပဏ္ဍုကမ္ဗလာ၌ ချထားအပ်သော ပတ္တမြားစစ်ကဲ့သို့ ထက်ဝန်းကျင် စင်ကြယ်သည်ဖြစ်၏၊ ထိုသို့ ထင်ရှားရှိခြင်းကြောင့်၎င်း စင်ကြယ်ခြင်းကြောင့်၎င်း လာလှည့် ရှုလှည့်ဟူသော အစီအရင်ကိုထိုက်၏၊ထို့ကြောင့်"**ဧဟိပဿိက**"မည်၏။

၁၅၁။ **ဩပနေယျိက** ကပ်၍ဆောင်ထိုက်သောကြောင့် "ဩပ-နေယျိက"မည်၏၊ကပ်၍ဆောင်ခြင်းကို "ဥပနယ" ခေါ် သည်၊ တဟုန်းဟုန်း မီးတောက်လောင်သော အဝတ်

ပုဆိုးကိုဂုဏ်း ဦးခေါင်းကိုဂုဏ်း လျစ်လျူရှုထား၍ ဘာဝနာ၏အစွမ်းဖြင့် မိမိ၏ စိတ်၌ ဆောင်ခြင်းငှါ (ဖြစ်စေခြင်းငှါ)ထိုက်၏။ ထို့ကြောင့်"သြပနေယျိက" မည်၏၊ ဤစကားသည် သင်္ခတ ဖြစ်သော လောကုတ္တရာ တရား၌ သင့်လျော်၏၊ အသင်္ခတ ဖြစ်သော လောကုတ္တရာတရား၌ကား မိမိ၏စိတ်ဖြင့် အာရုံပြုသောအားဖြင့် ဆောင်ခြင်းငှါထိုက်၏။ ထို့ကြောင့် "သြပနေယျိက" မည်၏၊ မျက်မှောက်ပြုခြင်း၏ အစွမ်းဖြင့် ကပ်၍ တွေ့ထိခြင်းငှါ ထိုက်၏ ဆိုလိုသည်၊ **တနည်းကား** နိဗ္ဗာန်သို့ဆောင်တတ်သောကြောင့် အရိယမဂ်သည် ဥပနေယျမည်၏၊ မျက်မှောက် ပြုအပ်သည်အဖြစ်သို့ ဆောင်အပ်သောကြောင့် ဖိုလ်နှင့် နိဗ္ဗာန်တရားသည် ဥပနေယျမည်၏၊ ထိုဥပနေယျကိုပင် "သြပနေယျိက" ဟု ဆိုသည်။

၁၅၂။ **ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ** ဆိုသည်ကား အလုံးစုံ ကုန်သော ဥဃ္ဃဋိတညူ, ဝိပဉ္စိတညူ, နေယျပုဂ္ဂိုလ် ဟု ဆိုအပ်ကုန်သော သစ္စာသိမြင် အရှင်အရိယာပုဂ္ဂိုလ်တို့သည် မိမိ မိမိ၌ အသီးအသီး ငါသည် မဂ်ကိုပွါးအပ်ပြီ၊ ဖိုလ်ကိုရအပ်ပြီ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုအပ်ပြီ ဟု ဤသို့ သိအပ် ခံစားအပ်၏၊ ဥပဇ္ဈာယ်ဆရာ ပွါးအပ်သော မဂ်သည် တပည့်၏ ကိလေသာကို မပယ်ကုန်၊ ထို တပည့်သည် ထိုဆရာဥပဇ္ဈာယ်၏ ဖလသမာပတ်ဖြင့် ချမ်းသာစွာ မနေရ၊ ထိုဆရာဥပဇ္ဈာယ် မျက်မှောက်ပြုသောနိဗ္ဗာန်ကို မျက်မှောက် မပြုနိုင်၊ ထို့ကြောင့် ဤမဂ်ဖိုလ် နိဗ္ဗာန် ဟူသော လောကုတ္တရာ တရားကို သူတပါး၏ ဦးခေါင်း၌ ဆင်သော တန်ဆာကဲ့သို့ ရှုအပ်သည်မဟုတ်၊ မိမိ၏စိတ်၌သာလျှင် ဝိညူပုဂ္ဂိုလ် အရိယာသခင်တို့သည် ရှုမြင်ခံစားအပ်၏ ဟု ဆိုလိုသည်၊ ဤ မဂ်ဖိုလ် နိဗ္ဗာန် တရားသည် သူမိုက်တို့၏ အရာ မဟုတ်။

**တနည်းကား** ဤတရားသည် မျက်မှောက်ထင်ထင် ရှုမြင်ခြင်းငှါ ထိုက်သော သန္ဒိဋ္ဌိကဂုဏ်ကြောင့် သွာက္ခာတမည်၏၊ အခါမလင့် အကျိုးပေးခြင်း အကာလိကဂုဏ်ကြောင့် သန္ဒိဋ္ဌိကမည်၏၊ လာလှည့် ရှုလှည့်ဟူသော အစီအရင်ကို ထိုက်ခြင်း ဧဟိပဿိက ဂုဏ်ကြောင့် အကာလိကမည်၏။ ဧဟိပဿိကမည်သော တရားသည်ပင် ဩပနေယျိကမည်၏။ ဤသို့လျှင် နောက်နောက်ပုဒ်သည် ရှေ့ရှေ့ပုဒ်၏ အကြောင်းဟူ၍ သိအပ်၏။

၁၅၃။ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် သွာက္ခာတ စသည် အပြားရှိကုန်သော တရားတော်၏ ဂုဏ်တော်တို့ကို အဖန်တလဲလဲ အောက်မေ့သော ယောဂီပုဂ္ဂိုလ်အား ထိုတရားတော်ဂုဏ်ကို အောက်မေ့သော အခိုက်အခါ၌ ရာဂ ထကြွ သောင်းကျန်းသော စိတ်သည် မဖြစ်၊ ဒေါသ....(လ)....မောဟ ထကြွ သောင်းကျန်းသော စိတ်သည် မဖြစ်၊ ထိုအခါ၌ ထိုပုဂ္ဂိုလ်၏စိတ်သည် ဖြောင့်မတ်သည်သာ ဖြစ်၏၊ တရားကို အာရုံပြု၍ ရှေးနည်းအတိုင်း နီဝရဏကို ခွါအပ်ပြီးသောပုဂ္ဂိုလ်အား တခုသော ခဏ၌ ဈာန်အင်္ဂါတို့သည် ဖြစ်ကုန်၏၊ ထိုသို့ ဖြစ်သော်လည်း တရားဂုဏ်တော်တို့၏ နက်နဲသည် အဖြစ်ကြောင့်၎င်း၊ အထူးထူး အပြားပြားသော ဂုဏ်တို့ကို အောက်မေ့ခြင်းဖြင့် လေးမြတ်ယုံကြည်သည် အဖြစ်ကြောင့်၎င်း အပ္ပနာသို့ မရောက်မူ၍ ဥပစာရ ဈာန်မျှသာ ဖြစ်၏၊ ထိုဈာန်သည် တရားဂုဏ်ကို အောက်မေ့သည်၏ အစွမ်းဖြင့် ဖြစ်သောကြောင့် ဓမ္မာနုဿတိ ဟူ၍ သာလျှင် ရေတွက် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

ဤဓမ္မာနုဿတိကမ္မဋ္ဌာန်းကို အဖန်တလဲလဲ အားထုတ်သော ရဟန်းသည် ကပ်၍ ဆောင်ခြင်းငှါ ထိုက်သောတရားကို ဟောတော်မူတတ်သော ဤအင်္ဂါနှင့်ပြည့်စုံသော မြတ်စွာဘုရားကို အတိတ်ကာလကလည်း မမြင်ဘူး၊ယခုပစ္စုပ္ပန်မှာလည်း ထိုမြတ်စွာ

ဘုရားကိုကြည့်ထား၍ မမြင်ရဟု ဤသို့လျှင် တရားဂုဏ်ကို ရှုမြင်ခြင်းဖြင့် မြတ်စွာဘုရား၌ ရှိသေတုပ်ဝပ်ခြင်းသည် ဖြစ်၏၊တရားကို အလေးအမြတ် အရိုအသေ ပြုခြင်းသည် သဒ္ဓါတရား၏ ပြန့်ပြောပေါများသည်အဖြစ်ကို ရနိုင်၏၊ နှစ်သက် ဝမ်းမြောက်ခြင်းများ၏ ဘေးရန်ဥပဒ်တို့ကို သည်းခံခြင်းငှါ စွမ်းနိုင်၏၊ ဆင်းရဲဒုက္ခကို သည်းခံခြင်းငှါ စွမ်းနိုင်၏၊ တရားတော်နှင့် အမြဲနီးစွ ပေါင်း၍ နေရသော အမှတ်သညာကို ရ၏၊ တရားတော်၏ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့သော သတိသည် စွဲနေကိန်းအောင်းသော ထိုပုဂ္ဂိုလ်၏ ကိုယ်သည် စေတီအိမ်ကဲ့သို့ ပူဇော်ခြင်းငှါ ထိုက်၏၊ အတုမရှိသော တရားထူးကို ရခြင်းငှါ စိတ်သည် ညွတ်၏၊ ထို့ပြင် ထိုယောဂီပုဂ္ဂိုလ်အား လွန်ကျူးအပ်သော ဝတ္ထုနှင့် ပက်ပင်းပါ ကြုံတွေ့လာသော်လည်း တရားတော်၏ ကောင်းသော တရားဖြစ်သည်ကို အဖန်တလဲလဲ အောက်မေ့သော ထိုပုဂ္ဂိုလ်အား ရှက်ကြောက်ခြင်း ဟိရီ ဩတ္တပ္ပသည် ရှေးရှု ထင်လာ၏၊ အထက်ဖြစ်သော လောကုတ္တရာတရားကို မထိုးထွင်းနိုင်သော်လည်း သုဂတိဘုံလျှင် လည်းလျောင်းရာ ရှိသည် ဖြစ်၏။

တသ္မာ ဟဝေ အပ္ပမာဒံ၊ ကယိရာထ သုမေဓသော။
ဧဝံ မဟာနုဘာဝါယ၊ ဓမ္မာနုဿတိယာ သဒါတိ။

ထိုသို့ အကျိုးကြီးလှသောကြောင့် ကောင်းသောပညာရှိသော ယောဂီပုဂ္ဂိုလ်သည် ဤသို့ ကြီးသော အာနုဘော်ရှိသော ဓမ္မာနုဿတိ ကမ္မဋ္ဌာန်းကို အခါခပ်သိမ်း မမေ့မလျော့ ပြုလုပ်အားထုတ် ပွါးများရာ၏။

ဓမ္မာနုဿတိ ကမ္မဋ္ဌာန်း၌ အကျယ်ဖွင့်ပြခြင်း ပြီး၏။

## (၃) သံဃာနုဿတိကို ပြခြင်း

၁၅၄။ သံဃာနုဿတိ ကမ္မဋ္ဌာန်းကို ပွါးလိုသောပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာအရပ်သို့ကပ်၍ ကောင်းစွာ သေဝပ်သော

စိတ်ရှိသည်ဖြစ်၍ "သုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ, ဧသ ဘဂဝတော သာဝက သံဃော၊ အာဟုနေယျော, ပါဟုဏေယျော, ဒက္ခိဏေယျော, အဉ္ဇလီ ကရဏီယော, အနုတ္တရံ ပုညက္ခေတ္တံ လောကဿ" ဟူ၍ ဤသို့ အရိယာ သံဃာတော်တို့၏ ဂုဏ်ကျေးဇူးကို အဖန်တလဲလဲ အောက်မေ့အပ်ကုန်၏။

၁၅၅။ ထိုသံဃာဂုဏ်၌ "**သုပ္ပဋိပန္န**" ဆိုသည်ကား ကောင်းစွာ ကျင့်ခြင်းတည်း၊ မဖောက်မပြန်သောအကျင့် တဖန် ပြန်လည်ခြင်း သဘောမရှိသောအကျင့် နိဗ္ဗာန်အား လျော်သောအကျင့် နိဗ္ဗာန်နှင့် ဆန့်ကျင်ဘက် မဟုတ်သော အကျင့် နိဗ္ဗာန်တရားအား လျော်သောအကျင့်ကို ကျင့်သည်ဟု ဆိုလိုသည်။

**သာဝက သံဃော** ဆိုရာ၌ မြတ်စွာဘုရား၏ အဆုံးအမ ဩဝါဒကို ရိုသေ လေးမြတ်စွာ နာတတ်သောကြောင့် သာဝက မည်၏၊ သာဝကတို့၏ အပေါင်းသည် "သာဝကသံဃာ" မည်၏၊ အရိယသီလ အရိယဒိဋ္ဌိ တည်းဟူသော အယူသီလချင်း တူသည် အဖြစ်ကြောင့် ပေါင်းစပ်သည်အဖြစ်သို့ ရောက်သော တပည့် သာဝကတို့၏အပေါင်း ဟု ဆိုလိုသည်။

အကြင့်ကြောင့် ထို ကောင်းသော အကျင့်ကို နွားသေး ကောက်ကွဲ့သို့ မကောက်သည်ဖြစ်၍ လရေးကွဲ့သို့ မကောက်သည် ဖြစ်၍ ထွန်ကိုင်းကွဲ့သို့ မကောက်သည်ဖြစ်၍ နိဗ္ဗာန်ရောက် ဖြောင့်မတ်၏ဟု ဆိုအပ်၏၊ ထက်ဝန်းကျင် စင်ကြယ်သော အရိယ မဂ်ဉာဏ်ဖြင့် သိအပ်သောကြောင့် အသင့်အလျော် ဉာယဟူ၍ ဆိုအပ်၏၊ ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ခြင်းငှါ လျော်သောကြောင့် သာမီစိ ဟူ၍လည်း ရေတွက်ခြင်းသို့ ရောက်၏၊ ထို့ကြောင့်

**ကောင်းသော** ထိုအကျင့် သမ္မာပဋိပဒါကို ကျင့်သော အရိယာသံဃာတော်ကို ဖြောင့်မတ်သော အကျင့်ရှိ၏ဟူ၍၎င်း, သင့်လျော်သော အကျင့်ရှိ၏ဟူ၍၎င်း, ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်း၌ သင့်လျော်သော အကျင့်ရှိ၏ ဟူ၍၎င်း ဆိုအပ်၏။

ဤ အရိယာပုဂ္ဂိုလ် ရှစ်ယောက်တို့တွင် မဂ်၌တည်သော အရိယာပုဂ္ဂိုလ်တို့သည် အင်္ဂါ ၈-ပါး ရှိသော အရိယမဂ်ဟူသော သမ္မာပဋိပတ်နှင့် ပြည့်စုံသောကြောင့် သုပ္ပဋိပန္န မည်၏၊ ဖိုလ်ပုဂ္ဂိုလ်တို့သည် ထိုသမ္မာပဋိပတ်ဖြင့် ရအပ်သော နိဗ္ဗာန်ကိုရပြီးသည် အဖြစ်ကြောင့် အတိတ်က လွန်ခဲ့သောအကျင့်ကိုရည်၍ သုပ္ပဋိပန္န မည်၏ဟု သိအပ်ကုန်၏။

**တနည်းကား** ကောင်းစွာ ဟောတော်မူအပ်သော တရားဝိနည်း၌ မြတ်စွာဘုရား ဟောတော်မူသောအတိုင်း ကျင့်သောကြောင့်၎င်း, မချွတ်မယွင်းသောအကျင့်ကို ကျင့်သောကြောင့်၎င်း သုပ္ပဋိပန္န မည်၏၊ အလယ်အလတ်ဖြစ်သော အကျင့်ဖြင့် အယုတ်တရား လမ်းမှားနှစ်ရပ်ကို မကပ်မူ၍ ကျင့်သောကြောင့်၎င်း, ကာယကံ, ဝစီကံ, မနောကံ, အကောက်အကွေ့တွေကိုကြဉ်၍ ကျင့်သောကြောင့်၎င်း ဥဇုပ္ပဋိပန္န မည်၏၊ နိဗ္ဗာန်ကို ဉာယဟူ၍ ဆိုအပ်၏၊ ထိုနိဗ္ဗာန်အကျိုး၌ ကျင့်သောကြောင့် ဉာယပ္ပဋိပန္န မည်၏၊ အကြင်သို့ ကျင့်ကုန်သော အရှင်တို့သည် အရိုအသေပြုခြင်း၌ ထိုက်ကုန်၏၊ ထိုသို့ ကျင့်သောကြောင့် သာမီစိပ္ပဋိပန္န မည်၏။

၁၅၆။ **စတ္တာရိ ပုရိသယုဂ ယောကျ်ားမြတ် အစုံလေးခု ဆိုသည်ကား** ရှဉ်းစုံ တွဲဘက်သည်၏အစွမ်းဖြင့် ပဌမမဂ်ပုဂ္ဂိုလ်တဦး၊ ဖိုလ်ပုဂ္ဂိုလ်တဦး၊ ဤ နည်းအတိုင်း ဒုတိယမဂ်ပုဂ္ဂိုလ်,ဖိုလ်ပုဂ္ဂိုလ်၊ တတိယမဂ်ပုဂ္ဂိုလ်, ဖိုလ်ပုဂ္ဂိုလ်၊ စတုတ္ထမဂ်ပုဂ္ဂိုလ်, ဖိုလ်ပုဂ္ဂိုလ်ဟူ၍ အရိယာပုဂ္ဂိုလ် ရှစ်ယောက် ရှိကုန်၏၊ ယောကျ်ားဟူ၍၎င်း,

ပုဂ္ဂိုလ်ဟူ၍၎င်း၊ ဆိုရာ၌ ထိုနှစ်ပုဒ်သည် အနက်တူ၏၊ ထိုသို့ တူသော်လည်း ဝေနေယျတို့၏အလို **အဇ္ဈာသယ** အားဖြင့် ဤသို့ ဆိုအပ်လေသည်။

"မြတ်စွာဘုရား၏ ဤ **တပည့်သားသံဃာတော်**" ဆိုသည်ကား အစုံ၏အစွမ်းဖြင့် လေးပါးသောယောကျ်ားအစုံ အသီးအသီးအားဖြင့် ရှစ်ယောက်သော ယောကျ်ား ပုဂ္ဂိုလ်တို့ကို ဆိုလို၏။

မြတ်စွာဘုရား၏ ဤလေးစုံရှစ်ပါး တပည့်သား သံဃာတော် အပေါင်းသည် **အာဟုနေယျ** ဂုဏ် ထိုက်၏၊ အစရှိသည်၌ ဆိုလိုသော အနက်အဓိပ္ပါယ်ကို ဤသို့ သိအပ်၏။

အဝေးမှဆောင်၍ ပူဇော်အပ်သောကြောင့် "အာဟုန" မည်၏၊ အဝေးမှဆောင်ယူ၍ သီလရှိသောပုဂ္ဂိုလ်တို့အား ပေးလှူပူဇော်အပ်၏ ဆိုလိုသည်၊ ပစ္စည်းလေးပါးတို့၏ အမည်ပေတည်း၊ ထိုအဝေးမှဆောင်ယူ၍ လှူအပ်သော ပစ္စည်းလေးပါးကိုခံခြင်းငှါ ထိုက်၏၊ ထို ပစ္စည်းလေးပါး၏ အကျိုးကြီးသည်၏အဖြစ်ကို ပြုသောကြောင့် ခံခြင်းငှါ ထိုက်၏၊ ထို့ကြောင့် **အာဟုနေယျ** မည်၏။

**တနည်းကား**—အဝေးမှသော်လည်း လာ၍ အလုံးစုံသော ဥစ္စာနှစ်တို့ကို ဤအရိယာသံဃာတော်၌ ပူဇော်အပ်၏၊ထို့ကြောင့် ထိုအရိယာသံဃာတော်သည်"အာဟဝနိယ"မည်၏၊တနည်းကား သိကြားအစရှိသည်တို့၏ ပေးလှူ ပူဇော်အပ်သော ဝတ္ထုကို ခံထိုက်သောကြောင့် "အာဟဝနိယ" မည်၏၊ ပုဏ္ဏားတို့၏ အာဟဝနိယ မည်သည်ကား မီးကိုဆို၏၊ မီး၌ ပူဇော်အပ်သော ဝတ္ထုသည် အကျိုးကြီး၏ဟု ထိုပုဏ္ဏားတို့သည် အယူရှိကြကုန်၏၊ ပူဇော်အပ်သော ဝတ္ထု၏ အကျိုးကြီးသည်အဖြစ်ကြောင့် မီးသည် အာဟဝနိယမည်သည် အကယ်၍ဖြစ်ခဲ့အံ့၊ သံဃာတော်သည်သာလျှင် အာဟဝနိယအစစ် ဖြစ်ရာ၏၊ ထိုစကားမှန်၏၊ သံဃာ၌ ပေးလှူပူဇော်အပ်သော ဝတ္ထုသည် ကြီးကျယ်သော အကျိုးရှိသည်ဖြစ်၏၊ မြတ်စွာဘုရား ဟောတော်မူသည်မှာ—

"ယော စ ဝဿသတံ ဇန္တု၊
အဂ္ဂိံ ပရိစရေ ဝနေ။
ဧကဉ္စ ဘာဝိတတ္တာနံ၊
မုဟုတ္တမပိ ပူဇယေ။
သာယေဝ ပူဇနာ သေယျော၊
ယဉ္စေ ဝဿသတံ ဟုတ"န္တိ။

အကြင်သတ္တဝါသည် တော၌ အနှစ်တရာပတ်လုံး မီးကိုလုပ်ကျွေးပူဇော်ရာ၏၊ အကြင်သူသည်ကား ပွါးအပ်ပြီးသော အရိယာမဂ်ရှိသောပုဂ္ဂိုလ်တို့အား တကြိမ်သော်ငင်း, တခဏမျှသော်ငင်း ပူဇော်ရာ၏၊ ထိုသူ၏ ထိုပူဇော်ခြင်းသည်သာ မြတ်၏၊ အနှစ်တရာ ကာလပတ်လုံး မီးကို ပူဇော်လုပ်ကျွေးခြင်းသည် မမြတ်။

တပါးသော နိကာယ်၌ကား ထို "အာဟဝနီယ" ဟူသောပုဒ်သည် ဤသံဃာဂုဏ်တော်၌ "အာဟုနေယျ" ဟူသောပုဒ်နှင့် အနက်တူ၏၊ သဒ္ဒါအားဖြင့်သာ အနည်းငယ် ထူးခြားသည်၊ ထို့ကြောင့် အဝေးမှလာ၍ အလုံးစုံသော ဥစ္စာနှစ်ကို ပေးလှူရာ **အာဟုနေယျ** မည်၏။

**ပါဟုနေယျ** ဟူသောပုဒ်၌ အရပ်ရှစ်မျက်နှာမှလာသော ချစ်မြတ်နိုးအပ် နှလုံးကို ပွါးစေတတ်ကုန်သော အဆွေအမျိုး မိတ်ဆွေကောင်းတို့၏အကျိုးငှါ အကောင်းအမွန် ပြုပြင်ခြင်းဖြင့် စီရင်အပ်သော ဧည့်သည်ဘို့ရည်၍ ထားအပ်သော အလှူကို "**ပါဟုန**" ဟူ၍ ဆိုသည်၊ ထို အာဂန္တုကဒါန ဧည့်သည်ဘို့ ထားသော အလှူကို ထိုသို့ သဘောရှိကုန်သော ထိုဆွေမျိုးဉာတိ မိတ်ဆွေတို့ကို ဖယ်ထား၍ သံဃာတော် အားသာ ပေးလှူခြင်းငှါ သင့်မြတ်၏။ သံဃာတော်သည်လည်း ထိုပါဟုန အလှူကိုခံယူခြင်းငှါ သင့်လျော်၏၊ ထိုစကားမှန်သည်၊ သံဃာနှင့်တူသော ဧည့်သည်မည်သည် မရှိ၊ ထိုသံဃာတော်သည် ဘုရားရှင်တို့၏ တခုသောအကြားကို လွန်သည်ရှိသော် ထင်မြင်၏၊ ဆန့်ကျင်ဘက်တို့နှင့် မရောမူ၍

ချစ်အပ် နှလုံးကိုပွါးစေတတ်သည့်အဖြစ်ကို ပြုတတ်သော သီလ အစရှိသော ကျေးဇူးတို့နှင့် ပြည့်စုံ၏၊ ဤသို့လျှင် ထိုသံဃာတော် အား ဧည့်သည်ဘို့ရည်မှတ်၍ အကောင်းအမွန် စီရင်အပ်သော အာဂန္တုကဒါနကို ပေးလှူခြင်းငှါ သင့်၏၊ သံဃာတော်သည်လည်း ထိုပါဟုနကို ခံယူခြင်းငှါ သင့်လျော်သောကြောင့် **ပါဟုနေယျ** မည်၏။

**အထူးကား**-နိကာယ်တပါးတို့၏ အယူဝါဒ၌"ပါဟဝနီယော" ဟု ပါဠိရှိ၏၊ ထိုအယူဝါဒ၌ အကြင်အကြင် သံဃာသည် ရှေးဦးစွာ ပူဇော် လုပ်ကျွေးခြင်းငှါ ထိုက်၏၊ ထို့ကြောင့် အလုံးစုံသော ဧည့်သည်တို့၏ ရှေးဦးစွာဆောင်၍ ဤသံဃာတော်၌ ပေးလှူ ပူဇော်အပ်၏၊ ထို့ကြောင့် "ပါဟဝနီယ"မည်၏၊ **တနည်းကား**- အလုံးစုံသော အခြင်းအရာ အပြားအားဖြင့် ဆောင်ယူ၍ ပူဇော် အပ်သောဝတ္ထုကို သံဃာတော်သည် ခံယူထိုက်သည် အဖြစ် ကြောင့် "ပါဟဝနီယ" မည်၏၊ ထို"ပါဟဝနီယ"သဒ္ဒါကို ဤ သံဃာ့ဂုဏ်၌ ထိုဆိုအပ်ပြီးသော အနက်ကြောင့် ပရိယာယ် အားဖြင့် "ပါဟုနေယျ"ဟူ၍ ဆိုအပ်၏။

ထို့ပြင် တမလွန်လောကကို ယုံကြည်၍ ပေးလှူအပ်သော အလှူဝတ္ထုကို ဒက္ခိဏာဟု ဆိုသည်၊ ထိုဒက္ခိဏာ အလှူဝတ္ထုကို ထိုက်၏၊ တနည်းကား- ဒက္ခိဏာ အလှူဝတ္ထုနှင့် လျော်၏၊ အကြောင်းမှာ ထိုဒက္ခိဏာအလှူတို့ကို အကျိုးကြီးသည်၏အဖြစ်ကို ပြုတတ်သည်အဖြစ်ဖြင့် သုတ်သင်နိုင်ပေ၏၊ ထို့ကြောင့် **ဒက္ခိဏေယျ** မည်၏။ လက်နှစ်ဖက်တို့ကို ဦးခေါင်း၌ တည်ထား၍ အလုံးစုံသောလူတို့သည် ပြုအပ်သော လက်အုပ်ချီမိုး ရှိခိုးခြင်းကို ခံထိုက်၏၊ ထို့ကြောင့် **အဉ္ဇလိကရဏီယ** မည်၏။

"အနုတ္တရံ ပုညက္ခေတ္တံ လောကဿ" ဆိုသည်ကား အလုံးစုံ သော လောက၏ ကောင်းမှုကုသိုလ်မျိုးကို စိုက်ပျိုးရာဌာနဖြစ်၏၊ **ဥပမာ** မင်း၏ဝုင်း, အမတ်ကြီး၏ဝုင်း,သလေးတို့၏ဝုင်း, မုယောတို့၏ဝုင်း ပေါက်ရောက် စည်ပင်ရာ လယ်မြေအရပ်ကို မင်း၏ သလေးခင်း မင်း၏မုယောခင်းဟု ဆိုအပ်သကဲ့သို့ ဤအတူ သံဃာ

တော်သည် အလုံးစုံလောက၏ ကောင်းမှု ပုညတို့၏ ပေါက်ပွါး စည်ပင်ရာလယ်ယာမြေကောင်းဟူ၍ ဆိုအပ်၏၊ထိုစကားမှန်သည်၊ သံဃာတော်ကို အမှီပြု၍ အလုံးစုံသော လောက၏ အထူးထူး အပြားပြားသော စီးပွါးချမ်းသာကို ဖြစ်စေတတ်ကုန်သောကုသိုလ် ကောင်းမှုမျိုးတို့သည် ပေါက်ပွါး စည်ပင်ကြကုန်၏၊ ထို့ကြောင့် သံဃာသည် လောက၏အတုမရှိသော ကောင်းမှုအခင်း သန့်ရှင်း ပေါင်းမြက် ခွန်ထွက်သန်သန် လယ်ကောင်းမှန်သည် ဖြစ်၏။

၁၅၇။ ဤသို့လျှင် သုပ္ပဋိပန္နအစရှိသော သံဃာ့ဂုဏ်ကျေးဇူးကို အဖန်တလဲလဲ အောက်မေ့သော ယောဂီပုဂ္ဂိုလ်အား ထိုအခိုက်အခါ၌ ရာဂ ထကြွသောင်းကျန်းသော စိတ်သည် မဖြစ်၊ ဒေါသ....(လ)....ထကြွ သောင်းကျန်းသော စိတ်၊ မောဟ ထကြွ သောင်းကျန်းသော စိတ်သည် မဖြစ်၊ ထိုအခိုက်အခါ၌ သံဃာ့ဂုဏ်ကို အာရုံပြု၍ ထိုပုဂ္ဂိုလ်၏စိတ်သည် ဖြောင့်မတ်သည်သာလျှင် ဖြစ်၏၊ ဤသို့ ရှေးနည်းအတိုင်း နီဝရဏကို ခွါအပ်ပြီးသော ထိုပုဂ္ဂိုလ်အား တခုသောခဏ၌ ဈာန်အင်္ဂါတို့သည် ဖြစ်ကုန်၏၊ သံဃာ့ဂုဏ်၏ နက်နဲသည် အဖြစ်ကြောင့် ၎င်း, အထူးထူး အပြားပြားသော ဂုဏ်တော်တို့ကို အောက်မေ့ခြင်းဖြင့် စုတ်စုတ်နစ်နစ် ယုံကြည်သည် အဖြစ်ကြောင့်၎င်း အပ္ပနာသို့ မရောက်မူ၍ ဥပစာရမျှသာဖြစ်သော ဈာန်သည် ဖြစ်၏၊ ထိုဈာန်သည် သံဃာ့ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့သည်၏ အစွမ်းဖြင့် ဖြစ်သောကြောင့် သံဃာနုဿတိ ဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။

ဤသံဃာနုဿတိ ကမ္မဋ္ဌာန်းကို အဖန်တလဲလဲ အားထုတ်သောရဟန်းသည် သံဃာတော်၌ ရိုသေခြင်း တုပ်ဝပ်ခြင်းရှိ၏၊ သဒ္ဓါတရား ပြန့်ပြော ပေါများသောအဖြစ်ကို ရ၏၊ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းများစွာ ဖြစ်၏၊ ဘေးဥပဒ်တို့ကို သည်းခံနိုင်၏၊ ဆင်းရဲဒုက္ခကို သည်းခံခြင်းငှါ စွမ်းနိုင်၏၊ သံဃာတော်နှင့်အတူ

တကွ ပေါင်းဖော်ယှဉ်ကာတွဲနေရသည် ဟူသော အမှတ်သညာကို ရ၍၊ သံဃာနုဿတိ ကမ္မဋ္ဌာန်း စွဲနေ ကိန်းအောင်းသော ထို ပုဂ္ဂိုလ်၏ကိုယ်သည် အညီအညွတ် စည်းဝေးသော သံဃာရှိသော ဥပုသ်အိမ်ကဲ့သို့ ပူဇော်ခြင်းငှါ ထိုက်၏၊ သံဃာ့ဂုဏ်ကို ရခြင်းငှါ စိတ်သည်ညွတ်၏၊ ထိုပုဂ္ဂိုလ်အား လွန်ကျူးအပ်သော ဝတ္ထုနှင့် ပက်ပင်းပါ တွေ့ကြုံရပါသော်လည်း မျက်မှောက်၌ သံဃာကို မြင်ရဘိသကဲ့သို့ဖြစ်၍ ဟိရိဩတ္တပ္ပသည် ရှေးရှု ထင်လာ၏၊ အထက်မဂ် အထက်ဖိုလ်ကို မထိုးထွင်းနိုင်စေကာမူ သုဂတိ နတ်ရွာလျှင် လည်းလျောင်းရာရှိ၏။

တသ္မာ ဟဝေ အပ္ပမာဒံ၊
ကယိရာထ သုမေဓသော။
ဧဝံ မဟာနုဘာဝါယ၊
သံဃာနုဿတိယာ သဒါတိ။

ထို့ကြောင့် ပညာရှိသောသူသည် ဤသို့ ဆိုအပ်ခဲ့ပြီးသောအတိုင်း ကြီးသော တန်ခိုး အာနုဘော်ရှိသော သံဃာနုဿတိကမ္မဋ္ဌာန်း၌ အခါခပ်သိမ်း မမေ့မလျော့ ပွါးများ အားထုတ်ခြင်းကို ပြုရာ၏။

သံဃာနုဿတိကမ္မဋ္ဌာန်းကို အကျယ် ဖွင့်ပြခြင်း ပြီး၏။

---

## (၄) သီလာနုဿတိကို ပြဆိုခြင်း

၁၅၀။ **သီလာနုဿတိ** သီလာနုဿတိကမ္မဋ္ဌာန်းကို ပွါးများလိုသောပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်၍ ကောင်းစွာ သေဝပ်သော စိတ်ရှိသည်ဖြစ်၍ "ငါ၏ အကျင့် သီလတို့သည် ကောင်းပေစွ၊ မကျိုးကုန် မပေါက်ကုန် မကျားကုန် မပြောက်ကုန်၊ တဏှာ၏ ကျွန်အဖြစ်မှ တော်လှန်အပ်ကုန်၏၊ ပညာရှိတို့သည် ချီးမွမ်းအပ်ကုန်၏၊ တဏှာဒိဋ္ဌိတို့သည် မသုံးသပ်အပ်၊ သမာဓိကို ဖြစ်

စေနိုင်ကုန်၏” ဟု ဤသို့လျှင် မကျိုးသောအဖြစ် အစ ရှိသော ဂုဏ်တို့၏အစွမ်းဖြင့် မိမိ၏သီလတို့ကို အဖန် တလဲလဲ အောက်မေ့အပ်ကုန်၏၊ ထိုသီလတို့ကိုလည်း လူသည် လူ၏သီလတို့ကို ရဟန်းသည် ရဟန်း၏ သီလ တို့ကို အောက်မေ့အပ်ကုန်၏၊ လူ၏ သီလဖြစ်စေ ရဟန်း၏ သီလဖြစ်စေ အစ၌၎င်း, အဆုံး၌၎င်း တခုမျှ မပျက်၊ ထိုသီလသည် အမြိတ် အစွန်း၌ ပြတ်သော အဝတ်ကဲ့သို့ ကျိုးပြတ်သည် မဟုတ်သောကြောင့် မကျိုး မပြတ်သည် မည်ကုန်၏၊ အကြင်သီလတို့၏ အလယ်၌ တခုမျှမပျက်၊ ထိုသီလတို့သည် အလယ်၌ ထုတ်ချင်း လျှိုပေါက်သည် မဖြစ်၊ ထို့ကြောင့် မပေါက်သော အဆိဒ္ဒသီလ မည်ကုန်၏၊ အကြင်သီလတို့အား အစဉ် အားဖြင့် နှစ်ပါး၎င်း, သုံးပါး၎င်း မပျက်ကုန်၊ ထို သီလတို့သည် ကျော၌၎င်း, ဝမ်း၌၎င်း ပေါက်ရောက် သော အစင်းအစင်း အကွက်အကွက်ရှိသော မတူ သော အဆင်းအားဖြင့် မည်းသောအဆင်း နီသော အဆင်း အစရှိသည်တို့တွင် တမျိုးမျိုးသော ကိုယ်အဆင်း ရှိသော နွားမကဲ့သို့ ကြောင်ကျားကုန်သည် မဖြစ်ကုန်၊ ထို့ကြောင့် မကျားသော အသဗလသီလ မည်ကုန်၏၊ အကြင်သီလတို့သည် အကြားအကြား၌ မပျက်စီးကုန်၊ ထိုသီလတို့သည် သဘောမတူသော အပြောက် အစက် တို့ဖြင့် ပြောက်သောနွားမကဲ့သို့ ပြောက်သည် မဖြစ် ကုန်၊ ထို့ကြောင့် မပြောက်သော အကမ္မာသသီလ မည်ကုန်၏၊ သာမန်အားဖြင့်ကား အလုံးစုံကုန်သော သီလတို့သည် ခုနစ်ပါး အပြားရှိကုန်သော မေထုန်နှင့် ယှဉ်ခြင်းဖြင့်၎င်း၊ ကောဓ, ဥပနာဟ အစရှိကုန်သော ယုတ်မာသော တရားတို့သည်၎င်း မဖျက်ဆီးအပ်သည် အဖြစ်ကြောင့် အခဏ္ဍ အဆိဒ္ဒ အသဗလ အကမ္မာသတို့ မည်ကုန်၏၊ ထိုသီလတို့သည်ပင်လျှင် တဏှာ၏ ကျွန် အဖြစ်မှ လွတ်စေ၍ တော်လှန်သည်၏ အဖြစ်ကို ပြုခြင်း

ဖြင့် ဘုဇိဿမည်ကုန်၏၊ ဘုရား အစရှိသော သူတော်ကောင်း ပညာရှိတို့သည် ချီးမွမ်း ထောမနာအပ်သည် အဖြစ်ကြောင့် ဝိညူ ပသဋ္ဌ မည်ကုန်၏၊ တဏှာဒိဋ္ဌိတို့သည် မသုံးသပ် မဖျက်ဆီးအပ်သည် အဖြစ်ကြောင့်၎င်း, တနည်းကား—ဤသည်ကား သင်၏သီလတို့၌ အပြစ်တည်း ဟု ကစုံတယောက်သောသူက စွပ်စွဲ ဖျက်ဆီးခြင်းငှါ မတတ်ကောင်းသောကြောင့်၎င်း အပရာမဋ္ဌ မည်ကုန်၏၊ ဥပစာရ သမာဓိ, အပ္ပနာ သမာဓိကို ဖြစ်စေတတ်သောကြောင့်၎င်း, တနည်း—မဂ်သမာဓိ, ဖိုလ်သမာဓိကို ဖြစ်စေတတ်သောကြောင့်၎င်း **သမာဓိသံဝတ္တနိက** မည်ကုန်၏။

၁၅၉။ ဤသို့လျှင် မကျိုးမပေါက်ခြင်း အစရှိသော ဂုဏ်၏အစွမ်းဖြင့် မိမိ၏သီလတို့ကို အဖန်တလဲလဲ အောက်မေ့သော ပုဂ္ဂိုလ်အား ထိုအခိုက်အခါ၌ ရာဂထကြွသောင်းကျန်းသောစိတ်သည် မဖြစ်၊ ဒေါသ ထကြွသောင်းကျန်းသော....(လ)....မောဟ ထကြွ သောင်းကျန်းသောစိတ်သည် မဖြစ်၊ ထိုအခါကာလ၌ သီလကို အာရုံပြု၍ ဖြစ်သော ထိုပုဂ္ဂိုလ်၏စိတ်သည် ဖြောင့်မတ်သည်သာ ဖြစ်၏၊ ရှေးနည်းအတိုင်း နီဝရဏကို ခွါအပ်ပြီးသော ထိုပုဂ္ဂိုလ်အား တခုသောခဏ၌ ဈာန်အင်္ဂါတို့သည် ဖြစ်ကုန်၏၊ သီလဂုဏ်၏ နက်နဲသည် အဖြစ်ကြောင့်၎င်း, အထူးထူးအပြားပြားသောဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်းဖြင့် ယုံကြည်သောကြောင့်၎င်း, အပ္ပနာသို့ မရောက်မူ၍ဥပစာရသို့ရောက်ကာမျှဖြစ်သော ဈာန်ဖြစ်၏၊ ထိုသီလဂုဏ်ကို အဖန်တလဲလဲ အောက်မေ့သည် အစွမ်းဖြင့် ဖြစ်သောကြောင့် သီလာနုဿတိဟူ၍ ရေတွက်ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

ဤသီလာနုဿတိ ကမ္မဋ္ဌာန်းကို အဖန်တလဲလဲ အားထုတ်သော ရဟန်းသည် သိက္ခာ၌ ရိုသေခြင်းရှိ၏၊ ပြည့်စုံသော

သီလရှိသောပုဂ္ဂိုလ်တို့နှင့် တူသော အသက်မွေးခြင်းရှိ၏၊ ဒု...မိသ ပဋိသန္ဓာရ, ဓမ္မပဋိသန္ဓာရ၌ မမေ့မလျော့ဖြစ်၏၊ အတ္တာနုဝါ... ဘေး, ပရာနုဝါဒဘေး ကင်းရှင်း၏၊ အဏုမြူမျှသောအပြစ်တို့... ဘေးဟု ရှုလေ့ရှိ၏၊ သဒ္ဓါအစရှိသော တရား...၏ ပြန့်ပြောခြင်း... သို့ ရောက်၏၊ နှစ်သက်ဝမ်းမြောက်ရခြင်း များ၏၊ အလက် မဂ်... ဖိုလ်ကို မထိုးထွင်းနိုင်သော်လည်း နတ်ဂ္ဂသုဂတိလျှင် ...ည်... လျောင်းရာရှိ၏။

တသ္မာ ဟဝေ အပ္ပမာဒံ၊
ကယိရာထ သုမေဓသော။
ဧဝံ မဟာနုဘာဝါယ၊
သီလာနုဿတိယာ သဒါကိ

ထို့ကြောင့် ပညာရှိသောသူသည် ဤဆိုအပ်ခဲ့ပြီးသော အတိုင်း ကြီးသောတန်ခိုးအာနုဘော်ရှိသော သီလာ-နုဿတိကမ္မဋ္ဌာန်း၌ အခါခပ်သိမ်း မမေ့မလျော့ ပွါးများ အားထုတ်ခြင်းကို ပြုရာ၏။

သီလာနုဿတိကမ္မဋ္ဌာန်းကို အကျယ်ဖွင့်ပြခြင်း ပြီး၏။

---

## (၅) စာဂါနုဿတိကိုပြဆိုခြင်း

၁၆၀။ **စာဂါနုဿတိ** စာဂါနုဿတိကမ္မဋ္ဌာန်းကို ပွါးလိုသော ပုဂ္ဂိုလ်သည် ပကတိ သဘောအားဖြင့် စွန့်ကြဲခြင်း၌ ညွတ်သောစိတ်ရှိသည်၊အမြဲဖြစ်သောပေးလှူခြင်းဝေဘန် ခွဲခြမ်းခြင်းရှိသည် ဖြစ်ရာ၏၊ တနည်းကား ဘာဝနာကို အားထုတ်လိုသောပုဂ္ဂိုလ်သည် ဤနေ့မှစ၍ တောင်းခံ လာသောသူရှိသော် အယုတ်သဖြင့် တလုပ်တဆုပ်မျှ ဖြစ်သော်လည်း အလှူဒါနမပြုမူ၍ မစားအံ့ဟု ဆောက် တည်ခြင်းကိုပြု၍ ထိုဘာဝနာကို အားထုတ်အံ့သော နေ့၌ ကျေးဇူးဂုဏ်အားဖြင့် ထူးမြတ်ကုန်သော အလှူခံ ပုဂ္ဂိုလ်တို့၌ တတ်အားသမျှ ဝေဘန်ပေးလှူ၍ ထိုအလှူဒါန

၌ နိမိတ်ကိုယူပြီးလျှင် ဆိတ်ငြိမ်ရာအရပ်၌ ကိန်းအောင်း၍ "ငါ့အား အရတော်လှလေစွ၊ ငါသည်ကောင်းစွာ ရပေစွ၊ ငါသည် ဝန်တိုခြင်းတည်းဟူသော အညစ်အကြေးတို့ဖြင့် နှိပ်စက်အပ်သော သတ္တဝါတို့၌ ဝန်တိုခြင်းတည်းဟူသော အညစ်အကြေး ကင်းဝေးသောစိတ်ဖြင့် နေရပေ၏၊ မငဲ့မကွက် လွတ်လွတ်ကြီး စွန့်ကြဲသည်ဖြစ်၍ စင်စွာ ဆေးအပ်သော လက်ရှိသည်ဖြစ်၍ ပေးလှူခြင်း ဝေဘန်ခွဲခြမ်းခြင်း၌ မွေ့လျော်သည်ဖြစ်၍ နေရပေ၏" ဟု ဤသို့လျှင် မစ္ဆရိယအစရှိသော အညစ်အကြေး ကင်းသောဂုဏ်၏အစွမ်းဖြင့် မိမိ၏စွန့်ကြဲခြင်းကို အဖန် တလဲလဲ အောက်မေ့အပ်၏။

ထို စကား၌ **ငါ့အားအရတော်လေစွ** ဆိုသည်ကား ဘုရားရှင် ဟောကြားတော်မူအပ်သော လာဘ်ကြီးတို့သည် စင်စစ် ငါ၏ အဘို့သာ ဖြစ်ကုန်၏၊ ဟောတော်မူသည်မှာ "အသက်ကို ပေးလှူသောကြောင့် နတ်ဖြစ်သော်၎င်း, လူဖြစ်သော်၎င်း, အသက်ရှည်ခြင်း၏ အဘို့ရှိသည် ဖြစ်၏"ဟူ၍၎င်း၊ "လှူတတ်သောသူသည် ချစ်အပ်သည်ဖြစ်၏၊ ထိုသူကို များစွာသောလူတို့သည် မှီဝဲ ဆည်းကပ်ကြကုန်၏" ဟူ၍၎င်း၊ "ပေးလှူသောသူကို ချစ်အပ်သည် ဖြစ်၏၊ သူတော်ကောင်းတို့၏ တရားလမ်းကြောင်းသို့ အစဉ် လိုက်၏" ဟူ၍၎င်း၊ ဤသို့ အစရှိသောနည်းဖြင့် မြတ်စွာဘုရား သည် အလှူပေးဒါယကာ၏ လာဘ်ကို ချီးမွမ်းတော်မူအပ်၏၊ ထို လာဘ်တို့သည် မချွတ်မလွဲ ငါ၏အဘို့ဖြစ်၏ ဟု ဆိုလိုသည်။

**ငါသည် ကောင်းစွာရပေစွ** ဆိုသည်ကား ငါသည် ဤ အံ့ဘွယ်ရှစ်ဖြာနှင့်ပြည့်စုံသော သာသနာတော်ကို ဤလူ၏ အဖြစ်ကို ရပေ၏၊ ထိုရခြင်းသည် ငါ့အား စင်စစ် ကောင်းသော ရခြင်းပေတည်း၊ အဘယ့်ကြောင့်နည်းဟူမူကား အကြင် ငါသည် မစ္ဆေရ အညစ်အကြေး ရှုပ်ထွေးသောင်းကျန်းသော သတ္တဝါများ အပေါင်း၌....(လ) ...လှူဒါန်း ပေး ကမ်း ခွဲ ခြမ်း ဝေဘန်ခြင်း၌

မွေ့လျော်သည်ဖြစ်၍ နေ၏၊ ထို့ကြောင့် အရှင်ဘုရား ပေ၏ဟု ငါဆိုသတည်း။

ထိုစကား၌ "မဇ္ဈေရ အညစ်အကြေး ရှုပ်ထွေးသော ကျွန်းသော" ဆိုသည်ကား ဝန်တိုခြင်း မစ္ဆေရဟူသော အညစ် အကြေးဖြင့် နှိပ်စက်အပ်သော ဟု ဆိုလိုသည်၊ "သတ္တဝါများ အပေါင်း၌"ဆိုသည်ကား ကံအားလျော်စွာဖြစ်ကြသော သတ္တဝါ တို့ကို ဆိုသည်၊ ထို့ကြောင့် မိမိ၏ စည်းစိမ် ချမ်းသာတို့ကို သူတပါးနှင့် ဆက်ဆံသောအဖြစ်ကို သည်းမခံနိုင်ခြင်း လက္ခဏာ ဖြင့် စိတ်၏ပြိုးပြိုးပြက် ထွန်းလင်းသည့်အဖြစ်ကို ဖျက်ဆီးတတ် ကုန်သော မည်းညစ်သောအကျိုးရှိသော တရားတို့တွင် တပါး အပါအဝင်ဖြစ်သော ဝန်တိုခြင်းတည်းဟူသော အညစ်အကြေး သည် နှိပ်စက်အပ်ကုန်သော သတ္တဝါတို့၌ဟု ဆိုလိုသည်။

"ဝန်တိုခြင်းတည်းဟူသော အညစ်အကြေးကင်းသော" ဆိုသည်ကား မစ္ဆေရမှတပါးသော ရာဂ,ဒေါသ အစရှိသော အညစ်အကြေးတို့မှလည်း၊မစ္ဆေရဟူသော အညစ်အကြေးတို့မှလည်း ဝန်တိုခြင်း တည်းဟူသော အညစ်အကြေးကင်းသောဟု ဆိုလို သည်။

"စိတ်ဖြင့်နေ၏"ဆိုသည်ကား ဆိုအပ်ပြီးသော အပြားရှိသော စိတ်သည်ဖြစ်၍ နေ၏ဟု ဆိုလိုသည်၊ အထူးမှာ သုတ်တို့၌ သောတာပန်ဖြစ်သော မှီအပ်သော နေခြင်းကို မေးသော **မဟာနာမ သာကီဝင်**အား မှီအပ်သော နေခြင်း၏အစွမ်းဖြင့် ဟောအပ်သည်အဖြစ်ကြောင့် အိမ်ကို အုပ်စိုး၍နေ၏ဟူ၍ ဆိုအပ် လေသည်၊ ထိုစကား၌ အိမ်ကို လွှမ်းမိုးစိုးအုပ်၍နေ၏ဟု ဆိုလိုသည်။

"လွတ်လွတ် စွန့်ကြဲသည်ဖြစ်၍" ဆိုသည်ကား မငဲ့မကွက် ရက်ရက်ရောရော လွတ်လွတ် စွန့်ကြဲသည် ဟု ဆိုလိုသည်။

"စင်စွာဆေးအပ်သော လက်" ဆိုသည်ကား ထက်ဝန်းကျင် စင်ကြယ်သော လက်ရှိသည် ရိုသေစွာ မိမိလက်ဖြင့် လှူဘွယ် ဝတ္ထုကို ပေးလှူခြင်းငှါ အမြဲမပြတ် အခါခပ်သိမ်း ရာဂ, ဒေါသ,

မဋ္ဌေရ အညစ်အကြေးမှ စင်ကြယ်သော လက်ရှိသည်ဟု ဆိုလိုသည်။

"စွန့်ကြဲခြင်း၌ မွေ့လျော်သည်''ဆိုသည်ကား စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းကို အမြဲမပြတ် အားထုတ်သည့် အစွမ်းဖြင့် မွေ့လျော် သည်ဟု ဆိုလိုသည်။

"တောင်းခံခြင်းငှါ သင့်သည်"ဆိုသည်ကား အကြင် အကြင် ပေးလှူဘွယ်ဝတ္ထုကို သူတပါးသည် တောင်းကုန်၏၊ တောင်းတိုင်း တောင်းတိုင်း ပေးလှူလေ့ ရှိသောကြောင့် အလှူခံတို့ တောင်းခံ ခြင်းငှါ သင့်လျော်လျောက်ပတ်သည်ဟု ဆိုလိုသည်။

"ပေးလှူခြင်း ဝေဘန် ခွဲခြမ်းခြင်း၌ မွေ့လျော်သည်''ဆိုသည် ကား လှူဒါန်းခြင်း၌၎င်း၊ ဝေဘန်ခြင်း၌၎င်း မွေ့လျော်၏၊ ငါသည် အလှူကိုလည်း ပေး၏၊ မိမိသုံးဆောင်အပ်သော အဘို့မှလည်း ခွဲခြမ်း ဝေဘန်ခြင်းကို ပြု၏၊ ဤဆိုအပ်ပြီးသောနှစ်မျိုး၌ မွေ့လျော် ၏ဟု ဤသို့အဖန်တလဲလဲ အောက်မေ့၏ ဆိုလိုသည်။

၁၆၁။ ဤသို့လျှင် မဋ္ဌေရ အညစ်အကြေးကင်းခြင်း အစရှိသော ဂုဏ်၏အစွမ်းဖြင့် မိမိ၏ စွန့်ကြဲခြင်းဂုဏ်ကို အဖန်တလဲလဲ အောက်မေ့သောပုဂ္ဂိုလ်အား ထိုအခါကာလ၌ ရာဂ ထကြွ သောင်းကျန်းသော စိတ်သည် မဖြစ်၊ ဒေါသ ထကြွ သောင်းကျန်းသော (လ) ⋯ မောဟ ထကြွ သောင်းကျန်းသော စိတ်သည် မဖြစ်၊ ထိုအခါ၌ စွန့်ကြဲ ခြင်း ဂုဏ်ကို အာရုံပြု၍ဖြစ်သော ထိုပုဂ္ဂိုလ်၏စိတ်သည် ဖြောင့်မတ်၏၊ ရှေးနည်းအတိုင်း နီဝရဏကို ခွါအပ်ပြီး သော ထိုပုဂ္ဂိုလ်အား တခုသော ခဏ၌ ဈာန်အင်္ဂါတို့ သည် ဖြစ်ကုန်၏၊ စွန့်ကြဲခြင်း ဂုဏ်၏ နက်နဲသည်အဖြစ် ကြောင့်၎င်း၊ အထူးထူး အပြားပြားသော စွန့်ကြဲခြင်း ဂုဏ်ကို အောက်မေ့ခြင်း၌ ညွတ်သော စိတ်ရှိသည်အဖြစ် ကြောင့်၎င်း အပ္ပနာသို့ မရောက်မူ၍ ဥပစာရမျှသာ ရောက်သော ဈာန်သည် ဖြစ်၏၊ ထိုစွန့်ကြဲပေးကမ်းခြင်း

ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့သည်၏ အစွမ်းဖြင့် ဖြစ်သောကြောင့် "စာဂါနုဿတိ" ဟူ၍ ရေတွက်ခြင်းသို့ ရောက်၏၊ ဤစာဂါနုဿတိ ကမ္မဋ္ဌာန်းကို အားထုတ်သော ရဟန်းသည် အတိုင်းထက် အလွန် စွန့်ကြဲပေးကမ်းခြင်း၌ စိတ်ညွတ်၏၊ တစုံတရာသော အာရုံကို မကပ်မက်သော အလောဘ အဇ္ဈာသယ ရှိ၏၊ မေတ္တာဘာဝနာနှင့် လျော်သည်ကို ပြုလေ့ရှိ၏၊ နှစ်သက်ဝမ်းမြောက်ခြင်း များ၏၊ အထက်မဂ်ဖိုလ်ကို ထိုးထွင်း၍ မသိနိုင်သော်လည်း နတ်ရွာ သုဂတိလျှောင် လည်း လျှောင်းရာရှိ၏။

တသ္မာ ဟဝေ အပ္ပမာဒံ၊
ကယိရာထ သုမေဓသော။
ဧဝံ မဟာနုဘာဝါယ၊
စာဂါနုဿတိယာ သဒါတိ။

ထို့ကြောင့် ပညာရှိသောသူသည် ဆိုအပ်ခဲ့ပြီးသော အတိုင်း ကြီးသော တန်ခိုးအာနုဘော်ရှိသော စာဂါ-နုဿတိကမ္မဋ္ဌာန်း၌ အခါခပ်သိမ်း မမေ့မလျော့ အားထုတ်ခြင်းကို ပြုရာ၏။

**စာဂါနုဿတိကမ္မဋ္ဌာန်းကို အကျယ်ဖွင့်ပြခြင်း ပြီး၏။**

---

## (၆) ဒေဝတာနုဿတိကို ပြဆိုခြင်း

၁၆၂။ **ဒေဝတာနုဿတိ** ဒေဝတာနုဿတိကမ္မဋ္ဌာန်းကို ပွါးလိုသော ယောဂီပုဂ္ဂိုလ်သည် အရိယမဂ်ကို ရသည်၏ အစွမ်းဖြင့် ကောင်းစွာ လာကုန်သော သဒ္ဓါ အစရှိကုန်သော ဂုဏ်တို့နှင့် ပြည့်စုံသည် ဖြစ်ရာ၏၊ ထို့နောက် ဆိတ်ငြိမ်ရာအရပ်သို့ ကပ်သည်ဖြစ်၍၊ အထူးထူးသော အာရုံမှဖဲ့ခွါ၍ စတုမဟာရာဇ်ဘုံ၌ နေကုန်သော နတ်တို့သည် ရှိကုန်၏၊ တာဝတိံသာဘုံ၌ နေကုန်သော နတ်

တို့သည် ရှိကုန်၏၊ ယာမာဘုံ တုသိတာဘုံ နိမ္မာနရတိဘုံ ပရနိမ္မိတဝသဝတ္တိဘုံ ဗြဟ္မာ့ဘုံ၌ နေကုန်သော နတ် ဗြဟ္မာတို့သည် ရှိကုန်၏၊ ထိုဗြဟ္မာတို့မှ အထက်ဘုံတို့၌ နေကုန်သော နတ် ဗြဟ္မာတို့သည်လည်း ရှိကုန်၏၊ အကြင်သို့ သဘောရှိသော သဒ္ဓါတရားနှင့် ပြည့်စုံကုန်သော ထိုနတ်တို့သည် ဤလူ့ဘုံမှ စုတေ၍ ထိုနတ်ဘုံတို့၌ ဖြစ်ကုန်၏၊ ငါ့အားလည်း ထိုသို့သဘောရှိသော သဒ္ဓါတရားသည်ရှိ၏၊ အကြင်သို့ သဘောရှိသော သီလနှင့် အကြင်သို့ သဘောရှိသော အကြားအမြင် သုတနှင့် အကြင်သို့ သဘောရှိသော စွန့်ကြဲ ပေးကမ်းခြင်း စာဂနှင့် အကြင်သို့ သဘောရှိသော ပညာနှင့် ပြည့်စုံကြကုန်သော ထိုနတ် ဗြဟ္မာတို့သည် လူ့ဘုံမှ စုတေ၍ ထိုနတ်ဘုံ၌ ဖြစ်ကုန်၏၊ ထိုသို့သဘောရှိသော ပညာသည် ငါ့အားလည်းရှိ၏ဟု ဤသို့လျှင် နတ်တို့ကို သက်သေအရာ၌ထား၍ မိမိ၏သဒ္ဓါအစရှိသော ဂုဏ်တို့ကို အဖန်တလဲလဲ အောက်မေ့အပ်ကုန်၏။

သုတ်၌ကား "ဒိ မဟာနာမ်, ဒအကြင်အခါ၌ အရိယာ၏ တပည့်သည် မိမိ၏လည်းကောင်း ထိုနတ်တို့၏လည်းကောင်း သဒ္ဓါတရားကိုငင်း သီလကိုငင်း စာဂကိုငင်း ပညာကိုငင်း အဖန်ဘလဲလဲ အောက်မေ့၏၊ ထိုအခါကာလ၌ ရာဂ ထကြွသောင်းကျန်းသော စိတ်သည် မဖြစ်"ဟူ၍ ဟောတော်မူအပ်၏၊ ထိုသို့ ဟောသော်လည်း ထိုစကားကို သက်သေအရာ၌ ထားအပ်သော နတ်တို့၏ မိမိ၏ သဒ္ဓါဒိစရှိသည်တို့နှင့် တူမျှသော ဂုဏ်ကိုပြခြင်း အကျိုးငှါ ဆိုသည်ဟု သိအပ်၏၊ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့၏ဟု မြဲစွဲစွာပြု၍ ဆိုအပ်၏။

၁၆၃။ ထို့ကြောင့် ဘာဝနာအားထုတ်စ၌ နတ်တို့၏ ဂုဏ်တို့ကို အဖန်ဖန် အောက်မေ့ပြီး၍ နောက်အဘို့၌ မိမိ၏ထင်ရှားရှိသော သဒ္ဓါ အစရှိသော ဂုဏ်တို့ကို အဖန် တလဲလဲ အောက်မေ့သော ထိုယောဂီပုဂ္ဂိုလ်အား ထိုအခါ၌

ရာဂ ထကြွ သောင်းကျန်းသော စိတ်သည် မဖြစ်၊ ဒေါသ ထကြွ သောင်းကျန်းသော စိတ်သည်....(လ)... မောဟ ထကြွ သောင်းကျန်းသော စိတ်သည်မဖြစ်၊ ထိုအခါ၌ ထိုပုဂ္ဂိုလ်၏စိတ်သည် နတ်တို့ကို အာရုံပြု၍ ဖြောင့်မတ်သည် ဖြစ်၏၊ ရှေးနည်းအတိုင်း နီဝရဏကို ခွါအပ်သော တခုသော ခဏ၌ ဈာန်အင်္ဂါတို့သည် ဖြစ်ကုန်၏၊ သဒ္ဓါ အစရှိသော ဂုဏ်တို့၏ နက်နဲသည် အဖြစ်ကြောင့်၎င်း၊ အထူးထူး အပြားပြားသော ဂုဏ်တို့ကို အဖန်တလဲလဲ အောက်မေ့ခြင်း၌ စိတ်ညွတ်သောကြောင့်၎င်း အပ္ပနာသို့ မရောက်မူ၍ ဥပစာရမျှသာ ရောက်သောဈာန်သည် ဖြစ်၏။

ထိုနတ်တို့၏ ဂုဏ်နှင့်တူသော သဒ္ဓါအစရှိသော ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့သည်၏ အစွမ်းဖြင့် "ဒေဝတာနုဿတိ" ဟု ရေတွက်ခေါ်ဝေါ်ခြင်းသို့ ရောက်၏၊ ဤဒေဝတာနုဿတိ ကမ္မဋ္ဌာန်းကို အဖန်တလဲလဲ အားထုတ်သော ရဟန်းကို နတ်တို့သည် ချစ်နှစ်သက်ကြကုန်၏၊ အတိုင်းထက်အလွန် သဒ္ဓါ အစရှိသော သုတော်ကောင်း တရားတို့ကို ပြန့်ပြော စည်ပင်ခြင်းသို့ ရောက်စေ၏၊ နှစ်သက် ဝမ်းမြောက်ခြင်းများသည် ဖြစ်၍နေ၏၊ အထက်မဂ်ဖိုလ်သို့ပင် မရောက်နိုင်သော်လည်း နတ်ရွာ သုဂတိ လျှင် လည်းလျောင်းရာရှိ၏။

တသ္မာ ဟဝေ အပ္ပမာဒံ၊
ကယိရာထ သုမေဓသော။
ဧဝံ မဟာနုဘာဝါယ၊
ဒေဝတာနုဿတိယာ သဒါတိ။

ထို့ကြောင့် ပညာရှိသောသူသည် ဆိုအပ်ခဲ့ပြီးသော အတိုင်း ကြီးသော တန်ခိုးအာနုဘော်ရှိသော ဒေဝတာနုဿတိကမ္မဋ္ဌာန်း၌ အခါခပ်သိမ်း မမေ့မလျော့ အားထုတ်ခြင်းကို ပြုရာ၏။

ဒေဝတာနုဿတိ ကမ္မဋ္ဌာန်းကို အကျယ်ဖွင့်ပြခြင်း ပြီး၏။

## ပကိဏ္ဏကကို ပြခြင်း

၁၆၄။ ဗုဒ္ဓါနုဿတိ အစရှိသော ခြောက်ပါးသော အနုဿတိ ကမ္မဋ္ဌာန်းတို့၏ အကျယ်ဝိတ္ထာရကို ဖွင့်ပြသော ဒေသနာ၌ "ထိုအခါ၌ ထိုပုဂ္ဂိုလ်၏ စိတ်သည် မြတ်စွာဘုရားကို အာရုံပြု၍ ဖြောင့်မတ်သည် ဖြစ်၏" အစရှိသည်တို့ကို ဆိုပြီး၍ "**အို-မဟာနာမ်**, ဖြောင့်မတ်သော စိတ်ရှိသော အရိယာ၏ တပည့်သည် အတ္ထဝေဒကို ရ၏၊ ဓမ္မဝေဒကို ရ၏၊ တရားကြောင့်ဖြစ်သော ဝမ်းမြောက်ခြင်း ပါမောဇ္ဇကို ရ၏၊ ဝမ်းမြောက်သောသူအား နှစ်သက်ခြင်း ပီတိသည်ဖြစ်၏" ဟူ၍ ဟောအပ်၏၊ ထိုဟောတော်မူအပ်သော စကား၌ "ဣတိပိ သော ဘဂဝါ အစရှိသည်တို့၏ အနက်ကို အမှီပြု၍ဖြစ်သော နှစ်သက်ခြင်းကိုရည်၍ အတ္ထဝေဒ ဟု ဆိုသည်၊ ပါဠိကို အမှီပြု၍ ဖြစ်သော နှစ်သက်ခြင်းကိုရည်၍ ဓမ္မဝေဒကို ရ၏ဟု ဆိုသည်၊ နှစ်ပါးစုံတို့၏ အစွမ်းဖြင့် တရားကြောင့် ဖြစ်သော ဝမ်းမြောက်ခြင်း ပါမောဇ္ဇကို ရ၏ဟု ဆိုလေသည်"၊ ဤသို့သိအပ်၏။

ဒေဝတာနုဿတိ ကမ္မဋ္ဌာန်း၌"နတ်တို့ကို အာရုံပြု၍"ဟူသော စကားကို ဆိုအပ်၏၊ ထိုစကားကို ကမ္မဋ္ဌာန်း အားထုတ်စ၌ နတ်တို့ကို အာရုံပြု၍ဖြစ်သော စိတ်၏အစွမ်းဖြင့် နတ်တို့၏ ဂုဏ်နှင့်တူသော နတ်၏အဖြစ်ကို ပြီးစေတတ်သော ဂုဏ်တို့ကို အာရုံပြု၍ ဖြစ်သော စိတ်၏အစွမ်းဖြင့် ဆိုအပ်၏ဟု သိအပ်၏။

၁၆၅။ ဤအနုဿတိ ခြောက်ပါးတို့သည် အရိယာ သာဝကတို့ အားသာ ပြည့်စုံကုန်၏၊ ထိုပုဂ္ဂိုလ်တို့ အားသာလျှင် ဘုရားဂုဏ်, တရားဂုဏ်, သံဃဂုဏ်တို့သည် ထင်ရှားကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည်ကား-မကျိုးသောအဖြစ် အစရှိသောဂုဏ်ရှိသော သီလတို့နှင့် အညစ်အကြေး မငြိရကင်းသော စွန့်ကြဲခြင်းနှင့် ကြီးသော အာနုဘော်ရှိကုန်သော နတ်တို့၏ ဂုဏ်နှင့်တူသော သဒ္ဓါ အစရှိသော

ဂုဏ်တို့နှင့် ပြည့်စုံကုန်၏၊ မဟာနာမသုတ်၌ကား သော
တာပန်၏ ဝိရာဝိဟာရကို မေးသောကြောင့် မြတ်စွာ
ဘုရားသည် သောတာပန်၏ဝိရာ ဝိဟာရကို ပြခြင်းငှါ
သာလျှင် ထိုခြောက်ပါးသော အနုသယတိတို့ကို အကျယ်
အားဖြင့် ဟောအပ်၏။

**ဂေဓသုတ်**၌လည်း ''အို-ရဟန်းတို့, ဤသာသနာတော်၌
အရိယာ၏ တပည့်သည်''ဣတိပိ သော ဘဂဝါ အရဟံ....(လ)....
ဗုဒ္ဓေါ ဘဂဝါတိ''ဟူ၍ ငါဘုရား၏ ဂုဏ်တော်ကို အောက်မေ့၏၊
ထိုအခါ၌ ထိုပုဂ္ဂိုလ်၏စိတ်သည် ဖြောင့်မတ်သည်ဖြစ်၏၊ **ဂေဓ**,
ဟူသော ပလိဗောဓ ကြောင့်ကြခြင်းမှ၊ **တနည်း** စေးကပ် ငြိတွယ်
သော ကာမဂုဏ်မှ ထွက်နိုင်သည် လွတ်နိုင်သည် ထနိုင်သည်
ဖြစ်၏၊ အို-ရဟန်းတို့, **ဂေဓ**, ဆိုသည်ကား ငါးပါးသော ကာမ
ဂုဏ်တို့၏ အမည်ပေတည်း၊ အို-ရဟန်းတို့ စင်စစ်သော်ကား
ဤဗုဒ္ဓါနုဿတိဖြင့် ရအပ်သော ဥပစာရဈာန်ကို အာရုံပြု၍ ဤ
သာသနာတော်၌ အချို့သော သတ္တဝါတို့သည် ကိလေသာမှ
စင်ကြယ်ကုန်၏''ဟု အရိယာသာဝက၏ အနုဿတိ၏ အစွမ်းဖြင့်
စိတ်ကိုသုတ်သင်၍ အထက်ဖြစ်သော ပရမတ္ထဝိသုဒ္ဓိကို ရခြင်း
အကျိုးငှါ ဟောအပ်ကုန်၏။

**အရှင်မဟာကစ္စာနမထေရ်**သည် ဟောအပ်သော **သမ္ဗာဓော
ကာသသုတ်**၌လည်း ''အို-ငါ့ရှင်တို့, သိတော်မူသော မြင်တော်
မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန်
အလုံးစုံသောတရားကို ကိုယ်တိုင်သိတော်မူသော ထိုမြတ်စွာ
ဘုရားသည် သတ္တဝါတို့၏ စင်ကြယ်ခြင်းငှါ....(လ)....နိဗ္ဗာန်ကို
မျက်မှောက်ပြုခြင်းငှါ တဏှာကိလေသာ စသည်တို့ဖြင့် နှိပ်စက်
ကျဉ်းကြပ်သော အိမ်ရာတည်တောင် လူ၏တောင်၌ လောကုတ္တရာ
တရားကို ရခြင်းငှါ အခွင့်အလမ်းကို အလွန်လျော်စွာ သိတော်မူ
၏၊ အို-ငါ့ရှင်တို့, ဤသို့သတ္တဝါတို့၏ အရေးအခွင့်ကို သိတော်
မူနိုင်ခြင်းသည် အံ့ဩဘွယ် ကောင်းလှ၏၊ မဖြစ်စဘူး ထူးဆန်း
လှပေ၏၊ အို-ငါ့ရှင်တို့, ခြောက်ပါးကုန်သော ဤအနုဿတိဌာန

တို့သည် ရှိကုန်၏၊ အဘယ်ခြောက်ပါးတို့နည်းဟူမူကား အို-ငါ့ရှင်တို့, ဤသာသနာတော်၌ အရိယာ၏တပည့်သည်....(လ)....မြတ်စွာဘုရားကို အဖန်တလဲလဲ အောက်မေ့၏၊ ဤသာသနာတော်၌ အချို့သော သတ္တဝါတို့သည် ကိလေသာ အညစ်အကြေးမှ စင်ကြယ်သော သဘောရှိကုန်သည် ဖြစ်ကုန်၏”ဟု ဤသို့လျှင် အရိယာ သာဝကတို့၏သာလျှင် ပရမတ္ထဝိသုဒ္ဓိဖြစ်သော နိဗ္ဗာန်ကို ထိုက်သည် အဖြစ်ဖြင့် အခွင့်အလမ်း **ဧကာဒသနိပါတ၏ အစွမ်း** ဖြင့် ဟောအပ်ကုန်၏။

**ဥပေါသထသုတ်**၌လည်း“**အို-ဝိသာခါ**,အဘယ်သို့လျှင်အရိယာ ဥပုသ်သည် ဖြစ်သနည်း၊ အို-ဝိသာခါ,ညစ်နွမ်းသောစိတ်ကို လုံ့လ ပြုခြင်းဖြင့် စင်ကြယ်သန့်ရှင်းသည် ဖြစ်၏၊ အို-ဝိသာခါ, အဘယ် သို့လျှင် ညစ်နွမ်းသောစိတ်ကို လုံ့လဖြင့် ဖြူစင်သည် ဖြစ်သနည်း ဟူမူ၊ အို-ဝိသာခါ, ဤသာသနာတော်၌ အရိယာ၏ တပည့်သည် မြတ်စွာဘုရား၏ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့၏” ဟု ဤသို့လျှင် ဥပုသ်ကို ကျင့်သုံးသော အရိယာသာဝက၏သာလျှင် စိတ်ကိုသုတ်သင်သော ကမ္မဋ္ဌာန်း၏ အစွမ်းဖြင့် ဥပုသ်၏ အကျိုး ကြီးမြတ်သည်အဖြစ်ကို ပြခြင်းငှါ ဟောအပ်ကုန်၏။

ဧကာဒသနိပါတ် (အင်္ဂုတ္တိုရ်)၌လည်း အို-မဟာနာမ်, သဒ္ဓါ တရားနှင့် ပြည့်စုံသောသူသည် အရဟတ္တဖိုလ်ကို ပြီးစေနိုင်၏၊ သဒ္ဓါတရား မရှိသောသူသည် မပြီးစေနိုင်၊ အားထုတ်အပ် သော ဝီရိယရှိသူ ထင်သောသတိရှိသူ တည်ကြည်သော စိတ် ရှိသူ....(လ)....အို-မဟာနာမ်, ပညာရှိသူသည် အရဟတ္တဖိုလ်ကို ပြီးစေနိုင်၏၊ ပညာမရှိသူသည် မပြီးစေနိုင်၊ အို-မဟာနာမ်, သင်သည် ဤငါးပါးသော တရားတို့၌ တည်ခြင်းငှါ ခြောက်ပါး သောတရားတို့ကို အလွန်ပွါးလေလော့၊ အို-မဟာနာမ်, ဤ သာသနာတော်၌ သင်သည် “ဣတိပိ သော ဘဂဝါ....(လ).... ဗုဒ္ဓေါ ဘဂဝါ”ဟူ၍ မြတ်စွာဘုရားကို အဖန်တလဲလဲ အောက်မေ့ လေလော့” ဟု ဤသို့အရိယာ သာဝကအားသာလျှင် “ဘုန်းတော် ကြီးပါသော အရှင်ဘုရား အထူးထူးသောနေခြင်းဖြင့် နေကုန်

သော ထိုအကျွန်ုပ်တို့သည် အတည်ကျကျ အဘယ်ဝိဟာရဖြင့် နေသင့်သည် ဖြစ်ရာသနည်း”ဟု မေးလျှောက်ရာ၌ နေခြင်း ဝိဟာရကို ပြခြင်းအကျိုးငှါ ဟောအပ်ကုန်၏။

၁၆၆။ ဤသို့လျှင် မဟာနာမသုတ် အစရှိသော များစွာသော သုတ်တို့၌ အရိယာသာဝကအားသာ ခြောက်ပါးသော အနုဿတိတို့ကို ဟောအပ်ပါကုန်သော်လည်း စင်ကြယ်သော သီလအစရှိသော ဂုဏ်နှင့်ပြည့်စုံသော ပုထုဇဉ် ဖြစ်သော်လည်း နှလုံးသွင်းခြင်းကို ပြုအပ်ကုန်၏၊ ထို စကားသင့်၏၊ အဖန်တလဲလဲ အောက်မေ့သည်၏အစွမ်း ဖြင့် ဘုရားအစရှိသည်တို့၏ဂုဏ်ကို အောက်မေ့သော သူ၏စိတ်သည် ကြည်လင်၏၊ အကြင် စိတ်ကြည်လင် ခြင်း၏ အာနုဘော်ကြောင့် နီဝရဏတို့ကိုခွါ၍ ပြန့်ပြော ပေါ်များသော ဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍ ဝိပဿနာ ကို အားထုတ်ပြီးလျှင် **ကဋအန္ဓကာရဝါသီ ဖုဿဒေဝ မထေရ်**ကဲ့သို့ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်သည် သာတည်း၊ ထိုအရှင်ဖုဿဒေဝမထေရ်သည် မာရ်နတ် ဖန်ဆင်းအပ်သော မြတ်စွာဘုရား၏ အဆင်းပုံတော်ကို မြင်ရ၍ ရာဂ, ဒေါသ, မောဟ, မကင်းသေးသော ဤ မာရ်နတ်သည်ပင် ဤမျှလောက် တင့်တယ်တုံသေး၏၊ ဝါသနာနှင့်တကွ အလုံးစုံသော ရာဂ,ဒေါသ,မောဟ မှ ကင်းတော်မူသော မြတ်စွာဘုရားသည်ကား အဘယ် သို့လျှင် တင့်တယ် သပ္ပါယ်တော်မူရှာလိမ့်မည်နည်း ဟု ဘုရားရှင်ကိုအာရုံပြု၍ ဖြစ်သော ပီတိကိုရ၍ ဝိပဿနာကို ပွါးပြီးလျှင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ဤသို့လျှင် သူတော်ကောင်းတို့၏ ဝမ်းမြောက်ခြင်းအကျိုးငှါ ပြုစီရင်အပ်သော
ဝိသုဒ္ဓိမဂ္ဂကျမ်း၌ သမာဓိကိုပွါးများခြင်း အစီအရင်ကိုဆိုရာ၌ ခြောက်ပါးသော
အနုဿတိတို့ကို ညွှန်ပြ ဟောကြားသောကြောင့် ဆ,အနုဿတိ နိဒ္ဒေသ
အမည်ရှိသော သတ္တမပိုင်းပြီး၏။

---

# ၈—အနုဿတိ ကမ္မဋ္ဌာန နိဒ္ဒေသပိုင်း

## မရဏဿတိကိုပြဆိုခြင်း

၁၆၇။ **မရဏဿတိ သေခြင်းမရဏ** ယခုအခါ၌ မရဏဿတိ ကမ္မဋ္ဌာန်းစီးဖြန်း ပွါးများခြင်းကို ဖွင့်ပြရန် အစဉ်ရောက်ပြီ၊ ထိုမရဏဿတိဟူသောပုဒ်၌ "မရဏ" ဆိုသည်ကား တခုသောဘဝဖြင့် ပိုင်းခြားအပ်သော အသက်ဇီဝိတိန္ဒြေအစဉ်၏ ပြတ်ခြင်းဟု ဆိုအပ်သော "သေခြင်း"ကို ဆိုသည်၊ ရဟန္တာပုဂ္ဂိုလ်တို့၏ သံသရာဝဋ်ဒုက္ခ အကြွင်းမဲ့ပြတ်ခြင်းဟု ဆိုအပ်သော သမုစ္ဆေဒမရဏ,ရုပ်,နာမ်,ဓမ္မ,သင်္ခါရတို့၏ ပျက်ခြင်း ဘင်ခဏဟု ဆိုအပ်သော ခဏိကမရဏ, သစ်ပင်သေ၏, သံသေ၏ အစရှိသည်ဖြင့် ခေါ်ဝေါ်သမုတ်အပ်သော သမ္မုတိမရဏ၊ ၎င်းမရဏသုံးမျိုးကို ဤ မရဏဿတိအရာ၌ မရဏဟူ၍ အလိုမရှိအပ်၊ ဘဝတခုဖြင့် ပိုင်းခြားအပ်သော ဇီဝိတိန္ဒြေအစဉ်၏ ပြတ်ခြင်း မရဏကိုသာ ဤအရာ၌ သတိ၏အာရုံအဖြစ်ဖြင့် အလိုရှိအပ်၏။

**သေခြင်းနှစ်မျိုး** ထိုမရဏသည်လည်း အသက်စသည်တို့၏ ကုန်ရာကာလ၌ သေခြင်းဟူသော "**ကာလမရဏ**" အသက်စသည်တို့၏ မကုန်သေးမီကာလ၌ သေခြင်းဟူသော "**အကာလမရဏ**"ဟူ၍ နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတို့တွင် "**ကာလမရဏ**" သည် ကောင်းမှုကံ ကုန်သဖြင့်၎င်း, အသက်ကုန်သဖြင့်၎င်း, အသက် ကံ-နှစ်ပါးစလုံးကုန်သဖြင့်၎င်း ဖြစ်၏။ "**အကာလမရဏ**"သည်ကား ဝိပါက်ကမ္မဇရုပ်ကို ဖြစ်စေတတ်သော ကံကို ဖြတ်တတ်သော ကံ၏အစွမ်းဖြင့် ဖြစ်၏၊ ထိုသေခြင်းတို့တွင် အသက်ဇီဝိတိန္ဒြေကို ဖြစ်စေတတ်သော အာဟာရစသော အကြောင်းတို့၏ ပြည့်စုံခြင်းသည် ရှိပါသော်လည်း သက်သက်ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံ၏အကျိုးဝိပါက်ကို ပေးပြီးသည်၏အဖြစ်ကြောင့် သေခြင်းသည် ဖြစ်၏၊ ဤသေခြင်းသည်

ကောင်းမှုကံကုန်၍ သေခြင်း **"ပုညက္ခယမရဏ"**မည်၏၊ နတ်တို့ကဲ့သို့ ဂတိသမ္ပတ္တိ, ကမ္ဘာဦးသူတို့ကဲ့သို့ ကာလသမ္ပတ္တိ, မြောက်ကျွန်းသူတို့ကဲ့သို့ အာဟာရသမ္ပတ္တိ စသည် မရှိခြင်းကြောင့် ယခုကာလ လူတို့ကဲ့သို့ အနှစ်တရာမျှသာ အတိုင်းအရှည်ရှိသော အသက်၏ ကုန်သည်၏အစွမ်းဖြင့် သေခြင်းသည် အသက်ကုန်၍ သေခြင်း **"အာယုက္ခယမရဏ"** မည်၏၊ သျှင် **မောဂ္ဂလာန်** အလောင်း **ဒူသီမည်သော မာရ်နတ်မင်း ကလာဗုမင်း** အစရှိကုန်သော သူတို့၏ သေခြင်းကဲ့သို့ ထိုခဏ၌ပင် မိမိတည်ရာမှ ရွေ့စေခြင်းငှါ စွမ်းနိုင်သော ကံသည် ဖြတ်အပ်သော သန္တာန်ရှိသောသူတို့၏ သေခြင်းသည်၎င်း၊ ရှေးဘဝက ပြုခဲ့ဘူးသော ကံ၏အစွမ်းဖြင့် အသက်ကိုသေစေတတ်သော ဓားလက်နက်ဖြင့် နှိပ်စက်ခြင်း အစရှိကုန်သော မိမိလုံ့လ သူတပါးလုံ့လတို့ဖြင့် ပြတ်သော သန္တာန်ရှိသောသူတို့၏ သေခြင်းသည်၎င်း ဖြစ်၏၊ ဤသေခြင်းသည် **"အကာလမရဏ"** မည်၏။ ကာလမရဏ, **အကာလမရဏ**, ပုညက္ခယမရဏ, အာယုက္ခယမရဏ, ဥဘယက္ခယမရဏ, ဥပစ္ဆေဒကမရဏဟူ၍ ဆိုအပ်ခဲ့ပြီးသော ထိုအလုံးစုံသော သေခြင်းမရဏကိုလည်း ဇီဝိတိန္ဒြေ အသက်၏ပြတ်ခြင်းဟုဆိုအပ်သော မရဏ၌ပေါင်း၍ ယူအပ်၏၊ အသက် ဇီဝိတိန္ဒြေ၏ ပြတ်ခြင်းဟုဆိုအပ်သော သေခြင်းမရဏကို အောက်မေ့ခြင်းသည် **"မရဏဿတိ"** မည်၏။

၁၆၈။ **မရဏဿတိ ကမ္မဋ္ဌာန်း ပွါးရပုံ**—ထို မရဏဿတိ ကမ္မဋ္ဌာန်းကို ပွါးလိုသော ယောဂီပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာသို့ ကပ်သည်ဖြစ်၍ ကမ္မဋ္ဌာန်းအာရုံကိုသာ စွဲလမ်းငြကပ်သော စိတ်ရှိသည်ဖြစ်၍ **"သေခြင်းသည်ဖြစ်လတ္တံ့, ဇီဝိတိန္ဒြေအသက်သည်ပြတ်လတ္တံ့"**ဟူ၍၎င်း, **"သေခြင်းသဘော သေခြင်းသဘော"**ဟူ၍၎င်း သင့်လျော်သော အားဖြင့် နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏၊ မသင့်သော အားဖြင့် နှလုံးသွင်းသောသူအား အလိုရှိအပ် ချစ်မြတ်နိုးအပ်သောသူတို့၏ သေခြင်းကို အဖန်တလဲလဲ အောက်

မေ့ရာ၌ စိုးရိမ်ခြင်းသောက ဖြစ်၏၊ မွေးဖွားသော အမိသည် ချစ်အပ်သော သား၏သေခြင်းကို အဖန် တလဲလဲ အောက်မေ့ရာ၌ စိုးရိမ်ခြင်း ဖြစ်သကဲ့သို့တည်း၊ အလိုမရှိအပ်သော သူတို့၏သေခြင်းကို အောက်မေ့ရာ၌ ဝမ်းမြောက်ခြင်းသည် ဖြစ်၏၊ ရန်သူဖြစ်သောသူတို့၏ ရန်သူသေသည်ကို အောက်မေ့ရာ၌ ဝမ်းမြောက်ခြင်း ဖြစ်သကဲ့သို့တည်း၊ မမုန်း, မချစ် လျစ်လျူ သဘောရှိသူ၏ သေခြင်းကို အောက်မေ့ရာ၌ ထိတ်လန့်ခြင်းမဖြစ်၊ သူသေကောင် မီးဖုတ်သော စဏ္ဍာလသည် သူသေ ကောင်ကိုမြင်ရာ၌ ထိတ်လန့်ခြင်း မဖြစ်သကဲ့သို့တည်း။ မိမိ၏သေခြင်းကို အဖန်တလဲလဲ အောက်မေ့ရာ၌ ကြောက်လန့်ခြင်းသည် ဖြစ်၏၊ သံလျက်ကိုမိုးသော သူသတ်ယောက်ျားကိုမြင်၍ ကြောက်လန့်တတ်သော သဘောရှိသူအား ကြောက်လန့်ခြင်း ဖြစ်သကဲ့သို့တည်း။ ထိုသောကဖြစ်ခြင်း အစရှိသော အလုံးစုံတို့သည်ပင် သတိ သံဝေဂဉာဏ်ကင်းသော သူတို့အား ဖြစ်၏၊ (သတိ သံဝေဂဉာဏ် မကင်းသောသူအား မဖြစ်)။

ထို့ကြောင့် ထိုထို တောအရပ်သုသာန်စသော အရပ်တို့၌ သတ်၍ သေသော သတ္တဝါ, သဘောအလျောက် သေသော သတ္တဝါတို့ကိုကြည့်၍ မြင်လိုက်ဘူးသော စည်းစိမ်ရှိကုန်သော သေကုန်သော သတ္တဝါတို့၏ သေခြင်းကိုဆင်ခြင်၍ သတိကိုရင်း, သံဝေဂကိုရင်း, ဉာဏ်ကိုရင်း ဖြစ်စေပြီးလျှင် သေရခြင်းဖြစ်လတ္တံ့၊ ဤသို့ အစရှိသောနည်းဖြင့် နှလုံးသွင်းခြင်းကို ပြုအပ်၏၊ ဤသို့ ပြုသောသူသည် အသင့်အလျော်အားဖြင့် နှလုံးသွင်းခြင်းကို ဖြစ်စေသည် မည်၏၊ လမ်းရိုးမှန်သော အကြောင်းအားဖြင့် ဖြစ်စေရာ၏ဟု ဆိုလိုသည်၊ ဤသို့ဖြစ်သော အချို့ ဉာဏ်ထက်သော ပုဂ္ဂိုလ်အား နီဝရဏတို့သည် ကွာကုန်၏၊ သေခြင်းလျှင် အာရုံရှိသော သတိသည် တည်၏၊ ကမ္မဋ္ဌာန်းသည် ဥပစာရဈာန်သို့ ရောက်၏။

၁၆၉။ **သေခြင်းကို အောက်မေ့ရပုံ ၈-မျိုး** အကြင်ပုဂ္ဂိုလ်အား ကား ဤမျှသော အတိုင်းအရှည်ဖြင့် နိဝရဏကွာခြင်း, သတိ၏တည်ခြင်း မဖြစ်ခဲ့သော် ထိုပုဂ္ဂိုလ်သည်—

(၁) **သူသတ်ယောက်ျား ရှေးရှု တည်လာသော အားဖြင့်ရင်း၊**

(၂) **ပြည့်စုံခြင်း၏ ပျက်စီးခြင်းအားဖြင့်ရင်း၊**

(၃) **ကပ်၍ ဆောင်သောအားဖြင့်ရင်း၊**

(၄) **ကိုယ်၏ များစွာသော သေကြောင်းတို့နှင့် ဆက်ဆံသောအားဖြင့်ရင်း၊**

(၅) **အသက်၏အားနည်းသော အဖြစ်အားဖြင့်ရင်း၊**

(၆) **သေခြင်း၏ မှတ်သားအပ်သော အပိုင်းအခြား မရှိခြင်းအားဖြင့်ရင်း၊**

(၇) **ကာလ၏ ပိုင်းခြားအပ်သည်၏ အဖြစ်အား ဖြင့်ရင်း၊**

(၈) **အသက် ရှင်သော ခဏ၏ အလွန်တိုသော အားဖြင့်ရင်း၊**

ဤ ရှစ်ပါးသော အခြင်းအရာတို့ဖြင့် သေခြင်းကို အောက် မေ့အပ်၏။

## (၁) ဝဓကပစ္စုပဋ္ဌာန

ထို ရှစ်ပါးသော အခြင်းအရာတို့တွင် **"သူသတ်ယောက်ျား ရှေးရှု တည်လာသောအားဖြင့်"** အဘယ်သို့ အောက်မေ့အပ် သနည်း ဟူမူကား၊ သူသတ်ယောက်ျားသည် မိမိအနီးရှေ့၌ မားမား မတ်မတ် သတ်တော့မည်ဟန် ရပ်နေသလို, ဤသူ၏ ဦးခေါင်းကို ဖြတ်အံ့ဟူ၍ သန်လျက်ကိုကိုင်ပြီးလျှင် လည်ပင်းကိုခုတ်အံ့သောငှါ ရစ်ဝဲခြင်း ပြုလုပ်သော သူသတ်ယောက်ျား ရှေ့နားမှာကပ်၍

ရပ်နေသလို သေခြင်းသည် ရှေးရှုကပ်၍ ငါ၏အနီး၌တည်၏ဟု အဖန်တလဲလဲ အောက်မေ့အပ်၏၊ အဘယ့်ကြောင့်နည်းဟူမူ၊ အိုခြင်း,သေခြင်းသည် ပဋိသန္ဓေနှင့် အတူတကွလာသောကြောင့် ၎င်း, အသက်ကို ဆောင်တတ်သောကြောင့် ၎င်းတည်း၊ ထို စကားကို **ဥပမာ**ဖြင့် ထင်စွာပြအံ့-မှိုပွင့်သည် ထိပ်ဖျားမှာ မြေမှုန့်ကို ရွက်ဆောင်၍ ထွက်ပေါ်လာဘိ၏သို့ ထို့အတူ သတ္တဝါတို့သည် ဇရာမရဏကို ရွက်ဆောင်၍ ဖြစ်ကြကုန်၏၊ ထို့ကြောင့် ထို သတ္တဝါတို့၏ ပဋိသန္ဓေစိတ်သည် ဥပါဒ်၏အခြားမဲ့၌ ဇရာသို့ ရောက်၍ တောင်ထွတ်မှကျသော ကျောက်ကဲ့သို့ သမ္ပယုတ် ဖြစ်သော ခန္ဓာတို့နှင့်အတူတကွ ပျက်၏၊ ဤသို့လျှင် ခဏိက မရဏသည် ဇာတိနှင့်အတူတကွ လာ၏၊ ပဋိသန္ဓေနေသော သတ္တဝါအား မချွတ်ဧကန် သေရမည်မှန်သောကြောင့် ဤအရာ၌ လိုရင်းဖြစ်သော မရဏသဘောသည်လည်း ဇာတိနှင့်တကွပင် လာသည် မည်၏၊ ထို့ကြောင့် ဤသတ္တဝါသည် ပဋိသန္ဓေ ယူနေ ဖြစ်ပေါ်သည်ကစ၍ **ဥပမာ**-ဘက်လာသောနေသည် ဝင်ခြင်းသို့ ရှေးရှု၍ သွား၏၊ ရောက်ရာ ရောက်ရာအရပ်မှ အနည်းငယ်မျှ နောက်သို့ မဆုတ်သကဲ့သို့၎င်း, တောင်ပေါ်မှ စီးဆင်းသော တောင်ကျချောင်းရေသည် လျင်သောအဟုန်ဖြင့် မြက်, သစ်ခက်, သစ်ရွက်တို့ကို ယူဆောင်၍ တဟုန်တည်း စီးဆင်း၏၊ အနည်း ငယ်မျှ ဆုတ်နစ် တန့်စားခြင်း မရှိသကဲ့သို့၎င်း ဤအတူ အနည်း ငယ်မျှ နောက်သို့ဆုတ်သောမည်သည် မရှိ၊ သေခြင်းသို့သာလျှင် ရှေးရှု သွား၏၊ ထို့ကြောင့်—

> **''ယမေကရတ္တိံ ပဌမံ၊**
> **ဂဗ္ဘေ ဝသတိ မာဏဝေါ။**
> **အဗ္ဘုဋ္ဌိတောဝ သော ယာတိ၊**
> **သ ဂစ္ဆံ န နိဝတ္တတိ''တိ။**

တခုသောညဉ့်၌ ရှေးဦးစွာ အမိဝမ်းဝယ်၌ ပဋိသန္ဓေ ယူနေ ကိန်းအောင်းသော သတ္တဝါသည် ထိုပဋိသန္ဓေ

ယူနေသောခဏမှစ၍ ဘက်သော မိုးသီးတိမ်တိုက်ကဲ့သို့ သေခြင်းကို ရှေးရှု၍သာလျှင် သွား၏၊ ထိုသတ္တဝါသည် ခဏမျှလည်း နောက်သို့မဆုတ်ချေ။

ဟူ၍ ဟောတော်မူ၏၊ အဓိပ္ပါယ်ကား—

ဤသို့ သေခြင်းသို့ ရှေးရှုသွားသော သတ္တဝါသည် တန်ခူး, ကဆုန်, နေဟုန် ပြင်းပြသော နွေကာလအခါမှာ မြစ်ငယ်, ချောင်းငယ်တွေ ခန်းခြောက်သကဲ့သို့၎င်း, နံနက်စောစောအခါ အညှာရင်းသို့ လျော့က်သော အာပေါရေဓာတ်ကြောင့် စိုစွတ်ရင့်ယော်သော သစ်သီးတို့၏ ကြွေကျခြင်းကဲ့သို့၎င်း, ဆောက်ပုတ်ဖြင့်ရိုက်ခပ်အပ်ကုန်သော မြေအိုး, ခမြခွက်တွေ ကွဲခြင်းကဲ့သို့၎င်း, နေခြည်ရောင် ကြောက်သဖြင့် ဆီးနှင်းပေါက်တွေ ကျေပျောက်သကဲ့သို့၎င်း သေခြင်းသည် နီး၏၊ ထို့ကြောင့်—

(၁) "အစ္စယန္တိ အဟောရတ္တာ၊ ဇီဝိတမုပရုဇ္ဈတိ။
အာယု ခီယတိ မစ္စာနံ၊ ကုန္နဒီနံဝ ဩဒကံ။

(၂) 'ဖလာနမိဝ ပက္ကာနံ၊ ပါတော ပတနတော ဘယံ။
ဧဝံ ဇာတာနမစ္စာနံ၊ နိစ္စံ မရဏတော ဘယံ။

(၃) ယထာပိ ကုမ္ဘကာရဿ၊ ကတံ မတ္တိကဘာဇနံ။
ခုဒ္ဒကဉ္စ မဟန္တဉ္စ၊ ယံ ပက္ကံ ယဉ္စ အာမကံ။
သဗ္ဗံ ဘေဒနပရိယန္တံ၊ ဧဝံ မစ္စာန ဇီဝိတံ'။

(၄) ဥဿာဝေါဝ တိဏဂ္ဂမှိ၊ သူရိယုဂ္ဂမနံ ပတိ။
ဧဝမာယု မနုဿာနံ၊ မာ မံ အမ္မ နိဝါရယာ"တိ။

(၁) မြစ်ငယ် ချောင်းငယ်တို့၏ရေသည် မမြင့်မကြာ ခန်းခြောက်လွယ်သကဲ့သို့ နေ့-ညဉ့်တို့သည် လွန်ကုန်၏၊ ထို့ကြောင့် အသက်သည် ချုပ်ပျောက်လေ၏၊ သတ္တဝါတို့၏အသက်သည် ကုန်၏။

(၂) နံနက်အခါကာလ၌ မှည့်ရင့်ကုန်သော သစ်သီးတို့၏ ကြွေကျခြင်းကြောင့် သစ်ပင်အောက်သို့

ဝင်သောသူတို့အား ကြောက်လန့်ခြင်းဖြစ်သကဲ့သို့ ဤအတူ ပဋိသန္ဓေ ယူနေ ဖြစ် ပေါ် ကြ ကုန် သော သတ္တဝါတို့၏ အမြဲသေခြင်းဖြင့် တွေ့မြင်သောသူတို့အား ကြောက်လန့်ခြင်းသည် ဖြစ်၏။

(၃) အိုးထိန်းသည်သည် ပြုလုပ်အပ်သောအငယ်,အကြီး, အစိမ်း,အကျက်ဖြစ်ကုန်သော အလုံးစုံသော မြေအိုး မြေခွက်တို့သည် ကွဲပျက်ခြင်း အဆုံးရှိသကဲ့သို့ ထို့အတူ သတ္တဝါတို့၏ အသက်သည် သေပျက်ခြင်း အဆုံးရှိ၏။

(၄) မြက် ပင် ဖျား၌ တင် သော ဆီး နှင်း ပေါက် သည် နေခြည်ရောင် တောက်သောကြောင့် သွေ့ခြောက် ပျောက်ပျက်သကဲ့သို့ ဤအတူ လူတို့၏အသက်သည် မြင့်ရှည်စွာ တည်ခြင်းမရှိ၊ ထို့ကြောင့် အို-မိခင်, အကျွန်ုပ်ကို ရဟန်းပြုခြင်းမှ မတားမြစ်ပါလင့်။

ဟူ၍ ဟောတော်မူ၏။

ဤသို့ခုတ်သတ်အံ့ဟု သန်လျက်ကိုချီသော သူသတ်ယောက်ျားကဲ့သို့သေခြင်းကို အောက်မေ့အပ်၏၊ အထူးကား—ပဋိသန္ဓေယူနေဖြစ်ပေါ်လာသည်နှင့် အတူတကွလာသော ဤသေခြင်းမရဏသဘောတရားသည် လည်ပင်း၌ခုတ်ပိုင်းအံ့ဟု သန်လျက်ကို ရစ်ဝဲသော ထိုသူသတ်ယောက်ျားကဲ့သို့ အသက်ကို ဆောင်သည်သာတည်း၊ မဆောင်မယူဘဲ ရှောင်လွှဲ ဆုတ်နစ်ခြင်းမည်သည် မရှိ၊ ထို့ကြောင့် ပဋိသန္ဓေယူနေဖြစ်ပေါ်သည်နှင့် အတူတကွလာသောကြောင့်၎င်း, အသက်ကို ဆောင်တတ်သောကြောင့်၎င်း, သန်လျက်ကို ချီမိုးချိန်ရွယ်သော သူသတ်ယောက်ျားကဲ့သို့ သေခြင်းမရဏတရားသည်လည်း ရှေ့ကမတ်မတ် အနီးကပ်၍ ရပ်နေသည်သာတည်းဟု ဤသို့လျှင် သူသတ်ယောက်ျား ရှေးရှုမတ်မတ် အနီးကပ်၍ ရပ်လာသောအားဖြင့် သေခြင်းကို တဖန်တလဲလဲ အောက်မေ့အပ်၏။

## (၂) သမ္ပတ္တိ ဝိပတ္တိ

၁၇၀။ **“ပြည့်စုံခြင်း၏ ပျက်စီးခြင်းအားဖြင့်”** အဘယ်သို့ အောက်မေ့အပ်သနည်းဟူမူကား—ဤလူ့ပြည်လောက၌ ထိုသမ္ပတ္တိဟူသော စည်းစိမ်ချမ်းသာကို ဝိပတ္တိဟူသော ပျက်စီးခြင်းက အကြင်မျှလောက် မလွှမ်းမိုးသေး၊ ထိုမျှ လောက်ကာလသာလျှင် သမ္ပတ္တိမည်သော စည်းစိမ် ချမ်းသာမည်သည် တင့်တယ်၏၊ အကြင်သမ္ပတ္တိသည် ဝိပတ္တိကို လွန်မြောက်၍ တည်နိုင်ရာ၏၊ ထိုသို့သော သမ္ပတ္တိမည်သည်မရှိ၊ ထို့ကြောင့်—

**(၁) “သကလံ မေဒနိံ ဘုတွာ၊ ဒတွာ ကောဋိသတံ သုခီ။ အဍ္ဍာမလကမတ္တဿ၊ အန္တေ ဣဿရတံ ဂတော။**

**(၂) တေနေဝ ဒေဟဗန္ဓေန၊ ပုညမှိ ခယမာဂတေ။ မရဏာဘိမုခေါ သောပိ၊ အသောကော သောက- မာဂတော”တိ။**

**အဓိပ္ပါယ်ကား—**

(၁) ချမ်းသာလှစွာသော စိုးရိမ်ခြင်းကင်းသောကြောင့် “**အသောက**”ဟူသော တံဆိပ်နာမံတော်ကို ခံသော မင်းကောရာဇ်သည် ဇမ္ဗူကျွန်းခွင် မြေပြင်အလုံးကို လွှမ်းမိုးစိုးအုပ်၍ ကုဋေပေါင်း တရာမျှသော ဥစ္စာ တို့ကိုပေးလှူ၍ အဆုံး၌ သျှစ်သျှားသီး တခြမ်းမျှကို သာ အစိုးရသောအဖြစ်သို့ ရောက်ရှာရလေ၏။

(၂) အသောက အမည်တော်ရှိသော ထိုဘုရင်မင်းမြတ် ကြီးသည် ထိုကိုယ်ခန္ဓာဖြင့်ပင်လျှင် ကောင်းမှုကုန် ခြင်းသို့ ရောက်သည်ရှိသော် သေခြင်းသို့ ရှေးရှုသည် ဖြစ်၍ စိုးရိမ်ပူဆွေးခြင်းသို့ ရောက်လေပြီ။

ဟူ၍ ဟောတော်မူ၏။

တနည်းလည်း—အလုံးစုံ အနာကင်းသည်၏အဖြစ်သည် ဖျားနာခြင်းလျှင် အဆုံးရှိ၏၊ အလုံးစုံ ပျိုမြစ်နုနယ် အရွယ်ကောင်းသည်၏အဖြစ်သည် အိုခြင်းလျှင် အဆုံးရှိ၏၊ အလုံးစုံသော အသက်ရှင်ခြင်းသည် သေခြင်းလျှင် အဆုံးရှိ၏၊ အလုံးစုံသာလျှင်ဖြစ်သော သတ္တလောကကြီးကို ဇာတိသည် ရန်သူကဲ့သို့ အစဉ်လိုက်၏၊ ဇရာသည် ကပ်သောအဆိပ်ကဲ့သို့ အစဉ်ဝင်၏၊ ဗျာဓိသည် အမှန်ယစ်သော ဆင်ကြီးကဲ့သို့ ဘိစီးနှိပ်စက်၏၊ သေခြင်း မရဏသည် ဘီလူး တစ္ဆေတို့ ကဲ့သို့ ပြင်းစွာ ပုတ် ခတ် အပ် လေ၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် "**ကောသလသံယုတ်၌**"—

(၁) "**ယထာပိ သေလာ ဝိပုလာ၊**
**နဘံ အာဟစ္စ ပဗ္ဗတာ။**
**သမန္တာ အနုပရိယေယျုံ၊**
**နိပ္ပေါထေန္တာ စတုဒ္ဒိသာ။**

(၂) **ဧဝံ ဇရာ စ မစ္စု စ၊**
**အဓိဝတ္တန္တိ ပါဏိနေ။**
**ခတ္တိယေ ဗြာဟ္မဏေ ဝေဿ၊**
**သုဒ္ဒေ စဏ္ဍာလပုက္ကုသေ။**
**န ကိဉ္စိ ပရိဝဇ္ဇေတိ၊**
**သဗ္ဗမေဝါဘိမဒ္ဒတိ။**

(၃) **န တတ္ထ ဟတ္ထီနံ ဘူမိ၊ န ရထာနံ န ပတ္တိယာ။**
**န စာပိ မန္တယုဒ္ဓေန၊ သက္ကာ ဇေတုံ ဓနေန ဝါ**"တိ။

**အဓိပ္ပါယ်ကား**—

(၁) ဥပမာသော်ကား—မိုးသို့ ကောင်းကင်သို့ ထိဆိုက်အောင် မြင့်မား ကြီးကျယ်ကြကုန်သော ကျောက်တောင်ကြီးတို့သည် ထက်ဝန်းကျင် အရပ်လေးမျက်နှာတို့မှ မှုန့်မှုန့်ညက်ညက် ကြေအောင်ကြိတ်ချေ အစဉ်လိမ့်၍လာဘိသကဲ့သို့။

(၂) ဤအတူ အိုခြင်း ဇရာတရားသည်၎င်း, သေခြင်း မရဏတရားသည်၎င်း သတ္တဝါတို့ကို လွှမ်းမိုးနှိပ်စက်ကုန်၏၊ မင်းမျိုးတို့ကို၎င်း, ပုဏ္ဏားမျိုးတို့ကို၎င်း, ကုန်သည်မျိုးတို့ကို၎င်း, သူဆင်းရဲမျိုးတို့ကို၎င်း, ဒွန်းစဏ္ဍာား ပန်းမှိုက်သွန် ရွံ့စရာစုတ် တကယ်နုပ်သောသတ္တဝါတွေကို၎င်း တစုံတယောက်သော သူကိုမျှ မကြဉ်ရှောင်၊အလုံးစုံသောသတ္တဝါတို့ကိုပင် လွှမ်းမိုးနှိပ်စက်လေ၏။

(၃) ထိုဇရာမရဏ နှိပ်စက်လွှမ်းမိုးရာ၌ ခုခံတိုက်ခိုက်ရန် ဆင်တပ်တို့၏ အရာမဟုတ်၊ ရထားတပ်တို့၏ အရာမဟုတ်၊ ခြေသည် သူရဲစစ်တပ်တို့၏ အရာမဟုတ်၊ ဂါယာမန္တာန်ဟူသော ပယောဂ စစ်ထိုးခြင်းဖြင့်၎င်း,ရွှေ,ငွေ,ဥစ္စာပေးသဖြင့်၎င်း အောင်မြင်ခြင်းငှါ မတတ်နိုင်ချေ။

ဟူ၍ ဟောတော်မူ၏။

ဤသို့ အသက်ဇီဝိတိန္ဒြေ၏ ပြည့်စုံခြင်းသည် သေခြင်း တည်းဟူသော မရဏဝိပတ္တိလျှင် အဆုံးရှိသည်အဖြစ်ကိုမှတ်၍ ပြည့်စုံမှု၏ ပျက်စီးခြင်းအားဖြင့် သေခြင်းကို အဖန်တလဲလဲ အောက်မေ့အပ်၏။

## (၃) ဥပသံဟရဏ

၁၇၁။ **"ကပ်၍ဆောင်သော အားဖြင့်"** အဘယ်သို့ အောက်မေ့အပ်သနည်းဟူမူကား—သေကြကုန်သော သူတပါးတို့နှင့်တကွ မဟာသမ္မတ, မန္ဓာတုစသော မင်းတို့သည် လျက်လည်း သေရကုန်သေး၏၊ "ငါကဲ့သို့သော သူနပ်တို့သည်ကား သေရကုန်မည် စင်စစ်တည်း၊ မသေရရာ အဘယ်အကြောင်း တစုံတရာရှိအံ့နည်း" "မရှိသာချေ" ဟူ၍ မိမိ၏သေခြင်းကို ဆောင်သောအားဖြင့် မရဏကို အောက်မေ့အပ်၏၊ ယင်းသို့ အောက်မေ့ရာ၌—

(၁) အခြံအရံများခြင်း ယသမဟတ္တအားဖြင့်၎င်း၊
(၂) ကောင်းမှုကုသိုလ်များခြင်း ပုညမဟတ္တအားဖြင့်၎င်း၊
(၃) အစွမ်းသတ္တိကြီးမားခြင်း ထာမမဟတ္တအားဖြင့်၎င်း၊
(၄) တန်ခိုးကြီးခြင်း ဣဒ္ဓိမဟတ္တအားဖြင့်၎င်း၊
(၅) ပညာကြီးခြင်း ပညာမဟတ္တအားဖြင့်၎င်း၊
(၆) ပစ္စေကဗုဒ္ဓါအဖြစ်အားဖြင့်၎င်း၊
(၇) သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားအဖြစ်အားဖြင့်၎င်း၊

ဤသို့ခုနစ်ပါးသော အခြင်းအရာတို့ဖြင့် **"ကစ်၍ဆောင်ခြင်းအားဖြင့်"** သေခြင်းကို တဖန်တလဲလဲ အောက်မေ့အပ်၏။

## (၁) ထိုခုနစ်ပါးသော အခြင်းအရာတို့တွင် အဘယ်သို့လျှင် ယသမဟတ္တအားဖြင့် အောက်မေ့အပ်သနည်း။

ဤသေခြင်းမည်သည်ကား များသော စည်းစိမ်ဥစ္စာ အခြံအရံ ရှိကုန်သော ရွှေ,ငွေ,ဥစ္စာ, ဗိုလ်ပါဆင်မြင်း အလုံးအရင်း ကြီးမား ပြည့်စုံခြင်းရှိကြကုန်သော မဟာသမ္မတမင်း, မန္ဓာတ်မင်း, မဟာ သုဒဿန စကြာမင်း,ဒဠှနေမိစကြာမင်းစသော မင်းတို့၏အပေါ် ၌သော်လည်း ရှုံရှာခြင်းကင်းစွာ ကျတုံသေး၏၊ ငါ၏အပေါ်၌ မူကား အဘယ့်ကြောင့်မကျဘဲရှိပါအံ့နည်း။

မဟာယသာ ရာဇာဝရာ၊ မဟာသမ္မတအာဒယော။
တေပိ မစ္စုဝသံ ပတ္တာ၊ မာဒိသေသု ကထာဝ ကာ။

များသော အခြံအရံ ဥစ္စာ စည်းစိမ်ရှိကြကုန်သော မင်းမြတ်ကြီးတွေ ဖြစ်ကြကုန်သော မဟာသမ္မတ အစ ရှိကုန်သော ထိုဘုရင်မင်းမြတ်ကြီးတို့သော်မှလည်း သေမင်း၏နိုင်ငံသို့ ရောက်ရကုန်သေး၏၊ ငါကဲ့သို့သော သူနုပ်တို့၌ကား အဘယ်မှာဆိုဘွယ်ရာ ရှိတော့အံ့နည်း။

ဤသို့လျှင်အခြံအရံများခြင်း ယသမဟတ္တအားဖြင့် သေခြင်းကို အဖန်တလဲလဲ အောက်မေ့အပ်၏။

**(၂) အဘယ်သို့လျှင် ပုညမဟတ္တအားဖြင့် အောက်မေ့အပ်သနည်း။**

ဇောတိကော ဇဋိလော ဥဂ္ဂေါ၊
မေဏ္ဍကော အထ ပုဏ္ဏကော။
ဧတေ စညေ စ ယေ လောကေ၊
မဟာပုညာတိ ဝိဿုတာ။
သဗ္ဗေ မရဏမာပန္နာ၊
မာဒိသေသု ကထာဝ ကာ။

ဇောတိက သူဌေးကြီး, ဇဋိလသူဌေးကြီး, ဥဂ္ဂ သူဌေးကြီး, မေဏ္ဍကသူဌေးကြီး, ပုဏ္ဏသူဌေးကြီး, ထို့ပြင် လောက၌ ဘုန်းတန်ခိုးကြီးသောသူ ဟူ၍ ထင်ရှားကုန်သောသူတို့သည်ငှင်း ရှိကြကုန်၏၊ အလုံးစုံကုန်သော ထိုဘုန်းကြီးသူတို့သည် သေမင်း၏နိုင်ငံသို့ ရောက်ကြရကုန်ပြီ၊ ငါကဲ့သို့သော သူနုပ်တို့၌ကား အဘယ်မှာ ဆိုဘွယ်ရာရှိတော့အံ့နည်း။

ဤသို့လျှင် ကောင်းမှုပုညဘုန်းကံကြီးမားခြင်း ပုညမဟတ္တအားဖြင့် သေခြင်းကို အဖန်တလဲလဲ အောက်မေ့အပ်၏။

**(၃) အဘယ်သို့လျှင် ထာမမဟတ္တအားဖြင့် အောက်မေ့အပ်သနည်း။**

(၁)*ဝါသုဒေဝေါ ဗလဒေဝေါ၊ ဘီမသေနော ယုဓိဋ္ဌိလော။
စာနုရောပိ မဟာမလ္လော၊ အန္တကဿ ဝသံ ဂတာ။

---

* မှတ်ချက်။ ။ကံသမင်း၏ သားတော်တကျိပ်တို့တွင် ဝါသုဒေဝ မင်းသားသည် အကြီးဆုံးသားတော်ဖြစ်သည်၊ ဗလဒေဝသည်ကား– ဒုတိယသားတော်တည်း၊ ပဏ္ဍုမင်း၏ မိဖုရား ကုန္တီမှဖွားသော သားတော်ငါးပါး (၁) ယုဓိဋ္ဌိလ၊ (၂)ဘီမသေန၊ (၃)အဇ္ဇုန၊ (၄)နကုလ၊ (၅)သဟဒေဝ ဟူ၍ရှိသည်၊ စာနုရသည်ကား ကံသမင်း၏ အမှုတော်ထမ်း လက်ဝှေ့သမားကြီးတည်း။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဠိနှင့် နိဿယများ၌ ဤနေရာမှာ အကျွရာချွတ်ယွင်းနေ၍ သက္ကတအဘိဓာန်ကျမ်း, ဟိန္ဒူဘာသာကျမ်း စသည်တို့နှင့်အညီ ပြင်ထားလိုက်သည်။

(၂) ဧဝံ ထာမဗလူပေတာ၊ ဇူတိ လောကမှိ ဝိဿုတာ။
ဧတေပိ မရဏံ ယာတာ၊ မာဒိသေသု ကထာဝ ကာ။

(၁) ဝါသုဒေဝမင်း, ဗလဒေဝမင်း, ဘီမသေနမင်း, ယုဓိဋ္ဌိလမင်း, စာနုရမည်သော လက်ဝှေ့သည်ကြီး၊ ဤသူတို့သည်လည်း သေမင်းယုတ်၏ အလိုနိုင်ငံသို့ လိုက်ပါကြရကုန်၏။

(၂) ဤသို့လျှင် အားစွမ်းသတ္တိနှင့် ပြည့်စုံကြကုန်သည်ဟု လောက၌ ကျော်စောထင်ရှားကုန်သော ထိုလူစွမ်းကောင်းတို့သော်မှလည်း သေခြင်းသို့ရောက်ကြရကုန်သေး၏၊ ငါကဲ့သို့သော သူနုပ်တို့၌ကား အဘယ်ဆိုဘွယ်ရာရှိတော့အံ့နည်း။

ဤသို့လျှင် အစွမ်းသတ္တိ ကြီးမားခြင်း ထာမမဟတ္တအားဖြင့် သေခြင်းကို အဖန်တလဲလဲ အောက်မေ့အပ်၏။

**(၄) တန်ခိုးကြီးမားခြင်း ဣဒ္ဓိမဟတ္တအားဖြင့် အဘယ်သို့ အောက်မေ့အပ်သနည်း။**

(၁) ပါဒင်္ဂုဋ္ဌကမတ္တေန၊ ဝေဇယန္တမကမ္ပယိ။
ယော နာမိဒ္ဓိမတံ သေဋ္ဌော၊ ဒုတိယော အဂ္ဂသာဝကော။

(၂) သောပိ မစ္စုမုခံ ဃောရံ၊ မိဂေါ သီဟမုခံ ဝိယ။
ပဝိဋ္ဌော သဟ ဣဒ္ဓီဟိ၊ မာဒိသေသု ကထာဝ ကာ။

(၁) တန်ခိုးကြီးသောသူ အပေါင်းတို့ထက် မြတ်သော ဒုတိယ အဂ္ဂသာဝကဖြစ်သော အသျှင်မဟာမောဂ္ဂလာန်မထေရ်သည် ခြေဖျားဖြင့် သိကြားနေရာ ဝေဇယန္တာ ပြာသာဒ်ကြီးကို လှုပ်ဘူးလေပြီ။

(၂) သို့စဉ်မှုလောက် တန်ခိုးတောက်သော အသျှင်မောဂ္ဂလာန် မထေရ်ကြီးသော်မှလည်း သားသမင်သည် ခြင်္သေ့၏ခံတွင်းသို့ ဝင်ရလေဘိသကဲ့သို့ တန်ခိုးဣဒ္ဓိပါဒ်နှင့် တကွ ကြမ်းကြုတ်လှစွာသော သေမင်း၏ခံတွင်းသို့ ဝင်ရလေပြီ၊ ငါကဲ့သို့သောသူနုပ်တို့၌ကား အဘယ်ဆိုဘွယ်ရာ ရှိတော့အံ့နည်းဟု ဤသို့လျှင် တန်ခိုးကြီးခြင်း ဣဒ္ဓိမဟတ္တ

အားဖြင့် သေခြင်းကို အဖန်တလဲလဲ အောက်မေ့အပ်၏။

**(၅) ပညာကြီးခြင်း ပညာမဟတ္တအားဖြင့် အဘယ်သို့ အောက်မေ့အပ်သနည်း။**

(၁) လောကနာထံ ဌပေတွာန၊ ယေ စညေ အတ္ထိ ပါဏိနော။
ပညာယ သာရိပုတ္တဿ၊ ကလံ နာဂ္ဃန္တိ သောဠသိံ။

(၂) ဧဝံ နာမ မဟာပညော၊ ပဌမော အဂ္ဂသာဝကော။
မရဏဿ ဝသံ ပတ္တော၊ မာဒိသေသု ကထာဝ ကာ။

(၁) လူနတ်တို့၏ ကိုးကွယ်ရာ မြတ်စွာဘုရားကိုထား၍ မြတ်စွာဘုရားမှ တပါးသော သတ္တဝါတို့သည် ရှိကုန်၏၊ ထိုသတ္တဝါတို့၏ ပညာသည် အသျှင်သာရိပုတြာ၏ ပညာကို တဆယ့်ခြောက်စိတ် စိတ်၍ တစိတ်ကိုမျှမမှီနိုင်။

(၂) ဤသို့ ပညာကြီးတော်မူသော ပဌမအဂ္ဂသာဝက ဖြစ်သော အသျှင်သာရိပုတြာ မထေရ်သည်လည်း သေမင်း၏အလိုသို့ ရောက်ရသေး၏၊ ငါကဲ့သို့သော သူနှပ်တို့ ၌ကား အဘယ်ဆိုဘွယ်ရာ ရှိတော့အံ့နည်းဟု ဤသို့လျှင် ပညာကြီးခြင်း ပညာမဟတ္တအားဖြင့် သေခြင်းကို အဖန်တလဲလဲ အောက်မေ့အပ်၏။

**(၆) ပစ္စေကဗုဒ္ဓါအားဖြင့် အဘယ်သို့ အောက်မေ့အပ်သနည်း။**

မိမိ၏ဉာဏ်အား ဝီရိယအားဖြင့် အလုံးစုံသော ကိလေသာရန်သူကို နှိပ်နင်းပြီးလျှင် ပစ္စေကဗောဓိဉာဏ်သို့ ရောက်၍ တယောက်ထည်းသာ နေခြင်းသဘောရှိသဖြင့် တချောင်းထည်းသာ ပေါက်သော ကြံ့ချိုနှင့်တူကုန်သော အရဟတ္တဖိုလ်တရားကို ကိုယ်တိုင် ထိုးထွင်းသိမြင်တော်မူကြကုန်သော ပစ္စေကဗုဒ္ဓါ အသျှင်မြတ်တို့သော်မှလည်း သေခြင်းမှ လွတ်တော်မမူကြကုန်၊ ငါသည်ကား အဘယ်မှာ လွတ်နိုင်ပါအံ့နည်း။

(၁) တံတံ နိမိတ္တမာဂမ္မ၊ ဝိမံသန္တာ မဟေသယော။
သယမ္ဘုဉာဏတေဇေန၊ ယေ ပတ္တာ အာသဝက္ခယံ။

(၂) ဧကစရိယ နိဝါသေန၊ ခဂ္ဂသိင်္ဂသမူပမာ။
တေပိ နာတိဂတာ မစ္စုံ၊ မာဒိသေသု ကထာဝ ကာ။

(၁) လက်၌ ဆင်ယင်ထားသော ရွှေလက်ကောက်တို့၏ အချင်းချင်းထိခိုက်ခြင်း အစရှိသော ထိုထို အမှတ်နိမိတ်ကို အကြောင်းပြု၍ သံသရာဝဋ် ငြိမ်းခြင်းကို စုံစမ်းရှာဖွေကုန်လျက် သီလက္ခန္ဓစသည်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူး ရှာမှီးလေ့ရှိကုန်သော ပစ္စေကဗုဒ္ဓါ အသျှင်မြတ်တို့သည် ကိုယ်တိုင်ထိုးထွင်း၍ သိသော အရဟတ္တ မဂ်ဉာဏ်၏ တန်ခိုးအားဖြင့် အာသဝေါကုန်ခြင်းသို့ ရောက်ကြကုန်၏။

(၂) တကိုယ်တော်ထည်းသာ ကျင့်သုံး နေထိုင်ခြင်းအားဖြင့် တချောင်းထည်းသာပေါက်သော ကြံ့ချိုနှင့်တူသော ဥပမာရှိကုန်သော ထို အသျှင်ပစ္စေကဗုဒ္ဓါတို့သော်မှလည်း သေမင်းကို မ လွှန် မြောက် နိုင် ကြ ကုန်၊ ငါကဲ့သို့သော သူနှပ်တို့၌ကား အဘယ်မှာ ဆိုဘွယ်ရာ ရှိတော့အံ့နည်း။

ဤသို့ ပစ္စေကဗုဒ္ဓါအားဖြင့် သေခြင်းကို အဖန်တလဲလဲ အောက်မေ့အပ်၏။

**(၇) သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားအားဖြင့် သေခြင်းကို အဘယ်သို့ အောက်မေ့အပ်သနည်း။**

ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့် တန်ဆာ ဆင်ယင်အပ်သော သုံးဆယ့်နှစ်ပါးသော ယောက်ျားမြတ်တို့၏ လက္ခဏာတော်ကြီးတို့ဖြင့် အဆန်းတကြယ် အလွန် သပ္ပါယ်တော်မူသော ရုပ်ရည်ရူပကာယ ကိုယ်တော်,ခပ်သိမ်းသော အခြင်းအရာအားဖြင့် ထက်ဝန်းကျင် စင်ကြယ်သော သီလက္ခန္ဓ စသည် ဂုဏ်ထူး ရတနာတို့နှင့် ပြည့်စုံသော ဓမ္မကာယ ကိုယ်တော် ယသ-မဟတ္တ, ပုည-

မဟတ္တ, ထာမ-မဟတ္တ, ဣဒ္ဓိ-မဟတ္တ, ပညာ-မဟတ္တ, ဂုဏ်ရှင်တို့၏အဆုံး အထွတ်အထိပ်သို့ ရောက်တော်မူသော ဣမျှသောသူမရှိ၊ ရှေးဘုရားရှင်တို့နှင့်သာ ဟူတော်မူသောနှိုင်းယှဉ်ဖက်ပုဂ္ဂိုလ်တစုံတယောက်မျှမရှိသော ပူဇော်အထူးကို ခံတော်မူထိုက်သောမဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် အလုံးစုံသောတရားကို သိတော်မူသော မြတ်စွာဘုရားသည် ရှိတော်မူ၏၊ ထိုသို့ သဘောရှိသောမြတ်စွာဘုရားကြီးသော်မှလည်း အယဉ်ဖြိုးဖြိုး ရွှာသွန်းသောမိုဃ်းကြောင့် ကြီးစွာသောမီးပုံကြီး ငြိမ်းရသကဲ့သို့ သေခြင်းတည်းဟူသောမိုဃ်း ရွာဖြိုးသွန်ချသည်ဖြစ်၍ တခဏခြင်းပင်လျှင်ပရိနိဗ္ဗာန်ပြုသောအားဖြင့် ငြိမ်းစဲတော်မူရလေ၏။

(၁) ဧဝံ မဟာနုဘာဝဿ၊ ယံ နာမေတံ မဟေသိနော။
နဘယေန န လဇ္ဇာယ၊ မရဏံ ဝသမာဂတံ။

(၂) နိလ္လဇ္ဇံ ဝီတသာရဇ္ဇံ၊ သဗ္ဗသတ္တာဘိမဒ္ဒနံ။
တယိဒံ မာဒိသံ သတ္တံ၊ ကထံ နာဘိဘဝိဿတိ။

(၁-၂) ဤသို့ ကန်ခိုးတေဇော် အာနုဘော်ကြီးတော်မူသောမြတ်စွာဘုရား၏ အလိုတော်သို့ ဤသေခြင်းတည်းဟူသော မရဏသည် ကြောက်သဖြင့်မလိုက်၊ ရှက်သဖြင့်လည်းမလိုက်၊ အရှက်မရှိ၊ ကြောက်ရွံ့ခြင်း ကင်း၏၊ အလုံးစုံသော သတ္တဝါတို့ကိုပင် နှိပ်နင်းဖျက်ဆီး၏၊ ထိုသေခြင်းသည် ငါကဲ့သို့သော လူသာမန်ကို အဘယ့်ကြောင့် မလွှမ်းမိုး မဖိစီးဘဲ ရှိပါအံ့နည်း၊ ဤသို့ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားအားဖြင့် သေခြင်းကို အဖန်တလဲလဲ အောက်မေ့အပ်၏။

ဤသို့ အခြံအရံ အကျော်အစောများသည့်အဖြစ် အစရှိသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော သူတပါးတို့နှင့်အတူတကွ သေခြင်းသဘော ဆက်ဆံသောအားဖြင့် မိမိကိုယ်ကိုဆောင်၍ သတ္တဝါအထူးဖြစ်ကြကုန်သော ထိုသူတို့၏ သေခြင်းကဲ့သို့ ငါသည်လည်းသေခြင်းဖြစ်ရလတ္တံ့ဟု အဖန်တလဲလဲ အောက်မေ့သော ထို

ယောဂီပုဂ္ဂိုလ်အား ဥပစာရဈာန်သို့ ရောက်သော ကမ္မဋ္ဌာန်းသည် ဖြစ်၏၊ ဤသို့လျှင် ကပ်၍ဆောင်သောအားဖြင့် သေခြင်းကို အဖန် တလဲလဲ အောက်မေ့အပ်၏။

## (၄) ကာယဗဟုသာဓာရဏ

၁၇၂။ **"ကိုယ်၏ များစွာသော သေကြောင်းတရားတို့နှင့် ဆက်ဆံသောအားဖြင့်"** အဘယ်သို့ အောက်မေ့အပ်သနည်းဟူမူကား၊ ဤကိုယ်သည် များစွာသော သေကြောင်းတို့နှင့် ဆက်ဆံ၏၊ ပိုးမျိုးရှစ်ဆယ်တို့နှင့် ဆက်ဆံ၏၊ ထိုပိုးမျိုးတို့တွင် အပေါ်ရေကို မှီကုန်သော ပိုးတို့သည် အပေါ်ရေကို စားကုန်၏၊ အတွင်းရေကို မှီကုန်သော ပိုးတို့သည် အတွင်းရေကို စားကုန်၏၊ အသားကို မှီကုန်သော ပိုးတို့သည် အသားကို စားကုန်၏၊ အကြောကို မှီကုန်သော ပိုးတို့သည် အကြောကို စားကုန်၏၊ အရိုးကို မှီကုန်သော ပိုးတို့သည် အရိုးကို စားကုန်၏၊ ခြင်ဆီကို မှီကုန်သော ပိုးတို့သည် ခြင်ဆီကို စားကုန်၏၊ ထိုမှီမှီတို့မှီရာအရပ်၌ ပေါက်ပွါး ဖြစ်ပေါ်ကုန်၏၊ ကြီးရင့် အိုမင်းကုန်၏၊ သေဆုံးကြကုန်၏၊ ကျင်ကြီး ကျင်ငယ်မှုကို ပြုကြကုန်၏၊ ဤကိုယ်ကောင်သည် ထိုပိုးမျိုးရှစ်ဆယ်တို့၏ မီးနေအိမ်လည်း ဟုတ်၏၊ သူနာစရပ်လည်း ဟုတ်၏၊ သုသာန် သင်းချိုင်းလည်း ဟုတ်၏၊ ကျင်ကြီးစွန့်ရာအိမ်, ကျင်ငယ်စွန့်ရာကျင်းလည်း ဟုတ်၏၊ ထိုကိုယ်ကောင်သည် ထိုပိုးမျိုးတို့၏ ပျက်စီးခြင်းကြောင့် သေခြင်းသို့ ရောက်ရ၏၊ ပိုးမျိုးရှစ်ဆယ်တို့နှင့် ဆက်ဆံခြင်း ရှိသကဲ့သို့ ဤအတူ သေခြင်း၏ အကြောင်းဖြစ်ကုန်သော ကိုယ်တွင်း၌သာ ဖြစ်ကုန်သော အရာမကများလှစွာသော ရောဂါတို့နှင့်၎င်း, ကိုယ်၏အပ၌ ဖြစ်ကုန်သော မြွေ-ကင်း စသည်တို့နှင့်၎င်း ဆက်ဆံ၏၊ လမ်းမကြီး လေခတို့ ဆုံရာအရပ်တွင် ထားအပ်သော မှတ်တိုင်၌ ခပ်သိမ်းသော အရပ်တို့မှလာသော မြှား

လှံ့, ခက်ရင်း, ကျောက်ခဲ အစရှိသည့်တို့သည် ကျကုန်သကဲ့သို့ ထို့အတူ ဤကိုယ်၌လည်း အလုံးစုံသော ဘေးဥပဒ်တို့သည် ကျရောက်ကုန်၏၊ ထိုကိုယ်သည် ထိုဘေးဥပဒ်တို့ ကျရောက်ကုန်သောကြောင့် သေခြင်းသို့ရောက်ရလေ၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် ဤသို့ဟောကြားတော်မူ၏။

"အိုး-ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် နေ့အခါလွန်၍ ညဉ့်အခါ ရောက်လတ်သော် ဤသို့ဆင်ခြင်၏၊ ငါ၏သေခြင်း၏ အကြောင်းတို့သည် များလှစွာကုန်၏၊ မြွေသော်လည်း ငါ့ကိုကိုက်ရာ၏၊ ကင်းမြီးကောက်သော်လည်း ငါ့ကိုကိုက်ရာ၏၊ ကင်းခြေများသော်လည်း ငါ့ကိုကိုက်ရာ၏၊ ထို့ကြောင့် ငါသည် သေသည်ဖြစ်ရာ၏၊ ထိုသေခြင်းသည် ငါ၏အသက်ရှင်စဉ် နှလုံးသွင်းအပ်သော သာသနာတော်၏ အန္တရာယ်ဖြစ်ရာ၏၊ ချွတ်ချော်၍သော်လည်း ကျရာ၏၊ စားပြီးသော အစာဆွမ်းသည်မူလည်း ဖောက်ပြန်ခြင်းသို့ ရောက်ရာ၏၊ ငါ၏ သလိပ်သည်မူလည်း ပျက်ရာ၏၊ လေသည်မူလည်း ဖြတ်ရာ၏၊ ထို့ကြောင့် ငါ၏သေခြင်းသည် ဖြစ်ရာ၏၊ထိုသို့ဖြစ်၍ သေခြင်းသည် ငါ၏ အသက်ရှင်စဉ် နှလုံးသွင်းအပ်သော သာသနာတော်၏ အန္တရာယ်ဖြစ်ရာ၏။

ဤသို့လျှင် ကိုယ်၏ များစွာသော သေကြောင်းတရားတို့နှင့် ဆက်ဆံသောအားဖြင့် သေခြင်းကို အဖန်တလဲလဲ အောက်မေ့အပ်၏။

## (၅) အာယုဒုဗ္ဗလ

၁၇၃။ **"အသက်အားနည်းသော အဖြစ်အားဖြင့်"** အဘယ်သို့ အောက်မေ့အပ်သနည်းဟူမူကား၊ ဤအသက်မည်သည်

ကား အားမရှိ,အားနည်း၏၊ ထိုစကားမှန်၏၊ သတ္တဝါတို့၏ အသက်သည် ထွက်သက် ဝင်သက်နှင့်လည်း စပ်၏၊ ဣရိယာပုထ်နှင့်လည်း စပ်၏၊ အချမ်းအပူနှင့်လည်း စပ်၏၊ မဟာဘုတ်ဓာတ်ကြီးလေးပါးနှင့်လည်း စပ်၏၊အာဟာရနှင့်လည်း စပ်၏၊ ထိုအသက်သည် ထွက်သက် ဝင်သက်လေ တို့၏ အညီအမျှ ဖြစ်သည်ကို ရသော် သာလျှင် တည်၏၊ အပသို့ထွက်သော နှာခေါင်းလေ အတွင်းသို့ မဝင်သော်ငြား, အတွင်းသို့ဝင်သော နှာခေါင်းလေ မထွက်သော်ငြား သေခြင်းမည်သည် ဖြစ်၏၊ ဣရိယာပုထ်လေးပါးတို့၏ မျှတ ညီညွတ်သောအဖြစ်ကို ရသော်သာလျှင် တည်၏၊ တပါးပါးသော ဣရိယာပုထ် လွန်ကဲသောကြောင့်မူကား အသက် အာယု သင်္ခါရတို့သည် ပြတ်လေကုန်၏၊ အချမ်းအပူ ဥတုတို့၏ မျှတ ညီညွတ်ခြင်းကို ရသော်သာလျှင် တည်၏၊ အလွန် အေးလွန်းခြင်းဖြင့်ငြား, အလွန်ပူခြင်းဖြင့်ငြား နှိပ်စက်သောသူအား ဖောက်ပြန်ပျက်စီး၏၊ မဟာဘုတ် ဓာတ်ကြီးလေးပါးတို့၏ ညီညွတ် မျှတသောအဖြစ်ကို ရသော်သာလျှင် တည်၏၊ ပထဝီဓာတ်၏ငြား,အာပေါဓာတ် အစရှိသည်တို့၏ငြား တပါးပါး ဖောက်ပြန်ခြင်းကြောင့် အားနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်သော်လည်း ခက်မာ တောင့်တင်းသော ကိုယ်ရှိသည်ငြား, ဝမ်းသွန်သော အနာအစရှိသည်တို့၏ အစွမ်းဖြင့် ပြော့သော ပုပ်သော ကိုယ်ရှိသည်ငြား, ပြင်းပြသော အပူဓာတ် နှိပ်စက်ခြင်းကြောင့် ပျက်စီးသော အစပ်အဖွဲ့ရှိသည်ငြား ဖြစ်၍ အသက်ကုန်ခြင်းသို့ ရောက်၏၊ မျိုအပ်သော အစာ အာဟာရကိုလည်း သင့်လျော်သော အခါကာလ၌ ရသော်သာလျှင် အသက်သည် တည်နေနိုင်၏၊ အစာအာဟာရကို မရသည်ရှိသော် အသက်ကုန်ခြင်းသို့ ရောက်၏၊ ဤသို့လျှင် အသက် အားနည်းသော အဖြစ် အားဖြင့် သေခြင်းကို အဖန်တလဲလဲ အောက်မေ့အပ်၏။

## (၆) အနိမိတ္တ

၁၇၄။ **"သေခြင်း၏ မှတ်သားအပ်သော အပိုင်းအခြားမရှိခြင်း အနိမိတ္တ၏ အဖြစ်အားဖြင့်"** အဘယ်သို့ အောက်မေ့အပ်သနည်းဟူမူကား—

> သတ္တဝါတို့၏ အသက်, ဖျားနာခြင်း,သေရာကာလ, အကောင်ပစ်ချရာအရပ်, လားရာဂတိ၊ ဤငါးပါးတို့သည် အသက်ရှင်သော လောက၌ အမှတ်အသားမရှိသောကြောင့် မှတ်သားအပ်သော အပိုင်းအခြားမရှိသောအားဖြင့် အောက်မေ့အပ်၏။

ထိုငါးပါးတို့တွင် အသက်သည် ဤမျှသာ ရှင်သင့်၏၊ ဤအချိန်မှ တပါးသောအချိန်၌ မရှင်သင့်ဟု ဤသို့မှတ်သား ပိုင်းခြားခြင်းမရှိ၊ ထိုစကားမှန်၏၊ သတ္တဝါတို့သည် ကလလရေကြည်ဖြစ်ရာအခါ၌လည်း သေကုန်၏၊ အမြှုပ်ဖြစ်ရာ ကာလ, သားတစ်ဖြစ်ရာကာလ, အခဲဖြစ်ရာကာလ, တလရှိသောကာလ, နှစ်လရှိသောကာလ, သုံးလရှိသောကာလ, လေးလရှိသောကာလ, ငါးလရှိသောကာလ, ဆယ်လရှိသောကာလ, ဝမ်းမှထွက်သောကာလ၌လည်း သေကုန်၏၊ အနှစ်တရာ၏ အတွင်း၌၎င်း, အပြင်၌၎င်း သေကုန်သည်သာတည်း။

ဖျားနာခြင်းသည်လည်း ဤမည်သော အနာရောဂါဖြင့် သတ္တဝါတို့သည် သေကုန်၏၊ တပါးသောအနာဖြင့် မသေကုန်ဟု သတ်မှတ်ထားသော အပိုင်းအခြား မရှိသောကြောင့် မှတ်သားအပ်သော အပိုင်းအခြားမရှိ၊ ထိုစကားမှန်၏၊ မျက်စိရောဂါဖြင့်လည်း သတ္တဝါတို့သည် သေကုန်၏၊ နားရောဂါ အစရှိသည်တို့တွင် တမျိုးမျိုးဖြင့်လည်း သတ္တဝါတို့သည် သေကုန်၏။

အချိန်ကာလသည်လည်း ဤမည်သော ကာလ၌သာ သေအပ်၏၊ တပါးသောကာလ၌ မသေအပ်ဟု သတ်မှတ်ထားအပ်သော အပိုင်းအခြား မရှိသောကြောင့် မှတ်သား ပိုင်းခြားခြင်းမရှိ၊ ထို

စကားမှန်၏၊ နံနက်အခါ၌လည်း သတ္တဝါတို့သည် သေကုန်၏၊ နေ့အခါ အစရှိသည်တို့တွင် တပါးပါးသော အချိန်၌လည်း သေကြကုန်၏။

ကိုယ်ကောင်ကို ပစ်ချခြင်းသည်လည်း သေကုန်သော သတ္တဝါတို့၏အကောင်ကို ဤအရပ်၌သာ ပစ်ချသင့်၏၊ တပါးသော အရပ်၌ မပစ်ချသင့် ဟူ၍ သတ်မှတ်ထားအပ်သော ပိုင်းခြားခြင်း မရှိသောကြောင့် မှတ်သား ပိုင်းခြားခြင်းမရှိ၊ ထိုစကားမှန်၏၊ ရွာတွင်း၌ ပေါက်ဖွားကုန်သော သတ္တဝါတို့၏ ကိုယ်ကောင်ကို ရွာပြင်၌လည်း ပစ်ချကုန်၏၊ ရွာပြင်၌ ပေါက်ဖွားကုန်သော သတ္တဝါတို့၏ ကိုယ်ကောင်ကို ရွာတွင်း၌လည်း ပစ်ချကုန်၏၊ ထို့အတူ ကုန်း၌ပေါက်ဖွားကုန်သောသတ္တဝါတို့၏ ကိုယ်ကောင်ကို ရေ၌,ရေ၌ပေါက်ဖွားကုန်သောသတ္တဝါတို့၏ ကိုယ်ကောင်ကို ကုန်း၌ ပစ်ချကုန်၏၊ ဤသို့ များစွာသော အပြားအားဖြင့် ချဲ့အပ်၏။

လားရာဂတိသည်လည်း ဤမည်သောဂတိမှ စုတေသော သူသည် ဤမည်သောဂတိ၌ ဖြစ်အပ်၏ ဟူ၍ သတ်မှတ်ထားအပ်သော ပိုင်းခြားခြင်းမရှိသောကြောင့် မှတ်သား ပိုင်းခြားခြင်းမရှိ၊ ထိုစကားမှန်၏၊ နတ်ပြည်မှ စုတေကုန်သော သူတို့သည် လူ့ပြည်၌လည်း ဖြစ်ကုန်၏၊ လူ့ပြည်မှ စုတေသောသူတို့သည်လည်း နတ်ပြည်အစရှိသော အမှတ်မရှိ တခုခုသော ဘုံဌာနတို့၌လည်း ဖြစ်ကုန်၏၊ ဤသို့လျှင် ဆီကြိတ်ဆုံ ယန္တရားစက်၌ တပ်အပ်သော နွားကဲ့သို့ သတ္တဝါတို့သည် ဂတိငါးပါး၌ တပြောင်းပြန်ပြန် ကျင်လည်ကြရကုန်၏၊ ဤသို့လျှင် သတ်မှတ် ပိုင်းခြားခြင်းမရှိသော အားဖြင့် သေခြင်းကို အဖန်လဲလဲ အောက်မေ့အပ်၏။

## (၇) အဒ္ဓါနပရိစ္ဆေဒ

၁၇၅။ “**ကာလအပိုင်းအခြားအားဖြင့်**” အဘယ်သို့ အောက်မေ့အပ်သနည်းဟူမူကား လူတို့၏ အသက်သည် ယခုအခါ တိုတောင်းသော အခွန့်ကာလရှိ၏၊ ကြာမြင့်စွာ အသက်

ရှင်၏ဟု ဆိုရသော သူသည် အနှစ်တရာမျှသော်လည်း အသက်ရှင်ရာ၏၊ အနှစ်တရာကို အနည်းငယ် လွန်သည် ဖြစ်၍လည်း အသက်ရှင်ရာ၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် ဤသို့ဟောတော်မူ၏။

"အို-ရဟန်းတို့၊ လူတို့၏ အသက်သည် နည်းလှ၏၊ တိုတောင်းလှ၏၊ တမလွန်ဘဝသို့ လားရလတ္တံ့၊ ကုသိုလ်ကို ပြုအပ်၏၊ မြတ်သော အကျင့်ကို ကျင့်အပ်၏၊ ပဋိသန္ဓေ ယူနေသောသူ၏ မသေခြင်းမည်သည်မရှိ၊ အို-ရဟန်းတို့၊ ရှည်မြင့်စွာ အသက်ရှင်၏ဟု ဆိုအပ်သောသူသည် အနှစ်တရာမျှသာ၎င်း, အသက်ရှင်၏၊ ထို့ထက် အနည်းငယ် အနှစ်တဆယ်, နှစ်ဆယ် စသည်ပိုလွန်၍ အနှစ်နှစ်ရာသို့ မရောက်ဘဲ အသက်ရှင်၏။

"လူတို့၏ အသက်သည် နည်းလှ၏, တိုတောင်းလှ၏၊ ထိုအသက်ကို သူတော်ကောင်းသည် ရှုတ်ချကဲ့ရဲ့ရာ၏၊ ဦးခေါင်းကို မီးလောင်သောသူကဲ့သို့ တဆယ့်တသီး မီး၏ ငြိမ်းရာ နိဗ္ဗုတသို့ ရောက်ရာရောက်ကြောင်း ကောင်းသော အကျင့်ကို အသက်ရှင်ခိုက် ကျင့်လိုက်ရာ၏၊ သေခြင်းတရား၏ မလာရောက်ဘဲ ရှောင်လွှဲခြင်း မည်သည် မရှိချေ"။

ထို့ပြင် မြတ်စွာဘုရားသည် ဤသို့ ဟောတော်မူ၏၊ "အို-ရဟန်းတို့, ရှေးကဖြစ်ဘူးသည်ကို ငါဟောပေအံ့ ***အရက**အမည်ရှိသော ဆရာရသေ့သည် ဖြစ်ဘူးပြီ" ဤသို့ စသည်ဖြင့် အလုံးစုံ ခုနစ်မျိုးသော ဥပမာတို့ဖြင့် တန်ဆာဆင်၍ ဟောတော်မူအပ်သော သုတ်ကို အကျယ်ချဲ့အပ်၏။

ထို့ပြင်လည်း ဤသို့ ဟောတော်မူ၏၊ "အို-ရဟန်းတို့,အကြင်ရဟန်းသည် ငါသည် တနေ့တညဥ့်မျှ အသက်ရှင်ပါမူကား

* ဤ အရကသုတ်၏အကျယ်ကို သတ္တနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော် ၇-မဟာဝဂ် ၁၀-အရကသုတ်တွင် ကြည့်ပါ။

ကောင်းလေစွ၊ မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်ကို နှလုံးသွင်းရရာ၏၊ ငါသည် များစွာသော မိမိအကျိုးစီးပွါးကို ပြုသည်ဖြစ်ရာ၏၊ ဤသို့ မရဏဿတိကမ္မဋ္ဌာန်းကို ပွါး၏။

အို-ရဟန်းတို့, အကြင် ရဟန်းသည်ကား ငါသည် တနေ့ ပတ်လုံး အသက်ရှင်ပါမူကား ကောင်းလေစွ၊ မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်ကို နှလုံးသွင်းရရာ၏၊ ငါသည် များစွာသော မိမိအကျိုးစီးပွါးကို ပြုသည်ဖြစ်ရာ၏၊ ဤသို့ မရဏဿတိ ကမ္မဋ္ဌာန်းကို ပွါး၏။

အို-ရဟန်းတို့, အကြင် ရဟန်းသည်ကား ငါသည် အကြင် ခဏ၌ ဆွမ်းတထပ်ကို စား၏၊ ထိုမျှလောက်ကာလအတွင်း အသက်ရှင်ပါမူကား ကောင်းလေစွ၊ မြတ်စွာဘုရား၏ အဆုံး အမ သာသနာတော်ကို နှလုံးသွင်းရရာ၏၊ ငါသည် များစွာသော မိမိအကျိုးစီးပွါးကို ပြုရသည် ဖြစ်ရာ၏၊ ဤသို့ မရဏဿတိ ကမ္မဋ္ဌာန်းကို ပွါး၏။

အို-ရဟန်းတို့, အကြင်ရဟန်းသည်ကား ငါသည် အကြင် ခဏ၌ လေးလုပ် ငါးလုပ်သောဆွမ်းတို့ကို ဝါး၍မျို၏၊ ထိုခဏ အတွင်း အသက်ရှင်ပါမူကား ကောင်းလေစွ၊ မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်ကို နှလုံးသွင်းရရာ၏၊ ငါသည် များစွာ သော မိမိအကျိုးစီးပွါးကို ပြုရသည်ဖြစ်ရာ၏၊ ဤသို့ မရဏဿတိ ကမ္မဋ္ဌာန်းကို ပွါး၏။

အို-ရဟန်းတို့, ဤ ရဟန်းတို့ကို မေ့မေ့လျော့လျော့နေ၏ ဟူ၍ အာသဝေါတရားတို့၏ ကုန်ခြင်းငှါ နှေးနှေးဖြေးဖြေး မရဏဿတိကို ပွါး၏ဟူ၍ ဆိုအပ်ကုန်၏။

အို-ရဟန်းတို့, အကြင်ရဟန်းသည်ကား ငါသည် တလုပ် သော ဆွမ်းကို ဝါး၍မျို၏၊ ထိုအခိုက်အခါအတွင်း အသက် ရှင်ခြင်းရှိပါမူကား ကောင်းလေစွ၊ မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်ကို နှလုံးသွင်းရရာ၏၊ ငါသည် များစွာသော

မိမိအကျိုးစီးပွါးကို ပြုရသည်ဖြစ်ရာ၏၊ ဤသို့ မရဏဿတိ ကမ္မဋ္ဌာန်းကို ပွါး၏။

အို-ရဟန်းတို့, အကြင် ရဟန်းသည်ကား ငါသည် အကြင် အခါကာလအတွင်း ထွက်သက်ထုတ်၍ ဝင်သက်ကို ရှိုက်၏၊ ဝင်သက်ရှိုက်၍ ထွက်သက်ကို ထုတ်၏၊ ထိုအခိုက်အခါအတွင်း အသက်ရှင်ပါမူကား ကောင်းလေစွ၊ မြတ်စွာဘုရား၏ အဆုံး အမ သာသနာတော်ကို နှလုံးသွင်းရရာ၏၊ ငါသည်များစွာသော မိမိအကျိုးစီးပွါးကို ပြုရသည် ဖြစ်ရာ၏၊ ဤသို့ မရဏဿတိ ကမ္မဋ္ဌာန်းကို ပွါး၏

အို-ရဟန်းတို့, ဤရဟန်းတို့ကို မမေ့မလျော့ နေ၏ဟူ၍၎င်း, အာသဝေါတရားတို့၏ ကုန်ခြင်းငှါ ထက်သန်စွာ မရဏဿတိ ကမ္မဋ္ဌာန်းကို ပွါး၏ဟူ၍၎င်း ဆိုအပ်ကုန်၏၊ ဤသည်ကား ဟောတော်မူသော ဒေသနာတော်တည်း။

ဤသို့လျှင် ဆွမ်း လေး,ငါးလုပ် ဝါးမျိုသော အခါကာလမျှ လောက်လည်း သေခြင်းနှင့် အကျွမ်း မဝင်အပ်ကောင်းရကား အသက်၏ အခွန့်ကာလသည် တိုတောင်းလှ၏၊ ဤသို့ ကာလ အပိုင်းအခြားအားဖြင့် သေခြင်းကိုအဖန်တလဲလဲ အောက်မေ့ အပ်၏။

## (၈) ခဏပရိတ္တ

၁၇၆။ **“အချိန်ကာလတိုသောအားဖြင့်”**သေခြင်းကို အဘယ်သို့ အောက်မေ့အပ်သနည်း ဟူမူကား၊ သတ္တဝါတို့၏ ပရမတ္ထ, အားဖြင့် အသက်ရှင်သော ခဏသည် အလွန်တို၏၊ တခုသောစိတ်၏ ဖြစ်ခြင်းမျှ အတိုင်းအရှည်ရှိ၏၊ ဥပမာ ကား- –ရထားဘီးသည် လိမ့်သော်လည်း တခုသော အကွပ်၏ အရပ်အစိတ်ဖြင့်သာ လိမ့်၏၊ ရပ်သော်လည်း ထိုအကွပ်၏ အရပ်အစိတ်မျှလောက် နေရာ၌သာ ရပ်သကဲ့သို့ ထို့အတူသာလျှင် သတ္တဝါတို့၏ အသက် ရှင်ခြင်းသည် တခုသော စိတ္တက္ခဏကာလမျှရှိ၏၊ ထို

စိတ်ချုပ်သည်ရှိသော် သတ္တဝါ သေဆုံး ချုပ်ပျောက် ရှာပြီဟူ၍ ဆိုအပ်၏၊ ထို့ကြောင့် မြတ်စွာဘုရားသည်–

''**အတိတ်** ဖြစ်သော စိတ္တက္ခဏာ၌ အသက်ရှင်ဘူးပြီ၊ အသက်ရှင်ဆဲမဟုတ်၊ အသက်ရှင်လတ္တံ့မဟုတ်၊ **အနာဂတ်**ဖြစ်သော စိတ္တက္ခဏာ၌ အသက်ရှင်ဘူးပြီမဟုတ်၊ အသက်ရှင်ဆဲလည်းမဟုတ်၊ အသက်ရှင်လတ္တံ့၊ **ပစ္စုပ္ပန်** ဖြစ်သော စိတ္တက္ခဏာ၌ အသက်ရှင်ဘူးပြီမဟုတ်၊ အသက်ရှင်ဆဲ၊ အသက်ရှင်လတ္တံ့မဟုတ်''ဟူ၍ ဟောတော်မူပြီ။

(၁) ဇီဝိတံ အတ္တဘာဝေါ စ၊ သုခဒုက္ခာ စ ကေဝလာ။
ဧကစိတ္တသမာယုတ္တာ၊ လဟု သော ဝတ္တတေ ခဏော။

(၂) ယေ နိရုဒ္ဓါ မရန္တဿ၊ တိဋ္ဌမာနဿ ဝါ ဣဓ။
သဗ္ဗေပိ သဒိသာ ခန္ဓာ၊ ဂတာ အပ္ပဋိသန္ဓိကာ။

(၃) အနိဗ္ဗတ္တေန န ဇာတော၊ ပစ္စုပ္ပန္နေန ဇီဝတိ။
စိတ္တဘင်္ဂါ မတော လောကော၊ ပညတ္တိ ပရမတ္ထိယာ။

(၁) အသက်ဇီဝိတိန္ဒြေသည်၎င်း,ကိုယ်အတ္တဘောသည်၎င်း, သုခဝေဒနာ, ဒုက္ခဝေဒနာတို့သည်၎င်း အလုံးစုံသော ထိုတရားတို့သည် နိစ္စ, အတ္တအဖြစ်နှင့် မရောကုန်၊ တခုသောစိတ်နှင့်တကွ ဖြစ်ကြကုန်၏၊ ထိုတရားတို့၏ ဖြစ်ခြင်းခဏသည် လျင်မြန်လှစွာ၏။

(၂) သေလွန်သော သတ္တဝါ၏ အကြင်ခန္ဓာတို့ကို သေပြီးနောက်ကာလ၌ ချုပ်ကုန်ပြီဟူ၍ ဆိုအပ်ကုန်၏၊ ဤ ပဝတ္တိအခါ၌ တည်ဆဲဖြစ်သော သတ္တဝါတို့၏ အကြင်ခန္ဓာတို့ကိုလည်း ဘင်သို့ရောက်၍ ချုပ်ပျောက်လေပြီဟု ဆိုအပ်ကုန်၏၊ ထိုခန္ဓာတို့သည် တဖန်လာ၍ စပ်ပြန်ခြင်းမရှိသဖြင့် ကင်းသောကြောင့် တခုတည်းကဲ့သို့ တူကြကုန်၏။

(၃) ပစ္စုပ္ပန် မဟုတ်သောစိတ်ဖြင့် ဖြစ်ဆဲ, ရှင်ဆဲ မဟုတ်၊ ပစ္စုပ္ပန်ဖြစ်သော စိတ်ဖြင့်သာ ရှင်ဆဲ, ဖြစ်ဆဲ မည်၏၊ ဤလောကသည် စိတ်၏ ဘင်ခဏသို့ ရောက်ခြင်းကြောင့် ပရမတ္ထအားဖြင့် သေသည် မည်၏၊ ဤသို့ ပရမတ္ထအားဖြင့် သေသည် မည်သော်လည်း ထိုထို ထင်ရှားသောစိတ်ကို စွဲ၍ မောင်ဖြူ အသက်ရှင်၏၊ မောင်မဲ အသက်ရှင်၏၊ ဤသို့သောစကားဖြစ်ခြင်း၏အရာဖြစ်သော သန္တာနပညတ် ရှိ၏၊ ထိုသန္တာနပညတ်သည် ပရမတ္ထ မဟုတ်သော်လည်း ပရမတ္ထကဲ့သို့ ဖြစ်၏၊ ဤသို့ မှတ်အပ်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့် အချိန်ကာလတိုသောအားဖြင့် သေခြင်းကို အဖန်တလဲလဲ အောက်မေ့အပ်၏။

၁၇၇။ ဤ ရှစ်ပါးသောအခြင်းအရာတို့ဖြင့် တပါးပါးဖြင့် အဖန်တလဲလဲ အောက်မေ့သော ပုဂ္ဂိုလ်အားလည်း အဖန်ဖန် အထပ်ထပ် နှလုံးသွင်းသည်၏ အစွမ်းဖြင့် စိတ်သည် အဖန်တလဲလဲ မှီဝဲခြင်း အာသေဝနပစ္စည်းကို ရ၏၊ သေခြင်းလျှင် အာရုံရှိသော သတိသည် တည်၏၊ နီဝရဏ တို့ သည် ငြိမ်း ကုန် ၏၊ ဈာန် အင်္ဂါ တို့ သည် ထင်ရှား ဖြစ်ပေါ်ကုန်၏၊ အာရုံ၏ သဘာဝဓမ္မအဖြစ်ကြောင့်၎င်း, သံဝေဂကို ဖြစ်စေတတ်သည်၏ အဖြစ်ကြောင့်၎င်း အပ္ပနာသို့ မရောက်မူ၍ ဥပစာရမျှဖြစ်သော ဈာန်သည် ဖြစ်၏၊ လောကုတ္တရာဈာန်သည်၎င်း, ဒုတိယစတုတ္ထဖြစ်သော အာရုပ္ပဈာန်တို့သည်၎င်း သဘာဝဓမ္မ၌ ဖြစ်သော်လည်း ဘာဝနာ အထူးအားဖြင့် အပ္ပနာသို့ ရောက်၏၊ အထူးသဖြင့် စင်ကြယ်သော ဘာဝနာ၏ အစွမ်းဖြင့် လောကုတ္တရာဈာန်သည် အပ္ပနာသို့ ရောက်၏၊ အာရုံကိုလွန်သော ဘာဝနာ၏အစွမ်းဖြင့် အာရုပ္ပဈာန်သည် အပ္ပနာသို့ ရောက်၏၊ အပ္ပနာသို့ ရောက်သော ရှေးဈာန်၏ အာရုံကို လွန်ခြင်းမျှသာလျှင်

ထိုအရူပဈာန်၌ ဖြစ်၏၊ ဤမရဏာဿတိ၌ကား အထူး သဖြင့် စင်ကြယ်သော ဘာဝနာအစွမ်း, အာရုံကို လွန်သော ဘာဝနာအစွမ်း နှစ်ပါးစုံသည်ပင် မရှိ၊ ထို့ကြောင့် ဥပစာရမျှဖြစ်သော ဈာန်သည် ဖြစ်၏၊ ထိုဈာန်သည် မရဏာဿတိ၏အစွမ်းဖြင့် ဖြစ်သော ကြောင့် မရဏာဿတိဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။

**မရဏာဿတိကမ္မဋ္ဌာန်း၏အကျိုးထူး** ဤ မရဏာဿတိ ကမ္မဋ္ဌာန်းကို အဖန်တလဲလဲ အားထုတ်သော ရဟန်းသည် မပြတ်မမေ့ မလျော့သည်ဖြစ်၏၊ အလုံးစုံသော ဘဝဂတိတို့၌ မမွေ့လျော်ခြင်း အမှတ်သညာကို ရ၏၊ အသက်၌ ကပ်ငြိ တွယ်တာခြင်း နိကန္တိ တဏှာကို ပယ်စွန့်၏၊ မကောင်းမှုကို စက်ဆုပ်၏၊ သိုမှီး သိမ်းဆည်း ခြင်း မများ၊ ပစ္စည်းပရိက္ခရာတို့၌ ဝန်တိုခြင်း ကင်း၏၊ ထို မရဏာဿတိကို ပွါးသောပုဂ္ဂိုလ်အား အနိစ္စသညာသည် လေ့လာ ခြင်းသို့ ရောက်၏၊ ထိုအနိစ္စသညာကို လေ့လာခြင်းကြောင့် ဒုက္ခသညာ, အနတ္တသညာတို့သည်လည်း ထင်၏၊ မရဏာဿတိ ကမ္မဋ္ဌာန်းကို မပွါးသောသူတို့သည် အဆောတလျင် သားရဲ ဘီလူး ရက္ခိုုသ် မြွေ သူသတ် ခိုးသူတို့ နှိပ်စက်သကဲ့သို့ သေခါနီး ကာလ၌ ကြောက်ခြင်း, ထိတ်လန့်ခြင်း, တွေဝေခြင်းသို့ ရောက် ကုန်၏၊ ဤသို့ကြောက်ခြင်း, ထိတ်လန့်ခြင်း, တွေဝေခြင်းမရှိဘဲ သေရ၏၊ အကယ်၍ မျက်မှောက်သော ကိုယ်၏အဖြစ်၌ အမြိုက် နိဗ္ဗာန်ကို မရသည်ရှိသော် ကိုယ်ခန္ဓာပျက်၍ သေသည်မှ နောက်၌ သုဂတိဘဝလျှင် လည်းလျောင်းရာရှိသည် ဖြစ်၏။

**တသ္မာ ဟဝေ အပ္ပမာဒံ၊ ကယိရာထ သုမေဓသော။**
**ဧဝံ မဟာနုဘာဝါယ၊ မရဏဿတိယာ သဒါ။**

ထို့ကြောင့် ပညာရှိသည် ဤသို့တန်ခိုးအာနုဘော် ကြီးလှသော မရဏာဿတိကမ္မဋ္ဌာန်းကို အခါခပ်သိမ်း မမေ့မလျော့ ကြိုးပမ်းအားထုတ်ရာ၏။

မရဏာဿတိ ကမ္မဋ္ဌာန်း အကျယ် ဖွင့်ပြခြင်း ပြီး၏။

## ကာယဂတာသတိကို ပြဆိုခြင်း

၁၇၈။ **ကာယဂတာသတိ**ယခုအခါဘုရားပွင့်သောအခါကာလမှ တပါးသောအခါကာလ၌မဖြစ်စဘူး, ခပ်သိမ်းသောတိတ္ထိတို့၏ အရာမဟုတ်သော ထိုထိုသုတ္တန်တို့၌ "အို-ရဟန်းတို့, တခုသောတရားကို ပွါးစေအပ်သည်ရှိသော် အကြိမ်များစွာ အလေ့အလာ ပြုအပ်သည်ရှိသော် ဟုတ်မှန်တိုင်းသော ကိုယ်၏သဘောကို ကြားသည်ဖြစ်၍ ကြီးစွာသော ထိတ်လန့်ခြင်းငှါ ဖြစ်၏၊ လွန်စွာကြီးမားသော အကျိုးစီးပွါးအလို့ငှါဖြစ်၏၊ ကြီးစွာသော ယောဂလေးပါးတို့ဖြင့် ဘေးမရှိခြင်းအကျိုးငှါ ဖြစ်၏၊ ကြီးစွာသော သတိသမ္ပဇဉ်ကို ရခြင်းအကျိုးငှါ ဖြစ်၏၊ ဉာဏဒဿနဉာဏ်ကို ရခြင်းအကျိုးငှါ ဖြစ်၏၊ မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်းသာစွာနေရခြင်း အကျိုးငှါ ဖြစ်၏၊ ဝိဇ္ဇာသုံးပါး, နိဗ္ဗာန်, သာမညဖိုလ်တို့ကို မျက်မှောက်ပြုရခြင်းအကျိုးငှါ ဖြစ်၏။ တခုသောတရားဟူသည် အဘယ်နည်း၊ ကိုယ်၌ဖြစ်သော သတိတည်းဟူသော ကာယဂတာသတိပေတည်း၊ အို-ရဟန်းတို့, အကြင်သူတို့သည် ကာယဂတာသတိ တရားကို သုံးဆောင်ကြကုန်၏၊ ထိုသူတို့သည် အမြိုက် နိဗ္ဗာန်ကို သုံးဆောင်ရကုန်၏၊ အကြင်သူတို့သည် ကာယဂတာ-သတိတရားကို မသုံးဆောင်ကြရကုန်၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မသုံးဆောင်ကြရကုန်၊ အို-ရဟန်းတို့, အကြင်သူတို့သည် ကာယဂတာသတိ တရားကို အားထုတ်အပ် ပြီးစေအပ်ပြီ၊ ထိုသူတို့သည် အမြိုက် နိဗ္ဗာန်ကို သုံးဆောင်အပ်ပြီ, မယုတ်ပြီ, မချော်ချွတ်ပြီ၊ အကြင်သူတို့သည် ကာယဂတာသတိတရားကို အားမထုတ်ကုန်ပြီ, မပြီးစေအပ်ကုန်ပြီ၊ ထိုသူတို့သည် အမြိုက် နိဗ္ဗာန်ကို မသုံးဆောင်ရပြီ, ယုတ်ကုန်ပြီ, ချွတ်ချော်ကြကုန်ပြီ"။ ဤသို့ မြတ်စွာဘုရားသည် များစွာသော

အခြင်းအရာတို့ဖြင့် ထိုထို သုတ္တန်တို့၌ ချီးမွမ်းတော်မူ၍ ကာယဂတာသတိ ကမ္မဋ္ဌာန်းကို ညွှန်ပြတော်မူအပ်၏၊ အဘယ်သို့ ညွှန်ပြတော်မူသနည်း၊ "အို-ရဟန်းတို့, ကာယဂတာသတိ ကမ္မဋ္ဌာန်းကို အဘယ်သို့ ပွါးသော ကြောင့် အဘယ်သို့ အကြိမ်များစွာ အလေ့အလာ ပြုသောကြောင့် ကြီးသောအကျိုး, ကြီးသောအာနိသင် ရှိသည်ဖြစ်သနည်း၊ အို-ရဟန်းတို့, ဤသာသနာတော်၌ ရဟန်းသည် တောအရပ်သို့ ကပ်သည်ဖြစ်၍သော်လျှင်" ဤသို့ အစရှိသောနည်းဖြင့် အာနာပါနကမ္မဋ္ဌာန်းအပိုင်း, ဣရိယာပုထ် ကမ္မဋ္ဌာန်းအပိုင်း, လေးပါးသော သမ္ပဇည ကမ္မဋ္ဌာန်းအပိုင်း, စက်ဆုပ်ရွံရှာဘွယ်ဟု နှလုံးသွင်းခြင်း ပဋိက္ကူလကမ္မဋ္ဌာန်းအပိုင်း, ဓာတ်အားဖြင့် နှလုံးသွင်း ခြင်း ဓာတုကမ္မဋ္ဌာန်းအပိုင်း, သင်းချိုင်း၌ ပစ်စွန့်အပ် သော အကောင်ပုပ် ကိုးမျိုး ကမ္မဋ္ဌာန်းအပိုင်းဟူ၍ ဤ ၁၄-ဆဲ့လေးပါးသော ကမ္မဋ္ဌာန်းအပိုင်းအခဏ်းတို့၏ အစွမ်းဖြင့် ကာယဂတာသတိကမ္မဋ္ဌာန်းကို ညွှန်ပြတော် မူအပ်၏၊ ထို ကာယဂတာသတိ ကမ္မဋ္ဌာန်း၏ ဘာဝနာ ပွါးနည်း နိဿျည်းကို ဖွင့်ပြညွှန်ကြားရန် ယခုအခါ အစဉ် ရောက်လေပြီ။

ထို ကာယဂတာသတိ ကမ္မဋ္ဌာန်း၌ ဣရိယာပထပိုင်း, စတု- သမ္ပဇညပိုင်း, ဓာတုမနသိကာရပိုင်း၊ ဤသုံးပါးသောအပိုင်းတို့ကို ဝိပဿနာ၏အစွမ်းဖြင့် ဟောအပ်ကုန်၏၊ သင်းချိုင်း၌ စွန့်ပစ်အပ် သော အကောင်ပုပ်ကိုးမျိုးအပိုင်းကို အပြစ်ကိုရှုသော အနုပဿနာ ဉာဏ်၏အစွမ်းဖြင့် ဟောအပ်ကုန်၏၊ ဤ အကောင်ပုပ် ကိုးမျိုး အပိုင်း ဥဒ္ဓုမာတက အစရှိသည်တို့၌ ပြည့်စုံရာသော သမာဓိ ဘာဝနာကို အသုဘနိဒ္ဒေသ၌ ပြအပ်ပြီးပြီ၊ အာနာပါနပဗ္ဗနှင့် ပဋိက္ကူလ မနသိကာရပဗ္ဗ နှစ်မျိုးတို့ကို သမာဓိ၏အစွမ်းဖြင့် ဟောအပ်ကုန်၏၊ ထိုနှစ်မျိုးတို့တွင် အာနာပါနပဗ္ဗသည် အာနာ- ပါနဿတိ၏အစွမ်းဖြင့် အသီးအခြား ကမ္မဋ္ဌာန်းဖြစ်၏။

"အို-ရဟန်းတို့၊ တဖန်လည်း တပါးတုံ ရဟန်းသည် အောက်ခြေဘဝါးအပြင်မှ အထက်သို့, ဆံပင်ဖျားမှ အောက်သို့ အရေပါးလျှင် အဆုံးရှိသော အထူးထူးသော မစင်မကြယ် စက်ဆုပ်ဘွယ်တို့ဖြင့် ပြည့်သော ဤကိုယ်ကို ဆင်ခြင်၏၊ ဤကိုယ်၌ဆံပင်, အမွေး....(လ)ကျင်ငယ်သည်ရှိ၏"၊ဤသို့လျှင် ဦးနှောက်ကို ရိုးတွင်းခြင်ဆီနှင့် ပေါင်း၍ စက်ဆုပ်ရွံရှာဘွယ်ဟု နှလုံးသွင်းသည်၏ အစွမ်းဖြင့် ဟောတော်မူအပ်သော သုံးဆယ့်နှစ်ပါးသော အခြင်းအရာ ကမ္မဋ္ဌာန်းကို ဤအနုဿတိနိဒ္ဒေသ၌ ကာယဂတာသတိ ဟူ၍ ဆိုလို၏။

၁၇၉။ ဤကောဋ္ဌာသပါဠိတော်တွင် "**ဤကိုယ်**" ဆိုသည်ကား မဟာဘုတ် ဓာတ်ကြီးလေးပါးကိုမှီသော ဤအကောင်ပုပ်ကို ဆိုလိုသည်၊ မစင်ကြယ်သော ဝတ္ထုတို့၏ အစုအဝေးဖြစ်သောကြောင့် စက်ဆုပ်အပ်သော ဆံပင်အစရှိသည်တို့၏၎င်း, မျက်စိရောဂါ အစရှိသော အရာမကသော ရောဂါအနာတို့၏ ဖြစ်ပွါးရာဖြစ်သောကြောင့်၎င်း ဤကိုယ်ကောင်ကို ကာယ ဟူ၍ ဆိုလေသည်။

ဤကိုယ်ကောင်၌ ခြေဘဝါးအပြင်မှ အထက်သို့, ဆံပင်ဖျားမှ အောက်သို့ဗိလာအားဖြင့် အရေထက်ဝန်းကျင်ဝန်းရံလျက်ရှိသော ဤတလံမျှလောက်သော အကောင်ပုပ်ကို အလုံးစုံသော အခြင်းအရာအားဖြင့် စုံစမ်း ဆင်ခြင်သည်ရှိသော် တစုံတယောက်သော သူမျှတစုံတရာပုလဲကို၎င်း, ပတ္တမြားကို၎င်း, ကျောက်မြက်ရွဲကို၎င်း, အကျော်ကို၎င်း, ကုက္ကုမံကို၎င်း, ပရုပ်ကို၎င်း, အခိုးအထုံအမွှံစသည်ကို၎င်း အဏုမြူမျှ စင်ကြယ် သန့်ရှင်း ညစ်ကြေးကင်းသောသဘောကို မမြင်ရ၊ စင်စစ်သော်ကား လွန်စွာ ပုပ်စော်နံသဖြင့် စက်ဆုပ်ဘွယ်ရှိသော အသရေကင်းမဲ့သော မြင်ရတွေ့ရခြင်းရှိသော အထူးထူးအပြားပြား များစွာသော ဆံပင်အမွေး အစရှိသော မစင်မကြယ် စက်ဆုပ်ဘွယ်ကိုသာလျှင် တွေ့မြင်ရ၏၊ ထို့ကြောင့် ဤကိုယ်ကောင်၌ ဆံပင်သည်ရှိ၏၊ အမွေးသည်ရှိ၏၊....(လ)....ကျင်ငယ်သည်ရှိ၏ ဟူ၍ ဆိုလို၏။

၁၇၀။ လက်ဦးအစ ဤကာယဂတာသတိကမ္မဋ္ဌာန်းကို ပွါးလိုသော အမျိုးကောင်းသားသည် ဆိုအပ်ခဲ့ပြီးသော အပြားရှိသော မိတ်ဆွေကောင်းသို့ ချဉ်းကပ်၍ ဤကမ္မဋ္ဌာန်းကို ယူအပ်၏၊ ထိုပုဂ္ဂိုလ်အား ကမ္မဋ္ဌာန်းကို ဟောသော ကမ္မဋ္ဌာန်းဆရာသည် ခုနစ်ပါးသော ဥဂ္ဂဟကောသလ္လဉာဏ်ကိုင်း, ဆယ်ပါးသော နှလုံးသွင်းမှု၌ လိမ္မာခြင်း မနသိကာရ ကောသလ္လဉာဏ်ကိုင်း ဟောကြားအပ်၏၊ ထိုဥဂ္ဂဟကောသလ္လ, မနသိကာရကောသလ္လနှစ်ပါးတို့တွင် နှုတ်ဖြင့်ငင်း, စိတ်ဖြင့်ငင်း, အဆင်းအားဖြင့်ငင်း, သဏ္ဌာန်အားဖြင့်ငင်း, အရပ်အားဖြင့်ငင်း, တည်ရာအားဖြင့်ငင်း, အပိုင်းအခြားအားဖြင့်ငင်း ဤသို့ခုနစ်ပါးသော ဥဂ္ဂဟ ကောသလ္လဉာဏ်ကို ဟောကြားအပ်၏။

ထိုစကားမှန်သည်။ ဤစက်ဆုပ်ရွံရှာဘွယ်ဟု နှလုံးသွင်းအပ်သော ကမ္မဋ္ဌာန်း၌ ပိဋကတ် သုံးပုံဆောင်ပုဂ္ဂိုလ်ဖြစ်စေကာမူ နှလုံးသွင်းသောကာလ၌ ရှေးဦးစွာနှုတ်ဖြင့် ရွတ်ဆို သရဇ္ဈာယ်ခြင်းကို ပြုအပ်၏၊ အချို့သောပုဂ္ဂိုလ်အား ရွတ်ဆိုသရဇ္ဈာယ်ခြင်းကိုပြုစဉ်ပင်လျှင် ကမ္မဋ္ဌာန်းသည် ထင်ရှား၏၊ အဘယ်သူတို့ကဲ့သို့နည်း၊ **မလယ အရပ်နေ မဟာဒေဝတ** မထေရ်ကြီး၏ အထံ၌ ကမ္မဋ္ဌာန်းယူသော **မထေရ်နှစ်ပါးတို့**ကဲ့သို့ပေတည်း၊ မထေရ်ကြီးသည် ကမ္မဋ္ဌာန်းတောင်းသော ထိုရဟန်းတို့အား "လေးလတို့ပတ်လုံး ဤကမ္မဋ္ဌာန်းကိုသာ ရွတ်ဆိုသရဇ္ဈာယ်လေလော့" ဟု ဆို၍ သုံးဆယ့်နှစ်ကောဋ္ဌာသပါဠိကို ပေး၏၊ ထိုပုဂ္ဂိုလ်တို့သည်လည်း နိကာယ်နှစ်ပါး, သုံးပါးကို လေ့လာသော ပုဂ္ဂိုလ်များဖြစ်ကြကုန်၏၊ ဆရာ၏စကားကို အရိုအသေခံယူလေ့ရှိသောကြောင့် လေးလပတ်လုံး သုံးဆယ့်နှစ်ကောဋ္ဌာသကို ရွတ်ဆိုသရဇ္ဈာယ်လျက် သောတာပန် ဖြစ်ကြကုန်၏၊ ထို့ကြောင့် ကမ္မဋ္ဌာန်းဟောသော ဆရာသည် တပည့်ကို "ရှေးဦးစွာ နှုတ်ဖြင့် သရဇ္ဈာယ်ရွတ်ဆိုရမည်" ဟု ပြောကြားအပ်၏၊

ရွတ်ဆိုသောအခါ **တစပဉ္စက** အစရှိသည်တို့ကို ပိုင်းဖြတ်၍ အနုလုံ, ပဋိလုံ အပြန်အလှန်ရွတ်ခြင်းကို ပြုအပ်၏။

**ကေသာ, လောမာ, နခါ, ဒန္တာ, တစော,** ဟု ဆိုပြီးလျှင် တဖန်အပြန်အားဖြင့် **တစော, ဒန္တာ, နခါ, လောမာ, ကေသာ** ဟု ဆိုအပ်၏။

ထို့နောက် **ဝက္က ပဉ္စက**၌ **မံသံ, နှာရု, အဋ္ဌိ, အဋ္ဌိမိဉ္ဇံ, ဝက္ကံ** ဟု ဆိုပြီးလျှင် တဖန်အပြန်အားဖြင့် **ဝက္ကံ, အဋ္ဌိမိဉ္ဇံ, အဋ္ဌိ, နှာရု, မံသံ, တစော, ဒန္တာ, နခါ, လောမာ, ကေသာ** ဟု ဆိုအပ်၏။

ထို့နောက် **ပပ္ဖါသ ပဉ္စက**၌ **ဟဒယံ, ယကနံ, ကိလောမကံ, ပိဟကံ, ပပ္ဖါသံ** ဟု ဆိုပြီးလျှင် တဖန်အပြန်အားဖြင့် **ပပ္ဖါသံ, ပိဟကံ, ကိလောမကံ, ယကနံ, ဟဒယံ, ဝက္ကံ, အဋ္ဌိမိဉ္ဇံ, အဋ္ဌိ, နှာရု, မံသံ, တစော, ဒန္တာ, နခါ, လောမာ, ကေသာ** ဟု ဆိုအပ်၏။

ထို့နောက် **မတ္ထလုင်္ဂ ပဉ္စက**၌ **အန္တံ, အန္တဂုဏံ, ဥဒရိယံ, ကရီသံ, မတ္ထလုင်္ဂံ** ဟု ဆိုပြီးလျှင် တဖန် အပြန်အားဖြင့် **မတ္ထလုင်္ဂံ ကရီသံ, ဥဒရိယံ, အန္တဂုဏံ, အန္တံ, ပပ္ဖါသံ, ပိဟကံ, ကိလောမကံ, ယကနံ, ဟဒယံ, ဝက္ကံ, အဋ္ဌိမိဉ္ဇံ, အဋ္ဌိ, နှာရု, မံသံ, တစော, ဒန္တာ, နခါ, လောမာ, ကေသာ** ဟု ဆိုအပ်၏။

ထို့နောက် **မေဒဆက္က**၌ **ပိတ္တံ, သေမှံ, ပုဗ္ဗော, လောဟိတံ, သေဒေါ, မေဒေါ** ဟု ဆိုပြီးလျှင် တဖန် အပြန်အားဖြင့် **မေဒေါ, သေဒေါ, လောဟိတံ, ပုဗ္ဗော, သေမှံ, ပိတ္တံ, မတ္ထလုင်္ဂံ, ကရီသံ, ဥဒရိယံ, အန္တဂုဏံ, အန္တံ, ပပ္ဖါသံ, ပိဟကံ, ကိလောမကံ, ယကနံ, ဟဒယံ, ဝက္ကံ, အဋ္ဌိမိဉ္ဇံ, အဋ္ဌိ, နှာရု, မံသံ, ဟစော, ဒန္တာ, နခါ, လောမာ, ကေသာ** ဟု ဆိုအပ်၏။

ထို့နောက် **မုတ္တဆက္က**၌ **အဿု, ဝသာ, ခေဠော, သိင်္ဃာဏိကာ, လသိကာ, မုတ္တံ** ဟု ဆိုပြီးလျှင် တဖန် အပြန်အားဖြင့် **မုတ္တံ, လသိကာ, သိင်္ဃာဏိကာ, ခေဠော, ဝသာ, အဿု, မေဒေါ, သေဒေါ, လောဟိတံ, ပုဗ္ဗော, သေမှံ, ပိတ္တံ, မတ္ထလုင်္ဂံ, ကရီသံ, ဥဒရိယံ, အန္တဂုဏံ, အန္တံ, ပပ္ဖါသံ, ပိဟကံ, ကိလောမကံ, ယကနံ,**

**ဟဒယံ, ဝက္ကံ, အဋ္ဌိမိဉ္ဇံ, အဋ္ဌိ, နှာရု, မံသံ, တစော, ဒန္တာ, နခါ, လောမာ, ကေသာ** ဟု ဆိုအပ်၏။

ဤသို့လျှင် ကာလအရာ, ကာလအထောင်, ကာလအသိန်းတို့ ပတ်လုံး နှုတ်ဖြင့် ရွတ်ဆိုသရဇ္ဈာယ်ခြင်းကို ပြုအပ်၏၊ နှုတ်ဖြင့် ရွတ်ဆိုသရဇ္ဈာယ်ခြင်းသည် ကမ္မဋ္ဌာန်း ပါဠိအစဉ်ကို လေ့လာ အပ်သည်ဖြစ်၏၊ ထိုမှ ဤမှစိတ်သည် မပြေးသွား, ကောဋ္ဌာသ တို့သည် ထင်ရှားကုန်၏၊ လက်ချောင်း အစဉ်ကဲ့သို့ရင်း, စောင်းတန်းခြေ အစဉ်ကဲ့သို့ရင်း ထင်ကုန်၏၊ နှုတ်ဖြင့် သရဇ္ဈာယ် သကဲ့သို့ ထို့အတူစိတ်ဖြင့် သရဇ္ဈာယ်ခြင်းကိုလည်း ပြုအပ်၏၊ နှုတ်ဖြင့် သရဇ္ဈာယ်ခြင်းသည် စိတ်ဖြင့် သရဇ္ဈာယ်ခြင်း၏ အကြောင်းဖြစ်၏၊ စိတ်ဖြင့် သရဇ္ဈာယ်ခြင်းသည် လက္ခဏာကို ထိုးထွင်း၍ သိခြင်း၏အကြောင်းဖြစ်၏။

"**အဆင်းအားဖြင့်**" ဆိုသည်ကား ဆံပင် အစရှိသည်တို့၏ အဆင်းကို မှတ်အပ်၏၊ "**သဏ္ဌာန်အားဖြင့်**" ဆိုသည်ကား ထို ကောဋ္ဌာသတို့၏ ပုံပန်းသဏ္ဌာန်ကို မှတ်အပ်၏၊ "**အရပ်အားဖြင့်**" ဆိုသည်ကား ဤကိုယ်ကောင်၌ ချက်မှ အထက်သည် အထက်အရပ် မည်၏၊ ချက်မှအောက်သည် အောက်အရပ် မည်၏၊ ထို့ကြောင့် ဤကောဋ္ဌာသသည် ဤမည်သောအရပ်ဟူ၍ အရပ်ကို မှတ် အပ်၏၊ "**နေရာအားဖြင့်**" ဆိုသည်ကား ဤကောဋ္ဌာသသည် ဤမည်သော နေရာ၌တည်၏ ဟု ဤသို့လျှင် ထိုထိုနေရာအားဖြင့် မှတ်အပ်၏၊ "**အပိုင်းအခြားအားဖြင့်**" ဆိုသည်ကား သဘော တူသော အပိုင်းအခြား, သဘောမတူသော အပိုင်းအခြားဟု အပိုင်းအခြားနှစ်မျိုး ရှိ၏၊ ထို နှစ်မျိုးတို့တွင် ဤကောဋ္ဌာသကို အောက်၌ရင်း, အထက်၌ရင်း, ဖီလာ၌ရင်း ဤမည်သောအရပ်ဖြင့် ပိုင်းခြားအပ်၏ဟု ဤသို့လျှင် သဘောတူ ပိုင်းခြားခြင်းကို သိအပ် ၏၊ ဆံပင်သည် အမွေးမဟုတ်၊ အမွေးသည် ဆံပင်မဟုတ်ဟု ဤသို့လျှင် မရောမယှက်သည်၏ အစွမ်းဖြင့် သဘောမတူသော ပိုင်းခြားခြင်းကို သိအပ်၏။

ဤသို့လျှင် ခုနစ်ပါးသော အစီအရင်ဖြင့် ဥဂ္ဂဟကောသလ္လကို ဟောကြားသော ဆရာသည် ဤကမ္မဋ္ဌာန်းကို ဤသုတ်၌ စက်ဆုပ် ရွံရှာဘွယ်၏အစွမ်းဖြင့် ဟောအပ်၏၊ ဤ မည်သောသုတ်၌ ခေတ်၏အစွမ်းဖြင့် ဟောအပ်၏၊ ဤသို့ မုချဆတ်ဆတ်သိ၍ ဟောအပ်၏၊ ထိုစကားမှန်သည်၊ ဤကမ္မဋ္ဌာန်းကို **မဟာသတိ ပဋ္ဌာနသုတ်**၌ စက်ဆုပ် ရွံရှာဘွယ်၏အစွမ်းဖြင့် ဟောအပ်၏၊ **မဟာဟတ္ထိ ပဒေါပမသုတ်, မဟာရာဟုလောဝါဒသုတ်, ဓာတု ဝိဘင်္ဂသုတ်**တို့၌ ခေတ်၏အစွမ်းဖြင့် ဟောအပ်၏၊ **ကာယဂတာ သတိသုတ်**၌ကား အကြင် ပုဂ္ဂိုလ်အား ဆံပင် အစရှိသော ကောဋ္ဌာသသည် အညိုစသော အဆင်းအားဖြင့်ထင်၏၊ ထိုပုဂ္ဂိုလ် ကိုရည်၍ လေးပါးသော ဈာန်တို့ကို ဝေဘန် အပ်ကုန်၏၊ ထို ကမ္မဋ္ဌာန်းတို့တွင် ခေတ်၏အစွမ်းဖြင့် ဟောအပ်သောကမ္မဋ္ဌာန်း သည် ဝိပဿနာ ကမ္မဋ္ဌာန်းမည်၏၊ စက်ဆုပ်ရွံရှာဘွယ်၏ အစွမ်း ဖြင့် ဟောအပ်သောကမ္မဋ္ဌာန်းသည် သမထ ကမ္မဋ္ဌာန်း မည်၏၊ ထိုကမ္မဋ္ဌာန်းသည် ဤအရာ၌ သမထ ကမ္မဋ္ဌာန်း သာလျှင် ဖြစ် သတည်း။

၁၇၁။ ဤသို့လျှင် ခုနစ်ပါးသော ဥဂ္ဂဟကောသလ္လ ဉာဏ်ကို ဟောကြားပြီး၍ အစဉ်အားဖြင့်၎င်း, မမြန်လွန်းသော အားဖြင့်၎င်း, မနှေးလွန်းသောအားဖြင့်၎င်း, စိတ်၏ ပျံ့လွင့်ခြင်းကို တားမြစ်သောအားဖြင့်၎င်း, ဆံအမွေး အစရှိသော လောကသင်္ကေတပညတ်ကို လွန်သော အားဖြင့်၎င်း,အစဉ်အတိုင်း မထင်သော ကောဋ္ဌာသကို လွှတ်သောအားဖြင့်၎င်း, တစုံတခုသော ကောဋ္ဌာသ၌ ဖြစ်သင့်သော အပ္ပနာအားဖြင့်၎င်း, သုတ္တန် သုံးမျိုး အားဖြင့်၎င်း,ဤသို့လျှင် ဆယ်ပါး အပြားရှိသော မနသိ ကာရ ကောသလ္လဉာဏ်ကို ဟောကြားအပ်၏။

ထို မနသိကာရ ကောသလ္လတို့တွင် **"အစဉ် အားဖြင့်"** ဆို သည်ကား၊ ဤ ကာယဂတာသတိကမ္မဋ္ဌာန်းကို အားထုတ်သော ယောဂီပုဂ္ဂိုလ်သည် နှုတ်ဖြင့်၎င်း, စိတ်ဖြင့်၎င်း, သရဇ္ဈာယ်ခြင်းကို

ပြုသည်မှစ၍ ပါဠိအစဉ်ကို မလွန်စေမူ၍ နှလုံးသွင်းအပ်၏၊ တခုခြား နှလုံးမသွင်းအပ်၊ ထိုစကားမှန်၏၊ တခုခြားနှလုံးသွင်းသော ပုဂ္ဂိုလ်သည် **ဥပမာ**- မလိမ္မာ မကျွမ်းကျင်သော ယောကျ်ားသည် သုံးဆယ့်နှစ်ထစ်ရှိသော လှေကားကို တထစ်ခြား နှစ်ထစ်ခြား ခုန်လွှားကျော်လွန်၍ တက်သည်ရှိသော် ပင်ပန်းသော ကိုယ်ရှိသောကြောင့် လိမ့်ကျရာသကဲ့သို့ တက်ခြင်းကိစ္စကို မပြည့်စုံစေနိုင်ဘိသကဲ့သို့ ဤအတူ ဘာဝနာ၏ ပြည့်စုံသည်၏ အစွမ်းဖြင့် ရောက်အပ်သော သာယာအပ်သောချာန်ကို မရခြင်းကြောင့် ပင်ပန်းသောစိတ်သည်ဖြစ်၍ ဆုတ်နစ်လျှောကျ၏၊ ဘာဝနာကို မပြည့်စုံစေနိုင်။

အစဉ်အတိုင်း နှလုံးသွင်းပါသော်လည်း မလျင်မြန်လွန်းသော အားဖြင့် နှလုံးသွင်းအပ်၏၊ အလွန်လျင်မြန်စွာ နှလုံးသွင်းသော ပုဂ္ဂိုလ်အား **ဥပမာ** အားဖြင့် သုံးယူဇနာ ခရီးကို သွား၍ သွားအပ်သောအရပ်,စွန့်အပ်သောအရပ်ကို မမှတ်မူ၍ လျင်သော အဟုန်ဖြင့် အကြိမ်တရာ သွားတုံ ပြန်တုံ ပြုသောယောကျ်ားအား ခရီးအခွန့်ကား ကုန်ခြင်းသို့ ရောက်ပါ၏၊သို့ရာတွင် အခေါက်တိုင်း မေး၍ သွားအပ်သည် ဖြစ်သကဲ့သို့ ထို့အတူ ကမ္မဋ္ဌာန်းသည် အဆုံးသို့သော်ကား ရောက်ပါ၏၊ ထိုသို့ ရောက်သော်လည်းမထင်၊ မထင်သောကြောင့် ချာန်ဟူသောတရားထူးကို မဆောင်နိုင်၊ ထို့ကြောင့် မလျင်မြန်လွန်းသောအားဖြင့် နှလုံးသွင်းအပ်၏။

မလျင်မြန်လွန်းသော အားဖြင့် နှလုံးသွင်း သကဲ့သို့ ဤအတူ မနှေးလွန်းသောအားဖြင့် နှလုံးသွင်းအပ်၏၊ အလွန်နှေးစွာ နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား **ဥပမာ** အားဖြင့် ထိုသုံးယူဇနာ ခရီးကို သွားလိုသော ယောကျ်ားအား ခရီးအကြား၌ သစ်ပင်, တောင်, တဘက်ဆည် ကန, [illegible]ကို၌ ဆွဲတုံ လှမ်းတုံပြု၍ သွားသည်ရှိသော် လမ်းခရီး[illegible]သည် ကုန်ဆုံးခြင်းသို့ မရောက်နိုင်၊ နှစ်ရက်, သုံးရက်ကြာမှ ပြီးဆုံးသည်ဖြစ်သကဲ့သို့ ဤအတူ ကမ္မဋ္ဌာန်းသည် အဆုံးသို့ မရောက်၊ ချာန်တရားထူးကို ရခြင်း၏ အကြောင်းမဟုတ်။

**"စိတ်၏ပျံ့လွင့်ခြင်းကို တားမြစ်သောအားဖြင့်"**ဆိုသည်ကား ကမ္မဋ္ဌာန်းကိုလွှတ်၍ အပ၌ အထူးထူးသော သဘောရှိသော အာရုံ၌ စိတ်၏ပျံ့လွင့်ခြင်းကို တားမြစ်အပ်၏၊ မတားမြစ်သော သူအား **ဥပမာ** အားဖြင့် ခြေတဘာဝါးစာမျှသာ ဆန့်သော ကမ်းပါးစောက်ခရီးကို သွားသော ယောကျ်ားအား နင်းသော ခြေကို မတိမ်းမယိမ်းရအောင် ကောင်းစွာမမှတ်ဘဲ ထိုမှ ဤမှ ကြည့်သည်ရှိသော် ခြေဘဝါးလှမ်းသည် ချွတ်ယွင်းတတ်၏၊ ထိုသို့ ချွတ်ယွင်းသောကြောင့် အသူတရာနက်သော ကမ်းပါးပြတ်သို့ ကျခြင်းသည် ဖြစ်၏၊ ဤအတူ အပအာရုံ၌ ပျံ့လွင့်သည်ရှိသော် ကမ္မဋ္ဌာန်းသည် ဆုတ်ယုတ်၏၊ ပျောက်ပျက်၏၊ ထို့ကြောင့် စိတ်၏ ပျံ့လွင့်ခြင်းကို တားမြစ်သောအားဖြင့် နှလုံးသွင်းအပ်၏။

**"လောကသင်္ကေတ ပညတ်ကို လွန်သောအားဖြင့်"** ဆိုသည်ကား၊ ဆံ, အမွေး (တနည်း-ဆံပင်, မွေးညှင်း) အစရှိသော လောကဝေါဟာရ အမည်ပညတ်သည် ရှိ၏၊ ထိုပညတ်ကိုလွန်၍ စက်ဆုပ် ရွံရှာဘွယ်ဟု စိတ်ကို ထားအပ်၏၊ **ဥပမာ** အားဖြင့် ရေ ရခဲသောကာလ၌ လူတို့သည် တော၌ ရေတွင်းကိုမြင်၍ ထို ရေတွင်း၌ ထန်းရွက်အစရှိသော တစုံတခုသော အမှတ်အသားကို ဖွဲ့ချည်၍ ထိုအမှတ်ဖြင့် သွားပြီးလျှင် ချိုးလည်း ချိုးကုန်၏၊ သောက်လည်း သောက်ကုန်၏၊ ထိုလူတို့ မပြတ် သွားလာ ခြင်းကြောင့် လာသောခြေရာ, သွားသောခြေရာသည် ထင်ရှားသော အခါ၌ကား အမှတ်သညာပြုရန်ကိစ္စ မရှိတော့ပြီဖြစ်၍ အလိုရှိသော ခဏ၌ပင် သွား၍ ရေချိုးကြကုန်သကဲ့သို့, ရေသောက်ကြကုန် သကဲ့သို့ ဤအတူ ရှေးအဘို့က ဆံပင်, မွေးညှင်းဟူသော ပညတ်၏ အစွမ်းဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား စက်ဆုပ် ရွံရှာဘွယ် ဟူသော အဖြစ်သည် ထင်ရှား၏၊ ထို့နောက် ဘာဝနာ၏ ခရီး လမ်းမှန်သွားသောအခါ၌ ဆံပင်, မွေးညှင်းဟူသော ပညတ်ကို လွန်၍ စက်ဆုပ်ရွံရှာဘွယ် အဖြစ်၌သာလျှင် စိတ်ကို ထားအပ်၏။

**"အစဉ်အတိုင်း မထင်သော ကောဋ္ဌာသကို လွှတ်သော အားဖြင့်"**ဆိုသည်ကား—အကြင် အကြင်ကောဋ္ဌာသသည် မထင်၊

ထိုထိုမထင်သော ကောဋ္ဌာသကို လွှတ်သဖြင့် အစဉ်အတိုင်း မထင်ရာ ကောဋ္ဌာသကိုလွှတ်၍ နှလုံးသွင်းအပ်၏၊ ထိုစကားကို ထင်ရှားစေအံ့၊ ဆံပင်ဟု နှလုံးသွင်းသော အစလက်ဦး အား ထုတ်သောပုဂ္ဂိုလ်၏ နှလုံးသွင်းခြင်းသည် ဆံပင်,မွေးညှင်းစသော အမည်အစဉ်ကို လျှောက်သွား၍ ကျင်ငယ်ဟူသော အဆုံး ကောဋ္ဌာသသို့ထိ၍ တည်၏၊ ကျင်ငယ်ဟု နှလုံးသွင်းခြင်းကို ပြုသော အစလက်ဦး အားထုတ်သောပုဂ္ဂိုလ်၏ နှလုံးသွင်းခြင်း သည် ကျင်ငယ်, အစေးစသော အမည်ကို လျှောက်သွား၍ ဆံပင် ဟူသော အစကောဋ္ဌာသသို့ ထိ၍တည်၏၊ (ကောဋ္ဌာသအသီးသီး တို့၏ လက္ခဏာကို ကောင်းစွာ မှတ်သွားသည်မဟုတ်၊ ထို့ကြောင့် ကမ္မဋ္ဌာန်းသည် မထင်ဟူ၍ ဆိုလိုသည်။) ထို့နောက် လက္ခဏာကို မှတ်သောအားဖြင့် အဖန်ဖန် နှလုံးသွင်းသော ထိုပုဂ္ဂိုလ်အား အချို့သော ကောဋ္ဌာသတို့သည် ထင်ကုန်၏၊ အချို့သော ကောဋ္ဌာသတို့သည် မထင်ကုန်၊ ထိုပုဂ္ဂိုလ်သည် အကြင်အကြင် ထင်သော ကောဋ္ဌာသတို့၌ ရှေးဦးစွာ နှလုံးသွင်းခြင်းအမှုကို ပြုအပ်၏၊ နှစ်ခုသော ကောဋ္ဌာသတို့သည် ထင်ကုန်သည်ရှိသော် ထိုနှစ်ခုတို့တွင် တခုသည် အလွန်ကောင်းစွာ ထင်၏၊ ဤသို့ ကောင်းစွာထင်သော ကောဋ္ဌာသကိုသာလျှင် အဖန်ဖန် အထပ်ထပ် နှလုံးသွင်းသဖြင့် အပ္ပနာကို ဖြစ်စေအပ်၏။

**ဥပမာကား**--ထန်းပင် သုံးဆဲ့နှစ်ပင်ရှိသော ထန်းတော၌ နေသော မျောက်ကို ဖမ်းလိုသောမုဆိုးသည် အစ၌ တည်သော ထန်းပင်၏အရွက်ကို မြှားဖြင့်ပစ်၍ အော်ဟစ်ခြင်းကို ပြုရာ၏၊ ထိုအခါ ထိုမျောက်သည် အစဉ်အတိုင်း ထိုထို ထန်းပင်သို့ ခုန်လွှား၍ အဆုံးဖြစ်သော ထန်းပင်သို့ ရောက်လေရာ၏၊ မုဆိုး သည် ထိုထန်းပင်သို့ သွား၍လည်း ထိုရှေးနည်းအတူ ပြုသည် ရှိသော် တဖန် ထိုနည်းဖြင့်သာလျှင် အစထန်းပင်သို့ ပြေးပြန် ရာ၏၊ ထိုမျောက်သည် ဤသို့ အဖန်တလဲလဲ လိုက်အပ်သည်ရှိသော် အော်ဟစ်ရာ-အော်ဟစ်ရာနေရာမှထ၍ အစဉ်အတိုင်း တခုသော ထန်းပင်ပေါ်သို့ ခုန်လွှားပြီးလျှင် ထိုထန်းပင်၏အလယ် ထန်းဖူးကို

မြဲစွာကိုင်၍ မြှားဖြင့်ပစ်အပ်သော်လည်း မထရာပြီ၊ ဤ၌ **ဥပမာန ဥပမေယျ** နှီးနှောသော်ကား-ထန်းတော၌ ရှိသော ထန်းပင် သုံးဆဲ့နှစ်ပင်နှင့် ဤကိုယ်၌ရှိသော သုံးဆယ့်နှစ်ကောဋ္ဌာသသည် တူ၏၊ မျောက်သည် စိတ်နှင့်တူ၏၊ မုဆိုးသည် ကမ္မဋ္ဌာန်း အား ထုတ်သော ယောဂီပုဂ္ဂိုလ်နှင့် တူ၏၊ မျောက်သည် သုံးဆဲ့နှစ်ပင် ရှိသော ထန်းတော၌ နေသကဲ့သို့ ယောဂီပုဂ္ဂိုလ်၏စိတ်သည် သုံးဆဲ့နှစ်ကောဋ္ဌာသရှိသော ကိုယ်၌ အာရုံပြုသည်၏ အစွမ်းဖြင့် လှည့်လည်ခြင်းကို မှတ်အပ်၏၊ မုဆိုးသည် အစ ထန်းပင်၏ အရွက်ကို မြှားနှင့်ပစ်၍ အော်ဟစ်ခြင်းကြောင့် မျောက်သည် ထိုထို ထန်းပင်မှခုန်ချ၍ အဆုံးထန်းပင်သို့ ပြေးသွားသကဲ့သို့ ယောဂီပုဂ္ဂိုလ်သည်ဆံပင်ဟု နှလုံးသွင်းခြင်းကို အားထုတ်သည် ရှိသော် အစဉ်အတိုင်းသွား၍ အဆုံးဖြစ်သော ကောဋ္ဌာသ၌ သာလျှင် စိတ်၏တည်ခြင်းကို မှတ်အပ်၏၊ အဆုံးထန်းပင်မှ တဖန် အစထန်းပင်သို့ ပြေးသွားရာ၌လည်း ဤနည်းအတိုင်းပင် ဖြစ်၏၊ အဖန်ဖန် အစဉ်အတိုင်း ပြေးသွားသောမျောက်သည် ဟစ်အော်ရာ ဟစ်အော်ရာအရပ်မှ ထခြင်းကဲ့သို့ အဖန်တလဲလဲ နှလုံးသွင်းသော ပုဂ္ဂိုလ်အား အချို့အချို့သော ကောဋ္ဌာသတို့သည် ထင်ကုန်သည် ရှိသော် မထင်သော ကောဋ္ဌာသတို့ကိုလွှတ်၍ ထင်သော ကောဋ္ဌာသတို့၌ ပရိကံပြုခြင်းကို မှတ်အပ်၏၊ မျောက်သည် အစဉ် သဖြင့် တခုသောထန်းပင်၌ကျ၍ ထို ထန်းပင်၏ အလယ်ထန်းရွက် စ ဖူးကို မြဲစွာကိုင်၍ မြှားဖြင့်ပစ်သော်လည်း မထခြင်းကဲ့သို့အဆုံး၌ ထင်သော ကောဋ္ဌာသနှစ်ခုတို့တွင် အကြင် ကောဋ္ဌာသသည် ကောင်းစွာထင်၏၊ထို ထင်သော ကောဋ္ဌာသကိုသာလျှင် အဖန်ဖန် အထပ်ထပ် နှလုံးသွင်း၍ အပ္ပနာကို ဖြစ်စေခြင်းကို မှတ် အပ်၏။

**ဥပမာတမျိုးကား**—ဆွမ်းခံသောရဟန်းသည် သုံးဆဲ့နှစ်အိမ် ရှိသော ရွာကို အမှီပြု၍ နေသည်ရှိသော် ပဌမအိမ်၌ပင် နှစ်အိမ် တွက် လောင်းအပ်သောဆွမ်းကိုရ၍ နောက်၌ တအိမ်ကိုစွန့်ရာ၏၊ တဖန် နောက်နေ့၌ သုံးအိမ်တွက်ဆွမ်းကိုရ၍ နောက်၌ နှစ်အိမ်ကို

စွန့်ရာ၏၊ တတိယနေ့၌ ဖျေးဦးစွာသော အိမ်၌ပင် သပိတ်ပြည့်အောင်ရ၍ ဆွမ်းစားကျောင်းသို့ သွားပြီးလျှင် သုံးဆောင်ရာ၏၊ ဤဥပမာ၌ တူသည်ကို ဤသို့ မှတ်အပ်၏၊ သုံးဆဲ့နှစ်အိမ်ရှိသော ရွာကဲ့သို့ သုံးဆဲ့နှစ်ကောဋ္ဌာသကို မှတ်အပ်၏၊ ဆွမ်းခံသော ရဟန်းကဲ့သို့ ယောဂီပုဂ္ဂိုလ်ကို မှတ်အပ်၏၊ ထိုရဟန်းသည် ထိုရွာကို အမှီပြု၍ နေသကဲ့သို့ ယောဂီပုဂ္ဂိုလ်သည် သုံးဆဲ့နှစ်ကောဋ္ဌာသ၌ ပရိကံပြုခြင်းကို မှတ်အပ်၏၊ ပဌမအိမ်၌ နှစ်အိမ်ကွက် ဆွမ်းကိုရ၍ နောက်တအိမ်ကိုစွန့်သကဲ့သို့ ဒုတိယနေ့မှာ သုံးအိမ်တွက်ဆွမ်းကိုရ၍ နောက်နှစ်အိမ်ကိုစွန့်သကဲ့သို့ နှလုံးသွင်းတိုင်း-နှလုံးသွင်းတိုင်း မထင်ရာကိုစွန့်လွှတ်၍ ထင်သော ကောဋ္ဌာသ၌ ပရိကံပြုခြင်းကို မှတ်အပ်၏၊ တတိယနေ့၌ အစအိမ်မှ သပိတ်ပြည့်အောင်ရ၍ ဆွမ်းစားကျောင်း၌ ထိုင်ပြီးလျှင် သုံးဆောင်ခြင်းကဲ့သို့ နှစ်ခုသော ကောဋ္ဌာသတို့တွင် အကြင်ကောဋ္ဌာသသည် ကောင်းစွာ အလွန်ထင်၏၊ ထိုကောဋ္ဌာသကို သာလျှင် အဖန်တလဲလဲ နှလုံးသွင်း၍ အပ္ပနာကို ဖြစ်စေခြင်းကို မှတ်အပ်၏။

"**အပ္ပနာအား**ဖြင့်"ဆိုသည်ကား-အပ္ပနာဖြစ်ရာ ကောဋ္ဌာသအားဖြင့် ဆံပင်အစရှိသော တခုသော ကောဋ္ဌာသ၌ အပ္ပနာဖြစ်၏ဟု ဆိုလိုသည်။

"**သုတ္တန်သုံးမျိုးအား**ဖြင့်" ဆိုသည်ကား-**အဓိစိတ္တသုတ်, သီတိဘာဝသုတ်, ဗောဇ္ဈင်္ဂကောသလ္လသုတ်**၊ ဤသုံးသုတ်တို့ကို ဝီရိယနှင့် သမာဓိယှဉ်ခြင်းအကျိုးငှါ သိအပ်ကုန်ဟု ဆိုလိုသည်။

ထိုသုံးသုတ်တို့တွင် "အိုရဟန်းတို့, သမထ ဝိပဿနာစိတ်ကို အဖန်တလဲလဲ ပွါးစေသော ရဟန်းသည် သုံးပါးသောနိမိတ်တို့ကို သင့်သည်အခါ သင့်သည်အခါ၌ နှလုံးသွင်းအပ်၏၊ သင့်သည်အခါ သင့်သည်အခါ၌ သမာဓိနိမိတ်ကို နှလုံးသွင်းအပ်၏၊ သင့်သည်အခါ သင့်သည်အခါ၌ ပဂ္ဂဟနိမိတ်ကို နှလုံးသွင်းအပ်၏၊ သင့်သည်အခါ သင့်သည်အခါ၌ ဥပေက္ခာနိမိတ်ကို နှလုံးသွင်းအပ်၏။ အိုရဟန်းတို့, သမထ ဝိပဿနာစိတ်ကို အဖန်တလဲလဲ

ပွါးစေသော ရဟန်းသည် သမာဓိနိမိတ်ကိုသာ စင်စစ် အကယ်၍ နှလုံးသွင်းငြားအံ့၊ ထိုစိတ်သည် ပျင်းရိခြင်းငှါ ဖြစ်ရာ၏၊ ဤသို့ ဖြစ်ခြင်း၏ အကြောင်းသည် ရှိ၏၊ အိုရဟန်းတို့, သမထ ဝိပဿနာစိတ်ကို အဖန်တလဲလဲ ပွါးစေသော ရဟန်းသည် ပဂ္ဂဟ နိမိတ်ကိုသာ စင်စစ်အကယ်၍ နှလုံးသွင်းစေငြားအံ့၊ ထိုစိတ်သည် ပျံ့လွင့်ခြင်းငှါ ဖြစ်ရာ၏၊ ဤသို့ ဖြစ်ခြင်း၏အကြောင်းသည် ရှိ၏၊ အိုရဟန်းတို့, သမထ ဝိပဿနာစိတ်ကို အဖန်တလဲလဲ ပွါးစေ သော ရဟန်းသည် ဥပေက္ခာ နိမိတ်ကိုသာလျှင် စင်စစ် အကယ်၍ နှလုံးသွင်းငြားအံ့၊ ထိုစိတ်သည် အာသဝေါတရားတို့၏ ကုန်ခြင်း ငှါ မတည်ကြည်ရာ၊ အိုရဟန်းတို့, သမထ ဝိပဿနာစိတ်ကို အဖန်တလဲလဲ ပွါးစေသောရဟန်းသည် သင့်သည်အခါ သင့်သည် အခါ၌ စင်စစ် သမာဓိနိမိတ်ကိုရင်း,ပဂ္ဂဟနိမိတ်ကိုရင်း,ဥပေက္ခာ နိမိတ်ကိုရင်း နှလုံးသွင်း၏၊ ထို့ကြောင့် ထိုပုဂ္ဂိုလ်၏စိတ်သည် နူးညံ့သည်ရင်း, အမှု၌ခံ့သည်ရင်း, ပြိုးပြိုးပြက်ရှိသည်ရင်း, ပျက်စီး ခြင်း သဘောမရှိသည်ရင်း ဖြစ်၏၊ အာသဝေါတရားတို့၏ ကုန်ခြင်းငှါ ကောင်းစွာတည်ကြည်၏။

အိုရဟန်းတို့, **ဥပမာအားဖြင့်** ရွှေပန်းထိမ်သည်သည်ရင်း, ရွှေပန်းထိမ်သည်၏ တပည့်သည်ရင်း မိုက်ခွက်ကို ကောင်းစွာ ချရာ၏၊ မိုက်ခွက်ကို ကောင်းစွာချပြီး၍ မိုက်ခွက်မျက်နှာကို တောက်စေရာ၏၊ မိုက်ခွက်မျက်နှာဝကို တောက်စေပြီး၍ ညှပ်ဖြင့် ရွှေကိုညှပ်၍ မိုက်ဝ၌ထည့်ပြီးလျှင် သင့်သည်အခါ သင့်သည်အခါ၌ မှုတ်၏၊ သင့်သည်အခါ သင့်သည်အခါ၌ ရေဖြင့် ဆွတ်ဖျန်း၏၊ သင့်သည်အခါ သင့်သည်အခါ၌ လှစ်လျူရှု၏၊ အိုရဟန်းတို့, ရွှေပန်းထိမ်သည်သည်ရင်း, ရွှေပန်းထိမ်သည်၏ တပည့်သည်ရင်း ထိုရွှေကို စင်စစ်အားဖြင့် အကယ်၍ မှုတ်ငြားအံ့၊ ထိုရွှေသည် အရေဖြစ်သည် တိုင်အောင် လောင်ရာ၏၊ ဤလောင်ခြင်း၏ အကြောင်းသည်ရှိ၏၊ အိုရဟန်းတို့, ရွှေပန်းထိမ်သည်သည်ရင်း, ရွှေပန်းထိမ်သည်၏ တပည့်သည်ရင်း ထိုရွှေကို စင်စစ်အားဖြင့် အကယ်၍ ရေဖြင့်ဆွတ်ဖျန်းငြားအံ့၊ ထိုရွှေသည် ခဲသည်တိုင်

အောင်အေးရာ၏၊ ဤအေးခြင်း၏ အကြောင်းသည်ရှိ၏၊ အို-ရဟန်းတို့, ရွှေပန်းထိမ်သည် သည် ၎င်း, တပည့်သည် ၎င်း ထိုရွှေကို စင်စစ်အားဖြင့် အကယ်၍ လျစ်လျူရှုငြားအံ့၊ ထိုရွှေသည် ကောင်းစွာကျက်ခြင်းသို့ မရောက်ရာ၊ ဤမကျက်ခြင်း၏အကြောင်းသည်ရှိ၏၊ အို-ရဟန်းတို့, အကြင်အခါ ရွှေပန်းထိမ်သည်သည် ၎င်း ၎င်း၏တပည့်သည်၎င်း, ထိုရွှေကို သင့်သည်အခါ သင့်သည်အခါ၌မှုတ်၏၊ သင့်သည်အခါ သင့်သည်အခါ၌ ရေဖြင့်ဆွတ်ဖျန်း၏၊ သင့်သည်အခါ သင့်သည်အခါ၌ လျစ်လျူရှု၏၊ ထိုအခါ ရွှေသည်နူးညံ့သည်၎င်း, အမှု၌ခံ့သည်၎င်း, ပြိုးပြိုးပြက် တောက်ပသည်၎င်း, မကွဲမပျက်သည်၎င်း ကောင်းစွာရောက်၏၊ အကြင်အကြင်သို့သော အဆင်တန်ဆာဖြစ်၏၊ အထူးထူးသော လုပ်ဆောင်ခြင်းအလို့ငှါ အထူးကို အလိုရှိ၏၊ နဖူးသင်းကျစ်ပြားကို အလိုရှိအံ့၊ နားဒောင်းကို အလိုရှိအံ့၊ လည်ဆွဲပုတီးကို အလိုရှိအံ့၊ ရွှေပန်းကို အလိုရှိအံ့၊ ထိုအလိုရှိသော အဆင်တန်ဆာ ဟူသော အကျိုးကို ပြီးစေ၏။

"အို-ရဟန်းတို့, ဤဥပမာအတူ သမထ ဝိပဿနာစိတ်ကို အဖန်တလဲလဲ ပွါးစေသော ရဟန်းသည်… (လ)….အာသဝေါ တရားတို့၏ ကုန်ခြင်းငှါ ကောင်းစွာ တည်ကြည်၏၊ ဥဒ္ဒိဝိဓ အစရှိသော အဘိညာဉ်ဖြင့် မျက်မှောက်ပြုအပ်သော အကြင်အကြင်သို့သော အထူးထူး ဖန်ဆင်းခြင်းစသော တရားကိုလည်း ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုခြင်းငှါ စိတ်ကို ညွတ်စေ၏၊ ထိုထို ရှေးဘဝက ပြုခဲ့ဘူးသော အဘိညာဉ်ရခြင်း၏အကြောင်း အဓိကာရသည် ရှိခဲ့သော် ထိုထို တရား၌ပင်လျှင် မျက်မှောက်ပြုခြင်းရှိသော သူ၏အဖြစ်သို့ ရောက်နိုင်၏။" ဤသုတ်ကို **အနိမိတ္တသုတ်** ဟူ၍ သိအပ်၏။

မှတ်ချက်။ ။ဤသုတ်ကား တိကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော် ၁၀-လောဏကပလ္လဝဂ်၊ ၁၁-အနိမိတ္တသုတ်ပင်တည်း၊ စာများတွင် ''နိမိတ္တသုတ်'' ဟူ၍လည်း အမည်ပေးကြသည်။

"အို-ရဟန်းတို့, ခြောက်ပါးကုန်သော တရားတို့နှင့် ပြည့်စုံသော ရဟန်းသည် အတုမရှိအေးချမ်းသော နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ ထိုက်၏၊ အဘယ်ခြောက်ပါးသော တရားတို့နည်းဟူမူကား အို-ရဟန်းတို့, ဤသာသနာတော်၌ ရဟန်းသည် ပျံ့လွင့်သောစိတ်ကို နှိပ်အပ်သောအခါ စိတ်ကို ပျံ့လွင့်ခြင်းသို့ ကျခြင်းမှ စောင့်သောအားဖြင့် နှိပ်၏၊ တွန့်တိုသောစိတ်ကို ချီးမြှောက်အပ်သောအခါ၌ ထိုတွန့်တိုသောစိတ်ကို ရွှင်စေ နှစ်သက်စေအပ်သောအခါ၌ ထိုစိတ်ကို ရွှင်စေနှစ်သက်စေ၏၊ ကောင်းစွာ ဘာဝနာခရီးသို့ သက်သောစိတ်ကို ပြုသောကာလ၌ တွေ့မြင်သော် ပြု၏ဟု နှလုံးသွင်းအပ်၏၊ လျစ်လျူရှု၏၊ မြတ်သော မဂ်ဖိုလ်၌ ညွတ်ကိုင်းသည်ဖြစ်, နိဗ္ဗာန်၌ မွေ့လျော်သည်ဖြစ်၏၊ အို-ရဟန်းတို့, ဤခြောက်ပါးသော တရားတို့နှင့် ပြည့်စုံသော ရဟန်းသည် အတုမရှိ အေးချမ်းသော နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါထိုက်၏။" ဤသုတ်ကို **အနုတ္တရသီတိဘာဝ** သုတ်ဟူ၍ သိအပ်၏။

**မှတ်ချက်။** ။ဤသီတိဘာဝသုတ်ကား ဆက္ကနိပါတ် အင်္ဂုတ္တိုရ် ၉-သီတိဘာဝဝဂ် ၁-သီတိဘာဝသုတ် ဖြစ်သည်။

ဗောဇ္ဈင်္ဂကောသလ္လသုတ်ဟူသည် "အို-ရဟန်းတို့, ဤဥပမာအတူသာလျှင် အကြင်အခါ၌ စိတ်သည် တွန့်တို ဆုတ်နစ်၏၊ ထိုအခါ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွါးခြင်း၏အခါမဟုတ်"စသည်ဖြင့် ဟောသောသုတ်ကို ဆိုသည်၊ ထိုသုတ်ကို "အပ္ပနာ ကောသလ္လကထာ"မှာ နောက်ကဆိုခဲ့ပြီ။

**မှတ်ချက်။** ။ဤ ဗောဇ္ဈင်္ဂကောသလ္လသုတ်ကား ဗောဇ္ဈင်္ဂသံယုတ် ၆-သာကစ္ဆဝဂ် ၃-အဂ္ဂိသုတ်ဖြစ်သည်။

ဤသို့ ဆိုအပ်ခဲ့ပြီးသော ခုနစ်ပါးသော ဥဂ္ဂဟကောသလ္လ အစီအရင်ကို ကောင်းမွန် သေချာစွာ သိမ်းဆည်း မှတ်ယူ၍ ဤဆိုအပ်ခဲ့ပြီးသော ဆယ်ပါး အပြားရှိသော မနသိကာရ

ကောသလ္လကို ကောင်းစွာ မှတ်သားပြီးလျှင် ထိုယောဂီပုဂ္ဂိုလ်သည် နှစ်မျိုးစလုံး လိမ္မာကျွမ်းကျင်သော ဉာဏ်၏အစွမ်းဖြင့် ကမ္မဋ္ဌာန်းကို ကောင်းစွာသင်ယူအပ်၏။

အထူး ကား – ထို ယောဂီ ပုဂ္ဂိုလ် အား ဆရာ နှင့် အတူ တကွ တကျောင်းတည်းနေသဖြင့် ချမ်းသာသည်ဖြစ်အံ့၊အကျယ်အားဖြင့် မဟောမူ၍ ကမ္မဋ္ဌာန်းကို ကောင်းစွာ မှတ်သားပြီးလျှင် ကမ္မဋ္ဌာန်းကို အဖန်တလဲလဲ အားထုတ်သဖြင့် ရှေ့နှင့်နောက် ဘာဝနာ အထူးကို ရသည်ရှိသော် အထက်အထက်ဖြစ်သော ကမ္မဋ္ဌာန်းကို ဟောအပ်၏၊ တပါးသောကျောင်း၌ နေလိုသော ယောဂီပုဂ္ဂိုလ်သည်ကား ဆိုအပ်ပြီးသော အစီအရင်အတိုင်း အကျယ်အားဖြင့် ဟော၍ ကမ္မဋ္ဌာန်းပါဠိကို လေ့လာသည်၏အဖြစ်သို့ ရောက်စေလျက် အထပ်ထပ်နှုတ်ဖြင့်၎င်း, စိတ်ဖြင့်၎င်း, ပြန်၍ အလုံးစုံသော သစ်သားအမျက်ကဲ့သို့ ခွဲခြမ်းစိတ်ဖြာနိုင်ခဲသော တောချုံစေးပုစ် ကဲ့သို့ ဉာဏ်ဖြင့် သက်ဝင်နိုင်ခဲသော အနက်အားဖြင့် ခဲကတ်ထွေးယှက် ခက်ဆစ်ဖြစ်သောအရာတို့ကို ဉာဏ်တည်းဟူသော ပုဆိန်ဖြင့် ပိုင်းဖြတ်၍ ပထဝီ ကသိဏနိဒ္ဒေသ၌ ဆိုအပ်ပြီးသောနည်းအတိုင်း မသင့်လျော်သော ကျောင်းကိုပယ်၍ သင့်လျော်သော ကျောင်း၌ နေသဖြင့် ပလိဗောဓ ကြောင့်ကြငယ်များကို ဖြတ်ပယ်ပြီးလျှင် စက်ဆုပ်ရွံရှာဘွယ် ဟု နှလုံးသွင်းခြင်းအမှု၌ ပရိကံကို ပြုအပ်၏၊ နှလုံးသွင်းခြင်း၌ ပရိကံကို ပြုသောပုဂ္ဂိုလ်သည် ဆံပင်တို့၌ ရှေးဦးစွာ နိမိတ်ကို မှတ်ယူအပ်၏၊ မှတ်ယူပုံကား–တချောင်း နှစ်ချောင်းသော ဆံပင်တို့ကိုနုတ်၍ လက်ဝါးပေါ်မှာ တင်ထားပြီးလျှင် အဆင်းအားဖြင့် ရှေးဦးစွာ မှတ်အပ်၏၊ သင်ခုန်းနှင့် ရိတ်ပြီးသောနေရာ၌လည်း ဆံပင်တို့ကို ကြည့်ရှုခြင်းငှါ သင့်ပါ၏၊ ရေခွက်၌၎င်း, ယာဂုခွက်၌၎င်း, ကြည့်ခြင်းငှါ သင့်ပါ၏၊ မည်းနက်သောကာလ၌ တွေ့မြင်သော် မည်းနက်၏ ဟု နှလုံးသွင်းအပ်၏၊ ဖြူသောကာလ၌ တွေ့မြင်သော်ဖြူ၏ ဟု နှလုံးသွင်းအပ်၏၊ အမည်း အဖြူရောသောကာလ၌ အမည်း, သို့မဟုတ် အဖြူအများ၏အစွမ်း ဖြင့် နှလုံးသွင်းအပ်ကုန်၏၊ ဆံပင်တို့၌ တွေ့မြင်၍ နိမိတ်ကိုယူ

သကဲ့သို့ ဤအတူ အလုံးစုံသော တစပဉ္စကဌ် ကြည့်ရှု၍သာလျှင် နိမိတ်ကိုယူအပ်၏။

## ကောဋ္ဌာသ စသည်မှတ်ခြင်း

၁ဂ၂။ ဤသို့လျှင် နိမိတ်ကိုယူ၍ အလုံးစုံသော ကောဋ္ဌာသတို့ကို အဆင်း, သဏ္ဌာန်, အရပ်, တည်ရာ, အပိုင်းအခြားတို့၏ အစွမ်းဖြင့် မှတ်သားပြီးလျှင် အဆင်း, သဏ္ဌာန်, အနံ့, အကြောင်း အာသယ,တည်ရာ ဩကာသတို့၏အစွမ်းဖြင့် ငါးပါး အပြားရှိသော စက်ဆုပ်ရွံရှာဘွယ် ရှိသည့် အဖြစ်ကို မှတ်အပ်၏၊ ထိုစက်ဆုပ်ဘွယ် ရှိသည်၏ အဖြစ်ကို မှတ်ရာ၌ ဤဆိုလတ္တံ့သည်ကား အလုံးစုံသော ကောဋ္ဌာသတို့၌ အစဉ်အတိုင်းဖြစ်သော စကား ပေတည်း။

(၁) **ကေသာ-ဆံပင်၊ ''ဆံပင်''**တို့သည် ပကတိအဆင်း အားဖြင့် မည်းနက်ကုန်၏၊ ပုတီးနက် အဆင်းရှိကုန်၏၊ သဏ္ဌာန် အားဖြင့် ရှည်ရှည်လုံးလုံး ဖြစ်ကုန်၏၊ စဉ်းချိန်ရိုးသဏ္ဌာန် ရှိကုန်၏၊ အရပ်အားဖြင့် အထက် ဦးခေါင်းအရပ်၌ ဖြစ်ကုန်၏၊ တည်ရာ အားဖြင့် နံပါးနှစ်ဘက်တို့၌ နားပန်းဆံတို့ဖြင့် ရှေ့မှ နဖူးဖြင့် နောက်မှ လည်ကုတ်တွင်းဖြင့် ပိုင်းခြားအပ်ကုန်၏၊ ဦးခေါင်းကို ရစ်သော စိုသောအရေသည် ဆံပင်တို့၏ တည်ရာဖြစ်၏။

အပိုင်းအခြား အားဖြင့်ကား ဆံပင်တို့သည် ဦးခေါင်းကို ပတ်ရုံသောအရေ၌ စပါးအမြီးဖျားလောက် ဝင်၍တည်သော အောက်၌ မိမိ၏အမြစ်ပြင်ဖြင့်, အထက်၌ ကောင်းကင်ဖြင့် ဖီလာ အရပ်၌ကား အချင်းချင်းဖြင့် ပိုင်းခြားအပ်ကုန်၏၊ အဘယ်သို့ ပိုင်းခြားအပ်ကုန်သနည်း၊ ဆံပင်နှစ်ခုတို့သည် တပေါင်းတည်း မရှိကုန်၊ ဤသို့ ပိုင်းခြားခြင်းသည် သဘာဂပရိစ္ဆေဒဖြင့် ပိုင်းခြား ခြင်းတည်း၊ ဆံပင်တို့သည် အမွေးမဟုတ်ကုန်၊ အမွေးတို့သည် ဆံပင်တို့မဟုတ်ကုန်ဟု ဤသို့လျှင် ကြွင်းသော သုံးဆဲ့တစ် ကောဋ္ဌာသတို့နှင့် ရောယှက်ခြင်း မရှိသည်၏အဖြစ်ကိုပြ၍ ဆံပင်

တို့မည်သည်ကား အသီးအခြားဖြစ်သော တခုသော ကောဋ္ဌာသ တည်း ဟု ရောယှက်ခြင်းမရှိသည်ကို ပြသောအားဖြင့် ပိုင်းခြားခြင်း သည် သဘောမတူသောဝတ္ထုဖြင့် ပိုင်းခြားခြင်းတည်း၊ ဤသို့ ပိုင်းခြား မှတ်သားခြင်းသည် ဆံပင်တို့၏ အဆင်း အစရှိသည်ဖြင့် မှတ်သားခြင်းတည်း။

၁၇၃။ ဤဆိုလတ္တံ့သည်ကား ထိုဆံပင်တို့၏ အဆင်း အစ ရှိသည်တို့၏အစွမ်းဖြင့် ငါးပါး အပြားရှိသော စက်ဆုပ် ရွံရှာဘွယ်အားဖြင့် မှတ်သားခြင်းတည်း။

ထိုဆံပင်တို့မည်သည်ကား အဆင်းအားဖြင့်လည်း စက်ဆုပ် ရွံရှာဘွယ်ရှိ၏၊ သဏ္ဌာန်အားဖြင့်၎င်း, အနံ့အားဖြင့်၎င်း, မှီရာ အကြောင်းအားဖြင့်၎င်း,တည်ရာအားဖြင့်၎င်း,စက်ဆုပ်ရွံရှာဘွယ် ရှိ၏၊ နှစ်သက်ဘွယ်သော ယာဂုခွက်၌၎င်း, ထမင်းခွက်၌၎င်း ဆံပင်အဆင်းရှိသော တစုံတခုသောအရာကို တွေ့မြင်သည်ရှိသော် ဤယာဂုဆွမ်းသည် ဆံပင်နှင့်ရော၏၊ ထိုယာဂုဆွမ်းကို ယူဆောင် သွားကြကုန် ဟု ဆို၍ စက်ဆုပ်ရွံရှာကြကုန်၏၊ ဤသို့လျှင် ဆံပင် သည် အဆင်းအားဖြင့် စက်ဆုပ်ရွံရှာဘွယ်ရှိ၏။

ညဉ့်အခါ၌ စားကုန်သော်လည်း ဆံပင်သဏ္ဌာန်ရှိသော မုရိုး မျှင်ကို၎င်း, သင်ပန်းမျှင်ကို၎င်း စမ်းမိကိုင်မိ၍ ထို့အတူ စက်ဆုပ် ရွံရှာကုန်၏၊ ဤသို့လျှင် သဏ္ဌာန်အားဖြင့် စက်ဆုပ် ရွံရှာဘွယ် ရှိကုန်၏။

ဆီလိမ်းခြင်း, ပန်းပန်ခြင်း, ထုံးခြင်း အစရှိသော ပြုပြင်မှုမှကင်း သော ဆံပင်တို့၏အနံ့သည် အလွန်စက်ဆုပ်ဘွယ်ရှိ၏၊ ထို့ထက် မီးတွင်ထည့်အပ်သော ဆံပင်တို့၏ အနံ့သည်ကား အထူးသဖြင့် စက်ဆုပ်ဘွယ်ရှိ၏၊ ထိုစကားသည် မှန်၏၊ ဆံပင်တို့သည် အဆင်းသဏ္ဌာန် အားဖြင့် မစက်ဆုပ်ဘွယ် ဖြစ် ကုန် ရာ သေး၏၊ အနံ့အားဖြင့်ကား စက်ဆုပ် ရွံရှာဘွယ်သာလျှင် ဖြစ်ကုန်၏၊ သူငယ်၏ ကျင်ကြီးသည် အဆင်းအားဖြင့် နနွင်းသား အဆင်းရှိ၏၊ သဏ္ဌာန်အားဖြင့် နနွင်းခဲသဏ္ဌာန်ရှိ၏၊ တံမြက်ချေး စွန့်ရာအရပ်၌

စွန့်ထားသော ဖူးဖူးရောင်သော ခွေးနက်ကောင်သည် လည်း အဆင်းအားဖြင့် ထန်းသီးမှည့် အဆင်းရှိ၏၊ သဏ္ဍာန်အားဖြင့် လုံး၍ ပြုပြင်အပ်သော မုရိုးစည်သဏ္ဍာန် ရှိ၏၊ ထိုခွေးနက်၏ အစွယ်သည်လည်း မြလေးငုံနှင့် တူ၏၊ ဤသူငယ်၏မစင်,ခွေးနက် ကောင်ပုပ် နှစ်မျိုးစလုံးပင် အဆင်းသဏ္ဍာန်အားဖြင့် စက်ဆုပ် ရွံရှာဘွယ်မဟုတ်သည် ဖြစ်၏၊ အနံ့အားဖြင့်ကား စက်ဆုပ် ရွံရှာဘွယ်သာ ဖြစ်၏၊ ဤအတူ ဆံပင်တို့သည်လည်း အဆင်း သဏ္ဍာန်အားဖြင့် စက်ဆုပ်ရွံရှာဘွယ် မဟုတ်စေကာမူ၊ အနံ့ အားဖြင့်ကား စက်ဆုပ် ရွံရှာဘွယ်သာလျှင် ဖြစ်ကုန်၏။

မစင်ကြယ်သောအရပ် ရွာအနီးအပါး၌ ပေါက်ရောက် ကုန်သော ဟင်းရွက်တို့ကို မြို့သူမြို့သားတို့သည် စက်ဆုပ် ရွံရှာ ကြကုန်၏၊ မသုံးဆောင်ကြကုန်၊ ဤအတူ ဆံပင်တို့သည်လည်း ပြည်, သွေး, ကျင်ငယ်, ကျင်ကြီး, သည်းခြေ, သလိပ် စသည့်တို့၏ အငွေ့အသက် အကျိုးဆက်ကြောင့် ဖြစ်သောကြောင့် စက်ဆုပ် ရွံရှာဘွယ် ဖြစ်ကုန်၏၊ ဤသည်ကား ထိုဆံပင်တို့၏ မှီရာ အကြောင်းအားဖြင့် စက်ဆုပ်ရွံရှာဘွယ် ရှိသည်၏အဖြစ်တည်း။

ဤဆံပင်တို့မည်သည်ကား မစင်အစုအပုံ၌ တက်သော မှိုကဲ့သို့ သုံးဆဲ့တပါးသော ကောဋ္ဌာသအစု၌ ဖြစ်ကုန်၏၊ ထိုဆံပင် တို့သည် သုသာန်တံမြက်ချေးစုရာ အရပ်စသည်တို့၌ ပေါက် ရောက်သော ဟင်းရွက်ကဲ့သို့ငှင်း,,ကျုံးစသည်တို့၌ ပေါက်ရောက် သော ကြာနီကြာဖြူစသော ပန်းတို့ကဲ့သို့ငှင်း မစင်ကြယ်ရာ အရပ်၌ ဖြစ်သောကြောင့် လွန်စွာ စက်ဆုပ်ရွံရှာဘွယ်ရှိသည် ဖြစ်ကုန်၏၊ ဤသည်ကား ထိုဆံပင်တို့၏ တည်ရာအားဖြင့် စက်ဆုပ် ရွံရှာဘွယ်ရှိသော အဖြစ်ပေတည်း။

ဆံပင်တို့၏ ငါးပါးသော အပြားဖြင့် စက်ဆုပ်ရွံရှာဘွယ် ရှိသည်၏ အဖြစ်ကို မှတ်အပ်သကဲ့သို့ ဤအတူ ဆံပင်တို့မှ ကြွင်းသော အလုံးစုံသော ကောဋ္ဌာသတို့၏ အဆင်း, သဏ္ဍာန်, အနံ့,,မှီရာတည်ရာတို့၏အစွမ်းဖြင့် ငါးပါးအပြားရှိသော စက်ဆုပ် ရွံရှာဘွယ် ရှိသည်၏အဖြစ်ကို မှတ်အပ်ကုန်၏၊ ထို့ပြင် အဆင်း,

သဏ္ဌာန်, အရပ်, တည်နေရာ, အပိုင်းအခြား၏ အစွမ်းဖြင့်လည်း အလုံးစုံသော ကောဋ္ဌာသတို့ကို အသိအသိ မှတ်အပ်ကုန်၏။

၁ဂ၄။ (၂) **လောမာ-အမွေး၊ "အမွေး"** တို့သည် အဆင်း အားဖြင့် ဆံပင်ကဲ့သို့ တပါးသောအရောင်နှင့် မရော၊ အမဲသက်သက်မဟုတ်၊ မည်းကြောင်ကြောင် အရောင် အဆင်း ရှိကုန်၏၊ သဏ္ဌာန်ပုံပန်းအားဖြင့် ညွှတ်သော အဖျားရှိသော ထန်းမြစ်သဏ္ဌာန် ရှိကုန်၏၊ အရပ် အားဖြင့် ကိုယ်၌ အထက်ပိုင်း, အောက်ပိုင်း အရပ် နှစ်ပါးတို့၌ ဖြစ်ကုန်၏၊ တည်ရာအားဖြင့် ဆံပင်တို့၏ တည်ရာအရပ်ကိုရှင်း, ခြေဖဝါး, လက်ဖဝါး အပြင်တို့ကို ရှင်း, လှပ်ထား၍ များသောအားဖြင့် ကြွင်းသော ကိုယ်ကို ရစ်ပတ်သောအရေ၌ ဖြစ်ပေါ် ပေါက်ရောက် ကုန်၏၊ အပိုင်းအခြားအားဖြင့် ကိုယ်ကို ရစ်ပတ် လွှမ်း ခြုံသောအရေ၌ ထိခါ မြုမျလောက်အတွင်းသို့ ဝင်၍ တည်သဖြင့် အောက်၌ မိမိ၏အမြစ်ပြင်ဖြင့် ပိုင်းခြား အပ်၏၊ အထက်၌ ကောင်းကင်ဖြင့် ဖီလာ၌ အချင်းချင်း ဖြင့် ပိုင်းခြားအပ်ကုန်၏၊ အမွေးနှစ်ခုတို့သည် တပေါင်း တည်း မရှိကုန်၊ ဤသို့ တပေါင်းတည်းမရှိခြင်းသည် ထို အမွေးတို့၏ သဘောတူအချင်းချင်းဖြင့် ပိုင်းခြားခြင်း သဘာဂပရိစ္ဆေဒ မည်၏၊ သဘောမတူသော ဝတ္ထု တို့ဖြင့် ပိုင်းခြားခြင်း ဝိသဘာဂ ပရိစ္ဆေဒသည်ကား ဆံပင်တွင် ဆိုအပ်ခဲ့ပြီးသည်နှင့် တူသည်သာတည်း။

၁ဂ၅။ (၃) **နခါ-ခြေသည်း လက်သည်း၊ "ခြေသည်း လက် သည်း"** ဆိုသည်ကား နှစ်ဆယ်သော လက်သည်းခွက် ခြေသည်းခွက်တို့၏ အမည်ပေတည်း၊ ထို အလုံးစုံ သည်ပင် အဆင်းအရောင်အားဖြင့် ဖြူကုန်၏၊ ပုံသဏ္ဌာန် အားဖြင့် ငါးအကြေးသဏ္ဌာန် ရှိကုန်၏၊ အရပ်အားဖြင့် ခြေသည်းတို့သည် ချက်မှအောက်ဖြစ်သော အရပ်, လက်သည်းတို့သည် ချက်မှ အထက်ဖြစ်သော အရပ်၊

ဤနှစ်ခုသော အရပ်တို့၌ ဖြစ်ကုန်၏၊ တည်ရာအားဖြင့် လက်ချောင်း, ခြေချောင်းတို့၏ အဖျား အပြင်ဘက်တို့၌ တည်ကုန်၏၊ အပိုင်းအခြားအားဖြင့် အောက်အထက် အရပ်နှစ်ပါးတို့၌ လက်ချောင်း, ခြေချောင်း အစွန်းသား တို့ဖြင့် အတွင်း၌ လက်ချောင်း ခြေချောင်း အဖျား မို့သားဖြင့်, အပ၌ရင်း, အဖျား၌ရင်း, ကောင်းကင်ဖြင့် ဗိလာကန့်လန့်၌ကား အချင်းချင်းဖြင့် ပိုင်းခြားအပ် ကုန်၏၊ နှစ်ခုသော ခြေသည်း, လက်သည်း တို့သည် တပေါင်းတည်း မရှိကုန်၊ ဤသို့ မရှိခြင်းသည် သဘာဂ-ပရိစ္ဆေဒမည်၏၊ ဝိသဘာဂ ပရိစ္ဆေဒသည်ကား ဆံပင်၌ ဆိုအပ်ခဲ့ပြီးသည်နှင့် တူသည်သာတည်း။

၁ဂ၆။ (၄) **ဒန္တာ-သွား၊ "သွား"** ဆိုသည်ကား အပြည့် အစုံ သွားပေါက်သောသူမှာ သုံးဆဲ့နှစ်ချောင်းသော သွားရိုးတို့ ရှိကုန်၏၊ ထို သွားတို့သည်လည်း အဆင်း အရောင်အားဖြင့် ဖြူကုန်၏၊ ပုံသဏ္ဌာန်အားဖြင့် များ ပြားသော ပုံသဏ္ဌာန် ရှိကုန်၏၊ ထိုစကား မှန်သည်၊ ထို သွားတို့တွင် အောက်သွားအစဉ်၌ အလယ် လေး ချောင်းတို့သည် မြေစိုင်ခဲ၌ အစဉ်အတိုင်း စိုက်ထား အပ်သော ဖူးစေ့သဏ္ဌာန် ရှိကုန်၏၊ ထို သွားလေး ချောင်းတို့၏ နံပါးနှစ်ဘက်၌ တချောင်း တချောင်းသော သွား အစွယ် သည် အမြစ်တခုစီသာ ရှိ၏၊ အစွန်း တခုစီသာ ရှိ၏၊ စပယ်ကြက်ရုံးငုံ သဏ္ဌာန် ရှိ၏၊ ထို အစွယ်မှ တပါးသော တခုတခုသောသွားသည် အမြစ် နှစ်ခု ရှိ၏၊ အစွန်းနှစ်ခု ရှိ၏၊ လှည်းဦးထောက်ခွ သဏ္ဌာန် ရှိ၏၊ ထို တခုတခုသော သွားမှ တပါး ကုန်သော နှစ်ခု နှစ်ခုသောသွားတို့သည် အမြစ်သုံးခု အစွန်းသုံးခု ရှိကုန်၏၊ ထိုနောက် နှစ်ခု နှစ်ခုသော သွားတို့သည် အမြစ်လေးခု အစွန်းလေးခုစီရှိကုန်၏၊ ဤသို့ သွားတို့သည် များပြားသောပုံသဏ္ဌာန် ရှိကုန်၏၊

အထက်သွား အစဉ်၌လည်း ဤနည်းအတိုင်းပင်တည်း၊ အရပ်အားဖြင့် အထက်ပိုင်းအရပ်၌ ဖြစ်ကုန်၏၊ တည်ရာအားဖြင့် မေးရိုးနှစ်ခုတို့၌ တည်ကုန်၏၊ အပိုင်းအခြားအားဖြင့် အောက်၌ မေးရိုး၌ တည်သော မိမိ၏အမြစ်ပြင်ဖြင့်, အထက်၌ ကောင်းကင်ဖြင့်, အနံအားဖြင့် အချင်းချင်းဖြင့် ပိုင်းခြားအပ်ကုန်၏၊ သွားနှစ်ချောင်းတို့သည် တပေါင်းတည်းပူး၍ နေသောမည်သည်မရှိ၊ ဤသို့မရှိခြင်းသည် သဘောတူဝတ္ထုဖြင့် ပိုင်းခြားခြင်းတည်း၊ သဘော မတူသော ဝတ္ထုတို့ဖြင့် ပိုင်းခြားခြင်းသည် ဆံပင်မှာ ဆိုခဲ့ပြီးသည်နှင့် တူ၏။

၁၀၇။ (၅) **တစော-အရေ၊** "**အရေ**"ဆိုသည်ကား-တကိုယ်လုံးကို ရစ်ပတ်လွှမ်းခြုံ၍ တည်သောအရေထူကို ဆိုသည်၊ ထိုအရေထူ၏ အထက်၌ အမည်း, အဖြူ,အရွှေ စသည် အဆင်းရှိသော ဆဝိ အမည်ရှိသော အရေပါးသည် တကိုယ်လုံးမှခွါ၍ လုံးသည်ရှိသော် ဆီးစေ့ပမာဏမျှ ရှိ၏၊ အရေထူသည်ကား အဆင်းအားဖြင့် ဖြူ၏၊ ထိုဖြူသော အဖြစ်သည် မီးလောင်ခြင်း, တစုံတရာသော ဝတ္ထုဖြင့် ထိပါး ကိုက်ခိုက်မိခြင်း အစရှိသည်တို့ကြောင့် အပေါ်ရေ ပျက်စီးသည်ရှိသော် ထင်ရှား၏၊ ပုံပန်းသဏ္ဍာန် အားဖြင့်ကား ကိုယ်ကောင်သဏ္ဍာန် ရှိ၏၊ ဤသည်ကား အကျဉ်းတည်း၊ အကျယ်အားဖြင့်ဆိုသော် ခြေချောင်းရေသည် အိမ်လုပ်တတ်သောပိုးတို့၏ အအိမ်သဏ္ဍာန် ရှိ၏၊ ခြေဖမိုးရေသည် ဖမိုးဖုံးတပ်သော ဘိနပ်သဏ္ဍာန် ရှိ၏၊ မြင်းခေါင်းရေသည် ထမင်းထုပ်သော ထန်းရွက်သဏ္ဍာန် ရှိ၏။ ပေါင်ရေသည် ဆန်ဖြင့် ပြည့်သော အိတ်ရှည်သဏ္ဍာန် ရှိ၏၊ တင်ပါးရေသည် ရေဖြင့်ပြည့်သော အဝတ်ရေစစ်သဏ္ဍာန် ရှိ၏၊ ကျောက်ကုန်းရေသည် ပျဉ်ချပ်၌ ကြက်ထားသော သားရေသဏ္ဍာန် ရှိ၏၊ ဝမ်းရေသည် စောင်းခွက်၌ ကြက်အပ်သော

သားရေသဏ္ဌာန် ရှိ၏၊ ရင်ရေသည် များသောအားဖြင့် လေးထောင့်သဏ္ဌာန် ရှိ၏၊ မောင်းနှစ်ဘက်အရေသည် မြားထည့်စရာ တောင့်၌ ကြက်သော သားရေသဏ္ဌာန် ရှိ၏၊ လက်ဖမိုးရေသည် သင်စုန်းအိမ်သဏ္ဌာန် ရှိ၏၊ လက်ချောင်းရေသည် သံကောက်အိမ်သဏ္ဌာန် ရှိ၏၊ လည်ပင်းရေသည် လည်စွပ် သင်တိုင်းသဏ္ဌာန် ရှိ၏၊ ခံတွင်းရေသည် အပေါက်အပေါက် ရှိသည်ဖြစ်၍ စာပေါင်းသိုက်သဏ္ဌာန် ရှိ၏၊ ဦးခေါင်းရေသည် သပိတ်အိတ်သဏ္ဌာန် ရှိ၏။

အရေကို သိမ်းဆည်း ဆင်ခြင်သော ယောဂီပုဂ္ဂိုလ်သည် အထက်နှုတ်ခမ်းမှစ၍ အထက်သို့ ရှေးရှု ဉာဏ်ကိုစေလွှတ်ပြီးလျှင် ရှေးဦးစွာ မျက်နှာကိုခြေုံးယှက်၍ တည်သောအရေကို မှတ်အပ်၏၊ ထို့နောက် နဖူးရေကို မှတ်အပ်၏၊ ထို့နောက် အိတ်၌ ထည့်အပ်သော သပိတ်၏၎င်း, အိတ်၏၎င်း အကြားဖြင့် လက်ကို သွင်းဘိသကဲ့သို့ ဦးခေါင်းရိုးနှင့် ဦးခေါင်းရေအကြားသို့ ဉာဏ်ကိုသွင်း၍ အရိုးနှင့်တကွ အရေ၏တစပ်ထည်း စပ်နေသောအဖြစ်ကို မစပ်စေမူ၍ အရေကိုမှတ်အပ်၏၊ ထို့နောက်မှ ပခုံးရေကိုမှတ်အပ်၏၊ ထို့နောက် အနုလုံအားဖြင့်၎င်း, ပဋိလုံအားဖြင့်၎င်း လက်ျာလက်ရေကို မှတ်အပ်၏၊ ထို့နောက် ထိုနည်းအတိုင်း လက်ဝဲလက်ရေကို မှတ်အပ်၏၊ ထို့နောက် ကျောရေကို မှတ်အပ်၏၊ ကျောရေကို မှတ်ပြီး၍ အနုလုံအားဖြင့်၎င်း, ပဋိလုံအားဖြင့်၎င်း လက်ျာခြေရေကို မှတ်အပ်၏၊ ထို့အတူ လက်ဝဲခြေရေကို မှတ်အပ်၏၊ ထို့နောက် လည်ပင်းရေ၏ အခြားမဲ့၌ အောက်မေးရေကို မှတ်၍ အောက်နှုတ်ခမ်းအဆုံးသို့ ရောက်စေ၍ ပြီးဆုံးစေအပ်၏။

ဤသို့လျှင် ရုန့်ရင်းသောအရေကို သိမ်းဆည်း ဆင်ခြင်သော ယောဂီပုဂ္ဂိုလ်အား သိမ်မွေ့သော ကောဋ္ဌာသသည်လည်း ထင်ရှား၏၊ အရပ်အားဖြင့် နှစ်ပါးသော အရပ်တို့၌ ဖြစ်၏၊ တည်ရာအားဖြင့် တကိုယ်လုံး ခြုံးယှက်၍တည်၏၊ အပိုင်းအခြားအားဖြင့် အောက်၌ အရေတည်သော အပြင်ဖြင့်၎င်း, အထက်၌ ကောင်း

ကင်ဖြင့်ရင်း ပိုင်းခြားအပ်၏၊ ဤသည်ကား သဘောတူသော ဝတ္ထုဖြင့် ပိုင်းခြားခြင်းပေတည်း၊ သဘောမတူသောဝတ္ထုဖြင့် ပိုင်းခြားခြင်းသည်ကား ဆံပင်တွင် ဆိုအပ်ပြီးသည်နှင့်တူ၏။

၁၀၀။ (၆) **မံသံ-အသား၊ "အသား"** ဆိုသည်ကား ကိုးရာသော အသားတစ်တို့ကို ဆိုလိုသည်၊ ထိုအသားအားလုံးသည် အဆင်းအားဖြင့် နီနီရဲရဲအဆင်း ရှိ၏၊ ပေါက်ပွင့်နှင့် တူ၏၊ ပုံသဏ္ဌာန်အားဖြင့် သလုံးမြင်းခေါင်းသားသည် ထန်းရွက်ဖြင့် ထုပ်ထားသော ထမင်းထုပ်သဏ္ဌာန် ရှိ၏၊ ပေါင်သားသည် ဆေးကြိတ်သော ကျောက်လုံးသဏ္ဌာန် ရှိ၏၊ တင်ပါးသားသည် မြေကြီးခဲဖြင့် ပြုအပ်သော မိုခနောက်စွန်းသဏ္ဌာန် ရှိ၏၊ ကျောက်ကုန်းသားသည် ထန်းသီးမှည့်၏ အစေး အနှစ်လွှာသဏ္ဌာန် ရှိ၏၊ (ထန်းသီးမှည့် အစေးအနှစ်ကို ထန်းရွက်ပြားစသည်တို့၌ လိမ်းကျံ၍ ခြောက်လျှင် ခွါယူအပ်သော အပြားအလွှာနှင့် တူသည် ဆိုလိုသည်) နံဘေးနှစ်ဘက် အသားသည် စပါးကျီ၏အတွင်း၌ ပါးပါး လိမ်းကျံအပ်သော မြေနှင့် သဏ္ဌာန်တူ၏၊ နို့သားသည် လုံး၍ မှောက်ခုံပစ်ချ ထားအပ်သော မြေစိုင်သဏ္ဌာန် ရှိ၏၊ လက်ရုံးနှစ်ဘက်သားသည် နှစ်ကောင်ထပ်၍ ထားအပ်သော အရေမရှိသော ကြွက်ကောင်သဏ္ဌာန် ရှိ၏၊ ဤသို့လျှင် ရုန့်ရင်းကြီးကျယ်သော အသားကို သိမ်းဆည်းဆင်ခြင်သော ယောဂီပုဂ္ဂိုလ်အား သိမ်မွေ့ သေးငယ်သော ဖျောင့်သား အစရှိသော အသားသည်လည်း ထင်ရှားသည် ဖြစ်၏၊ အရပ်အားဖြင့်ကား အောက်အရပ် အထက်အရပ် နှစ်ပါး၌ ဖြစ်၏၊ တည်ရာအားဖြင့် သုံးရာကျော်သော အရိုးတို့ကို လိမ်းကပ် ငြိတွယ်၍ တည်၏၊ အပိုင်းအခြားအားဖြင့် အောက်မှာ အချင်းချင်း ဆက်စပ်၍ တည်သောအရိုး၌ တည်သော အပြင်ဖြင့်၊ အထက်မှာ အရေဖြင့်၊ အနံဖီလာမှာ အချင်းချင်းဖြင့်

ပိုင်းခြားအပ်၏၊ ဤသည်ကား ထိုအသား၏ သဘာဂ အပိုင်းအခြားပေတည်း၊ ဝိသဘာဂ အပိုင်းအခြားသည်ကား ဆံပင်နှင့်တူသည် ဖြစ်၏။

၁၈၉။ (၇) **နှာရု-အကြော၊ "အကြော"** ဆိုသည်ကား- ကိုးရာသော အကြောတို့ကို ဆိုလို၏၊ အလုံးစုံသော အကြောတို့သည် အဆင်းအရောင်အားဖြင့် ဖြူကုန်၏၊ ပုံသဏ္ဍာန်အားဖြင့် အထူးထူးသော ပုံပန်းသဏ္ဍာန်ရှိကုန်၏၊ ထိုအကြောတို့တွင် လည်ပင်း၏ အထက်အဘို့မှစ၍ ငါးခုသော ကြောမကြီးတို့သည် ကိုယ်ကိုမြဲးယှက်၍ ရှေ့ဘက်မှ ဆင်းသက်ကုန်၏၊ ငါးခုသော အကြောတို့သည်နောက်ကျောဘက်မှ ဆင်းသက်ကုန်၏၊ ငါးခုသော အကြောတို့သည် လက်ျာနံဘေးမှ ဆင်းသက်ကုန်၏၊ ငါးခုသော အကြောတို့သည် လက်ဝဲနံဘေးမှ ဆင်းသက်ကုန်၏၊ လက်ျာလက်ကို မြဲးယှက်ကုန်သော ငါးခုသော အကြောတို့သည် လက်၏ ရှေ့ဘက်မှ ဆင်းသက်ကုန်၏၊ ငါးခုသောအကြောတို့သည် လက်၏နောက်ဘက်မှ ဆင်းသက်ကုန်၏၊ လက်ဝဲလက်ကို မြဲးယှက်ကုန်သော အကြောတို့သည် ထို့အတူရှေ့-နောက် ငါးခုစီ ဆင်းသက်ကုန်၏၊ လက်ျာခြေကို မြဲးယှက်ကုန်သော ငါးခုသောအကြောတို့သည် ခြေ၏ရှေ့ဘက်မှ ဆင်းသက်ကုန်၏၊ ငါးခုသော အကြောတို့သည် နောက်ဘက်ဖြင့် ဆင်းသက်ကုန်၏၊ လက်ဝဲခြေကို မြဲးယှက်ကုန်သော အကြောတို့သည် ထို့အတူ ငါးခုစီ ရှေ့-နောက်ဆင်းသက်ကုန်၏၊ ဤသို့ ကိုယ်ကိုဆောင်တတ်သည်မည်ကုန်သော ခြောက်ဆယ်သော အကြောမကြီးတို့သည် ကိုယ်ကို မြဲးယှက်ကုန်လျက် ဆင်းသက်ကုန်၏၊ ထိုအကြောမကြီး ခြောက်ဆယ်တို့ကို **"ကဏ္ဍရ"** အကြောကြီးတို့ ဟူ၍လည်း ဆိုကြကုန်၏၊ ထိုအလုံးစုံသော အကြောကြီးတို့သည် ခတ္တာငုံသဏ္ဍာန် ရှိကုန်၏၊ ထိုအောက်ငယ်

သောအကြောတို့သည်ကား ထိုထိုအရပ်ကို လွှမ်းမိုး၍ တည်ကုန်၏၊ ထိုငယ်သောအကြောတို့သည် ချည်ကြိုး သဏ္ဌာန် ရှိကုန်၏၊ တပါးကုန်သော ထို့ထက် သေးငယ် သောအကြောတို့သည် သင်သမန္တယ်သဏ္ဌာန် ရှိကုန်၏၊ တပါးကုန်သော ထို့ယက် သေးငယ်သော အကြောတို့ သည် စောင်းကြိုးကြိုးသဏ္ဌာန် ရှိကုန်၏၊ လက်ဖမိုး ခြေဖမိုးတို့၌ အကြောတို့သည် ငှက်ခြေသဏ္ဌာန် ရှိကုန် ၏၊ ဦးခေါင်း၌ အကြောတို့သည် သူငယ်တို့၏ ခေါင်း စွပ်ကွန်ချာ သဏ္ဌာန်ရှိကုန်၏၊ ကျော၌ အကြောတို့သည် နေပူတွင် ဖြန့်လှန်းသောကွန်သဏ္ဌာန်ရှိကုန်၏၊ကြွင်းကုန် သော ထိုထို အင်္ဂါကြီး ငယ်တို့သို့ အစဉ် လျောက် ကုန် သော အကြောတို့သည် ကိုယ်၌ စွပ်ထားသော ကွန်ယက် သင်တိုင်း သဏ္ဌာန် ရှိကုန်၏၊ အရပ် အားဖြင့် ကား အထက်အောက်အရပ်တို့၌ ဖြစ်ကုန်၏၊ တည်ရာအားဖြင့် အလုံးစုံသော ကိုယ်၌ အရိုးတို့ကို နှောင်ဖွဲ့၍ တည်ကုန် ၏၊ အပိုင်းအခြားအားဖြင့် အောက်၌ သုံးရသော အရိုးတို့၏ အထက်၌ တည်သောအပြင်ဖြင့် အထက်၌ အသားအရေတို့ကို ထိ၍ တည်သောအရပ်ဖြင့် အနံ ဖီလာ၌ အချင်းချင်းဖြင့် ပိုင်းခြားအပ်၏၊ ဤသည်ကား ထိုအကြောတို့၏ သဘောတူသော ဝတ္ထုဖြင့် ပိုင်းခြား ခြင်းတည်း၊ သဘောမတူသောဝတ္ထုဖြင့် ပိုင်းခြားခြင်း သည်ကား ဆံပင်တွင် ဆိုအပ်ခဲ့ပြီးသည်နှင့် တူ၏။

၁၉၀။ (၈) **အဋ္ဌိ-အရိုး။** **"အရိုး"**ဆိုသည်ကား သုံးဆယ့် နှစ်ချောင်းသော သွားရိုးတို့မှ တပါး ကြွင်းသော ခြောက်ဆယ့်လေးချောင်းသော လက်ရိုး, ခြောက်ဆယ့် လေးချောင်းသော ခြေရိုး, ခြောက်ဆယ့်လေးချောင်း သော အသားကို မှီသောအရိုးနု, နှစ်ချောင်းသော ဖနောင့်ရိုး, ခြေတချောင်း တချောင်း၌ နှစ်ခု နှစ်ခုသော ဖမျက်ရိုး, နှစ်ခုသော မြင်းခေါင်းရိုး, တခုသော ဒူးဆစ်ရိုး,

တခုသောပေါင်ရိုး, နှစ်ခုသောခါးရိုး, တဆယ့်ရှစ်ခုသောကျောရိုး, နှစ်ဆယ့်လေးခုသောနံရိုး, တဆယ့်လေးခုသောရင်ရိုး, တခုသောနလုံးရိုး, နှစ်ခုသောညှပ်ရိုး, နှစ်ခုသောလက်ပျင်ရိုး, နှစ်ခုသောလက်ရုံးရိုး, နှစ်ခုနှစ်ခုသောလက်ဖျံရိုး,ခုနစ်ခုသောလည်ပင်းရိုး,နှစ်ခုသော မေးရိုး, တခုသော နှာခေါင်းရိုး, နှစ်ခုသောမျက်ကွင်းရိုး, နှစ်ခုသောနားရိုး, တခုသော နဖူးရိုး, တခုသော ဦးထိပ်ရိုး, ကိုးခုသော ဦးခေါင်းခွံရိုး, ဤသို့ သုံးရာမျှဖြစ်သော အရိုးတို့သည် ရှိကုန်၏။

အလုံးစုံသော ထိုအရိုးတို့သည် အဆင်းအရောင်အားဖြင့် ဖြူကုန်၏၊ ပုံသဏ္ဍာန်အားဖြင့် အထူးထူးသောသဏ္ဍာန် ရှိကုန်၏၊ ထိုအရိုးသုံးရာတို့တွင် ခြေချောင်း အဆစ်ဖျားရိုးတို့သည် ခပေါင်းစေ့သဏ္ဍာန် ရှိကုန်၏၊ ထိုအရိုးတို့၏ အခြားမဲ့ဖြစ်သော အလယ်ဆစ်ရိုးတို့သည် ပိန္နဲစေ့သဏ္ဍာန် ရှိကုန်၏၊ အရင်းအဆစ်ရိုးသည် ထက်စည်သဏ္ဍာန် ရှိ၏၊ ခြေဖမိုးရိုးတို့သည် ထုအပ်သော ခတ္တာပင်၏ အကြောစုသဏ္ဍာန် ရှိကုန်၏၊ ဖကျောင့်ရိုးသည် တစေ့သာရှိသော ထန်းစေ့သဏ္ဍာန် ရှိ၏၊ ဖမျက်ရိုးတို့သည် ကြိုးဖြင့် ချည်နှောင်၍ ကစားသော ကျင်နှစ်လုံးသဏ္ဍာန် ရှိကုန်၏၊ မြင်းခေါင်းရိုးတို့၏ ဖမျက်ရိုးတို့၌ တည်ရာအရပ်သည် အခွံကိုပယ်အပ်သော သင်ပေါင်းညှောက်သဏ္ဍာန် ရှိ၏၊ ကြီးသော မြင်းခေါင်းသည် ပိန်သောမြွေ၏ ကျောက်ကုန်း သဏ္ဍာန် ရှိ၏၊ ပုဆစ်ဒူးရိုးသည် တဘက်ပဲ့သော ရေမြှုပ်စိုင်သဏ္ဍာန် ရှိ၏၊ ထိုဒူးရိုး၌ မြင်းခေါင်းရိုးဝင်၍ တည်ရာအရပ်သည် မထက်သော အဖျားရှိသော နွားချိုသဏ္ဍာန် ရှိ၏၊ ပေါင်ရိုးသည် မကောင်းသဖြင့် ရွေအပ်သော ပုဆိန်ရိုးသဏ္ဍာန်၏၊ ပေါင်ရိုး၏ ခါးရိုး၌ တည်ရာအရပ်သည် ကစားသော ဂုံညှင်းသဏ္ဍာန်ရှိ၏၊ ထိုပေါင်ရိုးသည် ခါးရိုး၏ တည်ရာအရပ်၌ အဖျားဖြတ်အပ်သော ပုန်းညက်သီးကြီးသဏ္ဍာန် ရှိ၏၊ ခါးရိုးတို့သည် နှစ်ဘက်တစပ်ထည်းဖြစ်၍ အိုးထိန်းသည်တို့ ပြုလုပ်သော ခံလောက်သဏ္ဍာန်

ရှိ၏၊ အသီးအသီး ပန်းဘဲသမားတို့၏ တူရိုးသဏ္ဍာန်ရှိ၏၊အဖျားး၌ တည်သော တင်ရိုးသည် အောက်သို့ ရှေးရှုပြု၍ ကိုင်အပ်သော မြေပေါ်းပျဉ်းသဏ္ဍာန် ရှိ၏၊ ခုနစ်ခု ရှစ်ခုသောအရပ်တို့၌ အပေါက် အပေါက်ရှိ၏၊ ကျောက်ဆူးရိုးတို့သည် အတွင်းမှ အဆင့်ဆင့် ရစ်ပတ်ခွေလိပ်၍ ထားအပ်သော သလွဲပြားသဏ္ဍာန် ရှိကုန်၏၊ အပအားဖြင့် ဝင်ရိုးဖြင့် ထိုးသီ၍ထားအပ်သော ချည်လုံးသဏ္ဍာန် ရှိကုန်၏၊ ထိုကျောရိုးတို့၏ အကြားအကြား၌ လွှသွားနှင့်တူသော နှစ်ခုသုံးခုသော ဆူးရိုးတို့သည် ရှိကုန်၏၊ နှစ်ဆယ့်လေးချောင်း သော နံရိုးတို့တွင် မပြည့်စုံသော နံရိုးတို့သည် အနှောင့်အသွား မပြည့်စုံသော သန်လျက်ဓားသဏ္ဍာန် ရှိကုန်၏၊ ပြည့်စုံသော နံရိုးတို့သည် ပြည့်စုံသောသန်လျက်ဓားသဏ္ဍာန်ရှိကုန်၏၊ အလုံးစုံ သောနံရိုးတို့သည် ကြက်ဖြူ၏ ဖြန့်အပ်သော အတောင်သဏ္ဍာန် ရှိကုန်၏။

တဆယ့်လေးခုသော ရင်ရိုးတို့သည် ဆွေးမြည့်သော သန်လျင်း ချိုင့်သဏ္ဍာန်ရှိကုန်၏၊ရင်ဝရိုးသည် ယောက်မရွက်သဏ္ဍာန် ရှိ၏၊ ညှပ်ရိုးနှစ်ဘက်တို့သည် ငယ်သော သံဖြင့် လုပ်သော ပဲခွပ်ရိုး သဏ္ဍာန်ရှိ၏၊ ပခုံးစွန်း နှစ်ဘက်ရိုးတို့သည် ကုန်ပြီးသော သီဟိုဠ် ပေါက်တူးသဏ္ဍာန် ရှိကုန်၏၊ မောင်းရိုး နှစ်ဘက် တို့သည် ကြေးမုံရိုးသဏ္ဍာန် ရှိကုန်၏၊ လက်ဖျံရိုးနှစ်ဘက်တို့သည် အစုံတွဲစု အပ်သော ထန်းပင်မြစ်နသဏ္ဍာန် ရှိကုန်၏၊ လက်ကောက်ဝတ် ရိုးတို့သည် တပေါင်းတည်း ကပ်ငြိစေ၍ ထားအပ်သော သလွဲပြား အရစ်အခွေသဏ္ဍာန် ရှိကုန်၏၊ လက်ဖမိုးရိုးတို့သည် ထုအပ်သော ပဒိုင်းရွက် အကြေါစုသဏ္ဍာန် ရှိကုန်၏၊ လက်ချောင်းတို့တွင် အရင်းအဆစ်ရိုးတို့သည် ထက်စည်သဏ္ဍာန် ရှိကုန်၏၊ အလယ် ဆစ်ရိုးတို့သည် ပိန္နဲစေ့သဏ္ဍာန် ရှိကုန်၏၊ အဖျားဆစ်ရိုးတို့ သည် ခပေါင်းစေ့သဏ္ဍာန် ရှိကုန်၏၊ ခုနစ်ခုကုန်သော လည်ပင်း ရိုးတို့သည် လှံတံဖြင့် ထိုး၍အစဉ်သဖြင့် အကွင်းအကွင်း လှီး ဖြတ်၍ထားအပ်သော ခုနစ်ချပ်သော ဝါးမျှစ်ပိုင်းသဏ္ဍာန်ရှိကုန် ၏၊ အောက်မေးရိုးသည် ပန်းဘဲသမားတို့၏ သံတိုက်ကိုက်

သဏ္ဌာန်ရှိ၏၊ အထက်မေးရိုးသည် ကြံခွံခွါလွှာသော ဓားငယ် သဏ္ဌာန်ရှိ၏။ မျက်ကွင်းရိုး နားတွင်းရိုးတို့သည် အဆံထုတ်အပ် ပြီးသော ထန်းစေ့မှတ်သဏ္ဌာန်ရှိကုန်၏၊ နဖူးရိုးသည် မှောက်၍ ထားသော ခရုသင်းခွက်ကွဲ အခြမ်းသဏ္ဌာန်ရှိ၏၊ နားခွက်ရိုး တို့သည် ဆတ္တာသည်၏ သင်ဓုန်းအိမ် သဏ္ဌာန် ရှိ၏၊ နဖူး နားရွက်တို့၏ အထက်သင်းကျစ်ဖွဲ့ရာ အရပ်အရိုးသည် အတွန့် အတွန့်ရှိ၍ ထောပတ်ခွက်မှ ပြည့်လျှံ၍ တွဲလွဲကျသော ထောပတ် လွှာသဏ္ဌာန်ရှိ၏၊ ဦးထိပ်ဦးရိုးသည် မျက်နှာဝကို ဖြတ်ထား အပ်သော အုန်းမှတ်သဏ္ဌာန်ရှိ၏၊ ဦးခေါင်းရိုးတို့သည် ချုပ်စပ်၍ ထားအပ်သော ကွဲအက်သော ဗူးတောင်းခွက်သဏ္ဌာန်ရှိကုန်၏။

အရပ်အားဖြင့်ကား အထက်အောက် နှစ်ပါးသောအရပ်တို့၌ ဖြစ်ကုန်၏၊တည်ရာအားဖြင့်ကား သာမညအားဖြင့် တကိုယ်လုံး၌ တည်ကုန်၏၊ အထူးအားဖြင့် ဤအရိုးတို့တွင် ဦးခေါင်းရိုးသည် လည်ရိုး၌ တည်ကုန်၏၊လည်ရိုးတို့သည် ကျောရိုးတို့၌ တည်ကုန်၏၊ ကျောရိုးတို့သည် ခါးရိုးတို့၌ တည်ကုန်၏၊ ခါးရိုးတို့သည် ပေါင်ရိုး တို့၌တည်ကုန်၏၊ ပေါင်ရိုးတို့သည် ဒူးဆစ်ရိုးတို့၌ တည်ကုန်၏၊ ဒူးဆစ်ရိုးတို့သည် မြင်းခေါင်းရိုးတို့၌ တည်ကုန်၏၊မြင်းခေါင်းရိုးတို့ သည် ဖမျက်ရိုးတို့၌ တည်ကုန်၏၊ ဖမျက်ရိုးတို့သည် ဖမိုးရိုး၌ တည် ကုန်၏၊ အပိုင်းအခြားအားဖြင့်ကား အတွင်း၌ ရိုးတွင်း ခြင်ဆီဖြင့် အထက်၌ အသားဖြင့် အဖျား၌၎င်း,အရင်း၌၎င်း, အချင်းချင်းဖြင့် ပိုင်းခြားအပ်ကုန်၏၊ ဤသည်ကား ထိုအရိုးတို့၏ သဘောတူ ဝတ္ထုတို့ဖြင့် ပိုင်းခြားခြင်းပေတည်း၊ သဘောမတူသော ဝတ္ထု တို့ဖြင့်ပိုင်းခြားခြင်းသည် ဆံပင်တွင် ဆိုအပ်ပြီးသည်နှင့်တူ၏။

၁၉၁။ **(၉) အဋ္ဌိမိဉ္ဇံ-ရိုးတွင်းခြင်ဆီ၊ ''ရိုးတွင်းခြင်ဆီ''** ဆို သည်ကား ထိုထိုအရိုးတို့၏ အတွင်း၌တည်သော အနှစ် အဆီကို ဆိုသည်၊ ထိုခြင်ဆီသည် အဆင်းအရောင် အားဖြင့်ဖြူ၏၊ ပုံသဏ္ဌာန်အားဖြင့် ကြီးသောအရိုးတို့၏ အတွင်းရှိ ခြင်ဆီသည် ဝါးကျည်တောက်တွင်ထည့်၍

ပြွတ်အပ်သော ကြိမ်ညွှန့်သဏ္ဌာန်ရှိ၏၊ ငယ်သောအရိုးတို့၏ အတွင်းရှိခြင်ဆီသည် ဝါးဆစ်တို့၌ထည့်၍ ပြွတ်အပ်သော ကြိမ်ညွှန့်ဖျားသဏ္ဌာန်ရှိ၏၊ အရပ်အားဖြင့် နှစ်ပါးသောအရပ်တို့၌ ဖြစ်ကုန်၏၊ တည်ရာအားဖြင့် အရိုးတို့၏ အတွင်း၌ တည်ကုန်၏၊ အပိုင်းအခြားအားဖြင့် အတွင်း အပြင် အရိုးတို့ ဖြင့် ပိုင်းခြားအပ်၏၊ ဤသည်ကား သဘောတူသော ဝတ္ထုတို့ဖြင့် ပိုင်းခြားခြင်းတည်း၊ သဘောမတူသော ဝတ္ထုတို့ဖြင့် ပိုင်းခြားခြင်းသည် ဆံပင်တွင် ဆိုအပ်ပြီးသည်နှင့်တူ၏။

၁၉၂။ **(၁၀) ဝက္ကံ-အညှို၊ ''အညှို''**ဆိုသည်ကား တခုသော အညှာဖြင့် ဖွဲ့အပ်သော အသားတုံး နှစ်ခုပေတည်း၊ ထိုအညှိုသည် အဆင်းအရောင်အားဖြင့် နီကြန်ကြန်ရှိသော ပင်လယ်ကသစ်စေ့အရောင်နှင့်တူ၏၊ သဏ္ဌာန်အားဖြင့်ကား သူငယ်များကစားသော ကျင်နှလုံးပြူးသဏ္ဌာန်ရှိ၏၊ တနည်းကား တခုသောအညှာဖြင့် ဖွဲ့အပ်သော သရက်သီးနှစ်လုံးပြွတ်သဏ္ဌာန်ရှိ၏၊ အရပ်အားဖြင့်ကား အထက်ပိုင်းအရပ်၌ ဖြစ်၏၊ တည်ရာအားဖြင့်ကား လည်ချောင်းမှ ထွက်သော တခုသော အညှာရင်းဖြင့် အနည်းငယ်သွား၍ နှစ်ဖြာကွဲသော ထုသောအကြောဖြင့် ဖွဲ့အပ်သည်ဖြစ်၍ နှလုံးသားကို ခြံရံပြီးလျှင် တည်၏၊ အပိုင်းအခြားအားဖြင့်ကား အညှို၏ အဆုံးအဘို့ဖြင့် ပိုင်းခြားအပ်၏၊ ဤသည်ကား သဘာဂ ပရိစ္ဆေဒတည်း၊ ဝိသဘာဂ ပရိစ္ဆေဒသည် ဆံပင်တွင် ဆိုအပ်ခဲ့ပြီးသည်နှင့်တူ၏။

၁၉၃။ **(၁၁) ဟဒယံ-နှလုံး၊ ''နှလုံး''**ဆိုသည်ကား နှလုံးသားကို ဆိုသည်၊ ထိုနှလုံးသားသည် အဆင်းအရောင်အားဖြင့်နီ၏၊ ပဒုမာကြာပွင့်ချပ်၏ ကျောဘက်အဆင်းနှင့်တူ၏၊ သဏ္ဌာန်အားဖြင့် အပဖြစ်သော ပွင့်ချပ်တို့ကို

ပယ်၍ ရေးရှုထားအပ်သော ပဒုမာကြာအငုံသဏ္ဍာန် ရှိ၏၊ အပဉ်ပြေပြစ်၏၊ အတွင်း၌ သပွတ်ခါးသီး၏ အတွင်းသားနှင့်တူ၏၊ ပညာရှိသော သူတို့မှာ အနည်း ငယ်ပွင့်၏၊ ပညာနုံ့သောသူတို့မှာ အငုံသည်သာ ဖြစ်၏၊ ထိုနှလုံးသား၏အတွင်း၌ ပုန်းညက်စေ့မျှလောက်သော တွင်းငယ်ရှိ၏၊ ထိုတွင်းငယ်၌ တလက်ဘက်မျှလောက် သောသွေးသည် တည်၏၊ ထိုသွေးကို အမှီပြု၍ မနော ဓာတ် မနောဝိညာဏဓာတ်တို့သည် ဖြစ်ကုန်၏၊ ထို နှလုံးသွေးသည် ရာဂစရိုက် ပြောသောသူအား နီ၏၊ ဒေါသစရိုက် ပြောသောသူအား မည်းနက်၏၊ မောဟ စရိုက်ပြောသောသူအား သားဆေးသော ရေနှင့်တူ၏၊ ဝိတက်စရိုက် ပြောသောသူအား ကုလားပဲ ပြုတ်သော ရေအဆင်းရှိ၏၊ သဒ္ဓါစရိုက် ပြောသောသူအား မဟာ လှေကားပန်းပွင့် အဆင်းရှိ၏၊ ပညာစရိုက် ရှိသော သူအား ကြည်ကြည်လင်လင် မနောက်မကျု ဖြူဖြူဖွေးဖွေး စင်ကြယ်သော ကောင်းစွာ သွေးအပ်သော ပတ္တမြား စစ်ကဲ့သို့ ထင်ထင်ရှားရှား အရောင်တောက်၏၊ အရပ် အားဖြင့်ကား အထက်ပိုင်းအရပ်၌ဖြစ်၏၊ တည်ရာအား ဖြင့်ကား ကိုယ်၏အတွင်း သားမြတ်နှစ်ခုတို့၏ အကြား တွင်တည်၏၊ အပိုင်းအခြားအားဖြင့်ကား နှလုံးကို နှလုံးသား၏ အဆုံးအဘို့ဖြင့် ပိုင်းခြားအပ်၏၊ ဤသည် ကား သဘာဂ ပရိစ္ဆေဒတည်း၊ ဝိသဘာဂ ပရိစ္ဆေဒ သည် ဆံပင်တွင် ဆိုအပ်ခဲ့ပြီးသည်နှင့် တူ၏။

၁၉၄။ (၁၂) **ယကနံ-အသည်း၊** "**အသည်း**" ဆိုသည်ကား အစုံဖြစ်သော အသားလွှာတည်း၊ ထိုအသည်းသည် အရောင်အဆင်းအားဖြင့် စဉ်းငယ်နီ၏၊ ဖြော့တော့သော အရောင်ရှိ၏၊ မနီလွန်း ကုမုဒ္ဒရာကြာဖြူ၏ ပွင့်ချပ် ကျောဘက်အဆင်းရှိ၏၊ သဏ္ဍာန်အားဖြင့် အရင်း၌တခု အဖျား၌အစုံ, ပင်လယ်ကသစ်ရွက်သဏ္ဍာန်ရှိ၏၊ ထို

အစုံသည် ပညာနံ့သောသူအား ကြီးကြီးတခုသာရှိ၏၊ ပညာရှိသူအား နှစ်ခု သုံးခုရှိ၏၊ ငယ်၏၊ အရပ်အားဖြင့် အထက်အရပ်၌ ဖြစ်၏၊ တည်ရာအားဖြင့် နှစ်ခုသော သားမြတ်တို့၏အကြား လကျာ်ခန်ပါးကိုမှီ၍ တည်၏၊ အပိုင်းအခြားအားဖြင့် အသည်းကို အသည်း၏ အဆုံးဖြင့် ပိုင်းခြားအပ်၏၊ ဤသည်ကား သဘာဂ ပရိစ္ဆေဒတည်း၊ ဝိသဘာဂ ပရိစ္ဆေဒသည် ဆံပင်တွင် ဆိုအပ်ပြီးသည်နှင့်တူ၏။

၁၉၅။ (၁၃) **ကိလောမကံ-အမြှေး၊ "အမြှေး"**ဆိုသည်ကား ဖုံးလွှမ်းတတ်သောအမြှေး, မဖုံးလွှမ်းတတ်သောအမြှေး ဟူ၍ နှစ်မျိုးအပြားရှိသော မြှေးယှက်တတ်သော အသား လွှာ ပေတည်း၊ ထိုအမြှေးသည် အဆင်းအရောင် အားဖြင့် ဖြူ၏၊ ဘွဲ့ဖြူပုဆိုးနွမ်းနှင့် တူသော အဆင်း အရောင်ရှိ၏၊ ပုံသဏ္ဌာန်အားဖြင့် မိမိ၏ တည်နေရာနှင့် တူသောသဏ္ဌာန် ရှိ၏၊ အရပ်အားဖြင့် ဖုံးလွှမ်းတတ် သော အမြှေးသည် အထက်ပိုင်းအရပ်၌ ဖြစ်၏၊ မဖုံးလွှမ်း တတ်သော အမြှေးသည် အောက်ပိုင်း အထက်ပိုင်း နှစ်ရပ်၌ ဖြစ်၏၊ တည်ရာအားဖြင့် ဖုံးလွှမ်းတတ်သော အမေးသည် နှလုံးကိုငင်း, အညှိကိုငင်း ဖုံးလွှမ်း၍ တည်၏၊ မဖုံးလွှမ်းတတ်သော အမြှေးသည် တကိုယ် လုံး၌ အရေ၏အောက်မှ အသားကိုမြှေးယှက်၍ တည်၏၊ အပိုင်းအခြားအားဖြင့် အောက်၌ အသားဖြင့်, အထက်၌ အရေဖြင့်,အနံ ဖီလာ၌ အမြှေး၏အဆုံး အဘို့ဖြင့်ပိုင်းခြား အပ်၏၊ ဤသည်ကား အမြှေး၏သဘာဂ ပရိစ္ဆေဒ ပေတည်း၊ ဝိသဘာဂ ပရိစ္ဆေဒသည်ကား ဆံပင်တွင် ဆိုအပ်ခဲ့ပြီးသည်နှင့် တူ၏။

၁၉၆။ (၁၄) **ပိဟကံ-အဖျဉ်း၊ "အဖျဉ်း"** ဆိုသည်ကား ဝမ်းလျာသဏ္ဌာန် ဝမ်း၏ အထက်စောင်၌ တည်သော

အသားကို ဆိုသည်၊ ထိုအဖျဉ်းသည် အဆင်းအရောင် အားဖြင့် ညို၏၊ ကြောင်ပန်းပွင့် အဆင်းအရောင် ရှိ၏၊ သဏ္ဌာန်အားဖြင့် လက်ခုနစ်သစ် အတိုင်းအရှည်ရှိ၏၊ အဘွဲ့မရှိ၊ မည်းနက်သော နွားငယ်၏ လျှာသဏ္ဌာန် ရှိ၏၊ အရပ်အားဖြင့် အထက်ပိုင်းအရပ်၌ ဖြစ်၏၊ တည်ရာ အားဖြင့် နှလုံး၏လက်ဝဲနံပါး အစာသစ်အိမ် အူမကြီး၏ အထက်စောင်ကို မှီ၍ တည်၏၊ ထိုအဖျဉ်းကို ပုတ်ခတ် မိ၍ မိမိနေရာမှ အပြင်ပသို့ ထွက်သော် သတ္တဝါတို့၏ အသက်သည် ကုန်၏၊ အပိုင်းအခြားအားဖြင့် အဖျဉ်း၏ အဆုံး အဘို့အားဖြင့် ပိုင်းခြားအပ်၏၊ ဤ သည်ကား အဖျဉ်း၏ သဘာဂ ပရိစ္ဆေဒပေတည်း၊ ဝိသဘာဂ ပရိစ္ဆေဒသည် ဆံပင်တွင် ဆိုအပ်ခဲ့ပြီးသောနည်းနှင့် တူ၏။

၁၉၇။ (၁၅) **ပပ္ဖါသံ-အဆုတ်၊ "အဆုတ်"** ဆိုသည်ကား သုံးဆယ့်နှစ်ပါးသော အသားပိုင်း အပြားရှိသော တွဲရရွဲ ဆွဲလျက် အတန်ငယ် လုံးသော အသားတည်း၊ ထို အဆုတ်သည် အဆင်းအရောင်အားဖြင့် နီ၏၊ မမှည့် လွန်းသော ရေသဖန်းသီးအရောင် ရှိ၏၊ ပုံသဏ္ဌာန် အားဖြင့် မညီမညွတ် ဖြတ်အပ်သော မုံ့ပိုင်းသဏ္ဌာန် ရှိ၏၊ ကိုယ်တွင်း၌ စားအပ် သောက်အပ်သော အစာ အာဟာရတို့၏ မရှိခြင်းကြောင့် တက်သော ကမ္မဇ တေဇောဓာတ်ငွေ့သည် နှိပ်စက်အပ်သည်ဖြစ်၍ ညက်စွာ စားအပ်သော ကောက်ရိုးထွေးကဲ့သို့ သြဇာမရှိ ဖြစ်၏၊ အရပ်အားဖြင့် အထက်ပိုင်းအရပ်၌ ဖြစ်၏၊ တည်ရာ အားဖြင့် ကိုယ်တွင်း၌ နှစ်ခုသော သားမြတ်တို့၏ အကြား နှလုံး၏ရင်း, အသည်း၏ရင်း အထက်၌ ဖုံးလွှမ်း၏၊ တွဲရရွဲဆွဲလျက် တည်နေ၏၊ အပိုင်းအခြား အားဖြင့် အဆုတ်၏ အဆုံးအဘို့ဖြင့် ပိုင်းခြားအပ်၏၊ ဤသည်ကား သဘာဂ ပရိစ္ဆေဒတည်း၊ ဝိသဘာဂ

ပရိစ္ဆေဒသည် ဆံပင်တွင် ဆိုအပ်ခဲ့ပြီးသော နည်းနှင့် တူ၏။

၁၉၀။ (၁၆) **အဋ္ဌိ-အရိုး၊ "အရိုး"**ဆိုသည်ကား ယောက်ျား အား သုံးဆယ့်နှစ်တောင်, မိန်းမအား နှစ်ဆယ့်ရှစ် တောင်ရှိသော နှစ်ဆယ့်တခုသောအရပ်တို့၌အောက်သို့ ခွေ၍ တည်သော အရိုးခွေကို ဆိုသည်၊ ထို အရိုးခွေသည် အဆင်းအရောင်အားဖြင့် ဖြူ၏၊ ကျောက်စစ် အင်္ဂတေ အရောင် ရှိ၏၊ ပုံသဏ္ဍာန်အားဖြင့် သွေးခွက်၌ ခွေ၍ ထားအပ်သော ဦးခေါင်းပြတ်သော မြွေသဏ္ဍာန် ရှိ၏၊ အရပ်အားဖြင့် အထက်အောက် ၂-ပါးတို့၌ ဖြစ်၏၊ တည်ရာအားဖြင့် အထက်ရေမျို၌ငင်း, အောက်ဝစ္စမဂ်၌ ငင်း, ထုတ်ချင်းလျို တစပ်ထည်း စပ်သည်အဖြစ်ကြောင့် ရေမျိုအစ ဝစ္စမဂ်အဆုံးရှိသော ကိုယ်အတွင်း၌ တည်၏၊ အပိုင်းအခြားအားဖြင့် အရိုးခွေတည်ရာဌာနဖြင့် ပိုင်းခြား အပ်၏၊ ဤသည်ကား သဘာဂပရိစ္ဆေဒတည်း၊ ဝိသဘာဂ ပရိစ္ဆေဒသည် ဆံပင်တွင် ဆိုအပ်ခဲ့ပြီးသည်နှင့် တူ၏။

၁၉၉။ (၁၇) **အန္တဂုဏ်-အူသိမ်၊ "အူသိမ်"** ဆိုသည်ကား အရိုးခွေတည်ရာဌာနတို့၌ ဖွဲ့တတ်သော အူငယ်သည် အူသိမ်မည်၏၊ ထို အူသိမ်သည် အဆင်းအရောင်အားဖြင့် ဖြူ၏၊ ရေနစ်သော ကြာသိမ်မြစ်အရောင် ရှိ၏၊ ပုံသဏ္ဍာန် အားဖြင့် ကြာမြစ်ပုံသဏ္ဍာန် ရှိ၏၊ အရပ်အားဖြင့် အရပ်နှစ်ပါးတို့၌ ဖြစ်၏၊ တည်ရာအားဖြင့် ပေါက်တူး ပေါက်ဆိန်အလုပ်ကို လုပ်သောသူတို့၏ စက်ယန္တရား လည့်သောအခါ စက်ကြိုးသည် စက်ပျဉ်တို့ကို ဖွဲ့ချည်၏သို့ အရိုးခွေကို မလျော့စေဘဲ တပေါင်းတည်း ဖွဲ့ချည်၏၊ ခြေသုတ်ကြိုးဝန်း၏အကြား၌ ထို ခြေသုတ်ကြိုးဝန်းကို ချုပ်စပ်၍တည်သော ကြိုးသေးကဲ့သို့ နှစ်ဆယ့်တခုသော အရိုးခွေတို့၏အကြား၌ အရိုးခွေတို့ကိုချုပ်၍ တည်၏၊ အပိုင်း

အခြားအားဖြင့် အလိုအမြဲ၏ အဆုံးအဘို့ အားဖြင့် ပိုင်းခြား အပ်၏၊ ဤသည်ကား သဘာဂ ပရိစ္ဆေဒတည်း၊ ဝိသဘာဂ ပရိစ္ဆေဒသည် ဆံပင်တွင်ဆိုအပ်ခဲ့ပြီးသည်နှင့် တူ၏။

၂၀၀။ (၁၈) **ဥဒရိယံ-အစာသစ်၊ "အစာသစ်"**ဆိုသည်ကား ဝမ်း၌ဖြစ်သော စားအပ်, သောက်အပ်, ခဲအပ်, လျက်အပ် သောအစာကို ဆိုသည်၊ ထို အစာသည် အဆင်းအရောင် အားဖြင့် မျိုသော အစာအာဟာရ၏ အဆင်းအရောင် အတိုင်း ဖြစ်၏၊ ပုံသဏ္ဌာန်အားဖြင့် အဝတ်ရေစစ်၌ လျော့လျော့ ထုပ်ထားသော ဆန်သဏ္ဌာန်ရှိ၏၊ အရပ် အားဖြင့် အထက်အရပ်၌ ဖြစ်၏၊ တည်ရာအားဖြင့် ဝမ်း၌ တည်၏၊ ဝမ်းမည်သည်ကား နှစ်ဘက်မှ ညှစ်အပ် သော စိုစွတ်သောပုဆိုး၏ အလယ်၌ ဖြစ်သော စည် ပေါင်းနှင့်တူသော အူ၏ ဖောင်းပွသောနေရာ အစာသစ် အိမ်ပင်တည်း၊ ဤ အစာသစ်အိမ်၏ အပြင်အပကား ပြေပြစ် ချောမွေ့၏၊ အတွင်း၌ကား အသားပုပ် ယောက် သွားပုပ်ကို ရစ်ထုပ်သော အဝတ်နွမ်း အခင်းအမြိတ်နှင့် တူ၏၊ ပုပ်သော ပိန္နဲသီးခွံ၏ အတွင်းသားနှင့်လည်းတူ၏၊ ထို အစာသစ်အိမ်ထဲ၌ တကျောင့ကမည်သော ပိုးမျိုး, ဂဏ္ဍုပ္ပါဒကမည်သော သန်ကောင်ပိုးမျိုး, တာလဟီရက ပိုးမျိုး, သူစိမုခကပိုးမျိုး, ပဋတန္တုသုတ္တကပိုးမျိုး အစ ရှိသော သုံးဆယ့်နှစ်ပါး အပြားရှိသော ပိုးတို့သည် ရှုပ်ရှုပ်ထွေးထွေး တိုးတိုးခွေ့ခွေ့ အစုအစု သွားကုန် သည် ဖြစ်၍ နေကုန်၏၊ ထို ပိုးတို့သည် အစာသစ်အိမ်၌ အရည်အဖတ် အစာမရှိသောအခါ ခုန်တက်၍ အထူးထူး အပြားပြား မြည်ကမ်းကုန်လျက် နှလုံးသားကို တိုးခွေ့ကြ ကုန်၏၊ အရည်အဖတ် အာဟာရကို မျိုသောအခါ ထို ပိုးတို့သည် အထက်သို့ ရှေးရှုဖြစ်၍ ရှေးဦးစွာ မျိုသော အစာနှစ်လုပ်, သုံးလုပ်တို့ကို အဆောတလျင် လုယက် စားသောက်ကြကုန်၏၊ ဤ ဝမ်းဂိုက်သည်

ထိုပိုးတို့၏ သားပေါက်ဖွားရာ အိမ်, ကျင်ကြီးအိမ်, သူနာစရပ် သုသာန်သင်းချိုင်း ဖြစ်၏။

**ဥပမာ** အားဖြင့် ဒွန်းစဏ္ဍား ရွာတံခါးအနီး တန်စီးတွင်း ညွန်အိုင်၌ နွေလအခါ မိုးကြီး သည်းထန်စွာ ရွာသည်ရှိသော် ရေဖြင့် မျောပါသော ကျင်ငယ်, ကျင်ကြီး, အရေ, အရိုး, အကြောပိုင်း, တံတွေး, နှပ်, သွေး အစရှိသော အထူးထူးသော အညစ်အကြေးမျိုးစုံကျ၍ ညွန်စေးရေဖြင့် နောက်ကျု၏၊ နှစ်ရက်, သုံးရက် လွန်သောအခါ ပိုးလောက်တို့ဖြင့် ပြည့်လျက် နေပူဖြင့် ပူလောင်သောကြောင့် ကျိုက်ကျိုက်ဆူ၏၊ အထက်၌ အမြှုပ်တွေ တစီစီထ၍ အလွန်ညိုသော အဆင်း ရှိ၏၊ အလွန်မကောင်းသော အနံ့ဖြင့် စက်ဆုပ်ရွံရှာဘွယ် ရှိ၏၊ ချဉ်းကပ်ခြင်းငှါ မထိုက်သော သဘော ရှိသည်၏ အဖြစ်သို့ရင်း, ရှုမြင်ခြင်းငှါ မထိုက်သော သဘော ရှိသည်၏အဖြစ်သို့ရင်း ရောက်၍ တည်၏၊ နမ်းရှုခြင်း, လျက်ခြင်းငှါမူကား ဆိုဘွယ်ရာမရှိ၊မထိုက်သကဲ့သို့ ထို့အတူ အထူး ထူး အပြားပြားသော အဖျော်ဘောဇဉ် အစရှိသည်တို့ကို သွား တည်းဟူသော ကျည်ပွေ့ဖြင့် မှုန့်မှုန့်ညက်ညက် ထောင်းကြိတ်၍ လျှာတည်းဟူသော လက်ဖြင့် ပြန်ကာလှန်ကာ တံတွေးအရည် တို့ဖြင့် လိမ်းကျံအပ်၏၊ ထိုခဏတွင်ပင် အဆင်းအနံ့ အရသာ ကင်း၍ ရက်ကန်းသည်တို့ ချည်စာနယ်သော ကစိဖတ်, ခွေး အန်ဖတ်နှင့်တူစွာ ကျ၍ သည်းခြေ, သလိပ်, သွေး, ပြည်တို့ဖြင့် ရစ်ပတ်အပ်သည် ဖြစ်၏၊ ဝမ်းမီးတေဇောဓာတ် ပူလောင်သော အဟုန်ဖြင့် ကျိုက်ကျိုက် ဆူ၏၊ ပိုးမျိုးသတ္တဝါတို့ မွှေနှောက်သော ကြောင့် အထက်အထက်သို့ အမြှုပ်တစီစီ ထွက်၏၊ ယောက်သွား ပုပ်ကဲ့သို့ အလွန်မကောင်းသော အနံ့ဖြင့် စက်ဆုပ်ရွံရှာဘွယ် အဖြစ်သို့ ရောက်၍ တည်၏၊ ထို အစာသစ်ကို ကြားရကာမျှဖြင့် လည်း စားဘွယ်, သောက်ဘွယ်တို့၌ မမြိန်နိုင် ဖြစ်ရသေး၏၊ ဝိပဿနာ ပညာမျက်စိဖြင့် ကြည့်သော်ကား ဆိုဘွယ်ရာ မရှိပြီ၊ အစာသစ်အိမ်၌ ကျရောက်သော အရေအဖတ်, အစာဘောဇဉ် စသည်တို့ကို ငါးပုံ-ပုံ၍ တပုံကို ပိုးတို့စားကုန်၏၊ တပုံသည်

ဝမ်းမီးကြောင့် ကျက်ကြေ၏၊ တပုံသည် ကျင်ငယ်ဖြစ်၏၊ တပုံသည် ကျင်ကြီး ဖြစ်၏၊ တပုံသည် ရသာဓာတ်အဖြစ်သို့ ရောက်၍ အသွေးအသား စသည်တို့ကို ပွါးစေ၏၊ အပိုင်းအခြားအားဖြင့် ဝမ်းလွှာဖြင့်၎င်း, အစာသစ်အိမ်၏ အဆုံးအဘို့ဖြင့်၎င်း, ပိုင်းခြားအပ်၏၊ ဤသည်ကား သဘာဂပရိစ္ဆေဒတည်း၊ ဝိသဘာဂ ပရိစ္ဆေဒသည် ဆံပင်တွင် ဆိုအပ်ပြီးသည်နှင့် တူ၏။

၂၀၁။ (၁၉) **ကရီသံ-အစာဟောင်း၊ "အစာဟောင်း"** ဆိုသည်ကား ကျင်ကြီးပေတည်း၊ ထိုကျင်ကြီးသည် အဆင်းအရောင်အားဖြင့် များသောအားဖြင့် မျိုသော အစာအာဟာရ၏ အဆင်းအရောင်နှင့် တူ၏၊ ပုံသဏ္ဌာန် အားဖြင့် တည်ရာအရပ် ပုံသဏ္ဌာန်ရှိ၏၊ အရပ်အားဖြင့် အောက်အရပ်၌ ဖြစ်၏။

တည်ရာအားဖြင့် အစာကျက်အိမ်၌ တည်၏၊ ရှေ့အဘို့အားဖြင့် ချက်အောက်,နောက်အဘို့အားဖြင့် အောက်ဆုံး ကျောရိုး၏ အလယ်ကြား, အူခွေ၏အဆုံးမှာ စောက် ရှစ်လက်သစ်လောက် ပမာဏရှိသော ဝါးကျည် အခေါင်းနှင့်တူ၏၊ **ဥပမာ အားဖြင့်**—မြေအပြင်၌ ကျသော မိုးရေသည် လျောကျ၍ အောက်မြေအဘို့ကို ပြည့်စေ၍ တည်သကဲ့သို့ ထို့အတူ အလုံးစုံ အစာသစ်အိမ်သို့ ကျသော အစာဘောဇဉ် စသည်တို့သည် ဝမ်းမီး တေဇောဓာတ်ဖြင့် အမြုပ်စီစီတက်လျက် ကျက်တိုင်းကျက်တိုင်း ကျောက်ပျဉ်တွင် ကြိတ်သကဲ့သို့ ကြေညက်သောအဖြစ်သို့ရောက်၍ အူခေါင်းဖြင့် လျောကျ၍လျောကျ၍ သိပ်နယ်၍ ဝါးဆစ်၌ ထည့်အပ်သော ဖြော့တော့သော အရောင်ရှိသော မြေညက်ကဲ့သို့ စုဝေး၍ တည်၏၊ အပိုင်းအခြားအားဖြင့် အစာသစ်အိမ်လွှာဖြင့် ၎င်း,ကျင်ကြီး၏ အဆုံးအဘို့ဖြင့်၎င်း ပိုင်းခြားအပ်၏၊ ဤသည်ကား သဘာဂ ပရိစ္ဆေဒပေတည်း၊ ဝိသဘာဂ ပရိစ္ဆေဒသည်ကား ဆံပင်တွင် ဆိုအပ်ပြီးသည်နှင့် တူ၏။

၂၀၂။ (၂၀) **မဏ္ဍလုဂ်ံ-ဦးနှောက်၊ "ဦးနှောက်"** ဟူသည်ကား ဦးခေါင်းခွံတွင်း၌ တည်သော ခြင်ဆီပင်တည်း၊ အရောင်အဆင်းအားဖြင့် ဖြူ၏၊ မှိုပွင့်အရောင်ရှိ၏၊ ပျက်သော နွားနို့ချဉ်ခဲ အရောင်ရှိသည်လည်း ဟူ၏၊ ပုံသဏ္ဌာန်အားဖြင့် တည်ရာ ဦးခေါင်းခွံသဏ္ဌာန်ရှိ၏၊ အရပ်အားဖြင့် အထက်ပိုင်း အရပ်၌ဖြစ်၏၊ တည်ရာအားဖြင့် ဦးခေါင်းခွံတွင်း၌ လေးခုသော ဦးခေါင်းစပ်ကြောင်းတို့ကိုမှီ၍ တပေါင်းတည်းစုထားအပ်သော မုန့်ညက်စိုင်လေးခုကဲ့သို့ တည်၏၊ အပိုင်းအခြားအားဖြင့် ဦးခေါင်းခွံ၏ အတွင်းပတ်လည်အားဖြင့်၎င်း, ဦးနှောက်၏ အဆုံးအဘို့အားဖြင့်၎င်း ပိုင်းခြားအပ်၏၊ ဤသည်ကား သဘာဂ ပရိစ္ဆေဒပေတည်း၊ ဝိသဘာဂ ပရိစ္ဆေဒသည်ကား ဆံပင်တွင် ဆိုအပ်ပြီးသည်နှင့်တူ၏။

၂၀၃။ (၂၁) **ဝိတ္တံ-သည်းခြေ၊ "သည်းခြေ"** ဆိုသည်ကား အိတ်ငယ်ဖြင့် ဖွဲ့ထားသော ဗဒ္ဓသည်းခြေ, အိတ်ငယ်ဖြင့် ဖွဲ့ခြင်းမရှိ၊တကိုယ်လုံး အနှံ့အပြား ပြေးသွားတည်ရှိသော အဗဒ္ဓသည်းခြေဟူ၍ နှစ်မျိုးအပြားရှိသော သည်းခြေတည်း၊ ထိုနှစ်မျိုးတို့တွင် အိတ်ရှိသော ဗဒ္ဓသည်းခြေသည် အဆင်းအရောင်အားဖြင့် ပြစ်ခဲ့သော သစ်မည်စည်ဆီ အဆင်းအရောင်ရှိ၏၊ ညှိုးနွမ်းသော တောင်ကျည်းပွင့် အရောင်ရှိ၏၊ သဏ္ဌာန်အားဖြင့် နှစ်မျိုးစလုံးပင် တည်ရာသဏ္ဌာန်ရှိ၏၊ အရပ်အားဖြင့် ဗဒ္ဓသည်းခြေသည် အထက်အရပ်၌ ဖြစ်၏။ အဗဒ္ဓသည်းခြေသည် နှစ်ပါးသော အရပ်တို့၌ဖြစ်၏၊ တည်ရာအားဖြင့် အဗဒ္ဓသည်းခြေသည် ဆံပင်, အမွေး, သွား, ခြေသည်း လက်သည်း, အသားမှလွတ်ရာအရပ်, ကျန်းမာ ခြောက်သွေ့သောအရေကိုချန်လှပ်၍ ဆီပေါက်ကို ရေ၌ချရာ ပြန့်နှံ့သော ဆီကဲ့သို့ ကိုယ်အလုံးကိုပြန့်နှံ့၍ တည်၏၊ အဗဒ္ဓသည်းခြေပျက်လျှင် မျက်စိဝါ၏၊ ချာချာလည်၏·

ကိုယ်တုန်လှုပ်၏၊ ယားယံ၏၊ ဗဒ္ဓသည်းခြေသည် နှလုံး အဆုတ်တို့၏ အကြား အသည်းကိုမှီ၍ တည်သော သပွတ်သီးကြီး အခွံအိမ်နှင့်တူသော သည်းခြေအိတ်၌ တည်၏၊ ဗဒ္ဓသည်းခြေ ပျက်သည်ရှိသော် သတ္တဝါတို့ သည် ရူးကုန်၏၊ စိတ်ဖောက်ပြန်သည်ဖြစ်၍ အရှက် အကြောက်မရှိ၊ မပြုမကျင့်ကောင်းသည်ကို ပြုကျင့်ကုန် ၏၊ မပြောမဆိုအပ်သည်ကို ပြောဆိုကုန်၏၊ မကြံမစည် အပ်သည်ကို ကြံစည်ကုန်၏၊ အပိုင်းအခြားအားဖြင့်ကား သည်းခြေ၏ အဆုံးအဘို့အားဖြင့် ပိုင်းခြားအပ်၏၊ ဤသည်ကား သဘာဂ ပရိစ္ဆေဒတည်း။ ဝိသဘာဂ ပရိစ္ဆေဒသည် ဆံပင်တွင် ဆိုအပ်ခဲ့ပြီးသည်နှင့်တူ၏။

၂၀၄။ **(၂၂) သေမှံ-သလိပ်၊ ''သလိပ်''** ဆိုသည်ကား ကိုယ်တွင်း၌ တကွမ်းစားမျှလောက် ပမာဏရှိသော သလိပ်ကို ဆိုသည်၊ ထိုသလိပ်သည် အရောင်အဆင်း အားဖြင့်ဖြူ၏၊ ဝက်ချေးပနဲ့ရွက်ရည် အဆင်းအရောင် ရှိ၏၊ ပုံသဏ္ဌာန်အားဖြင့် တည်သောအတိုင်းသဏ္ဌာန် ရှိ၏၊ အရပ်အားဖြင့် အထက်ပိုင်းအရပ်၌ဖြစ်၏၊ နေရာ အားဖြင့် အစာသစ်၏ အထက်ဝမ်းလွှာ အူခေါင်းထဲ၌ တည်၏၊ အစားအသောက်များကို မျိုသောအခါ ရေပေါ်တွင် ပိတ်ဖုံး၍နေသော မှော်ထဲသို့ သစ်သား, တုတ်,ခဲစသည်ကျသောအခါ နှစ်ဖြာကွဲ၍ တဖန်စေ့ပြန် သကဲ့သို့ ဤအတူ နှစ်ဖြာကွဲ၍ တဖန်စေ့စပ်လွှမ်းမိုး၍ တည်ပြန်၏၊ သလိပ်နည်းသောအခါ ပြည်မှည့်သော အိုင်းအမာ ကြက်ဥပုပ်ပမာ အစာသစ်အိမ်မှ အလွန် စက်ဆုပ် ရွံရှာဘွယ်ကောင်းသော ပုပ်သောအနံ့သည် ဖြစ်၏၊ ထိုသလိပ်နည်းသောကြောင့် အထက်သို့တက် သောအနံ့ဖြင့် ကြို့ထိုးသောလေသည်ဂုင်း, ခံတွင်းသည် ဂုင်း မကောင်းသော အနံ့ရှိ၏၊ အပုပ်ကောင်အနံ့နှင့် တူသည်ဖြစ်၏၊ ထိုခံတွင်းပုပ်သောယောကျ်ားကို "သင်

ဖဲလေလော့,မကောင်းသော အနံ့ဖြင့်လှိုင်၏”ဟု ဆိုအပ်သောအဖြစ်သို့ ရောက်၏၊ သလိပ်ပွါး၍ ထူထပ်သော အခါ ကျင်ကြီးအိမ်အပေါက်ကို ပိတ်သော ပျဉ်ကဲ့သို့ ဝမ်းတွင်းမှာ မကောင်းသောအနံ့ကို ပိတ်လျက် တည်၏၊ အပိုင်းအခြားအားဖြင့် သလိပ်၏ အဆုံးအဘို့အားဖြင့် ပိုင်းခြားအပ်၏၊ ဤသည်ကား သဘာဂပရိစ္ဆေဒတည်း။ ဝိသဘာဂ ပရိစ္ဆေဒသည် ဆံပင်တွင် ဆိုအပ်ပြီးသည်နှင့် တူ၏။

၂၀၅။ (၂၃) **ပုဗ္ဗော-ပြည်၊** “**ပြည်**”ဆိုသည်ကား သွေးပုပ်သည်၏ အစွမ်းဖြင့်ဖြစ်သော ပြည်ကို ဆိုသည်၊ အဆင်းအရောင်အားဖြင့် ဖက်ရွက်လျော်အရောင်ရှိ၏၊ သေသော အကောင်၌ကား ပုပ်သော ပြစ်ခွဲသော ကစီရည်အဆင်းရှိ၏၊ ပုံသဏ္ဌာန်အားဖြင့် တည်ရာသဏ္ဌာန်ရှိ၏၊ အရပ်အားဖြင့် အထက်အောက်အရပ်တို့၌ ဖြစ်၏၊ နေရာအားဖြင့် ပြည်၏နေရာဟူ၍ အမြဲမရှိ၊ သစ်ငုတ်, ဆူး, လက်နက်, မီးလျှံစသည်တို့ ထိခိုက် ၍,နရာ၌ ပေါင်းစုမိသောသွေးသည် ကျက်၍တည်၏၊ အိုင်းအမာစသည် ဖြစ်ကုန်၏၊ ထိုထိုအိုင်းအမာစသည်တို့၌ တည်၏၊ အပိုင်းအခြားအားဖြင့် ပြည်၏ အဆုံးအဘို့အားဖြင့် ပိုင်းခြားအပ်၏၊ ဤသည်ကား ထိုပြည်၏ သဘာဂ-ပရိစ္ဆေဒပေတည်း၊ ဝိသဘာဂ ပရိစ္ဆေဒသည် ဆံပင်တွင် ဆိုအပ်ခဲ့ပြီးသည်နှင့်တူ၏။

၂၀၆။ (၂၄) **လောဟိတံ-သွေး၊** “**သွေး**” ဆိုသည်ကား စုဝေးတည်နေသော **သန္နိစိတသွေး**, ထိုမှ ဤမှ လှုပ်ရှားပြေးသွားသော **သံသရဏသွေး** ဟူ၍ နှစ်မျိုး အပြားရှိသောသွေးတည်း၊ ထို နှစ်မျိုးတို့တွင် သန္နိစိတသွေးသည် အဆင်းအရောင် အားဖြင့် ချက် အပ်ပြီးသော ပြစ်ခွဲသောချိပ်ရည်နှင့်တူ၏၊ သဏ္ဌာန်အားဖြင့် **သွေး**

နှစ်မျိုးစလုံးပင် တည်ရာသဏ္ဌာန်ရှိ၏၊ အရပ်အားဖြင့် သန္နိစိတသွေးသည် အထက်ပိုင်းအရပ်၌ ဖြစ်၏၊ သံသရဏ သွေးသည် အထက်အောက် အရပ်နှစ်ပါး၌ ဖြစ်၏၊ တည်ရာအားဖြင့် သံသရဏသွေးသည် ဆံပင်,မွေးညှင်း, သွား, ခြေသည်း လက်သည်း, အသားမှ လွတ်ရာဌာန၊ ထူသော ခြောက်သော အရေတို့မှတပါး အခေါင်း ရှိသော သွေးကြော ကွန်ယက်ကိုလျှောက်၍ အလုံးစုံ သောကိုယ်အလုံးကို ပြန့်နှံ့၍တည်၏၊ သန္နိစိတသွေးသည် အသည်းတည်ရာ အရပ်၏အောက်အဘို့ကို ပြည့်စေ၍ တခွက်မျှလောက် နှလုံး, အညှို့, အဆုတ်တို့၏ အထက်၌ တစက်တစက် ယိုထွက်သည်ဖြစ်၍ အညှို့,နှလုံး,အသည်း, အဆုတ်တို့ကို စိုစွတ်စေလျက်တည်၏၊ ထိုသွေးတို့သည် အညှို့ နှလုံးစသည်တို့ကို မစိုစေသည်ရှိသော် သတ္တဝါ တို့သည်ရေငတ်ကုန်၏၊ ရေဆာကုန်၏၊ အပိုင်းအခြား အားဖြင့် သွေး၏ အဆုံးအဘို့အားဖြင့် ပိုင်းခြားအပ်၏၊ ဤသည်ကား သွေး၏ သဘာဂ ပရိစ္ဆေဒတည်း၊ ဝိသဘာဂ ပရိစ္ဆေဒသည် ဆံပင်တွင် ဆိုအပ်ပြီးသည်နှင့် တူ၏။

၂၀၇။ (၂၅) **သေဒေါ-ချွေး၊ "ချွေး"** ဆိုသည်ကား မွေး တွင်းပေါက် စသည်တို့မှ ယိုထွက်သော အာပေါဓာတ် ရေတည်း၊ ချွေးသည် အဆင်းအရောင်အားဖြင့် ကြည် လင်သော နှမ်းဆီနှင့်တူသောအရောင်ရှိ၏၊ သဏ္ဌာန် အားဖြင့် တည်တိုင်းသောသဏ္ဌာန်ရှိ၏၊ အရပ်အားဖြင့် အထက်-အောက် နှစ်ပါးသောအရပ်တို့၌ ဖြစ်ကုန်၏၊ နေရာအားဖြင့် ချွေး၏ တည်နေရာဟူ၍ အမြဲမရှိ၊ သွေး ကဲ့သို့ အခါခပ်သိမ်း တည်နေရာဟူ၍ မရှိ၊ မီးပူ,နေပူ,ဥတု ဖောက်ပြန်ခြင်း အစရှိသည်တို့ကြောင့် ကိုယ်သည် ပူ၏၊ ထိုအခါ ရေမှနုတ်၍ဖြတ်အပ်သော ကြာရိုးမှ ရေယိုကျ သကဲ့သို့အလုံးစုံသော ဆံပင်တွင်း, မွေးတွင်း, အကြား

အပေါက်တို့မှ ယိုထွက်၏၊ ထို့ကြောင့် ထိုချွေး၏ သဏ္ဌာန်ကိုလည်း ဆံပင်တွင်း, မွေးတွင်း, အကြား အပေါက်၏အစွမ်းဖြင့် သိအပ်၏၊ ချွေးကို ဆင်ခြင်သော ယောဂီပုဂ္ဂိုလ်သည် ဆံပင်တွင်း, မွေးတွင်း အကြား အပေါက်တို့ကိုပြည့်၍ တည်သောအစွမ်းဖြင့် ချွေးကို နှလုံးသွင်းအပ်၏၊ အပိုင်းအခြားအားဖြင့်ကား ချွေး၏ အဆုံးအဘို့အားဖြင့် ပိုင်းခြားအပ်၏၊ ဤသည်ကား သဘာဂ ပရိစ္ဆေဒတည်း၊ ဝိသဘာဂ ပရိစ္ဆေဒသည် ဆံပင်တွင် ဆိုအပ်ပြီးသည်နှင့်တူ၏။

(၂၆) **မေဒေါ-အဆီခဲ၊ "အဆီခဲ"** ဆိုသည်ကား ခဲသော အဆီဟူသော အစေးပင်တည်း၊ အဆင်းအရောင်အားဖြင့် ခွဲအပ်သော နနွင်းသားအဆင်းရှိ၏၊ သဏ္ဌာန်အားဖြင့် ဆူဖြိုးသော သူအား အရေနှင့်အသားကြား၌ ထားအပ်သော နနွင်းရောင် အဆင်းရှိသော ပုဆိုးနွမ်းသဏ္ဌာန်ရှိ၏၊ ကြုံလှီသော သူ အား သလုံးသား,ပေါင်သား,ကျောရိုးကိုမှီသောအသား, ဝမ်းပျဉ်းသား တို့ကိုမှီ၍ နှစ်ထပ် သုံးထပ်ပြုအပ်သော နနွင်းရောင် ပုဆိုးသဏ္ဌာန် ရှိ၏၊ အရပ်အားဖြင့် အထက်အရပ် အောက်အရပ် နှစ်ပါးတို့၌ ဖြစ်၏၊ နေရာအားဖြင့် ဆူဖြိုးသောသူအား တကိုယ်လုံးအနှံ့ တည်၏၊ ကြုံသောသူအား သလုံးသားစသည်ကိုမှီ၍ တည်၏၊ ဤအဆီကို အစေးဟု ခေါ်ဝေါ်ရေတွက်ခြင်းသို့ ရောက်သော် လည်းအလွန်စက်ဆုပ်ဘွယ်ရှိသောကြောင့် ခေါင်းလိမ်းဆီအလို့ငှါ မယူကြကုန်၊ အပိုင်းအခြားအားဖြင့် အောက်၌ အသားအားဖြင့်, အထက်၌ အရေအားဖြင့်, ဖီလာကန့်လန့်၌ အဆီခဲ၏ အဆုံးအဘို့ အားဖြင့် ပိုင်းခြားအပ်၏၊ ဤသည်ကား သဘာဂ ပရိစ္ဆေဒတည်း၊ ဝိသဘာဂ ပရိစ္ဆေဒသည် ဆံပင်တွင် ဆိုအပ်ပြီးသည်နှင့် တူ၏။

၂၀၈။ (၂၇) **အဿု-မျက်ရည်၊ "မျက်ရည်"** ဆိုသည်ကား မျက်စိတို့မှ ယိုစီးသော အာပေါဓာတ်ရေတည်း၊ ထို

မျက်ရည်သည် အဆင်းအရောင်အားဖြင့် ကြည်သော နှမ်းဆီအရောင်ရှိ၏၊ သဏ္ဌာန်အားဖြင့် တည်နေသော အတိုင်းဖြစ်၏၊ အရပ်အားဖြင့် အထက်ပိုင်းအရပ်၌ ဖြစ်၏၊ နေရာအားဖြင့် မျက်တွင်း၌တည်၏၊ ထိုမျက်ရည် သည် သည်းခြေအိမ်၌ ဗဒ္ဓသည်းခြေ စုဝေးတည်နေ သကဲ့သို့ မျက်စိတွင်း၌ အခါခပ်သိမ်း စုဝေးတည်နေသည် မဟုတ်၊ သတ္တဝါတို့ ဝမ်းမြောက်ခြင်းဖြစ်၍ ပြင်းစွာ ရယ်သောအခါ, နှလုံးမသာခြင်းရှိ၍ ငိုသောအခါ, အလွန်စပ်လွန်း ပူလွန်းသော အာဟာရကို သုံးဆောင် သောအခါ, ထိုမျက်စိသို့ အခိုးအမှုံ့ဝင်သောအခါတို့၌ ကောင်းစွာဖြစ်၍ မျက်စိတွင်းတို့ကို ပြည့်စေပြီးလျှင် တည်မှုလည်းတည်၏၊ ယိုမှုလည်း ယိုထွက်၏၊ မျက်ရည်ကို သိမ်းဆည်း ရှုဆင်ခြင်သော ယောဂီပုဂ္ဂိုလ်သည် မျက်တွင်းတို့၌ ပြည့်၍ တည်သည်၏အစွမ်းဖြင့် သိမ်း ဆည်းအပ်၏၊ အပိုင်းအခြားအားဖြင့် မျက်ရည်၏ အဆုံး အဘို့အားဖြင့် ပိုင်းခြားအပ်၏၊ ဤသည်ကား သဘာဂ ပရိစ္ဆေဒတည်း၊ ဝိသဘာဂ ပရိစ္ဆေဒသည် ဆံပင်တွင် ဆိုအပ်ပြီးသည်နှင့်တူ၏။

၂၀၉။ (၂၈) **ဝသာ-ဆီကြည်၊ "ဆီကြည်"**ဆိုသည်ကား မခဲ သော ကြေသော အစေးတည်း၊ ထိုဆီကြည်သည် အဆင်း အရောင်အားဖြင့် အုန်းဆီအဆင်းအရောင်ရှိ၏၊ (ထမင်း ချိုး၌ လောင်းအပ်သော ဆီနှင့်တူသော အရောင်ရှိ၏ လည်းဟူ) သဏ္ဌာန်အားဖြင့် ရေချိုးသောကာလ ကြည် သော ရေ၏အထက်၌ ပြန့်သည်ဖြစ်၍ လည်သော ဆီပေါက်သဏ္ဌာန်ရှိ၏၊ အရပ်အားဖြင့် အထက်အောက် နှစ်ခုသောအရပ်တို့၌ ဖြစ်၏၊ တည်ရာအားဖြင့် များ သောအားဖြင့် လက်ဖဝါး, လက်ဖမိုး, ခြေဖဝါး, ခြေဖမိုး, နှာခေါင်း, နဖူး, ပခုံးစွန်းတို့၌တည်၏၊ ဤဆီကြည် သည် ထိုထိုနေရာတို့၌ အခါခပ်သိမ်း ကြေသည်ဖြစ်၍

မတည်၊ မီးပူ, နေပူ, ဥတုဖောက်ပြန်ခြင်း ဓာတ်ဖောက်ပြန်ခြင်းတို့ကြောင့် ထိုလက်ဝါးပြင် အစရှိသော အရပ်တို့၌ အငွေ့ဖြစ်ပေါ်သောအခါ ဖြစ်ကုန်၏၊ ထိုအခါ ရေချိုးသောကာလ ကြည်သောရေ၏ အထက်၌ ဆီစက်သည် ထိုမှ-ဤမှ စီးကျသွားလာသကဲ့သို့ ရွေ့ရှား၏၊ အပိုင်းအခြားအားဖြင့် ဆီကြည်၏ အဆုံးအသို့အားဖြင့် ပိုင်းခြားအပ်၏၊ ဤသည်ကား သဘာဂ ပရိစ္ဆေဒ တည်း၊ ဝိသဘာဂ ပရိစ္ဆေဒသည် ဆံပင်တွင် ဆိုအပ်ပြီးသည်နှင့်တူ၏။

၂၁၀။ (၂၉) ခေဠော-တံထွေး၊ "တံထွေး" ဆိုသည်ကား ပါးစပ်၏အတွင်း၌ အမြှုပ်နှင့်ရောသော အာပေါဓာတ်တည်း၊ အဆင်းအရောင်အားဖြင့် ဖြူ၏၊ အမြှုပ်နှင့်တူသော အဆင်းရှိ၏၊ သဏ္ဌာန်အားဖြင့် နေရာသဏ္ဌာန် အမြှုပ်သဏ္ဌာန် ရှိ၏၊ ဤသို့ ဆိုခြင်းငှါ သင့်၏၊ အရပ်အားဖြင့် အထက်ပိုင်းအရပ်၌ ဖြစ်၏၊ တည်ရာအားဖြင့် နှစ်ဖက်သော ပါးစောင်တို့မှ သက်၍ လျှာ၌ တည်၏၊ ဤတံထွေးသည် အခါခပ်သိမ်း ဤလျှာ၌ စုဝေး၍ တည်သည်မဟုတ်၊ သတ္တဝါတို့သည် အပူ, အခါး, အစပ်, အငန်,အချဉ် အာဟာရတို့ကို မြင်သော်၎င်း, အောက်မေ့သော်၎င်း, ခံတွင်း၌ ထားသော်၎င်း, ထိုသတ္တဝါတို့သည် နှလုံးနာ၍ တစုံတရာကို စက်ဆုပ် ရွံ့ရှာခြင်း ဖြစ်သော်၎င်း, ထိုအခါ၌ တံထွေးသည် ဖြစ်ပေါ်၍ ပါးစောင်နှစ်ဖက်မှ ဆင်းသက်ပြီးလျှင် လျှာ၌ တည်၏၊ ထိုတံထွေးသည် လျှာဖျား၌ ပါးပါး ကြဲကြဲ ရှိ၏၊ လျှာရင်း၌ ပြစ်ခဲ၍၏၊ ခံတွင်း၌ မုံ့ကို၎င်း, ဆန်ကို၎င်း, တပါးသော ခဲဘွယ်ကို၎င်း ထည့်လျှင် မြစ်သဲပြင်တွင် တူးအပ်သော လက်ယက် တွင်းရေကဲ့သို့ မကုန်နိုင်သည် ဖြစ်၍ စွတ်စိုစေခြင်းငှါ စွမ်းနိုင်၏၊ အပိုင်းအခြားအားဖြင့် တံထွေး၏အသို့အားဖြင့် ပိုင်းခြားအပ်၏၊

ဤသည်ကား သဘာဂ ပရိစ္ဆေဒတည်း၊ ဝိသဘာဂ ပရိစ္ဆေဒသည် ဆံပင်၌ ဆိုအပ်ပြီးသည်နှင့် တူ၏။

၂၁၁။ (၃၀) **သိင်္ဃာဏိကာ**-နှပ်၊ "နှပ်" ဆိုသည်ကား ဦးနှောက်မှ ယိုထွက်သော မစင်ကြယ်သော ဝတ္ထုတည်း၊ ထိုနှပ်သည် အဆင်းအရောင်အားဖြင့် ထန်းသီးနုဆံ အရောင် ရှိ၏၊ သဏ္ဌာန်အားဖြင့်တည်ရာ ပုံသဏ္ဌာန် အတိုင်း ဖြစ်၏၊ အရပ်အားဖြင့် အထက်ပိုင်းအရပ်၌ ဖြစ်၏၊ တည်ရာအားဖြင့် နှာခေါင်းဖုကို ပြည့်၍ တည်၏၊ ထိုနှပ်သည် အခါခပ်သိမ်း နှာခေါင်းဖု၌ စုဝေး တည် နေသည်မဟုတ်၊ စင်စစ်သော်ကား **ဥပမာ**အားဖြင့် ယောကျ်ားသည် ပဒုမာကြာရွက်ဖြင့် နို့ဓမ်းကိုထုပ်၍ အောက်ကဆူးဖြင့် ထိုးဖောက်သောအခါ ဤ အပေါက် ဖြင့် နို့ဓမ်းရည်သည် ယိုထွက်၍ အပ၌ ကျသကဲ့သို့ ထို့အတူ သတ္တဝါတို့သည် အကြင်အခါ ငိုကုန်၏၊ သဘောမတူသော အာဟာရဥတုတို့၏ အစွမ်းဖြင့် ခေတ် ချောက်ချားကုန်၏၊ ထိုအခါ ဦးခေါင်းတွင်းမှ သလိပ်ပုပ်အဖြစ်သို့ ရောက်သော ဦးနှောက်သည် စီး၍ ဦးခေါင်းပေါက်မှ လာပြီးလျှင် နှာခေါင်းကို ပြည့်စေ၍ တည်၏၊ ယိုထွက်မူလည်း ယိုထွက်၏၊ သိင်္ဃာဏိက ကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများသော ယောဂီပုဂ္ဂိုလ်သည် နှာခေါင်းကိုပြည့်၍ တည်သည်၏အစွမ်းဖြင့် သိမ်းဆည်း ဆင်ခြင်အပ်၏၊ အပိုင်းအခြားအားဖြင့် နှပ်၏ အဘို့ အားဖြင့် ပိုင်းခြားအပ်၏၊ ဤသည်ကား သဘာဂ ပရိစ္ဆေဒတည်း၊ ဝိသဘာဂ ပရိစ္ဆေဒသည် ဆံပင်၌ ဆိုအပ်ပြီးသည်နှင့် တူ၏။

၂၁၂။ (၃၁) **လသိကာ**-အစေး၊ "အစေး" ဆိုသည်ကား ကိုယ်,အဂြိုးဆက်တို့အတွင်း၌ရှိသော ကျိခြွဲသော စက် ဆုပ်ဘွယ်သော ဝတ္ထုတည်း၊ အဆင်းအရောင်အားဖြင့်

မဟာလေ့ကားပင် အစေးနှင့် ဘဆင်းအရောင်တူ၏၊ သဏ္ဌာန်အားဖြင့်တည်ရာ ပုံသဏ္ဌာန်အတိုင်း ဖြစ်၏၊ အရပ်အားဖြင့် အထက်အောက် အရပ်နှစ်ပါးစလုံးတွင် ဖြစ်၏၊ တည်ရာအားဖြင့် အရိုးဆက်တို့၏ လိမ်းကျံခြင်း ကိစ္စကို ပြီးစေလျက် တရာ့ရှစ်ဆယ်သော အရိုးဆက်တို့၏ အတွင်း၌ တည်၏၊ အစေးနည်းသောသူအား ထသောအခါ, ထိုင်သောအခါ, ရှေ့သို့တက်သောအခါ, နောက်သို့ ဆုတ်သောအခါ, ကွေးသောအခါ,ဆန့်သော အခါ အရိုးတို့သည် လက်ဖျစ်တီးသကဲ့သို့ ကျွတ်ကျွတ်ဟု မြည်ကုန်၏၊ တယူဇနာ, နှစ်ယူဇနာခရီးကို သွားခဲ့သော် ဝါယောဓာတ်ပျက်၍ အဆစ်အမျက် နာကျင်ကိုက်ခဲ၏၊ ကိုယ်တို့သည် ဆင်းရဲကုန်၏၊ အကြင်သူအား ထိုအစေး များအံ့၊ ထိုသူအား ထခြင်း, ထိုင်ခြင်း အစရှိသည်ကို ပြုသောကာလ၌ အရိုးတို့သည် မမြည်ကုန်၊ ရှည်သော ခရီးသို့ သွားသော်လည်း ဝါယောဓာတ် မပျက်သော ကြောင့် အဆစ်အမျက်မနာ၊ ကိုယ်တို့သည် မဆင်းရဲ ကုန်၊ အပိုင်းအခြားအားဖြင့်ကား အစေး၏ အဘို အားဖြင့် ပိုင်းခြားအပ်၏၊ ဤသည်ကား သဘာဂ ပရိစ္ဆေဒပေတည်း၊ ဝိသဘာဂပရိစ္ဆေဒသည် ဆံပင်၌ ဆိုအပ်ပြီးသည်နှင့် တူ၏။

၂၁၃။ (၃၂) မုတ္တံ-ကျင်ငယ်၊ "ကျင်ငယ်" ဆိုသည်ကား အဆင်းအရောင်အားဖြင့် မီးဖုတ်၍ ပြာကိုရေနှင့် ဖျော် ပြီးလျှင် စစ်၍ ယူအပ်သော ရေကြည်နှင့်အရောင်တူ၏၊ သဏ္ဌာန်အားဖြင့် မျက်နှာဦးစောက် မှောက်၍ ထား သော အိုးတွင်း၌ရှိသော ရေပုံသဏ္ဌာန်ရှိ၏၊ အရပ် အားဖြင့် အောက်ပိုင်းအရပ်၌ ဖြစ်၏၊ တည်ရာအားဖြင့် စည်ပေါင်း၏အတွင်း၌တည်၏၊စည်ပေါင်းဆိုသည်ကား အဝတ်ဖုံးလွှမ်းရာအရပ် ချက်အောက် ဝမ်းပိုက်အတွင်းရှိ ဆီးအိမ်ကို ဆို၏၊ ဝန်စီးတွင်း၌ ထည့်အပ်သော အဝ

မရှိသော အိုးပုတ်ငယ်၌ တန်စီးရည်သည် ဝင်သကဲ့သို့ ထို တန်စီးရည်၏ ဝင်ရာလမ်းသည် မထင်သကဲ့သို့ ထို့အတူ ကိုယ်မှကျင်ငယ်သည် ဝင်၏၊ ကျင်ငယ်ဝင်ရာလမ်းပေါက်သည် မထင်ရှား၊ ထွက်ရာအပေါက်သာ ထင်ရှား၏၊ ဆီးအိမ် စည်ဒပေါင်း ပြည့်သည်ရှိသော် ကျင်ငယ်စွန့်အံ့ဟု သတ္တဝါတို့သည် အားထုတ်ကုန်၏၊ အပိုင်းအခြားအားဖြင့် ဆီးအိမ် စည်ပေါင်း၏ အတွင်းဖြင့်၎င်း, ကျင်ငယ်အဘို့အားဖြင့်၎င်း ပိုင်းခြားအပ်၏၊ ဤ သည်ကား သဘာဂပရိစ္ဆေဒတည်း၊ ဝိသဘာဂပရိစ္ဆေဒသည် ဆံပင်၌ ဆိုအပ်ပြီးသည်နှင့်တူ၏။

## နိဂုံး

၂၁၄။ ဤသို့လျှင် ဆံပင်အစရှိသော ကောဋ္ဌာသအစုတို့ကို အဆင်း,သဏ္ဌာန်, အရပ်, တည်ရာ, အပိုင်းအခြား၏ အစွမ်းဖြင့် မှတ်သားပြီး၍ အစဉ်အတိုင်း မနေးလွန်းမမြန်လွန်း အစရှိသောနည်းဖြင့် အဆင်း,သဏ္ဌာန်,အနံ့,မှီရာ တည်နေရာ၏ အစွမ်းဖြင့် ငါးပါးသော အပြားအားဖြင့် စက်ဆုပ်ရွံရှာဘွယ်၊ စက်ဆုပ်ရွံရှာဘွယ်ဟူ၍ နှလုံးသွင်းသော သူအား ပညတ်ကို လွန်သော အားဖြင့် ဖြစ်သော ဘာဝနာအဆုံး၌ **ဥပမာအား**ဖြင့် မျက်စိအမြင်ရှိသော ယောကျ်ားသည် သုံးဆယ့်နှစ်မျိုး အဆင်းအရောင်ရှိသော ပန်းမျိုးတို့ကို ချည်တချောင်းဖြင့် ကုံးသီသော ပန်းကုံးကိုကြည့်ရှုရာ အလုံးစုံသော ပန်းတို့သည် မရှေးမနှောင်း တပေါင်းတည်းကဲ့သို့ ထင်ကုန်၏၊ ဤအတူ ဤကိုယ်၌ ဆံပင်သည် ရှိ၏၊ အစရှိသည်ဖြင့် ကြည့်ရှုရာ အလုံးစုံသော ထိုတရားတို့သည် မရှေးမနှောင်း တပေါင်းတည်း ထင်ကုန်၏၊ ထို့ကြောင့် မနသိကာရကောသလ္လကထာ၌ "အစလက်ဦး ကမ္မဋ္ဌာန်းစီးဖြန်းသောပုဂ္ဂိုလ်အား ဆံပင်ဟု နှလုံးသွင်းခြင်းကို

နှလုံးသွင်းသည်ရှိသော် သွား၍ ကျင်ငယ်ဟု ဤအဆုံး ကောဋ္ဌာသသို့ ထိရောက်၍ တည်၏”ဟု ဆိုအပ်၏။

အပသညာဉ်၌နှလုံးသွင်းခြင်းကို အကယ်၍ နိုင်းယှဉ် ဆောင်သွေးသည် ဖြစ်အံ့၊ ထိုအခါ ထို ပုဂ္ဂိုလ်အား ဤမိမိကိုယ်၌ ထင်၏သို့ သူတပါး၏ အလုံးစုံသော ကောဋ္ဌာသတို့သည် ပကတိ သဘောအတိုင်း ထင်သည်ရှိသော် လှည့်လည်ကုန်သော လူ တိရစ္ဆာန်စသည်တို့သည် သတ္တဝါဟူသော အခြင်းအရာကိုစွန့်၍ ကောဋ္ဌာသအစု၏ အစွမ်းဖြင့်သာလျှင် ထင်ကုန်၏၊ ထို လူ တိရစ္ဆာန်စသည်တို့ မျိုအပ်သော အဖျော်ဘောဇဉ် အစရှိသည်သည် ကောဋ္ဌာသအစု၌ ထည့်သကဲ့သို့ ထင်၏၊ ထိုသို့ ထင်သောအခါ အစဉ်ကို လွှတ်ခြင်း အစရှိသည်တို့၏အစွမ်းဖြင့် ရှုံရှာဘွယ်ဟု အဖန်တလဲလဲ နှလုံးသွင်းခြင်းကို ဖြစ်စေသော ယောဂီပုဂ္ဂိုလ်အား အစဉ်သဖြင့် အပ္ပနာသည် ဖြစ်၏။

ထို ကောဋ္ဌာသအပေါင်း၌ ဆံပင် အစရှိသည်တို့၏ အဆင်း, သဏ္ဌာန်, အရပ်, တည်ရာ, အပိုင်းအခြား၏အစွမ်းဖြင့် ရေး႐ှု ထင်လာသောအာရုံသည် ဥဂ္ဂဟနိမိတ် မည်၏၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့် စက်ဆုပ်ရွံရှာဘွယ်၏အစွမ်းဖြင့် ထင်ခြင်းသည် ပဋိဘာဂနိမိတ် မည်၏၊ ထို ပဋိဘာဂနိမိတ်ကို မှီဝဲသော ပွါးစေသော ယောဂီပုဂ္ဂိုလ်အား ဆိုအပ်ပြီးသော နည်းအတိုင်း အသုဘကမ္မဋ္ဌာန်း၌ ကဲ့သို့ ပဌမဈာန်၏ အစွမ်းဖြင့် သာလျှင် အပ္ပနာသည် ဖြစ်၏၊ထိုအပ္ပနာသည် အကြင်ပုဂ္ဂိုလ်အား တခုသော ကောဋ္ဌာသသာ ထင်ရှားသည် ဖြစ်၏၊ ဘနည်း-တခုသော ကောဋ္ဌာသ၌ အပ္ပနာသို့ရောက်၍ တဖန် တပါးသောကောဋ္ဌာသ၌ အားထုတ်ခြင်းကို မပြု၊ ထို ပုဂ္ဂိုလ်အား တခုသာလျှင် ဖြစ်၏၊ အကြင် ပုဂ္ဂိုလ်အား များစွာသော ကောဋ္ဌာသတို့သည် ထင်ကုန်၏၊ တနည်း—တခုသော ကောဋ္ဌာသ၌ ဈာန်သို့ရောက်၍ တဖန် တပါးသော ကောဋ္ဌာသ၌လည်း အားထုတ်ခြင်းကို ပြုအံ့၊ ထို ပုဂ္ဂိုလ်အား **မဟာလ္လကမထေရ်ကြီး**ကဲ့သို့ ကောဋ္ဌာသ အရေအတွက်အားဖြင့် ပဌမဈာန်တို့သည် ဖြစ်ကုန်၏၊ ထို အသျှင်မဟာလ္လက

မထေရ်သည် ဒီဃနိကာယ်ကိုဆောင်သော **အဘယမထေရ်**ကို လက်၌ကိုင်၍ "ငါ့သျှင်အဘယ ရှေးဦးစွာ ဤအမေးပုစ္ဆာကို သင်ယူလော့ဟု ဆိုပြီးလျှင် သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသတို့၌ သုံးဆယ့်နှစ်မျိုးသော ပဋ္ဋမဈာန်ကိုရသော မဟာလ္လကမထေရ်သည် ညဉ့်၌ တခုသောဈာန်, နေ့၌ တခုသောဈာန်ကို အကယ်၍ ဝင်စားအံ့၊ လခွဲလွန်သော် စပ်မိ၏"ဟု မိန့်ဆိုဘူးသတည်း။

ဤသို့ ပဋ္ဌမဈာန်၏အစွမ်းဖြင့် ပြည့်စုံသော်လည်း ထိုကမ္မဋ္ဌာန်းကို အဆင်း,သဏ္ဍာန် စသည်တို့၌ သတိ၏အစွမ်းဖြင့် ပြည့်စုံသောကြောင့် ကာယဂတာသတိဟူ၍ ဆိုအပ်၏၊ ဤကာယဂတာသတိကမ္မဋ္ဌာန်းကို အဖန်တလဲလဲ အားထုတ်သော ရဟန်းသည် ကမ္မဋ္ဌာန်း၌ မမွေ့လျော်ခြင်း, ကာမဂုဏ်၌ မွေ့လျော်ခြင်းကို နှိပ်နင်းနိုင်၏၊ ဖြစ်တိုင်းဖြစ်တိုင်းသော မမွေ့လျော်ခြင်းကို နှိပ်နင်း၍ နေနိုင်၏၊ ဘေးငယ်, ဘေးကြီးကို သည်းခံနိုင်၏၊ ထိုရဟန်းကို ဘေးကြီး,ဘေးငယ်တို့သည် မနှိပ်စက်နိုင်ကုန်၊ ဖြစ်ပေါ်သော ဘေးကြီး,ဘေးငယ်ကို နှိပ်နင်း၍ နေနိုင်၏၊ အချမ်းအပူကို သည်းခံနိုင်၏၊....(လ)....အသက်ကိုဆောင်တတ်သော ရောဂါတို့ကိုသော်လည်း သည်းခံနိုင်စွမ်းသော သဘောရှိ၏၊ ဆံပင် အစရှိသည်တို့၏ အဆင်း အတူးအပြားကို အမှီပြု၍ လေးပါးသောဈာန်တို့ကို ရနိုင်၏၊ အဘိညာဉ်ခြောက်ပါးတို့ကို ထိုးထွင်း၍ သိနိုင်၏။

တသ္မာ ဟဝေ အပ္ပမတ္တော၊
အနုယုဉ္ဇေထ ပဏ္ဍိတော။
ဧဝံ အနေကာနိသံသံ၊
ဣမံ ကာယဂတာသတိန္တိ။

ထို့ကြောင့် ပညာရှိသည် ဤသို့ များသော အကျိုးအာနိသင်ရှိသော ဤကာယဂတာသတိကမ္မဋ္ဌာန်းကို မမေ့မလျော့ အားထုတ်ရာ၏။

ကာယဂတာသတိ ကမ္မဋ္ဌာန်းအကျယ်ကို
ဆိုသောစကား ပြီး၏။

## အာနာပါနဿတိကို ပြခြင်း

၂၁၅။ **အာနာပါနဿတိ** ယခုအခါ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် "အယမ္ပိ ခေါ ဘိက္ခဝေ အာနာပါနဿတိ သမာဓိ ဘာဝိတော ဗဟုလီကတော သန္တော စေဝ ပဏီတော စ အသေစနကော စ သုခေါ စ ဝိဟာရော ဥပ္ပန္နုပ္ပန္နေ စ ပါပကေ အကုသလေ ဓမ္မေ ဌာနသော အန္တရဓာပေတိ ဝူပသမေတိ"ဟူ၍ ဤသို့ ချီးမွမ်းပြီးလျှင် "ကထံ ဘာဝိတော စ ဘိက္ခဝေ အာနာပါနဿတိ သမာဓိ ကထံ ဗဟုလီကတော သန္တော စေဝ ပဏီတော စ....(လ)....ပဋိနိဿဂ္ဂါနုပဿီ ပဿသိဿာမီတိ သိက္ခတိ" ဟူ၍ ဤသို့လျှင် တဆယ့်ခြောက် ဌာနရှိသော အာနာပါနဿတိ ကမ္မဋ္ဌာန်းကို ညွှန်ပြတော်မူအပ်၏၊ ထိုအာနာပါနဿတိ ကမ္မဋ္ဌာန်းပွါးများနည်းကို ဖွင့်ပြဟောကြားရန် အစဉ်ရောက်ပြီ၊ ထိုအာနာပါနဿတိကမ္မဋ္ဌာန်း ပွါးနည်းသည် ဟောတော်မူသောအတိုင်း ပါဠိတော်၏ အဖွင့်ကို အစဉ်အတိုင်း ဖွင့်ဆိုခြင်းဖြင့်ပင် အလုံးစုံပြည့်စုံနိုင်၏၊ ထို့ကြောင့် ပါဠိတော်အဖွင့်ကို ရှေးဦးစွာညွှန်ပြမည်။

မှတ်ချက်။ ။ဤနေရာ၌ ပါဠိဘာသာပုဒ်ဖွင့်များကို မြန်မာဘာသာပြန်နှင့်မဆိုင်သောကြောင့် ချန်လှပ်ထားရပေမည်။

ဘိက္ခုဝိဘင်းပါဠိတော် တတိယပါရာဇိကကဏ္ဍ၌ အာနာပါနဿတိကမ္မဋ္ဌာန်းအကြောင်းကို အောက်ပါအတိုင်း ဟောတော်မူ၏။

''အို-ရဟန်းတို့၊ ပွါးများအပ်သော အကြိမ်များစွာ အလေ့အလာပြုအပ်သော ဤထွက်သက်ဝင်သက်ကို မှတ်သားမှု အာနာပါနဿတိနှင့် ယှဉ်သော သမာဓိသည် ငြိမ်လည်းငြိမ်သက်၏၊ မွန်မြတ်သည်လည်းဖြစ်၏၊ သွန်းလောင်း ထည့်စွက်အပ်သော အကြောင်းတပါးမရှိ၊ ချမ်းသာစွာလည်း နေရ၏၊ ဖြစ်ဖြစ်သမျှ

ယုတ်မာလှသော အကုသိုလ်တရားတို့ကို တခဏခြင်းကွယ်ပျောက်စေ၏၊ငြိမ်းအေးစေ၏၊ အို-ရဟန်းတို့၊ ဥပမာအားဖြင့်....(လ)....အို-ရဟန်းတို့၊ အဘယ်သို့ ပွါးများအပ်သော အဘယ်သို့ အကြိမ်များစွာ အလေ့အလာပြုအပ်သော အာနာပါနသတိနှင့်ယှဉ်သော သမာဓိသည် ငြိမ်သက် သည့်ပင်း, မွန်မြတ် သည့်ပင်း, သွန်းလောင်း ထည့်စွက်အပ်သော ပဋိကမ္မအစရှိသော အကြောင်းတပါးမရှိသည့်ပင်း, ထိုသမာဓိကိုဝင်စားတိုင်းသောခဏ၌ ချမ်းသာစွာနေရသည့်ပင်း, ဖြစ်ဖြစ်သမျှ ယုတ်မာလှသော အကုသိုလ်တို့ကို တခဏခြင်း ငြိမ်းအေးစေသည့်ပင်း, ကွယ်ပျောက်စေသည့်ပင်း ဖြစ်သနည်းဟူမူကား၊ အို-ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် တောသို့ကပ်၍ပင်း, သစ်ပင်ရင်းသို့ကပ်၍ပင်း, ဆိတ်ငြိမ်ရာ အရပ်သို့ကပ်၍ပင်း ထက်ဝယ်ဖွဲ့ခွေ၍ အထက်ဖြစ်သောကိုယ်ကို ဖြောင့်မတ်စွာထားလျက် ကမ္မဋ္ဌာန်းကို ရှေးရှုသတိကိုထင်စေ၍ ထိုင်နေ၏၊ ထိုရဟန်းသည် သတိနှင့်ပြည့်စုံသည်ဖြစ်၍ ထွက်သက်ကိုဖြစ်စေ၏၊ (ထွက်သက်ရှူ၏၊) သတိနှင့်ပြည့်စုံသည်ဖြစ်၍ ဝင်သက်ကိုဖြစ်စေ၏၊ (ဝင်သက်ရှိုက်၏၊) အဘယ်သို့ဖြစ်စေသနည်းဟူမူကား—

၁။ (၁) ရှည်စွာ ထွက်သက်ကိုဖြစ်စေသည်ရှိသော် ရှည်စွာထွက်သက်ကို ဖြစ်စေ၏ဟူ၍ သိ၏၊ ရှည်စွာဝင်သက်ကို ဖြစ်စေသည်ရှိသော် ရှည်စွာဝင်သက်ကို ဖြစ်စေ၏ဟူ၍ သိ၏။

(၂) တိုစွာထွက်သက်ကို ဖြစ်စေသည်ရှိသော် တိုစွာထွက်သက်ကိုဖြစ်စေ၏ ဟူ၍ သိ၏၊ တိုစွာဝင်သက်ကို ဖြစ်စေသည်ရှိသော် တိုစွာဝင်သက်ကို ဖြစ်စေ၏ဟူ၍ သိ၏။

(၃) အလုံးစုံသော ထွက်သက်၏ အစ, အလယ်, အဆုံး သုံးပါးလုံးကို ထင်စေလျက် ထွက်သက်ကိုဖြစ်စေအံ့ဟု ကျင့်၏၊ အလုံးစုံသော ဝင်သက်၏ အစ, အလယ်, အဆုံး သုံးပါးလုံးကို ထင်စေလျက် ဝင်သက်ကို ဖြစ်စေအံ့ဟူ၍ ကျင့်၏။

(၄) အရူပြင်း၍ ရှုန့်ရင်းသော ထွက်သက်လေ ဟူသော ကာယသင်္ခါရကို သာယာ ဖြည်းညှင်းရှုခြင်းဖြင့် ငြိမ်းစေလျက် ထွက်သက်ကို ဖြစ်စေအံ့ ဟု ကျင့်၏၊ အရှိုက်ပြင်း၍ ရှုန့်ရင်းသော ဝင်သက်လေ ဟူသော ကာယသင်္ခါရကို သာယာဖြည်းညှင်း ရှိုက်ခြင်းဖြင့် ငြိမ်းစေလျက် ဝင်သက်ကိုဖြစ်စေအံ့ ဟု ကျင့်၏၊ **၍ကား ပဌမစတုက္ကတည်း။**

၂။ (၁) ထွက်သက်၏ အစ, အလယ်, အဆုံး သုံးပါးလုံး၌ ပီတိကိုထင်စေလျက် ထွက်သက်ကိုဖြစ်စေအံ့ဟု ကျင့်၏၊ဝင်သက်၏ အစ, အလယ်, အဆုံး သုံးပါးလုံး၌ ပီတိကိုထင်စေလျက် ဝင်သက်ကို ဖြစ်စေအံ့ ဟု ကျင့်၏။

(၂) ထွက်သက်၏ အစ, အလယ်, အဆုံး သုံးပါးလုံး၌ သုခကိုထင်စေလျက် ထွက်သက်ကိုဖြစ်စေအံ့ ဟု ကျင့်၏၊ဝင်သက်၏ အစ,အလယ်, အဆုံး သုံးပါးလုံး၌ သုခကိုထင်စေလျက်ဝင်သက်ကို ဖြစ်စေအံ့ ဟု ကျင့်၏။

(၃) ထွက်သက်၏ အစ, အလယ်, အဆုံး သုံးပါးလုံး၌ စိတ္တသင်္ခါရကို ထင်စေလျက် ထွက်သက်ကိုဖြစ်စေအံ့ ဟု ကျင့်၏၊ ဝင်သက်၏ အစ, အလယ်, အဆုံး သုံးပါးလုံး၌ စိတ္တသင်္ခါရကို ထင်စေလျက် ဝင်သက်ကိုဖြစ်စေအံ့ ဟု ကျင့်၏။

(၄) အရှူပြင်း၍ ရှုန့်ရင်းသော စိတ္တသင်္ခါရကို သာယာ ဖြည်းညှင်းရှူခြင်းဖြင့် ငြိမ်းစေလျက် ထွက်သက်ကို ဖြစ်စေအံ့ ဟု ကျင့်၏၊ အရှိုက်ပြင်း၍ ရှုန့်ရင်းသော စိတ္တသင်္ခါရကို သာယာ ဖြည်းညှင်းရှိုက်ခြင်းဖြင့် ငြိမ်းစေလျက် ဝင်သက်ကိုဖြစ်စေအံ့ ဟု ကျင့်၏၊ **၍ကား ဒုတိယစတုက္ကတည်း။**

**၃။** (၁) ထွက်သက်၏ အစ, အလယ်, အဆုံး သုံးပါးလုံး၌ စိတ်ကိုထင်စေလျက် ထွက်သက်ကိုဖြစ်စေအံ့ဟု ကျင့်၏၊ဝင်သက်၏ အစ,အလယ်,အဆုံး သုံးပါးလုံး၌ စိတ်ကိုထင်စေလျက် ဝင်သက်ကို ဖြစ်စေအံ့ ဟု ကျင့်၏။

(၂) စိတ်ကို အပြားအားဖြင့် လွန်စွာ ဝမ်းမြောက်စေလျက်....(လ)....။

(၃) စိတ်ကို ကောင်းစွာထားလျက်....(လ)....။

(၄) စိတ်ကိုနီဝရဏစသည်တို့မှ လွတ်စေလျက်....(လ)....။

**ဤကား တတိယစတုက္ကတည်း။**

**၄။** (၁) အနိစ္စဟု အဖန်တလဲလဲ ရှုသည် ဖြစ်၍....(လ)....။

(၂) သင်္ခါရတို့၏ ကင်းကုန်ခြင်းကို အဖန်တလဲလဲ ရှုသည် ဖြစ်၍....(လ)....။

(၃) သင်္ခါရတို့၏ ချုပ်ငြိမ်းခြင်းကို အဖန်တလဲလဲ ရှုသည် ဖြစ်၍....(လ)....။

(၄) စေလွှတ်ခြင်းကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ ထွက်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏၊ စေလွှတ်ခြင်းကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ ဝင်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏။

**ဤကား စတုတ္ထစတုက္ကတည်း။**

ဤသို့လျှင် စတုက္ကလေးခုဖြစ်၍ တဆယ့်ခြောက်ဌာနရှိသော အာနာပါနဿတိကမ္မဋ္ဌာန်းကို ဟောကြားတော်မူလေသည်။

ဤဟောတော်မူအပ်သော အာနာပါနဿတိ ကမ္မဋ္ဌာန်းဒေသနာတော်တွင် "ငြိမ်လည်း ငြိမ်သက်၏၊ မွန်မြတ်သည်လည်းဖြစ်၏" ဆိုသည်ကား အသုဘကမ္မဋ္ဌာန်းသည် အာရုံနှင့်မရော၊ သက်သက် ပဋိဝေဓ၏အစွမ်းဖြင့် ငြိမ်သက်သည် မွန်မြတ်သည်ဖြစ်သော်လည်း ရုန့်ရင်းသော အာရုံရှိသောကြောင့်၎င်း, စက်ဆုပ်ရွံရှာဘွယ် အာရုံရှိသောကြောင့်၎င်း အာရုံ၏အစွမ်းဖြင့် ငြိမ်သက်သည်မဟုတ်၊ မမြတ်သည်ဟုတ်သကဲ့သို့ ဤအတူ ဤအာနာပါနဿတိ သမာဓိသည် တစုံတခုသောအကြောင်းဖြင့် မငြိမ်သက်သည် မမြတ်သည်မဟုတ်ချေ၊ စင်စစ်သော်ကား အာရုံ၏ငြိမ်သက်သည့်အဖြစ်ကြောင့်၎င်း, ဟုတ်မှန်တိုင်းသော သဘော

အားဖြင့် ထိုးထွင်း၍ သိအပ်သည် ဟု ဆိုအပ်သောဈာန်အင်္ဂါတို့၏ ငြိမ်သက်သည့် အဖြစ်ကြောင့်၎င်း ငြိမ်သက်သည် အေးသည် ဖြစ်၏၊ ပဋိဝေဓ ဟု ဆိုအပ်သော အင်္ဂါ၏ငြိမ်သက်သည့်အဖြစ်ကြောင့်လည်း ငြိမ်သက်သည်ဖြစ်၏၊ အာရုံ၏မြတ်သောကြောင့်၎င်း, အင်္ဂါ၏ မြတ်သောကြောင့်၎င်း မြတ်၏၊ ရောင့်ရဲတင်းတိမ်ခြင်းမဖြစ်နိုင် ဟု ဆိုလိုသည်။

"သွန်းလောင်း ထည့်စွက်အပ်သော အကြောင်းတပါးမရှိ၊ ချမ်းသာစွာလည်း နေရ၏" ဆိုသည်ကား ထို အာနာပါနဿတိ သမာဓိသည် တစုံတရာ ထပ်မံဖြည့်စွက် သွန်းလောင်းအပ်သော ပရိကမ္မအစရှိသော အကြောင်းတပါးမရှိ၊ သီးခြားသန့်သန့်ဖြစ်၏၊ ဤအာနာပါနဿတိ သမာဓိ၌ ငြိမ်သက်ခြင်း သဘော၏ အကြောင်းဖြစ်သော ပရိကံသည်လည်းမရှိ၊ ဥပစာဖြင့်မူလည်း ငြိမ်သက်မှုသည်မရှိ၊ ဥပစာရခဏ၌ နီဝရဏကင်းခြင်းကြောင့်၎င်း, ဈာန်အင်္ဂါထင်ရှားဖြစ်ခြင်းကြောင့်၎င်း အခြားသော သမာဓိတို့၏ ငြိမ်သက်သောအဖြစ်သည်ဖြစ်သကဲ့သို့ ဤအတူ ဤအာနာ-ပါနဿတိ သမာဓိ၏ ငြိမ်သက်သောအဖြစ်သည် မဖြစ်ချေ၊ ဤအာနာပါနဿတိ သမာဓိသည် စ၍ကောင်းစွာ အဖန်တလဲလဲနှလုံးသွင်းသည်ကစ၍ မိမိ၏ သဘောအားဖြင့်သာ ငြိမ်သက်သည် မြတ်သည် ဖြစ်၏ ဆိုလိုသည်၊ အချို့သောဆရာတို့ကား "မသွန်းလောင်းအပ်" ဆိုသည်ကား ဩဇာအနှစ် အသစ်မသွန်းလောင်းအပ်၊ ဩဇာနှင့်ပြည့်စုံ၏၊ သဘောအားဖြင့်ပင် ကောင်းမြတ်၏ ဟု ဆိုကြ ကုန်၏။

ဤသို့ဆိုအပ်ပြီးသောနည်းဖြင့် သွန်းလောင်း ထည့်စွက်အပ်သော အကြောင်းမရှိသော ဤအာနာပါနဿတိ သမာဓိကို ဝင်စားတိုင်း ဝင်စားတိုင်းသောခဏ၌ ကိုယ်၏ ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းကို ရခြင်းငှါ ဖြစ်သောကြောင့် ချမ်းသာစွာလည်းနေရ၏ ဟု သိအပ်၏၊ "ဖြစ်ဖြစ်သမျှကုန်သော ယုတ်မာသောအကုသိုလ်ကို တခဏခြင်း ပယ်နိုင်၏" ဆိုသည်ကား မိမိ

သန္တာန်မှ မပယ်အပ်သေးသော ဈာန်ဖြင့် မခွါအပ်သေးကုန်သောမလိမ္မာမှုဟူသော အဝိဇ္ဇာကြောင့်ဖြစ်ကုန်သော အကုသိုလ်တရားတို့ကို မိမိဖြစ်သောခဏဖြင့်ပင်လျှင် ကွယ်ပျောက်စေနိုင်၏၊ ကွာစေနိုင်၏၊ ကောင်းစွာ ငြိမ်းစေနိုင်၏၊ ထိုးထွင်းနိုင်ခြင်း အဘို့ရှိသောကြောင့် အစဉ်သဖြင့် အရိယာမဂ်ဖြင့် ကြီးပွါးခြင်းသို့ ရောက်သည်ဖြစ်၍ အကြွင်းမဲ့ဖြတ်၏၊ ငြိမ်းစေ၏ ဟူ၍ ဆိုလိုသည်၊ ဤသည်ကား အကျဉ်းမျှဖြစ်သော ပိဏ္ဍတ္ထအဓိပ္ပါယ်တည်း။

၂၁၇။ "တောအရပ်သို့ကပ်သည်ဖြစ်၍ငှင်း,....(လ)....ဆိတ်ငြိမ်ရာအရပ်သို့ ကပ်သည်ဖြစ်၍ငှင်း"ဟူသော စကားသည် ဤအာနာပါနဿတိ သမာဓိကိုပွါးခြင်းနှင့် သင့်လျော်သော ကျောင်းကို ပြသော စကား ရပ် ဖြစ်သည်၊ ထိုစကားကို ထင်ရှားစေအံ့၊ ရှည်မြင့်စွာသော ကာလပတ်လုံး ရူပါရုံ အစရှိသော အာရုံတို့၌ အစဉ်မပြတ် ပြေးသွားသော ဤရဟန်း၏စိတ်သည် အာနာပါနဿတိသမာဓိအာရုံသို့ တက်ခြင်းငှါ အလိုမရှိ၊ ကောက်ကျစ်သော နွားကသောရထားသည် ခရီးလမ်းမဟုတ်ရာကို ပြေးသွားဘိသကဲ့သို့ ဘာဝနာလမ်းမှန် မဟုတ်ရာသို့သာပြေးသွား၏၊ ထို့ကြောင့် **ဥပမာ**အားဖြင့် နွားထိန်းသည် ကောက်ကျစ်သောနွားမ၏ နို့ရည်ကိုသောက်၍ ကြီးပွါးသော ကောက်ကျစ်သော နွားငယ်ကို ဆုံးမလိုသည်ဖြစ်၍ အမိနွားမကြီးမှခွဲပြီးလျှင် သင့်လျော်သော အရပ်၌ ကြီးစွာသော တိုင်ကြီးကိုစိုက်ထူ၍ ထိုတိုင်၌ ကြိုးဖြင့် ချည်နှောင်ရာ၏၊ ထိုအခါ ထိုနွားငယ်သည် ထိုမှ ဤမှ ရုန်းကန်၍ ပြေးခြင်းငှါ မတတ်နိုင်လတ်သော် ထိုတိုင်ကိုပင်မှီ၍ ထိုင်ရာသကဲ့သို့ မှီ၍အိပ်ရာသကဲ့သို့ ဤအတူ ရှည်စွာသော နေ့ညဉ့်တို့ကာလပတ်လုံး ရူပါရုံ အစရှိသည်ကို စွဲ၍ဖြစ်သော သုခဝေဒနာတည်းဟူသော အရသာကို မျိုသောက်သဖြင့် ကြီးပြင်းသော ပျက်ချော်သောစိတ်ကိုဆုံးမခြင်းငှါ အလိုရှိသော ဤရဟန်းသည်

လည်း ရူပါရုံ အစရှိသော အာရုံတို့မှဖဲခွါ၍ တောအရပ်သို့ရင်း, ဆိတ်ငြိမ်ရာအရပ်သို့ရင်း ဝင်ပြီးလျှင် ထွက်သက် ဝင်သက် ဟူသောတိုင်၌ သတိဟူသောကြိုးဖြင့် နှောင်ဖွဲ့အပ်၏၊ ဤသို့ပြုသည်ရှိသော် ထိုရဟန်း၏စိတ်သည် ထိုမှ ဤမှ တုန်လှုပ် ပြေးသွားလိုသော်လည်း ရှေးကကျက်စားဘူးသော အာရုံကိုရသည်ဖြစ်၍ သတိဟူသောကြိုးကို ဖြတ်၍ပြေးခြင်းငှါ မတတ်နိုင်သောကြောင့် ထိုအာနာပါနဿတိ သမာဓိအာရုံကိုသာလျှင် ဥပစာရ အပ္ပနာ၏ အစွမ်းဖြင့် မှီ၍ထိုင်၏၊ မှီ၍အိပ်၏၊ ထို့ကြောင့် ရှေးဆရာတို့သည်—

**ယထာ ထမ္ဘေ နိဗန္ဓေယျ၊ ဝစ္ဆံ ဒမံ နရော ဣဓ။**
**ဗန္ဓေယျေဝံ သကံ စိတ္တံ၊ သတိယာရမ္မဏေ ဒဠှံ။**

ဟူသော ဂါထာကို မိန့်ဆိုကြကုန်၏။

"စဉ်းလဲ ကောက်ကျစ်သော နွားကလေးကို ဆုံးမပဲ့ပြင်လိုသောသူသည် ချည်တိုင်၌ခိုင်မြဲစွာ ချည်နှောင်ရာသကဲ့သို့ ဤအတူ ပျက်ချော် လေလွင့်၍နေသော မိမိစိတ်ကို ဆုံးမပဲ့ပြင်လိုသောသူသည် ကမ္မဋ္ဌာန်းကို ကောင်းစွာ မှတ်သားခြင်း သတိ တည်း ဟူသော ကြိုးဖြင့် ကမ္မဋ္ဌာန်းအာရုံ၌ ထိုစိတ်ကို ကြပ်တည်း ခိုင်မြဲစွာ နှောင်ဖွဲ့ရာ၏"။ ဤကား အဓိပ္ပါယ်။

ဤသို့ဖြစ်သော်သာလျှင် ထိုရဟန်း၏ ထိုကျောင်းအိပ်ရာနေရာသည် ဘာဝနာအား လျော်ကပတ်သည်ဖြစ်၏၊ ထို့ကြောင့် အာနာပါနဿတိ သမာဓိကို ပွါးခြင်းနှင့် သင့်လျော်သော ကျောင်းကို ပြသောစကားရပ်ဖြစ်သည် ဟု ဆိုခဲ့ပေသည်။

တနည်းကား— ကမ္မဋ္ဌာန်းအမျိုးမျိုးတို့တွင် ဦးထိပ်သဘွယ်ဖြစ်သောအလုံးစုံသော ဘုရားပစ္စေကဗုဒ္ဓါ ဘုရားတပည့်သာဝကတို့၏ တရားအထူးကိုရခြင်း, မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်းသာစွာနေရခြင်း၏ နီးစွာသော အကြောင်းဖြစ်သော ဤ

အာနာပါနဿတိ ကမ္မဋ္ဌာန်းကို မိန်းမသံ, ယောကျ်ားသံ, ဆင်သံ, မြင်းသံ အစရှိသည်တို့နှင့် ပြွမ်းသော ရွာနီးကျောင်းကို မစွန့်မူ၍ ပွါးခြင်းငှါ မလွယ်ကူ၊ အဘယ့်ကြောင့်ဆိုသော် အသံသည် ဈာန်၏ဆူးငြောင့်ဖြစ်သောကြောင့် ပေတည်း၊ ရွာမဟုတ်သော တော၌ကား ယောဂီပုဂ္ဂိုလ်သည် ဤကမ္မဋ္ဌာန်းကို သိမ်းဆည်း၍ အာနာပါနလျှင် အာရုံရှိသော ဈာန်လေးပါးကို ဖြစ်စေပြီးလျှင် ထိုဈာန်လေးပါးကိုပင် အခြေပြုလျက် တေဘူမိက သင်္ခါရတို့ကို သုံးသပ်၍ မြတ်သောဖိုလ်ဟု ဆိုအပ်သော အရဟတ္တဖိုလ်ကို ရောက်ခြင်းငှါ လွယ်ကူ၏၊ ထို့ကြောင့် ထိုအာနာပါနကမ္မဋ္ဌာန်း စီးဖြန်းသောပုဂ္ဂိုလ်နှင့် လျောက်ပတ်သောကျောင်းကို ပြတော်မူလိုသော မြတ်စွာဘုရားသည် "တောအရပ်သို့ ကပ်၍ငင်း" စသော စကားကို မိန့်ဆိုတော်မူအပ်လေသည်။

ထိုစကားမှန်၏၊ မြတ်စွာဘုရားသည် မြေကြန်လက္ခဏာ တတ်သော ဆရာနှင့် တူတော်မူ၏၊ ထို မြေကြန်လက္ခဏာ တတ်သော ဆရာသည် မြို့မြေရာကိုမြင်၍ ကောင်းစွာ ဆင်ခြင်ပြီးလျှင် ဤအရပ်၌ မြို့တည်ကြကုန်လော့ဟု ညွှန်ကြား၏၊ ချမ်းသာသဖြင့် မြို့ကြီး ပြီးသည်ရှိသော် မင်းမျိုးတို့အထံမှ ကြီးစွာသော ပူဇော်သက္ကာရကို ရသကဲ့သို့ ဤအတူ ယောဂီပုဂ္ဂိုလ်အား လျော်သော ကျောင်းနေရာကို ဆင်ခြင်၍ ဤအရပ်၌ ကမ္မဋ္ဌာန်းကို အားထုတ်အပ်၏ဟု ညွှန်ကြားတော်မူ၏၊ ထို့နောက် ထိုအရပ်၌ ကမ္မဋ္ဌာန်းကို အားထုတ်သော ယောဂီပုဂ္ဂိုလ်သည် အစဉ်အတိုင်း အရဟတ္တဖိုလ်သို့ ရောက်သည်ရှိသော် "ထိုမြတ်စွာဘုရားသည် မဖောက်မပြန် ကိုယ်တော်တိုင် သစ္စာလေး၀ ဥယျာဉ်ပါးတန်ကို အမှန် သိတော်မူနိုင်ပေ၏"ဟု ပြုအပ်သော ကြီးစွာသော ပူဇော် သက္ကာရကို ရ၏၊ ဤရဟန်းကိုကား ကျားသစ်မင်းနှင့် တူ၏ဟူ၍ ဆိုအပ်၏၊ **ဥပမာ** အားဖြင့် ကျားသစ်မင်းသည် တော၌ မြက်တောကိုငင်း, သစ်တောကိုငင်း, တောင်တောကိုငင်း အမှီပြု၍ ပုန်းအောင်းပြီးလျှင် တောကျွဲ,စိုင်,၀က်,အစရှိသော သားကောင်တို့ကို ဖမ်းယူ၏၊ ဤအတူ တောအရပ် စသည်တို့၌ ကမ္မဋ္ဌာန်းကို

အားထုတ်သော ရဟန်းသည် အစဉ်အတိုင်း သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်တို့ကိုင်း, အရိယဖိုလ်တို့ကိုင်း ဖမ်းယူ၏ဟူ၍ သိအပ်၏၊ ထို့ကြောင့် ရှေးဆရာတို့သည် အောက်ပါဂါထာကို ဆိုကြကုန်၏။

''ယထာပိ ဒီပိကော နာမ၊ နိလီယိတွာ ဂဏှာတိ မိဂေ။
တထေဝါယံ ဗုဒ္ဓပုတ္တော၊ ယုတ္တယောဂေါ ဝိပဿကော။
အရညံ ပဝိသိတွာန၊ ဂဏှာတိ ဖလမုတ္တမ''န္တိ။

ကျားသစ်မင်းမည်သည် ပုန်းအောင်း၍ သားသမင်တို့ကို ဖမ်းယူဘိသကဲ့သို့ ထို့အတူ အားထုတ် လုံ့လဝီရိယရှိသော အထူးသဖြင့် ရှုမြင်သောဘုရားရှင်၏ သားတော်သည် တောသို့ ဝင်၍ မြတ်သော အရဟတ္တဖိုလ်ကို ဖမ်းယူ၏။ ဤကား အဓိပ္ပါယ်။

ထို့ကြောင့် ယောဂီပုဂ္ဂိုလ်၏ ဘာဝနာ အားထုတ်သော စွမ်းအားနှင့် သင့်လျော်သော မြေအရပ် တောကျောင်းကို ညွှန်ပြလိုသော မြတ်စွာဘုရားသည် ''တောအရပ်သို့ကပ်၍ငင်း''စသော စကားကို မိန့်ဆိုတော်မူ၏။

၂၁၈။ ထိုစကားတွင် ''တောအရပ်'' ဆိုသည်ကား ''မြို့ရွာမှ ထွက်သွားလျှင် တံခါးတိုင်၏ အပြင်ဘက်ရှိ အလုံးစုံသော အရပ်သည် တောမည်၏'' ဟူ၍ငင်း, ''မြို့ရွာမှ အယုတ်သဖြင့် ကုလားလေးတာ ၅၀၀-ကွာ၍ တည်သော ကျောင်းသည် တောရကျောင်း မည်၏''ဟူ၍ငင်း ဤသို့ ဆိုအပ်သော တော၏လက္ခဏာရှိသော တောတို့တွင် တစုံတခုသော ဆိတ်ငြိမ်ချမ်းသာသော တောအရပ်သို့ ကပ်၍ဟု ဆိုလိုသည်။

''သစ်ပင်ရင်းသို့ ကပ်၍ငင်း''ဟူသည်ကား သစ်ပင်၏အနီးသို့ ကပ်၍ငင်းဟု ဆိုလိုသည်၊ ''ဆိတ်ငြိမ်ရာအရပ်သို့ကပ်၍ငင်း''ဟူ၍ ဆိုရာ၌ ဆိုအပ်ခဲ့ပြီးသော တောနှင့်သစ်ပင်ရင်းမှတပါး တောင်

ချောက်, ဂူ, သုသာန်, တောအုပ်, လွင်တီးကောင်, ကောက်ရိုးပုံ ခုနစ်ဌာနသို့ ကပ်ရောက်သောရဟန်းကို ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ရောက်သော ရဟန်းဟု ဆိုခြင်းငှါ သင့်၏။

ဤသို့လျှင် ဥတုသုံးပါးအား လျော်သော သွေး, သည်းခြေ, လေ, သလိပ်ဓာတ် စရိုက်အား လျော်သော အာနာပါနဿတိ ကမ္မဋ္ဌာန်းနှင့် သင့်တော် လျောက်ပတ်သောကျောင်းကို ညွှန်ကြား ပြီး၍ မတွန့်တိုခြင်း မပျံ့လွင့်ခြင်း အင်္ဂါရှိသော ငြိမ်သက်သော ဣရိယာပုထ်ကို ညွှန်ကြားတော်မူလို ပြန်သောကြောင့် မြတ်စွာ ဘုရားသည် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေ၏”ဟူသော စကားကို မိန့်ဆို တော် မူလေသည်။

“ထက်ဝယ်ဖွဲ့ခွေ”ဟူသော စကား၌ “ထက်ဝယ်”ဟူသည် ထက်ဝန်းကျင်မှ ပေါင်တို့ကို အောက်သို့ ဖွဲ့ခွေသည်ကို ဆိုသည်၊ “ကိုယ်ကို ဖြောင့်စွာထားလျက်” ဟူသည် အထက်ပိုင်းကိုယ်ကို ဖြောင့်စွာထား၍ဟု ဆိုလိုသည်၊ ဤသို့ ထိုင်နေခြင်းကြောင့် တဆဲ့ရှစ်ခုသော ကျောဆစ်ရိုးတို့သည် တခုအစွန်းနှင့် တခုအစွန်း ထိသဖြင့် အရေ, အသား, အကြောတို့သည် မညွတ်ကုန်၊ ထိုသို့ မညွတ်ခြင်းကြောင့် ထိုရဟန်းအား ကျင်နာသောဝေဒနာတို့သည် မဖြစ်ကုန်၊ ကျင်နာသော ဝေဒနာတို့ မဖြစ်သောကြောင့် စိတ်သည် တည်ကြည်၏၊ ကမ္မဋ္ဌာန်းသည် မပျောက်ပျက်၊ ကြီးပွါးခြင်းသို့ ပြန့်ပြောခြင်းသို့ ရောက်၏။

၂၁၉။ ‘‘သတိရှိသည်ဖြစ်၍ ဝင်သက်ကို ဖြစ်စေ၏၊ သတိရှိသည် ဖြစ်၍ ထွက်သက်ကို ဖြစ်စေ၏’’ဆိုသည်ကား ထိုရဟန်း သည် ဤသို့ ဆိုအပ်ပြီးသော နည်းအတိုင်း ထိုင်နေ၍ ဤသို့ ကမ္မဋ္ဌာန်းသို့ ရှေးရှု သတိကိုယား၍ ထိုသတိကို မစွန့်ဘဲ အောက်မေ့ မှတ်သားလျက် ထွက်သက်ကို ရှု၏၊ အောက်မေ့ မှတ်သားလျက် ဝင်သက်ကို ရှု၏၊ သတိမှု၍ ပြုလေ့ရှိသည် ဖြစ်၏ဟု ဆိုလို၏။

ယခုအခါ အကြင် အခြင်းအရာတို့ဖြင့် သတိမူလျက် ပြုသည် ဖြစ်၏၊ ထို အခြင်းအရာတို့ကို ပြခြင်းငှါ "ရှည်စွာ ဝင်သက်ကို ဖြစ်စေသည်ရှိသော်" အစရှိသော စကားကို ဆိုအပ်လေသည်၊ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော်ဝယ် "သော သတော၀ အဿသတိ သတော၀ ပဿသတိ" ဟူသော ပုဒ်၏အဖွင့် ဝိဘင်း၌ "*သုံးဆယ့်နှစ်ပါးသော အခြင်းအရာတို့ဖြင့် သတိမူခြင်းကို ပြုလေ့ရှိသည် ဖြစ်၏။

**မှတ်ချက်။ ။*သုံးဆယ့်နှစ်ပါးသော အခြင်းအရာကား—**

(၁) "ဒီဃ, ရဿ, သဗ္ဗကာယ ပဋိသံ ဝေဒီ ပဿမ္ဘယံ ကာယသင်္ခါရံ" ဟူသော ပဌမ စတုက္က၊

(၂) "ပီတိ ပဋိသံဝေဒီ, သုခပဋိသံဝေဒီ, စိတ္တသင်္ခါရပဋိသံ-ဝေဒီ, ပဿမ္ဘယံ စိတ္တသင်္ခါရံ" ဟူသော ဒုတိယစတုက္က၊

(၃) "စိတ္တပဋိသံဝေဒီ, အဘိပ္ပမောဒယံ စိတ္တံ, သမာဒဟံ စိတ္တံ, ဝိမောစယံ စိတ္တံ" ဟူသော တတိယစတုက္က၊

(၄) အနိစ္စာနုပဿီ, ဝိရာဂါနုပဿီ, နိရောဓာနုပဿီ, ပဋိနိဿဂ္ဂါနုပဿီ ဟူသော စတုတ္ထစတုက္က။

ဤ လေးပါးသော စတုက္ကတို့ကို ပေါင်း, ၁၆-ပါးသော ဝတ္ထု ဖြစ်သည်၊ ထို ဝတ္ထု ၁၆-ပါးကို အဿာသ ပဿာသ နှစ်ပါးနှင့် မြှောက်၍ သုံးဆဲ့နှစ်ပါးသော အခြင်းအရာ ဖြစ်သည်။ (ဤကား အမှာစကားတည်း)

ရှည်သော ထွက်သက်၏အစွမ်းဖြင့် မပျံ့လွင့်သော စိတ်၏ တခုတည်းသော အာရုံရှိသောအဖြစ်ကို သိသောသူအား သတိ သည် ထင်၏၊ ထို သတိဖြင့်၎င်း, ထို ဉာဏ်ဖြင့်၎င်း သတိမူ၍ ပြုသည် ဖြစ်၏၊ ရှည်သော ဝင်သက်၏ အစွမ်းဖြင့်....(လ).... ပရိစ္စာဂပဋိနိဿဂ္ဂ, ပက္ခန္ဒနပဋိနိဿဂ္ဂ ဟူသော အနုပဿနာနှင့် ပြည့်စုံသည်ဖြစ်၍ ဝင်သက် ရှိုက်ခြင်း၏ အစွမ်းဖြင့်....(လ).... ထွက်သက် ရှူခြင်း၏အစွမ်းဖြင့် မပျံ့လွင့်သောစိတ်၏ တခုတည်း

သော အာရုံရှိသော အဖြစ်ကို သိသောသူအား သတိသည် ထင်၏၊ ထိုသတိဖြင့်၎င်း, ထိုဉာဏ်ဖြင့်၎င်း သတိမူ၍ ပြုသည် ဖြစ်၏” ဟူ၍ ဟောတော်မူအပ်၏။

ထိုပါဠိတော်ဝယ်“ရှည်စွာ ထွက်သက်ကိုဖြစ်စေသည်ရှိသော်” ဆိုသောစကား၌ “အဿာသ'' ထွက်သက်ဆိုသည်ကား-အပသို့ ထွက်သော လေတည်း၊ “ပဿာသ” ဝင်သက်ဆိုသည်ကား-အတွင်းသို့ဝင်သော လေတည်းဟု **ဝိနည်းအဋ္ဌကထာ၌** ဆို၏၊ **သုတ္တန်အဋ္ဌကထာတို့၌ကား**–အစဉ် ချွတ်ယွင်းသဖြင့် ပြောင်းပြန် လာ၏၊ အလုံးစုံသော အမိဝမ်း၌ ကိန်းသော သတ္တဝါတို့အား အမိဝမ်းမှထွက်သော ကာလ၌ ရှေးဦးစွာ အတွင်းလေသည် အပသို့ ထွက်၏၊ နောက်မှ အပလေသည် သိမ်မွေ့သောမြူကို ယူ၍ ကိုယ်တွင်းသို့ ဝင်သော် အာစောက်ကိုထည့်၍ ချုပ်၏၊ ဤသို့ ထွက်သက် အဿာသနှင့် ဝင်သက် ပဿာသတို့ကို မွေးဖွားစ ကာလ၌ ဦးစွာဖြစ်စဉ်၏ အစွမ်းအားဖြင့် ဝိနည်းအဋ္ဌကထာ၌ ဖွင့်ဆိုအပ်ကုန်၏။

**မှတ်ချက်။** **သုတ္တန်အဋ္ဌကထာတို့၌ကား**-ပဝတ္တိအခါ၌ ကမ္မဋ္ဌာန်းကို အားထုတ်သောကာလ၌ နှာခေါင်း လေကို ဦးစွာပဌမ အတွင်းသို့ ရှိုက်ရှူ၍ နောက်မှ ပြင်သို့ ရှူထုတ်ခြင်းကြောင့် ပြုပြင်၍ ဖြစ်သော ပဝတ္တိက္ကမဖြင့် ဦးစွာ ရှိုက်သွင်းသော လေကို အဿာသ, ပြင်သို့ ရှူထုတ်သောလေကို ပဿာသ ဟူ၍ ပြောင်းပြန် ဖွင့်ကြကုန်၏၊ ဤ နှစ်နည်း တို့တွင် သုတ္တန်အဋ္ဌကထာ နည်းသည်သာလျှင် “အဿာသာဒိမဇ္ဈပရိယောသာနံ သတိယာ အနုဂစ္ဆတော အဇ္ဈတ္တံ ဝိက္ခေပဂတေန စိတ္တေန ကာယောပိ စိတ္တံပိ သာရဒ္ဓါ စ ဟောန္တိ၊ ဣဉ္ဇိတာ စ ဖန္ဒိတာ စ” ဟူ၍၎င်း, “ပဿာသာဒိ-မဇ္ဈပရိယောသာနံ သတိယာ အနုဂစ္ဆတော ဗဟိဒ္ဓါ ဝိက္ခေပဂတေန စိတ္တေန ကာယောပိ စိတ္တံပိ

သာရဒ္ဓါ စ ဟောန္တိ, ဇဠီကတာ စ, ဖန္ဒိတာ စ ဟူ၍ပင် **ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌** ဟောတော်မူအပ်သော စကားတော်တို့နှင့် ညီညွတ်သည် ဖြစ်သောကြောင့် **သုတ္တန် အဋ္ဌကထာ** နည်းကို သာလျှင် ကမ္မဋ္ဌာန်းကို အားထုတ်ရာ၌ အလိုရှိအပ်၏ဟူ၍ **ဝိသုဒ္ဓိမဂ်မဟာဋီကာဆရာ** မိန့်ဆိုတော်မူ၏၊ ဤပဋိသမ္ဘိဒါမဂ်ပါဠိတော်၏ အဓိပ္ပါယ်ကား ဤဆိုလတ္တံ့အတိုင်း ဖြစ်၏။

ဝင်သက် "အဿာသ"၏ အစ, အလယ်, အဆုံးသို့ သတိဖြင့် အစဉ်တစိုက် ရောက်၍ လိုက်သော ယောဂီပုဂ္ဂိုလ်၏ အတွင်းသို့ ပျံ့လွင့်သော စိတ်ကြောင့် ကိုယ်သည်၎င်း,စိတ်သည်၎င်း ပင်ပန်းကုန်၏၊ တုန်ကုန်၏, လှုပ်ကုန်၏။

ထွက်သက် "ပဿာသ"၏ အစ, အလယ်, အဆုံးသို့ သတိဖြင့် အစဉ်တစိုက် ရောက်၍ လိုက်သော ယောဂီပုဂ္ဂိုလ်၏ အပသို့ ပျံ့လွင့်သော စိတ်ကြောင့် ကိုယ်သည်၎င်း, စိတ်သည်၎င်း ပင်ပန်းကုန်၏, တုန်ကုန်၏, လှုပ်ကုန်၏၊ ဤကား အဓိပ္ပါယ် ရှင်းလင်းချက် စကားချပ်တည်း။

ထို့ပြင် ထိုဝင်သက် ထွက်သက်တို့၏ ရှည်သော အဖြစ်, တိုသောအဖြစ်သည် ရှိ၏၊ ထို အရှည် အတိုကို အချိန်ကာလဖြစ်သော အဓ္ဓန်၏အစွမ်းဖြင့် သိအပ်၏၊ သိအပ်ပုံကား—ဩကာသဖြစ်သော အဓ္ဓန်ကိုနှိုင်း၍ တည်သောရေကို၎င်း,သဲကို၎င်း ရှည်သောရေ, ရှည်သောသဲ, တိုသောရေ, တိုသောသဲဟု ဆိုအပ်သကဲ့သို့ ထို့အတူ များစွာသော ရုပ်ကလာပ်တို့ အဖြစ်ဖြင့် မှုန့်မှုန့်ညက်ညက် ဖြစ်သော်လည်း ဝင်သက် ထွက်သက်တို့သည် ဆင်သတ္တဝါ၏ ကိုယ်၌၎င်း, မြွေ၏ကိုယ်၌၎င်း ထို ဆင်, မြွေတို့၏ ကိုယ်အတ္တဘောရှည်သောအရပ်ကို ဖြည်းဖြည်း ပြည့်စေ၍ ဖြည်းဖြည်း ထွက်ကုန်၏၊ ထိုသို့ ဖြည်းဖြည်းဖြစ်၍ ရှည်သောသန္တာန် ရှိသည့်အဖြစ်ကြောင့်

ရှည်၏ဟူ၍ ဆိုအပ်ကုန်၏၊ ခွေးသတ္တဝါ ယုန်သတ္တဝါတို့၏ ကိုယ်အတ္တဘော တည်းဟူသော တိုသောအရပ်ကို လျင်စွာ ပြည့်စေ၍ လျင်စွာ ထွက်ကုန်၏၊ ထို့ကြောင့် တို၏ဟူ၍ ဆိုအပ်ကုန်၏၊ လူတို့၏ကိုယ်၌ကား အချို့လူတို့သည် ဆင်,မြွေစသည် တို့ကဲ့သို့ ကာလအခွန့်၏ အစွမ်းဖြင့် ရှည်သောဝင်သက်ကိုလည်း ရှိုက်ကုန်၏၊ ရှည်သော ထွက်သက်ကိုမူလည်း ရှူထုတ်ကုန်၏၊ အချို့ သူတို့သည် ခွေး, ယုန် စသည်တို့ကဲ့သို့ ကာလ အခွန့်၏အစွမ်းဖြင့် တိုသောထွက်သက် ဝင်သက်ရှိကုန်၏၊ ထို့ကြောင့် ထိုသတ္တဝါ တို့အား အချိန်ကာလ၏ အစွမ်းဖြင့် ရှည်သောကာလပတ်လုံး ဝင်သည်လည်းဖြစ်သော ထွက်သည်လည်းဖြစ်သော ထိုဝင်သက် ထွက်သက်တို့ကို ရှည်၏ဟူ၍ သိအပ်ကုန်၏၊ နည်းသောကာလ အခွန့်ပတ်လုံး ဝင်သည်လည်းဖြစ်သော ထွက်သည်လည်း ဖြစ်သော ထိုဝင်သက် ထွက်သက်တို့ကို တို၏ဟူ၍ သိအပ်ကုန်၏။

ထိုပါဠိတော်၌ ကိုးပါးသော အခြင်းအရာတို့ဖြင့် ရှည်စွာ ဝင်သက် ရှိုက်သည်လည်းဖြစ်သော ထွက်သက် ရှူသည်လည်း ဖြစ်သော ဤရဟန်းသည် ရှည်စွာ ဝင်သက်ရှိုက်၏၊ ထွက်သက်ကို ရှူ၏ဟု သိ၏၊ ဤသို့သိသော ထိုယောဂီပုဂ္ဂိုလ်အား တခုသော အခြင်းအရာအားဖြင့် ကာယာနုပဿနာ သတိပဋ္ဌာန်ကို ပွါးခြင်း သည် ပြည့်စုံ၏ဟု သိအပ်၏။

**ပဋိသမ္ဘိဒါမဂ်ပါဠိတော်**၌ ထိုကိုးပါးသော အခြင်းအရာကို ဟောတော်မူသည်ကား—အဘယ်ကဲ့သို့လျှင် ရှည်စွာ ဝင်သက်ကို ရှိုက်သောရဟန်းသည် ရှည်စွာ ဝင်သက်ကိုရှိုက်၏ ဟူ၍ သိသနည်း၊ ရှည်စွာ ထွက်သက်ကို ရှူသောရဟန်းသည် ရှည်စွာ ထွက်သက်ကို ရှူ၏ ဟူ၍ သိသနည်း၊ ရှည်သော ဝင်သက်လေကို အခွန့်ကာလ ဟု ဆိုအပ်သော ရှည်သော ခဏကာလပတ်လုံးအတွင်းသို့ ငင်ရှိုက်၏၊ ရှည်သော ထွက်သက်လေကို အခွန့်ကာလ ဟု ဆိုအပ်သော ခဏကာလပတ်လုံး အပသို့ ရှူထုတ်၏၊ ရှည်သော ဝင်သက်လေ ထွက်သက်လေကို အခွန့်ကာလ ဟု ဆိုအပ်သော ခဏကာလ

ပတ်လုံးငင်ရိုက်၏၊ ရှုထုတ်၏၊ ရှည်သော ဝင်သက် ထွက်သက်လေကို အဓွန့်ကာလခဏ၌ ငင်ရိုက်သောယောဂီအားရှင်း, ရှုထုတ်သောယောဂီအားရှင်း ကုသိုလ်ဆန္ဒသည် ဖြစ်၏၊ ဆန္ဒ၏အစွမ်းဖြင့် ထို့ထက် သိမ်မွေ့သော ရှည်သော ဝင်သက်ကို အဓွန့်ကာလ ဟု ဆိုအပ်သောခဏ၌ ငင်ရိုက်ရှုထုတ်၏၊ ဆန္ဒ၏အစွမ်းဖြင့် ထို့ထက် သိမ်မွေ့သော ရှည်သော ထွက်သက်ကို....(လ)....ရှည်သော ဝင်သက် ထွက်သက်ကို အဓွန့်ကာလ ဟု ဆိုအပ်သောခဏ၌ ငင်ရိုက်၏၊ ရှုလည်း ရှုထုတ်၏၊ ဆန္ဒ၏အစွမ်းဖြင့် ထို့ထက်သိမ်မွေ့သော ရှည်သော ဝင်သက်ထွက်သက်ကို အဓွန့်ကာလ ဟု ဆိုအပ်သောခဏ၌ ငင်ရိုက်သော ရဟန်းအားရှင်း, ရှုထုတ်သောရဟန်းအားရှင်း ဝမ်းမြောက်ခြင်း ပါမောဇ္ဇသည် ဖြစ်၏။

ပါမောဇ္ဇ၏အစွမ်းဖြင့် ထို့ထက် သိမ်မွေ့သော ရှည်သော ဝင်သက်ကို အဓွန့်ကာလ ဟု ဆိုအပ်သောခဏ၌ ငင်ရိုက်၏၊ ပါမောဇ္ဇ၏ အစွမ်းဖြင့် ထို့ထက် သိမ်မွေ့သော ရှည်သော ထွက်သက်ကို....(လ)....ရှည်သော ဝင်သက် ထွက်သက်ကို အဓွန့်ကာလဟု ဆိုအပ်သောခဏ၌ ငင်ရိုက်၏၊ ရှုလည်း ရှုထုတ်၏။

ပါမောဇ္ဇ၏အစွမ်းဖြင့် ထို့ထက် သိမ်မွေ့သော ရှည်သော ဝင်သက်ထွက်သက်ကို အဓွန့်ကာလဟု ဆိုအပ်သောခဏ၌ ငင်ရိုက်သောရဟန်းအားရှင်း, ရှုထုတ်သော ရဟန်းအားရှင်း ရှည်စွာသော ဝင်သက်ထွက်သက်မှ စိတ်သည် နစ်၏၊ ဥပေက္ခာသည် တည်၏၊ ဤကိုးပါးသော အခြင်းအရာတို့ဖြင့် ရှည်သော ဝင်သက်ထွက်သက်တို့သည် ကာယမည်၏၊ သတိသည် ထို အာရုံသို့ကပ်၍ တည်တတ်ရကား ထင်ခြင်း ဥပဋ္ဌာန မည်၏၊ အဖန်တလဲလဲ ရှုတတ်သောပညာသည် ဉာဏ်မည်၏၊ ထိုဝင်သက် ထွက်သက်ဟူသော ရူပကာယ,ရှင်းတို့၏ မှီရာဖြစ်သော ရူပကာယ,ရှင်းတို့ကို အာရုံပြုတတ်သော နာမကာယ အပေါင်းသည် သတိ၏ တည်ရာဖြစ်သောကြောင့် ဥပဋ္ဌာန မည်၏၊ သတိ မမည်၊ သတိသည်ကား- ထိုရူပကာယ နာမကာယကို အာရုံပြုသည်၏အစွမ်းဖြင့် ကပ်၍

တည်တတ်သောကြောင့် ဉပဋ္ဌာနလည်း မည်၏၊ အောက်မေ့တတ်သောကြောင့် သတိလည်း မည်၏၊ ထိုသတိဖြင့် ထိုဉာဏ်ဖြင့် ထိုအဿာသ ပဿာသကာယကို ရှု၏၊ ထို့ကြောင့် ကိုယ်၌ရှုသော ဤဘာဝနာကို ကာယာနုပဿနာ သတိပဋ္ဌာန ဘာဝနာဟူ၍ ဆိုအပ်၏။

တိုသော ထွက်သက်ဝင်သက်ကို ဆိုရာ၌လည်း ဤနည်းအတိုင်း ပင်တည်း၊ အထူးကား–ထိုရှည်သော အဿာသ ပဿာသကို ဟောရာ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ "ရှည်သော ဝင်သက်ကို အဓွန့်ကာလ ဟု ဆိုအပ်သောခဏ၌ ဟု ဆိုအပ်သကဲ့သို့ ဤအတူ ဤ၌လည်း ဘိုသောဝင်သက်ကို တိုသောကာလ ဟု ဆိုအပ်သော ခဏ၌ ငင်ရှိုက်၏" ဟု လာ၏၊ထို့ကြောင့် ကိုယ်၌ရှုသော ဤဘာဝနာကို ကာယာနုပဿနာ ဘာဝနာဟူ၍ ဆိုအပ်၏ဟူသော စကားရပ်တိုင်အောင်သော ပါဠိတော်ကို ယူအပ်၏၊ ဤသို့ဆိုအပ်ပြီးသောနည်းအားဖြင့် ဤယောဂီပုဂ္ဂိုလ်ကို "ရှည်သော အဓွန့်ကာလ၏အစွမ်းဖြင့်၎င်း, တိုသောကာလ ခဏ၏ အစွမ်းဖြင့် ၎င်း ဤကိုးပါးကုန်သော အခြင်းအရာတို့ဖြင့် ဝင်သက်ထွက်သက် တို့ကို သိသောကြောင့် ရှည်သော ဝင်သက်လေကို ဖြစ်စေသည် ရှိသော် ရှည်သော ဝင်သက်လေကို ငါဖြစ်စေ၏ ဟု သိသောသူ ဟူ၍....(လ)....တိုသော ထွက်သက်လေကို ဖြစ်စေသည်ရှိသော် တိုသော ထွက်သက်လေကို ငါဖြစ်စေ၏ ဟု သိသောသူဟူ၍ သိအပ်၏၊ ဤသို့သိသော ရဟန်း၏ နှာသီးဖျား၌၎င်း, အထက်နှုတ်ခမ်း၌၎င်း—

> ရှည်သည်လည်းဖြစ်သော တိုသည်လည်းဖြစ်သော ဝင်သက်၎င်း, အထက်နှုတ်ခမ်း၌၎င်း, ထိုသို့အရှည် အတိုသဘောရှိသော ထွက်သက်၎င်း, ဤသို့ လေးပါး ကုန်သော အခြင်းအရာတို့သည် ဖြစ်ကုန်၏။

၂၂၀။ "အလုံးစုံသော ဝင်သက်အပေါင်း၏ အစ,အလယ်,အဆုံး သုံးပါးကိုသင်စေလျက် ဝင်သက်ကိုဖြစ်စေအံ့ ဟု ကျင့်၏၊

ထွက်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏”ဟူသည်ကား– အလုံးစုံသော ဝင်သက် (အပေါင်း)၏ အစ, အလယ်, အဆုံး သုံးပါးကိုသိသည်ကိုပြုလျက် ထင်ရှားသည်ကို ပြုလျက် ဝင်သက်ကိုဖြစ်စေအံ့ဟု ကျင့်၏၊ အလုံးစုံသော ဝင်သက် (အပေါင်း) ၏ အစ,အလယ်,အဆုံး သုံးပါးကို သိသည်ကိုပြုလျက် ထင်ရှားသည်ကိုပြုလျက် ထွက်သက်ကိုဖြစ်စေအံ့ဟု ကျင့်၏၊ ဤသို့ သိသည်ကိုပြုလျက် ထင်ရှားသည်ကိုပြုလျက် ဉာဏ်နှင့် ယှဉ်သော စိတ်ဖြင့် ဝင်သက်ကိုလည်း ဖြစ်စေ၏၊ ထွက်သက်ကိုလည်း ဖြစ်စေ၏၊ ထို့ကြောင့် ဤသို့ အစ, အလယ်, အဆုံး ထင်ရှားပြုခြင်းအမှု ဖြစ်လာသော ယောဂီကို အလုံးစုံသော ဝင်သက် ထွက်သက်ကို အသီးအသီး ကောင်းစွာသိတတ်သည်ဖြစ်၍ ဝင်သက်ကို ဖြစ်စေအံ့, ထွက်သက်ကို ဖြစ်စေအံ့ဟု ရှေးနှလုံးသွင်းအားလျော်စွာ ကျင့်နိုင်ပေ သသူဟူ၍ ဘုရား အစရှိကုန်သော ပညာရှိတို့သည် ချီးမွမ်းအပ်၏။

ထိုစကားမှန်သည်၊ တဦးသောရဟန်းအား မှုန့်မှုန့်ညက်ညက် ပြန့်သော ဝင်သက် အဿာသ ကာယဉ္စရင်း, ထွက်သက် ပဿာသ ကာယဉ္စရင်း အစထင်ရှား၏၊ အလယ်, အဆုံးတို့သည် မထင်ရှားကုန်၊ ထိုရဟန်းသည် အစကိုသာလျှင် သိမ်းဆည်းခြင်းငှါ တတ်နိုင်၏၊ အလယ် အဆုံး၌ ပင်ပန်း၏၊ တဦးသောရဟန်းအား အလယ်သည် ထင်ရှား၏၊ အစအဆုံး မထင်ရှား၊ တဦးသော ရဟန်းအား အဆုံးထင်ရှား၏။ အစ, အလယ်, မထင်ရှား၊ ထိုရဟန်းသည် အဆုံးကိုသာ သိမ်းဆည်းခြင်းငှါ တတ်နိုင်၏၊ အစ, အလယ်၌ ပင်ပန်း၏၊ တဦးသောရဟန်းအား အစ,အလယ်,အဆုံး သုံးပါးလုံး ထင်ရှား၏၊ ထိုရဟန်းသည် အလုံးစုံကို သိမ်းဆည်းခြင်းငှါ တတ်နိုင်၏၊ တစုံတခု၌မျှ မပင်ပန်း၊ ထိုသို့သော စတုတ္ထပုဂ္ဂိုလ်နှင့်တူသည်ဖြစ်ရာ၏ဟု ပြလိုသောကြောင့် “အလုံးစုံသော ဝင်သက်၏ အစ, အလယ်, အဆုံး သုံးပါးလုံးကို ထင်စေလျက်

ဝင်သက်ကို ဖြစ်စေအံ့ ···(လ)··· ယွက်သက်ကို ဖြစ်စေအံ့ ဟု ကျင့်၏'' ဟူ၍ ဆို၏။

ထို စကား၌ ''ကျင့်၏'' ဆိုသည်ကား–အားထုတ်၏, လုံ့လ ပြု၏၊ မပြတ်နှလုံးသွင်း၏ ဟု ဆိုလိုသည်၊ တနည်းကား–အကျင့် သိက္ခာတို့သည် သုံးပါးရှိကုန်၏၊ ဤသုံးပါးတို့တွင် ထိုသို့ အာနာ-ပါနဿတိကို ပွါးသော ယောဂီပုဂ္ဂိုလ်၏ စောင့်စည်းခြင်း သတိ သံဝရ, ဝီရိယသံဝရသည် အဓိသီလသိက္ခာ မည်၏၊ သမာဓိသည် အဓိစိတ္တသိက္ခာ မည်၏၊ ပညာသည် အဓိပညာသိက္ခာ မည်၏၊ ထို အာရုံ၌ ထို အာနာပါနကို အာရုံပြု၍ဖြစ်သော သတိနှင့် ထို သတိ ရှေ့သွားရှိသော ဘာဝနာ နှလုံးသွင်းခြင်းနှင့်တကွ ကျင့်၏၊ မှီဝဲ၏, ပွါးစေ၏, အကြိမ်များစွာပြု၏ ဟု ဆိုလိုသည်၊ ဤအနက် အဓိပ္ပါယ်ကို မှတ်အပ်၏။

ထို ဆိုအပ်ခဲ့ပြီးသော ဟုဆယ့်ခြောက်ပါးသော နည်းတို့တွင် ပဌမနည်း ၂-မျိုး၌ သက်သက် ဝင်သက်ရှိုက်ခြင်း, ထွက်သက် ရှုထုတ်ခြင်းမျှကိုသာ ပြုအပ်၏၊ တပါးသော တစုံတခုကို မပြုအပ်၊ ဤဝင်သက် ထွက်သက်ကို သိသောကာလမှစ၍ ဉာဏ်ကိုဖြစ်စေ ခြင်းစသည်တို့၌ အားထုတ်ခြင်းကို ပြုအပ်၏၊ ထို့ကြောင့် ထို ရှေ့ နည်း၌ ''ထွက်သက်ကို ရှုထုတ်၏ ဟု သိ၏၊ ဝင်သက်ကိုရှိုက်၏ ဟု သိ၏'' ဟူ၍ သာလျှင် ပစ္စုပ္ပန်ကာလအားဖြင့် ပါဠိကို ဟောတော် မူပြီး၍ ဤနေရာမှစပြီးလျှင် ပြုအပ်သောဉာဏ်ဖြစ်ခြင်း အစရှိသော အခြင်းအရာကိုပြခြင်းငှါ ''အလုံးစုံသော အစ, အလယ်, အဆုံး သုံးပါးလုံးကို ထင်စေလျက် ဝင်သက်ကိုဖြစ်စေအံ့'' ဤသို့အစ ရှိသောနည်းဖြင့် အနာဂတ်စကားဖြစ်သော ပါဠိကိုဟောတော် မူသည် ဟု သိအပ်၏။

''အရှိုက်ပြင်း၍ ရုန့်ရင်းသော ဝင်သက်လေ ဟူသော ကာယ သင်္ခါရကို သာယာဖြည်းညှင်း ရှိုက်ခြင်းဖြင့် ငြိမ်းစေလျက် ဝင်သက် ကို ဖြစ်စေအံ့ ဟု ကျင့်၏၊ အရှုပြင်း၍ ရုန့်ရင်းသော ထွက်သက်လေ ဟူသော ကာယသင်္ခါရကို သာယာ ဖြည်းညှင်းရှုခြင်းဖြင့် ငြိမ်းစေ လျက် ထွက်သက်ကို ဖြစ်စေအံ့ ဟု ကျင့်၏'' ဟု ဆိုသည်ကား

ရုန့်ရင်း ကြမ်းတန်းသော ထွက်သက်ဝင်သက်လေ ကာယသင်္ခါရကို ငြိမ်းစေလျက် ထပ်၍ ငြိမ်းစေလျက် အထူးသဖြင့် ငြိမ်းစေလျက် ချုပ်စေလျက် ဝင်သက်ကို ဖြစ်စေအံ့၊ ····(လ)····ထွက်သက်ကို ဖြစ်စေအံ့ဟု လေ့ကျင့်၏၊ ထိုစကား၌ ဤဆိုလတ္တံ့သောအတိုင်း ရုန့်ရင်းသောအဖြစ် သိမ်မွေ့သောအဖြစ်ကိုရင်း, ငြိမ်းခြင်းကိုရင်း သိအပ်ကုန်၏။

ကမ္မဋ္ဌာန်းကို အားမထုတ်မီ ရှေးအခါက ဤရဟန်း၏ ကိုယ် ကာယသည်ရင်း, စိတ်သည်ရင်း ပူပန်ခြင်း ရှိကုန်၏၊ ရုန့်ရင်း ကြမ်းတန်းကုန်၏၊ ကိုယ်စိတ်တို့၏ ရုန့်ရင်းကြမ်းတန်းသောအဖြစ် သည် မငြိမ်းသည်ရှိသော် ထွက်သက် ဝင်သက်တို့သည်လည်း ကြမ်းတန်းကုန်၏၊ အားကြီး ကုန်သည် ရုန့်ရင်းကုန်သည်ဖြစ်၍ ဖြစ်ကုန်၏၊ နှာခေါင်းမဆံ့ဖြစ်၍ ခံတွင်းဖြင့် ဝင်သက်ရှိုက်သည် ဖြစ်၍ရင်း, ထွက်သက်ရှူသည်ဖြစ်၍ရင်း တည်၏။

အကြင်အခါ၌ ထိုရဟန်း၏ ကိုယ်သည်ရင်း, စိတ်သည်ရင်း, သိမ်းဆည်းအပ်သည် ဖြစ်ကုန်၏၊ ထိုအခါ ထိုကိုယ်စိတ်တို့သည် ငြိမ်သက်ကုန်၏၊ ငြိမ်းကုန်၏၊ ထိုကိုယ်စိတ်တို့ ငြိမ်းကုန်သည် ရှိသော် ဝင်သက် ထွက်သက်တို့သည် သိမ်မွေ့သည်ဖြစ်၍ ဖြစ်ကုန် ၏၊ ရှိ၏လော, မရှိသလောဟု စူးစမ်း ရှာဖွေအပ်သည့်အဖြစ် ဟူသော အခြင်းအရာသို့ ရောက်၏၊ ဥပမာကား—ပြေးသွား၍ရင်း, တောင်မှ ဆင်းသက်၍ရင်း, ကြီးစွာသော ဝန်ထုပ်ကြီးကို ခေါင်းမှ ချ၍ရင်း ရပ်တည်သော ယောကျ်ားအား ရုန့်ရင်း ကြမ်းတန်း ကုန်သော ဝင်သက် ထွက်သက်တို့သည် ဖြစ်ကုန်၏၊ နှာခေါင်းသည် မဆံ့ဖြစ်၏၊ ခံတွင်းဖြင့် ဝင်သက် ရှိုက်၍ရင်း, ထွက်သက်ရှူ၍ရင်း တည်၏၊ အကြင်အခါ၌ကား ထိုယောကျ်ားသည် မောပန်းခြင်းကို ဖျောက်၍ ရေချိုးပြီးလျှင် ရေကိုသောက်၍ စိုသော အဝတ်ကို ရင်ဘတ်ပေါ်တွင် တင်ထား၍ အေးမြသောအရိပ်၌ အိပ်နေ၏၊ ထိုအခါ ထိုယောကျ်ားအား ထိုထွက်သက် ဝင်သက်တို့သည် သိမ်မွေ့ကုန်၏၊ ရှိလေသလော, မရှိလေသလောဟု စူးစမ်း ရှာဖွေအပ်သည့်အဖြစ်ဟူသော အခြင်းအရာသို့ ရောက်၏၊

ဤအတူ ကမ္မဋ္ဌာန်းကိုအားမထုတ်မီ ရှေးအခါက ဤရဟန်း၏ ကိုယ်သည်၎င်း၊....(လ)....စူးစမ်းရှာဖွေအပ်သည့် အခြင်းအရာသို့ ရောက်၏၊ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ၊ ထိုသို့ စူးစမ်းရှာဖွေအပ်သည့် အဖြစ်သို့ ရောက်သည်အဖြစ်ကြောင့်သာ လျှင် ထိုရဟန်း၏ ကမ္မဋ္ဌာန်းကို အားမထုတ်မီ ရှေးအခါကာလ၌ ရုန့်ရင်း ကြမ်းတန်းကုန်သော ဝင်သက် ထွက်သက် ကာယသင်္ခါရ တို့ကို ငြိမ်းစေအံ့ဟူသော ရည်မှန်းခြင်း, ရှေးရှုဆောင်ခြင်း, နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်းသည်မရှိ၊ ကမ္မဋ္ဌာန်းကို အားထုတ် သော ကာလ၌ကား ရှိ၏၊ ထို့ကြောင့် ထိုရဟန်းအား ကမ္မဋ္ဌာန်း အားမထုတ်မီကာလထက် အားထုတ်သောကာလ၌ ဝင်သက် ထွက်သက် ဟူသော ကာယသင်္ခါရသည် သိမ်မွေ့၏၊ ထို့ကြောင့် ရှေးဆရာတို့သည်—

**"သာရဒ္ဓေ ကာယေ စိတ္တေ စ၊ အဓိမတ္တံ ပဝတ္တတိ။**
**အသာရဒ္ဓမှိ ကာယမှိ၊ သုခုမံ သမ္ပဝတ္တတီ"တိ။**

ကိုယ်သည်၎င်း, စိတ်သည်၎င်း ပူပန်ခြင်းရှိလတ် သော် အတိုင်းထက်အလွန် အားကြီး ရုန့်ရင်းသော ဝင်သက် ထွက်သက်ဟူသော ကာယသင်္ခါရသည်ဖြစ်၏၊ ကိုယ်သည်၎င်း စိတ်သည်၎င်း ပူပန်ခြင်းမရှိခဲ့သော် သိမ်မွေ့သော ဝင်သက် ထွက်သက်ဟူသော ကာယ- သင်္ခါရသည် ဖြစ်၏ဟူ၍ မိန့်ဆိုတော်မူကြကုန်၏။ ဤကား အဓိပ္ပါယ်။

၂၂၁။ ကမ္မဋ္ဌာန်းကို အားထုတ်သောအခါ၌လည်း ကာယ- သင်္ခါရသည် ရုန့်ရင်းကြမ်းတန်း၏၊ ပဌမဈာန်၏ ဥပစာရ ခဏ၌ သိမ်မွေ့၏၊ ထိုပဌမဈာန်၏ ဥပစာရခဏ၌ ရုန့်ရင်း ကြမ်းတန်း၏၊ ပဌမဈာန်ခဏ၌ သိမ်မွေ့၏၊ ပဌမဈာန်၌၎င်း, ဒုတိယဈာန်၏ ဥပစာရခဏ၌၎င်း ရုန့်ရင်း ကြမ်းတန်း၏၊ ဒုတိယဈာန်၌သိမ်မွေ့၏၊ ဒုတိယ ဈာန်၌၎င်း, တတိယဈာန်၏ ဥပစာရခဏ၌၎င်း ရုန့်ရင်း

ကြမ်းတန်း၏၊ တတိယဈာန်၌ သိမ်မွေ့၏၊ တတိယဈာန်၌ပင်း, စတုတ္ထဈာန်၏ ဥပစာရခဏ၌ပင်း ရုန့်ရင်း ကြမ်းတန်း၏၊ စတုတ္ထဈာန်၌ကား အလွန်သိမ်မွေ့၏၊ မဖြစ်ခြင်းသို့ပင် ရောက်၏၊ ဤသို့ မှတ်အပ်၏၊ ဤသည်ကား **ဒီဃနိကာယ်ဆောင်, သံယုတ္တနိကာယ်ဆောင်** ပုဂ္ဂိုလ်တို့၏ အယူပေတည်း၊ **မဇ္ဈိမနိကာယ်ဆောင်** ပုဂ္ဂိုလ်တို့သည်ကား "ပဌမဈာန်၌ ရုန့်ရင်း ကြမ်းတန်း၏၊ ဒုတိယဈာန်၏ ဥပစာရခဏ၌ သိမ်မွေ့၏" ဟု ဤသို့လျှင် အောက်အောက် ဈာန်ထက် အထက် အထက်ဈာန် ဥပစာရခဏ၌ အထူးသဖြင့် သိမ်မွေ့သည်ကို အလိုရှိကြကုန်၏၊ အလုံးစုံသော ဆရာတို့၏ အယူအားဖြင့် ကမ္မဋ္ဌာန်း အားမထုတ်မီကာလဖြစ်သော ထွက်သက် ဝင်သက် ကာယသင်္ခါရသည် ကမ္မဋ္ဌာန်း အားထုတ်သော ကာလ၌ ငြိမ်း၏၊ ကမ္မဋ္ဌာန်း အားထုတ်သောကာလ၌ ဖြစ်သော ကာယသင်္ခါရသည် ပဌမဈာန်၏ ဥပစာရခဏ၌ ငြိမ်း၏၊....(လ)....စတုတ္ထဈာန်၏ ဥပစာရခဏ၌ ဖြစ်သော ကာယသင်္ခါရသည် စတုတ္ထဈာန်၌ ငြိမ်း၏ ဟူ၍ ဆိုလိုသည်၊ ဤသည်ကား သမထဘာဝနာ၌ နည်းပေတည်း။

ဝိပဿနာ၌ကား ကမ္မဋ္ဌာန်းကို အားမထုတ်မီ ကာလ၌ ဖြစ်သော ကာယသင်္ခါရသည် ရုန့်ရင်း၏၊ မဟာဘုတ်ကို သိမ်းဆည်းသောကာလ၌ သိမ်မွေ့၏၊ ထိုမဟာဘုတ်ကို သိမ်းဆည်းသော ကာလ၌ဖြစ်သော ကာယသင်္ခါရသည်လည်း ရုန့်ရင်း၏၊ ဥပါဒါရုပ်ကို သိမ်းဆည်းသောခဏ၌ သိမ်မွေ့၏၊ ထိုကာယသင်္ခါရသည်လည်း ရုန့်ရင်း၏၊ အလုံးစုံသောရုပ်ကို သိမ်းဆည်းသော ခဏ၌ သိမ်မွေ့၏၊ ထိုကာယသင်္ခါရသည်လည်း ရုန့်ရင်း၏၊ နာမ်ကို သိမ်းဆည်းသောခဏ၌ သိမ်မွေ့၏၊ ထိုကာယသင်္ခါရသည်လည်း ရုန့်ရင်း၏၊ ရုပ်နာမ်နှစ်ပါးကို သိမ်းဆည်းသောခဏ၌ သိမ်မွေ့၏၊ ထိုကာယသင်္ခါရသည်လည်း ရုန့်ရင်း၏၊ အကြောင်းကို

သိမ်းဆည်းသောခဏ၌ သိမ်မွေ့၏၊ ထို ကာယသင်္ခါရသည်လည်း ရုန့်ရင်း၏၊ အကြောင်းနှင့်တကွ နာမ်ရုပ်ကို ရှုသောခဏ၌ သိမ်မွေ့၏၊ ထို ကာယသင်္ခါရသည်လည်း ရုန့်ရင်း၏၊ နာမ်ရုပ်တို့၏ လက္ခဏာဟူသော အာရုံရှိသော ဝိပဿနာ၌ သိမ်မွေ့၏၊ ထို ကာယသင်္ခါရသည်လည်း အားနည်းသောဝိပဿနာ၌ ရုန့်ရင်း၏၊ အားကြီးသော ဝိပဿနာ၌ သိမ်မွေ့၏၊ ထိုဝိပဿနာနည်း၌ ရှေးသမထတွင် ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း ရှေးရှေးဖြစ်သော ကာယသင်္ခါရသည် နောက်နောက်ဖြစ်သော ကာယသင်္ခါရဖြင့် ငြိမ်းသည်ကို သိအပ်၏၊ ဤသို့လျှင် ရုန့်ရင်းမှု သိမ်မွေ့မှုကိုလည်း၊ ငြိမ်းခြင်း ပဿဒ္ဓိကိုလည်း သိအပ်ကုန်၏။

ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ကား အမေးအဖြေနှင့်တကွ ဤအနက်ကိုပင် ဟောတော်မူအပ်၏၊ ဟောတော်မူပုံသည် အောက်ပါအတိုင်း ဖြစ်၏။

"အဘယ်သို့လျှင် ကာယသင်္ခါရကို ငြိမ်းစေလျက် ထွက်သက်ကို ဖြစ်စေအံ့ဟု ကျင့်သနည်း၊ ကာယသင်္ခါရကို ငြိမ်းစေလျက် ဝင်သက်ကို ဖြစ်စေအံ့ဟု ကျင့်သနည်း၊ ကာယသင်္ခါရတို့ဟူသည် အဘယ်နည်း၊ ရှည်သော ဝင်သက်ထွက်သက်ဟု ဆိုအပ်ကုန်သော ရူပကာယ၌ ဖြစ်ကုန်သော ရူပကာယကို မှီကုန်သော ဤ တရားတို့သည် ကာယသင်္ခါရမည်ကုန်၏၊ ထို ကာယသင်္ခါရတို့ကို ငြိမ်းစေလျက် ချုပ်စေလျက် အေးစေလျက် ကျင့်၏၊....(လ)....အကြင်သို့သဘောရှိကုန်သော ကာယသင်္ခါရတို့ဖြင့် ရူပကာယ၏ ရှေးရှူ ညွတ်ခြင်း, အသီးအသီး နံပါးအားဖြင့် ညွတ်ခြင်း, ထက်ဝန်းကျင် ညွတ်ခြင်း, နောက်သို့ညွတ်ခြင်း, အနည်းငယ် ရှေးရှူ လှုပ်ခြင်း, အနည်းငယ် နံပါးအားဖြင့် လှုပ်ခြင်း, အနည်းငယ် ထက်ဝန်းကျင် လှုပ်ခြင်း, အနည်းငယ် နောက်သို့ လှုပ်ခြင်းသည် ဖြစ်၏၊ ထို ရှေးရှူ ညွတ်ခြင်း စသည်တို့၏ အကြောင်းဖြစ်သော ရုန့်ရင်းသော ကာယသင်္ခါရကို ငြိမ်းစေလျက် ဝင်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏၊ ကာယသင်္ခါရကို ငြိမ်းစေလျက် ထွက်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏၊

အကြင်သို့ သဘောရှိကုန်သော ကာယသင်္ခါရတို့ဖြင့် ရှုပကာယ၏ ရှေးရှု ညွတ်ခြင်းသည် မဖြစ်၊ အသီးအသီး နံပါးအားဖြင့် ညွတ်ခြင်းသည် မဖြစ်၊ ထက်ဝန်းကျင် ညွတ်ခြင်းသည် မဖြစ်၊ နောက်သို့ ညွတ်ခြင်းသည် မဖြစ်၊ အနည်းငယ် ရှေးရှု မလှုပ်၊ အနည်းငယ် နံပါးအားဖြင့် မလှုပ်၊ အနည်းငယ် ထက်ဝန်းကျင် မလှုပ်၊ အနည်းငယ် နောက်သို့ မလှုပ်၊ ထိုသို့ သဘောရှိသော ပူပန်မှု မရှိခြင်းကြောင့် ငြိမ်သက်သော သိမ်မွေ့သော ကာယသင်္ခါရကို ငြိမ်းစေလျက် ဝင်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏၊ ထွက်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏။

**စောဒနာ။** ။အကယ်၍ ဤသို့ ဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့် အလွန်သိမ်မွေ့သည်လည်း ဖြစ်သော ကာယသင်္ခါရကို ငြိမ်းစေလျက် ဝင်သက်ကို ဖြစ်စေအံ့ဟု ကျင့်အံ့၊ ကာယသင်္ခါရကို ငြိမ်းစေလျက် ဝင်သက်ကို ဖြစ်စေအံ့ဟု အကယ်၍ ကျင့်အံ့၊ ဤသို့ ဖြစ်သည်ရှိသော် ဝင်သက် ထွက်သက်လေကို အာရုံပြုသော အားဖြင့် ကပ်၍ သိသောစိတ်၏ ပွါးခြင်းသည်လည်း မဖြစ်ရာ၊ ဝင်သက် ထွက်သက်တို့ကို ပွါးခြင်းသည်လည်း မဖြစ်ရာ၊ အာနာပါနလျှင် အာရုံရှိသော သတိကို ပွါးစေခြင်းသည်လည်း မဖြစ်ရာ၊ အာနာပါနလျှင် အာရုံရှိသော သတိနှင့်ယှဉ်သော သမာဓိကို ပွါးစေခြင်းသည်လည်း မဖြစ်ရာ၊ ထို ဆိုအပ်ခဲ့ပြီးသော အစီအရင်ရှိသော သမာပတ်ကို ပညာရှိတို့သည် ဝင်စားနိုင်သည် မဖြစ်ကုန်ရာ၊ ထိုသမာပတ်မှ ထသည်လည်း မဖြစ်ကုန်ရာ၊ ဤသည်ကား စောဒနာခြင်းတည်း။

**အဖြေ။** ။ဤ ငါဆိုအပ်သောအခြင်းအရာဖြင့် ကာယသင်္ခါရကို ငြိမ်းစေလျက် ဝင်သက်ကိုဖြစ်စေအံ့၊ ထွက်သက်ကိုဖြစ်စေအံ့ဟု ကျင့်အံ့၊ ဤသို့ ကျင့်သည်ရှိသော် ဝင်သက် ထွက်သက်လေကို အာရုံပြုသောအားဖြင့် ကပ်၍ သိသောစိတ်၏ ပွါးခြင်းသည်လည်း ဖြစ်၏၊ ဝင်သက် ထွက်သက်တို့ကို ပွါးခြင်းသည်လည်း ဖြစ်၏၊ အာနာပါနလျှင် အာရုံရှိသော သတိကို ပွါးခြင်းသည်လည်း

ဖြစ်၏၊ အာနာပါနလျှင် အာရုံရှိသော သတိနှင့်ယှဉ်သော သမာဓိကို ပွါးခြင်းသည်လည်း ဖြစ်၏၊ ထိုဆိုအပ်ခဲ့ပြီးသော အစီအရင်ရှိသော သမာပတ်ကို ပညာရှိတို့သည် ဝင်စားကုန်သည်ရှင်း, ထိုသမာပတ်မှ ထကုန်သည်ရှင်း ဖြစ်ကုန်၏၊ ဥပမာ အဘယ်ကဲ့သို့နည်းဟူမူကား ကြေးခွက်ကို တီးခတ်အပ်သည်ရှိသော် ရှေးဦးစွာ ရုန့်ရင်းသော အသံတို့သည် ဖြစ်ကုန်၏၊ ရုန့်ရင်းသော အသံတို့၏ နိမိတ်ကို ကောင်းစွာ ယူအပ်ပြီးသည်၏ အဖြစ်ကြောင့် မြဲစွာ နှလုံး၌ ထားအပ်ပြီးသည်၏အဖြစ်ကြောင့် ကောင်းစွာ မှတ်အပ်ပြီးသည်၏ အဖြစ်ကြောင့် ရုန့်ရင်းသော အသံချုပ်သော်လည်း ထို့နောက် သိမ်မွေ့သော အစဉ်မပြတ်မြည်သော အသံတို့သည် ဖြစ်ကုန်၏။ သိမ်မွေ့ကုန်သောအသံတို့၏ နိမိတ်ကို ကောင်းစွာ ယူအပ်ပြီးသည်၏ အဖြစ်ကြောင့် မြဲစွာ နှလုံး၌ ထားအပ်ပြီးသည်၏အဖြစ်ကြောင့် ကောင်းစွာ မှတ်အပ်ပြီးသည်၏ အဖြစ်ကြောင့် သိမ်မွေ့သောအသံသည် ချုပ်သော်လည်း ထို့နောက် သိမ်မွေ့သော အသံဟူသော နိမိတ်လျှင် အာရုံရှိသည်၏ အဖြစ်ဖြင့်လည်း စိတ်သည် ဖြစ်၏။

ဤအတူသာလျှင် ရှေးဦးစွာ ရုန့်ရင်းကုန်သော ဝင်သက်ထွက်သက်တို့သည် ဖြစ်ကုန်၏၊ ရုန့်ရင်းကုန်သော ဝင်သက် ထွက်သက်တို့၏ နိမိတ်ကို ကောင်းစွာ ယူပြီးသည်၏အဖြစ်ကြောင့် ကောင်းစွာ နှလုံးသွင်းပြီးသည်၏ အဖြစ်ကြောင့် ကောင်းစွာ မှတ်ပြီးသည်၏အဖြစ်ကြောင့် ရုန့်ရင်းသော ဝင်သက်ထွက်သက်တို့ ချုပ်သော်လည်း ထို့နောက် သိမ်မွေ့သော ဝင်သက် ထွက်သက်တို့သည် ဖြစ်ကုန်၏၊ သိမ်မွေ့သော ဝင်သက် ထွက်သက်တို့၏ နိမိတ်ကို ကောင်းစွာ ယူပြီးသည်၏ အဖြစ်ကြောင့် ကောင်းစွာ နှလုံးသွင်းပြီးသည်၏ အဖြစ်ကြောင့် ကောင်းစွာ မှတ်သားပြီးသည်၏ အဖြစ်ကြောင့် သိမ်မွေ့သော ထွက်သက် ဝင်သက်တို့ ချုပ်ကုန်သော်လည်း ထို့နောက် သိမ်မွေ့သော ထွက်သက် ဝင်သက်ဟူသောနိမိတ်လျှင် အာရုံရှိသည်၏ အဖြစ်ဖြင့်လည်း စိတ်သည် ပျံ့လွင့်ခြင်းသို့ မရောက်၊ ဤသို့ ဖြစ်သည်ရှိသော် ဝင်သက်

ထွက်သက်လေကို အာရုံပြုသောအားဖြင့် ကပ်၍ သိသောစိတ်၏ ပွါးခြင်းသည် ဖြစ်၏၊ ဝင်သက် ထွက်သက်တို့ကို ပွါးခြင်းသည် လည်း ဖြစ်၏၊ အာနာပါနလျှင် အာရုံရှိသော သတိကို ပွါးခြင်း သည်လည်း ဖြစ်၏၊ အာနာပါနလျှင် အာရုံရှိသော သတိနှင့် ယှဉ်သော သမာဓိကို ပွါးခြင်းသည်လည်း ဖြစ်၏၊ ထိုသမာပတ် ကိုလည်း ပညာရှိတို့သည် ဝင်လည်း ဝင်စားကုန်၏၊ ထိုသမာ ပတ်မှ ထလည်း ထနိုင်ကုန်၏။

ကာယသင်္ခါရတို့သည် ငြိမ်းကုန်၏ဆိုရာ၌ ဝင်သက် ထွက်သက် သည် ကာယ မည်၏၊ သတိသည် ထိုအာရုံသို့ ကပ်၍ တည်တတ် ရကား ဥပဋ္ဌာန မည်၏၊ အဖန်တလဲလဲ ရှုသော ပညာသည် ဉာဏ် မည်၏၊ ဝင်သက် ထွက်သက် ကာယသည် သတိ၏ တည်ရာ ဖြစ်သောကြောင့် ဥပဋ္ဌာန မည်၏၊ သတိမမည်၊ သတိသည်ကား ရူပကာယ နာမကာယကို အာရုံပြုသည်၏အစွမ်းဖြင့် ကပ်၍ တည်တတ်သောကြောင့် ဥပဋ္ဌာနလည်း မည်၏၊ အောက်မေ့ တတ်သောကြောင့် သတိလည်း မည်၏၊ ထိုသတိဖြင့် ထိုဉာဏ်ဖြင့် ထိုဝင်သက် ထွက်သက် ကာယကို ရှု၏၊ ထို့ကြောင့် ကိုယ်၌ ရှုသော ဘာဝနာကို ကာယာနုပဿနာ သတိပဋ္ဌာန ဘာဝနာ ဟူ၍ ဆိုအပ်၏။

ဤသည်ကား ရှေးဦးစွာ ဤ ''ပဿမ္ဘယံ ကာယသင်္ခါရံ'' ဟူသောပုဒ်၌
ကာယာနုပဿနာ၏ အစွမ်းဖြင့် ဆိုအပ်သော
ပဌမ စတုက္က၏ အစဉ်အတိုင်းဖြစ်သော
ပုဒ်အဖွင့်ပေတည်း။

---

၂၂၂။ ပြဆိုအပ်ခဲ့ပြီးသော ဘိက္ခုဝိဘင်း အာနာပါန ဒေသနာ တော်တွင် ဤပဌမစတုက္ကကို အစလက်ဦး အားထုတ် သော ပုဂ္ဂိုလ်၏ သမထကမ္မဋ္ဌာန်း၏ အစွမ်းဖြင့် ဟော သည်၊ ဤမှ တပါးကုန်သော သုံးပါးကုန်သော ဒုတိယ, တတိယ, စတုတ္ထ စတုက္ကတို့ကိုကား ဤပဌမစတုက္က၌

ရျာန်ရပြီးသော ပုဂ္ဂိုလ်၏ ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ, ဓမ္မာနုပဿနာ၏ အစွမ်းဖြင့် ဟောအပ်ကုန်၏၊ ထို့ကြောင့် ဤ ကာယနုပဿနာကမ္မဋ္ဌာန်းကို ပွါး၍ အာနာပါနစတုက္ကဈာန်လျှင် နီးသောအကြောင်းရှိသော ဝိပဿနာဖြင့် ပဋိသမ္ဘိဒါလေးပါး အဘိညာဉ်ခြောက်ပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှါအလိုရှိသော အစလက်ဦးကမ္မဋ္ဌာန်း ဓိးဖြန်းသော အမျိုးကောင်းသားသည် ရှေး သမထနည်းတွင် ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း သီလကို သုတ်သင်ခြင်း အစရှိသော အလုံးစုံသော ကိစ္စတို့ကိုပြု၍ ဆိုအပ်ခဲ့ပြီးသော အပြားရှိသောဆရာ၏ အထံ၌ ငါးခုသော အဆစ်အပိုင်းရှိသော ကမ္မဋ္ဌာန်းကို သင်အပ်၏။

ငါးခုသော အဆစ်အပိုင်းဆိုသည်ကား- ၁-သင်ကြားခြင်း၊ ၂-ဆွေးနွေးမေးမြန်းခြင်း၊ ၃-နိမိတ်ထင်ခြင်းကို မှတ်သားခြင်း၊ ၄-ဈာန်ကျသည်ကို မှတ်သားခြင်း၊ ၅-သဘောကို မှတ်သားခြင်း ဤ ငါးပါးတို့ပေတည်း၊ ထို ငါးပါးတို့တွင်-

(၁) **"သင်ကြားခြင်း"**ဆိုသည်ကား-ကမ္မဋ္ဌာန်းကိုသင်ကြားခြင်းတည်း။

(၂) **"ဆွေးနွေးမေးမြန်းခြင်း"** ဆိုသည်ကား- သံသယ မကင်းသည်ကို ဆွေးနွေးမေးမြန်းခြင်းတည်း။

(၃) **"နိမိတ်ထင်ခြင်းကို မှတ်သားခြင်း"** ဆိုသည်ကား- ကမ္မဋ္ဌာန်း၏ နိမိတ်ထင်ခြင်းကို သတိပညာဖြင့် မှတ်သားခြင်းတည်း။

(၄) **"ဈာန်ကျသည်ကို မှတ်သားခြင်း"** ဆိုသည်ကား- ကမ္မဋ္ဌာန်း၏ အပ္ပနာဈာန်ကျသည်ကို မှတ်သားခြင်းတည်း။

(၅) **"သဘောကိုမှတ်ခြင်း"** ဆိုသည်ကား- ကမ္မဋ္ဌာန်း၏ သဘောကို မှတ်ခြင်းတည်း၊ ဤကမ္မဋ္ဌာန်းသည် ဤသို့ သဘောရှိ၏ဟု ကမ္မဋ္ဌာန်း၏သဘောကို မှတ်သားခြင်းကို ဆိုလိုသည်။

ဤသို့လျှင် ငါးခု အဆစ်အပိုင်းရှိသော ကမ္မဋ္ဌာန်းကို သင်သော အမျိုးသားသည် မိမိလည်း မပင်ပန်း၊ ဆရာကိုလည်း ညှဉ်းဆဲသည် မမည်၊ ထို့ကြောင့် အနည်းငယ် အနည်းငယ်သင်စေ၍ များစွာသော ကာလပတ်လုံး သရဇ္ဈာယ်၍ ဆိုအပ်ပြီးသောနည်းဖြင့် ငါးပါးသော အဆစ်အပိုင်းရှိသော ကမ္မဋ္ဌာန်းကို သင်ကြား၍ ဆရာ၏အထံ၌ရင်း, တပါးသူ၏အထံ၌ရင်း ဆိုအပ်ခဲ့ပြီးသော အပြားရှိသော ကျောင်း၌နေသည်ဖြစ်၍ ပလိဗောဓ ကြောင့်ကြ တို့ကို ဖြတ်ပြီးလျှင် ဆွမ်းစားခြင်း ကိစ္စပြီးလတ်သော် ဆွမ်းဆိ ယစ်ခြင်းကို ဖျောက်ပယ်၍ ချမ်းသာစွာနေလျက် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို အဖန်တလဲလဲ အောက်မေ့ခြင်းဖြင့် စိတ်ကို ရွှင်လန်းစေ၍ ဆရာ့ထံတွင် သင်ခဲ့သည့်အတိုင်း တခုသောပုဒ်ကိုမျှ မတွေမဝေစေဘဲ ဤထွက်သက် ဝင်သက် အာနာပါနဿတိ ကမ္မဋ္ဌာန်းကို နှလုံးသွင်းအပ်၏။

## အာနာပါန ကမ္မဋ္ဌာန်း စီးဖြန်းနည်း

၂၂၃။ အာနာပါနဿတိ ကဋ္ဌာန်းကို နှလုံးသွင်းပုံ အစီအရင်ကား—

(၁) ရေတွက်ခြင်း ဂဏနာနည်း၊

(၂) အစဉ်လိုက်ခြင်း အနုဗန္ဓနာနည်း၊

(၃) ထိပါးခြင်း ဖုသနာနည်း၊

(၄) စိတ်ကိုအာရုံ၌ ကောင်းစွာ ထားခြင်း ဌပနာနည်း၊

(၅) ကောင်းစွာမှတ်ခြင်း သလ္လက္ခဏာနည်း၊

(၆) ကောင်းစွာ နစ်ခြင်း ဝိဝဋ္ဋနာနည်း၊

(၇) ထက်ဝန်းကျင် စင်ကြယ်ခြင်း ပါရိသုဒ္ဓိနည်း၊

(၈) အသီးအသီး ရှုခြင်း ပဋိပဿနာနည်း ဟူ၍ ရှိ၏၊ ထို အစီအရင်တို့တွင်—

(၁) "**ရေတွက်ခြင်း ဂဏနာ**" ဆိုသည်ကား ဝင်သက် ထွက်သက်တို့ကို တစ်,နှစ်,သုံး,စသည်ဖြင့် ရေတွက်ရသောနည်းကို ဆိုသည်။

(၂) "**အစဉ်လိုက်ခြင်း အနုဗန္ဓနာ**"ဆိုသည်ကား ဝင်သက် ထွက်သက်သို့ အစဉ်လိုက်ခြင်းအားဖြင့် သတိ၏အခြားမဲ့ အဆင့်ဆင့်ဖြစ်ခြင်းကို ဆိုသည်။

(၃) "**ထိပါးခြင်း ဖုသနာ**"ဆိုသည်ကား နှာသီးဖျား စသောဌာနကို ဝင်သက် ထွက်သက်တို့၏ ထိခြင်းကို ဆိုသည်။

(၄) "**စိတ်ကိုကောင်းစွာ အာရုံ၌ ထားခြင်း ဌပနာ**" ဆိုသည်ကား ဈာန်သို့သက်ဝင်ခြင်းကို ဆိုလိုသည်။

(၅) "**ကောင်းစွာ မှတ်ခြင်း သလ္လက္ခဏာ**"ဆိုသည်ကား အနိစ္စအစရှိသည်ဖြင့် ရှုခြင်းကို ဆိုသည်။

(၆) "**ကောင်းစွာနစ်ခြင်း ဝိဝဋ္ဋနာ**"ဆိုသည်ကား အရိယ မဂ်ကို ဆိုသည်။

(၇) "**ထက်ဝန်းကျင် စင်ကြယ်ခြင်း ပါရိသုဒ္ဓိ**"ဆိုသည်ကား ဖိုလ်ကို ဆိုသည်။

(၈) "**အသီးအသီး ရှုခြင်း ပဋိပဿနာ**" ဆိုသည်ကား ပစ္စဝေက္ခဏာကို ဆိုသည်။

ထိုဂဏနာစသော ရှစ်နည်းတို့တွင် လက်ဦးအစ ကမ္မဋ္ဌာန်း စီးဖြန်းသော အမျိုးကောင်းသားသည် ရှေးဦးစွာ ရေတွက်ခြင်း နည်းဖြင့် ဤကမ္မဋ္ဌာန်းကို နှလုံးသွင်းအပ်၏၊ ရေတွက်သော ယောဂီပုဂ္ဂိုလ်သည် ငါးကြိမ်သော ဝင်သက် ထွက်သက်တို့ အောက် မတည်စေအပ်၊ ဆယ်ကြိမ်သော ဝင်သက် ထွက်သက် ထက် အလွန်လည်း မဆောင်အပ်၊ အကြား၌ ပြတ်သည်ကိုလည်း မပြုအပ်၊ ငါးကြိမ်ထက်အောက် တည်ထားသော ယောဂီပုဂ္ဂိုလ် အား ကျဉ်းမြောင်းသောအရပ်၌ စိတ်ဖြစ်ခြင်းကြောင့် တုန်လှုပ်၏၊ ကျဉ်းသောနွားခြံ၌ ပိတ်၍လှောင်သော နွားကဲ့သို့ ဖြစ်၏၊

ဆယ်ကြိမ်ထက် အလွန်ဆောင်သောပုဂ္ဂိုလ်၏ စိတ်သည် ရေတွက်ခြင်းကို မှီသည်ဖြစ်၏၊ ကမ္မဋ္ဌာန်းကိုမမှီ၊ အကြား၌ ပြတ်သည်ကို ပြုသောယောဂီပုဂ္ဂိုလ်သည် ငါ၏ ကမ္မဋ္ဌာန်းသည် အဆုံးသို့ ရောက်အံ့လော,မရောက်အံ့လော ဟု စိတ်တုန်လှုပ်၏၊ ထို့ကြောင့် ထိုဆိုခဲ့ပြီးအပြစ်တို့ကို ကြဉ်ရှောင်၍ ရေတွက်အပ်၏။

ရေတွက်သောပုဂ္ဂိုလ်သည် ရှေးဦးစွာ နှေးနှေးရေတွက်ခြင်းငှါ စပါးခြင်သမား ရေတွက်နည်းဖြင့် ရေတွက်အပ်၏၊ စပါးတင်းခြင်သမားသည် တင်းကိုပြည့်စေ၍ တတင်းဟု ဆိုပြီးလျှင် လောင်း၏၊ တဖန် တင်းကို ပြည့်စေပြန်သည်ရှိသော် တစုံတခုသော အမှိုက်သရိုက်ကိုမြင်၍ ထိုအမှိုက်ကို စွန့်ပယ်နေသော်လည်း တတင်း, တတင်း ဟူ၍ ဆို၏၊ ဤနည်းအတိုင်း နှစ်တင်း, နှစ်တင်း အစရှိသည်ဖြင့် ရေတွက်ခြင်းတို့၌လည်း ဆို၏၊ ဤတင်းခြင်သမား စပါးခြင်သကဲ့သို့ ဤဝင်သက် ထွက်သက်တို့တွင် ထင်ရှားသော ဝင်သက်၊ သို့မဟုတ် ထွက်သက်ကိုယူ၍ တစ်, တစ် ဟု အစရှိသည်ကိုပြု၍ ဆယ်ခု, ဆယ်ခုတိုင်အောင် ဖြစ်တိုင်းဖြစ်တိုင်းကို မှတ်သား၍ ရေတွက်အပ်၏။

**မှတ်ချက်။** ။ဝင်သက် ထွက်သက်တို့တွင် ထင်ရှားရာ တခုခုကို ဖြည်းဖြည်း လေးလေး မှတ်သား၍ စပါးတင်းခြင်သမား တင်းခြင်သလို ရေတွက်ရမည်၊ ပဌမတကြိမ် ဝင်လာသော လေကို တစ်,ဟု ရေတွက်၊ ဒုတိယအကြိမ် မထွက်လာမီ တစ်,တစ်ဟူ၍သာ မှတ်သားရမည်၊ ဒုတိယ ဝင်သက်လေ လာသောအခါမှ နှစ် ဟု ရေတွက်ရမည်၊ တတိယ ဝင်သက်လေ မလာမချင်း နှစ်, နှစ်ဟူ၍သာ မှတ်သားရမည်၊ တတိယ ဝင်သက်လာသောအခါမှ သုံးဟု ရေတွက်ရမည်၊ စတုတ္ထဝင်သက် မလာမချင်း သုံး, သုံး ဟူ၍သာ မှတ်သားရမည်၊ စတုတ္ထ ဝင်သက်လာသောအခါ လေးဟူ၍ မှတ်သားရမည်၊ ပဉ္စမ

ဝင်သက်မလာမချင်းလေး,လေးဟူ၍သာ မှတ်သား ရမည်၊ ပဌမ ဝင်သက်လာသောအခါ ငါးဟူ၍ မှတ်သားရမည်၊ ထိုငါးသို့ ရောက်လျှင် တခေါက် ပြန်၍ ခြောက်အထိ ရေတွက်၊ ထို့အတူ တခေါက် ပြန်၍ ခုနစ်အထိရေတွက်၊ ထို့အတူ တခေါက် ပြန်၍ ရှစ်အထိရေတွက်၊ ထို့အတူ တခေါက် ပြန်၍ ကိုးအထိ ရေတွက်၊ ထို့အတူ တခေါက် ပြန်၍ တဆယ်အထိ ရေတွက်ရမည်၊ ငါးခုမစေ့မီ တခေါက် မပြန်ရ၊ ပြန် ခဲ့သော် စိတ် ဟုန် လှုပ် တတ်သည်၊ ဆယ်ကြိမ်ထက်ပို၍လည်း မရေတွက်ရ၊ အကြင်ယောဂီအား အကယ်၍ ဝင်သက် ထွက်သက် နှစ်ပါးလုံး ထင်ရှားအံ့၊ ထိုယောဂီသည် နှစ်ပါးလုံး ကိုယူ၍ ရေတွက်သင့်၏၊ သို့မဟုတ် နှစ်ပါးတို့တွင် သာ၍ ထင်ရှားသည်ကိုယူ၍ ရေတွက်သင့်၏၊ ဤသည်ကား စကားချုပ်တည်း။

ဤသို့ ဆိုခဲ့ပြီးသော စပါးခြင်သမား နည်းအတိုင်း ဖြည်းဖြည်း နှေးနှေးရေတွက်သော ယောဂီပုဂ္ဂိုလ်အား ဝင်ကုန် ထွက်ကုန် သော ဝင်သက် ထွက်သက်တို့သည် ထင်ရှားကုန်၏။

ထို့နောက် ထိုယောဂီပုဂ္ဂိုလ်သည် ဖြည်းဖြည်း နှေးနှေး ရေတွက်ခြင်း, ထိုစပါးခြင်နည်း ရေတွက်ပုံကိုပယ်၍ မြန်မြန် ရေတွက်ခြင်း နွားကျောင်းသား ရေတွက်နည်းဖြင့် ရေတွက်အပ်၏၊ လိမ္မာသော နွားကျောင်းသားသည် ကျောက်ခဲတို့ကို ခါးပိုက်ဖြင့် ဆောင်ယူ၍ ကြိုးနှင်တံ လက်စွဲလျက် နံနက်စောစော နွားခြံသို့ သွားပြီးလျှင် နွားတို့၏ ကျောကိုပုတ်ခတ်၍ တံခါးကျည်းလှည့်ရာ တိုင်ထက်ကနေလျက် ခြိတံခါးဝသို့ ရောက်လာသော နွားကို တစ် ဟု ဆို၍ ကျောက်ခဲကို ပစ်၍ပစ်၍ ရေတွက်၏၊ ညဥ့်သုံးယာမ် ပတ်လုံး ကျဉ်းမြောင်းသောအရပ်၌ ဆင်းရဲစွာနေရသော နွား အပေါင်းသည် ထွက်တိုင်း ထွက်တိုင်း အချင်းချင်း တိုးဝှေ့ထိပါး၍

လျင်သောအဟုန်ဖြင့် အစုစုဖြစ်၍ ထွက်၏၊ ထို နွားကျောင်းသား သည် အဆောတလျင် သုံး, လေး, ငါး, တဆယ်, ဟု ရေတွက်၏၊ ဤအတူ ရေးနည်းအတိုင်း ရေတွက်သော ဤယောဂီပုဂ္ဂိုလ်အား ဝင်သက် ထွက်သက်တို့သည် ထင်ရှားသည်ဖြစ်၍ လျင်စွာ လျင်စွာ အဖန်တလဲလဲ ဖြစ်ကုန်၏၊ ထို့နောက်မှ ဤယောဂီပုဂ္ဂိုလ်သည် အဖန်တလဲလဲ ဖြစ်ကုန်၏ဟု သိ၍ အတွင်း၌၎င်း, အပ၌၎င်း မယူမူ၍ နှာခေါင်းဝသို့ ရောက်တိုင်း ရောက်တိုင်းသော ဝင်သက် ထွက်သက်ကိုသာလျင်ယူ၍ တစ်, နှစ်, သုံး, လေး, ငါး, ခြောက်, ဟူ၍၎င်း၊ တစ်, နှစ်, သုံး, လေး, ငါး, ခြောက်, ခုနစ်, ဟူ၍ ၎င်း၊....(လ)....တစ်, နှစ်, သုံး, လေး, ငါး, ခြောက်, ခုနစ်, ရှစ်, ကိုး, တဆယ်, ဟူ၍၎င်း လျင်စွာ ရေတွက်အပ်၏၊ ရေတွက်ခြင်းနှင့် စပ်သော ကမ္မဋ္ဌာန်း၌ ရေတွက်ခြင်းအားဖြင့်သာလျှင် စိတ်သည် တည်ကြည်သည် ဖြစ်၏၊ ထိုးဝါး၏ ထောက်ခံခြင်းအစွမ်းကြောင့် ကြမ်းသောရေအယဉ်၌ လှေသည် ရပ်တည်နိုင်ဘိသကဲ့သို့ ဤအတူ လျင်စွာ လျင်စွာ ရေတွက်သော ထိုပုဂ္ဂိုလ်အား ကမ္မဋ္ဌာန်းသည် မပြတ်ဖြစ်သကဲ့သို့ဖြစ်၍ ထင်၏၊ ထို့နောက် မပြတ်ဖြစ်၏ဟု သိ၍ အတွင်း၌၎င်း, အပ၌၎င်း လေကိုမသိမ်းဆည်းမူ၍ ရေးနည်း အတိုင်းသာလျှင် လျင်သောအဟုန်ဖြင့် ရေတွက်အပ်၏။

အတွင်းသို့ ဝင်သော လေနှင့်တကွ စိတ်ကိုသွင်းသော ယောဂီ ပုဂ္ဂိုလ်အားအတွင်း၌ လေတိုက်သကဲ့သို့၎င်း, အဆီဖြင့် ပြည့် သကဲ့သို့၎င်းဖြစ်၏၊ အပြင်သို့ ထွက်သော လေနှင့်အတူတကွ စိတ်ကို ထိနိုက်ရာအရပ်ကိုလွှတ်၍ ထုတ်သောပုဂ္ဂိုလ်အား အပ၌ ရှိသော အထူးထူးသောအာရုံ၌ စိတ်သည် ပျံ့လွင့်၏၊ ထိရာထိရာ အရပ်၌ သတိကိုထား၍ ပွါးသောပုဂ္ဂိုလ်အားသာလျှင် ဘာဝနာ သည် ပြည့်စုံ၏၊ ထို့ကြောင့် "အတွင်း၌၎င်း, အပ၌၎င်း လေကို မသိမ်းဆည်းမူ၍ ရေးနည်းအတိုင်း လျင်သောအဟုန်ဖြင့် ရေတွက် အပ်၏" ဟု ဆိုခဲ့သည်။

အဘယ်မျှလောက်ကြာအောင် ထိုဝင်သက် ထွက်သက်လေကို ရေတွက်အပ်သနည်းဟူမူ ရေတွက်ခြင်းနှင့်ကင်း၍ ဝင်သက်

ထွက်သက် အာရုံ၌ သတိကောင်းစွာ တည်သည်တိုင်အောင် ရေတွက်အပ်၏၊ အဘယ့်ကြောင့်နည်းဟူမူကား ရေတွက်ခြင်း ဂဏနာမည်သည် အပသို့ ပျံ့လွင့်သော ဝိတက်အလျဉ်ပြတ်ခြင်းကို ပြု၍ ဝင်သက် ထွက်သက်အာရုံ၌ သတိခိုင်မြဲစွာထားခြင်းငှါ သာလျှင် ရေတွက်ခြင်းဖြစ်သောကြောင့်တည်း။

၂၂၄။ ဤသို့ ရေတွက်ခြင်းဖြင့် နှလုံးသွင်းခြင်းကိုပြု၍ အနုဗန္ဓနာ နည်းဖြင့် နှလုံးသွင်းခြင်းကို ပြုအပ်၏၊ အနုဗန္ဓနာနည်း မည်သည်ကား ရေတွက်ခြင်းကို စုရုံး၍ သတိဖြင့်မပြတ် ထွက်သက် ဝင်သက်၏နောက်သို့ အစဉ်လိုက်ခြင်းကို ဆိုသည်၊ ထိုနောက်သို့ အစဉ်လိုက်ခြင်းသည်လည်း အစ,အလယ်,အဆုံးသို့ လိုက်ခြင်း၏အစွမ်းဖြင့် ဖြစ်သည် မဟုတ်၊ ထိုစကားကို ချဲ့ဦးအံ့–ချက်သည် အပသို့ ထွက်သော လေ၏အစ မည်၏၊ နှလုံးသည် အလယ် မည်၏၊ နှာခေါင်းဖျားသည် အဆုံးမည်၏၊ နှာခေါင်း ဖျားသည် အတွင်းသို့ဝင်သော လေ၏အစ မည်၏၊ နှလုံး သည် အလယ် မည်၏၊ ချက်သည်အဆုံး မည်၏၊ ထို ဝင်သက် ထွက်သက်လေသို့ အစဉ်လိုက်သော ယောဂီ ပုဂ္ဂိုလ်၏ ပျံ့လွင့်ခြင်းသို့ ရောက်သောစိတ်သည် ပူပန် ခြင်းနှင့်တကွ ဖြစ်ခြင်းငှါလည်း,တုန်လှုပ်ခြင်းငှါလည်း ဖြစ်၏။

အဘယ်သို့ ဟောတော်မူသနည်း ဟူမူ ''ဝင်သက်၏ အစ, အလယ်, အဆုံးသို့သတိဖြင့် အစဉ်လိုက်သော ယောဂီပုဂ္ဂိုလ်၏ မိမိအတွင်းသို့ ပျံ့လွင့်သောစိတ်ကြောင့် ကိုယ်သည်လည်း, စိတ် သည်လည်း ပူပန်ခြင်းနှင့်တကွ ဖြစ်သည်, တုန်သည်, လှုပ်သည် ဖြစ်ကုန်၏၊ ထွက်သက်၏ အစ,အလယ်,အဆုံးသို့ သတိဖြင့် အစဉ် လိုက်သော ယောဂီပုဂ္ဂိုလ်၏ အပသို့ ပျံ့လွင့်သော စိတ်ကြောင့် ကိုယ်သည်လည်း, စိတ်သည်လည်း ပူပန်ခြင်းနှင့်တကွ ဖြစ်သည်, တုန်သည်,လှုပ်သည်ဖြစ်ကုန်၏''ဟူ၍ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ ဟောတော်မူအပ်၏၊ ထို့ကြောင့် အစဉ်လိုက်သော အနုဗန္ဓနာ

နည်းဖြင့် နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်သည် **အစ, အလယ်,** အဆုံးသို့ အစဉ်ရောက်လိုက်သည်၏အစွမ်းဖြင့် နှလုံးမသွင်းအပ်၊ စင်စစ်သော်ကား တွေ့ထိခြင်း ဖုသနာ၏ အစွမ်းဖြင့်၎င်း, အာရုံ၌ ထားခြင်း ဌပနာ၏အစွမ်းဖြင့်၎င်း နှလုံးသွင်းအပ်၏။

ဂဏနာနည်း,အနုဗန္ဓနာနည်း၏အစွမ်းဖြင့် နှလုံးသွင်းသကဲ့သို့ ဖုသနာနည်း, ဌပနာနည်း၏အစွမ်းဖြင့် အသီးအခြား နှလုံးသွင်းခြင်းမရှိ၊ ထိရာထိရာ အရပ်၌သာလျှင် ရေတွက်သည်ရှိသော် ရေတွက်ခြင်း ဂဏနာဖြင့်၎င်း, ထိခြင်း ဖုသနာဖြင့်၎င်း နှလုံးသွင်းသည် မည်၏၊ ထိုထိရာအရပ်၌သာလျှင် ရေတွက်ခြင်းကို စွန့်၍ ထိုဝင်သက် ထွက်သက်တို့ကို သတိဖြင့် မြဲစွာ ဖွဲ့တွယ်သည်ကို၎င်း, အပ္ပနာ၏အစွမ်းဖြင့် စိတ်ကိုထားသည်ကို၎င်း, အနုဗန္ဓနာနည်းဖြင့်၎င်း, ဖုသနာနည်းဖြင့်၎င်း, ဌပနာနည်းဖြင့်၎င်း နှလုံးသွင်း၏ဟူ၍ ဆိုအပ်၏၊ ထိုဆိုအပ်ခဲ့ပြီးသော အနက်ကို အဋ္ဌကထာတို့၌ ပြဆိုအပ်သော **သူဆွံ့ဥပမာ တံခါးစောင့် ဥပမာ** တို့ဖြင့်၎င်း, ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ ဟောတော်မူအပ်သော **လွှဥပမာ**ဖြင့်၎င်း သိအပ်၏။

၂၂၅။ **သူဆွံ့ဥပမာကား**–သူဆွံ့သည် ပခက်ဖြင့် ကစားကုန်သော သူ့မယားနှင့် သားငယ်တို့၏ ပခက်လွှဲ၍ ထို ပခက်တိုင်ရင်း၌ နေပြီးလျှင် အစဉ်အားဖြင့် လာသည် လည်း ဖြစ်သော သွားသည်လည်းဖြစ်သော ပခက် ပျဉ်၏ နှစ်ခုသော အစွန်းတို့ကို၎င်း, အလယ်ကို၎င်း ရှု၏၊ အစွန်းနှစ်ဘက် အလယ်တို့ကို ရှုကြည့်ခြင်းငှါကား အားမထုတ်၊ ဤအတူသာလျှင် ရဟန်းသည် သတိ၏ အစွမ်းဖြင့် ပခက်ကို ဖွဲ့ချည်ရာ တိုင်နှင့်တူသော နှာသီး ဖျား အထက်နှုတ်ခမ်းဟူသော တိုင်ရင်း၌တည်၍ [ဝင်]သက် ထွက်သက် တည်းဟူသော ပခက်ကိုလွှဲ၍ ထို[အရပ်]၌ သတိ၏အစွမ်းဖြင့်နေလျက် အစဉ်သဖြင့် လာသည်လည်း ဖြစ်ကုန်သော သွားသည်လည်း ဖြစ်ကုန်သော **ထိရာ**

အရပ်၌ ဝင်သက်ထွက်သက်တို့၏ အစ,အလယ်,အဆုံးကို သတိဖြင့် အစဉ်လိုက်သည်ဖြစ်၍ငှင်း, ထိုထိုရာအရပ်၌ စိတ်ကိုဖြစ်စေ၍ငှင်း ရှု၏၊ ထိုအစ, အလယ်, အဆုံး တို့ကို ရှုခြင်းငှါမူကား ကြောင့်ကြဲမစိုက်၊ ဤသည်ကား သူနာဆွံ့ဥပမာတည်း။

၂၂၆။ **တံခါးစောင့် ဥပမာကား**–တံခါးစောင့်သည် မြို့၏ အတွင်း၌ငှင်း, အပြင်ပ၌ငှင်း တွေ့သော သူစိမ်းကို သင်သည် အဘယ်သူနည်း၊ အဘယ်အရပ်မှ လာသနည်း၊ အဘယ်အရပ်သို့ သွားလတ္တံ့နည်း၊ သင်၏လက်၌ အဘယ်ဝတ္ထုနည်းဟု မစုံစမ်း၊ ထိုစကား မှန်၏၊ ထို မြို့တွင်းမြို့ပြင်၌ လှည့်လည်သောသူနှင့် ငှင်းတို့၏လက်၌ ပါလာသော လက်နက်ဘဏ္ဍာတို့သည် ထိုတံခါးစောင့် ၏ တာဝန်မဟုတ်၊ စင်စစ်သော်ကား တံခါးသို့ ရောက် လာသော သူကိုသာလျှင် စုံစမ်းရသကဲ့သို့ ဤအတူ ဤရဟန်း၏ အတွင်းသို့ဝင်သော လေတို့သည်ငှင်း, အပသို့ထွက်သော လေတို့သည်ငှင်း, သိဘို့တာဝန် မဟုတ်ကုန်၊ နှာခေါင်းဝသို့ ရောက်လာရောက်လာသော ဝင်သက်, ထွက်သက် လေတို့သည်သာလျှင် သိဘို့ တာဝန်ဖြစ်ကုန်၏၊ ဤသည်ကား တံခါးစောင့် ဥပမာ တည်း။

၂၂၇။ **သွဥပမာကိုကား**–အမြစ်မူလဖြစ်သော ဥပမေယျတ္ထကို ဖော်ပြသည်မှစ၍ ဤဆိုလတ္တံ့သောနည်းဖြင့် သိအပ်၏။

နိမိတ္တံ အဿာသပဿာသာ၊
အနာရမ္မဏမေကစိတ္တဿ။
အဇာနတော စ တယော ဓမ္မေ၊
ဘာဝနာနုပလဗ္ဘတိ။

နိမိတ္တံ အဿာသပဿာသာ၊
အနာရမ္မဏမေကစိတ္တဿ။
ဇာနတောဝ တယော ဓမ္မေ၊
ဘာဝနာ ဥပလဗ္ဘတီတိ။

ဟူ၍ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ ဟောတော်မူအပ်၏။

**အဓိပ္ပါယ်ကား**

(၁) ဝင်သက် ထွက်သက်ကို မှတ်ခြင်းအကြောင်း ဖြစ်သော နှာသီးဖျားအထက် နှုတ်ခမ်း တည်းဟူသော နိမိတ်၊ (၂) ဝင်သက်၊ (၃) ထွက်သက်၊ ဤသုံးခုသော တရားတို့သည် တချက်ထည်းသော စိတ်၏အာရုံ မဟုတ်ကုန်၊ ဤ သုံးခုသောတရားတို့ကို မသိသောသူအား အာနာပါနဿတိ ဘာဝနာကို မရအပ်။

နိမိတ်သည်၎င်း, ဝင်သက်, ထွက်သက်တို့သည်၎င်း, တခုသော စိတ်၏အာရုံကား မဟုတ်ကုန်၊ ထိုသို့ မဟုတ်ကုန်သော်လည်း ၎င်းသုံးပါးသော တရားတို့ကို သိသောသူအားသာလျှင် အာနာပါနဿတိဘာဝနာကို ရအပ်၏၊ ဤသို့ ဆိုအပ်၏။

ဤသုံးပါးသောတရားတို့သည် တခုသောစိတ်၏ အာရုံ မဖြစ်ကုန်၊ ထိုသို့ အာရုံမဖြစ်သော်လည်း ဤသုံးပါးသော တရားတို့သည် မထင်ရှားသည်မဟုတ်၊ စိတ်သည် ပျံ့လွင့်ခြင်းသို့မရောက်၊ ဘာဝနာကို ပြီးစေတတ်သော ဝီရိယသည်လည်း ထင်၏၊ သမာဓိကို ဆောင်တတ်သော ပယောဂကိုလည်း ပြီးစေ၏၊ အကျိုးထူးကိုလည်း ရနိုင်၏။

**ဥပမာ**ကား—လွှသမား တယောက်သည် သစ်ပင်ကို မြေညီညွတ်သောအရပ်၌ ချထားပြီး၍ ထိုသစ်ပင်ကို လွှဖြင့်ဖြတ်ရာ၏၊ ဤသို့ ဖြတ်သည်ရှိသော် သစ်ပင်၌ထိသော လွှသွားတို့၏အစွမ်းဖြင့် ထိုယောကျ်ား၏ သတိသည် ထင်၏၊ လာသည်လည်းဖြစ်သော

သွားသည်လည်းဖြစ်သော လှုသွားတို့ကို နှလုံးမသွင်း၊ လာသည် လည်း ဖြစ်သော သွားသည်လည်းဖြစ်သော လှုသွားတို့သည် မထင်သည် မဖြစ်ကုန်၊ သစ်ပင်ဖြတ်ခြင်းကို ပြီးစေတတ်သော ဝီရိယသည်လည်း ထင်၏၊ သစ်ပင်ကိုဖြတ်ခြင်း ပယောဂကိုလည်း ပြီးစေ၏၊ ကျေးဇူးအထူးကိုလည်း ရ၏။

သစ်ပင်ကို ညီသောမြေအပြင်၌ ချထားသကဲ့သို့ ဤအက္ခ အာရုံ၌ စိတ်ကိုဖွဲ့ခြင်း သတိဖြင့် ကောင်းစွာ မှတ်ကြောင်း ဖြစ်သော နှာသီးဖျား, အထက်နှုတ်ခမ်းကို မှတ်အပ်၏၊ လှုသွား ကဲ့သို့ ထွက်သက် ဝင်သက်ကို မှတ်အပ်ကုန်၏၊ သစ်ပင်၌ ထိသော လှုသွားတို့၏အစွမ်းဖြင့် ယောကျာ်း၏ သတိသည် ထင်သကဲ့ သို့ငှင်း, လာကုန်သောသွားကုန်သော လှုသွားတို့ကို နှလုံးမသွင်း သကဲ့သို့ငှင်း,လာကုန်သောသွားကုန်သော လှုသွားတို့သည် မထင် သည် မဖြစ်သကဲ့သို့ငှင်း အားထုတ်ခြင်းသည် ထင်သကဲ့သို့, ပယောဂသည် ပြီးစေသကဲ့သို့, အကျိုးထူးကိုရသကဲ့သို့ ဤအတူ ရဟန်းသည် နှာသီးဖျား၌ငှင်း, နှုတ်ခမ်းဖျားနိမိတ်၌ငှင်း သတိကို ကောင်းစွာထား၍ နေသည်ဖြစ်၏၊ လာသည်လည်း ဖြစ်သော သွားသည်လည်းဖြစ်သော ဝင်သက် ထွက်သက်တို့ကို နှလုံးမသွင်း၊ လာသည်လည်းဖြစ်သော သွားသည်လည်းဖြစ်သော ဝင်သက် ထွက်သက် တို့သည် မထင်သည်မဟုတ်၊ အားထုတ်ခြင်းသည် လည်း ထင်၏။ သစ်ကိုဖြတ်ခြင်း ကိရိယာကိုလည်း ပြီးစေ၏၊ ကျေးဇူးအထူးကိုလည်း ရ၏။

"**အားထုတ်မှုပဓာန**"ဆိုရာ၌အဘယ်သည်ပဓာနမည်သနည်း၊ အားထုတ်သော ဝီရိယရှိသောပုဂ္ဂိုလ်၏ကိုယ်သည်ငှင်း,စိတ်သည် ငှင်း ဘာဝနာမှုပြုခြင်းငှါ ခံ့၏၊ ဤဘာဝနာမှုအား ခံ့ကြောင်း ဖြစ်သော ဝီရိယသည် ပဓာနမည်၏။

အဘယ်သည် "**ပယောဂ**" မည်သနည်း၊ အားထုတ်သော ဝီရိယရှိသောပုဂ္ဂိုလ်၏ စိတ်၏ညစ်ညူးကြောင်း ဥပက္ကိလေသ တို့ကို ပယ်အပ်ကုန်၏၊ မိစ္ဆာဝိတက်တို့သည် အထူးသဖြင့် ငြိမ်း

ကုန်၏၊ ဤဈာန်ကို ရခြင်း၏အကြောင်းဖြစ်သော ကမ္မဋ္ဌာန်းကို အဖန်ဖန် အားထုတ်ခြင်းသည် ပယောဂမည်၏။

"**ကျေးဇူးအထူး**"ဟူသည် အဘယ်နည်း၊ အားထုတ်အပ်သော ဝီရိယရှိသောပုဂ္ဂိုလ်၏ သံယောဇဉ်တို့သည် မဂ်ဖြင့် အပြီးသတ် ပယ်အပ်ကုန်၏၊ အနုသယတို့သည် မကျန်မကြွင်း ပျောက်ကင်းကုန်ဆုံးကုန်၏၊ ဤသည်ကား ကျေးဇူးအထူး မည်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် သုံးပါးကုန်သော ဤတရားတို့သည် တခုသောစိတ်၏ အာရုံမဖြစ်ကုန်၊ သုံးပါးကုန်သော ဤတရားတို့သည် မထင်ကုန်သည်လည်း မဟုတ်ကုန်၊ စိတ်၏ ပျံ့လွင့်ခြင်းသို့လည်း မရောက်၊ အားထုတ်မှုပဓာနသည်လည်း ထင်၏၊ အဖန်ဖန် အားထုတ်ခြင်း လုံ့လပယောဂကိုလည်း ပြီးစေ၏၊ ကျေးဇူးအထူးကိုလည်း ရ၏။

အာနာပါနဿတိ ယဿ၊
ပရိပုဏ္ဏာ သုဘာဝိတာ။
အနုပုဗ္ဗံ ပရိစိတာ၊
ယထာ ဗုဒ္ဓေန ဒေသိတာ။
သော ဣမံ လောကံ ပဘာသေတိ၊
အဗ္ဘာ မုတ္တောဝ စန္ဒိမာ။

အကြင် ရဟန်းသည် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော အတိုင်း အာနာပါနဿတိ ကမ္မဋ္ဌာန်းကို အရှည်အတိုကို သိခြင်းစသော အစဉ်အတိုင်း အစဉ်သင့် သက်ဝန်းကျင် လေ့လာ၍ ကောင်းစွာ ပွါးစေအပ်၏၊ ထို့ကြောင့်လျှင် ထိုရဟန်းသည် တဆယ့်ခြောက်ပါးကုန်သော ဝတ္ထုတို့၏ ပြည့်စုံခြင်းဖြင့် အချင်းခပ်သိမ်း ပြည့်စုံသည်ဖြစ်၏၊ တိမ်တိုက်မှလွတ်ကင်းသော လမင်းကြီး ထွန်းလင်းသကဲ့သို့ ဤလောကကို ပညာရောင်ဖြင့် ထွန်းလင်း တောက်ပ စေနိုင်၏။

**ဤသည်ကား ဒွဥပမာတည်း။**

၌ လှူဥပမာ၌ ထို ယောဂီပုဂ္ဂိုလ်၏ ဥပမာနဖြစ်သော လှူကို လာခြင်း, သွားခြင်း၏အစွမ်းဖြင့် နှလုံးမသွင်းသကဲ့သို့ ကဲ့သို့ အတူ ဝင်သက် ထွက်သက်တို့ကို ဝင်လာခြင်း, ထွက်သွားခြင်း၏ အစွမ်းဖြင့် နှလုံးမသွင်းခြင်းမျှသည်သာလျှင် ဥပမာဆောင်ခြင်း၏အကျိုးတည်း ဟု သိအပ်၏။

၂၂၈။ ၌ကမ္မဋ္ဌာန်းကို နှလုံးသွင်းသော အချို့သောပုဂ္ဂိုလ်အား မကြာမြင့်မီပင် ပဋိဘာဂ နိမိတ်သည်လည်း ဖြစ်၏၊ ဝိစာရစသော ကြွင်းသော ဈာန်အင်္ဂါတို့ဖြင့် တန်ဆာဆင်အပ်သော ဝိတက် ဟု ဆိုအပ်သော ဌပနာသည်လည်း ပြည့်စုံ၏၊ အချို့သောပုဂ္ဂိုလ်အား ရေတွက်ခြင်း၏ အစွမ်းဖြင့် နှလုံးသွင်းသော ကာလမှစ၍ အစဉ်အတိုင်း ရုန့်ရင်းသော ဝင်သက် ထွတ်သက်တို့ ချုပ်ငြိမ်းခြင်း၏ အစွမ်းဖြင့် ကိုယ်၏ပူလောင်ခြင်း ငြိမ်းသည်ရှိသော် ကိုယ်သည်၎င်း စိတ်သည်၎င်း ပေါ့ပါးသည် ဖြစ်၏၊ ကိုယ်သည် ကောင်းကင်၌ ပျံတက်အံ့သော အခြင်းအရာကဲ့သို့ ဖြစ်၏၊ **ဥပမာအားဖြင့်** ကိုယ်၏ ပင်ပန်းခြင်းရှိသူသည် ညောင်စောင်း၌၎င်း, အင်းပျဉ်၌၎င်း ထိုင်နေစဉ် ညောင်စောင်းအင်းပျဉ်သည် အောက်ကို ဆွဲသဖြင့် ညွတ်၏၊ ကျိတ်ကျိတ်အသံ မြည်၏၊ အခင်းသည် အတွန့်အလိပ် ဖြစ်၏၊ ကိုယ်၏ ပင်ပန်းခြင်း မရှိသော သူအား ထိုင်နေစဉ် ညောင်စောင်းအင်းပျဉ်သည် မညွတ်၊ ကျိတ်ကျိတ်သံမမြည်၊ အခင်းသည် မတွန့်မလိပ်၊ ညောင်စောင်း အင်းပျဉ်သည် လဲ-ဝါ-ဂွမ်းဖြင့် ပြည့်သကဲ့သို့ ဖြစ်၏၊ အဘယ့်ကြောင့်နည်းဟူမူ၊ ပင်ပန်းခြင်းမရှိသော ကိုယ်သည် ပေါ့ပါးသည်အဖြစ်ကြောင့်ပေတည်း၊ . ၌ ဥပမာအတူ ရေတွက်ခြင်း၏အစွမ်းဖြင့် နှလုံးသွင်းသော ကာလမှစ၍ အစဉ်အတိုင်း ရုန့်ရင်းသော ဝင်သက် ထွက်သက်တို့ ချုပ်ငြိမ်းခြင်း၏ အစွမ်းဖြင့် ကိုယ်၏ ပူလောင်ခြင်း ငြိမ်းသည်ရှိသော် ကိုယ်သည်၎င်း, စိတ်

သည့်ငှင်း ပေါ့ပါးသည် ဖြစ်၏၊ ကိုယ်သည် ကောင်းကင်၌ ပျံတက်အံ့သော အခြင်းအရာကဲ့သို့ ဖြစ်၏။

ထို ယောဂီပုဂ္ဂိုလ်၏ ရှန့်ရှင်းသော ဝင်သက် ထွက်သက်သည် ချုပ်သည်ရှိသော် သိမ်မွေ့သော ဝင်သက် ထွက်သက် နိမိတ်လျှင် အာရုံရှိသော စိတ်သည် ဖြစ်၏၊ ထို စိတ်သည်လည်း ချုပ်သည် ရှိသော် အဆင့်ဆင့် ထို့ထက် အထူးသဖြင့် သိမ်မွေ့ အထူးသဖြင့် သိမ်မွေ့သော ဝင်သက် ထွက်သက် နိမိတ်လျှင် အာရုံရှိသော စိတ်သည် ဖြစ်သည်သာတည်း၊ အဘယ်သို့ ဖြစ်သနည်း ဟူမူ၊ ယောကျ်ားသည် ကြီးစွာသော သံချောင်းဖြင့် ကြေးခွက်ကို တီးနှက်သည်ရှိသော် တချက်တည်းဖြင့် ကြီးစွာသော အသံသည် ဖြစ်ရာ၏၊ ထို ယောကျ်ားအား ရှန့်ရှင်းသော အသံလျှင် အာရုံ ရှိသော စိတ်သည် ဖြစ်ရာ၏၊ ရှန့်ရှင်းသောအသံ ချုပ်သည်ရှိသော် ထို့နောက် သိမ်မွေ့သောအသံ နိမိတ်လျှင် အာရုံရှိသောစိတ်သည် ဖြစ်၏၊ ထိုစိတ် ချုပ်သည်ရှိသော် အဆင့်ဆင့် ထို့ထက်အထူး သဖြင့် သိမ်မွေ့ အထူးသဖြင့်သိမ်မွေ့သော အသံလျှင် အာရုံ ရှိသော စိတ်သည် ဖြစ်သည်သာတည်း၊ ဤဥပမာနှင့်တူစွာ သိအပ်၏၊ "ဥပမာအားဖြင့် ကြေးခွက်ကို တီးနှက်သည်ရှိသော်" ဟူသော ဤစကားကို ဟောတော်မူအပ်၏၊ အကျယ်ကိုသိလေ။

၂၂၉။ အထူးကား-အာနာပါနကမ္မဋ္ဌာန်းမှ တပါးကုန်သော ကမ္မဋ္ဌာန်းတို့သည် အထက်အထက်၌ ထင်ရှားသည် ဖြစ်ကုန်သကဲ့သို့ ထို့အတူ ဤအာနာပါန ကမ္မဋ္ဌာန်း သည် မဖြစ်၊ စင်စစ်သော်ကား ဤအာနာပါန ကမ္မဋ္ဌာန်း သည် အထက်အထက်၌ ပွါးစေသော ယောဂီပုဂ္ဂိုလ်အား သိမ်မွေ့သော အဖြစ်သို့ ရောက်၏၊ ထင်ခြင်းသို့မျှလည်း မရောက်တတ်၊ ဤသို့ မထင်သည် ရှိသော်လည်း ထို ရဟန်းသည် နေရာမှထ၍ အခင်းစမ္မခက်ကို ခါပြီးလျှင် မသွားအပ်၊ ဘယ်သို့ ပြုရမည်နည်း၊ ဆရာကိုပင် မေးရ မည်လော ဟူ၍ငှင်း, ယခုအခါ ငါ့အား ကမ္မဋ္ဌာန်း

ပျောက်ချေပြီလော ဟူ၍ငင်း နှလုံးသွင်း၍ မထအပ်၊ ဇာရိယာပုထ်ကိုဖျက်၍သွားသောသူအား ကမ္မဋ္ဌာန်းသည် အသစ်အသစ်သာ ဖြစ်၏၊ ထို့ကြောင့် နေမြဲတိုင်းနေ၍ ထိရာအရပ်မှ ဆောင်အပ်၏။

ဤဆိုလတ္တံ့သည်ကား ဆောင်ခြင်း၏ အကြောင်းပေတည်း၊ ထိုရဟန်းသည် ကမ္မဋ္ဌာန်း၏ မထင်သောအဖြစ်ကိုသိ၍ ဤသို့ ဆင်ခြင်အပ်၏၊ ဤဝင်သက် ထွက်သက်တို့ မည်သည် အဘယ် အရပ်၌ ရှိသနည်း၊ အဘယ်အရပ်၌ မရှိသနည်း၊ အဘယ်သူ၌ ရှိသနည်း၊ အဘယ်သူ၌ မရှိသနည်း ဟု ဆင်ခြင်သည်ရှိသော် ဤဝင်သက် ထွက်သက်တို့သည် အမိဝမ်း၌ ကိန်းသောသူအား မရှိကုန်၊ ရေ၌ငုပ်-နစ်သောသူအား မရှိကုန်၊ အသညသတ်ဘုံ၌ ဖြစ်သော သတ္တဝါတို့အား မရှိကုန်၊ သေသောသူတို့အား မရှိကုန်၊ စတုတ္ထဈာန် သမာပတ်ကို ဝင်စားသောသူတို့အား မရှိကုန်၊ ရူပ ဘဝ, အရူပဘဝနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့အားငင်း, နိရောဓ သမာပတ်ကို ဝင်စားသော ပုဂ္ဂိုလ်တို့အားငင်း မရှိကုန် ဟု သိ၍ ဤသို့လျှင် မိမိသည်ပင်လျှင် မိမိကိုယ်ကို စောဒနာအပ်၏၊ "အို-ပညာရှိ၊ သင်သည်အမိဝမ်း၌ ကိန်းအောင်းသူမဟုတ်၊ ရေနစ်သူ မဟုတ်၊ အသညသတ်ဘုံ၌ ဖြစ်သည်မဟုတ်၊ သေသည်မဟုတ်၊ စတုတ္ထဈာန်ကို ဝင်စားသူမဟုတ်၊ ရူပဘဝ, အရူပဘဝနှင့် ပြည့်စုံ သည်မဟုတ်၊ နိရောဓသမာပတ်ကို ဝင်စားသည်မဟုတ်၊ သင့်အား ထွက်သက် ဝင်သက် ရှိသည်သာတည်း၊ ပညာနုံ့သည့် အဖြစ် ကြောင့် သိမ်းဆည်းခြင်းငှါ မတတ်နိုင်" ဟု စောဒနာအပ်၏၊ ထို့နောက် ဤရဟန်းသည် ပကတိထိရာဌာန၏အစွမ်းဖြင့် စိတ်ကို ထား၍ နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏။

ဤဝင်သက် ထွက်သက်တို့သည် နှာခေါင်းရှည်သောသူအား နှာခေါင်းဖုကို ထိခိုက်၍ဖြစ်ကုန်၏၊ နှာခေါင်းတိုသောသူအား အထက်နှုတ်ခမ်းကို ထိခိုက်၍ ဖြစ်ကုန်၏၊ ထို့ကြောင့် ဤရဟန်း သည် ဤမည်သောအရပ်ကို ထိကုန်၏ ဟု နိမိတ်ကို ထားအပ်

ဖြစ်စေအပ်၏၊ ဤသို့သော အကြောင်းကို အစွဲပြု၍ မြတ်စွာဘုရား သည် "အို-ရဟန်းတို့၊ သတိလွတ်သောသူအား ပညာအဆင် အခြင်ကင်းသောသူအား အာနာပါနဿတိ ဘာဝနာကို ငါဘုရားသည် ဟောတော်မမူ" ဟု ဟောတော်မူ၏။

၂၃၀။ အလုံးစုံသော ကမ္မဋ္ဌာန်းသည်ပင် သတိသမ္ပဇဉ်နှင့် ပြည့်စုံသော သူအားသာလျှင် အကယ်၍ကား ပြည့်စုံနိုင်၏၊ သို့ရာတွင် ဤအာနာပါန ကမ္မဋ္ဌာန်းမှတပါးသော ကမ္မဋ္ဌာန်းကို နှလုံးသွင်းသောပုဂ္ဂိုလ်အား ထင်ရှားသည် ဖြစ်၏၊ ဤအာနာပါနဿတိ ကမ္မဋ္ဌာန်းသည်ကား ခက်ခဲ၏၊ ခက်ခဲသော ဘာဝနာဖြစ်၏၊ ဘုရား, ပစ္စေက ဗုဒ္ဓါ, ဘုရားသားတော် ယောကျ်ားမြတ်တို့၏သာလျှင် နှလုံးသွင်းရာဌာန ဖြစ်၏၊ သိမ်သိမ်ငယ်ငယ် မဟုတ်၊ သာမန်လူစားများ နည်းနာကျကျ သဘာဝအညီ မှီဝဲ နိုင်သည်မဟုတ်၊ အကြင်အကြင်သို့ နှလုံးသွင်း၏၊ ထို နှလုံးသွင်းသောအတိုင်း ငြိမ်သက်သည်လည်း ဖြစ်၏၊ သိမ်မွေ့သည်လည်း ဖြစ်၏၊ ထို့ကြောင့် ဤအာနာ-ပါနဿတိ ကမ္မဋ္ဌာန်း၌ အားကြီးသော သတိကိုရင်း, ပညာဉာဏ်ကိုရင်း အလိုရှိအပ်လေသည်၊ သိမ်မွေ့ နူးညံ့ သောအဝတ်ကို ချုပ်သောအခါ သိမ်မွေ့သေးငယ်သော အပ်ကိုရင်း, ထို့ထက် သိမ်မွေ့သေးငယ်သော အပ်နဖားထွင်းသော စူးကိုရင်း, အလိုရှိအပ်သကဲ့သို့ ဤအတူ နူးညံ့ သိမ်မွေ့သော အဝတ်နှင့်တူသော ဤအာနာပါန ကမ္မဋ္ဌာန်းကို ပွါးစေသောကာလ၌ အပ်နှင့်တူသော သတိကိုရင်း, အပ်နဖားထွင်းစူးနှင့်တူသော ထိုသတိနှင့် ယှဉ်သော အားကြီးသောပညာကိုရင်း အလိုရှိအပ်၏။

ထို့ပြင် ထိုသို့အားကောင်းသော သတိပညာနှင့် ပြည့်စုံသော ရဟန်းသည် ထိုဝင်သက် ထွက်သက်တို့ကိုကြည့်၍ ပကတိအားဖြင့် ထိသော နေရာအရပ်ကို မရှာမှီးအပ်၊ **ဥပမာ**အားဖြင့် လယ်ထွန်

ယောက်ျားသည် လယ်ထွန်ပြီး၍ နွားတို့ကိုချွတ်၍ စားကျက်သို့ ရှေးရှုလွှတ်ပြီးလျှင် အရိပ်၌အိပ်လျက် အပန်းဖြေ နားနေရာ၏၊ ထိုအခါ ထိုလယ်ထွန်ယောက်ျား၏ နွားတို့သည် လျင်မြန်စွာ တောအုပ်သို့ ပြေးဝင်ကြကုန်ရာ၏၊ လိမ္မာသော လယ်ထွန် ယောက်ျားသည် တဖန် ထိုနွားတို့ကိုယူ၍ ထွန်၌တပ်လိုသည် ရှိသော် ထိုနွားတို့၏ခြေရာကို အစဉ်လိုက်၍ တောအုပ်သို့ မလှည့် လည်၊ စင်စစ်သော်ကား ကြိုးနှင့်နှင်တံကိုသာယူ၍ ထိုနွားများ ဖြောင့်ဖြောင့် သက်ဆင်းရာဖြစ်သော ရေဆိပ်သို့ သွားပြီးလျှင် ထိုင်၍သော်၎င်း အိပ်၍သော်၎င်း စောင့်နေ၏၊ ထိုအခါ ထိုနွား တို့သည် တနေ့ပတ်လုံး ကျက်စား၍ ရေဆိပ်သို့ ဆင်းသက်ပြီးလျှင် ရေချိုး၍ ရေသောက်၍ တဖန် တက်ပြီး၍ ရပ်၍နေကြသည်ကို မြင်ကာလကြိုးတို့ဖြင့် ချည်နှောင်၍နှင်တံဖြင့် မောင်းနှင်လျက် ဆောင်ယူပြီးလျှင် ထွန်၌ကာ၍ တဖန် လယ်ထွန်မှုကို ပြုလေ၏။

ဤဥပမာအတူ ထိုရဟန်းသည် ထိုဝင်သက် ထွက်သက်တို့ကို ကြည့်၍ ပြကတေ့အားဖြင့် ထိရာဌာနကို မရှာအပ်၊ သတိတည်း ဟူသော ကြိုးကို၎င်း, ပညာတည်းဟူသော နှင်တံကို၎င်း ယူ၍ ပြကတေ့အားဖြင့် တွေ့ထိသောအရပ်၌ စိတ်ကိုထား၍ နှလုံးသွင်း ခြင်းကို ဖြစ်စေအပ်၏၊ ဤသို့ နှလုံးသွင်းသော ရဟန်းအား သက်ဆင်းသော ရေဆိပ်၌ နွားတို့သည် ထင်ကုန် သကဲ့သို့ မကြာမြင့်မီပင် ထိုဝင်သက် ထွက်သက်တို့သည် ထင်ကုန်၏၊ ထို့နောက်မှ ထိုရဟန်းသည် သတိတည်းဟူသော ကြိုးဖြင့် နှောင်ဖွဲ့၍ ထိုအရပ်၌ပင် နှလုံးသွင်းခြင်းဖြင့် ယှဉ်၍ ပညာတည်း ဟူသော နှင်တံဖြင့် မောင်းနှင်သည်ဖြစ်၍ အဖန်တလဲလဲ ကမ္မဋ္ဌာန်းကို အားထုတ်အပ်၏။

၂၃၁။ ဤသို့ အားထုတ်သော ရဟန်းအား မကြာမြင့်မီ ဥဂ္ဂဟ နိမိတ်, ပဋိဘာဂနိမိတ် ထင်၏၊ ထိုနိမိတ်သည် ခပ်သိမ်း ကုန်သော သူတို့အား တချက်တည်း တူသည်မဖြစ်၊ စင်စစ်သော်ကား အချို့သော ယောဂီပုဂ္ဂိုလ်အား

ချမ်းသာသော အတွေ့ကို ဖြစ်စေအပ်သည်ရှိသော် လဲမွှေ့ကဲ့သို့ငှင်း, မိုင်းဝါဂွမ်းကဲ့သို့ငှင်း, လေအယဉ်ကဲ့သို့ငှင်း ထင်၏ဟု အချို့သောဆရာတို့သည် ဆိုကြကုန်၏။

ဤဆိုလတ္တံ့သည်ကား **အဋ္ဌကထာ**တို့၌လာသော အဆုံးအဖြတ်ပေတည်း။ ဤနိမိတ်သည် အချို့သောသူအား သောက်ရှူးကြယ်ကဲ့သို့ငှင်း, ပတ္တမြားလုံးကဲ့သို့ငှင်း, ပုလဲလုံးကဲ့သို့ငှင်း ထင်၏၊ အချို့သောသူအား ကြမ်းသော အတွေ့ရှိသည်ဖြစ်၍ ဝါးရိုးကဲ့သို့ငှင်း, သစ်သားနှစ် တံကျင်ကဲ့သို့ငှင်း ထင်၏၊ အချို့သောသူအား ရှည်သော ဆောက်လုံးကြိုးမျှင်ကဲ့သို့ငှင်း, ပန်းဆိုင်းကဲ့သို့ငှင်း, အခိုးညွန့်ကဲ့သို့ငှင်း ထင်၏၊ အချို့သောသူအား ကျယ်ပြန့်သော ပင့်ကူချည်မျှင်ကဲ့သို့ငှင်း, တိမ်တိုက်လွှာကဲ့သို့ငှင်း, ပဒုမာကြာပွင့်ကဲ့သို့ငှင်း,ရထားလှည်းဘီးစက်ကဲ့သို့ငှင်း, လဝန်းကဲ့သို့ငှင်း, နေဝန်းကဲ့သို့ငှင်း ထင်၏။

ထိုသို့ အထူးထူးအပြားပြား နိမိတ်ထင်ခြင်းသည် များစွာသော ရဟန်းတို့ တခုသော သုတ္တန်ပါဠိကို သရဇ္ဈာယ်လျက်နေကြရာ တပါးသောရဟန်းက "အရှင်တို့အား အဘယ်သို့သဘောရှိသည်ဖြစ်၍ ဤသုတ်သည် ထင်ပါသနည်း" ဟု မေးသည်ရှိသော် တပါးသောရဟန်းက "ငါ့အား ကြီးစွာသော တောင်ကျချောင်းမြစ်ကဲ့သို့ဖြစ်၍ ထင်၏" ဟု ဆို၏၊ တဦးသောရဟန်းက "ငါ့အား တောရေးကဲ့သို့ဖြစ်၍ ထင်၏" ဟု ဆို၏၊ တပါးသောရဟန်းက "ငါ့အား အေးချမ်းသော အရိပ်ရှိသော အခက်အလက်နှင့်ပြည့်စုံသော အသီးတည်းဟူသော ဝန်ဖြင့် ပြည့်သောသစ်ပင်ကဲ့သို့ထင်၏" ဟု ဆို၏၊ **အကြောင်းကား**—ထိုရဟန်းတို့အား တခုသောသုတ်သည်ပင် သညာအထူးထူး ရှိသောကြောင့် အထူးထူးအပြားပြား ထင်၏သို့ ထို့အတူ တခုသော ကမ္မဋ္ဌာန်းသည် နိမိတ်ထင်သည်မှ ရှေးမဆွက ဖြစ်ကုန်သော သညာတို့၏ အထူးထူး အထွေထွေ ဖြစ်သောကြောင့် အထူးထူး အပြားပြား နိမိတ်ထင်၏၊ ထိုစကား သင့်လျော်သည်၊ ဤကမ္မဋ္ဌာန်းသည်

ဘာဝနာသညာဖြင့် မှတ်အပ်၏၊ ဘာဝနာသညာဟူသော အကြောင်းရှိ၏၊ ဘာဝနာသညာလျှင် အမွန်ရှိ၏၊ ထိုသို့သညာ အထူးထူးအပြားပြား ရှိသည်အဖြစ်ကြောင့် အထူးထူးအပြားပြား အားဖြင့် နိမိတ်ထင်၏ဟု မှတ်အပ်၏။

ဤအရာ၌လည်း ဝင်သက်လျှင် အာရုံရှိသောစိတ်သည်တခြား, ထွက်သက်လျှင် အာရုံရှိသောစိတ်သည်တခြား, နိမိတ်လျှင် အာရုံရှိသောစိတ်သည် တခြား ဖြစ်၏၊ အကြင်ပုဂ္ဂိုလ်အား ဤသုံးပါးသောတရားတို့သည် မရှိကုန်၊ ထိုပုဂ္ဂိုလ်၏ ကမ္မဋ္ဌာန်းသည် အပ္ပနာသို့ မရောက်နိုင်၊ ဥပစာရသို့လည်း မရောက်နိုင်၊ အကြင်ပုဂ္ဂိုလ်အား ဤသုံးပါးသောတရားတို့သည် ရှိကုန်၏၊ ထိုပုဂ္ဂိုလ်၏ ကမ္မဋ္ဌာန်းသည်သာလျှင် ဥပစာရသို့ငှင်း, အပ္ပနာသို့ငှင်း ရောက်နိုင်၏၊ ထို့ကြောင့် အောက်ပါဂါထာတို့ကို ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဟောတော်မူအပ်၏။

''နိမိတ္တံ အဿာသပဿာသာ၊
အနာရမ္မဏမေကစိတ္တဿ။
အဇာနတော တယော ဓမ္မေ၊
ဘာဝနာနုပလဗ္ဘတိ။
နိမိတ္တံ အဿာသပဿာသာ၊
အနာရမ္မဏမေကစိတ္တဿ။
ဇာနတောဝ တယော ဓမ္မေ၊
ဘာဝနာ ဥပလဗ္ဘတိ''တိ။

**မှတ်ချက်။** ။ဤဂါထာတို့၏ မြန်မာပြန်ကို လှူဒုမာတွင် ပြန်ဆိုရေးသားခဲ့ပြီ။

၂၃၂။ ထို့ပြင် ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ပဋိဘာဂ နိမိတ် ထင်သည်ရှိသော် ထိုရဟန်းသည် ဆရာ၏အထံသို့သွား၍ "အသျှင်ဘုရား, အကျွန်ုပ်အား ဤသို့သော နိမိတ်ထင်ပါ၏" ဟု ပြောကြားအပ်၏၊ ဆရာသည် ဤသည်ကား နိမိတ်ဟူ၍ငှင်း, နိမိတ်မဟုတ်ဟူ၍ငှင်း မပြောဆိုအပ်၊ "အို-ငါ့သျှင်,ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်သော

သူအား ဤသို့ထင်တတ်၏”ဟုသာ ပြော၍ အဖန်တလဲလဲ နှလုံးသွင်းလော့ဟု ပြောအပ်၏၊ “နိမိတ်ဟူ၍ ပြောခဲ့သော် တွန့်ခြင်းသို့ ရောက်ရာသည်၊ နိမိတ်မဟုတ်ဟု ပြောခဲ့သော် အာသာကင်းသည်ဖြစ်၍ ပင်ပန်းခြင်းသို့ ရောက်ရာသည်၊ ထို့ကြောင့် ထိုနှစ်မျိုးစလုံးကိုပင် မပြော မဆိုမူ၍ နှလုံးသွင်းမှု၌သာလျှင် နှိုးဆော် တိုက်တွန်း အပ်၏” ဟု **ဒီဃနိကာယ်ဆောင်** ပုဂ္ဂိုလ်တို့သည် ဆိုကြကုန်၏၊ **မဇ္ဈိမနိကာယ်ဆောင်** ပုဂ္ဂိုလ်တို့သည်ကား အို-ငါ့သျှင်, ဤသို့ ထင်ခြင်းသည် နိမိတ်မည်၏၊ “အို-သူတော်ကောင်း, ကမ္မဋ္ဌာန်းကို အဖန်တလဲလဲ နှလုံးသွင်းလော့”ဟု ဆိုအပ်၏ဟု ဆိုကြကုန်၏၊ ထို့နောက် ထိုရဟန်းသည် နိမိတ်၌သာလျှင် စိတ်ကိုထားအပ်၏၊ ဤသို့ ပဋိဘာဂနိမိတ်၌ စိတ်ကို ထားသည်ရှိသော် ဤပဋိဘာဂနိမိတ် ဖြစ်သည်မှစ၍ ထိုယောဂီပုဂ္ဂိုလ် အား ဌပနာနည်း၏အစွမ်းဖြင့် ဘာဝနာသည် ဖြစ်၏၊ ထို့ကြောင့် ရှေးဆရာကြီးတို့သည်—

> နိမိတ္တေ ဌပယံ စိတ္တံ၊
> နာနာကာရံ ဝိဘာဝယံ။
> ဓီရော အဿာသပဿာသေ၊
> သကံ စိတ္တံ နိဗန္ဓတိ။

> ကောင်းသော အားထုတ်ခြင်းနှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်သည် ဝင်သက် ထွက်သက်၌ အထူးထူး သောအခြင်းအရာကို ထင်ရှားသည်ကို ပြုလတ်သော် ထိုနိမိတ်၌ စိတ်ကိုထား၍ အစဉ်သဖြင့် မိမိစိတ်ကို အပ္ပနာသို့ ရောက်စေ၏။

ဟူ၍ မိန့်ဆိုကြကုန်၏။

ဤကား ဌပနာ၏ အဓိပ္ပါယ်တည်း။

ဤဆိုအပ်ခဲ့ပြီးသော နည်းအားဖြင့် ထိုယောဂီပုဂ္ဂိုလ်သည် နိမိတ်ထင်သည်မှစ၍ နီဝရဏတို့ကို ခွါအပ်ကုန်သည် ဖြစ်ကုန်၏၊ နီဝရဏမှကြွင်းသော ကိလေသာတို့သည် ငြိမ်သက်ကုန်၏၊ သတိသည် ထင်၏၊ စိတ်သည် ဥပစာရသမာဓိဖြင့် အညီအညွတ် ကောင်းစွာ ထားအပ်သည် ဖြစ်၏၊ ထို့နောက် ထိုယောဂီပုဂ္ဂိုလ်သည် ထိုနိမိတ်ကို ပြဆိုအပ်ခဲ့ပြီးသော လဝါဠမ်း စသည်တို့၌ကဲ့သို့ ထင်သော အဆင်းအရောင်အားဖြင့် နှလုံးမသွင်းအပ်၊ ကြမ်းထမ်းခြင်း စသော သဘောအားဖြင့် မဆင်ခြင်အပ်၊ စင်စစ်သော်ကား မိဘုရားကြီးသည် စကြာမင်းလောင်း ကိုယ်ဝန်ကို စောင့်ရှောက်အပ်သကဲ့သို့ လယ်လုပ်ယောကျ်ားသည် သလေး စပါးဖုံးကို စောင့်ရှောက်အပ်သကဲ့သို့ ကျောင်းနေရာ အစရှိသော ခုနစ်ပါးသော မလျောက်ပတ်သည်တို့ကို ကြဉ်ရှောင်၍ ခုနစ်ပါးသော လျောက်ပတ်သည်တို့ကို မှီဝဲ၍ ကောင်းစွာ ထိုနိမိတ်ကို စောင့်ရှောက်အပ်၏၊ ထို့နောက် ထိုနိမိတ်ကို ဤသို့ စောင့်ရှောက်၍ အဖန်ဖန်ကလဲလဲ နှလုံးသွင်းသည်၏အစွမ်းဖြင့် ကြီးပွါး ပြန့်ပြောခြင်းသို့ ရောက်စေ၍ ဆယ်ပါးအပြားရှိသော အပ္ပနာကောသလ္လကို ပြီးစေအပ်၏၊ ဝီရိယနှင့် သမာဓိမျှသည့်အဖြစ်ကို ယှဉ်အပ်၏။

ဤသို့သောနည်းဖြင့် အားထုတ်ကြိုးစားသော ယောဂီပုဂ္ဂိုလ်အား ပထဝီကသိုဏ်း၌ ဆိုအပ်ခဲ့ပြီးသော အစဉ်အတိုင်း ထိုနိမိတ်၌ စတုက္ကဈာန် ပဉ္စကဈာန်တို့သည် ဖြစ်ကုန်၏။

၂၃၃။ ဤသို့ ဤကာယာနုပဿနာကမ္မဋ္ဌာန်း၌ ဖြစ်ပြီးသော စတုက္ကဈာန်, ပဉ္စကဈာန်ရှိသော ရဟန်းသည် ဝိပဿနာ လမ်း၏ အစွမ်းဖြင့် ကမ္မဋ္ဌာန်းကိုပွါး၍ သောတာပတ္တိဖိုလ်ကို ရခြင်း, ရောက်ခြင်းငှါ အလိုရှိသည်လည်းဖြစ်သော ယောဂီပုဂ္ဂိုလ်သည် ထိုဈာန်ကိုပင်လျှင် အာဝဇ္ဇနစသော ငါးပါးကုန်သော အခြင်းအရာတို့ဖြင့် ဝသီဘော်သို့ ရောက်အောင် လေ့လာ၍ နာမ်ရုပ်ကိုပိုင်းခြားမှတ်သား၍ ဝိပဿနာကို ဖြစ်စေ၏၊ အဘယ်သို့ ဖြစ်စေသနည်း

> ဟူမူကား ထိုဈာန်ရသော ရဟန်းသည် မိမိဝင်စား အပ်သော တခုခုသော သမာပတ်မှထ၍ ဝင်သက် ထွက်သက်တို့၏ ဖြစ်ကြောင်းဖြစ်သော ကရဇကာယကို ၎င်း, စိတ်ကိုင်း ဤနှစ်ပါးစုံကို ရှု၏၊ **ဥပမာ**အားဖြင့် ပန်းဘဲသမားတို့၏ သားရေဖားဖိုကို ထိုးဆွဲသည်ရှိသော် သားရေကို၎င်း, ထိုလေဖြစ်ခြင်းငှါ လျော်သော ယောကျာ်း၏ လုံ့လကို၎င်း, စွဲ၍ လေသည်ဖြစ်၏သို့ ဤအတူ ကရဇကာယကို၎င်း, စိတ်ကို၎င်း စွဲ၍ ထွက်သက် ဝင်သက်သည် ဖြစ်၏၊ ဤသို့ မှတ်အပ်၏၊ ထို့နောက် ထွက်သက်, ဝင်သက်လေကို၎င်း, ကရဇကာယကို၎င်း, ရုပ်ဟူ၍၊ စိတ်ကို၎င်း, ထိုစိတ်နှင့်ယှဉ်သော စေတသိက် တို့ကို၎င်း နာမ်ဟူ၍ မှတ်အပ်၏၊ ဤသည်ကား ဤ အာနာပါနဿတိကမ္မဋ္ဌာန်း၌ အကျဉ်းမျှသာတည်း၊ အကျယ်အားဖြင့် နာမ်ရုပ်ကို ပိုင်းခြား မှတ်သားခြင်းသည် နောက် **၁၈-ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသ၌** ထင်ရှားလတ္တံ့။

ဤသို့ နာမ်ရုပ်ကိုမှတ်သား၍ ထိုနာမ်ရုပ်၏အကြောင်းကို ရှာ၏၊ ရှာသည်ရှိသော် ထိုနာမ်ရုပ်၏အကြောင်းကို တွေ့မြင်၍ သုံးပါးသော အဓွန့်ကာလတို့၌ နာမ်ရုပ်၏ဖြစ်ခြင်းကို အာရုံပြု၍ ယုံမှားခြင်းကို လွန်မြောက်၏၊ ယုံမှားခြင်းကို လွန်မြောက်ပြီးသော ပုဂ္ဂိုလ်သည် အပေါင်းအစည်းကလာပ်ကိုယူ၍ အနိစ္စစသည်တို့၏ အစွမ်းဖြင့် သုံးသပ်ခြင်း၏အစွမ်းဖြင့် လက္ခဏာရေးသုံးပါးသို့ တင်ပြီးလျှင် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၌ အကျုံးဝင်သောဖြစ်ခြင်း ပျက်ခြင်းကို ရှုမြင်သော ဥဒယဗ္ဗယာနုပဿနာ၏ ရှေးအဘို့၌ ဖြစ်ကုန်သော ဩဘာသအစရှိသော ဆယ်ပါးသောဝိပဿနာ၏ ညစ်ညူးကြောင်းတို့ကို ပယ်၍ ညစ်ညူးကြောင်းမှ လွတ်သော ပဋိပဒါဉာဏ်သည် မဂ်မည်၏ဟု မှတ်သားပြီးလျှင် သင်္ခါရတို့၏ ဖြစ်ခြင်းဥဒယကို ပယ်၍ သင်္ခါရတို့၏ ပျက်ခြင်းကိုသာ ရှုသော ဉာဏ်သို့ ရောက်၍ မပြတ်ပျက်ခြင်းကို ရှုသောဉာဏ်သို့ ရောက်၍ မပြတ်ပျက်ခြင်းကို ရှုသော ဉာဏ်ဖြင့် ပျက်သောအားဖြင့် တည်

ကုန်သော အလုံးစုံသော သင်္ခါရတို့၌ ငြီးငွေ့သည်ဖြစ်၍ တပ်မက်ခြင်း ကင်းသည်ဖြစ်၍ လွတ်ဆဲဖြစ်၍ အစဉ်သဖြင့် လေးပါးကုန်သော အရိယာမဂ်တို့သို့ ရောက်၍ အရဟတ္တဖိုလ်၌တည်၍ တခုယုတ်နှစ်ဆယ် အပြားရှိသော ပစ္စဝေက္ခဏာ ဉာဏ်၏အဆုံးသို့ ရောက်၍ နတ်နှင့်တကွသော လောက၏ မြတ်သောအလှူကို ခံထိုက်သော ရဟန္တာပုဂ္ဂိုလ် ဖြစ်လေ၏။

ဤ ဆိုအပ်ခဲ့သော စကားအစဉ်ဖြင့် ထို အာနာပါနကမ္မဋ္ဌာန်းကို
လေ့လာစီးဖြန်းသော ရဟန်း၏ ရေတွက်ခြင်းဂဏနာ
နည်းကို အစပြု၍ ဝိပဿနာ အဆုံးရှိသော
အာနာပါနဿတိ သမာဓိ ဘာဝနာပွါးပုံ
ပြီးပြည့်စုံပြီ။
ပဌမ စတုက္ကဝဏ္ဏနာ ပြီး၏။

---

၂၃၄။ ပဌမစတုက္ကမှ တပါးသော သုံးပါးသော စတုက္ကတို့၌ အသီးအခြား ကမ္မဋ္ဌာန်းပွါးနည်း မည်သည် မရှိ၊ ထို့ကြောင့် အသီးအသီးသော ပုဒ်တို့ကို အစဉ်အတိုင်း ဖွင့်ပြလတ္တံ့သော နည်းဖြင့် ထိုစတုက္ကတို့၏ အနက်ကို သိအပ်၏။

**“ပီတိကိုထင်စေလျက် ဝင်သက်ထွက်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏”** ဟူသော ဤစကားတွင် **“ပီတိကိုထင်စေလျက်”** ဆိုသည်ကား-ပီတိကို အသီးအသီး ကောင်းစွာ သိအပ်သည်ကို ပြုလျက် ထင်ရှားသည်ကိုပြုလျက် ဝင်သက် ရှိုက်အံ့, ထွက်သက်ကို ရှူထုတ်အံ့ဟု ကျင့်၏ဟူ၍ ဆိုလိုသည်၊ ထိုစကား၌ ပီတိကို သိခြင်းသည် အာရုံအားဖြင့်၎င်း, မတွေမဝေသောအားဖြင့်၎င်း နှစ်ပါးသော အခြင်းအရာအားဖြင့် သိ၏၊ အဘယ်သို့လျှင် အာရုံအားဖြင့် ပီတိကို သိခြင်းသည် ဖြစ်သနည်းဟူမူကား-ပီတိနှင့်တကွ ဖြစ်ကုန်သော စတုက္ကနည်း၌ နှစ်ပါးသော ပဌမဈာန် ဒုတိယဈာန်တို့ကို အစဉ်အတိုင်း ဝင်စား၏၊ ထိုယောဂီပုဂ္ဂိုလ်သည် ဝင်စားဆဲခဏ၌ ဈာန်နှင့်ပြည့်စုံသဖြင့် ပဋိဘာဂအာရုံယူခြင်းကို အကြောင်း

ပြု၍ ပဋိဘာဂနိမိတ်လျှင် အာရုံရှိသောဈာန်၌ အကျုံးဝင်သော ပီတိကို ထင်စွာသိသည် ဖြစ်၏၊ အဘယ့်ကြောင့်ဆိုသော် အာရုံကို ထင်စွာသိသည်၏ အဖြစ်ကြောင့်ပေတည်း၊ အဘယ်သို့လျှင် မတွေမဝေသောအားဖြင့် ပီတိကိုထင်စွာ သိခြင်းသည် ဖြစ်သနည်း ဟူမူကား-ပီတိနှင့်တကွ ဖြစ်ကုန်သော နှစ်ပါးသောဈာန်တို့ကို ဝင်စား၍ ထိုဈာန်မှထ၍ ဈာန်နှင့်ယှဉ်သော ပီတိကို ကုန်တတ်သော သဘောအားဖြင့် ပျက်တတ်သော သဘောအားဖြင့် သုံးသပ်၏၊ ထိုယောဂီပုဂ္ဂိုလ်သည် ဝိပဿနာဉာဏ်ဖြင့် ရှုမြင်သော ခဏ၌ ပီတိ၏သာမည လက္ခဏာကို ထိုးထွင်း သိခြင်းဖြင့် မတွေမဝေသော အားဖြင့် ပီတိကို ထင်စွာ သိသည်ဖြစ်၏၊ ထိုစကားမှန်သည်၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ "ဒီဃံ အဿာသ-ဝသေန....(လ)....ဇာ သာ ပီတိ ပဋိသံဝိဒိတာ ဟောတိ" ဟူ၍ ဆိုအပ်၏။

## အဓိပ္ပါယ်ကား

အာရုံဖြစ်သော ရှည်သော ဝင်သက်၏ အစွမ်းဖြင့် ဈာန်၌ အကျုံးဝင်သော မပျံ့လွင့်သောကြောင့် အဝိက္ခေပမည်သော စိတ်၏ တည်ကြည်ခြင်းကို အပြားအားဖြင့် သိသောသူအား သတိသည် သမ္မယုတ်ဖြစ်သော ဈာန်၏အာရုံ၌၎င်း, ထိုအာရုံရှိသော ဈာန်၌၎င်း ထင်၏၊ ထိုသို့ ထင်သောသတိဖြင့် ယခင်ဆိုအပ်ခဲ့ပြီးသောဉာဏ်ဖြင့် ထိုပီတိသည် အသီးအသီး ကောင်းစွာ သိအပ်သည် ထင်ရှားသည် ဖြစ်၏၊ ရှည်သော ထွက်သက်၏ အစွမ်းဖြင့် တိုသောဝင်သက်၏ အစွမ်းဖြင့် တိုသော ထွက်သက်၏ အစွမ်းဖြင့် အလုံးစုံ အစ, အလယ်, အဆုံးကို သိသော ဝင်သက် ထွက်သက်၏ အစွမ်းဖြင့် ကာယသင်္ခါရကို ငြိမ်းစေသော ဝင်သက် ထွက်သက်၏ အစွမ်းဖြင့် မပျံ့လွင့်သောစိတ်၏ တည်ကြည်ခြင်းကို အပြားအားဖြင့် သိသောသူအား သတိသည် ထင်၏၊ ထိုသို့ ထင်သော သတိဖြင့် ယခင်ဆိုအပ်ခဲ့ပြီးသော ဉာဏ်ဖြင့် ထို ပီတိသည် အသီးအသီး ကောင်းစွာ သိအပ်သည် ထင်ရှားသည် ဖြစ်၏၊ ဈာန်ကို ဆင်ခြင်သော ယောဂီအား ထိုထို ဈာန်၌

အကျုံးဝင်သော ဝိတိသည် ဟင်ရှားသိသည် ဖြစ်၏၊ ဈာန် ဝင်စားခိုက် အာရုံကိုအကြောင်းပြု၍ သိသော ပုဂ္ဂိုလ်အား ဈာန်မှထ၍ ဉာဏ်ဖြင့် ရှုမြင်သောပုဂ္ဂိုလ်အား, ဈာန်ကို သုံးသပ် ဆင်ခြင်သော ပုဂ္ဂိုလ်အား, ဤမျှလောက်ကြာအောင် ဈာန် ဝင်စားအံ့ဟု၍ ဈာန်စိတ်ကို အဓိဋ္ဌာန်ပြုသော ပုဂ္ဂိုလ်အား, သဒ္ဓါတရားဖြင့် ယုံကြည်သောပုဂ္ဂိုလ်အား, သမထဝိပဿနာ၏ အစွမ်းဖြင့် ဝီရိယကို ချီးမြှောက်သောပုဂ္ဂိုလ်အား, သတိကို ဖြစ်စေသောပုဂ္ဂိုလ်အား, စိတ်ကိုအာရုံ၌ ကောင်းစွာထားသော ပုဂ္ဂိုလ်အား, ပညာဖြင့်သိသောပုဂ္ဂိုလ်အား, ထူးသော မဂ်ပညာ ဖြင့် သိအပ်သော သစ္စာတရားကိုသိသော, ပိုင်းခြား၍ သိအပ် သော ဒုက္ခသစ္စာတရားကို ပိုင်းခြား၍သိသော, ပယ်အပ်သော သမုဒယသစ္စာတရားကို ပယ်သော,ပွါးအပ်သော မဂ္ဂသစ္စာတရား ကို ပွါးသော, မျက်မှောက်ပြုအပ်သော နိရောဓသစ္စာတရားကို မျက်မှောက်ပြုသော ပုဂ္ဂိုလ်အား ထိုဈာန်၌ အကျုံးဝင်သော ဝိတိကို အသီးအသီး ဟင်ထင်ရှားရှား သိသည် ဖြစ်၏၊ ဤသို့လျှင် ထိုအသီးအသီး ကောင်းစွာ သိသည် ထင်ရှားသိသည် ဖြစ်၏ဟု ဟောတော်မူ၏၊ **ပဋိသမ္ဘိဒါမဂ် ပါဠိတော်၏အဓိပ္ပါယ်။**

ကြွင်းသော "**သုခကို ထင်စွာသိသည်ဖြစ်၍ စိတ္တသင်္ခါရကို ထင်စွာ သိသည်ဖြစ်၍**"ဟူသော ပုဒ်တို့ကိုလည်း ဝိတိ၌ ဆိုအပ် ခဲ့ပြီးသော နည်းအတိုင်း အနက်အဓိပ္ပါယ်ကို သိအပ်ကုန်၏၊ ထိုသို့ သိအပ်သော်လည်း ဤ ဆိုလတ္တံ့သည်ကား အထူးတည်း။

သုံးပါးသော ဈာန်တို့၏အစွမ်းဖြင့် သုခကို အသီးအသီး ကောင်းစွာ သိအပ်သည်ကိုဎင်း, လေးပါးသော ဈာန်တို့၏ အစွမ်းဖြင့် စိတ္တသင်္ခါရကို အသီးအသီး သိအပ်သည့်အဖြစ်ကိုဎင်း သိအပ်ကုန်၏၊ "**စိတ္တသင်္ခါရ**" ဆိုသည်ကား-ဝေဒနာ, သညာ တည်းဟူသော ခန္ဓာနှစ်ပါးကို ဆိုသည်၊ "**သုခကို ထင်စွာသိ၏**" ဟူသော ပုဒ်၌ ဝိပဿနာ၏အာရုံကို ပြခြင်းငှါ"သုခဟူသည်ကား ကိုယ်၌ ဖြစ်သော သုခဟူ၍ဎင်း, စိတ်၌ဖြစ်သော သုခဟူ၍ဎင်း

နှစ်ပါး အပြားရှိ၏”ဟု ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ ဟောတော်မူအပ်၏။

**“စိတ္တသင်္ခါရကို ငြိမ်းစေလျက်”** ဆိုသည်ကား-ရုန့်ရင်းသော စိတ္တသင်္ခါရကို ငြိမ်းစေလျက်, ချုပ်စေလျက်ဟု ဆိုလိုသည်၊ ထို ငြိမ်းစေ ချုပ်စေပုံကို အကျယ်အားဖြင့် ကာယသင်္ခါရ၌ ဆိုအပ်ခဲ့ ပြီးသော နည်းအတိုင်း သိအပ်၏။

ဆိုဘွယ် အထူးကား-ဤ သုံးပါးသောစတုက္က၌ ပီတိပဋိသံဝေဒီ စသည်ဖြင့် ဟောအပ်သော ကောဋ္ဌာသမှာ ပီတိကို ညွှန်သဖြင့် ပီတိနှင့်သမ္ပယုတ်ဖြစ်သော ဝေဒနာကိုလည်း ဆိုအပ်၏၊ သုခ ပဋိသံဝေဒီ စသည်ဖြင့် ဟောအပ်သော ကောဋ္ဌာသမှ သရုပ် ဖော်၍ ဝေဒနာကို ဟောအပ်၏၊ စိတ္တသင်္ခါရနှင့် စပ်ယှဉ်ကုန်သော နှစ်ကောဋ္ဌာသတို့မှာ “သညာသည်၎င်း, ဝေဒနာသည်၎င်း ထို တရားတို့သည် စိတ်နှင့်ယှဉ်ကုန်၏, စိတ်နှင့်စပ်ကုန်၏, စိတ်သည် ပြုပြင်အပ်ကုန်၏ဟု ဟောတော်မူသောကြောင့် သညာနှင့်ယှဉ်သော ဝေဒနာကို ဟောအပ်ကုန်၏၊ ဤသို့ ဝေဒနာနုပဿနာနည်းဖြင့် ဤဒုတိယစတုက္ကကို ဟောအပ်၏ဟု သိအပ်၏။

၂၃၅။ တတိယ စတုက္က၌လည်း လေးပါးကုန်သော ဈာန်တို့၏ အစွမ်းဖြင့် စိတ်ကိုထင်ရှား သိခြင်းကို သိအပ်ကုန်၏၊

**“စိတ်ကိုဝမ်းမြောက်စေလျက်”** ဆိုသည်ကား-ဈာန်နှင့် ယှဉ်သော စိတ်ကို ပီတိဖြင့် ဝမ်းမြောက်စေလျက် အထူးသဖြင့် ဝမ်းမြောက်စေလျက် ရွှင်စေလျက် အထူးသဖြင့် ရွှင်စေလျက် ဝင်သက်ကို ဖြစ်စေအံ့, ထွက်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏ဟူ၍ ဆိုလိုသည်၊ ထိုတတိယစတုက္က၌ သမာဓိ၏ အစွမ်းဖြင့်၎င်း, ဝိပဿနာ၏ အစွမ်းဖြင့်၎င်း နှစ်ပါးသော အခြင်းအရာ တို့ဖြင့် ဝမ်းမြောက် ခြင်းသည် ဖြစ်၏၊ အဘယ်သို့သော အခြင်းအရာ အားဖြင့် သမာဓိ၏အစွမ်းဖြင့် ပီတိနှင့်တကွဖြစ်ကုန်သော ဈာန်

နှစ်ပါးတို့ကို ဝင်စားသနည်း၊ ထို ယောဂီပုဂ္ဂိုလ်သည် သမာပတ် ဝင်စားဆဲခဏ၌ ရျာန်စိတ်နှင့်ယှဉ်သောပီတိဖြင့်ပင်လျှင် ထိုစိတ်ကို ဝမ်းမြောက်စေ၏၊ အထူးသဖြင့် ဝမ်းသာရွှင်ပျစေ၏၊ အဘယ်သို့ သောအခြင်းအရာအားဖြင့် ဝိပဿနာ၏အစွမ်းဖြင့် ပီတိနှင့်တကွ ဖြစ်ကုန်သော ရျာန်နှစ်ပါးတို့ကိုဝင်စား၍ ထိုရျာန်မှထ၍ ရျာန်နှင့် ယှဉ်သောပီတိကို ကုန်တတ်သော အားဖြင့် ပျက်တတ်သော အားဖြင့် သုံးသပ်သနည်း၊၎င်းသို့ သုံးသပ်ဆင်ခြင်သော ဝိပဿနာ ခဏ၌ ရျာန်နှင့်ယှဉ်သော ရှန့်ရင်းသောပီတိကို အာရုံပြုသော ဝိပဿနာစိတ်ကို ထိုအာရုံဖြစ်၍ဖြစ်သော ပီတိဖြင့် ယောဂါဝစရ ပုဂ္ဂိုလ်သည် ရွှင်လန်းသော အခြင်းအရာသို့ ရောက်စေလျက် ဝမ်းမြောက်စေ၏၊ အထူးသဖြင့် ဝမ်းမြောက်ရွှင်ပျစေ၏၊ ဤသို့ ကျင့်သောယောဂီကို **"စိတ်ကို ဝမ်းမြောက်စေလျက် ဝင်သက်ကို ဖြစ်စေအံ့, ထွက်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏"**ဟူ၍ ဆိုအပ်၏။

**"စိတ်ကိုကောင်းစွာထား၍"** **ဆိုသည်ကား**–ပဌမရျာန် အစ ရှိသည်တို့၏ အစွမ်းဖြင့် **အာ**ရုံ၌ စိတ်ကို အညီအညွတ် ရှေးရှု ထားသည်ဖြစ်၍ အညီအညွတ် ကောင်းစွာ ထားသည်ဖြစ်၍၊ တနည်းကား– ထို ရျာန်တို့ကိုဝင်စား၍ ရျာန်မှထ၍ ရျာန်နှင့် ယှဉ်သောစိတ်ကို ကုန်သောအားဖြင့် ပျက်သောအားဖြင့် သုံးသပ် ဆင်ခြင်သော ယောဂီအား ဝိပဿနာရှုဆဲခဏ၌ အနိစ္စ စသော လက္ခဏာကို အဖန်ဖန် ထိုးထွင်း သိခြင်းဖြင့် ခဏမျှ တည်ခြင်း ရှိသော သမာဓိသည် ဖြစ်၏၊ ဤသို့ ခဏမျှဖြစ်သော စိတ်၏ တည်ခြင်း၏ အစွမ်းဖြင့်လည်း အာရုံ၌စိတ်ကိုအညီအညွတ် ရှေးရှု ထားသော အညီအညွတ် ကောင်းစွာထားသော ယောဂီကို **စိတ်ကိုကောင်းစွာထား၍ ဝင်သက်ကိုဖြစ်စေအံ့, ထွက်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏"** ဟူ၍ ဆိုအပ်၏။

**"စိတ်ကို လွတ်စေသည် ဖြစ်၍"** ဆိုသည်ကား–ပဌမရျာန်ဖြင့် နီဝရဏတို့မှ လွတ်စေသည်၊ အထူးသဖြင့် လွတ်စေသည်ဖြစ်၍ ဒုတိယရျာန်ဖြင့် ဝိတက်ဝိစာရတို့မှ တတိယရျာန်ဖြင့် ပီတိမှ စတုတ္ထ

ဈာန်ဖြင့် သုခိန္ဒြေ ဒုက္ခိန္ဒြေတို့မှ စိတ်ကိုလွတ်စေ၍ အထူးသဖြင့် လွတ်စေ၍၊ တနည်းကား-ထို ဈာန်တို့ကိုဝင်စား၍ ထိုထိုဈာန်မှ ထ၍ ဈာန်နှင့်ယှဉ်သောစိတ်ကို ကုန်တတ်ပျက်တတ်သောသဘော အားဖြင့် သုံးသပ်ဆင်ခြင်၏၊ ထို ယောဂီပုဂ္ဂိုလ်သည် ဝိပဿနာ ရှုဆဲခဏ၌ အနိစ္စဟု ရှုမြင်ခြင်းဖြင့် နိစ္စဟု မှတ်ထင်သော သညာမှ စိတ်သည် လွတ်၏၊ ဒုက္ခဟု ရှုမြင်ခြင်းဖြင့် သုခဟု မှတ်ထင်သော သညာမှ, အနတ္တဟု ရှုမြင်ခြင်းဖြင့် အတ္တဟု မှတ်ထင်သော သညာမှ, သင်္ခါရတို့၌ ငြီးငွေ့ဘွယ်ဟု ရှုမြင်ခြင်းဖြင့် နှစ်သက်ခြင်း နန္ဒီမှ, သင်္ခါရတို့၌ တပ်ခြင်း ကင်းအပ်သည်ဟု ရှုမြင်ခြင်းဖြင့် တပ်ခြင်း ရာဂမှ, သင်္ခါရတို့၏ ချုပ်ပျောက်ခြင်းကို ရှုမြင်ခြင်းဖြင့် ဘဝဘဖန်ဖြစ်ခြင်း သမုဒယမှ, စွန့်ပယ်သော အခြင်း အရာဖြင့် ရှုမြင်ခြင်းဖြင့် အနိစ္စစသည်အစွမ်းဖြင့် ယူခြင်းမှ စိတ်ကို လွတ်စေသည်ဖြစ်၍ ဝင်သက်ကိုလည်း ဖြစ်စေ၏, ထွက်သက်ကို လည်း ဖြစ်စေ၏၊ ထို့ကြောင့် စိတ်ကို လွတ်စေသည်ဖြစ်၍ ဝင်သက်ကို ဖြစ်စေအံ့, ထွက်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏ ဟူ၍ ဆိုအပ်၏၊ ဤသို့လျှင် စိတ္တာနုပဿနာ၏အစွမ်းဖြင့် ဤတတိယ စတုက္ကကို ဟောအပ်၏ဟု သိအပ်၏။

၂၃၆။ ထို့ပြင် စတုတ္ထ စတုက္က၌ **အနိစ္စဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍**" ဟူသော စကား၌ ရှေးဦးစွာ အနိစ္စကို သိအပ်၏၊ မမြဲသောတရား မဟုတ်သည်၏ အဖြစ်တည်း ဟူသော အနိစ္စတာကို သိအပ်၏၊ မမြဲ ဟု အဖန်တလဲလဲ ရှုခြင်း အနိစ္စာနုပဿနာကို သိအပ်၏၊ မမြဲ ဟု အဖန် တလဲလဲ ရှုသောပုဂ္ဂိုလ်၏ အဖြစ်တည်းဟူသော အနိစ္စာ-နုပဿီကို သိအပ်၏။

ထို အနိစ္စ စသည်တို့တွင် "**အနိစ္စ**" ဆိုသည်ကား-ခန္ဓာငါးပါး တို့တည်း၊ အဘယ်ကြောင့် ခန္ဓာငါးပါးတို့သည် အနိစ္စ မည်သနည်း ဟူမူ၊ ဖြစ်ခြင်း, ပျက်ခြင်း, အထူးထူးအပြားပြား ဖြစ်စမှထူးသော တပါးသောအဘို့သို့ ပြောင်းလဲခြင်းရှိသောကြောင့် အနိစ္စ မည်၏၊

မြဲသော တရားမဟုတ်သည်၏ အဖြစ်တည်းဟူသော "**အနိစ္စတာ**" ဆိုသည်ကား – ထို ခန္ဓာ တို့၏ ဖြစ်ခြင်း, ပျက်ခြင်း, ဖြစ်စမှ တပါးသော အခြင်းအရာဖြင့် ဖောက်ပြန်ခြင်းတည်း၊တနည်းကား– ဖြစ်၍ ရတ်တရက် ပျက်ခြင်း, မရှိခြင်းတည်း၊ တနည်းကား–ဖြစ် ကုန်သော ခန္ဓာတို့၏ ထိုဖြစ်တိုင်းသော အခြင်းအရာအားဖြင့် မတည်မူ၍ ဘင်ခဏဖြင့် ပျက်ခြင်းသည် အနိစ္စတာ မည်၏။

"**အနိစ္စာနုပဿနာ**" ဆိုသည်ကား–ထိုခဏိကဘင် ဟု ဆိုအပ် သော အနိစ္စတာ၏အစွမ်းဖြင့် ရုပ်အစရှိသည်တို့၌ မမြဲသော အနိစ္စ ဟု အဖန်တလဲလဲ ရှုခြင်းသည် အနိစ္စာနုပဿနာ မည်၏။

"**အနိစ္စာနုပဿီ**" ဆိုသည်ကား– ထို ဆိုအပ်ခဲ့ပြီးသော အနိစ္စာနုပဿနာနှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်သည် အနိစ္စာ-နုပဿီ မည်၏။

ထို့ကြောင့် ဤသို့ အနိစ္စဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ ဝင်သက်ကို ဖြစ်စေသော ပုဂ္ဂိုလ်သည်၎င်း, ထွက်သက်ကို ဖြစ်စေ သောပုဂ္ဂိုလ်သည်၎င်း ဤစတုတ္ထ စတုက္က၌ အနိစ္စဟု အဖန် တလဲလဲ ရှုသည်ဖြစ်၍ ဝင်သက်ကို ဖြစ်စေအံ့, ထွက်သက်ကို ဖြစ်စေ အံ့ ဟု ကျင့်၏ ဟူ၍ သိအပ်၏။

ထို့ပြင် ကင်းကုန်ခြင်း ဝိရာဂကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ ဟု ဆိုရာ၌၊ ဝိရာဂသည် ခယဝိရာဂဟူ၍၎င်း,အစ္စန္တဝိရာဂဟူ၍၎င်း နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတို့တွင် **ခယဝိရာဂ** ဆိုသည်ကား–သင်္ခါရ တို့၏ ကုန်ခြင်း ချုပ်ပျက်ခြင်း ဘင်ခဏကိုဆိုသည်၊ **အစ္စန္တဝိရာဂ** ဆိုသည်ကား–သင်္ခါရတို့၏ စင်စစ်ချုပ်ရာ နိဗ္ဗာန်ကို ဆိုသည်၊ ဝိရာဂကို အဖန်တလဲလဲ ရှုခြင်း ဝိရာဂါနုပဿနာ ဆိုသည်ကား– ထိုသင်္ခါရတို့၏ ခဏိက နိရောဓဘင်ကို ရှုခြင်း, နိဗ္ဗာန်ကို ရှုခြင်း ဟူသော နှစ်ပါးစုံ၏အစွမ်းဖြင့် ဖြစ်သော ဝိပဿနာသည်၎င်း မဂ်သည်၎င်း, ဝိရာဂါနုပဿနာ မည်၏၊ ထို နှစ်ပါးသော အနုပဿနာနှင့် ပြည့်စုံသည်ဖြစ်၍ ဝင်သက်ကို ဖြစ်စေသော ထွက်သက်ကို ဖြစ်စေသော ပုဂ္ဂိုလ်ကို နှစ်ပါးသော ဝိရာဂကို

တလုံလဲလဲ ရှုသည်ဖြစ်၍ ထွက်သက်ကို ဖြစ်စေအံ့, ဝင်သက်ကို ဖြစ်စေအံ့ ဟု ကျင့်၏ ဟူ၍ သိအပ်၏။

မှတ်ချက်။ ။ချုပ်ငြိမ်းခြင်း နိရောဓကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ဟူ၍ ဆိုရာ၌လည်း ဤနည်းအတိုင်း သိအပ်၏။

စွေလွှတ်ခြင်း ပဋိနိဿဂ္ဂကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ ဟူ၍ ဆိုရာ၌ စွေလွှတ်ခြင်းတို့သည် စွန့်ခြင်းဟု ဆိုအပ်သော စွေလွှတ်ခြင်း ပရိစ္စာဂပဋိနိဿဂ္ဂ, ပြေးဝင်ခြင်းဟု ဆိုအပ်သော စွေလွှတ်ခြင်း ပက္ခန္ဒနပဋိနိဿဂ္ဂ ဟူ၍ နှစ်မျိုးရှိ၏၊ စွေလွှတ်ခြင်း ပဋိနိဿဂ္ဂသည်ပင် ဝါ-ကိလေသာကို စွန့်တတ်သော ဝိပဿနာမဂ်သည်ပင်လျှင် အဖန်တလဲလဲ ရှုခြင်း အနုပဿနာတည်း၊ ထို့ကြောင့် ဤ ပဋိနိဿဂ္ဂါနုပဿနာ ဟူသော အမည်သည် ဝိပဿနာမဂ်တို့၏ အမည်ပင် ဖြစ်သည်၊ ထိုစကား မှန်၏၊ ဝိပဿနာသည် တဒင်္ဂပဟာန်၏အစွမ်းဖြင့် ခန္ဓာကို ဖြစ်စေတတ်သော အဘိသင်္ခါရတို့နှင့်တကွ ကိလေသာတို့ကို စွန့်လည်းစွန့်တတ်၏၊ သင်္ခတဖြစ်သော တေဘူမိကသင်္ခါရတို့၌ အနိစ္စတာစသော အပြစ်ကို မြင်ခြင်းကြောင့် နိစ္စစသည်၏အဖြစ်ဖြင့် ထိုသင်္ခတ၏ ပြန်ဘက်ဖြစ်သောနိဗ္ဗာန်၌ ထိုနိဗ္ဗာန်ကို ညွတ်သည့်အဖြစ်ဖြင့် ပြေးဝင်သကဲ့သို့ ဖြစ်တတ်၏၊ ထို့ကြောင့် ပရိစ္စာဂပဋိနိဿဂ္ဂ ဟူ၍၎င်း, ပက္ခန္ဒန ပဋိနိဿဂ္ဂ ဟူ၍၎င်း ဆိုအပ်၏၊ မဂ်သည် သမုစ္ဆေဒ၏ အစွမ်းဖြင့် ခန္ဓာတည်းဟူသော အဘိသင်္ခါရတို့နှင့်တကွ ကိလေသာတို့ကို စွန့်ပယ်၏၊ အာရုံပြုသည်၏ အစွမ်းဖြင့် နိဗ္ဗာန်၌ ပြေးဝင်၏၊ ထို့ကြောင့် ပရိစ္စာဂပဋိနိဿဂ္ဂ ဟူ၍၎င်း, ပက္ခန္ဒနပဋိနိဿဂ္ဂ ဟူ၍၎င်း ဆိုအပ်၏။

ထို့ပြင် ဝိပဿနာဉာဏ်,မဂ်ဉာဏ် နှစ်ပါးသည် ရှေးရှေးဉာဏ်ကို အဖန်တလဲလဲ ရှုတတ်သည့်အဖြစ်ကြောင့် အနုပဿနာ ဟူ၍ ဆိုအပ်၏၊ နှစ်ပါးအပြားရှိသော ထိုပဋိနိဿဂ္ဂါနုပဿနာနှင့် ပြည့်စုံသည်ဖြစ်၍ ဝင်သက် ရှိုက်သောသူသည်၎င်း, ထွက်သက် ရှူထုတ်သောသူသည်၎င်း ဝိပဿနာမဂ်ကို အဖန်တလဲလဲ ရှုသည်

ဖြစ်၍ ဝင်သက်ကို ဖြစ်စေအံ့, ထွက်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏ ဟူ၍ သိအပ်၏၊ ဤစတုတ္ထ စတုက္ကကို သမထနှင့် မရောမယှက် သက်သက်သော ဝိပဿနာအစွမ်းဖြင့် ဆိုအပ်၏၊ ရှေးသုံးပါးသော စတုက္ကတို့ကိုကား သမထ ဝိပဿနာ၏အစွမ်းဖြင့် ဆိုအပ်၏။

ဤသို့လျှင် လေးပါးသော စတုက္ကတို့၏အစွမ်းဖြင့် တဆယ့်ခြောက်ပါးသော အကြောင်းဝတ္ထုရှိသော အာနာပါနဿတိ ကမ္မဋ္ဌာန်းပွါးနည်းကို သိအပ်၏။

## အာနာပါနဿတိ ကမ္မဋ္ဌာန်း၏အကျိုး

၂၃၇။ **အကျိုးကား**–ဤ တဆယ့်ခြောက်ပါးသော ဝတ္ထုတို့၏ အစွမ်းဖြင့်၎င်း, ဆိုအပ်လတ္တံ့သော ငြိမ်သက်သောအဖြစ် အစ ရှိ သည် တို့၏ အစွမ်း ဖြင့် ၎င်း ဤ အာနာပါနဿတိ သမာဓိကို ပွါးစေသည်ရှိသော် ကြီးသောအကျိုးရင်း ရှိသည် ကြီးသော အကျိုးဆက်ရှိသည် ဖြစ်၏၊ ထိုစကား၌ ထို အာနာပါနဿတိ၏ "အို–ရဟန်းတို့, ဤ အာနာ-ပါနဿတိ သမာဓိကို ပွါးစေအပ်သည်ရှိသော် အကြိမ် များစွာ အလေ့အလာ ပြုအပ်သည်ရှိသော် ငြိမ်လည်း ငြိမ်သက်၏၊ မြတ်လည်း မြတ်၏" ဤသို့ အစရှိသည်ဖြင့် ဟောတော်မူသောကြောင့် ငြိမ်သက်သောအဖြစ် အစ ရှိသည်တို့၏ အစွမ်းဖြင့်လည်း ကြီးသောအကျိုးရှိသည်၏ အဖြစ်ကို သိအပ်၏၊ ဝိတက်ကိုဖြတ်ခြင်းငှါ စွမ်းနိုင် သည်၏အဖြစ်ဖြင့်လည်း ကြီးသော အကျိုးရှိသည်၏ အဖြစ်ကို သိအပ်၏၊ ထိုစကားမှန်၏၊ဤအာနာပါနဿတိ ကမ္မဋ္ဌာန်းသည် ငြိမ်သက် မွန်မြတ်သည်၏အဖြစ်, တပါး တို့နှင့် မရောမယှက်သည့်အဖြစ်,ချမ်းသာစွာနေရသည်၏ အဖြစ်ကြောင့် သမာဓိ၏အန္တရာယ်ကို ပြုတတ်ကုန်သော ကာမဝိတက် စသည်တို့၏အစွမ်းဖြင့် ထိုမှ ဤမှ (ဟိုကို သည်ကို) စိတ်၏ ပြေးသွား ပျံ့လွင့်ခြင်းကိုဖြတ်၍ ဘာဝနာစိတ်ကို အာနာပါနဟူသော ဝင်သက်

ထွက်သက် အာရုံသို့သာလျှင် ရှေးရှုသည်ကို ပြု၍၊ ထို့ကြောင့် **"အာနာပါနဿတိကို ဝိတက်ကို ဖြတ်ခြင်းငှါ ပွါးစေအပ်၏"** ဟူ၍ ဟောအပ်၏။

ဝိဇ္ဇာဝိမုတ္တိ ဟူသော အရိယာမဂ်နှင့် ဖိုလ်ပြည့်စုံခြင်း၏ အခြေအမြစ်အဖြစ်ဖြင့်လည်း ထိုအာနာပါနဿတိ ကြီးသော အကျိုးအာနိသင်ရှိသည့်အဖြစ်ကို သိအပ်၏၊ ထိုစကားမှန်သည်၊ မြတ်စွာဘုရားသည် "အိုရဟန်းတို့, အာနာပါနဿတိကို ပွါးစေအပ်သည်ရှိသော် အကြိမ်များစွာ အလေ့အလာ ပြုသည်ရှိသော် သတိပဋ္ဌာန်လေးပါးတို့ကို ပြည့်စုံစေ၏၊ သတိပဋ္ဌာန်လေးပါးတို့ကို ပွါးစေအပ်သည်ရှိသော် အကြိမ်များစွာ အလေ့အလာ ပြုသည်ရှိသော် ခုနစ်ပါးသော ဗောဇ္ဈင်တို့ကို ပြည့်စုံစေ၏၊ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးစေအပ်သည်ရှိသော် အကြိမ်များစွာ အလေ့အလာပြုသည်ရှိသော် ဝိဇ္ဇာ ဟူသောမဂ်, ဝိမုတ္တိ ဟူသော ဖိုလ်ကို ပြည့်စုံစေ၏" ဟု ဟောတော်မူအပ်၏။

တနည်းကား–အဆုံးစွန် ဖြစ်သော ထွက်သက် ဝင်သက်တို့ကို ထင်ရှားသည့်အဖြစ်ကို ပြုတတ်သောကြောင့်လည်း ထိုအာနာပါနဿတိ၏ ကြီးသော အကျိုးအာနိသင်ရှိသော အဖြစ်ကို သိအပ်၏၊ ထိုစကားမှန်သည်၊ မြတ်စွာဘုရားသည် "အိုရာဟုလာ, ဤသို့ ဟောတော်မူသောနည်းအတိုင်း ပွါးစေအပ်သော ဤသို့ ဟောတော်မူသောအတိုင်း အကြိမ်များစွာ အလေ့အလာ ပြုအပ်သော အာနာပါနဿတိဖြင့် အဆုံးစွန်ဖြစ်ကုန်သော အကြင် ဝင်သက် ထွက်သက်တို့သည် ရှိကုန်၏၊ ထိုဝင်သက် ထွက်သက်တို့သည် သိအပ်ကုန်သည်ဖြစ်၍ ချုပ်ကုန်၏၊ မသိဘဲ မချုပ်ကုန်" ဟု ဟောတော်မူအပ်၏။

၂၃၀။ ထိုအဆုံးစွန် ဟူသော စကား၌၊ ချုပ်သည်၏အစွမ်းဖြင့် ယုတ်သော ကာမဘဝ၏ အဆုံးစွန် ဖြစ်ကုန်သော ဘဝစရိမက ဝင်သက် ထွက်သက်တို့ငှင်း, ဈာန်၏ အစွမ်းဖြင့် ယုတ်သော ဈာန်၌ဖြစ်ကုန်သော ဝင်သက်

ထွက်သက်တို့ငှင်း, စုတိခဏ၌ဖြစ်၍ ခပ်သိမ်းစုံတို့၏ အဆုံးစွန် ဖြစ်ကုန်သော ဝင်သက် ထွက်သက်တို့ငှင်း ဤသို့လျှင် အဆုံးစွန်ဖြစ်သော စရိမက ဝင်သက် ထွက်သက်တို့သည် သုံးမျိုးရှိကုန်၏၊ ဘဝသုံးပါးတို့တွင် ယုတ်သော ကာမဘုံ၌ ဝင်သက် ထွက်သက်တို့သည် ဖြစ်ကုန်၏၊ ရူပဘုံ, အရူပဘုံတို့၌ မဖြစ်ကုန်၊ ထိုသို့ ယုတ်ညံ့သော ဘဝ၌ ဖြစ်သောကြောင့် ထိုဝင်သက် ထွက်သက်တို့သည် ဘဝစရိမက မည်ကုန်၏၊ ဈာန် တို့တွင် ဝင်သက် ထွက်သက်တို့သည် ရှေးဖြစ်သော ဈာန်သုံးပါး၌ ဖြစ်ကုန်၏၊ စတုတ္ထဈာန်၌ မဖြစ်ကုန်၊ ထိုသို့ယုတ်ညံ့သော ဈာန်သုံးပါးတို့၌ ဖြစ်သောကြောင့် ထိုဝင်သက် ထွက်သက်တို့သည် ဈာနစရိမက မည် ကုန်၏။

ထို့ပြင် စုတိစိတ်မှ ရှေ့သို့ပြန်၍ရေသော် တဆယ့်ခြောက်ချက်သော စိတ်နှင့်အတူတကွ အကြင်ဝင်သက် ထွက်သက်တို့သည် ဖြစ်၍ စုတိစိတ်နှင့်တကွ ချုပ်ကုန်၏၊ ဤစုတိစိတ်နှင့်တကွ ချုပ်ကုန်သော ဝင်သက်ထွက်သက်တို့သည် စုတိစရိမက ဝင်သက်ထွက်သက် မည်ကုန်၏၊ ဤ စုတိစိတ်နှင့်တကွ ချုပ်ကုန်သော ဝင်သက် ထွက်သက်တို့ကို ဤအာနာပါနဿတိ၏အကျိုး အာနိသင်ကို ဆိုရာ၌ အဆုံးစွန်ဟူ၍ အလိုရှိအပ်ကုန်၏၊ ဤအာနာပါနဿတိ ကမ္မဋ္ဌာန်းကို အဖန်တလဲလဲ လေ့လာ အားထုတ်သော ရဟန်း အား ဝင်သက် ထွက်သက်အာရုံကို ကောင်းစွာ ယူအပ်သည့် အဖြစ်ကြောင့် စုတိစိတ်မှ ရှေ့သို့ ပြန်၍ ရေတွက်သော် တဆဲ့ခြောက်ချက်သော စိတ်၏ဥပါဒ်ခဏ၌ ဥပါဒ်ကို ဆင်ခြင်သော ပုဂ္ဂိုလ်အား ထိုဝင်သက် ထွက်သက်တို့၏ ဖြစ်ခြင်းသည်လည်း ထင်ရှား၏၊ ဌီခဏကို ဆင်ခြင်သောပုဂ္ဂိုလ်အား ထိုဝင်သက် ထွက်သက်တို့၏ ဌီသည်လည်း ထင်ရှား၏၊ ဘင်ခဏကို ဆင် ခြင်သော ပုဂ္ဂိုလ်အား ထိုဝင်သက် ထွက်သက်တို့၏ ဘင်သည် ထင်ရှား၏။

ထိုစကားမှန်သည် ဤ အာနာပါနကမ္မဋ္ဌာန်းမှ တပါးသော ကမ္မဋ္ဌာန်းကို ပွါးစေ၍ အရဟတ္တဖိုလ်သို့ ရောက်သော ရဟန်းသည် အသက်ရှင်သောခဏ အပိုင်းအခြားကို ပိုင်းခြားနိုင်သည်လည်း ဖြစ်၏၊ မပိုင်းမခြားနိုင်သည်လည်း ဖြစ်၏၊ တဆယ့်ခြောက်ပါး သော အကြောင်းဝတ္ထုရှိသော ဤအာနာပါနဿတိ ကမ္မဋ္ဌာန်းကို ပွါးစေ၍ အရဟတ္တဖိုလ်သို့ ရောက်သော ရဟန်းသည်ကား အသက်ရှင်သောခဏ အပိုင်းအခြားကို ပိုင်းခြားနိုင်သည် သာ လျှင်တည်း၊ ထိုရဟန်းသည် ဤမျှလောက်သော ကာလပတ်လုံး ယခုအခါ၌ ငါ၏ အာယုသင်္ခါရတို့သည် ဖြစ်ကုန်လတ္တံ့၊ ဤမျှ လောက်သော ကာလထက် အလွန်မဖြစ်လတ္တံ့၊ ဤသို့သိ၍ မိမိ၏ ဓမ္မတာ သဘောအတိုင်းသာလျှင် ကိုယ်လက်သုတ်သင်ခြင်း, သင်းပိုင်ကိုဝတ်ခြင်း, ကိုယ်ဝတ်ရုံခြင်း အစရှိကုန်သော အလုံး စုံသော ကိစ္စတို့ကို ပြု၍ မျက်စိတို့ကို မှိတ်လေ၏၊ အဘယ်ပုဂ္ဂိုလ် ကဲ့သို့ နည်းဟူမူကား- **ကောဋပဗ္ဗတ ကျောင်းတိုက်၌** သီတင်း သုံးနေသော **တိဿမထေရ်**ကဲ့သို့ငှင်း, **မဟာကရိဉ္ဇိယ ကျောင်း တိုက်၌** သီတင်းသုံးနေသော **မဟာတိဿမထေရ်ကြီး** ကဲ့သို့ငှင်း, **ဒေဝပုတ္တ** တိုင်းကြီး၌ **ပိဏ္ဍပါတိကတိဿ** အမည်ရှိသော မထေရ် ကြီး ကဲ့သို့ငှင်း, **စိတ္တလတောင်ကျောင်းတိုက်နေ မထေရ်ညီနောင်** နှစ်ပါးကဲ့သို့ ငှင်းတည်း။

ထိုဝတ္ထုတို့တွင် တခုသော **ဝတ္ထုကား-မထေရ်ညီနောင်** နှစ်ပါးတို့တွင် တပါးသောမထေရ်သည် လပြည့် ဥပုသ်နေ့၌ ပါတိမောက်ပြ၍ ရဟန်းသံဃာအပေါင်း ခြံရံပြီးလျှင် မိမိ၏ နေရာအရပ်သို့သွား၍ စင်္ကြံ၌ရပ်လျက် လရောင်ဖြင့် ဖွေးဖွေး လက်လက် တင့်တယ်သော ကောင်းကင်အပြင်ကိုငှင်း, ငွေပြားနှင့် တူသော သဲခင်းသော မြေအပြင်ကိုငှင်း, တစိန်းစိန်းကြည့်၍ မိမိ၏ အသက်အပိုင်းအခြား အာယုသင်္ခါရကို ဆင်ခြင် စူးစမ်း၍ အာယုသင်္ခါရတို့သည် ကုန်ပြီဟု သိ၍ ရဟန်းသံဃာတော်တို့အား "အို-ငါ့သျှင်တို့, သင်တို့သည် အဘယ်ဇာရိယာပုထ်ဖြင့် ပရိနိဗ္ဗာန် ပြုသော ရဟန်းတို့ကို မြင်ဘူးကြကုန်သနည်း"ဟု မိန့်ဆို၏။ ထို

ရဟန်းတို့တွင် အချို့သော ရဟန်းများက "အကျွန်ုပ်တို့သည် ထိုင်နေ၍ ပရိနိဗ္ဗာန်ပြုသော ရဟန်းတို့ကို မြင်ဘူးကုန်၏၊ အချို့သော ရဟန်းတို့က အကျွန်ုပ်တို့သည် ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေနေလျက် ပရိနိဗ္ဗာန်ပြုသည်တို့ကို မြင်ဘူးပါကုန်၏"ဟု ဆိုကြကုန်၏၊ မထေရ်က "အို ငါ့သျှင်တို့, ငါသည် သင်တို့ကို စင်္ကြံခတ်လျက်သာလျှင် ပရိနိဗ္ဗာန်ပြုသည်ကို ပြအံ့"ဟု ဆို၍ ထို့နောက် စင်္ကြံ၌ ဓိလာ အရေးအကြောင်းကို သား၍ "အို-ငါ့သျှင်တို့, ငါသည် ဤစင်္ကြံစွန်းမှ ထိုမှာဘက် စင်္ကြံစွန်းသို့ သွား ပြီးလျှင် တဖန် ပြန်လာခဲ့၍ ဤအရေးအသားသို့ ရောက်လျှင် ပရိနိဗ္ဗာန်ပြုအံ့"ဟု ပြောဆိုပြီးလျှင် စင်္ကြံသို့သက်၍ ထိုဘက်စင်္ကြံစွန်းသို့ သွားပြီးလျှင် တဖန် ပြန်လာခဲ့၍ တဖက်သောခြေဖြင့် အရေးအကြောင်းကို နင်းမိသည်နှင့်တပြိုင်နက် ပရိနိဗ္ဗာန် ပြုတော်မူ၏။

ထိုသို့ အာနာပါဿတိကမ္မဋ္ဌာန်းကို ပွါးခြင်း၏ အကျိုးအာနိသင် ကြီးလှသောကြောင့် ဤသို့ ပြဆိုအပ်ခဲ့ပြီးသော အတိုင်း တပါးမဟုတ် များစွာသော အကျိုးအာနိသင်ရှိကုန်သော အာနာပါနဿတိကမ္မဋ္ဌာန်းကို ပညာရှိသော ပုဂ္ဂိုလ်သည် အခါခပ်သိမ်း နေ့ညဉ့်မပြတ် မမေ့မလျော့ အားထုတ် ကြိုးစားရာ၏။

အာနာပါနဿတိ ကမ္မဋ္ဌာန်း အကျယ်ဖွင့်ဆိုခြင်း ပြီး၏။

---

## ၄-ဥပသမာနုဿတိ

၂၃၉။ အာနာပါနဿတိကို ဖွင့်ပြ ဟောကြားအပ်သည်၏ အခြားမဲ့၌ ညွှန်ပြအပ်သော ဥပသမာနုဿတိကမ္မဋ္ဌာန်းကို ပွါးလိုသောပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာအရပ်သို့ ကပ်သည် ဖြစ်၍ အယူးထူးသောအာရုံမှ ပုန်းရှောင် ကိန်းအောင်းပြီးလျှင် "ယာဝတာ ဘိက္ခဝေ ဓမ္မာ သင်္ခတာ ဝါ အသင်္ခတာ ဝါ ဝိရာဂေါ တေသံ ဓမ္မာနံ အဂ္ဂမက္ခာ

ယတိ၊ ယဒိဒံ မဒနိမ္မဒနော ပိပါသဝိနယော အာလယ-
သမုဂ္ဃာတော ဝဋ္ဋုပစ္ဆေဒေါ တဏှာက္ခယော ဝိရာဂေါ
နိရောဓော နိဗ္ဗာနံ”ဟူ၍ ဤသို့ **စတုက္ကနိပါတ်အင်္ဂုတ္တိုရ်
ပါဠိတော်၌** ဟောအပ်သော အလုံးစုံသော ဝဋ်ဆင်းရဲ
တို့၏ ငြိမ်းရာဟု ဆိုအပ်သော နိဗ္ဗာန်၏ဂုဏ်ကျေးဇူး
တော်တို့ကို အဖန်ဖန် အထပ်ထပ် အောက်မေ့အပ်
ကုန်၏။

## အဝယဝတ္ထအဓိပ္ပါယ်

ထိုဟောတော်မူအပ်သော ပါဠိတော်၌“**ယာဝတာ**”ဆိုသည်
ကား–အကြင်ရွေ့မျှလောက်ဟု ဆိုလိုသည်။

“**ဓမ္မာ**’’ ဆိုသည်ကား-ပရမတ္ထအားဖြင့် ထင်ရှားရှိသော
သဘောတရားတို့ကို ဆိုသည်။

“**သင်္ခတာ ဝါ အသင်္ခတာ ဝါ**” ဆိုသည်ကား-ပေါင်းဆုံ
စည်းဝေး၍၊ ဝါ-တစုံတခုသော အကြောင်းမျှ ချွတ်ယွင်းခြင်းမရှိဘဲ
အညီအညွတ်ရောက်၍ လျော်သောအကြောင်း ပစ္စည်းတို့သည်
ဖြစ်စေအပ်သည်လည်း ဖြစ်သော သင်္ခတ တရားတို့ငင်း, တစုံ
တခုသော အကြောင်းတို့သည် မဖြစ်စေအပ်သည်လည်း ဖြစ်ကုန်
သော အသင်္ခတတရားတို့ငင်း ဟူ၍ ဆိုလိုသည်။

“**ဝိရာဂေါ တေသံ ဓမ္မာနံ အဂ္ဂမက္ခာယတိ တိ**”ဆိုသည်ကား
ထို သင်္ခတ အသင်္ခတ တရားတို့တွင် ကိလေသာတို့၏ ချုပ်ရာ
နိဗ္ဗာန်ကို၊ ဝါ-သင်္ခါရတို့၏ ချုပ်ရာဖြစ်သော နိဗ္ဗာန်ကို အထူး
သဖြင့် မြတ်၏ဟူ၍ ဆိုအပ်၏ ဟူလို။

ထိုစကား၌ “**ဝိရာဂ**”ဆိုသည်ကား-ရာဂ၏ မရှိခြင်း အဘာဝ
မျှသည်သာလျှင်မဟုတ်၊ စင်စစ်သော်ကား “ယဒိဒံ မဒနိမ္မ-
ဒနော....(လ)နိဗ္ဗာနံ”ဟူ၍ ဟောအပ်ကုန်သော မဒ နိမ္မဒန အစ
ရှိကုန်သော အမည်တို့ကို အကြင် အသင်္ခတ လက္ခဏာရှိသော

သဘာဝတရားသည် ရ၏၊ ထို အသင်္ခတ လက္ခဏာရှိသော သဘာဝတရားကို "ဝိရာဂ"ဟူ၍ ယုံကြည်အပ်၏၊ ဤသို့သော အဓိပ္ပါယ်ကို ပြသည်။

ထို စကား မှန်၏၊ အကြင်ကြောင့် ထို အသင်္ခတ နိဗ္ဗာန်သို့ ရောက်၍ အလုံးစုံသော မာန်ထောင်လွှားမှုဟူသော ယစ်ခြင်း, ယောက်ျားအဖြစ်ကို မှီ၍ဖြစ်သော မာန်ယစ်ခြင်း ဟု ဆိုအပ်သော ယစ်စေတတ်သော မာန်တို့သည် ယစ်ခြင်းသတ္တိ ကင်းကုန်၏၊ ယစ်စေတတ်သောသတ္တိ မရှိ ဖြစ်ကုန်၏၊ ချုပ်ပျောက်ကုန်၏၊ ထို့ကြောင့် ထို အသင်္ခတတရားဖြစ်သော နိဗ္ဗာန်ကို "မဒနိမ္မဒနော" ဟူ၍ ဆိုအပ်၏။

ထို့ပြင် ထို အသင်္ခတ တရားဖြစ်သော နိဗ္ဗာန်ကိုစွဲ၍ အလုံးစုံသော ကာမတဏှာ အဆာအလောင်တို့သည် ချုပ်ခြင်းသို့ ရောက်၏၊ ထို့ကြောင့် ထို အသင်္ခတနိဗ္ဗာန်သည် ပိပါသ ဝိနယ မည်၏၊ ထို အသင်္ခတ ဓမ္မ နိဗ္ဗာန်ကို အစွဲပြု၍ သတ္တဝါတို့၏ ကပ်ငြိ မှီတွယ်ရာဖြစ်သော ကာမဂုဏ်ငါးပါးတို့သည် အကြွင်းမဲ့ပြတ်ခြင်း သို့ ရောက်ကုန်၏၊ ထို့ကြောင့် ထို အသင်္ခတနိဗ္ဗာန်ကို "အာလယ သမုဂ္ဃာတ"ဟူ၍ ဆိုအပ်၏၊ ထို အသင်္ခတနိဗ္ဗာန်ကို အစွဲပြု၍ ဘုံ သုံးပါး၌ ဖြစ်သော ကမ္မဝဋ်, ကိလေသဝဋ်, ဝိပါကဝဋ်သည် ပြတ်၏၊ ထို့ကြောင့် ထို အသင်္ခတ နိဗ္ဗာန်ကို "ဝဋ္ဋုပစ္ဆေဒ"ဟူ၍ ဆိုအပ်၏၊ ထို အသင်္ခတနိဗ္ဗာန်ကို အစွဲပြု၍ အလုံးစုံသောအားဖြင့် တဏှာသည် ကုန်ခြင်းသို့ ရောက်၏၊ ပျက်၏၊ ချုပ်၏၊ ထို့ကြောင့် ထို အသင်္ခတနိဗ္ဗာန်ကို "တဏှာက္ခယော ဝိရာဂေါ နိရောဓော" ဟူ၍ ဆိုအပ်၏။

ထို့ပြင် ဤ အသင်္ခတနိဗ္ဗာန်သည် ယောနိ လေးပါးတို့ကိုဎင်း, ဂတိငါးပါးတို့ကိုဎင်း, ဝိညာဏ်၏တည်ရာ ခုနစ်ပါးတို့ကိုဎင်း, သတ္တဝါတို့၏တည်နေရာ ကိုးပါးတို့ကိုဎင်း အဆင့်ဆင့် တခုသော ယောနိမှ တခုသော ယောနိ စသည်တို့၏ ဖြစ်ခြင်းငှါ ဖွဲ့ချည် ချုပ် တွယ် တတ် သော ကြောင့် ဝါန ဟူ၍ ခေါ်ဝေါ်အပ်သော

တဏှာမှလွတ်သည်၊ တဏှာနှင့် မယှဉ်သည် ဖြစ်၏၊ ထို့ကြောင့် နိဗ္ဗာန်ဟူ၍ ဆိုအပ်၏၊ ထို့ကြောင့် ယုံကြည်အပ်၏။

ဤသို့ဆိုအပ်ပြီးသော နည်းအတိုင်း မဒနိမ္မဒန အစရှိကုန်သော ထိုဂုဏ်ကျေးဇူးတို့၏ အစွမ်းဖြင့် နိဗ္ဗာန်ဟု ဆိုအပ်သော ဒုက္ခ ခပ်သိမ်း အေးငြိမ်းရာကို အောက်မေ့အပ်၏။

## ပိဏ္ဍပါတ္ထ အဓိပ္ပါယ်

"အို – ရဟန်းတို့, အကြင်ရွေ့လောက် သခ်ီတလည်း ဖြစ်ကုန်သော အသခ်ီတလည်းဖြစ်ကုန်သော သဘော တရားတို့သည် ရှိကုန်၏၊ ထိုသဘောတရားတို့တွင် မာန် ထောင်လွှားခြင်း ယစ်ခြင်း၏ ကင်းရာလည်းဖြစ်သော ကာမတဏှာ အဆာလောင်တို့၏ ကင်းရာလည်းဖြစ်သော သတ္တဝါတို့၏ ငြိတွယ်ရာ ကာမဂုဏ်ငါးပါးကို အကြွင်းမဲ့ ဖြတ်ရာလည်းဖြစ်သော ဝဋ်သုံးပါး၏ ပြတ်ရာလည်း ဖြစ်သော တဏှာ၏ ကုန်ရာ ပျက်ရာ ချုပ်ရာဖြစ်သော ဝါန ဟုဆိုအပ်သော တဏှာမှ ထွက်မြောက်ရာဖြစ်သော ကိလေသာတရားတို့၏ ကင်းရာ ချုပ်ရာ ဝိရာဂ မည်သော နိဗ္ဗာန်ကို အထူးသဖြင့် မြတ်၏ဟူ၍ ဟောအပ်၏"။ဤကား ပိဏ္ဍပါတ္ထ အဓိပ္ပါယ်။

ထို့ပြင် ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ''အို- ရဟန်းတို့, သင်တို့အား အသခ်ီတ မည်သော နိဗ္ဗာန်တရားကို ဟော ပေအံ့၊ မချွတ်မယွင်း မှန်သောသစ္စာတရားကို... သံသရာ၏ ဟိုမှာ ဘက်ကမ်းဖြစ်သော တရားကို....အလွန်မြင်နိုင်ခဲသော သုဒုဒ္ဒသ တရားကို....အိုခြင်းမရှိရာ တရားကို....မြဲခိုင်သော ဓုဝတရားကို.... ပပဉ္စ တရားတို့၏ ကင်းရာကို ‥ သေခြင်း ကင်းရာဖြစ်သော တရားကို....ငြိမ်းအေးရာဖြစ်သော တရားကို....ဥပဒ်ဘေးရန် ကင်းရာ ဖြစ်သော တရားကို....မဖြစ်စဘူးသော အဗ္ဘုတ တရားကို ··· အကျိုးယုတ် အကျိုးမဲ့တို့၏ ကင်းရာ တရားကို ····ဆင်းရဲခပ်သိမ်း လွတ်ငြိမ်းရာ တရားကို····အထူးသဖြင့် စင်ကြယ်သော တရားကို

ကျွန်းကြီးသဖွယ် မှီတွယ်ရာဖြစ်သော တရားကို ··· စောင့်ရှောက်ပေတတ်သောတရားကို ပုန်းအောင်း ခိုမှီရာဖြစ်သော တရားကို သင်တို့အား ဟောကြားပေအံ့” ဟု ဤသို့ အစရှိသည်ဖြင့် ဟောတော်မူအပ်သော သုတ်တို့၌ နိဗ္ဗာန်၏ တပါးကုန်သော ဂုဏ်တို့ကို ဟောအပ်ကုန်၏၊ ထိုဂုဏ်တို့၏အစွမ်းဖြင့်လည်း အဖန်တလဲလဲ အောက်မေ့အပ်သည်သာတည်း။

ဤသို့ ဆိုအပ်ပြီးသောနည်းဖြင့် မာန် ထောင်လွှားခြင်း, ယစ်ခြင်း၏မရှိသောအဖြစ် အစရှိသော ဂုဏ်၏အစွမ်းဖြင့် နိဗ္ဗာန်ကို အဖန်တလဲလဲ အောက်မေ့သောပုဂ္ဂိုလ်အား ထိုသို့ နိဗ္ဗာန်ဂုဏ်ကို အောက်မေ့သောအခိုက်အခါ၌ ရာဂ ထကြွ သောင်းကျန်းသော စိတ်သည် မဖြစ်၊ ဒေါသ ထကြွသောင်းကျန်းသောစိတ်သည် မဖြစ်၊ မောဟ ထကြွ သောင်းကျန်းသော စိတ်သည် မဖြစ်၊ ထိုအခါ၌ ထို ပုဂ္ဂိုလ်၏စိတ်သည် နိဗ္ဗာန်ကို အာရုံပြု၍ ဖြောင့်မတ် သည်သာလျှင်ဖြစ်၏၊ ဤသို့လျှင် ဗုဒ္ဓါနုဿတိ အစရှိသည်တို့၌ ဆိုအပ်ပြီးသောနည်းအတိုင်း နီဝရဏကို ခွါအပ်ပြီးသော ယောဂီပုဂ္ဂိုလ်အား တခုသောခဏ၌ ဈာန်အင်္ဂါတို့သည် ဖြစ်ကုန်၏။

နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးတို့သည် နက်နဲလှသော ကြောင့်ငှင်း, အထူး ထူး အထွေ ထွေ များပြား သော ဂုဏ် ကျေး ဇူး တို့ ကို အောက်မေ့ခြင်းဖြင့် စုတ်စုတ်နစ်နစ် ဆုံးဖြတ် ယုံကြည်သည့်အဖြစ်ကြောင့်ငှင်း အပ္ပနာသို့ မရောက်နိုင်ဘဲ ဥပစာရဈာန်မျှသာ ဖြစ်နိုင်လေသည်၊ ထို ဥပစာဖြစ်သောဈာန်သည် နိဗ္ဗာန်၏ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့သည်၏ အစွမ်းဖြင့် ဥပသမာနုဿတိ ဟူ၍ ရေတွက်ခေါ်ဝေါ်ခြင်းသို့ ရောက်၏၊ အနုဿတိ ခြောက်ပါးကဲ့သို့ပင် ဤ ဥပသမာနုဿတိသည်လည်း အရိယာပုဂ္ဂိုလ်တို့အား ပြည့်စုံသည်သာ ဖြစ်၏။

ဤသို့ဖြစ်သော်လည်း နိဗ္ဗာန်ကို အလေးအမြတ် ပြုသောအားဖြင့် ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်း နှလုံးသွင်းအပ်ကုန်၏၊ ထို

စကားမှန်သည်၊ ကြားဘူးသည်၏ အစွမ်းဖြင့် လည်း နိဗ္ဗာန်၌ စိတ်သည်ကြည်လင်၏၊ ဤဥပသမာနုဿတိကမ္မဋ္ဌာန်းကို အဖန်တလဲလဲ အားထုတ်သော ရဟန်းသည် ချမ်းသာစွာ အိပ်ရ၏၊ ချမ်းသာစွာ နိုးရ၏၊ ငြိမ်သက်သော ဣန္ဒြေရှိသည် ဖြစ်၏၊ ငြိမ်သက်သော စိတ်ရှိသည်၊ အရှက်အကြောက် ဟိရိဩတ္တပ္ပနှင့် ပြည့်စုံသည်၊ ကြည်ညိုဘွယ်ရှိသည်၊ မွန်မြတ်သော နှလုံးသွင်းခြင်းရှိသည် ဖြစ်၏၊ သီတင်းသုံးဘော်တို့ အလေးဂရုပြုသည် စိတ်နှလုံးကို ပွါးစေသည် ဖြစ်၏၊ အထက်ဖြစ်သော မဂ်ဖိုလ်ကို မထိုးထွင်းနိုင်သော်လည်း နတ်ရွာ သုဂတိလျှင် လားရာရှိသည် ဖြစ်၏။

> တသ္မာ ဟဝေ အပ္ပမတ္တော၊
> ဘာဝယေထ ဝိစက္ခဏော။
> ဧဝံ အနေကာနိသံသံ၊
> အရိယေ ဥပသမေ သတိန္တိ။

ထိုသို့ များသော အကျိုးရှိ သည့် အ ဖြစ် ကြောင့် အမြော်အမြင် ပညာရှိသော ယောဂီပုဂ္ဂိုလ်သည် ဤသို့ ဆိုအပ်ခဲ့ပြီးသောအတိုင်း ကြီးကျယ်သော အကျိုးထူး အာနိသင်ရှိသော မြတ်သော ပူပန်ခပ်သိမ်း ငြိမ်းအေးရာ နိဗ္ဗာန်၌ သတိကို မမေ့မလျော့စေမူ၍ အဖန်တလဲလဲ ပွါးများရာ၏။ **ဥပသမာနုဿတိ** အကျယ်ဖွင့်ပြခြင်း ပြီး၏။

ဤတွင်ရွှေ သူတော်ကောင်းတို့၏ ဝမ်းမြောက်ခြင်းငှါ ပြုစီရင်အပ်သော
ဝိသုဒ္ဓိမဂ်ကျမ်း သမာဓိဘာဝနာ အခန်း
အနုဿတိ နိဒ္ဒေသ အမည်ရှိသော အဋ္ဌမပိုင်း ပြီး၏။

**ပဥ္စမတွဲ ပြီး၏။**

## မြန်မာ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ

# မှတ်သားဘွယ် အက္ခရာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အုံ့ညြစေခြင်း ကုဟန | ၃၅ |
| အကာလိက | ၄၂၅ |
| အကျင့်သီလ၏ အနှံ့ကား | ၁၀၉ |
| အကျိုးအာနိသင်များ | ၂၁ |
| အကြွင်းမဲ့ သတ်နိုင်ရာ၏ | ၁ |
| အင်္ဂတေ (နရပတေ) | ၂၇၆ |
| အင်္ဂါသုံးပါး | ၃၀၃ |
| အဂေါစရ | ၃၇ |
| အဆ အရာ အထောင်မက | ၂၄၃ |
| အဆိဒ္ဓသီလ | ၄၃၇ |
| အဆောတလျှင် မသွားအပ် | ၃၄၂ |
| အဆက်ပြုတ်ပြီးသော | ၃၄၁ |
| အဆိပ်နှင့်တူလေသည် | ၁၀၇ |
| အဆုံးဇော တခုသည် | ၂၉၈ |
| အဆုံးဖြစ်သော ဈာန် | ၁၆၄ |
| အဋ္ဌိကအရိုး | ၃၄၁ |
| အဋ္ဌိကသညာ | ၂၁၆ |
| အဏုမြူမျှ မရှိ | ၃၇၄ |
| အတ္တန္တပအကျင့် | ၃၉၃ |
| အတ္တာဓိပတေယျသီလ | ၂၂ |
| အတ္တာနုဝါဒဘေး | ၁၀၉ |
| အတိရိတ်ဝိနည်းကံ | ၁၃၂ |
| အတိတ်ကမ္မဝဋ္ဋ်ငါးပါး | ၃၈၆ |
| အထူး ရှုမြင်မှု ဝိပဿနာ | ၇ |
| အထက်ပီတိကို | |
| လွှန်မြောက်သော | ၁၆၈ |
| အဓိကာရမရှိသောပုဂ္ဂိုလ် | ၃၂၆ |



| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အဓိစ္စသမုပ္ပန္နနာမ် | ၄၀၈ |
| အနာစာရ | ၃၆ |
| အနုပဿနာဉာဏ်၏အဖွင့်မ်း | ၄၇၈ |
| အနုဗောဓဉာဏ်ဖြင့် | ၃၉၂ |
| အနုဗျဥ္ဇန | ၄၄ |
| အနုသယဆင်တပ် | ၁၄၁ |
| အနုဿတိခုနစ်ပါး | ၂၅၆ |
| အနက်တဆယ့်ခြောက်ပါး | ၄၁၅ |
| အနှစ်တရာပတ်လုံး | ၄၃၃ |
| အနှစ်နှစ်ရာသို့ မရောက်ဘဲ | ၄၇၁ |
| အန္တရာယ်ကို ပြုတတ်ကုန်၏ | ၄၂၃ |
| အပေါက်အကြား အခေါင်း | ၃၅၃ |
| အဖျဉ်း | ၅၀၈ |
| အဗဒ္ဓသည်းခြေ | ၅၁၄ |
| အဗျဂ္ဂနိမိတ် | ၂၅၉ |
| အဘိသိက်သွန်းရာ အရပ် | ၃၄၄ |
| အမွေခံ | ၇၇ |
| အမှုသစ် | ၁၈၀ |
| အမျက်ထွက်ခြင်း ရန်ငြိုးဖွဲ့ခြင်း | ၁၀၀ |
| အမှန်ယစ်သောဆင်ကြီး | ၄၅၈ |
| အမိုးပျက်စီးသောအိမ် | ၆၅ |
| အမြိုက်နိဗ္ဗာန် | ၄၇၇ |
| အမြုပ်စိစိ တက်လျက် | ၅၁၃ |
| အယုတ်တရားလေးပါး | ၃၉၅ |
| အယုတ်တရား လမ်းမှားနှစ်ရပ် | ၈ |
| အရဟတ္တမဂ် ဉာဏ်သန်လျက် | ၃၈၂ |
| အရင်းအမြစ်ကို ဘူးဖြိုနိုင်၏ | ၁၁၀ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အရာမကသောရောဂါ | ၄၇၉ |
| အရိယာမဂ် | ၄၄၃ |
| အရိယဝံသဘာတ်နှင့်စပ်သော | ၁၂၆ |
| အရှူပြင်း၍ ရှုန့်ရင်းသော | ၅၂၈ |
| အရှင်မဟိန္ဒမထေရ် | ၂၁၁၊၂၉၆ |
| အရဏ်တက်စေအပ်၏ | ၁၃၉ |
| အရိုးစု၌ဉာဏ် | ၃၆၆ |
| အလင်းရောင်အမှတ် | ၂၅၆ |
| အဝိဇ္ဇာနှင့်သင်္ခါရ | ၃၈၆ |
| အဝိဇ္ဇာမှောင်ကြီး | ၃၇၄ |
| အဝိသုဒ္ဓသီလ | ၂၂ |
| အဝေးမှ ဆောင်ယူ၍ | ၄၃၂ |
| အသဗလသီလ | ၄၃၇ |
| အသုဘဆယ်ပါး | ၃၆၇ |
| အသုဘနိဒ္ဒေသ | ၄၇၀ |
| အသုဘသညာ | ၁၀၇ |
| အသူတရာနက်သောချောက် | ၂၂၃ |
| အသက်အားနည်းသောအဖြစ် | ၄၆၀ |
| အသက်ကိုပေးလှူသောကြောင့် | ၄၄၀ |
| အသမ္ဘိန္နအင်္ဂါ | ၁၅၇ |
| အသည်းကို မှီ၍တည်သော | ၅၁၅ |
| **[ အာ ]** | |
| အာဂန္တုက ဂမိကဝတ် | ၃၅၀ |
| အာစာရသီလ | ၃၄ |
| အာဇာနည်ပုဂ္ဂိုလ်မြတ် | ၁၀၅ |
| အာဒိတ္တဒေသနာတော် | ၆၄ |
| အာနုဘော်နှင့် ပြည့်စုံသော | ၄၁၀ |
| အာပါဏကောဋိကသီလ | ၂၂ |
| အာပေါရေဓာတ် | ၄၅၅ |
| အာမ ဘန္တေ ဟု | ၁၂၁ |
| အာမိသဒါန ဓမ္မဒါန | ၄၁၂ |
| အာယူသင်္ခါရ | ၄၆၀ |
| အာယူဟနအနက် | ၄၁၄ |
| အာရက္ခဂေါစရ | ၄၁ |
| အာရမ္ဘဓာတ် | ၂၉၁ |
| အာရုံကို လွန်ခြင်း | ၂၁၅၊၄၇၅ |
| အာလောကကသိုဏ်း | ၃၃၁ |
| အာဝဇ္ဇနဝသီ | ၂၉၅ |
| အာဝဇ္ဇန်းနှင့်စပ်သော | ၂၂၀ |
| အာဝတ္ထိကနာမ် | ၄၀၀ |
| အာဝဟနီယ | ၄၃၂ |
| အာဝါသမစ္ဆရိယ | ၁၄၃ |
| အာဟာရလေးမျိုး | ၃၉၉ |
| အား အလယ် အလတ် | ၁၃၇ |
| အားတော် ဆယ်တန် | ၃ |
| အားထုတ်သော ရဟန်း | ၄၃၀ |
| အိမ်စဉ်မပြတ် လှည့်လည်ခြင်း | ၁၁၃ |
| အိမ်သို့ဝင်လာသောမြွေ | ၃၀၀ |
| အောင်မဲညီပွင့် | ၃၂၀ |
| အို အဇိတရသေ့ | ၁၄ |
| **[ ဣ ]** | |
| ဣဋ္ဌာရုံ အနိဋ္ဌာရုံ | ၉ |
| ဣဋ္ဌာရုံကို ရသောကြောင့် | ၂၇၉ |
| ဣတ္ထိလိင်ရှိသော အကောင် | ၃၅၁ |
| ဣဒ္ဓိမဟတ္တ | ၄၆၂ |
| ဣဒ္ဓိဝိတောန်ခိုး | ၄၁၃ |
| ဣန္ဒနီလပတ္တမြားညို | ၃၂၉ |
| ဣရိယာပထကုဟနဝတ္ထု | ၄၉ |
| ဣရိယာပုထ် | ၂၄၇ |
| ဣန္ဒြေမျှသောအကျင့် | ၂၅၉ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဣ ] | |
| ဣန္ဒြေတို့၌ စောင့်စည်း | ၄၀ |
| ဣန္ဒြေတို့ကို မျှစေခြင်း | ၂၄၇ |
| ဣဿရိယ စသော | ၄၁၀ |
| [ ဤ ] | |
| ဤအရပ်၌သစ်ပင် | ၃၅၅ |
| ဤငါးပါးသောတရား | ၄၄၀ |
| ဤစကား နှစ်ခွန်း | ၁၃၁ |
| ဤစရိုက်စိစစ် | ၂၀၀ |
| ဤဉာဏသံဝရ | ၁၄ |
| ဤတဏှာ အမြေးအရှက် | ၁ |
| ဤထွက်သက် ဝင်သက် | ၅၂၆ |
| ဤနိယမအနက် | ၂၇၀ |
| ဤနွားဘဲ ဘမ်းကြွကုန် | ၃၁၀ |
| ဤပီတိကြောင့် | ၃၀၄ |
| ဤမည်သော ကာလ | ၄၆၉ |
| ဤသတိနှင့် သမ္ပဇည | ၃၁၀ |
| ဤသူအရှက်ရ၍ | ၅၁ |
| ဤသို့ ငြီးငွေ့ခြင်း | ၅ |
| [ ဥ ] | |
| ဥက္ကဋ္ဌပုဂ္ဂိုလ် | ၁၂၉ |
| ဥဂ္ဂဟကောသလ္လဉာဏ် | ၄၀၀ |
| ဥဂ္ဂဟနိမိတ်မထင်မီ | ၂၁၉ |
| ဥစ္စာရှင် ဖြစ်၍ | ၇၇ |
| ဥတုဖောက်ပြန်ခြင်း | ၅၂၀ |
| ဥဒါန်းစကား | ၇၅ |
| ဥဒ္ဒစ္စကို ဖျက်ဆီးခြင်း | ၁၆၁ |
| ဥဒ္ဓုမာတက ဟု ခေါ်သည် | ၃၃၉ |
| ဥပစာရခဏ | ၂၀၂ |
| ဥပစာ | ၁၃၃ |
| ဥပက္ကမမရဏ | ၄၅၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဥ ] | |
| ဥပစာရသိမ်အတွင်း | ၁၀၆ |
| ဥပနိဗဒ္ဓဂေါစရ | ၄၁ |
| ဥပပတ္တိဘဝ | ၃၀၄ |
| ဥပါဒါန်ကို ဖြစ်စေခြင်း | ၃၀၄ |
| ဥပါသကာယောကျ်ား | ၃၃ |
| ဥပုသ်အင်္ဂါ | ၃၃ |
| ဥပုသ်အိမ် | ၁၄၃ |
| ဥပေက္ခာနိမိတ် | ၄၀၀ |
| ဥပေက္ခာသမ္ဗောဇ္ဈင် | ၂၅၀ |
| ဥပေါသထသုတ် | ၄၄၀ |
| ဥဗ္ဗေဂါပီတိ | ၂၇၆ |
| ဥဗျိုင်း | ၂၄၃ |
| ဥဘတောဗျည်း ပဏ္ဍုက် | ၃၃၇ |
| ဥဘတောဝိဘင်း | ၂၄ |
| ဥဘတောသုဒ္ဓိကသင်္ကန်း | ၁၁၉ |
| ဥဿန္နတာ | ၁၉၄ |
| [ ဦး ] | |
| ဦးခေါင်းခွံ | ၅၁၄ |
| ဦးခေါင်းနှင့်အမျှ | ၃၂၇ |
| ဦးခေါင်း၌ ဆင်သော တန်ဆာ | ၄၂၇ |
| ဦးခေါင်းမှ လာပြီးလျှင် | ၅၂၁ |
| ဦးနှောက်ကို | ၃၄၇ |
| [ ဧ ] | |
| ဧကတောသုဒ္ဓိကသင်္ကန်း | ၁၁၉ |
| ဧကဂ္ဂတာ စေတသိက် | ၁၆၁ |
| ဧကာသန ဟု ဆိုသည် | ၁၁၃ |
| ဧကောဒိ | ၂၉၉ |
| ဧဟိပဿိက လာလှည့် | ၄၂၆ |
| ဧည့်သည်ဘို့ ထားသော | ၄၃၃ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဩ ]** | |
| ဩက္ကန္တိကာပီတိ | ၂၇၆ |
| ဩကာသာဓိဂမ၏ အစွမ်း | ၄၄၈ |
| ဩဃ ယောဂ အာသဝ | ၂၇၃ |
| ဩဃလေးပြာ | ၆ |
| ဩဒါတကသိုဏ်း | ၃၃၁ |
| ဩပနေယျိက | ၄၂၆ |
| ဩဘာသကမ္မ | ၅၉ |
| ဩဝါဒကို မလွန်မကြူး | ၁၉၀ |
| **[ က ]** | |
| ကံကြောင့် ဖြစ်သောခန္ဓာ | ၃၀၄ |
| ကံကို အားထုတ်သောခဏ | ၁၉၈ |
| ကဏ္ဍာရအကြောင်းကြီး | ၅၀၁ |
| ကန္တာရခရီးခဲ | ၂၇၉ |
| ကမ္ဘာဦးသူ | ၄၅၁ |
| ကမ္ဗဇတေဇောဓာတ်ငွေ့ | ၅၀၉ |
| ကမ္မဋ္ဌာန်းတောင်းသောရဟန်း | ၁၉၃ |
| ကမ္မဋ္ဌာန်းပေး ဆရာ | ၁၉၀ |
| ကမ္မာဝရဏပုဂ္ဂိုလ် | ၃၃၈ |
| ကာမဂုဏ်၌ မွေ့လျော်ခြင်း | ၅၂၂ |
| ကာမစ္ဆန္ဒ စသည် | ၂၉၁ |
| ကာမသညာ | ၁၆၉ |
| ကာယဂတ | ၃၇၉ |
| ကာယဂတာသတိ | ၄၇၇ |
| ကာရဋ္ဌိယတောင် | ၁၀၃ |
| ကိစ္စတာဝန် | ၁၄၂ |
| ကိလေသာအပူ ငြိမ်းစေတတ်သော | ၁၅ |
| ကိလေသာ ကာမ | ၂၆၉ |
| ကိလေသာကို တားမြစ် | ၁ |
| ကိလေသာကို ဖျက်ဆီးခြင်း | ၁၁၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ က ]** | |
| ကိလေသာမှ ဝေးတော်မူ၏ | ၃၀၁ |
| ကုဋွေ ကိုးထောင် | ၈၄ |
| ကုမုဒ္ဒရာ ကြာဖြူ | ၅၀၇ |
| ကုရုဏ္ဍကလိုဏ်ကြီး | ၆၈ |
| ကေဝလပရိပုဏ္ဏ | ၄၂၁ |
| ကောရဏ္ဍကဇနပုဒ် | ၁၇၆ |
| ကောင်းကင်အဝန်း | ၃၃၃ |
| ကိုယ်အရိုးဆက် | ၅၂၁ |
| ကိုယ်ကောင်ကို ပစ်ချခြင်း | ၄၇၀ |
| ကိုယ်တိုင် သိခြင်းငှါ | ၉၅ |
| ကိုယ်တုံးလုံး ထားခဲ့သော် | ၃၇၃ |
| ကိုယ်ဝန်ယူသဖြင့် | ၂၇၈ |
| ကိုးဆယ့်ခြောက်ကုဋွေ | ၃၈၈ |
| ကိုးသောင်း ကိုးထောင် | ၃၇၃ |
| ကျိုးခြေသင်္ကန်း | ၃၄၁ |
| ကျက်စားရာခေတ် | ၂၉၄ |
| ကျောက်ပြင်တွင် ကြိတ်သကဲ့သို့ | ၅၁၃ |
| ကျိုးပြတ်ခြင်း | ၉၆ |
| ကြံချောင်းကြီးလောက် | ၆၀ |
| ကြံ ချို | ၄၆၃ |
| ကြာရှက်ကို ထိခြင်းငှါ | ၂၆၄ |
| ကြာရိုးမှ | ၅၁၇ |
| ကြီးစွာသော မီးပုံကြီး | ၂၅၇ |
| ကြေးခွက်တိုက်သူ | ၂၇၅ |
| ကြေးမုံကပ်ထားသော | ၂၁၆ |
| ကြွေးယူ၍ | ၇၇ |
| ကြွက်အပ်သော နွားရေ | ၂၉၃ |
| ကြွက်နှစ်ကောင် သင်္ကန်း | ၅၀၀ |
| ကြုတ်ဖုံး ပန်းကပ်ဖုံး | ၃၂၈ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ က ] | |
| ကြိုက်ချစ်ခြင်း | ၃၇၃ |
| ကြောင့်ကြဗျာပါရ | ၂၈၆ |
| [ ခ ] | |
| ခဏိကာပီတိ | ၂၇၆ |
| ခတ္တာငုံ သဏ္ဍာန် | ၅၀၁ |
| ခန္တီသံဝရ | ၁၄ |
| ခန္ဓာကိုယ်လောက | ၂၉၀ |
| ခရုသင်း ကရုကမာခွက် | ၂၄၃ |
| ခရမ်းသီး ဟင်းလေး | ၂၈၉ |
| ခုဒ္ဒကာပီတိ | ၂၇၆ |
| ခုနစ်ပါးအပြားရှိသောမေထုန် | ၉၉ |
| ခုနစ်ပါးသော ကမ္မဋ္ဌာန်း | ၂၂၁ |
| ခဲတကျ၏ လက္ခဏာ | ၁၃၇ |
| ခွေးကောင်ပုပ် မြွေကောင်ပုပ် | ၃၇၇ |
| ခက်ခဲသော သတ္တဝါ | ၃၉၉ |
| ခေါင်းစောက်ဆိုး | ၁၀၆ |
| ခေါင်းဆောင် ပခာန | ၃၂၀ |
| ခေါင်းလောင်းထိုးရာ | ၂၇၄ |
| ခိုး၍ သုံးဆောင်ခြင်း | ၇၇ |
| ခိုးသားဓားပြ | ၃၆၃ |
| ချီးမွမ်းအပ်သော ပညာ | ၄၂၄ |
| ချီးမြှောက်၍ ပြောခြင်း လပန | ၃၅ |
| ချက်မှ အောက်ဖြစ်သော အရပ် | ၄၉၆ |
| ချည်စာနယ်သော ကစိပတ် | ၅၁၂ |
| ခြေသုတ်ကြိုးဝန်း | ၅၁၀ |
| ခြောက်ပါးသော တရား | ၄၄၀ |
| ခြောက်သွေ့သောထင်း | ၂၅၂ |
| ခြောက်ပါးသော ဖဿ | ၃၀၄ |
| ခြောက်ပါးသော သိက္ခာပုဒ် | ၄၀ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဂ ] | |
| ဂဂ္ဂရမည်သော ရေကန် | ၄၀၅ |
| ဂဏ္ဍုပ္ပါဒ မည်သော သန်ကောင် | ၅၁၁ |
| ဂေါတြဘူ၏ အခြားမဲ့ | ၁၆၃ |
| ဂန့်ဂေါ်ပင်စောင့်နတ် | ၆၉ |
| ဂိုဏ်းကို ပယ်၍ | ၁၇၉ |
| ဂုန်ပိုက်ဆံလျှော်အဝတ် | ၁၀၁ |
| [ င ] | |
| ငါကဲ့သို့ သတိနှင့် ပြည့်စုံသူ | ၃၄၃ |
| ငါခတ်သော ရေမဟုတ် | ၁၉၂ |
| ငါးအကြေးသဏ္ဍာန် | ၄၉၆ |
| ငါးအမဲတို့ | ၁၃၃ |
| ငါးခုံသောအကြော | ၅၀၁ |
| [ စ ] | |
| စကားခြောက်မျိုး | ၃၉၆ |
| စကြဝဠာတောင် | ၄၀၁ |
| စကြဝဠာ အပိုင်းအခြား | ၂၉၃ |
| စန္ဒာ လမင်းလျှင် တူသော | ၁၃၀ |
| စပါးအမျိုးဖျားလောက် | ၄၉၃ |
| စပယ်ကြက်ရုံးပုံသဏ္ဍာန် | ၄၉၇ |
| စရဏနှင့် ပြည့်စုံခြင်း | ၃၉၃ |
| စလောင်းအရွယ်ပမာဏ | ၂၄၀ |
| စာဂါနုဿတိ | ၃၇၉ |
| စာဋ္ဌုကမျတာ | ၅၀ |
| စာနုရမည်သော လက်ဝှေ့သည် | ၄၆၂ |
| စာပေါင်းသိုက် သဏ္ဍာန် | ၄၉၉ |
| စာပရိ မည်သော သားကောင် | ၆၃ |
| စူဠောဒရ မဟောဒရ | ၄၀၃ |
| စူးစိုက် သုံးဆောင်လေ့ရှိခြင်း | ၁၃၅ |
| စေခိုင်းစရာလု | ၃၆၃ |
| စေတနာ သီလ | ၁၃ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ စ ] | |
| စေတိယင်္ဂဏဝတ် | ၃၅၈ |
| စေတီအိမ် | ၄၁၈ |
| စေတီတော်ကို မြင်စဉ် | ၂၇၇ |
| စေတီတည်ထားစေကုန်၏ | ၆၄ |
| စေတောပရိယဉာဏ် | ၂၀၆ |
| စောစော ထကာ | ၂၂၈ |
| စွဲစွဲမြဲမြဲအားထုတ်မှု | ၂၅၃ |
| စင်္ကြံ မဏ္ဍပ် | ၁၄၆ |
| စင်ကြယ်ခြင်း သုဒ္ဓိ | ၇၈ |
| စင်ကြယ်သောနိဗ္ဗာန် | ၄ |
| စင်စစ်ဆေးအပ်သောလက် | ၄၄၁ |
| စိတ်၏ တည်ကြည်မှု | ၁ |
| စိတ်ကို နှိပ်အပ်၏ | ၂၆၀ |
| စိတ်ကို ဖွဲ့ချည်ထား၏ | ၃၅၉ |
| စိတ္တက္ခဏကာလမျှ | ၄၇၃ |
| စိတ္တဂုတ္တမထေရ် | ၆၉ |
| စိတ္တသင်္ခါရ | ၅၂၈ |
| စိတ်ဖြင့် သရဇ္ဈာယ်ခြင်း | ၄၀၂ |
| စုတ်စုတ်နစ်နစ် ဆုံးဖြတ်၍ | ၄၁၇ |
| စုန့်စုန့် မှို့မှို့ နှစ်လို့စလိ | ၃၇၀ |
| [ ဆ ] | |
| ဆဋ္ဌင်္ဂုပေက္ခာ | ၃၀၆ |
| ဆီး အိမ်စည်ပေါင်း | ၅၂၃ |
| ဆီကြည် | ၅၁၉ |
| ဆီကြိတ်ဆုံ ယန္တရားစက် | ၄၇၀ |
| ဆီမီးခွက် မီးစာ | ၂၄၈ |
| ဆီမီးလျှံ | ၃၂၆ |
| ဆူးပေါ်သောဌာန | ၃၄၈ |
| ဆေးအလှူခံသော | ၁၈၁ |
| ဆားမပါသောဟင်း | ၂၉၀ |
| ဆွေမျိုးဉာတိ | ၁၈၁ |
| ဆင်ခြင်ပုံ အစီအရင် | ၇၆ |
| ဆင်သမားနွယ် | ၃၅၀ |
| ဆင်သေကောင် | ၃၆၅ |
| ဆန်းကြယ်သော သခွတ်ပင် | ၄၀၁ |
| ဆွမ်းတထပ် | ၄၇၂ |
| ဆွမ်းခံသော ရဟန်း | ၄၀၇ |
| ဆိတ်ကွယ်ရာမရ | ၃၈၁ |
| ဆိတ်ငြိမ်ရာအရပ် | ၄၂၉ |
| ဆိတ်ကမ်းကို မှီသောကျောင်း | ၂၂၉ |
| ဆုတ်နစ်တန့်စားခြင်းမရှိ | ၄၅၄ |
| ဆိုဆုံးမလွယ်သည် | ၂၂၃ |
| ဆုံးမထိုက်သောသူ | ၄၀၃ |
| [ ဇ ] | |
| ဇမ္ဗူဒီပါကျွန်း | ၃၂၄ |
| ဇာတိကန္တာရ | ၄၀၅ |
| ဇာတိနှင့်အတူ | ၄၅၄ |
| ဇောတိကသူဌေးကြီး | ၄၆၁ |
| [ ဈ ] | |
| ဈာန်အင်္ဂါ၏အစွမ်း | ၁၇၀ |
| ဈာန်ချမ်းသာ မဂ်ချမ်းသာ | ၁၀၈ |
| ဈာနုပေက္ခာ | ၃၀၇ |
| ဈာန်ရတော့မည် | ၂၆၆ |
| [ ဉ ] | |
| ဉာယ ဟူ၍ ဆိုအပ်၏ | ၄၃၀ |
| ဉာဏ်တော်ဆယ်ပါး | ၃ |
| ဉာဏ်တော်ဆယ်ပါး၏သခင် | ၃၃၃ |
| ညီမျှသော လုံ့လ | ၂၆၅ |
| ညစ်ကြေးမတင် | ၁၆၀ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ည ]** | |
| ညစ်နွမ်းသောစိတ် | ၄၄၈ |
| ည္ဆွတည်းဟူသော အဖော် | ၃၂၀ |
| ညွန်ချသောကျောင်း | ၁၄၉ |
| **[ တ ]** | |
| တံခွေး၏အဘိုအားဖြင့် | ၅၂၀ |
| တံမြက်ချေးစွန့်ရာအရပ် | ၄၉၄ |
| တံမြက်ချေးစုနှင့်တူသော | ၁၀၈ |
| တကောသခွဲအရပ် | ၂၄၆ |
| တခုသော ဝတ္ထာန် | ၂၁၄ |
| တင့်ကွက်ကွက် ဖဲသွား၏ | ၂၀၄ |
| တစိမ့်စိမ့် စိုက်၍ ကြည့်၏ | ၉၉ |
| တဆယ့်တပါးသောအခြင်းအရာ | ၃၅၇ |
| တဆယ့်လေးမျိုးသောဆွမ်း | ၁၂၅ |
| တဏှာ၏အပေါက် | ၁၅၀ |
| တဏှာကို ထွေးအန်တော်မူအပ်၏ | ၄၁၀ |
| တဏှာတည်းဟူသော ကွန်ရက် | ၂ |
| တဗြမ္ဗထူပြေကွာ | ၂၈၅ |
| တဒင်ခတ္တ ခဏမျှ | ၁၁ |
| တဖန်လာ၍ စပ်ပြန်ခြင်းမရှိ | ၄၇၄ |
| တလုပ်တဆုပ်မျှ ဖြစ်သော်လည်း | ၄၃၉ |
| တသဲသဲအသံ | ၂၈ |
| တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော | ၃၈၉ |
| တိတ္တိတို့၏ဟပည့် | ၃၉၃ |
| တိပိဋက စူဠာဘယ မထေရ် | ၁၃၁ |
| တူသော အသက်မွေးခြင်း | ၄၃၉ |
| တောဘူမိကသခ်ါရတရား | ၅ |
| တောဥ္ဇ နေလေ့ရှိသော | ၁၁၄ |
| တောမည်သည်ကား | ၁၃၈ |
| **[ တ ]** | |
| တောသမင်ကဲ့သို့ | ၁၄၅ |
| တော့ဝေခြင်းမှ ကင်းခြင်း | ၃၄၅ |
| တွဲရရွဲဆွဲလျက် | ၅၀၉ |
| တင့်တယ်သော သွားခြင်း | ၃၉၄ |
| တန်စီးရည်၏ ဝင်ရာလမ်း | ၅၂၃ |
| တောင်ကျချောင်းရေ | ၄၅၄ |
| တောင်ဝှေးကို ကိုင်လျက် | ၃၀၈ |
| တောင်းခံခြင်းငှါ | ၄၄၂ |
| တိုတောင်းသော အငွေ့ကာလ | ၄၇၀ |
| တိုးဝှေ့၍ | ၃၉ |
| **[ ထ ]** | |
| ထမင်းငိုကွာ | ၂၉၀ |
| ထာမမဟာတ္တအားဖြင့် | ၄၆၁ |
| ထူပါရာမကျောင်းတိုက် | ၁၇၃ |
| ထူးသောညာဏ်ဖြင့် | ၃၉၀ |
| ထက်စည်သဏ္ဍာန် | ၅၀၄ |
| ထက်ဝက်ထက်ဝက် နိမ့်ကျသော | ၄၀၀ |
| ထက်ဝန်းကျင် စင်ကြယ်သည် | ၉၂ |
| ထက်ဝယ်ဖွဲ့ခွေလျက် | ၁၅၂ |
| ထင်ရှားမရှိသောဂုဏ် | ၂၀၅ |
| ထန်းပင် သုံးဆယ့်နှစ်ပင် | ၄၈၀ |
| ထန်းမြစ်သဏ္ဍာန် | ၄၉၆ |
| ထန်းသီးနုရည်အလား | ၃၇၂ |
| ထမ်းပိုးတပြန်ခန့်လောက် | ၁၃၁ |
| ထွက်သက် ဝင်သက် နိမိတ် | ၃၈၀ |
| ထွက်သက် ဝင်သက်ကို | ၂၂၄ |
| ထွန်ကိုင်းကဲ့သို့ မကောက် | ၄၃၀ |
| ထိုခံတွင်းပုပ်သော ယောကျ်ား | ၅၁၅ |
| ထိုမှ ဤမှ ကြည့်သည် | ၄၈၅ |
| ထိုသံသရာ စက်ဘီးကို | ၃၈၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဒ ] | |
| ဒက္ခိဏာဂိရိကျောင်း | ၂၃၂ |
| ဒက္ခိဏာဟုဆိုသည် | ၄၃၄ |
| ဒန္တာဘိညာပုဂ္ဂိုလ် | ၂၆၇ |
| ဒဠှနေမိစကြာမင်း | ၄၆၀ |
| ဒိဋ္ဌိ၏အစွမ်းဖြင့် မသုံးသပ်အပ် | ၈၉ |
| ဒီပင်္ကရာ မြတ်စွာဘုရား | ၃၉၄ |
| ဒုက္ခ ဟု ရှုခြင်းဖြင့် | ၉၄ |
| ဒုစရိုက် မကောင်းမှုတွေ | ၃၀၄ |
| ဒုတိယအဂ္ဂသာဝကဖြစ်သော | ၄၆၂ |
| ဒုဗ္ဘိက္ခကန္တာရကို | ၄၀၅ |
| ဒုဿီလ၏အဖြစ် | ၄၆ |
| ဒေဝတာနုဿတိ | ၃၇၉ |
| ဒွန်းစဏ္ဍား ရွာတံခါးအနီး | ၅၁၂ |
| [ ဓ ] | |
| ဓမ္မကာယကိုယ်တော် | ၄၆၄ |
| ဓမ္မဋ္ဌိတိဉာဏ် | ၃၀၇ |
| ဓမ္မတာသီလ | ၃၄ |
| ဓမ္မဒါယာဒသုတ် | ၇၉ |
| ဓမ္မဝိစယသမ္ဗောဇ္ဈင် | ၂၅၄ |
| ဓမ္မဝေဒကို ရ၏ ဟု | ၄၄၆ |
| ဓမ္မာနုဿတိ | ၄၂၀ |
| ဓမ္မာဘိသမယ | ၄၀၇ |
| ဓုတကို သိအပ်၏ | ၁၅၄ |
| ဓုတင်ခိုး မည်သည် | ၁၂၂ |
| ဓုတင်တဆယ့်သုံးပါး | ၁၁၂ |
| ဓုတင်ရှိသော ရဟန်းအား | ၇၁ |
| ဓားဖြင့် ခုတ်ဖြတ်အပ်သည် | ၃၄၁ |
| ဓာတ်တော်ဌာပနာရာ | ၁၇၅ |
| ဓာတ်လေးပါး ကမ္မဋ္ဌာန်း | ၃၆၀ |



| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ န ] | |
| နံနက်စောစောကပင် | ၁၂၈ |
| နံရံပေါက်ဖြင့် | ၃၃၁ |
| နဂါးမင်းကို သုတ်ယူအံ့ | ၂၉၆ |
| နဖူးကို လိမ်းကျံပြီးမှ | ၁၉၂ |
| နာဂတောင်တွင် နေသော | ၂၄၅ |
| နာမကာယနှင့် ယှဉ်သော | ၃၁၁ |
| နိကန္တိတဏှာ | ၄၇၆ |
| နိဒ္ဒေသနည်း ပဋိသမ္ဘိဒါနည်း | ၄၀၇ |
| နိပ္ပီတိကသမာဓိ | ၁၆၃ |
| နိဗ္ဗေဓဘာဂိယသီလ | ၂၂ |
| နိဗ္ဗာန်နှင့် နီးစွာသော အကျင့် | ၅ |
| နိဗ္ဗာန်ဖြင့် အဆုံး၏ကောင်းခြင်း | ၄၂၀ |
| နိဗ္ဗာန်လျှင် အာရုံရှိသော | ၃၀၀ |
| နိဗ္ဗာန်သို့ ညွတ်သော | ၁၄၈ |
| နိမိတ်၌ ကျွမ်းကျင်လိမ္မာခြင်း | ၂၄၇ |
| နိမိတ္တကထာ | ၅၀ |
| နီတျာရဲ့ရဲ အခဲအဆုပ် | ၃၇၅ |
| နီမြန်းသော ကမ္ဗလာပိုင်း | ၃၂၇ |
| နီဝရဏတို့သည် | ၂၄၃ |
| နုသောကောက်ပင် | ၁၀၆ |
| နေ၏ လုံးဝန်းသည် | ၄၀၁ |
| နေက္ခမ္မဓာတ် | ၉၃ |
| နေခြည်ရောင် ကြောက်သဖြင့် | ၄၅၅ |
| နေပူကျဲကျဲ | ၉၁ |
| နေမိတ္တိကနာမ် | ၄၀၈ |
| နေသဇ္ဇိကင်္ဂတောင် | ၁၅၇ |
| နွားချောင်းကို | ၄၉၀ |
| နွားတို့ကို ခြံသို့ သွင်း၍ | ၂၀၈ |
| နွားသေးကောက်ကဲ့သို့ | ၄၃၀ |
| နှလုံးကို ပွါးစေတတ်သော | ၂၁၀ |
| နှလုံး ရွှင်ပြခြင်း စသော | ၉ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ န ]** | |
| နှလုံးသားကို | ၅၁၁ |
| နှလုံးသွင်း အဓိမုတ္တိ | ၃၉၉ |
| နှာခေါင်းကို ပြည့်စေ၏ | ၅၂၁ |
| နှာခေါင်းလေ မထွက်သော် | ၄၆၈ |
| နှမ်းဆီနှင့်တူသောအရောင် | ၅၁၇ |
| နှုတ်ဖြင့် သရဇ္ဈာယ်ခြင်း | ၄၈၂ |
| နတ်တို့၏ ဂုဏ် | ၄၄၆ |
| နတ်တို့ကို သက်သေအရာ၌ | ၄၄၄ |
| နတ်ဗိမာန်နှင့်တကွ | ၄၀၆ |
| **နတ်မင်းကြီးတို့၏ နေရာ** | ၄၀၀ |
| **နိမ့်မြင့်သော** | ၃၅၄ |
| **နောက်ဆုံးအနုသန္ဓေ** | ၄၁၉ |
| **နို့ ဃနာဆွမ်း** | ၇၄ |
| **နိုးကြားခြင်း** | ၃၉၂ |
| နုံ့နှေးသော အသိဉာဏ် | ၁၆၆ |
| **[ ပ ]** | |
| ပံသုကူလိက ဆိုသည်ကား | ၁၁၂ |
| ပကတိဘည်တန့်နိုင်သောဂုဏ် | ၉ |
| ပခုံးကို ကိုင်ပြီးလျှင် | ၂၃၄ |
| ပဂ္ဂဟနိမိတ်ကို နှစ်လုံးသွင်း | ၄၈၈ |
| ပစ္စဝေက္ခဏာဇော | ၂၆၈ |
| ပစ္စုပ္ပန်ကာမဝဋ်ငါးပါး | ၃၈၆ |
| ပညာဉာဏ်သော်ကား ထိုင်း၏ | ၁၉၉ |
| ပညာနှင့် ပြည့်စုံခြင်း | ၁၀ |
| ပညာဗျာပါရနည်းသောကြောင့် | ၂၆၁ |
| ပညာဘာဝနာနည်း | ၁၇၁ |
| ပညာမဟတ္တအားဖြင့် | ၄၆၃ |
| ပညာလွန်ကဲသောသူ | ၂၅၀ |
| ပဋိဘာဂနိမိတ်ကို ပွါးအပ်၏ | ၂၉၂ |
| ပဋိဘာဂနိမိတ်နှစ်ပါး | ၃၆၇ |
| ပဋိသန္ဓေနေစဉ်ကပင် | ၁ |
| ပဋိသန္ဓေဝိညာဉ် | ၃၈၃ |
| ပဌမအဂ္ဂသာဝကဖြစ်သော | ၄၆၃ |
| ပဌမစျာန်၏ အတုအရိပ် | ၃၆၂ |
| ပဏီတ သီလ မည်၏ | ၂၈ |
| ပဏ္ဍိတယောင် ဟန်ဆောင် | ၃၈၉ |
| ပတ္တင်္ဂမည်သော ပန်းပင်ငယ် | ၃၂၉ |
| ပတ္တမြားကျောက်ကဲ့သို့ | ၈၆ |
| ပတ္တမြားစစ်ကဲ့သို့ | ၄၂၆ |
| ပထဝီကသိုဏ်း | ၂၈၈ |
| ပဒုမာကြာအငုံသဏ္ဌာန် | ၅၀၇ |
| ပဓာနိယတိဿမထေရ် | ၂၄၅ |
| ပမာဏပြုသင့်၏ | ၁၃၈ |
| ပရာနုဝါဒဘေး ကင်းရှင်း၏ | ၄၃၉ |
| ပရိစ္ဆိန္နာကာသ ကသိုဏ်း | ၃၃၂ |
| ပရိပုဏ္ဏပါရိသုဒ္ဓိသီလ | ၈၂ |
| ပရိတ္တသမာဓိ | ၁၆၅ |
| ပရမတ္ထဝိသုဒ္ဓိကို | ၄၄၇ |
| ပရိယတ် ဆောင်ရွက်ခြင်း | ၁၈၂ |
| ပရိဝုဏ်၏ တံခါး | ၁၈၄ |
| ပရိသုဒ္ဓမည်၏ | ၄၂၂ |
| ပလိဗောဓကို ဖြတ်ခြင်း | ၁၆၆ |
| ပဿဒ္ဓိသမ္ဗောဇ္ဈင် | ၂၅၇ |
| ပါစိနခဏ္ဍရာဇိ အရပ် | ၁၇၃ |
| ပါရမီတော်တို့၏အထွတ် | ၄၁၀ |
| ပါရိသုဒ္ဓုပေက္ခာ | ၃၀၇ |
| ပါရိဟာရိကပညာ | ၇ |
| ပါဝဟနီယမည်၏ | ၄၃၄ |
| ပိဋကတ်သုံးပုံဆောင် | ၄၈၀ |
| ပိဏ္ဍပါတ ဟု ဆိုသည် | ၁၁၃ |
| ပိဋ္ဌနအနက် | ၄၁၄ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| [ ပ ] | |
| ပုဆိုး ကိုးတောင် | ၁၇၈ |
| ပုညက္ခယမရဏ | ၄၅၁ |
| ပုညရှိသော ယောဂီပုဂ္ဂိုလ် | ၃၂၈ |
| ပုဏ္ဏဝလ္လိယဝါသီ မဟာတိဿ | ၂၇၆ |
| ပုဗ္ဗဟေတုကသီလ | ၃၄ |
| ပုရိသလိင်ရှိသောအကောင် | ၃၅၁ |
| ပုလဲပတ္တမြား | ၂၁ |
| ပုဋ္ဌဝက ဟူ၍ ခေါ်သည် | ၃၄၁ |
| ပင်ပန်းရမှု၏ မရှိခြင်း | ၁၃၄ |
| ပင်လယ်ကသစ်ဧ့အရောင် | ၅၀၆ |
| ပင်လုံးကျွတ်ပွင့်သောပေါက်ပင် | ၃၇၅ |
| ပန်းဥယျာဉ်နီးသောကျောင်း | ၂၂၉ |
| ပန်းကုံးကို ကြည့်ရှုရာ | ၅၂၃ |
| ပန်းချီ ပန်းပင်ငယ် | ၃၂၈ |
| ပန်းမှိုက်သွန်သမား | ၃၇၁ |
| ပုန်းအောင်းရာ ဟူသော | ၄၂၃ |
| ပုန်းညက်သီးကြီးသဏ္ဌာန် | ၅၀၃ |
| ပေါက်ပြဲသော အိုင်းအမာ | ၃၆၄ |
| ပိုးမျိုးရှစ်ဆယ် | ၃၇၀ |
| ပွါးခြင်းသည် အလယ် | ၂၈၃ |
| ပျံလိုသောငှက် | ၂၇၄ |
| ပျားပန်းခတ် | ၂၃၁ |
| ပျားသကာတို့နှင့်ရောနှော | ၇၅ |
| ပျက်စီးခြင်းသည် မရဏ | ၃၈၅ |
| ပျင်းရိသည်ကို နှိပ်နင်းနိုင်သော | ၁၂၆ |
| ပျို့အန် ဝမ်းကျရာမှ | ၃၇၁ |
| ပြုကျင့်လေ့ကျက်ဘူးသော | ၁၆၇ |
| ပြင်းစွာရယ်မောခြင်း | ၄၄ |
| ပြည့်စုံမှု၏ ပျက်စီးခြင်း | ၄၅၉ |
| ပြည်ထောင်မင်း နှစ်ဦး | ၁၄၁ |
| ပြိုးပြိုးပြက်ပြက် | ၄၈၉ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| [ ဖ ] | |
| ဖနှောင့်ဖြင့်သာ နင်းမိ၏ | ၂၀၁ |
| ဖနှောင့်မှစ၍ ကျောက်ပြင်တွင် | ၂၂၄ |
| ဖမျက်ရိုးတို့၌ တည်ကုန်၏ | ၅၀၅ |
| ဖမိုးဖုံးတတ်သော ဘိနပ်သဏ္ဌာန် | ၄၉၈ |
| ဖရိုဖရဲမကွဲပြား | ၁၆၁ |
| ဖရုံနွယ် | ၃၅၀ |
| ဖလသမာပတ် | ၂၆၈ |
| ဖဿအစရှိသည် | ၂၉၈ |
| ဖိလာကန့်လန့် | ၅၁၈ |
| ဖူးဖူးရောင်ထ ပုတ်ပွသဖြင့် | ၃၅၄ |
| ဖဲ့ခွါသည်ဟု ဆိုလိုသည် | ၂၆၉ |
| ဖော်ကာဖော်ကာ ကြွားဝါခြင်း | ၅၈ |
| ဖွင့်တုံမှိတ်တုံ တလုံလဲလဲ | ၂၄၂ |
| ဖက်ရွက်အရောင် | ၅၁၆ |
| ဖောက်ပြန်ခြင်း | ၄၂၂ |
| ဖောက်ပြန်သော စိတ် | ၄၄ |
| ဖိုခနောက်စွန်းသဏ္ဌာန် | ၅၀၀ |
| ဖျာပေါ်တွင်ထိုင်နေ၍ | ၁၈၅ |
| ဖျမ်းမျှသော ကရုဏာ | ၁၃၀ |
| ဖြူစင်အေးမြသောစိတ် | ၁၃၀ |
| [ ဗ ] | |
| ဗဒ္ဓသည်းခြေပျက်သည် | ၅၁၅ |
| ဗလက္ကာရ အတင်း အဓမ္မ | ၂၃၁ |
| ဗဟုဿုတ ပုဂ္ဂိုလ် | ၁၉၀ |
| ဗာကုလမထေရ် | ၁၅၅ |
| ဗုဒ္ဓရှင်တော်ဘုရား | ၄၁၇ |
| ဗုဒ္ဓိစရိုက်ရှိသော ပုဂ္ဂိုလ် | ၂၀၅ |
| ဗူးတောင်းခွက် သဏ္ဌာန် | ၅၀၅ |

| အကျွရာစဉ် | စာမျက်နှာ |
|---|---|
| [ ဗ ] | |
| ဗောဇ္ဈင်္ဂပေက္ခာ | ၃၀၆ |
| ဗောဇ္ဈင်တို့ကို မပွါးမူ၍ | ၂၅၁ |
| ဗောဓိပင် စေတီ | ၁၃၈ |
| ဗောဓိမဏ္ဍိုင်သို့တိုင်ရောက် | ၃၉၄ |
| ဗောဓိယာဂ်ဏတ် | ၃၅၈ |
| ဗြဟ္မဝိဟာရ | ၃၀၆ |
| ဗြဟ္မာမင်း၏ အသံထက် | ၄၀၆ |
| ဗြဟ္မာမင်း၏ အသံနှင့်တူသော | ၂၀၉ |
| [ ဘ ] | |
| ဘဂ္ဂဝါဟုဆိုလိုလျက် | ၄၁၁ |
| ဘတ္တဝါဟု ဆိုအပ်ပါလျက် | ၄၁၅ |
| ဘဝဇာတိတို့၏အကြား | ၃၈၇ |
| ဘဝတခုဖြင့် ပိုင်းခြားအပ်သော | ၄၅၀ |
| ဘဝမှလွတ်ကင်းရာ နိဗ္ဗာန် | ၂၇ |
| ဘဝသမ္ပတ္တိ | ၂၂၀ |
| ဘဝင်အယဉ်ကို ဖြတ်၍ | ၂၄၄ |
| ဘဝင်နှင့်နီးကပ်သည် | ၂၆၇ |
| ဘာဝနာအားထုတ်စဉ် | ၄၄၄ |
| ဘာဝနာကုသိုလ်ရှိသော | ၃၂၄ |
| ဘာဝနာခရီးသို့ သက်သောစိတ် | ၄၉၁ |
| ဘာဝနာပွါးနည်း နိသျှည်း | ၄၇၈ |
| ဘိက္ခုနီမတို့ ရသောဓုတင် | ၁၅၉ |
| ဘီလူးစောင့်ရှောက်သည် | ၃၄၃ |
| ဘုရား ပစ္စေကဗုဒ္ဓါ | ၂၅၅ |
| ဘုရားရှင်၏ ဂုဏ်တော် | ၃၇၈ |
| ဘုဇိဿသီလမည်၏ | ၁၀၁ |
| ဘေးဥပဒ်ကို သည်းခံနိုင်၏ | ၄၃၅ |
| ဘေးရန်ရှိသော ခရီး | ၂၃၆ |
| ဘောဇဉ် | ၂၀၃ |
| ဘောဇဉ်ကို ယူခြင်းငှါ | ၁၃၂ |
| ဘမ်းယူခြင်းငှါ မတတ်နိုင်သော | ၃၁၈ |
| [ မ ] | |
| မကြေကျေသေးသော ပေါက်ပွင့် | ၃၇၄ |
| မဇ္ဈေရ အညစ်အကြေး | ၄၄၀ |
| မဏ္ဍတ္တာရုံကို ခံစားခြင်း လက္ခဏာ | ၃၂၀ |
| မဇ္ဈိမပဋိပဒါအကျင့် | ၁၀ |
| မဇ္ဈိမပုဂ္ဂိုလ် | ၁၂၉ |
| မဇ္ဈိမသမထနိမိတ် | ၂၈၅ |
| မဇ္ဈိမသီလ | ၂၈ |
| မတင့်မတယ် စက်ဆုတ်ဘွယ် | ၆၇ |
| မထေရ်ကြီး၏ နှမ | ၁၇၆ |
| မထင်သော ကောဋ္ဌာသ | ၄၈၇ |
| မနသိကာရ ကောသလ္လ | ၄၈၃ |
| မန္ဒာတုစသော မင်းတို့သည် | ၄၅၉ |
| မဖြစ်စဘူး ယူးဆန်းလှပေ၏ | ၄၄၇ |
| မရဏာနုဿတိ | ၃၇၉ |
| မရှေးမနှောင်း တပေါင်းတည်း ကဲ့သို့ | ၅၂၃ |
| မရွေ့မပြောင်းနိုင်သော ကသိုဏ်းဝန်း | ၂၄၀ |
| မလျှင်မြန်လွန်သော အားဖြင့် | ၄၀၄ |
| မလိမ္မာသောပျားသည် | ၂၆၃ |
| မသေခြင်းမည်သည် မရှိ | ၄၇၁ |
| မဟာဂ္ဂတသမာဓိ | ၁၆၅ |
| မဟာမိတ္တမထေရ်ကြီး | ၇၀ |
| မဟာလ္လကမထေရ်ကြီး | ၅၂၄ |
| မဟာလေ့ကားပင်အစေးနှင့် | ၅၂၂ |
| မဟာသမ္မတအစရှိကုန်သော | ၄၆၀ |
| မာယာ မများခြင်း | ၂၀၅ |
| မာရ်နတ်ဖန်ဆင်းအပ်သော | ၄၄၉ |
| မာန်ယစ်ခြင်းကို ပယ်ရခြင်း | ၁၄၈ |
| မိစ္ဆာဇီဝအကျင့်ယုတ် | ၃၇ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ မ ]** | |
| မိစ္ဆာဇီဝကို ပယ်၍ | ၁၄ |
| မိစ္ဆာဒိဋ္ဌိကြီး သုံးပါး | ၃၃၇ |
| မိစ္ဆာဝိတက် မိစ္ဆာသင်္ကပ္ပ | ၁၉၅ |
| မိမိအတ္တဘော တခုကိုသာ | ၁၃၅ |
| မိမိကိုယ်ကိုဆောင်၍ | ၄၆၅ |
| မိမိကိုယ်ကို မိမိမွေးသော | ၁၂၇ |
| မိမိစိတ်၌ အစိုးရခြင်း | ၄၁၃ |
| မိမိစွန့်ကြဲခြင်း | ၄၄၀ |
| မိမိသီလကျေးဇူးဂုဏ် | ၃၇၉ |
| မိဋ္ဌာဘာယမထေရ် | ၁၅၁ |
| မီးကို လုပ်ကျွေး ပူဇော်ရာ၏ | ၄၃၃ |
| မီးနေအိမ်လည်း ဟုတ်၏ | ၄၆၆ |
| မီး၌ နိမိတ်ကိုယူအပ်၏ | ၃၂၅ |
| မီးပုံကြီးကို ပွေ့ဖက်၍ | ၁၀၃ |
| မုဒုပုဂ္ဂိုလ် | ၁၂၉ |
| မူလကမ္မဋ္ဌာန်း | ၃၄၇ |
| မေခလာဟုဆိုသကဲ့သို့ | ၄၁၆ |
| မေတ္တာဘာဝနာ | ၄၄၃ |
| မေထုန်နှင့်ယှဉ်ခြင်း | ၉၇ |
| မေးရိုးနှစ်ခုတို့၌ တည်ကုန်၏ | ၄၉၀ |
| မျက်နှာရိပ်ကို ကြည့်ရှုသကဲ့သို့ | ၂၄၁ |
| မျက်မှောင် တကုတ်ကုတ် ပြုခြင်း | ၅၇ |
| မျက်မှောင်တရှုံ့ရှုံ့ပြုခြင်း | ၅၅ |
| မျောက်ကို ဖမ်းလိုသော | ၄၇၆ |
| မြေခွေးအိုကြီး | ၃၇၄ |
| မြားထည့်စရာတောင့် | ၄၉၉ |
| မြက်ပင်ဖျား၌တင်သော | ၄၅၆ |
| မြစ်သမုဒ္ဒရာကို ဖန်ဆင်းခြင်း | ၃၃၄ |
| မြတ်သော နတ်မင်းကြီး | ၃ |
| မြောက်ကျွန်း၌ ပဒေသာပင် | ၄၀၁ |
| မြို့တံခါး လေးပေါက် | ၄၇ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ မ ]** | |
| မိုရနိသယ လေးပါးရှိ | ၁၂၀ |
| မွေးညှင်းဟူသော ပညတ် | ၄၇၅ |
| မွန်မြတ်သော ရတနာ | ၃၄၆ |
| မဂ်စိတ်ခဏမှာ | ၇ |
| မဂ်ဖိုလ်တို့ဖြင့် အလယ်၏ ကောင်းခြင်း | ၄၂၀ |
| မင်းဘေး | ၂၃၄ |
| မည်းနက်သောနွားငယ်၏လျှာ | ၅၀၉ |
| မန်းငယ်အတိုင်းအရှည် | ၂၁၁ |
| မိန်းမကိုယ်ကောင် | ၃၆၈ |
| မုန့်ညက်စိုင်လေးခု | ၅၁၄ |
| မိုက်ခွက်မျက်နှာ | ၄၇၉ |
| မိုဃ်းတိမ်တိုက် | ၄၅၅ |
| မိုဃ်းပေါ်ကျ | ၇၃ |
| မိုဃ်းရွာခဲ့သော် | ၁၄၃ |
| **[ ယ ]** | |
| ယထာဘူတဉာဏ် | ၂၇ |
| ယမုနာရေနှင့် နီးနှောမိ၏ | ၄၂၃ |
| ယသဘုန်းတော် | ၄၁၄ |
| ယသမဟတ္တအားဖြင့် | ၄၆၁ |
| ယူဆောင်လာသော ယာဂုခဲဘွယ် | ၁၇၄ |
| ယူဇနာတခသောင်းစိ | ၄၀၁ |
| ယက်ကန်းသည်ယောင်ဆောင် | ၁၂၉ |
| ယစ်ပူဇော်ရာအရပ် | ၃၄၄ |
| ယဉ်ကျေးပြီးသော ပုဂ္ဂိုလ် | ၄၀၄ |
| ယပ်ဝန်းနှင့် တူစွာ ထင်၏ | ၃၂၉ |
| ယုတ်မာသော အသက်မွေးကြောင်း | ၃၇ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ယ] | |
| ယုံကြည်၍ ရဟန်းပြုသော | ၃၇၈ |
| ယုံမှား သကာ | ၂ |
| [ရ] | |
| ရထဝိနီတသုတ် | ၁၇၈ |
| ရထားဘီးသည် | ၄၇၃ |
| ရနိုင်ခဲသော ကမ္မဋ္ဌာန်း | ၃၆၀ |
| ရဟန်းဟူ၍ ဆိုသည် | ၃၆ |
| ရဟန္တာပုဂ္ဂိုလ် | ၃၆၉ |
| ရာဂ၏အကြောင်း | ၃၁၉ |
| ရာဂကြီးကို ငြိမ်းအေးပါစေလော့ | ၆၇ |
| ရာဂထူပြောအားကောင်းသော | ၁၉၅ |
| ရက္ခဇိုးနတ်တို့နှင့်အတူ | ၁၄၂ |
| ရူပကာယသည် ပုံ့နှံ့၏ | ၃၁၁ |
| ရူပဝိစာရ အစရှိသော | ၃၉၁ |
| ရေအိမ်ပမာ အိုင်းအနာနှင့် | ၃၇၆ |
| ရေကြည်နှင့်အရောင်တူ၏ | ၅၂၂ |
| ရေဖြင့်ဆွတ်ဖျန်းငြားအံ့ | ၄၈၉ |
| ရေမရောသော နို့ရည် | ၇၃ |
| ရေ ခဲသောကာလ၌ | ၄၈၅ |
| ရောဟဏဇနပုဒ် | ၁၇၆ |
| ရှုလှည့်ဟူသော အစီအရင် | ၄၂၆ |
| ရှေးဦးစွာ နှုတ်ဖြင့် | ၄၀၀ |
| ရှေးဘဝကလေ့ကျက်ဘူးသော | ၁၉၆ |
| ရှေးမဆွကပင် | ၃၁၅ |
| ရှေးသင်္ကန်းဟောင်းကို ပယ်၍ | ၁၈၈ |
| ရွာကျောင်းကိုပယ်၍ | ၁၃၇ |
| ရွာနီးကျောင်းသို့ သက်ဝင်၍ | ၂၂၂ |
| ရွက်ကိုအကုန်ဖွင့်၍ | ၂၆၅ |
| ရွှေပွတ်လုံးသဘွယ် | ၇၀ |
| ရွှင်ပြကြည်လင်ခြင်းသည် အဆုံး | ၂၀၃ |
| ရွှင်လမ်းဝမ်းမြောက်ခြင်း | ၂၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ရ] | |
| ရစ်ပတ်ပြောဆိုခြင်း ဥန္နဟနာ | ၅၉ |
| ရစ်ပတ်လွှမ်းခြုံ | ၃၄၀ |
| ရန်ငြိုးဖွဲ့ခြင်း ဥပနာဟ | ၄၁၁ |
| ရွှန်းရှင်းသောအရေ | ၄၉၉ |
| ရွှန်းရင်းသော အင်္ဂါ | ၂၉၈ |
| ရောင့်ရဲလွယ်သည် | ၁၂၃ |
| ရိုသေသမှုဝတ်ပြုပူဇော်ခြင်း | ၁၀၄ |
| ရိုးဆစ်မငေါ် ရွှေငှက်ပျော | ၃၇၀ |
| ရိုးတွင်းခြင်ဆီကို ထိလျက် | ၁၀၄ |
| [လ] | |
| လ၏အဝန်း | ၄၀၁ |
| လခွဲလွန်သော် စပ်မိ၏ | ၅၂၅ |
| လရေး၏အရောင် | ၃၂၁ |
| လရေးကဲ့သို့ မကောက် | ၄၃၀ |
| လရောင်ဖြင့် စေတီကို | ၂၇၇ |
| လာဋုဒါယီမထေရ် | ၁၅၅ |
| လိမ္မာသော စားတော်ခဲ | ၂၀၉ |
| လူခေါင်းခွန်ကဲ့သို့ | ၂၀၇ |
| လူ့ပြည်မှ စုတေသောသူ | ၄၇၀ |
| လူ့ဘောင် စွန့်ပစ် | ၁၄၅ |
| လူသေကောင် ထုပ်သည့်အဝတ် | ၁၂၁ |
| လူသေကောင်ရှိရာဌာန | ၃၆၃ |
| လေအောက်လေညာ ကြိုင်လှိုင်စွာ | ၂၁ |
| လေးကြိမ်ငါးကြိမ်သော ဇော | ၃၁၄ |
| လေခပ်သော အလံနီ | ၃၆၄ |
| လေးပါးသော လက္ခဏာ | ၂၀၄ |
| လေးပါးသောစျာန် | ၅၂၅ |
| လေသာပြူတင်းပေါက် အကြားမှ | ၃၂၈ |
| လောက၏အဆုံးသို့မရောက် | ၃၉၇ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [လ] | |
| လောကန္တရိယငရဲ | ၄၀၂ |
| လောကဓေါဟာရပညတ် | ၃၂၅ |
| လောကသင်္ကေတပညတ် | ၄၈၃ |
| လောလောပူသော သံချောင်း | ၆၄ |
| လောလုပ္ပတဏှာ | ၁၁၆ |
| လောဟိတကသိုဏ်း | ၃၃၀ |
| လျစ်လျူရှုပေသောသူ | ၃၀၅ |
| လျောက်ပတ်သော ခုနစ်ပါး | ၂၄၅ |
| လျှာကို မလောင်ကျွမ်းစေလင့် | ၈၂ |
| လျှာတည်းဟူသော လက် | ၅၁၂ |
| လျှာဖျား၌ ပါးပါးကြဲကြဲ | ၅၂၀ |
| လှံမဖြင့် ရင်ဝကို | ၁၀၄ |
| လှေသည် တည်တန့်နိုင်တာကို | ၃၇၁ |
| လှည်းမှူးကြီးနှင့် တူတော်မူသော | ၄၀၄ |
| လက်အုပ်ချီမိုး ရှိခိုးခြင်း | ၄၃၄ |
| လက်ဦးအစအားထုတ်မှု | ၂၅၃ |
| လက်ဦးညွှန်ပြသော | ၁၁၅ |
| လက်ဖျောက်တီး၍ အမှတ်ပေး | ၈၇ |
| လက်ရုံးလက်မောင်းတန်း၍ | ၄၀ |
| လွင်တီးခေါင် | ၁၄၃ |
| လွတ်လွတ်စွန့်ကြဲသည် | ၄၄၁ |
| လွန်ခဲ့သော အကျင့် | ၄၃၁ |
| လမ်းမှားနှစ်ရပ် | ၄၂၃ |
| လမ်းရိုးပျှန်သောအကြောင်း | ၄၅၂ |
| လယ်ကိုမှီသောကျောင်း | ၂၂၉ |
| လယ်ထွန်သောယောကျ်ား | ၂၉၂ |
| လိပ်သရွှေပင်ချုံ | ၃၄၉ |
| လောင်ကျွမ်း ဖုတ်မြိုက် တတ်သော | ၂၇၁ |
| လုံ့လဝီရိယ | ၆ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ဝ] | |
| ဝက္ကလိမထေရ် | ၂၄၉ |
| ဝင်္ဂီသမထေရ် | ၆၆ |
| ဝဏ္ဏကသိုဏ်း | ၂၁၀ |
| ဝတ္ထုကိုစင်ကြယ်အောင်ပြုခြင်း | ၂၄၇ |
| ဝတ္ထုတခု | ၂၃၄ |
| ဝတ္ထုဖြင့် ယူအပ်သည် | ၂၁၉ |
| ဝသဝတ္တိမာရ်နတ် | ၄၀၃ |
| ဝါငါးဆယ်ရမှ | ၈၇ |
| ဝါယောဓာတ်မပျက်သော | ၅၂၂ |
| ဝါသနာနှင့်တကွကုန်ကင်း၍ | ၃ |
| ဝိက္ခာယိတက | ၃၄၀ |
| ဝိက္ခိတ္တက | ၃၄၀ |
| ဝိစ္ဆိဒ္ဒက | ၃၄၀ |
| ဝိဇ္ဇာတရားနှင့် ပြည့်စုံခြင်း | ၃၉၃ |
| ဝိညူပသင်္ဂ မည်ကုန်၏ | ၄၃၈ |
| ဝိပတ္တိကို လွန်မြောက်၍ | ၄၅၇ |
| ဝိပဿနုပေက္ခာ | ၃၀၇ |
| ဝိပါက်ကမ္မဇရုပ် | ၄၅၀ |
| ဝိဘတ္တဝါ | ၄၁၅ |
| ဝိမုတ္တိဉာဏဒဿနဂုဏ် | ၄၀၂ |
| ဝိမုတ္တိရသကိစ္စ | ၂၈၆ |
| ဝိဝေကသုခအရသာမျိုး | ၁၄၀ |
| ဝိသဘာဂပရိစ္ဆေဒ | ၄၉၇ |
| ဝိသဘာဂရုပ် | ၃၄၃ |
| ဝိသုဒ္ဓိ | ၄ |
| ဝိသေသဘာဂိယသီလ | ၃၁ |
| ဝိဟာရ | ၄၄၇ |
| ဝီတိက္ကမကိလေသာ | ၈ |
| ဝီမံသအကြီးအမှူးရှိသော | ၁၇၀ |
| ဝီရိယတည်းဟူသောခြေ | ၃၈၂ |
| ဝီရိယလွန်ကဲသောသူ | ၂၅၀ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဝ ] | |
| ဝီရိယသံဝရ | ၁၄ |
| ဝေဒနာတဏှာတို့၏အကြား | ၃၈၆ |
| ဝေဒနုပေက္ခာ | ၃၀၇ |
| ဝေဘန်ခြင်းဝိဘဇန | ၄၂၁ |
| ဝေမတိကသီလ | ၂၂ |
| ဝဲယာပြန်ပျောင်း တစောင်း လူးလည်း | ၁၅၁ |
| ဝဲယာရှေ့နောက်အရပ် | ၃၅၁ |
| ဝါးခေါင်းသို့ဝင်သော ပိတုန်း | ၂၉၁ |
| ဝါးရုံ၏အခက်အလက် | ၃၁ |
| ဝင်သက်ကို ရှိုက်၏ | ၄၇၃ |
| ဝတ်နီဗဒ်ကို | ၁၃၁ |
| ဝတ်ပြုသော ရဟန်း | ၁၉၃ |
| ဝန်းဝိုင်းသော သဏ္ဍာန် | ၂၃၉ |
| ဝမ်းမီးတေဇောဓာတ် | ၅၁၂ |
| [ သ ] | |
| သံကိလေသဝဋ္ဋ | ၂၇၁ |
| သံဃိက လယ် ချောင်း | ၂၃၃ |
| သံညှပ်ကြီးဖြင့် | ၁၀၅ |
| သံယောဂအနက် | ၄၁၅ |
| သံဝေဂဉာဏ် | ၄၅၂ |
| သင်္ခါရ ဝိညာဉ် | ၃၈၆ |
| သင်္ခါရုပေက္ခာ | ၃၀၇ |
| သတ္တဝါသင်္ခါရ | ၂၆၀ |
| သတ္တဝါဟူသော အခြင်းအရာ | ၅၂၄ |
| သတိကိုမစွန့်မူ၍ | ၈၅ |
| သတိနှင့်ပြည့်စုံသည် | ၃၂၃ |
| သတိသံဝရကို မှတ်အပ်၏ | ၁၃ |
| သတိုးသမီးကညာ | ၁၀၃ |
| သဒ္ဓါအဖော်သဟဲ | ၃၀၀ |



| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ သ ] | |
| သဒ္ဓါတည်းဟူသောလက် | ၃၈၂ |
| သဒ္ဓါယုံကြည်၍ | ၇၆ |
| သဒ္ဓါလွန်ကဲသောသူ | ၂၅၀ |
| သန္တာနပညတ် | ၄၇၅ |
| သန္တုဿိတ | ၄၀၉ |
| သဂန္တာသဂုဏ် | ၁၃၆ |
| သန္နိဋ္ဌာန်ကျ | ၁၅၃ |
| သနားစရာဝဋ္ဋ | ၁၀၉ |
| သပ္ပီတိကသမာဓိ | ၁၆၃ |
| သပ္ပါယ်တော်မူရာလိမ့်မည်နည်း | ၄၄၉ |
| သပွတ်ခါးသီး၏ အတွင်းသား | ၅၀၇ |
| သဖန်းခါးသီးဆေး | ၇၂ |
| သဗ္ဗတ္ထက ကမ္မဋ္ဌာန်း | ၁၈၆ |
| သဗျဉ္ဇန | ၄၂၁ |
| သဘာဝဓမ္မ | ၂၁၈ |
| သဘောတူပိုင်းခြားခြင်း | ၄၈၂ |
| သဘော် အလံ အဝတ် | ၁၁၈ |
| သမ္ပသာဒန | ၂၉၉ |
| သမထနိမိတ် | ၂၅၉ |
| သမာဓိကြောင့် | ၃၀၂ |
| သမာဓိလွန်ကဲသောသူ | ၂၅၀ |
| သမာပဇ္ဇနဝသီ | ၂၉၅ |
| သမ္မာဆန္ဒကင်းသူ | ၃၃၇ |
| သမ္မာဝါယာမ | ၄၁၄ |
| သလေးထမင်းပုံ | ၃၆၅ |
| သလိပ်စသည် | ၄၉၅ |
| သလုံးမြင်းခေါင်း | ၁၂၆ |
| သသမ္ဘာရကထာစကားမျိုး | ၄၃ |
| သာမန္တဇပ္ပန | ၆၁ |
| သာမိပရိဘောဂ | ၈၀ |
| သီလက္ခန္ဓစသည် ကျေးဇူး | ၄၆၄ |

တိုက်

(အဆွေ့ဘဘော၊ ရနဲ့ကုန်၊


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [သ] | |
| သီလကို ဖြူစင်စေအပ်၏ | ၁၁၀ |
| သီလဂုဏ်နှင့်ပြည့်စုံသော | ၆ |
| သီလတည်းဟူသော မြေ | ၃၀၂ |
| သီလနလက္ခဏာ | ၁၆ |
| သီလနှင့်တကွ သေအံ့ | ၉၀ |
| သီလဖြင့် အစ၏ ကောင်းခြင်း | ၄၂၀ |
| သုခနှင့် ကပ်ငြိသော တဏှာ | ၃၁၂ |
| သုဂတိဘဝလျှင် | ၄၇၆ |
| သုဂတိ ဘုံလျှင် | ၄၂၉ |
| သုတ္တန်ကိုဆောင်သော | ၁၇၉ |
| သုတ္တန်သုံးမျိုး | ၄၀၃ |
| သုဘရာဇာကဲ့သို့ အကျွမ်းဝင် | ၃၆၃ |
| သုဘဝိမောက္ခ | ၃၃၅ |
| သုသာန် | ၃၄၄ |
| သုသာန် သင်းချိုင်း | ၁၂၀ |
| သူကောင်ဖုတ်သော မီး | ၁၀၂ |
| သူနာစရပ် | ၄၆၆ |
| သူမိုက်တို့၏ အရာမဟုတ် | ၄၂၇ |
| သူသေကောင်ကို မြင်ရာ | ၄၅၂ |
| သေအရက်သောက်ခြင်း | ၁၉၇ |
| သေက္ခပုဂ္ဂိုလ် | ၇၀ |
| သေခြင်းနှင့် အကျွမ်းမဝင်အပ် | ၄၇၃ |
| သေခြင်းမှ လွတ်တော်မမူ | ၄၆၃ |
| သေခြင်းလျှင် အဆုံးရှိ၏ | ၄၅၀ |
| သေဝပ်သော စိတ် | ၄၁၀ |
| သောဏမထေရ် | ၂၄၉ |
| သောပါက သာမဏေ | ၂၁၅ |
| သွာက္ခာတ | ၄၂၂ |
| သွားခြင်းကြိယာ | ၃၉၄ |
| သွားရိုးကိုမြင်၍ | ၄၄ |
| သွေးကြောဖောက် | ၂၆၄ |
| [သ] | |
| သွန်းလောင်းထည့်စွက် | ၅၂၆ |
| သျှစ်သျှားသီးတခြမ်းမျှ | ၄၅၇ |
| သက်န်းသုံးထည် | ၁၁၃ |
| သင်မုန်းနှင့်ရိတ် | ၄၉၂ |
| သင်ပေါင်းချုံ | ၃၄၉ |
| သင်ပေါင်းညှောက်သဏ္ဍာန် | ၅၀၃ |
| သင့်သောစကား | ၃၉၆ |
| သစ်ပင်စောင့် နတ် | ၇၄ |
| သစ်သီးခြံနီးသောကျောင်း | ၂၂၉ |
| သည်ကတုံးကိုဖြင့် | ၆၀ |
| သည်းခံခြင်းငါ | ၄၁၇ |
| သန်လျှင်းချိုင့် သဏ္ဍာန် | ၅၀၄ |
| သန့်ရှင်းပေါင်းမြက် ခွန်ထွက် သန်သန် | ၄၃၅ |
| သိမ်ကိုသမုတ်သော ရဟန်း | ၂၉၂ |
| သုံးဆဲ့နှစ်ပါးသောအာရုံ | ၃၅၆ |
| သုံးရာမျှသောအရိုး | ၅၀၃ |
| သုံးရက်စီ စုံစမ်း ဆင်ခြင် | ၂၄၇ |
| [ဟ] | |
| ဟတဝိက္ခိတ္တက | ၃၄၁ |
| ဟတ္ထိကုစ္ဆိမည်သောတောင်ဝှမ်း | ၂၁၁ |
| ဟာနဘာဂိယသီလ | ၂၂ |
| ဟိမဝန္တာတောအုပ်ကြီး | ၆၃ |
| ဟိမဝန္တာတောင်မင်း | ၄၀၀ |
| ဟီနသီလ | ၂၀ |
| ဟင်းရွက်ကြမ်း | ၂၀၀ |
| ဟင်းလင်းအကြား | ၃၄၅ |
| ဟစ်အော်ရာအရပ် | ၄၀၇ |
| ဟန့်တားဖျောက်ပယ်ရန် | ၂၄၂ |
| ဟောင်းနွမ်း ဆွေးမြေ့သော ကျောင်း | ၂၂၉ |